www.burmeseclassic.com

ဝေဒခေတ်မှ ဗုဒ္ဓခေတ်တိုင်အောင်

# အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

## ဦးရွှေအောင်

မဟာဝိဇ္ဇာ (သက္ကဋ) ဝဋ္ဋံသကာနှင့်သိရောမဏိ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီး ဦးရွှေအောင် ( ၁၉၂၈–၁၉၉၄ )

ပဲခူးတိုင်း ကဝမြို့နယ် ဖလေးရွာတွင် အဖ ဦးစု၊ အမိ ဒေါ်အုန်းရှင် တို့မှ ၁၉၂၈ ခု ဇွန်လ ၇ ရက် သောကြာနေ့တွင် မွေးဖွားသည်။ မွေးချင်း ငါးယောက်တွင် အကြီးဆုံး ဖြစ်သည်။ အမည်ရင်း ဦးရွှေအောင် ဖြစ်သည်။

ဖလေးရွာ အလယ်ကျောင်း(၁၉၃၅)၊ ပဲခူးမြို့ မဟာဝိသုတာရာမကျောင်းတိုက် (၁၉၄၆)၊ ရန်ကုန်မြို့ မင်းမနိုင်ကွက်သစ် သိပ္ပမဥ္ဇူကျောင်း၊ အလုံ အောင်မင်္ဂလာတိုက်သစ်၊ ဗဟန်း ညောင်တုန်းကျောင်းတိုက်၊ မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက် ဆရာတော် ဦးကြယ် ကျောင်း(၁၉၄၈)၊ သက်ကြီးတက္ကသိုလ်(၁၉၆၀)၊ အိန္ဒိယပြည် ဘုံဘေတက္ကသိုလ်(၁၉၇၁) တို့တွင် ပညာသင်ခဲ့သည်။ စေတီယင်္ဂဏ ဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ(ဝင့်သကာ)၊ အစိုးရ ဓမ္မာစရိယ (သီရောမဏိ)[ ၁၉၅၃ ]၊ တက္ကသိုလ်ဝင်တန်း (၁၉၅၆)၊ သက်ကြီး တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(၁၉၆၂)၊ ဘုံဘေတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့(သက္ကတ)နှင့် သဒ္ဓမ္မ ဇောတိကဓဇ(သာသနာပြုဘွဲ့) [ ၁၉၉၂ ] တို့ကို ရရှိခဲ့သည်။

၁၉၄၁ တွင် ရှင်သာမဏေ ဝတ်သည်။ ၁၉၄၈ ဇန်နဝါရီ ၃၀ ရက်တွင် ရဟန်းအဖြစ်သို့ ရောက်သည်။ ၁၉၅၅ တွင် ရန်ကုန်မြို့ အိမ်တော်ရာ ဓမ္မရုံသီကျောင်း၌ စာပေများ ပို့ချသည်။ ၁၉၅၉ တွင် ဖလေးရွာ အလယ်ကျောင်းနှင့် ပဲခူးမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်တို့တွင် ကျောင်းထိုင်သည်။ ၁၉၆၀ တွင် လူဝတ်လဲ၏။ ပြည်သူ့ထောက်ပံ့ ရေး အုပ်ချုပ်မှုအဖွဲ့၌ ဝန်ထမ်း(၁၉၆၀)၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၌ လက်ထောက် အယ်ဒီတာ(၁၉၆၈)၊ အုပ်ချုပ်ရေးအရာရှိ(၁)[၁၉၇၀]၊ သာသနာရေးဦးစီးဌာန၌ ဌာနစု မှူး(စီမံ)[၁၉၇၂]၊ လက်ထောက်ညွှန်ကြားရေးမှူး(၁၉၈၁)၊ ဒုတိယညွှန်ကြားရေးမှူး(၁၉၈၂)၊ တွဲဖက်ညွှန်ကြားရေးမှူး(၁၉၈၆) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ တွင် အငြိမ်းစားယူသည်။ ၁၉၉၃ ခု ဇွန်လ ၁ ရက်နေ့မှ စ၍ သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင်များအဖွဲ့တွင် ပါဝင် ဆောင်ရွက်သည်။

ထင်ရှားသောစာအုပ်များမှာ ရသစာပေ၏ ရသ(၁၉၈၀)၊ ဗုဒ္ဓ–လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင်၊ ကိုယ်ကျင့်ဗုဒ္ဓဝင်(၁၉၉၄)၊ အမြင်များ ပြောင်းလဲခြင်းနှင့် အတွေး အမြင် စာစုများ(၁၉၉၄)၊ ထေရဝါဒအုတ်မြစ်(၁၉၉၅)၊ ဘဝအမြင်သစ် (၁၉၉၅)၊ ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့ (၁၉၉၅)၊ ချမ်းသာကို ရှာဖွေခြင်း(၁၉၉၅)၊ စာဖတ်သူများ(၁၉၉၆)၊ ကုသိုလ်နှင့် အကုသိုလ် (၁၉၉၆)၊ ဘဝအကျဉ်းသား(၁၉၉၆)၊ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း (၁၉၉၇)နှင့် ဓမ္မပဒ–မြန်မာပြန်များ တို့ ဖြစ်ကြသည်။

၁၉၉၄ ခု ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်စိန်နှင့် သားနှစ်ဦး ကျန်ရစ်သည်။

www.burmeseclassic.com

၁၉၉၈ ထုတ်
ရာပြည့်စာအုပ်များ


၅၉။ ခင်မောင်ညို(ဘောဂဗေဒ)၏ ကိုယ့်နောက်က လိုက်နေသည့်ငွေ
၆၀။ မောင်သာနိုး၏ ထင်းရှူးပင်ရိပ်
၆၁။ ဦးရွှေအောင်၏ အတ္တာဝါဒမှ အနတ္တာဝါဒသို့ ခရီးစဉ်
၆၂။ ကျော်အောင်၏ နေဝင်ဘုရင်များ


၁၉၉၈ မတ်လနှင့် ဧပြီလတွင် ထုတ်ဝေမည့် စာအုပ်များ


၆၃။ ပါရဂူ၏ အမ္ဗပါလီ
၆၄။ ထွန်းသစ်၏ ခေါင်းဆောင်ကမ္ဘာ ရုပ်ပုံလွှာ
၆၅။ မာန်မြင့်၏ မြန်မာပြည်မှာ လုပ်သည်နှင့် အခြားဝတ္ထုတိုများ
၆၆။ အောင်နိုင်(တက္ကသိုလ်)၏ လူတောသား၏ စကားအလင်္ကာပေါင်းချုပ်
၆၇။ ဦးသိန်းသန်းထွန်း၏ ရှေးမြန်မာမင်းတို့၏ အမိဋ္ဌာန်များ
၆၈။ ပါရဂူ၏ ဗုဒ္ဓစကား
၆၉။ မောင်ပေါ်ထွန်း၏ လုပ်ငန်းအောင်မြင်ရေး လျှို့ဝှက်ချက်များ




ဝေဒခေတ်မှ ဗုဒ္ဓခေတ်တိုင်အောင်

# အတ္တာဝါဒမှ အနတ္တာဝါဒသို့ ခရီးစဉ်


**ဦးရွှေအောင်**
မဟာဝိဇ္ဇာ (သက္ကတ)၊ ဝဋ္ဋသကာနှင့် သိရောမဏိ



**ရာပြည့်စာအုပ်တိုက်**
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁၊ ၂၉၆၆၇၁

[ ၁၊ ဖေဖော်ဝါရီ၊ ၁၉၉၈ ]


www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက်အမှတ် [ ၅၁ / ၉၇ (၂)]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၅၂ / ၉၇ (၄) ]

❑

စီစဉ် ထုတ်လုပ်မှု
သန်းဆွေ(ဇေကာထွန်း)နှင့် ရာပြည့် ဦးစိုးညွန့်

❑

ပုံနှိပ်ခြင်း
ပထမ အကြိမ်– (၁၉၈၆) သာသနာရေးဦးစီးဌာန
ဒုတိယအကြိမ်–(၁၉၉၃) ရွှေတိဂုံဘုရား ဈေးတော်ရုံ
တတိယအကြိမ်–(၁၉၉၈) ရာပြည့်စာအုပ်တိုက်
အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးရိုက်
ဦးမြသိန်း(၀၁၄၂၇)၊ သိန်းမြင့်ဝင်းအော့ဖ်စက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဒေါ်တင်တင်ဌေး(၀၅၂၄၀)၊သင်းလှဲ့ဝင်း ပုံနှိပ်တိုက်
အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးရဲမြင့်(၀၁၀၄၉)၊ တက်လမ်းစာပေ
အမှတ် ၉၆၇၊ ပဒေသာရပ်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

❑

စာအုပ်ချုပ်
ကိုမြင့်

❑

မျက်နှာဖုံး ပန်းချီ
ဝသုန်

❑

တန်ဖိုး
၃၀၀၀ ကျပ်

# မာတိကာ

– ရှေးဦးအမှာ ၁၄
– နိဒါန်း ၁၅

အပိုင်း [ ၁ ]
ဗုဒ္ဓခေတ်မတိုင်မီ ကိုးကွယ် ယုံကြည်မှုများ

အခန်း ( ၁ )
ဝေဒနှင့် ဗြာဟ္မဏခေတ်

၁။ ကိုးကွယ်ယုံကြည်မှု ၃၂
၂။ ဘာသာတရား၏ အသွင် နှစ်မျိုး ၃၄
၃။ ဝေဒခေတ် ကိုးကွယ်ယုံကြည်မှု ၃၆
၄။ ဝေဒ လေးပုံ ၃၇
၅။ ဒဿန သဘောတရားများ ၃၉
၆။ ဗြာဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှု ၄၁
၇။ ဗြာဟ္မဏကျမ်းများ ၄၁
၈။ လူများစု ကိုးကွယ်ယုံကြည်မှု ၄၇

အခန်း ( ၂ )
အာရဏျကနှင့်ဥပနိသျှဒ်ခေတ်

၉။ အာရဏျကခေတ်နှင့် ဥပနိသျှဒ်ခေတ် ကိုးကွယ်ယုံကြည်မှု ၅၀
၁၀။ ဝေဒ၊ဗြာဟ္မဏ၊အာရဏျကနှင့် ဥပနိသျှဒ်ကျမ်းတို့၏ တူညီသော ရည်ရွယ်ချက် ၅၄
၁၁။ အာရဏျက ကျမ်းများ ၅၄
၁၂။ ဒုက္ခ သဘောတရား ၅၆
၁၃။ ဥပနိသျှဒ်၏ ဒုက္ခအမြင် ၅၉
၁၄။ ဒုက္ခ၏အကြောင်း ၆၀
၁၅။ ဗြဟ္မာနှင့် လောကတရားနှစ်မျိုး ၆၁

www.burmeseclassic.com

www.burmeseclassic.com

၁၆။ အဝိဇ္ဇာ ၆၃
၁၇။ အဝိဇ္ဇာဝါဒ ငါးမျိုး ၆၄
၁၈။ အာတ္တရျာတိဝါဒ (အန္တွေတ္တသိ ဝါဒ) ၆၅
၁၉။ အသတ်ရျာဟိဂါဒ (မရှိသိ ဝါဒ) ၆၆
၂၀။ အချာတိဝါဒ (မသိဝ ါဒ) ၆၇
၂၁။ အညာယာရျာတိဝါဒ (အမှန်မသိ ဝါဒ) ၆၉
၂၂။ အနိဗ္ဗာနိယာချာတိဝါဒ (ရှင်ပြဲ့ မရသိဝါဒ) ၇၀
၂၃။ ဒုက္ခ၏ ချုပ်ငြိမ်းရာ (ဗြဟ္မာ) ၇၃
၂၄။ ဗြဟ္မာ၏ သဘာဝများ ၇၅
၂၅။ စိတ်၊ ဉာဏ်၊ ဝိညာဏ် ၇၇
၂၆။ ဘဝ ၇၈
၂၇။ အရှိ ၇၉
၂၈။ အသိ ၇၉
၂၉။ အာနန္ဒ (ချမ်းမြေ့ခြင်း) ၈၀
၃၀။ အတ္တနှင့် ဇီဝ ၈၁
၃၁။ ဗြဟ္မာဖြစ်ကြောင်း နည်းလမ်း ၈၂
၃၂။ လမ်းစဉ် သုံးမျိုး ၈၆
၃၃။ ကမ္မယောဂ ၈၆
၃၄။ ဘတ္တိယောဂ ၈၉
၃၅။ ဥပါသနာ(ဆည်းကပ်ခြင်း) ၉၁
၃၆။ ဉာဏယောဂ ၉၂
၃၇။ ကမ္မယောဂကို ပြုပြင် အသုံးပြုခြင်း ၉၄
၃၈။ ယဇ်ပူဇော်မှုမှ လမ်းစဉ် သုံးခု ခွဲထွက်ခြင်း ၉၄
၃၉။ လောက သဘောတရား ၉၅
၄၀။ လောကလွန် သဘောတရား ၉၆
၄၁။ မဟာဝါကျ လေးဝါကျ ၉၇
၄၂။ ပထမ မဟာဝါကျ ၉၇
၄၃။ ဒုတိယ မဟာဝါကျ ၉၈
၄၄။ တတိယ မဟာဝါကျ ၉၉
၄၅။ စတုတ္ထ မဟာဝါကျ ၁၀၀
၄၆။ အသိနှင့်အဖြစ် ထပ်တူဖြစ်ခြင်း ၁၀၃
၄၇။ ချမ်းသာခြင်း ၁၀၅
၄၈။ လောကနှင့် မောက္ခ ၁၀၅

# အပိုင်း [ ၂ ]
# တိတ္ထိယ ဝါဒ

## အခန်း (၃)
## တိတ္ထိယတို့၏ ကျင့်စဉ်များ

၄၉။ တိတ္ထိယတို့၏ အမြင်နှင့်အကျင့် ၁၁၀
၅၀။ ယုံကြည်မှု ပြောင်းလဲခြင်း ၁၁၁
၅၁။ လက်ရှိ ယုံကြည်မှုအပေါ် မကျေနပ်ကြခြင်း ၁၁၂
၅၂။ "တပ"ခေါ် ပြင်းထန်သော ကျင့်စဉ်များ ၁၁၅
၅၃။ "တပ"ဝေါဟာရသမိုင်း ၁၁၅
၅၄။ "တပ"ကျင့်စဉ်၏ မူရင်းရည်ရွယ်ချက် ၁၂၁
၅၅။ ပြင်းထန်သော "တပ"ကျင့်စဉ် ၁၂၃
၅၆။ "တပ"ကျင့်သူ နှစ်မျိုး ၁၂၅
၅၇။ လူ့ဘဝ၏ အဆင့် လေးဆင့် ၁၂၆
၅၈။ ပထမဆင့် (ဗြဟ္မစရိယ) ၁၂၆
၅၉။ ဒုတိယဆင့် (ဂဟဋ္ဌ) ၁၂၇
၆၀။ ကြီးမြတ်သော ပူဇော်ခြင်း ငါးမျိုး ၁၂၇
၆၁။ ဒေဝယည (နတ်ဗြဟ္မာများအား ပူဇော်ခြင်း) ၁၂၈
၆၂။ ဣသိယည (ဆရာသမားများအား ပူဇော်ခြင်း) ၁၂၈
၆၃။ ပိတုယည (မိဘများအား ပူဇော်ခြင်း) ၁၂၉
၆၄။ နရယည (လူသားအချင်းချင်း ပူဇော်ခြင်း) ၁၂၉
၆၅။ ဘူတယည (တိရစ္ဆာန်နှင့် သက်မဲ့ရုပ်လောကအား ပူဇော်ခြင်း) ၁၃၀
၆၆။ တတိယဆင့် (ဝါနပဋ္ဌ) ၁၃၁
၆၇။ စတုတ္ထဆင့် (သညာသ) ၁၃၂
၆၈။ သဘာဝ နှစ်မျိုး ၁၃၃
၆၉။ ဗုဒ္ဓ ပိဋကတ်တော်လာ တိတ္ထိယ ကျင့်စဉ်များ ၁၃၅

## အခန်း (၄)
## တိတ္ထိယတို့၏ အဆွေးအနွေးများ

၇၀။ ဒဿနဆိုင်ရာ မေးခွန်းများ ၁၃၉
၇၁။ မေးခွန်းများ၏ ဆိုလိုရင်း အနက်များ ၁၄၂
၇၂။ အကြမ်းလွှာ (ထူလ သရီရ) ၁၄၄
၇၃။ အနုလွှာ (သုခုမ သရီရ) ၁၄၅

www.burmeseclassic.com

www.burmeseclassic.com


၇၄။ အသွင်လွှာ(လိင် သရိရ) ၁၄၅
၇၅။ အသိပညာရကြောင်း ပမာဏများ ၁၄၆
၇၆။ အစွန်း လေးသွယ် (စတုကောဋိ) ၁၄၇
၇၇။ အကြောင်းနှင့်အကျိုး ၁၄၉
၇၈။ ပထမ ကောဋိ (ပထမ အစွန်း) ၁၄၉
၇၉။ ဒုတိယ ကောဋိ (ဒုတိယ အစွန်း) ၁၅၀
၈၀။ တတိယ ကောဋိ (တတိယ အစွန်း) ၁၅၂
၈၁။ စတုတ္ထ ကောဋိ (စတုတ္ထ အစွန်း) ၁၅၆
၈၂။ ကာလ ၁၅၇
၈၃။ ဒေသ ၁၆၀


## အခန်း(၅)
## တိဗ္ဗတီယဆရာကြီး ခြောက်ယောက်


၈၄။ ပူရဏ ကဿပ ၁၆၃
၈၅။ သတ္တာ သုံးမျိုး ၁၆၅
၈၆။ အကုသိုလ် သတ္တာ ၁၆၆
၈၇။ ကုသိုလ် သတ္တာ ၁၆၉
၈၈။ ကြိယာ သတ္တာ ၁၇၀
၈၉။ မက္ခလိ ဂေါသာလ ၁၇၄
၉၀။ နိယတိ (သတ်မှတ်ချက်) ၁၇၆
၉၁။ သင်္ဂတိ (ပေါင်းဆုံမှု) ၁၇၆
၉၂။ ဘာဝ (ဖြစ်ပေါ်ခြင်း) ၁၇၇
၉၃။ ပြုပြင် ပြောင်းလဲ၍ မရသောအပိုင်း (ဝဇ္ဇုတန္တြ) ၁၇၈
၉၄။ ပြုပြင် ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တြ) ၁၇၈
၉၅။ အဇိတကေသ ကမ္ဗလ ၁၈၃
၉၆။ ဘဝအသိ ငါးမျိုး ၁၈၇
၉၇။ ရုပ်ပိုင်းဆိုင်ရာ ဘဝအသိ ၁၈၇
၉၈။ ခံစားမှုပိုင်းဆိုင်ရာ ဘဝအသိ ၁၈၈
၉၉။ မှတ်သားမှုပိုင်းဆိုင်ရာ ဘဝအသိ ၁၈၈
၁၀၀။ ပြုပြင်မှုပိုင်းဆိုင်ရာ ဘဝအသိ ၁၈၉
၁၀၁။ သိမှုပိုင်းဆိုင်ရာ ဘဝအသိ ၁၉၀
၁၀၂။ ပကုဓ ကစ္စာယန ၁၉၂
၁၀၃။ သဉ္စယဗေလဋ္ဌပုတ္တ ၁၉၅
၁၀၄။ နိဂဏ္ဌနာဋပုတ္တ ၁၉၇


# အပိုင်း [ ၃ ]
# ဗုဒ္ဓခေတ် ကိုးကွယ်ယုံကြည်မှုများ

## အခန်း (၆)
## ဥပနိသျှ


၁၀၅။ စစ်မှန်သော ချမ်းသာသုခ ၂၀၂
၁၀၆။ ကျင့်စဉ်များ ၂၀၄
၁၀၇။ ကာမသုခလ္လိက ကျင့်စဉ် ၂၀၅
၁၀၈။ အတ္တကိလမထ ကျင့်စဉ် ၂၀၈
၁၀၉။ မဇ္ဈိမပဋိပဒါ ကျင့်စဉ် ၂၁၁
၁၁၀။ ကာမသုခလ္လိကနှင့် အတ္တကိလမထ ရှုထောင့် ၂၁၂
၁၁၁။ အဇ္ဈတ္တနှင့် ဗဟိဒ္ဓ ရှုထောင့် ၂၁၅
၁၁၂။ အာရမ္မဏာနုသယနှင့် သန္တာနာနုသယ ရှုထောင့် ၂၁၆
၁၁၃။ အာရုံနှင့် အာရမ္မဏိက ရှုထောင့် ၂၁၈
၁၁၄။ ဘဝနှင့် ပတ်ဝန်းကျင် ရှုထောင့် ၂၁၉
၁၁၅။ ကတ္တားနှင့်ကံ ရှုထောင့် ၂၁၉
၁၁၆။ ပစ္စတ္တနှင့် နိမိတ္တ ရှုထောင့် ၂၁၉
၁၁၇။ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ရှုထောင့် ၂၂၀
၁၁၈။ အဝိဇ္ဇာနှင့် တဏှာရှုထောင့် ၂၂၂
၁၁၉။ အနုမာန ရှုထောင့် ၂၂၄
၁၂၀။ ပစ္စက္ခ ရှုထောင့် ၂၂၅
၁၂၁။ သစ္စိကရဏ ရှုထောင့် ၂၂၇
၁၂၂။ ကုသိုလ်နှင့် အကုသိုလ်ရှုထောင့် ၂၂၈
၁၂၃။ ကိစ္စ လေးချက် ၂၃၄
၁၂၄။ ဟင်းချက်နည်း ဥပမာ ၂၃၅
၁၂၅။ ဝိပဿနာ ဉာဏ်စဉ်များ ၂၃၆
၁၂၆။ အရှိနှင့်အသိ ၂၃၈
၁၂၇။ ဝိပဿနာ ဉာဏ်စဉ်များ၏ ပဓာနကိစ္စများ ၂၃၈
၁၂၈။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း ၂၃၉
၁၂၉။ သမုဒယသစ္စာကို ပယ်စွန့်ခြင်း ၂၃၉
၁၃၀။ မဂ္ဂသစ္စာကို ပွားများခြင်း ၂၄၀
၁၃၁။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ၂၄၂
၁၃၂။ ဂေါတြဘုဉာဏ် ၂၄၄


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၁၃၃။ မျက်မှောက်ပြုခြင်း (သစ္ဆိကရဏ) ၂၄၄
၁၃၄။ လောကသိ ၂၄၆
၁၃၅။ သန္တတိဃန (ကာလအားဖြင့် တစ်ခုတည်း) ၂၄၆
၁၃၆။ သမူဟဃန (ဒေသအားဖြင့် တစ်ခုတည်း) ၂၄၇
၁၃၇။ ကိစ္စဃန (ကြိယာအားဖြင့် တစ်ခုတည်း) ၂၄၇
၁၃၈။ အာရမ္မဏဃန (အရာဝတ္ထုအားဖြင့် တစ်ခုတည်း) ၂၄၈
၁၃၉။ လောကသဘာဝ ၂၄၉
၁၄၀။ ဗုဒ္ဓခေတ်၏ အမြင်သစ် ၂၅၃

အခန်း (၇)

သမထ

၁၄၁။ ဝိပဿနာ၏ ရှေးဦးလုပ်ငန်းများ ၂၅၇
၁၄၂။ သတိပဋ္ဌာန် ဒေသနာ ၂၆၂
၁၄၃။ ထွက်သက် ဝင်သက်ရှုနည်း ၂၆၃
၁၄၄။ ရေတွက်၍ မှတ်နည်း (ဂဏနာ) ၂၆၃
၁၄၅။ မရေတွက်ဘဲ မှတ်နည်း (အနုဗန္ဓနာ) ၂၆၄
၁၄၆။ ထိသိနည်း (ဖုသနာ) ၂၆၅
၁၄၇။ အာနာပါန(၄) စတုက္က ၂၆၆
၁၄၈။ ပထမ စတုက္က ၂၆၆
၁၄၉။ နည်း (၁) ၂၆၇
၁၅၀။ နည်း (၂) ၂၇၅
၁၅၁။ သမ္မဇ္ဇ လေးပါး ၂၇၇
၁၅၂။ သာတ္ထက သမ္မဇ္ဇ ၂၇၈
၁၅၃။ သပ္ပါယ သမ္မဇ္ဇ ၂၇၈
၁၅၄။ ဂေါစရ သမ္မဇ္ဇ ၂၇၉
၁၅၅။ အသမ္မောဟ သမ္မဇ္ဇ ၂၇၉
၁၅၆။ နည်း (၃) ၂၈၀
၁၅၇။ နည်း (၄) ၂၈၁
၁၅၈။ နိမိတ်များ ၂၈၃
၁၅၉။ ပရိကမ္မ နိမိတ် ၂၈၃
၁၆၀။ ဥဂ္ဂဟ နိမိတ် ၂၈၄
၁၆၁။ ပဋိဘာဂ နိမိတ် ၂၈၅
၁၆၂။ နိမိတ်များ ထင်ပုံ ၂၈၇
၁၆၃။ ဝိပဿနာဘက် ကူးနည်းများ ၂၈၇
၁၆၄။ လက္ခဏာများ ၂၉၁
၁၆၅။ ရုပ်နာမ်သိ ၂၉၂
၁၆၆။ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ၂၉၃
၁၆၇။ နိဗ္ဗာန် ၃၀၀
၁၆၈။ ကာယကံရှင် ၃၀၄
၁၆၉။ လောကသိနှင့် လောကုတ္တရာသိ ၃၀၈

အခန်း (၈)

ဓလောကဘာရားများ

၁၇၀။ လူသား ၃၁၀
၁၇၁။ အရိယာတရား နှစ်မျိုး ၃၁၂
၁၇၂။ သက်ရောက်အား နှစ်မျိုး ၃၁၄
၁၇၃။ အာသဝ ၃၁၇
၁၇၄။ သြဃ ၃၁၈
၁၇၅။ ယောဂ ၃၂၀
၁၇၆။ ဂန္ထ ၃၂၂
၁၇၇။ ဥပါဒါန် ၃၂၄
၁၇၈။ ပုဂ္ဂိုလ်သုံးမျိုး ၃၂၈
၁၇၉။ အနုသယ ကိလေသာ ၃၃၀
၁၈၀။ သံယောဇဉ် ၃၃၂
၁၈၁။ နီဝရဏ ၃၃၃
၁၈၂။ ဆန့်ကျင်ဘက်တို့၏ ပေါင်းစည်းရာ ၃၃၅
၁၈၃။ ဈာန် ၃၃၅
၁၈၄။ ဗိုလ် ၃၃၆
၁၈၅။ အဓိပတိ ၃၃၆
၁၈၆။ ဗောဓိပက္ခိယ တရားများ ၃၃၇
၁၈၇။ သတိပဋ္ဌာန် ၃၃၈
၁၈၈။ သမ္မပ္ပဓာန် ၃၄၀
၁၈၉။ ဖြစ်ပြီးသော အကုသိုလ် ဒုစရိုက်တို့ကို ပယ်ရန် အားထုတ်မှု ၃၄၀
၁၉၀။ မဖြစ်ဖူးသေးသော အကုသိုလ် ဒုစရိုက်တို့ကို မဖြစ်ပေါ်စေရန် အားထုတ်မှု ၃၄၂
၁၉၁။ မဖြစ်ဖူးသေးသော ကုသိုလ်တရားများကို ဖြစ်ပေါ်စေရန် အားထုတ်မှု ၃၄၂
၁၉၂။ ဖြစ်ပြီးသော ကုသိုလ်တို့ကို အဆင့်ဆင့် ပွားများစေရန် အားထုတ်မှု ၃၄၃
၁၉၃။ ဣဒ္ဓိပါဒ် ၃၄၄

www.burmeseclassic.com


၁၉၄။ ဣန္ဒြေနှင့် ဗိုလ် ၃၄၄
၁၉၅။ ဗောဇ္ဈင် ၃၄၆
၁၉၆။ မဂ္ဂင် ၃၅၀
၁၉၇။ အကျိုးတရားများ ၃၅၄
၁၉၈။ တန်ဖိုး၏ အကြောင်းတရားများ ၃၅၈
၁၉၉။ ကာလ သမ္ပတ္တိ ၃၅၈
၂၀၀။ ဂတိ သမ္ပတ္တိ ၃၅၉
၂၀၁။ ဥပဓိ သမ္ပတ္တိ ၃၅၉
၂၀၂။ ပယောဂ သမ္ပတ္တိ ၃၅၉
၂၀၃။ ချမ်းသာသုခ ရကြောင်း ၃၆၀
၂၀၄။ သန္တောသ တရားသုံးပါး ၃၆၃
၂၀၅။ ယထာလာဘ သန္တောသ ၃၆၅
၂၀၆။ ယထာဗလ သန္တောသ ၃၆၆
၂၀၇။ ယထာသာရုပ္ပ သန္တောသ ၃၆၇


## အပိုင်း [ ၄ ]
## အထွေထွေ

### အခန်း (၉)
### အမြင်၊ အယူဝါဒနှင့် ပမာဏများ


၂၀၈။ လူသားတို့၏ ကျင့်စဉ်များ ၃၇၀
၂၀၉။ မေတ္တာ ၃၇၁
၂၁၀။ ကရုဏာ ၃၇၂
၂၁၁။ မုဒိတာ ၃၇၂
၂၁၂။ ဥပေက္ခာ ၃၇၃
၂၁၃။ လောကအမြင်များ ၃၇၄
၂၁၄။ တတွ ဒဿန ၃၇၅
၂၁၅။ ပမာဏ ဒဿန ၃၇၆
၂၁၆။ တတ္တ ဒဿန ၃၇၇
၂၁၇။ အာစာရ ဒဿန ၃၇၈
၂၁၈။ ရသ ဒဿန ၃၇၉
၂၁၉။ စရိတ ဒဿန ၃၈၁
၂၂၀။ အယူဝါဒများ ၃၈၄
၂၂၁။ အဝဗ္ဗေဒ ဝါဒ ၃၈၅
၂၂၂။ ပဋိဗိမ္ဗ ဝါဒ ၃၈၆
၂၂၃။ အာဘာသ ဝါဒ ၃၈၇
၂၂၄။ ဝိဝတ္တ ဝါဒ ၃၈၈
၂၂၅။ ပရိဏာမ ဝါဒ ၃၈၉
၂၂၆။ အနိဗ္ဗစနီယ ဝါဒ ၃၈၉
၂၂၇။ အဇာတ ဝါဒ ၃၉၀
၂၂၈။ စိတ္တဝိလာသ ဝါဒ ၃၉၂
၂၂၉။ မာယာ ဝါဒ ၃၉၃
၂၃၀။ သဿတ ဝါဒ ၃၉၅
၂၃၁။ ဥစ္ဆေဒ ဝါဒ ၃၉၆
၂၃၂။ ဝိဘဇ္ဇ ဝါဒ ၃၉၇
၂၃၃။ အတ္တ ဝါဒ ၃၉၉
၂၃၄။ အနတ္တ ဝါဒ ၄၀၃
၂၃၅။ သုည ဝါဒ ၄၀၅
၂၃၆။ ကာမ သုခလ္လိကာ နုယောဂဝါဒ ၄၀၈
၂၃၇။ အတ္တ ကိလ မထာနုယောဂ ဝါဒ ၄၀၉
၂၃၈။ မဇ္ဈိမပဋိပဒါ ဝါဒ ၄၁၀
၂၃၉။ ဝါဒအုပ်စု ခြောက်မျိုး ၄၁၁
၂၄၀။ ပမာဏများ ၄၁၁
၂၄၁။ ပစ္စက္ခ ပမာဏ ၄၁၂
၂၄၂။ အနုမာန ပမာဏ ၄၁၃
၂၄၃။ ဥပမာန ပမာဏ ၄၁၃
၂၄၄။ သဒ္ဒ ပမာဏ ၄၁၄
၂၄၅။ အတ္ထာပတ္တိ ပမာဏ ၄၁၅
၂၄၆။ အနုပလဒ္ဓိ ပမာဏ ၄၁၆
၂၄၇။ သမ္ဘဝ ပမာဏ ၄၁၇
၂၄၈။ ဧတိဟျ ပမာဏ ၄၁၇
၂၄၉။ သစ္စိကရဏ ပမာဏ ၄၁၈
၂၅၀။ နိဂုံး ၄၁၉
– ကျမ်းကိုးစာရင်း ၄၂၃

www.burmeseclassic.com

# ရှေးဦး အမှာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဤစာအုပ်တွင် မူရင်း သက္ကတ အက္ခရာများကို မြန်မာအက္ခရာများဖြင့် ဖလှယ်ထားပါသည်။ ဖတ်ရာ၌ အောက်ပါအတိုင်း အသံထွက် ဖတ်ရှုရန် ဖြစ်ပါသည်။

ယေဘုယျမှု

| | | |
|---|---|---|
| (က) ရ–ရစ်ကို | .... | ရ–အသံဖြင့်၊ |
| (ခ) အသတ်ကို | .... | မတြာဝက် အသံဖြင့်၊ |
| (ဂ) စ–ဝဂ်ကို | .... | အစဉ်အတိုင်း ကျ၊ချ၊ဂျ၊ဃျ–အသံဖြင့်၊ |
| (ဃ) ဂ–ကို | .... | ရှ–အသံဖြင့်၊ |
| (င) ပ–ကို | .... | ရှ–အသံဖြင့်၊ |
| (စ) သ–ကို | .... | ဆ–အသံဖြင့်၊ |
| (ဆ) ငဲ–ဆွဲကို | .... | ရိ သို့မဟုတ် ရ–အသံဖြင့်၊ |
| (ဇ) အက္ခရာ အထက်ရှိ သဝေထိုးကို | .... | မတြာဝက် "ရ်" အသံဖြင့် အသံထွက် |

ဖတ်ရှုရန် ဖြစ်ပါသည်။

ပုံစံများ

| စာလုံးပေါင်း | | အသံထွက် |
|---|---|---|
| –ပြဂတ | .... | ပရဂတ |
| –စိတ် | .... | ကျိ(တ်) |
| –ကူတ | .... | ကရိတ သို့မဟုတ် ကရတ |
| –ခမိ | .... | ခ(ရ်)မ |
| –ပြဝတီဒွေ | .... | ပရဝ(ရ်)တဒွေ |
| –သူတ | .... | ဆမရိတ သို့မဟုတ် ဆမရတ |
| –ကူတျ | .... | ကရိတျ သို့မဟုတ် ကရတျ |
| –ဂတ္တိ | .... | ရှ(က်)တိ |
| –ဝိပယ | .... | ဝိရှယ |
| –ယသျ | .... | ယ(ဆ်)ယ |
| –သတ် | .... | ဆ(တ်) |

## နိဒါန်း

လူ့သမိုင်းတွင် ဘာသာယဉ်ကျေးမှုအရ ဒါနမှု ပြုကြသည်များလည်း ရှိပါသည်။ သီလမှု ပြုကြသည်များလည်း ရှိပါသည်။ ဘာဝနာမှု ပြုကြသည်များလည်း ရှိပါသည်။ သို့ရာတွင် ဆိုကဲ့သို့ ဒါနမှုပြုကြခြင်း၊ သီလမှု ပြုကြခြင်း၊ ဘာဝနာမှု ပြုကြခြင်းများသည် ဗုဒ္ဓခေတ် ပေါ်မတိုင်မီ ကာလနှင့် ဗုဒ္ဓခေတ် ကာလတို့တွင် လုပ်ငန်းအသွင်အားဖြင့် အချင်းချင်း တူညီကြစေကာမူ သဘောအားဖြင့် ခြားနားမှု ရှိကြပါသည်။

ဗုဒ္ဓခေတ် မတိုင်မီ ကာလတွင် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုကိုးကို ပြုကြရာ၌ အစွန်းတစ်ဖက်လွှတ် ပြုနည်းဖြင့် ပြုကြပြီး ဗုဒ္ဓခေတ်ကာလတွင်မူ အစွန်းနှစ်ဖက်လွှတ် ပြုနည်းဖြင့် ပြုကြပါသည်။ အစွန်းတစ်ဖက်လွှတ်ပြုနည်းကို ကာမသုခလ္လိကာနုယောဂ ဟူ၍ ဖြစ်စေ၊ အတ္တကိလမထာနုယောဂဟူ၍ ဖြစ်စေ သင့်သလို အမည်တစ်မျိုးမျိုးဖြင့် သတ်မှတ်ပြီး အစွန်းနှစ်ဖက်လွှတ် ပြုနည်းကိုမူ မဇ္ဈိမပဋိပဒါဟူ၍ သတ်မှတ်ပါသည်။

အစွန်းတစ်ဖက်လွှတ် ပြုနည်းသည် အတ္တကို အခြေခံ၍ ပြုသည့်နည်း ဖြစ်ပါသည်။ အတ္တကို အခြေခံသောအခါ ပရသည် မလွဲသာ မရှောင်သာ ပေါ်လာရပါသည်။ အတ္တနှင့် ပရဟူ၍ နှစ်မျိုး ကွဲပြားသွားသည်နှင့် တစ်ပြိုင်နက် ချစ်ခြင်းနှင့် မုန်းခြင်းတည်း ဟူသော အစွန်းနှစ်ခုသည်လည်း မလွဲသာ မရှောင်သာ ပေါ်လာရပြန်ပါသည်။ အလို ပြည့်လျှင် ချစ်ခြင်းအစွန်း ပေါ်လာပြီး အလိုမပြည့်လျှင် မုန်းခြင်းအစွန်း ပေါ်လာပါသည်။

အတ္တနှင့်စပ်၍ ယုတ္တိဗေဒ ရှုထောင့်မှ အဘိဓမ္မာဆရာ ဓမ္မကိတ္တိက–

**အာတ္တနိ သတိ ပရသညာ၊ သွပရဝိဘာဂါတ် ပရိဂြဟဒွေပေါ်။**

အာတ္တနိ၊ အတ္တသည်။ သတိ၊ ရှိသော်။ ပရသညာ၊ မိမိမှ တစ်ပါး ဟူသော သညာသည်။ သျာတ်၊ ဖြစ်ရာ၏။ သွပရဝိဘာဂါတ်၊ မိမိနှင့် သူ တစ်ပါးဟူ၍ ကွဲပြားသွားခြင်းကြောင့်။ ပရိဂြဟဒွေပေါ်၊ ချစ်ခြင်းနှင့် မုန်းခြင်း တည်းဟူသော အစွန်းနှစ်မျိုးတို့သည်။ သျာတာမ်၊ ဖြစ်ကုန်ရာ၏။ ဟု၍ မိန့်ခဲ့ပါသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com



'မိမိ'မှ တစ်ပါး 'အခြား' ရှိနေသေးလျှင် ချစ်ဖွယ်ဟု နှလုံးသွင်းမိပါက စိတ်နှလုံး သာယာမည်။ မုန်းဖွယ်ဟု နှလုံးသွင်းမိပါက စိတ်နှလုံး မသာမယာ ဖြစ်မည်။ ဤသည်မှာ ဓမ္မတာ ဖြစ်ပါသည်။ ကံသစ်များ နောက်ထပ် ရရှိရေးအတွက် ကာမသုခလ္လိကာနုယောဂ (ရယူရေး) ကျင့်စဉ်ဖြင့် ကျင့်ရာ၌လည်း ချစ်ခြင်းနှင့်မုန်းခြင်း တည်းဟူသော အစွန်း နှစ်ဖက်မှ ရှောင်လွှဲ၍ မရကောင်းပါ။ ကံဟောင်းများ ကုန်ခန်းရေးအတွက် အတ္တကိလမထာနုယောဂ (စွန့်လွှတ်ရေး) ကျင့်စဉ်ဖြင့် ကျင့်ရာ၌လည်း ချစ်ခြင်းနှင့် မုန်းခြင်း တည်းဟူသော အစွန်း နှစ်ဖက်မှ ရှောင်လွှဲ၍ မရကောင်းပါ။

ထို့ကြောင့် ထိုလမ်းစဉ် နှစ်ရပ်တို့သည် မုန်းခြင်း အစွန်းမှ လွတ်လျှင် ချစ်ခြင်း အစွန်း၌ တည်ပါမည်။ ချစ်ခြင်းအစွန်းမှ လွတ်လျှင် မုန်းခြင်းအစွန်း၌ တည်ပါမည်။ အစွန်းနှစ်ဖက်တို့တွင် အစွန်းတစ်ဖက်ဖက်၌ တည်ပါမည်။ သို့ဖြစ်၍ ကာမသုခလ္လိကာနုယောဂ လမ်းစဉ်နှင့် အတ္တကိလမထာနုယောဂ လမ်းစဉ်တို့သည် အစွန်းတစ်ဖက်မှသာ လွတ်အောင် ရှောင်နိုင်ပြီး အစွန်းနှစ်ဖက်လုံးမှကား လွတ်အောင် ရှောင်နိုင်ခြင်း မရှိကြပါချေ။ ဤသို့လျှင် မူလပဏ္ဏာသပါဠိတော်၊ ဓမ္မဒါယာဒသုတ်၌ ဟောကြားခဲ့ပါသည်။

ဤနေရာ၌ အစွန်း…ူသည် မမှိဝဲအပ်သော သဘောအစုံ ဖြစ်ပါသည်။ ယင်းအစွန်းသည် ပဋိပတ်ရှုထောင့်မှ ကြည့်လျှင် ကာမသုခလ္လိကာနုယောဂ အစွန်းနှင့် အတ္တကိလမထာနုယောဂ အစွန်းတို့ ဖြစ်ပါသည်။ ဝါဒရေးရာ ရှုထောင့်မှ ကြည့်လျှင် သဿတဝါဒ အစွန်းနှင့် ဥစ္ဆေဒဝါဒ အစွန်းတို့ ဖြစ်ပါသည်။ အဘိဓမ္မာရှုထောင့်မှ ကြည့်လျှင် လောဘအစွန်းနှင့် ဒေါသအစွန်းတို့ ဖြစ်ပါသည်။ ဤသို့ စသည်ဖြင့် အစွန်းသည် သူ့ရှုထောင့်နှင့်သူ များစွာ ရှိပါသည်။ သို့ရာတွင် အနှစ်သာရအားဖြင့်မူ မမှိဝဲအပ်သော သဘောအစုံ ဖြစ်ပါသည်။

မဇ္ဈိမပဋိပဒါကား ထိုကဲ့သို့ မဟုတ်။ အစွန်းနှစ်ဖက်လုံးမှ လွတ်ပါသည်။ မဇ္ဈိမပဋိပဒါဟူသော ဝေါဟာရကို ဓမ္မစက္ကပဝတ္တနသုတ်၌ စတင် အသုံးပြုပြီး မဇ္ဈိမပဋိပဒါ သဘောတရားကို ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်ဖြင့် အကျယ် ပြပါသည်။ အတ္တနှင့် ပတ်သက်၍ ပုဂ္ဂိုလ် သတ္တဝါဟူသော ပုဂ္ဂလအတ္တကို အနုလောမ ပဋိစ္စသမုပ္ပာဒ်ဖြင့် လွတ်အောင် ရှောင်ခဲ့ပါသည်။ ဤသည်မှာ အတ္တ၏ ပထမဆင့် အစွန်းကို ရှောင်ခြင်း ဖြစ်ပါသည်။ အတ္တ၏ ပထမဆင့် အစွန်းဖြစ်သည့် ပုဂ္ဂလအတ္တကို ရှောင်ခြင်းအားဖြင့် "ဤလောက၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ မရှိ။ ကြောင်းကျိုးဆက် အနေဖြင့် ဓမ္မသာ ရှိသည်" ဟူသော သဘောကို ပြပါသည်။

ဗြာဟ္မဏဝါဒီတို့၏ အယူအရ အတ္တသည် ဇီဝအတ္တနှင့် ပရမအတ္တဟူ၍ နှစ်မျိုး ရှိပါသည်။ ထိုနှစ်မျိုးတို့တွင် ဇီဝအတ္တဟူသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ သဘော ဖြစ်ပါသည်။ ယင်း ဇီဝအတ္တသည် မပျက်မစီး အမြဲတည်ရှိနေသည်ဟု ယူလျှင် 'သဿတအတ္တ' ဖြစ်၍ အမြဲမတည်ရှိဘဲ တစ်ဘဝသာ တည်ရှိသည်





ဟု ယူလျှင် 'ဥစ္ဆေဒအတ္တ' ဖြစ်ပါသည်။ ပရမအတ္တဟူသည် ဗြဟ္မာ ဖြစ်ပါသည်။ ဗြဟ္မာသည်လည်း ဂုဏ်တော်အနန္တ နှင့် ပြည့်စုံသော ဖန်ဆင်းရှင် ဗြဟ္မာ (သဂုဏဗြဟ္မာ) နှင့် ဂုဏ်တော်ဟူ၍ စိုးစဉ်းမျှမရှိဘဲ အရှိဓာတ် (သတ်)၊ အသိဓာတ် (စိတ်)၊ အလှဓာတ် (အာနန္ဒ) သက်သက်မျှသာ ဖြစ်သော ဗြဟ္မာ (နိဂ္ဂုဏဗြဟ္မာ) ဟူ၍ နှစ်မျိုး ရှိပါသည်။

ထိုအတ္တ နှစ်မျိုးလုံးကိုပင် ထေရဝါဒ က အစွန်းတရားများအဖြစ် သတ်မှတ်ပါသည်။ ထိုသို့ သတ်မှတ်ရာတွင် ဇီဝအတ္တနှင့် သတ္တဝါသဘော ပါသော သဂုဏဗြဟ္မာ (ပရမအတ္တတစ်ပိုင်း) ကို ပထမဆင့် အစွန်း ပုဂ္ဂလအတ္တအဖြစ် ယူ၍ အနုလောမ ပဋိစ္စသမုပ္ပာဒ်ဖြင့် ရှောင်ခဲ့ပါသည်။ သတ္တဝါသဘော မပါသော နိဂ္ဂုဏဗြဟ္မာ (ပရမအတ္တတစ်ပိုင်း) ကို ဒုတိယဆင့်အစွန်း ဓမ္မအတ္တအဖြစ် ယူ၍ ပဋိလောမပဋိစ္စသမုပ္ပာဒ်ဖြင့် ထပ်မံ ရှောင်ခဲ့ပါသည်။ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ မိမိအလိုအတိုင်း ဖြစ်စေနိုင်သော အတ္တသဘောသည် ပုဂ္ဂိုလ် သတ္တဝါ (ပုဂ္ဂလအတ္တ) အနေဖြင့်လည်း မရှိ၊ ဓမ္မ (ဓမ္မအတ္တ) အနေဖြင့်လည်း မရှိဟူ၍ သိအပ်ပါသည်။

ဤသို့လျှင် ထေရဝါဒသည် ပုဂ္ဂလအတ္တကို ပထမဆင့်အစွန်း၊ ဓမ္မအတ္တကို ဒုတိယဆင့်အစွန်းအဖြစ် ယူ၍ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်ဖြင့် ယင်းအစွန်းနှစ်ဖက်မှ လွတ်အောင် ရှောင်ပြီးနောက် အတ္တကို အရဟတ္တမဂ်ဉာဏ်ဖြင့် မြစ်ပြတ်မပယ်နိုင်သေးသရွေ့ အတ္တကို အခြေခံပြီး ဖြစ်ပေါ်လာသော အကုသိုလ်တရား (အစွန်း) များမှ မဇ္ဈိမပဋိပဒါကျင့်စဉ် (ဝိပဿနာ၊ ဝိဝဋ္ဋနိဿိတ၊ ဒါန၊ သီလ၊ သမထ) ဖြင့် လွတ်အောင် ရှောင်ရေးနှင့် ပတ်သက်၍ ဤသို့ ဖော်ပြခဲ့ပါသည်-

**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။**
**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။**

**သဗ္ဗပါပဿ**၊ အကုသိုလ် ဟူသမျှကို။ **အကရဏံ**၊ သုစရိုက်ကုသိုလ်သဘောအရ ရှောင်ကြဉ်ခြင်းဖြင့် မပြုခြင်းလည်းကောင်း။ **ကုသလဿ**၊ ပုညကိရိယာကုသိုလ် ဟူသမျှကို။ **ဥပသမ္ပဒါ**၊ ပြည့်စုံစေခြင်း လည်းကောင်း။ **သစိတ္တပရိယောဒပနံ**၊ မိမိစိတ်ကို မဂ်ကုသိုလ်၊ ဝိပဿနာကုသိုလ်၊ (အယုတ်ဆုံး) ဝိဝဋ္ဋနိဿိတ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထ ကုသိုလ်တို့ဖြင့် ဖြူစင်စေခြင်း လည်းကောင်း။ **ဣတိ**၊ ဤသို့။ **ဧတံ**၊ ဤကျင့်နည်း သုံးမျိုးသည်။ **ဗုဒ္ဓါနံ**၊ ဘုရားရှင်တို့၏။ **သာသနံ**၊ အဆုံးအမတော်ပေတည်း။

ဖော်ပြပါ ဂါထာသည် အတ္တကို အခြေခံ၍ ဖြစ်ပေါ်နေသော အကုသိုလ် ဒုစရိုက်များ ပယ်ရှားရေးနှင့် ပတ်သက်၍ အကျဉ်းဆုံးသော မဇ္ဈိမပဋိပဒါ ကျင့်စဉ်ပြ ဂါထာဖြစ်ပါသည်။ မဇ္ဈိမပဋိပဒါ ကျင့်စဉ်အရ အကုသိုလ်ဟူသမျှသည် ရှောင်ရှားအပ်သော …ဆမဆင့်အစွန်း ဖြစ်ပါသည်။ ယင်းအကုသိုလ် အစွန်းကို သုစရိုက် ကုသိုလ်တရားဖြင့် …ဦးစွာ ရှောင်ရှားအပ်ပါသည်။ ပယ်အပ်ပါသည်။ ဤသည်မှာ သဗ္ဗပါပဿ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အာကာရအာ' အရ ပထမဆင့်အစွန်း အကုသိုလ်ကို ပထမဆင့် ရှောင်ကြဉ်ခြင်း၊ သုစရိုက်ကုသိုလ်ဖြင့် ပယ်ခြင်း ဖြစ်ပါသည်။

အကုသိုလ်ဟူသမျှကို ပယ်ရန် ရှေးဦးစွာ ရှောင်ကြဉ်ခြင်း တည်းဟူသော သုစရိုက် ကုသိုလ်ကို လုပ်ရပါသည်။ ထို့နောက် 'ကုသလဿ ဥပသမ္ပဒါ' အရ ပုညကိရိယာကုသိုလ်ကို လုပ်ရပါသည်။ ပုညကိရိယာ ကုသိုလ်လုပ်မှသာ အကုသိုလ်ကို အင်ပြည့်အားပြည့် ပယ်ရာ ရောက်ပါသည်။ ပုညကိရိယာ ကုသိုလ်လုပ်ရာ၌လည်း ဒုတိယအဆင့် အစွန်းသဘော သက်ရောက်သော 'အတ္တနှင့် အတ္တနိယ' သည် ပါဝင်လာတတ်ပါသည်။ အတ္တသည် ဒိဋ္ဌိအတ္တ၊ မာနအတ္တ၊ တဏှာအတ္တ ဟူ၍ အကြမ်းအနုလိုက်ပြီး သုံးမျိုး ရှိပါသည်။ ယင်း သုံးမျိုးလုံးပင် အနုသယအဆင့်၌ ရှိသည်ဖြစ်စေ၊ ပရိယုဋ္ဌာန အဆင့်၌ ရှိသည်ဖြစ်စေ၊ ဝီတိက္ကမ အဆင့်၌ ရှိသည်ဖြစ်စေ မဇ္ဈိမပဋိပဒါအရ ပယ်အပ်သော ဒုတိယဆင့် အစွန်းပင် ဖြစ်ပါသည်။

ကုသိုလ်အရာ၌ အစွန်းအတ္တ ဝင်ရောက်သောအခါ မျှော်လင့်မှု (လာဘ)၊ အလေးအမြတ် အပြုခံလိုမှု (သက္ကာရ)၊ ကျော်စောထင်ရှားလိုမှု (သိလောက) တို့သည် ကုသိုလ်လုပ်ငန်း၌ အတ္တ၏ ကိုယ်စားလှယ်အနေဖြင့် ပါဝင်လာကြပါသည်။ အတ္တသည် ဒိဋ္ဌိအတ္တ ဖြစ်ပါက ယင်း၏ ကိုယ်စားလှယ်သည် 'လူတော်' ဟူသော အမြင်မှားမှု သဘောဖြင့် မိမိ၏ လာဘ၊ သက္ကာရ၊ သိလောကတို့၌ ဦးဆောင်ပါသည်။ အတ္တသည် မာနအတ္တဖြစ်ပါက ယင်း၏ ကိုယ်စားလှယ်သည် အာဏာပေးမှု၊ မောက်မာထောင်လွှားမှု၊ ပြိုင်ဆိုင်မှု သဘောဖြင့် မိမိ၏ လာဘ၊ သက္ကာရ၊ သိလောကတို့၌ ဦးဆောင်ပါသည်။ အတ္တသည် တဏှာအတ္တ ဖြစ်ပါက ယင်း၏ ကိုယ်စားလှယ်သည် တပ်မက်စွဲလမ်းမှု သဘောဖြင့် မိမိ၏ လာဘ၊ သက္ကာရ၊ သိလောကတို့၌ ဦးဆောင်ပါသည်။ "သူများ ယောင်လို့ယောင် အမောင် တောင်မှန်း မြောက်မှန်း မသိ" ဟူသော ကုလာစာရ သဘောဖြင့် ကုသိုလ်ပြုလျှင်မူ အတ္တအပေါ် မောဟ က အပိုဆင့်ရာ ရောက်ပါသည်။

ထို့ကြောင့် ကုသိုလ်လုပ်ရာ၌ ပါဝင်လာတတ်သော အတ္တကို ဒုတိယဆင့် အစွန်းအဖြစ်ယူ၍ မိမိစိတ်ကို ဖြူစင်စေခြင်းဖြင့် ရှောင်ရှားအပ်ပါသည်။ ပယ်အပ်ပါသည်။ မိမိစိတ်ကို ဖြူစင်စေခြင်း (သစိတ္တပရိယောဒပနံ) ဆိုသည်မှာ ဝိပဿနာပွားခြင်း၊ အယုတ်ဆုံးအားဖြင့် လာဘ်လာဘကို မငဲ့ကွက်မှု၊ အလေးအမြတ် အပြုခံရခြင်းကို မငဲ့ကွက်မှု၊ ထင်ရှားကျော်ကြားခြင်းကို မငဲ့ကွက်မှု၊ အားနာ၍ မဟုတ်ဘဲ စေတနာ သက်သက်ဖြင့် ဆောင်ရွက်မှုတို့ဖြင့် ကုသိုလ်ပြု၍ ဒုတိယဆင့်အစွန်း အတ္တမှ လွတ်အောင် ရှောင်ခြင်းပင် ဖြစ်ပါသည်။ ပယ်ခြင်းပင် ဖြစ်ပါသည်။ ဤသည်မှာ ဒုတိယဆင့်အစွန်းကို ဒုတိယဆင့်အနေဖြင့် ပယ်ခြင်း ဖြစ်ပါသည်။ဤသို့ ပယ်မှသာ အစွန်းနှစ်ဖက်မှ လွတ်သော မဇ္ဈိမပဋိပဒါအကျင့်ဖြင့် ကုသိုလ်ကို လုပ်ရာရောက်ပါသည်။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးရာ ရောက်ပါသည်။ သို့မဟုတ်ပါက ဗုဒ္ဓခေတ် မတိုင်မီကာလက ကုသိုလ်ပြုနည်းအတိုင်း ပထမဆင့် အစွန်းတစ်ဖက်လွတ် ကုသိုလ်





မျိုးသာ ပြုလုပ်ရာ ရောက်ပါသည်။ ထိုသို့ဖြစ်လျှင် သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရေးအတွက် အစီပွာယ် ရှိတော့မည် မဟုတ်ပါချေ။ ဤနေရာ၌ မဇ္ဈိမပဋိပဒါအဖြစ် ဝိပဿနာကို ဆိုပါသည်။ ဝိပဿနာ မဟုတ်သေးလျှင်လည်း ဝိပဿနာသို့ ရှေးရှုသော ဒါန ကုသိုလ်၊ သီလကုသိုလ်များကိုလည်း ဆိုပါသည်။

မဇ္ဈိမပဋိပဒါအရ ကုသိုလ်လုပ်နည်းကို အကျဉ်းချုံး၍ ပြန်လည် ဖော်ပြရလျှင်-

(၁) အကုသိုလ်မှန်သမျှသည် ပထမဆင့် အစွန်းတစ်ဖက်၊
-ယင်းကို သုစရိုက်ကုသိုလ်ဖြင့် ပယ်သတ်ရမည်။

(၂) ဒါန သီလ စသော ကုသိုလ်မှန်သမျှကို လုပ်ရမည်။
-ထို၌ ဝဋ္ဋနိဿိတ သဘောအရ ပါဝင်လာတတ်သော တဏှာ၊ မာန၊ ဒိဋ္ဌိသည် ဒုတိယဆင့် အစွန်းတစ်ဖက်၊
-ယင်းကို ဝိပဿနာပွားခြင်း၊ အယုတ်ဆုံး ဝိဝဋ္ဋနိဿိတ ကုသိုလ်ပြုခြင်းဖြင့် ပယ်သတ်ရမည်။

ဟူ၍ ဖြစ်ပါသည်။ ဖော်ပြပါအတိုင်း အစွန်း နှစ်ဖက်မှ လွတ်သော မဇ္ဈိမပဋိပဒါ ကျင့်စဉ်အရ ကုသိုလ်လုပ်ခြင်းကို သိက္ခာ သုံးပါးဖြင့်လည်း ဖော်ပြကြပါသည်။ အကုသိုလ်ဟူသမျှ မပြုလုပ်ခြင်းကို သီလသိက္ခာဟူ၍ လည်းကောင်း၊ ကုသိုလ်ဟူသမျှ ပြည့်စုံစေခြင်းကို သမာဓိသိက္ခာဟူ၍ လည်းကောင်း၊ မိမိစိတ် ဖြူစင်စေခြင်းကို ပညာသိက္ခာဟူ၍ လည်းကောင်း ဖော်ပြကြပါသည်။

မြတ်စွာဘုရားသည် မဇ္ဈိမပဋိပဒါ (ဝိပဿနာ) ကျင့်စဉ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး သဗ္ဗညုတ ဉာဏ်တော်ရှင် အဖြစ်သို့ ရောက်ခဲ့ပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါဟူသည် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် တည်းဟူသော ဘာဝနာကုသိုလ်တို့ပင် ဖြစ်ပါသည်။ သို့ရာတွင် ဝိဝဋ္ဋာဘိမုခ ခေါ် သံသရာမှ လွတ်မြောက်ရေးအတွက် ကျူးရှုပြုသော ဒါနကုသိုလ်၊ သီလကုသိုလ်တို့သည်လည်း အစွန်း နှစ်ဖက်မှ ခေါင်းပါးသော 'တနုကရ' အနေဖြင့် လွတ်လျှင် မဇ္ဈိမပဋိပဒါပင် မည်ပါသည်။ အစွန်းနှစ်ဖက်မှ မလွတ်လျှင်ကား ဗုဒ္ဓခေတ်မတိုင်မီ ကာလက ပြုလုပ်သော ကုသိုလ်သဘော သက်ရောက်၍ ကာမသုခလ္လိကာနုယောဂ သော်လည်း မည်ပါသည်။ အတ္တကိလမထာနုယောဂ သော်လည်း မည်ပါသည်။ ကာမသုခလ္လိကာနုယောဂ မည်လျှင် ဗြာဟ္မဏ ကုသိုလ် သဘော ရှိပါသည်။ အတ္တကိလမထာနုယောဂ မည်လျှင် တိတ္ထိယကုသိုလ် သဘော ရှိပါသည်။ အမြင့်ဆုံးအနေဖြင့် ဆိုရပါလျှင် မိရိုးဖလာ ဗုဒ္ဓဘာသာ ကုသိုလ်သဘောသာ ရှိပါသည်။ ထို့ကြောင့် ဗုဒ္ဓ၏ အဆုံးအမတော်ကို တိတိကျကျ လိုက်နာပါလျှင် ဝိပဿနာကို အားထုတ်အပ်ပါသည်။ အကယ်၍ ဝိပဿနာကို အကြောင်းကြောင်းကြောင့် အားမထုတ်နိုင်ပါလျှင် မဇ္ဈိမပဋိပဒါ ကျင့်စဉ်အရ ကုသိုလ်တရားများကို ပြုလုပ်ရာတွင် လာဘ၊ သက္ကာရ၊ သိလောက၊ ကုလာစာရ သဘောတို့ မပါဝင်စေရန် ပြုလုပ်အပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်တရားများကို ပြုလုပ်သောအခါ မဇ္ဈိမပဋိပဒါ ကျင့်စဉ်ဖြင့် ပြုလုပ်မှသာ ဗြာဟ္မဏဝါဒကို လွန်ပါသည်။ တိတ္ထိယဝါဒကို လွန်ပါသည်။ မိစ္ဆာဖလာ ဗုဒ္ဓဘာသာကို လွန်ပါသည်။ မဇ္ဈိမပဋိပဒါ ကျင့်စဉ်တွင် အစွန်းနှစ်ဖက် ရှိပါသည်။ ယင်းတို့သည် အချင်းချင်း ဆန့်ကျင်ပါသည်။ ဤသဘောကို နားလည်ရန် လိုအပ်ပါသည်။

ငါးပါးသီလ စောင့်ထိန်းရာတွင် သူ့အသက်ကို သတ်ခြင်း ပါဏာတိပါတကံသည် အစွန်းတစ်ဖက် အကုသိုလ် ဖြစ်ပါသည်။ ယင်း အကုသိုလ်ကို ဒုစရိုက်ဟု ခေါ်ပါသည်။ သူ့အသက်ကို သတ်ခြင်း ပါဏာတိပါတကံမှ ရှောင်ကြဉ်ခြင်းသည် သုစရိုက်ကုသိုလ် ဖြစ်ပါသည်။ သို့ရာတွင် ပါဏာတိပါတကံမှ ရှောင်ကြဉ်ရုံမျှနှင့် မဇ္ဈိမပဋိပဒါကျသော ကုသိုလ် မဖြစ်သေးပါ။ အဘယ်ကြောင့်ဆိုသော် ရှောင်ကြဉ်ရုံသက်သက်သည် သုစရိုက်ဖြစ်သည် မှန်သော်လည်း ရပ်တန့်ခြင်းအဆင့်သာ ရှိသေး၍ အစွန်းတစ်ဖက်မျှကိုသာ ပယ်နိုင်သေးသောကြောင့် ဖြစ်ပါသည်။

သင်္ချာ သဘောအရ အပေါင်းနှင့် အနုတ်အကြားတွင် 'သုည' သဘောသည် ကြားခံလျက် ရှိပါသည်။ ရောင်းဝယ်မှု သဘောအရ အရှုံးနှင့် အမြတ်အကြားတွင် 'အရင်း' သဘောသည် ကြားခံလျက် ရှိပါသည်။ ဖြစ်စဉ် သဘောအရ အဖြစ် (ဥပါဒ်) နှင့် အပျက် (ဘင်) အကြားတွင် 'ရပ်တန့်ခြင်း' (ဋ္ဌီ) သည် ကြားခံလျက် ရှိပါသည်။ ကြားခံ 'သုည' သဘောကို ဟိုဘက် သည်ဘက် ကျော်လွန်လိုက်သောအခါ အပေါင်းနှင့် အနုတ် ဖြစ်လာပါသည်။ ကြားခံ 'အရင်း' သဘောကို ဟိုဘက်သည်ဘက် ကျော်လွန်လိုက်သောအခါ အရှုံးနှင့် အမြတ် ဖြစ်လာပါသည်။ ကြားခံ 'ရပ်တန့်ခြင်း' သဘောကို ဟိုဘက် သည်ဘက် ကျော်လွန်လိုက်သောအခါ အဖြစ် (ဥပါဒ်) နှင့် အပျက် (ဘင်) ဖြစ်လာပါသည်။

သူ့အသက်ကို သတ်ခြင်း ပါဏာတိပါတကံကို စောင့်ထိန်းရာ၌ ဒုစရိုက်နှင့် ပုညကိရိယာတို့ အကြားတွင် ကြားခံ သုစရိုက်ကုသိုလ် ရှိပါသည်။ ယင်းကြားခံ သုစရိုက်ကုသိုလ်သည် အဘာဝမုခ သဘောဖြင့် ရှောင်ကြဉ်ခြင်း (ဝိရတီ) ဖြစ်ပါသည်။ ယင်းကြားခံ ဝိရတီသည် အဘာဝမုခ သဘောဖြင့် ရှောင်ကြဉ်ရုံမျှ ဖြစ်သော်လည်း သုစရိုက် ကုသိုလ်သဘော ရှိပါသည်။ ယင်းသုစရိုက် ကုသိုလ်သည် အစွန်းတစ်ဖက် အကုသိုလ်ကိုသာ ပယ်နိုင်ပါသည်။ မဇ္ဈိမပဋိပဒါ ဒေသနာတွင် 'သဗ္ဗပါပဿ အကရဏံ' သဘောမျိုး ဖြစ်ပါသည်။

အစွန်းနှစ်ဖက်ကို ပယ်သော မဇ္ဈိမပဋိပဒါ ကုသိုလ်မျိုး ဖြစ်စေရန် 'ကုသလဿ ဥပသမ္ပဒါ' သဘောမျိုး သက်ရောက်သော ပုညကိရိယာ ကုသိုလ်ကို ဘာဝမုခသဘောဖြင့် ပြုလုပ်ရပါသည်။ သူ့အသက်ကို သတ်ခြင်း၏ ဆန့်ကျင်ဘက် သူ့အသက်ကို ရှည်အောင် စောင့်ရှောက်ရပါသည်။ သူ့ဥစ္စာကို ခိုးယူခြင်း၏ ဆန့်ကျင်ဘက် မိမိ၏ဥစ္စာကို ပေးကမ်းရပါသည်။ သူ့သားမယားတို့၌ ကျူးလွန်ခြင်း၏ ဆန့်ကျင်ဘက် သူ့သားမယားများကို စောင့်ရှောက်ရပါသည်။ မုသားပြောခြင်း၏ ဆန့်ကျင်ဘက် အမှန်





သစ္စာကို ပြောဆိုရပါသည်။ သေရည်သေရက် သောက်စားခြင်း၏ ဆန့်ကျင်ဘက် သေရည်သေရက် ဖျက်ဆီးရေးလုပ်ငန်းများ၌ ပါဝင် ဆောင်ရွက်ရပါသည်။ ထိုအခါမှသာ ဘာဝမုခ သဘောရှိသော ပုညကိရိယာ ကုသိုလ်၌ ပါဝင်လာတတ်သော အတ္တနှင့် အတ္တနိယ ကျန်အစွန်းတစ်ဖက်ကို ပယ်ရေးသို့ ရှေးရှုနိုင်ပါသည်။

'ဝတ္တံ အပရိပူရေန္တဿ သီလံ န ပရိပူရတိ = ဝတ္တံ၊ ဝတ္တရားကို။ အပရိပူရေန္တဿ၊ မပြည့်သောသူသည်။ သီလံ၊ သီလကို။ န ပရိပူရတိ၊ ပြည့်ရာမရောက်' ဟု ဆိုပါသည်။ အမှန်အားဖြင့် ကုသိုလ်တိုင်းတွင် စာရိတ္တ (ဆောင်) သဘောနှင့် ဝါရိတ္တ (ရှောင်) သဘောသည် ဒင်္ဂါးတစ်ပြား၏ ခေါင်းဘက်နှင့် ပန်းဘက် မျက်နှာပြင်သဖွယ် ပူးတွဲ၍ ပါဝင်ပါသည်။ ခေါင်းဘက်နှင့် ပန်းဘက် နှစ်ဖက်လုံးပါဝင်သော ဒင်္ဂါးသာ ဒင်္ဂါးကောင်း ဖြစ်သကဲ့သို့ သုစရိုက် (ဝါရိတ္တ) နှင့် ပုညကိရိယာ (စာရိတ္တ) တို့ နှစ်ဖက်လုံးပါဝင်သော ကုသိုလ်မျိုးသည်သာ မဇ္ဈိမပဋိပဒါ ကုသိုလ် ဖြစ်ပါသည်။ မြတ်စွာဘုရား၏ အဆုံးအမတော်နှင့်အညီ ကျင့်ကြံသော ကုသိုလ် ဖြစ်ပါသည်။

ငါးပါးသီလ ဆောက်တည်ရာတွင် သမ္ပတ္တဝိရတီသီလမျိုး ဖြစ်ပါက သုစရိုက် (ဝါရိတ္တ) နှင့် ပုညကိရိယာ (စာရိတ္တ) တို့ တစ်ပြိုင်နက် ရကောင်းသောကြောင့် အစွန်းနှစ်ဖက်ကို ရှောင်နိုင်ပါလျှင် မဇ္ဈိမပဋိပဒါ သီလ ဖြစ်နိုင်ပါသည်။ သမာဒါနဝိရတီ သီလမျိုး ဖြစ်ပါက သုစရိုက် (ဝါရိတ္တ) သဘောသာ ပါဝင်၍ ပထမဆင့် အစွန်းတစ်ဖက်ကိုသာ ရှောင်နိုင်သဖြင့် မဇ္ဈိမပဋိပဒါကျသော သီလမျိုး မဖြစ်နိုင်ပါချေ။ မဇ္ဈိမပဋိပဒါကျသော သီလမျိုး ဖြစ်စေရန်အတွက် ပုညကိရိယာ (စာရိတ္တ) ကို ပြုလုပ်ရပါသည်။ ထိုသို့ ပြုလုပ်ရာ၌ အတ္တ (ငါ) နှင့် အတ္တနိယ (ငါ့ဥစ္စာ) တည်းဟူသော သိမ်းပိုက်ခြင်း (ပရိဂ္ဂဟ) သဘောမျိုး ပါဝင်တတ်ပါသည်။ ယင်းသည်လည်း ဒုတိယဆင့် အစွန်းတစ်ဖက် ဖြစ်ပါသည်။

ဒုတိယဆင့်အစွန်းကို ပယ်ရန် 'သစိတ္တပရိယောဒပနံ' အရ ကုသိုလ်လုပ်ငန်း၌ မိမိ၏စိတ်ကို ဖြူစင်စေရပါသည်။ မိမိ၏စိတ်ကို ဖြူစင်စေခြင်း ဆိုသည်မှာ ဝိပဿနာ ပွားခြင်းနှင့် အကယ်၍ မပွားနိုင်သေးပါလျှင် တောင့်တမျှော်ကိုးခြင်း (လာဘ)၊ လေးစားမြတ်နိုးမှုကို ခံယူလိုခြင်း (သက္ကာရ)၊ ထင်ပေါ်ကျော်ကြားလိုခြင်း (သိလောက)၊ အများလုပ်၍ လိုက်လုပ်ခြင်း (ကုလာစာရ) တို့ မပါဝင်ဘဲ ကံနှင့် ကံ၏အကျိုး၊ ရတနာသုံးပါးတို့၌ ယုံကြည်မှု (သဒ္ဓါ) သက်သက်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းကို အတ္တ (ငါ) နှင့် အတ္တနိယ (ငါ့ဥစ္စာ) မှ ထွက်မြောက်ခြင်း (နိဿရဏ) သဘောဖြင့် ဆောင်ရွက်ခြင်းဟူ၍ ဆိုပါသည်။ သို့မှသာ မဇ္ဈိမပဋိပဒါကျသော ကုသိုလ် ဖြစ်ပါသည်။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်နှင့် ကြုံကြိုက်ခိုက် ဗုဒ္ဓခေတ်ပိုင်မိကာလနှင့် သာသနာပ ကာလတို့၌ ပြုကြသော အစွန်းတစ်ဖက်လွတ် ကုသိုလ်မျိုးကို မပြုကြဘဲ အစွန်းနှစ်ဖက်လွတ် မဇ္ဈိမပဋိပဒါ ကုသိုလ်မျိုးကိုသာ ပြုကြရန် ဖြစ်ပါသည်။ ထိုသို့ ပြုသောအခါ ရှောင်ကြဉ်ခြင်း (သုစရိုက်) သဘောသက်သက်ဖြင့် မလုံ



www.burmeseclassic.com

www.burmeseclassic.com



လောက်ဘဲ ဆောင်ရွက်ခြင်း (ပုညကိရိယာ) ပါ လိုအပ်ကြောင်း သဘောပေါက်ရမည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပုညကိရိယာ၌သာ ဝဋ္ဋနိဿိတသဘောအရ ဒုတိယဆင့်အစွန်း အတ္တနှင့် အတ္တနိယ ပါဝင်ပြီး ယင်း ဒုတိယဆင့်အစွန်း အတ္တနှင့် အတ္တနိယကို **'ဇလေန ပကတံ ပင်္ကံ ဇလေနေဝ ဝိသုဇ္ဈတိ=ရေကြောင့်ဖြစ်သော နွံကို ရေဖြင့်ပင် ဆေးကြောရ၏'** ဟူသော အဆိုအမိန့်အတိုင်း ဝိဝဋ္ဋနိဿိတ ပုညကိရိယာဖြင့်သာ သုတ်သင်နိုင်သောကြောင့် ဖြစ်ပါသည်။

**အတ္တသည် စိုးမိုးသူ ဖြစ်ပါသည်။ အတ္တသည် ပရကို မိမိ၏ ဥစ္စာ** (အတ္တနိယ) အဖြစ် စိုးမိုးပါသည်။ ထိုအချိန်တွင်ပင် ပရ ကလည်း အတ္တကို သူ၏ ဥစ္စာအဖြစ် တန်ပြန် စိုးမိုးပါသည်။ ထို့ကြောင့် သတ္တဝါများသည် တစ်ပြိုင်နက်တည်း စိုးမိုးသူလည်း ဖြစ်ပါသည်။ စိုးမိုးခံရသူလည်း ဖြစ်ပါသည်။ မိမိသည် မိမိစာအုပ်ကို မိမိပစ္စည်းအဖြစ် စိုးမိုးနေစဉ် မိမိ၏ စာအုပ်ကလည်း မိမိကို မိမိ၏ ပိုင်ရှင်အဖြစ် တန်ပြန် စိုးမိုးပါသည်။ ဤသဘောကို သိပ္ပံဆရာကြီး နယူတန်က ရူပဗေဒရှုထောင့်မှ 'သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အား' နိယာမဖြင့် ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် သတ္တဝါတို့သည် မိမိတို့၌ အတ္တရှိနေသရွေ့ ကာလပတ်လုံး ပရသဘော အလိုလို ပါဝင်နေရကား တစ်ပြိုင်နက်တည်း အကျဉ်းချသူ 'မင်းဇကရာဇ်' လည်း ဖြစ်ပါသည်။ အကျဉ်းစံ 'သုံ့ပန်း' လည်း ဖြစ်ပါသည်။ အကျဉ်းစံ 'သုံ့ပန်း' ဘဝမှ လွတ်မြောက်လိုပါလျှင် အကျဉ်းချသူ 'မင်းဇကရာဇ်' ဘဝမှ ပထမဦးစွာ လွတ်မြောက်ဖို့ လိုပါသည်။ အဘယ့်ကြောင့်ဆိုသော် သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အားတို့တွင် သက်ရောက်အားသည် ပထမ ဖြစ်သကဲ့သို့ အကျဉ်းချသူ 'မင်းဇကရာဇ်' နှင့် အကျဉ်းစံ 'သုံ့ပန်း' တို့တွင် အကျဉ်းချသူ 'မင်းဇကရာဇ်' သည် ပထမ ဖြစ်သောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ လောကသံသရာမှ လွတ်မြောက်လိုပါလျှင် အတ္တကို ပထမဦးစွာ ပယ်သတ်ရန် လိုအပ်ကြောင်း ဗုဒ္ဓရှင်တော်ဘုရားက ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

လူတို့သည် အရာဝတ္ထုတစ်ခုကို မြင်ရာ၌ ဖြစ်စေ၊ ဖြစ်ရပ်တစ်ခုကို ကြုံရာ၌ ဖြစ်စေ သူ့မူလပကတိအတိုင်း သိကြသည် မဟုတ်။ မိမိတို့၏ အရွတ္တသန္တာန်၌ရှိသော ဘဝရှုထောင့် (အာသယ)၊ ဘဝအခြေခံ (အနုသယ)၊ ဝါသနာနှင့် စရိုက် (စရိတ) နှင့် နှလုံးသွင်း (အဓိမုတ္တိ) တို့ဖြင့် ဖြည့်စွက်၍ သိကြသည်သာ ဖြစ်၏။ ဥပမာအားဖြင့် မောင်ဘ ကားမောင်းရာ၌ 'မောင်ဘ ကားမောင်းသည်' ဟူ၍ လောက်သာ ပကတိအတိုင်း မသိဘဲ 'မောင်ဘ ကားမောင်းကောင်းသည်' ဟူ၍ လည်းကောင်း၊ 'မောင်ဘ ကားမောင်း မကောင်း' ဟူ၍ လည်းကောင်း ဤသို့ စသည်ဖြင့် ကောင်း မကောင်း၊ မှန် မမှန်၊ သင့် မသင့် စသည်တို့ကိုပါ ဖြည့်စွက်၍ ဆိုကြပါ၏။ ဖြည့်စွက်ခြင်းမှာလည်း ဓမ္မတာအတိုင်း မဖြည့်စွက်ဘဲ မနေနိုင်၍သာ ဖြည့်စွက်ခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ကောင်း မကောင်း၊ မှန် မမှန်၊ သင့် မသင့်၊ လှ မလှ စသည်တို့ကို တိုင်းတာ၍ ဆုံးဖြတ်ရာ၌ 'စံ' ရှိပါသည်။ ယင်း 'စံ' ကား 'ဘာသာရေး' ပင် ဖြစ်ပါသည်။





ဘာသာရေး သွန်သင်ချက်အတိုင်း လူတို့သည် 'ကောင်း မကောင်း' ကိုလည်း ဆုံးဖြတ်ကြပါ၏။ 'မှန် မမှန်' ကိုလည်း ဆုံးဖြတ်ကြပါ၏။ 'သင့် မသင့်' ကိုလည်း ဆုံး ဖြတ်ကြပါ၏။ 'လှ မလှ' ကိုလည်း ဆုံးဖြတ်ကြပါ၏။ ထိုဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ကြ၏။ သို့ဖြစ်၍ 'ဘာသာရေး' သည် လူ့ဘဝ၊ လူမှု ဆက်ဆံရေးနယ်ပယ်၌ အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင် ပတ်သက်ပါသည်။ မှန်ကန်သော ဘာသာရေးဖြစ်လျှင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောအကျိုးကို ရရှိ၍ မှားသော ဘာသာရေးဖြစ်လျှင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးမဲ့ကို ရရှိမည် ဖြစ်ပါသည်။ ထို့ကြောင့် ဘာသာရေးကို အလေးအနက်ထား၍ ရွေးချယ်ယုံကြည်ရန် လိုအပ်ပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာ၌ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ကို လွန်မြောက်နိုင်သော ကျင့်စဉ်များ များစွာ ပါဝင်ပါသည်။ သို့ပါလျက် ထိုကျင့်စဉ်များ၌ သက်ဝင်ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင် အများစုသည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ နှိပ်စက်ခြင်းကို ခံနေရပါ၏။ ထိုသို့ ခံနေရခြင်းမှာ 'အဓိမာန' ခေါ် အထင်မှားမှုကြောင့်သာ ဖြစ်တန်ရာပါ၏။ ဤနေရာ၌ အဓိမာနကို ကျယ်ကျယ်ပြန့်ပြန့် အနက်ယူ၍ မိမိသန္တာန်၌ မရှိသော အရည်အသွေးများကို ရှိသည်ဟု အထင်မှားခြင်းအဖြစ် ဆိုပါသည်။ အဓိမာန ဝင်လာလေသောအခါ သူတော်ကောင်း မဟုတ်သူများကလည်း မိမိကိုယ်ကို တကယ့် သူတော်ကောင်းဟု ထင်မှတ်မှားကြ၏။ ပညာရှိ မဟုတ်သူများကလည်း မိမိကိုယ်ကို တကယ့် ပညာရှိဟု ထင်မှတ်မှားကြ၏။ မတော်မတရား လုပ်သူများကလည်း မိမိကိုယ်ကို တရားဓမ္မ အကျဆုံးဟု ထင်မှတ်မှားကြ၏။ မျက်စိသည် မိမိကို ပြန်၍ မမြင်တတ်သကဲ့သို့ အဓိမာန ရှိသူကလည်း မိမိကို အဓိမာန ရှိနေသူအဖြစ် ပြန်၍ မမြင်သော်လည်း ပရိသတ်ကမူ သဲကွဲစွာ မြင်လျက် ရှိပါသည်။ ထို့ကြောင့် အဓိမာနကို မျက်ခြည်ပြတ် မခံဘဲ သတိဖြင့် ဆင်ခြင်အပ်ပါသည်။

မြတ်စွာဘုရား ညွှန်ကြားတော်မူခဲ့သည့် အတိုင်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ကို လွန်မြောက်ရန် အလို့ငှာ မဇ္ဈိမပဋိပဒါ ကျင့်စဉ်ဖြင့် လောကကို ရှုမြင်အပ်ပါသည်။ ထိုသို့ ရှုမြင်ရာတွင်–

- အကုသိုလ် ဟူသမျှကို မလုပ်နဲ့၊
- ကုသိုလ် ဟူသမျှကို လုပ်၊
- (ကုသိုလ် ဟူသမျှကို လုပ်ရာတွင်) **မိမိ၏ စိတ်ကို အတ္တနှင့် အတ္တနိယမှ လွတ်မြောက်သောအားဖြင့် ဖြူစင်ပါစေ**

ဟူသော ဘုရားရှင်တို့၏ အဆုံးအမတော်အတိုင်း တိတိကျကျ လိုက်နာကျင့်သုံးလိုသော သဒ္ဓါတရား ဖြစ်ပေါ်စေရန် ရည်သန်ချက်ဖြင့် ဤစာအုပ်ကို ပြုစုတင်ပြခြင်း ဖြစ်ပါသည်။ ဤစာအုပ်၏ ရည်သန်ချက် ပြည့်ဝမှု ရှိ မရှိကို စာဖတ်သူ ကိုယ်တိုင်က မိမိ၏ သန္တာန်၌ ဘုရားရှင်တို့သာ ဟောဖော် ညွှန်ပြနိုင်သော မဇ္ဈိမပဋိပဒါ ခေါ် ဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်) အယုတ်ဆုံး ဝိဝဋ္ဋနိဿိတကုသိုလ်ကို အားထုတ်လိုသော သဒ္ဓါတရား ဖြစ်ပေါ်မှု ရှိ မရှိနှင့် ချိန်ထိုး၍ ဆုံးဖြတ်ရန် ဖြစ်ပါသည်။

ဤနေရာ၌ လောကကို ဝိပဿနာသိဖြင့် မဟုတ်ဘဲ အတ္တ၊ အတ္တနိယသိဖြင့် ရှုမြင်ကြကုန်သော ပုဂ္ဂိုလ်တို့၏ အသိတရားနှင့် ပတ်သက်၍ မိန့်ဆိုတော်မူကြသော ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာတို့၏ အဆိုအမိန့်များကို ဖော်ပြအပ်ပါသည်။ ဤနေရာ၌ ဆိုလိုသည်မှာ အသိ (ဝိဇ္ဇာ) ဖြစ်စေ၊ အကျင့်(စရဏ)ဖြစ်စေ အတ္တနှင့် အတ္တနိယအပေါ် အခြေခံနေပါက ဟုတ်တိုင်းမှန်စွာ သိတတ်သော အသိ(ဝိဇ္ဇာ)နှင့် အကျင့် (စရဏ) မဟုတ်ဘဲ ဥပါဒါန်တန်းလန်းနှင့် အမည်ခံအသိ (ဝိဇ္ဇာ) နှင့် အမည်ခံအကျင့် (စရဏ) တို့သာ ဖြစ်သောကြောင့် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ တို့ကို မည်သို့မျှ မလွန်မြောက်နိုင်ကြောင်း၊ ဥပါဒါန်တို့၏ သဘောအရ လူနှင့် တိရစ္ဆာန်တို့ ခြားနားမှု မရှိလှကြောင်း၊ တိရစ္ဆာန်တို့သည် မိမိတို့၏ လောဘ ဒေါသ မောဟများကို အရှိအတိုင်း ရိုးသားစွာ ဖော်ပြတတ်ကြပြီး လူတို့မှာမူ မိမိတို့၏ လောဘ ဒေါသ မောဟများကို ယုတ္တိဖြင့် ဖုံးအုပ်၍ မရိုးမသား ဖော်ပြတတ်ကြခြင်းသာ ခြားနားမှု ရှိကြောင်း ဟူ၍ ဖြစ်ပါသည်။

> ယထာ ဟိ ပဌ္ဌါဒယး ဂဗ္ဘာဒီဘိး ကြောကြာဒီနာံ သမ္ဗန္ဓေ သတိ ဂဗ္ဘာဒိဝိညာနေ ပြတိကူလေ ဇာတေ တတော နိဝတ္တိတွေ၊ အနုကူလေ ပြဝတ္တိတွေ၊
>
> ယထာ ဒဏ္ဍောဒျတကရံ ပုရုပမဘိမုခမုပလဘျ မာံ ဟန္တုမယမိန္ဒတိတိ ပလာယိတုမာရဘန္တေ၊ ဟရိတတဝ္တဏပူဏ္ဏပါဏိမုပလဘျ တံ ပြတျာဘိမုခီဘဝန္တိ၊
>
> ဧဝံ ပုရုပါးအပိ ဗျုတ္ပန္နစိတ္တား ကြူရဒုပ္ပိနာကြောဂတား ခဂေါ်ဒျတကရာန် ဗလဝတး ဥပလဘျ တတော နိဝတ္တိန္တေ၊ တဒ္ဒိပရီတာန် ပြတိ ပြဝတ္တိန္တေ။ အတး သမာနး ပဋ္ဌါဒိဘိး ပုရုပါဏာံ ပြမာဏပြမေယဗျဝဟာရး။
>
> (ဗြဟ္မသုတြဂါက်ရာဘာပျမ်၊ ပြမာဏဘာပျမ်၊ ၁၀။)

ဟိ၊ ထင်ရှားစေအံ့။ ကြောဘာဒီနာမ်၊ သောတဒ္ဒါရ စသည်တို့၏။ ဂဗ္ဘာဒီဘိး၊ သဒ္ဒါရုံ စသည်တို့နှင့်။ သမ္ဗန္ဓေ၊ ဆက်စပ်သည်။ သတိ၊ ရှိသော်။ ပြတိကူလေ၊ အနိဋ္ဌဖြစ်သော။ ဂဗ္ဘာဒိဝိညာနေ၊ သောတဝိညာဏ် စသည်သည်။ ဇာတေ၊ ဖြစ်လတ်သော်။ ပဋ္ဌါဒယး၊ တိရစ္ဆာန် စသည်တို့သည်။ တတော၊ ထိုနေရာမှ။ နိဝတ္တိန္တေ ယထာ၊ ထွက်ပြေး ကုန်သကဲ့သို့။ အနုကူလေ၊ ဣဋ္ဌဖြစ်သော။ ဂဗ္ဘာဒိဝိညာနေ၊ သောတဝိညာဏ် စသည်သည်။ ဇာတေ၊ ဖြစ်လတ်သော်။ ပြဝတ္တိန္တေ ယထာ၊ ရှေးရှုပြေးလာကုန်သကဲ့သို့။

ဒဏ္ဍောဒျတကရံ၊ တုတ်ကို မြှောက်ထားသောလက် ရှိသော။ ပုရုပံ၊ ယောကျ်ားကို။ အဘိမုခံ၊ ရှေးရှု။ ဥပလဘျ၊ မြင်၍။ အယံ၊ ဤသူသည်။





မာံ၊ ငါ့ကို။ ဟန္တုံ၊ ညှဉ်းဆဲခြင်းငှာ၊ ဣစ္ဆတိ၊ အလိုရှိ၏။ ဣတိ၊ ဤသို့ မှတ္ဘာ၊ သိ၍။ ပလာယိတုံ၊ ထွက်ပြေးခြင်းငှာ။ အာရဘန္တေ ယထာ၊ အားထုတ်ကုန်သကဲ့သို့။ ဟရိတတဝ္တဏပူဏ္ဏ ပါဏိံ၊ စိမ်းစိုသောမြက် လက်၌ရှိသော။ ပုရုပံ၊ ယောကျ်ားကို။ ဥပလဘျ၊ မြင်၍။ တံ ပြတိ၊ ထိုသူ့ဆီသို့။ အဘိမုခီဘဝန္တိ ယထာ၊ ရှေးရှုဖြစ်ကုန်သကဲ့သို့။

ဧဝံ၊ ဤအတူ။ ဗျုတ္ပန္နစိတ္တား။ ဗျုပ္ပတ်ကို သိကုန်သော။ ပုရုပါးအပိ၊ ယောကျ်ားတို့သည်လည်း။ ကြူရဒုပ္ပိနံ၊ ရက်စက်သောအသွင် ရှိကုန်သော။ ခဂေါ်ဒျတကရာန်၊ ဓားကို မြှောက်ထားသောလက် ရှိကုန်သော။ အာကြောဂတး၊ ဆဲဆိုကြိမ်းမောင်းကုန်သော။ ဗလဝတး၊ ခွန်အားဗလ ရှိကုန်သော။ ပုရုပါန်၊ ယောကျ်ားတို့ကို။ ဥပလဘျ၊ မြင်၍။ တတော၊ ထိုနေရာမှ။ နိဝတ္တိန္တေ၊ ထွက်ပြေးကုန်၏။ တဒ္ဒိပရီတာန် ပြတိ၊ ထိုမှပြောင်းပြန် ဖြစ်ကုန်သော သူတို့ဆီသို့။ ပြဝတ္တိန္တေ၊ ရှေးရှုသွားကုန်၏။ အတး၊ ထို့ကြောင့်။ ပုရုပါဏာံ၊ ယောကျ်ားတို့၏။ ပြမာဏပြမေယဗျဝဟာရး၊ ဒွါရအာရုံတို့ကို အသုံးပြုခြင်းအားဖြင့် ရသောအသိသည်။ ပဋ္ဌါဒိဘိး၊ တိရစ္ဆာန် စသည်တို့နှင့်။ သမာနး၊ တူ၏။

## ဥပဝါဏသုတ်

ထိုအခါ အသျှင်ဥပဝါဏသည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏။ ဝမ်းမြောက်ဖွယ်၊ အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တစ်ခုသော နေရာ၌ ထိုင်လျက် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏ – 'ငါ့ရှင် သာရိပုတြာ.... အသိဉာဏ်ဝိဇ္ဇာဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလော' ဟု လျှောက်၏။ ငါ့သျှင် ....ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်။ 'ငါ့ရှင် ...အကျင့်(စရဏ) ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလော' ဟု (လျှောက်) ၏။ ငါ့သျှင် ....ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်။ 'ငါ့သျှင် .... အသိဉာဏ် (ဝိဇ္ဇာ)၊ အကျင့် (စရဏ) ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလော' ဟု (လျှောက်)၏။ ငါ့သျှင် ....ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်။ 'ငါ့သျှင် .... အသိဉာဏ် (ဝိဇ္ဇာ)၊ အကျင့် (စရဏ) ကို ဖယ်ထား၍ (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလော' ဟု (လျှောက် )၏။ ငါ့သျှင် ....ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်။

'ငါ့သျှင် သာရိပုတြာ .... အသိဉာဏ် (ဝိဇ္ဇာ) ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုသလော' ဟု (ငါ) မေးအပ်သော် 'ငါ့သျှင် ...ဤသို့ အဆုံးကို မပြုနိုင်' ဟု (သင်) ဆိုဘိ၏။ 'ငါ့သျှင် သာရိပုတြာ- ...အကျင့်(စရဏ) ဖြင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသလော' ဟု (ငါ) မေးအပ်သော် 'ငါ့သျှင် .... ဤသို့ အဆုံးကို မပြုနိုင်' ဟု (သင်) ဆိုဘိ၏။ 'ငါ့သျှင် သာရိပုတြာ.... အသိဉာဏ်(ဝိဇ္ဇာ)၊ အကျင့် (စရဏ) ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



(ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုသလော' ဟု (ငါ) မေးအပ်သော် 'ငါ့သျှင် ....ဤသို့ အဆုံးကို မပြုနိုင်' ဟု (သင်) ဆိုဘိ၏။ 'ငါ့သျှင်...သာရိပုတြာ...အသိဉာဏ်(ဝိဇ္ဇာ)၊ အကျင့်(စရဏ)ကို ဖယ်ထား၍ (ဝဋ်ဆင်းရဲ၏)အဆုံးကို ပြုသလော' ဟု (ငါ) မေးအပ်သော် 'ငါ့သျှင် ...အဘယ်သို့လျှင် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသနည်း' ဟု လျှောက်၏။

'ငါ့သျှင် ...အသိဉာဏ် (ဝိဇ္ဇာ) ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို အကယ်၍ ပြုသည် ဖြစ်အံ့၊ စွဲလမ်းခြင်းဖြစ်လျက်သာလျှင် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏။ ငါ့သျှင် ...အကျင့် (စရဏ) ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို အကယ်၍ ပြုသည် ဖြစ်အံ့၊ စွဲလမ်းခြင်းဖြစ်လျက်သာလျှင် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏။ ငါ့သျှင် ....အသိဉာဏ် (ဝိဇ္ဇာ)၊ အကျင့် (စရဏ)ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို အကယ်၍ ပြုသည် ဖြစ်အံ့၊ စွဲလမ်းခြင်း ဖြစ်လျက်သာလျှင် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏။ ငါ့သျှင်....အသိဉာဏ် (ဝိဇ္ဇာ)၊ အကျင့်(စရဏ) ကို ဖယ်ထား၍ (ဝဋ်ဆင်းရဲ၏) အဆုံးကို အကယ်၍ ပြုသည် ဖြစ်အံ့၊ ပုထုဇဉ်သည် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏။ ထိုစကား မှန်၏။ ငါ့သျှင်....ပုထုဇဉ်သည် အသိဉာဏ် (ဝိဇ္ဇာ)၊ အကျင့် (စရဏ) မှ ကင်း၏။ ငါ့သျှင်...အကျင့် (စရဏ) မှ ချို့တဲ့သောသူသည် ဟုတ်တိုင်း မှန်စွာ မသိ၊ မမြင်။ အကျင့် (စရဏ) နှင့် ပြည့်စုံသူသည်သာ ဟုတ်တိုင်းမှန်စွာ သိ၏၊ မြင်၏။ ဟုတ်တိုင်းမှန်စွာ သိသည်၊ မြင်သည် ဖြစ်၍ (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြု၏' ဟု (မိန့်ဆို၏)

[အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်၊ ပထမတွဲ (၄၉၆)]

ဉပဝါဏ၏ အာဘော်မှာ အတ္တဝါဒီတို့သည် မိမိတို့၏ ဝိဇ္ဇာစရဏဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသလား ဟူ၍ ဖြစ်ပါသည်။ ရှင်သာရိပုတ္တရာ၏ အာဘော်မှာ အတ္တဝါဒုပါဒါန် တန်းလန်း ပါဝင်သော ဝိဇ္ဇာစရဏသည် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင် ဟူ၍ ဖြစ်ပါသည်။

ထို့အပြင် ဤစာအုပ်တွင် ပါဝင်သော အကြောင်းအရာများနှင့် ပတ်သက်၍ တင်ပြရန် ရှိပါသေးသည်။ ယင်း တင်ပြချက်မှာ ခန္ဓာ၊ ဉပါဒါနက္ခန္ဓာ၊ အနုသယနှင့် မဂ္ဂင်များပေါ်တွင် အခြေပြု၍ အတ္တနှင့် အနတ္တသဘောကို ယနေ့ခေတ်ပုဂ္ဂိုလ်များ နားလည်လွယ်အောင် မျက်မှောက်ခေတ် အရပ်သုံးဝေါဟာရများဖြင့် ဘာသာပြန်ဆို တင်ပြထားခြင်း ဖြစ်ပါသည်။

ခန္ဓာဟူသည်မှာ သဠာယတန ခေါ် ဒွါရခြောက်ပါး၌ လုံးဝ 'ထင်' လာခြင်း မရှိသဖြင့် ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ မိမိတို့နှင့် လုံးဝ မပတ်သက်သော ရုပ်နာမ်တရားများနှင့် ဒွါရခြောက်ပါး၌ ထင်လာသော်လည်း ဉပါဒါန်၏ အာရုံအဖြစ်သို့ မရောက်တော့ဘဲ ပြင်ပတွင် ကျန်ရစ်ခဲ့သော ရုပ်နာမ်တရားများ ဖြစ်ပါသည်။

ဒွါရခြောက်ပါး၌ လုံးဝ မထင်လာသော ရုပ်နာမ်တရားများနှင့် ပတ်သက်၍





အထူးဆိုရန် မရှိသော်လည်း ဒွါရခြောက်ပါး၌ ထင်လာသော ရုပ်နာမ်တရားများနှင့် ပတ်သက်၍မူ အထူးဆိုရန် ရှိပါသည်။ ရုပ်နာမ်တရားများသည် ဒွါရခြောက်ပါး၌ ထင်လာသည် ဖြစ်စေ၊ မထင်လာသည် ဖြစ်စေ ပရမတ္ထတရားများ ဖြစ်ကြသဖြင့် ဉပါဒ်၊ ဌီ၊ ဘင် ခေါ် ဖြစ်၊ တည်၊ ပျက် သဘော ရှိကြပါသည်။ ထို့ကြောင့် ရုပ်နာမ်တရားများသည် ဒွါရခြောက်ပါး၌ ထင်လာသောအခါ မိမိတို့၏ 'ဉပါဒ်' အခိုက်မှ ထင်လာသည် လည်း ရှိနိုင်ပါသည်။ 'ဌီ' အခိုက်မှ ထင်လာသည်လည်း ရှိနိုင်ပါသည်။ 'ဘင်' အခိုက်မှ ထင်လာသည်လည်း ရှိနိုင်ပါသည်။ သို့ရာတွင် ဒွါရခြောက်ပါး၌ ထင်လာသောအခါ မိမိတို့၏ ဉပါဒ် အခိုက်မှ ထင်လာသည် ဖြစ်စေ၊ ဌီ အခိုက်မှ ထင်လာသည် ဖြစ်စေ၊ ဘင် အခိုက်မှ ထင်လာသည် ဖြစ်စေ ထင်လာသော ရုပ်နာမ်တရားများ၏ ထင်လာသော အခိုက်အတန့်ကို မယူဘဲ ဒွါရခြောက်ပါး၌ ထင်ချိန်မှစ၍ ယင်း၏ ဉပါဒ်အဖြစ် သတ်မှတ်ပြီး အာရုံသက်ကို ဝီထိစိတ်များဖြင့် စတင် ရေတွက်ပါသည်။

သို့ဖြစ်၍ ဒွါရခြောက်ပါး၌ ထင်လာသောအခါ ထိုထိုပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တသန္တာန် ကို အလေးမထားဘဲ မိမိတို့၏ ဉပါဒ်၊ ဌီ၊ ဘင် အခိုက်အတန့်အတိုင်း ဗဟိဒ္ဓတွင် ကျန်ရစ်ခဲ့သည့် ရုပ်နာမ်တရားများက တစ်မျိုး၊ ထိုထိုပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တသန္တာန်ကို အလေးထားပြီး မိမိတို့၏ အာရုံသက် မည်သို့ရှိသည် ဖြစ်စေ အဇ္ဈတ္တသန္တာန်ရှိ ဒွါရခြောက်ပါး၌ 'ထင်' ချိန်မှ စတင်၍ 'ဉပါဒ်' အဖြစ် ရေတွက်အပ်သော ရုပ်နာမ်တရားများက တစ်မျိုးဟူ၍ နှစ်မျိုး ရှိပါသည်။ ထိုနှစ်မျိုးတွင် ပထမ အမျိုးအစားကို 'ခန္ဓာ' အဖြစ် သတ်မှတ်၍ ဒုတိယ အမျိုးအစားကို 'ဉပါဒါနက္ခန္ဓာ' အဖြစ် သတ်မှတ်ပါသည်။

ဉပါဒါနက္ခန္ဓာအဖြစ် သတ်မှတ်ခြင်းခံရသော ရုပ်နာမ်တရားများသည် ထိုထိုပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တသန္တာန်ရှိ ဒွါရခြောက်ပါးတို့၌ ပရမတ္ထတရားများ အနေဖြင့် 'နိမိတ်ပုံ သဏ္ဌာန်မဲ့' သဘောအတိုင်း စတင်၍ 'ထင်' ကြသော်လည်း ဝီထိစိတ်များဖြင့် သိခြင်းခံရသောအခါ ပညတ်တရားများ အနေဖြင့် 'နိမိတ်ပုံ သဏ္ဌာန်ရှိ' သဘောအတိုင်း ဖြစ်သွားကြပါသည်။ ဤသို့ နိမိတ်ပုံ သဏ္ဌာန်ရှိသဘော ဖြစ်သွားခြင်းသည်ပင် ဉပါဒါန်၏ အာရုံအဖြစ်သို့ ရောက်သွားခြင်း မည်ပါသည်။ ထို့ကြောင့် ဉပါဒါနက္ခန္ဓာဟု သတ်မှတ်ခြင်း ဖြစ်ပါသည်။

အနုသယဟူသည် ထိုထိုပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တသန္တာန်၌ အမြဲကိန်းနေသော သဘော ဖြစ်ပါသည်။ ဤနေရာ၌ 'ကာလ' နှင့် ပတ်သက်၍ အထူးဆိုရန် ရှိပါသည်။ ကာလသည် ပရိဏာမိကာလနှင့် ကူရှဒ္ဒာယီကာလ ဟူ၍ နှစ်မျိုး ရှိပါသည်။ ပရိဏာမိကာလ ဟူသည် 'ဖြစ်၊ တည်၊ ပျက်' သဘောနှင့် ယှဉ်သဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍ အပိုင်းအခြား ပြုကောင်းသော ကာလ ဖြစ်ပါသည်။ ကူရှဒ္ဒာယီကာလ ဟူသည် 'ဖြစ်၊ တည်၊ ပျက်' သဘောနှင့် မယှဉ်သဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍ အပိုင်းအခြား မပြုကောင်းသောကာလ ဖြစ်ပါသည်။ ကူရှဒ္ဒာယီကာလကို 'ကာလဝိမုတ်' ဟူ၍လည်း ဆိုပါသည်၊ ထာဝရပစ္စုပ္ပန် ဟူ၍လည်း ဆိုပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



ပရိယာယ်ကာလဖြင့် ပရိယုဋ္ဌာနကိလေသာကို တိုင်းတာနိုင်ပါသည်။ ကူဋဋ္ဌာယီကာလဖြင့် အနုသယကိလေသာကို တိုင်းတာနိုင်ပါသည်။ ထို့ကြောင့် ပရိယုဋ္ဌာန ကိလေသာသည် သတ္တဝါတို့၏ သန္တာန်၌ အမြဲမရှိသော ကိလေသာဖြစ်၍ အနုသယ ကိလေသာသည် သတ္တဝါတို့၏ သန္တာန်၌ အမြဲရှိသော ကိလေသာ ဖြစ်ပါသည်။

လောကီသိစိတ်တိုင်းတွင် သိစရာသဘောနှင့် သိတတ်သော သဘောတို့သည် တစ်ပေါင်းတည်း ပါဝင်ပါသည်။ သဒ္ဒါ သဘောအရ သိစရာသဘောကို 'ဖလ' ဟု ခေါ်ပါသည်။ သိတတ်သော သဘောကို 'ဗျာပါရ' ဟု ခေါ်ပါသည်။ သိစရာသဘော (ဖလ) နှင့် သိတတ်သောသဘော (ဗျာပါရ) တို့၏ ပေါင်းဆုံခြင်းကို သိခြင်းကြိယာ (စိတ်) ဟု ခေါ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် သိတတ်သော (ကတ္တား) သဘော မရှိဘဲနှင့် သိခြင်း (ကြိယာ) ဟူ၍ မရှိနိုင်။ ထို့အတူ သိစရာ (ကံ) သဘော မရှိဘဲနှင့်လည်း သိခြင်း (ကြိယာ) ဟူ၍ မရှိနိုင်။ ထို့ကြောင့် သိခြင်း ကြိယာ (စိတ်) တွင် သိစရာသဘော (ကမ္မကာရက) လည်း ပါဝင်၏။ သိတတ်သောသဘော (ကတ္တုကာရက) လည်း ပါဝင်၏။ သဒ္ဒါသဘောအရ ယင်းကာရက သဘောများသည် ကြိယာအပြင်သို့ မရောက်ဘဲ တည်ရာတူ (ဧကာသယ) အနေဖြင့် ကြိယာအတွင်း၌ ကည်ရှိပါက ဘောဟော (ဘာဝဝါစ္စ) ဟု ခေါ်ပါသည်။ တည်ရာကွဲ (နာနာသယ) အနေဖြင့် ကြိယာအပြင်သို့ ရောက်ပါက ထိုက်သင့်သလို ကတ္တားဟော (ကတ္တုဝါစ္စ) နှင့် ကံဟော (ကမ္မဝါစ္စ)တို့ ဖြစ်ပါသည်။ ဤနေရာ၌ သိခြင်းကြိယာ (စိတ်) ကို ဘောဟော (ဘာဝဝါစ္စ) အဖြစ် ယူပါသည်။ သို့ဖြစ်၍သာ သိစရာသဘော (ကမ္မကာရက) နှင့် သိတတ်သောသဘော (ကတ္တုကာရက) တို့သည် သိခြင်းကြိယာ (စိတ်)၌ အာရမ္မဏာနုသယနှင့် သန္တာနာနုသယသဘောဖြင့် အမြဲတမ်း ကိန်းနိုင်ကြခြင်း ဖြစ်ပါသည်။

လောကီသိစိတ်တွင် သိစရာသဘော (ကမ္မကာရက) သည် နိမိတ်ပုံသဏ္ဌာန်ရှိ သဘောဖြင့် ပါဝင်၍ သိတတ်သောသဘော (ကတ္တုကာရက) သည် ပုဂ္ဂိုလ်သတ္တဝါ သဘော၊ ဇီဝသဘောဖြင့် ပါဝင်ပါသည်။ ထို့ကြောင့် လောကီသိစိတ်များသည် မိမိတို့၏ သိခြင်း ကြိယာအတွင်း၌ ကာရကသဘောများကို အမြဲတစေ ဆောင်ယူနေကြပါသည်။ ထို့ကြောင့် လောကီသိစိတ်များကို 'အနုသယသိ' သဘော ရှိသည်ဟု ဆိုအပ်ပါသည်။ ယင်း အနုသယသိတွင် သိစရာသဘော (ကမ္မကာရက) အနေဖြင့် ပါဝင်သော နိမိတ်ပုံသဏ္ဌာန်ရှိ သဘောသည် နောင် အကြောင်းညီညွတ်လျှင် မိမိ၌ ပရိယုဋ္ဌာန ကိလေသာများကို ဖြစ်ပေါ်စေနိုင်သောကြောင့် အာရမ္မဏာနုသယ မည်ပါသည်။ ပုဂ္ဂိုလ် သတ္တဝါ သဘော၊ ဇီဝသဘောကား ပရိယုဋ္ဌာန ကိလေသာများ၏ ရေသောက်မြစ်သဖွယ် ဖြစ်သောကြောင့် သန္တာနာနုသယ မည်ပါသည်။

အတ္တနှင့် အတ္တနိယ သဘောအရ လောကီသိစိတ်များတွင် သိတတ်သော သဘော (ကတ္တုကာရက) အမြဲ ပါဝင်နေသောကြောင့် အတ္တခြံရံသည် မည်ပါသည်။ သိစရာ သဘော (ကမ္မကာရက) အမြဲ ပါဝင်နေသောကြောင့် အတ္တနိယ ခြံရံသည်





မည်ပါသည်။ ဤနေရာ၌ သိတတ်သောသဘော (ကတ္တား) ကို အတ္တ (ငါ) ဟု သတ်မှတ်၍ သိစရာ သဘော (ကမ္မ) ကို အတ္တနိယ (ငါ၏ဥစ္စာ) ဟု သတ်မှတ်ပါသည်။

လောကုတ္တရာ သိစိတ်များဖြင့် သိရာ၌ကား သိစရာသဘော (နိဗ္ဗာန်) သည် နိမိတ်ပုံသဏ္ဌာန်ရှိ (အတ္တနိယ) သဘောဖြင့် မပါဝင်ဘဲ နိမိတ်ပုံသဏ္ဌာန်မဲ့ သဘောဖြင့်သာ ပါဝင်သောကြောင့် အတ္တနိယမှ ဆိတ်သုဉ်းပါသည်။ ယင်းကို သုညဟု ခေါ်ပါသည်။ သိတတ်သော သဘောသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဇီဝ (အတ္တ) သဘောဖြင့် မပါဝင်ဘဲ တေ့သစ္စဉာဏ သဘောဖြင့်သာ ပါဝင်သောကြောင့် အတ္တမှ ဆိတ်သုဉ်းပါသည်။ ယင်းကို သုညဟု ခေါ်ပါသည်။

လောကုတ္တရာ သိစိတ်တွင် သိစရာသဘော (အတ္တနိယ) ချုပ်ငြိမ်းလျှင် သိတတ်သောသဘော (အတ္တ) လည်း ချုပ်ငြိမ်းပါသည်။ သိစရာ သဘောနှင့် သိတတ်သော သဘောတို့ ချုပ်ငြိမ်းသွားပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို သိခြင်းကြိယာ (ဘာဝဝါစ္စ) ဟူ၍ပင် မဆိုနိုင်တော့ဘဲ သိစရာ သင်္ခါရနိမိတ်တို့ မရှိတော့သည့်သဘော သက်သက်မျှ ဖြစ်သော ငြိမ်းအေးခြင်းမျှကို မျက်မှောက်ပြုခြင်း (သစ္ဆိကရဏ) ဟူ၍သာ ဆိုနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် နိဗ္ဗာန်နှင့် ပတ်သက်လျှင် လောကီအာရုံများကို ပီပီပြင်ပြင် ဖော်ပြနိုင်သကဲ့သို့ ပီပီပြင်ပြင် မဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။ လောကီအာရုံများတွင် သိစရာသဘော၊ သိတတ်သော သဘောနှင့် ယင်းတို့ ပေါင်းဆုံရာ သိခြင်း ကြိယာ သဘော (ဘာဝဝါစ္စ) ပါဝင်ပါသည်။ လောကုတ္တရာ အာရုံတွင်ကား သိစရာသဘော လည်း ချုပ်ငြိမ်းပြီး၊ သိတတ်သော သဘောလည်း ချုပ်ငြိမ်းပြီး ထိုအခါ ယင်းတို့၏ ပေါင်းဆုံရာ သိခြင်းကြိယာသည် မည်သို့မျှ ကြိယာသဘော (ဘာဝဝါစ္စ) ကို မဆောင်နိုင်ပါတော့ချေ။ အကယ်၍ ကြိယာသဘောကို ဆောင်နေသေးလျှင် ကာရကသဘောများကိုလည်း မလွဲမသွေ ဆောင်ယူပြီး ဖြစ်ပျက်သဘောမှ လွတ်မြောက်နိုင်တော့မည် မဟုတ်ပါချေ။

အမှန်တရားဟူသည် ကာလမရွေး၊ ဒေသမရွေး မှန်သော အမှန်တရား (ကူဋဋ္ဌာယီ) နှင့် ကာလအလိုက်၊ ဒေသအလိုက် မှန်သော အမှန်တရား (ပရိယာယ်) ဟူ၍ နှစ်မျိုး ရှိပါသည်။ ကူဋဋ္ဌာယီ အမှန်တရားကို သူ့ချည်း မသိနိုင်သည့်အတွက် ပရိယာယ် အမှန်တရားတို့ဖြင့် ဝန်းရံ၍ ဖော်ပြကြသည့် အစဉ်အလာ ရှိခဲ့ပါသည်။ မြတ်စွာဘုရား၏ ဒေသနာတော်သည် ကာလမရွေး၊ ဒေသမရွေး မှန်သော ကူဋဋ္ဌာယီ အမှန်တရား ဖြစ်ပါသည်။ သို့ရာတွင် ထိုကူဋဋ္ဌာယီ အမှန်တရားကို ကာလအလိုက်၊ ဒေသအလိုက် ထိုထိုကာလ၊ ထိုထိုဒေသရှိ ပုဂ္ဂိုလ်တို့ သိစေခြင်းငှာ ရှေးရှေး ဆရာမြတ်တို့သည် မိမိတို့ကာလ၊ မိမိတို့ဒေသရှိ ပရိယာယ် အမှန်တရားတို့ဖြင့် ဝန်းရံ၍ ဖော်ပြခဲ့ကြပါသည်။

ဤစာအုပ်၌လည်း ထိုထိုဆရာမြတ်တို့၏ ထုံးကို နှလုံးမူ၍ မြတ်စွာဘုရား၏ ဒေသနာတော်လာ အတ္တနှင့် အနတ္တသဘောကို ယနေ့ခေတ် မြန်မာတို့ အမြင်နှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခေရန် အနီးစပ်ဆုံး ဘာသာပြန်သောအားဖြင့် ကြိုးပမ်းထားခြင်း ဖြစ်ပါသည်။ ထိုသို့ ကြိုးပမ်းရာတွင် အတ္တနှင့် ပတ်သက်၍ ဗြာဟ္မဏနှင့် တိတ္ထိယတို့၏ 'အကောင်အထည် အတ္တ' မှသည် ပုထုဇဉ်နှင့် သေက္ခတို့၏ သန္တာန်၌ မလွဲသာ မရှောင်သာ ထာဝစဉ် ပါဝင် ကိန်းအောင်းနေသော 'အနုသယအတ္တ' အထိ ဖော်ပြပြီး ထိုအတ္တမှ ကင်းငြိမ်းရာ အနတ္တလည်း ပါဝင်ကြောင်း ဖော်ပြအပ်ပါသည်။ သို့ရာတွင် အတ္တနှင့် အနတ္တကို စာပေသိမှ ကျော်လွန်ပြီး ကိုယ်တိုင်သိ အဖြစ်သို့ ရောက်ရှိနိုင်စေရေးအတွက် မဇ္ဈိမ ပဋိပဒါ (ဝိပဿနာ) အကျင့်၊ အယုတ်ဆုံးအားဖြင့် ဝိဝဋ္ဋနိဿိတ ကုသိုလ်အကျင့်ကို စာဖတ်သူများ ကိုယ်တိုင်ကိုယ်ကျ ကျင့်သုံးဖြစ်ကြသည် ဆိုလျှင်ပင် ဤစာအုပ်၏ ရည်ရွယ်ချက် ပြည့်မြောက်ပြီ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ရွှေအောင်
(၁၇-၇-၈၅)



အပိုင်း [ ၁ ]

---

## ဗုဒ္ဓခေတ်မတိုင်မီ ကိုးကွယ်ယုံကြည်မှုများ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)
# ဝေဒနှင့် ဗြာဟ္မဏဝါဒ

## ကိုးကွယ်ယုံကြည်မှု

လူတို့သည် နေ့စဉ်နေ့တိုင်း အရာဝတ္ထုတစ်ခုကို မြင်ကြပါသည်။ ဖြစ်ရပ်တစ်ခုကို တွေ့ကြုံကြပါသည်။ ထိုအခါ အရာဝတ္ထု သို့မဟုတ် ဖြစ်ရပ်တစ်ခုကို သူ့အတိုင်း မဟုတ်ဘဲ အပို အရည်အသွေးများကို ထည့်သွင်း၍ သတ်မှတ်ကြပါသည်။ ဥပမာအားဖြင့် နှင်းဆီပန်းကို မြင်သောအခါ နှင်းဆီပန်းကို နှင်းဆီပန်းအဖြစ်သာ မထားဘဲ ယင်း နှင်းဆီပန်းကို လှသည်ဟူ၍ လည်းကောင်း၊ ကောင်းသည်ဟူ၍ လည်းကောင်း၊ စစ်မှန်သည်ဟူ၍ လည်းကောင်း သတ်မှတ်ကြပါသည်။ အမှန်အားဖြင့် လှခြင်း၊ ကောင်းခြင်း၊ မှန်ကန်ခြင်းတို့သည် နှင်းဆီပန်း၏ ပင်ကိုအရည်အသွေး မဟုတ်ဘဲ နှင်းဆီပန်းပေါ်၌ အပိုဆောင်းထားသည့် အရည်အသွေးများ ဖြစ်ကြပါသည်။ ယင်းသို့ အပိုဆောင်းခြင်းမှာ လူသားတို့အနေဖြင့် မဆောင်းဘဲ မနေနိုင်၍ ဆောင်းခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် လှခြင်း၊ ကောင်းခြင်း၊ မှန်ကန်ခြင်းတို့သည် အရာဝတ္ထုနှင့် ဖြစ်ရပ်တို့၏ ပင်ကိုအရည်အသွေး မဟုတ်ဘဲ လူတို့၏ စိတ်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များသာ ဖြစ်ပါသည်။

ကိုးကွယ်ယုံကြည်မှု၏ အမည်တစ်မျိုးသည် 'ဘာသာတရား' ဖြစ်ပါသည်။ အိန္ဒိယ ဒဿနပညာရှင်တို့၏ သတ်မှတ်ချက်အရ 'ဘာသာတရား' တိုင်းတွင် သဘောသုံးမျိုး ပါဝင်ပါသည်။ ယင်း သဘော သုံးမျိုးမှာ–





(၁) လှခြင်း၊
(၂) ကောင်းခြင်း၊
(၃) မှန်ကန်ခြင်း

တို့ ဖြစ်ပါသည်။ ဗုဒ္ဓအဘိဓမ္မာ ဝေါဟာရဖြင့် ပြောရလျှင်–

(၁) လှခြင်းသည် 'အသက်သွင်းမှု' စေတနာ၏ အမှတ်အသား ဖြစ်ပါသည်။
(၂) ကောင်းခြင်းသည် 'ယုံကြည်မှု' သဒ္ဓါ၏ အမှတ်အသား ဖြစ်ပါသည်။
(၃) မှန်ကန်ခြင်းသည် 'အမြင်' ဒိဋ္ဌိ၏ အမှတ်အသား ဖြစ်ပါသည်။

ထို့ကြောင့် ဘာသာတရားဟူသည် အမြင် (ဒိဋ္ဌိ) ပေါ်၌ အခြေခံသော ယုံကြည်မှု (သဒ္ဓါ) ကို စနစ်တကျ အသက်သွင်းမှု (စေတနာ) ဖြစ်ပါသည်။ ဤသည်မှာ အဇ္ဈတ္တရှုထောင့်မှ ဖွင့်ဆိုသည့် 'ဘာသာတရား' ၏ မုချတရားကိုယ် ဖြစ်ပါသည်။ ဗဟိဒ္ဓ ရှုထောင့်မှ ဖွင့်ဆိုသည့် 'ဘာသာတရား' ၏ ဥပစာ တရားကိုယ်မှာ ဘုရားရှင်၊ တန်ခိုးရှင်၊ ယင်း၏ အဆုံးအမနှင့် တပည့်သား သာဝကများ ဖြစ်ပါသည်။ ထို့ကြောင့် 'ဘာသာတရား' ၏ တရားကိုယ်သည် ရှုထောင့်အရ နှစ်မျိုး ကွဲသော်လည်း သဘောအားဖြင့်မူ နှစ်မျိုး မကွဲဘဲ တစ်မျိုးတည်း (၁) လှခြင်း၊ (၂) ကောင်းခြင်း၊ (၃) မှန်ကန်ခြင်းပင် ဖြစ်ပါသည်။

လူတို့သည် အရာဝတ္ထုတစ်ခုကို မြင်တိုင်း၊ ဖြစ်ရပ်တစ်ခုကို တွေ့ကြုံတိုင်း လှ မလှ သို့မဟုတ် ကောင်း မကောင်း သို့မဟုတ် မှန် မမှန်တို့ကို မလွဲမသွေ သတ်မှတ်ကြပါသည်။ လှခြင်း၊ ကောင်းခြင်း၊ မှန်ခြင်း တို့သည် ဘာသာတရား၏ ပင်ကိုသဘောများ ဖြစ်လေရာ မည်သည့်အရာဝတ္ထုကို မြင်မြင်၊ မည်သည့်ဖြစ်ရပ်ကို ကြုံကြုံ၊ လှ မလှ၊ ကောင်း မကောင်း၊ မှန် မမှန်တို့ကို သတ်မှတ်ခြင်းသည် ဘာသာရေးအမြင်ဖြင့်သာ သတ်မှတ်သည်ဟု ဆိုအပ်ပါသည်။ ထိုသို့ သတ်မှတ်ရာတွင် စေတနာသည် ကုသိုလ်သဘောနှင့် အကုသိုလ်သဘော နှစ်မျိုးရှိသဖြင့် ဇရဲပန်းကိုလည်း လှသည်ဟု သတ်မှတ်ကြပါသည်။ နတ်ပန်းကိုလည်း လှသည်ဟု သတ်မှတ်ကြပါသည်။ ဇရဲပန်းနှင့် နတ်ပန်းတို့သည် အလှချင်းတူသော်လည်း သဘောချင်းကား မတူ။ ထိုသို့ မတူသော်လည်း သူ့ရှုထောင့်မှသူ 'လှပသည်' ဟူ၍ကား သတ်မှတ်ကြသည်သာ ဖြစ်ပါသည်။ ထိုနည်းအတူ အကောင်းနှင့် အမှန်တို့ကို သတ်မှတ်ရာတွင်လည်း မိစ္ဆာသဒ္ဓါ (မိစ္ဆာဓိမောက္ခ) နှင့် သမ္မာသဒ္ဓါ၊ မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိဟူ၍ သဘောချင်း မတူစေကာမူ သူ့ရှုထောင့်မှ 'ကောင်းသည်'၊ 'မှန်သည်' ဟူ၍ သတ်မှတ်ကြသည်ပင် ဖြစ်ပါသည်။ သို့ရာတွင် အလှ၊



www.burmeseclassic.com

www.burmeseclassic.com



အကောင်း၊ အမှန်တို့သည် ကိုးကွယ်ယုံကြည်မှု ဘာသာတရား အားလုံးတို့အတွက် ဝေါဟာရ၏ အနက်အနေဖြင့် တူစေကာမူ သဘော အဓိပ္ပာယ် အနေဖြင့် တူညီခြင်း မရှိကြပါချေ။ ဆိုင်ရာဆိုင်ရာ ဘာသာတရားတို့၏ အနှစ်သာရအလိုက် ကွဲပြားနေကြမည်သာ ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဆိုရလျှင် လူတို့သည် မိမိတို့၏ အတွေ့အကြုံများနှင့် ပတ်သက်၍ လှ မလှကို လည်းကောင်း၊ ကောင်း မကောင်းကို လည်းကောင်း၊ မှန် မမှန်ကို လည်းကောင်း မသတ်မှတ်ဘဲ မနေနိုင်ကြချေ။ အမှန်အားဖြင့် လှခြင်း၊ ကောင်းခြင်းနှင့် မှန်ကန်ခြင်းတို့သည် ဘာသာတရားအားလုံး၏ အမြင့်ဆုံး ပုဂ္ဂိုလ်များနှင့် အမြင့်ဆုံး သစ္စာတရားဖြစ်သော နိဗ္ဗာန်၊ ဗြဟ္မာ၊ ထာဝရဘုရား စသည်တို့၏ မူပိုင် အရည်အသွေး ဖြစ်သည်ဟု ဆိုင်ရာဆိုင်ရာ ဘာသာဝင်တို့က ယုံကြည်ကြပါသည်။ ထိုသို့ ယုံကြည်ပါလျက် အမြင့်ဆုံးပုဂ္ဂိုလ်နှင့် အမြင့်ဆုံး သစ္စာတရား၏ မူပိုင် အရည်အသွေးကို လောကီအရာဝတ္ထုများနှင့် လောကီ ဖြစ်ရပ်များပေါ်၌ တင်၍ လှသည်ဟူ၍ လည်းကောင်း၊ ကောင်းသည်ဟူ၍ လည်းကောင်း၊ မှန်သည်ဟူ၍ လည်းကောင်း သတ်မှတ်ကြခြင်းသည် အမြင့်ဆုံးပုဂ္ဂိုလ်နှင့် အမြင့်ဆုံး သစ္စာတရားမှ ခေတ္တငှားရမ်း၍ သတ်မှတ်ခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် လောကီအရာဝတ္ထုများနှင့် လောကီဖြစ်ရပ်များသည် လှသည်ဟု ထင်ရသော်လည်း တကယ်တမ်း မလှကြပါ။ ကောင်းသည်ဟု ထင်ရသော်လည်း တကယ်တမ်း မကောင်းကြပါ။ မှန်သည်ဟု ထင်ရသော်လည်း တကယ်တမ်း မမှန်ကြပါ။ သို့ရာတွင် မည်သို့ဆိုစေ လူတို့သည် အမြင့်ဆုံးပုဂ္ဂိုလ်နှင့် အမြင့်ဆုံး သစ္စာတရား၏ မူပိုင်အရည်အသွေးကို အမြင့်ဆုံး ပုဂ္ဂိုလ်နှင့် အမြင့်ဆုံး သစ္စာ တရားမှ ခေတ္တငှားရမ်း၍ လောကီအရာဝတ္ထုများနှင့် လောကီဖြစ်ရပ်များပေါ်၌ တင်၍ လှသည် ဟူ၍လည်း ပြောဆိုကြပါသည်။ ကောင်းသည် ဟူ၍လည်း ပြောဆိုကြပါသည်။ မှန်သည် ဟူ၍လည်း ပြောဆိုကြပါသည်။ ယင်းသို့ ပြောဆိုခြင်းမှာ ဘာသာရေး၏ အရည်အသွေးများကို ခေတ္တငှားရမ်း၍ ပြောဆိုခြင်း ဖြစ်သဖြင့် 'ဘာသာရေးအမြင်' ဖြင့် ပြောဆိုခြင်းဟူ၍ ယူအပ်ပါသည်။

## ဘာသာတရား၏ အသွင်နှစ်မျိုး

ဒေါက်တာ ရာဓာခရစ်ရှနန်၏ The Philosophy of the Upanishads ၌ သတ်မှတ်ချက်အရ ဘာသာတရားတွင် အသွင် နှစ်မျိုး ရှိပါသည်။ ယင်းအသွင် နှစ်မျိုးမှာ 'ဘာသာတရားအဖြစ် အသိအမှတ်ပြု အသွင်' နှင့် 'ဘာသာတရားအဖြစ် အသိအမှတ်မပြု အသွင်' တို့ ဖြစ်ပါသည်။ ဤအသွင် နှစ်မျိုးလုံးသည် အသွင်





သဏ္ဌာန် အနေဖြင့် နှစ်မျိုးဖြစ်သော်လည်း အနှစ်သာရ အနေဖြင့် တစ်မျိုးတည်းပင် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းအသွင် နှစ်မျိုးလုံးသည် လောကကို ရှုမြင်သုံးသပ်ရာ၌ ဘာသာရေးနယ်ပယ်တွင် အမြင့်ဆုံး ပုဂ္ဂိုလ်များနှင့် အမြင့်ဆုံး သစ္စာတရားတို့၏ ကိုယ်ပိုင် အရည်အသွေးဖြစ်သော 'လှခြင်း၊ ကောင်းခြင်း၊ မှန်ကန်ခြင်း' တို့ကို ခေတ္တ ငှားရမ်း၍ အသုံးပြုပါသည်။ ကောင်းခြင်း၏ အမှတ်အသားသည် 'ယုံကြည်မှု' သဒ္ဓါ ဖြစ်ပါသည်။ မှန်ကန်ခြင်း၏ အမှတ်အသားသည် 'အမြင်' ဒိဋ္ဌိ ဖြစ်ပါသည်။ လှခြင်း၏ အမှတ်အသားသည် 'အသက်သွင်းမှု' စေတနာ ဖြစ်ပါသည်။ ယင်း သုံးမျိုးသည် ဘာသာတရား၏ အသွင် နှစ်မျိုးလုံး၏ မူရ တရားကိုယ်ချည်း ဖြစ်သောကြောင့် ဖြစ်ပါသည်။ အချို့သော ဘာသာရေး ကျမ်းတို့၌ စေတနာကို ကမ္မယောဂဟူ၍ လည်းကောင်း၊ သဒ္ဓါကို ဘတ္တိယောဂ ဟူ၍ လည်းကောင်း၊ ဒိဋ္ဌိကို ဉာဏယောဂ ဟူ၍ လည်းကောင်း အမည် တစ်မျိုးဖြင့် သတ်မှတ်ကြပါသေးသည်။

ဤလောကတွင် ဘာသာရှိ အမည်ခံသူများလည်း ရှိပါသည်။ ဘာသာမဲ့ အမည် ခံသူများလည်း ရှိပါသည်။ ထိုသူ နှစ်မျိုးလုံးပင် မိမိတို့၏ အမြင် (ဒိဋ္ဌိ) ပေါ်၌ အခြေခံသော မိမိတို့၏ ယုံကြည်မှု (သဒ္ဓါ) အလိုက် မိမိတို့၏ အသက်သွင်းမှု (စေတနာ) ဖြင့် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အလှနှင့် အကျည်းတန်တို့ကို သတ်မှတ်ကြသည်ချည်း ဖြစ်ပါသည်။ သို့ရာတွင် ဘာသာရှိ အမည်ခံသူတို့၏ သတ်မှတ်ချက်မှာ 'ဘာသာတရားအဖြစ် အသိအမှတ်ပြု အသွင်' နှင့် ဆိုင်ပါသည်။ ဘာသာမဲ့ အမည်ခံသူတို့၏ သတ်မှတ်ချက်မှာ 'ဘာသာတရား အဖြစ် အသိအမှတ်မပြု အသွင်' နှင့် ဆိုင်ပါသည်။ ထို့ကြောင့် လောကကို ရှုမြင်သုံးသပ်ရာတွင် ဘာသာတရားနှင့် ပတ်သက်၍ အမည်ခံယူမှုချင်း ခြားနားစေကာမူ တရားကိုယ်အားဖြင့်မူ အတူတူပင် ဖြစ်ပါသည်။

သို့ဖြစ်၍ လောကဖြစ်စဉ်များအပေါ် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အလှနှင့် အကျည်းတန်တို့ကို သတ်မှတ်နေသရွေ့ ကာလပတ်လုံး ဘာသာရှိ အမည်ကို ခံယူသည် ဖြစ်စေ၊ ဘာသာမဲ့ အမည်ကို ခံယူသည် ဖြစ်စေ ဘာသာတရားတို့၏ အမြင့်ဆုံး အရည်အသွေး (လှ၊ ကောင်း၊ မှန်)၊ ယင်းတို့၏ အမှတ်အသား တရားကိုယ် (စေတနာ၊ သဒ္ဓါ၊ ဒိဋ္ဌိ) တို့ကို အသုံးပြုကြသည်ချည်း ဖြစ်သောကြောင့် လူမှန်သမျှသည် ဘာသာတရားကို တစ်နည်းမဟုတ် တစ်နည်းဖြင့် ယုံကြည်သက်ဝင်သူများသာ ဖြစ်သည်ဟု ဆိုအပ်ပါသည်။ ထို့ကြောင့် အမှန်နှင့် အမှားကို ဖြစ်စေ၊ အကောင်းနှင့် အဆိုးကို ဖြစ်စေ၊ အလှနှင့် အကျည်းတန်ကို ပြင်ဆင် သတ်မှတ်ရာ၌ လူတို့သည် မိမိတို့၏ 'စံ' (ဘာသာရေး) ဖြင့် တိုင်းတာ သတ်မှတ်နေကြခြင်း ဖြစ်ကြောင်း နားလည်အပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဝေဒခေတ် ကိုးကွယ်ယုံကြည်မှု

ဗုဒ္ဓဝါဒသည် ယနေ့ ကမ္ဘာလူသား ငါးပုံတစ်ပုံခန့် ကိုးကွယ်ယုံကြည်နေသော ဝါဒ ဖြစ်ပါသည်။ ဗုဒ္ဓဝါဒ မတိုင်မီက မဇ္ဈိမဒေသခေါ် ရှေးခေတ် အိန္ဒိယတွင် မူရင်း ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဝါဒများ ရှိနှင့်ပြီး ဖြစ်ပါသည်။ ထို ရှိနှင့်ပြီး ဝါဒများထဲမှ တစ်မူထူးခြားသော ဝါဒတစ်ရပ် အနေဖြင့် ဗုဒ္ဓဝါဒသည် ပေါ်ထွန်းလာခြင်း ဖြစ်ရာ ဗုဒ္ဓဝါဒ နောက်ခံအနေဖြင့် ထို ရှိနှင့်ပြီး ဝါဒများကို လေ့လာဖို့ လိုအပ်ပါသည်။ သို့မှသာ ဗုဒ္ဓဝါဒကို ပြည့်ပြည့်စုံစုံ နားလည်နိုင်ဖွယ် ရှိပါသည်။

ဓမ္မတာအားဖြင့် ဝါဒသည်လည်း အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းမှု သဘောကို ဆောင်ပါသည်။ ထိုသို့ ဆောင်ရာတွင် ရှိနှင့်ပြီးသော ဝါဒများ များ၊ယွင်းသဖြင့် မကျေနပ်၍ ဆောင်ခြင်းမျိုးလည်း ရှိနိုင်ပါသည်။ သို့မဟုတ် ရှိနှင့်ပြီးသား ဝါဒများ မပြည့်စုံသဖြင့် ပြည့်စုံအောင် အထွတ်တင်သောအားဖြင့် ဆောင်ခြင်းမျိုးလည်း ရှိနိုင်ပါသည်။ သို့မဟုတ် နှစ်မျိုးလုံးကို လိုအပ်သလို အသုံးပြုခြင်းအားဖြင့် ဆောင်ခြင်းမျိုးလည်း ရှိနိုင်ပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဝါဒ ဖြစ်ထွန်းပေါ်ပေါက်မှုကို လေ့လာရာ၌ ရှိနှင့်ပြီးသား ဝါဒများနှင့် မည်သို့ ဆက်နွှယ်သည်ကို နှိုင်းယှဉ် လေ့လာအပ်ပါသည်။

မဇ္ဈိမဒေသခေါ် ရှေးခေတ် အိန္ဒိယတွင် ရှေးအကျဆုံး ကိုးကွယ်ယုံကြည်မှုများ အနက် ဗုဒ္ဓဝါဒနှင့် ဆက်နွှယ်သော ကိုးကွယ်ယုံကြည်မှုမှာ နတ်ကိုးကွယ်မှုပင် ဖြစ်ပါသည်။ သို့ရာတွင် ထိုနတ်များမှာ သူရဿတီ၊ ကာလီ၊ စန္ဒီ စသော နောင်းခေတ် အိန္ဒိယနတ်များ မဟုတ်ကြပါ။ ရှေးခေတ် အိန္ဒိယနတ်များ ဖြစ်ပါသည်။ ထိုရှေးခေတ် အိန္ဒိယနတ်များကို ဝေဒခေတ်နတ်များဟု ခေါ်ကြပါသည်။ ဝေဒခေတ် နတ်များကို အုပ်စုသုံးစု ခွဲကြပါသည်။ အုပ်စုတစ်စုလျှင် နတ်ပေါင်း (၁၁) ယောက်ကျစီဖြင့် စုစုပေါင်း နတ် (၃၃) ယောက်ရှိကြောင်း ဆိုကြပါသည်။ အုပ်စု သုံးစုအနက် ပထမအုပ်စုဝင် နတ်များကို မြေနတ်များ (ပထဝိဋ္ဌာနိက) ဟု ခေါ်ပါသည်။ ထို မြေနတ်များအနက် ထင်ရှားသော နတ်များမှာ မြေနတ် (ပထဝီ)၊ မီးနတ် (အဂ္ဂိ)၊ သောမနတ်တို့ ဖြစ်ကြပါသည်။ ဒုတိယအုပ်စုဝင် နတ်များအနက် ထင်ရှားသော နတ်များမှာ သိကြား (ဣန္ဒြ)၊ လေနတ် (ဝါယု)၊ မိုးနတ် (ပဇ္ဇုန္န)၊ ရေနတ် (အာပေါ) တို့ ဖြစ်ကြပါသည်။ ယင်းတို့ကို ကောင်းကင်နတ်များ (အန္တလိက္ခဋ္ဌာနိက) ဟု ခေါ်ကြပါသည်။ တတိယအုပ်စုဝင် နတ်များအနက် ထင်ရှားသော နတ်များမှာ နေနတ် (သူရိယ)၊ အရုဏ်နတ် (ဥသာ)၊ ညဥ့်နတ် (ရာတြိ) တို့ ဖြစ်ကြပါသည်။ ယင်းတို့ကို အာကာသနတ်များ (ဒျုဋ္ဌာနိက) ဟု ခေါ်ကြပါသည်။ မြန်မာလူမျိုးတို့နှင့် မကျွမ်းသော သာဝိတ္တိ၊





ပူရှန်၊ ဒျော် စသော ဝေဒခေတ် နတ်များကို ဤနေရာ၌ ဖော်ပြခြင်း မပြုတော့ဘဲ ချန်ထားခဲ့ပါသည်။

## ဝေဒ လေးပုံ

ဝေဒခေတ်တွင် နတ်များကို ကိုးကွယ်ကြပါသည်။ ထိုသို့ ကိုးကွယ်ကြသော အခါ နတ်တို့၏ ဘုန်းတော်ဘွဲ့များကို ရွတ်ဆိုကြရပါသည်။ နတ်တို့၏ ဘုန်းတော်ဘွဲ့များကို ဖော်ပြသောကျမ်းကို 'ရိက်ဝေဒ' (ဣရုဝေဒ) ဟု ခေါ်ပါသည်။ 'ရိက်' ၏ အနက်မှာ ဒေဝတာဘုန်းတော်ဘွဲ့ ဖြစ်ပါသည်။

နောက်ပိုင်း၌ ဘုန်းတော်ဘွဲ့ ရွတ်ဆိုရုံနှင့် မပြီးတော့ဘဲ လှူဒါန်းပူဇော်ဖွယ် ပစ္စည်းဝတ္ထုများ ခင်း၍ ရွတ်ဆိုကာ ပူဇော်ကြရပါသည်။ ဤသည်မှာ ဝေဒခေတ်၌ စွန့်ကြဲလှူဒါန်းမှု (ယဇ်) သဘော ပထမ (ဦးဆုံး) စတင် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ပူဇော်သော အခါ၌လည်း စည်းစနစ်တကျ သတ်မှတ်၍ ပူဇော်ရပါသည်။ နတ် အလိုက်၊ အခမ်းအနား အလိုက် ပူဇော်ပုံ၊ ပူဇော်နည်းများသည် ကွဲပြားခြားနားမှု ရှိလာပါသည်။ ထိုကဲ့သို့ နတ်အလိုက်၊ အခမ်းအနားအလိုက် ပူဇော်မှုများ စည်းစနစ်တကျ ဖြစ်ရေးအတွက် ပူဇော်ပုံ၊ ပူဇော်နည်းများကို ဖော်ပြသောကျမ်းကို 'ယဇုဝေဒ' ဟု ခေါ်ပါသည်။ 'ယဇု' ၏ အနက်မှာ ပူဇော်ခြင်း (ယဇ်) ဖြစ်ပါသည်။ အမှန်အားဖြင့် ယဇုဝေဒကျမ်းသည် ကိုးကွယ်ယုံကြည်မှု သမိုင်း၌ စွန့်ကြဲ လှူဒါန်းမှု (ယဇ်) ၏ အရေးပါမှု သဘောကို အစဆုံး ဖော်ပြသောကျမ်း ဖြစ်ပါသည်။

ဘာသာရေးနယ်ပယ်၌ စွန့်ကြဲလှူဒါန်းမှု (ယဇ်) သဘော ပါဝင်လာသောအခါ ထို စွန့်ကြဲလှူဒါန်းမှု သဘောကို ထက်သန်လာအောင် ဖန်တီးဖို့ လိုအပ်လာပါသည်။ နတ်များ၏ ဘုန်းတော်ဘွဲ့များကို ရွတ်ဆိုရုံ၊ ပစ္စည်းဝတ္ထုများကို ခမ်းခမ်းနားနား စည်းစနစ်တကျ စွန့်ကြဲလှူဒါန်းရုံမျှနှင့် ပူဇော်မှုကို မပြီးတော့ဘဲ စေတနာ ထက်သန်လာအောင်၊ စိတ်ကြည်နူးလာအောင် ဆောင်ရွက်ရေးကို စဉ်းစားလာကြပါသည်။ ထိုအခါ သာယာငြိမ့်ညောင်းသော တေးဂီတများကို ထည့်သွင်းပူဇော်ဖို့ စီစဉ်ကြပါသည်။ သို့ဖြစ်၍ နတ်များ ပူဇော်ပွဲအတွက် ငြိမ့်ညောင်းသာယာသော တေးဂီတများကို ဖော်ပြသော ကျမ်းကို 'သာမဝေဒ' ဟု ခေါ်ပါသည်။ 'သာမ' ၏ အနက်မှာ တေးဂီတ ဖြစ်ပါသည်။

ငြိမ့်ညောင်းသာယာသော တေးဂီတများမှ 'အသံ'၏ တန်ဖိုးကို သိလာကြပါသည်။ 'အသံ' ကိုသာ ဌာန်၊ ကရိုဏ်း၊ ပယတ် တို့ဖြင့် စည်းစနစ်တကျ ရွတ်ဆိုနိုင်ပါက လိုအင်ဆန္ဒကို 'အသံ' ကပင် ပေးနိုင်ကြောင်း ယုံကြည်လာကြပါသည်။ သဒ္ဒါဆရာများကမူ အသံကိုပင် ဗြဟ္မာ (သဒ္ဒဗြဟ္မာ) ဟု ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



သဘာမှတ်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် အသံသည် ဖြစ်ပျက်ခြင်းသဘော မရှိဘဲ နိစ္စတရား အနေဖြင့် အရာရာတိုင်း၊ နေရာတိုင်း၌ ပျံ့နှံ့၍ တည်ရှိသောကြောင့် ဖြစ်ပါသည်။ ထို ဆရာတို့၏ အလိုအရ အသံသည် အသစ်အသစ် ဖြစ်ပေါ်စေနိုင်သော (ဥပ္ပါဒက) တရား မဟုတ်ဘဲ ထင်ရှားရုံသာ ထင်ရှားစေနိုင်သော (အဘိဗျဉ္ဇက) တရားမျိုးသာ ဖြစ်ပါသည်။ လူတို့ ကြားနိုင်၊ ရွတ်ဆိုနိုင်သော အသံသည် နိစ္စအသံမှ ထင်ရှား ဖြစ်ပေါ်လာသော အနိစ္စအသံသာ ဖြစ်ပါသည်။ နိစ္စအသံသည် ဥပါဒ်၊ ဌီ၊ ဘင် မရှိပါ။ အနိစ္စအသံသာ ဥပါဒ်၊ ဌီ၊ ဘင် ရှိပါသည်။ အကြောင်းတရားတို့ ပေါင်းဆုံ ညီညွတ်သောအခါ မထင်ရှားသော နိစ္စအသံသည် ထင်ရှားသော အနိစ္စအသံ အဖြစ်သို့ ပြောင်းလဲသွားပါသည်။ ထို့နောက် ထင်ရှားသော အနိစ္စအသံသည် မထင်ရှားသော နိစ္စအသံ အဖြစ်သို့ ပြန်လည် ငုပ်လျှိုးသွားပါသည်။ ဤသို့လျှင် အသံ၏ စွမ်းပကားကို သက်ဝင်ယုံကြည်ရာမှ ဂါထာမန်းမှုတ်ခြင်း သဘောသည် ဝေဒကျမ်းတစ်ခု အနေဖြင့် ပေါ်လာပါသည်။ ယင်းဝေဒကျမ်းကို 'အထဗ္ဗဝေဒ' ဟု ခေါ်ပါသည်။ အထဗ္ဗဝေဒကျမ်း၏ အလိုအရ 'အသံ' တစ်ခုသည် အများနားလည်သော ရိုးရာအနက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဌာန်၊ ကရိုဏ်း၊ ပယတ် သို့မဟုတ် တုန်ခါနှုန်းတို့ဖြင့် မှန်ကန်စွာ ထွက်ပေါ်လာပါက လိုအပ်သော အကျိုးကို ပေးစွမ်းနိုင်ပါသည်။ အသံဖြင့် ဆင်ကို လာစေနိုင်ပါသည်။ အသံဖြင့် ဆင်ကို ပြေးစေနိုင်ပါသည်။

သို့ဖြစ်၍ အထဗ္ဗဝေဒ အရှိန်အဝါ ကြီးမားလာသောအခါ လူတို့သည် 'အသံ' ၏ အကူအညီဖြင့် မိမိတို့၏ စွမ်းပကားကို ကိုးစားလာကြပါသည်။ အသံ (ဂါထာ) ဖြင့် ရောဂါကို ကုစားလာကြပါသည်။ ရန်သူကို နိုင်အောင် ရွတ်ဖတ်လာကြပါသည်။ ရတနာမိုးကို ရွာစေလာကြပါသည်။ မိန်းမပျို၏ အချစ်ကိုပင် ရအောင် မန္တန်စုတ်လာ ကြပါသည်။ နမူနာအားဖြင့် အထဗ္ဗဝေဒလာ အောက်ဖော်ပြပါ မန္တန် နှစ်ပုဒ်ကို ဖော်ပြအပ်ပါသည်။

*နွယ်ပင်သည် သစ်ပင်ကို လေးဖက်လေးတန်မှ ရစ်သိုင်းသကဲ့သို့ အို....အမျိုးသမီး....သင်သည် ကျွန်ုပ်ကို ရစ်သိုင်းရမည်။ သင်သည် ကျွန်ုပ်ကို ချစ်ရမည်။ သင်သည် ကျွန်ုပ်ကို မဆန့်ကျင်ရ။*

***(အချစ်မန္တန်-၆၊၈၊၁)***

*အို....ကောက်ပင်.... သင်၏ စွမ်းအားဖြင့် ထောင်လိုက်စမ်းပါ၊ သန်စွမ်းစွာ ပေါက်လိုက်စမ်းပါ၊ အခွံကို ခွဲလိုက်စမ်းပါ။ ကောင်းကင်မှ လောင်မီးသည် သင့်ကို မဖျက်ဆီးစေရ။*

***(ကောက်ပင်မန္တန်-၆၊၁၄၂၊၁)***





လောကကြီး တစ်ခုလုံးကို အဆီညှစ်၍ အနှစ်ထုတ်လိုက်လျှင် နောက်ဆုံး 'အသံ' သာ ကျန်ရစ်ကြောင်း၊ ထို 'အသံ' မှာ ဥဒ္ဂီထခေါ် 'ဥုံ' သာ ဖြစ်ကြောင်းကို ဤကဲ့သို့ ဖော်ပြကြပါသည်။

- အားလုံးတို့၏ အဆီအနှစ်ကား မြေဖြစ်၏။
- မြေ၏ အဆီအနှစ်ကား ရေဖြစ်၏။
- ရေ၏ အဆီအနှစ်ကား သစ်ပင်ဖြစ်၏။
- သစ်ပင်၏ အဆီအနှစ်ကား လူဖြစ်၏။
- လူ၏ အဆီအနှစ်ကား စကားဖြစ်၏။
- စကား၏ အဆီအနှစ်ကား ရိက်ဝေဒ ဖြစ်၏။
- ရိက်ဝေဒ၏ အဆီအနှစ်ကား သာမဝေဒ ဖြစ်၏။
- သာမဝေဒ၏ အဆီအနှစ်ကား ဥဒ္ဂီထ ဖြစ်၏။
- ဥဒ္ဂီထသည် အဆီအနှစ် အားလုံးတို့တွင် အကောင်းဆုံး၊ အမြင့်ဆုံး ဖြစ်သည့် အဋ္ဌမမြောက် 'ဥုံ' အက္ခရာ ဖြစ်၏။

အထဗ္ဗဝေဒတွင် ရှေးဝေဒသုံးပုံတို့ကဲ့သို့ နတ်တို့၏ ဘုန်းတော်ဘွဲ့ (ဒေဝတ္ထုတိ) လည်း ပါ၏။ တောင့်တမှု (ပတ္ထနာ) လည်း ပါ၏။ ရှေးဝေဒသုံးပုံနှင့် မတူဘဲ ဂါထာ မန္တရားများလည်း ပါ၏။ အတ္တသဘောတရား (အဇ္ဈတ္တ) လည်း ပါ၏။ အမှန်သိ (တတ္တဉာဏ) လည်း ပါ၏။ ဖန်ဆင်းမှု သဘောတရားလည်း ပါ၏။ ဤသို့လျှင် အထဗ္ဗဝေဒ၌ အကြောင်းအရာ များစွာတို့ ပါဝင်ကြပါသည်။ ထို့ကြောင့် အထဗ္ဗဝေဒသည် ငွေကုန်ကြေးကျ မများဘဲ လူတန်းစားမရွေး၊ အလွှာမရွေး အသုံးပြုနိုင်သော ဝေဒကျမ်း ဖြစ်သည်ဟု ပညာရှင်များက ဆိုကြခြင်း ဖြစ်ပါသည်။

## ဒဿန သဘောတရားများ

ဆေးဒခေတ် အတွေးအခေါ်နှင့် ပတ်သက်၍ ပထမဦးဆုံးသော ဒဿနသဘောကို 'ရိက်ဒေဝ' ၌ ဤသို့ ဖော်ပြထားပါသည်။

(၁) ထိုအခါက ဤလောကသည် အရှိတရား (သတ်) လည်း မဟုတ်၊ မရှိတရား (အသတ်) လည်း မဟုတ်၊....။

(၄) .... အရှိတရားနှင့် မရှိတရားတို့၏ ဆက်သွယ်မှု (ဗန္ဓု) ကို တွေ့ကြသည်။ ....။

(၇) ဤလောကသည် မည်သည့်အရာဝတ္ထုမှ စတင် ဖြစ်ပေါ်လေ



www.burmeseclassic.com

www.burmeseclassic.com



> သနည်း။ ဖန်ဆင်းမှု ဟုတ်ချင်လည်း ဟုတ်မည်၊ မဟုတ်ချင်လည်း မဟုတ်။ ဤလောက၏ အကြီးအမှူး ဖြစ်၍ အမြင့်ဆုံး ကောင်းကင်၌ နေသူသည်သာ သိပေမည်။ သို့မဟုတ် သူသည်ပင် သိချင်မှ သိပေမည်။
>
> (နာသဒီယသုတ္တ-၁၀၊ ၁၂၉)

အတွေးအခေါ်တို့၏ အဆင့်ဆင့် ဖြစ်ထွန်းတိုးတက်မှု နိယာမအရ ဝေဒခေတ် အစပိုင်းတွင် လောကဖြစ်ပေါ်မှုနှင့် ပတ်သက်၍ တိတိကျကျ အဖြေမပေးနိုင်သေးဘဲ နောက်ပိုင်းကျမှ လောကသည် ကာလသုံးပါး၌ အမြဲ တည်ရှိနေသည့် ဗြဟ္မာမှ ဖြစ်ပေါ်လာကြောင်း အဖြေပေးနိုင် ကြပါသည်။ သို့ရာတွင် ဗြဟ္မာဟူသော အမည်ကို မပေးနိုင်သေးမီ ဝေဒပညာရှင်တို့သည် မိမိတို့ စိတ်ကူးတည့်ရာ အမည်များကို အသုံးပြုကြပါသည်။ ထိုအမည်များမှာ 'ဧက' (တစ်ခု) နှင့် 'အာဘု' (ဖြစ်နိုင်သောအရာ) တို့ ဖြစ်ကြပါသည်။ ဝေဒပညာရှင်တို့၏ အဆိုအရ –

> အစဦးဆုံး အရှိ (သတ်) ဟူ၍လည်း မဆိုနိုင်၊ မရှိ (အသတ်) ဟူ၍လည်း မဆိုနိုင်သော တရားတစ်ခု ရှိပါသည်။ ယင်းကို 'ဧက' (တစ်ခု) သို့မဟုတ် 'အာဘု' (ဖြစ်နိုင်သောအရာ) ဟူ၍ ခေါ်ပါသည်။ ထို 'ဧက' သို့မဟုတ် 'အာဘု' သည် အမိုက်တိုက်ရေပြင် (တမော သလိလ) ဖြင့် ဖုံးလွှမ်းလျက် ရှိပါသည်။ နောက်ပိုင်း အပူရှိန်ကြောင့် 'ဧက' သို့မဟုတ် 'အာဘု'၌ စိတ်၏ဗီဇ (မနောရေတ) ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုစိတ်၏ ဗီဇကို အလိုရမ္မက် (ကာမ) ဟူ၍ ခေါ်ပါသည်။ ကာမ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် 'ဧက' သို့မဟုတ် 'အာဘု' မှ ပြယတိ (ဖိုဓာတ်) နှင့် သွဓာ (မဓာတ်) နှစ်ခု ထွက်ပေါ်လာပြီး လောကသည် ဖြစ်ပေါ်လာခဲ့ပါသည်။

ဝေဒခေတ် ကိုးကွယ်ယုံကြည်မှုသဘောကို လေ့လာလျှင် နတ်များကို ကိုးကွယ်ယုံကြည်မှုသဘောကို တွေ့ရပါသည်။ သို့ဖြစ်၍ ဝေဒခေတ် ကိုးကွယ်ယုံကြည်မှုကို 'ဗဟုဒေဝဝါဒ' ဟု ခေါ်ကြပါသည်။ အထဗ္ဗဝေဒအရ မိမိကိုယ်ကို အားကိုးသည့် သဘောများနှင့် တွေးခေါ်မြော်မြင်မှု သဘောများ အထိုက်အလျောက် ပေါ်ပေါက်ခဲ့သော်လည်း နတ်များကို အားကိုးသည့် ပူဇော်မှု သဘောလောက် အားကောင်းခြင်း မရှိကြောင်း တွေ့ရပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဝေဒ လေးပုံတို့တွင် ဣရု၊ ယဇု၊ သာမတို့က အပေါ်စီးရ၍ အထဗ္ဗဝေဒက





အရေးနိမ့်ခဲ့ပါသည်။ အမှန်အားဖြင့် အထဗ္ဗဝေဒတွင် ပါဝင်ခဲ့သည့် ဂါထာမန္တရားများမှာ ဖြုတ်လမ်းသဘော ဆန်လွန်းသည့်အတွက် ထိုကဲ့သို့ အရေးနိမ့်ခြင်း ဖြစ်ဟန် ရှိပါသည်။ ဆန်းစပါး အထွက်ကောင်းအောင် ထွန်ယက်စိုက်ပျိုးခြင်းကို အားမကိုးဘဲ ဂါထာမန္တရားကို အားကိုးခြင်းသည် အထဗ္ဗဝေဒ၏ ပျော့ညံ့သည့်သဘော၊ ဖြုတ်လမ်းဆန်သည့် သဘော ဖြစ်ပါသည်။

## ဗြာဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှု

ဗြာဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှုကို ယဇ်ပူဇော်ကိုးကွယ်မှုဟု ခေါ်ကြပါသည်။ ထိုယဇ်ပူဇော်ကိုးကွယ်မှုသည် ဗုဒ္ဓဝါဒ မပေါ်ထွန်းမီ နှစ်ရာပေါင်းများစွာတိုင်တိုင် အိန္ဒိယပြည်၌ အခြေစိုက်ခဲ့ပါသည်။ ဝေဒခေတ်တွင် ယဇ်ပူဇော်မှုများ ရှိခဲ့ပါသည်။ သို့ရာတွင် ဝေဒခေတ် ယဇ်ပူဇော်မှုသည် ဗြာဟ္မဏခေတ် ယဇ်ပူဇော်မှုနှင့် စာလျှင် ပြောပလောက်သည့် ယဇ်ပူဇော်မှုမျိုး မဟုတ်ပါ။ ခမ်းနားကြီးကျယ်မှုလည်း မရှိပါ။ သာမန် ရိုးရိုး ပူဇော်မှု အဆင့်အတန်းမျိုး၌သာ ရှိပါသည်။ ပူဇော်နည်း ပူဇော်ဟန်မှာလည်း လူတိုင်း ပူဇော်နိုင်သည့် သာမန် နည်းစနစ်မျိုးသာ ဖြစ်ပါသည်။ ဗြာဟ္မဏခေတ်တွင်မူ ယဇ်ပူဇော်မှုကို ခမ်းနားသည်ထက် ခမ်းနားအောင်၊ ကြီးကျယ်သည်ထက် ကြီးကျယ်အောင် စီစဉ်လာကြပါသည်။ စည်းကမ်းချက်များကို သတ်မှတ်လာကြပါသည်။ ဝေဒခေတ်ကလို အများသူငါ ပူဇော်၍ ရနိုင်သည့် ပူဇော်မှုမျိုး မဖြစ်ရလေအောင် ချဲ့ထွင်လာကြပါသည်။ မူလ ရှိပြီးသား ဝေဒကျမ်းများမှ ယဇ်ပူဇော်မှု အပိုင်းကို ဖွင့်ဆိုရေးသား လာကြပါသည်။ ဤနည်းအားဖြင့် ဝေဒစာပေမှ ဗြာဟ္မဏစာပေသည် ဖြစ်ထွန်းပေါ်ပေါက် ခဲ့ပါသည်။ ဝေဒစာပေသည် လေးပုံရှိသကဲ့သို့ ယင်းဝေဒ လေးပုံကို ယဇ်ပူဇော်မှု ရှုထောင့်မှ အသီးအသီး အကျယ် ဖွင့်ဆိုခဲ့သည့် ဗြာဟ္မဏစာပေသည်လည်း ဝေဒ လေးပုံအလိုက် လေးစု ဖြာထွက်ခဲ့ပါသည်။

## ဗြာဟ္မဏကျမ်းများ

ရိုက်(ဣရု) ဝေဒမှ အဲတရဲယဗြာဟ္မဏကျမ်း၊ ကော်သိတကိ ဗြာဟ္မဏကျမ်းတို့ ပေါ်ထွက်လာကြပါသည်။ ယဇုဝေဒမှ သတပထ ဗြာဟ္မဏကျမ်း၊ တဲတိရိယ ဗြာဟ္မဏကျမ်းတို့ ပေါ်ထွက်ခဲ့ပါသည်။ သာမဝေဒမှ တာဏ္ဍျဗြာဟ္မဏကျမ်း၊ ဇမိနိယ ဗြာဟ္မဏကျမ်း၊ ဆဗ္ဗိသဗြာဟ္မဏကျမ်းတို့ ပေါ်ထွက်ခဲ့ပါသည်။ အထဗ္ဗဝေဒမှ ဂေါပထဗြာဟ္မဏကျမ်း ပေါ်ထွက်ခဲ့ပါသည်။

ဗြာဟ္မဏကျမ်းများသည် ပဓာနအားဖြင့် ယဇ်ပူဇော်မှုကို ပြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခါတစ်ရံ အကြောင်းအရာ အားလျော်စွာ နတ်နှင့် အသူရာတို့၏ စစ်ပွဲကိုလည်း ပြပါသည်။ ရှေးဟောင်း ပုံပြင်များကိုလည်း ပြပါသည်။

ယဇ်ပူဇော်မှုကို ပြသောအခါ ယဇ်ပူဇော်မှုအလိုက် ရွတ်ဆိုရမည့် မန္တန်အမျိုးအစား၊ အသံ ထွက်ပုံထွက်နည်း၊ ဆောင်ရွက်ရမည့် ရှေ့နောက် အစီအစဉ်၊ အချိန်ကာလတို့မှ စ၍ တစ်သဝေမတိမ်း မလွဲမှားရလေအောင် အသေးစိတ် ဖော်ပြထားပါသည်။ ဖော်ပြထားသည့်အတိုင်း အစီအစဉ် မလွဲမှားရအောင် ယဇ်ကို ပူဇော်နိုင်မှ လိုအပ်သော အကျိုးကျေးဇူးကို ရပါသည်။ အကယ်၍ အစီအစဉ် လွဲမှားသွားလျှင် အကျိုးမရသည် သာမက ဒုက္ခကိုပင် တွေ့နိုင်သည်ဟု ဆိုပါသည်။ သို့ဖြစ်၍ ယဇ်ပူဇော်မှု အတတ်သည် အလွန်ပင် ရှုပ်ထွေးခက်ခဲသော အတတ်ပညာတစ်ရပ် ဖြစ်ခဲ့ပါသည်။ သို့ဖြစ်၍ ယဇ်ပူဇော်မှု အတတ်ကို တတ်မြောက်နိုင်ရန် ဗြာဟ္မဏတို့သည် အချိန်များစွာနှင့် စဉ်းစားဉာဏ်များစွာကို အသုံးပြုခဲ့ ကြရပါသည်။ ဗြာဟ္မဏလူမျိုးတို့သည် မိမိတို့၏ သက်တမ်းတစ်လျှောက်လုံးတွင် ဤယဇ်ပူဇော်မှု အတတ်ပညာ တစ်ခုတည်းကိုသာ လေ့လာသင်ယူရင်း၊ ယဇ်ပူဇော်မှု လုပ်ငန်းတစ်ခုတည်းကိုသာ လုပ်ကိုင်ဆောင်ရွက်ရင်း တန်ဖိုးကြီးလှသည့် အချိန်ကာလများကို ကုန်လွန်စေကာ ထက်မြက်သည့် ကာယအားနှင့် ဉာဏအားများကို ကုန်ဆုံးစေခဲ့ကြပါသည်။ ဤသည်မှာ အိန္ဒိယဒဿနဖြစ်ထွန်းပေါ်ပေါက်မှုအတွက် မိုးမှောင်ကျခြင်းပင် ဖြစ်သည်ဟု ပညာရှိများက ဆိုကြပါသည်။

ဗြာဟ္မဏများသည် မိမိတို့၏ ကာယအားနှင့် ဉာဏအားများကို အခြားသော ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ အတွေးအခေါ်ရေး စသည်တို့၌ အသုံးမပြုဘဲ ယဇ်ပူဇော်ရေး တစ်ခုတည်း၌သာ နှစ် ရာစုပေါင်းများစွာ အဘယ့်ကြောင့် အသုံးပြုခဲ့ကြလေသနည်း။ ဤမေးခွန်းကို မျက်မှောက်ခေတ် သုတေသီတို့က မေးမြန်းခဲ့ကြပါသည်။

ဤမေးခွန်း၏ အဖြေ ဖြစ်နိုင်ကောင်းဖွယ်ရှိသည့် သဲလွန်စကို ရိုက်ဝေဒမှ ဤသို့ ထုတ်နှုတ်၍ ဆိုကြပါသည်။

(၆) နတ်များသည် ဤ ပုရိသကို ယဇ်ပူဇော်သောအခါ ဝသန္တရာသီသည် ထောပတ် ဖြစ်သည်။ ဂိမှ ရာသီသည် ထင်းဖြစ်သည်။ သရဒရာသီ သည် လှူဖွယ်ပစ္စည်း ဖြစ်သည်။

(၈) ယဇ်ပူဇော်အပ်သော ပုရိသမှ ထောပတ် ဖြစ်လာသည်။ လေနေ သတ္တဝါများ ဖြစ်လာသည်။ တောနေ သတ္တဝါများ ဖြစ်လာသည်။ ရွာနေ သတ္တဝါများ ဖြစ်လာသည်။





(၉) ယဇ်ပူဇော်အပ်သော ပုရိသမှ ရိုက်ဝေဒနှင့် သာမဝေဒ ဖြစ်လာသည်။ ဆန်းကျမ်းများ ဖြစ်လာသည်။ ယဇုဝေဒ ဖြစ်လာသည်။

(၁၀) ယဇ်ပူဇော်အပ်သော ပုရိသ၏ ပါးစပ်မှ ဗြာဟ္မဏ ဖြစ်လာသည်။ လက်ရုံးနှစ်ဖက်မှ ခတ္တိယ ဖြစ်လာသည်။ ခြေနှစ်ချောင်းမှ ဝေဿ ဖြစ်လာသည်။ ခြေဖဝါးနှစ်ဖက်မှ သုဒ္ဒ ဖြစ်လာသည်။

(၁၃) 'လ' သည် သူ၏စိတ်မှ ဖြစ်လာသည်။ 'နေ' သည် သူ၏ မျက်လုံးမှ ဖြစ်လာသည်။ ဣန္ဒြနှင့် အဂ္ဂိသည် သူ၏ ပါးစပ်မှ ဖြစ်လာသည်။ 'လေ' သည် သူ၏ အသက်ရှူမှုမှ ဖြစ်လာသည်။

(ပုရိသ သုတ္တ-၁၀၊၉၀)

အရာရာတိုင်းကို ယဇ်ပူဇော်မှုဖြင့်သာ ဖြစ်ပေါ်စေနိုင်သည်ဟု ဗြာဟ္မဏတို့ ယုံကြည်ကြကြောင်း ရိုက်ဝေဒလာ ပုရိသသုတ္တကို အထောက်အထားပြု၍ ဆိုကြပါသည်။ နတ်များသည်ပင် ယဇ်ပူဇော်မှုကြောင့် ထင်ရှားကျော်ကြားသာရခြင်း ဖြစ်သည်။ ယဇ်ပူဇော်မှုကို ကျမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်လျှင် လိုအပ်သော အကျိုးဟူသမျှကို မုချမသွေ ရနိုင်သည်။ မည်သည့်နတ်များမှ ယဇ်ပူဇော်မှု၏ စွမ်းအင်ကို အန်မတုနိုင်။ ယဇ်ပူဇော်မှု၏ စွမ်းအင်သည် နတ်များ၏ ဘုံဗိမာန်ကိုပင် တုန်ခါစေနိုင်သည်။ နတ်များသည် မိမိတို့ထက် ပို၍ တန်ခိုးတေဇော် အာနုဘော် ကြီးမားသော နတ်မင်းများကို ယဇ်ပူဇော်ခြင်းအားဖြင့် မိမိတို့ကိုယ်တိုင် ပို၍ တန်ခိုးတေဇော် အာနုဘော် ကြီးမားလာကြသည်။ ဤသည်မှာ ယဇ်ပူဇော်မှုနှင့် ပတ်သက်၍ ဗြာဟ္မဏခေတ်၏ ယုံကြည်မှု ဖြစ်ပါသည်။

ထိုခေတ် ယုံကြည်မှုအရ ယဇ်ပူဇော်မှုသည် လျှို့ဝှက်နက်နဲ၍ ဆန်းကြယ်သော အင်အားတစ်ရပ် ဖြစ်ပါသည်။ ကောင်းကျိုး ဆိုးပြစ် နှစ်ရပ်လုံးအတွက် ယဇ်ပူဇော်မှုကို အသုံးပြုနိုင်သည်။ ဤမျှ ထက်မြက်သော ယဇ်ပူဇော်မှု အတတ်ပညာကို ဗြာဟ္မဏတို့၏ လက်ထဲ၌ မူပိုင် သိမ်းပိုက်ထားကြပါသည်။ သို့ဖြစ်၍ ယဇ်ပူဇော်မှုအပေါ် ကိုးကွယ်ယုံကြည်မှု အားကောင်းသည်နှင့်အမျှ ဗြာဟ္မဏတို့၏ အခန်းကဏ္ဍ ပြဋ္ဌာန်းလာမှုသည်လည်း အားကောင်းလာလေသည်။ ထိုနောက် ဗြာဟ္မဏတို့သည် နတ်များနှင့် တတန်းတစားတည်း အပူဇော်ခံ အဆင့်သို့ပင် ရောက်ခဲ့ကြပါသည်။ နောက်ဆုံး၌ ယဇ်ပူဇော်မှုဆိုင်ရာ ဂါထာ မန္တန်တို့၏ တန်ခိုးသည် အလွန် ထက်မြက်လာသောကြောင့် နတ်များသည် ဂါထာမန္တန်တို့၏ [illegible]မှောက်၍ ဒူးထောက် အညံ့ခံကာ ဂါထာမန္တန်ပိုင်ရှင် ဗြာဟ္မဏတို့၏ စေလို



www.burmeseclassic.com

www.burmeseclassic.com



ရာခေ ဘဝသို့ပင် ရောက်ခဲ့ကြပါသည်။ ဂါထာမန္တန်တို့၏ အရှိန်အဝါကြောင့် ဗြာဟ္မဏတို့၏ အလိုအတိုင်း နတ်များသည် ကောင်းကျိုးကိုလည်း ပေးခဲ့ကြရပါသည်။ မကောင်းကျိုးကိုလည်း ပေးခဲ့ကြရပါသည်။ ဗြာဟ္မဏများ စေခိုင်းသည့်အတိုင်း မဆိုင်းမတွ ဆောင်ရွက်ခဲ့ကြ ရပါသည်။

အစ ပထမ၌ ဗြာဟ္မဏတို့က အနန္တ တန်ခိုးတော်သည် ယဇ်ပူဇော်မှု၌ ရှိပြီး ယဇ်ပူဇော်မှုသည် အရာရာတိုင်းကို ဖန်ဆင်းနိုင်သည်ဟု ယုံကြည်ကြပါသည်။ ဤယုံကြည်ချက်မှာ ဝေဒမှ တိုက်ရိုက်ဆင်းသက်သည့် ယုံကြည်ချက် ဖြစ်ပါသည်။ သို့ရာတွင် ယဇ်ကို ပူဇော်ရာမှ ရရှိသည့် အတွေ့အကြုံများအရ ရွတ်ဆိုသည့် မန္တန်၊ ရွတ်ဆိုပုံ ရွတ်ဆိုနည်း၊ အသံထွက်၊ ရှေ့နောက် အစီအစဉ်၊ အချိန်ကာလတို့ကို လိုက်၍ အနန္တ တန်ခိုးတော်သည် အမျိုးမျိုး ပြောင်းလဲနိုင်ကြောင်း သိလာကြပါသည်။ ထိုအခါ ဗြာဟ္မဏတို့သည် အနန္တ တန်ခိုးတော်ကို ယဇ်ပူဇော်မှု၌ မထားတော့ဘဲ မိမိတို့၌ ပြောင်းရွှေ့၍ ထားလာကြပါသည်။

ယဇ်ပူဇော်မှုနှင့် ပတ်သက်၍ အသေးစိတ် သိစွမ်းနိုင်မှု 'ဉာဏ'၊ စနစ်တကျ ဆောင်ရွက်နိုင်စွမ်းမှု 'ကမ္မ' တို့သည်သာ အရာရာကို အဆုံးအဖြတ် ပေးနိုင်သောကြောင့် မိမိတို့၏ ဉာဏနှင့် ကမ္မစွမ်းအား ထက်သလောက် ယဇ်ပူဇော်မှု၏ အနန္တ တန်ခိုးတော်လည်း စွမ်းအားထက်ကြောင်း ဗြာဟ္မဏတို့က ခံယူကြပါသည်။ ဤခံယူချက်အရ ဗြာဟ္မဏတို့သည် မိမိတို့ကိုယ်ကို ဤလောကတွင် စွမ်းအားအကြီးမားဆုံး၊ အမြင့်မြတ်ဆုံးအဖြစ် သတ်မှတ်ကြပါသည်။ ဟောပြောကြပါသည်။

ဗြာဟ္မဏများသည် ဤသို့ ယုံကြည်ကြပါသည်။ ယဇ်၏ လျှို့ဝှက်ချက်များကို သိပြီး ယဇ်၏ လျှို့ဝှက်ချက်များကို ဖော်ထုတ် အသုံးချနိုင်လျှင် ယဇ်ကိုပင် စိုးမိုးနိုင်ပါသည်။ ယဇ်ကို စိုးမိုးနိုင်လျှင် ယဇ်၏ အစေအပါးသဖွယ် ဖြစ်သည့် နတ်ဒေဝါများကိုလည်း စိုးမိုးနိုင်ပါသည်။ နတ်ဒေဝါများကို စိုးမိုးနိုင်လျှင် နတ်ဒေဝါများက ဖန်ဆင်းထားသည့် လောကကိုလည်း စိုးမိုးနိုင်ပါသည်။ ထိုအခါ အနန္တ တန်ခိုးတော်သည် ဗြာဟ္မဏများ၌ အလိုအလျောက် ကိန်းအောင်းပြီးသား ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဗြာဟ္မဏများသည် ယဇ်ပူဇော်မှု၏ လျှို့ဝှက်နက်နဲပြီး ဆန်းကြယ်သော တန်ခိုးအာနိသင်များကို ယုံကြည်ကာ ယဇ်ကို စိုးမိုးနိုင်ရေးအတွက် ယဇ်၏ လျှို့ဝှက်ချက်ကို သိရန် 'ဉာဏလမ်းစဉ်' ကို တီထွင်ကြပါသည်။ ယဇ်၏ လျှို့ဝှက်ချက်ကို ဖော်ထုတ် အသုံးချရန် 'ကမ္မလမ်းစဉ်' ကို လက်တွေ့ စူးစမ်းကြပါသည်။ ယဇ်၏ လျှို့ဝှက်ချက်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် ဉာဏကဏ္ဍခေါ် ဉာဏ်ပိုင်းနှင့် ကမ္မကဏ္ဍခေါ် ကံပိုင်းတို့သည် ဗြာဟ္မဏခေတ်၏





တိုးတက်သော တီထွင်ချက်များ ဖြစ်ပါသည်။ ဝေဒခေတ်၏ မပြည့်စုံမှုပေါ်၌ အထွတ်တင်ခြင်း ဖြစ်ပါသည်။

ဝေဒခေတ်တွင် လူတို့သည် အနန္တ တန်ခိုးတော်ကို ဗဟိဒ္ဓ၌ ထားခဲ့ကြပါသည်။ ဗဟိဒ္ဓဆိုသည်မှာ နတ်ဒေဝါများပင် ဖြစ်ပါသည်။ အနန္တ တန်ခိုးတော်ကို ဗဟိဒ္ဓဖြစ်သည့် နတ်ဒေဝါများ၌ ထားခဲ့ကြသဖြင့် နတ်ဒေဝါများ နှစ်သက်စေရန် ဘုန်းတော်ဘွဲ့များကို ရွတ်ဆို ပူဇော်ခဲ့ကြပါသည်။ ထို့ထက်ပို၍ နှစ်သက်စေရန် ပူဇော်ဖွယ် ပစ္စည်းဝတ္ထုများ ထည့်သွင်း၍ ရွတ်ဆို ပူဇော်ခဲ့ကြပါသည်။ ထို့ထက်ပို၍ နှစ်သက်စေရန် ငြိမ့်ညောင်းသော တေးဂီတ အဆွဲအငင်များဖြင့် ရွတ်ဆို ပူဇော်ခဲ့ကြပါသည်။ ထို့ထက်ပို၍ နှစ်သက်စေရန် ရင်တွင်းခံစားချက်များဖြင့် လှိုက်လှိုက်လှဲလှဲ ရွတ်ဆို ပူဇော်ကြပါသည်။ ဤသို့ နတ်ဒေဝါများကို ရွတ်ဆိုပူဇော်ရာမှ ဝေဒလေးပုံသည် ဖြစ်ပေါ်ခဲ့ပါသည်။ ဝေဒလေးပုံတွင် ရိက် (ဣရု) ဝေဒသည် နတ်ဒေဝါတို့အား ယင်းတို့၏ ဘုန်းတော်ဂုဏ်တော်ဘွဲ့ (သံဝါဒ) တို့ဖြင့် ပူဇော်သည့်သဘော ရှိပါသည်။ ယဇုဝေဒသည် လှူပ်ရှားမှု ဟန်ပန် (အဘိနယ) တို့ဖြင့် ပူဇော်သည့်သဘော ရှိပါသည်။ သာမဝေဒသည် တေးဂီတ (သံဂီတ) တို့ဖြင့် ပူဇော်သည့်သဘော ရှိပါသည်။ အထဗ္ဗဝေဒသည် ရင်တွင်းခံစားချက် (ဘာဝနာသ) တို့ဖြင့် ပူဇော်သည့်သဘော ရှိပါသည်။

ဗြာဟ္မဏခေတ်တွင်မူ လူတို့သည် အနန္တ တန်ခိုးတော်ကို ဗဟိဒ္ဓမှ အဇ္ဈတ္တသို့ ရွှေ့ပြောင်းထားလာကြပါသည်။ နတ်ဒေဝါများမှ ယဇ်ပူဇော်မှုသို့ လည်းကောင်း၊ ယဇ်ပူဇော်မှုမှ ဉာဏ်နှင့် ကမ္မသို့ လည်းကောင်း ရွှေ့ပြောင်း ထားလာကြပါသည်။ ဤသည်မှာ ဗြာဟ္မဏခေတ်၏ အယူအဆရေးရာအရ တိုးတက်မှုပင် ဖြစ်ပါသည်။ ဝေဒခေတ်၏ မပြည့်စုံမှုပေါ်တွင် အထွတ်တင်ခြင်းပင် ဖြစ်ပါသည်။ 'လူသည် ပြင်ပထက် အတွင်းကို အားကိုးရမည်' ဟူသော အယူအဆသင်္ချိုင်းရပ်ကို အတွေးအခေါ် သမိုင်း၌ အစပျိုး လူထောင်လိုက်ခြင်းပင် ဖြစ်ပါသည်။

ဗြာဟ္မဏများသည် ယဇ်ပူဇော်မှု၏ နက်နဲဆန်းကြယ်သော တန်ခိုးအာနိသင်များ၌ နက်နက်နဲနဲ ယုံကြည်ခဲ့ကြသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ရိုးသားသော လူထုအပေါ်၌ လိမ်ညာလှည့်ဖြားသော အကြံအစည်များဖြင့် ယဇ်ပူဇော်မှုကို အမွှမ်းတင်ခြင်း မဟုတ်ပါ။ သူတို့ကိုယ်တိုင်က တကယ်ပင် ယုံကြည်မိ၍ ယဇ်ပူဇော်မှုကို အမွှမ်းတင်ကြခြင်းသာ ဖြစ်ပါသည်။ အမှန်အားဖြင့် ယဇ်ပူဇော်မှုကို စနစ်တကျ မှန်ကန်အောင် စီစဉ်ရခြင်းသည် လွယ်ကူသည့်အလုပ် မဟုတ်ပါ။ ထိုသို့ စီစဉ်နိုင်အောင် နှစ်ပေါင်းများစွာတိုင်တိုင် သင်ယူရပါသည်။ ပျိုမျှင်းသော ဆန်းသည့် အရွယ်တစ်ခုလုံးနှင့် ရင်းနှီးခဲ့ရပါသည်။ ကြမ်းတမ်းသည့် ကျင့်



www.burmeseclassic.com

www.burmeseclassic.com



တော်များကို ဖွဲ့မာန်ဖြင့် မဆုတ်မနစ် ကျင့်ရပါသည်။ ကျင့်ဝတ်သိက္ခာ အတတ်ပညာများနှင့် ပြည့်စုံကုံလုံသောအခါ ဆရာတစ်ဆူအဖြစ်ဖြင့် တပည့်များကို သင်ကြားပို့ချ ပေးရပြန်ပါသည်။ ယဇ်ပူဇော်ပွဲများကို စီမံကွပ်ကဲ ရပြန်ပါသည်။ ယဇ်ပူဇော်ပွဲ ဆိုသည်မှာလည်း အသေးစိတ် လိုက်နာဆောင်ရွက်ရသည့် အင်္ဂါရပ်များ ကုဋေကုဋာ ချီလျက် ရှိပါသည်။ တစ်ချက်မျှ အတိမ်းအစောင်း မခံပါ။ သို့မှသာ လိုလားသော အကျိုးကျေးဇူးကို ရနိုင်သည်ဟု ဆိုပါသည်။ သို့ဖြစ်၍ ဗြာဟ္မဏများသည် ယဇ်ပူဇော်မှု၌ တကယ်ပင် နှစ်နှစ်ကာကာ ယုံကြည်မှု ရှိခဲ့ကြကြောင်း ပေါ်လွင်ထင်ရှား ခဲ့ပါသည်။

ဝေဒခေတ်တွင် ယဇ်ပူဇော်မှုသည် ရိုးရိုးပင် ဖြစ်ခဲ့ပါသည်။ မုန့်များ၊ သောမ ရည်များ၊ ထောပတ်များနှင့် အခြား သက်မဲ့ပစ္စည်းများ ဖြစ်ကြပါသည်။ တိရစ္ဆာန်များကို သတ်ဖြတ်၍ ယဇ်ပူဇော်မှုများ မပေါ်ပေါက်ခဲ့သေးပါ။ သို့ရာတွင် ဗြာဟ္မဏခေတ်၌မူ တိရစ္ဆာန်များကို သတ်ဖြတ်၍ ယဇ်ပူဇော်မှုများ ပေါ်ပေါက်လာပါသည်။ ပေါ်ပေါက်ရုံသာမက ခေတ်လည်း စားလာပါသည်။ ယဇ်ပူဇော်ပွဲတစ်ခု တစ်ခု၌ ရာပေါင်းများစွာသော တိရစ္ဆာန်များကို သတ်ဖြတ်၍ ပူဇော်ကြကြောင်း ဗုဒ္ဓစာပေ ကျမ်းဂန်များ၌ တွေ့မြင်ရပါသည်။ ဤအထိပင် ခေတ်စားလာပါသည်။ တိရစ္ဆာန်များကို သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းကို သံယုတ္တနိကာယ်၊ ကောသလသံယုတ်၊ ယညသုတ်၌ ဤသို့ ဖော်ပြထားကြောင်း တွေ့ရပါသည်။

ထိုအခါ၌ ပသေနဒီကောသလမင်းကြီးသည် ကြီးစွာသော ယဇ်ပူဇော် ပသခြင်းကို ရှေးရှုစီရင်အပ်၏။ ဥသဘ ငါးရာတို့ကို လည်းကောင်း၊ နွားထီးငယ် ငါးရာတို့ကို လည်းကောင်း၊ နွားမငယ် ငါးရာတို့ကို လည်းကောင်း၊ ဆိတ် ငါးရာတို့ကို လည်းကောင်း၊ သိုး ငါးရာတို့ကို လည်းကောင်း ယဇ်ပူဇော် ပသခြင်း အလို့ငှာ ယဇ်တိုင်၌ ဖွဲ့ချည်ဆောင်ထား အပ်ကုန်၏။ ထိုမင်း၏ ကျွန်ယောကျာ်း၊ ကျွန်မိန်းမ၊ အစေအပါး၊ အလုပ်သမားတို့သည်လည်း ဒဏ်ဖြင့် ခြိမ်းခြောက်အပ်ကုန်သည်။ ဘေးဖြင့် ခြိမ်းခြောက်အပ်ကုန်သည် ဖြစ်၍ မျက်ရည်ဖြင့် ပြည့်သောမျက်နှာ ရှိကုန်လျက် ငိုကြွေးကြကာ ယဇ်အမှုတို့ကို ပြုကုန်၏။

ဗြာဟ္မဏခေတ်တွင် ယဇ်ပူဇော် ကိုးကွယ်မှုသည် များစွာ အရှိန်အဝါ ကြီးခဲ့ပါသည်။ အထက်တန်းလွှာတို့၏ ဘာသာရေး ယုံကြည်မှု၌ များစွာ အရေးပါခဲ့ပါသည်။ သို့ရာတွင် အခြားသော ဘာသာရေး ယုံကြည်မှုများသည်လည်း ယဇ်ပူဇော် ကိုးကွယ်မှုလောက် မထွန်းကားစေကာမူ ထိုခေတ်၌ ရှိကြပါသေးသည်။





ဘာသာရေး ယုံကြည်မှုများ သာမက အတွေးအခေါ် ဂိုဏ်းများသည်လည်း ထိုခေတ်၌ ရှိကြပါသေးသည်။ သို့ဖြစ်၍ ဗြာဟ္မဏခေတ် ဝမ်းဗိုက်အတွင်း၌ပင် ယဇ်ပူဇော် ကိုးကွယ်မှုကို ချေဖျက်မည့် အခြား အခြားသော ဘာသာရေး ယုံကြည်မှုများ၊ အတွေးအခေါ်များသည် ဝါးပင်ကိုသတ်သည့် ဝါးသီးပမာ သန္ဓေယူလျက် ရှိကြပါသည်။

## လူများစု ကိုးကွယ်ယုံကြည်မှု

လူများစု ကိုးကွယ်ယုံကြည်မှုမှာ အမျိုးမျိုးသော နတ်သားများနှင့် နတ်သမီးများကို ကိုးကွယ်ယုံကြည်မှုပင် ဖြစ်သည်။ ဝေဒခေတ် ဘာသာယဉ်ကျေးမှု အထွတ်အထိပ်သို့ ရောက်စဉ်ကပင် အာရယန်နတ်များနှင့် ဘေးချင်းယှဉ်လျက် အာရယန်မဟုတ်သော တိုင်းရင်းသား နတ်များအချို့သည် ပျောက်ပျက်မသွားဘဲ ရှိမြဲရှိကြပါသည်။ အာရယန်မဟုတ်သော တိုင်းရင်းသားများသည် အာရယန်များနှင့် နည်းတစ်မျိုးမျိုးဖြင့် ဆက်နွယ်ပေါင်းစပ် သွားသောအခါ သူတို့၏ မူလ ယုံကြည်ကိုးကွယ်မှုများကိုပါ တစ်ပါတည်း ဆောင်ကြဉ်းသွားကြပါသည်။ ဤနည်းအားဖြင့် အာရယန်မဟုတ်သော တိုင်းရင်းသားနတ်များသည် အာရယန်နတ်များအဝသို့ ရောက်ရှိသွားကြပါသည်။

အမှန်အားဖြင့် ရှေးခေတ် အိန္ဒိယတွင် အစပထမ၌ အာရယန်မဟုတ်သူများက အာရယန်များထက် လူဦးရေအားဖြင့် များပြား သာလွန်ကြပါသည်။ သို့ရာတွင် အာရယန်များ၏ စွမ်းရည်သတ္တိကြောင့် အာရယန် မဟုတ်သူများသည် ဖြည်းဖြည်း အာရယန်များနှင့် ရောနှော၍ အာရယန် လူ့ဘောင်အတွင်းသို့ ဝင်ရောက်သွားခြင်းကြောင့် အာရယန်မဟုတ်သော တိုင်းရင်းသားများ၏ လူဦးရေသည် လျော့၍လျော့၍ သွားစဉ် အာရယန်နတ်များနှင့်တကွ အာရယန်များ၏ လူဦးရေသည် တိုး၍တိုး၍ လာကြပါသည်။ အာရယန်လူဦးရေ တိုး၍တိုး၍ လာသောအခါ မျိုးနွယ်စင်ကြယ်မှုကို အခြေခံ၍ အာရယန် လူမျိုးများထဲတွင် ဘာရဒွါဇမျိုးနွယ်စု၊ ဝသိဋ္ဌမျိုးနွယ်စု စသည်ဖြင့် အာရယန် မျိုးနွယ်စုများသည် ပေါ်ပေါက်လာကြပါသည်။ အာရယန် မျိုးနွယ်စုများ ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် နတ်တစ်ပါးတည်းကပင် မျိုးနွယ်စုအလိုက် အမည်အမျိုးမျိုး ကွဲသွားပါသည်။

နတ်သမီး တစ်ပါးတည်းကပင် အချို့ မျိုးနွယ်၌ စန္ဒီ ဟူ၍လည်းကောင်း၊ အချို့ မျိုးနွယ်၌ ကာလီ ဟူ၍လည်းကောင်း၊ အချို့မျိုးနွယ်၌ ဒုရဂါ ဟူ၍လည်းကောင်း၊ အချို့မျိုးနွယ်၌ ပါရဝတီ ဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်၍ ကိုးကွယ်



www.burmeseclassic.com

www.burmeseclassic.com



ကြ[illegible]သည်။ ဤသဘောမျိုးကို ရိက်ဝေဒ သံဟိတာကျမ်းလာ အောက်ပါ စာပိုဒ်တစ်ခုက သက်သေပြလျက် ရှိပါသည်။

**ဧကံ သတ် ဝိပြာ ဗဟုဓာ ဝဒန္တိ။**

(**ဧကံ**၊ တစ်ခုတည်းသော။ **သတ်**၊ အရှိတရားကို။ **ဝိပြာ**၊ ပညာရှိတို့သည်။ **ဗဟုဓာ**၊ အမျိုးမျိုး။ **ဝဒန္တိ**၊ ဆိုကြကုန်၏။)

(ရိက်-၁၊ ၁၆၄၊ ၄၆)

ထိုစာပိုဒ်၏ မူရင်းအဓိပ္ပာယ်မှာ နတ်တစ်ပါးတည်းကိုပင် အမည် အမျိုးမျိုးဖြင့် ခေါ်ကြကြောင်း ဆိုလိုရင်း ဖြစ်သော်လည်း ဥပနိသျှဒ်ခေတ်၌မူ ထိုသဘောကို တိုးချဲ့ ပြုပြင်၍ လောက၌ အရှိတရားဟူသည် တစ်ခုတည်းသာ ရှိကြောင်း၊ ထို တစ်ခုတည်း ဟူသည်မှာ အာတ္မန် သို့မဟုတ် ဗြဟ္မာသာ ဖြစ်ကြောင်း၊ သူသူငါငါ တွေ့ကြုံနေကြသော ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ သက်ရှိ၊ သက်မဲ့ ဟူသော အမျိုးမျိုးတို့သည် တကယ်မရှိဘဲ ထိုတစ်ခုတည်း၏ အရိပ်များသာ ဖြစ်ကြောင်း ဆိုကြပါသည်။

အာရယန် မဟုတ်သူများသည် အာရယန်များနှင့် ရောနှောသဖြင့် အာရယန်လူဦးရေ တိုးပွားလာသကဲ့သို့ အာရယန်နတ် မဟုတ်သော နတ်သား၊ နတ်သမီးများသည်လည်း အာရယန်နတ်များ ဖြစ်လာကြကာ အာရယန်နတ်ဦးရေ တိုးပွားလာကြပါသည်။ မူလ ဘူတာအားဖြင့် အာရယန်မဟုတ်သော နတ်များ၊ သို့မဟုတ် ယုံကြည်မှုများသည် ထိုအချိန်၌ ပျောက်ဖျက်မရအောင် ခေတ်စားနေပါက ထိုနတ်များ သို့မဟုတ် ထိုယုံကြည်မှုများကို ဗြာဟ္မဏများ ကိုယ်တိုင်က အာရယန် ဇာတ်သွင်း၍ ရလျှင်လည်း တစ်နည်းနည်းဖြင့် အာရယန်ဇာတ်သွင်းလိုက်ကြပါသည်။ အာရယန်ဇာတ်သွင်း၍ မရလျှင်လည်း တရားဝင် အသိအမှတ်ပြု၍ ကိုးကွယ်ယုံကြည် လိုက်ကြပါသည်။

ဤနည်းအားဖြင့် ဗြာဟ္မဏခေတ်တွင် ယဇ်ပူဇော်ကိုးကွယ်မှုသာမက အခြား အခြားသော နတ်ဒေဝါများ၊ ယုံကြည်ကိုးကွယ်မှုများ၊ အယူသီးမှုများ၊ စွဲလမ်းမှုများ ပေါ်ပေါက်လာကြခြင်း ဖြစ်ပါသည်။ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်၌ ထိုခေတ် ဗြာဟ္မဏလောကတွင် ထွန်းကားလျက်ရှိသော ကိုးကွယ်မှုများ၊ ယုံကြည်မှုများ၊ အယူသီးမှုများ၊ စွဲလမ်းမှုများကို တစ်စွန်းတစ်စ အနေဖြင့် ဖော်ပြထားကြောင်း တွေ့မြင်ရပါသည်။

နတ်များနှင့် ပတ်သက်၍လည်း ဝေဒခေတ်၌ မပေါ်ပေါက်သေးသော နတ်ပေါင်းများစွာကို မဟာသမယသုတ်၌ ဖော်ပြထားကြောင်း တွေ့မြင်ရပါသည်။ မဟာသမယသုတ်လာ နတ်ပေါင်းများစွာတို့တွင် အချို့ အချို့သော





နတ်များသည် နောက်ပိုင်း၌ အာရယန်ဇာတ်သွင်းခြင်း ခံရသော နတ်များဖြစ်၍ အချို့ အချို့သော နတ်များသည် ဗြာဟ္မဏများက တရားဝင် အသိအမှတ်ပြု၍ ကိုးကွယ်ယုံကြည်ခြင်း ခံရသော နတ်များ ဖြစ်ကြပါသည်။

ဗြာဟ္မဏခေတ် ရောက်သောအခါ ဝေဒခေတ်က တန်ခိုးရှိန်စော် အာနုဘော် ကြီးမားခဲ့သော ဣန္ဒြ၊ ပြဇာပတိ၊ ဗြဟ္မာ၊ အဂ္ဂိ၊ ဝရုဏ၊ ဝါယု စသော နတ်များသည် ဆက်လက်ကိုးကွယ်မှု ခံယူနေရစေကာမူ ဝေဒခေတ်လောက် ခေတ်မစားတော့ပါ။ ဒျော်၊ ပူရှန်၊ အာဒိတျ၊ အရှိန်၊ မရုတ်၊ အဒိတိ၊ ဒိတိ၊ ဥရ်ဝသီ စသော နတ်တို့သည် ပျောက်ကွယ်လုနီးပါး ရှိခဲ့ကြပါသည်။

ဤသို့လျှင် ဗြာဟ္မဏခေတ်၌ လူကုံထံတို့သည် ယဇ်ပူဇော်မှုကို ကိုးကွယ်ယုံကြည် နေကြစဉ် သာမန်လူတန်းစားတို့သည် အသစ်အသစ်သော နတ်များ ကိုးကွယ်မှု၊ အယူသီးမှု၊ စွဲလမ်းမှု၊ တွေးခေါ်မြော်မြင်မှုတို့ကို ပြုလုပ်လာကြပါသည်။ အမှန်အားဖြင့် ယဇ်ပူဇော်မှုသည် စရိတ်စက များပြားသည့်အပြင် ကရိကထလည်း အလွန် များပြားပါသည်။ အားလပ်ချိန်လည်း နည်း၊ ဥစ္စာဓနလည်း နည်းပါးသော သာမန်လူတန်းစားတို့သည် ဘာသာရေးထွက်ပေါက် အနေဖြင့် ဘာသာရေးအသစ်များကို တီထွင်ကြဆကာ ကိုးကွယ်ယုံကြည် လာကြသည်မှာ အံ့သြစရာ မဟုတ်ပါပေ။ အဘယ်ကြောင့်ဆိုသော် လူဟူသည် ဘာသာရေးကို အသွင်တစ်မျိုးမျိုးဖြင့် မကိုးကွယ်ဘဲ မနေနိုင်သော ဇီဇာတ် ပါရှိသည့် သတ္တဝါတစ်မျိုး ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂ )
# အာရညကနှင့် ဥပနိသျှဒ်ဝါဒ

## အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ် ကိုးကွယ်ယုံကြည်မှု

အာရညကခေတ် ဆိုသည်မှာ တောပျော်ခေတ် ဖြစ်ပါသည်။ ဗြာဟ္မဏခေတ်တွင် ယဇ်ပူဇော်မှုသက်သက်ကိုသာ ဦးစားပေးပါသည်။ ယဇ်ပူဇော်မှု သက်သက်ဖြင့် အချိန် ကုန်လွန်ပြီး လူ့ဘဝ၏ နေဝင်ချိန်သို့ ရောက်ကုန်သော သူတို့သည် တောအရပ်သို့ ချဉ်းကပ်ကြပါသည်။ တောအရပ်တွင် ယဇ်ကိုလည်း ပူဇော်ပါသည်။ သမထ ဘာဝနာကိုလည်း ပွားပါသည်။ သမထ ဘာဝနာ ပွားများမှုသည် တော၌ ယဇ်ပူဇော်ရန် ပစ္စည်းဝတ္ထုနှင့် ငွေကြေးအင်အား နည်းပါးမှုကို အကြောင်းပြု၍ ပြတိကခေါ် ရည်ညွှန်းပူဇော်ရာမှ ရရှိသော နည်းသစ် ဖြစ်ပါသည်။ အဿမေဓခေါ် မြင်းယဇ်ကို အမှန်အတိုင်း ပူဇော်လိုသော်လည်း မြင်း မရှိသဖြင့် အာကာသကို မြင်းအဖြစ် သဘောထား၍ ပူဇော်ရပါသည်။ ထိုအခါ မြင်းနှင့် အာကာသကို မတူ တူအောင် စဉ်းစားလာရပါသည်။ အာကာသကို မြင်းခေါင်း၊ နေနှင့်လကို မြင်း၏မျက်လုံး၊ လေကို မြင်း၏အသက်၊ မြေကို မြင်း၏ခန္ဓာကိုယ် စသည်ဖြင့် မြင်းနှင့် အာကာသကို မတူ တူအောင် စဉ်းစားရာမှ ကသိုဏ်းပေါက်ပြီး သမာဓိ အားကောင်းလာပါသည်။ သမာဓိသည် အပ္ပနာအဆင့်သို့ ရောက်၍ ဈာန်အဘိညာဉ် အဖြစ်သို့ တိုးတက်လာပါသည်။ ဤသို့လျှင် အာရညက ခေတ်၌ ဈာန်သမာပတ်များကို ရရှိပြီး ဗြဟ္မာသဘောကို သိခဲ့ကြပါသည်။ ထို့ကြောင့်





အာရညကခေတ်သည် တောပျော်ရသေ့တို့၏ ဈာန်သမာပတ်ခေတ် ဖြစ်ပါသည်။ ဗြဟ္မာကို တွေ့ရှိသောခေတ်လည်း ဖြစ်ပါသည်။ ဗြဟ္မာသည် ကြီးပွားခြင်းအနက်ကို ဟော၍ ကသိုဏ်းသည် အလုံးစုံအနက်ကို ဟောပါသည်။ ထို့ကြောင့် ကသိုဏ်း ပေါက်ရာမှ ဗြဟ္မာသဘောကို သိရှိလာခြင်း ဖြစ်ပါသည်။အမှန်အားဖြင့် အာရညက ခေတ်သည် ယဇ်ပူဇော်မှုမှ သမထဘာဝနာကို ကြုံတွေ့လာရသည့်ခေတ် ဖြစ်ပါသည်။

ဗြာဟ္မဏခေတ်တွင် ယဇ်ပူဇော်ကိုးကွယ်မှုသည် ဉာဏကဏ္ဍနှင့် ကမ္မကဏ္ဍဟူ၍ ကဏ္ဍနှစ်ရပ် ဖွင့်ပြီး ကမ္မကဏ္ဍကို ဦးစားပေးကာ အထွတ်အထိပ်သို့ ရောက်ခဲ့ပါသည်။ အထွတ်အထိပ် ရောက်ပြီးနောက် ဓမ္မတာအတိုင်း အထွတ်အထိပ်နေရာမှ တဖြည်းဖြည်း လျှောဆင်းခဲ့ရပါသည်။ဤကဲ့သို့ လျှောဆင်းလာရခြင်းမှာ အတွေးအမြင်သစ်တစ်ရပ် ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်ပါသည်။ အတွေးအမြင်သစ်တစ်ရပ် ပေါ်ပေါက်လာခြင်းကို ကဏ္ဍသစ်တစ်ရပ် ဖွင့်ခြင်းဟု ဆိုကြပါသည်။ဒဿနလောကတွင် ဥပနိသျှဒ်ခေတ်က ဖွင့်လိုက်သော ကဏ္ဍသစ်ကို ဉာဏကဏ္ဍဟု သင်္ကေတမှတ်ပြီး ဗြာဟ္မဏခေတ်တွင် မှေးမှိန် ကျန်ရစ်ခဲ့သော ကဏ္ဍဟောင်းကို ကမ္မကဏ္ဍဟု ခေါ်ကြပါသည်။

ဗြာဟ္မဏခေတ်တွင်လည်း ဉာဏကဏ္ဍနှင့် ကမ္မကဏ္ဍ ရှိပါသည်။ ဗြာဟ္မဏခေတ်လာ ကမ္မကဏ္ဍဆိုသည်မှာ ယဇ်၏ လျှို့ဝှက်မှုအရ ပူဇော်ပသမှု ကဏ္ဍဖြစ်၍ ဉာဏကဏ္ဍဆိုသည်မှာ ယဇ်၏ လျှို့ဝှက်မှုနှင့်ပတ်သက်၍ အသိဉာဏ် ရှိအောင် ကျင့်ကြံအားထုတ်မှုကဏ္ဍ ဖြစ်ပါသည်။ကမ္မကဏ္ဍ သဘောအရ လိုအပ်သော အကျိုးကျေးဇူးကို ရရှိစေရန် ယဇ်၏ လျှို့ဝှက်မှုကို ဖော်ထုတ်ကာ နတ်များအား ပူဇော်ပသခြင်းကို ပြုရပါသည်။ ဤကဲ့သို့ ပူဇော်ပသခြင်းသည် အရာရာတိုင်းကို အဆုံးအဖြတ် ပေးပါသည်။ လောကတွင် ယဇ်၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ကာ ပူဇော်ခြင်းလုပ်ငန်းမှတစ်ပါး အခြား အားထားယုံကြည်စရာ ဘာမျှ မရှိဟု ဗြာဟ္မဏခေတ်က ယုံကြည်ပါသည်။ ဥပနိသျှဒ်ခေတ်တွင်မူ ထိုကဲ့သို့သော ယုံကြည်မှုမျိုး မရှိတော့ဘဲ လောကတွင် ဗြဟ္မာ သို့မဟုတ် အတ္တကို သိသည့် အသိဉာဏ်သည်သာ အထွတ်အမြတ် ဖြစ်သည်။ ဗြဟ္မာ သို့မဟုတ် အတ္တကို သိသည့် အသိဉာဏ်သည်သာ အရာရာတိုင်းကို အဆုံးအဖြတ်ပေးသည်ဟု ယုံကြည်လာကြပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဗြာဟ္မဏခေတ်လာ ကမ္မကဏ္ဍသည် ယဇ်၏ လျှို့ဝှက်ချက်နှင့် ပတ်သက်၍ အလုပ်ကဏ္ဍဖြစ်၍ ဉာဏကဏ္ဍသည် ယဇ်၏ လျှို့ဝှက်ချက်နှင့် ပတ်သက်သည့် အသိကဏ္ဍ ဖြစ်ပါသည်။ ဥပနိသျှဒ်ကျမ်းလာ ကမ္မကဏ္ဍနှင့် ဉာဏကဏ္ဍတို့သည် လောက၏ လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ဖြစ်သည့် ဗြဟ္မာ သို့မဟုတ် အတ္တနှင့် ပတ်သက်ကြပါသည်။ ဉာဏကဏ္ဍသည် နောက်ပိုင်း ဒဿနကျမ်းများ၏ ရေသောက်မြစ် ဖြစ်ပါသည်။

ဥပနိသျှဒ်ကျမ်း များစွာတို့သည် ကဏ္ဍသစ်ဖြစ်သည့် ဉာဏကဏ္ဍကို အထူး အလေးထား၍ ဖော်ပြကြပါသည်။ဥပနိသျှဒ်၏ အဓိပ္ပာယ်ရင်းမှာ အနီးအပါး(ဥပ) ၌ ထိုင်ခြင်း (နိသျှ) ဖြစ်ပါသည်။အသိဉာဏ် ရလိုသူသည် ကလျာဏမိတ္တ ဖြစ်သည့် ဆရာသမား အနီးအပါး၌ ထိုင်နေရပါသည်။ဆရာသမား အနီးအပါး၌ ထိုင်နေရခြင်းသည်ပင် ဆရာသမားထံမှ မြင့်မြတ်စင်ကြယ်သော ဉာဏ်အား၊ ကိုယ်အားများကို ခံယူနေခြင်း သို့မဟုတ် ကူးလူးဆက်သွယ်နေခြင်း သို့မဟုတ် ဓာတ်ကူးနေခြင်း မည်ပါသည်။ထိုနည်းဖြင့် လောက၏ လျှို့ဝှက်ချက်ဖြစ်သည့် ဗြဟ္မာ သို့မဟုတ် အတ္တနှင့် ပတ်သက်သည့် ဉာဏ်ပညာများကို ရရှိနိုင်သည်ဟု ယုံကြည်ကြပါသည်။

ဥပနိသျှဒ်ကျမ်းများသည် ဗြဟ္မာ သို့မဟုတ် အတ္တနှင့် ပတ်သက်သည့် အသိဉာဏ် ရရှိခြင်းကို ဖော်ပြကြပါသည်။ ဥပနိသျှဒ်ကျမ်းများ၌ ဖော်ပြသော ဗြဟ္မာ သို့မဟုတ် အတ္တနှင့် ပတ်သက်သည့် အသိဉာဏ်မှာ အဆင့်သုံးဆင့် ရှိပါသည်။ ထိုအဆင့် သုံးဆင့်မှာ–

(၁) နာကြားခြင်း (သဝဏ)၊

(၂) စဉ်းစားခြင်း (မနန)၊

(၃) တရားထိုင်ခြင်း (နိဓိဗျာသန)

တို့ ဖြစ်ကြပါသည်။ ဥပနိသျှဒ်ကျမ်းများ အလိုအရ ဆရာသမား မရှိဘဲ တရားစာအုပ်များကို မိမိဘာသာ ဖတ်ခြင်းအားဖြင့် 'နာကြားခြင်း အသိဉာဏ်'ကို မရနိုင်ပါ။ ဥပနိသျှဒ် ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်အတိုင်း ဆရာသမား၏ အနီး၌ ထိုင်၍ တရားကို နာကြားမှသာ ပထမဆင့် 'နာကြားခြင်း အသိဉာဏ်'ကို ရနိုင်ပါသည်။ 'နာကြားခြင်း အသိဉာဏ်'အပေါ်၌ စဉ်းစားရပါသည်။ သဘောပေါက်အောင် ကြံစည်ရပါသည်။ ထိုအခါမှ ဒုတိယဆင့် 'စဉ်းစားခြင်း အသိဉာဏ်' ကို ရပါသည်။ 'စဉ်းစားခြင်း အသိဉာဏ်'အပေါ်၌လည်း တရားထိုင်ကြည့်ရပါသည်။ထိုအခါမှ တတိယဆင့် 'တရားထိုင်ခြင်း အသိဉာဏ်'ကို ရပါသည်။ 'တရားထိုင်ခြင်း အသိဉာဏ်'ကို ရသောအခါ အာတ္မာ သို့မဟုတ် ဗြဟ္မာကို မြင်၍ ဥပနိသျှဒ်ကျမ်းများ၏ သွန်သင်ချက်အတိုင်း အတ္တဝိဒ်(အတ္တကို သိသူ) သို့မဟုတ် ဗြဟ္မဝိဒ်(ဗြဟ္မာကို သိသူ)ဖြစ်သွားပြီး အသိဉာဏ်ကိစ္စ ပြီးဆုံးသွားပါသည်။

ဥပနိသျှဒ်ကျမ်းလာ အသိဉာဏ် သုံးဆင့်လုံးပင် အာတ္မာ သို့မဟုတ် ဗြဟ္မာကို သိမှုသို့ ဦးတည်သည်ချည်းသာ ဖြစ်ပါသည်။ အနှံ့နှင့် အထက်ကိုလိုက်၍





သုံးဆင့် ခွဲထားခြင်း ဖြစ်ပါသည်။နာကြားသိ ဆိုသည်မှာလည်း အာတ္မာသိပင် ဖြစ်ပါသည်။ စဉ်းစားသိ ဆိုသည်မှာလည်း အာတ္မာသိပင် ဖြစ်ပါသည်။ တရားထိုင်သိ ဆိုသည်မှာလည်း အာတ္မာသိပင် ဖြစ်ပါသည်။ အားလုံး အာတ္မာသိချည်းပင် ဖြစ်ကြပါသည်။

အာတ္မဉာဏ် သို့မဟုတ် ဗြဟ္မဉာဏ် ရရှိရေးအတွက် အားမထုတ်မီ ကြိုတင်ပြင်ဆင်မှုအနေဖြင့် တရားလေးပါးကို ပြည့်စုံအောင် အားထုတ်ထားရမည်ဟု ဆိုပါသည်။ထိုတရားလေးပါးမှာ–

(၁)နိစ္စဖြစ်သော ဗြဟ္မာနှင့် အနိစ္စဖြစ်သော လောကကို ခွဲခြားသိမြင်မှု (ဝိဝေက)၊

(၂) ပစ္စုပ္ပန် တမလွန် အကျိုးကျေးဇူးများ၌ တပ်မက်ခြင်း ကင်းမှု(ဝိရာဂ)၊

(၃) သာမန‌တရား ခြောက်ပါးနှင့် ပြည့်စုံမှု(သမ္ပတ္တိ)၊

(၄) လောကသံသရာမှ တကယ်တမ်း လွတ်မြောက်လိုမှု(မုမုက္ခုတ္တ)

တို့ ဖြစ်ကြပါသည်။

ကြိုတင်ပြင်ဆင်မှု တရားလေးပါးတို့တွင် ပါဝင်သည့် သာမနတရား ခြောက်ပါးနှင့် ပြည့်စုံမှု(သမ္ပတ္တိ)ဆိုသည်မှာ ကိုယ်ကျင့်တရားနှင့် ဆိုင်သည့် အပိုင်း ဖြစ်ပါသည်။ထိုသာမနတရား ခြောက်ပါးတို့မှာ–

(၁) လောကီအာရုံများမှ စိတ်ကို ထိန်းသိမ်းမှု(မနနိရောဓ)၊

(၂) လောကီအာရုံများမှ ဣန္ဒြေတို့ကို ထိန်းသိမ်းမှု(ဣန္ဒြိယ နိရောဓ)၊

(၃) ဆရာသမားအပေါ် ယုံကြည်မှု(သဒ္ဓါ)၊

(၄) စိတ်တည်ကြည်မှု(သမာဓာန)၊

(၅) လောက သံသရာ၌ မပျော်မွေ့မှု(ဥပရတိ)၊

(၆) အနှောင့်အယှက် အဟန့်အတားများကို သည်းခံနိုင်မှု(တိတိက္ခာ)

တို့ ဖြစ်ကြပါသည်။ဗြဟ္မဉာဏ် သို့မဟုတ် အာတ္မဉာဏ်ကို ရလိုသောသူသည် ဤ သာမနတရား ခြောက်ပါးကို မဖြစ်မနေ ပြည့်စုံအောင် ကြိုတင် ဖြည့်ဆည်းရမည်ဟု ဆိုပါသည်။ဤသည်တို့မှာ ဥပနိသျှဒ်ကျမ်းများ အလိုအရ ဗြဟ္မဉာဏ် သို့မဟုတ် အာတ္မဉာဏ် ရရှိရေးအတွက် ကျင့်စဉ်များ ဖြစ်ကြပါသည်။ ဤကျင့်စဉ်များအတိုင်း လိုက်နာကျင့်ကြံ၍ ဗြဟ္မဉာဏ် သို့မဟုတ် အာတ္မဉာဏ်ကို ရသောအခါ လောကသံသရာမှ လွတ်မြောက်သည်ဟု ဆိုကြပါသည်။

ဥပနိသျှဒ်ကျမ်းများသည် အာရညကကျမ်းများထက် ဗြာဟ္မဏကျမ်းများ၏ ယဇ်ပူဇော်မှုကို ပို၍ ပစ်ပယ်ပါသည်။ ဒဿနသဘောကို ပို၍ ဦးစားပေးပါသည်။ သို့ဖြစ်၍ ဘာသာဝါဒဖြစ်စဉ် သမိုင်းအရ ဥပနိသျှဒ်ကျမ်းများသည်



www.burmeseclassic.com

www.burmeseclassic.com



ဗြာဟ္မဏကျမ်းများထက် နောက်ကျပါသည်။ဗြာဟ္မဏကျမ်းများကို ဝေဒစာရင်း၌ သွင်းထားပြီး ဖြစ်သဖြင့် ဗြာဟ္မဏကျမ်းများ၏ နောက်ပိုင်း၌ ပေါ်ထွက်လာခဲ့သော ဥပနိသျှဒ်ကျမ်းများကို ဝေဒန္တ(ဝေဒ နောက်ဆုံးပိုင်း)ဟု ခေါ်ကြပါသည်။

## တူညီသော ရည်ရွယ်ချက်

ဝေဒ၊ ဗြာဟ္မဏ၊ အာရညကနှင့် ဝေဒန္တ ကျမ်းတို့၏ ရည်ရွယ်ချက်မှာ တစ်ခုတည်းပင် ဖြစ်ပါသည်။ယင်းတစ်ခုတည်းမှာ အဆုံးစွန်သော အကျိုးတရားကို ရရှိမှု ဖြစ်ပါသည်။ အဆုံးစွန်သော အကျိုးကို ရရှိမှုဆိုသည်မှာ နတ်ကို သိမှု ဖြစ်ပါသည်။'ဝေဒ'ဟူသော ဝေါဟာရသည် သိခြင်းအနက်ရှိသော (ဝဒ်)ဓာတ်မှ ဆင်းသက်လာသော ဝေါဟာရ ဖြစ်ပါသည်။ဝေဒလေးပုံခေတ်တွင် မန္တန်များကို ရွတ်ဖတ် ပူဇော်ခြင်းအားဖြင့် နတ်များနှင့် ရင်းနှီးကာ နတ်များကို သိလာရသည်။နတ်များကို သိလာရသော်လည်း အဆုံးစွန်သော အကျိုးတရားများကို မရရှိချေ။ သို့ဖြစ်၍ ဝေဒများ၏ မန္တန်များကို ရွတ်ဖတ်ကာ လွယ်ကူသော ပူဇော်နည်းများဖြင့် ပူဇော်ခြင်းများကို မကျေမနပ် ဖြစ်လာသဖြင့် မန္တန်များအလိုက် ခမ်းကြီးနားကြီး ယဇ်ပူဇော်မှုကို ဗြာဟ္မဏကျမ်းများက ဖော်ထုတ်တင်ပြလာပြန်သည်။ယဇ်ပူဇော်နည်းဖြင့် နတ်များကို သိလာရသော်လည်း အဆုံးစွန်သော အကျိုးတရားကိုမူ မျှော်မှန်းသလို မရရှိပါချေ။ သို့ဖြစ်၍ ဗြာဟ္မဏကျမ်းများ၏ ယဇ်ပူဇော်မှုကို မကျေမနပ် ဖြစ်လာပြန်သောကြောင့် အာရညကနှင့် ဥပနိသျှဒ် ကျမ်းများက တရားထိုင်ခြင်းအားဖြင့် နတ် သိနည်းတစ်မျိုး တင်ပြလာခြင်း ဖြစ်ပါသည်။အာရညကနှင့် ဥပနိသျှဒ်ကျမ်းများက တင်ပြလာသော နတ်မှာ ဣန္ဒြ၊ ဝရုဏ စသော နတ်များ မဟုတ်ဘဲ ဗြဟ္မာသာ ဖြစ်ပါသည်။ ဗြဟ္မာမှာလည်း အခြားသူ မဟုတ်ဘဲ မိမိကိုယ်တိုင်(အာတ္မာ)ပင် ဖြစ်ကြောင်း ဖော်ပြလာပါသည်။ မိမိကိုယ်(အာတ္မာ)ကို သိခြင်းသည် ဗြဟ္မာကို သိခြင်းပင် ဖြစ်ပါသည်။ထို့ကြောင့် တကယ်တမ်း အသိဟူသည် ပြင်ပ ဗဟိဒ္ဓကို သိခြင်းမဟုတ်၊ အတွင်း အဇ္ဈတ္တကို သိခြင်း ဖြစ်ပါသည်။ အတွင်း အဇ္ဈတ္တဟူသော မိမိကိုယ်ကို တကယ်တမ်းသိပါက အဆုံးစွန်သော အကျိုးတရားကို မုချမသွေ ရနိုင်ပေသည်ဟု ဆိုပါသည်။ ဤသည်မှာ အာရညကနှင့် ဥပနိသျှဒ်ကျမ်းများ၏ သွန်သင်ချက် ဖြစ်ပါသည်။

## အာရညက ကျမ်းများ

ဥပနိသျှဒ်ကျမ်းများ မတိုင်မီ အာရညကကျမ်းများ ပေါ်ပေါက်ခဲ့ပါသေးသည်။ အာရညကကျမ်းများသည် တောနေ သူတော်စင်များ၏ ဆောင်ရွက်ဖွယ် ကိစ္စများ





ကို ဖော်ပြသည့်ကျမ်းများ ဖြစ်ပါသည်။ တောနေ သူတော်စင်များ၏ ဆောင်ရွက်ဖွယ် ကိစ္စများတွင် ဆရာဝတ်၊ တပည့်ဝတ် စသော ကျင့်ဝတ်များ၊ ပြတီကခေါ် 'ရည်မှန်း' ယဇ်ပူဇော်နည်းများ၊ သမထဘာဝနာ ပွားနည်းများနှင့် အခြား ဘာသာယဉ်ကျေးမှုဆိုင်ရာ ကျမ်းများ ပြုစုခြင်း လုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ အာရညကကျမ်းများနှင့် ဥပနိသျှဒ်ကျမ်းများကို ဝေဒန္တ အမည်တစ်ခုတည်းဖြင့် ခေါ်ဝေါ်ကြပါသည်။ ထို့ကြောင့် ဘာသာယုံကြည်မှု အဆင့်ဆင့် ဖြစ်ထွန်းပေါ်ပေါက်မှု သမိုင်းကို ပြောသောအခါ အာရညကခေတ်ကို ဥပနိသျှဒ်ခေတ်၌ သွင်း၍ ပြောကြခြင်း ဖြစ်ပါသည်။

ဥပနိသျှဒ်ကျမ်းများမှာ မည်မျှရှိခဲ့ဖူးသည်ဟု အတိအကျ မပြောနိုင်သော်လည်း လက်ရှိ အရေအတွက်အားဖြင့် ၁၀၈ ကျမ်း ရှိသည်ဟု ဆိုပါသည်။ ၁၀၈ ကျမ်းအနက် ၁၆ ကျမ်းမှာ အိန္ဒိယဒဿန စာပေလောကတွင် အရေးပါသည့် ကျမ်းများ ပါဝင်ပါသည်။ တစ်ဖန် ၁၆ ကျမ်းအနက် ၆ ကျမ်းကို ဗြဟ္မသုတ္တကျမ်း အဖွင့်တွင် ရှံကရာစရိယ က အကိုးကျမ်းများအနေဖြင့် အသုံးပြုပြီး ကျန် ၁၀ ကျမ်းကိုမူ တစ်ကျမ်းစီ တစ်ကျမ်းစီ အကျယ်ဖွင့်ဆို၍ ယင်းတို့၏ သီးခြား အဖွင့်ကျမ်းများကို ပြုစုခဲ့ပါသည်။ အစောဆုံးသော ဥပနိသျှဒ်ကျမ်းများကို ဘီစီ ၁၀၀၀ အထက်၌ ပြုစုခဲ့သည်ဟု ခန့်မှန်းကြပါသည်။ ဘာသာရေးဂိုဏ်းများသည် မိမိတို့၏ ဥပနိသျှဒ်ကျမ်းများကို ပြုစုခဲ့ရာ အက္ကဘာ (၁၅၄၂–၁၆၀၅) မင်း၏ ခေတ်၌ပင် 'အလ္လောပနိသျှဒ်' အမည်ဖြင့် ဥပနိသျှဒ်ကျမ်းတစ်စောင်ကို ပြုစုခဲ့သည်ဟု ဆိုကြပါသည်။ သို့ရာတွင် များသောအားဖြင့် ဥပနိသျှဒ်ကျမ်းများသည် ဗုဒ္ဓခေတ်၏ အစပိုင်း၌ အရှိန်လျော့သွားခဲ့သဖြင့် ဥပနိသျှဒ်ခေတ်၏ အဆုံးကာလနှင့် ဗုဒ္ဓခေတ်၏ အစကာလကို ထပ်တူပြု၍ ဆိုကြပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဥပနိသျှဒ်ကျမ်း၏ အတ္တဝါဒကို မကျေနပ်၍ ဗုဒ္ဓ၏ အနတ္တဝါဒ ပေါ်လာရခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဝါဒ ပေါ်ထွန်းလာသောအခါ ဥပနိသျှဒ်ဝါဒ မှေးမှိန်၍ ခုနစ်ရာစု ရှံကရာစရိယလက်ထက် ရောက်သောအခါမှ တစ်ဖန် ပြန်လည် ခေါင်းထောင် လာခဲ့ပါသည်။

ဥပနိသျှဒ်ကျမ်းများသည် အမျိုးအစား များသလောက် ဒဿနရေးရာနှင့် ပတ်သက်၍ အမြင်များလည်း တစ်ကျမ်းနှင့်တစ်ကျမ်း မတူကြပါ။ ထို မတူညီချက်ကို အခြေခံ၍ နောက်ပိုင်း ဒဿနကျမ်းများ ကွဲသွားကြခြင်း ဖြစ်ပါသည်။ ဒဿနဂိုဏ်းကွဲများ ပေါ်လာရခြင်း ဖြစ်ပါသည်။ ဒဿနဂိုဏ်းကွဲများအနက် ဥပနိသျှဒ်ကျမ်းများကိုသာ အခြေပြုသော ဝေဒန္တဂိုဏ်းသည်ပင် ဆရာ တစ်ဦးနှင့်တစ်ဦး အယူချင်း၊ အမြင်ချင်း မတူဘဲ များစွာ ငြင်းခုံလျက် ရှိကြပါသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်းခဲ့ကြသော်လည်း ဥပနိသျှဒ်ကျမ်းများ အားလုံး၏ မူရင်းအကြောင်းအရာမှာ လူသား (အတ္တ)၊ ဖန်ဆင်းရှင် (ဘုရား) နှင့် လောက ဤသုံးပါးတို့ပင် ဖြစ်ကြပါသည်။ 'လောက၊ လူသား၊ ဘုရား' ဤသုံးပါးတို့သည် တစ်ခုတည်းသော၊ သုံးခုသောဟု အငြင်းပွားၡ၍ ကွဲပြားကြခြင်းသာ ဖြစ်ပါသည်။

ဥပနိသျှဒ်ကျမ်းများသည် 'လောက၊ လူသား၊ ဘုရား' ဤသုံးပါးကို ဦးတည်သော်လည်း ဗုဒ္ဓပိဋကတ်တော်တွင် လာရှိသော အဝိဇ္ဇာ၊ တဏှာ၊ ကံ စသော ဝေါဟာရများနှင့် ယင်းတို့ အနက်များကိုပါ ဖွင့်ဆိုဖော်ပြလျက် ရှိပါသည်။ ထိုသို့ ဖွင့်ဆို ဖော်ပြရာတွင် ဥပနိသျှဒ်ကျမ်းများက အတ္တ ဦးတည်ချက်ဖြင့် ဖော်ပြပြီး ဗုဒ္ဓ ပိဋကတ်တော်များက အနတ္တ ဦးတည်ချက်ဖြင့် ဖော်ပြကြပါသည်။ ဦးတည်ချက်ချင်း ခြားနားစေကာမူ ဝေါဟာရမှာ အတူတူပင် ဖြစ်သဖြင့် ဥပနိသျှဒ်နှင့် ပိဋကတ်တို့ ရောထွေးယှက်တင် ဖြစ်သွားနိုင်ဖွယ် ရှိပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဝါဒ ဖြစ်ထွန်းပေါ်ပေါက်လာပုံကို ပိုမို၍ အမြင် ရှင်းစေရန် ဥပနိသျှဒ်ကျမ်းများ၏ အဆိုအမိန့်ကို အထိုက်အလျောက် သိထားဖို့ လိုအပ်ပါသည်။

## ဒုက္ခ

ဥပနိသျှဒ်ကျမ်းများ၌ ဒုက္ခကို ဖော်ပြထားပါသည်။ ဥပနိသျှဒ်ကျမ်းများ၌ ဖော်ပြထားသော ဒုက္ခသည် ယခု လူတို့က ဒုက္ခအဖြစ် သိသော ဒုက္ခ မဟုတ်။ ယခု လူတို့က သုခအဖြစ် သိသော ဒုက္ခဖြစ်သည်။ လောကချမ်းသာများသည် စင်စစ် အားဖြင့် ဒုက္ခသာဖြစ်ကြောင်းကို ကဌဥပနိသျှဒ်ကျမ်း၌ ဤသို့ ဖော်ပြထားပါသည်။

နစိကေတာ

–ယမမင်း၊ လူသေသောအခါ ဘာမျှ မကျန်ရှိ (နတ္ထိ)ဟု အချို့က ဆိုကြပါသည်။ ကျန်ရှိသေးသည် (အတ္ထိ) ဟုလည်း အချို့က ဆိုကြပါသည်။ ဤအရာနှင့် ပတ်သက်၍ ယုံမှားခြင်း (ဝိစိကိစ္ဆာ) ရှိပါသည်။ သင်သည် ကျွန်ုပ်အား 'ရှိ၊ မရှိ'နှင့် ပတ်သက်၍ တရားကို ဟောပါလော့။ ဤသည်မှာ ကျွန်ုပ် တောင်းသည့် တတိယဆု ဖြစ်ပါသည်။

ယမမင်း

–နစိ ကေတာ၊ ဤတရားသည် သိမ်မွေ့၏။ သိရန်မလွယ်။ ရှေးအခါက နတ်များသည်ပင် 'ရှိ၊ မရှိ' နှင့် ပတ်သက်၍ ယုံမှားခြင်း ဖြစ်ခဲ့ကြ၏။ သို့ဖြစ်၍ အခြားဆုကိုသာ တောင်းပါလော့။ ဤဆုကို မတောင်းပါလင့်။





နစိကေတာ

–ယမမင်း၊ နတ်များသည်ပင် 'ရှိ၊ မရှိ' နှင့် ပတ်သက်၍ ယုံမှားခြင်း ဖြစ်ခဲ့ကြ၏။ သိမ်မွေ့၏။ သိရန် မလွယ်ဟု သင် ဆိုပါသည်။ ထို့ကြောင့် အမှန်အားဖြင့် သင်နှင့်တူသော အခြားဆရာကို မရအပ်ပါ။ ဤဆုနှင့် တူသော အခြားဆုလည်း မရှိပါ။

ယမမင်း

–နစိ ကေတာ၊ သင်၏ သားမြေးတို့ အသက်ရာကျော် ရှည်စေရန် ဆုတောင်းပါလော့။ ဆင်၊ မြင်း၊ ကျွဲ၊ နွားတို့ ပေါများစေရန် ဆုတောင်းပါလော့။ ဤကမ္ဘာမြေထက် ကျယ်ဝန်းသော တိုင်းနိုင်ငံကို ပိုင်စေရန် ဆုတောင်းပါလော့။ ကိုယ်တိုင်လည်း အသက် ရှည်လိုသလောက် ရှည်စေရန် ဆုတောင်းပါလော့။

–နစိ ကေတာ၊ ထိုဆုနှင့်တူသော ဆုကို အကယ်၍ စဉ်းစားနိုင်လျှင် ထိုဆုကို တောင်းပါလော့။ စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေများနှင့်တကွ အသက်ရှည်မှုကို တောင်းပါလော့။ ဤမဟာမြေပြင်၌ ကေရာဇ်မင်းအဖြစ်ကို တောင်းပါလော့။ သင့်ကို လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့၏ ပိုင်ရှင်အဖြစ် ကျွန်ုပ် ပြုလုပ်ပါအံ့။

–နစိ ကေတာ၊ ဤလောက၌ လူသားတို့ မရကောင်းကုန်သော စည်းစိမ်ဥစ္စာတို့သည် ရှိပါကုန်၏။ ထိုစည်းစိမ်ဥစ္စာတို့ကို ဆန္ဒရှိသလို တောင်းပါလော့။ ယာဉ်ရထားနှင့်တကွကုန်သော၊ တူရိယာနှင့်တကွကုန်သော နတ်သမီးတို့သည် ရှိပါကုန်၏။ ထိုနတ်သမီးတို့ကို လူသားတို့သည် မရနိုင်ကုန်။ ထိုနတ်သမီးတို့ကို သင့်အား ကျွန်ုပ် ပေးပါအံ့။ ကျွန်ုပ်ပေးသော နတ်သမီးတို့ကို သင်၏ အလုပ်အကျွေးအဖြစ် အသုံးပြုပါလော့။

–နစိ ကေတာ၊ သေခြင်းနှင့် ပတ်သက်၍ 'ရှိ၊ မရှိ' ဟူသော မေးခွန်းကို ကျွန်ုပ်အား မမေးပါလင့်။

နစိကေတာ

–ယမမင်း၊ လောကစည်းစိမ် ဟူသမျှတို့သည် ခဏမျှသာ တည်နိုင်ကုန်၏။ ဣန္ဒြေအားလုံးတို့၏ ထက်မြက်မှုသည် ရင့်ရော်ခြင်းသို့ ရောက်ရပါ၏။ ဘဝဟူသည်လည်း တိုတောင်းပါ၏။ သို့ဖြစ်၍ သင် ပေးမည့် တူရိယာ၊ ရထား၊ နတ်သမီးများသည် သင့်အတွက်သာ ဖြစ်ပါစေကုန်လော့။

–ယမမင်း၊ လူသားသည် စည်းစိမ်ဥစ္စာ ရတနာများနှင့် ရောင့်ရဲသည်ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ ကျွန်ုပ်တို့သည် သင် ယမမင်းကို မြင်နေကြရမည် ဆိုပါလျှင်၊ သင် ယမမင်း၏ ခွင့်ပြုချက်အရသာ အသက်ရှင်နေကြရမည် ဆိုပါလျှင် ကျွန်ုပ်တို့သည် စည်းစိမ်ဥစ္စာ ရတနာများကို အဘယ်သို့လျှင် ရယူလို ချိမ့်မည်နည်း၊ ခံစားလိုချိမ့်မည်နည်း။

–ယမမင်း၊ မအိုရာ မသေရာသို့ ချဉ်းကပ်ပြီးနောက် အိုတတ် သေတတ်သော၊ ပညာနှင့်ပြည့်စုံသော အဘယ်မည်သော လူသားသည် အဆင်းလှခြင်း၊ နှစ်သက်ခြင်း၊ မွေ့လျော် ပျော်ပါးခြင်းတို့ကို အဘိဈ္ဈာပွားလျက် မိမိ၏ အသက်ရှည်မှု၌ ပျော်ပိုက် နိုင်ပါအံ့နည်း။

–ယမမင်း၊ 'သေပြီးနောက် သတ္တဝါသည် ရှိသေးသလော၊ မရှိသလော' ဟူ၍ ပရလောကနှင့် ပတ်သက်ပြီး အမျိုးမျိုးသော ယုံမှားခြင်း (ဝိစိကိစ္ဆာ) တို့သည် ဖြစ်ကြပါကုန်၏။ ထိုနှင့်ပတ်သက်၍ ကျွန်ုပ်အား ဟောကြားပါလော့။ ဤဆုသည် နက်နဲပါ၏။ သိနိုင်ခဲပါ၏။ ထို့ကြောင့် ကျွန်ုပ် နစိကေတာသည် ဤဆုကိုသာ တောင်းပါ၏။ အခြားဆုကို မတောင်းပါ။

(ကဌ–၁၊ ၂၀–၂၉)

ယမမင်း

–နစိကေတာ၊ မြင့်မြတ်ခြင်း (သေယျ)သည် တစ်မျိုး ဖြစ်၏။ နှစ်သက်ဖွယ်ကောင်းခြင်း၊ (ပိယ) သည် တစ်မျိုး ဖြစ်၏။ ထိုနှစ်မျိုးတို့သည် အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်သော သဘော ရှိကုန်၏။ လူသားတို့သည် မိမိတို့ ဆန္ဒအလျောက် ရွေးချယ်ကြကုန်၏။ ထိုနှစ်မျိုးတို့တွင် 'သေယျ' ကို ရွေးချယ်သူသည် လောကုတ္တရာ အစီးအပွားနှင့် ပြည့်စုံ၏။ 'ပိယ' ကို ရွေးချယ်သူသည် လောကုတ္တရာ အစီးအပွားမှ ယုတ်၏။

(ကဌ–၂၊ ၁)

ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် လောကနှင့် လောကလွန် တရားတို့ကို စဉ်းစားခဲ့ကြပါသည်။ ထိုသို့ စဉ်းစားရာတွင် 'သေခြင်း' နှင့် 'မသေခြင်း' တို့ကို အခြေပြု၍ စဉ်းစားကြခြင်း ဖြစ်ပါသည်။ 'သေခြင်း' နှင့် 'မသေခြင်း' တို့တွင် မမြဲခြင်း 'အနိစ္စ' နှင့် မြဲခြင်း 'နိစ္စ' သဘောတို့ ပါဝင်ကြပါသည်။ သေခြင်းနှင့် မသေခြင်း သို့မဟုတ် မမြဲခြင်းနှင့် မြဲခြင်းတို့ကို ခွဲခြား၍ သိနိုင်ရန် ကြိုးစားခဲ့ကြပါသည်။ ထိုသို့ ခွဲခြား၍ သိနိုင်သော ဉာဏ်ကို 'ဝိဝေက' ဟု ခေါ်ပြီး ခွဲခြား၍ သိနိုင်သူကို 'ဝိဝေကီ' ဟု ခေါ်ကြပါသည်။ ထို့ကြောင့် ဝိဝေက (ခွဲခြား၍ သိခြင်း) နှင့် ဝိဝေကီ (ခွဲခြား၍ သိသူ) ဟူသော ဝေါဟာရတို့သည် အိန္ဒိယ ဒဿနကျမ်းများ၌ လေးနက်သော အဓိပ္ပာယ်ကို ဆောင်သည့် ဝေါဟာရများ ဖြစ်လာကြပါသည်။





ယညဝါကျရသေ့နှင့် သူ့ဇနီး မေတ္တေယျီတို့သည် လောကနှင့် လောကလွန် တရားများကို ဤကဲ့သို့ စဉ်းစားခဲ့ကြကြောင်း ဗြိဟာဒါရညကဥပနိသျှဒ်ကျမ်း၊ ဒုတိယ ကဏ္ဍ၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ယညဝါကျ

–မေတ္တေယျီ၊ ငါသည် အိမ်ရာတည်ထောင် ဤလူ့ဘောင်မှ ထွက်ခွာ၍ သိမ်းကျောင်း (သညာသအဿမ) ၌ နေကာ အကျင့်မြတ်ကို ကျင့်လိုပါသည်။ ငါ၏ ဒုတိယဇနီး ကာတျာယနီနှင့်အတူ သင့်အား စည်းစိမ်ဥစ္စာများကို ခွဲဝေပေးပါအံ့။

မေတ္တေယျီ

–အရှင်ယညဝါကျ၊ စည်းစိမ်ဥစ္စာ ရတနာများနှင့်တကွ ဤမဟာပထဝီ မြေပြင်သည် ကျွန်ုပ်ပိုင် ဖြစ်ခဲ့သော် ထိုပိုင်ဆိုင်မှုကြောင့် ကျွန်ုပ်သည် မသေခြင်း (အမတ) ကို ရနိုင်ပါမည်လော။

ယညဝါကျ

–မေတ္တေယျီ၊ ထိုကဲ့သို့ကား မဖြစ်နိုင်ပါ။ ချမ်းသာကြွယ်ဝသူတို့၏ ဘဝသည် ဖြစ်သကဲ့သို့ သင်၏ဘဝသည် ဖြစ်ပေလိမ့်မည်။ စည်းစိမ်ဥစ္စာဖြင့် မသေခြင်း (အမတ) ကို ရယူနိုင်ကောင်း၏ ဟူသော မျှော်လင့်ချက် (အာသာ) ဟူသည် မဖြစ်ကောင်းပေ။

(ဗြိဟဒ်–၂၊ ၄၊ ၁–၂)

## ဥပနိသျှဒ်၏ ဒုက္ခအမြင်

ဤလောကသည် အသွင်သဏ္ဌာန်မျှသာ ဖြစ်သည်။ အမှန်တကယ် မဟုတ်။ အသွင်သဏ္ဌာန်ဖြစ်၍သာ ဖြစ်ခြင်း၊ ပျက်ခြင်းတို့၏ လွှမ်းမိုးနှိပ်စက်ခြင်းကို ခံရခြင်း ဖြစ်သည်။ အကယ်၍ အမှန်တကယ် ဖြစ်ဘိမူ ထိုကဲ့သို့ ဖြစ်ခြင်း၊ ပျက်ခြင်းတို့၏ လွှမ်းမိုး နှိပ်စက်ခြင်းကို ခံရဖွယ် မရှိ။ သို့ရာတွင် အသွင်သဏ္ဌာန်၏ နောက်ကွယ်၌ အမှန်တကယ်တရားသည် မုချပင် ရှိသည်။ ဤသို့ ဥပနိသျှဒ်ခေတ် ပညာရှင်များက ယုံကြည်ခဲ့ကြပါသည်။

အသွင်သဏ္ဌာန်နှင့် အမှန်တကယ်ကို ခွဲခြား၍လည်း ခေါ်ကြပါသည်။ အသွင်သဏ္ဌာန်ကို လောကဟု ခေါ်ပြီး အမှန်တကယ်ကို ဗြဟ္မာဟု ခေါ်ကြပါသည်။ လောကသည် မိစ္ဆာဖြစ်၍ ဗြဟ္မာသည် သစ္စာဖြစ်ကြောင်းလည်း ဆိုကြပါသည်။ လောကသည် သေတတ်၍ ဗြဟ္မာသည် မသေတတ်ဟူ၍လည်း ဆိုကြပါသည်။ ဤသို့လျှင် သူတို့သည် သေခြင်းနှင့် မသေခြင်းကို နားလည်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သဘောပေါက်ကြပါသည်။ သေခြင်းကို ဒုက္ခဟု ခံယူပြီး မသေခြင်းကို သုခဟု ခံယူကြပါသည်။ အမှန်အားဖြင့် လောကတစ်ခုလုံးသည် ဒုက္ခဖြစ်ကြောင်း သူတို့ သတ်မှတ်ပြီး ဖြစ်ပါသည်။ ယုံကြည်ပြီး ဖြစ်ပါသည်။

အသွင်သဏ္ဌာန်နှင့် အမှန်တကယ် သို့မဟုတ် လောကနှင့် ဗြဟ္မာကို ခွဲခြား၍ သိမှုသည် အသိဉာဏ်နယ်ပယ်၌ ကြီးမားသော အောင်မြင်မှု တစ်ရပ်ဟု ဆိုကြပါသည်။ ခေါမပညာရှိ 'Parmenides'နှင့် 'Plato'တို့သည် လည်းကောင်း၊ ဂျာမန်ပညာရှိ 'Kant'နှင့် 'Schopenhauer'တို့သည် လည်းကောင်း ဤကဲ့သို့ပင် သစ္စာ၏အရိပ်နှင့် သစ္စာကို ခွဲခြား သိခဲ့ကြသည်ဟု ဆိုကြပါသည်။ သို့ရာတွင် အိန္ဒိယ၊ ခေါမနှင့် ဂျာမန်တို့၏ အသိများသည် တစ်ဦးနှင့်တစ်ဦး အဆက်အစပ် ရှိလေသလား၊ သီးခြားစီ ဖြစ်လေသလား ဟူသော အချက်ကိုမူ တိတိကျကျ ဆိုရန် ခက်မည် ထင်ပါသည်။

ဥပနိသျှဒ်ကျမ်းများ၌ လောကကို ဒုက္ခဟု သတ်မှတ်ကြောင်း တွေ့ရပါသည်။ထိုကဲ့သို့ သတ်မှတ်ခြင်းမှာ အမြဲတစေ ပြောင်းလဲနေသည့် သဘော၊ မမြဲခြင်း သဘော၊ သေခြင်း သဘောတို့ကို အကြောင်းပြု၍ သတ်မှတ်ခြင်း ဖြစ်သဖြင့် 'ဒုက္ခ ဒုက္ခ' (လက်တွေ့ဆင်းရဲ) နှင့် 'ဝိပရိဏာမ ဒုက္ခ' (အသွင်ပြောင်း ဆင်းရဲ) အဆင့်မျိုးသာ ဖြစ်ပါသည်။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အမြဲတစေ 'ဖြစ်၊ တည်၊ ပျက်'(သင်္ခါရ ဒုက္ခ) အဆင့်မျိုး မဟုတ်ပါ။ တစ်နည်းအားဖြင့် ဆိုရလျှင် ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် လောကကို ဒုက္ခသာမန် အနေဖြင့်သာ မြင်ကြပြီး ဒုက္ခသစ္စာ အနေဖြင့် မမြင်ကြသေးကြောင်း တွေ့ရပါသည်။ ထို့အပြင် ဥပနိသျှဒ်ကျမ်းများ၌ သစ္စာတရားအနေဖြင့် ဗြဟ္မာတစ်မျိုးတည်းကိုသာ သတ်မှတ်ပြီး ဗြဟ္မာမှတစ်ပါး ကျန်တရားများ အားလုံးကို မိစ္ဆာတရားအနေဖြင့် သတ်မှတ်ထားသောကြောင့် ဗုဒ္ဓစာပေ၌ကဲ့သို့ သစ္စာလေးပါး မရှိဘဲ သစ္စာတစ်ပါးသာ ရှိပါသည်။ ဥပနိသျှဒ်ကျမ်းများ၏ သစ္စာတစ်ပါး အယူသည် နောင် မဟာယာနကျမ်းများ၌ပါ လွှမ်းမိုးသွားကြောင်း တွေ့ရပါသည်။

## ဒုက္ခ၏အကြောင်း (တဏှာနှင့် အဝိဇ္ဇာ)

ဥပနိသျှဒ်ကျမ်းများ၌ ဒုက္ခ၏အကြောင်းကို တဏှာအဖြစ် မဖော်ပြဘဲ အဝိဇ္ဇာအဖြစ်သာ ဖော်ပြကြပါသည်။ ထို့အပြင် တဏှာဟူသော အသုံးအနှုန်းသည်လည်း များစွာ နည်းပါးပြီး ယင်းအစား ကာမ ဟူသော အသုံးအနှုန်းသာ တွင်ကျယ်ကြောင်း တွေ့ရပါသည်။ ဝေဒခေတ်၌ 'တဏှာ' ဟူသော ဝေါဟာရ၏ အနက်မှာ 'ရေဆာခြင်း' သာ ဖြစ်ပါသည်။ ဥပနိသျှဒ်ခေတ်၌မူ 'တဏှာ' ဟူသော ဝေါဟာရ





ကာ မရှိသလောက် ရှားပါးပြီး နောက်ပိုင်း သက္ကတစာပေခေတ်၌သာ ယင်းဝေါဟာရကို ဆန္ဒ အဓိပ္ပာယ်ဖြင့် သုံးနှုန်းကြောင်း တွေ့ရပါသည်။ သို့ရာတွင် ကာမ ကို တဏှာအဓိပ္ပာယ်ဖြင့် သုံးနှုန်းတတ်ကြကြောင်း ဤသို့ တွေ့ရပါသည်။

> အထော ခလွာဟုး ကာမမယး ဧဝါယံ ပုရုပး ဣတိ သ ယထာကာ မော ဘဝတိ တတ်ကြတုဘဝတိ၊ ယတ်ကြတုဘဝတိ တက် ကမ် ကုရုတေ၊ ယတ် ကမ် ကုရုတေ တဒဘိသံပဒျတေ။
>
> (အထော၊ ထို့ပြင်။ ခလု၊ စင်စစ်။ အယံ ပုရုပး၊ ဤလူသားသည်။ ကာမမယော ဧဝ၊ ကာမဖြင့် ထုလုပ်အပ်သော ကာမရုပ်တုသာတည်း။ ဣတိ၊ ဤသို့။ အာဟုး၊ ဆိုကြကုန်၏။ သော၊ ထိုလူသားသည်။ ယထာကာမော၊ အကြင်သို့သော ဆန္ဒရှိသည်။ ဘဝတိ၊ ဖြစ်၏။ တတ်ကြတုး၊ ထိုဆန္ဒနှင့် လျော်ညီသော ကြံစည်မှုသည်။ ဘဝတိး၊ ဖြစ်၏။ ယတ် ကြတုး၊ အကြင်ကြံစည်မှုသည်။ ဘဝတိ၊ ဖြစ်၏။ တတ် ကမ်၊ ထို ကြံစည်မှုနှင့် လျော်ညီသော ကံကို။ ကုရုတေ၊ ပြု၏။ ယတ် ကမ်၊ အကြင်ကံကို။ ကုရုတေ၊ ပြု၏။ တဒဘိသံပဒျတေ၊ ထိုပြုသော ကံနှင့် လျော်ညီစွာ ဖြစ်ပေါ်လာရ၏။ )
>
> (ဗြိဟဒ်-၄၊ ၄၊ ၅)

ဤ အဆိုအမိန့်အရ အကျိုးပေးတစ်ခုနှင့် ပတ်သက်၍ အဆင့် သုံးဆင့် သတ်မှတ်ထားကြောင်း တွေ့ရသည်။ ထိုအဆင့် သုံးဆင့်အနက် ပထမအဆင့်မှာ အလိုဆန္ဒ (ကာမ) အဆင့် ဖြစ်သည်။ ဒုတိယအဆင့်မှာ အလိုဆန္ဒနှင့် လျော်ညီစွာ ကြံစည်မှု (ကြတု) အဆင့် ဖြစ်သည်။ တတိယအဆင့်မှာ ကြံစည်သည့်အတိုင်း ဆောင်ရွက်မှု (ကမ္မ) အဆင့် ဖြစ်သည်။ ထိုအဆင့် သုံးဆင့် ပြည့်စုံသော အခါမှသာ အကျိုးပေးမှု (ဖလ) သဘော ပေါ်ပေါက်လာသည်။ ဤသို့လျှင် ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် သမုဒယသစ္စာထိုက်သည့် ကာမကို မသိသေးစေကာမူ ကာမ သဘောကိုမူ နားလည် သဘောပေါက်ကြပါသည်။

## တရား နှစ်မျိုး

ဥပနိသျှဒ်ခေတ် ပညာရှင်တို့၏ အဆိုအရ တရားနှစ်မျိုး ရှိပါသည်။ တစ်မျိုးမှာ ဗြဟ္မာဖြစ်၍ အခြားတစ်မျိုးမှာ လောက ဖြစ်ပါသည်။ ဗြဟ္မာကို အာတ္မာ (အတ္တ) ဟူ၍လည်းကောင်း၊ လောကကို မာယာ ဟူ၍လည်းကောင်း ခေါ်ကြပါသေးသည်။ ဗြဟ္မာနှင့် အတ္တမှာ အတူတူပင် ဖြစ်သော်လည်း ဗြဟ္မာသည် ဗဟိဒ္ဓ ကိုးကွယ်စရာ သဘောကို ရည်ညွှန်း၍ အတ္တသည် အဇ္ဈတ္တကိုးကွယ်သူ သဘောကို ရည်ညွှန်းပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုနည်းအတူ လောကနှင့် မာယာမှာလည်း အတူတူပင် ဖြစ်ပါသည်။ သို့ရာတွင် လောကသည် အမြဲတစေ ဖြစ်၊ ပျက်၊ ပြောင်းလဲနေသည့် သဘောကို ရည်ညွှန်း၍ မာယာသည် အထည်ကိုယ် အစိုင်အခဲ မဟုတ်ပါဘဲလျက် အထည်ကိုယ် အစိုင်အခဲ ဖြစ်လေဟန် လှည့်စားခြင်း သဘောကို ရည်ညွှန်းပါသည်။

ထိုတရားနှစ်မျိုးတွင် ဗြဟ္မာသည် အမှန်ရှိတရားဖြစ်၍ လောကသည် အထင်ရှိတရား ဖြစ်ပါသည်။ အထင်ရှိတရားဆိုသည်မှာ အမှန်မရှိပါဘဲလျက် အမှန်ရှိသကဲ့သို့ ထင်ရခြင်း ဖြစ်ပါသည်။ ယင်း အထင်ရှိသဘောကိုပင် အသွင်သဏ္ဍာန် ဟူ၍လည်းကောင်း၊ အရိပ် ဟူ၍လည်းကောင်း ခေါ်ကြပါသည်။ တရားကိုယ်အားဖြင့် စိစစ်လျှင် ထိုတရား နှစ်မျိုးသည် တကယ် နှစ်မျိုး မဟုတ်ဘဲ တစ်မျိုးတည်းသာ ဖြစ်ပါသည်။ ယင်း တစ်မျိုးတည်းမှာ ဗြဟ္မာ ဖြစ်ပါသည်။ သို့ရာတွင် တစ်မျိုးတည်းကို တစ်မျိုးတည်းမှန်း မသိဘဲ အမျိုးမျိုးအဖြစ် သိခြင်းသည် အဝိဇ္ဇာ ဖြစ်သည်ဟု ဥပနိသျှဒ်ကျမ်းများက ဆိုပါသည်။

ဤလောကတွင် ကျွန်ုပ်တို့၏ အတွေ့အကြုံအရ အသီးများကိုလည်း တွေ့ပါသည်။ အပွင့်များကိုလည်း တွေ့ပါသည်။ အရွက်များကိုလည်း တွေ့ပါသည်။ သို့ရာတွင် ထို အသီး၊ အပွင့်၊ အရွက်များသည် သီးခြား လွတ်လပ်စွာ တကယ် မရှိကြပါ။ သီးခြား လွတ်လပ်စွာ တကယ်ရှိသည့် အရာမှာ အပင်သာ ဖြစ်ပါသည်။ အသီး၊ အပွင့်၊ အရွက်များသည် အပင်ကို မှီ၍ ရှိကြရခြင်း ဖြစ်ပါသည်။ အကယ်၍ အပင်သာ မရှိလျှင် အသီး၊ အပွင့်၊ အရွက် ဟူ၍ ရှိနိုင်တော့မည် မဟုတ်ပါ။ ဤဥပမာအတိုင်းပင် လောကသည် ဗြဟ္မာကို မှီ၍ ရှိရခြင်း ဖြစ်ပါသည်။ အကယ်၍ ဗြဟ္မာသာ မရှိလျှင် လောကသည်လည်း ရှိနိုင်တော့မည် မဟုတ်ပါ။ သို့ပါလျက် ကျွန်ုပ်တို့သည် အသီး၊ အပွင့်၊ အရွက်တို့ကို အပင်အဖြစ် မသိသကဲ့သို့ လောကကိုလည်း ဗြဟ္မာအဖြစ် မသိကြပါ။ ဤသို့ မသိခြင်းသည်ပင် အဝိဇ္ဇာဖြစ်သည် ဟု ဥပနိသျှဒ်ကျမ်းများက ဆိုကြပါသည်။

အဝိဇ္ဇာ၏ မူလအနက်မှာ မသိခြင်း (အပြတိပတ္တိ) ဖြစ်ပါသည်။ ထိုနောက်မှ အနက်နယ်နိမိတ် ကျယ်ဝန်းလာပြီး အမှားကို သိခြင်း (မိဏျာပြတိပတ္တိ) ဟူ၍လည်းကောင်း၊ ဖောက်ပြန်စွာ သိခြင်း (ဝိပြတိပတ္တိ) ဟူ၍လည်းကောင်း ဖြစ်လာပါသည်။ ဤသဘောကို ဣရုဝေဒ (၁၀၊ ၈၁၊ ၁) ၌ ပထမ (မူလသဘော) ကို ဖုံးကွယ်ခြင်း (ပြထမဆောဒ်) ဟု သုံးနှုန်းကြောင်း တွေ့ရပါသည်။ ဤနေရာ၌ ဗြဟ္မာ၏ မူလသဘောကို ဖုံးကွယ်ခြင်း ဆိုသည်မှာ ဗြဟ္မာကို ဗြဟ္မာအဖြစ် မသိခြင်း ဖြစ်ပါသည်။ ဗြဟ္မာကို ဗြဟ္မာမှန်း မသိခြင်းသည် အဝိဇ္ဇာ၏





ပထမဦး ဆုံးအနက် ဖြစ်ပါသည်။ ထိုနောက် ဗြိဟဒါရဏျကဥပနိသျှဒ် (၁၊၆၊၃) ၌ ဤသို့ ဖော်ပြသော ကြောင်း တွေ့ရပါသည်။

အမြိတံ သတျေန ဆန္နံ၊ ပြာဏော ဝါ အမြိတံ၊ နာမရူပေ သတျံ၊ တာဘျာံ အယံ ပြာဏး ဆန္နး။

(အမြိတံ၊ အမြိုက်သည်။ သတျေန၊ လောကသစ္စာနှင့်။ ဆန္နံ၊ ဖုံးကွယ်၏။ ဝါ၊ တစ်နည်းအားဖြင့်။ ပြာဏော၊ ဗြဟ္မာသည်။ အမြိတံ၊ မသေတတ်သော အမြိုက်တည်း။ နာမရူပေ၊ အမည်နှင့်အသွင်တို့သည်။ သတျံ၊ လောကသစ္စာကည်း။ အယံ ပြာဏး၊ ဤဗြဟ္မာသည်။ တာဘျာံ၊ ထိုအမည်နှင့် အသွင်တည်းဟူသော လောကသစ္စာတို့ဖြင့်။ ဆန္နး၊ ဖုံးကွယ်၏။)

ဤနေရာ၌ ပရမတ္ထသစ္စာနှင့် လောကသစ္စာတို့ကို ခွဲခြား၍ ဖော်ပြထားပါသည်။ ဗြဟ္မာသည် ပရမတ္ထသစ္စာ ဖြစ်၍ အမည်နှင့် အသွင်သဏ္ဍာန်တို့သည် လောကသစ္စာများ ဖြစ်ကြပါသည်။ အမည်နှင့် အသွင်သဏ္ဍာန် တည်းဟူသော လောကသစ္စာများ ဖုံးကွယ်ထားမှုကြောင့် ဗြဟ္မာကို ဗြဟ္မာမှန်း မသိတော့ဘဲ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည်ဖြင့် ဖောက်ပြန်စွာ သိလာကြပါသည်။ အမှားကို သိလာကြပါသည်။ ဤသည်မှာ အဝိဇ္ဇာ၏ နောက်ပိုင်းအနက် ဖြစ်ပါသည်။ ဤသို့လျှင် အဝိဇ္ဇာဟူသော ဝေါဟာရသည် အတ္ထာတိသယနည်းဖြင့် မသိခြင်းဟူသော ဝေဒခေတ်အနက်မှ အမှားကို သိခြင်းနှင့် တလွဲတချော်သိခြင်း ဟူသော ဥပနိသျှဒ်ခေတ် အနက်တို့ကို တိုးချဲ့ဟောလာခဲ့ပါသည်။

## အဝိဇ္ဇာ

အဝိဇ္ဇာ၏ အနက်ကို ပေါင်းရုံး၍ ဥပနိသျှဒ်ကျမ်းများတွင် ဤသို့ ရှင်းပြကြပါသည်။ အဝိဇ္ဇာဆိုသည်မှာ တလွဲတချော်သိခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဆိုဟာ မဟုတ်ဘဲလျက် ထိုဟာဟု သိခြင်း (အတသ္မိံ တံဗုဒ္ဓိ) ဖြစ်သည်။ ကျွန်ုပ်တို့သည် ကြိုးကို မြင်ပါလျက် ကြိုးအဖြစ် မသိဘဲ မြွေအဖြစ် သိသည်။ အမှန်အားဖြင့် ကြိုးသည် ကြိုးသာဖြစ်သည်။ မြွေ မဟုတ်။ သို့ရာတွင် သိသူက ကြိုးကို ကြိုးအဖြစ် မသိဘဲ မြွေအဖြစ် သိသည်။ ထို့ကြောင့် အဝိဇ္ဇာဆိုသည်မှာ ထိုဟာ မဟုတ်ဘဲလျက် ထိုဟာဟု သိခြင်းမျိုး ဖြစ်ကြောင်း ဆိုကြခြင်း ဖြစ်ပါသည်။ [အတသ္မိံ၊ မြွေမဟုတ်သော ကြိုး၌။ တံ ဗုဒ္ဓိ၊ မြွေဟု သိခြင်း။]

ကြိုးနှင့် မြွေ ဥပမာအတိုင်း ဗြဟ္မာနှင့် လောကသည် အချင်းချင်း ခြားနား သည်။ သို့ရာတွင် ဗြဟ္မာကို ဗြဟ္မာအဖြစ် မသိဘဲ လောကအဖြစ်သာ သိကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤသို့ သိခြင်းသည် အဝိဇ္ဇာ ဖြစ်ပါသည်။ ဤအဝိဇ္ဇာကြောင့် ဗြဟ္မာစင်စစ်က လောကဖြစ်နေရခြင်း ဖြစ်ပါသည်။ ကြိုးစင်စစ်က မြွေ ဖြစ်နေရသည့် သဘောမျိုး ဖြစ်ပါသည်။ ကြိုးကို မြွေဟု အထင်မှားနေသမျှ ကာလပတ်လုံး မြွေနှင့် ပတ်သက်သည့် ကြောက်ခြင်း၊ လန့်ခုန်ခြင်း စသည့် ခံစားမှုများ ရှိနေရသကဲ့သို့ ဗြဟ္မာကို လောကဟု ထင်နေသမျှ ကာလပတ်လုံး လောကနှင့် ပတ်သက်သည့် ချစ်ခြင်း၊ မုန်းခြင်း စသည့် ခံစားမှု ရှိနေမည်သာ ဖြစ်ပါသည်။ သို့ဖြစ်၍သာ ကျွန်ုပ်တို့သည် ဆင်းရဲနေခြင်း ဖြစ်ပါသည်။

အကယ်၍ ကျွန်ုပ်တို့သည် ကြိုးကို မြွေမဟုတ်မှန်း သိသည်နှင့် တစ်ပြိုင်နက် ကြောက်ခြင်း ၊ လန့်ခြင်း စသည့် ခံစားမှုများ ကင်းဝေးပြီး ငြိမ်းချမ်းမှု ရသွားသကဲ့သို့ ဗြဟ္မာကို လောကမဟုတ်မှန်း သိသည်နှင့် တစ်ပြိုင်နက် စိုးရိမ်ပူပန်မှုများမှ ကင်းဝေးပြီး ငြိမ်းချမ်းမှု ရသွားမည် ဖြစ်ပါသည်။ သို့ဖြစ်လေရာ ငြိမ်းချမ်းမှု မရခြင်းသည် အထင်မှားခြင်း၊ အသိမှားခြင်း၊ ထိုဟာ မဟုတ်ဘဲလျက် ထိုဟာဟု သိခြင်း အဝိဇ္ဇာ၏ လက်ချက်ပင် ဖြစ်ပါသည်။

ဤအဖွင့်ကျမ်းများ၏ အလိုအရ လောက၌ ကျွန်ုပ်တို့ တွေ့ကြုံသိရှိ ခံစားမှု မှန်သမျှသည် ကောင်းကောင်းဆိုးဆိုး အားလုံး လောက သဘော ရှိသောကြောင့် အဝိဇ္ဇာချည်းသာ ဖြစ်ပါသည်။ သိစရာ အာရုံ၊ သိတတ်သူ ဟူ၍ အောက်တစ်ဆုံး နှစ်မျိုးရှိကြောင်း ယုံကြည်နေသမျှ ကာလပတ်လုံး တစ်ခုနှင့်တစ်ခု မှားယွင်းခြင်း သို့မဟုတ် ထိုဟာ မဟုတ်ဘဲလျက် ထိုဟာဟု သိခြင်း ရှိနေမည်သာ ဖြစ်ပါသည်။ နှစ်မျိုး မရှိဘဲ တစ်မျိုးတည်းရှိမှ တစ်ခုနှင့်တစ်ခု မှားယွင်း၍ မရနိုင်တော့သည့်အတွက် အဝိဇ္ဇာမှ လွတ်မြောက်သည်ဟု ဆိုပါသည်။ သို့မဟုတ် ဗြဟ္မဉာဏ်ကို ရသည်ဟု ဆိုပါသည်။ ဗြဟ္မဉာဏ် ရသည်ဆိုသည်မှာ အားလုံး လောကဟူ၍ မရှိတော့ဘဲ ဗြဟ္မာတစ်ခုတည်းသာ ရှိတော့သည့်အတွက် မည်သည့်အရာကို ကြည့်ကြည့် ဗြဟ္မာဟူ၍သာ မြင်ခြင်းမျိုး ဖြစ်ပါသည်။ သိခြင်းမျိုး ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် သိစရာ အာရုံ၊ သိတတ်သည့်စိတ်နှင့် သိသူ ပုဂ္ဂိုလ်ဟူ၍ မကွဲပြားတော့ဘဲ အားလုံး တစ်ခုတည်း ဖြစ်သွားခြင်းမျိုးကို ဗြဟ္မဉာဏ်ရခြင်းဟု ဆိုကြပါသည်။

## အဝိဇ္ဇာဝါဒ ငါးမျိုး

အဝိဇ္ဇာ၏ အနက်အဓိပ္ပာယ်နှင့် ပတ်သက်၍ အယူဝါဒ ကွဲလွဲခြင်း မရှိသော်လည်း အဝိဇ္ဇာဖြစ်ပုံနှင့် ပတ်သက်၍မူ အယူဝါဒကွဲ ငါးမျိုး ရှိပါသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။





| | |
|---|---|
| (၁) အာတ္မချာတိ ဝါဒ | (အမျှတ္တသိ ဝါဒ) |
| (၂) အသတ်ချာတိ ဝါဒ | (မရှိသိ ဝါဒ) |
| (၃) အချာတိ ဝါဒ | (မသိ ဝါဒ) |
| (၄) အညထာချာတိ ဝါဒ | (အမှန်မသိ ဝါဒ) |
| (၅) အနိဗ္ဗစနီယချာတိ ဝါဒ | (ရှင်းပြ၍ မရသိ ဝါဒ) |

### (၁) အာတ္မချာတိ ဝါဒ (အမျှတ္တသိ ဝါဒ)

အဝိဇ္ဇာဟူသည် ထိုဟာ မဟုတ်ဘဲလျက် ထိုဟာဟု သိခြင်း သို့မဟုတ် အမှားသိခြင်းဟူသော အနက်ကိုမူ အားလုံးက လက်ခံကြပါသည်။ သို့ရာတွင် အမှားသိခြင်းနှင့် စပ်လျဉ်း၍ အယူအဆရေးရာ၌ ဝါဒကွဲငါးမျိုး ရှိပါသည်။ ထို ငါးမျိုး အနက် ပထမဝါဒကို 'အာတ္မချာတိ'ဝါဒဟု ခေါ်ပါသည်။ ဤနေရာ၌ 'အာတ္မ' ဆိုသည်မှာ 'စိတ်' ပင် ဖြစ်ပါသည်။ 'ချာတိ' ဆိုသည်မှာ 'သိခြင်း' ဖြစ်ပါသည်။ ထို့ကြောင့် 'အာတ္မချာတိ' ဆိုသည်မှာ စိတ်က ကြံဆ၍ သိခြင်း ဖြစ်ပါသည်။ ဤဝါဒအရ အမှားသိပုံမှာ ဤသို့ ဖြစ်ပါသည်။

လောကတွင် ကျွန်ုပ်တို့သည် အိုးကို သိသည်။ ပုဆိုးကို သိသည်။ လူကို သိသည်။ တိရစ္ဆာန်ကို သိသည်။ သို့ရာတွင် အိုး၊ ပုဆိုး၊ လူ၊ တိရစ္ဆာန် တို့သည် ပြင်ပဗဟိဒ္ဓ၌ တကယ် မရှိကြပါ။ ကျွန်ုပ်တို့၏ မျက်စိ၊ နား စသော ဒွါရ ရုပ်များ၌ ထင်လာကြသော အဆင်း၊ အသံ စသည့် အာရုံရုပ်များသာ ဖြစ်ပါသည်။ သဏ္ဌာန်များ မဟုတ်ကြပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့ တကယ် သိသင့်သော အရာများမှာ အဆင်းသက်သက်၊ အသံသက်သက် စသည်မျှသာ ဖြစ်ပါသည်။ ထို အဆင်းသက်သက်၊ အသံသက်သက် စသည်တို့မှာ အမည်နာမလည်း မရှိပါ။ သဏ္ဌာန်ဒြပ်သည်း မရှိပါ။ သဘောသက်သက်မျှသာ ဖြစ်ပါသည်။ သို့ပါလျက် ကျွန်ုပ်တို့သည် အမျိုးအမည်နှင့်တကွ၊ သဏ္ဌာန်ဒြပ်နှင့်တကွ အိုး၊ ပုဆိုး၊ လူ၊ တိရစ္ဆာန်ဟူ၍ သိကြပါသည်။ ထို့ကြောင့် အိုး၊ ပုဆိုး၊ လူ၊ တိရစ္ဆာန်တို့မှာ ပြင်ပ ဗဟိဒ္ဓ၌ တကယ်မရှိကြဘဲ မိမိ၏ စိတ်ထဲ၌သာ ရှိကြပါသည်။ မရှိဘဲ အရှိလုပ်ပြီး စိတ်က မိမိဘာသာ မိမိ ဖန်ဆင်း၍ သိခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အိုး၊ ပုဆိုး၊ လူ၊ တိရစ္ဆာန် မဟုတ်သော သဘော သက်သက်၌ အိုး၊ ပုဆိုး၊ လူ၊ တိရစ္ဆာန်အဖြစ်ကို တင်၍ အိုး၊ ပုဆိုး၊ လူ၊ တိရစ္ဆာန်ဟု သိခြင်း ဖြစ်ပါသည်။ ဤသို့ သိခြင်းကို အဝိဇ္ဇာဟု ခေါ်ပါသည်။ ပြင်ပ ဗဟိဒ္ဓ၌ မရှိဘဲလျက် စိတ်က အရှိလုပ်၍ သိခြင်း ဖြစ်သဖြင့် ဤသိခြင်းမျိုးကို 'အာတ္မချာတိ' ဟု ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၂) အသတ်ချာတိ ဝါဒ (မရှိသိ ဝါဒ)

ဒုတိယဝါဒမှာ 'အသတ်ချာတိ ဝါဒ' ဖြစ်ပါသည်။ ဤနေရာ၌ 'အသတ်' ဆိုသည်မှာ မရှိခြင်းပင် ဖြစ်ပါသည်။ 'ချာတိ' ဆိုသည်မှာ 'သိခြင်း' ဖြစ်ပါသည်။ ထို့ကြောင့် 'အသတ်ချာတိ' ဆိုသည်မှာ မရှိကို အရှိလုပ်၍ သိခြင်းဖြစ်ပါသည်။ ဤဝါဒမှာ ရှေ့အာတ္မချာတိဝါဒနှင့် တူသယောင်ယောင် ရှိပါသည်။ သို့ရာတွင် မတူပါ။ အာတ္မချာတိဝါဒ၌ ကျွန်ုပ်တို့ သိနေသော အရာဝတ္ထုများသည် ပြင်ပ ဗဟိဒ္ဓ၌ မရှိဘဲ စိတ်ထဲ၌သာ ရှိသည်ဟု ခံယူပါသည်။ ဤ'အသတ်ချာတိ' ဝါဒ၌ ကျွန်ုပ်တို့ သိနေသော အရာဝတ္ထုများသည် ပြင်ပ ဗဟိဒ္ဓ၌လည်း မရှိပါ။ စိတ်ထဲ၌လည်း မရှိပါ။ ဤသို့ ယူပုံချင်း ခြားနားပါသည်။ ဤဝါဒအရ အမှားသိပုံမှာ ဤသို့ ဖြစ်ပါသည်။

လောက၌ ကျွန်ုပ်တို့ တွေ့ကြုံသိရှိနေသော အရာဝတ္ထုများသည် အာတ္မချာတိဝါဒ၌ ဖော်ပြထားသည့်အတိုင်း ပြင်ပ ဗဟိဒ္ဓ၌ တကယ် မရှိကြပါ။ လှည့်စားမှု မာယာသာ ဖြစ်ပါသည်။ တကယ် မရှိဘဲလျက် ရှိဟန်ဆောင်ခြင်းမျှသာ ဖြစ်ပါသည်။ ပြင်ပ ဗဟိဒ္ဓ၌ မရှိဘဲလျက် စိတ်က သိနေသည့်အတွက် စိတ်ထဲ၌ ရှိသည်ဟု အာတ္မချာတိဝါဒီများက ဆိုခဲ့ကြပါသည်။ ထိုအဆိုသည်လည်း မမှန်ကန်ပါ။ လက်တွေ့ကို အထောက်အထားပြု၍ ဆိုရလျှင် ကျွန်ုပ်တို့၌ မျက်စိ ရှိပါသည်။ ထိုမျက်စိသည် မြင်တတ်ပါသည်။ သို့ရာတွင် မျက်စိသည် မိမိကိုယ်မိမိ ပြန်မြင်နိုင်ခြင်း မရှိပါ။ မျက်စိသည် ပြင်ပကိုသာ မြင်နိုင်ပြီး မိမိကိုယ်မိမိ ပြန်မမြင်နိုင်ကြောင်း အတွေ့အကြုံက သက်သေခံလျက် ရှိပါသည်။ ထို့ကြောင့် မြင်တတ်သောအရာသည် မြင်တတ်သည့် သဘောသာရှိပြီး အမြင်ခံရသည့် သဘော မရှိဟု ဆိုကြပါသည်။ သို့ဖြစ်၍ အမြင်ခံရသော အရာဝတ္ထုများသည် ရှိခြင်းရှိလျှင် ပြင်ပ ဗဟိဒ္ဓ၌သာ ရှိနိုင်ပြီး အတွင်းအဇ္ဈတ္တ၌ ရှိနိုင်ရန် ပို၍ ခဲယဉ်းပါသည်။ ထို့ကြောင့် အမြင်ခံရသော အရာဝတ္ထုများသည် ပြင်ပ ဗဟိဒ္ဓ၌ မရှိကြောင်း ခံယူနိုင်လျှင် အတွင်း အဇ္ဈတ္တ၌လည်း မရှိကြောင်း ပို၍ ခိုင်မာစွာ ခံယူရပါမည်။

မျက်စိ ဥပမာနည်းတူ စိတ်ဆိုသည်မှာ သိတတ်သော သဘောသာ ရှိပြီး အသိခံရသော သဘော မရှိသဖြင့် စိတ်ကသိနေသော အရာဝတ္ထုများသည် ပြင်ပ ဗဟိဒ္ဓ၌ မရှိနိုင်လျှင် အတွင်းအဇ္ဈတ္တဖြစ်သည့် စိတ်ထဲ၌လည်း မရှိနိုင်ဖို့ ပို၍ သေချာပါသည်။ အဘယ့်ကြောင့်ဆိုသော် စိတ်သည်လည်း မျက်စိကဲ့သို့ပင် ပြင်ပကိုသာ သိနိုင်ပြီး မိမိကိုယ်မိမိ ပြန်၍ မသိနိုင်သောကြောင့် ဖြစ်ပါသည်။ သို့ပါလျက် ကျွန်ုပ်တို့သည် သိနေကြသည်ဟု ခံယူကြပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့





ခံယူချက်များသည် အမှားစင်စစ် ဖြစ်ကြပါသည်။ ထို့ကြောင့် သိစရာ အာရုံများသည် ပြင်ပ၌ သော်လည်းကောင်း၊ အတွင်း၌ သော်လည်းကောင်း တကယ် မရှိဘဲလျက် ရှိဟန်ဆောင်နေသည့် မာယာဝတ္ထုများသာ ဖြစ်ပါသည်။ ထိုနည်းအတူ သိတတ်သော စိတ်ကလည်း မည်သည့်နေရာ၌မျှ မရှိသော သိစရာ အာရုံများကို မသိနိုင်ပါဘဲလျက် သိဟန်ဆောင်နေသည့် မာယာဝတ္ထုသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ပြင်ပ ဟူသည်မှာလည်း မာယာသာ ဖြစ်ပါသည်။ အတွင်း ဆိုသည်မှာလည်း မာယာသာ ဖြစ်ပါသည်။

သို့ဖြစ်၍သာ သိစရာ အာရုံများသည် မိမိတို့ တစ်မျိုးတည်း ဖြစ်ပါလျက် တစ်မျိုးတည် အနေဖြင့် တစ်သမတ်တည်း ရပ်တည်ခြင်း မရှိဘဲ တော်ကြာတစ်မျိုး၊ တော်ကြာတစ်မျိုး။ တော်ကြာ မုန်းစရာကောင်းလိုက်၊ တော်ကြာ ချစ်စရာကောင်းလိုက်ဖြင့် အမျိုးမျိုး လှည့်စားကြသလို သိတတ်သော စိတ်များကလည်း မိမိတို့ တစ်မျိုးတည်း ဖြစ်ပါလျက် တစ်မျိုးတည်းအနေဖြင့် တစ်သမတ်တည်း ရပ်တည်ချက် မရှိဘဲ တော်ကြာ တစ်မျိုးသိလိုက်၊ တော်ကြာ တစ်မျိုးသိလိုက်။ တော်ကြာ မုန်းလိုက်၊ တော်ကြာ ချစ်လိုက်ဖြင့် အမျိုးမျိုး လှည့်စားကြပါသည်။ သိစရာ အာရုံကလည်း မာယာ၊ သိတတ်သည့် စိတ်ကလည်း မာယာ၊ သိသူပုဂ္ဂိုလ်ကလည်း မာယာ၊ ဤသုံးမျိုး အပေါင်းဖြစ်သည့် လောကတစ်ခုလုံးသည် မာယာဖြစ်ပါသည်။

ဤ အသတ်ချာတိဝါဒအရ အဝိဇ္ဇာဆိုသည်မှာ တကယ်မရှိဘဲလျက် ရှိဟန်ဆောင်နေသည့်၊ သိစရာ အာရုံများကို တကယ်မသိဘဲလျက် သိဟန်ဆောင်နေသည့် စိတ်က မရှိပေါ်၌ အရှိလုပ်၍ သိခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤဝါဒကို တကယ်မသိသော စိတ်က မရှိပေါ်၌ အရှိလုပ်၍ အမှန် မဟုတ်ဘဲလျက် အမှန်ဟု သိခြင်း အသတ်ချာတိဝါဒဟု ခေါ်ခြင်းဖြစ်ပါသည်။

## (၃) အချာတိ ဝါဒ (မသိ ဝါဒ)

အဝိဇ္ဇာ ဖြစ်ပေါ်ပုံနှင့် ပတ်သက်၍ ဤဝါဒက တစ်မျိုး ဖွင့်ဆိုပါသည်။ ဤဝါဒကို အချာတိဝါဒဟု ခေါ်ပါသည်။ ဤနေရာ၌ အချာတိဆိုသည်မှာ မသိခြင်းပင် ဖြစ်ပါသည်။ မသိခြင်းဆိုသည်မှာ ခွဲခြား၍ မသိခြင်း သို့မဟုတ် မခွဲခြားနိုင်ခြင်း ဖြစ်ပါသည်။ အရာဝတ္ထုတစ်ခုကို တွေ့မြင်သောအခါ 'ထိုဟာ၊ ဤဟာ' ဟု ခွဲခြားနိုင်ပါက တစ်ပေါင်းတည်း လုံးထွေး၍ ယူတတ်ပါသည်။ ဤသို့ လုံးထွေး၍ ယူတတ်ခြင်းသည် အမြင်မှားခြင်းပင် ဖြစ်ပါသည်။ အမြင်မှားရခြင်းမှာလည်း တစ်ခုနှင့်တစ်ခု မခွဲခြားနိုင်ခြင်းကြောင့် ဖြစ်ရကား ဤဝါဒအရ မခွဲခြားနိုင်ခြင်းသည် အဝိဇ္ဇာ၏ မူရင်းအနက် (အညာဏ) ဖြစ်ပါသည်။ အမှားသိခြင်းမှာ အဝိဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com



နံ့ ဆင့်ပွားအနက် (မိစ္ဆာဉာဏ) ဖြစ်ပါသည်။ ဤဝါဒအရ မခွဲခြားနိုင်ပုံမှာ ဤသို့ ဖြစ်ပါသည်။

ဖြဟ္မာကို လောကဟု အမှားသိပုံနှင့် စပ်လျဉ်း၍ ကြိုးနှင့် မြွေကို ဥပမာပြုပြီး ရှင်းပြလေ့ ရှိကြပါသည်။ ဤ ဥပမာအရ ကျွန်ုပ်တို့သည် ကြိုးကို တွေ့ရပါသည်။ ကြိုးကို တွေ့သောအခါ မြင်သိစိတ် ဖြစ်ပါသည်။ ဤ မြင်သိစိတ်သည် ကြိုးကို ကြိုးအဖြစ် မဟုတ်ဘဲ သာမည အရာဝတ္ထုအဖြစ်သာ သိပါသည်။ ဤ သာမည သိသည် ပစ္စက္ခသိ ဖြစ်ပါသည်။ ဤ ပစ္စက္ခသိတွင် ကြိုးအမည်နှင့် ကြိုးအသွင် သဏ္ဌာန်ကို သိသော ဝိသေသသိ သဘောလက္ခဏာ မပါဝင်ပါ။ ထို့အပြင် အခြား အသိတစ်ခုလည်း ဖြစ်ပေါ်ပါသေးသည်။ ထို အခြား အသိတစ်ခုမှာ မြွေ ဟူသောအသိ ဖြစ်ပါသည်။ မြွေ ဟူသောအသိမှာ ယခုလက်ရှိ တွေ့ကြုံရသော အသိ မဟုတ်ပါ။ လွန်ခဲ့သော တစ်ချိန်ချိန်က သိခဲ့ဖူးသော မြွေကို ပြန်လည် အမှတ်ရသော အသိ၊ မှတ်မိသိ ဖြစ်ပါသည်။

ဤနေရာတွင် အသိနှစ်ခု ရောနှောသွားပုံကို ဤသို့ ဖော်ပြကြပါသည်။ 'ဤဟာသည် မြွေ' ဟု ဆိုရာ၌ 'ဤဟာ' ဟူသော အသိမှာ လက်တွေ့ ပစ္စက္ခသိ ဖြစ်ပြီး 'မြွေ' ဟူသော အသိမှာ မှတ်မိသိ ဖြစ်ပါသည်။ ပစ္စက္ခသိနှင့် မှတ်မိသိကို မခွဲခြားနိုင်ဘဲ နှစ်မျိုးလုံးကို တစ်ခုတည်းသော ပစ္စက္ခသိအဖြစ် လုံးထွေးလိုက်သောကြောင့် အသိမှား ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အသိမှား ဆိုသည်မှာ စင်စစ်အားဖြင့် ရှေ့အသိနှင့် နောက်အသိ သို့မဟုတ် သာမညသိ နှင့် ဝိသေသသိ သို့မဟုတ် ပဋ္ဌာရုံသိနှင့် ဓမ္မာရုံသိတို့ကို တစ်ခုနှင့်တစ်ခု မခွဲခြား နိုင်ခြင်း ဖြစ်ကြောင်း ဖွင့်ဆိုကြပါသည်။ ဤသို့ မခွဲခြားနိုင်ခြင်းကို မသိခြင်း ဟူ၍လည်းကောင်း၊ အသိမှားခြင်း ဟူ၍လည်းကောင်း ပြောဆိုကြပါသည်။

လောကအတွေ့အကြုံသိ ဟူသည်မှာ ဤသဘောချည်း ဖြစ်ပါသည်။ အသိ တစ်ခုနှင့် တစ်ခုကို ဖြတ်မထားဘဲ တစ်သားတည်း၊ တစ်ခုတည်းကဲ့သို့ လုံးထွေး ရောနှောလိုက်ခြင်း ဖြစ်ပါသည်။ ထိုသို့ လုံးထွေးရောနှောလိုက်၍လည်း သူ၊ ငါ စသည်ဖြင့် ပြောဆိုနိုင်ခြင်း ဖြစ်ပါသည်။ သို့မဟုတ်ပါက ပြောစရာ အရာဝတ္ထု မရှိတော့ဘဲ 'စိတ်' ချည်းသက်သက် ရှိနေမည် ဖြစ်ပါသည်။ အလင်း ရောင် ကျရောက်စရာ အရာဝတ္ထုများ လုံးဝ မရှိဘဲ နေမင်းချည်းသက်သက် ရှိဘိသကဲ့သို့ သိစရာ အာရုံများ မရှိဘဲ သိစိတ်ချည်းသက်သက် ရှိနေမည် ဖြစ်ပါသည်။ ထိုအခါ လောကဟူ၍လည်း ရှိတော့မည် မဟုတ်ပါ။ ထိုအခါကျမှ သာ အဝိဇ္ဇာမှ ကင်းလွတ်သည့် အမှန်သိ ဖြစ်ပေါ်လာပေမည်။ အဘယ့်ကြောင့် ဆိုသော် လောကဟူ၍ မရှိတော့သည့်နောက် 'ထိုဟာ နှင့် ဤဟာ' ဟူ၍ ခွဲခြားစရာ





အရာဝတ္ထုများ လုံးဝ မရှိတော့သည့်အတွက် ခွဲခြားခြင်း ကိစ္စလည်း လုံးဝ မရှိတော့သောကြောင့် ဖြစ်ပါသည်။

လောကတွင် လှည့်စားမှု မာယာကြောင့် သိစရာ အရာဝတ္ထုများ အသင်္ချေ အနန္တ ရှိလေရာ ယင်း အသင်္ချေ အနန္တတို့ကို တစ်ခုနှင့်တစ်ခု ခွဲခြား၍ သိနိုင်ရန် မဖြစ်နိုင်သောကြောင့် ဤဝါဒကို မသိ( အချာတိ) ဝါဒဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

## (၄) အညထာချာတိ ဝါဒ (အမှန်မသိ ဝါဒ)

လောကသိ ဟူသမျှသည် ထိုဟာကို ထိုဟာအတိုင်း သိသည့်အသိ မဟုတ်ဘဲ အခြားတစ်မျိုး ပြောင်းလဲ၍ သိသည့် အသိများသာ ဖြစ်ပါသည်။ ထို့ကြောင့် လောကသိကို 'အညထာချာတိ' ဟု ခေါ်ခြင်း ဖြစ်ပါသည်။ ဤနေရာ၌ အညထာ ဆိုသည်မှာ 'အခြားတစ်မျိုးဖြင့်' ဟူ၍ အဓိပ္ပာယ် ရှိပါသည်။ ချာတိဆိုသည်မှာ 'သိခြင်း' ဖြစ်ပါသည်။ အညထာချာတိ ဆိုသည်မှာ သူ့အတိုင်း မဟုတ်ဘဲ အခြားတစ်မျိုး အနေဖြင့် သိခြင်း ဟူ၍ အဓိပ္ပာယ် ရှိပါသည်။

ဤဝါဒမှာ အာတ္တချာတိဝါဒနှင့် တူသယောင်ရှိသည်။ အာတ္တချာတိဝါဒ အရ သိစရာ အာရုံများသည် ပြင်ပ၌ မရှိဘဲ စိတ်ထဲ၌သာ ရှိသည်။ သို့ပါလျက် ပြင်ပ၌ ရှိသကဲ့သို့ ယူဆသည်။ ဤအညထာချာတိဝါဒအရ သိစရာ အာရုံများ သည် စိတ်ထဲ၌ မရှိဘဲ အခြားတစ်နေရာ၌ ရှိခြင်းကိုသာ ဆိုသည်။ ကြိုးကို မြွေထင်ရာ မြွေသည် ကြိုးပေါ်၌ မရှိဘဲ တွင်း၊ တောချုံ၊ လယ်ကွင်း စသော အခြား တစ်နေရာရာ၌သာ ရှိသည်။ သို့ပါလျက် အခြားတစ်နေရာရာ၌ရှိသော မြွေကို ကြိုးပေါ်၌ လွှမ်းခြုံ၍ ကြိုးကို မြွေအဖြစ် သိသည်။ ဤသို့ သိခြင်းမှာ အခြားတစ်မျိုးအနေဖြင့် သိခြင်း ဖြစ်သည်။ ထို့ကြောင့် ဤသို့သော သိခြင်းမျိုးကို အခြားတစ်မျိုးအနေဖြင့် သိခြင်း 'အညထာချာတိ' ဟု ခေါ်သည်။

အခြားတစ်မျိုးအနေဖြင့် သိခြင်းကို လောက၏ မလွှဲမရှောင်နိုင်သော အဖြစ်များကြောင့် သိခြင်းဖြစ်ကြောင်းဖြင့် ရှင်းပြကြသည်။ လောကတွင် သိတတ်သူ၊ သိစရာအာရုံနှင့် သိကြောင်း ဒွါရများ ဟူ၍ သုံးမျိုးသာ ရှိသည်။ ထို သုံးမျိုး အနက် သိတတ်သူ၌ လောဘ၊ ဒေါသ စသော ဝါသနာများ၊ စရိုက်များ ရှိသည်၊ သိတတ်သူသည် ထိုစရိုက်များ၊ ဝါသနာများ၏ လွှမ်းမိုးမှုကို မလွန်ဆန်နိုင်ဘဲ စရိုက်များ၊ ဝါသနာများနှင့် လျော်ညီစွာသာ သိနိုင်သည်။ အရာဝတ္ထု တစ်ခုတည်း ကို ရာဂဝါသနာ၊ ရာဂစရိုက် လွှမ်းမိုးခြင်း ခံရပါက တစ်မျိုးမြင်ပြီး ဒေါသ ဝါသနာ၊ ဒေါသစရိုက် လွှမ်းမိုးခြင်း ခံရပါက တစ်မျိုး မြင်တတ်ပါသည်။ သို့ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



အရာဝတ္ထုကို သူ့အတိုင်း မဟုတ်ဘဲ အခြားတစ်မျိုးအနေဖြင့် သိခြင်း၌ သိတတ်သူ၏ ဝါသနာများ၊ စရိုက်များသည် အားကြီးသော အကြောင်းများ ဖြစ်ကြသည်။ ထို့အပြင် သိစရာ အာရုံများ၌လည်း အပြစ်များ ရှိကြသည်။ ထိုအပြစ်များမှာ တစ်ခုနှင့်တစ်ခု အသိမှားလောက်အောင် တူညီမှု (သာဒိသျ) သဘော၊ အလင်းအမှောင်၊ အကွာအဝေး စသည်တို့ကို မှန်ကန်စွာ မရရှိသည့် သဘောတို့ ဖြစ်ပါသည်။ ကြိုးကို မြွေထင်လောက်အောင် ကြိုးနှင့် မြွေတို့ အချင်းချင်း တူသည့် သဘောနှင့် အလင်းရောင် မပြည့်စုံသည့် သဘောမျိုး ဖြစ်ပါသည်။ ဤသဘောများသည် အသိမှားခြင်း၏ အကြောင်းတရားများ ဖြစ်ကြပါသည်။ ထို့အပြင် သိကြောင်းဣန္ဒြေများ၌လည်း အပြစ်များ ရှိကြပါသည်။ ဤနေရာ၌ သိကြောင်းဣန္ဒြေဟူသည်မှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့ ဖြစ်ကြပါသည်။ ထိုဣန္ဒြေများသည် အမြဲတစေ ကြည်လင်သန့်ရှင်းသည့် သဘော မရှိကြပါ။ တစ်ခါတစ်ရံ မျက်စိဝေ၍ လူတစ်ယောက်တည်းကိုပင် လူနှစ်ယောက်သဖွယ် မြင်တတ်ပါသည်။ သို့ဖြစ်၍ မျက်စိ စသော ဣန္ဒြေများ၏ မကြည်လင် မသန့်ရှင်းခြင်းသည်လည်း အသိမှားခြင်း၏ အကြောင်း ဖြစ်ပါသည်။

ထို့ကြောင့် သိတတ်သူ(ပမာတာ)၊ သိစရာအာရုံ (ပမေယျ) နှင့် သိကြောင်းဣန္ဒြေ (ပမာဏ) ဟူ၍ အစိတ်အပိုင်း သုံးမျိုးတို့ ပါဝင်သော လောကတစ်ခုလုံးသည် အပြစ်အနာအဆာများနှင့် ပြည့်နှက်နေသောကြောင့် လောကသိ ဟူသမျှသည် သူ့အတိုင်း မဟုတ်ဘဲ အခြားတစ်မျိုးအနေဖြင့် သိခြင်းဖြစ်၍ 'အညထာချာတိ' မည်၏ဟု ဤဝါဒက ဆိုပါသည်။

## (၅) အနိဗ္ဗစနိယချာတိ ဝါဒ (ရှင်းပြ၍ မရသော ဝါဒ)

ဥပနိသျှဒ်ကျမ်းများ၌ အိပ်မက်နှင့် စပ်လျဉ်း၍ ဤသို့ လာရှိသည်ကို တွေ့ရ၏။

**တတြ န ရထား၊ န ရထယောဂါး၊**

**အထ ရထာန် ရထယောဂန် ပထး သၲဇတေ။**

(**တတြ**၊ အိပ်မက်၌ ။ **ရထား**၊ ရထားတို့သည်။ **န**၊ မရှိကုန်။ **ရထယောဂါး**၊ ရထားလမ်းတို့သည်။ **န**၊ မရှိကုန်။ **အထ**၊ ထိုသို့ ဖြစ်ပါလျက်။ **ရထာန်**၊ ရထားတို့ကို လည်းကောင်း။ **ရထယောဂါန်**၊ ရထားနှင့် ပတ်သက်ကုန်သော။ **ပထး**၊ လမ်းတို့ကို လည်းကောင်း။ **သၲဇတေ**၊ ဖန်ဆင်း၏ ။)

(တဏ္ဍဘာသာ-၂၂၉)

အိပ်မက်ထဲ၌ ကျွန်ုပ်တို့သည် ရထားများ၊ မြင်းများနှင့် ရထားလမ်းများကို





တွေ့ကြ၏။ မောင်းနှင်ကြ၏။ စီးကြ၏။ ထို ရထားများ၊ မြင်းများနှင့် ရထားလမ်းများသည် အိပ်မက်ထဲ၌သာ ရှိကြသည်။ နိုးလာသောအခါ တကယ် မရှိကြချေ။ သို့ရာတွင် မနိုးသေးဘဲ အိပ်မက်ထဲ၌မူ တကယ်ပင် ရှိကြပါ၏။ ရထားနှင့် ပတ်သက်သော ခံစားမှုများကိုလည်း တကယ်ပင် ခံစားကြရပါ၏။ သို့ဖြစ်လျှင် အိပ်မက်ထဲ၌ ကျွန်ုပ်တို့ တွေ့ကြုံရသော ရထားများ၊ မြင်းများနှင့် ရထားလမ်းများသည် တကယ်ပင် ရှိကြပါသည် ဟူ၍လည်း မဆိုနိုင်။ အဘယ့်ကြောင့်ဆိုသော် နိုးသောအခါ ထိုရထားများ၊ မြင်းများနှင့် ရထားလမ်းများ လုံးဝ မရှိကြောင်း တွေ့ရသောကြောင့် ဖြစ်ပါသည်။ လုံးဝမရှိ ဟူ၍လည်း မဆိုနိုင်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကိုယ်တိုင် အိပ်မက်ထဲ၌ မျက်ဝါးထင်ထင် တွေ့ကြုံခံစားရသောကြောင့် ဖြစ်ပါသည်။

မိထိလာပြည့်ရှင် ဘုရင်ဇနကမင်းကြီးသည် တစ်ညသ၌ အိပ်မက် မြင်မက်သည်။ အိပ်မက်ထဲ၌ သူသည် အလွန်ဆင်းရဲသော သူတောင်းစားတစ်ယောက် ဖြစ်သည်။ နံနက် ညီလာခံ ကျင်းပသောအခါ ဘုရင်ကြီးက မိန့်တော်မူသည်။

မင်းကြီးတို့၊ ညက အိပ်မက်ထဲ၌ ငါသည် အလွန်ဆင်းရဲသော သူတောင်းစားတစ်ယောက် ဖြစ်ခဲ့သည်။ ယခု ညီလာခံ ကျင်းပသော အချိန်၌ ငါသည် မိထိလာပြည်ကို အစိုးရသော ဘုရင်မင်းမြတ် ဖြစ်နေပြန်သည်။ သို့ဖြစ်ရာ ငါသည် အိပ်မက်ထဲကအတိုင်း တကယ်ပင် သူတောင်းစားလော။ သို့မဟုတ် ယခုအတိုင်း တကယ်ပင် မိထိလာပြည့်ရှင် ဘုရင်မင်းမြတ်လော။ ဤဖြစ်ရပ် နှစ်ခုအနက် မည်သည့်ဖြစ်ရပ်က အမှန်ဖြစ်သည်ဟု မည်သို့ ဆုံးဖြတ်ရမည်နည်း။

ဇနကမင်းကြီး၏ ဆိုလိုရင်းမှာ ဖြစ်ရပ်နှစ်ခုသည် အမှန်ပင် တွေ့ကြုံခံစားခဲ့ရသော ဖြစ်ရပ်များချည်း ဖြစ်သည်။ ကိုယ်တွေ့ (အနုဘဝသိဒ္ဓ) ဖြင့် မှန်ကန်ကြောင်း သက်သေပြနိုင်သည်ချည်း ဖြစ်သည်။ သို့ဖြစ်၍ ယင်းတို့ကို မမှန်ကန်ဟူ၍ မဆိုနိုင်။ သို့ရာတွင် ဖြစ်ရပ်တစ်ခုက အခြားဖြစ်ရပ်တစ်ခုကို ချေဖျက်နိုင်ကြောင်းလည်း တွေ့ရပြန်သည်။ သို့ဖြစ်၍ ယင်းတို့ကို မှန်ကန်သည်ဟူ၍လည်း မဆိုနိုင်။ အမှန်အားဖြင့် လောကအတွေ့အကြုံများကို အိပ်မက်အတွေ့အကြုံကပင် ချေဖျက်နိုင်လေရာ ဗြဟ္မ (သစ္စာ)ဉာဏ်ကို ရသော အချိန်၌ ဗြဟ္မအတွေ့အကြုံက ပို၍ပင် ချေဖျက်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် လောက အတွေ့အကြုံများ[illegible] ထာဝရ အမှန်တရားများဟူ၍ မယူမှတ်အပ်ကြောင်း ဖော်ပြခြင်း [illegible] သည်။

ဇနကမင်းကြီး၏ ဘဝအဓိပ္ပာယ် ဖွင့်ဆိုချက်အတိုင်း [illegible] အတွေ့



www.burmeseclassic.com

www.burmeseclassic.com



အကြံများသည် အိပ်မက်ပမာသာ ဖြစ်၏။ သစ္စာဉာဏ်ကို ရချိန်၌ မှားယွင်းကြောင်း ပေါ်လွင်ပြီး အလိုအလျောက် ကျေပျက်သွားမည်သာ ဖြစ်၏။ သို့ဖြစ်၍ ယင်းတို့ကို ထာဝရ အမှန်တရားများအဖြစ် မစွဲယူထိုက်ကြောင်း၊ မသိမ်းပိုက်ထိုက်ကြောင်း မှန်၏။ သို့မှန်စေကာမူ ယင်းတို့ကို လျစ်လျူရှုထား၍ မရ။ အိပ်မက်သည် မနိုးသေးသမျှ ကာလပတ်လုံး အပြည့်အဝ မှန်ကန်နေဘိသကဲ့သို့ လောကအတွေ့အကြုံများသည်လည်း သစ္စာဉာဏ်ကို မရသေးသမျှ ကာလပတ်လုံး အပြည့်အဝ မှန်ကန်နေမည်သာ ဖြစ်ပါသည်။

လောကအတွေ့အကြုံများသည် ထာဝရအမှန်များ မဟုတ်စေကာမူ တဒင်္ဂ အမှန်များ ဖြစ်ကြ၏။ တဒင်္ဂ အမှန်များသာ ဖြစ်၍ ထာဝရအမှန် မဖြစ်ကြသည့်အလျောက် သစ္စာဉာဏ်ဖြင့် ချေဖျက်၍ ရ၏။ သစ္စာဉာဏ်ဖြင့် ချေဖျက်ရာတွင် အသားထဲသို့ စူးဝင်နေသော အပ်ကို မျိုးတူအပ်ဖြင့်ပင် နုတ်ယူရသကဲ့သို့ မကောင်းသော လောကအတွေ့ကြုံများကို ကောင်းသော လောကအတွေ့အကြုံများဖြင့်ပင် ချေဖျက်ကြရ၏။ ထိုသို့ တစ်ဆင့် ပြီးတစ်ဆင့် ချေဖျက်ရင်း နောက်ဆုံး၌ ဗြဟ္မ (သစ္စာ) ဉာဏ်ဖြင့် အပြီးတိုင် ချေဖျက်ရလေသည်။ ထိုအခါမှသာ လောကအတွေ့အကြုံများကို အမှားစစ်စစ် ဆိုနိုင်ပါသည်။ သစ္စာဉာဏ်ကို မရသေး၍ အပြီးတိုင် မချေဖျက်နိုင်သေးမီ လောက အတွေ့အကြုံများကို လုံးလုံး မှားသည် ဟူ၍လည်း မဆိုနိုင်။ လုံးလုံး မှန်သည်ဟူ၍လည်း မဆိုနိုင်။

ဤနေရာ၌ လောက အတွေ့အကြုံများကို တစ်ဆင့်ပြီးတစ်ဆင့် ချေဖျက်သည့်နည်းကို 'သောပါနာရောဟနည်း' ဟု ခေါ်ကြသည်။ [ သောပါန = စောင်းတန်း– လှေကား+ အာရောဟ = တက်နည်း] အမြင့်ကို တက်ရာတွင် လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် နင်း၍ တက်ရင်း နောက်ဆုံး၌ အမြင့်ဆုံးသို့ ရောက်ရသကဲ့သို့ , လောကအတွေ့အကြုံများကို ချေဖျက်ရာတွင် မကောင်းရာမှ ကောင်းရာသို့၊ ကောင်းရာမှ ပို၍ ကောင်းရာသို့ ရောက်ရလေအောင် တဖြည်းဖြည်းချင်း ချေဖျက်ရသည်။ နောက်ဆုံး၌ ဗြဟ္မဉာဏ်ကို ရပြီး လောက အတွေ့အကြုံအားလုံးကို ချေဖျက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် အိပ်မက်ပမာသာဖြစ်သော လောကအတွေ့အကြုံများကို လုံးလုံးမှားသည် ဟူ၍လည်း မဆိုအပ်။ အမှန်ချည်းဖြစ်သည် ဟူ၍လည်း မဆိုအပ်။ ဤသို့ မဆိုအပ်သည့် သဘောကို 'အနိဗ္ဗ စနီယ' ဟု ခေါ်ကြသည်။ ဤဝါဒအရ လောကသိ ဟူသမျှကို 'အနိဗ္ဗစနီယချာတိ' ဟု ခေါ်ကြသည်။ အနိဗ္ဗစနီယဆိုသည်မှာ မှားသည်ဟူ၍ လည်းကောင်း၊ မှန်သည်ဟူ၍ လည်းကောင်း တိတိကျကျ မဆိုနိုင်သော လောကအတွေ့အကြုံများပင် ဖြစ်သည်။ ချာတိဆိုသည်မှာ





သိခြင်း ဖြစ်သည်။ ထို့ကြောင့် အနိဗ္ဗစနီယချာတိဆိုသည်မှာ မှန်သည်၊ မှားသည် ဆိုသာသော လောကအတွေ့အကြုံများကို သိခြင်း ဖြစ်ပါသည်။

လောကအတွေ့အကြုံများကို မှန်သည် ဟူ၍လည်းကောင်း၊ မှားသည် ဟူ၍လည်းကောင်း တိတိကျကျ မဆိုနိုင်ခြင်းမှာ အကြောင်းရှိပါသည်။ ထိုအကြောင်းကို အနိဗ္ဗစနီယဝါဒီများက ဤသို့ ဆိုကြပါသည်။

လောကအတွေ့အကြုံဟူသမျှတွင် အပိုင်း နှစ်ပိုင်း ရှိပါသည်။ တစ်ပိုင်းမှာ ဗြဟ္မာပိုင်းဖြစ်၍ အခြားတစ်ပိုင်းမှာ မာယာပိုင်း ဖြစ်ပါသည်။ ဗြဟ္မာပိုင်းမှာ တကယ်မှန်ကန်သည့် သစ္စာပိုင်းဖြစ်၍ မာယာပိုင်းမှာ မှန်ကန်သည့် သစ္စာ၏ အရိပ်ပိုင်း ဖြစ်ပါသည်။ ကြိုးကို မြွေထင်ရာ၌ ကြိုးသည် ဗြဟ္မာပိုင်း၊ သစ္စာပိုင်း ဖြစ်၍ မြွေသည် မာယာပိုင်း၊ သစ္စာ၏ အရိပ်ပိုင်း ဖြစ်ပါသည်။ သစ္စာမရှိဘဲ သစ္စာ၏အရိပ် မရှိကောင်းသလို ကြိုးမရှိဘဲ မြွေထင်၍ မရကောင်းပေ။ ထို့ကြောင့် ယင်းအထင်ကို လုံးလုံးမှားသည်ဟူ၍ မဆိုနိုင်ချေ။ မြွေမဟုတ်ပါဘဲလျက် မြွေဟု ထင်မှတ်ခြင်း ဖြစ်သဖြင့် ယင်းအထင်ကို လုံးလုံးမှန်သည်ဟူ၍လည်း မဆိုနိုင်ချေ။ တစ်နည်းအားဖြင့် ဆိုရလျှင် လောကသိ ဟူသမျှ၌ ပါဝင်သည့် ဗြဟ္မာ (သစ္စာ) ပိုင်းကို ထောက်ထား၍ လုံးလုံးမှားသည် ဟူ၍လည်း မဆိုအပ်။ မာယာ (သစ္စာရိပ်) ပိုင်းကို ထောက်ထား၍ လုံးလုံးမှန်သည် ဟူ၍လည်း မဆိုအပ်ပါချေ။

ထို့အပြင် ဗြဟ္မာ (သစ္စာ) နှင့် မာယာ (သစ္စာရိပ်) တို့သည် ဗြဟ္မဉာဏ်ကို မရသေးသူများအတွက် ထာဝစဉ် ခွဲမရဘဲ ဒွန်တွဲနေသည့် သဘောများ ဖြစ်ကြပါသည်။ ဗြဟ္မဉာဏ်ကို မရသေးသူများသည် ဗြဟ္မာ (သစ္စာ) ကို မြင်ပါလျက် ဗြဟ္မာ (သစ္စာ) မှန်း မသိဘဲ မာယာ (သစ္စာရိပ်) ကိုသာ သိပါသည်။ ကြိုး စစ်စစ်ကို မြင်ပါလျက် ကြိုးမှန်းမသိဘဲ မြွေဟု သိခြင်းမျိုး ဖြစ်ပါသည်။ မြင်သည်က ကြိုး၊ သိသည်က မြွေ၊ အမြင်တခြား၊ အသိတခြား၊ လောကသိ ဟူသမျှတို့ကား ဤသဘောမျိုးတို့သာတည်း။ အမှန်ကို မြင်ပါလျက် အမှန်ဟူ၍ မသိကြ။ တစ်နည်းအားဖြင့် ဆိုရလျှင် မြင်သည်ကို မသိ၊ မမြင်သည်ကိုသာ သိကြသည်။

အမှန်အားဖြင့် လောကဟူသည် တကယ်မရှိ။ တကယ်ရှိသည်ကား အခြေခံဆင်းရှင် ဗြဟ္မာကြီးနှင့် ဗြဟ္မာကြီး၏ စိတ်ကူး (သင်္ကပ္ပ) သာတည်း။ ဝတ္ထုရေးဆရာတို့သည် စိတ်ကူးကြ၏။ ထိုစိတ်ကူးအရ ဝတ္ထုလောကသည် ဖြစ်ပေါ်လာရ၏။ ဝတ္ထုလောကထဲ၌ ဝတ္ထုဇာတ်ကောင်တို့သည် ဖြစ်ပေါ်လာကြ၏။ ဝတ္ထုဇာတ်ကောင်တို့သည် အချင်းချင်း ပြောကြ၏၊ ဆိုကြ၏။ သို့ရာတွင် ထိုဝတ္ထုဇာတ်ကောင်များကား တကယ် ရှိကြသည် မဟုတ်။ တကယ် ပေါ်ကြသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြသည် မဟုတ်။ တကယ်ရှိသည်ကား ဝတ္ထုရေးဆရာနှင့် ဝတ္ထုရေးဆရာ၏ စိတ်ကူး။ တကယ်ပြောကြ၊ တကယ်ဆိုကြသည်ကား ဝတ္ထု ဇာတ်ကောင်များ မဟုတ်၊ စိတ်ကူးတတ်သော စာရေးဆရာ ကိုယ်တိုင်သာတည်း။ အလားတူစွာပင် ကျွန်ုပ်တို့သည် ဝတ္ထုရေးဆရာ၏ စိတ်ကူးအရ ဖန်ဆင်းထားသည့် ဝတ္ထုဇာတ်ကောင်များသဖွယ် ဖန်ဆင်းရှင် ဗြဟ္မာ၏ စိတ်ကူးအရ ဖန်ဆင်းထားသည့် လောကဇာတ်ကောင်များသာ ဖြစ်ကြပါ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် တကယ် မရှိကြ။ တကယ်ရှိကြသည်ကား ကျွန်ုပ်တို့မဟုတ်။ ဖန်ဆင်းရှင် ဗြဟ္မာနှင့် ဗြဟ္မာ၏ စိတ်ကူး (သင်္ကပ္ပ) သာတည်း။ ကျွန်ုပ်တို့ ပြောကြ၊ဆိုကြ၊ လုပ်ကိုင်ကြ၊ တွေးခေါ်ကြသည်မှာလည်း ကျွန်ုပ်တို့၏ ကိုယ်ပိုင် ပြောခြင်း၊ ကိုယ်ပိုင် ဆိုခြင်း၊ ကိုယ်ပိုင် လုပ်ကိုင်ခြင်း၊ ကိုယ်ပိုင် တွေးခေါ်ခြင်းများ မဟုတ်ကြ။ ဖန်ဆင်းရှင် ဗြဟ္မာ၏ ပြောခြင်း၊ ဆိုခြင်း၊ လုပ်ကိုင်ခြင်း၊ တွေးခေါ်ခြင်းများသာ ဖြစ်ကြပါ၏။ သို့ရာတွင် တကယ်ရှိသည့် ဝတ္ထုရေးဆရာကို ထောက်ထား၍ ဝတ္ထုရေးဆရာ ဖန်ဆင်းလိုက်သည့် ဝတ္ထုလောကနှင့် ဝတ္ထု ဇာတ်ကောင်များကို လုံးလုံးမှားသည် ဟူ၍ မဆိုအပ်။ တကယ်မရှိဘဲ စိတ်ကူးထဲ၌သာ ရှိသည်အတွက် ဝတ္ထုလောကနှင့် ဝတ္ထုဇာတ်ကောင်များကို လုံးလုံး မှန်သည်ဟူ၍လည်း မဆိုအပ်။ ထိုနည်းအတူ ဖန်ဆင်းရှင် (ဗြဟ္မာ) ကို ထောက်ထား၍ လောကကို အမှားလုံးလုံး ဟူ၍လည်း မဆိုအပ်။ ဖန်ဆင်းခြင်း (မာယာ)ကို ထောက်ထား၍ လောကကို အမှန်လုံးလုံး ဟူ၍လည်း မဆိုအပ်။ ဤသဘောများမှာ လောကအမြင်နှင့် ပတ်သက်၍ အနိဗ္ဗ စနိယချာတိဝါဒ၏ အမြင်များ ဖြစ်ပါသည်။ ရှင်းလင်းချက်များ ဖြစ်ပါသည်။

ဤသို့လျှင် ဥပနိသျှဒ်ခေတ် ပညာရှင်တို့သည် လောကသိဟူသမျှကို အမှားသိ (အဝိဇ္ဇာ) ဟူ၍ ခေါ်ရာ၌ မိမိတို့၏ ရှုထောင့်အရ အယူဝါဒကွဲ ငါးမျိုးကို တင်ပြကြပါသည်။ ထိုသို့ တင်ပြရာတွင် တင်ပြပုံ တင်ပြနည်းအရ ငါးမျိုး ကွဲပြားစေကာမူ 'အဝိဇ္ဇာဟူသည်မှာ ထိုဟာ မဟုတ်ပါဘဲလျက် ထိုဟာဟု သိခြင်းမျိုး ဖြစ်ကြောင်း' ကိုမူ အားလုံး တညီတညွတ်တည်း လက်ခံ သဘောတူကြပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဥပနိသျှဒ်ကျမ်းများတွင် ဒုက္ခ၏ အကြောင်းတို့ ဖော်ပြရာ၌ တဏှာကို အလေးထား မဖော်ပြဘဲ အဝိဇ္ဇာကိုသာ အလေးထား ဖော်ပြကြကြောင်း တွေ့ရပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဥပနိသျှဒ်ခေတ် ပညာရှင်တို့သည် ဝိသေသအကြောင်းကို အလေးမထားဘဲ သာမညအကြောင်းကို အလေးထားခဲ့ ကြပါသည်။ အဝိဇ္ဇာ ချုပ်ငြိမ်းလျှင် လောက





သည် ချုပ်ငြိမ်းပေလိမ့်မည်ဟူသော သဘောကို ဦးစားပေးမြင်စေလိုဟန်သို့ ဖော်ပြကြ ဟန် ရှိပါသည်။ ခန္ဓာအိမ်ကို တည်ဆောက်ရာ၌ လက်သမား (နိမိတ္တကာရဏ) ကို ပဓာန မပြုဘဲ သစ်၊ ဝါး၊ အုတ် (ဥပါဒါနကာရဏ) ကို ပဓာနပြုသည့် သဘောမျိုး ဖြစ်ပါသည်။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ ထိုခေတ်၌ အဝိဇ္ဇာကို ဒုက္ခ၏ အကြောင်းအဖြစ် ရှာဖွေတွေ့ရှိခဲ့သည်မှာ ဘာသာရေးကဏ္ဍ၌ ကြီးမား သည့် အောင်မြင်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

## ဒုက္ခ၏ ချုပ်ငြိမ်းရာ ( ဗြဟ္မာ )

ဥပနိသျှဒ်ခေတ်တွင် ဒုက္ခ၏ ချုပ်ငြိမ်းရာကို ရှာဖွေတွေ့ရှိခဲ့၏။ သူတို့ တွေ့ရှိခဲ့သော ဒုက္ခ၏ ချုပ်ငြိမ်းရာကား ဗြဟ္မာ ဖြစ်သည်။ သူတို့ တွေ့ရှိခဲ့သော ဗြဟ္မာကား ကျွန်ုပ်တို့ သိသော ဗြဟ္မာမျိုး မဟုတ်။ သူတို့ တွေ့ရှိခဲ့သော ဗြဟ္မာကား ဗြိဟ်–ဓာတ်၊ မန်–ပစ္စည်းဖြင့် ပြီးသည့် 'ကြီးမားခြင်း' အနက်ဟော 'ဗြဟ္မာ' ဖြစ်သည်။ ဗြဟ္မာသည် အိုခြင်း၊ နာခြင်း၊ သေခြင်း စသည့် ဒုက္ခ ဥသုံတို့၏ ချုပ်ငြိမ်းရာ သဘော ဖြစ်သည်။ သို့ဖြစ်၍ ဗြဟ္မဉာဏ်ကို ရသဖြင့် ဗြဟ္မာကို သိသူ (ဗြဟ္မဝိဒ်) သည်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်း စသည့် ဒုက္ခမျိုးစုံတို့မှ လွတ်မြောက် သွားခြင်း ဖြစ်လေသည်။

ဥပနိသျှဒ်ပညာရှင်တို့၏ ဝါဒအရ ပရမတ္ထတရားသည် တစ်ပါးတည်း သာရှိသည်။ ယင်း ပရမတ္ထ တရားကား ဗြဟ္မာဖြစ်သည်။ ဗြဟ္မာသည်–

(၁) အလုံးစုံကို သိ၏ (သဗ္ဗညု)၊
(၂) အလုံးစုံသော စွမ်းအားရှိ၏ (သဗ္ဗသတ္တိမာ)၊
(၃) နေရာတိုင်း၌ ရှိ၏ (သဗ္ဗဗျာပီ)၊
(၄) ကာလတိုင်း၌ ရှိ၏ (နိစ္စ)၊
(၅) တစ်ခုတည်း ဖြစ်၏ (နိရဝယဝ)။

ဤကား ဥပနိသျှဒ်ပညာရှင်တို့ ဖွင့်ဆိုသည့် ဗြဟ္မာ ဖြစ်ပါသည်။

## ဗြဟ္မာ၏ သဘာဝများ

[illegible]ဒေ၊ ဒသမ မဏ္ဍလ (၁၂၉၊ ၁) ၌ ဗြဟ္မာသည် အရှိတရား (သတ်) ဟူ၍ [illegible] မဆိုနိုင်၊ မရှိတရား (အသတ်) ဟူ၍လည်း မဆိုနိုင်ဟု ဖော်ပြထား၏။ [illegible] ဖော်ပြခြင်းမှာ လောက ကမ္ဘာ စတင်ဖြစ်ပေါ်လာပုံကို ရည်ညွှန်း၍ [illegible]ထားခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ဤလောက ကမ္ဘာသည် တစ်ခုသော [illegible]၌ စတင်ဖြစ်ပေါ်လာခြင်း ဖြစ်လေရာ ယင်း လောက ကမ္ဘာ စတင် မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မီ ကာလ၌ လောက ကမ္ဘာအနေဖြင့် ဘာမျှ မရှိသေးဘဲ နောက်မှ လောက ကမ္ဘာအနေဖြင့် စတင် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ သို့ဖြစ်လျှင် မရှိတရားထဲမှ အရှိတရား ဖြစ်ပေါ်လာသည်ဟု ဆိုရာ ရောက်ပါသည်။ ထိုသို့ ရောက်လျှင် လောက ကမ္ဘာသည် 'အမြုံမ၏သား' သဖွယ်သာ ဖြစ်ပေလိမ့်မည်။ ယခုမူ ထိုသို့ မဟုတ်၊ လောက ကမ္ဘာသည် ကျွန်ုပ်တို့၏ ဣန္ဒြေများနှင့် ထိတွေ့ ခံစားနိုင်သည့် တကယ်အရှိတရား ဖြစ်ပါသည်။ ထို့ကြောင့် ဤလောက ကမ္ဘာသည် အရှိတရား ထဲမှ ဖြစ်ပေါ်လာသည့် အရှိတရားဟု ဆိုရမလို ဖြစ်ပါသည်။ သို့ဆိုလျှင်လည်း လောက ကမ္ဘာ စတင် ဖြစ်ပေါ်လာခြင်း မရှိတော့ဘဲ အစဉ်တစိုက် တည်ရှိနေသည့် သဘောသာ ရှိပေတော့မည်။

ထို့ကြောင့် လောက ကမ္ဘာ စတင် မဖြစ်ပေါ်မီ ကာလ၌ အရှိတရား ဟူ၍ လည်းကောင်း၊ မရှိတရား ဟူ၍လည်းကောင်း မသတ်မှတ်နိုင်သော အခြေ အနေ တစ်မျိုးသည် ရှိခဲ့ပါ၏။ ထိုအခြေအနေကို ဗြဟ္မာဟူ၍ ခေါ်ကြပါသည်။ ဤနေရာ၌ ဗြဟ္မာဆိုသည်မှာ လောက ကမ္ဘာ၏ အကြောင်းတရား ဖြစ်ပါသည်။ အကြောင်းတရားဟူသည် အကျိုးတရား မဖြစ်ပေါ်သေးမီ ကာလ၌ အကျိုး တရားအနေဖြင့် ရှိနေပြီးဖြစ်သည် ဟူ၍လည်းကောင်း၊ မရှိသေး ဟူ၍လည်း ကောင်း မဆိုနိုင်ကြောင်း ထိုခေတ်ပညာရှင်များက ဆိုကြခြင်း ဖြစ်ပါသည်။ ရှိ၊ မရှိ ဟူသည်မှာလည်း အကြောင်း (ဗြဟ္မာ) ကို ထောက်လျှင် မရှိဟူ၍ မဆို ထိုက်ကြောင်းနှင့် အကျိုး (လောက) ကို ထောက်လျှင် ရှိသည်ဟူ၍ မဆိုထိုက် ကြောင်း ပရမတ္ထသစ္စာနှင့် သမုတိသစ္စာကို ခွဲ၍ ဆိုသော စကား ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဤလောကရှိ အရာရာတိုင်း၌ အရှိ (ဗြဟ္မာ) သဘောနှင့် မရှိ (မာယာ) သဘောတို့ အမြဲတစေ ဒွန်တွဲလျက်ရှိကြပြီး အရှိ သဘောကို မရှိသဘောက ဖုံးကွယ်လျက် ရှိကြကြောင်း ဖော်ညွှန်းလိုရင်း ဖြစ်ပါသည်။

**အမြိတံ သစ္စေန ဆန္နံ=** အမြိတံ၊ အမြိုက်ဓာတ်ဖြစ်သော ဗြဟ္မာ (အရှိတရား) သည်။ **သစ္စေန**၊ လောကသစ္စာဖြစ်သည့် မာယာ (မရှိတရား) ဖြင့်။ **ဆန္နံ**၊ ဖုံးကွယ်ခြင်း ခံရ၏။

ဤနေရာ၌ ရှိ၊ မရှိ သဘောမှာ အကျိုးဖြစ်သည့် လောက ကမ္ဘာမှ ရှုမြင်သုံးသပ်သည့်သဘော ဖြစ်ပါသည်။ အကြောင်းဖြစ်သည့် ဗြဟ္မာမှ ရှုမြင် သုံးသပ်လျှင်မူ ဗြဟ္မာသည် ပရမတ္ထသစ္စာထိုက်သည့် တစ်ခုတည်းသော အရှိတရား ဖြစ်ပါသည်။





သတ် ဧဝ ဣဒံ အဂြေ အာသိတ်။

(ဣဒံ သတ် ဧဝ၊ ဤ အရှိတရား တစ်ခုတည်းသာလျှင်။ **အဂြေ**၊ အစဦး၌။ **အာသိတ်**၊ ရှိခဲ့၏။) (ဆန္ဒော- ၆၊ ၂၊ ၁)

## စိတ်၊ ဉာဏ်၊ ဝိညာဏ်

ဗြဟ္မာသည် အလင်းသဘော ရှိ၏။ ဗြဟ္မာကို စိတ်ဟူ၍လည်းကောင်း၊ ဉာဏ်ဟူ၍ လည်းကောင်း၊ ဝိညာဏ်ဟူ၍လည်းကောင်း ခေါ်၏။ အမှန်အားဖြင့် တကယ်လင်း သည်မှာ ဗြဟ္မာသာ ဖြစ်၏၊ နေ၊ လ၊ နက္ခတ်၊ တာရာတို့ မဟုတ်။ နေ၊ လ၊ နက္ခတ်၊ တာရာတို့သည် ဗြဟ္မာထံမှ အလင်းကို ငှား၍ လင်းကြရခြင်း ဖြစ်၏။ ကိုယ်ပိုင်အလင်းဖြင့် လင်းကြခြင်း မဟုတ်။ ထိုနည်းအတူပင် တကယ် သိသည်မှာ ဗြဟ္မာသာ ဖြစ်၏၊ ကျွန်ုပ်တို့ မဟုတ်၊ ကျွန်ုပ်တို့သည် ဗြဟ္မာထံမှ အသိကို ငှား၍ သိကြရခြင်း ဖြစ်၏။ ကိုယ်ပိုင်အသိဖြင့် သိကြခြင်း မဟုတ်။

ဗြဟ္မာနှင့် အတ္တမှာ အတူတူပင် ဖြစ်၏။ ကာလအားဖြင့် ဗြဟ္မာဟူသော ဝေါဟာရမှာ ပိုမို ရှေးကျ၍ အတ္တဟူသော ဝေါဟာရမှာ ပိုမို နောက်ကျသည်။ အတွေ့အကြုံသိဖြင့် ဆင်ခြင်စူးစမ်းရာ၌ ဗြဟ္မာ၏ သဘောသည် ပိုမိုခက်ခဲ၍ အတ္တ၏ သဘောသည် ပိုမို လွယ်ကူသည်။ ဗြဟ္မာသည် လောကအားလုံးကို ရည်ညွှန်း၍ အတ္တသည် သတ္တလောကကို ရည်ညွှန်းသည်။ ထို့ကြောင့် အတ္တက ဗြဟ္မာထက် လူနှင့် ပိုမို နီးစပ်သဖြင့် အတ္တဟူသော ဝေါဟာရကို နောက်ပိုင်း ကာလ၌ ပိုမို အသုံးပြုလာကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဗြဟ္မာသည် စိတ်၊ ဉာဏ်၊ ဝိညာဏ်ဖြစ်လျှင် အတ္တသည်လည်း စိတ်၊ ဉာဏ်၊ ဝိညာဏ်ပင် ဖြစ်ပါသည်။ ဗြဟ္မာသည် အလင်းဖြစ်လျှင် အတ္တသည်လည်း အလင်းပင် ဖြစ်ပါသည်။ ဗြဟ္မာ သို့မဟုတ် အတ္တသည် အလင်းသဘော ဖြစ်ကြောင်းကို ဤသို့ ဖော်ပြကြပါသည်။

ဗြိဟဒ် (၄၊ ၄၊ ၁၆) ၌ ဗြဟ္မာကို 'အလင်းတို့၏ အလင်း (ဇောတိသံ ဇောတိး)' ဟူ၍ ဖော်ပြထားကြောင်းကိုလည်း တွေ့ရ၏။ ထို့အပြင်–

န တတြ သူရိယော ဘာတိ၊ န စန္ဒြတာရကံ၊ နေမာ ဝိဒျုတော ဘာန္တိ၊ ကုတော ယမဂ္ဂိး၊ တမေဝ ဘာန္တံ အနုဘာတိ သဝ်၊ တသျ ဘာသာ သဝ် ဣဒံ ဝိဘာတိ။

(တတြ၊ ထိုဗြဟ္မာ၌။ **သူရိယော**၊ နေမင်းသည်။ **န ဘာတိ**၊ မထွန်း လင်း။ **စန္ဒြတာရကံ**၊ လနှင့် တာရာအပေါင်းသည်လည်း။ **န ဘာတိ**၊ မထွန်းလင်း။ **ဣမာဝိဒျုတ**၊ ဤ လျှပ်စစ် လျှပ်နွယ်တို့သည်။ **န ဘာန္တိ**၊ မထွန်းလင်းကြကုန်။ **အယံ အဂ္ဂိး**၊ ဤမီးသည်။ **ကုတော ဘာတိ**၊



www.burmeseclassic.com

www.burmeseclassic.com



အဘယ်မှာ ထွန်းလင်းပါအံ့နည်း။ ဘာန္တံ၊ ထွန်းလင်းသော။ တမေဝ၊ ထိုဗြဟ္မာကိုသာလျှင်။ သဗ္ဗံ၊ အလုံးစုံသည်။ အနုဘာတိ၊ နောက်ယောင်ခံ၍ ထွန်းလင်းရ၏။ တဿ၊ ထိုဗြဟ္မာ၏။ ဘာသာ၊ အလင်းဖြင့်။ ဣဒံ သဗ္ဗံ၊ ဤလောက တစ်ခုလုံးသည်။ ဝိဘာတိ၊ ထွန်းလင်းရ၏)

(ဿွေတ–၆၊ ၁၄)

ဗြဟ္မာသည် အလင်းတရား ဖြစ်၏။ ဗြဟ္မာသည် အသိတရား ဖြစ်၏။ ကျွန်ုပ်တို့၏ အတ္တသည် ဗြဟ္မာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အတ္တမှ အလင်းကို ငှား၍ မြင်ကြ၏။ အသိကို ငှား၍ သိကြ၏။ ထိုအတ္တသည် တကယ် မှန်ကန်သည့် ပရမတ္ထသစ္စာ ဖြစ်သည်။ မျက်စိသည် မြင်တတ်၏။ သို့ဖြစ်၍ မြင်စရာ အားလုံးကို မြင်၏။ သို့ရာတွင် မျက်စိသည် မိမိကို ပြန်မမြင်။ မိမိမှတစ်ပါး အခြား အရာဝတ္ထုများကိုသာ မြင်လေသည်။ ထို့ကြောင့် မြင်တတ်သော သဘောသည် အမြင်ခံရသော သဘော ဖြစ်မလာနိုင်ချေ။ ထိုနည်းအတူ အတ္တသည် သိတတ်သော သဘောဖြစ်၍ မိမိမှတစ်ပါး အခြား သိစရာများကို သိသည်။ မိမိကိုမူ ပြန်၍ မသိနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် သိတတ်သော သဘောသည် အသိခံရသော သဘော ဖြစ်မလာနိုင်သောကြောင့် ဖြစ်သည်။ သို့ရာတွင် ပရမတ္ထသစ္စာတရားအနေဖြင့် တကယ်ရှိသည်ကား အတ္တသာ ဖြစ်သည်။ သို့ဖြစ်လျှင် အတ္တသည် တကယ်သစ္စာထိုက်သည့် အတ္တကို မသိဘဲ တကယ် သစ္စာမထိုက်သည့် အမှားများကိုသာ သိခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ကျွန်ုပ်တို့ သိကြသည်ကား သစ္စာတရားများ မဟုတ်၊ အတုအယောင်များ၊ အရိပ်များ၊ အမှားများသာ ဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် တကယ်မှန်သည့် တရား၊ တကယ်ရှိသည့် တရားကား တစ်ခုသာ ရှိသည်။ နှစ်ခု မရှိ။ ယင်းတစ်ခုကား အတ္တ ဖြစ်သည်။ အတ္တမှ လွဲလျှင် အခြား မည်သည့်တရားမျှ တကယ်မမှန်၊ တကယ်မရှိ။ သို့ဖြစ်၍ အတ္တသည် မိမိမှတစ်ပါး အခြား သိစရာ ဘာမျှ မရှိတော့ဘဲ မိမိချည်းသာ ကျန်ရစ်လေသောအခါ အခြား ဘာကိုမျှ မသိသည့် 'အသိတုံး အသိခဲ' အနေဖြင့်သာ ကျန်ရစ်ပါသည်။

## ဘဝ

ဘဝဟူသည် ပန်းတိုင်မဟုတ်။ လျှောက်သွားရမည့် လျှောက်လမ်းသာ ဖြစ်၏။ ပန်းတိုင်မှာ ဗြဟ္မာ သို့မဟုတ် အတ္တသာ ဖြစ်၏။ ကျွန်ုပ်တို့သည် ပန်းတိုင်သို့ ရောက်ရန် လျှောက်လမ်းပေါ်၌ မလွဲမသွေ လျှောက်သွားရပေမည်။ လျှောက်လမ်း





ပေါ်၌ လျှောက်စဉ် ဓမ္မတာအားဖြင့် မောကြသည်။ ပန်းကြသည်။ ပန်းတိုင်သို့ ရောက်မှသာ အမောပြေသည်။ အပန်းပြေသည်။ ထို့ကြောင့် လျှောက်လမ်းနှင့်တူသော ဘဝကို ဒုက္ခဟု သတ်မှတ်ပြီး ပန်းတိုင်နှင့်တူသော ဗြဟ္မာကို သုခဟု သတ်မှတ်ခြင်း ဖြစ်ပါသည်။

**အသနာယာပိပါသေ သောကံ မောဟံ ဇရာံ မွတျုမတျေတိ။**

(ဗြဟ္မ၊ ဗြဟ္မာသည်။ **အသနာယာပိပါသေ**၊ ဆာလောင်ခြင်းနှင့် မွတ်သိပ်ခြင်းတို့ကို လည်းကောင်း။ **သောကံ**၊ သောကကို လည်းကောင်း။ **မောဟံ**၊ မောဟကို လည်းကောင်း။ **ဇရာံ**၊ အိုမင်းရင့်ရော်ခြင်းကို လည်းကောင်း။ **မွတျုံ**၊ သေခြင်းကို လည်းကောင်း။ **အတျေတိ**၊ လွန်မြောက်၏။)

( ဗြိဟဒ်–၃၊ ၅၊၁)

## အရှိ

ဗြဟ္မာသည် 'အရှိတရား' ဖြစ်၏။ သို့ဖြစ်၍ ဗြဟ္မာသည် နေရာတိုင်းမှာ ရှိ၏။ ကာလတိုင်းမှာ ရှိ၏။ အပြောင်းအလဲ မရှိ၊ တစ်သားတည်း ဖြစ်၏။ နေရာတိုင်းမှာ ရှိသည့်အတွက် ဒေသလွှန် (ဒေသဝိမုတ္တ) ဟု ခေါ်ရ၏။ ကာလတိုင်းမှာ ရှိသည့်အတွက် ကာလလွှန် (ကာလဝိမုတ္တ) ဟု ခေါ်ရ၏။ အပြောင်းအလဲ မရှိဘဲ အမြဲတစေ တစ်သားတည်း ဖြစ်သည့်အတွက် ကြောင်းကျိုးဆက်လွှန် (နိမိတ္တဝိမုတ္တ) ဟု ခေါ်ရ၏။ သို့ဖြစ်၍ ဗြဟ္မာရှိသည့် အရှိတရားသည် ကျွန်ုပ်တို့သိသည့် အရှိတရားမျိုး မဟုတ်။ ကျွန်ုပ်တို့သိသည့် အရှိတရားကား ဒေသအတွင်း၊ ကာလအတွင်း၊ ကြောင်းကျိုးဆက် အတွင်း၌သာ ရှိ၏။ ယင်းတို့၏ အလွန်၌ မရှိချေ။ သို့ရာတွင် ဗြဟ္မာရှိသည့် အရှိတရားကား ယင်းတို့၏ အလွန်၌လည်း ရှိ၏။ ယင်းတို့၏ အတွင်း၌လည်း ရှိ၏။ သို့ဖြစ်၍သာ ဗြဟ္မာသည် နေရာတိုင်း၌ အမြဲတမ်း တစ်သမတ်တည်း ရှိခြင်း ဖြစ်လေသည်။

## အသိ

ဗြဟ္မာသည် 'အသိတရား'ဖြစ်၏။ သို့ဖြစ်၍ ဗြဟ္မာသည် အရာရာတိုင်းကို သိ၏။ အမြဲတမ်း သိ၏။ အတိမ်အနက် မရှိ၊ တစ်သားတည်း ဖြစ်၏။ အရာရာတိုင်းကို သိသည့်အတွက် သဗ္ဗညု (ဒေသဝိမုတ္တ) ဟု ခေါ်ရ၏။ အမြဲတမ်း သိသည့်အတွက် [illegible] ကာလဝိမုတ္တ)ဟု ခေါ်ရ၏။ အတိမ်အနက် မရှိ တစ်သားတည်း ဖြစ်သည့် အတွက် အဇ (နိမိတ္တဝိမုတ္တ) ဟု ခေါ်ရ၏။ သို့ဖြစ်၍ ဗြဟ္မာသိသည့် အသိတရား [illegible] ကျွန်ုပ်တို့ သိသည့် အသိတရားမျိုး မဟုတ်။ ကျွန်ုပ်တို့သိသည့် အသိတရား



www.burmeseclassic.com

www.burmeseclassic.com



ကား ဒေသအတွင်း၊ ကာလအတွင်း၊ ကြောင်းကျိုးဆက် အတွင်း၌သာ သိ၏။ ယင်းတို့ကို ကျော်လွန်၍ မသိ။ ယင်းတို့ကို ကျော်လွန်၍ မသိခြင်းမှာ သိစရာ အာရုံနှင့် သိတတ်သူဟူ၍ အမြဲတမ်း နှစ်မျိုးကွဲပြားပြီး ထို နှစ်မျိုးတို့ အချင်းချင်း ဆက်သွယ်မိမှသာ 'သိခြင်း' သဘောတရား ဖြစ်ပေါ်နိုင်သောကြောင့် ဖြစ်ပါသည်။ ဗြဟ္မာသိသည့် အသိတရားကား သိစရာအာရုံနှင့် သိတတ်သူဟူ၍ နှစ်မျိုး မကွဲပြားဘဲ အသိတုံး၊ အသိခဲ အဖြစ် တစ်မျိုးတည်းသာ ရှိပြီး သိစရာအာရုံတည်းဟူသော ကမ္မသဘောမျိုးလည်း မဟုတ်။ သိတတ်သူ တည်းဟူသော ကတ္တားသဘောမျိုးလည်း မဟုတ်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဗြဟ္မာသိဟူသည် အသိတုံး၊ အသိခဲ အနေမှတစ်ပါး အခြား ဘာမျှမရှိသည့် တစ်ခုတည်းသော အသိတရား သဘောသက်သက်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ဗြဟ္မာသိသည့် အသိတရားသည် ဒေသ၊ ကာလနှင့် နိမိတ်တို့၏ အလွန်၌လည်း သိပါသည်။ ယင်းတို့၏ အတွင်း၌လည်း သိပါသည်။ သို့ဖြစ်၍သာ ဗြဟ္မာသည် အလုံးစုံကို အမြဲတမ်း တစ်သမတ်တည်း သိခြင်း ဖြစ်လေသည်။

## အာနန္ဒ (ချမ်းမြေ့ခြင်း)

ဗြဟ္မာသည် 'ချမ်းမြေ့ခြင်းတရား' ဖြစ်၏။ သို့ဖြစ်၍ အရာရာတိုင်း၌ ချမ်းမြေ့ခြင်းသဘော ရှိလေသည်။ ချမ်းမြေ့ခြင်းသဘောကို နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျခြင်း၌ အထိုက်အလျောက် တွေ့ရသည်။ နှစ်ခြိုက်စွာ အိပ်မောကျခြင်းကို ချမ်းမြေ့ခြင်း ဟူ၍လည်း ခေါ်ကြသည်။ ချမ်းသာခြင်း ဟူ၍လည်း ခေါ်ကြသည်။ ငြိမ်းချမ်းခြင်း ဟူ၍လည်း ခေါ်ကြသည်။ ယင်းသို့ ခေါ်ကြခြင်းမှာ လောကသစ္စာအနေဖြင့် ခေါ်ကြခြင်းသာ ဖြစ်ပါသည်။ ပရမတ္ထသစ္စာ အနေဖြင့် ခေါ်ကြခြင်း မဟုတ်။ ကျွန်ုပ်တို့သည် နှစ်ခြိုက်စွာ အိပ်မောကျသောအခါ သိစရာအာရုံနှင့် သိတတ်သော သဘောသည် အချင်းချင်း ပီပြင်စွာ မဆက်သွယ်နိုင်သဖြင့် 'သိခြင်း' သဘောတရား မပေါ်လွင်သောကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် သိစရာအာရုံနှင့် သိတတ်သော သဘောတို့သည် နှစ်မျိုး မကွဲပြားဘဲ တစ်မျိုးတည်းသဖွယ် ဖြစ်နေသောကြောင့် ဖြစ်သည်။ဤသဘောကို အခြေခံ၍ သိစရာ အာရုံနှင့် သိတတ်သူ ဟူ၍ နှစ်မျိုး မကွဲပြားဘဲ တစ်မျိုးတည်းစစ်စစ်ဖြစ်သော ဗြဟ္မာကို ချမ်းမြေ့ခြင်း (အာနန္ဒ) ဟူ၍ ခေါ်ကြခြင်း ဖြစ်ပါသည်။ ယင်းသို့ ခေါ်ကြခြင်းမှာ ပရမတ္ထသစ္စာအနေဖြင့် ခေါ်ကြခြင်း ဖြစ်သည်။ လောကသစ္စာအနေဖြင့် ခေါ်ကြခြင်း မဟုတ်။ တစ်နည်းအားဖြင့် ဗြဟ္မာအဖြစ် ချမ်းမြေ့သည့် ချမ်းမြေ့ခြင်း (အာနန္ဒ) ဆိုသည်မှာ ဖြစ်ပျက်မှု မရှိခြင်းပင် ဖြစ်ပါသည်။ ဖြစ်ပျက်မှု မရှိခြင်း





ဟူသည်မှာလည်း ကြောင်းကျိုးဆက်သွယ်မှုမှ လွတ်မြောက်ခြင်း သို့မဟုတ် ဆန့်ကျင်ဘက်တို့၏ ပေါင်းဆုံမှုမှ ဆိတ်သုဉ်းခြင်း ဖြစ်သည်။ ဗြဟ္မာအဖြစ် ချမ်းမြေ့သည့် ချမ်းမြေ့ခြင်းသည် ကျွန်ုပ်တို့ ချမ်းမြေ့သည့် ချမ်းမြေ့ခြင်းနှင့် မတူပါ။ ဗြဟ္မာအဖြစ် ချမ်းမြေ့သည့် ချမ်းမြေ့ခြင်းသည် 'မဖြစ်မှု' ကို ကိုယ်ထည်ပြုပါသည်။ ကျွန်ုပ်တို့ ချမ်းမြေ့သည့် ချမ်းမြေ့ခြင်းသည် 'ဖြစ်မှု'ကို ကိုယ်ထည်ပြုပါသည်။ 'ဖြစ်မှု' ကို ကိုယ်ထည်ပြုသည့် ချမ်းမြေ့ခြင်းသည် ဒေသ၊ ကာလနှင့် ကြောင်းကျိုးဆက် အတွင်း၌သာ ချမ်းမြေ့နိုင်ပါသည်။ 'မဖြစ်မှု' ကို ကိုယ်ထည်ပြုသည့် ချမ်းမြေ့ခြင်းသည်ကား ယင်းတို့၏ အလွန်၌လည်း ချမ်းမြေ့သည်။ ယင်းတို့၏ အတွင်း၌လည်း ချမ်းမြေ့သည်။ ဤနေရာ၌ 'မဖြစ်မှု' ဟူသည် လုံးလုံးမရှိမှု မဟုတ်။ မူလ ပကတိသဘောမှ မပြောင်းလဲမှု ဖြစ်သည်။ ထို့ကြောင့် ဗြဟ္မာအဖြစ် ချမ်းမြေ့သည့် ချမ်းမြေ့ခြင်းကို အရာရာတိုင်း၊ အချိန်တိုင်း၌ ရနိုင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍သာ ကျွန်ုပ်တို့သည် ဗြဟ္မာထံမှ ချမ်းမြေ့ခြင်းကို ငှားရမ်း၍ ဘစ်ခါတစ်ရံ ချမ်းမြေ့နိုင်ကြခြင်း ဖြစ်ပါသည်။ ကိုယ်ပိုင်မဟုတ်ဘဲ အငှားဖြစ်သဖြင့် ထာဝရ ချမ်းမြေ့နိုင်ကြမည်တော့ မဟုတ်ပါချေ။

## အတ္တနှင့် ဇီဝ

အတ္တနှင့် ဗြဟ္မာသည် အတူတူ ဖြစ်သည်။ ဇီဝနှင့် အတ္တကား မတူ၊ အနည်းငယ် ကွာသည်။ အတ္တသည် မူလကောင်းကင်ပြင်နှင့် တူသည်ဟု ဆိုလျှင် ဇီဝသည် အိုးထဲက ကောင်းကင်နှင့် တူသည်ဟု ဆိုနိုင်သည်။ သို့ဖြစ်၍ ကောင်းကင်ပြင် အာကာသသည် အဆုံးအစ မရှိ၊ အပိုင်းအခြား မရှိ၊ တစ်ခုတည်း ဖြစ်သော်လည်း အိုးထဲက ကောင်းကင်မှုကား အဆုံးအစ ရှိသည်။ အပိုင်းအခြား ရှိသည်။ အိုးကို ရိုက်ခွဲလိုက်သောအခါမှသာ အိုးထဲက ကောင်းကင်သည် မူလ ကောင်းကင်ပြင်နှင့် တစ်ခုတည်း တစ်သားတည်း ဖြစ်သွား၏။ သို့ဖြစ်၍ သီးခြား ရှိနေသည့် အခိုက်အတန့်ကို ဇီဝဟု ခေါ်၍ သီးခြားမရှိဘဲ တစ်ခုတည်းဖြစ်သည့် သဘောကို အတ္တဟု ခေါ်သည်။ ထို့ကြောင့် ဇီဝသည် အခိုက်အတန့်နှင့် အခြေအနေအရ အတ္တနှင့် ခြားနားသော်လည်း အတ္တ၏အကျိုးတရား မဟုတ်။ အစိတ်အပိုင်း မဟုတ်။ ဇီဝနှင့် အတ္တကား တရားကိုယ်အားဖြင့် အတူတူပင် ဖြစ်၏။ တစ်ခုတည်းပင် ဖြစ်၏။ ယင်း တစ်ခုတည်းသည်သာလျှင် ပရမတ္ထသစ္စာ ဖြစ်လေသည်။ ပရမတ္ထသစ္စာထိုက်သည့် တစ်ခုတည်းကို ဘာသာရေးရှုထောင့်မှ ဗြဟ္မာဟူ၍ လည်းကောင်း၊ အတ္တဟူ၍ လည်းကောင်း ခေါ်ကြသည်။ ဒဿနရှုထောင့်မှ အဖြိုတရား ... ခေါ်ကြသည်။ စိတ္တဗေဒရှုတောင့်မှ စိတ်ဟူ၍ လည်းကောင်း၊ ဉာဏ်ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ဝိညာဏ်ဟူ၍ လည်းကောင်း ခေါ်ကြသည်။ အနုပညာ (ရသ) ရှုထောင့်မှ ချမ်းမြေ့ခြင်း (အာနန္ဒ) ဟု ခေါ်ကြသည်။

## ဗြဟ္မာဖြစ်ကြောင်း နည်းလမ်း

လောကသည် ဒုက္ခဖြစ်သည်ဟူ၍ လည်းကောင်း၊ အဝိဇ္ဇာသည် ဒုက္ခ၏ အကြောင်း ဖြစ်သည်ဟူ၍ လည်းကောင်း၊ ဗြဟ္မာသည် ဒုက္ခ၏ ချုပ်ငြိမ်းရာ ဖြစ်သည်ဟူ၍ လည်းကောင်း ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် သိမြင်ကြပါသည်။ သို့ဖြစ်၍ ဒုက္ခ၏ ချုပ်ငြိမ်းရာ ဗြဟ္မာဖြစ်ရေးအတွက် လမ်းစဉ်များကို သတ်မှတ်ခဲ့ကြပါသည်။ ထိုလမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးပါက ကျင့်သူကိုယ်တိုင် ဗြဟ္မာဖြစ်ပြီး ဒုက္ခအပေါင်းမှ လွတ်မြောက်သည်ဟု ယုံကြည်ကြပါသည်။ ဗြဟ္မာဖြစ်အောင် ကျင့်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းများ ရှိပါသည်။ ကျင့်သူသည် ထို စည်းကမ်းများကို လိုက်နာရပါသည်။

ဗြဟ္မာဖြစ်အောင် ကျင့်ရာတွင် ဆရာတပည့် သတ်မှတ်ချက် ရှိသည်။ ဆရာဖြစ်သူက တပည့်တိုင်းကို ဗြဟ္မာဖြစ်နည်း သင်မပေးရ။ ဗြဟ္မာဖြစ်နည်း သင်ပေးမှုနှင့် ပတ်သက်၍ ဆန္ဒောဂျဥပနိသျှဒ်၌ ဤသို့ လာရှိသည်ကို တွေ့ ရသည်။

ထိုဗြဟ္မာဖြစ်နည်းကို ဗြဟ္မာက ပဇာပတိအား သင်ပေး၏။ ပဇာပတိက မနုအား သင်ပေး၏။ မနုက သူ၏ အဆက်အနွယ်များအား သင်ပေး၏။ ထိုတွင် ဖခင်က သူ၏ အကြီးဆုံးသား ဥဒ္ဒါလက အာရုဏိ ကို သင်ပေး၏။ (၄)

ဖခင်သည် ဤဗြဟ္မာဖြစ်နည်းကို မိမိ၏ အကြီးဆုံးသားအား လည်းကောင်း၊ ထိုက်တန်သော အတွင်းနေတပည့် (အန္တေဝါသိက)အား လည်းကောင်း သင်ပေးခွင့် ရှိသည်။ (၅)

အခြားသူ တစ်ဦးတစ်ယောက်ကိုမျှ သင်မပေးရ။ အကယ်၍ အခြား တစ်ဦးတစ်ယောက်က သမုဒ္ဒရာတို့ဖြင့် ဝန်းရံအပ်သော၊ ရတနာ တို့ဖြင့် ပြည့်သော ဤပထဝီမြေပြင်ကို နှင်းဆက်မည် ဆိုစေဦး။ (သင်မပေးရ)။ ဤ ဗြဟ္မာဖြစ်နည်းသည် ထိုကမ္ဘာမြေပြင်ထက် ပို၍ ကြီးမြတ်၏။ (၆)

(ဆန္ဒော–၃–၁၁၊၄–၆)

သံသရာ၌ ကျင်လည်နေရသူများအတွက် ကိုယ်တိုင် ဗြဟ္မာဖြစ်အောင် ကျင့်နိုင်ပုံနှင့် ပတ်သက်၍ ဆန္ဒောဂျဥပနိသျှဒ်၌ ဥဒ္ဒါလက အာရုဏိက သား





သွေတကေတုအား ညွှန်ကြားသော အောက်ပါ ဥပမာကို လေ့လာခြင်းဖြင့် ဥပနိသျှဒ်ခေတ် ပညာရှိတို့၏ ခံယူချက်ကို နားလည်နိုင်ပေသည်။

ချစ်သား သွေတကေတု၊ ယောကျ်ားတစ်ယောက်ကို ဂန္ဓာရ တိုင်းမှ အဝတ်ဖြင့် မျက်စိပိတ်ပြီး ခေါ်ခဲ့၍ သူ့ကို လူသူမနီး တောကြီး မျက်မည်းထဲ၌ ပစ်ခဲ့ရာ၏။ မျက်စိပိတ်၍ ခေါ်ဆောင်ခြင်း ခံရသူ ဖြစ်သဖြင့် ဂန္ဓာရတိုင်းသို့ မပြန်တတ်ဘဲ အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့သို့ မြည်တမ်း လှည့်လည်ရာ၏။(၁)

ထိုအခါ တစ်ဦးတစ်ယောက်က သူ၏ မျက်စိ၌ စည်းနှောင် ထားသော အဝတ်ကို ဖယ်ရှား၍ ဤသို့ ပြောရာ၏။ 'ဂန္ဓာရတိုင်းသည် ဤအရပ်မျက်နှာ၌ ရှိ၏။ ဤအရပ်မျက်နှာဘက်သို့ သွားချေ' ထိုအခါ မှုလက မျက်စိပိတ်ခြင်း ခံရသူသည် ယခု မျက်စိ၌ စည်းနှောင်ထားသော အဝတ် မရှိတော့သည့်အပြင် ဂန္ဓာရတိုင်းရှိရာ အရပ်မျက်နှာကိုပါ သိပြီး ဖြစ်သဖြင့် တစ်ရွာမှ တစ်ရွာသို့ မေးမြန်းစုံစမ်းရင်း သွားလေရာ နောက်ဆုံး ၌ ဂန္ဓာရတိုင်းသို့ ရောက်ရာ၏။ ချစ်သား သွေတကေတု၊ ဤဥပမာ အတိုင်း ဆရာကောင်းရှိသူသည် ဗြဟ္မာ မဖြစ်သေးသမျှ ကာလပတ်လုံး သံသရာ၌ လှည့်လည်သွားလာနေရစေကာမူ အဆုံးတစ်နေ့၌ ဗြဟ္မာဖြစ်၍ သံသရာမှ လွတ်မြောက်၏။ (၂)

(ဆန္ဒော–၆–၁၄၊၁–၂)

ဥပနိသျှဒ်ကျမ်းများအဆိုအရ ဤလောကနှင့်တကွ လောကတွင်းရှိ သက်ရှိ သက်မဲ့ အရာဝတ္ထုအားလုံးတို့သည် ဗြဟ္မာသာလျှင် ဖြစ်၏။ ဗြဟ္မာမှ တစ်ပါး အခြား ဘာမျှမရှိ။ သို့ရာတွင် ဗြဟ္မာကို ဗြဟ္မာမှန်း မသိဘဲ သူသူငါငါ ဟိုဟာဤဟာ အဖြစ်သာ သိကြသည်။ ထိုသို့ သိခြင်းသည် အဝိဇ္ဇာပင် ဖြစ်၏။ ဗြဟ္မာကို ဗြဟ္မာမှန်း သိမှသာ ဝိဇ္ဇာ ဖြစ်လေသည်။ ဗြဟ္မာကို ဗြဟ္မာမှန်း သိအောင် အားထုတ်ရာတွင် စာပေကျမ်းဂန်သိသည် အားကိုးလောက်သောအသိ မဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ တရားအားထုတ်၍ ရသော အသိမှသာ အားကိုးလောက်သော အသိ ဖြစ်ကြောင်းကို သနတ်ကုမာရနှင့် နာရဒတို့၏ အမေးအဖြေဖြင့် ဤကဲ့သို့ ဖော်ပြခဲ့သည်။

နာရဒ

–အရှင် သနတ်ကုမာရ၊ ကျွန်ုပ်သည် ဣရ၊ ယဇု၊ သာမ၊ အထဗ္ဗဝေဒတို့ကို သိပါ၏။ ပဉ္စမဝေဒ ဖြစ်သည့် ဣတိဟာသ–ပုရာဏ်ကျမ်းကိုလည်း သိပါ၏။ ထို့အပြင် ဝေဒတို့၏ ဝေဒဖြစ်သည့် သဒ္ဒါကျမ်း တမလွန်



www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုင်ရာကျမ်း၊ သင်္ချာကျမ်း၊ လက္ခဏာကျမ်း၊ ဗေဒင်ကျမ်း၊ ဘောဂဗေဒကျမ်း၊ တက္ကဗေဒကျမ်း၊ ဒဿနကျမ်း၊ ဘာသာဗေဒကျမ်း၊ ဗြဟ္မာဖြစ်အောင် အားထုတ်နည်းကျမ်း (ဗြဟ္မဝိဇ္ဇာ)၊ ရူပဗေဒကျမ်း၊ သေနင်္ဗျူဟာကျမ်း၊ နက္ခတ္တဗေဒကျမ်း၊ အဆိပ်ဖြေကျမ်း၊ အနုပညာကျမ်းတို့ကိုလည်း သိပါ၏။

–အရှင် သနတ်ကုမာရ၊ ကျွန်ုပ်သည် စာပေသိသမား (မန္တဝိဒ်)သာဖြစ်ပါ၏။ ဗြဟ္မာကို သိသူ(အာတ္မဝိဒ်) မဖြစ်ခဲ့ပါ။ ဗြဟ္မာကို သိသူသည် သောကကို လွန်မြောက်၏ဟု အရှင်တို့ကဲ့သို့သော ပညာရှိများထံမှ ကြားဖူးပါ၏။

–အရှင် သနတ်ကုမာရ၊ ကျွန်ုပ်သည် ကျမ်းတတ်အကျော် ပညာမော် ဖြစ်သော်လည်း သောကဖြင့် နှိပ်စက်ခြင်းကို ခံနေရပါ၏။ အရှင်သည် ကျွန်ုပ်အား သောက၏ တစ်ဖက်ကမ်းကို ပို့ဆောင်တော်မူပါလော့။

သနတ်ကုမာရ

–နာရဒ၊ သင် သိသော အတတ်ပညာ အားလုံးတို့သည် အမည်မျှသာတည်း။ (နာမ မေဝ)

(ဆန္ဒော–၇–၁၊ ၂–၃)

စာပေသိ မှန်သမျှသည် 'အသိ' ဟူ၍ ပြောရရုံမျှသာ ဖြစ်၏။ 'အသိ' ဟူသော အမည်ကို ခံယူရရုံမျှသာ ဖြစ်၏။ တကယ် မှန်ကန်သော 'အသိကိုယ်ထည်' ဖြစ်မလာနိုင်။ ထို့ကြောင့် မိုးထဲလေထဲ၌ အကျဉ်းအကျပ် ကြုံသောအခါ 'အမည်ခံအသိ' သည် အားကိုးလောက်သောအသိ မဟုတ်တော့ဘဲ သောကတို့၏ လွှမ်းမိုးနှိပ်စက်ခြင်းကို ခေါင်းငုံ့၍ ခံယူရ၏။ သို့ဖြစ်၍ အခါ ခပ်သိမ်း အားကိုးလောက်သော၊ သောကပရိဒေဝတို့ကို လွန်မြောက်နိုင်သော အသိစစ်၊ အသိမှန်ဖြစ်သည့် 'အသိကိုယ်ထည်' ကို စာပေကျမ်းဂန် သင်ကြား တတ်မြောက်ရုံမျှဖြင့် မရနိုင်ဘဲ တရားအားထုတ်ခြင်းဖြင့်သာ ရနိုင်ကြောင်း ဥပနိသျှဒ်ပညာရှိများက သွန်သင်ကြခြင်း ဖြစ်ပါသည်။

ဥပနိသျှဒ်ကျမ်းများ၏ အလိုအရ အမည်ခံသိ သို့မဟုတ် စာပေသိကို **ဘေဒဉာဏ်** ဟု သတ်မှတ်ပြီး အထည်ကိုယ်သိ သို့မဟုတ် တရားအားထုတ်သိကို **အဘေဒဉာဏ်** ဟု သတ်မှတ်ပါသည်။ ဘေဒဉာဏ်ဆိုသည်မှာ သိသူနှင့် သိစရာဝတ္ထုတို့ကို တစ်မျိုးတည်း ဖြစ်မသွားစေနိုင်ဘဲ နှစ်မျိုး ကွဲပြားနေစေမည့် အသိဉာဏ် ဖြစ်ပါသည်။ ဥပမာ ပန်းကို သိသောအခါ သိသူက ပန်းဖြစ်မသွားဘဲ သိသူက သတ်သတ်၊ ပန်းက သတ်သတ် နှစ်မျိုး ကွဲပြားနေသည့် သဘော ဖြစ်ပါသည်။





ထို့ကြောင့် ပန်းကို သိသော်လည်း လှပခြင်း၊ မွှေးကြိုင်ခြင်း စသည့် ပန်း၏ စွမ်းအင်သတ္တိများကို သိသူက မရရှိနိုင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဤအသိမျိုးကို အမည်ခံသိ သို့မဟုတ် စာပေသိဟု ဥပနိသျှဒ်ကျမ်းများ၌ ဆိုခြင်း ဖြစ်ပါသည်။ ဤအမည်ခံသိဖြင့် ကျွန်ုပ်တို့သည် ခန္တီတရားကို သိကြရာတွင် ခန္တီတရားနှင့် ကျွန်ုပ်တို့ တစ်သားတည်း ဖြစ်မသွားဘဲ နှစ်မျိုး ကွဲပြားနေသည့်အတွက် ထိုအကွဲကြားမှ ဒေါသ က ဝင်ရောက်ပြီး နှိပ်စက်နိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သိသူနှင့် သိစရာဝတ္ထုတို့ကို တစ်သားတည်း ဖြစ်မသွားစေနိုင်ဘဲ နှစ်မျိုး ကွဲပြားနေစေသည့် အသိဉာဏ်ကို ဘေဒဉာဏ် (ကွဲပြားသိ) ဟု ခေါ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဘေဒဉာဏ်ကို ကိုယ်တိုင် ဖြစ်မသွားခြင်းဖြင့် သိခြင်းဟု အဓိပ္ပာယ် ဖွင့်နိုင်ပါသည်။ ယင်း ဘေဒဉာဏ်သည် စာပေကျမ်းဂန်၏ နယ်နိမိတ်အတွင်း၌ ရှိပါသည်။

အ ဘေဒဉာဏ်ဆိုသည်မှာ သိသူနှင့် သိစရာဝတ္ထုတို့ နှစ်မျိုး မကွဲပြားစေဘဲ တစ်သားတည်း ဖြစ်သွားစေနိုင်သည့် အသိဉာဏ် ဖြစ်ပါသည်။ ဥပမာ ဤအသိဉာဏ်မျိုးဖြင့် ပန်းကို သိသောအခါ သိသူကိုယ်တိုင်က ပန်းသဘော ဖြစ်သွားပြီး ပန်းလိုလှ၍ ပန်းလိုမွှေးရသည်။ ပန်း၏ စွမ်းအင်သတ္တိများကို ပိုင်ဆိုင်ရသည်။ သိသူနှင့် သိစရာ အရာဝတ္ထုအကြား အကွဲအပြားမရှိ တစ်သားတည်း ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဤအသိမျိုးဖြင့် ခန္တီတရားကို သိကြပါက ကျွန်ုပ်တို့နှင့် ခန္တီတရား နှစ်မျိုး မပြားဘဲ ကျွန်ုပ်တို့သည်ပင် ခန္တီတရား၊ ခန္တီတရားသည်ပင် ကျွန်ုပ်တို့ ဖြစ်လာ၍ ဒေါသဝင်စရာ အကြားအလပ် မရှိနိုင်တော့ချေ။ ထိုအခါ ကျွန်ုပ်တို့သည် ဒေါသကို အောင်နိုင်သူ ဖြစ်လာပေလိမ့်မည်။ ထို့ကြောင့် အ ဘေဒဉာဏ်ကို ကိုယ်တိုင် ဖြစ်သွားခြင်းဖြင့် သိခြင်းဟု အဓိပ္ပာယ် ဖော်နိုင်ပါသည်။

သို့ရာတွင် ဤ အ ဘေဒဉာဏ်ကို ရနိုင်ရန် အားကောင်းသော သမာဓိကို လိုအပ်သည်။ အာရုံနှင့် အာရမ္မဏိကကို တစ်သားတည်း ဖြစ်သွားစေရေးအတွက် ဧကဂ္ဂတာကို လိုအပ်သည်။ သမာဓိ သို့မဟုတ် ဧကဂ္ဂတာ၏ အကူအညီဖြင့် အ ဘေဒဉာဏ်သည် သိစရာအာရုံနှင့် သိစိတ်တို့ကို အကွဲအပြားမရှိ တစ်သားတည်း ပြုစွမ်းနိုင်လေသည်။ တစ်နေရာတည်း၌ တစ်မျိုးတည်းအဖြစ် ထားစွမ်းနိုင်လေသည်။ ဥပနိသျှဒ်ကျမ်းများ၏ အလိုအရ ဤလောကတွင် ဗြဟ္မာမှတစ်ပါး အခြား ဘာမျှမရှိ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထု ဟူသမျှသည် ဗြဟ္မာ၏ အစိတ်အပိုင်းများ ဖြစ်ကြ၏။ အရိပ်ကို ဖယ်လိုက်လျှင် ဗြဟ္မာကို တွေ့ရမည် ဖြစ်၏။ သို့ဖြစ်၍ ... နဂိုကတည်းက တစ်မျိုးတည်း ရှိနေပြီးသားကို ယခု တစ်မျိုးတည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြန်လုပ်ခြင်းမှာ လုပ်၍ ရနိုင်သည့် သဘောအရ လုပ်ဆောင်ခြင်းပင် ဖြစ်သည်။

အမှန်အားဖြင့် အ ဘေဒဉာဏ်သည် စာပေကျမ်းဂန်၏ နယ်နိမိတ် အလွန်၌ ရှိ၏။ ထို့ကြောင့် စာပေကျမ်းဂန်၏ နယ်နိမိတ်ကို ဖြတ်သန်း၍ တရားအားထုတ်မှု၏ နယ်နိမိတ် အတွင်း၌သာ အ ဘေဒဉာဏ်ကို ဖွေရှာရမည်ဟု ဥပနိသျှဒ်ကျမ်းများက ဆိုကြပါသည်။ ထိုသို့ ရှာဖွေသည့်အလျောက် အ ဘေဒ ဉာဏ်ကို ရသောအခါ ဘေဒဉာဏ်ကဲ့သို့ ဘာဘာညာညာ အမျိုးအမည် ခွဲခြား၍ သိခြင်းမျိုး မရှိတော့ချေ။ ဘာဘာညာညာ ခွဲခြားစရာလည်း မရှိ၊ အားလုံး ဗြဟ္မာ ချည်းသာ ဖြစ်လေသည်။ သိစရာကလည်း ဗြဟ္မာ၊ သိသူကလည်း ဗြဟ္မာ၊ တစ်နည်းအားဖြင့် ဆိုရလျှင် မျက်စိသည် မိမိမျက်စိမှတစ်ပါး အခြား မြင်စရာ ဘာမျှ မရှိတော့သည့် အခြေအနေ၌ မြင်တတ်သည့်မျက်စိ ဖြစ်နေခြင်းမျိုးသာ ဖြစ်ပါသည်။ သဒ္ဒါကျမ်း ဝေါဟာရဖြင့် ပြောရလျှင် ကတ္တားသည် ကတ္တားသာ ဖြစ်နိုင်ပြီး ကမ္မ မဖြစ်နိုင်သဖြင့် မျက်စိသည် မိမိကိုယ်ကို ပြန်၍ မမြင်နိုင်ခြင်း ဖြစ်ပါသည်။ ပြန်၍ မမြင်နိုင်သဖြင့်သာ မျက်စိသည် မိမိ၏ မြင်တတ်သော သဘောမှ လွဲ၍ အခြား အခြေအနေများကို ပြောနိုင်စွမ်း မရှိခြင်း ဖြစ်ပါသည်။ အခြား အခြေအနေများကို ပြောနိုင်စွမ်း မရှိသော်လည်း မျက်စိ၏ မြင်တတ်သော သဘော အထင်အရှားရှိကြောင်းကိုကား အတွေ့အကြုံအရ မျက်စိကိုယ်တိုင်က ပြောနိုင်ပါသည်။ ဤသို့သော သဘောမျိုးကို သက္ကတဝေါဟာရ ဖြင့် 'သာချာတ် ကာရ' (မျက်မှောက်ပြုသိ) ဟု ခေါ်ပါသည်။

## လမ်းစဉ် သုံးမျိုး

ဗြဟ္မာဖြစ်နည်းနှင့် ပတ်သက်၍ လမ်းစဉ် သုံးမျိုးကို ဥပနိသျှဒ်ကျမ်းများ၌ ဖော်ပြကြပါသည်။ ထိုလမ်းစဉ် သုံးမျိုးတို့မှာ–

(၁) ကမ္မ ယောဂ၊
(၂) ဘတ္တိ ယောဂ၊
(၃) ဉာဏ ယောဂ

တို့ ဖြစ်ကြပါသည်။

### (၁)ကမ္မယောဂ

ကမ္မယောဂသည် အဓိကအားဖြင့် ဝေဒနှင့် ဗြာဟ္မဏကျမ်းတို့၌ ဦးစားပေးထား သော လမ်းစဉ် ဖြစ်ပါသည်။ ထိုလမ်းစဉ်၏ အဓိက ရည်ရွယ်ချက်မှာ ယဇ်၏





လျှို့ဝှက်ချက်ကို ဖော်ထုတ်ကာ နတ်များအား ပူဇော်ခြင်းဖြင့် လိုအပ်သော အကျိုး တရားကို ရရှိအောင် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဝေဒခေတ်တွင် ယဇ်ပူဇော်မှုကို လူတိုင်းလိုလို လုပ်နိုင်အောင် ရိုးရိုးစင်းစင်း စီမံခဲ့သော်လည်း ဗြာဟ္မဏခေတ် တွင်ကား ဘုရင်များ၊ သူဌေးသူကြွယ်များနှင့် လူကုံထံများသာ ယဇ်ပူဇော်မှုကို ဆောင်ရွက်နိုင်အောင် ခမ်းကြီးနားကြီး စီမံခဲ့ကြကြောင်း တွေ့ရပါသည်။ ထို သဘောကို မကျေနပ်သဖြင့် အာရုဏကခေတ်နှင့် ဥပနိသျှဒ်ခေတ်တွင် ယဇ်၏ လျှို့ဝှက်ချက်ကို အလေးမထားဘဲ လောက၏ လျှို့ဝှက်ချက်ကို အလေးထားပြီး ယဇ်ပူဇော်မှုကို မှေးမှိန်အောင် ပြုလုပ်ကာ တရားကျင့်ကြံမှုကို အစားထိုးခဲ့ကြ သည်။ ထို့ကြောင့် ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်ကို ကမ္မယောဂခေတ် ဟု သတ်မှတ်ပြီး အာရုဏကခေတ်နှင့် ဥပနိသျှဒ်ခေတ်ကို ဉာဏယောဂခေတ်ဟု သတ်မှတ်ခဲ့ကြပါသည်။

ဥပနိသျှဒ်ခေတ်တွင် ကမ္မယောဂကို ဦးစားပေး အလေးမထားသော်လည်း ခေတ်နှင့် လျော်ညီအောင် ကမ္မယောဂ၏ အနက်အဓိပ္ပာယ်ကို ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်ခဲ့ကြပါသည်။ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တွင် ကမ္မယောဂ၏ အနက်အဓိပ္ပာယ်မှာ လိုအပ်သော အကျိုးအာနိသင်ကို ရရှိနိုင်စေရန် ယဇ်၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ကာ နတ်များအား ပူဇော်ပသခြင်းဖြစ်၍ ဥပနိသျှဒ် ခေတ်တွင်မူ လောက၏ လျှို့ဝှက်ချက်ဖြစ်သည့် ဗြဟ္မာ သို့မဟုတ် အတ္တဉာဏ် ရရှိရေးအတွက် အထောက်အကူပြုစေရန် ယဇ်ပူဇော်ခြင်း ဖြစ်လာပါသည်။ ဝေဒ ခေတ်နှင့် ဗြာဟ္မဏခေတ်တွင် အလိုဆန္ဒကို ရှေ့တန်းတင်၍ ယဇ်ပူဇော်ကြသော် လည်း ဥပနိသျှဒ်ခေတ်တွင် အလိုဆန္ဒကို နောက်တန်းသို့ ပို့၍ ယဇ်ပူဇော်ကြပါ သည်။ ဖြစ်နိုင်လျှင် အကျိုးတရားကို လုံးဝ မတွယ်တာ မမျှော်ကိုးဘဲ တာဝန် ကျေရုပ်အနေဖြင့် ယဇ်ပူဇော်ရန် သွန်သင်ခဲ့ကြပါသည်။ ဤသဘောကို 'နိက္ကာမ ကမ္မ' (မျှော်ကိုးချက် မပါသည့် ဆောင်ရွက်မှု) ဟု ခေါ်ပါသည်။

ကမ္မယောဂတွင် ကမ္မ၏ အဓိပ္ပာယ်မှာ ဓမ္မနှင့် အဓမ္မ ဖြစ်ပါသည်။ ထိုစဉ်က ကုသိုလ်နှင့် အကုသိုလ် ဟူသော အသုံးအနှုန်း မရှိသေးဘဲ ဓမ္မနှင့် အဓမ္မ ဟူသော အသုံးအနှုန်းသာ ရှိပါသည်။ ဓမ္မမှာ ဆောင်ရမည့်တရား ဖြစ်၍ အဓမ္မမှာ ရှောင်ရမည့်တရား ဖြစ်ပါသည်။ ဓမ္မကို ဆောင်ရာတွင် ဆောင်သူ၏ နှလုံးသွင်းကိုလိုက်၍ သံသရာချမ်းသာနှင့် မောက္ခချမ်းသာ နှစ်မျိုးကို ရနိုင်ကြောင်း ဥပနိသျှဒ်ခေတ် ပညာရှိများက လက်ခံပါသည်။

ဒြေယး စ ပြေယး စ မနုပျံ ဧတး၊
တော် သမ္ပရိတျ ဝိဝိနက္တိ ဓိရး၊



www.burmeseclassic.com

www.burmeseclassic.com



ဂြေယော ဟိ ဓီရောဘိပြေယသော ဝူဏီတေ၊
ပြေယော မန္ဒော ယောဂက္ခေမာဒ် ဝူဏီတေ။

(ဂြေယး၊ မြတ်သော မောက္ခသုခသည် လည်းကောင်း။ ပြေယး၊ ချစ်နှစ်သက်အပ်သော သံသရာ သုခသည် လည်းကောင်း။ မနုဿ၊ လူထံသို့။ ဧတး၊ ရောက်၏။ ဓီရး၊ ပညာရှိသည်။ တော်၊ ထိုသုခနှစ်မျိုးကို။ သမ္ပရီတျ၊ ကောင်းစွာ စူးစမ်းဆင်ခြင်၍။ ဝိဝိနက္တိ၊ ခွဲခြား၏။ ဟိ၊ အမှန်အားဖြင့်။ ဓီရော၊ ပညာရှိသည်။ အဘိပြေယသော၊ ချစ်နှစ်သက်အပ်သော သံသရာသုခထက်။ ဂြေယော၊ မြတ်သော မောက္ခသုခကို။ ဝူဏီတေ၊ ရွေးချယ်၏။ မန္ဒော၊ လူညံ့သည်။ ယောဂက္ခေမာဒ်၊ မြတ်သော မောက္ခသုခထက်။ ပြေယော၊ ချစ်နှစ်သက်အပ်သော သံသရာသုခကို။ ဝူဏီတေ၊ ရွေးချယ်၏။) (ကဌ-၁၊ ၂၊ ၂)

ကမ္မယောဂနည်းအရ ဓမ္မကို ကျင့်ကြံ အားထုတ်ရာတွင် ယဇ်ပူဇော်ခြင်းနှင့် တာဝန်ဝတ္တရားများ ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ယဇ်ပူဇော်ခြင်းနှင့် တာဝန်ဝတ္တရားများ ဆောင်ရွက်ခြင်းကို 'ကမ္မ' ဟု ခေါ်ပါသည်။ ကမ္မယောဂ ခေါ် ကမ္မလမ်းစဉ်ဖြင့် ယဇ်ပူဇော်မှုကို ပြုသည်ဖြစ်စေ၊ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်သည်ဖြစ်စေ နောင် ရရှိမည့် အကျိုးတရားများအပေါ် တွယ်တာ ကပ်ငြိခြင်း မရှိဘဲ ဗြဟ္မာဖြစ်ရေးအတွက် သက်သက်ရည်စူး၍ ဆောင်ရွက်လျှင် မောက္ခသုခကို ရရှိနိုင်ပါသည်။ အကယ်၍ နောင် ရရှိမည့် အကျိုးတရားများအပေါ် တွယ်တာကပ်ငြိပြီး ဆောင်ရွက်လျှင် သံသရာသုခကို ရရှိနိုင်ပါသည်။ ဤသည်မှာ ဥပနိသျှဒ်ခေတ် ပညာရှိတို့၏ သွန်သင်ချက် ဖြစ်ပါသည်။

စာရိတ္တရှုထောင့်မှကြည့်လျှင် ဥပနိသျှဒ်ခေတ် ပညာရှိတို့၏ သွန်သင်ချက်သည် များစွာပင် မြင့်မားကြောင်း တွေ့ရပါသည်။ လူမှန်လျှင် လူ့တာဝန်ကို မလွဲမသွေ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တာဝန်ဝတ္တရား၏ အကြီးအသေးထက် ဆောင်ရွက်သူ၏ နှလုံးသွင်း ခံယူချက်ကို ပိုမို အလေးထားကြောင်း တွေ့ရပါသည်။ မည်မျှလောက် ကြီးမားကြောင်း တာဝန်ဝတ္တရားများကို ဆောင်ရွက်နေသူပင် ဖြစ်စေ **မိမိအတွက် ဦးတည်ချက်** (အတ္တ သင်္ဂဟ) ဖြင့်သာ ဆောင်ရွက်ခြင်းမျိုး ဖြစ်ပါက ထိုလူကို လူညံ့ (မန္ဒ)ဟု သတ်မှတ် ပြီး မည်မျှလောက် သေးငယ်သော တာဝန်ဝတ္တရားများကို ဆောင်ရွက်နေသူပင် ဖြစ်စေ **လောကအတွက် ဦးတည်ချက်** (လောက သင်္ဂဟ) ဖြင့် ဆောင်ရွက်ခြင်းမျိုး ဖြစ်ပါက ထိုလူကို လူကောင်း (ဓီရ) ဟု သတ်မှတ်ပါသည်။ တစ်နည်းအားဖြင့်





ဆိုရလျှင် လူညံ့ လူကောင်း သတ်မှတ်မှုနှင့် ပတ်သက်၍ တာဝန်ယူ ဆောင်ရွက်သည့်လုပ်ငန်း ကြီးမှု၊ သေးမှုကို အဓိက မထားဘဲ နှလုံးသွင်း ခံယူချက်ကိုသာ အဓိကထားကြောင်း တွေ့ရပါသည်။

ထို့အပြင် 'အရာရာကို စွန့်လွှတ်ထားသည်' ဟူသော သူတော်ကောင်း ခံယူချက်မျိုးဖြင့် မိမိအပေါ် ကျရောက်သည့် တာဝန်ကို မဆောင်ရွက်လျှင် ထိုသူတော်ကောင်းကို မှန်ကန် မြင့်မြတ်သည့် သူတော်ကောင်းဟု သတ်မှတ်ခြင်း မျိုး ဥပနိသျှဒ်ကျမ်းများ၌ မတွေ့ရပေ။ ဥပနိသျှဒ်ကျမ်းများ၏ အလိုအရ မည်သူမဆို အလုပ်ကို မစွန့်ရ။ ရရှိမည့် အကျိုးတရားပေါ်၌ မျှော်ကိုးခြင်းကိုသာ စွန့်ရ သည်။ မိမိတို့၏ တာဝန်အရ မိမိတို့၏ အလုပ်ကို လုပ်ရမည်။ အများဆုံး လုပ်ရ မည်။ သို့ရာတွင် ထိုအလုပ်မှ ရရှိမည့် အကျိုးတရားများအပေါ် ငြိကပ်တွယ်တာမှု အနည်းဆုံး ရှိရမည်။ ထိုသို့ လုပ်ရာတွင် မိမိအပေါ် တာဝန် ကျရောက်သည့် အလုပ်သည် မည်မျှပင် သိမ်ဖျင်းစေကာမူ ဂုဏ်သရေရှိသော အခြား အလုပ် ထက် ပို၍ မြင့်မြတ်သည်။

သေယျော သဓမ္မော ဝိဂုဏော ပရဓမ္မာ သွနုဋ္ဌိတာ။

(သဓမ္မော၊ မိမိအလုပ်သည်။ ဝိဂုဏော၊ ဂုဏ်သိန်ကင်းစေကာမူ။ သွနုဋ္ဌိတာ၊ ကောင်းစွာ ဆောင်ရွက်ထိုက်သဖြင့် ဂုဏ်ရှိသော။ ပရဓမ္မာ၊ သူတစ်ပါးအလုပ်ထက်။ သေယျော၊ မြတ်၏။)

(ဂီတာ-၁၈၊၄၅)

ယဉ်ကျေးမှုအရာ၌လည်း ထိုနည်းအတူပင် ဖြစ်ကြောင်း ဆိုကြပါသည်။ ဥပနိသျှဒ်ကျမ်းများ၏ သွန်သင်ချက်အရ **မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို အခြားသူများ၏ ယဉ်ကျေးမှုထက် တန်ဖိုးထား၍ စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်ရှိပါသည်။** မိမိတို့၏ ရိုးရာယဉ်ကျေးမှုသည်လည်း 'သဓမ္မ' ခေါ် မိမိတို့၏ တရားပင် ဖြစ်ပါသည်။ လူမျိုးနွယ်တစ်စုအတွက် ဖြစ်စေ၊ မျိုးနွယ်တစ်ခုတည်းမှ လူတစ်ဦးအတွက် ဖြစ်စေ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသည့် သတ်မှတ် ချက် မှန်သမျှသည် 'သဓမ္မ' မည်ပါသည်။

## (၂) ဘတ္တိယောဂ

ဘတ္တိသဒ္ဒါသည် ဘဇ်-ဓာတ်၊ တိ-ပစ္စည်းဖြင့် ပြီးသောပုဒ် ဖြစ်သည်။ ဘဇ်-ဓာတ်၏ မူရင်းအနက်မှာ ခွဲဝေခြင်း ဖြစ်သည်။ ဆင့်ပွားအနက်မှာ ဆည်းကပ်ခြင်း ဖြစ်သည်။ ခွဲဝေခြင်းဆိုသည်မှာ အာရုံပြုအပ်သော အရာဝတ္ထု သို့မဟုတ် ပုဂ္ဂိုလ်၏ သဘောတရားကို အာရုံပြုသူက ခွဲဝေယူခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်



www.burmeseclassic.com

www.burmeseclassic.com



အာရုံပြုသူသည် အာရုံပြုအပ်သော အရာဝတ္ထု သို့မဟုတ် ပုဂ္ဂိုလ်၏ အင်္ဂါအစိတ်အပိုင်း ဖြစ်လာခြင်း ဖြစ်သည်။ ယင်း သဘောကိုပင် ဆည်းကပ်ခြင်းဟု ဆိုပါသည်။ ဘတ္တိယောဂနည်းဟွင် ယုံကြည်လေးမြတ်မှု သဒ္ဓါတရားသည် အဓိကဖြစ်ပါသည်။ ကြည်ညိုခြင်း၊ မြတ်နိုးခြင်း ဟု မြန်မာဘာသာဖြင့် ဆိုနိုင်ဖွယ်ရှိပါသည်။ အမှန်အားဖြင့် ဘာသာရေး၌ ဖြစ်စေ၊ လူမှုရေး၌ ဖြစ်စေ၊ နိုင်ငံရေး၌ ဖြစ်စေ ယုံကြည်မှု၊ လေးစားမှု၊ မြတ်နိုးမှုတို့သည် မရှိမဖြစ်သော အင်္ဂါရပ်များ ဖြစ်ကြပါသည်။

လက်တွေ့အမြင်အရ လုပ်ငန်းတိုင်း၌ ဘတ္တိသဘောသည် မလွဲမသွေ ပါရသည်ချည်း ဖြစ်သော်လည်း ပဓာန လမ်းစဉ်တစ်ရပ် အနေဖြင့်မူ ဘတ္တိယောဂကို ဝေဒခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့တွင် ထင်ထင်ရှားရှား ဖော်ပြထားခြင်း မရှိပေ။ သို့ဖြစ်၍ ဘတ္တိယောဂကို အာရယန်တို့ အိန္ဒိယသို့ မဝင်ရောက်မီ ကတည်းကပင် ကျင့်ကြပါသည်။ သို့ရာတွင် ဝေဒခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့၌ အပဓာန လမ်းစဉ်တစ်ရပ်အဖြစ် လိုက်နာကျင့်သုံး၍ မဟာဘာရတခေတ် ရောက်ခါမှ ပဓာနလမ်းစဉ်အဖြစ် ထင်ထင်ရှားရှား လိုက်နာကျင့်သုံးကြသည်ဟု ပညာရှင်များက ဆိုကြပါသည်။

ဒဿနသဘောတရားများ မြင့်မားလာသည်နှင့်အမျှ ခေတ်စနစ်နှင့် မကိုက်ညီသည့် ယုံကြည်ကိုးကွယ်မှုများ၊ အစဉ်အလာများ၊ တွေးခေါ်မြော်မြင်မှုများကို ခေတ်စနစ်နှင့် ကိုက်ညီအောင် ပုံဖော်ကြပါသည်။ ဤသည်မှာ ဓမ္မတာဖြစ်စဉ်ပင် ဖြစ်ပါသည်။ ဤဓမ္မတာဖြစ်စဉ်အရ ဘတ္တိယောဂလမ်းစဉ် ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။ သက်သေသာဓကအဖြစ်လည်း ထုတ်ပြကြပါသည်။ ထိုခေတ်လူတို့သည် ကမ္ဘာလောက၏ စစ်မှန်သည့် အနှစ်သာရကို ရှာကြပါသည်။ ထာဝစဉ် ပြုပြင်ပြောင်းလဲနေသည့် အသွင်သဏ္ဌာန်များ၏ နောက်ကွယ်၌ ထာဝစဉ် မပြုပြင် မပြောင်းလဲဘဲ အမြဲ တည်တံ့ မှန်ကန်နေသည့် အနှစ်သာရ ရှိရမည်ဟု သူတို့ ယုံကြည်ကြပါသည်။ ထိုယုံကြည်ချက်အ[ရ] အနှစ်သာရကို ရှာသောအခါ သူတို့ တွေ့ပါသည်။ သူတို့ တွေ့သော အနှစ်သာရကို ပထမဦးဆုံး 'ဥဒ္ဂီထ' ဟု ခေါ်ပါသည်။ ဥဒ္ဂီထဆိုသည်မှာ 'ဥုံ' အက္ခရာ ဖြစ်ပါသည်။ 'ဥုံ' အက္ခရာသည် အမြဲတစေ ပြောင်းလဲနေသည့် ကမ္ဘာလောက တည်းဟူသော အသွင်သဏ္ဌာန်၏ နောက်ကွယ်၌ မည်သည့်အခါမှ မပြောင်းလဲဘဲ အမြဲတည်ရှိသည့် အနှစ်သာရ ဖြစ်ပါသည်။ ထို့နောက် ယင်းအနှစ်သာရကို အာပေါ၊ ဝါယု၊ ပါဏနှင့် အသတ် (ထင်ရှားမရှိ) ဟူ၍ အဆင့်ဆင့် ပြောင်းလဲ[၍] ပုံဖော်ကြပါသည်။





ထိုမှတစ်ဖန် ပဇာပတိ၊ ထို့နောက် ဗြဟ္မာတို့သည် ကမ္ဘာလောက၏ အနှစ်သာရ ဖြစ်လာပါသည်။ ဗြဟ္မာ၏ အနက်သည် အစပထမ၌ မန္တန် ဖြစ်ပါသည်။ ထို့နောက် ဝေဒလေးပုံ ဖြစ်လာပါသည်။ ထို့နောက် ဗြာဟ္မဏကျမ်းဂန်များ ဖြစ်လာပါသည်။ ထို့နောက် အများ နားလည်ကြသည့် ဗြဟ္မ ဖြစ်လာပါသည်။ ဤအဆင့်အထိ လောက၏ အနှစ်သာရကို ဗဟိဒ္ဓ၌သာ ထားကြပါသည်။ နောက်ပိုင်း ဥပနိသျှဒ်ခေတ် ရောက်သောအခါမှသာ လောက၏ အနှစ်သာရကို ဗဟိဒ္ဓမှ အဇ္ဈတ္တသို့ ရွှေ့ပြောင်းပြီး အာတ္မာအဖြစ် သတ်မှတ်ခြင်း ဖြစ်ပါသည်။ အမှန်တရားသည် အနှစ်သာရအနေဖြင့် မပြောင်းလဲသော်လည်း အသွင်သဏ္ဌာန် အနေဖြင့်မူ ကာလနှင့် ဒေသကိုလိုက်၍ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး စသော ရှုထောင့်အထွေထွေမှ အသွင်သဏ္ဌာန် အမျိုးမျိုးကို အဝတ်အထည် လဲလှယ်ဝတ်ဆင်သကဲ့သို့ ပြောင်းလဲ၍ ဆောင်ယူတတ်ပါသည်။ ဤသဘောကို သာဓကပြု၍ ဘတ္တိယောဂလမ်းစဉ်ကို နောက်ပိုင်း၌ သဘာ ဖြစ်စဉ်မှ ဘာသာရေး ကျင့်စဉ်အဖြစ်သို့ ပြောင်းလဲ၍ သတ်မှတ်ခြင်း ဖြစ်ပါသည်။

## ဥပါသနာ (ဆည်းကပ်ခြင်း)

ဥပါသနာသည် ဥပရှေးရှိသော အာသ်-ဓာတ်၊ ယု-ပစ္စည်းဖြင့် ပြီးသောပုဒ် ဖြစ်သည်။ မူချအနက်အားဖြင့် အနီး၌ထိုင်ခြင်း ဖြစ်၍ ဆင့်ပွားအနက်အားဖြင့် လက်တွေ့ လိုက်နာဆောင်ရွက်ခြင်း ဖြစ်သည်။ ဗြဟ္မာဖြစ်ရန် ကမ္မယောဂ နည်းလမ်းဖြင့် ကျင့်သုံးသည် ဖြစ်စေ၊ ဘတ္တိယောဂနည်းလမ်းဖြင့် ကျင့်သုံးသည် ဖြစ်စေ ဥပါသနာခေါ် လက်တွေ့လိုက်နာဆောင်ရွက်ခြင်း သဘောသည် လိုအပ်သည်သာ ဖြစ်သည်။ ကမ္မယောဂနည်းလမ်းဖြင့် ကျင့်သုံးရာ၌ ရရှိမည့် အကျိုးတရားအပေါ် တွယ်တာငြိကပ်မှု 'ရာဂ' ကို ပယ်စွန့်ရန် သွန်သင်ထားရာ သွန်သင်သည့်အတိုင်း တွယ်တာငြိကပ်မှု 'ရာဂ' ကို စွန့်လွှတ်နိုင်မှုသည် ရိုးရိုး စာသိသိဖြင့် လုံလောက်မည် မဟုတ်။ အမှန်အားဖြင့် စာသိပေသိသည် မိုးထဲလေထဲ၌ အကျပ်အတည်း ကြုံသောအခါ အားကိုးလောက်သော အသိစစ် အသိမှန် မဟုတ်သောဘဲ မာယာမျှသာ ဖြစ်ကြောင်း ကိုယ်တွေ့ ကြုံကြရ၏။ ထို့ကြောင့် ကမ္မယောဂလမ်းစဉ်ဖြင့် ကျင့်သုံးရာတွင် ဥပါသနာခေါ် လက်တွေ့ လိုက်နာဆောင်ရွက်ခြင်းကို အကူအညီအဖြစ် လိုအပ်ပါသည်။ သို့မှသာ ကမ္မယောဂသည် ဥပနိသျှဒ်ဆ[ရာ]ဘ် ပညာရှိများ သွန်သင်သည့်အတိုင်း 'ဝိရာဂ' ခေါ် အကျိုးတရား[၌] [ငြိက]ပ်မက်မှု 'ရာဂ' မှ ကင်းလွတ်ခြင်းကို ဖြစ်ပေါ်စေနိုင်ပေမည်။ ဘတ္တိယော[ဂ] [လ]မ်းစဉ်ဖြင့် ကျင့်သုံးရာ၌လည်း အလားတူ ဥပါသနာခေါ် လက်တွေ့ လိုက်နာ.



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်မှု၏ အကူအညီကို လိုအပ်သည်သာ ဖြစ်ပေသည်။ အမှန်အားဖြင့် ဥပါသနာသည် ဗြဟ္မာဖြစ်ကြောင်း လမ်းစဉ်သုံးသွယ်တိုင်း၏ လှေကားထစ်များ သဖွယ် ဖြစ်ပါသည်။

## (၃) ဉာဏယောဂ

ဉာဏယောဂဆိုသည်မှာ ဉာဏ်လမ်းစဉ် ဖြစ်သည်။ ဝေဒခေတ်နှင့် ဗြာဟ္မဏ ခေတ်တို့တွင် ကံလမ်းစဉ်ကို အလေးထားခဲ့သည်။ အာရဉ္ဉကခေတ်နှင့် ဥပနိသျှဒ် ခေတ်ရောက်မှ ဉာဏ်လမ်းစဉ်ကို ဦးစားပေးလာသည်။ ကံလမ်းစဉ်မှ ဉာဏ်လမ်း စဉ် ပေါ်လာအောင် ဖော်ဆောင်ကြသည်။ ထိုသို့ ဖော်ဆောင်ရာတွင် ကြားခံ လမ်းစဉ်တစ်ခုကို စတင် ဖော်ဆောင်သည်။ ထိုကြားခံလမ်းစဉ်ကို ဥပါသနာဟု ခေါ်သည်။ ကံလမ်းစဉ်နှင့် ဉာဏ်လမ်းစဉ်တို့သည် ဥပါသနာ၌ ဆုံ၍ ဥပါသနာ၌ ပင် လမ်းခွဲကြသည်။ ထို့ကြောင့် ဥပါသနာသည် ကံလမ်းစဉ်နှင့် ဉာဏ်လမ်းစဉ်တို့ ၏ ဆုံရာနှင့် ခွဲထွက်ရာ လမ်းဆုံ ဖြစ်လေသည်။ ဥပါသနာသည် ကံလမ်းစဉ်နှင့် ဉာဏ်လမ်းစဉ်တို့၏ ဆုံရာနှင့် ခွဲထွက်ရာ ဖြစ်သည်သာမက နောက်ပိုင်း ပေါ်ထွက် လာသည့် ဘက္တိလမ်းစဉ် အပါအဝင် လမ်းစဉ်သုံးခုတို့၏ ဆုံရာနှင့် ခွဲထွက်ရာ လည်း ဖြစ်သည်။

ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တွင် ယဇ်ပူဇော်မှုကို ပြုကြသည်။ ထိုသို့ ပြုရာ၌ 'အမတ' ခေါ် မသေရာသဘောကို နားမလည်ကြသေးသည့်အတွက် အမတကို ရည်မှန်း၍ ပြုကြသည် မဟုတ်။ ဤဘဝတွင် အသက်ရာကျော် ရှည်လို ကြောင်း၊ ချမ်းသာစွာ နေထိုင်ရလိုကြောင်း၊ စည်းစိမ်ဥစ္စာ ကြွယ်ဝလိုကြောင်း၊ သားသမီး ကောင်းများ ရလိုကြောင်း ရည်မှန်း၍ ပြုကြခြင်း ဖြစ်သည်။ 'အမတ' သဘောကို အာရဉ္ဉကခေတ်နှင့် ဥပနိသျှဒ်ခေတ်ရောက်မှ သိလာကြခြင်း ဖြစ် သည်။ ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် အမတ သဘောကို နားလည်လာကြ သောအခါ ဝေဒခေတ်က လိုက်နာကျင့်သုံးကြသည့် ကံလမ်းစဉ်၏ အနက် အဓိပ္ပာယ်ကို ပြင်ဆင်လာကြသည်။အမတ သဘောနှင့် လိုက်လျောညီထွေ ရှိစေ ရန် ကြိုးပမ်းလာကြသည်။ ဥပနိသျှဒ်ခေတ် ပညာရှိတို့၏ ရည်မှန်းချက်ပန်းတိုင်မှာ 'အမတ' ဖြစ်လာပြီး လောကီ စည်းစိမ်ချမ်းသာတို့သည် ထိုပန်းတိုင်သို့ သွားရာ ခရီးလမ်းမ အဖြစ်သို့ လျှောကျသွားလေသည်။

ယဇ်ပူဇော်ခြင်း၏ မူရင်းအဓိပ္ပာယ်မှာ ပေးခြင်းနှင့် ယူခြင်း ဖြစ်သည်။ ဘောဂဗေဒ ဝေါဟာရအရဆိုလျှင် အရင်းအနှီးနှင့် အမြတ် ဖြစ်သည်။ ဝေဒ ခေတ်နှင့် ဗြာဟ္မဏခေတ်တွင် လောကီချမ်းသာကို ရလို၍ နတ်များအား ပစ္စည်း





ဝတ္ထုများကို ပူဇော်ခြင်း ဖြစ်သည်။ လက်တွေ့အားဖြင့် ပစ္စည်းဝတ္ထုများကို ရင်းနှီး မြှုပ်နှံလိုက်သည်။ ထိုအရင်းအနှီးမှ အမြတ်များကို ရလာသည်။ ရလာသော အမြတ်များကား လောကီချမ်းသာများ ဖြစ်လေသည်။ အရင်းအနှီးသည် လောကီ ချမ်းသာ တည်းဟူသော အမြတ်၌ လမ်းဆုံးသည်။ အာရဉ္ဉကခေတ်နှင့် ဥပနိသျှဒ် ခေတ် ရောက်သောအခါ လောကီချမ်းသာထက် ပိုလွန်သော လွတ်မြောက်မှု ချမ်းသာကို နားလည်လာသည်။ ထိုအခါ ယဇ်ပူဇော်မှု သဘောကို ပြုပြင်ဖို့ လိုလာသည်။ယဇ်ပူဇော်မှုကို ပြုသောအခါ ပူဇော်သူနှင့် ပူဇော်ခံသူတို့၏ စိတ်ပိုင်း ဆိုင်ရာ သဘောတရားများကိုပါ မလွဲမသွေ ပြုပြင်ရလေသည်။ ကိုယ်ကျင့်တရား များ၊ အသိဉာဏ်ပညာများကို ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်လာကြလေသည်။ ကိုယ်ကျင့်တရား ကောင်းမွန်လာစေရန်၊ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်လာ စေရန် အားထုတ်ရာတွင် ရိုးရိုးစာပေသိ၊ လောကအတွေ့အကြုံသိဖြင့် မလုံလောက် ကြောင်း တွေ့မြင်ရသဖြင့် တရားဘာဝနာ ပွားများအားထုတ်သည့် သဘောကို ဆောင်ရွက်လာကြသည်။ တရားဘာဝနာ ပွားများသိဖြင့်သာ ကံလမ်းစဉ်ကို ပြုပြင်ရန် ကြိုးစားကြခြင်း ဖြစ်ပါသည်။

ဤနေရာ၌ တရားဘာဝနာ ပွားများခြင်းဆိုသည်မှာ ဥပါသနာခေါ် ဗြဟ္မာဖြစ်ရန် လက်တွေ့လိုက်နာဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ကမ္မယောဂခေါ် ကံလမ်းစဉ်ဖြင့် အားထုတ်ရာတွင် ဝေဒခေတ်နည်းနှင့် ဥပနိသျှဒ်ခေတ်နည်းတို့ ခြားနားခြင်း ရှိပါသည်။ ဝေဒခေတ်နည်းတွင် လောကီချမ်းသာကို ပန်းတိုင် အဖြစ် သတ်မှတ်၍ ယဇ်ပူဇော်ခြင်းဖြစ်ပြီး ဥပနိသျှဒ်ခေတ်နည်းတွင်မူ ခရီးလမ်းမ အဖြစ်သာ သတ်မှတ်၍ ယဇ်ပူဇော်ခြင်း ဖြစ်ပါသည်။ လောကအတွေ့အကြုံအရ ပြောရလျှင် ရိုးရိုးလယ်သမား စပါးစိုက်နည်းနှင့် သုတေသနပညာရှင်တို့ စပါးစိုက် နည်းချင်း ခြားနားသလိုပင် ဖြစ်ပါသည်။ ဝေဒခေတ် ယဇ်ပူဇော်ခြင်းသည် ရိုးရိုးလယ်သမား စပါးစိုက်ခြင်းနှင့် တူပါသည်။ ရိုးရိုးလယ်သမားသည် မျိုးစေ့ ကောင်းကို ရှာသည်။ မျိုးပွားသည်။ စိုက်ပျိုးသည်။ သူ၏ ရည်မှန်းချက်ကား စပါးများများ ထွက်ဖို့နှင့် သူခံစားဖို့ပင် ဖြစ်ပါသည်။ သုတေသနပညာရှင်ကား မျိုးစေ့ကောင်းကို ရှာသည်။ မျိုးပွားသည်။ စိုက်ပျိုးသည်။ သို့ရာတွင် သူ၏ ရည်မှန်းချက်ကား စပါးများများ ထွက်ရေးအတွက် သုတေသနပြုဖို့ ဖြစ်သည်။ သူ ခံစားဖို့ မဟုတ်။ စပါးများများ ထွက်ရေးအတွက် စပါးများကို ဆက်ကာ ဆက်ကာ သုတေသနပြုရန်သာ ဖြစ်လေသည်။ နောက်ဆုံးအဆင့်သို့ မရောက် ခင်း မျိုးစပါးကိုလည်း သုတေသနပြုသည်။ မြေဩဇာကိုလည်း သုတေသနပြု သည်။ စပါး စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အဘက်ဘက်မှ သုတေသနပြုသည်။ ဤနည်းအတိုင်းပင် ဝေဒခေတ် ပညာရှိတို့သည် ရိုးရိုးလယ်သမားကဲ့သို့ ယဇ်



www.burmeseclassic.com

www.burmeseclassic.com



ပူဇော်မှုကို ပြုကြသည်။ ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် သုတေသနပညာရှင်ကဲ့သို့ ယဇ်ပူဇော်မှုကို ပြုကြသည်။ သို့ဖြစ်၍သာ ဥပနိသျှဒ်ခေတ်၌ ယဇ်ပူဇော်မှုကို အကြောင်းပြု၍ ဒဿနဆိုင်ရာ သဘောတရားများ၊ အကျင့်သီလဆိုင်ရာ သဘောတရားများ၊ စိတ်ပိုင်းဆိုင်ရာ သဘောတရားများ၊ အသိဉာဏ်ပညာဆိုင်ရာ သဘောတရားများ၊ တွေးခေါ်မြော်မြင်မှုဆိုင်ရာ သဘောတရားများ စသည်ဖြင့် သဘောတရားများသည် ဘက်စုံမှ စတင် ပေါ်ပေါက်လာကြခြင်းဖြစ်ပါသည်။

## ကမ္မယောဂကို ပြုပြင် အသုံးပြုခြင်း

ဝေဒခေတ် ပညာရှိကိုသည် လောကီသုခကို မြတ်နိုးတွယ်တာစရာ ပန်းတိုင်အဖြစ် သတ်မှတ်ကြသည်။ ရရှိအောင် အားထုတ်ကြသည်။ ရရှိအောင် အားထုတ်ရာတွင် ယဇ်ပူဇော်မှုတည်းဟူသော ကမ္မလမ်းစဉ်ကို အသုံးပြုကြသည်။ ယဇ်ပူဇော်သောအခါ ကျမ်းအဆိုနှင့် တစ်သဝေမတိမ်း ကိုက်ညီအောင် ပူဇော်ကြသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ထိုခေတ်သည် ကမ္မယောဂကို အသုံးပြုရာ၌ ဗဟိဒ္ဓကို အာရုံစိုက်သောခေတ်၊ ဗဟိဒ္ဓ ပြုပြင်ရေးခေတ် ဖြစ်သည်။ ဥပနိသျှဒ် ပညာရှိတို့ကား ထိုကဲ့သို့မဟုတ်၊ ကမ္မလမ်းစဉ်ကိုပင် တစ်မျိုးတစ်မည် ပြုပြင်၍ သုံးကြသည်။ ထိုသို့သုံးရာတွင် လောကီသုခကို ပန်းတိုင်အဖြစ် မသတ်မှတ်။ လမ်းကြောင်းအဖြစ်သာ သတ်မှတ်သည်။ သံလွန်စ အဖြစ်သာ သတ်မှတ်သည်။ ပန်းတိုင်ကား သီးခြားရှိသည်။ ပန်းတိုင်သည် လောကမှ ထွက်မြောက်မှု 'မောက္ခ' ဖြစ်သည်။ မောက္ခတည်းဟူသော အမှန်တရားကို ရှာလိုလျှင် လောကတည်းဟူသော သံလွန်စကို စေ့စေ့စပ်စပ် လေ့လာဖို့ လိုသည်။မောက္ခသို့ ရောက်လိုလျှင် လမ်းရှိမှ ဖြစ်သည်။ လမ်းမရှိလျှင် မောက္ခသို့ မရောက်ဘဲ ရောက်ချင်ရာ ရောက်သွားနိုင်သည်။ မောက္ခသို့ သွားရာလမ်းကား လောကပင် ဖြစ်သည်။ လမ်းရှိသည်ဆိုဦး၊ လမ်းပေါ်၌ စီးစရာယာဉ် ရှိဖို့လိုသေးသည်။ ထိုယာဉ်ကား ကမ္မယောဂ ခေါ် ကံ ယာဉ် ဖြစ်လေသည်။ ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် ကံ ယာဉ်ကို တည်ဆောက်ရာ၌ တပ်မက်မှု 'ရာဂ' ကို မပါရလေအောင် အထူး ဂရုစိုက်ကြသည်။ 'ဝိရာဂ' ခေါ် တပ်မက်မှု ကင်းခြင်းသည် ကံ ယာဉ်၏ ကိုယ်ထည် ဖြစ်လေသည်။ ထို့ကြောင့် ဥပနိသျှဒ်ခေတ်သည် ကမ္မယောဂကို အသုံးပြုရာ၌ အဇ္ဈတ္တကို အာရုံစိုက်သောခေတ်၊ အဇ္ဈတ္တ ပြုပြင်ရေးခေတ် ဖြစ်သည်ဟု ဆိုကြခြင်း ဖြစ်သည်။

## ယဇ်ပူဇော်မှုမှ လမ်းစဉ်သုံးခု ခွဲထွက်ခြင်း

ယဇ်ပူဇော်ရာတွင် တပ်မက်မှု ရာဂကင်းအောင် အားထုတ်ရာ၌ လက်တွေ့ လိုက်နာ





ဆောင်ရွက်မှု 'ဥပါသနာ' ၏ အကူအညီကို ယူရသည်။ ဥပါသနာသည် လှူဖွယ်ပစ္စည်းဝတ္ထုများ၊ အလှူပေးသူများနှင့် အလှူခံပုဂ္ဂိုလ်များ ပါဝင်ပြဋ္ဌာန်းလာခြင်း ဖြစ်ပါက ထိုပူဇော်မှုကို 'ကမ္မယောဂ' ဟု ခေါ်သည်။ ပစ္စည်းဝတ္ထုများ ပါဝင်ပြဋ္ဌာန်းခြင်း မရှိရဘဲ ကြည်ညိုမြတ်နိုးမှု သဒ္ဓါတရား သဘောသက်သက်သာ ဖြစ်ပါက ထိုပူဇော်မှုကို 'ဘတ္တိယောဂ' ဟု ခေါ်သည်။ ကိုယ်တိုင် ဗြဟ္မာဖြစ်လာအောင် အသိဉာဏ် ပြဋ္ဌာန်းခြင်းမျိုး ဖြစ်ပါက ထိုပူဇော်မှုကို 'ဉာဏယောဂ' ဟု ခေါ်သည်။

ဘတ္တိယောဂတွင် ဆည်းကပ်သူ၏ ဆန္ဒအတိုင်း အာရုံယူလိုရာယူ၍ ဆည်းကပ်နိုင်သည်။ ဥပမာ နေကို ဗြဟ္မာ ဟူ၍လည်းကောင်း၊ ဥုံ ကို ဗြဟ္မာ ဟူ၍လည်းကောင်း၊ စိတ်ကို ဗြဟ္မာ ဟူ၍လည်းကောင်း အာရုံယူ၍ ဆည်းကပ်ခြင်းမျိုး ဖြစ်သည်။ သို့ဖြစ်၍ ဘတ္တိယောဂသည် ဆည်းကပ်သူ၏ ဆန္ဒပေါ်၌ တည်သည်။ ဉာဏယောဂကား ထိုကဲ့သို့ မဟုတ်။ ဆည်းကပ်ခံရသူအပေါ်၌ တည်သည်။ ဆည်းကပ်သူ ကိုယ်တိုင်က ဆည်းကပ်ခံရသူ ဖြစ်သွားခြင်းသည် ဉာဏယောဂ ဖြစ်လေသည်။ ဥပမာ နေကို ဗြဟ္မာဟူ၍ ဆည်းကပ်ပါက ဆည်းကပ်သူကိုယ်တိုင်က နေ၏ စွမ်းအားများကို ရရှိပြီး နေဖြစ်သွားခြင်းမျိုး ဖြစ်သည်။ ဘတ္တိယောဂတွင် ဆည်းကပ်သူနှင့် ဆည်းကပ်ခံရသူ နှစ်မျိုး ကွဲနေသည်။ ဉာဏယောဂတွင် ဆည်းကပ်သူနှင့် ဆည်းကပ်ခံရသူ နှစ်မျိုး မကွဲ၊ တစ်မျိုးတည်း တစ်သားတည်း ဖြစ်သည်။ ကမ္မယောဂတွင်မူ ပူဇော်ခံ၊ ပူဇော်သူနှင့် ပူဇော်ပစ္စည်းများ ထာဝစဉ် ကွဲပြားနေပြီး အာရုံမှာလည်း ပူဇော်သူ၏ ဆန္ဒအတိုင်း ဖြစ်သည်။ ရည်ရွယ်ချက်မှာမူ တပ်မက်မှု 'ရာဂ' ကင်းရေးအတွက် ဖြစ်ပါသည်။

## လောက သဘောတရား

လောကတွင် လက္ခဏာသုံးခု ရှိသည်။ ထို လက္ခဏာသုံးခုမှာ–

(၁) ကာလ၊

(၂) ဒေသ၊

(၃) ကြောင်းကျိုးဆက်

တို့ဖြစ်သည်။ သဒ္ဒဗေဒနည်းအရ ကာလဟူသည် ကြိယာပင် ဖြစ်သည်။ [**ကရဏဲ ကာရော၊ ကာရော ဧဝ ကာလော**။ ကရဏဲ၊ ပြုခြင်း။ **ကာရော**၊ ပြုခြင်း။ **ကာရော ဧဝ**၊ ပြုခြင်းသည်ပင်လျှင်။ **ကာလော**၊ အချိန်ကာလ] ဤသို့လျှင် သဒ္ဒါဆရာတို့သည် ကာလကို ဝိဂြိုဟ်ဆိုကြသည်။ထို့ကြောင့် ကာလဟူသည် ဖြစ်ခြင်း၊ ပျက်ခြင်းတည်းဟူသော ကြိယာပင် ဖြစ်သည်။ လောကတွင် ကာလရှိသရွေ့ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ ရှိကြမည်သာ ဖြစ်သည်။ ကာလသည်လည်း လောကတွင် အမြဲ



www.burmeseclassic.com

www.burmeseclassic.com



နေမည်သာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကာလသည် လောက၏ ပထမ လက္ခဏာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။

လောကတွင် ဖြစ်ခြင်း၊ ပျက်ခြင်း ကြိယာများ ရှိနေသရွေ့ ထို ဖြစ်ခြင်း၊ ပျက်ခြင်းတို့၏ တည်ရာ ဖြစ်တတ်၊ ပျက်တတ်သည့် အရာဝတ္ထုများလည်း ရှိနေမည်သာ ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ဖြစ်ခြင်း၊ ပျက်ခြင်းကြိယာတို့နှင့် ဖြစ်တတ်၊ ပျက်တတ်သည့် အရာဝတ္ထုတို့သည် အချင်းချင်း ကင်း၍ မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။ ဤ ဖြစ်ခြင်း၊ ပျက်ခြင်းတို့၏ တည်ရာ ဖြစ်တတ်၊ ပျက်တတ်သည့် အရာဝတ္ထုများကို ဒေသ ဟု ခေါ်ပါသည်။ ထို့အပြင် ထိုအရာဝတ္ထုများ ဖြစ်ရာ၊ ပျက်ရာ ဌာနများကိုလည်း ဒေသဟု ခေါ်ပါသေးသည်။ ဒေသသည် လောက၏ ဒုတိယလက္ခဏာ ဖြစ်ပါသည်။ ဤ ဒုတိယလက္ခဏာအရ ကြိယာမှန်သမျှသည် သဏ္ဌာန်ဒြပ် မရှိသော်လည်း သဏ္ဌာန်ဒြပ် ရှိဘိသကဲ့သို့ ပုံဆောင်နေခြင်း ဖြစ်ပါသည်။

ဖြစ်တတ်၊ ပျက်တတ်သော အရာဝတ္ထုများ ဖြစ်လိုက်ပျက်လိုက် ဖြစ်နေသည်မှာ ကာလသဘောအားဖြင့် လည်းကောင်း၊ အရာဝတ္ထု (ဒေသ) သဘောအားဖြင့် လည်းကောင်း ရှေ့နောက် အစဉ်အတန်းပင် ဖြစ်ပါသည်။ ယင်း ရှေ့နောက် အစဉ်အတန်းကို **ကြောင်းကျိုးဆက်** ဟု ခေါ်ပါသည်။ ရှေးဖြစ်သော အရာဝတ္ထုနှင့် ယင်း၏ ဖြစ်ပျက်စဉ်ကို **အကြောင်း**ဟူ၍ လည်းကောင်း၊ နောက်ဖြစ်သော အရာဝတ္ထုနှင့် ယင်း၏ ဖြစ်ပျက်စဉ်ကို **အကျိုး**ဟူ၍ လည်းကောင်း ခေါ်ကြပါသည်။ ထို့အပြင် အတူတကွ ဖြစ်ဖော်ဖြစ်ဖက် အချင်းချင်းကို လည်းကောင်း၊ မှီရာနှင့် မှီတတ်သော အရာဝတ္ထု အချင်းချင်းကို လည်းကောင်း အကြောင်းအကျိုးဟူ၍ ခေါ်ကြသည်များလည်း ရှိကြပါသေးသည်။ ဤကြောင်းကျိုးဆက်သည် လောက၏ တတိယလက္ခဏာ ဖြစ်ပါသည်။ ဤတတိယလက္ခဏာကြောင့် လောကသည် မမြဲသော သဘော၊ ခုတစ်မျိုး နောင်တစ်မျိုး ဖြစ်တတ်သည့် သဘောကို ဆောင်ခြင်း ဖြစ်ပါသည်။ ဤလက္ခဏာ သုံးပါးသည် လောက၏ လက္ခဏာနှင့် လောက၏ နယ်နိမိတ်များ ဖြစ်ကြပါသည်။

## လောကလွန် သဘောတရား

လောကလွန် သဘောတရားဆိုသည်မှာ လောက၏ ကာလ၊ ဒေသနှင့် ကြောင်းကျိုးဆက် နယ်နိမိတ်တို့ကို လွန်မြောက်သည့် သဘောတရား ဖြစ်ပါသည်။ ကာလ နယ်နိမိတ်ကို လွန်မြောက်သောအခါ အမြဲတည်ရှိနေသည့် ထာဝရပဋ္ဌာန ဖြစ်လာပါသည်။ ဒေသနယ်နိမိတ်ကို လွန်မြောက်သောအခါ နေရာတိုင်း၌ ရှိနေ





သည့် 'အနန္တ' ဖြစ်လာပါသည်။ ကြောင်းကျိုးဆက် နယ်နိမိတ်ကို လွန်မြောက်သောအခါ ပြုပြင်ပြောင်းလဲခြင်း မရှိဘဲ တစ်သမတ်တည်း၊ တစ်မျိုးတည်း၊ တစ်ခုတည်း အမြဲတည်နေသည့် 'အမတ' သဘော ဖြစ်လာပါသည်။ ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် လောက၏ နယ်နိမိတ်သုံးမျိုး အတွင်း၌ ရှိသည့် လောက၏ ပစ္စည်းဝတ္ထုများဖြစ်သော ဒွါရ၊ အာရုံများဖြင့် လောကလွန်သဘောကို မြင်အောင် ကြည့်ရာ၌ အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ကြရပါသည်။ လောက၏ ပစ္စည်းဝတ္ထုများဖြစ်သော စကားလုံးများ၊ ဝေါဟာရများဖြင့် လောကလွန်သဘောကို ရှင်းပြရာ၌လည်း အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ကြရပါသည်။ သို့ရာတွင် လောက၏ ပစ္စည်းဝတ္ထုများဖြင့် မြင်အောင် မကြည့်နိုင်သော၊ လောက ဝေါဟာရများဖြင့် နားလည်အောင် မရှင်းပြနိုင်သော လောကလွန် သဘောတရား ရှိကြောင်းကိုကား အခိုင်အမာ ဆိုခဲ့ကြပါသည်။ သူတို့သည် ယင်း လောကလွန် သဘောတရားကို 'ဗြဟ္မာ' ဟူ၍ အမည်နာမ သတ်မှတ်ခဲ့ကြပါသည်။

## မဟာဝါကျ လေးဝါကျ

ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် ဗြဟ္မာကို ရှာခဲ့ကြပါသည်။ ဗြဟ္မာဖြစ်အောင် ကြိုးစားခဲ့ကြပါသည်။ ဗြဟ္မာကို ရှာရာ၌ သို့မဟုတ် ဗြဟ္မာဖြစ်အောင် ကြိုးစားရာ၌ အဆင့်လေးဆင့်ထား၍ ရှာကြပါသည်။ အဆင့် လေးဆင့်ထား၍ ကြိုးစားကြပါသည်။ ထိုအဆင့် လေးဆင့်ကိုပင် မဟာဝါကျ လေးဝါကျ ဟူ၍ သတ်မှတ်ခြင်း ဖြစ်ပါသည်။ ထို မဟာဝါကျ လေးဝါကျတို့မှာ ဤသို့ ဖြစ်ပါသည်။

(၁) **တတ် တွံ အသိ။**
(တွံ၊ သင်သည်ပင်။ တတ်၊ ထိုဗြဟ္မာသည်။ **အသိ**၊ ဖြစ်၏။)

(၂) **အဟံ ဗြဟ္မ အသ္မိ။**
(အဟံ၊ ငါသည်ပင်။ ဗြဟ္မ၊ ဗြဟ္မာသည်။ **အသ္မိ**၊ ဖြစ်၏။)

(၃) **အယံ အာတ္မာ ဗြဟ္မ။**
(**အယံ အာတ္မာ**၊ ဤအတ္တသည်ပင်။ ဗြဟ္မ၊ ဗြဟ္မာတည်း။)

(၄) **သဗ်ံ ခလု ဣဒံ ဗြဟ္မ ။**
(ခလု၊ အမှန်အားဖြင့်။ **ဣဒံ သဗ်ံ**၊ ဤလောက တစ်ခုလုံးသည်ပင်။ ဗြဟ္မ၊ ဗြဟ္မာတည်း။)

**[illegible] မဟာဝါကျ**

[illegible] ယာဂလမ်းစဉ်အရ ဗြဟ္မာကို အာရုံပြု၍ ဆည်းကပ်ပါသည်။ ထိုသို့ ဆည်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်ရာတွင် မည်သည့် အရာဝတ္ထုကို ဗြဟ္မာအဖြစ် အာရုံယူ၍ ဆည်းကပ်ရ မည်နည်း။ ဤမေးခွန်းမှာ သားဖြစ်သူ သွေတကေတု က ဖခင်ဖြစ်သူ ဥဒ္ဒါလက အာရုဏိအား မေးသည့်မေးခွန်း ဖြစ်ပါသည်။ ဖခင်ကလည်း သားအား 'သင့်ကိုယ် သင် ဗြဟ္မာအဖြစ် အာရုံယူ၍ ဆည်းကပ်' ဟူ၍ ဥပဒေသ ပေးခဲ့ပါသည်။ ဤ ပထမ မဟာဝါကျအရ လောကတွင် လူသည် အကြီးမြတ်ဆုံး ဖြစ်သည်။ ဗြဟ္မာ ဟူသည် သီးခြားမရှိ၊ လူပင် ဖြစ်သည်။ လူကို ဆည်းကပ်ခြင်းသည်ပင် ဗြဟ္မာကို ဆည်းကပ်ခြင်း ဖြစ်သည်။ လူကို ပူဇော်ခြင်းသည်ပင် ဗြဟ္မာကို ပူဇော်ခြင်း ဖြစ်သည်။ မိမိမျက်မှောက်၌ လူတည်းဟူသော 'ဗြဟ္မာ'များ အထင်အရှား ရှိနေ ပါလျက် အဘယ်ကြောင့် ထင်ရှားမရှိသည့် နတ်ဒေဝါများကို ဗြဟ္မာအဖြစ် ဆည်း ကပ်လိုဘိသနည်း။ ဤသို့ ဆည်းကပ်လိုခြင်းသည်ပင် အဝိဇ္ဇာ ဖြစ်လေသည်။ အမှန်အားဖြင့် လူသည် လူကို ဆည်းကပ်ရမည်။ မိမိကိုယ်ကို ဆည်းကပ်ထိုက် သည့် ဂုဏ်အရည်အချင်းများရှိအောင် ကျင့်ကြံရမည်။ နောက်ဆုံး၌ မိမိသည်ပင် ဗြဟ္မာဖြစ်ကြောင်း သိရှိလာအောင် အားထုတ်ရမည်။ ဤသည်မှာ ဥပနိသျှဒ်ခေတ် ပညာရှိတို့ ပေးခဲ့သည့် ပထမဆုံး ဥပဒေသ ဖြစ်ပါသည်။ ဤ ဥပဒေသအရ ဆည်းကပ်သူနှင့် ဆည်းကပ်ခံရသူ သို့မဟုတ် အာရမ္မဏိကနှင့် အာရုံတို့ နှစ် မကွဲဘဲ တစ်ခုတည်း ဖြစ်သွားအောင် အားထုတ်ရမည် ဖြစ်ပါသည်။ ထိုသို့ အားထုတ်ခြင်းဖြင့် အာရုံနှင့် အာရမ္မဏိကတို့ တစ်သားတည်း ဖြစ်သွားကြောင်း ကိုယ်တွေ့ ခံစားရမည် ဖြစ်သည်။

## ဒုတိယ မဟာဝါကျ

> ပရာဉ္စိ ခါနိ ဗျတွဏတ် သွယံဘူး၊ တသ္မာတ် ပရာင် ပဂျတိ နာန္တ ရာ ကၛ္စိ ဓီရး ပြတျာတ္မာနံ အဲကွတ် အာဝ္ဝတ္တစက္ခုး အမုတတ် ဣစ္ဆန်။
>
> (သွယံဘူး၊ လောကကို ဖန်ဆင်းသော ဗြဟ္မာသည်။ ခါနိ၊ ဣန္ဒြေ တို့ကို။ ပရာဉ္စိ၊ ပြင်ပတို့သို့။ ဗျတွဏတ်၊ မျက်နှာမူအောင် ပြုလုပ်ထား၏။ တသ္မာတ်၊ ထို့ကြောင့်။ ဇီဝေါ၊ သတ္တဝါသည်။ ပရာင်၊ ပြင်ပတို့ကို ပဂျတိ၊ မြင်တတ်၏။ အန္တ ရာ၊ အတွင်းပိုင်းတို့ကို။ န၊ မမြင်တတ်။ ကၛ္စိ၊ တစ်စုံတစ်ယောက်သော။ ဓီရး၊ ပညာရှိသည်။ အမုတတွံ၊ အမတ တရားကို။ ဣစ္ဆန်၊ အလိုရှိပါက။ အာဝ္ဝတ္တစက္ခုး၊ မျက်စိကို ပြောင်းပြန် လှည့်လျက်။ ပြတျာတ္မာနံ၊ အတွင်းပိုင်း၌ ရှိသော အတ္တကို။ အဲကွတ် ကြည့်ရာ၏။)
>
> (ကဌ–၂၊၁)





လူသည် သဘာဝအားဖြင့် ပြင်ပသို့သာ ကြည့်တတ်၏။ မိမိကိုယ်ကို ပြန်၍ မကြည့်တတ်။ ထိုသို့ ဖြစ်အောင်လည်း ဖန်ဆင်းရှင် ဗြဟ္မာက နား၊ မျက်စိ စသော ဣန္ဒြေတို့ကို ပြင်ဘက်သို့ မျက်နှာဝ လှည့်ပြီး ဖန်ဆင်းထား၏။ ပြင်ပသည် သစ္စာမဟုတ်၊ မာယာမျှသာ ဖြစ်၏။ ပြင်ပကိုကြည့်လျှင် သစ္စာကို မြင်မည် မဟုတ်။ မာယာကိုသာ မြင်မည်။ သစ္စာတရားကား ပြင်ပ၌ မရှိ၊ အတွင်း၌သာ ရှိသည်။ သစ္စာဟူသည် အတ္တပင် ဖြစ်သည်။ မာယာကို ကြည့်လျှင် အမတ တရားကို မတွေ့၊ သစ္စာကို ကြည့်မှ အမတ တရားကို တွေ့မည်။ မာယာသည် သုခ မဟုတ်၊ သုခယောင် ဆောင်ထားသည့် ဒုက္ခသာ ဖြစ်၏။ သစ္စာသည်သာ သုခ ဖြစ်သည်။ သုခယောင်ဆောင်ထားသော ဒုက္ခသည် ဖြစ်တတ်၊ ပျက်တတ်သည်။ စစ်မှန်သော သုခသည် မဖြစ်တတ်၊ မပျက်တတ်၊ အမြဲတမ်း တည်သမတ်တည်း ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သော သုခကို အမတဟု ဆိုခြင်း ဖြစ်သည်။ အမတကို အလိုရှိပါက အတွင်းကို ကြည့်ရမည်။ အတွင်းကို ကြည့်နိုင် အောင် ဣန္ဒြေတို့၏ မျက်နှာဝကို အတွင်းဘက်သို့ လှည့်ပေးရမည်။ အတွင်း၌ အတ္တရှိသည်။ သို့ဖြစ်၍ အတွင်းကို ကြည့်လျှင် အတ္တကို မြင်နိုင်သည်။ အတ္တကို မြင်လျှင် ဗြဟ္မာဖြစ်သည်။ ဗြဟ္မာဖြစ်လျှင် အမတချမ်းသာကို ခံစားရသည်။

သွေတကေတုသည် ဤသဘောအရ အတွင်းကို ကြည့်လေသည်။ အတွင်းကို ဗြဟ္မာအဖြစ် အာရုံယူ၍ ဆည်းကပ်လေသည်။ စစ်မှန်သော ချမ်းသာ သည် ပြင်ပ၌ မရှိ၊ အတွင်း၌သာ ရှိသည်။ နောက်ဆုံး၌ သွေတကေတုသည် အတွင်းပိုင်း၌ အတ္တကို တွေ့လေသည်။ 'ဗြဟ္မာဟူသည် အခြားသူ မဟုတ်၊ မိမိပင် ဖြစ်သည်'ဟူသော ဖခင်၏ ဥပဒေသအတိုင်း သွေတကေတုသည် မိမိ ကိုယ်တိုင် ဗြဟ္မာဖြစ်ကြောင်း ခံစားရလေသည်။ ဤခံစားမှုကို ဗြဟ္မာနုဘဝ (ကိုယ်တိုင် ဗြဟ္မာဖြစ်ခြင်း) ဟု ခေါ်ပါသည်။ ထို့ကြောင့် သွေတကေတု က 'အဟံ ဗြဟ္မ အသ္မိ' (ငါ ဗြဟ္မာ ဖြစ်၏) ဟု ကြွေးကြော်နိုင်ခြင်း ဖြစ်ပါသည်။ ဤအဆင့်တွင် အာရမ္မဏိကနှင့် အာရုံတို့ နှစ်ခုမကွဲဘဲ တစ်ခုတည်း ဖြစ်သွား ကြောင်း ကိုယ်တိုင် တွေ့ကြုံ ခံစားရသည့်သဘော ဖြစ်ပါသည်။

## တတိယ မဟာဝါကျ

အတ္တကို မြန်မာဘာသာဖြင့် 'ငါ' ဟူ၍ ပြန်ဆိုကြသည်။ 'ငါ' သည် အမတဓာတ် သာမြတ် ဖြစ်သည်။ တကယ်စစ်မှန်သည့် ချမ်းသာဖြစ်သည်။ လောက၌ ချမ်းသာဟူသမျှတို့သည် စစ်မှန်သည့် ချမ်းသာများ မဟုတ်ကြ။ ကိုယ်ပိုင်ချမ်းသာ မဟုတ်ကြ။ 'ငါ' ဟူသော ချမ်းသာဓာတ်မှ ခေတ္တငှားယူ၍ ချမ်းသာကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ လောကတွင် ကိုယ်ပိုင်ချမ်းသာ မရှိ။ အငှား ချမ်းသာ သာ ရှိသည်။ 'ငါ' တွင်သာ ကိုယ်ပိုင်ချမ်းသာ ရှိလေသည်။ ထို့ကြောင့် လောကရှိ သက်ရှိ သက်မဲ့ အရာဝတ္ထုအားလုံးတို့သည် 'ငါ' ဟူသော သဘောနှင့် စပ်၍ တန်ဖိုးရှိ ကြခြင်း ဖြစ်သည်။ 'ငါ' ဟူသော သဘောကို မဏ္ဍိုင်ပြု၍ ရှန်းကန်လှုပ်ရှားကြခြင်း ဖြစ်သည်။ အကယ်၍ လောကရှိ ချမ်းသာဟူသမျှသည် 'ငါ' မပာတ်ပါက အနည်းဆုံး 'ငါ' နှင့် မစပ်ပါက မည်သည့် ချမ်းသာကိုမျှ ချမ်းသာအဖြစ် ခံစား၍ ရနိုင်မည် မဟုတ်။ ဤသဘောမှာ လူတိုင်း တွေ့ကြုံ ခံစားနေရသည့် ကိုယ်တွေ့ ခံစားချက်ပင် ဖြစ်သည်။ သို့ဖြစ်၍ 'ငါ' ဟူသော သဘောသည် အရာရာတိုင်း၏ အနှစ်သာရ၊ အရာရာတိုင်း၏ အမြဲတေ၊ အရာရာတိုင်း၏ 'စံ' ဖြစ်လေသည်။

သွေတကေတုသည် ဤ 'ငါ' ဟူသော အတ္တ၏ ပြဋ္ဌာန်းမှု သဘောကို တွေ့သည်။ ဤ 'ငါ' ဟူသော သဘောသည် ထာဝရ ပစ္စုပ္ပန် ဖြစ်သည်။ သတ္တဝါ တို့သည် ဤဘဝမှ ထိုဘဝသို့ ပြောင်းရွှေ့သွားကြသည်။ ပြောင်းရွှေ့ရာ ဘဝ အလိုက် ပုံသဏ္ဌာန်များ၊ အရည်အသွေးများလည်း ပြောင်းလဲသွားကြသည်။ သို့ရာတွင် 'ငါ' ဟူသော သဘောကား မည်သည့်အခါမျှ မပြောင်းလဲ၊ သတ္တဝါ တိုင်း၌ အခါခပ်သိမ်း ရှိလေသည်။ သို့ဖြစ်၍သာ ဤ 'ငါ' ဟူသော သဘော **မသေသောတရား** 'အမတ' ဟု ခေါ်ခြင်း ဖြစ်လေသည်။ အမတဟူသည် တစ် တစ်ဆစ်မျှ ပြောင်းလဲခြင်း မရှိဘဲ အမြဲတစေ တစ်သမတ်တည်း ရှိသည့်သဘော ဖြစ်ပါသည်။

အတ္တနှင့် ဗြဟ္မာတွင် အစပထမ၌ အတ္တသည် အာရုံပြုတတ်သည့် တရား ဖြစ်၍ ဗြဟ္မာသည် အာရုံပြုခံရသည့်တရား ဖြစ်ပါသည်။ ဤအဆင့်တွင်မူ အတ္တနှင့် ဗြဟ္မာတို့သည် အချင်းချင်း အာရုံ အာရမ္မဏိကအဖြစ် ပြောင်းလဲနိုင်သောသဘော ရှိလာပါသည်။ အတ္တက ဗြဟ္မာကို မြင်ပါသည်။ဗြဟ္မာကလည်း အတ္တကို ပြန်မြင် ပါသည်။ မှန်ရိပ်နှင့် မှန်ကြည့်သူတို့ကဲ့သို့ ဖြစ်ပါသည်။ မှန်ကြည့်သူကလည်း မှန်ရိပ်ထဲက သူကို မြင်ပါသည်။ မှန်ရိပ်ထဲက သူကလည်း မှန်ကြည့်သူကို မြင်ပါသည်။ တစ်ခုက အာရုံဖြစ်လျှင် တစ်ခုက အာရမ္မဏိက ဖြစ်ပါသည်။ သို့ရာတွင် 'သိမှု' သဘောအရ မှန်ရိပ်လူနှင့် မှန်ကြည့်သူတို့ကဲ့သို့ နှစ်ခု ကွဲသော်လည်း 'ဖြစ်မှု' သဘောအရ တရားကိုယ်အားဖြင့်မူ မှန်ရိပ်လူနှင့် မှန်ကြည့် သူတို့ကဲ့သို့ တစ်ခုတည်းပင် ဖြစ်ပါသည်။ အတ္တဟူသည်လည်း ဗြဟ္မာ၊ ဗြဟ္မာ ဟူသည်လည်း အတ္တပင်။ ဤအဆင့်အရ 'တကယ်သိခြင်း' ဆိုသည်မှာ 'ကိုယ်တိုင် ဖြစ်ခြင်း' ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဥပနိသျှဒ်ကျမ်းများ၌ '**အယံ အာတ္မာ ဗြဟ္မ**=ဤအတ္တသည်ပင် ဗြဟ္မာတည်း' ဟု ဆိုခြင်း ဖြစ်ပါသည်။





**စတုတ္ထ မဟာဝါကျ**

လောကတစ်ခုလုံးကို ခြုံ၍ ပြောရလျှင်–

(၁) သတ္တဝါ၊

(၂) ဗြဟ္မာ (ဘုရား)၊

(၃) ပတ်ဝန်းကျင်လောက

ဟူ၍ သုံးမျိုးရှိပါသည်။ ထိုသုံးမျိုးအနက် သတ္တဝါနှင့် ဗြဟ္မာ (ဘုရား)မှာ အတူတူ ဖြစ်ကြောင်း ရှေး မဟာဝါကျများက ပြောပါသည်။ ဤ စတုတ္ထ မဟာဝါကျကမူ သုံးခုလုံး အတူတူဖြစ်ကြောင်း ပြောပါသည်။ စတုတ္ထ မဟာဝါကျအရ ကျွန်ုပ်တို့ သည် သစ်ပင်ကို မြင်ပါသည်။ သစ်ပင်ကလည်း ကျွန်ုပ်တို့ကို ပြန်၍ မြင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သက်ရှိသက်မဲ့ အရာဝတ္ထုတို့သည် အားလုံး မှန်ရိပ်နှင့် မှန်ကြည့်သူသဖွယ် အချင်းချင်း အာရုံနှင့် အာရမ္မဏိကအဖြစ် ပြောင်းလဲ၍ ရသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ဤအသိမျိုးကိုမူ စတုတ္ထအဆင့် ရောက်မှ ရနိုင်ပါသည်။

ဤလောကတွင် ဗြဟ္မာသာ အမှန်တကယ်ရှိပြီး ကျန်အရာဝတ္ထုများမှာ ဗြဟ္မာ၏အရိပ်၊ ဗြဟ္မာ၏ စိတ်ကူးများသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျန်အရာ ဝတ္ထုများကို 'မာယာ' ဟူ၍ ခေါ်ခြင်း ဖြစ်ပါသည်။ ဗြဟ္မာသည် စာရေးဆရာနှင့် တူသည် ထင်ပါသည်။ စာရေးဆရာသည် ဝတ္ထုလောကနှင့် ဝတ္ထုဇာတ်ကောင် များကို ဖန်ဆင်းပါသည်။ ဝတ္ထုလောကထဲ၌ ဝတ္ထုဇာတ်ကောင်များသည် အချင်း ချင်း ပြောကြသည်၊ ဆိုကြသည်၊ သွားလာ လှုပ်ရှားကြသည်။ သို့ရာတွင် ထိုဝတ္ထု ဇာတ်ကောင်များကား တကယ် ထင်ရှား မရှိကြပါ။ ဖန်ဆင်းသူ စာရေးဆရာသာ ထင်ရှားရှိပါသည်။ အမှန်အားဖြင့် ထိုဝတ္ထုဇာတ်ကောင်များနှင့် ဝတ္ထုလောကသည် စာရေးဆရာ၏ အရိပ်၊ စာရေးဆရာ၏ စိတ်ကူးများသာ ဖြစ်ပါသည်။ ထို့ကြောင့် ဝတ္ထုလောကနှင့် ဝတ္ထုဇာတ်ကောင်များကို မာယာဟူ၍ ခေါ်အပ်ပါသည်။ သို့ရာ တွင် မာယာဖြစ်သည့် ဝတ္ထုလောကနှင့် ဝတ္ထုဇာတ်ကောင်များမှတစ်ဆင့် မူရင်း စာရေးဆရာကို မြင်အောင် ကြည့်နိုင်ပါသည်။ ကြည့်၍လည်း ရပါသည်။

အလားတူပင် ဗြဟ္မာသည် ကျွန်ုပ်တို့နှင့်တကွ ကျွန်ုပ်တို့၏ လောကကို ဖန်ဆင်းပါသည်။ ဗြဟ္မာသည် စာရေးဆရာနှင့် တူလျှင် ကျွန်ုပ်တို့နှင့်တကွ ကျွန်ုပ်တို့၏ လောကသည် ဝတ္ထုလောက၊ ဝတ္ထုဇာတ်ကောင်များနှင့် တူမည်။ ကျွန်ုပ်တို့ ပြောကြ၊ ဆိုကြ၊ လှုပ်ရှားကြသည်ကား ဝတ္ထုဇာတ်ကောင်များ ပြောကြ၊ ဆိုကြ၊ လှုပ်ရှားကြသည့်နှယ် ဖြစ်ပါ၏။ သို့ရာတွင် ဗြဟ္မာသည် စာရေး ဆရာထက် ပို၍ တန်ခိုးကြီး၏။ ထို့ကြောင့် ဗြဟ္မာ ဖန်ဆင်းသည့် ကျွန်ုပ်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာဖန်ဆင်းသည့် ဝတ္ထုဇာတ်ကောင်တို့ထက် ပိုမို တန်ခိုးကြီးကြ၏။ ဤမျှသာ ထူးခြားမည် ထင်ပါသည်။ ဝတ္ထုလောကနှင့် ဝတ္ထုဇာတ်ကောင်များမှတစ်ဆင့် မှုရင်း စာရေးဆရာကို မြင်အောင် ကြည့်နိုင်သလို၊ မြင်အောင် ကြည့်၍ ရသလို ဤလောကနှင့်တကွ ကျွန်ုပ်တို့မှတစ်ဆင့် ဗြဟ္မာကို မြင်ရအောင် ကြည့်နိုင်ပါသည်။ မြင်အောင် ကြည့်၍ ရပါသည်။

**ဗြဟ္မ သတျံ ဇဂတ် မိထျာ၊ ဇီဝေါ ဗြဟ္မ ဧဝ နာပရး။**

ဗြဟ္မ၊ ဗြဟ္မာသည်။ **သတျံ**၊ သစ္စာတည်း။ **ဇဂတ်**၊ လောကသည်။ **မိထျာ**၊ မိစ္ဆာတည်း။ **ဇီဝေါ**၊ သူသူငါငါ သတ္တဝါသည်။ **ဗြဟ္မ ဧဝ**၊ ဗြဟ္မာသာတည်း။ **အပရး**၊ အခြားတစ်ပါးသည်။**န**၊ မဟုတ်ချေ။

(ဗြဟ္မသုတြ)

စတုတ္ထ မဟာဝါကျအရ ဗြဟ္မာသည်သာလျှင် တစ်ခုတည်းသော သစ္စာတရားဖြစ်၍ လောကသည် အမှားတရား ဖြစ်သည်။ အမှားတရား ဆိုသည်မှာ ဗြဟ္မာ၏ အသွင်သဏ္ဍာန် သို့မဟုတ် သစ္စာ၏အရိပ် ဖြစ်သည်။ ဇီဝခေါ် သူသူငါငါ သတ္တဝါဟူသည်ကား ပရမတ္ထသစ္စာ အနေဖြင့် ဗြဟ္မာ သို့မဟုတ် သစ္စာတရားပင် ဖြစ်သည်။ အသွင်သဏ္ဍာန်မှ အနှစ်သာရကို ရှာဖွေနိုင်သကဲ့သို့၊ 'အရိပ်'မှ 'အကောင်'ကို ရှာဖွေနိုင်သကဲ့သို့ လောကမှ ဗြဟ္မာကို ရှာဖွေနိုင်ပါသည်။ မိစ္ဆာမှ သစ္စာကို ရှာဖွေနိုင်ပါသည်။

လောကမှ ဗြဟ္မာကို ရှာဖွေတွေ့ရှိသောအခါ ဗြဟ္မဉာဏ်ကို ရသည်ဟု ဆိုပါသည်။ မိစ္ဆာမှ သစ္စာကို ရှာဖွေတွေ့ရှိသောအခါ သစ္စဉာဏ်ကို ရသည်ဟု ဆိုပါသည်။ ဗြဟ္မဉာဏ်ကို ရခြင်းနှင့် သစ္စဉာဏ်ကို ရခြင်းမှာ အနက်အဓိပ္ပာယ်အားဖြင့် အတူတူပင် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဗြဟ္မာနှင့် သစ္စာမှာ ဝေါဟာရကွဲသော်လည်း အနက်တူသောကြောင့် ဖြစ်ပါသည်။

ဇီဝ ခေါ် သူသူငါငါ သတ္တဝါသည် ဗြဟ္မဉာဏ် သို့မဟုတ် သစ္စဉာဏ်ကို ရလျှင် ဗြဟ္မာ ဖြစ်သွားပါသည်။ ဗြဟ္မဉာဏ် သို့မဟုတ် သစ္စဉာဏ်ကို ရခြင်း ဆိုသည်မှာ ဗြဟ္မာကို ဗြဟ္မာအဖြစ် အမှန်အတိုင်း သိခြင်း (ဝိဇ္ဇာ) ဖြစ်ပါသည်။ ဗြဟ္မာကို ဗြဟ္မာအဖြစ် မသိဘဲ ဗြဟ္မာကို လောကအဖြစ် သိခြင်းကိုမူ **အမှားသိ** (အဝိဇ္ဇာ) ဟု ခေါ်ပါသည်။ ဇီဝ ခေါ် သူသူငါငါ သတ္တဝါသည် ဗြဟ္မာကို ဗြဟ္မာအဖြစ် အမှန်အတိုင်း သိလိုက်သည်နှင့် တစ်ပြိုင်နက် ဇီဝအဖြစ်မှ ဗြဟ္မာအဖြစ်သို့ ကူးပြောင်းပြီး မသေခြင်း (အမတ) သဘောကို ရရှိသွားပါသည်။ ဗြဟ္မာကို လောကအဖြစ်သာ အမှားအတိုင်း သိနေသေးသရွေ့ ကာလပတ်လုံး မသေခြင်း (အမတ) သဘော မရှိဘဲ ဇီဝ ခေါ် သူသူငါငါ အဖြစ်နှင့်သာ သံသရာတစ်လျှောက်





ဤဘဝမှ ထိုဘဝသို့၊ ထိုဘဝမှ ဤဘဝသို့ ကျင်လည် ကျက်စား ပြေးသွားနေရမည်သာ ဖြစ်ပါသည်။

'သိခြင်း' သည် 'ဖြစ်ခြင်း' အဖြစ်သို့ ကူးပြောင်းပြီး 'အသိ' နှင့် 'အဖြစ်' ထပ်တူ တစ်သားတည်း ကျလေသော အခါမှသာ ထိုအသိကို **အမှန်သိ**(ဝိဇ္ဇာ) ဟု ခေါ်ပါသည်။ သိခြင်းက သိခြင်းသတ်သတ်၊ ဖြစ်ခြင်းက ဖြစ်ခြင်းသတ်သတ် ကွဲပြားနေသေးလျှင် ထိုအသိမျိုးကိုမူ အမှန်သိ (ဝိဇ္ဇာ) ဟု မခေါ်ကြပါ။ ဥပနိသျှဒ်ကျမ်းများ၌ ဤသို့သော အသိမျိုးကို အောက်ပါအတိုင်း ဖော်ပြထားကြောင်း တွေ့ရပါသည်။

**အန္ဓံ တမး ပြဝိဂန္တိ၊ ယေ' ဝိဒျာမုပါသတေ။**

**တတော ဘူယး ဣဝ တေ တမး၊ ယေဉ ဝိဒျာယံ ရတား။**

(**ယေ**၊ အကြင်သူတို့သည်။ **အဝိဒျာမ်**၊ အဝိဇ္ဇာကို။ **ဥပါသတေ**၊ ဆည်းကပ်ကုန်၏ (ဗဟုဝုစ်)။ **တေ**၊ ထိုသူတို့သည်။ **အန္ဓံ**၊ မိုက်မှောင်သော။ **တမး**၊ အမိုက်တိုက်သို့။ **ပြဝိဂန္တိ**၊ ဝင်ကြရကုန်၏။ **ယေ ဉ**၊ အကြင်သူတို့သည်ကား (ဉ-နိပါတ်)။ **ဝိဒျာယံ**၊ ဝိဇ္ဇာ 'စာသိပေသိ' ၌။ **ရတား**၊ ပန်းတိုင်အဖြစ် မွေ့လျော်ကြကုန်၏။ **တေ**၊ ထိုသူတို့သည်။ **တတော**၊ ထိုအဝိဇ္ဇာမှောင်ထက်။ **ဘူယး ဣဝ**၊ ပို၍ မိုက်မှောင်သကဲ့သို့ ဖြစ်သော။ **တမး**၊ အမိုက်တိုက်သို့။ **ပြဝိဂန္တိ**၊ ဝင်ကြရကုန်၏။)

(ဤသာ ဥပနိသျှဒ်-၉၊၁၂)

အသိနှင့် အဖြစ်ကို ထပ်တူ တစ်သားတည်းကျအောင် ကျင့်ကြံအားထုတ်ခြင်း မရှိဘဲ အသိကို အသိအတိုင်းထားပြီး 'ဝိနည်းတတ် ကြက်သတ်' ဆိုသကဲ့သို့ ဆင်ခြေဆင်လက် များစွာဖြင့် နေချင်သလို နေ၊ လုပ်ချင်သလို လုပ်၊ ကျင့်ချင်သလို ကျင့်ကြသော ပညာရှိ အမည်ခံသူတို့၏ အသိ(ဝိဇ္ဇာ) သည် ရိုးရိုးသာမန် ပုဂ္ဂိုလ်တို့၏ မသိ (အဝိဇ္ဇာ)ထက် ပို၍ မိုက်မှောင်ပါသည်။ ပို၍ အန္တရာယ်ကြီးမားပါသည်။ ပညာရှိ လမ်းလွဲသည် ပညာမဲ့ လမ်းလွဲထက် ပို၍ သံသရာရှည်လျားပါသည်။

## အသိနှင့်အဖြစ် ထပ်တူဖြစ်ခြင်း

အသိနှင့်အဖြစ် ထပ်တူဖြစ်ခြင်းဆိုသည်မှာ သိစရာအာရုံနှင့် သိတတ်သူ ပုဂ္ဂိုလ်တို့ အချင်းချင်း မကွဲပြားဘဲ ထပ်တူ တစ်သားတည်း ဖြစ်သွားခြင်းကို ဆိုလိုသည်။ ပန်းကို သိသည်ဆိုလျှင် ထိုသို့ သိသည်နှင့် တစ်ပြိုင်နက် သိသူပုဂ္ဂိုလ်သည် ပန်း၏ မွှေးပျံ့ခြင်းသဘော၊ လန်းဆန်းခြင်းသဘော၊ လှပခြင်းသဘောတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်သွားခြင်းမျိုး ဖြစ်ပါသည်။ လေကို သိသည်ဆိုလျှင်လည်း ထိုနည်းအတူ သိသူပုဂ္ဂိုလ်သည် လေ၏ လျှင်မြန်ခြင်း သဘော၊ ပေါ့ပါးခြင်းသဘော၊ တိုက်လွှင့်နိုင်ခြင်းသဘောတို့ကို ပိုင်ဆိုင်သွားခြင်းမျိုး ဖြစ်ပါသည်။

သမထ ဝေါဟာရအရ ဈာန်အဘိညာဉ်ရခြင်းမျိုး ဖြစ်သည်ဟု ဆိုလျှင် ပို၍ နားလည်နိုင်ဖွယ် ရှိပါသည်။ ဈာန်အဘိညာဉ်ရသူသည် ပထဝီကသိုဏ်း ဈာန်ဝင်စား၍ လေဟာပြင်ကို မြေသားအသွင်သိပြီး ခြေများဖြင့် လှမ်းသွားနိုင်စွမ်း ရှိပါသည်။ အာပေါကသိုဏ်း ဈာန်ဝင်စား၍ မြေပြင်ကို ရေအသွင်သိပြီး ငုပ်လျှိုးနိုင်စွမ်း ရှိပါသည်။ ဤသဘောများကို ရည်ညွှန်း၍ ဥပနိသျှဒ်ကျမ်းများ၌ အသိနှင့်အဖြစ် ထပ်တူဖြစ်ခြင်းဟု ဆိုပါသည်။

အသိနှင့်အဖြစ် ထပ်တူဖြစ်ရာ၌ သိစရာအာရုံနှင့် သိတတ်သူပုဂ္ဂိုလ်တို့ အားလုံး တစ်ခုမကျန် ထပ်တူ တစ်သားတည်း ဖြစ်သွားရမည် မဟုတ်ပါ။ သို့ရာတွင် ထို နှစ်ခုတို့ တစ်သားတည်း ဖြစ်ရေးအတွက် ယူသင့်သည့်သဘောကို ယူ၍ စွန့်သင့်သည့်သဘောကို စွန့်ရပါသည်။ ဤသို့ ယူခြင်းနှင့် စွန့်ခြင်းကို 'ဇဟာဇဟ' နည်း ဟူ၍လည်းကောင်း၊ 'ဟာနောပါဒါန' နည်း ဟူ၍လည်းကောင်း ခေါ်ပါသည်။ 'ဇဟာဇဟ' ဆိုသည်မှာ ဇဟ(စွန့်ခြင်း)နှင့် အဇဟ(မစွန့်ခြင်း)တို့ ဖြစ်ပါသည်။'ဇဟ' နှင့် 'အဇဟ'ကို ပေါင်း၍ 'ဇဟာဇဟ' ဟု ခေါ်ခြင်း ဖြစ်ပါသည်။ ထိုနည်းအတူ'ဟာနောပါဒါန' ဆိုသည်မှာ ဟာန (စွန့်ခြင်း) နှင့် ဥပါဒါန (ယူခြင်း) တို့ ဖြစ်ပါသည်။ ဟာနနှင့် ဥပါဒါနကို ပေါင်း၍ 'ဟာနောပါဒါန' ဟု ခေါ်ခြင်း ဖြစ်ပါသည်။ ဇဟာဇဟနည်းနှင့် ဟာနောပါဒါနနည်းမှာ အနက် အဓိပ္ပာယ်အားဖြင့် အတူတူပင် ဖြစ်ပါသည်။

အဆိုပါနည်းများအရ ဇီဝ ခေါ် သူသူငါငါသည် ဗြဟ္မာကို သိ၍ ဗြဟ္မာ ဖြစ်သွားသောအခါ ဇီဝနှင့် ဗြဟ္မာတို့သည် တစ်ခုတည်း တစ်သားတည်း ဖြစ်သွားကြပါသည်။ မူလက ဇီဝနှင့် ဗြဟ္မာဟူ၍ နှစ်မျိုးရှိရာ ဇီဝက သိတတ်သူ ပုဂ္ဂိုလ် ဖြစ်ပြီး ဗြဟ္မာ က သိစရာအာရုံ ဖြစ်ပါသည်။ထို နှစ်မျိုးတို့ တစ်ခုတည်း တစ်သားတည်း ဖြစ်ရေးအတွက် ဇီဝဘက်မှ စွန့်သင့်သည့် လောဘ၊ ဒေါသ၊ မောဟ စသည်တို့ကို စွန့်ရမည် ဖြစ်ပါသည်။ ဗြဟ္မာဘက်မှလည်း အဆုံး အပိုင်းအခြား မရှိခြင်း၊ မလှုပ်ရှားခြင်း စသည်တို့ကို စွန့်ရမည် ဖြစ်ပါသည်။ နောက်ဆုံး ဇီဝနှင့် ဗြဟ္မာတို့သည် မိမိတို့ နှစ်ဖက်လုံးမှ လက်ခံနိုင်သော စင်ကြယ်ခြင်း၊ လွတ်မြောက်ခြင်း၊ ချမ်းအေးခြင်း စသည်တို့ကို ယူပြီး တစ်ခုတည်း၊ တစ်သားတည်း ဖြစ်သွားကြရပါသည်။ဤတစ်ခုတည်း၊ တစ်သားတည်းကို ဗြဟ္မာဟူ၍ လည်းကောင်း အတ္တဟူ၍ လည်းကောင်း ခေါ်ပါသည်။ ဤသို့လျှင် အသိနှင့် အဖြစ်တို့ ထပ်တူ





တစ်သားတည်း ဖြစ်သွားခြင်းကို ဥပနိသျှဒ်ခေတ် ပညာရှိတို့ ညွှန်ပြကြပါသည်။

"သဗ္ဗံ ခလု ဣဒံ ဗြဟ္မ = ဤလောကတစ်ခုလုံးသည် 'ပရမတ္ထသစ္စာအားဖြင့်' ဗြဟ္မာသာတည်း" ဟူသော စတုတ္ထ မဟာဝါကျအရ ပုဂ္ဂိုလ် သတ္တဝါ သူသူငါငါတို့သည် ဗြဟ္မဉာဏ်ကို ရ၍ ဗြဟ္မာဖြစ်သွားသောအခါ သေခြင်းတရားမှ လွန်မြောက်၍ ထာဝစဉ် ချမ်းသာသုခ အစစ်အမှန်ကို ရရှိကြပါသည်။ ထိုအခါမှသာ တကယ်ရှိသည့် သဘော (သတ်) ဟူ၍ လည်းကောင်း၊ တကယ်သိသည့်သဘော (စိတ်) ဟူ၍ လည်းကောင်း၊ တကယ် ချမ်းသာသည့်သဘော (အာနန္ဒ) ဟူ၍ လည်းကောင်း သတ်မှတ်ကြပါသည်။ 'သတ်၊ စိတ်၊ အာနန္ဒ' ဟူ၍ သတ်မှတ်အပ်သော 'ဗြဟ္မာ'သည် ဥပနိသျှဒ်ခေတ်၏ နောက်ဆုံး ရည်မှန်းချက် ဖြစ်ပါသည်။

## ချမ်းသာခြင်း

လောကအတွေ့အကြုံအရ ကျွန်ုပ်တို့သည် ချမ်းမြေ့စရာ အာရုံများကို အာရုံပြုသောအခါ ချမ်းမြေ့ခြင်းကို ခံစားရပါသည်။ ပူဆွေးစရာ အာရုံများကို အာရုံပြုသောအခါ ပူဆွေးခြင်းကို ခံစားရပါသည်။ ကျွန်ုပ်တို့၏ ခံစားမှုများသည် အာရုံ၏ အမျိုးအစားပေါ်၌ တည်ပါသည်။ အာရုံ၏ အမျိုးအစားပေါ်၌ တည်သည် ဆိုသော်လည်း အာရုံနှင့် စိတ်တို့ အာရုံအာရမ္မဏိကအဖြစ် ဆက်သွယ်စဉ် ကာလအတွင်း၌သာ ဆိုင်ရာ ခံစားမှုများကို ခံစားရခြင်း ဖြစ်ပါသည်။ အာရုံနှင့် စိတ်တို့ ဆက်သွယ်မှု ပြတ်တောက်သွားသည်နှင့် တစ်ပြိုင်နက် ခံစားချက်သည်လည်း ပျောက်ကွယ်သွားပါသည်။ ဤ လောကအတွေ့အကြုံကို ထောက်ထား၍ အလွန်ချမ်းမြေ့သည့် 'ဗြဟ္မာ' အာရုံနှင့် စိတ်တို့ မည်သည့်အခါမျှ ဆက်သွယ်မှု မပြတ်တောက်တော့ဘဲ အမြဲတမ်း တစ်ခုတည်း၊ တစ်သားတည်း ဖြစ်သွားပါက မည်မျှလောက် ချမ်းမြေ့နေမည်ကို ခန့်မှန်း၍ သိနိုင်ကြောင်း ဆိုကြပါသည်။

## လောကနှင့် မောက္ခ

လောကနှင့် ပတ်သက်၍ ဥပနိသျှဒ် ပညာရှင်တို့ ဖွင့်ဆိုကြရာတွင် လောကဟူသည် ဗြဟ္မာ၏အရိပ်၊ ဗြဟ္မာ၏ အသွင်သဏ္ဌာန်သာ ဖြစ်၏ ဟူ၍လည်းကောင်း၊ လောကနှင့် ဗြဟ္မာသည် ပရမတ္ထသစ္စာအားဖြင့် တစ်ခုတည်းသာ ဖြစ်၏ ဟူ၍လည်းကောင်း ဖွင့်ဆိုကြပါ၏။ ထိုဖွင့်ဆိုချက်နှင့် ပတ်သက်၍ မှတ်သားဖွယ် ...ထာကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

www.burmeseclassic.com



အဒွယံ စ ဒွယာဘာသံ၊ မနး သွမ္ဘေ န သံသယး။
အဒွယံ စ ဒွယာဘာသံ၊ တထာ ဓာဂြဒ် န သံသယး။

ယထာ သွမ္ဘေ ဒွယာဘာသံ၊ သွန္တတော မာယယာ မနး။
တထာ ဓာဂြဒ် ဒွယာဘာသံ၊ သွန္တတော မာယယာ မနး။

(သွမ္ဘေ မနး၊ အိပ်မက်စိတ်သည်။ အဒွယံ စ၊ နှစ်ခုမဟုတ် တစ်ခုတည်း ဖြစ်ပါလျက်။ ဒွယာဘာသံ၊ အာရုံနှင့် အာရမ္မဏိကအားဖြင့် နှစ်ခုသဖွယ် ဖြင်၏။ န သံ့သယး၊ သံသယဖြစ်ဖွယ် မရှိ။ တထာ၊ ထို့အတူ။ ဓာဂြဒ် မနး၊ နိုးစိတ်သည်။ အဒွယံ စ၊ နှစ်ခုမဟုတ် တစ်ခုတည်းဖြစ်ပါလျက်။ ဒွယာဘာသံ၊ နှစ်ခုသဖွယ် ဖြစ်၏။ န သံသယး၊ သံသယဖြစ်ဖွယ် မရှိ။

သွမ္ဘေ မနး၊ အိပ်မက်စိတ်သည်။ မာယယာ၊ အဝိဇ္ဇာ မာယာဖြင့်။ ဒွယာဘာသံ၊ နှစ်ခုသဖွယ် ဖြစ်အောင်။ သွန္တတော ယထာ၊ လှုပ်ရှားသကဲ့သို့။ တထာ၊ ထို့အတူ။ ဓာဂြဒ် မနး၊ နိုးစိတ်သည်။ မာယယာ၊ အဝိဇ္ဇာ မာယာဖြင့်။ ဒွယာဘာသံ၊ နှစ်ခုသဖွယ်ဖြစ်အောင်။ သွန္တတော၊ လှုပ်ရှား၏။)

(ဂေါ၃-၃၊၂၉-၃၀)

လွတ်မြောက်မှု မောက္ခနှင့် ပတ်သက်၍ ဥပနိသျှဒ် ပညာရှင်တို့ ဖွင့်ဆိုကြရာတွင် လောကဟူသည် ပရမတ္ထသစ္စာအားဖြင့် တကယ်မရှိဘဲ ဗြဟ္မာ၏ အရိပ်သဖွယ်သာဖြစ်၍ ဗြဟ္မာအပေါ်၌ မည်သို့မျှ အကျိုးသက်ရောက်မှု မပြုလုပ်နိုင်သဖြင့် ပရမတ္ထသစ္စာအရ တကယ်မရှိသည့် လောကကို ချုပ်ငြိမ်းစေရန် တကူးတက ကြိုးပမ်းဖို့ မလိုကြောင်း၊ စိတ်သည် မလှုပ်ရှားတော့ဘဲ ငြိမ်သက်သွားသည်နှင့် တစ်ပြိုင်နက် 'အဒွယ' ခေါ် ဗြဟ္မာအဖြစ်သို့ ရောက်သွားကြောင်း ဖွင့်ဆိုကြပါသည်။ ထိုဖွင့်ဆိုချက်နှင့် ပတ်သက်၍ မှတ်သားဖွယ် သုံးဂါထာကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

န နိရောဓော န ဥပ္ပတ္တိး၊ န ဗဒ္ဓေါ န စ သာဓကော။
န မု မုက္ခုး န ဝေ မုတ္တး၊ ဣတျေသာ ပရမတ္ထတာ။

မနောဒိသျံ ဣဒံ ဒွိတ္တံ၊ ယံကိဉ္စိတ် သစရာစရံ။
မနသော ဟျမနီဘာဝေ၊ ဒွိတ္တံ နေဝေါပလဘျတေ။

www.burmeseclassic.com



အာဒိဗုဒ္ဓါး ပြကတျော၊ သဗ္ဗေ ဓမ္မား သုနိစ္ဆိတား။
ယသျေဝံ ဘဝတိ ခန္တိး၊ သော မတတ္တာယ ကလ္ပတေ။

(ဂေါ၃- ၂၊၃၂။၃၊၃၁။၄၊၉၂)

န နိရောဓော၊ လောကချုပ်ခြင်း ဟူ၍လည်း မရှိ။ န ဥပ္ပတ္တိး၊ လော်ကဖြစ်ခြင်း ဟူ၍လည်း မရှိ။ န ဗဒ္ဓေါ၊ အဝိဇ္ဇာနှောင်ဖွဲ့ခံရခြင်း ဟူ၍လည်း မရှိ။ န စ သာဓကော၊ လွတ်မြောက်အောင် အားထုတ်သူ ဟူ၍လည်း မရှိ။ န မု မုက္ခုး၊ မောက္ခကို ရလိုသူ ဟူ၍လည်း မရှိ။ ဝေ၊ စင်စစ်။ န မုတ္တး၊ လွတ်မြောက်ပြီးသူ ဟူ၍လည်း မရှိ။ ဣတိ ဧသာ၊ ဤသည်ပင်။ ပရမတ္ထတာ၊ ပရမတ္ထ သစ္စာတရားပေတည်း။ [ ပရမတ္ထ သစ္စာအားဖြင့် လောကဟူ၍ မရှိပေ။]

သစရာစရံ၊ သက်ရှိသက်မဲ့နှင့် တကွဖြစ်သော။ ယံကိဉ္စိတ်၊ အလုံးစုံသော။ ဣဒံ ဒွိတ္တံ၊ သိစရာအာရုံနှင့် သိတတ်သူဟူ၍ အနည်းဆုံး နှစ်မျိုးရှိသော ဤလောကသည်။ မနောဒိသျံ၊ စိတ်က မိမိဘာသာ မိမိ ဖန်ဆင်း၍ မြင်နေခြင်းမျှသာတည်း။ ဟိ၊ မှန်၏။ မနသော၊ စိတ်၏။ အမနီဘာဝေ၊ စိတ်မဟုတ်တော့သည့် အခါ၌။ ဒွိတ္တံ၊ လောကကို။ နေဝ ဥပလဘျတေ၊ မရအပ်သည်သာတည်း။ [ အာရုံမရှိဘဲ စိတ်အတိုင်းတိုင်း တစ်ခုတည်း ရှိနေခြင်းသည်ပင် ဓမောက္ခ မည်၏။]

သဗ္ဗေ ဓမ္မား၊ အလုံးစုံသော သတ္တဝါတို့သည်။ ပြကတျာ ဧဝ၊ ပကတိ သဘောအားဖြင့်သာလျှင်။ အာဒိဗုဒ္ဓါး၊ အစကတည်းက ဗုဒ္ဓ ဖြစ်ပြီးသားတို့ပေတည်း။ သုနိစ္ဆိတား၊ ဤသို့ ဆုံးဖြတ်အပ်ကုန်၏။ ယသျ၊အကြင်သူအား။ ဧဝံ ခန္တိး၊ ဤသို့ ဆုံးဖြတ်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ သော၊ ထိုသူသည်။ အမတတ္တာယ၊ အမတအကျိုးငှာ။ ကလ္ပတေ၊ သင့်လျော် လျှောက်ပတ်၏။ [ပကတိ သဘောအားဖြင့် လောကဟူ၍ မရှိဘဲ ဗြဟ္မာသာ ရှိကြောင်း သိမြင်ခြင်းသည် မောက္ခ ဖြစ်၏။]

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း [ ၂ ]

---

## တိတ္ထိယဝါဒ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)
# တိတ္ထိယတို့၏ ကျင့်စဉ်များ

## တိတ္ထိယတို့၏ အမြင်နှင့် အကျင့်

တိတ္ထိယ ဟူသော ပုဒ်သည် တိတ္ထပုဒ်နှင့် ဣယ–ပစ္စည်းတို့ ပါဝင်ပေါင်းစပ်ထား သည့် တဒ္ဓိတ်ပုဒ် ဖြစ်ပါသည်။ တိတ္ထပုဒ်၏ အနက်မှာ 'အယူဝါဒ' ဖြစ်၍ ဣယ ပစ္စည်း၏ အနက်မှာ 'ရှိသူ' ဖြစ်ပါသည်။ ထို့ကြောင့် တိတ္ထိယဆိုသည်မှာ 'အယူဝါဒ ရှိသူ' ဖြစ်ပါသည်။ ဤနေရာ၌ အယူဝါဒရှိသူ ဆိုသည်မှာ မိမိတို့၏ ကျင့်စဉ်များနှင့် အယူဝါဒများကို လွတ်လပ်စွာ ထူထောင်ကြသူများ ဖြစ်ပါသည်။ ဥပနိသျှဒ်ခေတ်တွင် လောကမှ လွတ်မြောက်ရေးအတွက် အဝိဇ္ဇာကို သတ်ရန် အားထုတ်ခဲ့ကြပါသည်။ အဝိဇ္ဇာသည်သာလျှင် လောက၏ အကြောင်းရင်း ဖြစ်သည်ဟု မှတ်ယူခဲ့ကြပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် လောကဟူသည် အခြားမဟုတ်၊ အဝိဇ္ဇာ၏ ရုပ်လုံး၊ အဝိဇ္ဇာ၏ ဒြပ်ဖြစ်ပါသည်။ သို့ဖြစ်၍ လောက ကို ချုပ်ငြိမ်းစေလိုလျှင် အဝိဇ္ဇာကို ချုပ်ငြိမ်းအောင် အားထုတ်ရမည် ဖြစ်ပါသည်။ တိတ္ထိယခေတ်တွင်မူ အဝိဇ္ဇာထက် တဏှာကို ပို၍ အလေးထားလာပါသည်။ တဏှာသည်သာလျှင် လောက၏ အကြောင်းရင်းဖြစ်သည်ဟု မှတ်ယူခဲ့ကြပါ သည်။ တိတ္ထိယဝါဒအရ လောကဟူသည် တဏှာ၏ ရုပ်လုံး၊ တဏှာ၏ဒြပ် ဖြစ်ပါသည်။ ထို့ကြောင့် လောကကို ချုပ်ငြိမ်းစေလိုလျှင် တဏှာကို သတ်ရ လိုပါသည်။ သို့ဖြစ်၍ တဏှာကိုသတ်ရန် တပ (ကျင့်စဉ်များ) ကို ပြောင်းလဲ ကျင့်ကြခြင်း ဖြစ်ပါသည်။





## ယုံကြည်မှု ပြောင်းလဲခြင်း

လူတို့သည် သဘာဝအားဖြင့် အသက်ရှည်စွာ နေလိုကြ၏။ အသက်ရှည်စွာ နေရစဉ် ကာလအတွင်း၌ ချမ်းမြေ့ပျော်ရွှင်စွာ နေလိုကြ၏။ ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် သားသမီးနှင့် စည်းစိမ်ဥစ္စာ ရတနာရွှေငွေ၊ အခြံအရံ ပရိသတ်များနှင့် ပြည့်စုံလိုကြ၏။ ဤတောင့်တချက် သုံးမျိုးတို့သည် ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တွင် ပန်းတိုင်များ ဖြစ်ခဲ့ကြ၏။ ဤပန်းတိုင်များသို့ ရောက်နိုင်ရန် ယဇ်ပူဇော်မှုကို အမျိုးမျိုး ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ယဇ်၏ လျှို့ဝှက် ချက်ကို သိရန် အမျိုးမျိုး ကြိုးစားခဲ့ကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှုကို အဆိုပါ တောင့်တမှု သုံးမျိုး၌ အခြေစိုက်၍ ဖြစ်ပေါ်လာသည့် နတ်ကိုးကွယ်မှုဝါဒ သို့မဟုတ် ယဇ်ပူဇော်မှုဝါဒဟု ခေါ်ခြင်း ဖြစ်ပါသည်။ ဘာသာရေး စာပေသမိုင်းတွင် ဤခေတ်ကို ကမ္မကဏ္ဍ ခေတ်ဟု ခေါ်ပါသည်။

အာရဉကခေတ်နှင့် ဥပနိသျှဒ်ခေတ်တွင်မူ ယုံကြည်မှုသည် ပြောင်းလဲ သွားခဲ့ပါသည်။ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်က ပန်းတိုင်အဖြစ် သတ်မှတ်ခဲ့သည့် အသက်ရှည်မှု၊ ပျော်ရွှင်ချမ်းမြေ့စွာ နေရမှုနှင့် စည်းစိမ်ဥစ္စာ ပြည့်စုံမှုတို့ကို ပန်းတိုင်အဖြစ် ဆက်လက် မသတ်မှတ်ဘဲ လမ်းစဉ်အဖြစ် ပြောင်းလဲသတ်မှတ် ခဲ့ပါသည်။ ထို့အပြင် ယင်းတို့ကို ဒုက္ခအဖြစ် မြင်လာခဲ့ပါသည်။ ဤသည်မှာ အာရဉကခေတ်နှင့် ဥပနိသျှဒ်ခေတ်၏ ပြောင်းလဲတိုးတက်လာသည့် ယုံကြည်မှု ဖြစ်၏။

အာရဉကခေတ်နှင့် ဥပနိသျှဒ်ခေတ်တွင် မသေမှု (အမတ) ကို ပန်းတိုင် အဖြစ် သတ်မှတ်လာကြပါသည်။ မသေမှု (အမတ) ကို ရရှိမှသာ လူသားတို့ မျှော်မှန်းအပ်သည့် တကယ် ချမ်းသာစစ်၊ ချမ်းသာမှန်ကို ခံစားရမည် ဖြစ်ကြောင်း ယုံကြည်လာကြပါသည်။ ထိုသို့ ယုံကြည်သည့်အလျောက် မသေမှု (အမတ) ကို ရရှိရေးအတွက် တရားဘာဝနာ ပွားများအားထုတ်မှုကို ပြုလုပ်လာကြပါသည်။ တရားဘာဝနာ အားထုတ်မှုကို ပြုရာတွင် အရာရာတိုင်းကို ဗြဟ္မာအဖြစ် မြင်အောင် ကြိုးစား၍ အာရုံပြုကြပါသည်။ ဤခေတ်၏ ယုံကြည်မှုအရ လောကဟူသည် သဘာပင်ဖြစ်ရာ 'ဖြစ်၊ တည်၊ ပျက်' တို့ဖြင့် အမြဲတမ်း လှုပ်ရှား ပြောင်းလဲနေခိုက် လောကသည် လောကဖြစ်၍ 'ဖြစ်၊ တည်၊ ပျက်' တို့ဖြင့် မလှုပ်ရှား မပြောင်းလဲ ခိုက် လောကသည် ဗြဟ္မာဖြစ်ပါသည်။ ထို့ကြောင့် လောကကို ရှုမှတ်ပွားများရာ တွင် ဗြဟ္မာအဖြစ် အာရုံယူ၍ 'ဖြစ်၊ တည်၊ ပျက် သဘောမှ ကင်းပြီး' မလှုပ်ရှား မပြောင်းလဲခိုက် အားလုံး တစ်ခုတည်း၊ တစ်သားတည်း၊ တစ်မျိုးတည်း အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခြင်အောင် ရှုမှတ်ပွားများ ရပါသည်။ ဤသို့ မြင်မှသာ ဗြဟ္မာကို မြင်သည် မည်ပါသည်။

ဤခေတ် တရားဘာဝနာ ပွားများနည်းကို ဗုဒ္ဓခေတ် သမထဘာဝနာ ပွားများနည်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ဤခေတ်ပညာရှင်တို့၏ နှလုံးသွင်း အာဘောဂကို ပို၍ နားလည်သဘောပေါက်နိုင်ဖွယ် ရှိပါသည်။ ဗုဒ္ဓခေတ် သမထ ဘာဝနာ ပွားများနည်းအရ သမထအာရုံကို ရှုပွားရာတွင် ဈာန်သမာဓိကို ရသောအခါ လောကနှင့် သမထအာရုံသည် တစ်ခုတည်း၊ တစ်သားတည်း၊ တစ်မျိုးတည်း ဖြစ်သွားပါသည်။ ပထဝီကသိုဏ်းကို အာရုံပြု၍ ရှုပွားလျှင် အရာရာ တိုင်းသည် ပထဝီ ဖြစ်သွားပါသည်။ အာပေါကသိုဏ်းကို ရှုပွားလျှင် အရာရာ တိုင်းသည် အာပေါ ဖြစ်သွားပါသည်။ အဘိညာဉ်အဆင့်သို့ ရောက်သောအခါ ၌မူ သိခြင်းနှင့် ဖြစ်ခြင်းတို့သည် တစ်ခုတည်း၊ တစ်သားတည်း ဖြစ်သွားသည့် သဘော ရှိပါသည်။ ဂဠုန်ကို သိလျှင်လည်း မိမိကိုယ်တိုင် ဂဠုန်ဖြစ်သွားပါသည်။ ပန်းကို သိလျှင်လည်း မိမိကိုယ်တိုင် ပန်းဖြစ်သွားပါသည်။ ဤသဘောကို ဖန်ဆင်း ခြင်းဟူ၍ ခေါ်ကြပါသည်။ ထို့ကြောင့် သမထဘာဝနာ အရ ရရှိလာသည့် ဈာန် အဘိညာဉ် စွမ်းအားကြောင့် လောကသည် နှစ်ခုမခြား တစ်သားတည်း ဖြစ်သွား သည့် သဘောကို လည်းကောင်း၊ သိစရာအာရုံနှင့် သိတတ်သူပုဂ္ဂိုလ်တို့ နှစ်မျိုး မပြား တစ်သားတည်း ဖြစ်သွားသည့် သဘောကို လည်းကောင်း တွေ့ကြုံသိရှိ လာနိုင်ပါသည်။ ဤသဘောများကို ဥပနိသျှဒ်ခေတ် ဝေါဟာရဖြင့် ဗြဟ္မာဟူ၍ ခေါ်နိုင်ပါသည်။ ဘာသာရေး စာပေသမိုင်းတွင်မူ ဤခေတ်ကို ဉာဏကဏ္ဍခေတ် ဟု ခေါ်ပါသည်။

## လက်ရှိ ယုံကြည်မှုများအပေါ် မကျေနပ်ကြခြင်း

ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တွင် ယဇ်ပူဇော်မှုကို အထွတ်အမြတ်ထားကြောင်း တွေ့ခဲ့ရပါသည်။ ယဇ်ပူဇော်မှုကို အကြောင်းပြု၍ ဗြာဟ္မဏများသည် ဤနတ်နှင့် တကွသော လောက၌ မိမိတို့ကိုယ်ကို အမြင့်မြတ်ဆုံးသော လူတန်းစား တစ်ရပ် အဖြစ် ထူထောင်ခဲ့ကြောင်းလည်း တွေ့ခဲ့ရပါသည်။ သို့ဖြစ်၍ ဤ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်မှာ ဘာသာရေး အမြင်အရဖြစ်စေ၊ လူတန်းစား အမြင်အရ ဖြစ်စေ များစွာ ကျေနပ်ဖွယ်ရာ မရှိကြောင်း ခံယူပြီး အာရညကခေတ်နှင့် ဥပနိသျှဒ် ခေတ်ကို ထူထောင်ကြခြင်း ဖြစ်ပါသည်။

ဘာသာရေးအမြင်အရ ဝေဒခေတ် ယဇ်ပူဇော်မှုမှာ ရိုးသားလွယ်ကူပြီး ဗြာဟ္မဏခေတ် ယဇ်ပူဇော်မှုမှာ ခက်ခဲရှုပ်ထွေးလှပါသည်။သို့ရာတွင် ခေတ်နှစ်





ခေတ်လုံး၌ ဘာသာရေးယုံကြည်မှုမှာ အနှစ်သာရအားဖြင့် ယဇ်ပူဇော်မှုချည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဗြာဟ္မဏခေတ် ဘာသာရေးယုံကြည်မှုမှာ ဝေဒခေတ်၏ မပြည့်စုံသော ဘာသာရေးယုံကြည်မှုကို ပိုမိုပြည့်စုံအောင် အထွတ်တင်သောအား ဖြင့် တိုးတက်ဖြစ်ထွန်းမှု သဘောကို ဆောင်သည့် ဘာသာရေးယုံကြည်မှု ဖြစ်ပါ သည်။ သို့ရာတွင် ယဇ်ပူဇော်ခြင်းအားဖြင့် လူသားတို့ မျှော်လင့် တောင့်တသည့် ငြိမ်းသာစစ် ချမ်းသာမှုကို ရရှိရေးနှင့် ပတ်သက်၍ အနှောင့်အယှက်များကို တွေ့ ကြုံလာရာမှ ယဇ်ပူဇော်မှုဝါဒကို တဖြည်းဖြည်း စွန့်လွှတ်လာခြင်း ဖြစ်ပါသည်။

လူတန်းစားအမြင်အရ ယဇ်ပူဇော်မှုဝါဒမှာ ဗြာဟ္မဏတို့က လက်ဝါးကြီး အုပ် စနစ်ဖြင့် မူပိုင်ရယူထားသည့် ဝါဒ ဖြစ်ပါသည်။ ယဇ်ပူဇော်မှုနှင့် ပတ်သက် လာလျှင် ဘုန်းတန်ခိုးကြီးသော ခတ္တိယပြည့်ရှင် မင်းများသည်ပင် ဗြာဟ္မဏတို့၏ အဆိုအမိန့်အတိုင်း လိုက်နာ ဆောင်ရွက်ရသည့်သဘော ရှိပါသည်။ ဘာသာရေး ယုံကြည်မှုအရ မိမိတို့ဘာသာ မိမိတို့ လွတ်လပ်စွာ တိုက်ရိုက်ကိုးကွယ် ယုံကြည် ခွင့် မရဘဲ ဗြာဟ္မဏတို့မှတစ်ဆင့် လက်ဝေခံ ကိုးကွယ်ယုံကြည်ခဲ့ရပါသည်။ ဤ သည်မှာ ခတ္တိယပြည့်ရှင် မင်းများအတွက် များစွာ အခံရခက်သည့် အချက်ပင် ဖြစ်ပါသည်။ ထို့အပြင် ယဇ်ပူဇော်မှုမှာ ငွေကုန်ကြေးကျ များလှသဖြင့် ပစ္စည်းမဲ့ လူများစုအတွက် ယဇ်ပူဇော်မှုကို ဆောင်ရွက်ရန် ခဲယဉ်းသောကြောင့် ပြည်သူ ပြည်သား အများစုမှာ ဘာသာ ယုံကြည်မှုအရ မျှော်မှန်းတမ်းတအပ်သည့် ချမ်းသာသုခတို့မှ ကင်းဝေးရမည့် အနေအထားတွင် ရှိလာပါသည်။ ဤသည်မှာ ပစ္စည်းမဲ့ လူများစုအတွက် များစွာ အခံရခက်သည့် အချက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ယဇ်ပူဇော်မှုဝါဒ မှေးမှိန်ပြီး တရားဘာဝနာ ပွားများမှုဝါဒ တိုးတက် ပေါ်ထွန်းလာခြင်း ဖြစ်ပါသည်။

တရားဘာဝနာ ပွားများမှုဝါဒမှာ အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်၏ ဝါဒ ဖြစ်ပါသည်။ တရားဘာဝနာ ပွားများမှုဝါဒသည် ယဇ်ပူဇော်မှုဝါဒနှင့် စာလျှင် လိုက်နာကျင့်သုံးရန် များစွာ ပိုမိုလွယ်ကူသည့် ဝါဒ ဖြစ်ပါသည်။ လူများစုနှင့် များစွာ ပိုမိုနီးကပ်သည့် ဝါဒ ဖြစ်ပါသည်။ ထို့အပြင် အာရညကခေတ် ယုံကြည်မှု နှင့် ဥပနိသျှဒ်ခေတ် ယုံကြည်မှုတို့မှာ အနှစ်သာရအားဖြင့် တရားဘာဝနာ ပွားများ နည်းသာ ဖြစ်သော်လည်း အာရညကခေတ် ယုံကြည်မှုမှာ ကျင့်ဝတ်ခြည်ရှု ခြင်းနှင့် ပိုမိုသက်ဆိုင်ပြီး ဥပနိသျှဒ်ခေတ် ယုံကြည်မှုမှာ အတ္တကို ရှာဖွေခြင်း နှင့် ပိုမို သက်ဆိုင်ပါသည်။ ထို့ကြောင့် အာရညကခေတ် ယုံကြည်မှုမှာ ဥပနိသျှဒ် ခေတ် ယုံကြည်မှု၏ အရှေ့ဘီဦး ဖြစ်ပြီး တစ်ဖန် ဥပနိသျှဒ်ခေတ် ယုံကြည်မှုသည် ဝေဒနှင့် ဗြာဟ္မဏခေတ် ယုံကြည်မှုတို့၏ နိဂုံး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်တွင် သစ်တစ်ပင်ရိပ်၊ ဝါးတစ်ပင်အောက် ၊ မြစ်ကမ်းပါးတို့၌ သခ်မ်းကျောင်းဆောက်ကာ တရားဘာဝနာများကို မိမိတို့ စိတ်တိုင်းကျ ပွားများ အားထုတ် နိုင်ကြပါသည်။ ဗြာဟ္မဏခေတ်၌ကဲ့သို့ ငွေကုန်ကြေးကျ ခံနိုင်ရန်လည်း မလို။ ဗြာဟ္မဏတို့ကို အားကိုးရန်လည်း မလို။ သို့ဖြစ်၍ အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ် ယုံကြည်မှုသည် ဗြာဟ္မဏခေတ် ယုံကြည်မှုထက် ပို၍ လွတ်လပ်ပါသည်။ ပို၍ လွယ်ကူပါသည်။ ထို့ကြောင့် ဗြာဟ္မဏခေတ် ယုံကြည်မှုသည် ပို၍ ပို၍ မှေးမှိန်သွားစဉ် ဥပနိသျှဒ်ခေတ် ယုံကြည်မှုသည် ပို၍ ပို၍ ထွန်းပလာခဲ့ပါသည်။

ဘာသာရေးအမြင်အရ ဗြာဟ္မဏခေတ်၌ အထွတ်အထိပ်ထား၍ သတ်မှတ်ခဲ့သည့် 'သုခ' များသည် ဥပနိသျှဒ်ခေတ်၌ 'ဒုက္ခ' များဖြစ်လာကြပါသည်။ ဗြာဟ္မဏခေတ်၌ မမြင်ခဲ့သည့် မသေမှု (အမတ) တရားကို ဥပနိသျှဒ်ခေတ်၌ မြင်လာကြပါသည်။ သို့ဖြစ်၍ ယုံကြည်မှု အဆင့်အတန်းအရ ဥပနိသျှဒ်ခေတ်သည် ဗြာဟ္မဏခေတ်ထက် များစွာ ပိုမို မြင့်မားခဲ့ပါသည်။ ထို့အပြင် လူတန်းစားအမြင် အရလည်း ဗြာဟ္မဏခေတ်၌ ဗြာဟ္မဏတို့သာ ယဇ်ပူဇော်မှုကို ဆောင်ရွက်နိုင်ခွင့် ရှိခဲ့ပါသည်။ ဥပနိသျှဒ်ခေတ်၌မူ မင်းများနှင့် ကုန်သွယ်လယ်လုပ်သမားများပင် တောရိပ် ခိုမှီး၍ တရားဘာဝနာ ပွားများအားထုတ်နိုင်ကြပါသည်။ ထို့ကြောင့် လူတန်းစား အမြင်အရလည်း ဥပနိသျှဒ်ခေတ်သည် ဗြာဟ္မဏခေတ်ထက် ပို၍ တရားမျှတမှု ရှိလာပါသည်။ ပိုမို တိုးတက်လာပါသည်။

ဥပနိသျှဒ်ခေတ်တွင် အတ္တ သို့မဟုတ် ဗြဟ္မာကို ရှာဖွေပါသည်။ အတ္တသို့မဟုတ် ဗြဟ္မာကို တွေ့မြင်လျှင် မသေမှု (အမတ) ကို ရရှိသည်ဟု ဆိုပါသည်။ သို့ရာတွင် တကယ်လက်တွေ့၌ကား မသေမှု (အမတ) ကို မရရှိဘဲ ရရှိသည်ဟု အထင်မှားခြင်းသာ ဖြစ်ပါသည်။ ဥပနိသျှဒ်ခေတ်၌ အမြင့်ဆုံး ရရှိနိုင်သည့် တရားမှာ မသေမှု (အမတ) မဟုတ်ဘဲ လောကီစျာန်သမာပတ်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဥပနိသျှဒ်ခေတ်လာ တရားဘာဝနာ အားထုတ်မှုကို အယုံအကြည် နည်းပါးစ ပြုလာပါသည်။ မသေမှု (အမတ) အစစ်အမှန်ကို လိုလားရှာဖွေသူများသည် ဥပနိသျှဒ်ခေတ်လာ တရားဘာဝနာ အားထုတ်နည်းများမှ တစ်ပါး အခြားသော တရားဘာဝနာ အားထုတ်နည်းများကို ကြံစည်ကြိုးစား လာကြပါသည်။ ထိုသို့ ကြံစည်ကြိုးစားသောအခါ တရားဘာဝနာ အားထုတ်နည်းသစ် တစ်မျိုးကို တွေ့မြင်သိရှိ လာကြပါသည်။ ထိုနည်းသစ်မှာ 'တပ' ခေါ် ပြင်းထန်သော ကျင့်စဉ်များကို ကျင့်ကြံ အားထုတ်ခြင်းပင် ဖြစ်ပါသည်။



## 'တပ' ခေါ် ပြင်းထန်သော ကျင့်စဉ်များ

တပသည် တပ်–ဓာတ်၊ အ–ပစ္စည်းဖြင့် ပြီးသောပုဒ် ဖြစ်ပါသည်။ တပပုဒ်၏ ရင်းအနက်မှာ အပူ(ဝါ) ပူခြင်း ဖြစ်ပါသည်။သို့ရာတွင် ဤနေရာ၌ ဆိုလိုရင်း အနက်မှာ မိမိကိုယ်ကို ထိန်းကွပ်ခြင်း ဖြစ်ပါသည်။ လူတို့တွင် သဘာဝအားဖြင့် တောင့်တခြင်း သုံးမျိုး ရှိပါသည်။ ထိုသုံးမျိုးမှာ–

(၁) အသက်ရှည်လိုခြင်း၊

(၂) လွပ်လပ်စွာ ပျော်ရွှင် ချမ်းမြေ့လိုခြင်း၊

(၃) စည်းစိမ်ဥစ္စာ ပြည့်စုံလိုခြင်း

တို့ ဖြစ်ပါသည်။ ထို တောင့်တခြင်း သုံးမျိုးတို့သည် နောင် ဗုဒ္ဓခေတ်၌–

(၁) အသက်ရှည်လိုခြင်းမှ 'ဘဝတဏှာ' သို့ လည်းကောင်း၊

(၂) လွတ်လပ်စွာ ပျော်ရွှင် ချမ်းမြေ့လိုခြင်းမှ 'ကာမတဏှာ'သို့ လည်းကောင်း၊

(၃) စည်းစိမ်ဥစ္စာ ပြည့်စုံလိုခြင်းမှ 'ဝိဘဝတဏှာ' သို့ လည်းကောင်း၊

အနက်အဓိပ္ပာယ် ပြောင်းလဲသွားကြောင်း တွေ့ရပါသည်။ ဤပြောင်းလဲချက်များမှာ ဗုဒ္ဓခေတ်၏ ပြောင်းလဲချက်များ ဖြစ်ပါသည်။

## တပ ဝေါဟာရသမိုင်း

'တပ' ဝေါဟာရနှင့် ယင်း၏အနက်ကို စူးစမ်းရှာဖွေလျှင် ဤသို့ တွေ့ရမည် ဖြစ်ပါသည်။

**တပသး တတ် မဟိနာ အဇာယတ ဧကမ်။**

(**တတ်**၊ ထိုအရှိတရားသည်။, **တပသး**၊ အကျင့်၏။ **မဟိနာ**၊ တန်ခိုးကြောင့်။ **ဧကမ်**၊ တစ်ခုသည်။ **အဇာယတ**၊ ဖြစ်ပေါ်ခဲ့၏။)

(ရိက်ဝေဒ–၁၀၊၁၂၉၊၃)

**တပသာ ယေ အနာဓိသျား၊ တပသာ ယေ သွး ယယုး၊**

**တပး ယေ စကြိရေ မဟး၊ တာဉ္စိတ် ဧဝ အပိ ဂစ္ဆတာတ်။**

(**ယေ**၊ အကြင်သူတို့သည်။ **တပသား** အကျင့်မြတ်ကြောင့်။ **အနာဓိသျား**၊ ရန်သူတို့ လွှမ်းမိုးခြင်းကို မခံရကုန်။ **ယေ**၊ အကြင်သူတို့သည်။ **တပသာ**၊ အကျင့်မြတ်ကြောင့်။ **သွး**၊ နေမင်းတန်ခိုးသို့။ **ယယုး**၊ ရောက်ရှိကုန်၏။ **ယေ**၊ အကြင်သူတို့သည်။ **တပး**၊ အကျင့်မြတ်ကို။ **မဟး**၊ တန်ခိုးအဖြစ်။ **စကြိရေ**၊ ပြုလုပ်ကြကုန်၏။ **တာဉ္စိတ် ဧဝ အပိ**၊ ထိုသူတို့ထံသို့ပင်လျှင်။ **ယမ**၊ အို ယမမင်း။ **တွံ**၊ သင်သည်။ **ဂစ္ဆတာတ်**၊ ရောက်နိုင်ပါ၏။)

(ရိက်ဝေဒ–၁၀၊၁၅၄၊၂)



www.burmeseclassic.com

www.burmeseclassic.com



ဤ၌ တပ ဝေါဟာရသည် အကျင့်မြတ် အနက်ကို ဟောပါသည်။

**တြယော ဓမ္မိက္ခန္ဓား၊ ယညော ' ဇျယနံ ဒါနံ ဣတိ ပြထမး၊**
**တပး ဧဝ ဒွိတီယး၊ ဗြဟ္မစာရိ အာစာယိကုလဝါသီ တ္ရတီယး။**

(**ဓမ္မိက္ခန္ဓား**၊ ဓမ္မက္ခန္ဓာတို့သည်။ **တြယော**၊ သုံးပါးတို့တည်း။**ယညး**၊ ယဇ်ပူဇော်ခြင်းလည်းကောင်း။ **အဇျယနံ**၊ ဝေဒကို သင်ယူလေ့လာခြင်းလည်းကောင်း။ **ဒါနံ**၊ လှူဒါန်းခြင်းလည်းကောင်း။ **ဣတိ**၊ ဤသုံးမျိုးတို့သည်။ **ပြထမး**၊ ပထမ ဓမ္မက္ခန္ဓာ မည်၏။ **တပး ဧဝ**၊ အတ္တကိလမထ အကျင့်သည်သာလျှင်။ **ဒွိတီယး**၊ ဒုတိယ ဓမ္မက္ခန္ဓာ မည်၏။ **အာစာယိကုလဝါသီ**၊ ဆရာ၏ အိမ်၌နေသော။ **ဗြဟ္မစာရီ**၊ မေထုန်မှုကို ရှောင်သောအားဖြင့် မြတ်သောအကျင့်ကို ကျင့်သူသည်။ **တတီယး**၊ တတိယ ဓမ္မက္ခန္ဓာ မည်၏။) (ဆန္ဒောဂျဥပနိသျှဒ်–၂၊၂၃၊၁)

ဤ၌ တပ ဝေါဟာရကို အတ္တကိလမထအကျင့် (ကိုယ် ပင်ပန်းဆင်းရဲသော အကျင့်) ၌ ဖြစ်ကြောင်း တွေ့ရပါသည်။

**ယေ စ ဣမေ အရဏျေ ဂြဒ္ဓါ တပး ဣတိ ဥပါသတေ၊ တေ အစိံး အဘိသမ္ဘဝန္တိ။**

(**ယေ စ ဣမေ**၊ အကြင်သူတို့သည်။ **အရဏျေ**၊ တောင်၌။ **ဂြဒ္ဓါ**၊ သဒ္ဓါတရားကို။ **တပး ဣတိ**၊ အကျင့်မြတ်ဟူ၍။ **ဥပါသတေ**၊ ဆည်းကပ်ကုန်၏ (ဗဟုဝုစ်)။ **တေ**၊ ထိုသူတို့သည်။ **အစိံ**၊ အလင်းသို့။ **အဘိသမ္ဘဝန္တိ**၊ ရောက်ကုန်၏။) (ဆန္ဒောဂျဥပနိသျှဒ်–၅၊၁၀၊၁)

ဤ၌ တပ ဝေါဟာရကို သဒ္ဓါတရား၌ ဖြစ်ကြောင်း တွေ့ရပါသည်။

**တေဒ် ဝေ ပရမံ တပေါ၊ ယဒ် ဗျာဟိတော တပျတေ၊**
**ပရမံ ဟ ဧဝ လောကံ ဇယတိ ယော ဧဝံ ဝေဒ။**

**တေဒ် ဝေ ပရမံ တပေါ၊ ယံ ပြေတံ အရဏျံ ဟရန္တိ၊**
**ပရမံ ဟ ဧဝ လောကံ ဇယတိ ယော ဧဝံ ဝေဒ။**

**တေဒ် ဝေ ပရမံ တပေါ၊ ယံ ပြေတံ အဂ္ဂေါ်အဘျာဒဓတိ၊**
**ပရမံ ဟ ဧဝ လောကံ ဇယတိ ယော ဧဝံ ဝေဒ။**

(ဗြိဟဒါရဏျကဥပနိသျှဒ်–၅၊၁၁





(**ယဒ်**၊ အကြင်သို့လျှင်။ **ဗျာဟိတော**၊ ရောဂါဖိစီး ခံရသူသည်။ **တပျတေ**၊ ပူလောင်၏။ **တေဒ်**၊ ဤသို့ ပူလောင်ခြင်းသည်။ **ဝေ**၊ စင်စစ်။ **ပရမံ**၊ မြတ်သော။ **တပေါ**၊ အကျင့်တည်း။ **ယော**၊ အကြင်သူသည်။ **ဧဝံ**၊ ဤသို့။ **ဝေဒ**၊ သိ၏။ **သော**၊ ထိုသူသည်။ **ဟ ဧဝ**၊ မုချအားဖြင့်သာလျှင်။ **ပရမံ**၊ မြတ်သော။ **လောကံ**၊ လောကကို။ **ဇယတိ**၊ အောင်၏။

**ပြေတံ**၊ ကွယ်လွန်သော။ **ယံ**၊ အကြင်သူကို။ **အရဏျံ**၊ တောသို့။ **ဟရန္တိ**၊ ဆောင်ကြကုန်၏။ **တေဒ်**၊ ဤသို့ ဆောင်ခြင်းသည်။ **ဝေ**၊ စင်စစ်။ **ပရမံ**၊ မြတ်သော။ **တပေါ**၊ အကျင့်တည်း။ **ယော**၊ အကြင်သူသည်။ **ဧဝံ**၊ ဤသို့။ **ဝေဒ**၊ သိ၏။ **သော**၊ ထိုသူသည်။ **ဟ ဧဝ**၊ မုချအားဖြင့်သာလျှင်။ **ပရမံ**၊ မြတ်သော။ **လောကံ**၊ လောကကို။ **ဇယတိ**၊ အောင်၏။

**ပြေတံ**၊ ကွယ်လွန်သော။ **ယံ**၊ အကြင်သူကို။ **အဂ္ဂေါ်**၊ မီး၌။ **အဘျာဒဓတိ**၊ ထားကုန်၏ (ဗဟုဝုဒ်)။ **တေဒ်**၊ ဤသို့ထားခြင်းသည်။ **ဝေ**၊ စင်စစ်။ **ပရမံ**၊ မြတ်သော။ **တပေါ**၊ အကျင့်တည်း။ **ယော**၊ အကြင်သူသည်။ **ဧဝံ**၊ ဤသို့။ **ဝေဒ**၊ သိ၏။ **သော**၊ ထိုသူသည်။ **ဟ ဧဝ**၊ မုချအားဖြင့်သာလျှင်။ **ပရမံ**၊ မြတ်သော။ **လောကံ**၊ လောကကို။ **ဇယတိ**၊ အောင်၏။)

ဤ၌ တပ ဝေါဟာရကို သံဝေဂတရား၌ ဖြစ်ကြောင်း တွေ့ရပါသည်။
...ခြင်းသည်လည်း တပ ခေါ် အကျင့်တစ်မျိုးပင် ဖြစ်ကြောင်းကို ဆန္ဒောဂျဥပနိ...ဒ် ဥပကောသလဝတ္ထု၌ ဤသို့ လာရှိသည်ကို တွေ့ရပါသည်။

အခါတစ်ပါး၌ ကမလာ၏သား ဥပကောသလသည် ဆရာဖြစ်သူ သတျကာမဇာဗာလာ၏ အထံ၌ ဗြဟ္မစာရီအကျင့်ကို ကျင့်သုံးလျက် နေထိုင်၏။ သူသည် ၁၂ နှစ်တို့ ကာလပတ်လုံး မီးကို လုပ်ကျွေး၏။ သတျကာမသည် ဥပကောသလမှတစ်ပါး အခြားသော ကျောင်းသားများအတွက် ကျောင်းဆင်း အခမ်းအနားနှင့် ပြည်တော်ပြန် အခမ်းအနားကို ကျင်းပပေး၏။ သို့ရာတွင် ဥပကောသလအတွက်မူ ကျောင်းဆင်း အခမ်းအနားနှင့် ပြည်တော်ပြန် အခမ်းအနားကို ကျင်းပပေးခြင်း မပြုခဲ့ချေ။ (၄–၁၀–၁)

ဇနီးဖြစ်သူက သတျကာမအား ဤသို့ ပြော၏ – 'ဥပကောသလသည် ငြိုးခြံ၏။ မေထုန်မှ ရှောင်ကြဉ်ခြင်း ဗြဟ္မစာရီအကျင့်ကို ကျင့်၏။ မီးကို ကောင်းမွန်စွာ လုပ်ကျွေး၏။ (သို့ဖြစ်၍) မီးနတ်က အရှင်သတျကာမကို ကဲ့ရဲ့ခြင်း မပြုနိုင်လေအောင် ဥပကောသလအား (ကျောင်းဆင်း



www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားနှင့် ပြည်တော်ပြန်အခမ်းအနား ကျင်းပပေးနိုင်သည် အထိ) ပညာသင်ကြားပေးပါလော့။ ဤသို့ တိုက်တွန်းအပ်သော်လည်း သတျကာမသည် ဥပကောသလအား တစ်စုံတစ်ရာ သင်ကြားပေးခြင်း မပြုဘဲ ခရီးထွက်ခွာသွားလေ၏။ (၄-၁၀-၂)

ဥပကောသလသည် စိတ်ဆင်းရဲမှုရောဂါ (ဗျာဓိ) ကြောင့် အစာမစားရန် ဆောက်တည်၏။ ဆရာဖြစ်သူ သတျကာမ၏ ဇနီးက ဥပကောသလအား ဤသို့ ပြော၏-'ဗြဟ္မစာရီအကျင့်ကို ကျင့်သူ ဥပကောသလ.... အစာကို စားပါလော့။ အဘယ့်ကြောင့် သင်သည် အစာကို မစားဘိသနည်း။' ဥပကောသလ က ဤသို့ ပြန်ကြား၏- 'ဤလူ သတ္တဝါ၌ များစွာကုန်သော အလိုဆန္ဒ(ကာမ) တို့သည် အမျိုးမျိုးသော အပြစ်အနာအဆာများ ဖြစ်ကြပါကုန်၏။ ကျွန်ုပ်သည် စိတ်ဆင်းရဲမှု ရောဂါ (ဗျာဓိ) ဖြင့် ပြည့်နှက်နေပါ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် အစာကို စားနိုင်တော့မည် မဟုတ်ပါ။' (၄-၁၀-၃)

ထိုအခါ မီးနတ်သည် ဤသို့ မိမိဘာသာမိမိ ပြော၏- 'ဤသူသည် ငြီးခြ၏။ ဗြဟ္မစာရီအကျင့်ကို ကျင့်၏။ ကျွန်ုပ်တို့အား ကောင်းမွန်စွာ လုပ်ကျွေး၏။ (သို့ဖြစ်၍) သူ့အား ပညာသင်ကြားပေးသင့်၏' ဤသို့ပြော၍ 'ထွက်သက် ဝင်သက် (ပြာဏ)သည် ဗြဟ္မာဖြစ်၏။ သုခ (ကံ) သည် ဗြဟ္မာ ဖြစ်၏။ အာကာသ (ခံ) သည် ဗြဟ္မာဖြစ်၏' ဟု သင်ကြားပေး၏။ (၄-၁၀-၄)

ဥပကောသလ က ဤသို့ပြော၏- 'ထွက်သက် ဝင်သက် (ပြာဏ)သည် ဗြဟ္မာဖြစ်သည်ကို သိပါ၏။ သို့ရာတွင် သုခ (ကံ)သည် လည်းကောင်း၊ အာကာသ (ခံ) သည်လည်းကောင်း ဗြဟ္မာဖြစ်သည်ကိုမူ မသိပါ။' မီးနတ်က ဤသို့ ပြန်ပြော၏-'သုခ ဟူသမျှသည် အာကာသပင် ဖြစ်၏။ အာကာသ ဟူသမျှသည် သုခပင် ဖြစ်၏' ဤသို့လျှင် မီးနတ်သည် ဥပကောသလအား ထွက်သက် ဝင်သက် (ပြာဏ) နှင့် အာကာသတို့ကို သင်ပေး၏။ (၄-၁၀-၅)

**တပေါသဒ္ဓေ ယေ ဟိ ဥပဝသန္တိ အရညေ သန္တာ၊ ဝိဒွါံသော ဘိက္ခာစရိယံစရန္တ**း၊ **သူယ်ဒွါရေဏ တေ ဝိရဇား ပြယာန္တိ၊ ယတြ အမဟော ပုရုသော ဟျဗျယာတ္မာ။**

(သန္တား၊ ငြိမ်သက်သော သမာဓိတရား ရှိကုန်သော။ ဝိဒွါံသော၊ ပညာရှိကုန်သော။ **ဘိက္ခာစရိယံ**၊ ဆွမ်းခံခြင်း အကျင့်ကို။ **စရန္တ**





ကျင့်ကုန်သော။ **ယေ**၊ အကြင်သူတို့သည်။ **တပေါသဒ္ဓေ** ရိုးရာအကျင့် (တပ) နှင့် သဒ္ဓါတရားတို့ကို။ **ဟိ**၊ တိကျစွာ။ **အရညေ**၊ တော၌။ **ဥပဝသန္တိ**၊ ကျင့်သုံးကြကုန်၏။ **တေ**၊ ထိုသူတို့သည်။ **ဝိရဇား**၊ ကောင်းမှု (ပုည) နှင့် မကောင်းမှု (ပါပ) တို့မှ ကင်းကုန်သည်ဖြစ်၍။ **ယတြ**၊ အကြင်အရပ်၌။ **အမှတား**၊ သေခြင်းကင်းသော။ **အဗျယာတ္မာ**၊ မပျက်စီးသော အတ္တရှိသော။ **သော ပုရုသော**၊ ထိုယောကျ်ားမြတ် ဟိရညဂဗ္ဘသည်။ **ဟိ**၊ အမှန်အားဖြင့်။ **ဝသတိ**၊ နေ၏။ **တတြ**၊ ထိုအရပ်သို့။ **သူယ်ဒွါရေဏ**၊ နေမင်းတံခါးဖြင့် (ဝါ) ဥတ္တရာယာဉ်ခေါ် မြောက်ဘက် လမ်းကြောင်းဖြင့်။ **ပြယာန္တိ**၊ သွားကြကုန်၏။)

(မုဏ္ဍကဥပနိသျှဒ်-၁-၂-၁၁)

ဤ၌ တပ ဝေါဟာရကို မိမိတို့၏ ရိုးရာအကျင့် (သဓမ္မ) ၌ ဖြစ်ကြောင်း ...ရပါသည်။

**အထ ဥတ္တရေဏ တပသာ ဗြဟ္မစရိယေဏ သဒ္ဓယာ**
**ဝိဒျယာ အာတ္မာနံ အနွိသျ အာဒိတျံ အဘိဇယန္တေ။**
**ဧတဒ် ဝေ ပြာဏာနံ အာယတနံ၊ ဧတဒ် အမှတံ အဘယံ၊**
**ဧတဒ် ပရာယဏံ၊ ဧတသ္မာတ် န ပုနရာ ဝတ်န္တေ။**
**ဣတျေသ နိရောဓး။** (ပြသ္နဥပနိသျှဒ်-၁၊ ၁၀)

(**အထ**၊ ထို့ပြင်။ **တပသာ**၊ ဣန္ဒြေကို စောင့်ထိန်းခြင်းဖြင့် လည်းကောင်း။ **ဗြဟ္မစရိယေဏ**၊ ဗြဟ္မစရိယ အကျင့်ဖြင့် လည်းကောင်း။ **သဒ္ဓယာ**၊ သဒ္ဓါတရားဖြင့် လည်းကောင်း။ **ဝိဒျယာ**၊ ဝိဇ္ဇာဉာဏ်ဖြင့် လည်းကောင်း။ **အာတ္မာနံ**၊ အတ္တကို။ **အနွိသျ**၊ ရှာဖွေ တွေ့ရှိ၍။ **ဥတ္တရေဏ**၊ နေမင်းတံခါးဖြင့် (ဝါ) မြောက်ဘက်လမ်းကြောင်းဖြင့်။ **အာဒိတျံ**၊ နေမင်းလောကသို့။ **အဘိဇယန္တေ**၊ ရောက်ကြကုန်၏။ **ဧတဒ်**၊ ဤသည်ပင်။ **ဝေ**၊ အမှန်အားဖြင့်။ **ပြာဏာနံ**၊ သတ္တဝါတို့၏။ **အာယတနံ**၊ နေရာတည်း။ **ဧတဒ်**၊ ဤသည်ပင်။ **အမှတံ**၊ သေခြင်းကင်းရာတည်း။ **အဘယံ**၊ ဘေးကင်းရာတည်း။ **ဧတဒ်**၊ ဤသည်ပင်။ **ပရာယဏံ**၊ လဲလျောင်းရာတည်း။ **ဧတသ္မာတ်**၊ ဤနေရာမှ။ **ပုနး**၊ တစ်ဖန်။ **န အာဝတ်န္တေ**၊ ပြန်မလည်ကုန်။ **ဣတျေသ**၊ ဤသည်ပင်။ **နိရောဓး** လောက၏ ချုပ်ခြင်းတည်း။)

ဤ၌ တပ ဝေါဟာရသည် ဣန္ဒြိယ သံဝရတရား၌ ဖြစ်ကြောင်း... သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် တပ ကျင့်စဉ်ကို တိတ္တိယခေတ်၌သာမက ဝေဒခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့၌လည်း ကျင့်သုံးကြကြောင်း တွေ့ရပါသည်။ သို့ရာတွင် ထိုဝေဒခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့၌ တပကျင့်စဉ်သည် ရှေ့တန်း၌ နေရာမရဘဲ နောက်တန်း၌သာ နေရာရခဲ့ပါသည်။ ဥပနိသျှဒ်ခေတ် နောက်ပိုင်းကာလ၌သာ တပကျင့်စဉ်သည် နောက်တန်းမှ ရှေ့တန်းသို့ တစ်ဟုန်ထိုး တိုးတက်လာပြီး လူတန်းစား အားလုံးတို့၏ အမြတ်တနိုး ကျင့်စဉ်အဖြစ်သို့ ရောက်ရှိသွားပါသည်။ မသေမှု (အမတ) သို့ ရောက်ရှိနိုင်သည့် ကျင့်စဉ်မှာ တစ်ခုတည်းသော တပကျင့်စဉ်သာ ဖြစ်ကြောင်း ထိုခေတ် လူတန်းစားအားလုံးက အလေးအနက်ထား၍ လက်ခံယုံကြည် ခဲ့ကြပါသည်။

ဗုဒ္ဓခေတ် မတိုင်မီကာလတွင် ဗြာဟ္မဏအမည်ရှိ ပဉ္စဝဂ္ဂီငါးဦး တို့သည်လည်း ထို တပ ကျင့်စဉ်ကို လက်ခံယုံကြည် ခဲ့ကြပါသည်။ မြတ်စွာဘုရားအလောင်းတော် ခတ္တိယနွယ်ဖွား သိဒ္ဓတ္ထမင်းသားသည်လည်း ထို တပ ကျင့်စဉ်ကို ခြောက်နှစ်တိုင်တိုင် လက်ခံယုံကြည်ကာ ကျင့်သုံးခဲ့ပါသည်။ ထို့ကြောင့် ထို တပကျင့်စဉ်သည် ဥပနိသျှဒ်ခေတ်နှင့် ဗုဒ္ဓခေတ်ကြားကာလတွင် ဘာသာရေးနယ်ပယ်၌ လူတန်းစားမရွေး လက်ခံယုံကြည်ခြင်း ခံရသည့် ကျင့်စဉ်ဖြစ်ကြောင်း ပညာရှင်များက ဆိုခြင်း ဖြစ်ပါသည်။

တပ ကျင့်စဉ်သည် လူတန်းစားမရွေး လက်ခံကျင့်သုံးလာသည့် လမ်းစဉ်ဖြစ်လာသောအခါ ဗြာဟ္မဏများသည် ထို တပ ကျင့်စဉ်ကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းကြကြောင်း တွေ့ရပါသည်။ အထောက်အထားအဖြစ် ရာမာယဏတွင် သမ္ဗုကဝတ္ထုကို တွေ့ရပါသည်။ သမ္ဗုကသည် ဆင်းရဲသား လူတန်းစား (သုဒ္ဒ) ဖြစ်ပါသည်။ သူသည် မသေမှု (အမတ) ကို ရှာရန် ဒဏ္ဍကတောတွင် ပြင်းထန်သော တပ အကျင့်ကို ကျင့်ခဲ့ပါသည်။ ထိုအခါ အယုဒ္ဓယ နေပြည်တော်တွင် ဗြာဟ္မဏတစ်ဦး၏ သားငယ်တစ်ယောက် သေဆုံးခဲ့ပါသည်။ ထိုသို့ ဗြာဟ္မဏတစ်ဦး၏ သားငယ် သေဆုံးရခြင်းသည် ဆင်းရဲသား သမ္ဗုက၏ ပြင်းထန်သော တပ အကျင့်ကြောင့် ဖြစ်ကြောင်းဖြင့် ဗြာဟ္မဏများသည် ရာမမင်း၏ ညီလာခံသို့ ဝင်ရောက်၍ စွဲချက်တင်ခဲ့ပါသည်။ ထိုစွဲချက်အရ ရာမမင်းသည် ဒဏ္ဍကတောသို့ သွားရောက်၍ သူတော်စင် သမ္ဗုကကို ကိုယ်တိုင် သတ်ခဲ့ရပါသည်။ ထိုသို့ သတ်ရခြင်းမှာ ထိုခေတ် ဓမ္မသတ်ကျမ်းလာ ပြစ်ဒဏ် သတ်မှတ်ချက်အရ သတ်ရခြင်း ဖြစ်ပါသည်။ ထိုခေတ် ဓမ္မသတ်ကျမ်းဆိုသည်မှာ ဗြာဟ္မဏပညာရှင်တို့ ရေးသားပြုစုထားသည့် ကျမ်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဗြာဟ္မဏများသည် တပ ကျင့်စဉ်ကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းကြသည်ဟု ဆိုခြင်း ဖြစ်ပါသည်။





လူတို့တွင် သဘာဝအားဖြင့် တောင့်တခြင်း သုံးမျိုး ရှိကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို တောင့်တခြင်း သုံးမျိုးကြောင့် သေခြင်းတရားနှင့် ရင်ဆိုင်ရခြင်း ဖြစ်ကြောင်း ထိုခေတ်လူတို့ သိကြပါသည်။ သေခြင်းတရားသည် ဒုက္ခဖြစ်၍ ထိုဒုက္ခမှ လွတ်မြောက်ရန် မသေခြင်းတရားကို ရှာဖွေခဲ့ကြပါသည်။ ထိုသို့ ရှာဖွေသောအခါ မသေခြင်းတရားကို တွေ့ရှိရန် တောင့်တခြင်း သုံးမျိုးကို စွန့်နိုင်ဖို့ လိုအပ်ပါသည်။ တောင့်တခြင်း သုံးမျိုးကို စွန့်ရေးနှင့် ပတ်သက်၍ ဝေဒခေတ်တွင် တဒင်္ဂပဟာန ခေါ် အခိုက်အတန့် စွန့်နည်းကို တွေ့ရှိခဲ့ပါသည်။ ဥပနိသျှဒ်ခေတ်တွင်မှ ဝိက္ခမ္ဘနပဟာန ခေါ် ပို၍ အဆင့်မြင့်သည့် ခွာစွန့်နည်းကို ထပ်မံတွေ့ရှိခဲ့ပါသည်။ ထိုခွာစွန့်နည်းမှာလည်း ကျေနပ်လောက်သည့်သဘော မရှိသောကြောင့် အဆင့်အမြင့်ဆုံး သမုစ္ဆေဒပဟာနခေါ် အမြစ်ဖြတ်စွန့်နည်းကို ဆက်လက် ရှာဖွေကြပါသည်။ တိတ္ထိယခေတ်တွင် အမြစ်ဖြတ် (သမုစ္ဆေဒ) စွန့်နည်းအဖြစ် တပကျင့်စဉ်ကို တွေ့ရှိကြပါသည်။

## တပ ကျင့်စဉ်၏ မူရင်း ရည်ရွယ်ချက်

လူသည် သဘာဝအားဖြင့် ရယူလိုသောသဘော ရှိပါသည်။ ရယူလိုသည့် သဘာဝကြောင့် ရယူရန် ကြိုးပမ်းသောအခါ သဘာဝလမ်းကြောင်းအတိုင်း 'စုန်' ရောက်ပါသည်။ သဘာဝလမ်းကြောင်းအတိုင်း 'စုန်' နေပါက သံသရာမှ မလွတ်ဘဲ 'ထိုဘဝမှ ဤဘဝသို့၊ ဤဘဝမှ ထိုဘဝသို့' ကျင်လည်ကျက်စား နေရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် သံသရာမှ လွတ်ရေးအတွက် သဘာဝလမ်းကြောင်းအတိုင်း 'မစုန်' ဘဲ သဘာဝ လမ်းကြောင်းကို 'ဆန်' ရမည် ဖြစ်ပါသည်။ ပါဠိဝေါဟာရဖြင့် သဘာဝလမ်းကြောင်းအတိုင်း 'စုန်' သူကို အနုသောတဂါမီဟု ခေါ်ပြီး သဘာဝလမ်းကြောင်းအတိုင်း 'မစုန်' ဘဲ'ဆန်' သူကို ပဋိသောတဂါမီဟု ခေါ်ပါသည်။ သဘာဝလမ်းကြောင်းကို 'ဆန်' နိုင်ရေးအတွက် **ရယူလိုသော သဘော** (တဏှာ) ကို အမြစ်ဖြတ်ရမည် ဖြစ်ပါသည်။ တဏှာကို အမြစ်ဖြတ်နိုင်ရေးအတွက် ရယူလိုသည့် သဘောမှ စွန့်လွှတ်လိုသည့် သဘောသို့ ပြောင်းလဲ၍ ကျင့်ကြံရမည် ဖြစ်ပါသည်။ စွန့်လွှတ်လိုသည့် သဘောကို ကျင့်သုံးနိုင်ရေးအတွက်–

(၁) မိမိကိုယ်ကို ထိန်းကွပ်နိုင်စွမ်း ရှိရန် လိုအပ်ပါသည်။

(၂) မိမိဆန္ဒကို ချုပ်ကိုင်နိုင်စွမ်း ရှိရန် လိုအပ်ပါသည်။

(၃) မိမိစိတ်ကို ဆုံးမနိုင်စွမ်း ရှိရန် လိုအပ်ပါသည်။

ဤသို့ မိမိကိုယ်ကို ထိန်းကွပ်ခြင်း၊ မိမိဆန္ဒကို ချုပ်ကိုင်ခြင်း၊ မိမိစိတ်ကို ဆုံးမခြင်းသည် တပ ကျင့်စဉ်၏ မူရင်း ရည်ရွယ်ချက် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသည် သံယောဇဉ်ကြိုးတို့ဖြင့် အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့ခြင်း ခံနေရသည့် **သဘာဝအကျဉ်းသား** ဖြစ်ပါသည်။ ဤနေရာ၌ သဘာဝဆိုသည်မှာ အကြောင်းအကျိုး ဖြစ်စဉ်အရ မလွဲမသွေ ဖြစ်ရခြင်း ဖြစ်ပါသည်။ သဘာဝကို လောကဟူ၍ လည်းကောင်း၊ ပဋိစ္စသမုပ္ပာဒ် ဟူ၍လည်းကောင်း အမည်တစ်မျိုး ဖြင့်လည်း ခေါ်ကြပါသည်။ သဘာဝအကျဉ်းသား အဖြစ်မှ လွတ်မြောက်လိုလျှင် သံယောဇဉ်ကြိုးများကို တစ်ချောင်းပြီးတစ်ချောင်း ဖြတ်တောက်ရန် လိုအပ် ပါသည်။ သံယောဇဉ်ကြိုးများကို ဖြတ်တောက်ခြင်းဟူသည် တောင့်တခြင်း သုံး မျိုးကို သို့မဟုတ် တဏှာသုံးမျိုးကို အမြစ်ဖြတ်၍ သတ်ခြင်းပင် ဖြစ်ပါသည်။ အမြစ်ဖြတ်၍ သတ်ခြင်းဟူသည်မှာ ရယူခြင်း မဟုတ်ဘဲ စွန့်လွှတ်ခြင်း ဖြစ်ပါ သည်။ ဤခေတ်၌ ဆိုလိုသည့် ရယူခြင်းနှင့် စွန့်လွှတ်ခြင်း၏ အဓိပ္ပာယ်ကို နား လည် သဘောပေါက်စေရန် ပိုက်ကွန်တွင်းမှ ငှက်ငယ် ဥပမာကို ဆိုကြပါသည်။

ငှက်ငယ်သည် မိမိကိုယ်ကို အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့ထားသည့် ပိုက်ကွန်တွင်းမှ လွတ်မြောက်ရေးအတွက် အပြင်းအထန် ကြိုးစား၍ ရုန်းကန် လှုပ်ရှားပါသည်။ ထိုသို့ ရုန်းကန် လှုပ်ရှားခြင်းအားဖြင့် မိမိကိုယ်ကို ပိုက်ကွန် အတွင်းမှ လွတ်မြောက်အောင် လုပ်ဆောင်ရာ မရောက်ဘဲ ပိုက်ကွန်ကြိုးများ ထပ်၍ ထပ်၍ ရစ်ပတ်နှောင်ဖွဲ့အောင် လုပ်ဆောင်ရာ ရောက်ခြင်းနှင့် တူပြီး ရုန်းကန်လှုပ်ရှားခြင်း မပြုဘဲ ပိုက်ကွန်ကြိုးများကို တစ်ချောင်းပြီးတစ်ချောင်း အပြင်းအထန် ကြိုးစား၍ ဖြတ်တောက်ခြင်းအားဖြင့်သာ ပိုက်ကွန်အတွင်းမှ လွတ် မြောက်အောင် လုပ်ဆောင်ရာ ရောက်ခြင်းနှင့် တူပါသည်။ ဤဥပမာအရ ဥပန္န သျှဒ်ခေတ်လာ ဈာန်သမာပတ်များကို ရအောင် အားထုတ်ခြင်းသည် သံယောဇဉ် ကြိုးသစ်များဖြင့် ထပ်၍ ထပ်၍ ရစ်ပတ်နှောင်ဖွဲ့အောင် လုပ်ဆောင်ရာ ရောက် ခြင်းနှင့် တူပြီး ဤခေတ်လာ အရာရာတိုင်းကို စွန့်လွှတ်သည့် တပ ကျင့်စဉ်ကို ကျင့်ခြင်းသည် မူလကတည်းက ရှိပြီးသား၊ ရစ်ပတ်နှောင်ဖွဲ့ပြီးသား သံယောဇဉ် ကြိုးများကို ဖြတ်ရာ ရောက်ခြင်းနှင့် တူပါသည်။ အရာရာတိုင်းကို စွန့်လွှတ်ရန် အားထုတ်သောအခါ စွန့်လွှတ်၍ ရကောင်းသည့် မကောင်းသော တရားဆိုးများ သည် အမြစ်ပြတ် ချုပ်ငြိမ်းသွားပြီး စွန့်လွှတ်၍ မရကောင်းသည့် ကောင်းသော တရားကောင်းများသည် အမြဲတော ဓာတ်အဖြစ် ကျန်ရစ်ပေလိမ့်မည်။ ဤကျန်ရစ် သော အမြဲတော ဓာတ်သည်ပင် မသေမှု (အမတ) တရား မည်ပါသည်။ မကောင်း သော တရားဆိုးများ အမြစ်ပြတ် ချုပ်ငြိမ်းသွားခြင်းသည်ပင် လွတ်မြောက်ခြင်း မည်ပါသည်။ ဤခေတ်တွင် နားလည်သည့် ရယူခြင်းနှင့် စွန့်လွှတ်ခြင်းကို ဗုဒ္ဓခေတ်တွင်မူ မကောင်းသော အနက်အဓိပ္ပာယ်တစ်မျိုးဖြင့် နားလည်ကြ





ပါသည်။ ဗုဒ္ဓခေတ်တွင် ရယူခြင်းကို **ကာမသုခလ္လိက** ဟူ၍ လည်းကောင်း၊ စွန့်လွှတ်ခြင်းကို **အတ္တကိလမထ** ဟူ၍ လည်းကောင်း နားလည်ကြပါသည်။ ထိုင်း ရယူခြင်းနှင့် စွန့်လွှတ်ခြင်းကို **အစွန်းရောက်တရားများ** ဟူ၍လည်း သတ်မှတ်ကြပါသည်။

## ပြင်းထန်သော တပ ကျင့်စဉ်

ပြင်းထန်သော တပ ကျင့်စဉ်ဟူသည် အကျဉ်းချုပ်အားဖြင့် မရှိသေးသော အသစ် အသစ်များကို ရယူရန် အားထုတ်ခြင်း မဟုတ်ဘဲ ရှိပြီးသား အဟောင်း အဟောင်း များကို စွန့်လွှတ်ရန် အားထုတ်ခြင်း ဖြစ်ပါသည်။ဤသဘော ပါဝင်သော ကျင့်စဉ် များ အားလုံးကို ပြင်းထန်သော တပ ကျင့်စဉ်၌ ထည့်သွင်းဖော်ပြ ကြပါသည်။ ဤနေရာ၌ အသစ်နှင့် အဟောင်းတို့၏ သဘောကို ဗြာဟ္မဏဝါဒကျမ်းများ၌ ဤသို့ အဓိပ္ပာယ် ဖွင့်ဆိုကြပါသည်။ ပရမတ္ထသစ္စာအားဖြင့် အသစ်ဟူ၍လည်း မရှိ၊ အဟောင်းဟူ၍လည်း မရှိ၊ အသစ်နှင့် အဟောင်း နှစ်မျိုးလုံးသည် မာယာ သာ ဖြစ်၏။ သို့ဖြစ်၍ မရှိသေးသော အသစ် အသစ်ကို ရယူရန် အားထုတ်ခြင်း သည် မာယာကျော့ကွင်း၌ တိုး၍ တိုး၍ ဝင်သည်နှင့်သာ တူပါသည်။ မာယာကျော့ ကွင်း၌ တိုး၍ တိုး၍ ဝင်ပါက လွတ်မြောက်မှု 'မောက္ခ' မှ ပို၍ ပို၍ ဝေးမည် ဖြစ်ပါသည်။ လွတ်မြောက်မှု 'မောက္ခ' နှင့် ပို၍ ပို၍ နီးလိုပါက ရှိပြီးသား အဟောင်း အဟောင်းကို စွန့်လွှတ်ရန် အားထုတ်ရမည် ဖြစ်ပါသည်။ ရှိပြီးသား အဟောင်း အဟောင်းကို စွန့်လွှတ်ခြင်းသည် တိုးဝင်မိရက်သား ဖြစ်သည့် မာယာ ကျော့ကွင်းကို ဖြုတ်ခြင်းပင် ဖြစ်ပါသည်။ ဤသဘောနှင့် ပတ်သက်၍ ထိုခေတ် ပညာရှိများ၏ အဆိုကို ဤသို့ တွေ့ရပါသည်။

သတော ဟိ မာယယာ ဇန္မ ယုဇျတေ န တု တတ္တတး၊
တတ္တတော ဇာယတေ ယသျ၊ ဇာတံ တသျ ဟိ ဇာယတေ။

အသတော မာယယာ ဇန္မ တတ္တတော နေဝ ယုဇျတေ၊
ဝန္ဓျာပုတြော န တတ္တေန မာယယာ ဝါပိ ဇာယတေ။

(သတော၊ အရှိတရားမှ။ ဇန္မ၊ အသစ်အသစ် ဖြစ်ပေါ်လာခြင်း သည်။ မာယယာ ဟိ၊ မာယာအားဖြင့်သာလျှင်။ ယုဇျတေ၊ သင့်လျော်၏။ တတ္တတော တု၊ ပရမတ္ထသစ္စာအားဖြင့်မူကား။ နယုဇျတေ၊ မသင့်လျော် ယသျ၊ အကြင်သူ၏။ မတေ၊ အယူ၌။ တတ္တတော၊ ပရမတ္ထသစ္စာအား ဖြင့်။ ဇာယတေ၊ အသစ်အသစ် ဖြစ်ပေါ်လာ၏။ ဣတိ ဓေဝ ဤသို့



www.burmeseclassic.com

www.burmeseclassic.com



ယပ္ပြာအံ့။ **တသျ**၊ ထိုသူ၏။ **မတော**၊ အယူ၌။ **ဓာတု ဟိ**၊ ဖြစ်ပြီးသော သည်ပင်။ **ဓာယတော**၊ ထပ်၍ဖြစ်၏။ **ဣတိ**၊ ဤအဓိပ္ပာယ်သည်။ **သျာတ်**၊ ဖြစ်ရာ၏။

[အိုးသည် အိုးမဖြစ်သေးသော မြေညက်မှ အိုးအဖြစ်သို့ ရောက်ရိုးဖြစ်သော်လည်း ဤဝါဒအရ အိုးသည် အိုးမဖြစ်သေးသော မြေညက်မှ အိုးအဖြစ်သို့ ရောက်လာသည် မဟုတ်ဘဲ အိုးဖြစ်ပြီးသော အိုးမှ အိုး ထပ်၍ ဖြစ်လာသည်ဟု ဆိုရာရောက်သည်။]

**အသတော**၊ မရှိတရားမှ။ **ဇန္မ**၊ အသစ် အသစ် ဖြစ်ပေါ်လာခြင်းသည်။ **မာယယာ**၊ မာယာအားဖြင့် လည်းကောင်း။ **တတွတော**၊ ပရမတ္ထသစ္စာအားဖြင့် လည်းကောင်း။ **နေဝယုဇျတေ**၊ မသင့်လျော်သည်သာတည်း။ **ဝန္ဓျာပုတြော**၊ အမြုံမ၏ သားသည်။ **တာတွေန ဝါပိ**၊ ပရမတ္ထသစ္စာအားဖြင့် လည်းကောင်း။ **မာယယာ ဝါပိ**၊ မာယာအားဖြင့် လည်းကောင်း။ **န ဇာယတေ**၊ မဖြစ်ပေါ်။)

(ဂေါဋ-၃၊၂၇-၂၈)

ထိုခေတ် ပညာရှိတို့၏ အလိုအရ မရှိတရားမှ အသစ် အသစ်တို့ ဖြစ်ပေါ်လာသည် ဟူ၍လည်း မဆိုကောင်း။ အရှိတရားမှ အဟောင်း အဟောင်းတို့ ပျက်သဉ်းသွားသည် ဟူ၍လည်း မဆိုကောင်း။ ပရမတ္ထသစ္စာအားဖြင့် အသစ် အဟောင်း ဟူ၍ မရှိ။ အသစ်၊ အဟောင်းဟူသည် မာယာမျှသာတည်း။ ပရမတ္ထသစ္စာအားဖြင့် အရှိတရားဟူသည် သစ်လည်း မသစ်၊ ဟောင်းလည်း မဟောင်း ဖြစ်လည်း မဖြစ်၊ ပျက်လည်း မပျက်၊ ထာဝစဉ် တစ်သမတ်တည်းသာတည်း။

နာသတော ဝိဒျတေ ဘာဝေါ၊ နာဘာဝေါ ဝိဒျတေ သတော။

(**အသတော**၊ မရှိတရားမှ။ **ဘာဝေါ**၊ အသစ်ဖြစ်ပေါ်လာခြင်းသည်။ **န ဝိဒျတေ**၊ မရှိ။ **သတော**၊ အရှိတရားမှ။ **အဘာဝေါ**၊ ဟောင်းနွမ်းပျက်စီးသွားခြင်းသည်။ **န ဝိဒျတေ**၊ မရှိ။) (ဂီတာ-၂၊၁၆)

တပ ကျင့်စဉ်၏ မူရင်းရည်ရွယ်ချက်မှာ မသေမှု (အမတ) သို့ ရောက်ရေးအတွက် တဏှာ သုံးမျိုးကို အမြစ်ဖြတ်၍ သတ်ရန် မိမိကိုယ်ကို ထိန်းကွပ်ခြင်း မိမိဆန္ဒကို ချုပ်ကိုင်ခြင်း၊ မိမိစိတ်ကို ဆုံးမခြင်း ဖြစ်ပါသည်။ ထိုအဆင့်တွင် တပ ကျင့်စဉ်ကို ဣန္ဒြေထိန်းချုပ်ခြင်းဟူ၍ ဆိုနိုင်ပါသည်။ သို့ရာတွင် နောင် အဆင့်မြင့်လာသောအခါ တပ ကျင့်စဉ်ကို ကိုယ်ခန္ဓာညှဉ်းပန်းမှု(အတ္တ ကိလမထ) အဖြစ်သို့ ပြောင်းလဲလိုက်ကြောင်း တွေ့ရပါသည်။ ဆံပင်ကို နုတ်ခြင်း၊ အပူခံခြင်း





အေးခွ ခုန်ဆွ သွားခြင်း၊ တစ်ချိန်လုံး မတ်တတ်ရပ်နေခြင်း ... အိပ်ခြင်း၊ ... ကို ဖြတ်တောက်ခြင်း စသည်ဖြင့် ကိုယ်ခန္ဓာ ညှဉ်းပန်းမှု ကျင့်စဉ်များစွာကို ... ခေတ်တွင် ကျင့်သုံးကြကြောင်း တွေ့ရပါသည်။ ထိုသို့ ကျင့်ကြံရာတွင် ဘာသာ ... ကြည်မှုအရ ရိုးသားစွာ ကျင့်ကြံသူများ ရှိသကဲ့သို့ လိမ်ညာ ကောက်ကျစ်၍ ... မသား ကျင့်ဟန်ဆောင်သူများလည်း ရှိကြသေးကြောင်း တွေ့ရပါသည်။

## တပ ကျင့်သူ နှစ်မျိုး

တပ-ကျင့်သူများမှာ အမျိုးအစားအားဖြင့် နှစ်မျိုး ရှိပါသည်။ တစ်မျိုးမှာ အတည် ... နေထိုင်သူ **ရသေ့** ဖြစ်၍ အခြားတစ်မျိုးမှာ လှည့်လည်သွားလာသူ **ပရိဗိုဇ်** ဖြစ်ပါသည်။ ရသေ့များမှာ တောတွင်း၌ဖြစ်စေ၊ မြစ်ကမ်းပါး၌ဖြစ်စေ သင်္ခမ်းကျောင်း ဆောက်လုပ်နေထိုင်ပြီး တရားဘာဝနာများကို ကျင့်ကြံအားထုတ် ကြပါသည်။ တပ ကျင့်စဉ်များကိုလည်း ကျင့်ကြပါသည်။ အချို့သော ရသေ့များသည် ... သေပို့ချခြင်း၊ အတတ်ပညာ သင်ကြားခြင်းနှင့် ကျမ်းစာများ ရေးသား ပြုစုခြင်း ... ကိုလည်း ပြုလုပ်ကြပါသည်။ ထိုရသေ့များကို **ဣသိ** များ သို့မဟုတ် ဝါနပြဿ များဟူ၍ ခေါ်ကြပါသည်။ ဣသိ ဟူသော ဝေါဟာရမှာ ပါဠိဝေါဟာရဖြစ်ပြီး ... ဝေါဟာရ ရိသိနှင့် အနက်တူပါသည်။ သံသရာ၏ တစ်ဖက်ကမ်းကို သွား ... သူ ဟူ၍ သက္ကတအဘိဓာန်ကျမ်းများ၌ အနက် ဖော်ပါသည်။ ဝါနပြဿ ... သော ဝေါဟာရမှာ ဥပနိသျှဒ်ခေတ်သုံး ဝေါဟာရ ဖြစ်ပါသည်။ သက္ကတ အဘိဓာန်ကျမ်းများ၌ **တောနေ သူတော်စင်** ဟူ၍ အနက် ဖော်ပါသည်။ အစာ အာဟာရနှင့် ပတ်သက်၍ ရသေ့များသည် သစ်သီး၊ သစ်ဥများနှင့် အခြားရရာ အစားအစာများကို မှီဝဲသုံးဆောင်ကြပါသည်။ တစ်ခါတစ်ရံ ချဉ် ဆား မှီဝဲအံ့ ... ရာ မင်းဥယျာဉ်နှင့် မြို့ရွာဇနပုဒ်သို့လည်း ချဉ်းကပ်တတ်ပါသည်။ ရသေ့ များသည် တပ ကျင့်စဉ်ဖြင့် မသေမှု (အမတ)ကို ရရှိနိုင်ရန် ရည်မှန်းခဲ့သော်လည်း ... တို့ အမြင့်ဆုံး ရရှိသည့် တရားထူးမှာ သမာပတ်ရှစ်ပါး၊ ဈာန်အဘိညာဉ် ... ရားသာ ဖြစ်ပါသည်။

**ပရိဗိုဇ်**များမှာ အမြဲနေထိုင်ရာ သင်္ခမ်းကျောင်း မရှိဘဲ တစ်နေရာမှ ... နေရာသို့ လှည့်လည်သွားလာ နေထိုင်သူ သူတော်စင်များ ဖြစ်ကြပါသည်။ ... တို့သည် တပ ကျင့်စဉ်များကိုလည်း ကျင့်သုံးကြပါသည်။ တရားဒေသနာများ ... လည်း ဟောပြောကြပါသည်။ ဒဿနရေးရာများ၊ ဘာသာရေးဆိုင်ရာများနှင့် ... သက်၍ ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ကြပါသည်။ သူတို့သည် ခေါ်ခေတ် Sophist များနှင့် တူကြောင်း ပညာရှင်များက ဆိုကြပါသည်။ သက္ကတအဘိဓာန်



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းများအရ ပရိဗိုဇ်ဆိုသည်မှာ အလုံးစုံသော လောကီအာရုံ ကာမဂုဏ်တရားများကို ပယ်စွန့်၍ အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်ခွာသွားသူ ဖြစ်ပါသည်။ ထိုခေတ်တွင် ပရိဗိုဇ်များမှာ လူတို့၏ ကြည်ညိုလေးစားခြင်းကို ခံရပြီး လူတို့၏ သဒ္ဓါတရားပေါ်၌ မှီခိုအားထားသူ သူတော်စင်များ ဖြစ်ကြပါသည်။ ဥပနိသျှဒ်ခေတ်သုံး ဝေါဟာရဖြင့် ပရိဗိုဇ်များကို **သညာသီ**များ ဟူ၍လည်း ခေါ်ကြပါသည်။ သညာသီ၏ အနက်မှာ လောကီအာရုံ ကာမဂုဏ်တရားများကို စွန့်လွှတ်ပြီးသူ ဟူ၍ ဖြစ်ပါသည်။ ထိုခေတ် ဘာသာရေး အယူအဆအရ ပရိဗိုဇ်သည် ရသေ့ထက် အဆင့်မြင့်ပါသည်။ လူ့ဘဝ၏ အဆင့် လေးဆင့်တွင် ရသေ့သည် တတိယအဆင့်၌ရှိပြီး ပရိဗိုဇ်သည် စတုတ္ထအဆင့်၌ ရှိပါသည်။

## လူ့ဘဝ၏ အဆင့် လေးဆင့်

ထိုခေတ် ယဉ်ကျေးမှုအရ လူ့ဘဝကို အဆင့် လေးဆင့်ဖြင့် သတ်မှတ်ကြပါသည်။ သာမန် အကြမ်းဖျင်းအားဖြင့် လူ့သက်တမ်းကို အနှစ် ၁၀၀ သတ်မှတ်ပြီး အဆင့်တစ်ဆင့်လျှင် အနှစ် ၂၅ နှစ်စီ ပိုင်းခြား၍ အဆင့် လေးဆင့် သတ်မှတ်ခြင်း ဖြစ်ပါသည်။ ထိုအဆင့် လေးဆင့်တို့မှာ–

(၁) ပထမဆင့် (ဗြဟ္မစရိယ)၊

(၂) ဒုတိယဆင့် (ဂဟဋ္ဌ)၊

(၃) တတိယဆင့် (ဝါနပဋ္ဌ)၊

(၄) စတုတ္ထဆင့် (သညာသ)

တို့ ဖြစ်ကြပါသည်။

## ပထမဆင့် (ဗြဟ္မစရိယ)

ပထမဆင့် (ဗြဟ္မစရိယ) ဆိုသည်မှာ ကျောင်းသားဘဝ ဖြစ်ပါသည်။ နှစ်ကာလ အပိုင်းအခြားအားဖြင့် အသက် ၂၅ နှစ်အရွယ်အထိ ဖြစ်ပါသည်။ ကျောင်းသားဘဝတွင် အိမ်ထောင် မရှိသဖြင့် မေထုန်အမှုမှ ကင်းသောကြောင့် ထိုပထမအဆင့်ကို **ဗြဟ္မစရိယ** (မြတ်သောအကျင့်ကို ကျင့်ခြင်း) ဟူ၍ ခေါ်ခြင်း ဖြစ်ပါသည်။ ထိုခေတ် ပညာရေးစနစ်အရ ကျောင်းသားဘဝတွင် စာပေပညာ (ပရိယတ်) ကိုလည်း သင်ယူရပါသည်။ အကျင့်သိက္ခာ (ပဋိပတ်) ကိုလည်း အားထုတ်ရပါသည်။ ထိုခေတ်က ဆရာများမှာ ရသေ့သူတော်စင်များ ဖြစ်ကြပါသည်။

စာပေပညာ (ပရိယတ်) ပိုင်းတွင် အဋ္ဌာရသသိပ္ပ ခေါ် ၁၈ ရပ်သော အတတ်ပညာရပ်များ ပါဝင်ပါသည်။ ထို့အပြင် အနာဂတ်ဘဝအတွက် လက်တွေ့





ကျင့်ခန်းများ အနေဖြင့် ဆွမ်းခံခြင်း၊ ထမင်းချက်ခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ ကျောင်းခြင်း၊ ရေခပ်ခြင်း စသည့် အိမ်မှုဆောင်တာ လုပ်ငန်းအဝဝကိုလည်း ဆောင်ရပါသည်။ အကျင့်သိက္ခာ (ပဋိပတ်) ပိုင်းတွင် ဣန္ဒြေကို စောင့်ထိန်းခြင်း၊ ငြိမ်းချမ်းစွာ နေထိုင်ခြင်း၊ ကိုယ်စိတ်နှစ်ပါး ဖြူစင်အောင် ထားခြင်း စသည့် ကျင့်စဉ်များ ပါဝင်ပါသည်။ ကျောင်းသားဘဝတွင် ထိုကဲ့သို့ စာပေပညာနှင့် အကျင့်သိက္ခာကို သင်ကြားလေ့ကျင့်ပေးခြင်းမှာ အိမ်ထောင်သည်ဘဝတွင် ကိုယ်စိတ်နှစ်ပါး ဖြူစင်စွာထား၍ အိမ်ထောင်သည်ဘဝ၏ တာဝန်ဝတ္တရားများကို ကျွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ခေတ်ပညာရေးသည် **အသိ** (ဝိဇ္ဇာ) နှင့် **အကျင့်** (စရဏ) ကို တစ်သားတည်း ဖြစ်အောင် ဖန်တီးပေးသည့် ပညာရေးပင် ဖြစ်ပါသည်။ ထိုကဲ့သို့သော ပညာရေးစနစ်ကို ကျင့်သုံးခြင်းမှာ အကျင့် (စရဏ) ပေါ်၌ တည်ဆောက်သည့် အသိ (ဝိဇ္ဇာ) သည်သာ မှန်ကန်သောအသိ ဖြစ်သည်ဟု ယုံကြည်သောကြောင့် ဖြစ်ပါသည်။ သင်ကြားသူ ဆရာများ ကိုယ်တိုင်ကလည်း အသိနှင့်အကျင့် နှစ်ပါးစုံ တစ်သားတည်း ဖြစ်နေသည့် ရသေ့ သူတော်စင်များဖြစ်ကြပါသည်။

## ဒုတိယဆင့် (ဂဟဋ္ဌ)

ဒုတိယဆင့် (ဂဟဋ္ဌ) ဆိုသည်မှာ အိမ်ထောင်သည်ဘဝ ဖြစ်ပါသည်။ ဂဟဋ္ဌ သဒ္ဒါ၏ တိုက်ရိုက်အနက်မှာ အိမ်၌ တည်ရှိသူ ဟူ၍ ဖြစ်ပါသည်။ နှစ်ကာလ အပိုင်းအခြားအားဖြင့် အသက် ၂၆ နှစ် အရွယ်မှ ၅၀ နှစ် အရွယ်အထိ ဖြစ်ပါသည်။ထိုခေတ် ယဉ်ကျေးမှုအရ **အိမ်ထောင်ပြုခြင်းသည်** ကာမဂုဏ် ခံစားခြင်းအတွက် မဟုတ်ဘဲ လောကလူ့ဘောင်ကို အကျိုးပြုနိုင်သည့် သားသမီး ရတနာများ ပွားများစေရန် အတွက်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဇနီးသည်ကို **တရားကျင့်ဖက်** (သဟဓမ္မ စာရိနီ)ဟူ၍ လည်းကောင်း၊ **ကောင်းမှုပြုဖက်** (သဟပုညကာရိနီ) ဟူ၍ လည်းကောင်း ခေါ်ကြခြင်း ဖြစ်ပါသည်။

## ကြီးမြတ်သော ပူဇော်ခြင်း ငါးမျိုး

လူ့ဘဝတွင် လူသားတစ်ယောက်အဖြစ် ရပ်တည်နိုင်ရေးအတွက် အထောက်အပံ့ ပြုသည့် ကျေးဇူးရှင် ငါးမျိုး ရှိပါသည်။ ထို ငါးမျိုးကို အိမ်ထောင်သည်ဘဝတွင် ကောင်း၍ နေ့စဉ် ကျေးဇူးဆပ်ရပါသည်။ နေ့စဉ် ကျေးဇူးဆပ်သော်လည်း ထို ကျေးဇူးများကား ကုန်နိုင်သည်ဟူ၍ မရှိပါ။ ထို့ကြောင့် ထိုကျေးဇူးရှင် ငါးမျိုး သံသရာကျေးဇူးရှင် ငါးမျိုးဟူ၍လည်း ခေါ်ကြပါသည်။ ထိုသံသရာကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ရှင် ငါးမျိုးအား နေ့စဉ် ကျေးဇူးဆပ်ခြင်းကို **ကြီးမြတ်သော ပူဇော်ခြင်း (မဟာယည)** ငါးမျိုးဟု သတ်မှတ်ပါသည်။ ထိုကြီးမြတ်သော ပူဇော်ခြင်း (မဟာယည) ငါးမျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဒေဝယည (နတ်ဗြဟ္မာများအား ပူဇော်ခြင်း)၊
(၂) ဣသိယည (ဆရာသမားများအား ပူဇော်ခြင်း)၊
(၃) ပိတုယည (မိဘများအား ပူဇော်ခြင်း)၊
(၄) နရယည (လူသားအချင်းချင်း ပူဇော်ခြင်း)၊
(၅) ဘူတယည (တိရစ္ဆာန်နှင့် သက်မဲ့ရုပ်လောကအား ပူဇော်ခြင်း)။

**ဒေဝယည (နတ်ဗြဟ္မာများအား ပူဇော်ခြင်း)**

ဒေဝ ဆိုသည်မှာ ဖန်ဆင်းရှင် ဗြဟ္မာကို ဆိုလိုရင်း ဖြစ်ပါသည်။ အခြားသော လောကစောင့် နတ်များကိုလည်း ဒေဝ အရ ယူပါသည်။ ဖန်ဆင်းရှင်ဗြဟ္မာနှင့် အခြားသော လောကစောင့် နတ်များကြောင့် ကျွန်ုပ်တို့သည် ဤလောက၌ လူဖြစ်လာရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အနှောင့်အယှက် ကင်းစွာ နေထိုင်နိုင်ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိအိမ်ထောင်စုနှင့်တကွ လောက လူ့ဘောင် အတွက် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဖန်ဆင်းရှင်ဗြဟ္မာနှင့် လောကစောင့်နတ်များအား နေ့စဉ် ကျေးဇူးဆပ်အပ်ပါ သည်။ ဖန်ဆင်းရှင်ဗြဟ္မာနှင့် လောကစောင့်နတ်များအား နေ့စဉ် ကျေးဇူးဆပ်ခြင်း ဆိုသည်မှာ ဘုရားရှိခိုးခြင်း၊ ဘုရားရှိခိုးလင်္ကာများကို ရွတ်ဆိုခြင်း၊ တရားဘာဝနာ အားထုတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ အမျှဝေခြင်း၊ တပ အကျင့်ကို ကျင့်ခြင်းတို့ ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းများကို ဒေဝယညဟု ခေါ်ပါသည်။ ထို့အပြင် ယင်းသို့ ဆောင်ရွက်ခြင်းသည်ပင် ဖန်ဆင်းရှင်ဗြဟ္မာနှင့် လောကစောင့်နတ်များ အား ကြီးမြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်ရာရောက်သည့် ပထမပူဇော်ခြင်း ဖြစ်ပါသည်။

**ဣသိယည (ဆရာသမားများအား ပူဇော်ခြင်း)**

ဣသိ ဆိုသည်မှာ ရသေ့သူတော်စင်ကို ဆိုလိုရင်း ဖြစ်ပါသည်။ အခြားသော ဆရာသမားများကိုလည်း ဣသိ အရ ယူပါသည်။ ရသေ့သူတော်စင်များနှင့် အခြားသော ဆရာသမားများကြောင့် ကျွန်ုပ်တို့သည် အဋ္ဌာရသသိပ္ပခေါ် ၁၈ ရပ် သော အတတ်ပညာရပ်များကို တတ်မြောက်လာရခြင်း ဖြစ်ပါသည်။ အကျင့် သိက္ခာများကို တတ်သိနားလည်၍ ကျင့်ကြံနိုင်ကြခြင်း ဖြစ်ပါသည်။ သိမှု (ဝိဇ္ဇာ)





နှင့် အကျင့် (စရဏ) ကို တစ်သားတည်းဖြစ်အောင် ဆောင်ရွက်နိုင်ကြခြင်း ဖြစ်ပါသည်။ ကောင်း၊ မကောင်းကို ခွဲခြားဝေဖန်၍ အကောင်းကိုဆောင်၊ မကောင်း ကို ရှောင်နိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဣသိများနှင့် အခြားသော ဆရာသမား များအား နေ့စဉ် ကျေးဇူးဆပ်အပ်ပါသည်။ ဤနေရာ၌ နေ့စဉ် ကျေးဇူးဆပ်ခြင်း ဆိုသည်မှာ ကျမ်းပြုပညာရှင် ရသေ့များနှင့် အခြားသော ဆရာသမားများ၏ ကျမ်းဂန်စာပေများကို လေ့လာသင်ယူခြင်း၊ ပို့ချခြင်း၊ မတိမ်ကော မပျောက်ပျက် အောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းများကို **ဣသိယည** ဟု ခေါ်ပါသည်။ ထို့အပြင် ယင်းသို့ ဆောင်ရွက်ခြင်းသည်ပင် ရသေ့သူတော်စင် များနှင့် အခြားသော ဆရာသမားများအား ကြီးမြတ်သော ပူဇော်ခြင်းဖြင့် ပူဇော် ရာရောက်သည့် ဒုတိယ ပူဇော်ခြင်း ဖြစ်ပါသည်။

**ပိတုယည (မိဘများအား ပူဇော်ခြင်း)**

ပိတု ဆိုသည်မှာ ဖခင်ကို ဆိုလိုရင်း ဖြစ်ပါသည်။ ဘိုးဘွားစဉ်ဆက်ကိုလည်း ပိတု အရ ယူပါသည်။ မိမိတို့ မိဘများကြောင့် မိမိတို့ လူဖြစ်လာရခြင်း ဆိုသည်မှာ ငြင်းဆိုချက် မထုတ်နိုင်သည့် အလိုအလျောက် သက်သေပြပြီးသား သက်သေပြ ချက် (သယံသိဒ္ဓ)ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အပေါ်၌ ကျေးဇူးများလှသော မိဘများကို နေ့စဉ် ကျေးဇူးဆပ်အပ်ပါသည်။ ဤနေရာ၌ ကျေးဇူးဆပ်ခြင်းဆိုသည်မှာ မိဘများကို ရိုသေစွာ လုပ်ကျွေးမွေးမြူခြင်း၊ ကွယ်လွန် သွားသော မိဘများကို ရည်စူး၍ ကောင်းမှုကုသိုလ် ပြုလုပ်ခြင်း၊ မိဘများ၏ အင်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိဘများနှင့်တကွ ဘိုးဘေးစဉ်ဆက် တို့၏ ရိုးရာဓလေ့များ၊ ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုများကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ မိဘတို့ လိုက်နာခဲ့သည့် ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များကို အမျိုး သားယဉ်ကျေးမှုနှင့် အမျိုးသားဓလေ့စရိုက်အဖြစ် ဂုဏ်ယူထိန်းသိမ်းခြင်းတို့ ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းများကို ပိတုယညဟု ခေါ်ပါသည်။ ထို့အပြင် ယင်းသို့ ဆောင်ရွက်ခြင်းသည်ပင် မိခင်ဖခင်နှင့်တကွ မျိုးနွယ်စဉ်ဆက်တို့အား ကြီးမြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်ရာရောက်သည့် တတိယ ပူဇော်ခြင်း ဖြစ်ပါသည်။

**နရယည (လူသားအချင်းချင်း ပူဇော်ခြင်း)**

နရ ဆိုသည်မှာ လူသားအချင်းချင်းကို ဆိုလိုရင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် တစ်ယောက်ထီးတည်း နေထိုင်နိုင်ကြသူများ မဟုတ်ဘဲ လူ့ဘောင် အဖွဲ့အစည်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ အချင်းချင်း မှီခိုကာ နေထိုင်ကြသူများ ဖြစ်ပါသည်။ အခြားသော လူသားများ မရှိဘဲ မိမိတစ်ဦးတည်းသာလျှင် ကျွန်ုပ်တို့သည် ယခုကဲ့သို့သော အနေအထားမျိုး၌ နေထိုင်နိုင်ကြမည် မဟုတ်ပါ။ ထို့ကြောင့် အခြားသော လူသားများသည် ကျွန်ုပ်တို့အပေါ်၌ ကျေးဇူး များလှပါကြောင်း ငြင်းဆိုဖွယ် မရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့အပေါ် ကျေးဇူးများသော လူသား အချင်းချင်း အပေါ် တုံ့ပြန်၍ ကျေးဇူးဆပ်အပ်ပါသည်။ ဤနေရာ၌ ကျေးဇူးဆပ်ခြင်း ဆိုသည်မှာ တိုင်းပြည်နှင့် လူမျိုးကို ချစ်တတ်သောစိတ် မွေးမြူခြင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် မှန်မြတ်သော စေတနာဖြင့် အနစ်နာခံ၍ ဆောင်ရွက်ခြင်း၊ ရသင့် ရထိုက်သော မိမိ၏ အခွင့်အရေးများကို ရှေ့တန်းတင်၍ ရတိုင်းမယူဘဲ အများအတွက် လိုက်လျောဝမ်းမြောက်စွာ ခွဲဝေပေးခြင်း၊ အဂတိတရား မလိုက်စားဘဲ တရားလမ်းကြောင်း ဖြောင့်မတ်စေခြင်းတို့မှာ တရားသဖြင့် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ နောင် ဗုဒ္ဓခေတ်ရောက်သောအခါ ဤသဘောတရား လေးမျိုးကို ဗြဟ္မစိုရ်တရား လေးပါးအဖြစ် ပြောင်းလဲ၍ ကျင့်သုံးကြပါသည်။ ဤသို့ ဆောင်ရွက်ခြင်းကို နရယညဟု ခေါ်ပါသည်။ ထို့အပြင် ယင်းသို့ ဆောင်ရွက်ခြင်းသည်ပင် လူသား အချင်းချင်းအပေါ် ကြီးမြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်ရာ ရောက်သည့် စတုတ္ထ ပူဇော်ခြင်း ဖြစ်ပါသည်။

## ဘူတယည (တိရစ္ဆာန်နှင့် သက်မဲ့လောကအား ပူဇော်ခြင်း)

ဘူတ ဆိုသည်မှာ တိရစ္ဆာန်၊ သစ်ပင်နှင့် တောတောင်ရေမြေ သဘာဝ ပတ်ဝန်းကျင်တို့ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဘဝသည် နတ်ဗြဟ္မာများ၊ သူတော်စင် ဆရာသမားများ၊ ဆွေစဉ်မျိုးဆက်များ၊ လူ့ဘောင်အဖွဲ့အစည်းများအပေါ်သာမက တိရစ္ဆာန်၊ သစ်ပင်နှင့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်တို့ အပေါ်၌လည်း မှီပါသည်။ ထို့ကြောင့် တိရစ္ဆာန်၊ သစ်ပင်နှင့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်တို့အပေါ် တုံ့ပြန်၍ ကျေးဇူးဆပ်အပ်ပါသည်။ ဤနေရာ၌ ကျေးဇူးဆပ်ခြင်း ဆိုသည်မှာ တိရစ္ဆာန်များအား ဘေးမဲ့ပေးခြင်း၊ မွေးမြူခြင်း၊ အစားအစာပေးခြင်း၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ ရေတွင်းရေကန် တူးခြင်း၊ ရေမြောင်းဖောက်ခြင်းတို့ ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် သက်ရှိသက်မဲ့ ပတ်ဝန်းကျင် လောကတစ်ခုလုံးနှင့် ရင်းနှီးသော ဆက်သွယ်မှုကို ရရှိပြီး ထို သက်ရှိသက်မဲ့ ပတ်ဝန်းကျင်လောကမှ ဖြူစင်သော၊ လန်းဆန်းသော၊ ဖြောင့်မတ်သော သဘာဝ အားအင်သစ်များကို ရရှိနိုင်ပါသည်။ အမှန်အားဖြင့် နတ်ဗြဟ္မာများနှင့်တကွ လူသားများ အပါအဝင် သက်ရှိသက်မဲ့ လောကတစ်ခုလုံးသည် မူလ





ဘောင်ရာ တစ်ခုတည်းသော အကြောင်းရင်းမှ ဖြာထွက်လာကြသည့် အကျိုးတရား အစိတ်အပိုင်းများသာ ဖြစ်၍ မိမိတို့ အချင်းချင်း တစ်နည်းမဟုတ် တစ်နည်းဖြင့် ဆက်သွယ်မှု၊ ကျေးဇူးပြုမှု ရှိကြပါသည်။ ထိုဆက်သွယ်မှု၊ ကျေးဇူးပြုမှုကို တိတိကျကျ ကျွန်ုပ်တို့ မသိစေကာမူ ကျွန်ုပ်တို့၏ ရင်တွင်း၌ရှိသော ဖြူစင်မြင့်မြတ်သော စေတနာဖြင့် ထိုထို သက်ရှိသက်မဲ့ ပတ်ဝန်းကျင်ကို အလေးအနက်ထားကာ တုံ့ပြန်၍ ဆက်ဆံအပ်ပါသည်။ ထိုသို့ တုံ့ပြန်၍ ဆက်ဆံခြင်းကို **ဘူတယည**ဟု ခေါ်ပါသည်။ ထို့အပြင် ယင်းသို့ ဆောင်ရွက်ခြင်းသည်ပင် တိရစ္ဆာန်များ၊ သစ်ပင် ပန်းမန်များနှင့် တောတောင်ရေမြေ သဘာဝ ပတ်ဝန်းကျင်အပေါ် ကြီးမြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်ရာရောက်သည့် ပဉ္စမ ပူဇော်ခြင်း ဖြစ်ပါသည်။

လောကလူ့ဘောင်အတွင်းသို့ လူသားတစ်ယောက်အဖြစ် ဝင်ရောက်လာသူသည် ဒုတိယအဆင့် (ဂဟဋ္ဌ) ခေါ် အိမ်ထောင်သည်ဘဝသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ထိုခေတ်ယဉ်ကျေးမှုနှင့် ယုံကြည်မှုအရ မဟာယည ခေါ် ကြီးမြတ်သော ပူဇော်ခြင်း ငါးမျိုးကို နေ့စဉ်မပြတ် ပြုအပ်ပါသည်။ ထိုသို့ ပြုရန်လည်း သတ်မှတ်ပြဋ္ဌာန်း ထားရှိပါသည်။ **အိမ်ထောင်သည်ဘဝကား** လှေကားဆစ်၏ အလယ်ဗဟို၌ ရှိသကဲ့သို့ ဖြစ်ပါသည်။ အထက်ကို တက်သူဟူ၍ ဆိုလိုကလည်း ဆိုနိုင်ပါသည်။ အောက်ကို ဆင်းသူဟူ၍ ဆိုလိုကလည်း ဆိုနိုင်ပါသည်။ အထက်နှင့်အောက် သို့မဟုတ် သစ္စာနှင့် မာယာတို့၏ ဆုံရာဌာနကား အိမ်ထောင်သည်ဘဝ ဖြစ်ပါသည်။ အရာရာတိုင်းတွင် အထက်နှင့်အောက် သို့မဟုတ် သစ္စာနှင့် မာယာတို့ ရှိကြပါသည်။ အထက်နှင့်အောက် သို့မဟုတ် သစ္စာနှင့် မာယာတို့သည် မျက်နှာမူရာချင်း ဆန့်ကျင်သော်လည်း တည်ရာဌာနကား တစ်ခုတည်းသာ ဖြစ်ပါသည်။ ထို တစ်ခုတည်းကား အိမ်ထောင်သည်ဘဝ ဖြစ်ပါသည်။ ထိုသို့ဖြစ်၍ အထက်နှင့်အောက် သို့မဟုတ် သစ္စာနှင့် မာယာတို့၏ ဆုံရာ အိမ်ထောင်သည်ဘဝမှ အထက်သို့ မျက်နှာမူ၍ တက်ရောက်နိုင်စေခြင်းငှာ သို့မဟုတ် သစ္စာ၏ မျက်နှာမူရာဘက်သို့ လျှောက်လှမ်းနိုင်စေခြင်းငှာ ထိုခေတ်ပညာရှိတို့သည် အိမ်ထောင်သည်ဘဝကို အလေးအနက် ထား၍ မဟာယညခေါ် ကြီးမြတ်သော ပူဇော်ခြင်း ငါးမျိုးဖြင့် အဝိဇ္ဇာမှုခ်ဦးကို ပိတ်၍ ဝိဇ္ဇာမှုခ်ဦးကို ဖွင့်ပေးခဲ့ခြင်း ဖြစ်ပါသည်။

## တတိယအဆင့်( ဝါနပဋ္ဌ)

တတိယအဆင့် (ဝါနပဋ္ဌ)ဆိုသည်မှာ တောနေ သူတော်စင်ဘဝ ဖြစ်ပါသည်။ သက္ကတ ဘာသာစကား ဘာရဖြင့် ဝါနပြဋ္ဌဟူ၍ ခေါ်ပါသည်။ အိမ်ထောင်သည်ဘဝကို စွန့်လွှ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဤအဆင့်သို့ ရောက်ပါသည်။ နှစ်ကာလအားဖြင့် အသက် ၅၁ နှစ်မှ ၇၅ နှစ် အရွယ်အထိ ဖြစ်ပါသည်။ ဤအဆင့်တွင် အိမ်ထောင်ရှင်သည် အိမ်ထောင်၏ တာဝန်ဝတ္တရားများကို မိမိ၏ သားသမီးများအား လွှဲအပ်၍ တောထွက်ပါသည်။

တောထဲ၌ သစ်မြစ်ကျောင်းဆောက်၍ တရားဘာဝနာ အားထုတ်ခြင်း၊ တပ ကျင့်စဉ်များကို ကျင့်ကြံ အားထုတ်ခြင်းဖြင့် ဤတတိယဆင့်၏ လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ မဟာယညခေါ် ကြီးမြတ်သော ပူဇော်ခြင်း ငါးမျိုးကိုလည်း နေ့စဉ် ဆောင်ရွက်ပါသည်။ ဤသည်မျာ·မှာ မိမိအတွက် ဆောင်ရွက်သည့် လုပ်ငန်းများ ဖြစ်ပါသည်။ ထို့အပြင် လောကလူ့ဘောင်အတွက် ဂုရုကုလခေါ် ပညာသင်ဌာန ဖွင့်လှစ်၍ တပည့်များကို မွေးမြူလက်ခံကာ ၁၈ ရပ်သော အတတ်ပညာများအနက် မိမိကျွမ်းကျင်ရာ အတတ်ပညာများကို သင်ကြားပေးပါသည်။ တစ်ခါတစ်ရံ ဆွေးနွေးပွဲများကို ကျင်းပ၍ လူမှုရေးနှင့် အမျိုးသားရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်သည့် နည်းပညာများကို ချမှတ်ပါသည်။ ကျမ်းစာများ ရေးသားခြင်းသည် ဤတတိယဆင့်၏ အဓိကကျသော လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ အကျဉ်းအားဖြင့် ဤတတိယဆင့်သည် မိမိအတွက် တရားဘာဝနာ အားထုတ်ခြင်း၊ ပညာရပ်များကို စူးစမ်းလေ့လာခြင်းနှင့် အခြားသူများအတွက် သင်ကြားပေးခြင်း ဖြစ်ပါသည်။

ဂုရုကုလ၏ မူရင်းအနက်မှာ ဆရာ၏အမျိုး ဖြစ်ပါသည်။ နာလန္ဒနှင့် တက္ကသိုလ်တို့သည် ထင်ရှားသော ဂုရုကုလများ ဖြစ်ပါသည်။ထို့အပြင် ဒုရဝါသ၏ ဂုရုကုလမှာ ကျောင်းသားပေါင်း ခြောက်သောင်းအထိရှိ၍ ယညဝါကျ၏ ဂုရုကုလမှာ ကျောင်းသားပေါင်း နှစ်သောင်းရှစ်ထောင်အထိ ရှိသည်ဟု ဆိုပါသည်။ သို့ဖြစ်၍ ဂုရုကုလဟူသည် ယနေ့ခေတ် အဓိပ္ပာယ်အားဖြင့် တက္ကသိုလ်များပင် ဖြစ်ပါသည်။

## စတုတ္ထဆင့် (သညာသ)

စတုတ္ထဆင့် (သညာသ) ဆိုသည်မှာ လောကီကိစ္စများ အားလုံးကို စွန့်ပြီး သူ၏ဘဝ ဖြစ်ပါသည်။ အသက်အရွယ် အပိုင်းအခြားအားဖြင့် အသက် ၇၆ နှစ်အထက် ဖြစ်ပါသည်။ ဤအဆင့်တွင် လောကီဆိုင်ရာ အရာရာတိုင်းကို စွန့်ပါသည်။ မဟာယညခေါ် ကြီးမြတ်သော ပူဇော်ခြင်း ငါးမျိုးကိုပင် စွန့်ပါသည်။ မသေမှု (အမတ) ကို ရရှိရေးမှ လွဲ၍ အခြား ဘာကိုမျှ အရေးစိုက်သူ မဟုတ်ပါ။ သူ၏ ခန္ဓာကိုယ်ကိုလည်း ဂရုမစိုက်ပါ။ သူ၏ ဘဝကိုလည်း အရေးမစိုက်ပါ။





အခန်းအားဖြင့် အမတ တရားကို သူ၏ဘဝဖြင့် ဝယ်ယူရန် အားထုတ်နေသူသာ ဖြစ်ပါသည်။ အသက်ပိုင်းခြားခြင်းသည် ယေဘုယျသဘော ဖြစ်ပါသည်။ နုပျိုနုနယ်သော အရွယ်မှစ၍ သညာသ အကျင့်ကို ကျင့်သူများလည်း ရှိပါသည်။

ဤစတုတ္ထဆင့် (သညာသ) တွင် ရှိသူကို **သညာသီ** ဟူ၍လည်း ခေါ်ပါသည်။ ပရိဗ္ဗာဇက ဟူ၍လည်း ခေါ်ပါသည်။ ဘိက္ခုဟူ၍လည်း ခေါ်ပါသည်။ သညာသီဟူ၍ ခေါ်ခြင်းမှာ လူ့တာဝန်၊ လူ့ဝတ္တရား အပါအဝင် လူ့ဘောင်ကိစ္စအားလုံးနှင့်တကွ လူ့ပိုင်ဆိုင်မှု အားလုံးကို စွန့်လွှတ်ထားသောကြောင့် ဖြစ်ပါသည်။ ပရိဗ္ဗာဇက ဟူ၍ ခေါ်ခြင်းမှာ အိုးခြေအိမ်ခြေ မရှိ၊ ခြေသလုံးအိမ်တိုင်ပြု၍ လှည့်လည်သွားလာ နေသောကြောင့် ဖြစ်ပါသည်။ ဘိက္ခုဟူ၍ ခေါ်ခြင်းမှာ ရဟာကို တောင်း၍ စားသောကြောင့် ဖြစ်ပါသည်။ ဗုဒ္ဓခေတ် ရောက်လာသောအခါ သညာသီနှင့် ပရိဗ္ဗာဇကကို ဆက်လက် အသုံးမပြုသော်လည်း ဤဘိက္ခုဟူသော ဝေါဟာရကိုမူ ဆက်လက်၍ အသုံးပြုပါသည်။

## သဘာဝ နှစ်မျိုး

သဘာဝသည် နှစ်မျိုး ရှိပါသည်။ထို နှစ်မျိုးအနက် တစ်မျိုးမှာ ရယူလိုခြင်း ဖြစ်ပါသည်။ ယင်းကို **အစုန်သဘာဝ**ဟု ခေါ်ပါသည်။ အစုန်သည် နိမ့်သော၊ ... ၍ နိမ့်သော အဆင့်သို့ သက်ဆင်းပါသည်။ အခြားတစ်မျိုးမှာ **စွန့်လွှတ်လိုခြင်း** ဖြစ်ပါသည်။ ယင်းကို **အဆန်သဘာဝ** ဟု ခေါ်ပါသည်။ အဆန်သည် မြင့်သော၊ ... ၍ မြင့်သော အဆင့်သို့ တက်ပါသည်။ ရယူလိုခြင်းကို **လောကသဘာဝ** ဟု ခေါ်ပါသည်။စွန့်လွှတ်လိုခြင်းကို **လောကုတ္တရာ** သဘာဝဟု ခေါ်ပါသည်။ ရယူလိုခြင်းသည် ဥပ္ပါဒ သဘော ရှိပါသည်။ စွန့်လွှတ်လိုခြင်းသည် နိရောဓ သဘော ရှိပါသည်။ ထိုခေတ် ယုံကြည်မှုအရ အရာရာတိုင်းတွင် လောက သဘာဝနှင့် လောကုတ္တရာသဘာဝ သို့မဟုတ် ဥပ္ပါဒ သဘာဝနှင့် နိရောဓ သဘာဝတို့သည် ... အစုံ ရှိကြပါသည်။ လောကသဘာဝ သို့မဟုတ် ဥပ္ပါဒသဘာဝသည် မာယာ၏ အမှတ်အသား ဖြစ်ပါသည်။ မာယာသည် အစုန်သဘော၌ ချမ်းသာကို တွေ့အောင် ရှာတတ်ပါသည်။ လောကုတ္တရာသဘာဝ သို့မဟုတ် နိရောဓ သဘာဝသည် သစ္စာ( ဗြဟ္မာ) ၏ အမှတ်အသား ဖြစ်ပါသည်။ သစ္စာ (ဗြဟ္မာ) သည် ...သဘော၌ ချမ်းသာကို တွေ့အောင် ရှာတတ်ပါသည်။ မာယာရှာသည့် ချမ်းသာသည် အမတ မဟုတ်ပါ။ သစ္စာ(ဗြဟ္မာ) ရှာသည့် ချမ်းသာသည်သာ ... ဖြစ်ပါသည်။ ဤသို့သော အမြင်မျိုးကို ထိုခေတ်ပညာရှင်များသည် ... အနေဖြင့် မြင်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စတုတ္ထအဆင့် (သညာသ) ၌ ရှိသူသည် အရာရာတိုင်းကို အဆန်းသဘောဖြင့် ကြည့်ပါသည်။ အရာရာတိုင်း၌ အဆန်းသဘောဖြင့် ကျင့်ပါသည်။ အဆန်းသဘောဖြင့် ကြည့်ခြင်း၊ အဆန်းသဘောဖြင့် ကျင့်ခြင်းဆိုသည်မှာ လောကချမ်းသာကို အနှောင်အဖွဲ့အဖြစ် မြင်ပြီး ထိုလောကချမ်းသာမှ လွတ်မြောက်အောင် အားထုတ်ခြင်းပင် ဖြစ်ပါသည်။ လောကချမ်းသာသည် အမှောင်နှင့် တူပြီး လောကုတ္တရာချမ်းသာသည် အလင်းနှင့် တူပါသည်။ ဤခေတ်ယုံကြည်မှုအရ လောကုတ္တရာချမ်းသာဟူသည် တမင် အားထုတ်ယူရသည့် ချမ်းသာ မဟုတ်ဘဲ လောကချမ်းသာ၏ ချုပ်ငြိမ်းကုန်ဆုံးမှုပင် ဖြစ်ပါသည်။ အမှောင် ကုန်ဆုံးသွားခြင်းသည်ပင် အလင်းဖြစ်သည့် သဘောမျိုး ဖြစ်ပါသည်။

သို့ဖြစ်၍ ဤစတုတ္ထဆင့် (သညာသ) ၌ ရှိသူ သညာသီ သို့မဟုတ် ပရိဗိုဇ်တို့သည် လောကချမ်းသာ ကုန်ဆုံးချုပ်ငြိမ်းရေးအတွက် ပြင်းထန်သော တပ ကျင့်စဉ်များကို ကျင့်ကြခြင်း ဖြစ်ပါသည်။ လောကသဘာဝ သို့မဟုတ် ဉပ္ပါဒ သဘာဝ ကုန်ဆုံး ချုပ်ငြိမ်းရေးအတွက် ပြင်းထန်သော တပ ကျင့်စဉ်များကို ကျင့်ကြခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ကျင့်ခြင်းမှာ အမှောင် ဆုံးခြင်းသည်ပင် အလင်း ရောက်ခြင်း ဖြစ်သကဲ့သို့ လောကသဘာဝ ကုန်ဆုံးခြင်းသည်ပင် လောကုတ္တရာသဘာဝ ဖြစ်သည်ဟု ခံယူထားသောကြောင့် ဖြစ်ပါသည်။ အကျဉ်း အားဖြင့် ဆိုရလျှင် ဤခေတ်၏ ခံယူချက်မှာ ခန္ဓာတို့၏ ဆန္ဒ မှန်သမျှ၊ တောင့်တခြင်း မှန်သမျှကို ဆန့်ကျင်ဘက်ပြု၍ ကျင့်ခြင်းအားဖြင့် ခန္ဓာတို့၏ ချုပ်ငြိမ်းမှုကို ရနိုင်သည်။ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည်ပင် အမတ ဖြစ်သည်ဟူသော ခံယူချက်ပင် ဖြစ်ပါသည်။ ဤခံယူချက်အရ ပြင်းထန်သော တပ ကျင့်စဉ်ကို ကျင့်ခြင်း ဖြစ်ပါသည်။

တိတ္ထိယများသည် သံသရာမှ လွတ်မြောက်ရေးအတွက် ကျင့်ကြံခြင်း ဖြစ်ပါသည်။ သို့ရာတွင် သံသရာမှ မလွတ်မြောက်ဘဲ ဈာန်သမာပတ်၌သာ အဆုံးသတ်သွားကြပြီး လောက၌ ပြန်လည်လာသူများသာ ဖြစ်ကြပါသည်။ ကာဠဒေဝိလ ရသေ့၊ အာဠာရ ရသေ့၊ ဥဒကရာမပုတ္တရသေ့ စသည်တို့သည် 'အမတ' တရားကို ရရှိရန် အားထုတ်ကြသော်လည်း ဈာန်သမာပတ်၌ အဆုံးသတ်၍ 'မတ' တရား၏ နယ်နိမိတ်အတွင်းသို့ ပြန်လည်သက်ဆင်းကြရသူများ ဖြစ်ကြပါသည်။

ထို့အပြင် တိတ္ထိယများသည် လောကအတွက် စာပေကျမ်းဂန် များစွာ ကိုလည်း ပြုစုခဲ့ကြပါသည်။ အဋ္ဌာရသသိပ္ပခေါ် တစ်ဆယ့်ရှစ်ရပ်သော ပညာ များသည် တိတ္ထိယတို့ ပြုစုခဲ့သော ပညာရပ်များ ဖြစ်ကြပါသည်။ တိတ္ထိယတို့သည်





အတွေးအခေါ် ဒဿနဂိုဏ်းများကိုလည်း ထူထောင်ခဲ့ကြပါသည်။ အာဠာရ ရသေ့သည် 'သချ်ဒဿန' ဂိုဏ်း၏ မူလဆရာ ဖြစ်သည်ဟု ဆိုပါသည်။ ထို့အပြင် ...ဘဝါဒ၊ ဘူတဝါဒ၊ ဂုဏဝါဒ၊ တတ္တဝါဒ၊ ပါဒဝါဒ၊ ဝိသယဝါဒ၊ လောကဝါဒ၊ ...ဒဝါဒ၊ ဝေဒဝါဒ၊ ယညဝါဒ၊ ဘောတ္တာဝါဒ၊ ဘောဂဝါဒ၊ သုခုမဝါဒ၊ ထူလဝါဒ၊ ...ကာလဝါဒ၊ ဒေသဝါဒ၊ ဓာတုဝါဒ၊ မန္တဝါဒ၊ မန (သက်ပွ)ဝါဒ၊ ဗုဒ္ဓိဝါဒ၊ စိတ္တဝါဒ၊ ...မ္မ (ဓမ္မ၊ အဓမ္မ) ဝါဒ စသော ဝါဒများနှင့် ယင်းတို့ဆိုင်ရာ စာပေများသည် တိတ္ထိယတို့၏ ဝါဒနှင့် စာပေများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ တိတ္ထိယတို့သည် ဘာသာရေးသဘောအရ လူသားတို့အပေါ် လောကုတ္တရာချမ်းသာ ရရှိရေးနှင့် ပတ်သက်၍ ကျေးဇူး မပြုနိုင်ခဲ့သော်လည်း ပညာရေးသဘောအရ လောကချမ်းသာ ရရှိရေးနှင့် ပတ်သက်၍ အထိုက်အလျောက် ကျေးဇူးပြုနိုင် ခဲ့ကြပါသည်။

## ဗုဒ္ဓ ပိဋကတ်တော်လာ တိတ္ထိယကျင့်စဉ်များ

တိတ္ထိယတို့၏ ခံယူချက်များနှင့် ပတ်သက်၍ မူလပဏ္ဏာသပါဠိတော် မဟာသီဟ နာဒသုတ် မြန်မာပြန် ၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။

ဒုက္ကရသုဒ္ဓိ ခေါ် ပြုနိုင်ခဲသော အမှုဖြင့် စင်ကြယ်နည်းနှင့် ပတ်သက်၍ မြတ်စွာဘုရားအလောင်းတော်သည် ငြီးငြွေ့ခြင်းသော အကျင့်ကို ကျင့်ရာတွင် အဝတ်မဝတ်ဘဲ နေ၍လည်း ကျင့်ခဲ့ဖူး၏။ ၁၅ ရက်တစ်ကြိမ် စား၍လည်း ကျင့်ခဲ့ဖူး၏။ ဆူးအခင်းပေါ်၌ နေ၍လည်း ကျင့်ခဲ့ဖူး၏။ ... ခေါင်းပါးသော အကျင့်ကို ကျင့်ရာတွင် နှစ်ပေါင်းများစွာ မြူမှုန် အညစ် အကြေးသည် ကိုယ်၌ စုဝေးကာ အပွေးတက်သကဲ့သို့ ဖြစ်အောင်လည်း ကျင့်ခဲ့ဖူး၏။ မကောင်းမှုမှ စက်ဆုပ်သော အကျင့်ကို ကျင့်ရာတွင် ရေ ပေါက်ပေါ်၌ပင် သနားခြင်း ကရုဏာဖြစ်လျက် 'ငါသည် ရေပေါက် အပါအဝင် သတ္တဝါငယ်များကို ဖျက်ဆီးခြင်းသို့ မရောက်ပါစေလင့်' ဟု နှလုံးသွင်းကာ သတိရှိလျက် ရှေ့သို့တက်၏။ သတိရှိလျက် နောက်သို့ ဆုတ်၏။ ဤသို့လည်း ကျင့်ခဲ့ဖူး၏။ ဆိတ်ငြိမ်သော အကျင့်ကို ကျင့်ရာ တွင် နွားကျောင်းသား၊ မြက်ထမ်းသမား၊ ထင်းခွေသမား၊ တောအလုပ် အလုပ်တို့ကိုပင် မတွေ့မြင်ရလေအောင် တစ်တောမှ တစ်တောသို့၊ တစ်ချုံမှ တစ်ချုံသို့၊ တစ်ချိုင့်မှ တစ်ချိုင့်သို့၊ တစ်ကုန်းမှ တစ်ကုန်းသို့ ရှောင်ရှား၍လည်း ကျင့်ခဲ့ဖူး၏။

ထိုကဲ့သို့သော ကျင့်စဉ်များကို ကျင့်ခြင်းအားဖြင့် သဗ္ဗညုတ ... ရခဲ့ ...သို့ မရခြင်းသည် အဘယ့်ကြောင့်နည်း။ ထိုကဲ့သို့ ကျင့်သော သူအား

www.burmeseclassic.com



ဝဋ်ဆင်းရဲကုန်ခြင်း အကျိုးငှာ ကောင်းစွာ ထုတ်ဆောင်နိုင်သော အရိယာပညာကို မရခဲ့သောကြောင့်တည်း။

ထို့အပြင် မူလပဏ္ဏာသပါဠိတော် စူဠဒုက္ခက္ခန္ဓသုတ် မြန်မာပြန် ၌ တပ ကျင့်စဉ်များနှင့် ပတ်သက်၍ ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။

ရှေး၌ ပြုထားသော မကောင်းမှုကံသည် ရှိသည်သာတည်း။ ထိုမကောင်းမှု ကံကို ပြင်းထန်သော၊ ပြုနိုင်ခဲသော အကျင့်ကို ကျင့်ခြင်းဖြင့် ချေဖျက်ကြကုန်လော့။ ယခုဘဝ၌ ကိုယ်ဖြင့် စောင့်စည်းခြင်း၊ နှုတ်ဖြင့် စောင့်စည်းခြင်း၊ စိတ်ဖြင့် စောင့်စည်းခြင်းသည်ပင် နောင်ဘဝအတွက် မကောင်းမှုကံကို မပြုခြင်း ဖြစ်၏။ ဤသို့လျှင် ကံဟောင်းတို့ကို အကျင့် ဖြင့် ဖျက်ဆီးခြင်း၊ ကံသစ်တို့ကို မပြုခြင်းကြောင့် နောင်ဘဝ မတိုးပွား ခြင်း ဖြစ်၏။ နောင်ဘဝ၌ မတိုးပွားခြင်းကြောင့် ကံကုန်၏။ ကံကုန်ခြင်း ကြောင့် ဆင်းရဲဒုက္ခ ကုန်၏။ ဆင်းရဲဒုက္ခ ကုန်ခြင်းကြောင့် ခံစားခြင်း ဝေဒနာ ကုန်၏။ ဝေဒနာ ကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခ အားလုံးသည် ပျက်ပြုန်း၏။

ဤသို့ တိတ္ထိယများက ယုံကြည်ကြပါသည်။

ထို့အပြင် ချမ်းသာသုခဖြင့် ချမ်းသာသုခကို မရနိုင်။ ဆင်းရဲဒုက္ခဖြင့်သာ ချမ်းသာသုခကို ရနိုင်သည်။ အကယ်၍ ချမ်းသာသုခဖြင့် ချမ်းသာသုခကို ရနိုင် သည် ဆိုအံ့။ ဧကရာဇ်မင်းတို့သည် ချမ်းသာသုခကို ရနိုင်ရာ၏။ ဤသို့သော ဆင်ခြင်မှုဖြင့် တိတ္ထိယတို့သည် ကာမသုခလ္လိကအကျင့်ကို ပယ်၍ အတ္တကိလမထ အကျင့်ကို ကျင့်ကြခြင်း ဖြစ်ပါသည်။

ထိုအချိန်က အတ္တကိလမထအကျင့်သည် အလွန်ခေတ်စားကြောင်း တွေ့ ရ၏။ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် ကျင့်သည့် သဘောမျိုးဟုပင် ယူဆနိုင်၏။ အာဟာရနှင့် ပတ်သက်၍ တစ်ဦးက ဆီးသီးတစ်လုံးမျှဖြင့် ရောင့်ရဲလျှင် အခြား တစ်ဦးက ဆီးသီးတစ်ခြမ်းဖြင့် ရောင့်ရဲ၏။ ဤသို့လျှင် အာဟာရဘက်၌လည်း အပြိုင်အဆိုင် ကျင့်ကြ၏။ အဝတ်အစားနှင့် ပတ်သက်၍ တစ်ဦးက လျှော်ထေ သင်္ကန်းဖြင့် တင်းတိမ်လျှင် အခြားတစ်ဦးက အဝတ်မဝတ်ဘဲနေ၍ ကျင့်၏။ ဤသို့လျှင် အဝတ်အစားဘက်၌လည်း အပြိုင်အဆိုင် ကျင့်ကြ၏။ အနေအထိုင် နှင့် ပတ်သက်၍ တစ်ဦးက မြေပြင်၌ နေ၍ ကျင့်လျှင် အခြားတစ်ဦးက ဆူးခင်းပေါ် ၌ နေ၍ ကျင့်၏။ ဤသို့လျှင် အနေအထိုင်ဘက်၌လည်း အပြိုင်အဆိုင် ကျင့်ကြ ၏။ ခေါင်းပါးသော အကျင့်နှင့် ပတ်သက်၍ တစ်ဦးက မြေပြင်ပေါ်၌ ထိုင်၍ ကျင့်လျှင် အခြားတစ်ဦးက ကိုယ်ပေါ်၌ မြူမှုန်များ စုဝေးကာ တောင်ပို့ဖြစ်လာ





သည့်တိုင်အောင် ထိုင်၍ ကျင့်၏။ ဤသို့လျှင် ခေါင်းပါးသော အကျင့်ဘက်၌ လည်း အပြိုင်အဆိုင် ကျင့်ကြ၏။ သူတစ်ပါး ထိခိုက်မည် စိုးရိမ်၍ လုပ်သင့်သည် ကို မလုပ်ဘဲ မကောင်းမှုမှ ရှောင်ကြဉ်မှုနှင့် ပတ်သက်၍ တစ်ဦးက လောက၌ ကံ ...ယုတ်မာပေါ်၌ ကရုဏာဖြစ်လျက် ကျင့်လျှင် အခြားတစ်ဦးက ရေပေါက်ပေါ်၌ ကရုဏာဖြစ်လျက် ကျင့်၏။ ဤသို့လျှင် မကောင်းမှုမှ ရှောင်ကြဉ်မှု ဘက်၌လည်း အပြိုင်အဆိုင် ကျင့်ကြ၏။ ဆိတ်ငြိမ်သော အကျင့်နှင့် ပတ်သက်၍ တစ်ဦးက တောတွင်းတစ်နေရာ၌ ကျင့်လျှင် အခြားတစ်ဦးက နွားကျောင်းသား၊ မြက်ထမ်း သမား၊ ထင်းခွေသမား၊ တောအမှုလုပ်တို့ မမြင်မတွေ့ရလေအောင် တစ်တောမှ တစ်တော၊ တစ်တောင်မှ တစ်တောင်၊ တစ်ချုံမှ တစ်ချုံ၊ တစ်ချိုင့်မှ တစ်ချိုင့်၊ တစ်ကုန်းမှ တစ်ကုန်းသို့ ရှောင်ရှား၍ ကျင့်၏။ ဤသို့လျှင် ဆိတ်ငြိမ်သော အကျင့်ဘက်၌လည်း အပြိုင်အဆိုင် ကျင့်ကြ၏။

ထိုခေတ်က ခေတ်စားသော အတ္တကိလမထ ကျင့်စဉ်များတွင် အောက်ပါ ကျင့်စဉ်များ ပါဝင်ကြောင်း ပိဋကတ်စာပေများ၌ တွေ့ရ၏။

| | | |
|---|---|---|
| အာဟာရသုဒ္ဓိ | - | အာဟာရကို ရွေးချယ်၍ ဖြစ်စေ၊ ချိုးခြိုး၍ ဖြစ်စေ မှီဝဲခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု၊ |
| ဥဒကသုဒ္ဓိ | - | ဂင်္ဂါမြစ်ရေကို ချိုးခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု၊ |
| သံသာရသုဒ္ဓိ | - | သံသရာကာလ အပိုင်းအခြား ကုန်ဆုံးခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု၊ |
| ဥပပတ္တိသုဒ္ဓိ | - | ဘဝပဋိသန္ဓေ အပိုင်းအခြား ကုန်ဆုံးခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု၊ |
| အာဝါသသုဒ္ဓိ | - | ဘုံဘဝ အပိုင်းအခြား ကုန်ဆုံးခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု၊ |
| ယညသုဒ္ဓိ | – | ယဇ်ပူဇော်ခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု၊ |
| အဂ္ဂိသုဒ္ဓိ | – | မီးကို လုပ်ကျွေးခြင်းအားဖြင့် ဖြစ်စေ၊ မီးလှူခြင်း အားဖြင့် ဖြစ်စေ ကိလေသာမှ စင်ကြယ်မှု။ |

အလောင်းတော်မင်းသားသည် ဘုရားအဖြစ်သို့ မရောက်မီ ခြောက်နှစ် ...ပတ်လုံး ထိုခေတ်က ခေတ်စားသော အတ္တကိလမထကျင့်စဉ်များကို ကျင့် ...။ အာဟာရသုဒ္ဓိကျင့်စဉ်ကို ကျင့်ရာတွင် အာဟာရနည်းပါးမှုကြောင့် ...ရေ ... ကျောက်ကုန်းရိုးသို့ ကပ်သည်အထိ ဖြစ်ခဲ့၏။ ကျောက်ကုန်းရိုးသည်



www.burmeseclassic.com

www.burmeseclassic.com



ပုတီးကုန်းကဲ့သို့ အနိမ့်အမြင့် ဖြစ်ခဲ့၏။ ကျင်ကြီးကို ဖြစ်စေ၊ ကျင်ငယ်ကို ဖြစ်စေ စွန့်အံ့ဟု ထသွားသောအခါ ထိုနေရာ၌ပင် မှောက်ခုံ လဲကျခဲ့၏။ ဤသို့အထိ ကျင့်ခဲ့ဖူး၏။ သာမန်ပုဂ္ဂိုလ်များကို မဆိုထားဘိ၊ သဗ္ဗညုတဉာဏ်ရှင် အလောင်း တော်ကိုပင် ဆွဲဆောင်နိုင်လောက်အောင် ခေတ်စားနေသော အတ္တကိလမထ ကျင့်စဉ်များသည် ဗုဒ္ဓခေတ် မတိုင်မီကာလ၌ ရှေးခေတ် အိန္ဒိယတွင် ခေတ်စား ခဲ့ကြပါ၏။



# အခန်း (၄)
# တိတ္ထိယတို့၏ အတွေးအခေါ်များ

## ဒဿနဆိုင်ရာ မေးခွန်းများ

ဗုဒ္ဓခေတ် ပတ်ဝန်းကျင်ရှိ လူများသည် ဆိုခဲ့ပြီးသည့်အတိုင်း ကျင့်စဉ်များ၌ ...သလရှိသူများ ဖြစ်ကြရုံသာမက အတွေးအခေါ်အားဖြင့်လည်း အဆင့်အတန်း ...မားသူများ ဖြစ်ကြ၏။ ပါရမီရှိသူများ ဖြစ်ကြ၏။ ကျင့်စဉ်သာ မှန်ကန်လျှင် ...တောင်းသော ကာလအပိုင်းအခြားအတွင်း ဈာန်အဘိညာဉ်များကိုလည်း ...နိုင်စွမ်း ရှိကြ၏။ သစ္စာလေးပါးကိုလည်း ထိုးထွင်း၍ သိနိုင်စွမ်း ရှိကြ၏။ ...ကဲ့သို့သော ပါရမီရှင် ပုဂ္ဂိုလ်များထဲတွင် လောကုတ္တရာအတွက် ကျင့်ကြံ ...ားထုတ်သူ လက်တွေ့ပညာရှိများနှင့် လောကအတွက် စဉ်းစားမြော်မြင်သူ ...တွေးအခေါ် ပညာရှိများ ပါဝင်ကြ၏။

အတွေးအခေါ် ပညာရှိများသည် မိမိတို့ မျက်မှောက်၌ ရှိသည့် လောက ...ကြောင်းကိုလည်း တွေးခေါ်ကြ၏။ အတ္တ အကြောင်းကိုလည်း တွေးခေါ်ကြ၏။ ...ငါ သတ္တဝါအကြောင်းကိုလည်း တွေးခေါ်ကြ၏။ ခန္ဓာကိုယ် အကြောင်းကို ...ည်း တွေးခေါ်ကြ၏။ အမှန်အားဖြင့် လောက၊ အသက်၊ ခန္ဓာကိုယ်၊ သတ္တဝါ၊ ...ခြင်း ဤတရားများသည် အမှန်ပင် တွေ့ကြုံနေရသော တရားများ ဖြစ်ကြ၏။ ...ကြောင့် ထိုခေတ်ပညာရှိများသည် အဆိုပါ တရားများနှင့် ပတ်သက်၍ တွေး ...ကြခြင်း ဖြစ်ပါသည်။ ဤသို့ တွေးခေါ်ကြခြင်းသည် လောက...

...သဘာဝ (အနုသောတဂါမီ) ဖြစ်၍ အဆန်သဘာဝ (ပဋိသော...)



www.burmeseclassic.com

www.burmeseclassic.com



သွေဖည်ကြခြင်း ဖြစ်ပါသည်။ ပုထုဇဉ်တို့ သဘာဝအရ အစွန်နှင့်အဆန် နှစ်မျိုးတွင် အစွန်က လွယ်ကူသက်သာပြီး အဆန်က ခက်ခဲပင်ပန်းသဖြင့် အစွန်လမ်းကို လိုက်ခြင်း ဖြစ်ပါသည်။

ထိုခေတ် အတွေးအခေါ် ပညာရှိများအတွင်း စိတ်ဝင်စားခဲ့ကြသော မေးခွန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ကာလနှင့် ပတ်သက်၍

(၁) လောကသည် အမြဲ ရှိနေသလား၊

(၂) အမြဲမရှိဘဲ တစ်နေ့တွင် ပျက်သုဉ်းသွားမည်လား၊

(၃) အချို့သော အပိုင်းသည် အမြဲရှိ၍ အချို့သော အပိုင်းသည် ပျက်သုဉ်းသွားမည်လား၊

(၄) မြဲသည် ဟူ၍လည်းကောင်း၊ ပျက်သုဉ်းသွားမည် ဟူ၍လည်းကောင်း မဆိုနိုင်ဘူးလား။

(ခ) ဒေသနှင့် ပတ်သက်၍

(၁) လောကသည် အဆုံးအပိုင်းအခြားရှိ (အန္တ) လား၊

(၂) လောကသည် အဆုံးအပိုင်းအခြားမဲ့ (အနန္တ) လား၊

(၃) အချို့သည် အဆုံးအပိုင်းအခြားရှိ (အန္တ) ဖြစ်၍ အချို့သည် အဆုံးအပိုင်းအခြားမဲ့ (အနန္တ) လား၊

(၄) အဆုံးအပိုင်းအခြားရှိ (အန္တ) ဟူ၍လည်းကောင်း၊ အဆုံးအပိုင်းအခြားမဲ့ (အနန္တ) ဟူ၍လည်းကောင်း မဆိုနိုင်ဘူးလား။

(ဂ) သေခြင်းနှင့် ပတ်သက်၍

(၁) သတ္တဝါသည် သေပြီးနောက် ရှိသေးသလား၊

(၂) သတ္တဝါသည် သေပြီးနောက် ပြတ်သွားပြီလား၊

(၃) အချို့သည် သေပြီးနောက် ရှိသေး၍ အချို့သည် သေပြီးနောက် ပြတ်သွားပြီလား၊

(၄) ရှိသေးသည် ဟူ၍လည်းကောင်း၊ ပြတ်သွားပြီ ဟူ၍လည်းကောင်း မဆိုနိုင်ဘူးလား။

(ဃ) ခန္ဓာကိုယ်နှင့် ပတ်သက်၍

(၁) အသက်ဇီဝသည် ခန္ဓာကိုယ်ပင် ဖြစ်သလား၊

(၂) အသက်ဇီဝသည် ခန္ဓာကိုယ်မှ တခြားလား။

ဤမေးခွန်း ၁၄ ခုသည် အလွန်ခေတ်စားသော မေးခွန်းများ ဖြစ်ခဲ့ကြပါသည်။ မြတ်စွာဘုရား လက်ထက်တော်တိုင်အောင်ပင် မြတ်စွာဘုရားအား





မေးမြန်းခဲ့ကြပါသည်။ သို့ရာတွင် မြတ်စွာဘုရားက ထိုမေးခွန်း ၁၄ ခုကို ဖြေကြားခြင်း မပြုခဲ့ပါ။ ဖြေကြားခြင်း မပြုသည်မှာလည်း 'ယုန်၏ ဦးချိုသည် ရှည်သလော၊ တိုသလော' ဟူသော မေးခွန်းကဲ့သို့ ဖြေရန် မလိုအပ်သောကြောင့် ဖြစ်ပါသည်။ ဖြေရန် မလိုအပ်သည်မှာလည်း ဤမေးခွန်းများသည် 'တက္ကာဝစရ' ခေါ် ဒဿနသဘောသက်သက်ကို ဆောင်သောကြောင့် ဖြစ်ပါသည်။ ဒဿနသဘောဆိုသည်မှာ 'အတက္ကာဝစရ' ခေါ် လောကုတ္တရာ သဘောသို့ တက္ကာဝစရခေါ် ကြောင်းကျိုးဆင်ခြင်နည်းဖြင့် ချဉ်းကပ်မှုပင် ဖြစ်ပါသည်။

မေးခွန်း ၁၄ ခုတို့၏ အကြောင်းအရာကို အကျဉ်းချုပ်၍ သုံးသပ်လျှင် သုံးမျိုးသာ ရှိကြောင်း တွေ့ရပါသည်။ ထို သုံးမျိုး ဆိုသည်မှာ–

(၁) သိစရာအာရုံ၊

(၂) သိတတ်သူ၊

(၃) သိခြင်း

တို့ပင် ဖြစ်ပါသည်။ ဤနေရာ၌ သိစရာအာရုံဆိုသည်မှာ 'လောက' ဖြစ်ပါသည်။ သိတတ်သူဆိုသည်မှာ 'သတ္တဝါ' ဖြစ်ပါသည်။ သိခြင်းဆိုသည်မှာ 'အသက်ဇီဝ' ဖြစ်ပါသည်။ ဤအကြောင်းအရာ သုံးခုကို အခြေခံ၍ အောက်ပါအတိုင်း ဒဿနဂိုဏ်း လေးဂိုဏ်း ကွဲပြား သွားခဲ့ကြပါသည်။

(၁) အရှိဝါဒကို စွဲကိုင်သည့် ဒဿနဂိုဏ်း၊

(၂) မရှိဝါဒကို စွဲကိုင်သည့် ဒဿနဂိုဏ်း၊

(၃) ရှိ၊ မရှိ နှစ်မျိုးလုံးကို တစ်ပေါင်းတည်းပြု၍ စွဲကိုင်သည့် ဒဿနဂိုဏ်း၊

(၄) ရှိ၊ မရှိ နှစ်မျိုးလုံး တစ်ပေါင်းတည်း ပြုထားသည်ကို ငြင်းပယ်သည့် ဒဿနဂိုဏ်း။

ထိုဒဿနဂိုဏ်း လေးဂိုဏ်းတို့အနက် 'အရှိဝါဒ' ကို စွဲကိုင်သော ဂိုဏ်းမှာ **သချ်ဒဿနဂိုဏ်း** ဖြစ်ပါသည်။ သချ်ဒဿနဂိုဏ်းသည် များစွာ ရှေးကျသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်ကြောင်း ဆိုကြပါသည်။ ဒုက္ကရစရိယာ ကျင့်စဉ်ကာလ က ဘုရားလောင်းတော် နည်းခံခဲ့သော အာဠာရကာလာမရသေ့နှင့် ဥဒကရာမပုတ္တရသေ့တို့သည် သချ်ဒဿနဝါဒီများ ဖြစ်ကြသည်ဟု ဆိုကြပါသည်။ 'အရှိဝါဒ' နှင့် ဆန့်ကျင်ဘက် 'မရှိဝါဒ' ကို စွဲကိုင်သော ဂိုဏ်းမှာ **အဇိတကေသကမ္ဗလဂိုဏ်း** ဖြစ်သည်။ ထိုဂိုဏ်းသည် ရုပ်ဝါဒီတို့၏ ရှေ့ဆောင်ဂိုဏ်း ဖြစ်ပါသည်။ 'အရှိဝါဒ' နှင့် 'မရှိဝါဒ' နှစ်မျိုးလုံးကို တစ်ပေါင်းတည်းပြု၍ စွဲကိုင်သောဂိုဏ်းမှာ **နိဂဏ္ဌနာဋပုတ္တဂိုဏ်း**ဖြစ်ပါသည်။ ယနေ့ခေတ်တွင် ဟေဂယ်လ်၏ အယူဝါဒမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ မူလနှင့် ပဋိပက္ခကို ပေါင်းစပ်လိုက်လျှင် အဆင့်မြင့် သမူဟကို ရသည်ဟု ဆိုကြပါသည်။ သို့ရာတွင် နိဂဏ္ဌနာဋပုတ္တ၏ ပေါင်းစပ်နည်းမှာ မူလ နှင့် ပဋိပက္ခတို့ကို ရောနှောထားသည့် ပေါင်းစပ်နည်း (သံယောဂသမ္ဗန္ဓ) ဖြစ်ပါ သည်။ ယင်းပေါင်းစပ်နည်းမှာ ဆန်နှင့်စပါးလုံး ရောနှောထားသကဲ့သို့ မူလနှင့် ပဋိပက္ခကို အလွယ်တကူ ခွဲထုတ်၍ရသော ပေါင်းစပ်နည်း ဖြစ်ပါသည်။ ဟေဂယ်လ်၏ သမူဟ ပေါင်းစပ်နည်းမှာ မူလနှင့် ပဋိပက္ခတို့ကို တစ်သားတည်း ပြုထားသည့် ပေါင်းစပ်နည်း ( သမဝါယသမ္ဗန္ဓ) ဖြစ်ပါသည်။ ယင်း ပေါင်းစပ် နည်းမှာ ဆားနှင့်သကြားကို ရော၍ အရည်ကျိုထားသကဲ့သို့ မူလနှင့် ပဋိပက္ခကို အလွယ်တကူ ခွဲထုတ်၍မရသော ပေါင်းစပ်နည်း ဖြစ်ပါသည်။ ရှိ၊ မရှိ နှစ်မျိုး လုံး တစ်ပေါင်းတည်း ပြုထားသည်ကို ငြင်းပယ်သည့် ဒဿနဂိုဏ်းမှာ သဥ္စယ ဗေလဋ္ဌပုတ္တဂိုဏ်း ဖြစ်ပါသည်။ သဥ္စယဗေလဋ္ဌပုတ္တ၏ ဝါဒကို ရှေးခေတ်တွင် အမရာဝိက္ခေပဝါဒ ဟု ခေါ်၍ နောင်ခေတ်တွင် အညာဏဝါဒ ဟူ၍လည်း ကောင်း၊ သံသယဝါဒ ဟူ၍လည်းကောင်း ခေါ်ကြပါသည်။

## မေးခွန်းများ၏ ဆိုလိုရင်း အနက်များ

မိမိ၏ မျက်မှောက်တွင် သက်ရှိသက်မဲ့ အရာဝတ္ထုများကို တွေ့ပါသည်။ ထိုအရာ ဝတ္ထုများသည် လောက ဖြစ်ပါသည်။ လောကတွင် မိမိလည်း ပါဝင်ပါသည်။ လောကသည် သိစရာအာရုံ ဖြစ်ပါသည်။ သိစရာအာရုံဖြစ်သည့် လောက၏ အဆုံးစွန်သဘောကို သိချင်ပါသည်။ အဆုံးစွန်သဘောဆိုသည်မှာ မည်သို့မျှ ပြောင်းလဲခြင်း မရှိသည့်သဘော ဖြစ်ပါသည်။ အရာရာတိုင်းတွင် ပါဝင်ဖွဲ့စည်း နေသည့် အနန္တသဘော ဖြစ်ပါသည်။ ထိုသဘောကို သချ်ဒဿနဂိုဏ်းက 'ပကတိ' ဟု ခေါ်ပါသည်။ ပကတိသည် ရုပ်ပိုင်းအနေဖြင့် အရာရာတိုင်း၏ အဆုံးစွန်သဘောတရား အမြဲတေ ဖြစ်ပါသည်။ မျက်မြင်အားဖြင့် အရာဝတ္ထု တို့သည် ခဏတိုင်း၊ ခဏတိုင်း ပြောင်းလဲနေကြပါသည်။ သို့ရာတွင် ထိုပြောင်းလဲ နေကြသော အရာဝတ္ထုတို့၏ နောက်ကွယ်၌ တစ်ရံတစ်ဆစ်မျှ မပြောင်းလဲဘဲ နေရာအနှံ့ တည်ရှိနေသည့် ပကတိခေါ် အမြဲတေဓာတ်သည် ရှိပါသည်။ ဤသို့ သချ်ဒဿနဝါဒီများက ယုံကြည်ကြပါသည်။ ထိုသို့ ယုံကြည်သည့်အတိုင်း မှန်ပါလေ သလော။ ဤမေးခွန်းသည် ထိုခေတ်တွင် ခေတ်စားခဲ့ပါသည်။ အချို့သော တွေး ခေါ်ရှင်များက 'မှန်သည်' ဟု လက်ခံကြပါသည်။ ထိုကဲ့သို့သော တွေးခေါ်ရှင် များကို သဿတဝါဒီများ သို့မဟုတ် အရှိဝါဒီများဟု သတ်မှတ်ခဲ့ကြပါသည်။

အချို့သော တွေးခေါ်ရှင်များလည်း ရှိကြပါသေးသည်။ မိမိတို့၏ မျက်မြင်





တွေ့သဘောအရ အရာဝတ္ထုတို့သည် ခဏတိုင်း ခဏတိုင်း ပြောင်းလဲနေ ကြပါသည်။ ထိုသို့ ပြောင်းလဲနေသည်မှာ မငြင်းနိုင်သော သက်သေခံချက်ပင် ဖြစ်သည်။ ပြောင်းလဲနေသော အရာဝတ္ထုများ၏ နောက်ကွယ်၌ အစဉ်ထာဝရ တည်ရှိနေသည့် သဘောကို မသိနိုင်ကြသဖြင့် အရှိဝါဒီများ ဆိုသည့်အတိုင်း မှန်ကန်။ အရာဝတ္ထုမှန်သမျှသည် သတ်မှတ်ထားသည့် ကာလအတွင်း၌သာ ရှိသည်။ ထို့နောက် မရှိ။ သတ်မှတ်ထားသည့် ဒေသအတွင်း၌သာ ရှိသည်။ ထိုထက်ပို၍ မရှိ။ ဤသို့ ရုပ်ဝါဒီများက ယုံကြည်ကြပါသည်။ ထိုသို့ ယုံကြည် သည့်အတိုင်း မှန်ပါလေသလော။ ဤ မေးခွန်းသည်လည်း ထိုခေတ်တွင် ခေတ်စား ခဲ့ပါသည်။ အချို့သော တွေးခေါ်ရှင်များက 'မှန်သည်' ဟု လက်ခံကြပါသည်။ ထိုကဲ့သို့သော တွေးခေါ်ရှင်များကို ဥစ္ဆေဒဝါဒီများ သို့မဟုတ် မရှိဝါဒီများဟု သတ်မှတ်ခဲ့ကြပါသည်။

သိခြင်းနှင့် ပတ်သက်၍လည်း တွေးခေါ်ခဲ့ကြပါသည်။ သိခြင်းဆိုသည်မှာ အသက်ဇီဝ ဖြစ်ပါသည်။ အသက်ဇီဝသည် ခန္ဓာကိုယ်နှင့် ဆက်စပ်နေသော်လည်း ခန္ဓာကိုယ်မှ သီးခြားဖြစ်ပါသည်။ ခန္ဓာကိုယ်သည် အိုခြင်း၊ နာခြင်း၊ သေခြင်း တို့ကြောင့် ပြောင်းလဲနေသော်လည်း အသက်ဇီဝကား ထိုကဲ့သို့ ပြောင်းလဲခြင်း မရှိပါ။ အိုလည်း မအိုပါ။ နာလည်း မနာပါ။ သေလည်း မသေပါ။ ထာဝစဉ် အစဉ်သမတ်တည်း ရှိပါသည်။ အသက်ဇီဝကို သချ်ဒဿနဂိုဏ်းက ပုရိသဟု ခေါ်ပါသည်။ ပုရိသကို ဝန်းရံနေသည့် စေတသိက်တရားများနှင့် ရုပ်တရား၏ ပြောင်းလဲ ပျက်စီးခြင်းကို မြင်၍ အသက်ဇီဝကို ပြောင်းလဲပျက်စီး နေသည်ဟု ထင်ခြင်းမျှသာ ဖြစ်ပါသည်။ အမှန်အားဖြင့် အသက်ဇီဝသည် နာမ်ပိုင်းအနေဖြင့် တစ်ရံတစ်ဆစ်မျှ ပြောင်းလဲပျက်စီးခြင်း မရှိသည့် သိမှုဆိုင်ရာ အမြဲတေ ဓာတ်ပင် ဖြစ်ပါသည်။ ဤသို့ သချ်ဒဿနဝါဒီများက ယုံကြည်ကြပါသည်။ ထိုသို့ ယုံကြည် သည့်အတိုင်း မှန်ပါလေသလော။ ဤမေးခွန်းသည်လည်း ထိုခေတ် တွေးခေါ်ရှင် များ လောကတွင် ခေတ်စားသည့် မေးခွန်းတစ်ခု ဖြစ်ခဲ့ပါသည်။ အချို့သော တွေးခေါ်ပညာရှင်များက 'မှန်သည်' ဟု လက်ခံကြပါသည်။ ထိုကဲ့သို့သော တွေးခေါ်ရှင်များကို သဿတဝါဒီများ သို့မဟုတ် အရှိဝါဒီများဟု သတ်မှတ် ကြပါသည်။

သိခြင်းနှင့် ပတ်သက်၍ ဤသို့ တွေးခေါ်သူ ပုဂ္ဂိုလ်များလည်း ရှိကြပါသေး သည်။ ထိုပုဂ္ဂိုလ်တို့၏ အလိုအရ အသက်ဇီဝသည် သီးခြားမရှိဘဲ စေတသိက် တရားများနှင့် ရုပ်တရားများ၏ အစုအပေါင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ခန္ဓာကိုယ် ပျက်စီးလျှင် အသက်ဇီဝလည်း ပျက်စီးပါသည်။ ခန္ဓာကိုယ်သည်လည်း

www.burmeseclassic.com



ကာလ၊ ဒေသတို့၏ အကန့်အသတ် အတွင်း၌သာ ရှိပါသည်။ ဤသို့ ရုပ်ဝါဒီ အဇိတကေသကမ္ဗလ က ယုံကြည်ပါသည်။ ထိုသို့ ယုံကြည်သည့်အတိုင်း မှန်ပါ လေသလော။ ဤမေးခွန်းသည်လည်း ထိုခေတ် တွေးခေါ်ရှင်များ လောက၌ ခေတ်စားခဲ့ပါသည်။ အချို့သော တွေးခေါ်ရှင်များက 'မှန်သည်' ဟု ယုံကြည် ကြပါသည်။ ထိုကဲ့သို့သော တွေးခေါ်ရှင်များကို **ဥစ္ဆေဒဝါဒီများ** သို့မဟုတ် မရှိဝါဒီ များဟု သတ်မှတ်ခဲ့ကြပါသည်။

သိတတ်သူ သတ္တဝါနှင့် ပတ်သက်၍လည်း တွေးခေါ်ကြပါသည်။ သတ္တဝါဆိုသည်မှာ သိစရာအာရုံနှင့် သိခြင်းတို့ ပေါင်းစပ်ထားသည့် ရုပ်နာမ် အစုအဝေးမျှသာ ဖြစ်ပါသည်။ ရုပ်နာမ် နှစ်မျိုးလုံးပင် သဿတဝါဒီတို့ အလိုအရ အဆုံးစွန် သဘောတရားအနေဖြင့် တစ်ရံတစ်ဆစ်မျှ မပြောင်းလဲ၊ မပျက်စီးသည့် အမြဲတေ ခတ်ချည်းဖြစ်ရာ ယင်းတို့ဖြင့် ပေါင်းစပ်ထားသည့် သိတတ်သူ သတ္တဝါ လည်း ထာဝစဉ် တည်ရှိနေသည့် အမြဲတေပင် ဖြစ်ပါသည်။ မျက်မြင်အားဖြင့် သတ္တဝါများ သေဆုံးကြသည်ကို တွေ့ကြရပါသည်။ ထိုသို့ သေဆုံးကြရခြင်းမှာ အပြင်ဘက်အလွှာ အနေဖြင့် ပျက်စီးခြင်းသာ ဖြစ်ပါသည်။ သဿတဝါဒီတို့၏ အလိုအရ သတ္တဝါတွင် အလွှာသုံးလွှာ ရှိပါသည်။ ထိုအလွှာ သုံးလွှာမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(၁) အကြမ်းလွှာ (ထူလ သရီရ)၊

(၂) အနုလွှာ (သုခုမ သရီရ)၊

(၃) အသွင်လွှာ (လိင်္ဂ သရီရ)။

**အကြမ်းလွှာ (ထူလ သရီရ)**

အကြမ်းလွှာ (ထူလ သရီရ) ဆိုသည်မှာ သတ္တဝါ၏ အပြင်ဘက် အကျဆုံးအလွှာ ဖြစ်ပါသည်။ ထိုအလွှာတွင် မဟာဘုတ်ရုပ်များနှင့် ဥပါဒါရုပ်များ ပါဝင်ပါသည်။ သတ္တဝါများ သေဆုံးသောအခါ ထိုအကြမ်းလွှာ(ထူလသရီရ) ကို စွန့်ရပါသည်။ ယင်းအကြမ်းလွှာကို ခန္ဓာအိမ်ဟု ခေါ်ပါသည်။ အဝတ်အထည်နှင့် နှိုင်းယှဉ်၍ ဆိုကြပါသည်။ သတ္တဝါသည် သံသရာတစ်လျှောက် ဘဝတိုင်း၊ ဘဝတိုင်း၌ ခန္ဓာ အိမ်ကို တစ်လုံးပြီးတစ်လုံး ဆောက်ကြရပါသည်။ ခန္ဓာအိမ် တစ်လုံးကို တစ်ဘဝ ဟု ဆိုလိုပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သတ္တဝါသည် ဝတ်စုံများကို တစ်စုံပြီးတစ်စုံ လဲလှယ်၍ ဝတ်ဆင်သကဲ့သို့ ခန္ဓာကိုယ်ကိုလည်း တစ်ခုပြီး တစ်ခု ဖန်တီးယူရပါသည်။ ဤနေရာ၌ ဝတ်စုံတစ်စုံကို တစ်ဘဝဟု ဆိုလိုပါ သည်။ ဥပစာ ဝေါဟာရအားဖြင့် ခန္ဓာအိမ် ပြောင်းခြင်း သို့မဟုတ် ဝတ်စုံပြောင်း





ခြင်းကိုပင် မုချဝေါဟာရအားဖြင့် သေခြင်းဟု ဆိုပါသည်။ ထို့ကြောင့် ခန္ဓာအိမ် ပြောင်းခြင်း၊ ဝတ်စုံပြောင်းခြင်းကို မျက်မြင် ကိုယ်တွေ့ သိရှိရသကဲ့သို့ သေခြင်းကို သည်း မျက်မြင်ကိုယ်တွေ့ သိရှိရပါသည်။ ဤအကြမ်းလွှာ (ထူလသရီရ) ပျက်စီးမှုကို အကြောင်းပြု၍ သာမန်လူသားတို့က သတ္တဝါပျက်စီးသည်ဟု ဆိုကြ ခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် တွေးခေါ်ရှင် သဿတဝါဒီတို့၏ အလိုအရ သတ္တဝါသည် မပျက်စီး၊ အမြဲရှိနေသည့် အမြဲတေခတ် ဖြစ်ပါသည်။

**အနုလွှာ (သုခုမ သရီရ)**

သတ္တဝါ သေဆုံး၍ အကြမ်းလွှာ (ထူလသရီရ)ကို စွန့်ခွာသွားသောအခါ အသက်ဇီဝသည် မိမိနှင့်အတူ ကမ္မသတ္တိများ၊ ဝါသနာများ၊ ပါရမီများ၊ ကိလေသာ များကို ယူဆောင်သွားပါသည်။ ယင်း ကမ္မသတ္တိ စသည်တို့သည် သံသရာ တစ်လျှောက်လုံး အသက်ဇီဝ၏ ယှဉ်သဖွယ် ဖြစ်ပါသည်။ ကမ္မသတ္တိ စသော ယှဉ်နှင့်တကွသော အသက်ဇီဝကိုပင် သတ္တဝါဟု ခေါ်ပါသည်။ ထို ကမ္မသတ္တိ သော အလွှာသည် သတ္တဝါ၏ အလယ်လွှာ ဖြစ်ပါသည်။ ယင်း အလယ်လွှာကို အနုလွှာ (သုခုမသရီရ) ဟု ခေါ်ပါသည်။ အနုလွှာ (သုခုမသရီရ) သည် သံသရာ တစ်လျှောက်လုံး အသက်ဇီဝနှင့် အတူရှိနေမည် ဖြစ်ပါသည်။ သို့ရှိနေရာတွင် ခြင်း၊ ထက်ခြင်းတို့ဖြင့် အထိုက်အလျောက် ပြောင်းလဲမှု ရှိနေမည် ဖြစ်သော် သည်း သံသရာ၌ ကျင်လည်နေသရွေ့ ကာလပတ်လုံး အပြီးတိုင် ပျက်စီးသွားခြင်း သို့ မရောက်နိုင်ပါချေ။ သို့ဖြစ်၍သာ သတ္တဝါကို မပျက်စီး အမြဲရှိနေသည့် အမြဲတေခတ်ဟု သတ်မှတ်ခြင်း ဖြစ်ပါသည်။ အနုလွှာ(သုခုမ သရီရ)ကို သတ္တဝါ သည် စွန့်ခြင်း မရှိသဖြင့် ယင်းအဆင့်တွင် သတ္တဝါသည် သေဆုံးခြင်း မရှိပါ။

**အသွင်လွှာ (လိင်္ဂ သရီရ)**

အသွင်လွှာ (လိင်္ဂ သရီရ) ဆိုသည်မှာ သတ္တဝါအသွင် အနေဖြင့် သိအပ်သည့် အောက်ဆုံးအလွှာ ဖြစ်ပါသည်။ ထိုအလွှာသည် မပျက်မစီး အမြဲတည်ရှိသည့် အလွှာ ဖြစ်ပါသည်။ ထိုအလွှာတွင် ကံ၊ ကိလေသာ၊ ဝါသနာ စသော အနုလွှာ (သုခုမ သရီရ) အားလုံး ချုပ်ငြိမ်းသွားပါသည်။ သို့ရာတွင် သတ္တဝါအသွင်၊ ပုဂ္ဂိုလ်သဘောကား ရှိမြဲ ရှိပါသည်။ ထိုအဆင့်တွင်ရှိသော သတ္တဝါကို အလွယ် ဝေါဟာရဖြင့် 'ထာဝရဘုရား' ဟု ခေါ်နိုင်မည် ဖြစ်ပါသည်။ ထာဝရဘုရား သည် မည်သည့်အခါမျှ သေဆုံးခြင်းမရှိဘဲ အစဉ်ထာဝရ တည်ရှိနေသည့် အမြဲတေ ခတ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ထာဝရဘုရားသဘောသည် သံသရာ၌ ထင်



www.burmeseclassic.com

www.burmeseclassic.com



လည်ကျက်စား ပြေးသွားနေကြသည့် သတ္တဝါအားလုံးတို့၏ အတွင်းပိုင်း အကျဆုံးအလွှာ ဖြစ်ပါသည်။ အကယ်၍ သတ္တဝါသည် အကြမ်းလွှာနှင့် အနုလွှာကို စွန့်လွှတ်ပြီး ဖြစ်ပါက ထိုသတ္တဝါသည် သံသရာမှ လွတ်မြောက်ပြီးသော ထာဝရဘုရားစင်စစ် ဖြစ်ပါသည်။ မစွန့်လွှတ်သေးနိုင်ပါက ထိုသတ္တဝါသည် သံသရာ၌ အကြမ်းလွှာ၊ အနုလွှာတို့ဖြင့် နှောင်ဖွဲ့ခြင်း ခံနေရသည့် ထာဝရဘုရား ဖြစ်ပါသည်။ အမှန်အားဖြင့် လွတ်မြောက်ပြီးသူရော၊ မလွတ်မြောက်သေးသူရော နှစ်မျိုးလုံး သူ့နည်းသူ့ဟန်ဖြင့် ထာဝရဘုရားများချည်း ဖြစ်ကြပါသည်။

## အသိပညာရကြောင်း ပမာဏများ

မှန်ကန်သော အသိဉာဏ်ပညာ ရကြောင်း တရားများကို ဒဿနကျမ်းများတွင် 'ပမာဏများ' ဟု ခေါ်ကြပါသည်။ ထိုပမာဏများတွင် အရေးအကြီးဆုံး ပမာဏများမှာ သုံးမျိုး ရှိပါသည်။ ထို သုံးမျိုးမှာ-

(၁) ပစ္စက္ခ ပမာဏ (မျက်မြင်ကိုယ်တွေ့)၊

(၂) အနုမာန ပမာဏ (အကြောင်းအကျိုး ဆက်သွယ်မှု)၊

(၃) သဒ္ဒိကရဏ ပမာဏ (မျက်မှောက်ပြုမှု)

တို့ ဖြစ်ပါသည်။ ထို သုံးမျိုးတို့အနက် ပစ္စက္ခပမာဏ (မျက်မြင်ကိုယ်တွေ့) ကို ရုပ်ဝါဒီများက အားထားကြပါသည်။ တွေးခေါ်ရှင်များကမူ အနုမာနပမာဏ (အကြောင်းအကျိုး ဆက်သွယ်မှု) ကို အလေးထားကြပါသည်။ ပဋိပတ်ကျင့်စဉ်၌ ယုံကြည်အားထုတ်ကြသူများက သဒ္ဒိကရဏပမာဏ (မျက်မှောက်ပြုမှု) ကိုသာ လက်ခံကြပါသည်။ ပမာဏများ သဘောကို နောက်ဆုံးပိုင်း၌ သီးခြားဖော်ပြထားပါသည်။

တွေးခေါ်ရှင်များသည် သိစရာအာရုံကို ဖြစ်စေ၊ သိတတ်သူကို ဖြစ်စေ၊ သိခြင်းကို ဖြစ်စေ တွေးခေါ်စဉ်းစားသောအခါ အဆုံးစွန် အဆင့်အထိ တွေးခေါ်စဉ်းစား ကြပါသည်။ထိုသို့ တွေးခေါ်စဉ်းစားရာတွင် သူတို့ အသုံးပြုသော ကိရိယာတန်ဆာပလာမှာ အနုမာနပမာဏ ဖြစ်ပါသည်။ အနုမာနပမာဏသည် အကြောင်းအကျိုးဆက်သွယ်မှု ဖြစ်ပါသည်။ တစ်ဖန် အကြောင်းအကျိုး ဆက်သွယ်မှုသည် ကာလနှင့်ဒေသကို မှီရပါသည်။ ထို့ကြောင့် အနုမာနပမာဏဖြင့် ရအပ်သော အသိပညာသည် ကာလနှင့်ဒေသ ဘောင်အတွင်းရှိသည့် အသိပညာမျိုးသာ ဖြစ်ပါသည်။ ထိုကဲ့သို့သော အသိပညာမျိုးကို တက္ကာဝစရ ဟု ခေါ်ပါသည်။ ဤနေရာ၌ တက္က ဆိုသည်မှာ တွေးခေါ်ခြင်း သို့မဟုတ် ကြံစည်ခြင်း ဖြစ်ပါသည်။ အဝစရ ဆိုသည်မှာ ကျက်စားရာသဘောတရား ဖြစ်ပါသည်။





ထို့ကြောင့် တက္ကာဝစရဆိုသည်မှာ တွေးခေါ်ခြင်း၊ ကြံစည်ခြင်း၏ ကျက်စားရာ သဘောတရား ဖြစ်ပါသည်။ အရပ်သုံး ဝေါဟာရဖြင့် ရှင်းပြရလျှင် တက္ကာဝစရ (တက္က+အဝစရ) ဆိုသည်မှာ တွေးခေါ်မြော်မြင်မှုဖြင့် သိအပ်သည့် အသိပညာများ ဖြစ်ပါသည်။ သို့ဖြစ်၍ အနုမာနပမာဏခေါ် ကြောင်းကျိုးဆက်သွယ်မှုဖြင့် တွေးခေါ်ပညာရှင်များ သိအပ်သည့် အသိပညာသည် တက္ကာဝစရခေါ် တွေးခေါ်မြော်မြင်မှုဖြင့် သိအပ်သည့် ကာလနှင့်ဒေသ ဘောင်အတွင်းရှိ အသိပညာမျိုးသာ ဖြစ်ပါသည်။

တွေးခေါ်ရှင်များ သိလိုသည့်အဆင့်မှာ အမြဲတမ်းဘတ်ခေါ် အဆုံးစွန်အဆင့် ဖြစ်ပါသည်။ ထိုအဆုံးစွန် အဆင့်ကို **အတက္ကာဝစရ** ဟု ခေါ်ပါသည်။ ဤနေရာ၌ အတက္က ဆိုသည်မှာ တွေးခေါ်မြော်မြင်ခြင်း သို့မဟုတ် ကြံစည်စိတ်ကူးခြင်း မဟုတ်ဘဲ ကိုယ်တိုင် မျက်မှောက်ပြုခြင်း ဖြစ်ပါသည်။ အဝစရ ဆိုသည်မှာ ကျက်စားရာ သဘောတရားပင် ဖြစ်ပါသည်။ ထို့ကြောင့် အတက္ကာဝစရ ဆိုသည်မှာ ကိုယ်တိုင် မျက်မှောက်ပြုခြင်း၏ ကျက်စားရာသဘောတရား ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ဝေါဟာရဖြင့် ရှင်းရလျှင် အတက္ကာဝစရ (အတက္က+အဝစရ) ဆိုသည်မှာ မနုဿအားဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့၏ ကျက်စားရာ သဘောတရား (နိဗ္ဗာန်) ဖြစ်ပါသည်။ နိဗ္ဗာန်ကို တွေးခေါ်ရှင်တို့ အသုံးပြုသည့် အနုမာနပမာဏ ခေါ် ကြောင်းကျိုးဆက်သွယ်မှုဖြင့် မသိနိုင်ဘဲ ပဋိပတ်ကျင့်စဉ်၌ ယုံကြည်အားထုတ်ကြသူ အရိယာပုဂ္ဂိုလ်များ အသုံးပြုသည့် သဒ္ဒိကရဏပမာဏ ခေါ် ကိုယ်တိုင် မျက်မှောက်ပြုမှုဖြင့်သာ သိနိုင်ပါသည်။ထို့ကြောင့် တွေးခေါ်ရှင်များက မိမိတို့၏ အနုမာနပမာဏအရ အဆုံးစွန်အဆင့်ဟု ယူဆသတ်မှတ်ထားသည့် အသိပညာသည် တကယ်တမ်း အဆုံးစွန်အဆင့် မဟုတ်ဘဲ အထင် အဆုံးစွန် အဆင့်သာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တွေးခေါ်ရှင်တို့ အသုံးပြုသည့် အနုမာနပမာဏ (ကြောင်းကျိုးဆက်သွယ်မှု) မှာ ကာလတွင်း၊ ဒေသတွင်းရှိ တက္ကာဝစရ တရားများကိုသာ သိနိုင်ပြီး ကာလလွန်၊ ဒေသလွန် ဖြစ်သည့် အတက္ကာဝစရ တရားကို မသိနိုင်သောကြောင့် ဖြစ်ပါသည်။ ထို့အပြင် အမြင့်ဆုံးအဆင့် တက္ကာဝစရတရားမှာ အထင် အဆုံးစွန်အဆင့်ဖြစ်၍ အတက္ကာဝစရ တရားသာလျှင် အမှန် အဆုံးစွန်အဆင့် ဖြစ်ပါသည်။

## အစွန်းလေးသွယ် (စတုကောဋိ)

တွေးခေါ်ရှင်တို့၏ အယူဝါဒ မှန်သမျှသည် အစွန်းလေးသွယ်မှ လွတ်မြောက်ခြင်း မရှိဘဲ အစွန်းလေးသွယ် အတွင်း၌ ကျရောက်နေရမည်သာ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အစွန်းလေးသွယ်ကို ဒဿနကျမ်းများ၌ စတုကောဋိဟု ခေါ်ကြပါသည်။ စတုကောဋိ၏ မြန်မာအနက်မှာ အစွန်းလေးခု ဖြစ်ပါသည်။ ယင်း အစွန်းလေးခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အရှိ (အတ္ထိ)၊
(၂) မရှိ (နတ္ထိ)၊
(၃) ရှိသည်လည်း ဟုတ်၏၊ မရှိသည်လည်း ဟုတ်၏
(အတ္ထိ စေဝ နတ္ထိ စ)၊
(၄) ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်
(နေဝ အတ္ထိ န နတ္ထိ)။

ထိုအစွန်းလေးခုတွင် အခြေခံအစွန်းနှစ်ခုမှာ 'အရှိ' နှင့် 'မရှိ' ဖြစ်ပါသည်။ ယင်း အစွန်းနှစ်ခုကို ပေါင်းလိုက်ပါက တတိယအစွန်းကို ရပါသည်။ တစ်ဖန် တတိယအစွန်းကို ငြင်းပယ်လိုက်ပါက စတုတ္ထအစွန်းကို ရပါသည်။ ထို့ကြောင့် ပထမအစွန်း'အရှိ' နှင့် ဒုတိယအစွန်း 'မရှိ' တို့သည် မူလအစွန်းများ ဖြစ်ပြီး တတိယအစွန်းနှင့် စတုတ္ထအစွန်းတို့မှာ ဆင့်ပွားအစွန်းများ ဖြစ်ကြပါသည်။ ဗုဒ္ဓခေတ်မတိုင်မီ တွေးခေါ်ရှင်များ၏ ဝါဒများကို အုပ်စုခွဲလိုက်လျှင် အထက်ဖော်ပြပါအတိုင်း အမျိုးအစားလေးမျိုးသာ ရှိပြီး မည်သည့် တွေးခေါ်ရှင်၏ ဝါဒမဆို အစွန်းလေးခုအနက် အစွန်းတစ်ခုခု၌ ပါဝင်နေမည်သာ ဖြစ်ပါသည်။ ဗုဒ္ဓခေတ် နောက်ပိုင်း၌လည်း တွေးခေါ်ရှင်များ၏ဝါဒ မှန်ပါက ထိုနည်းအတူ ဝါဒ လေးအုပ်စုအနက် အုပ်စုတစ်ခုခု၌ ပါဝင်နေမည်သာ ဖြစ်ပါသည်။

နိဒါနဝဂ္ဂသံယုတ်၊ ကစ္စာနဂေါတ္တသုတ်၌....လောကတွင် အယူဝါဒများ နှင့် ပတ်သက်၍ ငြင်းခုံမှု မှန်သမျှသည် 'အရှိ' နှင့် 'မရှိ' ကို အခြေတည်၍ ငြင်းခုံခြင်း ဖြစ်ကြောင်း၊ အရှိ ဟူသည် သဿတဝါဒဆိုင်ရာ အစွန်းတစ်စွန်းဖြစ်၍ 'မရှိ' ဟူသည် ဥစ္ဆေဒဝါဒဆိုင်ရာ အစွန်းတစ်စွန်းပင် ဖြစ်ကြောင်း၊ သမ္မာဒိဋ္ဌိ မှန်ပါက ထိုအစွန်း နှစ်စွန်းလုံးကို ပယ်ရမည်ဖြစ်ကြောင်း၊ မဇ္ဈိမပဋိပဒါဟူသည် ထိုအစွန်း နှစ်စွန်းကို ပယ်ခြင်းပင် ဖြစ်ကြောင်းဖြင့် မြတ်စွာဘုရားက ကစ္စာန ဂေါတ္တပရိဗိုဇ်အား ဟောကြားတော် မူထားသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ဥဒါန်းပါဠိတော် ဇစ္စန္ဓဝဂ်၊ နာနာတိတ္ထိယသုတ်တို့၌.... လောကမြဲ၊ မမြဲ စသည် ဖြင့် အထက်ဖော်ပြပါ မေးခွန်း ၁၄ ခုတို့နှင့် ပတ်သက်၍ မြတ်စွာဘုရား ဖြေကြား ခဲ့ခြင်း မပြုဘဲ ယင်းမေးခွန်း ၁၄ ခုတို့သည် မျက်မမြင် ပုဏ္ဏားခြောက်ယောက်တို့ ဆင်ကို စမ်းသပ်၍ ဟိုပြော၊ သည်ပြော ပြောကြသည်နှင့် တူကြောင်း ဥပမာပြု၍ ဟောကြားထားသည်ကိုလည်း တွေ့ရှိရပါသည်။ အမှန်အားဖြင့် မေးခွန်း ၁၄





ခုမှာ တွေးခေါ်မြော်မြင်မှု မှန်သမျှသည် ဝါဒရေးရာအုပ်စု လေးခုတွင် တစ်ခုခု၌ မလွဲမသွေ ပါဝင်ကြောင်း ဖော်ပြထားသည့် နမူနာများသာ ဖြစ်ပါသည်။

## အကြောင်းနှင့်အကျိုး

အကြောင်းနှင့်အကျိုးသည် လောကဖြစ်စဉ်တွင် အခြေခံအကျဆုံး အချက် အလက်များ ဖြစ်ပါသည်။ တွေးခေါ်ရှင်များသည်လည်း အကြောင်းနှင့်အကျိုး တို့၏ ဆက်စပ်မှုကို အားကိုးပြု၍ တွေးခေါ်ကြခြင်း ဖြစ်ပါသည်။ ထိုသို့ တွေးခေါ် ရာတွင် အကြောင်းနှင့်အကျိုးတို့၏ ဆက်စပ်မှုသဘောဖြင့် လောကတွင်း တရား များကိုသာ တွေးခေါ်သင့်သော်လည်း ဒဿနပညာရပ်တို့၏ အစဉ်အလာအတိုင်း အဆုံးစွန် အဆင့်ရှိ လောကလွန် တရားများကိုပါ တွေးခေါ်သောအခါ ထိုတွေး ခေါ်မှုသည် မမှန်ကန်သည့် သဘောကို ဆောင်လာပါသည်။ မနိုင်သည့်ဝန်ကို ထမ်းသည်နှင့် တူလာပါသည်။ အဆုံးစွန် အဆင့်ရှိ လောကလွန် တရားများကို အကြောင်းအကျိုး ဆက်စပ်မှုသဘော (အနုမာနပမာဏ) ဖြင့် ရောက်နိုင်သည် မဟုတ်၊ ပဋိပတ်ကျင့်စဉ်အရ ကိုယ်တိုင် ထိုးထွင်း၍ မျက်မှောက်ပြုခြင်းသဘော (သစ္ဆိကရဏ ပမာဏ) ဖြင့်သာ ရောက်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အကြောင်းအကျိုး ဆက်စပ်မှုသည် အဆုံးစွန် အဆင့်ရှိ လောကလွန်တရား၌ မရှိသောကြောင့် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အကြောင်းအကျိုး သဘောကို အဆုံးစွန် အဆင့်အထိ စိစစ်ကြည့်သောအခါ ယင်း အကြောင်းအကျိုး သဘောကို မတွေ့ရသောကြောင့် ဖြစ်ပါသည်။

သို့ဖြစ်၍ အကြောင်းအကျိုးသည် နောက်ဆုံး လောကလွန် သစ္စာတရား အနေဖြင့် တကယ် ရှိပါလေသလော။ ဤမေးခွန်းကို ဖြေရန် ပညာရှင်များ အားထုတ်ခဲ့ကြပါသည်။ သူတို့ အားထုတ်သောအခါ 'စတုကောဋိ' ပုံစံကို သုံးကြ ပါသည်။ စတုကောဋိပုံစံကို အသုံးပြုသောအခါ စိစစ်မှုသဘောသည် အောက်ပါ အတိုင်း လေးမျိုး ဖြစ်လာပါသည်။

(၁) အကြောင်းနှင့်အကျိုးသည် တစ်ခုတည်း ဖြစ်၏၊
(၂) တစ်ခုတည်း မဟုတ်ဘဲ သီးခြားဖြစ်၏၊
(၃) တစ်ခုတည်းလည်း ဟုတ်၏၊ သီးခြားလည်း ဟုတ်၏၊
(၄) တစ်ခုတည်းလည်း မဟုတ်၊ သီးခြားလည်း မဟုတ်။

## ပထမ ကောဋိ

ပထမ ကောဋိမှာ အကြောင်းနှင့်အကျိုးသည် တစ်ခုတည်း ဖြစ်သည် ဟူသော



www.burmeseclassic.com

www.burmeseclassic.com



အယူဖြစ်ပါသည်။ ယင်းအယူကို သချဲဒဿနဝါဒီများက လက်ခံယုံကြည် ကြပါသည်။ နှမ်းကိုသာ ဆီကြိတ်၍ရပြီး ကျောက်ခဲကို ဆီကြိတ်၍ မရခြင်းမှာ အကြောင်းနှင့်အကျိုး တစ်ခုတည်းဖြစ်သည့် သဘောကို ဖော်ပြပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် နှမ်းသည်ပင် ဆီ၊ ဆီသည်ပင် နှမ်း ဖြစ်ပါသည်။ ဤသို့ သချဲဒဿန ဝါဒီတို့က ဆိုကြပါသည်။

နှမ်းနှင့်ဆီသည် အသွင်သဏ္ဌာန်အားဖြင့် အချင်းချင်း ခြားနားနေကြပါသည်။ ထိုသို့ ခြားနားနေကြခြင်းသည်ပင် အနှစ်သာရအားဖြင့် ခြားနားရာ ရောက်ပါသည်။ ထို့ကြောင့် နှမ်း၏ အကျိုးအာနိသင်နှင့် ဆီ၏ အကျိုးအာနိသင်တို့ ခြားနားခြင်း ဖြစ်ပါသည်။ အကယ်၍ နှမ်းနှင့် ဆီတို့သည် တစ်ခုတည်းဖြစ်ပါက အသွင်သဏ္ဌာန်အားဖြင့် ခြားနားရန် အကြောင်းမရှိပါချေ။ အသွင်သဏ္ဌာန်အားဖြင့် ခြားနားနေခြင်းသည် အနှစ်သာရအားဖြင့် ခြားနားနေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းသည် သီးခြား ဖြစ်ပါသည်။ အကျိုးသည် သီးခြား ဖြစ်ပါသည်။ တစ်ခုတည်း မဟုတ်ပါ။ အကယ်၍ တစ်ခုတည်းဆိုလျှင်လည်း အဓိပ္ပာယ်မဲ့ အလုပ်ကို လုပ်ခြင်းသာ ဖြစ်ပါသည်။ အကြောင်းအကျိုး သဘော မရှိပါ။ အိုးမဖြစ်ရသေးသည့် ရွှံ့မှသာ အိုးကိုလုပ်ရန် လိုအပ်ပါသည်။ အိုးဖြစ်ပြီးသားအိုးမှ အိုးကို လုပ်ရန် မလိုအပ်ပါ။ ဤနေရာ၌ ရွှံ့နှင့်အိုးသည် အခြေအနေအရနှင့် တည်ဆောက်မှုအရ အချင်းချင်း မတူသည့်အတွက် တစ်ခုတည်း မဟုတ်ပါ။ ရွှံ့အဆင့်တွင် ဂုဏ်သတ္တိ သီးခြားရှိပြီး အိုးအဆင့်တွင် ဂုဏ်သတ္တိ သီးခြား ရှိပါသည်။

တစ်ခုတည်းသော အိုးသည်ပင် ကာလကိုလိုက်၍ ပထမ ခဏ၌ ဂုဏ်သတ္တိသီးခြား၊ ဒုတိယ ခဏ၌ ဂုဏ်သတ္တိသီးခြားဖြစ်ပါသည်။ သို့ဖြစ်၍သာ အိုးသည် ပထမ ခဏ၌ ပို၍ ခိုင်ခံ့သစ်လွင်ပြီး ဒုတိယ ခဏ၌ အနည်းငယ် ယိုယွင်း၍ ဟောင်းနွမ်းသွားခြင်း ဖြစ်ပါသည်။ နေရာဒေသကို လိုက်၍လည်း အိုးသည် တစ်လုံးတည်းဖြစ်သော်လည်း ဂုဏ်သတ္တိချင်း ခြားနားပါသည်။ နေရာဒေသ ခြားနားသည်နှင့်အမျှ အရာဝတ္ထု၏ တန်ဖိုးနှင့် အသုံးဝင်မှုလည်း ခြားနားပါသည်။ သောက်ရေအိုးသည် သောက်ရေအိုးစင်၌ ရှိနေသောအခါ အာနိသင် တစ်မျိုးရှိပြီး ယင်း သောက်ရေအိုးကိုပင် သန့်သက်ရေအိုးအဖြစ် အသုံးပြု၍ ရေအိမ်အတွင်း၌ ထားလိုက်ပါက အာနိသင်တစ်မျိုး ရှိလာပါသည်။ ထို့ကြောင့် သချဲဒဿန ဝါဒီတို့၏ ပထမ ကောဋိကို မှန်သည်ဟု လက်မခံခြင်း ဖြစ်ပါသည်။

ဤသို့လျှင် အကြောင်းအကျိုး ဆက်စပ်မှုကို စိစစ်သောအခါ အကြောင်းနှင့်အကျိုးသည် တစ်ခုတည်း မဟုတ်ဘဲ ခြားနားသည့်အပိုင်း၌ အချင်းချင်း





ခြားနားကြောင်း တွေ့ရပါသည်။ ယင်းသို့ ခြားနားသည့်အပိုင်း၌ ခြားနားသော်လည်း တူညီသည့်အပိုင်း၌ တူညီကြောင်းကို တွေ့ရပါသည်။ ဤသို့ ခြားနားခြင်းနှင့် တူညီခြင်းသည် ကာလ ဒေသနှင့် အခြေအနေတို့ကို မှီ၍ ဖြစ်ပေါ်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းအကျိုး ဆက်စပ်မှုသည် ကာလ ဒေသနှင့် အခြေအနေတို့ကို ကျော်လွန်နိုင်မှု မရှိဘဲ ယင်းတို့၏ ကန့်သတ်မှု ဘောင်အတွင်း၌သာ ရှိပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အကြောင်းအကျိုး ဆက်စပ်မှုသည် ကာလတွင်း၊ ဒေသတွင်း တရားများနှင့် အခြေအနေအလိုက် ဆက်စပ်ရသည့် သဘောသာ ဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းအကျိုး ဆက်စပ်မှုသည် လောကသစ္စာ အနေဖြင့်သာ လောကတွင်း တရားများ၌ မှန်ကန်ပြီး လောကလွန် သစ္စာ အနေဖြင့် လောကလွန် တရားများ၌ မှန်ကန်ခြင်း မရှိကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ အရာဝတ္ထုတစ်ခုကို စိစစ်သုံးသပ်ရာ၌ လောကတွင်း အဆင့်အထိသာ အကြောင်းအကျိုး ဆက်စပ်မှု (အနုမာနပမာဏ) ကို အသုံးပြုနိုင်ပြီး နောက်ဆုံး လောကလွန် အဆင့်အတွက် ယင်းပမာဏကို အသုံးမပြုနိုင်ကြောင်း တွေ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် အကြောင်းအကျိုး ဆက်စပ်မှုသည် ကာလ၊ ဒေသ၊ အခြေအနေ၊ အရာဝတ္ထုတို့နှင့် ကင်းကွာ၍ မရကောင်းဘဲ ယင်း ကာလ၊ ဒေသ၊ အခြေအနေနှင့် အရာဝတ္ထုတို့သည် လောကတွင်း၌သာ ရှိပြီး လောကလွန်၌ မရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းအကျိုးသည် ပထမ ကောဋိအရ စိစစ်ကြည့်သောအခါ လောကသစ္စာ အနေဖြင့်သာ ရှိပြီး နောက်ဆုံး လောကလွန်သစ္စာ အနေဖြင့် တကယ်မရှိကြောင်း ဆိုကြပါသည်။

## ဒုတိယ ကောဋိ

ဒုတိယကောဋိမှာ အကြောင်းနှင့်အကျိုးသည် တစ်ခုတည်း မဟုတ်ဘဲ သီးခြားစီ ဖြစ်သည်ဟူသော အယူ ဖြစ်ပါသည်။ ယင်း အယူကို ရုပ်ဝါဒီများနှင့် ဉာယဒဿန ဝါဒီများက လက်ခံယုံကြည် ကြပါသည်။ ဤယုံကြည်မှုနှင့် ပတ်သက်၍ ထင်ရှားသော ကန့်ကွက်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သဗ္ဗတော သဗ္ဗသမ္ဘဝပသင်္ဂေါ။

(သဗ္ဗတော၊ အလုံးစုံမှ။ သဗ္ဗသမ္ဘဝပသင်္ဂေါ၊ အလုံးစုံ ဖြစ်ကောင်း၏ ဟူသော လျှဉ်းပါးဖွယ်သည်။ သိယာ၊ ဖြစ်ရာ၏။)

(မာဓျမိကကာရိကာဝုတ္တိ-[illegible])

ဒုတိယကောဋိအရ ကျောက်ခဲမှလည်း ဆီ ဖြစ်၏၊ မြွေမှလည်း ဆီဖြစ်၏ နည်းဖြင့် အကြောင်းနှင့်အကျိုးတို့သည် ဖြစ်ချင်သလို ဖြစ်ကြကုန်၏ဟု ဆိုရာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သဖြင့် ဤလောက၌ အကြောင်းနှင့်အကျိုးတို့အတွက် ဆက်စပ်မှုဆိုင်ရာ ပုံသေသတ်မှတ်ချက် မရှိသောကြောင့် အကြောင်းနှင့်အကျိုးဟူ၍ ဆိုရန်ပင် မဖြစ် နိုင်တော့ချေ။ ဤ အယူအရဆိုလျှင် ဤလောက၌ တစ်စုံတစ်ခုသော တူညီမှုကို အကြောင်းပြု၍ အချင်းချင်း နှိုင်းယှဉ်စရာ အရာဝတ္ထုဟူ၍လည်း မရှိ၊ မျိုးတူ အရာဝတ္ထုဟူ၍လည်း မရှိ။ ဤအယူမှာ အဆုံးစွန်သစ္စာ သို့မဟုတ် လောကလွန် သစ္စာကို အရေးထားလွန်းသဖြင့် လောကသစ္စာကို ဆန့်ကျင်ရုံသာမက လောက လွန် သစ္စာကိုပါ ရုပ်ပျက်ဆင်းပျက် ဖြစ်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် လောကလွန်အဆင့်၌ ဘယ်သူ၊ ဘယ်ဝါ၊ ဘာ ဟူ၍ တိတိကျကျ သတ်မှတ်ပြော ဆိုရန် မရှိသောကြောင့် ဖြစ်ပါသည်။ တိတိကျကျ သတ်မှတ် ပြောဆိုနိုင်ရ မှန်သမျှသည် ကာလကိုလည်း မှီရ၏၊ ဒေသကိုလည်း မှီရ၏၊ အခြေအနေကို လည်း မှီရ၏၊ အရာဝတ္ထုကိုလည်း မှီရ၏။ ထို့ကြောင့် ကာလ၊ ဒေသ၊ အခြေအနေ နှင့် အရာဝတ္ထုတို့ကို မှီ၍ သတ်မှတ်အပ်သော အရာဝတ္ထုများ၊ ဖြစ်ရပ်များသည် လောကသစ္စာ အနေဖြင့်သာရှိပြီး လောကလွန် သစ္စာအနေဖြင့် မရှိဟု ပညာရှင် များက ဆိုကြခြင်း ဖြစ်ပါသည်။

ဒုတိယကောဋိအရ အရာဝတ္ထုတစ်ခုကို ကိုယ်တိုင်မျက်မှောက်ပြုခြင်း (သစ္စိကရဏပမာဏ) ဖြင့် မဟုတ်ဘဲ ကြောင်းကျိုးဆက်စပ်မှု (အနုမာနပမာဏ) ဖြင့် အဆုံးစွန် အဆင့်အထိ တွေးခေါ်မြော်မြင်လိုက်သောအခါ ထိုတွေးခေါ်မြော်မြင် မှုသည် မရှိမပဋိပဒါကျသော တွေးခေါ်မြော်မြင်မှု ဖြစ်မလာဘဲ အစွန်းရောက် တွေးခေါ်မြော်မြင်မှုသာ ဖြစ်သွားပါသည်။ ထို့ကြောင့် အကြောင်းအကျိုးသည် ဒုတိယကောဋိအရ စိစစ်ကြည့်သောအခါ လောကသစ္စာ အနေဖြင့်သာ ရှိပြီး နောက်ဆုံး လောကလွန် သစ္စာအနေဖြင့် တကယ်မရှိကြောင်း ဆိုကြပါသည်။

## တတိယ ကောဋိ

တတိယကောဋိမှာ အကြောင်းနှင့်အကျိုးသည် တစ်ခုတည်းလည်း ဟုတ်၏ သီးခြားလည်း ဟုတ်၏ ဟူသော အယူ ဖြစ်ပါသည်။ ယင်းအယူကို နိဂဏ္ဌနာ ပုတ္တဂိုဏ်းက လက်ခံယုံကြည်ပါသည်။ ဂျိန်းဝါဒ ဟူ၍လည်း ဆိုပါသည်။ မူလ ပဋိပက္ခကို ပေါင်းစပ်လိုက်ပါက သမူဟကို ရသည်ဟူသော ဟေဂယ်လ်နှ ဘရက်ဒလေတို့၏ ဝါဒများကိုလည်း ဤတတိယကောဋိ၌ပင် နှောင်းခေတ်ပည ရှင်များက ထည့်သွင်းရေတွက် ကြပါသည်။ ဤအယူနှင့် ပတ်သက်၍ ထင်ရှာ သော ကန့်ကွက်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပရသ္မရဝိရုဒ္ဓံ ဟိ သစ္စာသဇ္ဇွေကတော ကုတော။

(မာချမိကကာရိကာ– ၈





ဘဝေဒဘာဝေါ ဘာဝေါ စ နိဗ္ဗာနံ ဥဘယံ ကထံ၊
န တယေား ဧကတြ အဿိတွံ၊ အာလောကတမသေား ယထာ။

(မာချမိကကာရိကာ– ၂၅၊၁၄)

ဝိမာနုပြတိသေဓော် ဟိ ပရသ္မရဝိရောဓိနော်
ဂကျော် ဧကတြ နော ကတ္ဘ္မ် ကေနစိတ် သ္မသ္မစေတသာ။

(တတ္တသင်္ဂဟ–၁၇၃၀)

(သတ် စ၊ 'အရှိ' ဟူ၍လည်းကောင်း။ အသတ် စ၊ 'မရှိ' ဟူ၍ လည်းကောင်း။ ပရသ္မရဝိရုဒ္ဓံဟိ၊ အချင်းချင်း ဆန့်ကျင်သော သဘော သည်။ ဧကတော၊ တစ်ပေါင်းတည်း။ ကုတော။ အဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အဘာဝေါ စ၊ 'မရှိ' တရား ဟူ၍ လည်းကောင်း။ ဘာဝေါစ၊ 'အရှိ' တရား ဟူ၍လည်းကောင်း။ ဥဘယံ၊ နှစ်ပါးစုံ။ ကထံ ဘဝေတ်၊ အဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း။ တယေား၊ ထို 'ရှိ၊ မရှိ' တရား နှစ်မျိုးတို့၏။ ဧကတြ၊ တစ်နေရာတည်း၌။ အဿိတွံ၊ ရှိကောင်းသည့် သဘောသည်။ န၊ မသင့်လျော်ချေ။ အာလောက တမသေား၊ အလင်းနှင့်အမှောင် နှစ်မျိုးတို့၏။ ဧကတြ၊ တစ်နေရာတည်း ၌။ အဿိတွံ၊ ရှိကောင်းသည့် သဘောသည်။ န ယထာ၊ မသင့်လျော် သကဲ့သို့တည်း။

ပရသ္မရဝိရောဓိနော်၊ အချင်းချင်း ဆန့်ကျင်ကုန်သော။ ဝိဓာန ပြတိ သေဓော်၊ ရှိ မရှိ နှစ်မျိုးတို့ကို။ သ္မသ္မစေတသာ၊ မှုမှန်သော စိတ်ဓာတ်ရှိသော။ ကေနစိတ်၊ တစ်စုံတစ်ယောက်သည်။ ဧကတြ၊ တစ်နေရာတည်း၌။ ကတ္ဘ္မ်၊ ပြုခြင်းငှာ။ နော ဂကျော်၊ မတတ်ကောင်း ကုန်သည် သာတည်း။)

ပထမကောဋိနှင့် ဒုတိယကောဋိအရ အကြောင်းနှင့်အကျိုးတို့ကို တစ်ခု ...ည်း ယူလျှင်လည်း မသင့်ကြောင်း တွေ့ခဲ့ရသည်။ သီးခြားစီ ယူလျှင်လည်း ...သင့်ကြောင်း တွေ့ခဲ့ရသည်။ ထို့ကြောင့် အကြောင်းနှင့် အကျိုးတို့ကို တစ်ပေါင်း ...ည်း ပြု၍ ယူလျှင် ဖော်ပြပါ အပြစ်ဒေါသတို့မှ လွတ်ကင်းရာ၏ဟု ကြံ၍ ...တတိယကောဋိကို ယူခြင်း ဖြစ်ပါသည်။ ဤတတိယကောဋိအရ အကြောင်း ...အကျိုးတို့သည် တူသည့်အပိုင်း၌ တူ၍ မတူသည့်အပိုင်း၌ မတူသဖြင့် ...ခုတည်းလည်း ဟုတ်၏။ သီးခြားလည်း ဟုတ်၏ဟု ဆိုခြင်း ဖြစ်ပါသည်။ ...ဒကို ကြားထိုင်ဝါဒဟု သတ်မှတ်ပြီး ရှေးခေတ်ပညာရှင်များ ...



www.burmeseclassic.com

www.burmeseclassic.com



ကြခြင်း ဖြစ်ပါသည်။ ကြားထိုင်သဘောသည် လောကသစ္စာအနေဖြင့် မှန်ကန်သော်လည်း လောကလွန် သစ္စာအနေဖြင့်ကား မှန်ကန်ခြင်း မရှိပါချေ။

အသွင်သဏ္ဌာန်အားဖြင့် ဖြစ်စေ၊ အနှစ်သာရအားဖြင့် ဖြစ်စေ၊ အခြား တစ်မျိုးမျိုးအားဖြင့် ဖြစ်စေ တစ်ခုနှင့်တစ်ခု အချင်းချင်း ဆန့်ကျင်သော သဘော နှစ်မျိုးတို့ကို တစ်နေရာတည်း၌ တစ်မျိုးတည်းပြု၍ မရကောင်းဟု သတ်မှတ်ကြပါသည်။ အကယ်၍ တစ်မျိုးတည်း ရကောင်းသည်ဟု ယူလျှင်လည်း ထိုအယူသည် 'အထင်' မျှသာ ဖြစ်ပါသည်။ တကယ် 'အမှန်' မဟုတ်ပါ။ တစ်နည်းအားဖြင့် ဆိုရလျှင် 'ယာယီသစ္စာ' မျှသာ ဖြစ်ပါသည်။ 'ထာဝရသစ္စာ' မဟုတ်ပါ။ ဤနေရာ၌ 'ယာယီသစ္စာ' ဆိုသည်မှာ လောကသစ္စာ ဖြစ်ပါသည်။ 'ထာဝရသစ္စာ' ဆိုသည်မှာ လောကလွန်သစ္စာ၊ နောက်ဆုံးအဆင့်သစ္စာ ဖြစ်ပါသည်။ နောက်ဆုံးအဆင့် သစ္စာတွင် အနှစ်၊ အကာ သဘော မရှိ၊ အားလုံး တစ်မျိုးတည်း၊ တစ်စားတည်းသာ ရှိပါသည်။ အစိတ်အပေါင်း သဘောလည်း မရှိ။ အားလုံး တစ်သားတည်း၊ တစ်ခုတည်း သဘောသာ ရှိပါသည်။ ထိုသဘောတွင် ကာလသဘောလည်း မပါသဖြင့် ကာလကိုလည်း လွန်ပါသည်။ ဒေသ သဘောလည်း မပါသဖြင့် ဒေသကိုလည်း လွန်ပါသည်။ အခြေအနေ သဘောလည်း မပါသဖြင့် အခြေအနေကိုလည်း လွန်ပါသည်။ အရာဝတ္ထု သဘောလည်း မပါသဖြင့် အရာဝတ္ထုကိုလည်း လွန်ပါသည်။ သို့ဖြစ်လျှင် ထိုလောကလွန်သစ္စာသည် ကာလ၊ ဒေသ၊ အခြေအနေ၊ အရာဝတ္ထုတို့၏ အကူအညီဖြင့်သာ သိနိုင်သည့် **လောကသိ** (လောကဉာဏ)တို့၏ အလွန် သစ္စာတရားသာ ဖြစ်ပါသည်။ ထို့ကြောင့် အသွင်သဏ္ဌာန်အားဖြင့် ဖြစ်စေ၊ အနှစ်သာရအားဖြင့် ဖြစ်စေ၊အခြား တစ်မျိုးမျိုးအားဖြင့် ဖြစ်စေ၊ တစ်ခုနှင့်တစ်ခု အချင်းချင်း ဆန့်ကျင်သည့် သဘော နှစ်မျိုးကို တစ်နေရာတည်း၌ တစ်မျိုးတည်းပြု၍ မရကောင်းဟု ဆိုခြင်း ဖြစ်ပါသည်။ အကယ်၍ ဆန့်ကျင်သည့် သဘောနှစ်မျိုး ပါဝင်နေလျှင် ထိုတရားသည် တစ်ခုတည်း မဟုတ်ပါ။

**ယော ဝိရုဒ္ဓဓမ္မာဇ္ဈာသဝါန် နာသာဝေကး။**

(**ယော၊** အကြင်တရားသည်။ **ဝိရုဒ္ဓဓမ္မာဇ္ဈာသဝါန်၊** အချင်းချင်း ဆန့်ကျင်သည့် သဘောလက္ခဏာတို့ စုပေါင်း ပါဝင်ခြင်း ရှိ၏။ **အသော်** ထိုတရားသည်။ **န ဧကး၊** တစ်ခုတည်း မဟုတ်။)

တွေးခေါ်မြော်မြင်မှု သဘောတရားအနေဖြင့် ဤတတိယကောင်ရီအရ အနှစ်သာရကို ပဓာနပြု၍ အသွင်သဏ္ဌာန်ကို အပဓာနပြုပြီးလျှင် အကြောင်းနှင့် အကျိုးတို့သည် အနှစ်သာရအားဖြင့် တစ်ခုတည်း ဖြစ်သည်။ အသွင်သဏ္ဌာန်





အားဖြင့်မူ သီးခြားစီ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် အနှစ်သာရ နှင့် အသွင်သဏ္ဌာန်တို့သည် တစ်ခုအပေါ်တစ်ခု အချင်းချင်း အမှီသဟဲ ပြုနေကြသည်ဖြစ်ရာ အနှစ်သာရ က ပဓာနကျသည်။ အသွင်သဏ္ဌာန်က အပဓာနကျသည်ဟု မည်သို့ ဆိုနိုင်ပါမည်နည်း။ ပဓာနကျသည် ဆိုသည်မှာ မရှိလျှင် မဖြစ် ဟူသော အဓိပ္ပာယ်ကိုဆောင်၍ အပဓာနကျသည် ဆိုသည်မှာ မရှိလျှင်လည်း ဖြစ်သည်ဟူသော အဓိပ္ပာယ်ကို ဆောင်ပါသလော။ အမှန်အားဖြင့် အနှစ်သာရနှင့် အသွင်သဏ္ဌာန်တို့သည် တစ်ခုမရှိလျှင် တစ်ခုမရှိနိုင်သော သဘောချည်း ဖြစ်ရာ မည်သည်က ပဓာနကျ၍ မည်သည်က အပဓာနကျသည်ဟု မည်သို့လျှင် ဆိုနိုင်ပါအံ့နည်း။ ထို့အပြင် အပြိုင်ပဓာနကျသည်ဟု ဆိုလျှင်လည်း ယင်းအဆိုသည် လောကအဆိုသာ ဖြစ်ပါသည်။ ဒဿနအဆို မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဒဿနသဘောတရားအရ အဆုံးစွန် အဆင့်ရှိ တရားဟူသမျှသည် နှစ်မျိုးမပြား (အဒွယ) တစ်မျိုးတည်းသာ ရှိကောင်းသောကြောင့် ဖြစ်ပါသည်။

အကြောင်းနှင့်အကျိုးသည် အနှစ်သာရအားဖြင့် နှစ်မျိုးမပြား (အဒွယ) တစ်မျိုးတည်းသာဖြစ်ပြီး အသွင်သဏ္ဌာန်အားဖြင့်သာ အမျိုးမျိုး ဖြစ်တတ်ကြောင်း ... ရပါသည်။ အသွင်သဏ္ဌာန်တစ်မျိုးကို ယူခိုက် အခြားအသွင်သဏ္ဌာန် တစ်မျိုး ... ယူနိုင်သဖြင့် အနှစ်သာရသည် အသွင်သဏ္ဌာန်မရှိဘဲ တည်ရှိသည်။ သို့ဖြစ်၍ အနှစ်သာရကို ပဓာန၊ အသွင်သဏ္ဌာန်ကို အပဓာနဟု ဆိုခြင်းဖြစ်ကြောင်း ငြင်းဆို... သည်။ ထိုငြင်းဆိုချက်အတိုင်း အကြောင်းတရားသည် မိမိအနေဖြင့် ပြီးပြည့်စုံမှု (နိပ္ဖန္န) ဖြစ်ရိုးမှန်လျှင် အသွင်သဏ္ဌာန် တစ်မျိုးမဟုတ် တစ်မျိုးကို ယူရာ၌ ...ပ္ပာယ်မဲ့ကို ဆောင်ရွက်ရာ မရောက်ပါသလော။ အဓိပ္ပာယ်မဲ့ကို ဆောင်ရွက်ရာ ရောက်ပါဟု ဆိုလျှင် အနှစ်သာရသည် မိမိချည်း မပြည့်စုံမှု (အနိပ္ဖန္န) သဘော ... ရောက်၍ အနှစ်သာရကလည်း သီးခြား အပဓာန၊ အသွင်သဏ္ဌာန်ကလည်း ...ခြား အပဓာနဖြစ်ပြီး မိမိတို့ချည်းဆိုလျှင် မပြည့်စုံမှု (အနိပ္ဖန္န) သဘောချည်း ဖြစ်ကြပါသည်ဟု ဆိုရာ မရောက်ပါသလော။ သို့ဖြစ်လျှင် မိမိတို့ နှစ်မျိုးလုံး ...သဟဲ ပြုရန်အတွက် အခြားပဓာန ဝတ္ထုတစ်မျိုးကိုရရန် လိုအပ်လာပြန်ပါ... ၊ ထိုပဓာနဝတ္ထုသည်လည်း အနှစ်သာရလော၊ အသွင်သဏ္ဌာန်သလော ဟု ...ရန် လိုအပ်လာပြန်ပါသည်။ ဤနည်းအားဖြင့် ပဓာနဝတ္ထုကို ရှာဖွေခြင်း ... မဆုံး မိုးမဆုံး ဖြစ်ပါလေသည်။ ထို့ကြောင့် အကြောင်းအကျိုးသည် ...ကောင်ရီအရ စိစစ်ကြည့်သောအခါ လောကသစ္စာ အနေဖြင့်သာ ... ဆုံး လောကလွန်သစ္စာအနေဖြင့် တကယ်မရှိကြောင်း ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## စတုတ္ထ ကောဋိ

စတုတ္ထကောဋိမှာ အကြောင်းနှင့်အကျိုးသည် တစ်ခုတည်းလည်း မဟုတ်၊ သီးခြား[...] လည်း မဟုတ် ဟူသောအယူ ဖြစ်ပါသည်။ ယင်းအယူကို အညာဏဝါဒ ဟူ[...] လည်းကောင်း၊ သံသယဝါဒ ဟူ၍လည်းကောင်း ခေါ်ကြပါသည်။ ဗုဒ္ဓ[...] ပိဋကတ်စာပေများတွင် အမရာဝိက္ခေပဝါဒဟု ခေါ်ပြီး သဉ္စယဗေလဋ္ဌပုတ္တကို[...] က လက်ခံကျင့်သုံးပါသည်။ ဤဝါဒအရ လောကရှိ အရာဝတ္ထုတို့သ[...] အကြောင်းနှင့်အကျိုး ဟူ၍ အတိအကျ သတ်မှတ်ခြင်းမရှိဘဲ ဖြစ်ချင်သလို ဖြစ်[...] သည်ဟု ဆိုရာရောက်သဖြင့် လောကလွန် သစ္စာအနေဖြင့် အထူး စိစစ်ရန်[...] မလိုတော့ချေ။ သို့ရာတွင် လောကသစ္စာအနေဖြင့်ကား ဤဝါဒသည်လည်[...] ထင်ရှားသော ဝါဒတစ်ရပ်ပင် ဖြစ်ပါသည်။

စတုကောဋိအရ အကြောင်းအကျိုးသဘောကို လောကလွန်အဆင့်[...] စိစစ်ကြည့်သောအခါ အကြောင်းအကျိုးသည် လောကသစ္စာအနေဖြင့်သာ ရှိ[...] လောကလွန်သစ္စာအနေဖြင့် တကယ်မရှိကြောင်း ဆိုကြပါသည်။ အကြော[...] အကျိုးသဘောနှင့် ပတ်သက်၍ ဒဿနပညာရှင်တို့၏ အဆိုကို ဤသို့ တွေ့[...] ပါသည်။

**ဧကီဘာဝေန ဝါ သိဒ္ဓိး နာနာဘာဝေန ဝါ ယယေား၊**
**န ဝိဒျတေ တယေား သိဒ္ဓိး ကထံ နု ခလု ဝိဒျတေ။**

(မာဓျမိကကာရိကာ—၂[...]

**သဟာနျောနျေန ဝါ သိဒ္ဓိး ဝိနာနျောနျေန ဝါ ယယေား**
**န ဝိဒျတေ၊ တယေား သိဒ္ဓိး ကထံ နု ခလု ဝိဒျတေ။**

(မာဓျမိကကာရိကာ—၁[...]

(ယယေား၊ အကြင် အကြောင်းအကျိုးတို့၏။ **ဧကီဘာဝ**[...] **ဝါ**၊ တစ်ခုတည်းအဖြစ်ဖြင့် လည်းကောင်း။ **နာနာဘာဝေန ဝါ**၊ သီးခြာ[...] အဖြစ်ဖြင့် လည်းကောင်း။ **သိဒ္ဓိး**၊ ပြီးစီးခြင်းသည်။ **နဝိဒျတေ**၊ မ[...] **တယေား**၊ ထိုအကြောင်းအကျိုးတို့၏။ **သိဒ္ဓိး**၊ ပြီးစီးခြင်းသည်။ **ခ**[...] စင်စစ်အားဖြင့်။ **ကထံ နု**၊ အဘယ်သို့လျှင်။ **ဝိဒျတေ**၊ ရှိနိုင်ပါအံ့န[...]

**ယယေား**၊ အကြင် အကြောင်းအကျိုးတို့၏။ **အနျောနျေ**[...] အချင်းချင်းနှင့်။ **သဟ ဝါ**၊ အတူတကွလည်းကောင်း။ **အနျောနျေ**[...] အချင်းချင်းနှင့်။ **ဝိနာ ဝါ**၊ ကင်း၍လည်းကောင်း။ **သိဒ္ဓိး**၊ ပြီးစီးခြင်းသ[...] **န ဝိဒျတေ**၊ မရှိ။ **တယေား**၊ ထိုအကြောင်းအကျိုးတို့၏။ **သိဒ္ဓိး**၊ ပြီးစီ[...]





သည်။ **ခလု**၊ စင်စစ်အားဖြင့်။ **ကထံနု**၊ အဘယ်သို့လျှင်။ **ဝိဒျတေ**၊ ရှိနိုင်ပါအံ့နည်း။)

## ကာလ

[...]လောကသိ၏ အခြေအရံများတွင် ကာလနှင့် ဒေသသည်လည်း အရေးကြီးသော [...]န်းက ပါဝင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကာလ၊ ဒေသနှင့် အရာဝတ္ထုတို့ [...]ပါဝင်ဘဲ လောကသိ ဟူ၍ မရှိကောင်းသောကြောင့် ဖြစ်ပါသည်။ ယင်း ကာလ၊ [...]ဒေသနှင့် အရာဝတ္ထုတို့တွင် အရာဝတ္ထုနှင့် ပတ်သက်၍ ဤသို့ ဆိုကြပါသည်။ [...]ဝတ္ထုမှန်သမျှသည် အကြောင်းသော်လည်း ဖြစ်ရပါမည်။ အကျိုးသော်လည်း [...]ရပါမည်။ အကြောင်းအကျိုးမှ အလွတ်ဖြစ်သော အရာဝတ္ထု ဟူ၍ ဤလောက [...]ရှိကောင်းပါချေ။ သို့ရာတွင် အကြောင်းအကျိုး သဘောကို စိစစ်ကြည့်သော [...]ခါ လောကသစ္စာ အနေဖြင့်သာ ရှိပြီး လောကလွန် သစ္စာအနေဖြင့် မရှိကြောင်း [...]ကြပါသည်။ ထို့ကြောင့် အကြောင်းအကျိုး သဘောသည် လောကလွန် သစ္စာ [...]ဖြင့် မရှိခဲ့သော် အကြောင်းအကျိုး နှစ်မျိုးတွင် တစ်မျိုးမျိုး ဖြစ်ရမည်ဖြစ်သော [...]ရာဝတ္ထုသည်လည်း လောကလွန်သစ္စာ အနေဖြင့် အမှန် မရှိကောင်းဟု ဆိုအပ် [...]သည်။

ကာလသည် လောက သို့မဟုတ် လောကတွင်းရှိ အရာဝတ္ထုကို ဖြစ်ပေါ် [...]စေတတ်သော၊ တည်စေတတ်သော၊ ပျက်စေတတ်သော သဘောတစ်ခု ဖြစ်သည် [...] ဆိုကြပါသည်။ ထို့အပြင် ကာလသည် မပြောင်းလဲဘဲ တစ်သမတ်တည်း၊ [...]သားတည်းရှိသော သဘော ဖြစ်သည်ဟုလည်း ဆိုကြပါသည်။ အမှန်အားဖြင့် [...]ကသစ္စာအရ ဤလောကနှင့်တကွ လောကရှိ အရာရာတိုင်းသည် ကာလ၏ [...]အောက်ခံများသာ ဖြစ်ကြပါသည်။ ကာလကြောင့် နုပျိုလန်းဆန်းခြင်း၊ [...]ရင့်ရော်ခြင်းတို့ ဖြစ်ကြရပါသည်။ ကာလကြောင့် ဖြစ်ခြင်း၊ တည်ခြင်း၊ [...]ခြင်းတို့ ဖြစ်ကြရပါသည်။ ထို့ကြောင့် ကာလသည် ပြောင်းလဲခြင်း၏ မဏ္ဍိုင် [...]သည်ဟု သတ်မှတ်ကြပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ကာလသည် [...]ကြောင်းအကျိုး နှစ်မျိုးတွင် အကြောင်းတရား ဖြစ်ပါသည်။

ထိုသတ်မှတ်ချက်အတိုင်း ကာလသည် အမှန်ပင် အကြောင်း[...] [...] သလော။ ကာလသည် မပြောင်းလဲဘဲ တစ်သမတ်တည်း၊ တစ်သားတည်း [...]သည့် အကြောင်းအရာ ဖြစ်ရိုးမှန်လျှင် ကာလကြောင့် ဖြစ်ပေါ်ရသည့် အရာ[...] [...]တို့သည်လည်း မပြောင်းလဲဘဲ တစ်သမတ်တည်း၊ တစ်သားတည်း ဖြစ်[...] [...]။ သို့ရာတွင် ကျွန်ုပ်တို့ မျက်မှောက်၌ တွေ့မြင်နေရသည့် အရာ[...]



www.burmeseclassic.com

www.burmeseclassic.com



များကား ပြောင်းလဲနေကြပါသည်။ တစ်သမတ်တည်း ဖြစ်မနေကြပါ။ တစ်သား တည်း ဖြစ်မနေကြပါ။ မီးကြောင့် ပူလောင်ရခြင်း ဖြစ်ရာ၌ မီး တည်းဟူသော အကြောင်းတရား ရှိနေသမျှ ကာလပတ်လုံး ပူလောင်ခြင်းတည်းဟူသော အကျိုး တရား ရှိနေရမည်သာ ဖြစ်ပါသည်။ မီး တည်းဟူသော အကြောင်းတရား မရှိသော အခါမှသာ ပူလောင်ခြင်းတည်းဟူသော အကျိုးတရား မရှိဘဲ ဖြစ်နိုင်ပါသည်။ ဤမျက်မြင် အတွေ့အကြုံအရ ကာလသည် ဖြစ်စေတတ်သော အကြောင်းတရား ဖြစ်ရိုးမှန်လျှင် အကျိုးတရားတို့သည် တစ်သမတ်တည်း ဖြစ်နေရမည်သာ ဖြစ်ပါ သည်။ အိုမင်းရင့်ရော်ခြင်း၊ ပျက်စီးခြင်းတို့ ဖြစ်ကြလိမ့်မည် မဟုတ်ပါ။ အိုမင်း ရင့်ရော်ခြင်း၊ ပျက်စီးခြင်းတို့ ဖြစ်ကြရသည်မှာ ဖြစ်စေတတ်သော အကြောင်း တရား မရှိသောကြောင့်သာ ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ကာလသည် ရှိသည့် အခါရှိ၍ မရှိသည့်အခါ မရှိဟု ဆိုရာရောက်ပါသည်။ သို့ဖြစ်လျှင် ကာလသည် ထာဝစဉ် အမြဲရှိနေသည့်တရား မဟုတ်တော့ပါ။ ကာလအပေါ် အကြောင်းအကျိုး သတ်မှတ်ချက်နှင့် ပတ်သက်၍ ဒဿနပညာရှင်များက ဤသို့ ဆိုကြပါသည်။

**ဥပ္ပန္နေ သာသ္သတာတ် ဘာဝါတ် ကထံ အသာသ္သတော**
**ဘဝေတ်၊ ဝဲလက္ခဏျံ ဒွယေား ဟေတုဖလယေား ဓာတု နေပျတေ။**

(**သာသ္သတာတ်**၊ အမြဲတည်ရှိသော။ **ဘာဝေါတ်**၊ တရားမှ။ **ဥပ္ပန္န** ဖြစ်ပေါ်လာသော။ **ဘာဝေါ**၊ တရားသည်။ **အသာသ္သတော**၊ အ မတည်ရှိသည်။ **ကထံ ဘဝေတ်**၊ အဘယ်သို့လျှင် ဖြစ်နိုင်ပါအံ့နည်း **ဒွယေား**၊ နှစ်ခုကုန်သော။ **ဟေတုဖလယေား**၊ အကြောင်းအကျိုးတို့၏ **ဝဲလက္ခဏျံ**၊ အချင်းချင်း မတူသည့် သဘောကို။ **ဓာတု**၊ စင်စစ်။ ဣပျတေ၊ အလိုမရှိအပ်။)

(စတုသာတက–

ထို့အပြင် ကာလကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍လည်း ခွဲခြား စိတ်ဖြာကြ၏။ အမှန်အားဖြင့် ယင်းတို့သည် တစ်ခုနှင့်တစ်ခု အချင်းချင်း အမှီပြု တည်ရှိနေကြခြင်း ဖြစ်၏။ သို့ဖြစ်လျှင် ပစ္စုပ္ပန်နှင့် အနာဂတ်တို့သည် အတိတ် အတွင်း၌ ရှိကြရာ ရောက်၏။ အဘယ့်ကြောင့်ဆိုသော် ပစ္စုပ္ပန်သည် အတိတ် အမှီပြု၍ ရှိပြီး၊ အနာဂတ်သည် ပစ္စုပ္ပန်ကို အမှီပြု၍ ရှိခြင်းကြောင့် ဖြစ်ပါသည် ဤသို့ ပစ္စုပ္ပန်နှင့် အနာဂတ်တို့သည် အတိတ် အတွင်း၌ ရှိနေကြလျှင် ပစ္စုပ္ပန် အနာဂတ်တို့ကို အတိတ်မှ မည်သို့ ခွဲခြား၍ သိနိုင်ပါမည်နည်း။ အကယ် ပစ္စုပ္ပန်နှင့် အနာဂတ်တို့သည် အတိတ်အတွင်း၌ မရှိဟု ဆိုပါလျှင် ယင်းပစ္စုပ္ပန် အနာဂတ်တို့သည် အတိတ်ကို မည်သို့ အမှီပြု၍ ရှိလာပါသနည်း။ အမှီမပြု





ည်ရှိလာသည်ဟု ဆိုလျှင်လည်း ယင်းအဆိုသည် သာမန် လောကအဆိုသာ ဖြစ်ပါသည်။ ဒဿနအဆို မဟုတ်ပါ။ ထို့အပြင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ခွဲခြားဘဲ ကာလကို သိ၍လည်း မရပါ။ ထို့ကြောင့် ကာလ ဟူသည် လောက သိ၏ အခြေအရုံသာဖြစ်၍ လောကသစ္စာ အနေဖြင့်သာ ရှိကောင်း ပါသည်။ လောကလွန်သိ၏ အခြေအရုံ မဟုတ်၍ လောကလွန်သစ္စာ အနေဖြင့် မရှိကောင်း ။ ဤ ကာလနှင့် ပတ်သက်၍ ဆိုကြသော ဒဿနပညာရှင်တို့၏ အဆိုအမိန့်ကို ဤသို့ ဖော်ပြအပ်ပါသည်။

**ပြတျုတ္ပန္နော နာဂတော စ ယဒိ အတီတံ အပေက္ချ ဟိ၊**
**ပြတျုတ္ပန္နော နာဂတော စ ကာလေ တီတေ ဘဝိသျတး။**

(စတုသတက–၁၁၁)

**ပြတျုတ္ပန္နော နာဂတော စ နဿ္သး တတြ ပုနး ယဒိ၊**
**ပြတျုတ္ပန္နော နာဂတော စ သျာတာံ ကထံ အပေက္ချတံ။**

(မာဓျမိကကာရိကာ–၁၉၊၂)

**အနပေက္ချ ပုနး သိဒ္ဓိး နာတီတံ ဝိဒျတေ တယေား၊**
**ပြတျုတ္ပန္နော နာဂတောစ တသ္မာတ် ကာလော နဝိဒျတေ။**

(မာဓျမိကကာရိကာ–၁၉၊၃)

**အပြတီတျာသ္တိကာ နာသ္တိ ကဒါစိတ် ကသျစိတ် ကွစိတ်၊**
**န ကဒါစိတ် ကွစိတ် ကောစိတ် ဝိဒျ တေ တေန သာသ္သတော။**

(စတုသတက–၉၊၂)

(**ယဒိ ဟိ**၊ အကယ်၍သာလျှင်။ **ပြတျုတ္ပန္နော စ**၊ ပစ္စုပ္ပန်သည် လည်းကောင်း။ **အနာဂတော စ**၊ အနာဂတ်သည်လည်းကောင်း။ **အတီတံ**၊ အတိတ်ကို။ **အပေက္ချ**၊ အမှီပြု၍။ **သျာတာမ်**၊ ဖြစ်ကုန်ငြားအံ့။ **ပြတျုတ္ပန္နော**၊ ပစ္စုပ္ပန်ဖြစ်သော။ **ကာလော စ**၊ ကာလသည် လည်းကောင်း။ **အနာဂတော**၊ အနာဂတ်ဖြစ်သော။ **ကာလော စ**၊ ကာလသည် လည်း ကောင်း။ **အတီတေ**၊ အတိတ်အတွင်း၌။ **ဘဝိသျတး** ဖြစ်ကုန်ရာ၏။

**ပြတျုတ္ပန္နော**၊ ပစ္စုပ္ပန်သည်လည်းကောင်း။ **အနာဂတော စ** အနာဂတ်သည် လည်းကောင်း။ **တတြ**၊ ထို အတိတ်အတွင်း၌။ **ပုနး** တစ်ဖန်။ **ယဒိ နဿ္သး**၊ အကယ်၍ မဖြစ်ကုန်ငြားအံ့။ **ပြတျုတ္ပန္နော စ** ပစ္စုပ္ပန်သည် လည်းကောင်း။ **အနာဂတော စ**၊ အနာဂတ်သည် လည်း ကောင်း။ **တံ**၊ ထိုအတိတ်ကို။ **အပေက္ချ**၊ အမှီပြု၍။ **ကထံ သျာတာမ်** အဘယ်သို့လျှင် ဖြစ်နိုင်ပါအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



တယောႏ၊ ထိုပစ္စုပ္ပန်အနာဂတ်တို့၏။ ပုန၊ တစ်ဖန်။ **အတီတံ** အတိတ်ကို။ **အနုပေက္ခ**၊ အမှီမပြုမူ၍။ **သိဒ္ဓိ**၊ ပြီးပြည့်စုံခြင်းသည် **န ဝိဇ္ဇတေ**၊ မရှိ။ **တသ္မာတိ**၊ ထို့ကြောင့်။ **ပြတျုတ္ပန္နော**၊ ပစ္စုပ္ပန်ဖြစ်သော **ကာလော စ**၊ ကာလသည် လည်းကောင်း။ **အနာဂတော**၊ အနာဂတ် ဖြစ်သော။ **ကာလော စ**၊ ကာလသည်လည်းကောင်း။ **န ဝိဇ္ဇတေ**၊ မရှိ။

**အပြတိတျ**၊ တစ်စုံတစ်ခုကို အမှီ မပြုမူ၍။ **ကသ္မစိတ်**၊ တစ် တစ်ခု၏။ **အသ္တိတာ**၊ ရှိသည်၏ အဖြစ်သည်။ **ကဒါစိတ်**၊ မည်သည့် အခါမျှ။ **ကွစိတ်**၊ မည်သည့်နေရာ၌မျှ။ **နာသ္တိ**၊ မရှိသည်သာတည်း **တေန**၊ ထို့ကြောင့်။ **သာသွတော**၊ အမြဲတည်ရှိသော။ **ကောစိတ်** တစ်စုံတစ်ခုသော တရားသည်။ **ကဒါစိတ်**၊ မည်သည့်အခါမျှ။ **ကွစိတ်** မည်သည့်နေရာ၌မျှ။ **န ဝိဇ္ဇတေ**၊ မရှိသည်သာတည်း။)

## ဒေသ

ဒေသသည်လည်း လောကသိ၏ အခြံအရံတွင် ကာလနည်းတူ အရေးပါသည် သာ ဖြစ်၏။ ဤနေရာ၌ အာကာသကိုလည်း ဒေသတွင် ထည့်သွင်း၍ ယူအ ပါသည်။ အမှန်အားဖြင့် ဒေသဟူသည်မှာ အရာဝတ္ထုတို့၏ တည်ရာသာ ဖြစ်ပါသည်။ သဒ္ဒါဝေါဟာရဖြင့် ဆိုရလျှင် ဖြစ်ပျက် (ကြိယာ) တို့၏ အစဉ်ကို ကာလဟု ခေါ်၍ အရာဝတ္ထု (နာမ်) တို့၏ အစဉ်ကို ဒေသဟု ခေါ်ပါသည် ယင်းဒေသသည် အရာဝတ္ထု အားလုံးတို့၏ တည်ရာဖြစ်သဖြင့် အားလုံး ပျံ့နှံ့ တည်ရှိသည်ဟု ဆိုပါသည်။ ထို့အပြင် ဒေသသည် နိစ္စအကြောင်းတရား ဖြစ်သ ဟုလည်း ဆိုပါသည်။ နိစ္စအကြောင်းတရားဟူသည် အားလုံးပျံ့နှံ့၍ တည်ရှိခြ (သဗ္ဗဗျာပီ)၊ အစိတ်အပေါင်းသဘော မရှိခြင်း (အပရဒေသီ) အင်္ဂါနှင့် ပြည့်စုံသ တရားမျိုး ဖြစ်ပါသည်။

လောကမျက်မြင်အားဖြင့် ဒေသ၌ အစိတ်အစိတ်များ ပါဝင်ကြောင် တွေ့ရပါသည်။ အိုး၏နေရာ၊ ပုဆိုး၏နေရာ စသည်ဖြင့် ကွဲပြားမှုမျိုး ဖြစ်ပါသည် အိုး၊ ပုဆိုး စသည့် အရာဝတ္ထုတို့သည် အချင်းချင်း ကွဲပြားသဖြင့် ယင်းတို့ နေရာများသည်လည်း အချင်းချင်း ကွဲပြားကြပါသည်။ဤသည်မှာ လော မျက်မြင် ဖြစ်ပါသည်။ ဒဿနအမြင်အားဖြင့်ဆိုလျှင် အရာဝတ္ထုအားလုံး သည်ပင် ဒေသ ဖြစ်ပါသည်။ တည်ရာမရှိဘဲ တည်တတ်သော အရာဝတ္ထု မရှိကောင်းသောကြောင့် ပရမာဏုမြူမှုန်များ စုဝေးပြီး အရာဝတ္ထုများအဖြ တည်ရှိနေခြင်းကပင် မိမိတို့ကိုယ်တိုင် ဒေသဖြစ်ကြောင်း ဖော်ပြနေပါသည်





တစ်နည်းအားဖြင့် ဆိုရလျှင် တည်ရာနှင့် တည်တတ်သော အရာဝတ္ထုတို့သည် အဆင်အားဖြင့် နှစ်မျိုးဖြစ်သော်လည်း အမှန်အားဖြင့် တစ်မျိုးတည်းသာ ဖြစ်ပါ သည်။ ဤသို့ ဒဿနပညာရှင်များက ဆိုကြပါသည်။ ဤအဆိုအတိုင်းပင် စိစစ် ကြည့်သောအခါ အရာဝတ္ထုမှန်သမျှသည် လောကလွန်သစ္စာအနေဖြင့် တကယ် မရှိသောကြောင့် ယင်းတို့၏ တည်ရာဒေသသည်လည်း လောကလွန် သစ္စာအနေ ဖြင့် တကယ်မရှိကြောင်း လက်ခံရမည် ဖြစ်ပါသည်။

ဖြစ်ပျက် (ကြိယာ) တို့၏ အစဉ်မှတစ်ပါး ကာလဟူသည် မရှိကောင်း သကဲ့သို့ ဖြစ်တတ် ပျက်တတ်သော အရာဝတ္ထု (နာမ်) တို့၏ အစဉ်မှတစ်ပါ ဒေသ ဟူသည်လည်း မရှိကောင်းပါချေ။ သို့ရာတွင် ဖြစ်ပျက်အစဉ်နှင့် ကင်း၍ လည်းကောင်း၊ ဖြစ်တတ်ပျက်တတ်သော အရာဝတ္ထုအစဉ်နှင့် ကင်း၍ လည်း ကောင်း လောကသိသည် မဖြစ်ပေါ်နိုင်ပါချေ။ ထို့ကြောင့် **လောကသိ** ဟူသည် တကယ်မရှိသည့် ကာလ၊ ဒေသ၊ အရာဝတ္ထုတို့ဖြင့် ပုံဖော်ထားသည့် အဝိဇ္ဇာသာ ဖြစ်ပါသည်၊ ယင်း **အဝိဇ္ဇာ**သည် မိမိကိုယ်တိုင်က လောကတွင်း အသိကိုသာ သိနိုင်ပါလျက် လောကလွန် အသိကို သိဘိသကဲ့သို့ စွဲမြဲစွာ ယုံကြည်တတ်ပါ သည်။ ခံယူတတ်ပါသည်။ ဤသည်ကိုပင် မာယာဟု ဆိုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

## တိတ္ထိယဆရာကြီး ခြောက်ယောက်

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူသည့် ကာလအထိ အထွေထွေသော အယူဝါဒများကို တွေးခေါ်ခဲ့ကြ၏။ ထိုအယူဝါဒများကို အကျဉ်းချုံး၍ ဆိုရလျှင် အယူဝါဒ လေးမျိုးသာ ဖြစ်ပါသည်။ ထို အယူဝါဒ လေးမျိုးတို့မှာ–

(၁) အတ္တ ရှိသည်၊

(၂) အတ္တ မရှိ၊

(၃) အတ္တ ရှိသည်လည်း ဟုတ်၏၊ မရှိသည်လည်း ဟုတ်၏၊

(၄) အတ္တရှိသည် ဟူ၍လည်း မဆိုအပ်၊ မရှိ ဟူ၍လည်း မဆိုအပ် ဟူသည်တို့ပင် ဖြစ်ပါသည်။ ထိုအယူဝါဒ လေးရပ်ကို အကျယ်ချဲ့လိုက်လျှင် ၆၂ ပါးသော အယူဝါဒများ ဖြစ်လာကြောင်း ဒီဃနိကာယ် ဗြဟ္မဇာလသုတ်၌ ဟောထားသည်ကို တွေ့ရပါသည်။ ထို ၆၂ ပါးသော အယူဝါဒများကို တည်ထောင်သူ ဂိုဏ်းဆရာကြီးများအနက် ထင်ရှားသော ဂိုဏ်းဆရာကြီး ခြောက်ယောက်တို့ကို ဗုဒ္ဓစာပေများ၌ ဖော်ပြထားသည်ကို တွေ့ရပါသည်။ ဂျိန်းစာပေများ၌လည်း ဖော်ပြထားသည်ဟု ဆိုပါသည်။ ထိုဂိုဏ်းဆရာကြီး ခြောက်ယောက်တို့၏ ဝါဒများမှာ ဤသို့ ဖြစ်ကြပါသည်။



### (၁) ပူရဏ ကဿပ

ပူရဏကဿပသည် ထင်ရှားသော ဂိုဏ်းဆရာကြီးတစ်ဦး ဖြစ်ပါသည်။ ပူရဏကဿပ၏ ဂုဏ်သတင်းနှင့် ပတ်သက်၍ အဇာတသတ်မင်းကြီး၏ အမတ်တစ်ယောက်က အဇာတသတ်မင်းကြီးအား ဤသို့ လျှောက်ထားဖူးကြောင်း ဒီဃနိကာယ် သာမညဖလသုတ် ၌ တွေ့ရပါသည်။

မင်းမြတ်၊ ဤ ပူရဏကဿပသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒ တီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းပါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရွေး မီ၏။ အဆုံးအစွန်သို့ ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထို ပူရဏကဿပကို ဆည်းကပ်တော်မူပါ။ ပူရဏကဿပကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏။

ပူရဏကဿပသည် ထင်ရှားသော ဂိုဏ်းဆရာတစ်ဦး ဖြစ်သော်လည်း ၎င်း၏ ဝါဒဆိုင်ရာ စာပေများကို သီးခြား တွေ့မြင်နိုင်ခြင်း မရှိတော့ပါချေ။ ဗုဒ္ဓစာပေများ၌သာ တွေ့ရ၏။ ဂျိန်းစာပေများ၌လည်း တွေ့ရသည်ဟု ဆိုကြ၏။ အနှစ်အားဖြင့် ပူရဏကဿပသည် 'အသင်္ခေ အယံ ပုရိသော=ဤအတ္တသည် ကုသိုလ်ကံ အကုသိုလ်ကံတို့နှင့် ငြိကပ်ခြင်းမရှိ' ဟူသော အယူကို ယူသူဖြစ်၏။ အကိရိယ (အကြိယ) ဝါဒ၌ ယုံကြည်သူ ဖြစ်၏။ ပူရဏကဿပ၏ ဝါဒအရ သတ္တဝါတိုင်း၌ အတ္တရှိ၏။ ထိုအတ္တသည် အာကာသနှင့် တူ၏။ အရာဝတ္ထုတိုင်း၌ အာကာသ ရှိ၏။ အာကာသကို ညစ်ညမ်းသော အရာဝတ္ထုတို့ဖြင့် ပိတ်ဆို့ ဝန်းရံထားသော်လည်း အာကာသသည် မညစ်ညမ်း။ ညစ်ညမ်းမှုသည် အာကာသ၏အပြစ် မဟုတ်။ အာကာသသည် မည်သည့် အရာဝတ္ထုတို့ဖြင့် ပိတ်ဆို့ဝန်းရံ ထားစေကာမူ အာကာသချင်း သဘောအားဖြင့် အတူတူပင် ဖြစ်၏။ ထိုနည်းအတူပင် အတ္တသည် မည်သည့်ခန္ဓာတို့ဖြင့် ပိတ်ဆို့ဝန်းရံထားစေကာမူ အတ္တချင်း သဘောအားဖြင့် အတူတူပင် ဖြစ်၏။ ထို့ကြောင့် အတ္တကို အကြောင်းပြု၍ သတ္တဝါတိုင်းသည် အယုတ်၊ အလတ်၊ အမြတ် မရှိ၊ အားလုံး အတူတူပင် ဖြစ်၏။ သတ္တဝါတိုင်းကို ထပ်တူထပ်မျှ သဘောထားအပ်၏။ ဆက်ဆံအပ်၏။ အာကာသနှင့် အာကာသ မဟုတ်သော တရားကို ခွဲခြား၍ သိအပ်သကဲ့သို့ အတ္တနှင့် အတ္တ မဟုတ်သော ကုသိုလ်၊ အကုသိုလ်ကို ခွဲခြား၍ သိအပ်၏။ ဤသို့ သိခြင်းသည်ပင် 'ဝိဝေကဉာဏ်' မည်၏။ ဝိဝေကဉာဏ်သည် သံသရာမှ လွတ်မြောက်ခြင်း၏ အကြောင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အတ္တသည်သာ မဖောက်ပြန်သော ပရမတ္ထသစ္စာတရား ဖြစ်၏။ ကုသိုလ်၊ အကုသိုလ်တို့သည်ကား မဖောက်ပြန်သော ပရမတ္ထသစ္စာတရား မဟုတ်။ လူတို့ သတ်မှတ်ချက်သာ ဖြစ်၏။ အတ္တ၏ အနှောင်အဖွဲ့သာ ဖြစ်၏။ သမ္မုတိသစ္စာ တရားသာ ဖြစ်၏။ လူတို့က ကုသိုလ်ဟု သတ်မှတ်လျှင် ကုသိုလ်ဖြစ်၏။ အကုသိုလ်ဟု သတ်မှတ်လျှင် အကုသိုလ် ဖြစ်၏။ လောက အတွေ့အကြုံအရ လုယက်ယုငင်၍လည်း စီးပွားဥစ္စာ ဖြစ်ထွန်း၏။ လိမ်ညာ ကောက်ကျစ်၍လည်း ရာထူးရာခံ မြင့်မား၏။ စီးပွားဥစ္စာ ဖြစ်ထွန်းခြင်း၊ ရာထူးရာခံ မြင့်မားခြင်းကို ကုသိုလ်၏အကျိုးဟု လူတို့က သတ်မှတ်၏။ လုယက် ယုငင်ခြင်း၊ လိမ်ညာ ကောက်ကျစ်ခြင်းကို အကုသိုလ်ဟု လူတို့က သတ်မှတ်၏။ ဤအတွေ့အကြုံအရ သုံးသပ်လျှင် စီးပွားဥစ္စာ ဖြစ်ထွန်းခြင်း၊ ရာထူးရာခံ မြင့်မားခြင်းတို့သည် ကုသိုလ်၏အကျိုး မှန်ပါက ယင်း၏ အကြောင်းဖြစ်သော လုယက်ယုငင်ခြင်းနှင့် လိမ်ညာ ကောက်ကျစ်ခြင်းတို့သည် ကုသိုလ်ပင် ဖြစ်ရပေမည်။ သို့ရာတွင် ကုသိုလ် ဖြစ်သည် ဟု လူတို့က မသတ်မှတ်။ ထို့ကြောင့် ကုသိုလ်၊ အကုသိုလ် ဟူသည်မှာ အမြီးအမောက်တည့်သည့် ပရမတ္ထသစ္စာတရား မဟုတ်။ အမြီးအမောက် မတည့်သည့် သမ္မုတိ သစ္စာတရားသာ ဖြစ်၏။

သမ္မုတိသစ္စာတရား မှန်သမျှသည် အတ္တနှင့် မည်သို့မျှ မပတ်သက်ချေ။ အကယ်၍ ပတ်သက်လျှင်လည်း ထိုပတ်သက်မှုသည် အထင်မျှသာ ဖြစ်၏။ အမှန် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အတ္တသည် လောကုတ္တရာတရား၊ ဝိဇ္ဇာတရား ဖြစ်၍ ကုသိုလ်၊ အကုသိုလ်တို့သည် အမှန် ပယ်စွန့်အပ်သည့် သံသရာ တရား၊ အဝိဇ္ဇာတရားများဖြစ်သောကြောင့် ဖြစ်ပါသည်။

ပူရဏကဿပ၏ ဝါဒအရ လောကတွင် အကြောင်း (လမ်းစဉ်)နှင့် အကျိုး (ပန်းတိုင်) ဟူ၍ နှစ်မျိုးရှိရာ အကျိုး (ပန်းတိုင်)သာ ပြဋ္ဌာန်းပြီး အကြောင်း (လမ်းစဉ်)သည် မပြဋ္ဌာန်းချေ။ အကြောင်း (လမ်းစဉ်) မှန် မမှန် ဆုံးဖြတ်သော အခါ ထွက်ပေါ်လာသည့် အကျိုး (ပန်းတိုင်)ကို သုံးသပ်၍ ဆုံးဖြတ်ရသည်။ ရည်ရွယ်ထားသော အကျိုး(ပန်းတိုင်)သို့ ရောက်လျှင် ယင်း၏အကြောင်း (လမ်းစဉ်)ကို မှန်သည်ဟု ဆုံးဖြတ်ရသည်။ အဖကို သတ်၍ပဲ ဘုရင်ဖြစ်ဖြစ်၊ ရွှေကောက်တင်မြှောက်ခြင်း ခံရ၍ပဲ ဘုရင်ဖြစ်ဖြစ် ဘုရင်ဖြစ်မှုသည် အကျိုး (ပန်းတိုင်) ဖြစ်သည်။ ဘုရင်ဖြစ်မှုအကျိုး (ပန်းတိုင်) သို့ ရောက်လျှင် ယင်းပန်းတိုင်သို့ သွားရာ အဖကိုသတ်မှု လမ်းစဉ်လည်း မှန်သည်။ ရွှေကောက်တင်မြှောက် ခံရမှု လမ်းစဉ်လည်း မှန်သည်။ အဘယ့်ကြောင့်ဆိုသော် လမ်းစဉ်မှန်မှ ပန်းတိုင်သို့ ရောက်နိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပန်းတိုင်သို့ ရောက်သည့် လမ်းစဉ်





...သမျှသည် မည်သည့်လမ်းစဉ်ပင်ဖြစ်စေ သူ့နည်းနှင့်သူ အားလုံး မှန်သည်ချည်း ...သာ ဖြစ်ပါသည်။ ထို့ကြောင့် ကောင်းမှု၊ မကောင်းမှုနှင့် ပတ်သက်၍ ဆုံးဖြတ်ရာ၌ အကျိုးကို အဓိကထား၍ ဆုံးဖြတ်ရသည်။ အကျိုးကောင်းလျှင် အကြောင်း ကောင်းသည်။ အကျိုးမကောင်းလျှင် အကြောင်းမကောင်း။ အကျိုးနှင့် အကြောင်း ...တွင် ညီညွတ်သော ဆက်သွယ်မှုရှိသည်။ ထို့ကြောင့် အဖကိုသတ်၍ မင်းဖြစ် ...လာသော အဇာတသတ်မင်းကြီးအတွက် အဖကို သတ်ခြင်းသည် မှန်ကန် သော အကြောင်းတရားပင် ဖြစ်ပါသည်။ ထို့အတွက် စိတ်ညစ်ညူးရန် အကြောင်းမရှိ။

ပူရဏကဿပသည် အကြောင်းတရားတို့၏ မပြဋ္ဌာန်းမှုကို အကြောင်း ...၍ ဤကဲ့သို့ ကံမဲ့ 'အကြိယ' ဝါဒကို ထူထောင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အဇာတသတ်မင်းကြီးအား ပူရဏကဿပ က 'မကောင်းမှုကို ပြုသော်လည်း ...သည် မမည်။ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တစ်ခုတည်း ...သာ အသားစု၊ အသားပုံဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် ...ကောင်းမှု မရှိ၊ မကောင်းမှုဖြစ်ခြင်း မရှိ' ဟု ဟောကြားကြောင်း သာမညဖလ ...တ်၌ တွေ့ရခြင်း ဖြစ်ပါသည်။ လူတစ်ယောက်ကို ဆရာဝန်ကလည်း ဓားနှင့် ...ပါသည်။ လူသတ်သမားကလည်း ဓားနှင့် ထိုးပါသည်။ သို့ရာတွင် ဓားနှင့် ...ခြင်း အတူတူ ဆရာဝန်က ဓားနှင့်ထိုးခြင်းကို ကောင်းမှုဟု သတ်မှတ်၍ ...သတ်သမားက ဓားနှင့်ထိုးခြင်းကို မကောင်းမှုဟု သတ်မှတ်ကြပါသည်။ ထိုသို့ ...သတ်မှတ်ခြင်းမှာ ထွက်ပေါ်လာသည့် အကျိုး (ပန်းတိုင်) ကွဲပြားမှုကြောင့် ...ပါသည်။ ဤသည်မှာ ပူရဏကဿပ၏ လောကအမြင် ဖြစ်ပါသည်။ ဒဿန ...များကမူ ပူရဏကဿပကို သချို့ဒဿနဝါဒီဟု သတ်မှတ်ကြပါသည်။ ...ချို့ဒဿနသည် မပြောင်းလဲသော နိစ္စ (ကူဋဋ္ဌာယီနိစ္စ) နှင့် ပြောင်းလဲသော ...(ပရိဏာမိနိစ္စ) ဟူ၍ နိစ္စတရားကို နှစ်မျိုး ခွဲခြားပြီး ဥပနိသျှဒ်ဝါဒကို ...ဆိုပါသည်။ ထိုသို့ ဖွင့်ဆိုရာတွင် ပုရိသနှင့် ပကတိသည် သချို့ဒဿန၏ ...တ္ထတရား နှစ်ပါးဖြစ်ပါသည်။ ပုရိသသည် မပြောင်းလဲသော နိစ္စတရားဖြစ်၍ ...သဘော ရှိပါသည်။ ပကတိသည် ပြောင်းလဲသော နိစ္စတရားဖြစ်၍ ရုပ် ...သော ရှိပါသည်။

## သစ္စာ သုံးမျိုး

...ကဿပ၏ ဝါဒကို သဘောပေါက်နိုင်ရန် လောကနှင့် ပတ်သက်၍ ဗုဒ္ဓ ...ဝင်တို့ ယုံကြည်လက်ခံထားသော သစ္စာ သုံးမျိုးကို နားလည်ဖို့ လိုအပ်ပါ ...။ ထိုသစ္စာ သုံးမျိုးမှာ ဗုဒ္ဓစာပေကျမ်းဂန်များ၌ သဒ္ဒါအားဖြင့် တိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



မလာသော်လည်း အနက်အားဖြင့် တိုက်ရိုက်လာပါသည်။ အဘိဓမ္မာ ဝေါဟာရ… အသုံးပြုရလျှင် ထိုသစ္စာ သုံးမျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အကုသိုလ် သစ္စာ၊

(၂) ကုသိုလ် သစ္စာ၊

(၃) ကြိယာ သစ္စာ။

## အကုသိုလ်သစ္စာ

အကုသိုလ်သစ္စာ၏ အကျဉ်းသဘောမှာ 'ဤလောကဥ္ဇ ဘယ်သူသေသေ ငတော… ပြီးရော' ဟူသော ခံယူချက် ဖြစ်ပါသည်။ ဤခံယူချက်ဖြင့် လောကဥ္ဇ လူပ်… ရှန်းကန်ရင်း သာယာဖွယ်မျ…ကို ရှာဖွေ ခံစားကြပါသည်။ သာယာဖွယ်၊ ကြည်… ဖွယ်၊ ဝမ်းမြောက်ဖွယ်များသည် အကုသိုလ်၌လည်း ရှိပါသည်။ ကုသိုလ်၌လည်း ရှိပါသည်။ ယင်းတို့မှာ စေတသိက်များဖြစ်၍ အကုသိုလ် စိတ်နှင့်လည်း ယှဉ်နိုင် ပါသည်။ ကုသိုလ်စိတ်နှင့်လည်း ယှဉ်နိုင်ပါသည်။ အဘိဓမ္မာ ဝေါဟာရအားဖြ… ပီတိ (နှစ်သက်ကျေနပ်မှု)၊ သုခ (ချမ်းသာမှု)၊ သောမနဿ (ဝမ်းမြောက်မှု)တို့ ဖြစ်ပါသည်။ နေ့စဉ်သုံး ဝေါဟာရဖြင့် ထိုကဲ့သို့သော ခံယူချက် ရှိသူများ… ရေသာခို လှေကြုံလိုက်သူများ ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ အချောင်သမား… များ ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ ထိုပုဂ္ဂိုလ်များသည် ကိုယ်ကျိုး ကိုယ့်စီးပွား… တစ်ခုတည်းကို ကြည့်၍ ဘာမဆို လုပ်မည့်သူများ ဖြစ်ပါသည်။

အကုသိုလ်သစ္စာရှင်များသည် လုယက်ယူငင်၍ စီးပွားဥစ္စာကို ရှာကြ… သည်။ လိမ်ညာဟန်ဆောင်၍ လောက၏ ပူဇော်သက္ကာရကို ရှာကြပါသည်။ လူကြီးသူမများကို ဆန္ဒာဂတိလိုက်အောင် ဖြားယောင်း၍ ရာထူးဂုဏ်သိန်… ရှာကြပါသည်။ တာဝန်နှင့် ရပိုင်ခွင့်တွင် ဘာဝန်ကို လုံးဝ မယူဘဲ ရပိုင်ခွင့်ကို… အမိအရ ဆုပ်ကိုင်၍ လုပ်ဖော်ကိုင်ဖက်များမှ အရှက်အကြောက် ကင်းမဲ့… ထွက်ခွာ၍ မိမိ၏ သက်သာရာ သက်သာကြောင်းကို ရှာကြပါသည်။ သူတော… ကောင်းယောင်ဆောင်၍ ကိုယ်ကျိုး ကိုယ့်စီးပွားကို ရှာကြပါသည်။ ကရုဏာ… ယောင်ဆောင်၍ ကိုယ်ကျိုး ကိုယ့်စီးပွားကို ရှာကြပါသည်။ ဤသည်တို့… အကုသိုလ် သစ္စာရှင်များ၏ လုပ်နည်းလုပ်ဟန်များ ဖြစ်ပါသည်။ ဤလုပ်နည်း… လုပ်ဟန်များအတိုင်း လိုက်နာဆောင်ရွက်လျှင် လူ့လောကဥ္ဇ အသက်မွေးမြ… လွယ်ကူကြောင်း ဗုဒ္ဓစာပေ၌ ဤသို့ တွေ့ရပါသည်။

**သုဇီဝံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ။**

**ပက္ခန္ဒိနာ ပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။**





(**အဟိရိကေန**၊ အရှက်အကြောက် ကင်းမဲ့သဖြင့် လည်းကောင်း။ **ကာကသူရေန**၊ ကျီးကဲ့သို့ လုယူရဲသဖြင့် လည်းကောင်း။ **ဓံသိနာ**၊ သူတစ်ပါး ပျက်စီးအောင် ချောက်တွန်းသဖြင့် လည်းကောင်း။ **ပက္ခန္ဒိနာ**၊ အခွင့်အလမ်း သာယာသို့ ပြေးဝင်သဖြင့် လည်းကောင်း။ **ပဂဗ္ဘေန**၊ ရက်စက်သဖြင့် လည်းကောင်း။ **သံကိလိဋ္ဌေန**၊ အကုသိုလ် နည်းလမ်းဖြင့် လည်းကောင်း။ **ဇီဝိတံ**၊ အသက်မွေးသည် ရှိသော်။ **သုဇီဝံ**၊ အသက်မွေးမှု လွယ်၏။)

'(ဓမ္မပဒ–၁၈၊၆၂၄၄)

အကုသိုလ်သစ္စာရှင်များအနေဖြင့် လောကဥ္ဇ အထက်ဖော်ပြပါ လုပ်နည်း …ဟန်အတိုင်း လိုက်နာဆောင်ရွက်ပါက တကယ်ပင် ချမ်းသာကြ၏။ စီးပွား… ဖြစ်ထွန်းကြ၏။ ရာထူးဂုဏ်သိန် တိုးတက်ကြ၏။ ဤသည်များမှာ မျက်မြင် …တွေ့အကြုံအရ မငြင်းနိုင်သော အမှန်တရားများ ဖြစ်ကြ၏။ သို့ဖြစ်၍သာ …င်းတို့ကို သစ္စာဟု သတ်မှတ်ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဤသစ္စာကား …လအားဖြင့်လည်း တိုတောင်း၏။ ဒေသအားဖြင့်လည်း နယ်ကျဉ်း၏။ ပုဂ္ဂိုလ် …ဖြင့်လည်း အရေအတွက် နည်း၏။ ကာလအားဖြင့် မှန်လျှင်လည်း တစ်ခဏ …မှန်၏။ အလွန်ဆုံးမှန်လျှင် တစ်ဘဝသာ မှန်ပါသည်။ တိတိကျကျ ဆိုရလျှင် …ကုသိုလ်နည်းလမ်းကြောင့် ရသော ချမ်းသာသုခ၊ စည်းစိမ်ဥစ္စာနှင့် ရာထူးဂုဏ် …တို့သည် **မိစ္ဆာဇီဝ** သာဟည်း။ အကုသိုလ်သစ္စာရှင်၏ တစ်ဘဝ အဆုံးတိုင် …င် သစ္စာတရားအနေဖြင့် မှန်ကန်ရန် များစွာ ခဲယဉ်းပါသည်။ ဒေသအားဖြင့် …လျှင်လည်း ဝိပတ္တိတရား ထွန်းကားရာ ဒေသ၌သာ မှန်ကန်ပါသည်။ ဒေသ …လုံး၌ မှန်ကန်မှု မရှိပါ၊ ပုဂ္ဂိုလ်အားဖြင့် မှန်လျှင်လည်း ရေသာခို လှေကြုံလိုက် …ချောင်သမား တစ်ကိုယ်ကောင်း ကျင့်သူများအတွက်သာ မှန်ပါသည်။ လောက… အားလုံးအတွက် မမှန်ပါ။ လောကသား အားလုံးက ထိုကဲ့သို့သော တစ်ကိုယ် …ကောင်းသမားများကို နှစ်နှစ်ကာကာ မြတ်နိုးမှု မရှိကြပါ။ လေးစားမှု မရှိကြပါ။

အရပ်သုံး ဝေါဟာရများဖြင့် ဆိုရလျှင် အကုသိုလ်နည်းလမ်းများဖြင့် …သာသုခ၊ စည်းစိမ်ဥစ္စာနှင့် ရာထူးဂုဏ်သိန်ကို ရှာဖွေကြသူများသည် …ကုသိုလ် သစ္စာရှင်များသာ ဖြစ်ကြ၏။ ယင်းတို့၏ ချမ်းသာသုခ၊ စည်းစိမ်ဥစ္စာနှင့် …ထူးဂုဏ်သိန်တို့ကား တဒင်္ဂမျှသာ တည်နိုင်ကြ၏။ သံသရာတစ်လျှောက်လုံး …ရှိရန် မဆိုထားဘိ၊ မိမိတို့၏ ဘဝသက်တမ်း ဆုံးအောင်ပင် တည်ရှိနိုင် …ပါသည်။ မိမိတို့၏ ဘဝနှင့် လိုက်လျောညီထွေ ရှိနိုင်သည့် ပတ်ဝန်းကျင်… …ချမ်းသာသုခ ဖြစ်နိုင်ပါသည်။ သူတော်စင် ပတ်ဝန်းကျင်၌ကား ထိုသို့ …ချမ်းသာသုခသည် စိတ်နှလုံးကို ပွားစေတတ်သော၊ မြတ်နိုးအပ်သော



www.burmeseclassic.com

www.burmeseclassic.com



နှစ်လိုအပ်သော ချမ်းသာသုခမျိုး မဟုတ်။ ထို့အပြင် ယင်း ချမ်းသာသုခသည်
ထိုသူတစ်ယောက်တည်းအတွက်သာ ချမ်းသာသုခ ဖြစ်၏။ ထိုသူတစ်ယောက်
တည်း အတွက်သာ သစ္စာထိုက်၏။ ချမ်းသာသုခအနေဖြင့် ထိုသူတစ်ယောက်
တည်းသာ ခံစားရ၏။ ဝမ်းမြောက်ကြည်နူးရ၏။ ကျေနပ်နှစ်သိမ့်ရ၏။ လောက
လူသား အားလုံးအတွက်ကား စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် ဒုက္ခသာတည်း။
သုခ မဟုတ်ပါချေ။ ထို့ကြောင့် ထိုကဲ့သို့သော ချမ်းသာသုခမျိုးကို 'ခွေးရူး
ကောင်းစား တစ်မွန်းတည့်' ဟု သတ်မှတ်ကြခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့်
အကုသိုလ် သစ္စာဟူသည် တဒင်္ဂမျှသာ သစ္စာ ဖြစ်၏။ တစ်ဦးတစ်ယောက်တည်း
အတွက်သာ သစ္စာ ဖြစ်၏။ မသူတော် ပတ်ဝန်းကျင်၌သာ သစ္စာ ဖြစ်၏။

အဘိဓမ္မာသဘောအရ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့သည်ကား ဗဟိဒ္ဓ
တရားအနေဖြင့် **ကံ၏အကျိုးဆက်** (ကမ္မပစ္စယ ဥတုဇ)များသာ ဖြစ်၏။ အဇ္ဈတ္တ
တရားအနေဖြင့် **ကံ၏ အကျိုးရင်း** (ကမ္မဝိပါက)များ မဟုတ်ချေ။ ကံ၏ အကျိုး
ဆက်များသည် မူလကံတရားနှင့် အလှမ်းဝေးသဖြင့် တိုက်ရိုက် မဆက်စပ်နိုင်ဘဲ
အကြားတွင် အကြောင်းတရားမျိုးစုံ ပါဝင်ပတ်သက်နိုင်ပါသည်။ ကံ၏ အကျိုး
ရင်းများသာ မူလ ကံတရားနှင့် တိုက်ရိုက် ဆက်စပ်နိုင်ပါသည်။ထို့ကြောင့်
'ဝိပါက် အမှန် ဇောအပြန်' ဟူသော နိယာမအရ မိမိတို့ နှလုံးသွင်းအလျောက်
မြတ်နိုးအပ်သော အာရုံများအဖြစ် ကြံဆ၍ အကုသိုလ် ဇောများဖြင့် ပီတိ၊ သုခ၊
သောမနဿ တို့ကို ခံစားခြင်း ဖြစ်ပါသည်။ ဝိပါက်များဖြင့် ခံစားခြင်း မဟုတ်ပါ။
အမှန်အားဖြင့် ဇောသာလျှင် အာရုံ၏ အရသာကို ခံစားပါသည်။ လောကီ
ဝိပါက်များက မခံစားကြပါ။ စိတ္တက္ခဏ အရေအတွက်အားဖြင့် ဝီထိစိတ်တွင်
ဇောသာလျှင် ခုနစ်ကြိမ်အထိ ဖြစ်နိုင်ပါသည်။ လောကီ ဝိပါက်က မဖြစ်နိုင်ပါ။
ဆိုလိုရင်းမှာ ကံ၏အကျိုးရင်း (ကမ္မဝိပါက)များ၌သာ အကြောင်းအကျိုး
ဆက်သွယ်မှုကို သဘာဝအားဖြင့် တိုက်ရိုက် ရနိုင်ပါသည်။အကုသိုလ်ကံသည်
အကုသိုလ် ဝိပါက်ကို ဖြစ်စေပြီး ကုသိုလ်ကံသည် ကုသိုလ်ဝိပါက်ကို ဖြစ်စေပါ
သည်။ ကံ၏ အကျိုးဆက် (ကမ္မပစ္စယ ဥတုဇ) များ၌ကား အကြောင်းအကျိုး
ဆက်သွယ်မှုကို သဘာဝအားဖြင့် တိုက်ရိုက် မရနိုင်ပါ။ အားကြီးသော အထောက်
အပံ့ (ပကတူပ နိဿယ) အနေဖြင့် အခြားအကြောင်းတရားများနှင့် ပေါင်းစပ်၍
သင့်လျော်သလို သွယ်ဝိုက်၍ ရပါသည်။ သို့ဖြစ်၍သာ အကုသိုလ်နည်းလမ်း
များဖြင့် ကြီးပွားခြင်း၊ ကုသိုလ် နည်းလမ်းများဖြင့် မကြီးပွားခြင်းတို့ကို လောက၌
တွေ့မြင်နေရခြင်း ဖြစ်ပါသည်။ သို့ရာတွင် ကြီးပွားခြင်း၊ မကြီးပွားခြင်းတို့သည်
ရုပ်ပိုင်းဆိုင်ရာသက်သက်သာ ဖြစ်ပါက ဗဟိဒ္ဓသဘောရှိ၍ ပစ္စုပ္ပန်သံသရာ၌





ဖြစ်သော ဘဝ၌ အားကိုးထိုက်သော အကြောင်းတရားများ မဟုတ်ကြပါချေ။
စိတ်ပိုင်းဆိုင်ရာ ကြီးပွားခြင်း သဘောသည်သာလျှင် အဇ္ဈတ္တသဘောရှိ၍ ပစ္စုပ္ပန်
သံသရာ နှစ်ဖြာသော ဘဝ၌ အားကိုးထိုက်သော အကြောင်းတရားများ ဖြစ်ကြပါ
သည်။ ပါရမီသဘော သက်သက် ရောက်လာကြပါသည်။ ထို့ကြောင့် တစ်ဦး၊
တစ်ခဏ၊ တစ်ဒေသ အတွက်သာ ချမ်းသာသုခ သဘောဖြင့် မှန်ကန်သည့်
အကုသိုလ်သစ္စာကို သူတော်ကောင်းများက မမြတ်နိုးကြဘဲ မသူတော်များကသာ
မြတ်နိုးကြခြင်း ဖြစ်ပါသည်။ မသူတော်များတွင် အယောင်ဆောင် သူတော်ကောင်း
များ၊ မိမိကိုယ်ကို သူတော်ကောင်းဟု အမှန်တကယ် ထင်နေသူ တာဝန်ရှောင်
ပညာရှင်များ ပါဝင်ကြပါသည်။ တာဝန်ရှောင် ပညာရှင်များ ဆိုသည်မှာ လုပ်ဖော်
ကိုင်ဖက်များအပေါ် ထောက်ထားညှာတာမှု လုံးဝမထားဘဲ သို့မဟုတ် ထားဟန်
ဆောင်ပြီး မိမိ 'ရ' ဖို့၊ မိမိ 'ဝ' ဖို့ ဦးတည်ချက် တစ်ခုတည်းဖြင့် ဆောင်ရွက်
နေတတ်သူများ ဖြစ်ပါသည်။ ဤသဘောများကို အကုသိုလ်သစ္စာဟု ခေါ်ကြပါ
သည်။

## ကုသိုလ် သစ္စာ

ကုသိုလ်သစ္စာမှာ အကုသိုလ်သစ္စာနှင့် ဆန့်ကျင်ဘက် (ပဋိပက္ခ) ဖြစ်၏။
အကုသိုလ်သစ္စာနှင့် ကုသိုလ်သစ္စာ နှစ်မျိုးလုံးတွင် ပီတိ၊ သုခ၊ သောမနဿတို့
ပါသည်ချည်း ဖြစ်ကြ၏။ သို့ရာတွင် အကုသိုလ်သစ္စာကား အပြစ်နှင့်တကွ
ဖြစ်ခြင်း၊ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိ၏။ ကုသိုလ်သစ္စာကား
အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိ၏။ ဟေဂယ်လ်
၏ ခေါ်ဟာရကို အသုံးပြု၍ ဆိုရလျှင် အကုသိုလ်သစ္စာက မူလဖြစ်၍ ကုသိုလ်
သစ္စာက ပဋိပက္ခ ဖြစ်ပါသည်။ မူလနှင့် ပဋိပက္ခကို ပေါင်းလိုက်ပါက အဆင့်မြင့်
သမ္မဟာကို ရပါသည်။ ဤနေရာ၌ သမ္မဟာဆိုသည်မှာ ကြိယာသစ္စာ ဖြစ်ပါသည်။
အကုသိုလ်သစ္စာနှင့် ကုသိုလ်သစ္စာတို့မှာ သံသရာ၌ ကျင်လည်စေတတ်သော
သဘောချင်း ဆန့်ကျင်မှုသဘော ရှိ၍ ကြိယာသစ္စာမှာ သံသရာ၌ မကျင်လည်
စေတတ်ဘဲ လွတ်မြောက်မှုသဘော ရှိပါသည်။

အကုသိုလ်သစ္စာအရလည်း ချမ်းသာသုခကို ခံစားရပါသည်။ ကုသိုလ်
သစ္စာအရလည်း ချမ်းသာသုခကို ခံစားရပါသည်။ အကုသိုလ် ချမ်းသာသည်
တစ်ဦးတည်းအတွက် ရယူသိမ်းပိုက်ခြင်း၌ ခံစားရသည့် ချမ်းသာ ဖြစ်ပါသည်။
ကုသိုလ်ချမ်းသာကား လောကအတွက် စွန့်လွှတ်ခြင်း၌ ခံစားရသည့် ချမ်းသာ
ဖြစ်သည်။ ရယူသိမ်းပိုက်ခြင်းသည် လောဘ၏ သဘောဖြစ်၍ စွန့်လွှတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



သည် အလောဘ၏သဘော ဖြစ်ပါသည်။ လောဘသည် ကိုယ်ကျိုး ကိုယ့်စီးပွား အတွက်၊ တစ်ဦးတည်းအတွက် ဦးတည်ချက်ရှိ၍ အလောဘသည် လော အတွက်၊ အများအတွက် ဦးတည်ချက် ရှိပါသည်။ ကုသိုလ်သဘောနှင့် အကုသို သဘောတို့သည် ထာဝစဉ် အချင်းချင်း ပဋိပက္ခသဘောကို ဆောင်ကြပါသည်

လူသားတို့သည် သံသရာ၌ ကျင်လည်နေရသရွေ့ လုံ့လဥဿာဟ ကြီး ဖြင့် စီးပွားဥစ္စာကို ရှာဖွေကြပါသည်။ မြတ်နိုးခြင်းကြီးစွာဖြင့် အိုးအိမ် ထူထော မှုကို ပြုကြပါသည်။ စီးပွားဥစ္စာရှာခြင်း၊ အိုးအိမ်ထူထောင်ခြင်းတို့သည် လော သားတို့အတွက် အတူတူပင် ဖြစ်သော်လည်း သစ္စာတရားအနေဖြင့် ခံယူချက် ထားရာ၌ ခြားနားပါသည်။ အကုသိုလ်သစ္စာရှင်များသည် စီးပွားဥစ္စာ ရှာ ဖြစ်စေ၊ အိုးအိမ် ထူထောင်ရာ၌ ဖြစ်စေ မိမိခံစားရန် ဦးတည်ချက်ဖြင့် ရှာကြ သည်။ ကုသိုလ်သစ္စာရှင်များကား အများအတွက်၊ တိုင်းပြည်အတွက် ပေးကမ် စွန့်ကြဲရန် ဦးတည်ချက်ဖြင့် ရှာကြပါသည်။ ဦးတည်ချက်ချင်း ခြားနားပါသည် သို့ဖြစ်၍ ခံစားရသည့် ပီတိ၊ သုခ၊ သောမနဿတို့ချင်းလည်း ခြားနားကြခြ ဖြစ်ပါသည်။

အကုသိုလ်ချမ်းသာသည် ရယူပိုင်ဆိုင်ခြင်းသဘောဖြင့် အသာစံရသ အသွင် ရှိသော်လည်း တဒင်္ဂသာ ချမ်းသာဖြစ်ပြီး အဆုံးတစ်နေ့၌ နှလုံးမသာ ခြင်း ဒုက္ခနှင့် ရင်ဆိုင်ရပါသည်။ ကုသိုလ်ချမ်းသာကား စွန့်လွှတ်ခြင်းသဘော အနာခံရသည့်အသွင် ရှိသော်လည်း သံသရာတစ်လျှောက်လုံး၌ ထာဝစဉ် ချမ်း သည့်သဘော ရှိပါသည်။ အကုသိုလ်ချမ်းသာသည် တစ်ဦးတစ်ယောက်၏ အ စီးပွားအတွက် ချမ်းသာသုခသဘောဖြင့် မှန်ကန်သော်လည်း လောက၏ အ စီးပွားအတွက် ချမ်းသာသုခ သဘောဖြင့် မှန်ကန်မှု မရှိပါ။ ကုသိုလ် ချမ်းသာ တစ်ဦးတစ်ယောက်တည်း၏ အကျိုးစီးပွားအတွက် နစ်နာမှုအသွင် ဆောင် ကာမူ လောက၏ အကျိုးစီးပွားအတွက် ချမ်းသာသုခ သဘောဖြင့် မှန်ကန် သည်။ အကုသိုလ်ချမ်းသာသည် မသူတော်လောက၌သာ ခံ့ညားထည်ဝါ သူတော်ကောင်းလောက၌ ယုတ်ညံ့သေးသိမ်ပါသည်။ ကုသိုလ်ချမ်းသာ နေရာမရွေး၊ ဒေသမရွေး ခံ့ညားထည်ဝါပါသည်။ ထို့ကြောင့် နတ်နှင့်တကွ လူအပေါင်းတို့က ကာလအားဖြင့်လည်း သံသရာ ဆုံးသည့်တိုင်အောင်၊ ဒေ အားဖြင့်လည်း ဘဝဂ်တိုင်အောင်၊ ပုဂ္ဂိုလ်အားဖြင့်လည်း အရိယာ ပုဂ္ဂိုလ် တိုင်အောင် ချမ်းသာသုခသဘောဖြင့် မှန်ကန်သည့် ကုသိုလ်သစ္စာကို မြတ် ကြခြင်း၊ ချီးမွမ်းကြခြင်း ဖြစ်ပါသည်။ ဤသဘောများကို ကုသိုလ်သစ္စာ ခေါ်ကြပါသည်။



## ကြိယာ သစ္စာ

သစ္စာနှင့် ပတ်သက်၍ ပညာရှင်များသည် ပရမတ္ထသစ္စာနှင့် သမ္မုတိ သစ္စာ ဟူ၍ သုံးနှုန်းခဲ့ကြပါသည်။

လယ်တီဆရာတော်ဘုရားကြီးကမူ အရိယာသစ္စာ၊ သဘာဝသစ္စာ၊ သမ္မုတိသစ္စာ ဟူ၍ သုံးနှုန်းခဲ့ပါသည်။

ဝေဒန္တ ဒဿနတွင် ပရမတ္ထသစ္စာ၊ ဝေါဟာရသစ္စာ၊ ပဋိဘာသသစ္စာဟူ၍ သုံးနှုန်းပါသည်။ ဤနေရာ၌ အကုသိုလ်သစ္စာ၊ ကုသိုလ်သစ္စာ၊ ကြိယာသစ္စာဟူ၍ သုံးနှုန်းခြင်းမှာ ပုရာဏကဿပ၏ ဝါဒကို ပို၍ သဘောပေါက် နားလည်စေရန် ယနေ့ လူအများ အသုံးပြုနေကြသော 'မူလ၊ ပဋိပက္ခ၊ သမုဟ' ဟူသော အညမည နည်းဖြင့် နှိုင်းယှဉ်၍ ပြလိုသောကြောင့် ဖြစ်ပါသည်။

ယင်း အညမညနည်းကို အိန္ဒိယဒဿနလောကတွင် မာချမိက၊ ယောဂါ ဂရာနှင့် ဝေဒန္တဂိုဏ်းတို့က အသုံးပြုခဲ့သည်ဟု ဆိုပါသည်။ အနောက်တိုင်း ဒဿန လောကတွင်လည်း ဟေဂယ်လ်နှင့် ဘရက်ဒလေတို့က အသုံးပြုခဲ့သည်ဟု ဆိုပါ သည်။

ကြိယာသစ္စာဆိုသည်မှာ အကုသိုလ် (မူလ)နှင့် ကုသိုလ်(ပဋိပက္ခ)တို့မှ လွတ်ဖြစ်သော သမုဟ အမှန်တရား ဖြစ်ပါသည်။ ရဟန္တာ မဖြစ်သေး သူတို့၏ သန္တာန်၌ ဖြစ်သော အကုသိုလ်နှင့် ကုသိုလ်တို့သည် မိမိတို့၏ မူလအမည်အတိုင်း အကုသိုလ်နှင့် ကုသိုလ်တို့ ဖြစ်ကြပါသည်။ သို့ရာတွင် ယင်းတို့သည် ရဟန္တာ သန္တာန်၌ ဖြစ်ပါက ကြိယာဟူသော အမည်ကို ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့သည် အသွင်သဏ္ဍာန်အားဖြင့်သာ အကုသိုလ်မှု၊ ကုသိုလ်မှုနှင့် တူသော် လည်း သဘောအားဖြင့် အကုသိုလ်သဘောနှင့် ကုသိုလ်သဘော လုံးဝ မရှိတော့ သောကြောင့် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဘုရားရှင်သော်မှ 'မောဃ၊ တုစ္ဆ' (အချည်းအနှီးပုဂ္ဂိုလ်) ဟူ၍ အထိုက်အလျောက် ကြမ်းတမ်းသော ဝေါဟာရတို့ဖြင့် ခေါ်မတတ်ပါသည်။ ပိလိန္ဒဝစ္ဆ ရဟန္တာကြီးက တွေ့သမျှ ပုဂ္ဂိုလ်များကို ဝသလ (ယုတ်မာ)ဟု သုံးနှုန်းတတ်ပါသည်။ ထိုသို့ ဆုံးမခြင်း၊ သုံးနှုန်းခြင်းသည် စိတ်ဆိုးခြင်း (အကုသိုလ်) အသွင် ရှိသော်လည်း အမှန်အားဖြင့် စိတ်ဆိုးခြင်း (အကုသိုလ်) မဟုတ်ပါ။ အလားတူပင် လှူဒါန်းပေးကမ်းခြင်း၊ တရားဟော ပြောခြင်းတို့ကို ပြုလုပ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းသည် ကုသိုလ်အသွင် ရှိသော် လည်း အမှန်အားဖြင့် ကုသိုလ် မဟုတ်ပါ။ ဘုရားရှင်၏ ဆောင်ရွက်မှုများ အားလုံး၊ ရဟန္တာပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုများ အားလုံးသည် ကြိယာ စိတ် ဆေ့ကိသိက်များသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒဿနကျမ်းလာ အညမညဝေါဟာရအရ မူလအကုသိုလ်သည် ပဋိပက္ခကုသိုလ်နှင့် ပေါင်းလိုက်ပါက အဆင့်မြင့် သမူဟကြိယာ ဖြစ်လာပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ကြိယာ(သမူဟ) ဟူသည် အကုသိုလ် (မူလ)နှင့် ကုသိုလ် (ပဋိပက္ခ) တို့ ပေါင်းစပ်ရာမှ ဖြစ်ပေါ်လာသည့် အဆင့်မြင့်တရား ဖြစ်ပါသည်။ ယင်းကို သင်္ချာနည်းဖြင့် ဖော်ပြရလျှင် အောက်ပါအတိုင်း တွေ့ရမည် ဖြစ်ပါသည်။

အကုသိုလ် (မူလ) + ကုသိုလ် (ပဋိပက္ခ) = ကြိယာ (သမူဟ)

အထက်ပါညီမျှခြင်း ကြိယာသည် ပယ်အပ် ပယ်တတ်သော သဘောဖြင့် အကုသိုလ်နှင့်ကုသိုလ် ပေါင်းစပ်ရာမှ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ထိုသို့ ပေါင်းစပ်ရာတွင် ရောနှောခြင်းအားဖြင့် ပေါင်းစပ်ခြင်း(သံယောဂ သမ္ဗန္ဓ) မဟုတ်ဘဲ တစ်မျိုးတည်းကျန်အောင်ပြု၍ ပေါင်းစပ်ခြင်း (သမဝါယ သမ္ဗန္ဓ) ဖြစ်ပါသည်။ ထို့ကြောင့် ကြိယာတွင် အကုသိုလ်နှင့် ကုသိုလ်တို့သည် အသွင်အနေဖြင့် ပါဝင်ယောင် ရှိသော်လည်း သဘောအနေဖြင့် လုံးဝမပါဝင်ခြင်း ဖြစ်ပါသည်။ ယင်းကိုပင် အကုသိုလ်နှင့် ကုသိုလ်သဘောမှ ကြိယာသဘောသို့ ကြောင်လိမ်လှေကားသဖွယ် အဆင့်မြင့် တိုးတက်ခြင်းဟု အညမညဒဿနဆရာများက သတ်မှတ်ကြပါသည်။

ကြိယာဟူသည်မှာလည်း ကာယကံမှု၊ ဝစီကံမှုနှင့် မနောကံမှုတို့ဟူ၍ သုံးမျိုးပင်ရှိရာ ယင်း သုံးမျိုးတို့သည် မကောင်းသော အသွင်နှင့် ကောင်းသော အသွင်ဟူ၍ နှစ်မျိုးပင် ထပ်မံ၍ အုပ်စုကွဲသွားနိုင်ပါသည်။ ရဟန္တာ မဟုတ်သူတို့၏ သန္တာန်၌ ဖြစ်မှု မကောင်းသောအသွင်ကို အကုသိုလ်ဟု သတ်မှတ်ပြီး ကောင်းသောအသွင်ကို ကုသိုလ်ဟု သတ်မှတ်ပါသည်။ ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်မှု ထိုအသွင် နှစ်မျိုးလုံးကိုပင် ကြိယာဟု သတ်မှတ်ပါသည်။ ရဟန္တာ မဟုတ်သူတို့၏ သန္တာန်၌ ဖြစ်သော အသွင်နှင့် ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော အသွင်တို့သည် လှုပ်ရှားမှု အသွင်အားဖြင့် အတူတူပင် ဖြစ်ပါသည်။ သို့ရာတွင် အခြေခံမူလ သဘောအားဖြင့်ကား လုံးဝပင် ခြားနားသွားပါတော့သည်။ ထို့ကြောင့် သဘောအားဖြင့် ခြားနားပြီး လှုပ်ရှားမှု အသွင်အားဖြင့် တူသော အသွင်ကောင်းနှင့် အသွင်ဆိုး နှစ်မျိုးလုံးကို ကုသိုလ်နှင့် အကုသိုလ်ဟူ၍ မခေါ်တော့ဘဲ ကြိယာဟူ၍ ခေါ်ခြင်း ဖြစ်ပါသည်။

ကုသိုလ်နှင့် အကုသိုလ်တို့သည် ပဋိပက္ခနှင့် မူလသဘောအရ တစ်မျိုးတည်း ကျန်အောင်ပြု၍ သမူဟသဘောအရ ကြိယာ ဖြစ်သွားပါသည်။ ထိုသို့ ဖြစ်သွားသောအခါ နယ်နိမိတ်ချင်း ခြားနားသွားပါသည်။ ဤနေရာ၌ နယ်နိမိတ်





ဆိုသည်မှာ ရဟန္တာမဟုတ်သူတို့၏ သန္တာန် သို့မဟုတ် အနွယ်နှင့် ရဟန္တာတို့၏ သန္တာန် သို့မဟုတ် အနွယ်ပင် ဖြစ်ပါသည်။ နယ်နိမိတ် ခြားနားသွား၍ သဘောသဘာဝ ခြားနားသွားခြင်းဖြစ်ရာ ရဟန္တာမဟုတ်သူတို့၏ အနွယ်၌ဖြစ်သည့် အသွင်ကောင်း (ကုသိုလ်)နှင့် အသွင်ဆိုး (အကုသိုလ်)တို့သည် ရဟန္တာတို့၏ အနွယ်၌ဖြစ်သော ကြိယာ၌ အားလုံး ပုံစံတူ မဖြစ်နိုင်တော့ချေ။ အဘယ့်ကြောင့်ဆိုသော် နယ်နိမိတ်ချင်း ခြားနားသွားသောကြောင့် ဖြစ်ပါသည်။ နယ်နိမိတ်ချင်း ခြားနားသွား၍သာ ရဟန္တာတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည် ကောင်းသောအသွင်ကို ဆောင်သည်ဖြစ်စေ၊ မကောင်းသောအသွင်ကို ဆောင်သည်ဖြစ်စေ ရဟန္တာ မဟုတ်သူတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့နှင့်ကား သဘောသဘာဝချင်းမတူ ထူးခြားခြင်း ဖြစ်ပါသည်။ ဤသဘောကိုပင် အဆင့်မြင့်ဟု သတ်မှတ်ကြပါသည်။ သို့ဖြစ်၍သာ ရဟန္တာပုဂ္ဂိုလ်တို့သည် သဘောအားဖြင့် အလွန်ဖြူစင်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ရှိကြပြီး ရဟန္တာမဟုတ်သူတို့နှင့် အဘက်ဘက်မှာ ခြားနားကြခြင်း ဖြစ်ပါသည်။ ဤသဘောများကို ကြိယာသစ္စာဟု ခေါ်ကြပါသည်။

သစ္စာ သုံးရပ်တွင် အကုသိုလ်သစ္စာရှင်သည် မိမိဘက်မှ ကြည့်တတ်ပါသည်။ ကုသိုလ်သစ္စာရှင်သည် သူတစ်ပါးဘက်မှ ကြည့်တတ်ပါသည်။ ကြိယာသစ္စာရှင်သည် မိမိ သူတစ်ပါး မခွဲခြားဘဲ ကြည့်တတ်ပါသည်။ ပူရဏကဿပသည် ကြိယာသစ္စာကို အလေးထား၍ သူ၏ဝါဒကို တင်ပြခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍သာ 'မကောင်းမှုပြုသော်လည်း မကောင်းမှုပြုရာ မရောက်' ဟု ဆိုခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဒေသနာတော်အရ ကြိယာဟူသည် အကုသိုလ်တရားတို့ကို ကုသိုလ်တရားတို့က အကြွင်းမဲ့ ပယ်သတ်ပြီးမှ ဖြစ်ပေါ်လာနိုင်သော တရားဖြစ်ပါသည်။ အကုသိုလ်သည် ပယ်သတ်ခြင်း ခံရသည့်ကိစ္စရှိသော တရားဖြစ်ပါသည်။ ထိုကိစ္စ ရှိနေသေးသရွေ့ ကာလပတ်လုံး လုပ်ငန်းတာဝန် မပြီးဆုံးသေး၍ အကုသိုလ်သာ ဖြစ်ပါသည်။ ထိုကိစ္စ လုံးဝ မရှိတော့သည်နှင့် တစ်ပြိုင်နက် လုပ်ငန်းတာဝန် ပြီးဆုံး၍ အကုသိုလ် မဟုတ်တော့ဘဲ အဆင့်မြင့်သဘောဖြင့် ကြိယာအဖြစ်သို့ ပြောင်းလဲသွားပါသည်။ ထိုနည်းအတူ ကုသိုလ်သည် ပယ်သတ်ခြင်းကိစ္စ ရှိသောတရား ဖြစ်ပါသည်။ ထိုကိစ္စ ရှိနေသေးသမျှ ကာလပတ်လုံး လုပ်ငန်းတာဝန် မပြီးဆုံးသေး၍ ကုသိုလ်သာ ဖြစ်ပါသည်။ ထိုကိစ္စ လုံးဝ မရှိတော့သည်နှင့် တစ်ပြိုင်နက် လုပ်ငန်းတာဝန် ပြီးဆုံး၍ ကုသိုလ် မဟုတ်တော့ဘဲ အဆင့်မြင့်သဘောဖြင့် ကြိယာအဖြစ်သို့ ပြောင်းလဲသွားပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ပယ်သတ်ခံရခြင်းနှင့် ပယ်သတ်ခြင်း လုပ်ငန်းတာဝန်များ ပြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



သော သဖြင့် ပယ်သတ်ခံရခြင်းကိစ္စနှင့် ပယ်သတ်ခြင်းကိစ္စတို့ လုံးဝ မရှိတော့သည်နှင့် တစ်ပြိုင်နက် အကုသိုလ်နှင့် ကုသိုလ်တို့သည် မိမိတို့၏ သဘောသဘာဝများ လုံးဝ ပျောက်ပျက်၍ အဆင့်မြင့်သဘောဖြင့် ကြိယာအဖြစ်သို့ ရောက်ပါသည်။ ထိုအခါမှသာ အကုသိုလ်အသွင်သည်လည်း အကုသိုလ် မဟုတ်ပါ။ ကုသိုလ်အသွင်သည်လည်း ကုသိုလ် မဟုတ်ပါ။ ထို့ကြောင့် ဗုဒ္ဓဒေသနာတော်အရ အကုသိုလ်နှင့်ကုသိုလ် မရှိဘဲ ကြိယာဟူ၍ လုံးဝ မရှိနိုင်ပါ။ သို့ရာတွင် ပူရဏကဿပသည် အကုသိုလ်နှင့် ကုသိုလ် မရှိဘဲ ကြိယာကို ဖော်ပြခဲ့ပါသည်။ ထိုသို့ ဖော်ပြခြင်းအားဖြင့် ပူရဏကဿပသည် စောင့်စည်းခြင်း သီလသိက္ခာကို မယုံကြည်သူ ဖြစ်ကြောင်း တွေ့ရပါသည်။ ပူရဏကဿပ၏ ဝါဒအတိုင်း သီလသိက္ခာကို အခြေမခံဘဲ သမာဓိသိက္ခာနှင့် ပညာသိက္ခာကို တည်ဆောက်ရန် ကြိုးစားပါက ထိုသို့ ကြိုးစားခြင်းသည် ပူရဏကဿပ ဂိုဏ်းဝင်တစ်ယောက်၏ ကြိုးစားမှုသာ ဖြစ်ပေလိမ့်မည်။

## (၂) မက္ခလိဂေါသာလ

မက္ခလိဂေါသာလသည် အာဇီဝကတက္ကတွန်းဂိုဏ်းကို တည်ထောင်သူ ဖြစ်သည်ဟု ဆိုကြသည်။ ထို့အပြင် သူသည် **အကြောင်းအကျိုးမဲ့** (အဟေတုက) ဝါဒ၌ သက်ဝင်ယုံကြည်သူ ဖြစ်၏။ သူ၏ ဂုဏ်သတင်းနှင့် ပတ်သက်၍ အဇာတသတ်မင်းကြီး၏ အမတ်တစ်ယောက်က အဇာတသတ်မင်းကြီးအား ဤသို့ လျှောက်ထားသည်ကို ဒီဃနိကာယ် သာမညဖလသုတ် ၌ တွေ့ရပါသည်။

မင်းကြီး၊ ဤမက္ခလိဂေါသာလသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒ တီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရေးမီ၏။ အဆုံးအရွယ်သို့ ရောက်လျက် ရှိ၏။ မင်းမြတ်သည် ထိုမက္ခလိဂေါသာလကို ဆည်းကပ်တော်မူပါ။ မက္ခလိဂေါသာလကို ဆည်းကပ်လျှင် မင်းမြတ်၏စိတ်သည် ကြည်လင်တန်ရာပါ၏။

ထို့အပြင် သာမညဖလသုတ် ၌ မက္ခလိဂေါသာလ၏ ဝါဒကို ဤသို့ ဖော်ပြထား၏။

ရှစ်သန်းလေးသိန်းသော မဟာကပ်များ ကာလပတ်လုံး လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကျင်လည်၍





ဆင်းရဲကုန်ဆုံးခြင်းကို ပြုလတ္တံ့။ ထိုအတွင်း ဆင်းရဲကုန်ဆုံးခြင်းမည်သည် မရှိ။ 'ငါသည် ဤသီလဖြင့် သော်လည်းကောင်း၊ ဤကျင့်ဝတ်ဖြင့် သော်လည်းကောင်း၊ ဤခြိုးခြံမှုဖြင့် သော်လည်းကောင်း၊ ဤအကျင့်မြတ်ဖြင့် သော်လည်းကောင်း မရင့်သေးသော ကံကိုမူလည်း ရင့်စေမည်။ ရင့်ပြီးသော ကံကိုမူလည်း တွေ့၍ တွေ့၍ ပျက်စီးစေမည်' ဟု ဤသို့ ပြုပြင်နိုင်ခြင်း မရှိ။ ချမ်းသာဆင်းရဲသည် တင်းတောင်းဖြင့် ခြင်ထားသကဲ့သို့ ဖြစ်၏။ သံသရာသည် အပိုင်းအခြား ပြုထားပြီး ဖြစ်၏။ အတိုးအဆုတ် မရှိ။ အလွန်အယုတ် မရှိ။ ချည်လုံးကို ပစ်လိုက်သော် ချည်ရှိသရွေ့သာ ပြေလျက် ပြေးသွားသကဲ့သို့ ဤအတူ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ဖြစ်စေလတ္တံ့။

မက္ခလိဂေါသာလ၏ ဝါဒအရ သတ္တဝါအားလုံးတို့သည် မဟာကပ် ရှစ်သန်းလေးသိန်း ကုန်ဆုံးချိန်၌ အလိုအလျောက် သံသရာမှ လွတ်မြောက်ကြသည် ဖြစ်၏။ ထိုအတွင်း မည်သို့မျှ ကြိုးစား၍ မရ။ မကြိုးစားလျှင်လည်း လွတ်မြောက်မည်ပင် ဖြစ်၏။ ထို့အပြင် သတ္တဝါတစ်ဦးအတွက် ဆင်းရဲချမ်းသာတို့သည် ခြင်တွယ်ထားဘိသကဲ့သို့ ဖြစ်၏။ အတိုးအဆုတ် မရှိ။ ထိုအတိုင်း ခံစားရမည်သာ ဖြစ်၏။ ရှောင်လွှဲ၍ မရ။ သံသရာကား အပိုင်းအခြား ပြုထားပြီး ဖြစ်၏။ အတိုးလည်း မခံ၊ အလျှော့လည်း မခံ၊ သတ္တဝါတစ်ဦးသည် မဟာကပ် ရှစ်သန်းလေးသိန်းပြည့်၍ သံသရာမှ ထွက်မြောက်သွားသည်နှင့် တစ်ပြိုင်နက် ထိုသူ၏နေရာကို အစားဖြည့်ရန် သတ္တဝါအသစ်တစ်ဦးသည် သံသရာတွင်းသို့ ဝင်လာသည် ဖြစ်၏။ ဤနည်းအားဖြင့် သံသရာသည် မည်သည့်အခါမျှ ဆိတ်သုဉ်းသွားသည် မဟုတ်ချေ။

သံသရာသက်တမ်းနှင့်တကွ သုခ၊ ဒုက္ခ တို့ကို သတ်မှတ် ပိုင်းခြားထားသည် မှန်၏။ သို့ရာတွင် သံသရာတွင်း၌ ကျင်လည်ကျက်စား ပြေးသွားနေစဉ်ကာလအတွင်း သက်ရှိသတ္တဝါများနှင့် သက်မဲ့အရာဝတ္ထုများသည် တည်ရှိမှုအဆင့် သုံးဆင့်တို့နှင့်အညီ ဖြစ်ပေါ်လှုပ်ရှား ကြရ၏။ ယင်း တည်ရှိမှု အဆင့်သုံးဆင့်တို့မှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) နိယတိ (သတ်မှတ်ချက်)၊

(၂) သင်္ဂတိ (ပေါင်းဆုံမှု)၊

(၃) ဘာဝ (ဖြစ်ပေါ်ခြင်း)။



www.burmeseclassic.com

www.burmeseclassic.com



## နိယတိ (သတ်မှတ်ချက်)

မက္ခလိဂေါသာလ၏ ဝါဒအရ လောကရှိ သက်ရှိသက်မဲ့အားလုံးတို့သည် မူလ သတ်မှတ်ချက်အတိုင်း ဖြစ်ကြရ၏။ ယင်း မူလသတ်မှတ်ချက်မှာ 'သာမညာ' သဘောဖြစ်၏။ မက္ခလိဂေါသာလ ကမူ ယင်း မူလသတ်မှတ်ချက်ကို 'နိယတိ'ဟု ခေါ်သည်။ သက်ရှိသတ္တဝါများသည် မူလသတ်မှတ်ချက် နိယတိအတိုင်း ဖြစ်ကြရ၏။ ယင်းကို ကျော်လွန်၍ မရ။ ယင်းကို ကျော်လွန်သည်နှင့် တစ်ပြိုင်နက် သက်ရှိသတ္တဝါ၏ ဘဝသည် ပျက်သုဉ်းပြီးသား ဖြစ်ရသည်။ သက်မဲ့ အရာဝတ္ထုများသည်လည်း မူလသတ်မှတ်ချက် နိယတိအတိုင်းပင် ဖြစ်ရ၏။ ယင်းကို ကျော်လွန်၍ မရ။ ယင်းကို ကျော်လွန်သည်နှင့် တစ်ပြိုင်နက် သက်မဲ့ အရာဝတ္ထု၏ ဘဝသည် ပျက်သုဉ်းပြီးသား ဖြစ်ရ၏။ ယင်း မူလ သတ်မှတ်ချက် 'နိယတိ'သည် နိစ္စတရား ဖြစ်၏။ နိစ္စတရားဖြစ်သော်လည်း ပြုပြင်ပြောင်းလဲ၍ ရ၏။ ထို့ကြောင့် ထိုနိစ္စတရားမျိုးကို ပြုပြင် ပြောင်းလဲ၍ရသော နိစ္စတရား (ပရိဏာမိနိစ္စ) ဟု ခေါ်ကြပါသည်။ ထို့အပြင် နိယတိ၏ တည်ရှိမှုအဆင့်ကို အဇ္ဈတ္တ (မထင်ရှားမှု) အဆင့်၌ ထားသည်။ မက္ခလိဂေါသာလ၏ ဝါဒအရ နိယတိသည် သက်ရှိသက်မဲ့ အားလုံးတို့၏ ပထမဆုံး တည်ရှိမှုအဆင့် ဖြစ်ပါသည်။

## သင်္ဂတိ (ပေါင်းဆုံမှု)

ဤလောကတွင် သက်ရှိသက်မဲ့ အားလုံးတို့သည် တစ်ခုတည်းသဘော မရှိကြဘဲ အစိတ်အစိတ်တို့၏ အစုအပေါင်းသာ ဖြစ်ကြပါသည်။ ထိုသို့ စုပေါင်းရာ၌လည်း သံယောဂသမ္ဗန္ဓခေါ် အရာဝတ္ထုသစ်တစ်မျိုး ပေါ်ပေါက်ခြင်း မရှိဘဲ ယှဉ်တွဲထားရုံ သဘောမျိုး မဟုတ်မူ၍ သမဝါယသမ္ဗန္ဓခေါ် အရာဝတ္ထုသစ်တစ်မျိုး ပေါ်ပေါက်လာအောင် ပေါင်းဆုံခြင်းမျိုး ဖြစ်ပါသည်။ ဤသဘောကို မက္ခလိဂေါသာလ က သင်္ဂတိဟု ခေါ်ပါသည်။သက်မဲ့လောကတွင် အဋ္ဌကလာပ် ရုပ်တရားကြီးသာ ဖြစ်ပါလျက် အချို့က သရက်ပင်၊ အချို့က မန်ကျည်းပင်၊ အချို့က နှင်းဆီပင် စသည်ဖြင့် ကွဲပြားခြင်းမျိုးသည် လည်းကောင်း၊ အချို့က ရွှေ၊ အချို့က ငွေ၊ အချို့က ခဲ စသည်ဖြင့် ကွဲပြားခြင်းမျိုးသည် လည်းကောင်း သင်္ဂတိ၏ တည်ရှိမှုအဆင့်အရ ကွဲပြားခြင်း ဖြစ်ပါသည်။ယင်းသို့ကွဲပြားသော်လည်း နိယတိသဘော အရ သာမညအားဖြင့် အဋ္ဌကလာပ် ရုပ်တရားများသာ ဖြစ်ပါသည်။ အားလုံး အတူတူပင် ဖြစ်ပါသည်။ သက်ရှိလောက၌လည်း ခန္ဓာချင်း တူပါလျက် အလားတူ ကွဲပြားမှုမျိုး ရှိပါသည်။ဤသို့သော ကွဲပြားမှုမျိုးကို ဂတိ(ဒေသ)၊ ကာလ၊ ဥပဓိ (ပင်ကို အရည်အသွေး)၊ ပယောဂ(စွမ်းဆောင်မှု) တို့၏ ပေါင်းဆုံမှုအလိုက်





ကွဲပြားခြင်းမျိုးဟု ဆိုကြပါသည်။ ထို့ကြောင့် သက်ရှိ သက်မဲ့ အားလုံးတို့သည် နိယတိအဆင့်မှ သင်္ဂတိအဆင့်သို့ မလွဲမသွေ ကူးပြောင်းကြရပါသည်။ ဤ သင်္ဂတိအဆင့်သည် သက်ရှိသက်မဲ့ အားလုံးတို့အတွက် ဒုတိယတည်ရှိမှုအဆင့် ဖြစ်ပါသည်။

## ဘာဝ (ဖြစ်ပေါ်ခြင်း)

ဤအဆင့်မှာ တတိယဆင့် ဖြစ်ပါသည်။တတိယဆင့်တွင် သက်ရှိသက်မဲ့ အားလုံး တို့သည် သီးခြားစီ တစ်ခုချင်း တစ်ခုချင်း တည်ရှိကြပါသည်။ ထင်ရှားမှု (ဗဟိဒ္ဓ) သဘောကိုလည်း ဆောင်ပါသည်။ သီးခြားစီဖြစ်မှု (ဝိသေသ) သဘောကိုလည်း ဆောင်ပါသည်။ အသံ(သဒ္ဒရုပ်)သည် နိယတိသဘောအရ အဇ္ဈတ္တ၊ သာမည အနေဖြင့် တစ်ခုတည်းဖြစ်သော်လည်း သင်္ဂတိသဘောအရ ကာလ၊ ဒေသ၊ ဌာန်၊ ခရိုဏ်း၊ ပယတ်တို့နှင့် ပေါင်းဆုံမိခြင်းကြောင့် ဗဟိဒ္ဓ၊ ဝိသေသအနေဖြင့် အင်္ဂလိပ် အသံ၊ အင်္ဂလိပ်သဒ္ဒါ၊ မြန်မာအသံ၊ မြန်မာသဒ္ဒါ စသော အမျိုးမျိုးအဖြစ်သို့ ပြောင်းလဲသွားခဲ့ပါသည်။ ထိုနည်းအတူပင် သတ္တဝါသည် နိယတိသဘောအရ တစ်မျိုးတည်း ဖြစ်သော်လည်း ဆိုင်ရာ ဂတိ၊ ကာလ၊ ဥပဓိ၊ ပယောဂတို့နှင့် ပေါင်းဆုံမိခြင်းကြောင့် တိရစ္ဆာန်၊ လူ၊နတ် စသော အမျိုးမျိုး အဖြစ်သို့ ပြောင်း သွားခဲ့ပါသည်။ သာမညအဆင့် (နိယတိ)သည် နိစ္စတရား ဖြစ်သော်လည်း အမျိုးမျိုးသောအဆင့် (ဘာဝ) သည် အနိစ္စတရား ဖြစ်ခဲ့ပါသည်။ ဤနေရာ၌ နိစ္စတရားဆိုသည်မှာ ပြုပြင်ပြောင်းလဲ၍ရသော 'ပရိဏာမိ' သဘောကိုသာ ဆိုပါ သည်။ ပြုပြင်ပြောင်းလဲ၍ မရသော 'ကူဋဋ္ဌာယီ' သဘောကို မဆိုပါ။ ပေါင်းဆုံမှု (သင်္ဂတိ)ကိုမူ မူလနိယတိကို ထောက်၍ အနိစ္စဟု ဆိုရန်လည်း မသင့်ပါ။ ကွဲပြားသော ကာလ၊ ဒေသ စသည်တို့ကို ထောက်၍ နိစ္စဟု ဆိုရန်လည်း မသင့်ပါ။ ထို့ကြောင့် ထိုသင်္ဂတိကို အတိအကျ ဆို၍မရသောတရား (အနိဗ္ဗစနီယ) ဟု ဆိုကြပါသည်။ ဤသည်မှာ မက္ခလိဂေါသာလ၏ဝါဒ ဖြစ်ပါသည်။ မက္ခလိဂေါ သာလ၏ ဝါဒအရ သက်ရှိသက်မဲ့ အားလုံးတို့သည် ရည်ရွယ်ချက်မဲ့ ဖြစ်နေ ကြသည် မဟုတ်။ ရည်ရွယ်ချက်နှင့် ဖြစ်နေကြခြင်း ဖြစ်ပါသည်။ ပရမ်းပတာ ဖြစ်နေကြခြင်း မဟုတ်။ စည်းစနစ်တကျ ဖြစ်နေကြခြင်း ဖြစ်ပါသည်။

မက္ခလိဂေါသာလသည် သူ၏ဝါဒကို ထုတ်ဖော်ရာ၌ အပိုင်း နှစ်ပိုင်းကို ခွဲခြား၍ တင်ပြထား၏။ ထိုအပိုင်း နှစ်ပိုင်းတို့မှာ ပြုပြင်ပြောင်းလဲ၍ ရသော အပိုင်း (ဝတ္ထုတန္တ)နှင့် ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တ)တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ပြုပြင်ပြောင်းလဲ၍ မရသော အပိုင်း (ဝတ္ထုတန္တ)

ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း (ဝတ္ထုတန္တ) ဆိုသည်မှာ ဗဟိဒ္ဓ ရုပ်ပိုင်း ဖြစ်ပါသည်။ ထိုအပိုင်းကို ပြုပြင်ပြောင်းလဲ၍ မရပါ။ မူလ သတ်မှတ်ချက် နိယတိအတိုင်း ဖြစ်ကြရ၏။ ကောင်းချိန်တန်လျှင် ကောင်း၍ မကောင်းချိန်တန် လျှင် မကောင်းပါ။ ကောင်းခြင်းနှင့် မကောင်းခြင်း သို့မဟုတ် ချမ်းသာနှင့် ဆင်းရဲသည် မူလသတ်မှတ်ချက် နိယတိအတိုင်း ဖြစ်ပါသည်။ ထို့ကြောင့် ချမ်းသာ ဆင်းရဲသည် တင်းတောင်းဖြင့် ခြင်ထားသကဲ့သို့ ဖြစ်၏ဟု မက္ခလိ ဂေါသာလ က သင်ကြားခြင်းဖြစ်ပါသည်။

## ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တ)

ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တ) ဆိုသည်မှာ ကိုယ်တွင်း အဇ္ဈတ္တ စိတ်ပိုင်း ဖြစ်ပါသည်။ ထိုအပိုင်း၌ စိတ်၊ စေတသိက် သဘောများ အားလုံး ပါဝင်ပါသည်။ ကျွန်ုပ်တို့သည် တံလျှပ်ကို ရေထင်၍ ချမ်းသာကို ခံစားရပါသည်။ ကြိုးကို မြွေထင်၍ ဒုက္ခကို ခံစားရပါသည်။ တံလျှပ်ကို ရေထင်ရာ၌ တံလျှပ်သည် ရေ ဖြစ်မသွားပါ။ တံလျှပ်သည် တံလျှပ်သာဖြစ်ပါသည်။ ကြိုးကို မြွေထင်ရာ၌ ကြိုးသည် မြွေ ဖြစ်မသွားပါ။ ကြိုးသည် ကြိုးသာ ဖြစ်ပါသည်။ တံလျှပ်နှင့် ကြိုး တို့သည် ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း (ဝတ္ထုတန္တ) ဖြစ်၍ ရေနှင့် မြွေ သည် ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တ) ဖြစ်ပါသည်။ ကျွန်ုပ်တို့ ခံစားရသော ချမ်းသာနှင့် ဆင်းရဲတို့သည် ရေနှင့် မြွေကြောင့် ဖြစ်ပါသည်။ တံလျှပ်နှင့် ကြိုးကြောင့် မဟုတ်ပါ။ သို့ရာတွင် တံလျှပ်နှင့်ကြိုး မရှိဘဲ ရေနှင့်မြွေ ထင်၍ မရပါ။ ထို့ကြောင့် ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း (ဝတ္ထုတန္တ)မှ ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တ)သို့ ပြောင်းလဲရာ၌ လူ၏ စွမ်းအား တို့ အသုံးပြုနိုင်ခြင်း ဖြစ်ပါသည်။

ဤနေရာ၌ တံလျှပ်နှင့် ကြိုးတို့သည် ပြုပြင်ပြောင်းလဲ၍ မရသော အပိုင်း (ဝတ္ထုတန္တ) ဖြစ်သဖြင့် ယင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် သုခနှင့် ဒုက္ခတို့သည် လည်း ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း (ဝတ္ထုတန္တ)ပင် ဖြစ်ပါသည်။ ဤ သဘောအတိုင်းပင် ကျွန်ုပ်တို့သည် ကြက်ကိုသတ်၍ ဘုရားကို ပူဇော်၏။ ထို ပူဇော်ရာ၌ ကုသိုလ်ရသည်ဟု ယုံကြည်၍ ချမ်းသာသုခကို ခံစားရ၏။ ကျွန်ုပ်တို့ သည် ကြက်ကိုသတ်၍ ချက်စားကြ၏။ ထိုသို့ ချက်စားရာ၌ အကုသိုလ်ဖြစ် သည်ဟု ယုံကြည်၍ ဆင်းရဲဒုက္ခကို ခံစားရ၏။ ဤနေရာ၌ ကျွန်ုပ်တို့ ခံစားရသော ချမ်းသာသုခနှင့် ဆင်းရဲဒုက္ခတို့သည် ကုသိုလ်ရသည်ဟု ယုံကြည်ခြင်းနှင့်





အကုသိုလ် ဖြစ်သည်ဟု ယုံကြည်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကြက်ကို သတ်ခြင်း ကြောင့် မဟုတ်ပါ။ ကြက်ကို သတ်ခြင်းကား ရှောင်လွှဲ၍ မရကောင်းသည့် မူလ သတ်မှတ်ချက် နိယတိ ဖြစ်ပါသည်။ ကြက်ကို သတ်ခြင်းသည် ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း(ဝတ္ထုတန္တ)ဖြစ်၍ ကုသိုလ်ရသည်ဟု ယုံကြည်ခြင်းနှင့် အကုသိုလ် ဖြစ်သည်ဟု ယုံကြည်ခြင်းတို့သည် ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တ) ဖြစ်ပါသည်။ အရပ်သုံး စကားဖြင့် ဖော်ပြရလျှင် ကျွန်ုပ်တို့သည် ကြက်ကို သတ် ခြင်းကြောင့် စိတ်ချမ်းမြေ့ခြင်း မဟုတ်။ ကုသိုလ်ရသည်ဟု ယုံကြည်ခြင်းကြောင့် သာ စိတ်ချမ်းမြေ့ခြင်း ဖြစ်ပါသည်။ ကြက်ကို သတ်ခြင်းကြောင့် စိတ်ညစ်ညူးခြင်း မဟုတ်။ အကုသိုလ်ဖြစ်သည်ဟု ယုံကြည်ခြင်းကြောင့်သာ စိတ်ညစ်ညူးခြင်း ဖြစ်ပါသည်။ ကုသိုလ်ရသည်ဟု ယုံကြည်ခြင်းနှင့် အကုသိုလ်ဖြစ်သည်ဟု ယုံကြည် ခြင်းတို့ကို စွဲလမ်းမှု(ဥပါဒါန်)ဟူ၍လည်း ခေါ်ကြပါသည်။ အမှန်အားဖြင့် ကြက်သတ်ခြင်းသည် လူသားစွမ်းအားဖြင့် ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း (ဝတ္ထုတန္တ) ဖြစ်ပါသည်။

မက္ခလိဂေါသာလ၏ ဝါဒအရ သံသရာသက်တမ်း တစ်လျှောက်လုံး၌ အားလုံး သတ်မှတ်ပြီးသား ဖြစ်၏။ မည်သည့်အချိန်တွင် ရှင်ဘုရင် ဖြစ်မည်၊ ... ကိုက်ခံရမည်၊ နွားကို သတ်ရမည်၊ ကြက်ကို သတ်ရမည် စသည်ဖြင့် အားလုံး သတ်မှတ်ပြီးသား ဖြစ်၏။ ထိုသတ်မှတ်ချက်အတိုင်း သတ္တဝါတို့သည် မလွဲမသွေ ... ကြုံခံစားရခြင်း ဖြစ်၏။ ထိပေါက်ရန် သတ်မှတ်ချက်ပါလျှင် ထိပေါက်၏။ ... ခြင်းခံရမည့် သတ်မှတ်ချက်ပါလျှင် နွားဖွေ့ခံရ၏။ အားလုံး မူလ သတ်မှတ် ချက်အတိုင်းပင် ဖြစ်ကြ၏။ တွေ့ကြုံကြရ၏။ ဤသဘောကို သတ်မှတ်ချက် (နိယတိ)ဟု ခေါ်သည်။ ဤသတ်မှတ်ချက် (နိယတိ) အတိုင်း ဆောင်ရွက်ခြင်းဖြင့် သတ္တဝါတစ်ဦး၏ သံသရာသက်တမ်းသည် တိုးလည်း မလာ၊ ဆုတ်လည်း မသွား။ ထိုနှင့် ပတ်သက်သော သုခနှင့် ဒုက္ခသည်လည်း အတိုးအဆုတ် မရှိ။ ... တသတ် မင်းကြီးသည် အဖကို သတ်ရန် နိယတိပါသဖြင့် အဖကို သတ် ခြင်း ဖြစ်ပါသည်။ အဖကို သတ်ခြင်းဖြင့် အဇာတသတ် မင်းကြီးအတွက် ...ကောင်းမှု အတိုးအဆုတ် မရှိပါ။ သံသရာသက်တမ်း အတိုးအဆုတ် မရှိပါ။ ...မှတ်ချက် (နိယတိ)၊ ပေါင်းဆုံမှု(သင်္ဂတိ) နှင့် တစ်ခုချင်း (ဘာဝ)တို့သည် ...တို့ မပြုပြင်နိုင်သောအပိုင်း ဖြစ်၏။ သို့ရာတွင် ယင်းတို့ကို ... ...နှင့် လိုက်လျောအောင် ကြံဆမှု(ပရိကပ္ပ)ပြုရန်ကား လူသားတို့ ပြုပြင်နိုင် ...အပိုင်း ဖြစ်၏။ ထို့ကြောင့် ကြက်သတ်ရန် သတ်မှတ်ချက် ... ...လျှင် ချမ်းမြေ့စရာ လုပ်ငန်းအဖြစ် ကြံဆ ယုံကြည်၍ ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းမြေ့မှုကို ခံစားရမည် ဖြစ်ပါသည်။ ဤနေရာ၌ ကြက်ကို သတ်ခြင်းနှ ယင်း၏အကျိုး သုခ၊ ဒုက္ခတို့သည် လွန်ခဲ့သော မဟာကပ် ရှစ်သန်းလေးသိ အစကပင် တရားသေ သတ်မှတ်ချက်များဖြစ်၍ အတိုးအဆုတ် မရှိပါ။ ကုသို လုပ်ငန်း၊ အကုသိုလ်လုပ်ငန်းအဖြစ် ယုံကြည်ခြင်းနှင့် ယင်းတို့၏အကျိုး သု ဒုက္ခတို့သည် ယခု ချက်ချင်း လက်ငင်းအကြောင်း အကျိုးအစုအဖြစ် အကျ ပေးပြီး၊ ခံစားပြီး ဖြစ်၍ ဘာမျှ မကျန်တော့တဲ့ ပြီးဆုံးပြီး၊ ချုပ်ငြိမ်းပြီး ဖြစ်ပါသည် ဤသို့လျှင် မက္ခလိဂေါသာလက သွန်သင်ခဲ့ပါသည်။

မက္ခလိဂေါသာလ၏ အယူအရ ဘဝတွင် ကောင်းမှုများကိုလည်း လု ဆောင်ရ၏။ မကောင်းမှုများကိုလည်း လုပ်ဆောင်ရ၏။ ထိုသို့ လုပ်ဆောင် သည်မှာ မိမိ လွတ်လပ်စွာ ဆုံးဖြတ်ချက်အရ ရွေးချယ်၍ လုပ်ဆောင်ရခြ မဟုတ်။ အချိန်အခါ အခြေအနေနှင့် ပတ်ဝန်းကျင် သွန်သင်ချက်တို့၏ လွှမ်းမိုး အောက်၌ အတ္တကို ဦးစားပေးသော ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်၍ လုပ်ဆောင်ရခြ ဖြစ်၏။ ယင်းကိုပင် မက္ခလိဂေါသာလက ‘နိယတိ’၊ ‘သင်္ဂတိ’၊ ‘ဘာဝ’ ဟု သမုတ်ခဲ့၏။ ထို နိယတိ၊ သင်္ဂတိ၊ ဘာဝတို့အရ ဆောင်ရွက်ခဲ့ရသည့် ကောင် လုပ်ငန်း၊ မကောင်းမှုလုပ်ငန်းတို့သည် သေနတ်ပြောင်းဝမှ ထွက်သွားပြီးသေ ကျည်ဆန်ကဲ့သို့ ပြန်လည်ပြုပြင်ရန် တတ်ကောင်းသောအရာများ မဟုတ်တေ မျှ။ မူလကပင် လုပ်ဆောင်ရန် သတ်မှတ်ပြီးသား ဖြစ်၏။ ခြင်ထားပြီးသာ ဖြစ်၏။ ယမ်းအားရှိသလောက် သွားမည်သာ ဖြစ်၏။ တိုးအောင်လည်း လု မရ။ လျော့အောင်လည်း လုပ်၍ မရ။ မတတ်ကောင်းသော အပိုင်းဖြစ်၏။ မတတ်ကောင်းသောအပိုင်းကို မတတ်ကောင်းသောအပိုင်းအဖြစ် သဘော ၍ စိတ်အာရုံမှ အပြီးတိုင် မေ့ဖျောက်သင့်ပေသည်။ အကယ်၍ မမေ့ဖျောက် လျှင်လည်း ကုသိုလ်အာရုံအဖြစ် ကြံဆ ပြောင်းလဲ၍ ပီတိသုခကို ခံစားနိုင်အေ ဆောင်ရွက်သင့်ပေသည်။

အဇာတသတ်မင်းအတွက် အဖကို သတ်မိခြင်းသည် အဖ သတ် သတ်မှတ်ချက်ပါ၍ သတ်မိခြင်း ဖြစ်ပါသည်။ ထိုအတွက် တိုး၍လည်း ကောင်း၊ ဆုတ်၍လည်း မရကောင်း၊ ထိုလုပ်ငန်းသည် မိမိ၏ အရှိန်အဟုန်အ မလွဲမသွေ အကျိုးပေးမည် ဖြစ်ပါသည်။ လူတို့၏ စွမ်းအားဖြင့် မပြုပြင်နိုင်ေ ထို့ကြောင့် ပြီးပြီးသား ကိစ္စအနေဖြင့် လည်းကောင်း၊ ဘဝအကျိုးပေး အနေ လည်းကောင်း သူ့အတိုင်း ထားရုံသာ ရှိသည်။ ထိုကို အကြောင်းပြု၍ နော တစ်ဖန် ပူပန်ခြင်းဖြင့် စိတ်ဒုက္ခ ခံစားရုံသာ ရှိသည်။ အဖအား သတ်မိခြ မေ့ထားလျှင် ထိုကို အကြောင်းပြု၍ ဒုက္ခတရားသည် ပေါ်ပေါက်လာ





ကြောင်း မရှိတော့ချေ။ အကယ်၍ မမေ့ထားနိုင်လျှင်လည်း ပျော်ရွှင်ချမ်းမြေ့စရာ င်းစည်းစိမ်ကို ခံစားစရာအဖြစ် ယူဆ၍ မင်းစည်းစိမ်ကို ချမ်းသာစွာ ခံစား င့်ပေသည်။ ဘဝတွင် မပြောင်းလဲနိုင်သည့် အပိုင်းကို သူ့အတိုင်းထားပြီး ပြောင်းလဲနိုင်သည့် အပိုင်းကိုသာ ပြောင်းလဲရန် အားထုတ်သင့်သည်ဟူသော ဒသည် မက္ခလိဂေါသာလ၏ ဝါဒ ဖြစ်ပါသည်။

မက္ခလိဂေါသာလ၏ ဝါဒ၌ ချွတ်ယွင်းချက်များစွာ ပါဝင်သည်။ က္ခလိဂေါသာလ၏ ဝါဒသည် အကြောင်းအကျိုးမဲ့ တရားသေဝါဒ ဖြစ်ပါသည်။ သည် ကံကို မပြုပြင်နိုင်ဘဲ ကံကသာ လူကို ပြုပြင်နိုင်သည် ဟူ၍ မက္ခလိဂေါသာ က ယုံကြည်ပါသည်။ ပတ်ဝန်းကျင် အခြေအနေနှင့် အချိန်အခါတို့ကို ကံ၌ ည့်သွင်းရေတွက် ထားပါသည်။ နေ့စဉ် တွေ့ကြုံရသည့် အတွေ့အကြုံများ းလုံးသည် ကံကြောင့် တွေ့ကြုံရသည့် အတွေ့အကြုံများသာ ဖြစ်သည်ဟု က္ခလိဂေါသာလ က ဆိုခြင်း ဖြစ်ပါသည်။ ဆုးရှူးလျှင်လည်း ကံမကောင်းလို့ ခြင်း ဖြစ်သည်။ ထမင်းကောင်း၊ ဟင်းကောင်း စားရလျှင်လည်း ကံကောင်း ထမင်းကောင်း ဟင်းကောင်း စားရခြင်း ဖြစ်သည်ဟူသော ယုံကြည်ချက်မျိုး ပါသည်။

ဗုဒ္ဓဒေသနာတော်အရ လူ၏ စွမ်းအားဖြင့် မပြုပြင်နိုင်သော အရာ ဟူ၍ မရှိချေ။ ကုသိုလ်ကံ အကုသိုလ်ကံတို့ကိုလည်း ပြုပြင်နိုင်သည်သာ ဖြစ်ပါ ည်။ အကုသိုလ်ကံ ဟူသမျှသည် တစ်နည်းနည်းဖြင့် ပယ်သတ်ခြင်း ခံရမည် သော ရှိသည်ချည်းသာ ဖြစ်ပါသည်။ အကုသိုလ်ကံသည် ပယ်သတ်ခြင်း မခံ အဆုံးစွန်အဆင့်အထိ ရပ်တည်နိုင်သောသဘော မရှိ။ တဒင်္ဂပဟာန်နည်းဖြင့် စေ၊ ဝိက္ခမ္ဘနပဟာန်နည်းဖြင့် ဖြစ်စေ၊ သမုစ္ဆေဒပဟာန်နည်းဖြင့် ဖြင်ဆေ ခဲ့သောနေ့၊ တစ်ခုသောအချိန်တွင် ပယ်သတ်ခြင်း ခံရမည် ဖြစ်ပါသည်။ ကုသိုလ်ကံကို ပယ်သတ်ခြင်းမရှိဘဲ လောကမှ ထွက်မြောက်ခြင်းဟူ၍ ရှိ င်းပေ။ ထို့ကြောင့် အစမထင် သံသရာမှ စ၍ မိမိပြုခဲ့မိသော အကုသိုလ်ကံ မျိုးမျိုးကို ပယ်သတ်နိုင်ရန် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများကို ကြိုးစား ထုတ်ရခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ကြိုးစားအားထုတ်မှ အကုသိုလ်တရားများ ရှင်း ပပျောက်သွားမည် ဖြစ်ပါသည်။

အကုသိုလ်တရားများကို ဖယ်ရှားရာတွင် အဆင့်သုံးဆင့် ထားပါသည်။ ဆင့် သုံးဆင့်မှာ **သီလအဆင့်၊ သမာဓိအဆင့်၊ ပညာအဆင့်**တို့ ဖြစ်ပါသည်။ အဆင့်ဖြင့် အကုသိုလ်တရားများကို မပြုခြင်း (သဗ္ဗပါပဿ အကရဏံ)၊ ာဓိအဆင့်ဖြင့် ကုသိုလ်တရားများကို ပြည့်စုံစေခြင်း (ကုသလဿ ဥပသမ္ပဒါ)



www.burmeseclassic.com

www.burmeseclassic.com



ပညာအဆင့်ဖြင့် အကုသိုလ်အညစ်အကြေးမှ ကင်းစင်စေခြင်း (စိတ္တပရိယော
ပန်) တို့ ဖြစ်ပါသည်။ သို့ဖြစ်၍ သီလအဆင့်၊ သမာဓိအဆင့်၊ ပညာအဆင့်တို့ဖြ
ကြိုးစားအားထုတ်မှု မရှိဘဲ အကုသိုလ်တရားကို မေ့ထားရုံသက်သက်ဖြင့် ဖြစ်စေ
ကုသိုလ်အာရုံအဖြစ် နှစ်နှစ်ကာကာ ယုံကြည်၍ ဖြစ်စေ ထိုအကုသိုလ်၏ စက်ဝန်း
မှ ရှောင်ထွက်ရန် မတတ်ကောင်းပါချေ။

အမှန်အားဖြင့် ကောင်းမှု မကောင်းမှုဟူသည် သူ့သဘော သူဆောင်၍
ကောင်းမှု၊ မကောင်းမှု ဖြစ်ကြရခြင်း ဖြစ်၏။ လူတို့၏ ယုံကြည်ချက်ကြောင့်
ကောင်းမှု၊ မကောင်းမှု ဖြစ်ကြရခြင်း မဟုတ်ပါ။ မီးကို မီးမှန်း မသိ၍ ကိုင်သည်
ဖြစ်စေ၊ မီးမှန်းသိ၍ ကိုင်သည်ဖြစ်စေ မီးသည် မိမိ၏ သဘောအတိုင်း ပူသည်သာ
ဖြစ်ပါသည်။ မီးမှန်း မသိ၍ ကိုင်လျှင် အယူမှားမှုသဘော ထပ်ဆင့်ခြင်းကြောင့်
စိတ်ရှိလက်ရှိ ကိုင်မိသဖြင့် ပို၍ ပူပါသည်။ အကုသိုလ်အရာ၌ အယူမှားမှု
ဒိဋ္ဌိစေတသိက်ဟု ဆိုပါသည်။ ကြက်ကို သတ်ရာ၌ ကုသိုလ်ရသည်ဟု ယုံကြည်
၍ပဲ သတ်သည် ဖြစ်စေ၊ အကုသိုလ်ဖြစ်သည်ဟု ယုံကြည်၍ပဲ သတ်သည် ဖြစ်စေ
ကြက်သတ်ခြင်းသည် သူ့သဘော သူဆောင်၍ ကြက်သတ်ခြင်းသာ ဖြစ်ပါသည်
အဘိဓမ္မာ ဒေသနာတော်အရ အကုသိုလ်တရားပင် ဖြစ်ပါသည်။

ကမ္ဘာမြေကြီးတွင် **ဆွဲငင်အားစက်ဝိုင်း** ရှိသကဲ့သို့ ကံများတွင်လည်း
အကျိုးပေးစက်ဝိုင်း ရှိပါသည်။ ထိုအကျိုးပေးစက်ဝိုင်းကို 'နာနာက္ခဏိက က
သတ္တိ' ဟု ခေါ်ပါသည်။ ကံများ၏ အကျိုးပေးစက်ဝိုင်းသည် ကံပြုသူများ၏
ခန္ဓာများ ပတ်ပတ်လည်တွင် ဝန်းရံလျက် ရှိပါသည်။ ထိုစက်ဝိုင်းကို အဘိညာဉ်ဖြ
မြင်နိုင်ကြောင်း ပိဋကတ်ကျမ်းစာများ၌ လာရှိပါသည်။ ထို့ကြောင့် ကံတစ်ခု
ပြုထားမိပါက ထိုကံကို မေ့ဖျောက်ထားစေကာမူ ထိုကံ၏ စက်ဝိုင်းသည် ကံ
သူ၏ ခန္ဓာများ ပတ်ပတ်လည်တွင် အရိပ်သဖွယ် အစဉ်တစိုက် လိုက်နေမည်
ဖြစ်ပါသည်။

ဗုဒ္ဓပိဋကတ်တော်များ၌ မေ့ပျောက်ခြင်း (ပမာဒ) ကို အကုသိုလ်တရား
အဖြစ် သတ်မှတ်ပါသည်။ မင်္ဂလိဂေါ်သာလ ယူသကဲ့သို့ စိတ်ချမ်းမြေ့စရာ
အကြောင်းအဖြစ် မသတ်မှတ်ပါ။ အကုသိုလ်လုပ်ငန်း ဖြစ်လျက် ကုသိုလ်လုပ်င
သဖွယ် ယူဆခြင်းကိုလည်း ဒိဋ္ဌိစေတသိက်အဖြစ် သတ်မှတ်ပါသည်။ မက္ခလိ
ဂေါသာလ ယူသကဲ့သို့ စိတ်ချမ်းမြေ့စရာ လုပ်ငန်းအဖြစ် မသတ်မှတ်ပါ။ လော
ဝေါဟာရအားဖြင့် ဆိုရလျှင် ကြက်ကို သတ်ပြီး မေ့မေ့ပျောက်ပျောက် ထားခြင်း
သည် အကုသိုလ်တရား (ပမာဒ)သာ ဖြစ်ပါသည်။ ကြက်သတ်သူက ကြက်သတ်
ခြင်းကို မေ့နေသော်လည်း ကြက်သတ်ခြင်း အကုသိုလ်ကံက မမေ့ဘဲ သူ့သဘော
ကို သူဆောင်၍ ကြက်သတ်သူနောက်သို့ အရိပ်သဖွယ် လိုက်နေမည်သာ ဖြစ်





သည်။ အခွင့်ရလျှင် အကျိုးပေးမည်သာ ဖြစ်ပါသည်။ အမှန်အားဖြင့် လုပ်သင့်
သည်မှာ မိမိပြုထားခဲ့သော မကောင်းမှုကံကို မေ့ဖျောက်ထားရန် မဟုတ်ဘဲ သတိ
သော ယူ၍ ထိုအကုသိုလ် အကျိုးပေးခွင့် မရအောင် ကုသိုလ်ကံများဖြင့် ပယ်
ဖျက်ရန်သာ ဖြစ်ပါသည်။ ထို့အပြင် သာမန်အားဖြင့် သူတစ်ပါးအသက်ကို
သတ်ခြင်းမှာ မကောင်းမှုမှန်း အားလုံး အသိပင် ဖြစ်ပါသည်။ သို့ပါလျက် ဘုရား
ပူဇော်လို၍ သတ်လျှင် ယဇ်ပူဇော်မှုသဘောကြောင့် ကုသိုလ် ရသည်ဟူသော
ယုံကြည်ချက်ဖြင့် သူတစ်ပါးအသက်ကို သတ်ခြင်းမှာလည်း အယူဝါဒ ဖောက်ပြန်
သော ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကောင်းမှု၊ မကောင်းမှုသဘောသည်
လူတို့၏ စိတ်ဆန္ဒနှင့် ယုံကြည်မှုတို့မှ ကင်းလွတ်စွာ တည်ရှိသော၊ သူ့သဘောကို
သူဆောင်သော၊ မဖောက်မပြန် မှန်ကန်သော ပရမတ္ထတရား ဖြစ်သောကြောင့်
ဖြစ်ပါသည်။

မက္ခလိဂေါသာလ၏ ဝါဒ၌ နောင်တ တစ်ဖန် ပူပန်ခြင်းနှင့် သံဝေဂ
ရခြင်းကို ကွဲပြားစွာ ဖော်ပြထားခြင်း မရှိဘဲ မိမိ ပြုခဲ့မိသော မကောင်းမှုကံကို
ဖြစ်လည်း အမှတ်မရစေရန် သွန်သင်ထားခြင်းကို တွေ့ရပါသည်။ နောင်တ
တစ်ဖန် ပူပန်ခြင်းမှာ အကုသိုလ် 'ကုက္ကုစ္စ' စေတသိက်ဖြစ်၍ သံဝေဂရခြင်းမှာ
ကုသိုလ် 'ဉာဏ်' စေတသိက် ဖြစ်ပါသည်။ ထိုသဘောကို ကွဲပြားစွာ မဖော်ပြဘဲ
၍ သွန်သင်ခြင်းမှာ အကုသိုလ် ကုက္ကုစ္စ စေတသိက်နှင့် ကုသိုလ် သံဝေဂဉာဏ်
တို့ကို မခွဲခြားနိုင်ခြင်း၏ အပြစ်ပင် ဖြစ်ပါသည်။ အကုသိုလ်တရားများတွင်လည်း
ဝိသင့်သော (သေဝိတဗ္ဗ) သဘောနှင့် မမှီဝဲသင့်သော (အသေဝိတဗ္ဗ) သဘောတို့
ကြသည်ဖြစ်ရာ မမေ့မလျော့သော အပ္ပမာဒတရားနှင့် သံဝေဂဉာဏ် ပွားများ
ပါက မက္ခလိဂေါသာလ ယူသကဲ့သို့ စိတ်ဒုက္ခ ရောက်စရာအကြောင်း မရှိ
ပါချေ။ သို့ဖြစ်၍ မက္ခလိဂေါသာလ၏ ဝါဒကို မမှန်ကန်သော၊ သီလသိက္ခာကို
ကျင်သော တိတ္ထိယဝါဒအဖြစ် ပိဋကတ်တော်၌ ဖော်ပြထားခြင်း ဖြစ်ပါသည်။
ရာတွင် မက္ခလိဂေါသာလ ထူထောင်ခဲ့သော အာဇီဝက တက္ကတွန်းဂိုဏ်းသည်
ဒီ ၁၂ ရာစုတိုင်အောင် ရှိကြသေးသဖြင့် ယင်းဝါဒသည် သူ့ခေတ် သူ့
ါက အထိုက်အလျောက် လူအများ လက်ခံသည့် ဝါဒတစ်ရပ် ဖြစ်ဟန်ရှိသည်
ပညာရှင်များက ခန့်မှန်းကြပါသည်။

## (၃) အဇိတကေသကမ္ဗလ

အဇိတကေသကမ္ဗလသည် ရုပ်ဝါဒီသမားသက်သက် ဖြစ်၏။ အကျိုးခံ (နတ္ထိက)
ခံ့ သက်ဝင်၏။ သူ၏ ဂုဏ်သတင်းနှင့် ပတ်သက်၍ အဇာတသတ်မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



အမတ်တစ်ယောက်က အဇာတသတ်မင်းကြီးအား ဤသို့ လျှောက်ထားသည်ကို ဒီဃနိကာယ် သာမညဖလသုတ် ၌ တွေ့ရပါသည်။

မင်းမြတ်၊ ဤ အဇိတကေသကမ္ဗလသည် တပည့်အပေါင်းနှင့် လည်း ပြည့်စုံ၏။ ဂုဏ်နှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒကို တီထွင်သူဖြစ်၏။ သူတော် ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရှေးမီ၏။ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထိုအဇိတကေသကမ္ဗလကို ဆည်းကပ်တော်မူပါ။ အဇိတ ကေသကမ္ဗလကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင် တန်ရာပါ၏။

သာမညဖလသုတ်လာ အဇိတကေသကမ္ဗလ၏ ဝါဒအရ ပေးလှူခြင်း သည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုး ဝိပါက် သည် မရှိ၊ ဤလောကသည် မရှိ၊ တစ်ပါးသော လောကသည် မရှိ၊ အမိသည် မရှိ၊ အဖသည် မရှိ၊ သေ၍ တစ်ဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်။ ဤ လောကကို လည်းကောင်း၊ တစ်ပါးသော လောကကို လည်းကောင်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော၊ ဖြောင့်မှန် သော၊ အရိယာမဂ်သို့ ရောက်ကုန်သော၊ ကောင်းသောအကျင့် ရှိကုန်သော သမဏ ဗြဟ္မဏတို့သည် လောက၌ မရှိကုန်။ ဤသတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေးသာ ဖြစ်၏။သေသောအခါ မြေဓာတ်သည် မြေဓာတ် အစုသို့ ဆိုက်၏။ ရေဓာတ်သည် ရေဓာတ်အစုသို့ ဆိုက်၏။ မီးဓာတ်သည် မီးဓာတ် အစုသို့ ဆိုက်၏။ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်၏။ နာမ် ဣန္ဒြေတို့သည် ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏။ ညောင်စောင်းလျှင် ငါးခုမြောက် ဖြစ်သော ယောကျ်ားတို့သည် သူသေကောင်ကိုယူ၍ သွားကုန်၏။ သင်္ချိုင်းတိုင်အောင် သူသေကောင်တို့သည် ထင်ကုန်၏။ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏။ အလှူတို့သည် ပြာအဆုံး ရှိကုန်၏။ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား ကုန်၏။ အချို့သူတို့သည် ပေးလှူခြင်း စသည်တို့၏ အကျိုးတရားများရှိကြောင်း ဟောပြောကုန်၏။ ထိုသူတို့၏ စကားသည် အချည်းနှီး ဖြစ်၏။ မှားယွင်း၏။ ယောင်ယမ်း ပြောဆိုသောစကား ဖြစ်၏။ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ခန္ဓာကိုယ် ပျက်စီးလျှင် ပြတ်စဲကုန်၏။ သေသည်မှ နောက်၌ မရှိကုန်။

အဇိတကေသကမ္ဗလ၏ အယူအရ လောက၌ တကယ်တမ်း အရေးကြီး သည်မှာ ရုပ်တရားများသာ ဖြစ်၏။ လူသည်ပင် ရုပ်တရားတို့၏ အစုအဝေး





ဖြစ်၏။ စိတ်ဆိုသည်မှာ ထိုရုပ်တရားတို့၏ **ဓာတ်ပေါင်း** (သမဂ္ဂီ) အနေဖြင့် ပေါင်းစပ်ရာမှ ထွက်ပေါ်လာသည့် သတ္တိထူး တစ်မျိုးသာ ဖြစ်၏။ ကွမ်း၊ ကွမ်းသီး၊ ထုံးတို့ကို ဓာတ်ပေါင်း (သမဂ္ဂီ) အနေဖြင့် ပေါင်းစပ်လိုက်သောအခါ မူလက မရှိသည့် အနီရောင် ကွမ်းသွေးသည် ဖြစ်ပေါ်လာ၏။ ထိုနည်းအတူပင် ရုပ်တရား များကို ဓာတ်ပေါင်း (သမဂ္ဂီ) အနေဖြင့် ပေါင်းစပ်လိုက်ပါက စိတ်တရားသည် ဖြစ်ပေါ်လာရ၏။ ထို့ကြောင့် စိတ်တရားသည် တကယ်တမ်း အရေးကြီးသည် မဟုတ်။ ရုပ်တရားသာ တကယ်တမ်း အရေးကြီး၏။

လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စိတ်တရားသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သည် မှန်၏။ သို့မှန်သော်လည်း ထိုစိတ်တရားသည် မူရင်း အရှိတရား မဟုတ်၊ အဖြစ်တရားသာ ဖြစ်၏။ အဖြစ်တရားတို့၏ သဘာဝအတိုင်း မိမိ နှစ်သက်သလိုဖြစ်အောင် ဖန်တီး၍ ရ၏။ ဥပမာအားဖြင့် သေရည်သေရက် ဖော်စပ်သောအခါ မူးယစ်သတ္တိတို့ မိမိ နှစ်သက်သလိုဖြစ်အောင် ဖော်စပ်၍ ရ၏။ မူးယစ်သတ္တိသည် အရှိတရား မဟုတ်၊ အဖြစ်တရားသာ ဖြစ်၏။ ထို့ကြောင့် မူးယစ်သတ္တိသည် စိတ်နှင့် တူ၏။

ပင်ကိုမူလက မရှိသော အဖြစ်တရားတစ်ခုကို ဖြစ်ပေါ်လာအောင် ဖန်တီး ရာ၌ ပေါင်းစပ်မှုသည် အရေးကြီး၏။ ထိုပေါင်းစပ်မှုသည် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုး အနက် ပထမတစ်မျိုးမှာ ဓာတ်ရောအနေဖြင့် ပေါင်းစပ်မှု ဖြစ်သည်။ ယင်းကို အဇိတကေသကမ္ဗလ၏ အယူအရ သင်္ကေတဝေါဟာရဖြင့် 'ဗျဂ္ဂ' ဟု ခေါ်၏။ ဒုတိယတစ်မျိုးမှာ ဓာတ်ပေါင်းအနေဖြင့် ပေါင်းစပ်မှု ဖြစ်၏။ ယင်းကို သင်္ကေတ ဝေါဟာရဖြင့် 'သမဂ္ဂီ' ဟု ခေါ်၏။ ထို နှစ်မျိုးအနက် ဗျဂ္ဂနည်းအရ ပေါင်းစပ်မှု သည် အပြစ်တရားတစ်ခုကို မိမိဆန္ဒအတိုင်း ဖြစ်လာအောင် ဖန်တီး၍မရ။ သမဂ္ဂီ နည်းအရ ပေါင်းစပ်မှုသည်သာ အဖြစ်တရားတစ်ခုကို မိမိဆန္ဒအတိုင်း ဖြစ်လာ အောင် ဖန်တီး၍ ရလေသည်။ထို့ကြောင့် လုပ်ငန်းများကို ဆောင်ရွက်ရာ၌ လိုအပ် သော သိစိတ်များကို ဖန်တီးနိုင်ရန် ပတ်ဝန်းကျင် ရုပ်ဝတ္ထုများကို သမဂ္ဂီနည်းအရ ပေါင်းစပ်နိုင်ဖို့ လိုအပ်ပါသည်။ ထိုကဲ့သို့ ပေါင်းစပ်နိုင်ပါက မည်သည့် လုပ်ငန်း များကိုမဆို ဆောင်ရွက်နိုင်စွမ်း ရှိသည့် သိစိတ်များသည် လူသားတို့၏ သန္တာန်၌ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ဤသို့ အဇိတကေသကမ္ဗလက ယူပါသည်။

ထို့အပြင် လူသားတို့၏ ရည်မှန်းချက် အနေဖြင့်လည်း အသက်ရှင် နေသည့်တိုင်အောင်သော ကာလအတွင်း၌သာ ပို၍ အာရုံစိုက်သင့်ပါသည်။ ရှင်နိုင်သည့် တမလွန်ကာလကို အာရုံစိုက်ခြင်းအားဖြင့် အချိန်ကုန်သည်၊ ငွေကုန်သည်၊ ပန်းသည်။ မျှော်မှန်းသည့် အကျိုးကို ရမည်၊ မရမည် မသေချာသည်



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှ အသေအချာ မသိနိုင်ချေ။ ထို့ကြောင့် ယောင်ယမ်း၍ ပြောဆိုသည်နှင့် တူလှသည်။ တမလွန် ကောင်းကျိုး၊ ဆိုးပြစ်တို့နှင့် ပတ်သက်၍ ယုံရမည်ဆိုလျှင် သဒ္ဓေယျသိဒ္ဓခေါ် ပြောသူအပေါ်၌ မမှားနိုင်သူအဖြစ် အလျင်ဦးစွာ လက်ခံ ယုံကြည်ထားပြီးမှသာ ယုံကြည်ရမည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုတမလွန်လောက အကြောင်းကို မကျက်စားနိုင်သောကြောင့် ဖြစ်ပါသည်။ အမှန်အားဖြင့် အကြောင်းအရာတစ်ရပ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ကျက်စားနိုင်မှသာ ထိုအကြောင်းအရာကို အခြေခံပြီး ယင်းနှင့် ပတ်သက်၍ ဟောပြောသူ၏ ဉာဏ်ပညာ အတိမ်အနက်ကို သိနိုင်မည် ဖြစ်ပါသည်။ ယခုမူ ထိုသို့မဟုတ်ဘဲ ပြောသူကို ယုံကြည်ပြီး အကြောင်းအရာကို ယုံကြည်ရသည်မှာ ကြက်နှင့် ကြက်ဥတို့၏ အစကို ရှာသည်နှင့် တူပါသည်။ ထို့ကြောင့် တမလွန် လောကသည် လည်းကောင်း၊ တမလွန်လောကအကြောင်းကို ပြောဟောသူသည် လည်းကောင်း မိမိတို့၏ဉာဏ်ဖြင့် မကျက်စားနိုင်သော အရာများဖြစ်၍ လုံးဝ မရှိသကဲ့သို့ သဘောထားရန် အဇိတကေသကမ္ဗလ က သင်ကြားခြင်း ဖြစ်ပါသည်။ လက်တွေ့ မျက်တွေ့ဖြစ်သည့် ဤလောကနှင့် ဤဘဝကို အာရုံစိုက်ခြင်းသည် တမလွန်လောကနှင့် ထိုဘဝကို အာရုံစိုက်ခြင်း ထက် များစွာ ပိုမို အဓိပ္ပာယ် ရှိပါသည်။

လူသားတို့၏ ရည်မှန်းချက်မှာလည်း ရုပ်ပိုင်းဆိုင်ရာ ချမ်းသာမှု (အတ္တ) နှင့် စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှု (ကာမ)တို့သာ ဖြစ်သည်။ ဓမ္မ မဟုတ်။ ဓမ္မကြောင့် ချမ်းသာ၍ အဓမ္မကြောင့် ဆင်းရဲသည်ဆိုသည်မှာ မျက်မြင်အားဖြင့် သက်သေ မပြနိုင်သော အဆိုသာ ဖြစ်၏။ ဤလောက၌ ချမ်းသာဆင်းရဲ ဆိုသည်မှာ လောကဓံ ခေါ် သဘာဝတရားများကြောင့်သာ ဖြစ်၏။ ဓမ္မ၊ အဓမ္မနှင့် မည်သို့မျှ မပတ်သက်ချေ။ ဥသြငှက်၏ အသံသည် ချို၏။ ဥဒေါင်းငှက်၏ အမွေးသည် လှ၏။ မီးသည် ပူ၏။ ရေသည် အေး၏။ ဤသည်တို့မှာ ဓမ္မ၊ အဓမ္မကြောင့် မဟုတ်၊ သဘာဝကြောင့်သာ ဖြစ်၏။ ထို့ကြောင့် ဆင်းရဲ၊ ချမ်းသာကို ဖန်တီး လိုလျှင် သဘာဝကို အသုံးချတတ်ရန်သာ လိုသည်။ ဓမ္မ၊ အဓမ္မကို လိုက်နာ ကျင့်သုံးရန် မလို။ သဘာဝကို အသုံးချတတ်ရန် ရည်ရွယ်ချက်ဖြင့် ဤလောကကို လူသားတို့၏ ပျော်မြူးစရာ ဌာနအဖြစ် ခံယူထားရန် လိုအပ်ပါသည်။

**အယံ သံသာရော ဝေ အာတွနော ကြီဍာသ္ထလံ။**

**(အယံ သံသာရော၊ ဤလောကသည်။ အာတွနော၊ လူသား၏။ ကြီဍာသ္ထလံ ဝေ၊ ပျော်မြူးစရာ ဌာနတည်း။)** (ပဗန္ဓ-၁၅၀)





ထို့အပြင် လောက၌ အသက်မွေးမြူမှုနှင့် ပတ်သက်၍ ရုပ်ဝါဒီတို့က အောက်ပါအတိုင်း ကြွေးကြော်ခဲ့ပါသည်။

**ယာဝဇ္ဇီဝံ သုခံ ဇီဝေ၊ ဣဏံ ကတွာ ဃတံ ပိဝေ။**

**ဘသ္မီဘူတဿ ဒေဟဿ၊ ပုနရာဂမနံ ကုတော။**

(**ယာဝဇ္ဇီဝံ**၊ သက်ဆုံးတိုင်။ **သုခံ**၊ ချမ်းသာစွာ။ **ဇီဝေ**၊ အသက် မွေးမြူရာ၏။ **ဣဏံ**၊ ကြွေးမြီကို။ **ကတွာ**၊ ပြု၍။ **ဃတံ**၊ ထောပတ်ကို။ **ပိဝေ**၊ သောက်ရာ၏။ **ဘသ္မီဘူတဿ**၊ ပြာဖြစ်သွားသော။ **ဒေဟဿ**၊ ခန္ဓာကိုယ်၏။ **ပုနရာဂမနံ**၊ တစ်ဖန် ပြန်လာခြင်းသည်။ **ကုတော**၊ အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။) (ပဗန္ဓ-၁၅၇)

## ဘဝအသိ ငါးမျိုး

လူသည် ခန္ဓာ ငါးပါးတို့၏ အစုအပေါင်းဖြစ်၏။ ထို့ကြောင့် လူ၏ အသိတွင် ခန္ဓာ ငါးပါးတို့၏ သဘောသတ္တိသည် မလွဲမသွေ ပါဝင်ရမည်သာ ဖြစ်၏။ ထို ခန္ဓာ ငါးပါးတို့၏ သဘောသတ္တိကို လိုက်၍ ဖြစ်ပေါ်လာသည့် လူ့အသိကို ဤနေရာ၌ ဘဝအသိ ငါးမျိုးဟု သုံးနှုန်းခြင်း ဖြစ်ပါသည်။ ထိုဘဝအသိ ငါးမျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ရုပ်ပိုင်းဆိုင်ရာ ဘဝအသိ၊
(ခ) ခံစားမှုပိုင်းဆိုင်ရာ ဘဝအသိ၊
(ဂ) မှတ်သားမှုပိုင်းဆိုင်ရာ ဘဝအသိ၊
(ဃ) ပြုပြင်မှုပိုင်းဆိုင်ရာ ဘဝအသိ၊
(င) သိမှုပိုင်းဆိုင်ရာ ဘဝအသိ။

### (က) ရုပ်ပိုင်းဆိုင်ရာ ဘဝအသိ

လူ့ဘဝတွင် ရုပ်တရား အစုအဝေးများ ပါဝင်ကြ၏။ ယင်းကို ပါဠိဘာသာဖြင့် 'ရူပက္ခန္ဓာ' ဟု ခေါ်၏။ ထို ရူပက္ခန္ဓာခေါ် ရုပ်တရား အစုအဝေးများကြောင့် လူ့ဘဝအသိတွင် ရုပ်ပိုင်းကို ဦးစားပေးသော သဘာဝအသိများ ပါဝင်ကြခြင်း ဖြစ်ပါသည်။ ရုပ်ပိုင်းကို ဦးစားပေးသော သဘာဝအသိများကြောင့် လူသည် ... စား၊ လှ လှ ဝတ်၍ ကျန်းကျန်းမာမာနှင့် ကောင်းကောင်းနေလိုကြခြင်း ဖြစ်၏။ အုပ်ချုပ်သူများကလည်း မိမိတို့၏ တိုင်းသူပြည်သားများအား ဝ ဝ စား၊ လှ လှ ဝတ်၍ ကျန်းကျန်းမာမာနှင့် ကောင်းကောင်း နေနိုင်အောင် ... ဖန်တီးကြခြင်း ဖြစ်ပါသည်။ ဤသည်မှာ ရုပ်တရားများ၏ သဘောသတ္တိ

www.burmeseclassic.com



လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့ဘဝ အသိတစ်မျိုး ဖြစ်ပါသည်။ ယင်းအသိကို ပြုစုပျိုးထောင်ရာမှ လူ့ဘောင် အဖွဲ့အစည်း၊ မြို့ရွာ၊ တိုက်တာ အိမ်ခြေ၊ လယ်ယာ စိုက်ပျိုးမှု စသော ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုပစ္စည်းများ ပေါ်ထွန်းလာခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

### (ခ) ခံစားမှုပိုင်းဆိုင်ရာ ဘဝအသိ

လူ့ဘဝတွင် ရုပ်တရား အစုအဝေးများသာမက ခံစားမှုပိုင်းဆိုင်ရာ ဝေဒနာ အစုအဝေးများလည်း ပါဝင်ကြ၏။ ယင်းကို ပါဠိဘာသာဖြင့် 'ဝေဒနာက္ခန္ဓာ' ဟု ခေါ်၏။ ထို ဝေဒနာက္ခန္ဓာခေါ် ဝေဒနာအစုအဝေးများကြောင့် လူ့ဘဝ အသိတွင် ခံစားမှုပိုင်းကို ဦးစားပေးသော သဘာဝအသိများ ပါဝင်ကြခြင်း ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဝတ္ထုပစ္စည်းများ ပြည့်စုံရုံနှင့် မကျေနပ်သေးဘဲ ပျော်ရွှင်ချမ်းမြေ့ လိုကြခြင်းဖြစ်ပါသည်။ ပျော်ရွှင်ချမ်းမြေ့ လိုခြင်းကြောင့် မိမိတို့ စရိုက်ဝါသနာအလိုက် ပျော်ရွှင်ချမ်းမြေ့စရာများကို လေ့လာလိုက်စားကြခြင်း ဖြစ်ပါသည်။ အုပ်ချုပ်သူများကလည်း မိမိတို့၏ တိုင်းသူပြည်သားများအတွက် ပျော်ရွှင်ချမ်းမြေ့စရာများကို စီမံဖန်တီး ပေးကြခြင်း ဖြစ်ပါသည်။ ဤသည်မှာ ခံစားမှုဝေဒနာတရားများ၏ သဘာဝသတ္တိ လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့ဘဝ အသိတစ်မျိုး ဖြစ်ပါသည်။ ယင်းအသိကို ပြုစုပျိုးထောင်ရာမှ တေးဂီတ၊ ပန်းချီ စသော အနုပညာပိုင်းဆိုင်ရာ ယဉ်ကျေးမှုပစ္စည်းများ ပေါ်ထွန်းလာခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

### (ဂ) မှတ်သားမှုပိုင်းဆိုင်ရာ ဘဝအသိ

လူ့ဘဝတွင် အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ မှတ်သားမှုသညာ အစုအဝေးများလည်း ပါဝင်ကြပါသည်။ ယင်းကို ပါဠိဝေါဟာရဖြင့် 'သညာက္ခန္ဓာ' ဟုခေါ်သည်။ ယင်း သညာက္ခန္ဓာခေါ် အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ မှတ်သားမှုသညာ အစုအဝေးများကြောင့် လူများသည် ရုပ်ပိုင်း ချမ်းသာမှုနှင့် စိတ်ပိုင်းချမ်းသာမှုများကို စနစ်တကျ ခံစားနိုင်ကြခြင်း ဖြစ်ပါသည်။ သို့မဟုတ်ပါက ရုပ်ပိုင်းချမ်းသာမှုနှင့် စိတ်ပိုင်းချမ်းသာမှုများသည် ပရမ်းပတာ ဖြစ်ချင်ရာဖြစ်သဘောကို ဆောင်သွားကြမည် ဖြစ်ပါသည်။ သို့ဖြစ်၍ အုပ်ချုပ်သူများကလည်း မိမိတို့၏ တိုင်းသူပြည်သားများအတွက် အသိပညာဆိုင်ရာ လေ့လာစရာများနှင့် အတတ်ပညာဆိုင်ရာ လေ့လာစရာများကို စီမံဖန်တီးပေးကြခြင်း ဖြစ်ပါသည်။ ဤသည်မှာ အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ မှတ်သားမှု သညာတရားများ၏ သဘာဝသတ္တိ လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့ဘဝ အသိတစ်မျိုး ဖြစ်ပါသည်။ ယင်းအသိကို ပြုစုပျိုးထောင်ရာမှ ဝိဇ္ဇာ၊ သိပ္ပံဟူသော အသိပညာ





ပိုင်းဆိုင်ရာနှင့် အတတ်ပညာပိုင်းဆိုင်ရာ ယဉ်ကျေးမှု ပစ္စည်းများ ပေါ်ထွန်းလာခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

### (ဃ) ပြုပြင်မှုပိုင်းဆိုင်ရာ ဘဝအသိ

လူ့ဘဝတွင် ရုပ်၊ ဝေဒနာ၊ သညာတို့အပြင် ပြုပြင်မှုပိုင်းဆိုင်ရာ သင်္ခါရ အစုအဝေးများလည်း ပါဝင်ကြပါသည်။ ယင်းကို ပါဠိဝေါဟာရဖြင့် 'သင်္ခါရက္ခန္ဓာ' ဟု ခေါ်၏။ သင်္ခါရက္ခန္ဓာ၏ တရားကိုယ်မှာ ဗုဒ္ဓအဘိဓမ္မာအရ ဝေဒနာ၊ သညာမှ ကြွင်းသော စေတသိက် (၅၀) တို့ပင် ဖြစ်သည်။ သို့ဖြစ်၍ ပြုပြင်မှု သဘောတရားသည် အမျိုးပေါင်း (၅၀) ရှိလေသည်။ အမျိုးပေါင်း (၅၀) ရှိသော်လည်း အဓိက အချုပ်မှာ 'စေတနာ' ဖြစ်ပါသည်။ စေတနာကို မြန်မာဝေါဟာရဖြင့် 'စေ့ဆော်ခြင်း' ဟု ပြန်ဆိုကြပါသည်။ ခေတ်သုံးဝေါဟာရဖြင့် ပြန်ဆိုရလျှင် 'အသက်သွင်းခြင်း' ဖြစ်ပါသည်။ ယင်း အသက်သွင်းခြင်း တည်းဟူသော စေ့ဆော်မှု 'စေတနာ' ကြောင့် ယှဉ်ဖက်တရားများသည် မိမိတို့၏ ဆိုင်ရာ ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းပိုင်းဆိုင်ရာ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့တွင် 'စေတနာ' သည် တာဝန်အရှိဆုံး ဖြစ်ပါသည်။ သို့ဖြစ်၍သာ လုပ်ငန်းတစ်ရပ်၌ မည်သည့်တရားများက မိမိတို့၏ ဆိုင်ရာ ဆိုင်ရာ တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြစေကာမူ ထိုသို့ ဆောင်ရွက်ရာ၌ လုပ်ငန်းတစ်ရပ်အနေဖြင့် တာဝန်အရှိဆုံး စေတနာကို ခေါင်းတပ်၍ **ကောင်းသောလုပ်ငန်း(ကုသလကမ္မ)၊ မကောင်းသောလုပ်ငန်း(အကုသလကမ္မ)** ဟု ဒေသနာတော်၌ ဟောတော်မူခြင်း ဖြစ်ပါသည်။ ဤနေရာ၌ **ကမ္မ**ဆိုသည်မှာ စေတနာပင် ဖြစ်ပါသည်။

ဥပမာအားဖြင့် ဆိုရလျှင် တိုက်ပွဲတစ်ပွဲကို တိုက်ရာ၌ သူရဲကောင်း တပ်သားများသည် မိမိတို့၏ ကျရာကဏ္ဍမှနေ၍ တိုက်ကြရ၏။ ထို့ကြောင့် သူရဲကောင်းတပ်သားများသည် မိမိတို့၏ ကျရာကဏ္ဍအတွက် တာဝန်ရှိကြပါသည်။သို့ရာတွင် တိုက်မိန့်ပေးသူ တပ်မှူးကား တိုက်ပွဲတစ်ခုလုံးအတွက် တာဝန်ရှိပါသည်။ ဤနေရာ၌ တိုက်မိန့်ပေးသူ တပ်မှူးသည် စေတနာနှင့် တူပါသည်။ သူရဲကောင်းတပ်သားများသည် ယှဉ်ဖက်တရားများနှင့် တူပါသည်။ ထို့ကြောင့် 'စေ့ဆော်ခြင်း' ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်ရန် တာဝန်ခံအနေဖြင့် အမိန့်ပေးခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊ အသက်သွင်းခြင်း၊ ညွှန်ကြားခြင်း သဘောမျိုး ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် လုပ်ငန်းတစ်ခုလုံးအတွက် စေတနာသည် တာဝန်ရှိ၍ ထိုလုပ်ငန်းတွင် ပါဝင်သည့် အစိတ် အစိတ်အတွက် ယှဉ်ဖက်တရားများသည် တာဝန်ရှိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်မှန်သော ချမ်းသာသုခတွင် သဘောသုံးခု ပါဝင်သည်ဟု ဆိုကြပါသည်။ ထိုသဘော သုံးခုတို့မှာ–

(၁) လွတ်လပ်ခြင်း (မောက္ခ)၊

(၂) မသေခြင်း (အမတ)၊

(၃) အားကိုးခြင်း (သရဏ)

တို့ ဖြစ်ပါသည်။ ယင်း သုံးခုတို့မှာ အသွင်အပြင်အားဖြင့် အချင်းချင်း မတူသယောင် ရှိသော်လည်း နောက်ဆုံး အနှစ်သာရအနေဖြင့် တူသည်ဟု ဆိုကြပါသည်။ လူတို့သည် ခန္ဓာကိုယ် ဖွဲ့စည်းမှု သဘောအရ ရုပ်၊ ဝေဒနာ၊ သညာတို့၏ သဘာဝသတ္တိ လွှမ်းမိုးမှုကြောင့် ဘဝအသိ အမျိုးမျိုးကို ရယူနေကြသော်လည်း အဆိုပါ သဘော သုံးခုတို့ အပေါ်၌ အခြေခံ၍ စေတနာ၏ စေ့ဆော်မှုအရ လှုပ်ရှား ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။ အုပ်ချုပ်သူများကလည်း မိမိတို့၏ တိုင်းသူပြည်သားများအတွက် လွတ်လပ်စွာ နေနိုင်အောင်၊ မျိုးဆက် မပျောက်အောင်၊ တိုင်းပြည်က အားကိုးထိုက်သူများ ဖြစ်အောင် စီမံဖန်တီး ပေးကြခြင်းမှာ အဆိုပါ သဘောသုံးခုကို အခြေခံ၍ ဖြစ်ပေါ်လာသည့် စေတနာ၏ စေ့ဆော်မှုကြောင့် ဖြစ်ပါသည်။ ဤသည်မှာ ပြုပြင်မှု သင်္ခါရတရားများ၏ သဘာဝသတ္တိ လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့ဘဝ အသိတစ်မျိုး ဖြစ်ပါသည်။ ယင်း အသိကို ပြုစုပျိုးထောင်ရာမှ သုတေသနသဘောအရ ရုပ်ပိုင်းဆိုင်ရာ၌ ဖြစ်စေ စိတ်ပိုင်းဆိုင်ရာ၌ ဖြစ်စေ ပုံတူကူးချခြင်းမျိုး မဟုတ်ဘဲ တစ်ဆင့်ထက်တစ်ဆင့် ဆန်းသစ် မြင့်မားသော ဆိုင်ရာဆိုင်ရာ ယဉ်ကျေးမှု ပစ္စည်းများ ပေါ်ထွန်းလာခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

**(ဃ) သိမှုပိုင်းဆိုင်ရာ ဘဝအသိ**

လူ့ဘဝတွင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့အပြင် သိမှုပိုင်းဆိုင်ရာ ဝိညာဏ် သို့မဟုတ် စိတ်တရားများလည်း ပါဝင်ပါသည်။ ယင်းကို ပါဠိဝေါဟာရဖြင့် 'ဝိညာဏက္ခန္ဓာ'ဟု ခေါ်၏။ ဝိညာဏက္ခန္ဓာခေါ် သိမှုသဘောသည် မိမိ၏ ပကတိသဘောအားဖြင့် ညစ်ကြေးမထင် အလွန်ပင် သန့်ရှင်းစင်ကြယ်၏။ ထို့ကြောင့် ဗုဒ္ဓပိဋကတ်တော်၌ စိတ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရ၏။

> ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။
>
> (ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ စိတ္တံ၊ ဤစိတ်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက် တစ်ခဲနက် တောက်ပ၏။ အာဂန္တုကေဟိ၊ ဧည့်သည် ဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊ ကိလေသာတရားတို့ကြောင့်။ ဥပက္ကိလိဋ္ဌံ၊ ညစ်နွမ်းရခြင်း ဖြစ်၏။) (အင်္ဂုတ္တရပါဠိ–၉)

လူ့ဘဝအသိတွင် ဖြူစင်မြင့်မြတ်မှုကို မြတ်နိုးခြင်း၊ တရားလမ်းမှန် ကျမှုကို လေးစားခြင်း စသည်ဖြင့် တရားဓမ္မဆိုင်ရာ သဘောများ ပါဝင်လာကြခြင်းမှာ ဤ သိမှုပိုင်းဆိုင်ရာ ဝိညာဏ် သို့မဟုတ် စိတ်၏ ပင်ကို မူလ အစွမ်းသတ္တိကြောင့် ဖြစ်ပါသည်။ ယင်း အစွမ်းသတ္တိကြောင့်သာ လူတို့သည် မိမိတို့၏ ဆောင်ရွက်မှုကို တရားလမ်းမှန်ကျသည်၊ မျှတသည်ဟု ထင်ကြခြင်း ဖြစ်ပါသည်။ အကယ်၍ တရားလမ်းမှန် မကျကြောင်း၊ မမျှတကြောင်း သိပါလျက် 'သာယီ' အခက်အခဲများကြောင့် မျက်စိမှိတ်၍ ဆောင်ရွက်ရလျှင်လည်း ယင်းဆောင်ရွက်ချက်ကို မိမိကိုယ်တိုင်က ဘဝင်ခိုက်သည်အထိ ကျေကျေနပ်နပ် လက်မခံနိုင်ခြင်းမှာ ဤသိမှုပိုင်းဆိုင်ရာ ဝိညာဏ် သို့မဟုတ် စိတ်၏ ညစ်ကြေးမထင် သန့်ရှင်းစင်ကြယ်သော ပင်ကို မူလ သဘော သတ္တိကြောင့် ဖြစ်ပါသည်။ အုပ်ချုပ်သူများကလည်း မိမိတို့၏ တိုင်းသူပြည်သားများအတွက် အမှန်တရားကို မြတ်နိုးတတ်သူများ ဖြစ်လာအောင် စီမံဖန်တီးကြခြင်းမှာ ဤသိမှုပိုင်းဆိုင်ရာ ဝိညာဏ် သို့မဟုတ် စိတ်၏ ပင်ကိုမူလ သဘော သတ္တိကြောင့်ပင် ဖြစ်၏။ ဤသည်မှာ သိမှုပိုင်းဆိုင်ရာ ဝိညာဏ် သို့မဟုတ် စိတ်၏ သဘာဝသတ္တိ လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့ဘဝ အသိတစ်မျိုး ဖြစ်ပါသည်။ ယင်းအသိကို ပြုစုပျိုးထောင်ရာမှ ကိုးကွယ်ယုံကြည်မှု စသော ဓမ္မပိုင်း သို့မဟုတ် သစ္စာပိုင်းဆိုင်ရာ ယဉ်ကျေးမှု ပစ္စည်းများ ပေါ်ထွန်းလာခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

လူ့ဘဝအသိတွင် ဖော်ပြပါအတိုင်း အသိအုပ်စုအားဖြင့် ငါးမျိုး ပါဝင်ပါသည်။ ထို ငါးမျိုးမှာ ခန္ဓာကိုယ် ဖွဲ့စည်းပုံအရ မလွဲမသွေ ကွဲပြားသွားခြင်း ဖြစ်ပါသည်။ ထိုသို့ ကွဲပြားရာတွင် ခန္ဓာ ငါးပါးတို့သည် မိမိတို့၏ ပင်ကိုမူလ သတ္တိအားဖြင့် တစ်ခုထက်တစ်ခု လွန်ကဲမှုကို လိုက်၍ ဘဝအသိများသည်လည်း တစ်မျိုးထက်တစ်မျိုး လွန်ကဲသွားကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဖြစ်ပေါ်လာသော ဘဝအသိများတွင် ဖြူစင်မြင့်မြတ်မှုကို မြတ်နိုးတတ်သော ဝိညာဏ် သို့မဟုတ် စိတ်၏ မူလသတ္တိကို အခြေခံသည့် ဘဝအသိကို ဦးစားပေး၍ ငါးပါးဆိုင်ရာ ဘဝအသိများကို စည်းကိုက်ဝါးကိုက်ဖြစ်အောင် သင်္ခါရဆိုင်ရာ အသိဖြင့် ထိန်းကွပ်အပ်ပါသည်။ သို့မှသာ အမြင့်မားဆုံးဖြစ်သော ဘဝ အသိကို ရရှိနိုင်မည် ဖြစ်ပါသည်။

အဇိတကေသကမ္ဗလသည် ရုပ်ဝါဒီဖြစ်သည့်အပြင် ဥစ္ဆေဒဝါဒီ (သေလျှင် ပြတ်သည်ဟု ယုံကြည်သူ)လည်း ဖြစ်ပါသည်။ ထို့ကြောင့် သူ၏ သင်ကြားချက်များ၌ ...







www.burmeseclassic.com

www.burmeseclassic.com



ကို မြတ်နိုးတတ်သည့် စိတ်၏ ပင်ကိုအခန်းကဏ္ဍ ... သိမ်အောင်ပြု၍ တစ်ဦး၊ တစ်ဘဝ၊ တစ်သက်တာ ကောင်းစားရေးကို ရှေ့တန်းတင်ထားခြင်း ဖြစ်ပါသည်။ 'ယခု ကောင်းအောင်လုပ်၊ ရှေ့နှင့် နောက်ကို ဦးစားပေး စဉ်းစားရန် မလို' ဟူသော ဝါဒမှာ အဇိတကေသကမ္ဗလ၏ ဝါဒ ဖြစ်ပါသည်။ သို့ရာတွင် အဇိတကေသကမ္ဗလအတွက် 'ကောင်းခြင်း' ဟူသည်မှာ 'မှန်ကန်ခြင်း' နှင့် လုံးဝ မပတ်သက်သည့် 'တစ်ဦး တစ်အုပ်စု ကောင်းခြင်း' သာ ဖြစ်၍ သူ၏ဝါဒသည် အကျင့်သီလ ရှုထောင့်မှကြည့်လျှင် များစွာ အန္တရာယ်ကြီးသောဝါဒ ဖြစ်ပါသည်။ သိက္ခာသုံးပါးတွင် အခြေခံ အကျဆုံးဖြစ်သော သီလသိက္ခာကို ရိုက်ချိုးသောဝါဒ ဖြစ်ပါသည်။

## (၄) ပကုဓ ကစ္စာယန

ပကုဓကစ္စာယနသည် ဗုဒ္ဓရှင်တော်ဘုရားထက် အတန်ငယ် ဦးသည်ဟု ဆိုကြသည်။ *ပြဋ္ဌပနီသျှဒ်ကျမ်း*တွင် ပကုဓကစ္စာယနကို ကကုဒကာတျာယနအဖြစ် ဖော်ပြထားပါသည်။ ပကုဓကစ္စာယန၏ဝါဒမှာ သဿတဝါဒ ဖြစ်ပါသည်။ ထို့အပြင် ပကုဓကစ္စာယန၏ ဝါဒသည် နောက်ပိုင်း ဝိသေသိက ဒဿန၏ ရေသောက်မြစ်သဖွယ် ဖြစ်သည်ဟုလည်း ဆိုကြပါသည်။ သူ၏ ဂုဏ်သတင်းနှင့် ပတ်သက်၍ အဇာတသတ်မင်းကြီး၏ အမတ်တစ်ယောက်က အဇာတသတ်မင်းကြီးအား ဤသို့ လျှောက်ထားသည်ကို ဒီဃနိကာယ် သာမညဖလသုတ်၌ တွေ့ရပါသည်။

မင်းမြတ်၊ ဤ ပကုဓကစ္စာယနသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒ တီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရေးမီ၏။ အဆုံးအရွယ်သို့ ရောက်လျက် ရှိ၏။ မင်းမြတ်သည် ထိုပကုဓကစ္စာယနကို ဆည်းကပ်တော်မူပါ။ ပကုဓကစ္စာယနကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာ ပါ၏။

သာမညဖလသုတ်လာ ပကုဓကစ္စာယန၏ ဝါဒအရ ဤလောကတွင် အမှန်တကယ်ရှိသော အမြဲတေ တရား ခုနစ်ပါး ရှိပါသည်။ ယင်းတို့မှာ—

(၁) မြေ၊
(၂) ရေ၊
(၃) မီး၊
(၄) လေ၊





(၅) သုခ၊
(၆) ဒုက္ခ၊
(၇) ဇီဝ

တို့ ဖြစ်ပါသည်။ ယင်း ခုနစ်ပါးမှာ အမြဲတရားများ ဖြစ်ကြ၏။ အကြောင်းအဖြစ်လည်း မဆောင်ရွက်။ အကျိုးအဖြစ်လည်း အဆောင်ရွက် မခံ။ မိမိတို့ဘာသာ မိမိတို့ လွတ်မြောက်ပြီးသား ဖြစ်ကြ၏။ တုန်လှုပ်ဖောက်ပြန်ခြင်း မရှိ။ ပကတိ ငြိမ်သက်ကုန်၏။ အမှန်အားဖြင့် ဤတရား ခုနစ်ပါးမှ လွဲ၍ အခြားသော တရားမျှ မရှိချေ။ ရှိသည်ဟု ထင်နေခြင်းမျှသာ ဖြစ်၏။ သို့ပါလျက် လူတို့သည် မရှိကို အရှိလုပ်လျက် ပူဆွေးကြ၏။ ငိုကြွေးကြ၏။ ဤသို့ ဖြစ်ရခြင်းမှာ မိမိတို့၏ မသိမိုက်မဲမှုကြောင့်သာ ဖြစ်၏၊ အခြားအကြောင်း မရှိ။ ယင်း တရား ခုနစ်ပါးကို သူ့အတိုင်းတိုင်း ထားနိုင်ပါက အလိုလို လွတ်မြောက်ပြီးသား ဖြစ်၏။ အစကတည်းက လွတ်မြောက်ပြီးသား ဖြစ်၏။ ယခုလည်း လွတ်မြောက်ပြီးသား ဖြစ်၏။ နောင်လည်း လွတ်မြောက်ပြီးသား ဖြစ်၏။ ထာဝစဉ် လွတ်မြောက်ပြီးသား ဖြစ်၏။ ပူပင်ကြောင့်ကြရန်၊ ပူဆွေးသောကရောက်ရန် အကြောင်း ဘာမျှ မရှိချေ။

ဤတရား ခုနစ်ပါးတို့သည် ပကတိ ငြိမ်သက်သော ရေပြင်နှင့် တူ၏။ ကြည်လင်၏။ အေးမြ၏။ သို့ရာတွင် လေပြင်းတို့ တိုက်ခတ်သောအခါ ပကတိ ရေပြင်မှ လှိုင်းတံပိုးတို့သည် ထ ကုန်၏။ လေပြင်းတို့ မတိုက်ခတ်သောအခါ လှိုင်းတံပိုးတို့ ပျောက်ပျက်၍ ပကတိရေပြင်သည် ငြိမ်သက်မြဲ ငြိမ်သက်၏။ ဤ ဥပမာအတိုင်း လောဘ၊ ဒေါသ၊ မောဟ စသော လေပြင်းတို့ကြောင့်သာ လှိုင်းတံပိုးနှင့် တူသော သောက၊ ပရိဒေဝတို့ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လောကနှင့် လောကုတ္တရာဆိုသည်မှာ တစ်ခုတည်းပင် ဖြစ်၏။ လှိုင်းလေကင်း၍ ငြိမ်သက်သော ရေပြင်သဖွယ်ဖြစ်သည့် အဆိုပါတရား ခုနစ်ပါးတို့သည်ပင် **လောကုတ္တရာ** ဖြစ်၏။ လှိုင်းလေထန်သည့် ရေပြင်သဖွယ်ဖြစ်သည့် ယင်းတရား ခုနစ်ပါးတို့သည်ပင် **လောက** ဖြစ်၏။

ယင်းတရား ခုနစ်ပါးတို့၏ ငြိမ်သက်ခြင်း 'သန္တိ' အကျိုးကို ဖြစ်စေနိုင်ခြင်း 'အမြဲ' သဘောကို သိသောသူအား ငြိမ်းချမ်းခြင်း 'အမတ' သဘောသည် ဖြစ်၏။ အကယ်၍ ထက်စွာသော လက်နက်ဖြင့် ဦးခေါင်းကို ဖြတ်သော် ယင်းတရား ခုနစ်ပါးတို့၏ ငြိမ်သက်ခြင်း 'သန္တိ' အကျိုးကို မဖြစ်စေနိုင်ခြင်း 'အမြဲ' သဘောကို သိသောသူအား တစ်ဦးတစ်ယောက်သည် တစ်ဦးတစ်ယောက်ကို သတ်သည် မမည်ဘဲ လက်နက်သည် တရားခုနစ်ပါးတို့၏ အကြားသို့ ဝင်သည်



www.burmeseclassic.com

www.burmeseclassic.com



ပြင်သို့ ကျရောက်သကဲ့သို့ သိမြင် နားလည်ပြီး 'အမတ' သဘောကို ခံစားရ၏။

ဤသည်မှာ ပကုဓကစ္စာယန၏ ဝါဒ ဖြစ်ပါသည်။ ပကုဓကစ္စာယနသည် မိမိ၏ဝါဒဖြင့် အဇာတသတ်ကြောင့် ဆင်းရဲပင်ပန်းနေသော အဇာတသတ်မင်းကြီးအား ထိုဆင်းရဲပင်ပန်းခြင်းမှ လွတ်မြောက်စေရန် ကြိုးပမ်းခြင်း ဖြစ်ဟန်ရှိပါသည်။ သို့ရာတွင် အဇာတသတ်မင်းကြီးသည် ပကုဓကစ္စာယန မျှော်မှန်းသည့်အတိုင်း ဆင်းရဲပင်ပန်းခြင်းမှ လွတ်မြောက်နိုင်ခြင်း မရှိခဲ့ပါ။ ထို့အပြင် ပကုဓကစ္စာယနသည် သုခနှင့် ဒုက္ခကို သူ၏ အမတတရား ခုနစ်ပါး၌ ထည့်သွင်း ရေတွက်ထားခြင်းမှာ သုခနှင့် ဒုက္ခကို ဒင်္ဂါးပြား၏ ခေါင်းဘက်နှင့် ပန်းဘက် သဖွယ် အမြဲ ဒွန်တွဲနေမှ တန်ဖိုးရှိသည့် သဘောကို ဖော်ဆောင်လိုသောကြောင့် ဖြစ်ဟန် ရှိပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ခေါင်းဘက်ချည်းသာ ပါဝင်သော ဒင်္ဂါးသည်လည်း သုံး၍ မရ၊ ပန်းဘက်ချည်းသာ ပါသော ဒင်္ဂါးသည်လည်း သုံး၍ မရ။ ခေါင်းဘက်နှင့် ပန်းဘက် နှစ်မျိုးစုံပါသော ဒင်္ဂါးမှသာ သုံး၍ ရသကဲ့သို့ သုခချည်း သက်သက်ရှိသော အမတသည်လည်း မြတ်နိုးစရာ မဟုတ်။ ဒုက္ခချည်း သက်သက်ရှိသော အမတသည်လည်း မြတ်နိုးစရာ မဟုတ်။ သုခနှင့်ဒုက္ခ နှစ်မျိုးစုံ ပါသော အမတတရားသည်သာ မြတ်နိုးစရာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဒုက္ခကို ခံစားဖူးမှ သုခကို နားလည်ပြီး သုခကို ခံစားဖူးမှ ဒုက္ခကို နားလည်သည် ဟူသော သဘောကို ဖော်ဆောင်လိုသောကြောင့် ဖြစ်ဟန်ရှိပါသည်။

ပကုဓကစ္စာယန၏ ဝါဒအရ လောကရှိ သက်ရှိသက်မဲ့ အားလုံးကို ခြုံ၍ အုပ်စုဖွဲ့လိုက်လျှင်–

(၁) အရာဝတ္ထုများ (ဝိသေသျ)၊

(၂) ယင်းတို့၏ ဂုဏ်များ (ဝိသေသန)၊

(၃) အရာဝတ္ထုနှင့် ဂုဏ်တို့၏ ဆက်သွယ်မှုများ (သမ္ဗန္ဓ)

တို့ ဟူ၍ အုပ်စု သုံးမျိုးသာ ရှိပါသည်။ ထိုအုပ်စုသုံးမျိုးတွင် အရာဝတ္ထုများသည် အမတ တရားများဖြစ်ပြီး ငြိမ်သက်သော ရေပြင်နှင့် တူပါသည်။ ဂုဏ်တို့သည် အရာဝတ္ထုများကို တစ်ခုတည်းသဘောမှ အမျိုးမျိုးသဘောသို့ ရောက်စေပြီး မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်တတ်သောကြောင့် လေပြင်းမုန်တိုင်းနှင့် တူပါသည်။ ဆက်သွယ်မှုများသည် ငြိမ်သက်သော ရေပြင်နှင့် လေပြင်းမုန်တိုင်းတို့ ဆုံမိခြင်းနှင့် တူပါသည်။

ငြိမ်သက်သော ရေပြင်ဖြစ်စေရန် လေပြင်းမုန်တိုင်း မရှိဖို့လည်း လိုပါသည်။ ရေပြင်နှင့် လေပြင်းမုန်တိုင်းတို့ မဆက်သွယ်မိဖို့လည်း လိုပါသည်။





သက်ရှိလောကကား လေပြင်းမုန်တိုင်းတို့ကြောင့် လှိုင်းတံပိုးများ ထန်နေသော ရေပြင်သာ ဖြစ်ပါသည်။ ငြိမ်သက်နေသော ရေပြင် မဟုတ်ပါ။ လေပြင်းမုန်တိုင်းစဲ၍ လှိုင်းတံပိုးများ ပျောက်ပျက်သောအခါ ရေပြင်သည် မူလပကတိအတိုင်း ငြိမ်သက်သွားပေလိမ့်မည်ဟု သိရှိမှုနှင့် ရေပြင်သည် ငြိမ်သက်သွားမည် မဟုတ်ပါ။ လေပြင်းမုန်တိုင်းစဲအောင်၊ လှိုင်းတံပိုးများ ပျောက်ပျက်သွားအောင် လက်တွေ့ကျကျ ဆောင်ရွက်ဖို့ လိုပါသည်။ သို့ရာတွင် ပကုဓကစ္စာယနသည် လက်တွေ့ကျကျ ဆောင်ရွက်ဖို့ နည်းလမ်းများကို ညွှန်ပြထားခြင်း မရှိပါ။ သို့ဖြစ်၍ ပကုဓကစ္စာယနသည် လက်တွေ့ ဆေးတိုက်ကျွေးခြင်း မပြုဘဲ ဆေးနည်းများကိုသာ ရွတ်ဆို၍ ကုသသော ဆေးဆရာနှင့် တူပါသည်။ ဆေးနည်းကို သိရှိနှင့် ရောဂါသည် ပျောက်ကင်းသွားမည် မဟုတ်ပါ။ ဆေးကို ဖော်စပ်၍ မှီဝဲမှသာ ရောဂါသည် ပျောက်ကင်းသွားမည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပကုဓကစ္စာယန၏ ဝါဒသည် လမ်းစဉ် မရှိသော ပန်းတိုင်ဝါဒ ဖြစ်ပါသည်။ ထို့ကြောင့် ပိဋကတ်တော်၌ ပကုဓကစ္စာယန၏ ဝါဒကို သီလသိက္ခာနှင့် သမာဓိသိက္ခာကို ကျော်၍ ပညာသိက္ခာကို ညွှန်ပြသည့်ဝါဒ ဖြစ်သောကြောင့် တိတ္ထိယဝါဒအဖြစ် သတ်မှတ်ခြင်း ဖြစ်ပါသည်။

## (၅) သဉ္စယဗေလဋ္ဌပုတ္တ

သဉ္စယဗေလဋ္ဌပုတ္တသည် သံသယဝါဒီ သို့မဟုတ် အညာဏဝါဒီ ဖြစ်ပါသည်။ ဤ ပိဋကတ်တော်၌မူ သူ့ကို အမရာဝိက္ခေပဝါဒီအဖြစ် ဖော်ပြထားပါသည်။ အမရာဝိက္ခေပဝါဒီ၏ အနီးစပ်ဆုံးသော မြန်မာဝေါဟာရမှာ 'ငါးရှဉ့်ကြောင်ပတ်ဝါဒီ' ဖြစ်ပါသည်။ သူ၏ ဂုဏ်သတင်းနှင့် ပတ်သက်၍ အဇာတသတ်မင်းကြီး၏ အမတ်တစ်ယောက်က အဇာတသတ်မင်းကြီးအား ဤသို့ လျှောက်ထားသည်ကို ဒီဃနိကာယ် သာမညဖလသုတ် ၌ တွေ့ရပါသည်။

မင်းမြတ်၊ ဤ သဉ္စယဗေလဋ္ဌပုတ္တသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒ တီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သတ်မှတ်ထားသူ ဖြစ်၏။ ရဟန်းဝါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရှေး မီ၏။ အဆုံးအရွယ်သို့ ရောက်လျက် ရှိ၏။ ထိုသဉ္စယ ဗေလဋ္ဌပုတ္တကို ဆည်းကပ်တော်မူပါ။ သဉ္စယဗေလဋ္ဌပုတ္တကို ဆည်းကပ်လျှင် မင်းမြတ်၏စိတ်သည် ကြည်လင်တန်ရာပါ၏။

ဒီဃနိကာယ် သာမညဖလသုတ်အရ သဉ္စယဗေလဋ္ဌပုတ္တ၏ ခေတ်တွင် ... ခေါ်မြော်မြင်မှု သဘောသည် အလွန်ပင် ခေတ်စားခဲ့ပါသည် ...



www.burmeseclassic.com

www.burmeseclassic.com



ပုတ္တသည် 'အမြဲရှိ ဝါဒ' ၌ သက်ဝင်ယုံကြည်ကြသူ ဥပနိသျှဒ် ပညာရှင်များကိုလည်း ကြုံဖူး၏။ 'အမြဲမရှိ ဝါဒ' ၌ သက်ဝင်ယုံကြည်ကြသူ ဗုဒ္ဓဝါဒီများကိုလည်း တွေ့ဖူး၏။ 'အချို့ အမြဲရှိ၊ အချို့ အမြဲမရှိ ဝါဒ' ၌ သက်ဝင်ယုံကြည်ကြသူ နိဂဏ္ဌနာဋပုတ္တဝါဒီများကိုလည်း တွေ့ဖူး၏။ အဆိုပါ ဝါဒီသုံးဦးတို့သည် **မိမိတို့ ရှုထောင့်မှ မိမိတို့၏ ဝါဒများကို မှန်ကန်ကြောင်း ဖော်ထုတ်ခဲ့ကြလေရာ** သဉ္စယဗေလဋ္ဌပုတ္တသည် ယင်းဝါဒ သုံးမျိုးလုံးကို အခြေခံ၍ ယင်းဝါဒ သုံးမျိုးလုံးကို ခြုံငုံမိသော စတုတ္ထဝါဒကို တီထွင်လိုက်ပါသည်။ ထိုအခါ သူ၏ ဝါဒမှာ ဤသို့ ဖြစ်လာပါသည်။

(က) 'အမြဲရှိ' ဟူ၍လည်း မဆိုနိုင်၊

(ခ) 'အမြဲမရှိ' ဟူ၍လည်း မဆိုနိုင်၊

(ဂ) 'အချို့ အမြဲရှိ၊ အချို့ အမြဲ မရှိ' ဟူ၍လည်း မဆိုနိုင်၊

(ဃ) 'ဘာမျှမရှိ' ဟူ၍လည်း မဆိုနိုင်၊

(င) 'ဘာမျှ မရှိသည် မဟုတ်' ဟူ၍လည်း မဆိုနိုင်။

သဉ္စယဗေလဋ္ဌပုတ္တဝါဒသည် သူ မျှော်မှန်းသည့်အတိုင်း အဘက်ဘက်မှ ယိုပေါက်မရှိ ပြီးပြည့်စုံသည် မှန်၏။ သို့ရာတွင် ထိုကဲ့သို့ ပြီးပြည့်စုံခြင်းမှာ 'တက္ကာဝစရ' တွေးခေါ် မြော်မြင်မှု ဘောင်အတွင်း၌သာ ပြီးပြည့်စုံခြင်း ဖြစ်၏။ အမှန်အားဖြင့် နောက်ဆုံး ပရမတ္ထသစ္စာတရားဟူသည် တွေးခေါ်မြော်မြင်မှု ဘောင်၏ အလွန်၌သာ ရှိ၏။ ထိုအတွင်း၌ မရှိချေ။ ထိုအတွင်း၌ ရှိသည်ဟု ထင်လျှင် ထိုအထင်သည် အထင်မျှသာ ဖြစ်၏။ အမှန် မဟုတ်။ အမှန်ဟုဆိုလျှင်လည်း ထိုအမှန်သည် သမ္မုတိသစ္စာ အမှန်မျှသာ ဖြစ်၏။ ပရမတ္ထသစ္စာ အမှန် မဟုတ်။ အဘယ့်ကြောင့်ဆိုသော် တက္ကာဝစရ အမှန်သည် သူ့ယုတ္တိနှင့်သူ မှန်ပြီး ငြင်းခုံ၍ မဆုံးနိုင်သော အမျိုးမျိုးသော 'အမှန်' များ ဖြစ်သောကြောင့် ဖြစ်ပါသည်။

လောကီရေးရာ အသိဉာဏ်ဟူသမျှတို့သည် လောကဆိုင်ရာ ကန့်သတ်ချက် ဘောင်အတွင်း၌သာ ကျက်စားနိုင်ကြ၏။ ထိုဘောင်ကို ကျော်လွန်၍ လောကုတ္တရာဆိုင်ရာ တရားဓမ္မများ၌ မကျက်စားနိုင်ကြချေ။ လောကုတ္တရာဆိုင်ရာ တရားဓမ္မများ၌ ကျက်စားနိုင်ရန် သူတို့အတွက် 'စက္ခုံ ဥဒပါဒိ' ခေါ် **လောကုတ္တရာမျက်စိ**သည် မဖြစ်ပေါ်သေးချေ။ သူတို့၌ ရှိသည့် မျက်စိကား လောကဆိုင်ရာ တရားဓမ္မများ၌သာ ကျက်စားနိုင်သည့် **လောကမျက်စိ** သာ တည်း။ လောကမျက်စိဖြင့် လောကုတ္တရာတရားကို ကြည့်၍ မမြင်။ အကယ်၍ မြင်လျှင်လည်း ထိုအမြင်သည် လောကုတ္တရာတရား မဟုတ်။

အိပ်မက်၌ ဖြစ်ပေါ်သော အသိဉာဏ်သည် အိပ်မက်ဘောင်အတွင်း၌သာ





ကျက်စားနိုင်၏။ အိပ်မက်ဘောင်ကို ကျော်လွန်၍ မကျက်စားနိုင်။ ထို့ကြောင့် အိပ်မက်အသိသည် အိပ်မက်အတွင်း၌သာ မှန်သည်။ နိုးကြားချိန်၌မူ အိပ်မက်အသိသည် အမှားစင်စစ်သာ ဖြစ်၏။ ဤ ဥပမာအရ သဉ္စယဗေလဋ္ဌပုတ္တ၏ အသိသည် အိပ်မက်အသိမျိုးသာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အဝိဇ္ဇာ၏ ညဉ့်အမှောင်တိုက်၌ အိပ်ပျော်နေကြသူများသာ ဖြစ်၍ ကျွန်ုပ်တို့၏ အသိသည် အိပ်မက်သာ ဖြစ်သောကြောင့် ဖြစ်ပါသည်။ အဝိဇ္ဇာ၏ ညဉ့်အမှောင်ကို ပျောက်ရန် 'အာလောကော ဥဒပါဒိ' ခေါ် လောကုတ္တရာအလင်းရောင် ပေါ်ပေါက်သေးသရွေ့ ကာလပတ်လုံး ကျွန်ုပ်တို့သည် အဝိဇ္ဇာ၏ ညဉ့်အမှောင်တိုက်၌ အိပ်ပျော်ခြင်းမှ နိုးကြလိမ့်မည် မဟုတ်ပါ။ သို့ပါလျက် သဉ္စယဗေလဋ္ဌပုတ္တသည် သူ၏အသိကို လောကုတ္တရာသိဟု မှတ်ယူပြီး သူ၏ သံသယဝါဒ သို့မဟုတ် အညာဏဝါဒကို ပြီးပြည့်စုံသော ဝါဒအဖြစ် တီထွင်ခဲ့လေသောကြောင့် အဇာတသတ်မင်းကြီးကပင် သဉ္စယဗေလဋ္ဌပုတ္တကို 'ဤသူကား ဤသမဏ ဗြာဟ္မဏတို့တွင် ပညာအမဲ့ဆုံး ဖြစ်၏။ အတွေဝေဆုံး ဖြစ်၏' ဟူ၍ မှတ်ချက်ချခြင်း ဖြစ်ပါသည်။

## (၆) နိဂဏ္ဌနာဋပုတ္တ

နိဂဏ္ဌနာဋပုတ္တသည် ဗုဒ္ဓရှင်တော်ဘုရားထက် အတန်ငယ် ရှေးကျ၏။ စံလွန်တော်မူသော အခါလည်း ဗုဒ္ဓရှင်တော်ဘုရားထက် အတန်ငယ် ရှေးကျ၏။ နိဂဏ္ဌနာဋပုတ္တ၏ အခြားအမည်များမှာ မဟာဝီရနှင့် ဇိနတို့ ဖြစ်၏။ ဇိနကို ယခုခေတ်၌ ဂျိန်း' ဟူ၍ ခေါ်ကြ၏။ ယင်း ဂျိန်းဝါဒသည် ယနေ့တိုင် အိန္ဒိယ၌ ထင်ရှားဆဲ ဖြစ်၏။ စာပေကျမ်းဂန်များလည်း ထပ်ရှားဆဲဖြစ်၏။ ဂျိန်းစာပေများမှာ အဒ္ဓမာဂဓီ ပြာကရိတ်ဘာသာဖြင့် ရှိလေသည်။

ဂျိန်းဝါဒီများသည် ပြင်းထန်သော အကျင့် ရှိသူများ ဖြစ်၏။ သူတို့၏ ကျင့်စဉ်၌ 'မောက္ခသာဓန' ခေါ် သိက္ခာသုံးပါး ရှိ၏။ ယင်းသိက္ခာ သုံးပါးမှာ-

(၁) သမ္မာဒဿန၊

(၂) သမ္မာဉာဏ၊

(၃) သမ္မာစာရိတ္တ

ဖြစ်သည်။ သူတို့၏ ကျင့်စဉ်အရ သမ္မာဒဿနဟူသည် သမ္မာသဒ္ဓါပင် ဖြစ်၏။ ဒဿနနှင့် သဒ္ဓါသည် ဂျိန်းစာပေအရ အနက်တူ ပရိယာယ်မှုဒ် ဖြစ်၏။ သိက္ခာ သုံးပါးကို ရတနတ္တယ (ရတနာသုံးပါး) ဟူ၍လည်း ခေါ်၏။

သမ္မာစာရိတ္တခေါ် ကိုယ်ကျင့်တရား ကောင်းမွန်ရေးနှင့် စပ်သက်၍



www.burmeseclassic.com

www.burmeseclassic.com



နိဂဏ္ဍနာဋ္ဌပုတ္တသည် 'ပဉ္စ မဟာဝတ္တ' ခေါ် ဝတ္တရားငါးပါးကို ပြဋ္ဌာန်းထား၏။ ယင်း ဝတ္တရားငါးပါးမှာ –

(၁) အဟိံသာ (မညှဉ်းဆဲခြင်း)၊

(၂) သစ္စာ (မှန်ကန်ခြင်း)၊

(၃) အထေယျ (မခိုးခြင်း)၊

(၄) ဗြဟ္မစရိယ (မေထုန် မမှီဝဲခြင်း)၊

(၅) အပရိဂ္ဂဟ (မသိမ်းပိုက်ခြင်း)

တို့ ဖြစ်ပါသည်။ ဤ ပဉ္စ မဟာဝတ္တ ကျင့်စဉ်အရ ဂျိန်းဝါဒီများသည် ဒိဂမ္ဗရ (အဝတ် မဝတ်ဂိုဏ်း) နှင့် သေတမ္ဗရ (အဝတ်ဖြူဝတ် ဂိုဏ်း) ဟူ၍ နှစ်ဂိုဏ်း ကွဲသွားခြင်း ဖြစ်ပါသည်။ 'သိမ်းပိုက်ခြင်း မပြုရ' ဟူသော ကျင့်စဉ်၏ အတိ အနက်ကိုလိုက်၍ အချို့က ဒိဂမ္ဗရ (ဒိဂ်=အရပ်မျက်နှာ+ အမ္ဗရ=အဝတ်) ဂိုဏ်း ကျင့်စဉ်ကို နှစ်သက်ကြပါသည်။ အချို့က သေတမ္ဗရ (သေတ=အဖြူ+ အမ္ဗရ= အဝတ်) ဂိုဏ်း ကျင့်စဉ်ကို နှစ်သက်ကြပါသည်။

ဝါဒရေးရာဂိုဏ်းနှင့် ပတ်သက်၍ နိဂဏ္ဍနာဋ္ဌပုတ္တသည် အိန္ဒိယတွင် တတိယဝါဒဂိုဏ်းကို တည်ထောင်သူဟု ဆိုကြပါသည်။ ဒဿနပညာရှင်တို့၏ အဆိုအရ အိန္ဒိယတွင် ဒဿန ရေသောက်မြစ်ကြီး နှစ်ခု ရှိခဲ့ပါသည်။ ရေသောက် မြစ်တစ်ခုမှာ ဥပနိသျှဒ်ကျမ်းများ၌ တွေ့ရှိရသော 'အတ္တဝါဒ' ရေသောက်မြစ် ဖြစ်ပါသည်။ အခြား ရေသောက်မြစ်တစ်ခုမှာ ဗုဒ္ဓ ပိဋကတ်တော်များ၌ တွေ့ ရသော 'အနတ္တဝါဒ' ရေသောက်မြစ် ဖြစ်ပါသည်။ ဤရေသောက်မြစ် နှစ်ခု နောက်ပိုင်း ဒဿနကျမ်းများ ထွက်ပေါ်လာခြင်း ဖြစ်သည်ဟု ဆိုကြပါသည် သို့ရာတွင် တစ်မူထူးစွာ နိဂဏ္ဍနာဋ္ဌပုတ္တသည် ဤဝါဒ နှစ်ရပ်ကို ပေါင်းစည်း အားထုတ်ခဲ့ပါသည်။ ထို့ကြောင့် သူ၏ဝါဒကို 'အနေကန္တဝါဒ' ဟု ခေါ်ကြခြင်း ဖြစ်ပါသည်။ အနေကန္တဝါဒအရ နိဂဏ္ဍနာဋ္ဌပုတ္တသည် အတ္တကိုလည်း လက်ခံ သည်။ အနတ္တကိုလည်း လက်ခံသည်။ ထို့ကြောင့် နိဂဏ္ဍနာဋ္ဌပုတ္တသည် အိန္ဒိယ တွင် ဝါဒရေးရာအရ တတိယဝါဒဂိုဏ်းကို တည်ထောင်သူဟု ဆိုကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် သူ၏ဝါဒသည် ဒဿန ရေသောက်မြစ်အဖြစ်သို့ ရောက် လောက်အောင် ထင်ပေါ်ခြင်း မရှိခဲ့ပါချေ။

နိဂဏ္ဍနာဋ္ဌပုတ္တ၏ ဝါဒအရ အတ္တမရှိဘဲနှင့် အနတ္တဟူ၍ မရှိကောင်း။ အနတ္တ မရှိဘဲနှင့်လည်း အတ္တဟူ၍ မရှိကောင်း။ အမှန်တရားဟူသည် သဘော များစွာ ပါဝင်၏။ တစ်ပြိုင်နက်တည်းပင် အတ္တလည်း ဟုတ်၏။ အနတ္တလည်း ဟုတ်၏။ တစ်ခုတည်းလည်း ဟုတ်၏။ အမျိုးမျိုးလည်း ဟုတ်၏။ သာမညလည်း






ဟုတ်၏။ ဝိသေသလည်း ဟုတ်၏။ နိစ္စလည်း ဟုတ်၏။ အနိစ္စလည်း ဟုတ်၏။ အရှိတရားလည်း ဟုတ်၏။ အဖြစ်တရားလည်း ဟုတ်၏။ ဤသည်မှာ အတ္တဝါဒ နှင့် အနတ္တဝါဒကို ပေါင်းစည်းရာမှ ထွက်ပေါ်လာသည့် နိဂဏ္ဍနာဋ္ဌပုတ္တ၏ဝါဒ ဖြစ်ပါသည်။ နိဂဏ္ဍနာဋ္ဌပုတ္တ၏ ပေါင်းစည်းနည်းမှာ သမဝါယသမ္ဗန္ဓခေါ် တစ်သားတည်းဖြစ်အောင် ပေါင်းစည်းနည်း မဟုတ်ဘဲ သံယောဂသမ္ဗန္ဓခေါ် ရောနှော၍ ပေါင်းစည်းနည်း ဖြစ်ပါသည်။ သူ၏ ပေါင်းစည်းနည်းကို 'သတ္တ ဘင်္ဂီနယ' ဟူ၍လည်း ခေါ်ကြပါသည်။ သတ္တဘင်္ဂီနယဆိုသည်မှာ သဘော ... မဟုတ် ရှုထောင့် ခုနစ်မျိုး ပါဝင်သော ပေါင်းစည်းနည်းဟု ဆိုလိုပါသည်။

နိဂဏ္ဍနာဋ္ဌပုတ္တ၏ဝါဒ၌ စာရိတ္တရေးရာနှင့် ပတ်သက်၍ ကောင်းသော အချက်များ ပါဝင်ပါ၏။ သို့ရာတွင် သူ၏ဝါဒသည် အတ္တကို အခြေခံထား၍ တည်ဆောက်ထားသည့်ဝါဒ ဖြစ်သောကြောင့် ပိဋကတ်တော်၌ သူ၏ဝါဒကို 'တိတ္ထိယဝါဒ' သို့မဟုတ် 'မိစ္ဆာဒိဋ္ဌိဝါဒ' ဟူ၍ သတ်မှတ်ခြင်း ဖြစ်ပါသည်။

ထိုခေတ်တွင် ဝါဒရေးရာ ဂိုဏ်းကွဲများနှင့် ပတ်သက်၍ ပဓာနအားဖြင့် ဂိုဏ်းကြီးနှစ်ခု ရှိပါသည်။တစ်ဂိုဏ်းမှာ 'ဗြာဟ္မဏ' ဂိုဏ်း ဖြစ်၍ အခြား တစ်ဂိုဏ်း မှာ 'သမဏ' ဂိုဏ်း ဖြစ်ပါသည်။ ဗြာဟ္မဏဂိုဏ်းသည် ဖန်ဆင်းရှင် ဗြဟ္မာကို ယုံကြည်ပါသည်။ သမဏဂိုဏ်းသည် ဖန်ဆင်းရှင်ဗြဟ္မာကို မယုံကြည်ပါ။ တိတ္ထိယများသည် ဖန်ဆင်းရှင် ဗြဟ္မာကို မယုံကြည်သူများ ဖြစ်ကြသဖြင့် ဝါဒ ရေးရာနှင့် ပတ်သက်၍ သမဏဂိုဏ်း၌ ပါဝင်သူများ ဖြစ်ကြပါသည်။ ဗြဟ္မာကို ယုံကြည်ကြသော ဗြာဟ္မဏဂိုဏ်းဝင်များသည်ပင် နောက်ပိုင်း၌ ဗြဟ္မာနှင့် အတ္တကို တစ်ဦးတည်းအဖြစ် ပြောင်းလဲ သတ်မှတ်လိုက်သဖြင့် ဗြဟ္မာကို သီးခြားအဖြစ် ယုံကြည်ရာ ရောက်၍ သမဏနှင့် ဗြာဟ္မဏဟူသော ဝေါဟာရ နှစ်ခုသည် အနက်တူသဘောကို ဆောင်ခဲ့ကြပါသည်။ သို့ရာတွင် မည်သို့ဆိုစေ တိတ္ထိယတို့ သည် 'တပ' အကျင့်ဖြင့် 'မောက္ခ' ကို ရရန် အားထုတ်ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြောင်း ထိုခေတ်က ယုံကြည်ခြင်းကို ခံရသူများ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း [ ၃ ]

# ဗုဒ္ဓစေတီ ကိုးကွယ်ယုံကြည်မှုများ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)
## ဝိပဿနာ

### စစ်မှန်သော ချမ်းသာသုခ

လူတို့သည် မိမိတို့၏ သဘာဝအားဖြင့် စစ်မှန်သော ချမ်းသာသုခကို လိုလားကြ၏။ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တွင် စစ်မှန်သော ချမ်းသာသုခကို–

(၁) အသက်ရှည်ခြင်း၊

(၂) လွတ်လပ်စွာ ပျော်ရွှင် ချမ်းမြေ့ခြင်း၊

(၃) စည်းစိမ်ဥစ္စာ ပြည့်စုံခြင်း

ဟူ၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုသတ်မှတ်ပြီး ထိုစစ်မှန်သော ချမ်းသာသုခ ရရှိစေရန် ယဇ်ပူဇော်မှုကို ပြုခဲ့ကြ၏။ ယဇ်ပူဇော်မှုသည် စစ်မှန်သော ချမ်းသာသု ကို ရရှိကြောင်း အကျင့်ဟူ၍ ယုံကြည်ကြ၏။ယုံကြည်သည့်အတိုင်းလည်း ခေ ခေတ်နှင့် ဗြာဟ္မဏခေတ် လူတို့သည် ယဇ်ပူဇော်မှု အကျင့်ကို ကျင့်ခဲ့ကြပါသည

ယဇ်ပူဇော်မှု အကျင့်ကို မည်သို့ပင် ကျင့်ကြစေကာမူ ဝေဒခေတ် ဗြာဟ္မဏခေတ် လူတို့သည် စစ်မှန်သော ချမ်းသာသုခကို မရရှိခဲ့ကြချေ။ အသ ရှည်သင့်သလောက် ရှည်ကြပါ၏။ သို့ရာတွင် သူတို့ မျှော်မှန်းသလောက် မ ကြချေ။ လွတ်လပ်စွာ ပျော်ရွှင် ချမ်းမြေ့သင့်သလောက် ပျော်ရွှင် ချမ်းမြေ ပါ၏။ သို့ရာတွင် သူတို့ မျှော်မှန်းသလောက် မပျော်ရွှင်ကြချေ။ စည်းစိမ်ဥ ပြည့်စုံသင့်သလောက် ပြည့်စုံကြပါ၏။ သို့ရာတွင် သူတို့ မျှော်မှန်းသလော မပြည့်စုံကြချေ။ ထိုအခါ သူတို့သည် စစ်မှန်သော ချမ်းသာသုခ၏ အ အဓိပ္ပာယ်ကို တစ်မျိုး ပြင်ဆင်၍ ဖွင့်ဆိုကြ၏။ လမ်းစဉ်ကို တစ်မျိုး ပြင်ဆ





သတ်မှတ်ကြ၏။ မူလ ဖွင့်ဆိုခဲ့သည့် အနက်အဓိပ္ပာယ်နှင့် လမ်းစဉ်ကို အမှား (အဝိဇ္ဇာ)ဟု ထုတ်ဖော်ကြ၏။ သူတို့ ပြင်ဆင်ဖွင့်ဆိုသည့် 'စစ်မှန်သော ချမ်းသာ သုခ' တွင် **လွတ်မြောက်ခြင်း** (မောက္ခ)၊ **မသေခြင်း** (အမတ)၊ **အားကိုးရာဖြစ်ခြင်း** (သရဏ)တို့ ပါဝင်ပါသည်။ ပြင်ဆင်သတ်မှတ်သည့် လမ်းစဉ်မှာလည်း ယဇ် ပူဇော်မှု (ကမ္မလမ်းစဉ်) မဟုတ်ဘဲ တရားဘာဝနာ အားထုတ်မှု (ဉာဏလမ်းစဉ်) ဖြစ်ပါသည်။ ယင်းသို့ အဘက်ဘက်မှ ပြင်ဆင်လိုက်ခြင်းကို အမှန် (ဝိဇ္ဇာ)ဟု ထုတ်ဖော်ခဲ့ကြပါသည်။ ဤခေတ်ကို အာရဉ္ဉက ခေတ်နှင့် ဥပနိသျှဒ်ခေတ်ဟု ခေါ်ပါသည်။

အာရဉ္ဉက ခေတ်နှင့် ဥပနိသျှဒ်ခေတ်တွင် လောကကို အဝိဇ္ဇာဟု သတ်မှတ်ပြီး လောကမှ လွတ်မြောက်ရေးအတွက် အဝိဇ္ဇာကို ပယ်သတ်ရန် တရားဘာဝနာကို အားထုတ်ခြင်း ဖြစ်ပါသည်။ စစ်မှန်သော ချမ်းသာသုခကို ဗြဟ္မာ သို့မဟုတ် အတ္တဟူ၍ အရကောက်ခဲ့ပါသည်။ သို့ရာတွင် အာရဉ္ဉက ခေတ်နှင့် ဥပနိသျှဒ်ခေတ် ပညာရှင်တို့ မျှော်မှန်းသည့်အတိုင်း လွတ်မြောက်ခြင်း (မောက္ခ)၊ မသေခြင်း (အမတ)၊ အားကိုးရာဖြစ်ခြင်း (သရဏ) တို့ ပါဝင်သည့် စစ်မှန်သော ချမ်းသာသုခကို မရရှိခဲ့ချေ။ အလွန်ဆုံး ရရှိခဲ့သည့် ချမ်းသာသုခကား ဈာန်သမာပတ်ချမ်းသာ သာ ဖြစ်လေသည်။ ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်း ကို စိစစ်လိုက်သောအခါ တဏှာကို မပယ်သတ်နိုင်ခြင်းကြောင့် ဖြစ်ကြောင်း တွေ့ရှိ ရလေသည်။ ထို့ကြောင့် စစ်မှန်သော ချမ်းသာသုခကို ရရှိရေးအတွက် တဏှာကို ပယ်သတ်နိုင်ရန် ထိုခေတ်လူတို့သည် 'တပ' ခေါ် ပြင်းထန်သော ကျင့်စဉ်များကို ပြောင်းလဲ၍ ကျင့်ခဲ့ကြပါသည်။ ဘုရားအလောင်းတော်သည်ပင် ထိုခေတ်က ခေတ်စားခဲ့သည့် 'တပ' ကျင့်စဉ်၏ ဝဲဂယက်၌ ခြောက်နှစ်တိုင်တိုင် ကျင့်ခဲ့ရပါသည်။ ဤ တပကျင့်စဉ် ခေတ်စားသော ကာလကို တိတ္ထိယခေတ်ဟု သတ်မှတ်ပါသည်။ တိတ္ထိယခေတ် ပညာရှင်တို့သည် ဗြဟ္မဇာလ သုတ်လာ (၆၂) သော အယူဝါဒတို့တွင် တစ်မျိုးမျိုး၌ သက်ဝင်ယုံကြည်ပြီး အတ္တဝါဒကို အခြေခံကြ၏။ ဗြဟ္မာကို အခြေမခံကြချေ။ အာရဉ္ဉက ခေတ်နှင့် ဥပနိသျှဒ် ခေတ်တွင် ဗြဟ္မာနှင့် အတ္တကို အတူတူဟု သတ်မှတ်၍ တိတ္ထိယခေတ်တွင်မူ ဗြဟ္မာနှင့် အတ္တကို သီးခြားစီ သတ်မှတ်ပါသည်။

ဘုရားအလောင်းတော်သည် မိမိကိုယ်တိုင် ခြောက်နှစ်တာ ကာလပတ်လုံး ထိုခေတ်က ခေတ်စားသော 'တပ' ကျင့်စဉ်များကို အပြင်းထန်ဆုံး ကျင့်ခဲ့၏ ... အောင် ကျင့်ခဲ့၏။ သို့ရာတွင် သူရှာဖွေနေသော လွတ်မြောက်ခြင်း (မောက္ခ)၊ မသေခြင်း (အမတ)၊ အားကိုးရာဖြစ်ခြင်း (သရဏ) သဘောတို့ ပါဝင်သော



www.burmeseclassic.com

www.burmeseclassic.com



စစ်မှန်သောချမ်းသာ (သန္တိသုခ)ကို မြင်နိုင်သောမျက်စိ မဖြစ်ပေါ်သေးသော ကြောင့် မမြင်ခဲ့။ သိနိုင်သောဉာဏ် မဖြစ်ပေါ်သေးသောကြောင့် မသိခဲ့။ တွေ့ ကြုံ နိုင်သောပညာ မဖြစ်ပေါ်သေးသောကြောင့် မတွေ့ကြုံခဲ့။ မျက်မှောက်ပြုနိုင်သော ဝိဇ္ဇာ မဖြစ်ပေါ်သေးသောကြောင့် မျက်မှောက်မပြုခဲ့။ လောကကို ကျော်၍ လင် နိုင်သော အလင်းရောင် မဖြစ်ပေါ်သေးသောကြောင့် လောကုတ္တရာကို အကောင် အထည် မဖော်နိုင်ခဲ့။ ထိုအခါ ဘုရားအလောင်းတော်သည် 'တပ' ကျင့်စဉ်ကို ပယ်စွန့်၍ မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါသည်။ ဝိပဿနာ သဘောကို ဖော်ထုတ်ခဲ့ပါသည်။ လောကကို ဝိပဿနာအမြင်ဖြင့် ကြည့်ခဲ့ပါသည်။ ဝိပဿနာအမြင်ဖြင့် ကြည့်သောအခါ အနတ္တသဘောကို တွေ့ခဲ့ပါသည်။ ထိုအခါ မှသာ စစ်မှန်သောချမ်းသာ (သန္တိသုခ)ကို မြင်ခဲ့ပါသည်။ သိခဲ့ပါသည်။ တွေ့ ကြုံခဲ့ပါသည်။ မျက်မှောက်ပြုခဲ့ပါသည်။ အကောင်အထည် ဖော်ခဲ့ပါသည်။

ထိုအခါ ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်ရှင် ဘုရားစင်စစ် အဖြစ်သို့ ရောက်တော်မူပြီး စစ်မှန်သော ချမ်းသာသုခကို နိရောဓသစ္စာအဖြစ် လည်းကောင်း၊ နိရောဓသစ္စာသို့ ရောက်ရာကျင့်စဉ် မဇ္ဈိမပဋိပဒါကို မဂ္ဂသစ္စာ အဖြစ် လည်းကောင်း၊ လောကကို ဒုက္ခသစ္စာ အဖြစ် လည်းကောင်း၊ လောက၏ အကြောင်းရင်း တဏှာကို သမုဒယသစ္စာအဖြစ် လည်းကောင်း ထုတ်ဖော် ဟော ကြားတော်မူခဲ့ပါသည်။ ဤအချိန်မှ စ၍ ဗုဒ္ဓဝါဒသည် လောကသုံးပါး၌ ပေါ်ထွန်း ခဲ့ပါသည်။ ဗောဓိပက္ခိယတရား (၃၇) ပါးတို့သည် ထင်ရှားလာကြပါသည်။ ဤတရားများကြောင့် တစ်သောင်းသော လောကဓာတ်သည် တုန်လှုပ်ခဲ့ပါသည်။ ပြင်းစွာ တုန်လှုပ်ခဲ့ပါသည်။ ထိုမှ ဤမှ တုန်လှုပ်ခဲ့ပါသည်။ လောကသုံးပါး၌ အနှိုင်းမဲ့၊ အတုမဲ့ မြင့်မြတ်သော ဓမ္မရောင်ခြည်သည် ထင်ရှားစွာ ပေါ်လာခဲ့ပါ သည်။ ထိုဓမ္မရောင်ခြည်ကား အနတ္တ ဓမ္မရောင်ခြည် ဖြစ်ပါသည်။

BURMESE CLASSIC .com

## ကျင့်စဉ်များ

မြတ်စွာဘုရားသည် သူ၏ ကျင့်စဉ်ကို 'မဇ္ဈိမပဋိပဒါ' ဟု ထုတ်ဖော် ဟောကြား တော်မူခဲ့ပါသည်။ တပည့်သာဝကတို့အား စစ်မှန်သော သန္တိသုခကို ရရှိနိုင်စေရေး အတွက် မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ကျင့်စေခဲ့ပါသည်။ မဇ္ဈိမပဋိပဒါ ကျင့်စဉ်သည် မြတ်စွာဘုရား တွေ့ရှိခဲ့သည့် ကျင့်စဉ် ဖြစ်ပါသည်။ ထိုကျင့်စဉ်ဖြင့် သစ္စာလေးပါး ကို ထိုးထွင်းသိမြင်၍ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ မဇ္ဈိမ ပဋိပဒါကျင့်စဉ် မတိုင်မီက အစွန်းရောက်ကျင့်စဉ် နှစ်မျိုး ရှိခဲ့ပါသည်။ ထိုကျင့်စဉ် နှစ်မျိုးမှာ ကာမသုခလ္လိကကျင့်စဉ်နှင့် အတ္တကိလမထ ကျင့်စဉ်တို့ ဖြစ်ပါသည်။



## ကာမသုခလ္လိက ကျင့်စဉ်

ကာမသုခလ္လိက ကျင့်စဉ်ဟူသည်မှာ [ ကာမသုခ=ရလိုသော ချမ်းသာ+ အလ္လိက=တမ်းတမ်းစွဲ ] ရလိုသော ချမ်းသာသုခကို မရမနေ တမ်းတမ်းစွဲ ကျင့် သည့် ကျင့်စဉ် ဖြစ်ပါသည်။ ဤကျင့်စဉ်သည် ဝေဒခေတ်၊ ဗြာဟ္မဏခေတ်၊ အာရဏျကခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့၌ ခေတ်စားခဲ့သည့် ကျင့်စဉ် ဖြစ်ပါ သည်။ မြတ်စွာဘုရားအလောင်းတော်သည်လည်း အာဠာရနှင့် ဥဒကရသေ့တို့ထံ၌ ဤကျင့်စဉ်ကို ကျင့်ဖူးပါသည်။ ကာမသုခလ္လိကကျင့်စဉ်ကား လောကီစည်းစိမ် ချမ်းသာသုခကို ရှာရာ၌ ယနေ့ ရိုးရိုးလူသားတို့ ကျင့်သုံးသည့် ကျင့်စဉ်ပင် ဖြစ်ပါသည်။ အရပ်သူ အရပ်သားတို့၏ သမားရိုးကျ ကျင့်စဉ် ဖြစ်ပါသည်။ ဘုရားအားထုတ်သူတို့၏ ထူးမြတ်သော ကျင့်စဉ် မဟုတ်ပါ။

ကာမသုခလ္လိကကျင့်စဉ်၏ အကျဉ်းချုပ်မှာ 'ရယူရေး' ကျင့်စဉ် ဖြစ်ပါ သည်။ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တို့၌ လူတို့သည် မိမိတို့ ရလိုသော ချမ်းသာ သုခကို ရရှိနိုင်ရေးအတွက် နတ်ဒေဝါများအား အမျိုးမျိုး ပူဇော်ကြပါသည်။ ပသကြပါသည်။ နတ်ဒေဝါများအား ပူဇော်ခြင်း၊ ပသခြင်းဖြင့် မိမိတို့ ရလိုသော ချမ်းသာသုခကို နတ်ဒေဝါများက မိမိတို့အား ချီးမြှင့်လိမ့်မည်ဟု ယုံကြည်ကြပါ သည်။ သို့ရာတွင် ထိုယုံကြည်ချက်အတိုင်း မိမိတို့ ရလိုသော ချမ်းသာသုခကို နတ်ဒေဝါများထံမှ မရရှိသောအခါ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ် လူတို့သည် ပူဇော်နည်းကို တစ်မျိုးပြောင်းလိုက်ပါသည်။

ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တို့တွင် ရလိုသော ချမ်းသာသုခကို ရရှိနိုင် ရေးအတွက် ကျင့်စဉ်မှာ ကုန်သွယ်မှုသဘောမျိုး သက်ဝင်ပါသည်။ လူတို့က မွန်မြတ်သော ပစ္စည်းဝတ္ထုများဖြင့် နတ်ဒေဝါများအား ပူဇော်ပသမည်။ နတ် ဒေဝါများကလည်း လူတို့အား သူတို့ တောင့်တသော ချမ်းသာသုခကို ပြန်လည် ချီးမြှင့်မည်။ သို့ဖြစ်၍ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ် ကျင့်စဉ်သည် 'ဘာသာရေး ကုန်သွယ်မှု' သဘော သက်ရောက်သော ကျင့်စဉ် ဖြစ်ပါသည်။

ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တို့၌ ခေတ်စားသော 'ဘာသာရေး ကုန် သွယ်မှု' ကျင့်စဉ်ကို အာရဏျကခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့တွင် တစ်မျိုးတစ်သွယ် ပြောင်းလိုက်ပါသည်။ နတ်ဒေဝါများအား မွန်မြတ်သော ပစ္စည်းဝတ္ထုများဖြင့် ပူဇော်ခြင်း၊ ပသခြင်းတို့ကို မပြုလုပ်တော့ဘဲ တရားအားထုတ်ခြင်းကို ပြုလုပ်လာ ကြပါသည်။ ထိုခေတ် တရားအားထုတ်နည်းမှာ နတ်ဒေဝါများကို အာရုံပြုခြင်း ဖြစ်ပါသည်။ ဤနေရာ၌ နတ်ဒေဝါများဆိုသည်မှာ ဗြဟ္မာ ဖြစ်ပါသည်။ အာရဏျ က ခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့တွင် နတ်ဒေဝါများနေရာ၌ ဗြဟ္မာကို အာရုံ



www.burmeseclassic.com

www.burmeseclassic.com



သွင်းလာပါသည်။ နတ်ဒေဝါများကို ပစ္စည်းဝတ္ထုများဖြင့် ပူဇော်ခြင်းအစား ဗြဟ္မာကို မြင်အောင် အာရုံပြုလာပါသည်။ စိတ်ဖြင့် အဖန်ဖန် အောက်မေ့လာပါသည်။ ဗြဟ္မာကို မြင်အောင် အာရုံပြုခြင်း၊ ဗြဟ္မာကို အဖန်ဖန် အောက်မေ့ခြင်းသည် အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့၏ တရားအားထုတ်နည်း ဖြစ်ပါသည်။ ထို တရားအားထုတ်နည်းဖြင့် တရားအားထုတ်၍ ဗြဟ္မာကို မြင်လာလျှင် တရားအားထုတ်သူ ကိုယ်တိုင် ဗြဟ္မာဖြစ်သွားပြီး ရလိုသော ချမ်းသာ သုခကို ရရှိသည်ဟု ဆိုပါသည်။

ထိုခေတ်တွင် အဝိဇ္ဇာသဘောကို သိကြပါသည်။ လောကကို ရှုမြင်သုံးသပ်ရာ၌ လူတို့သိသော အသိတရားသည် မှန်ကန်သောအသိ (ဝိဇ္ဇာသိ) မဟုတ်၊ မှားသောအသိ (အဝိဇ္ဇာသိ)သာ ဖြစ်ပါသည်။ အမှန်တရား ဟူသည်မှာလည်း လူတို့ တွေ့ကြုံနေကြသည့် သက်ရှိသက်မဲ့ အရာဝတ္ထုများ မဟုတ်။ ယင်း သက်ရှိသက်မဲ့ အရာဝတ္ထုများသည် အမြဲတစေ ဖြစ်၊ ပျက်၊ ပြုပြင်ပြောင်းလဲ နေကြပါသည်။ ထို့ကြောင့် ယင်းတို့သည် နောက်ဆုံး အမှန်တရား မဟုတ်။ နောက်ဆုံး အမှန်တရားဟူသည် ဖြစ်၊ ပျက်၊ ပြုပြင်ပြောင်းလဲခြင်း မရှိဘဲ အမြဲထာဝစဉ် တစ်သမတ်တည်း တည်ရှိသည့် သဘောသာ ဖြစ်ပါသည်။ သို့ရာတွင် ယင်း နောက်ဆုံး အမှန်တရားကို လူတို့ မသိကြ။ လူတို့ မသိကြသော်လည်း နောက်ဆုံး အမှန်တရားကား ရှိသည်သာ ဖြစ်ပါသည်။ နောက်ဆုံး အမှန်တရားကို ထိုခေတ် ဝေါဟာရဖြင့် 'ဗြဟ္မာ' ဟူ၍ ခေါ်ပါသည်။ ဗြဟ္မာခေါ် နောက်ဆုံး အမှန်တရားသည် နေရာတိုင်းမှာ ရှိပါသည်။ ကာလတိုင်းမှာ ရှိပါသည်။ ထို့ကြောင့် ယင်း အမှန်တရားသည် နေရာဒေသဘောင်ကို လွန်သဖြင့် **ဒေသဝိမုတ္တ** (ဒေသလွတ်) လည်း ဖြစ်ပါသည်။ ကာလဘောင်ကို လွန်သဖြင့် **ကာလဝိမုတ္တ** (ကာလလွတ်) လည်း ဖြစ်ပါသည်။ ဒေသလွတ်ဆိုသည်မှာ နေရာဒေသတို့ဖြင့် ကန့်သတ်၍မရဘဲ အလုံးစုံတို့၌ တစ်သားတည်း၊ တစ်သမတ်တည်း တည်ရှိသည့်သဘော ဖြစ်ပါသည်။ ကာလလွတ်ဆိုသည်မှာ ဖြစ်၊ ပျက်၊ ပြုပြင်ပြောင်းလဲခြင်း မရှိဘဲ အမြဲထာဝစဉ် တည်ရှိသည့်သဘော ဖြစ်ပါသည်။ ယင်းသဘောသည် ဗြဟ္မာ ဖြစ်ပါသည်။ တရားကိုယ်အားဖြင့်ဆိုရလျှင် သက်ရှိသက်မဲ့ အားလုံးတို့သည်ပင် ဗြဟ္မာ ဖြစ်ပါသည်။

သို့ပါလျက် လူတို့သည် ဗြဟ္မာကို ဗြဟ္မာအဖြစ် မမြင်၊ ဗြဟ္မာအဖြစ် မသိ၊ ဗြဟ္မာကို လောကအဖြစ်သာ မြင်သည်။ လောကအဖြစ်သာ သိသည်။ မှုန်ဝါးဝါး အလင်းရောင်၌ ကြိုးကို မြွေထင်သည့် သဘောမျိုး ဖြစ်ပါသည်။ ထို့ကြောင့် လူတို့သိသော လောကသိ မှန်သမျှသည် မှားသောအသိ (အဝိဇ္ဇာသိ) သာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကြိုးကို ကြိုးအဖြစ် မမြင်ဘဲ မြွေအဖြစ် မြင်သကဲ့သို့ ဗြဟ္မာကို ဗြဟ္မာအဖြစ် မမြင်ဘဲ လောကအဖြစ် မြင်နေသမျှ ကာလပတ်လုံး ယင်း အသိအားလုံးသည် မှားသောအသိသာဖြစ်ပြီး မှန်သောအသိ မဖြစ်ကောင်းသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် မှန်သောအသိ (ဝိဇ္ဇာသိ) ဖြစ်စေရန် ဗြဟ္မာကို လောကအဖြစ် မမြင်ဘဲ ဗြဟ္မာအဖြစ် မြင်ရန် လိုအပ်ပါသည်။ ဗြဟ္မာကို ဗြဟ္မာအဖြစ်မြင်ရန် ဗြဟ္မဉာဏ်ကို ရဖို့ လိုအပ်ပါသည်။ သို့မှသာ မှန်သောအသိ (ဝိဇ္ဇာသိ) ဖြစ်ပါမည်။ ဤသို့လျှင် ထိုခေတ်ပညာရှင်များသည် အဝိဇ္ဇာသဘောကို သိကြပါသည်။ ထို၏ ဆန့်ကျင်ဘက် ဝိဇ္ဇာသဘောကို သိကြပါသည်။ အဝိဇ္ဇာ ပျောက်၍ ဝိဇ္ဇာရောက်ရန် ရိုးရိုးစာပေသိ၊ ဆင်ခြင်သိတို့ဖြင့် မတတ်ကောင်းဘဲ တရားဘာဝနာ အားထုတ်ခြင်းဖြင့်သာ တတ်ကောင်းကြောင်း သိမြင်ကြပါသည်။ သိမြင်သည့်အလျောက်လည်း တရားဘာဝနာကို အားထုတ်ကြပါသည်။

ကာမသုခလ္လိကကျင့်စဉ်၏ တရားဘာဝနာ အားထုတ်နည်းကား အရာရာတိုင်းကို ဗြဟ္မာအဖြစ် မြင်နိုင်ရေးအတွက် ဗြဟ္မဉာဏ်ကို ရရှိရန် အားထုတ်ခြင်းပင် ဖြစ်ပါသည်။ အမှန်အားဖြင့် အရာရာတိုင်းသည် အမှန်တရားမဟုတ်၊ အမှားတရားသာ ဖြစ်သည်။ အမှန်တရားသည် အမျိုးမျိုး မရှိ၊ တစ်ခုတည်းသာ ရှိသည်။ အရာရာတိုင်း၏ နောက်ကွယ်၌ တစ်ခုတည်းသဘော ရှိသည်။ အမှားတရား၏ နောက်ကွယ်၌ အမှန်တရားရှိသည်။ အမှန်တရားသဘော၊ တစ်ခုတည်းသဘောကို ထွင်းဖောက်၍ သိရန် လိုသည်။ ထွင်းဖောက်၍ သိနိုင်ရေးအတွက် ထိုခေတ် ပညာရှင်တို့သည် မိမိတို့ တွေ့ကြုံသိရှိကြသော အရာရာတိုင်းကိုပင် ဗြဟ္မာအဖြစ် အာရုံယူကြသည်။ နွားကို မြင်လျှင်လည်း နွားအဖြစ်ကို ကျော်လွန်၍ ဗြဟ္မာအဖြစ် အာရုံပြုသည်။ သစ်ပင်ကို မြင်လျှင်လည်း သစ်ပင်အဖြစ်ကို ကျော်လွန်၍ ဗြဟ္မာအဖြစ် အာရုံပြုသည်။ ဤနည်းအားဖြင့် အရာရာတိုင်းကို မြင်လျှင် ယင်းတို့၏ အရာရာတိုင်း သဘောကို ကျော်လွန်၍ ယင်းတို့၏ နောက်ကွယ်ရှိ တစ်ခုတည်းအဖြစ် သို့မဟုတ် ဗြဟ္မာအဖြစ် အာရုံပြုသည်။ ဤသည်မှာ ထိုခေတ် တရားဘာဝနာ အားထုတ်နည်း ဖြစ်ပါသည်။

ဤ တရားဘာဝနာ အားထုတ်နည်းအရ အားထုတ်၍ ထိုခေတ်ပညာရှင်တို့သည် အထိုက်အလျောက် ဗြဟ္မဉာဏ်ကို ရခဲ့ကြပါသည်။ သို့ရာတွင် သူတို့ရသော ဗြဟ္မဉာဏ်ကား သူတို့ မျှော်မှန်းထားသည့်အတိုင်း အဝိဇ္ဇာကို ဖြေဖျောက်နိုင်သော လောကုတ္တရာ ဝိဇ္ဇာဉာဏ် မဟုတ်။ အဝိဇ္ဇာကို ထာဝရအမြစ်ပြတ်အောင် မဖြတ်နိုင်ဘဲ ခွာနိုင်သော လောကီချာန် ဝိဇ္ဇာဉာဏ်သာ ဖြစ်ပါသည်။ ထိုဖြစ်၍သာ







www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ် ပညာရှင်တို့သည် သူတို့ မျှော်မှန်းထားသည့် လောကမှ လွတ်မြောက်ခြင်း 'မောက္ခ'၊ မသေခြင်း 'အမတ'၊ ကိုးကွယ်ရာဖြစ်ခြင်း 'သရဏ' တို့ကို မျှော်မှန်းထားသည့်အတိုင်း မရရှိခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဤကျင့်စဉ်ကို မြတ်စွာဘုရားအလောင်းတော်သည် မှားယွင်းသောကျင့်စဉ် (အစွန်းရောက်ကျင့်စဉ်) အဖြစ် ပစ်ပယ်ခဲ့ခြင်း ဖြစ်ပါသည်။

ကာမသုခလ္လိက ကျင့်စဉ်၏သဘောကို အကျဉ်းချုပ်၍ ဆိုရလျှင် ယင်းကျင့်စဉ်သည် ဘဝနှင့် ပတ်ဝန်းကျင်တွင် ပတ်ဝန်းကျင်ကို အလေးထားသော ကျင့်စဉ် ဖြစ်ပါသည်။ အာရမ္မဏိကနှင့် အာရုံတွင် အာရုံပိုင်းကို အလေးထားသော ကျင့်စဉ် ဖြစ်ပါသည်။ အဇ္ဈတ္တနှင့် ဗဟိဒ္ဓတွင် ဗဟိဒ္ဓကို အလေးထားသောကျင့်စဉ် ဖြစ်ပါသည်။ ကတ္တားနှင့် ကမ္မတွင် ကမ္မကို အလေးထားသောကျင့်စဉ် ဖြစ်ပါသည်။ ပဝတ္တနှင့် နိမိတ္တတွင် နိမိတ္တကို အလေးထားသောကျင့်စဉ် ဖြစ်ပါသည်။ တဏှာနှင့် အဝိဇ္ဇာတွင် အဝိဇ္ဇာကို အလေးထားသောကျင့်စဉ် ဖြစ်ပါသည်။ စွန့်လွှတ်ရေးနှင့် ရယူရေးတွင် ရယူရေးကို အလေးထားသောကျင့်စဉ် ဖြစ်ပါသည်။

မဇ္ဈိမပဋိပဒါ၏ သဘောမှာ အစွန်းနှစ်ဖက်မှ လွတ်မြောက်ခြင်း (ဥဘတောဝုဋ္ဌာန) ဖြစ်ပါသည်။ ဤအမြင်အရ အထက်ဖော်ပြပါ အစုံတရား နှစ်ပါးတို့မှာ အချင်းချင်း ဆန့်ကျင်သည့် အစုံတရားများ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအစုံတရားများကို အစွန်းတရားများ ဟူ၍ ဆိုအပ်ပါသည်။ အစွန်းတရားနှစ်မျိုးအနက် တစ်မျိုးမျိုးမှ လွတ်မြောက်ရုံမျှနှင့် ယင်းလွတ်မြောက်ခြင်းကို မဇ္ဈိမပဋိပဒါအရ အဆုံးစွန် မှန်ကန်သည့် ကျင့်စဉ်အဖြစ် သတ်မှတ်မည် မဟုတ်ဘဲ အစွန်းရောက် ကျင့်စဉ်အဖြစ်သာ သတ်မှတ်မည် ဖြစ်ပါသည်။ ဤကာမသုခလ္လိက ကျင့်စဉ်အရ လောကဒုက္ခအပေါင်းမှ လွတ်မြောက်ရေးအတွက် ကျင့်သုံးရာ၌ အကယ်၍ လွတ်မြောက်သည် ဆိုပါလျှင် ဘဝနှင့် ပတ်ဝန်းကျင်တွင် ပတ်ဝန်းကျင်သာ လွတ်မြောက်ပြီး ဘဝမှာ တန်းလန်း ကျန်ရစ်နေမည် ဖြစ်ပါသည်။ အာရမ္မဏိကနှင့် အာရုံတွင် အာရုံပိုင်းသာ လွတ်မြောက်ပြီး အာရမ္မဏိကမှာ တန်းလန်း ကျန်ရစ်နေမည် ဖြစ်ပါသည်။

အဇ္ဈတ္တနှင့် ဗဟိဒ္ဓတွင် ဗဟိဒ္ဓသာ လွတ်မြောက်ပြီး အဇ္ဈတ္တမှာ တန်းလန်း ကျန်ရစ်နေမည် ဖြစ်ပါသည်။ ကတ္တားနှင့် ကမ္မတွင် ကမ္မသာ လွတ်မြောက်ပြီး ကတ္တားမှာ တန်းလန်း ကျန်ရစ်နေမည် ဖြစ်ပါသည်။ ပဝတ္တနှင့် နိမိတ္တတွင် နိမိတ္တသာ လွတ်မြောက်ပြီး ပဝတ္တမှာ တန်းလန်း ကျန်ရစ်နေမည် ဖြစ်ပါသည်။ တဏှာနှင့် အဝိဇ္ဇာတွင် အဝိဇ္ဇာသာ လွတ်မြောက်ပြီး တဏှာမှာ တန်းလန်း ကျန်ရစ်နေမည် ဖြစ်ပါသည်။ ဤနေရာ၌ လွတ်မြောက်ခြင်းဆိုသည်မှာ





...ဂ်ပဟာန်၊ ဝိက္ခမ္ဘနပဟာန်ဖြင့် လွတ်မြောက်ခြင်းကို ဆိုပါသည်။ တန်းလန်း ကျန်ခြင်းဆိုသည်မှာ အနုသယသဘောဖြင့် ကျန်ခြင်းကို ဆိုပါသည်။ စွန့်လွှတ်ရေးနှင့် ရယူရေးတွင် ရယူရေးသာ လွတ်မြောက်ပြီး စွန့်လွှတ်ရေးမှာ တန်းလန်း ကျန်ရစ်နေမည် ဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရား အလောင်းတော်သည် အစွန်းတစ်ဖက်ဖြစ်သည့် ကာမသုခလ္လိက ကျင့်စဉ်ကို ပယ်၍ အစွန်းတစ်ဖက်ဖြစ်သည့် အတ္တကိလမထကျင့်စဉ်ကို ကျင့်သုံးခဲ့ခြင်း ဖြစ်ပါသည်။

## အတ္တကိလမထ ကျင့်စဉ်

အတ္တကိလမထကျင့်စဉ် ဟူသည်မှာ [ အတ္တ= ခန္ဓာကိုယ်+ ကိလမထ= ညှဉ်းပန်းခြင်း ] မိမိ၏ ခန္ဓာကိုယ်ကို ညှဉ်းပန်းသည့်လမ်းစဉ် ဖြစ်ပါသည်။ ဤကျင့်စဉ်သည် တိတ္ထိယခေတ်တွင် ခေတ်စားသည့်ကျင့်စဉ် ဖြစ်ပါသည်။ မြတ်စွာဘုရား အလောင်းတော်သည်လည်း ဤကျင့်စဉ်ကို ကျင့်ဖူးပါသည်။ ပဉ္စဝဂ္ဂီငါးဦးတို့ နောက်ဆုံး ခွဲခွာချိန်အထိ အလောင်းတော်သည် ဤကျင့်စဉ်ကို ကျင့်ခဲ့ပါသည်။ ဤကျင့်စဉ်၏ ထင်ရှားသောအမည်မှာ 'တပ' ဖြစ်ပါသည်။ ကျင့်စဉ်သမိုင်းအရဆိုရလျှင် 'တပ' ကျင့်စဉ်သည် ထိုခေတ်၌ အထင်ရှားဆုံး ကျင့်စဉ် ဖြစ်ပါသည်။ မှန်ကန်သော ကျင့်စဉ်အဖြစ် ထိုခေတ် တရားအားထုတ်သူများက လက်ခံထားသည့် ကျင့်စဉ် ဖြစ်ပါသည်။

ချမ်းသာသုခ ရရှိရေးနှင့် ပတ်သက်၍ ကျင့်နည်းမှာ နှစ်မျိုး ရှိပါသည်။ တစ်မျိုးမှာ သာမန်အရပ်သား ကျင့်နည်း ဖြစ်ပါသည်။ အခြားတစ်မျိုးမှာ တရားအားထုတ်သူတို့၏ ကျင့်နည်း ဖြစ်ပါသည်။ သာမန်အရပ်သား ကျင့်နည်းမှာ ချမ်းသာသုခ ရရှိရေးအတွက် အရပ်သူ အရပ်သားတို့ ကျင့်သုံးသည့် နည်းအတိုင်း ပုံသေသတ်မှတ်ချက် မရှိဘဲ အလျဉ်းသင့်သလို ကျင့်သုံးသည့် ကျင့်နည်း ဖြစ်ပါသည်။ တရားအားထုတ်သူတို့၏ ကျင့်နည်းမှာ ပုံသေသတ်မှတ်ချက်ဖြင့် ကျင့်သုံးသည့် ကျင့်နည်း ဖြစ်ပါသည်။ အတ္တကိလမထ ကျင့်စဉ်သည် တရားအားထုတ်သူတို့၏ ကျင့်နည်း ဖြစ်ပါသည်။ ယင်းကျင့်နည်းအရ ကျင့်လျှင် ပုံသေသတ်မှတ်ချက် 'တပ' ကျင့်စဉ်အတိုင်း ကျင့်ရပါသည်။

အတ္တကိလမထ ကျင့်စဉ်၏ အကျဉ်းချုပ်မှာ 'စွန့်လွှတ်ရေး' ကျင့်စဉ် ဖြစ်ပါသည်။ တိတ္ထိယခေတ်၌ လူတို့သည် မိမိတို့ ရလိုသော ချမ်းသာသုခကို ရရှိရေးအတွက် 'တဏှာ' ကို ပယ်စွန့်ရန် အရေးကြီးကြောင်း သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် တိတ္ထိယခေတ်၌ အဝတ်အထည်မှ စ၍ နောက်ဆုံး အာဟာရအထိ ပယ်စွန့်ရန် ကြိုးပမ်းကြခြင်း ဖြစ်ပါသည်။ တဏှာကို ပယ်စွန့်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခတရား အမျိုးမျိုးကို ခံယူရာမှ နောက်ဆုံး 'ကံ 'သစ် မဖြစ်တော့ဘဲ'ကံ' ဟောင်း၏ အကျိုးတရား ဒုက္ခများ အားလုံး ချုပ်ငြိမ်းသွားမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် စစ်မှန်သော ချမ်းသာသုခကို ရရှိနိုင်သည်ဟု ယုံကြည်ကြပါသည်။

တိတ္ထိယခေတ် အမြင်အရ အဝိဇ္ဇာနှင့် တဏှာတွင် အဝိဇ္ဇာထက် တဏှာက ပို၍ အရေးကြီးပါသည်။ ဝေဒခေတ်၊ ဗြာဟ္မဏခေတ်၊ အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ် တစ်လျှောက်လုံးတွင် အဝိဇ္ဇာကို ပယ်သတ်ရန် ကြိုးစားခဲ့ကြပါသည်။ ကြိုးစားခဲ့သည့် အလျောက်လည်း အဝိဇ္ဇာကို အထိုက်အလျောက် ပယ်သတ်နိုင်ခဲ့ကြပါသည်။ သို့ရာတွင် ထိုသို့ ပယ်သတ်နိုင်ခြင်းကား သမုစ္ဆေဒပဟာန်ဖြင့် မြစ်ပြတ် ပယ်သတ်နိုင်ခြင်း မဟုတ်၊ အလွန်ဆုံး ဝိက္ခမ္ဘနပဟာန်ဖြင့် ယာယီ ပယ်သတ်နိုင်ခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် အဝိဇ္ဇာသည် မြစ်ပြတ် အနေဖြင့် မသေဘဲ သင့်လျော်သော အကြောင်းကို ရလျှင် (အနုရုပ် ကာရဏံ လဘိတွာ) ခေါင်းထောင်၍ ထ နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အဝိဇ္ဇာသည် နိဝရဏသဘောဖြင့် သေသော်လည်း အနုသယသဘောဖြင့် မသေဘဲ ရှင်သန်နေခြင်း ဖြစ်ပါသည်။ အဝိဇ္ဇာသည် မြစ်ပြတ် မသေသေးသမျှ ကာလပတ်လုံး ရရှိသော ချမ်းသာသုခသည် စစ်မှန်သော ချမ်းသာသုခ မဟုတ်။ ထို့ကြောင့် ဝေဒခေတ်၊ ဗြာဟ္မဏခေတ်၊ အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့၌ ကာမသုခလ္လိက ကျင့်စဉ်ဖြင့် ရအပ်သော ချမ်းသာသုခသည် စစ်မှန်သော ချမ်းသာသုခ မဟုတ်ကြောင်း မျက်ဝါးထင်ထင် တွေ့ကြုံကြသော တိတ္ထိယခေတ် ပညာရှင်တို့သည် အဝိဇ္ဇာထက် တဏှာကို အလေးထားကာ တဏှာကို ပယ်သတ်ရန် အားထုတ်ကြခြင်း ဖြစ်ပါသည်။

တိတ္ထိယခေတ် အတ္တကိလမထကျင့်စဉ်အရ တရားအားထုတ်နည်းကား အရာရာတိုင်းကို မကြည့်ဘဲ ယင်းတို့၏ နောက်ကွယ်၌ရှိသော အမှန် (သစ္စာ) တရားကို မြင်ရန် အားထုတ်ခြင်းမျိုး မဟုတ်။ လောကကို မကြည့်ဘဲ ယင်းတို့၏ နောက်ကွယ်၌ရှိသော အမှန် (သစ္စာ)တရားကို မြင်ရန် အားထုတ်ခြင်းမျိုး မဟုတ်။ ဖြစ်၊ ပျက်၊ ပြုပြင်ပြောင်းလဲနေသော သင်္ခတတရားများကို မကြည့်ဘဲ ယင်းတို့၏ နောက်ကွယ်၌ရှိသော မဖြစ်၊ မပျက်၊ မပြုပြင်၊ မပြောင်းလဲသော အသင်္ခတ တရားကို မြင်ရန် အားထုတ်ခြင်းမျိုး မဟုတ်။ အဆိုပါ အားထုတ်နည်းများကား မှားယွင်းသော အားထုတ်နည်းများဖြစ်ကြောင်း ဝေဒခေတ်၊ ဗြာဟ္မဏခေတ်၊ အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ် ကာမသုခလ္လိက ကျင့်စဉ်များက သက်သေ ထူခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ သက်သေထူခဲ့ခြင်းကို တိတ္ထိယခေတ် ပညာရှင်များ





က သိမြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် တိတ္ထိယခေတ် ပညာရှင်တို့သည် စစ်မှန်သော ချမ်းသာသုခကို ရရှိရေးအတွက် တဏှာကို ပယ်သတ်ကာ အမှန် (သစ္စာ) တရားကို မြင်ရန် အားထုတ်ကြခြင်း ဖြစ်ပါသည်။ 'ရယူရေး' ကျင့်စဉ်ဖြစ်သည့် ကာမသုခလ္လိက ကျင့်စဉ်ကို ပယ်စွန့်၍ 'စွန့်လွှတ်ရေး' ကျင့်စဉ်ဖြစ်သည့် အတ္တကိလမထကျင့်စဉ်ကို ကျင့်သုံးခြင်း ဖြစ်ပါသည်။

ဤကျင့်စဉ်၏ အနှစ်သာရမှာ ဘဝနှင့် ပတ်ဝန်းကျင်တွင် ဘဝကို အလေးထားခြင်း ဖြစ်ပါသည်။ အာရမ္မဏိကနှင့် အာရုံတွင် အာရမ္မဏိကကို အလေးထားခြင်း ဖြစ်ပါသည်။ အဇ္ဈတ္တနှင့် ဗဟိဒ္ဓတွင် အဇ္ဈတ္တကို အလေးထားခြင်း ဖြစ်ပါသည်။ ကတ္တားနှင့် ကမ္မတွင် ကတ္တားကို အလေးထားခြင်း ဖြစ်ပါသည်။ ပဝတ္တနှင့် နိမိတ္တတွင် ပဝတ္တကို အလေးထားခြင်း ဖြစ်ပါသည်။ ဤနေရာ၌ ပဝတ္တဆိုသည်မှာ ဝေလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဖြစ်သည့် နာမ်တရားများ ဖြစ်ပါသည်။ နိမိတ္တ ဆိုသည်မှာ အစိုင်အခဲသဏ္ဍာန်၊ ဒြပ်သဖွယ် စိတ်ဝယ်ထင်သည့် အာရုံ အခါရတရားများ ဖြစ်ပါသည်။ ထို့အပြင် တဏှာနှင့် အဝိဇ္ဇာတွင် တဏှာကို အလေးထားခြင်း ဖြစ်ပါသည်။ ဤကျင့်စဉ်သည်လည်း မဇ္ဈိမပဋိပဒါအရ အစွန်းတရားတစ်ပါးပင် ဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရား အလောင်းတော်သည် နောက်ဆုံး၌ ဤကျင့်စဉ်ကို ပယ်စွန့်ခဲ့ခြင်း ဖြစ်ပါသည်။ ဓမ္မစက္က ပဝတ္တနသုတ်၌ ဤအစွန်းရောက်ကျင့်စဉ် နှစ်မျိုးလုံးကိုပင် အရိယသစ္စာကို မမြင်နိုင်သော ကျင့်စဉ် (အနရိယ) ဟူ၍ လည်းကောင်း၊ စစ်မှန်သော အကျိုးစီးပွားကို မဖြစ်စေနိုင်သော ကျင့်စဉ် (အနတ္ထ သံဟိတ) ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

BURMESE CLASSIC .com

## မဇ္ဈိမပဋိပဒါ ကျင့်စဉ်

မဇ္ဈိမပဋိပဒါကျင့်စဉ်ကို အလယ်အလတ်ကျင့်စဉ်ဟု သဒ္ဒါနက်အားဖြင့် မြန်မာပြန်ကြပါသည်။ အဓိပ္ပာယ်အားဖြင့်မူ အစွန်း နှစ်ဖက်မှ လွတ်မြောက်သည့်ကျင့်စဉ် ဖြစ်ပါသည်။ ယင်းကျင့်စဉ်တွင် မျိုးတူသဘော သုံးမျိုး ပါဝင်ပြီး နှစ်မျိုးကို အစွန်းတရားများအဖြစ် သတ်မှတ်၍ ကျန်တစ်မျိုးကို မဇ္ဈိမပဋိပဒါအဖြစ် သတ်မှတ်ပါသည်။ အစွန်းတရား နှစ်မျိုးတို့သည် အချင်းချင်း ဆန့်ကျင်ကြပါသည်။ မဇ္ဈိမပဋိပဒါမှာမူ ယင်းအစွန်းတရား နှစ်ပါးတို့မှ ထွက်ပေါ်လာခြင်း ဖြစ်သဖြင့် အသွင်သဏ္ဍာန် သဘောအရ အစွန်းတရား နှစ်ပါးနှင့် ဆန့်ကျင်သော်လည်း အနှစ်သာရ သဘောအရ အစွန်းတရား နှစ်ပါးနှင့် လုံးဝ ဆန့်ကျင်သည်။ **မဇ္ဈိမပဋိပဒါ၏ အရကောက်မှာ** မုချအားဖြင့် မဂ်စိတ်နှင့် ယှဉ်သော မဂ်ရှစ်ပါး ဖြစ်ပါသည်။ ဖလူပစာရအားဖြင့် မဂ်စိတ်နှင့် ရောယှဉ်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ဝိဝဋ္ဋနိဿိတ ကုသိုလ်နှင့်ယှဉ်သော မဂ္ဂင်ရှစ်ပါး ဖြစ်ပါသည်။ ကာရဏရူပစာ အားဖြင့် မဂ်စိတ်၏ နောက်၌ဖြစ်သော ဖိုလ်စိတ်၊ ကြိယာစိတ်တို့နှင့် ယှဉ်သော မဂ္ဂင်ရှစ်ပါး ဖြစ်ပါသည်။ ပါဠိဘာသာဖြင့် ဥဘတော ဝုဋ္ဌာန (အစွန်းနှစ်ဖက်မှ ထမြောက်ခြင်း) ဟု ခေါ်ပါသည်။

မဇ္ဈိမပဋိပဒါဟူသော ဝေါဟာရကို ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဓမ္မစက္က ပဝတ္တနသုတ်၌ စတင် အသုံးပြုသော်လည်း ယနေ့ခေတ်တွင်မူ ယင်းဝေါဟာရ ကို ဝါဒရေးရာများ၌ပါ အသုံးပြုနေကြကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ယင်း ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို ပေါ်လွင်စေရန် အောက်ပါ ရှုထောင့်များ မှ သုံးသပ် တင်ပြအပ်ပါသည်။

(၁) ကာမသုခလ္လိကနှင့် အတ္တကိလမထဟူသော ကျင့်စဉ်ရှုထောင့်၊
(၂) အဇ္ဈတ္တနှင့် ဗဟိဒ္ဓဟူသော သန္တာန်ရှုထောင့်၊
(၃) အာရမ္မဏာနုသယနှင့် သန္တာနာနုသယဟူသော အနုသယရှုထောင့်၊
(၄) အာရုံနှင့် အာရမ္မဏိကဟူသော အဘိဓမ္မာရှုထောင့်၊
(၅) ဘဝနှင့် ပတ်ဝန်းကျင်ဟူသော လောကရှုထောင့်၊
(၆) ကတ္တားနှင့် ကံဟူသော သဒ္ဒါရှုထောင့်၊
(၇) ပစ္စတ္တနှင့် နိမိတ္တဟူသော ဝိပဿနာရှုထောင့်၊
(၈) ဒုက္ခသစ္စာနှင့် သမုဒယသစ္စာဟူသော သစ္စာရှုထောင့်၊
(၉) အဝိဇ္ဇာနှင့် တဏှာဟူသော ပဋိစ္စသမုပ္ပာဒ်ရှုထောင့်၊
(၁၀) ကုသိုလ်နှင့် အကုသိုလ်ဟူသော စိတ္တစေတသိကရှုထောင့်။

## (၁) ကာမသုခလ္လိကနှင့် အတ္တကိလမထရှုထောင့်

ဗုဒ္ဓခေတ် မတိုင်မီကာလ၌ လူသားတို့သည် ချမ်းသာသုခ ရရှိရေးအတွက် အားထုတ်ကြပါသည်။ ထိုကဲ့သို့ အားထုတ်ရာတွင် သာမန်အရပ်သားတို့၏ အားထုတ်နည်းဖြင့် ရရှိရေးအတွက် အားထုတ်ကြသည်လည်း ရှိပါသည်။ သာမန် အရပ်သားတို့၏ အားထုတ်နည်း မဟုတ်သော 'တပ' ကျင့်နည်းဖြင့် စွန့်လွှတ် ရေးအတွက် အားထုတ်ကြသည်လည်း ရှိပါသည်။ ဗုဒ္ဓခေတ် ရောက်သောအခါ ထိုနည်း နှစ်မျိုးလုံးကို 'အစွန်းရောက်' နည်းများအဖြစ် ပစ်ပယ်လိုက်ပါသည်။ မမှီဝဲထိုက်သော (အသေဝိတဗ္ဗ) နည်းများအဖြစ် သတ်မှတ်လိုက်ပါသည်။ သာမန် အရပ်သားတို့၏ အားထုတ်နည်းကို **မူလအစွန်း**အဖြစ် လည်းကောင်း၊ 'တပ' ကျင့်နည်းကို **ပဋိပက္ခအစွန်း**အဖြစ် လည်းကောင်း သတ်မှတ်၍ ပယ်ခြင်း ဖြစ်ပါ သည်။





အမှန်အားဖြင့် ချမ်းသာသုခကို ရှာရာတွင် အသွင်သဏ္ဌာန်အားဖြင့် အဆိုပါ နည်းနှစ်မျိုးလုံးကိုပင် သင့်လျော်သလို အသုံးပြုရမည် ဖြစ်ပါသည်။ ထိုသို့ အသုံးပြုသော်လည်း အနှစ်သာရအားဖြင့် ခေတ်အချင်းချင်း ရည်ရွယ်ချက် ခြားနားပါသည်။ ဗုဒ္ဓခေတ် မတိုင်မီကာလက အသုံးပြုနည်းမှာ ပုဂ္ဂိုလ်အနေ၊ အတ္တအနေဖြင့် ရရှိခံစားရန် အသုံးပြုသည့် အသုံးပြုနည်း ဖြစ်ပါသည်။ ထိုအသုံး ပြုနည်းအရ အသုံးပြုလျှင် မည်မျှပင် အားကောင်းသော ကာမကုသိုလ်၊ ရူပကုသိုလ် နှင့် အရူပကုသိုလ်ပင် ဖြစ်စေကာမူ သံသရာဝဋ်အတွင်း၌ ကျင်လည်နေရခြင်း အကျိုးကိုသာ ရရှိမည် ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓခေတ်၌ ထိုနည်း နှစ်မျိုးလုံးကို အစွန်းရောက် (အန္တ)နည်းများဟူ၍ လည်းကောင်း၊ ရရှိသော ကုသိုလ်များကို လည်း ဝဋ္ဋနိဿိတ (ဝဋ်လည်) ကုသိုလ်များ ဟူ၍လည်းကောင်း၊ ရရှိသော ချမ်းသာသုခများကိုလည်း သံသရာသုခများ၊ သုခယောင်ဆောင်နေသော ဒုက္ခများ ဟူ၍ လည်းကောင်း သတ်မှတ်ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓခေတ်၌လည်း ကုသိုလ်မှု၊ အကုသိုလ်မှုများကို ပြုကြသည်ပင် ဖြစ်ပါ သည်။ သို့ရာတွင် ရည်ရွယ်ချက်ချင်း ခြားနားပါသည်။ ဗုဒ္ဓခေတ်၏ ရည်ရွယ် ချက်မှာ ပုဂ္ဂိုလ်အနေ၊ အတ္တအနေဖြင့် ရရှိခံစားရန် မဟုတ်။ ပုဂ္ဂိုလ်အနေ၊ အတ္တအနေမှ လွတ်မြောက်ရန် (ဝါ) ငါ သိလဆောက်တည်သည်၊ ငါ ဒါနပြုသည်၊ ငါ ဘာဝနာတရား ပွားများသည် ဟူသော 'ငါစွဲ' ပါဝင်မှုမှ လွတ်မြောက်ရန် ဖြစ်ပါသည်။ ပုဂ္ဂိုလ်အနေ၊ အတ္တအနေမှ လွတ်မြောက်သော (ဝါ) ငါစွဲ ပါဝင်မှုမှ လွတ်မြောက်သော ကုသိုလ်သည် ဝိဝဋ္ဋနိဿိတ (ဝဋ်ပြတ်) ကုသိုလ်ဖြစ်ပြီး လောကုတ္တရာသုခ (သန္တိသုခ) ကို ရရှိစေနိုင်ပါသည်။ သန္တိသုခ ရရှိရေးနှင့် ပတ်သက်၍ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော နည်းကို မဇ္ဈိမပဋိပဒါ ဟု ခေါ်ပါသည်။

မဇ္ဈိမပဋိပဒါတွင် သာမန်အရပ်သားတို့၏ အားထုတ်နည်း ဖြစ်သော ကာမသုခလ္လိကနည်းသည် အသွင်သဏ္ဌာန်အနေဖြင့် သင့်သလို ပါဝင်ပါသည်။ သို့ရာတွင် အနှစ်သာရအနေအားဖြင့်မူ လုံးဝ ပါဝင်ခြင်း မရှိပါ။ ထို့ကြောင့် သင်္ဃာန်းတော်များအား ပိုးဖဲကတ္တီပါ၊ တိုက်ကျောင်း၊ ပဏီတဘောဇဉ် စသည်တို့ကို ခွင့်ပြုခြင်း ဖြစ်ပါသည်။ ယင်းတို့ကို သုံးဆောင်နည်းနှင့် ပတ်သက်၍ ချို့ယွင်း ခြင်းမရှိစေရန် ပစ္စဝေက္ခဏာ ဆင်ခြင်နည်းတို့ကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါ သည်။ သာမန်အရပ်သားတို့၏ အားထုတ်နည်း မဟုတ်သော 'တပ' ကျင့်နည်း ဖြစ်သည့် အတ္တကိလမထနည်းသည်လည်း အသွင်သဏ္ဌာန်အနေဖြင့် သင့်သလို ပါဝင်ပါသည်။ သို့ရာတွင် အနှစ်သာရအနေဖြင့်မူ လုံးဝ ပါဝင်ခြင်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရဟန်းတော်များအား ဓုတင်အကျင့် စသည်တို့ကို ခွင့်ပြုခြင်း ဖြစ်ပါသည်။

ကုသိုလ်၊ အကုသိုလ်တို့ ပြုလုပ်ကြရာ၌ တူသော်လည်း ပြုလုပ်နည်းနှင့် ပတ်သက်၍ အစွန်းနည်း နှစ်မျိုးနှင့် မဇ္ဈိမပဋိပဒါတို့၏ ခြားနားခြင်းသည် ဤသို့ ဖြစ်ပါသည်။ အစွန်းနည်း နှစ်မျိုးသည် ဘဝတဏှာ၊ ဒိဋ္ဌိဝသဘောဖြင့် အတ္တကို အခြေခံ၍ အတ္တဖြင့် သိမ်းပိုက်နိုင်ရေးအတွက် ဦးတည်ပါသည်။ မဇ္ဈိမပဋိပဒါသည် နိဿရဏ နိဗ္ဗိဒ သဘောဖြင့် အနတ္တကို အခြေခံ၍ အတ္တမှ လွတ်မြောက်ရေးအတွက် ဦးတည်ပါသည်။ မဇ္ဈိမပဋိပဒါနည်းအရ ကျင့်သုံးသော ကုသိုလ်နှင့် ပတ်သက်၍ ပိဋကတ်စာပေများ၌ ဤသို့ တွေ့ရပါသည်။

**ကုလ္လူပမော မယာ ဓမ္မော ဒေသိတော နိတ္ထရဏတ္ထာယ၊ နော ဂဟဏတ္ထာယ။ ကုလ္လူပမံ ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသိတံ အာဇာနန္တေဟိ ဓမ္မာပိ ဝေါ ပဟာတဗ္ဗာ၊ ပဂေဝ အဓမ္မာ။**

(ကုလ္လူပမော၊ ဖောင် ဥပမာရှိသော။ **ဓမ္မော**၊ တရားကို။ **နိတ္ထရဏတ္ထာယ**၊ သံသရာမှ လွတ်မြောက်ခြင်းငှာ (ဝါ) ပုဂ္ဂိုလ်အနေ၊ အတ္တအနေဖြင့် သိမ်းပိုက်ခံစားခြင်းမှ လွတ်မြောက်ခြင်းငှာ။ **ဒေသိတော** ဟောတော်မူအပ်၏။ **ဂဟဏတ္ထာယ**၊ ပုဂ္ဂိုလ်အနေ အတ္တအနေဖြင့် သိမ်းပိုက်ခံစားခြင်းငှာ။ **နော ဒေသိတော**၊ ဟောတော်မူအပ်သည် မဟုတ်။ **ဘိက္ခဝေ**၊ ရဟန်းတို့။ **ဒေသိတံ**၊ ဟောတော်မူအပ်သော။ **ကုလ္လူပမံ** ဖောင် ဥပမာရှိသော။ **ဓမ္မံ**၊ တရားကို။ **အာဇာနန္တေဟိ**၊ သိကြကုန်သော **ဝေါ**၊ သင်တို့သည်။ **ဓမ္မာပိ**၊ ကုသိုလ်တရားတို့ကို သော်လည်း။ **ပဟာတဗ္ဗာ**၊ ပယ်အပ်ကုန်၏။ **အဓမ္မာ**၊ အကုသိုလ်တရားတို့ကိုမူ။ **ပဂေဝ** အဘယ်ဆိုဖွယ်ရာ ရှိကုန်အံ့နည်း။ **ပဟာတဗ္ဗာ ဧဝ**၊ ပယ်အပ်ကုန်သည် သာတည်း။) (မူလပဏ္ဏာသပါဠိ-၁၈၈)

**ဣဓံ ခေါ မေ ဒေါမနဿံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ ဧဝရူပံ ဒေါမနဿံ သေဝိတဗ္ဗံ။**

(**ခေါ**၊ စင်စစ်။ **ဣဓံ ဒေါမနဿံ**၊ ဤနှလုံးမသာယာမှု အကုသိုလ် ဝေဒနာကို။ **သေဝတော**၊ မှီဝဲသော။ **မေ**၊ ငါ့အား။ **အကုသလာဓမ္မာ** အကုသိုလ်တရားတို့သည်။ **ပရိဟာယန္တိ**၊ ဆုတ်ယုတ်ကုန်၏။ **ကုသလာ ဓမ္မာ**၊ ကုသိုလ်တရားတို့သည်။ **အဘိဝဍ္ဎန္တိ**၊ တိုးပွားကုန်၏။ **ဣတိ ဧဝရူပံ** ဤသို့ သဘောရှိသော။ **ဒေါမနဿံ**၊ အကုသိုလ် ဒေါမနဿဝေဒနာကို **သေဝိတဗ္ဗံ**၊ မှီဝဲအပ်၏။) (ဒီဃနိကာယ မဟာဝဂ္ဂ-၂၂၂)





ဗုဒ္ဓခေတ် မတိုင်မီကာလ က လူသားတို့သည် ကုသိုလ်၊ အကုသိုလ်တို့ကို ပြုလုပ်ကြပါ၏။ ထို ကုသိုလ်၊ အကုသိုလ်တို့သည် ပုဂ္ဂိုလ်သတ္တဝါ (အတ္တ) အနေဖြင့် ခံစားနိုင်မှုကို အခြေခံ၍ ပြုလုပ်သော ကုသိုလ်၊ အကုသိုလ်တို့ ဖြစ်သောကြောင့် အစွန်းရောက်သဘော ရှိကြပါသည်။ သို့ဖြစ်၍ ယင်းတို့ကို မမှီဝဲအပ်ကြောင်း ဟောကြားခြင်း ဖြစ်ပါသည်။ ဗုဒ္ဓခေတ်၌ကား ကုသိုလ်၊ အကုသိုလ်တို့ကို ပုဂ္ဂိုလ်သတ္တဝါ (အတ္တ) အနေဖြင့် ခံစားမှု (ဂဟဏတ္ထ) မဟုတ်ဘဲ သံသရာမှ လွတ်မြောက်မှု (ဝါ) ပုဂ္ဂိုလ်သတ္တဝါ (အတ္တ) အနေဖြင့် ခံစားမှုမှ လွတ်မြောက်မှု (နိတ္ထရဏတ္ထ) ကို အခြေခံ၍ လုပ်ခြင်းဖြစ်သဖြင့် ယင်းတို့သည် မဇ္ဈိမပဋိပဒါ သဘော ရှိလာပါသည်။ ထို့ကြောင့် မှီဝဲအပ်ကြောင်း ဟောကြားခြင်း ဖြစ်ပါသည်။

အကျဉ်းချုပ်အားဖြင့် ဆိုရလျှင် မဇ္ဈိမပဋိပဒါတွင် အနှစ်သာရအနေဖြင့် အစွန်းတရားများ လုံးဝ မပါဝင်သော်လည်း အသွင်သဏ္ဌာန်အနေဖြင့်မူ ကာမသုခလ္လိက အသွင်လည်း ပါဝင်ပါသည်။ အတ္တကိလမထ အသွင်လည်း ပါဝင်ပါသည်။ ကာမသုခလ္လိကအသွင် ပါဝင်သဖြင့် အလောင်းတော်ကို မဇ္ဈိမပဋိပဒါနည်းအရ ကျင့်နေခြင်း ဖြစ်ပါလျက် ကာမသုခလ္လိကလမ်းစဉ်ကို လိုက်သွားသူအဖြစ် ပဉ္စဝဂ္ဂီတို့က စွပ်စွဲခြင်း ဖြစ်ပါသည်။ အတ္တကိလမထအသွင် ပါဝင်သဖြင့် မဇ္ဈိမပဋိပဒါနည်းအရ ပြင်းထန်စွာ ကျင့်ကြသော ယောဂီတို့အား အတ္တကိလမထ လမ်းစဉ်ကို လိုက်သူများအဖြစ် အထင်မှားခြင်း ဖြစ်ပါသည်။ သို့ဖြစ်သော်လည်း မဇ္ဈိမပဋိပဒါကို အစွန်း နှစ်ဖက်မှ လွတ်သောကျင့်စဉ်အဖြစ် သတ်မှတ် အပ်ပါသည်။

## (၂) အဓိဋ္ဌာန်နှင့် ဗဟိဒ္ဓရှုထောင့်

အဇ္ဈတ္တဟူသည် (အဓိ+အတ္တ) ဟူသော ပုဒ်နှစ်ပုဒ် ပေါင်းထားသော သမာသ်ပုဒ် ဖြစ်ပါသည်။ အနတ္တဒေသနာတော်အရ အတ္တမှ ဆိတ်သုဉ်းလျှင် အဓိနှင့် ပတ်သက်သည့် (အဓိ+အတ္တ= အဇ္ဈတ္တ) သည်လည်း ဆိတ်သုဉ်းရမည်ပင် ဖြစ်ပါသည်။ အဇ္ဈတ္တကို ထောက်ဆ၍ ရရှိလာသည့် ဗဟိဒ္ဓသည်လည်း မိမိ ထောက်ဆစရာ အဇ္ဈတ္တမရှိတော့လျှင် အလိုအလျောက် မရှိတော့သည်သာ ဖြစ်ပါသည်။ အမှန်အားဖြင့် အဇ္ဈတ္တနှင့် ဗဟိဒ္ဓတို့သည် ပုဂ္ဂိုလ်သတ္တဝါကို အရှိထား၍ ရရှိလာသည့် သဘောများ ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါ မရှိတော့သောအခါ၌ ယင်းတို့သည်လည်း ဓမ္မတာအားဖြင့် မရှိကြတော့ချေ။

မဇ္ဈိမပဋိပဒါသည် မဂ္ဂင်ရှစ်ပါးဖြစ်ပါသည်။ ယင်းသည် ဝိပဿနာ ဉာဏ်များမှ စတင်ပါသည်။ ဝိဝဋ္ဋဖြစ်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်များလည်း ရှိပါသည်။ သို့ရာတွင် ယင်းတို့မှာ ဉာဏ်အမြင်အမှန်မပါ၍ အစွန်းနှစ်ဖက်မှ လွတ်သည့်သဘော မထင်ရှားသောကြောင့် ယင်းတို့ကို သီးခြား



www.burmeseclassic.com

www.burmeseclassic.com



မဆိုတော့ဘဲ ဝိပဿနာ၏ အခြေခံအဖြစ် သတ်မှတ်၍ ဝိပဿနာ၌ ထည့်သွင်း ရေတွက်ပါသည်။

ဝိပဿနာရှုရာတွင် ဗဟိဒ္ဓအာရုံများကိုလည်း ရှုပါသည်။ အဇ္ဈတ္တအာရုံ များကိုလည်း ရှုပါသည်။ ထိုသို့ ရှုသောအခါ ဤလောကတွင် ပုဂ္ဂိုလ် သတ္တဝါ သူတစ်ပါး ယောကျာ်း မိန်းမဟူ၍ မရှိကြောင်း၊ ရုပ်နာမ် ဓမ္မများသာ ရှိကြောင်း တွေ့ရှိလာမည် ဖြစ်ပါသည်။ ယင်းသို့ တွေ့ရှိခြင်းသည် အဇ္ဈတ္တအစွန်းမှ လွတ် ခြင်း ဖြစ်ပါသည်။ အဇ္ဈတ္တအစွန်းမှ လွတ်လျှင် ယင်းကို ထောက်ဆ၍ သိအပ်သော ဗဟိဒ္ဓအစွန်းမှလည်း လွတ်ပါသည်။ အဇ္ဈတ္တအစွန်းနှင့် ဗဟိဒ္ဓအစွန်းမှ လွတ်ခြင်း သည် အနုစ်သာရအနေဖြင့် လွတ်ခြင်း ဖြစ်ပါသည်။ အနုစ်သာရအနေဖြင့် လွတ် သော်လည်း အသွင်သဏ္ဌာန်အနေဖြင့် လွတ်ခြင်းမရှိပါ။ သို့ဖြစ်၍ ဝိပဿနာခေါ် မဇ္ဈိမပဋိပဒါတွင် ဗဟိဒ္ဓအာရုံများနှင့် အဇ္ဈတ္တအာရုံများကို ရှုမှတ်နေရခြင်း ဖြစ်ပါ သည်။ သို့ရာတွင် မဇ္ဈိမပဋိပဒါသည် အဇ္ဈတ္တအစွန်းနှင့် ဗဟိဒ္ဓအစွန်းမှ လွတ် သည်ဟု ဆိုအပ်ပါသည်။ ဒွယတာနုပဿနာသုတ်တွင်မူ ဗဟိဒ္ဓ(အာရုံ) အစွန်းသည် မူလအစွန်းဖြစ်၍ ယင်းအစွန်းမှ ပထမ လွတ်ပါသည်။ အဇ္ဈတ္တ (အာရမ္မဏိက) အစွန်းသည် ပဋိပက္ခအစွန်းဖြစ်၍ ယင်းအစွန်းမှ ဒုတိယ လွတ်ပါသည်။

**(၃) အာရမ္မဏာနုသယနှင့် သန္တာနာနုသယရှုထောင့်**

**အာရမ္မဏာနုသယ**ဆိုသည်မှာ အာရုံ၌ ကိန်းသော ကိလေသာ အကိန်း ဓာတ် ဖြစ်ပါသည်။ အာရုံများသည် အပိုင်းအပိုင်း အပြတ်အပြတ် အနေဖြင့်လည်း ကောင်း၊ သီးခြားစီ သီးခြားစီ အနေဖြင့်လည်းကောင်း၊ ဓာတ်သဘာဝ အနေဖြင့် လည်းကောင်း၊ အစိုင်အခဲမဲ့ ဒြပ်သဏ္ဌာန်မဲ့ အနေဖြင့်လည်းကောင်း ထင်ဟပ် ခြင်း မရှိဘဲ တစ်စပ်တည်းအနေ၊ တစ်ပေါင်းတည်းအနေ၊ အရာဝတ္ထုအနေ၊ အစိုင်အခဲအနေ၊ ဒြပ်သဏ္ဌာန် အနေတို့ဖြင့် ထင်ဟပ်နေကြပါသည်။ ယင်းသို့ ထင်ဟပ်နေခြင်းအားဖြင့် အတ္တနိယသဘောကို ဆောင်ကြပါသည်။ ထို့ကြောင့် နောင်အခါ ထိုအာရုံကို ပြန်၍ နှလုံးသွင်းမိတိုင်း ကိလေသာများ ဖြစ်ပေါ်လာ နိုင်ကြပါသည်။ ယင်းသို့ ထိုအာရုံနှင့် စပ်၍ ကိလေသာဖြစ်ပေါ်ခွင့် ရသွားသည် ကိုပင် ထိုအာရုံ၌ ကိလေသာ ကိန်းသည်ဟု ဆိုရပါသည်။ ဤအာရုံ၌ ကိန်းသော ကိလေသာ အကိန်းဓာတ်ကို 'အာရမ္မဏာနုသယ' ဟု ခေါ်ပါသည်။

ဝိပဿနာဉာဏ်ဖြင့် ရှုမိသော အာရုံမှာမူကား ယင်း တစ်စပ်တည်း တစ်ပေါင်းတည်း အရာဝတ္ထု၊ အစိုင်အခဲ ဒြပ်သဏ္ဌာန်အနေဖြင့် ထင်ဟပ်ခြင်း မရှိတော့ဘဲ အပိုင်းအပိုင်း အပြတ်အပြတ် သီးခြားစီ၊ သီးခြားစီ ဓာတ်သဘာဝ အနေ အစိုင်အခဲမဲ့၊ ဒြပ်သဏ္ဌာန်မဲ့ အနေဖြင့်သာ ထင်ဟပ်ခြင်းကြောင့် ကိလေ





သာ မကိန်းနိုင်တော့ပါ။ ထိုအာရုံနှင့် စပ်၍ နောင်အခါ ကိလေသာဖြစ်ခွင့် ရတော့ပါ။ ဤသို့ ထိုအာရုံနှင့် စပ်၍ ကိလေသာဖြစ်ခွင့် မရသည်ကိုပင် 'ဝိပဿနာဉာဏ်က အာရမ္မဏာနုသယကို ပယ်သည်' ဟု ဆိုရပါသည်။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသော အခါ၌ကား ယင်း အာရမ္မဏာ နုသယသည် မည်သည့် အာရုံမျှ မကိန်းနိုင်တော့ဘဲ လုံးလုံးလျားလျား ပျောက် ကွယ်သွားမည် ဖြစ်ပါသည်။ ယင်းသို့ ပျောက်သွားခြင်းသည် အာရမ္မဏာနုသယ အစွန်းမှ လွတ်သည် မည်ပါသည်။ အာရမ္မဏာနုသယသဘောကို နောက်၌ အကျယ်ဆိုပါမည်။

သန္တာနာနုသယ ဆိုသည်မှာ မဂ်ဖြင့် မပယ်ရသေးသဖြင့် သတ္တဝါတို့ သန္တာန်၌ အစဉ်တစိုက်ကိန်းသော ကိလေသာ အကိန်းဓာတ် ဖြစ်ပါသည်။ ယင်း ကိလေသာအကိန်းဓာတ် သန္တာနာနုသယ ရှိနေသည့်အတွက် သတ္တဝါတို့၏ အာရမ္မဏိကစိတ်များသည် အာရုံများ ကဲ့သို့ပင် အပိုင်းအပိုင်း အပြတ်အပြတ်အနေ၊ သီးခြားစီ သီးခြားစီအနေ၊ ဓာတ်သဘာဝအနေ၊ အစိုင်အခဲမဲ့အနေ၊ ဒြပ်သဏ္ဌာန်မဲ့ အနေတို့ဖြင့် ထင်ဟပ်ခြင်း မရှိဘဲ တစ်စပ်တည်းအနေ၊ တစ်ပေါင်းတည်းအနေ၊ အရာဝတ္ထုအနေ၊ အစိုင်အခဲအနေ၊ ဒြပ်သဏ္ဌာန်အနေတို့ဖြင့် ထင်ဟပ်နေကြ ပါသည်။ ယင်းသို့ ထင်ဟပ်နေခြင်းအားဖြင့် အတ္တသဘောကို ဆောင်ပါသည်။ ဝိပဿနာဉာဏ် ရင့်သန်သောအခါ အဆိုပါ သန္တာနာနုသယ သဘောများ ဖြည်းဖြည်း ပါးသွားမည် ဖြစ်ပါသည်။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုသော အခါ၌ကား လုံးလုံးလျားလျား ပျောက်သွားမည် ဖြစ်ပါသည်။ ယင်းသို့ ပျောက်သွားခြင်းသည် သန္တာနာနုသယအစွန်းမှ လွတ်သည် မည်ပါသည်။ သန္တာနာနုသယသဘောကို နောက်၌ အကျယ်ဆိုပါမည်။

ဝိပဿနာရှုသောအခါ ဘင်္ဂဉာဏ် နောက်ပိုင်းမှ စ၍ အာရုံနှင့် အာရမ္မ ဏိကတို့၏ တစ်ခဲနက်(ဃန) သဘောသည် ပျက်ပြယ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောသည် ထင်ရှားလာပါသည်။ ထို့ကြောင့် ထိုဉာဏ်စဉ်အဆင့်မှစ၍ မဇ္ဈိမ ပဋိပဒါ (ဝိပဿနာ) သည် အာရမ္မဏာနုသယအစွန်းနှင့် သန္တာနာနုသယ အစွန်းမှ ဖြည်းဖြည်းချင်း လွတ်သည် မည်ပါသည်။ လုံးလုံးလျားလျား လွတ်ခြင်းကိုကား နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုသောအခါမှ ရနိုင်ပါသည်။ အာရမ္မဏာနုသယ အစွန်းနှင့် သန္တာနာနုသယအစွန်းတို့မှ အနုစ်သာရအနေဖြင့် လွတ်သော်လည်း အသွင်သဏ္ဌာန်အနေဖြင့် လွတ်ခြင်း မရှိသေးကြောင်း အထက်ပါအတိုင်း ဆိုအပ်ပါသည်။ သို့ရာတွင် မဇ္ဈိမပဋိပဒါ (ဝိပဿနာ)သည် အဆိုပါ အစွန်း တို့မှ လွတ်သည်ဟု ဆိုအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



### (၄) အာရုံနှင့် အာရမ္မဏိကရှုထောင့်

အာရုံတို့သည် ပုထုဇဉ်တို့၏ ဒွါရများ၌ အမှန်အတိုင်း ထင်သော်လည်း ထင်သ အတိုင်း သိလာခြင်း မရှိဘဲ အလုံးအခဲ အနေဖြင့်သာ သိလာကြပါသည် ယင်းသဘောကို ဥပနိသျှဒ်ခေတ်ကပင် သိခဲ့ကြပါသည်။ မြင်သည်က တစ်မျိုး သိသည်က တစ်မျိုး ဖြစ်ပါသည်။ ဥပနိသျှဒ်ခေတ် ပညာရှင်တို့သည် ထို သိလာသော အာရုံများကို အမှန်တရား၏ အရိပ်များ၊ မာယာများအဖြ သတ်မှတ်ပြီး ယင်းတို့၏ နောက်ကွယ်ရှိ အမှန်တရားကို ရှာဖွေခဲ့ကြပါသည် ထိုသို့ ရှာဖွေခြင်းသည် အမှန်တရား၏ အရိပ်မာယာ အာရုံများမှ လွတ်မြောက်ရ ကြိုးစားခြင်းပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အာရုံအစွန်းတစ်ဖ မှ လွတ်မြောက်ရန် အားထုတ်ခြင်း ဖြစ်ပါသည်။

တိတ္ထိယခေတ်သို့ ရောက်သောအခါ အာရမ္မဏိက အစွန်းတစ်ဖက် လွတ်ရန် ကြိုးစားကြပြန်ပါသည်။ မိမိတို့၏ သန္တာန်၌ ကံ၊ ကိလေသာတရားမျ ကိန်းအောင်းနေသရွေ့ ကာလပတ်လုံး အမှန်အတိုင်း သိတတ်သော သိစိတ်မျ ဖြစ်ပေါ်နိုင်ခြင်း မရှိကြောင်း တိတ္ထိယခေတ် ပညာရှင်များ သဘောပေါက်ပြ ကံ၊ ကိလေသာများကို ကုန်ခန်းသွားစေရန် အားထုတ်ကြပါသည်။ 'တ ကျင့်စဉ်များကို အပြင်းအထန် ကျင့်ကြပါသည်။ ထိုသို့ ကျင့်ကြံခြင်းသ အာရမ္မဏိက အစွန်းတစ်ဖက်မှ လွတ်ရန် အားထုတ်ခြင်းပင် ဖြစ်ပါသည်။

ဗုဒ္ဓခေတ်တွင်မူ ဥပနိသျှဒ်ခေတ်၌ကဲ့သို့ အမှန်တရား၏ အရိပ်၊ မာယ အာရုံများမှ လွတ်မြောက်ရန် ယင်းတို့၏ နောက်ကွယ်ရှိ အမှန်တရားကို မရှာ ဘဲ အာရုံတရားများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော ပေါ်လာအောင် တိုက်ရိ ရှုလာပါသည်။ တိတ္ထိယခေတ်၌ကဲ့သို့ မိမိတို့သန္တာန်ရှိ ကံ၊ ကိလေသာ ကုန်ခန်းသွားစေရန် 'တပ' ကျင့်စဉ်များကို မကျင့်ဘဲ အဇ္ဈတ္တအာရမ္မဏိက ကိုပင် အာရုံအဖြစ်ယူ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော ပေါ်အောင် ရှုလာပါသ အာရုံနှင့် အာရမ္မဏိက နှစ်မျိုးစုံမှ လွတ်မြောက်ရေးအတွက် ယင်း နှစ်မျိုးစုံကို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော ပေါ်အောင် ရှုပါသည်။ ဤသည်ကိုပင် ပဋိမပဋိ ဟု ခေါ်ပါသည်။ မဇ္ဈိမပဋိပဒါ (ဝိပဿနာ) ကျင့်စဉ်ဖြင့် မရှုမှတ်မီ က က အာရုံတို့သည် လည်းကောင်း၊ အာရမ္မဏိကတို့သည် လည်းကောင်း သဘောကို ဆောင်ကြပါသည်။ ဝိပဿနာဉာဏ်စဉ် ရင့်သန်သော အခါမှ ဃန (အစိုင်အခဲ) သဘော ကွဲပျက်ပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါ (ဝိပဿ သည် အာရုံအစွန်းနှင့် အာရမ္မဏိကအစွန်းမှ အနှစ်သာရ အနေဖြင့် လွတ်မြော သည်ဟု ဆိုအပ်ပါသည်။ သို့ရာတွင် အသွင်သဏ္ဌာန်အားဖြင့်မူ အာရုံအ





နှင့် အာရမ္မဏိကအစွန်းမှ လွတ်မြောက်ခြင်း မရှိပါ။ အာရုံနှင့် အာရမ္မဏိကတို့၏ ဆက်သွယ်မှုသည် ရှိမြဲ ရှိနေမည် ဖြစ်ပါသည်။

### (၅) ဘဝနှင့် ပတ်ဝန်းကျင်ရှုထောင့်

ဘဝနှင့်ပတ်ဝန်းကျင် ဟူသော ဝေါဟာရသည် လောကရေးရာ ဝါဒသုံး ဖြစ်ပါ သည်။ ယင်းကို ပိဋကတ်သုံးအနေဖြင့် ဆိုရလျှင် ဘဝသည် အဇ္ဈတ္တ၊ သန္တာနာ သယ၊ အာရမ္မဏိက၊ ပဝတ္တတို့နှင့် တူပါသည်၊ သဒ္ဒါသုံးအနေဖြင့်မူ 'ကတ္တား' နှင့် တူပါသည်။ ပတ်ဝန်းကျင် သည် ဗဟိဒ္ဓ၊ အာရမ္မဏာနုသယ၊ အာရုံ၊ နိမိတ္တ တို့နှင့် တူပါသည်။ သဒ္ဒါသုံးအနေဖြင့်မူ 'ကံ' နှင့် တူပါသည်။ ထို့ကြောင့် မဇ္ဈိမ ပဋိပဒါသည် ဘဝအစွန်းနှင့် ပတ်ဝန်းကျင်အစွန်းမှ အနှစ်သာရအားဖြင့် လွတ် မြောက်ပုံ၊ အသွင်သဏ္ဌာန်အားဖြင့်မူ မလွတ်မြောက်ပုံတို့ကို အထက်ဖော်ပြပါ အတိုင်း နည်းမှီ၍ နားလည်အပ်ပါသည်။

လောကရေးရာ ဝါဒသုံးအနေဖြင့်လည်း ပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲ ရန် ကြိုးစားသောအခါ ကြိုးစားသူ၏ ဘဝကိုပါ ပြောင်းလဲရန် ကြိုးစားပါမှ မဇ္ဈိမပဋိပဒါသဘော သက်ဝင်နိုင်ပါသည်။ သို့မဟုတ်ပါက အစွန်းတစ်ဖက်မှ လွတ်မြောက်နိုင်သည့်အတွက် ဗုဒ္ဓခေတ် မတိုင်မီကာလက ပညာရှင်များ၏ ကြိုးစားချက်နှင့် တူမည်သာ ဖြစ်ပါသည်။

### (၆) ကတ္တားနှင့် ကံရှုထောင့်

ကတ္တားနှင့် ကံရှုထောင့်မှာ သဒ္ဒါရှုထောင့် ဖြစ်ပါသည်။ ဝေါဟာရ အနေဖြင့် ကွဲသော်လည်း အဓိပ္ပာယ်အားဖြင့်မူ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။ ကတ္တားသည် အဇ္ဈတ္တ၊ သန္တာနာနုသယ၊ အာရမ္မဏိက၊ ဘဝ၊ ပဝတ္တနှင့် တူပါ သည်။ ကံသည် ဗဟိဒ္ဓ၊ အာရမ္မဏာနုသယ၊ အာရုံ၊ ပတ်ဝန်းကျင်၊ နိမိတ္တနှင့် တူပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါအနေဖြင့် ကတ္တားနှင့်ကံမှ လွတ်မြောက်ပုံကို နားလည်နိုင်ပါသည်။

### (၇) ပဝတ္တနှင့် နိမိတ္တရှုထောင့်

ပဝတ္တနှင့် နိမိတ္တမှာ ဝိပဿနာရှုထောင့် ဖြစ်ပါသည်။ ဝိပဿနာ ဉာဏ်စဉ်များကို ဖော်ပြရာတွင် ယင်းဝေါဟာရကို သုံးပါသည်။ သဘောအားဖြင့်မူ ပဝတ္တသည် အဇ္ဈတ္တ၊ သန္တာနာနုသယ၊ အာရမ္မဏိက၊ ဘဝ၊ ကတ္တားနှင့် တူပါသည်။ နိမိတ္တ သည် ဗဟိဒ္ဓ၊ အာရမ္မဏာနုသယ၊ အာရုံ၊ ပတ်ဝန်းကျင်၊ ကံနှင့် တူပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါသည် ပဝတ္တနှင့် နိမိတ္တမှ လွတ်မြောက်ပုံကို နားလည် နိုင်သည်။

မဇ္ဈိမပဋိပဒါအနေဖြင့် ပဝတ္တနှင့် နိမိတ္တမှ လွတ်မြောက်ပုံကို ဝိပဿနာ ခန်းတွင် အကျယ် ဖော်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## (င) ဒုက္ခသစ္စာနှင့် သမုဒယသစ္စာရှုထောင့်

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသည် အချင်းချင်း အကျိုးအကြောင်း ဆက်သွယ်
ကို အခြေခံသော လောကီသစ္စာများဖြစ်ကြပါသည်။ သတ္တဝါတို့သည် ယင်းသ
နှစ်ပါး၏ အကျဉ်းသားများ ဖြစ်ကြပါသည်။ ဥပနိသျှဒ်ခေတ်တွင် ဒုက္ခသစ္စာ
ပိုင်းခြား၍ သိခြင်းအားဖြင့် ဒုက္ခသစ္စာမှ လွတ်မြောက်ရန် ကြိုးစားပြီး တိတ္ထိ
ခေတ်တွင် သမုဒယသစ္စာကို ပယ်ခြင်းအားဖြင့် သမုဒယသစ္စာမှ လွတ်မြောက်ရ
ကြိုးစားခဲ့ကြပါသည်။ သို့ရာတွင် ထိုသစ္စာ နှစ်ပါးသည် အစွန်းနှစ်ဖက်သဘော
ရှိသဖြင့် အစွန်းတစ်ဖက်မှ လွတ်သော်လည်း အခြားအစွန်းတစ်ဖက်သို့ တ
လန်း ကျန်ရစ်ပါသည်။ ထိုသို့ တန်းလန်း ကျန်ရစ်ခြင်းသည် အစွန်းနှစ် ဖက်
လွတ်သော မဇ္ဈိမပဋိပဒါ (ဝိပဿနာ) ကို မတွေ့ရှိခဲ့သောကြောင့် ဖြစ်ပါသည်

ဗုဒ္ဓခေတ်တွင်မှ မဇ္ဈိမပဋိပဒါ (ဝိပဿနာ)ကို တွေ့ရှိခဲ့ပါသည်။ ဒု
သစ္စာမှ လွတ်မြောက်ရန် သစ္စာထိုက်သည့် ဒုက္ခတရား အာရုံသင်္ခါရ (နိမိတ္တ
များကို လောကီလူသားတို့ သိမြင်နေကြသည့်အတိုင်း အကောင်အထည် အ
အခဲ အနေဖြင့် မမြင်မိရန် လိုအပ်ပါသည်။ သစ္စာထိုက်သည့် ဒုက္ခတရားများ
အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော ပေါ်လာအောင် ကြည့်ရ
လိုအပ်ပါသည်။ ဝိပဿနာသည် ထိုအတိုင်း ကြည့်ခဲ့ပါသည်။

သမုဒယသစ္စာမှ လွတ်မြောက်ရန် သစ္စာထိုက်သည့် သမုဒယတ
အာရမ္မဏိကသင်္ခါရ (ပဝတ္တ) များကိုပါ လောကီလူသားတို့ သိမြင်နေကြသ
အတိုင်း အကောင်အထည် အစိုင်အခဲအနေဖြင့် မမြင်ရန် လိုအပ်ပါသည်။ ယ
တို့ကို အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော ပေါ်လာအောင် ကြည့်
လိုအပ်ပါသည်။ ဝိပဿနာသည် ထိုအတိုင်း ကြည့်ခဲ့ပါသည်။

ဝိပဿနာသည် ထိုအတိုင်း ကြည့်သောအခါ ဝိပဿနာ၌ ပါဝင်သေ
မဂ္ဂင်တရားများသည် ဗောဓိပက္ခိယအဆင့်သို့ တဖြည်းဖြည်း ရောက်လာပါသ
ဥပစာရ မဇ္ဈိမပဋိပဒါမှ မုချ မဇ္ဈိမပဋိပဒါသို့ သက်ဝင်လာပါသည်။ ထို
သက်ဝင်လာသည်နှင့် တစ်ပြိုင်နက် ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ) သဘောသ
ပျောက်ကွယ်သွားပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ) သဘော ပျောက်ကွ
သွားခြင်းသည်ပင် သမုဒယသစ္စာ (ပဝတ္တ) တည်းဟူသော အစွန်းတစ်ဖ
လွတ်မြောက်ခြင်း မည်ပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ)သဘော ပျောက်ကွ
သွားသည်နှင့် တစ်ပြိုင်နက် သိမ်းပိုက်စရာ (အတ္တနိယ)သဘောသည်လ
ပျောက်ကွယ်သွားပါသည်။ သိမ်းပိုက်စရာ (အတ္တနိယ) သဘော ပျောက်ကွ
သွားခြင်းသည်ပင် ဒုက္ခသစ္စာ (နိမိတ္တ)တည်းဟူသော အစွန်းတစ်ဖက်မှ လွ
မြောက်ခြင်း မည်ပါသည်။





ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ နှစ်ပါးမှ လွတ်မြောက်ရေးအတွက် မဂ္ဂင်
စ်ပါးတည်းဟူသော မဂ္ဂသစ္စာကို ပွားများရန် လိုအပ်ပါသည်။ သာမန်လောက်
အဆင့်မှ ဗောဓိပက္ခိယအဆင့်သို့ ရောက်လာအောင် ကျင့်ကြံရန် လိုအပ်ပါသည်။
ာနာရသအဆင့်မှ ဧကရသအဆင့်သို့ ရောက်လာအောင် အားထုတ်ရန် လိုအပ်
ါသည်။ ထိုသို့ အားထုတ်သောအခါ မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါတရားတို့သည်
ရည်အသွေးပွားများခြင်း (ဘာဝနာ) ကိစ္စ ပြည့်စုံ၍ နိရောဓသစ္စာကို မျက်
ှောက်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ဒုက္ခသစ္စာ(နိမိတ္တ) နှင့် သမုဒယသစ္စာ
(ပဝတ္တ) တို့မှ တစ်ပြိုင်နက် (ဧကက္ခဏ) တစ်ချက်တည်း (ဧကရသ) သဘောဖြင့်
လွတ်မြောက်ကြပါသည်။

ဤနေရာ၌ လွတ်မြောက်ခြင်း ဆိုသည်မှာ မဇ္ဈိမပဋိပဒါ (မဂ်) သည်
ဒုက္ခသစ္စာအုပ်စုတည်းဟူသော အာရုံသင်္ခါရများကို အာရုံမပြုတော့သည့်
အတွက် အာရုံသင်္ခါရမှ လွတ်မြောက်ခြင်း၊ သမုဒယသစ္စာအုပ်စုတည်းဟူသော
သိမ်းပိုက် တတ်သော အာရမ္မဏိကသင်္ခါရများ အနေဖြင့် အစဉ်အလာ သိမ်း
ိုက်နေကျဖြစ်သော သိမ်းပိုက်စရာ အာရုံသင်္ခါရအုပ်စု မရှိတော့သည့်အတွက်
သိမ်းပိုက်နိုင်တော့၍ သိမ်းပိုက်တတ်သော သဘောမှ လွတ်မြောက်ခြင်းကို
ိုခြင်း ဖြစ်ပါသည်။ ထိုသို့ လွတ်မြောက်ရာတွင် မဂ်သည် နိဗ္ဗာန်ကို အာရုံပြုပြီး
ိမိကိုယ်ကို ဧကရသ (ဝိမုတ္တိရသ) ဖြစ်အောင် ပွားစည်းနိုင်မှ လွတ်မြောက်
ြင်း ဖြစ်နိုင်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းနှင့် မိမိကိုယ်ကို ပွားစည်းခြင်း
ိစ္စနှစ်ရပ်လည်း မူလ အခြေခံအနေဖြင့် ပါဝင်ပါသည်။

ဤနည်းအားဖြင့် မဇ္ဈိမပဋိပဒါ (မဂ်) သည် သင်္ခါရကို အာရုံမပြုတော့ဘဲ
ိဗ္ဗာန်ကို အာရုံပြုပြီး သမုဒယသစ္စာကို ပယ်သဖြင့် သင်္ခါရတရား တည်းဟူသော
ုက္ခသစ္စာမှလည်း လွတ်ပါသည်။ အနုသယကိလေသာတည်းဟူသော သမုဒယ
သစ္စာမှလည်း လွတ်ပါသည်။ ထို့ကြောင့် မဂ်ကို ဒုက္ခသစ္စာအစွန်းနှင့် သမုဒယ
သစ္စာအစွန်းတည်းဟူသော အစွန်းနှစ်ဖက်မှ လွတ်ခြင်း (ဥဘတော ဝုဋ္ဌာန)
ကြောင့် မဇ္ဈိမပဋိပဒါဟု ခေါ်ခြင်း ဖြစ်ပါသည်။ မဂ်၏ ရှေ့ဉီဖြစ်သော ဝိပဿနာ
ာသိုလ်များကို ဒုက္ခသစ္စာပိုင်း အာရုံများ၏ 'ဃန' အစွန်းနှင့် သမုဒယ သစ္စာပိုင်း
အာရမ္မဏိကတို့၏ 'အတ္တ'အစွန်း မှ လွတ်မြောက်သောကြောင့် အကျိုး၏
အမည်ကို အကြောင်း၌ တင်စားခြင်း (ဖလူပစာရ) အားဖြင့် မဇ္ဈိမပဋိပဒါဟု
ခေါ်ပါသည်။ မဂ်၏နောက်၌ဖြစ်သော ဖိုလ်စိတ်နှင့် ကြိယာဇောစိတ်များကို
ိုအနေဖြင့် နောက်ထပ်ဆောင်ရွက်ရန် လွတ်မြောက်မှုလုပ်ငန်း မရှိသော်လည်း
ိတ်အခိုက်ကပင် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတည်းဟူသော အစွန်းနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်တို့မှ လွတ်မြောက်ပြီး ဖြစ်ခြင်းကြောင့် အကြောင်း၏အမည်ကို အကျိုး၌ တင်စားခြင်း (ကာရဏူပစာရ) အားဖြင့် မရှိမပဋိပဒါဟု ဆိုပါသည်။ ဤနေရာ၌ လည်း အနှစ်သာရအားဖြင့် လွတ်မြောက်ပုံ၊ အသွင်သဏ္ဌာန်အားဖြင့် မလွတ်မြောက်ပုံတို့ကို နားလည်အပ်ပါသည်။

**(ခ) အဝိဇ္ဇာနှင့် တဏှာရှုထောင့်**

အဝိဇ္ဇာသည် သံသရာ (ဘဝစက်) ၏ ရှေးပိုင်းမူလ (ပုဗ္ဗန္တ သ အဝိဇ္ဇာ မူလ) ဖြစ်၍ တဏှာသည် သံသရာ (ဘဝစက်) ၏ နောက်ပိုင်းမူလ (အပရန္တ သ တဏှာ မူလ) ဖြစ်ပါသည်။ ထို့ကြောင့် လောကသံသရာမှ လွတ်မြောက်လိုလျှင် ယင်းမူလအစွန်း နှစ်ဖက်မှ လွတ်မြောက်ရန် လိုအပ်ပါသည်။ ဤနေရာ၌ အဝိဇ္ဇာ နှင့် တဏှာသည် အစွန်းတရား နှစ်ပါးဖြစ်သော်လည်း အဘိဓမ္မာသဘော အားဖြင့် အချင်းချင်း ပဋိပက္ခအသွင်ကို မဆောင်ဘဲ အမြဲတမ်း ယှဉ်တွဲသည် သဘောကို ဆောင်ပါသည်။ သို့ရာတွင် ဓမ္မဒါယာဒသုတ် စသော ကျမ်းဂန်များ၌ မူ အဘိဇ္ဈာနှင့် ဒေါမနဿ အနေအားဖြင့် လည်းကောင်း၊ လောဘနှင့်ဒေါသ အနေအားဖြင့် လည်းကောင်း တဏှာအရ အဝိဇ္ဇာယှဉ်သော လောဘမူစိတ်နှင့် အဝိဇ္ဇာအရ အဝိဇ္ဇာယှဉ်သော ဒေါသမူစိတ်တို့ကို ယူပြီး သုတ္တန်သဘောအားဖြင့် အချင်းချင်း ဆန့်ကျင်သော ပဋိပက္ခအသွင်ကို လည်းကောင်း၊ ဥပနိသျှဒ်ခေတ် ကျင့်စဉ်နှင့် တိတ္ထိယခေတ် ကျင့်စဉ်သမိုင်းအရ အချင်းချင်း ဆန့်ကျင်သော ပဋိပက္ခအသွင်ကိုလည်းကောင်း ဆောင်ခဲ့ပါသည်။

ကျင့်စဉ်သမိုင်းအရ ဥပနိသျှဒ်ခေတ်တွင် လောကသည် အဝိဇ္ဇာဖြစ်၍ ဗြဟ္မာသည် ဝိဇ္ဇာဖြစ်သည်ဟု ယုံကြည်ကြပါသည်။ ထို့ကြောင့် လောကမှ လွတ်မြောက်ရေးအတွက် လောကနောက်ကွယ်ရှိ ဗြဟ္မာကိုသိရန် အားထုတ်ကြခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အာရုံပိုင်းကို အလေးထားခြင်း ဖြစ်ပါသည်။ ဤသည်ကိုပင် လောက၏ အစွန်းတစ်ဖက်မှ လွတ်မြောက်ရန် အားထုတ်ခြင်းဟု ဆိုအပ်ပါသည်။

တိတ္ထိယခေတ်တွင်မူ အာရမ္မဏိကပိုင်းကို အလေးထားခဲ့ပါသည်။ လိုချင်တပ်မက်မှုများ အားလုံးကို ပယ်ရန် ကြိုးစားခဲ့ပါသည်။ ဤသည်ကိုလည်း လောက၏ အစွန်းတစ်ဖက်မှ လွတ်မြောက်ရန် အားထုတ်ခြင်းဟု သိအပ်ပါသည်။

ဗုဒ္ဓခေတ်ရောက်သောအခါ ဥပနိသျှဒ်ခေတ် အစွန်းတစ်ဖက်နှင့် တိတ္ထိယခေတ် အစွန်းတစ်ဖက်မှ လွတ်မြောက်ရန် ပဋိစ္စသမုပ္ပာဒ်ဒေသနာကို ဟောကြားတော်မူခဲ့ပါသည်။ ဥပနိသျှဒ်ခေတ် ပညာရှင်တို့ နားလည်စေရန် ဥပနိသျှဒ်ခေတ်အစွန်းကို အဘိဓမ္မာဝေါဟာရများဖြင့် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊





သဠာယတန၊ ဖဿ၊ ဝေဒနာဟူ၍ ဖော်ပြပြီး တိတ္ထိယခေတ်အစွန်းကိုမူ တိတ္ထိယခေတ် ပညာရှင်တို့ နားလည်စေရန် ထိုခေတ် အရပ်သုံး ဝေါဟာရများဖြင့် တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ ဟူ၍ ဖော်ပြခဲ့ပါသည်။ ဗုဒ္ဓခေတ် ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်ကို အကြောင်းအကျိုး အုပ်စုအားဖြင့် နှစ်မျိုးခွဲပြီး ယင်းဒေသနာတော်အရ အကြောင်းအကျိုး ဆက်သွယ်မှုသဘောကို အပြည့်အစုံ အောက်ပါအတိုင်း ဖော်ပြနိုင်ပါသည်။

(က) အကြောင်းအုပ်စု

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ။

(ခ) အကျိုးအုပ်စု

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

( ဥပပတ္တိ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ)

ဥပနိသျှဒ်ခေတ်တွင် အကြောင်းအုပ်စုအတွက် အဝိဇ္ဇာနှင့် သင်္ခါရကိုသာ နားလည်ပြီး တိတ္ထိယခေတ်တွင် အကြောင်းအုပ်စုအတွက် တဏှာနှင့် ဥပါဒါန်ကိုသာ နားလည်ခဲ့ပါသည်။ ဗုဒ္ဓခေတ်တွင်မူ အကြောင်းအုပ်စုအတွက် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒန်၊ သင်္ခါရ၊ ကမ္မဘဝတို့ကို အပြည့်အစုံ ဖော်ပြခဲ့ပါသည်။ လောကဝေါဟာရအားဖြင့် အောက်ပါအတိုင်း ဖြစ်ပါသည်။

- မသိလျှင် (အဝိဇ္ဇာ) လိုချင် (တဏှာ)
- လိုချင်လျှင် (တဏှာ) စွဲလမ်း (ဥပါဒါန်)
- စွဲလမ်းလျှင် (ဥပါဒါန်) အားထုတ် (သင်္ခါရ)
- အားထုတ်လျှင် (သင်္ခါရ) အလုပ်ဖြစ်၏ (ကမ္မဘဝ)။

အကျိုးအုပ်စုအတွက် ခေတ်အလိုက် နားလည်စေရန် အသုံးပြုထားသော ဝေါဟာရချင်း မတူသော်လည်း အရကောက်မှာ အတူတူပင် ဖြစ်ပါသည်၊ ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာ၊ မရဏဟုသည် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာတို့ပင် ဖြစ်ပါသည်။

ဝါဒရေးရာအရ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်သည် သဿတဝါဒ အစွန်းနှင့် ဥစ္ဆေဒဝါဒ အစွန်းတည်းဟူသော အစွန်းနှစ်ဖက်တို့မှ လွတ်မြောက်သော မဇ္ဈိမပဋိပဒါ ဖြစ်ပါသည်။ ယင်းကို ဝိဘဇ္ဇဝါဒဟူ၍လည်း ခေါ်ပါသည်။ ဤနေရာ၌ ဥပနိသျှဒ်ခေတ်ကျင့်စဉ် (အဝိဇ္ဇာ ပဓာန) အစွန်းနှင့် တိတ္ထိယခေတ်ကျင့်စဉ် (တဏှာပဓာန) အစွန်းတို့မှ လွတ်မြောက်ပုံကိုသာ ပြလိုရင်း ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်ကို ပညာရှင်တို့သည် ရှုထောင့် သုံးမျိုးဖြင့် ယူပ်ကြပါသည်။ ယင်းရှုထောင့် သုံးမျိုးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(က) အနုမာနရှုထောင့် (လောက)

(ခ) ပစ္စက္ခရှုထောင့် (ဝိပဿနာ)

(ဂ) သန္တိကရဏရှုထောင့် (လောကုတ္တရာ)။

## အနုမာနရှုထောင့်

လောက (ဘဝစက်) သည် ကြောင်းကျိုးဆက် သဘောအရသာ ဖြစ်၏။ ထာဝရ ဘုရားသခင် ဖန်ဆင်း၍ ဖြစ်သည်မဟုတ်။ ထိုသို့ ဖြစ်ရာတွင် အကြောင်းရှိ၍ အကျိုးဖြစ်ပြီး အကြောင်းမရှိလျှင် အကျိုးမဖြစ်ပေါ်နိုင်သဖြင့် မမြဲခြင်း (အနိစ္စ) သဘောကိုလည်း ပြပါသည်။ ဆင်းရဲခြင်း (ဒုက္ခ) သဘောကိုလည်း ပြပါသည်။ ထို့အပြင် တိတ္ထိတို့ ကြံဆအပ်သော အလိုသို့ လိုက်စေနိုင်သည့် အသက်၊ လိပ်ပြာ အတ္တကောင်ဟူသော အနှစ်သာရ မရှိသည့်(အနတ္တ) သဘောကိုလည်း ပြပါသည်။

ပဋိစ္စသမုပ္ပါဒ်သည် သဿတနှင့် ဥစ္ဆေဒတည်းဟူသော အစွန်း နှစ်ဖက်မှလွတ်သည့် မဇ္ဈိမပဋိပဒါ ဖြစ်ပါသည်။ ဤနေရာ၌ မဇ္ဈိမပဋိပဒါကို အဓိပ္ပာယ် နှစ်မျိုး ယူကြပါသည်။ ပုဂ္ဂိုလ်သဘောနှင့် ဓမ္မသဘောတို့ ဖြစ်ပါသည်။ ပုဂ္ဂိုလ် **သဘောအရ** သဿတနှင့် ဥစ္ဆေဒတို့မှ လွတ်စေရန် ဤလောက၌ ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိဘဲ ရုပ်နာမ်ဓမ္မတို့သာရှိပြီး ယင်းရုပ်နာမ်ဓမ္မတို့သည်လည်း ဧကတ္တ၊ နာနတ္တ၊ အဗျာပါရ၊ ဧဝံဓမ္မတာနည်းတို့အရ ကြောင်းကျိုးဆက်နွယ်မှု သဘောအတိုင်းသာ ဖြစ်ကြပါသည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ ပထမ အဓိပ္ပာယ် ဖြစ်ပါသည်။ ယင်းကို 'ပုဂ္ဂလအနတ္တ၊ ပုဂ္ဂလသုညတာ' ဟူ၍လည်း ခေါ်ပါသည်။ ထို့အပြင် **ဓမ္မသဘောအရ** ရုပ်နာမ်တို့သည်လည်း ခဏတိုင်း ခဏတိုင်း ဖြစ်ပျက် နေကြသည်သာ ဖြစ်ပါသည်။ ပထမ ခဏ၌ဖြစ်သော ရုပ်နာမ်တို့သည် ပထမခဏ၌သာ ပျက်ကြပါသည်။ ဒုတိယခဏသို့ မကူးပါ။ အကယ်၍ ပထမခဏ၌ ဖြစ်သော ရုပ်နာမ်တို့သည်ပင် ဒုတိယခဏသို့ကူး၍ ဖြစ်ကြသည်ဟု ယူလျှင် သဿတဝါဒကို လက်ခံရာ ရောက်ပါသည်။ ပထမခဏ၌ဖြစ်သော ရုပ်နာမ်များက သတ်သတ်၊ ဒုတိယခဏ၌ဖြစ်သော ရုပ်နာမ်များက သတ်သတ် ယင်းတို့အကြား ဘာမျှ ဆက်နွယ်မှုမရှိဟု ယူလျှင်လည်း ဥစ္ဆေဒဝါဒကို လက်ခံရာ ရောက်ပါသည်။ ထို့ကြောင့် ထိုဝါဒ အစွန်းနှစ်ဖက်မှ လွတ်စေရန် ပထမခဏ၌ ဖြစ်သော ရုပ်နာမ်တို့နှင့် ဒုတိယခဏ၌ဖြစ်သော ရုပ်နာမ်တို့သည် အနုလောမ ပဋိစ္စသမုပ္ပါဒ်သဘောအရ ကြောင်းကျိုးဆက်နွယ်မှု သဘောအတိုင်း ဖြစ်သော်လည်း ပဋိလောမ ပဋိစ္စသမုပ္ပါဒ် သဘောအရ ကြောင်းကျိုးဆက်နွယ်မှုသဘော ပြတ်တောက်ပြီး ချုပ်ငြိမ်းကြပါသည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ ဒုတိယ





အဓိပ္ပာယ် ဖြစ်ပါသည်။ ယင်းကို 'ဓမ္မအနတ္တ၊ ဓမ္မသုညတာ' ဟူ၍လည်း ခေါ်ပါသည်။ ဤသည်မှာ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အနုမာနရှုထောင့်မှ ချဉ်းကပ်သည်း ဖြစ်ပါသည်။

## ပစ္စက္ခရှုထောင့်

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို လေ့လာလျှင် အဇ္ဈတ္တသန္တာန်ရှိ ရုပ်နာမ် တရားများကိုသာ အလေးထားပြီး ဖော်ပြထားကြောင်း တွေ့ရပါသည်။ အမှန်အားဖြင့် ဗဟိဒ္ဓသန္တာန်ရှိ ရုပ်နာမ်တရားများသည် ဒွါရ ခြောက်ပါး၌ သူ့သဘော သူ ဆောင်ကာ အမှန်အတိုင်း ထင်လာသော်လည်း ထင်သည့်အတိုင်း မသိဘဲ တလွဲ အချော် သိသောကြောင့် ဘဝစက်ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် သစ်ငုတ်တိုကို မြင်ပါလျက် လူထင်သူက ထင်၍ သရဲထင်သူက ထင်သည့် သဘောမျိုး ဖြစ်ပါသည်။ ထို့ကြောင့် ဘဝစက်မှ လွတ်ထွက်လိုပါလျှင် အာရုံပိုင်းကို ပြင်ရန်မလိုဘဲ အာရမ္မဏိကပိုင်းကိုသာ ပြင်ရန်လိုပါသည်။ အာရမ္မဏိက (သိစိတ်) များသည် အမှန်အတိုင်း သိမြင်သွားသောအခါ ဘဝစက်မှ မလွဲမသွေ လွတ်မည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အာရမ္မဏိကပိုင်းကို ပြင်လိုက်ပါက အာရုံပိုင်းသည် အလိုလို ပြင်ပြီးသား ဖြစ်ပါသည်။

သံသရာဘဝစက်တွင် အဝိဇ္ဇာသည် ပဓာနကျပါသည်။ ဤနေရာ၌ အဝိဇ္ဇာဆိုသည်မှာ အနုသယအဆင့် အဝိဇ္ဇာကို ဆိုလိုပါသည်။ အနုသယအဆင့် အဝိဇ္ဇာကို သမုစ္ဆေဒပဟာန်ဖြင့် မပယ်နိုင်သေးသရွေ့ ကာလပတ်လုံး ရုပ်နာမ် အာရုံများကို အမှန်အတိုင်း မသိအောင် အဝိဇ္ဇာက ဝင်ရောက်နှောင့်ယှက်နေမည် ဖြစ်ပါသည်။ အနုသယအဝိဇ္ဇာ၏ လုပ်ငန်းမှာ ဝင်ရောက်နှောင့်ယှက်ခြင်း ဖြစ်ပါသည်။ ဝင်ရောက်နှောင့်ယှက်ခြင်း ဆိုသည်မှာ အာရုံပိုင်းတွင် အာရမ္မဏာနုသယ အနေဖြင့် အပိုင်းပိုင်း အပြတ်ပြတ်သဘော မပေါ်အောင်၊ အာရမ္မဏိက (သိစိတ်) ပိုင်းတွင် သန္တာနာနုသယအနေဖြင့် ပုဂ္ဂိုလ်သိသဘော ပေါ်အောင် ဆောင်ရွက်ခြင်း ပင် ဖြစ်ပါသည်။ အဝိဇ္ဇာနုသယသည် ဒုက္ခသစ္စာနည်းတူ အခြားသစ္စာများနှင့် ပတ်သက်ရာ၌လည်း ဝင်ရောက်နှောင့်ယှက်ခြင်း လုပ်ငန်းကို ဆောင်ရွက်သည် ပင် ဖြစ်ပါသည်။

အဝိဇ္ဇာအရ တဏှာနှင့် ဥပါဒါန်ကိုလည်း ယူရပါသည်။ ယင်းတို့ကို ကိလေသဝဋ်ဟု ခေါ်ပါသည်။ ကိလေသဝဋ်သည် အနုသယသဘောဖြင့် "င" ဆောင် ဆောင်ပါသည်။ ကိလေသဝဋ် ရှိနေသေးသရွေ့ အနုသယအနေဖြင့် "င" ရှိနေမည် ဖြစ်ပါသည်။ ထို့ကြောင့် ကုသိုလ်လုပ်ငန်း၌ဖြစ်စေ အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်း၌ဖြစ်စေ ကိလေသဝင့်သည် ကာရကႈ ဝေဒက (ငါ) အနေဖြင့် ပါဝင်နေခြင်း ဖြစ်ပါသည်။ ယင်းကဲ့သို့ ကိလေသဝင့်က အနုသယကိလေသာ 'ငါ' အနေဖြင့် ပါဝင်နေသောကြောင့်သာ ထိုထို စိတ် စေတသိက်တို့က မိမိတို့သဘော အတိုင်း မသိနိုင်ဘဲ အတုံးအခဲလိုက်၊ အကောင်အထည်အလိုက် သိနေခြင်း ဖြစ်ပါသည်။ လောဘစိတ်က ဓမ္မအနေဖြင့် လိုချင်ခြင်း မဟုတ်ဘဲ 'ငါ' အနေဖြင့် လိုချင်ခြင်း (တဏှာနုသယ)၊ ဒုက္ခဖြစ်ပါလျက် သုခဟု မှတ်ထင်၍ လိုချင်ခြင်း (အဝိဇ္ဇာနုသယ)၊ ဒြပ်၊ ပုံသဏ္ဍာန် မရှိပါဘဲလျက် ဒြပ်၊ ပုံသဏ္ဍာန်ဟု မှတ်ထင်၍ လိုချင်ခြင်း (အနုသယအဆင့် ဥပါဒါန်) မျိုး ဖြစ်ပါသည်။

အနုသယအဆင့် ကိလေသာဆိုသည်မှာ စိတ် စေတသိက်တို့၏ လုပ်ငန်း၌ ဥပါဒ်၊ ဌီ၊ ဘင် အနေဖြင့် တိုက်ရိုက်ပါဝင်ခြင်း မရှိဘဲ ပုဂ္ဂိုလ် (ကာရက ဝေဒက) သဘော ပါဝင်အောင်၊ အတုံးအခဲ (ဃန) သဘော ပါဝင်အောင် အရှိန်အဝါပေးခြင်း ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ သက်ရှိ ရုပ်နာမ် (အဇ္ဈတ္တသန္တာန်) သည်သာ ဘဝစက်လည်ခြင်း ဖြစ်သဖြင့် ယင်းဘဝစက် ရပ်တန့်စေရန် ပစ္စုပ္ပန် အကျိုးတရား ငါးပါးကို ဝိပဿနာရှုရမည် ဖြစ်ပါသည်။ ဥပါဒါနပစ္စယာဘဝေါ အရ ပစ္စုပ္ပန်အကျိုးတရား ငါးပါးသည် ဥပါဒါနက္ခန္ဓာ မည်ပါသည်။ အဘယ့် ကြောင့်ဆိုသော် ပစ္စုပ္ပန်အကျိုး ငါးပါးတွင် အတိတ်အကြောင်း ငါးပါး ပစ္စုပ္ပန်အကြောင်း ငါးပါးနှင့် အနာဂတ်အကျိုး ငါးပါးတို့ ပါဝင်သောကြောင့် ဖြစ်ပါသည်။ စကြဝဠာ (Macrocosm) နှင့် အဏုမြူ (Microcosm) တို့သည် အရွယ်အစားချင်း မတူသော်လည်း သဘောချင်း တူသကဲ့သို့ ပဋိစ္စသမုပ္ပါဒ် တစ်ခုလုံး (Macrocosm) နှင့် ပစ္စုပ္ပန်အကျိုး ငါးပါး (Microcosm) တို့သည် အရေအတွက်ချင်း မတူသော်လည်း သဘောအားဖြင့် တူပါသည်။ ထို့ကြောင့် ပစ္စုပ္ပန်အကျိုး ငါးပါးကို အမှန်အတိုင်းသိလျှင် ပဋိစ္စသမုပ္ပါဒ် (ဘဝစက်) တစ်ခုလုံးကို အမှန်အတိုင်း သိပါသည်။

ပစ္စုပ္ပန်အကျိုးတရား ငါးပါးတွင် အလယ်ချက် သဠာယတန (ဒွါရ ခြောက်ပါး) ၌ ပစ္စုပ္ပန်ကျကျ ထင်လာသော ဝိညာဏ်၊ နာမ်၊ ရုပ်၊ ဖဿ၊ ဝေဒနာ တို့ကို အမှန်အတိုင်း အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော ပေါ်လာအောင် ရှုမြင်နိုင်ပါက အနုလောမ ပဋိစ္စသမုပ္ပါဒ်ကို သိမြင်နားလည်ပြီး ဘဝစက် ချုပ်ငြိမ်း သွားမည် ဖြစ်ပါသည်။ အနုလောမ ပဋိစ္စသမုပ္ပါဒ်ကို နားလည်လျှင် ဤသို့ သိမြင်လာမည် ဖြစ်ပါသည်။





ကမ္မံ နတ္ထိ ဝိပါကမှိ၊ ပါကော ကမ္မေ န ဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊ န စ ကမ္မံ ဝိနာ ဖလံ။

(ဝိသုဒ္ဓိမဂ္ဂ၊ ဒုတိယတွဲ-၂၃၈)

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

(သဂါထာဝဂ္ဂသံယုတ္တပါဠိ-၁၃၇)

(ဝိပါကမှိ၊ အကျိုးတရား၌။ ကမ္မံ၊ အကြောင်းတရားသည်။ နတ္ထိ၊ မရှိ။ ကမ္မေ၊ အကြောင်းတရား၌။ ပါကော၊ အကျိုးတရားသည်။ န ဝိဇ္ဇတိ၊ မရှိ။ ဥဘော၊ အကြောင်းအကျိုး နှစ်မျိုးတို့သည်။ အညမညံ၊ အချင်းချင်း။ သုညာ၊ ဆိတ်သုဉ်းကုန်၏။ စ၊ ထိုသို့ဖြစ်ပါလျက်။ ဖလံ၊ အကျိုးသည်။ ကမ္မံ၊ အကြောင်းကို။ ဝိနာ၊ ကြဉ်၍။ န၊ မဖြစ်။)

(ဒုက္ခမေဝ ဟိ၊ ဒုက္ခသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဒုက္ခသည်။ တိဋ္ဌတိ စ၊ တည်လည်း တည်၏။ ဝေတိ စ၊ ပျက်လည်း ပျက်၏။ ဒုက္ခာ၊ ဒုက္ခမှ။ အညတြ၊ တစ်ပါး။ န သမ္ဘောတိ၊ မဖြစ်။ ဒုက္ခာ၊ ဒုက္ခမှ။ အညံ၊ တစ်ပါး။ န နိရုဇ္ဈတိ၊ မချုပ်။)

ဤသည်များမှာ ပစ္စုပ္ပန်အကျိုး ငါးပါးမှနေ၍ ဝိပဿနာရှုလျှင် အနုလောမပဋိစ္စသမုပ္ပါဒ် (ဘဝစက်) တစ်ခုလုံးကို ပစ္စုပ္ပန်ကျကျ သိမြင်နားလည်နိုင်သောကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ပစ္စက္ခရှုထောင့်မှ ချဉ်းကပ်နည်း ဖြစ်ပါသည်။

## သတ္တိကရဏရှုထောင့်

ပဋိစ္စသမုပ္ပါဒ်သည် မဇ္ဈိမပဋိပဒါကို ပြသောဒေသနာ ဖြစ်ပါသည်။ မဇ္ဈိမပဋိပဒါ၏ သဘောအရ အစွန်းတရား နှစ်ပါးရှိပြီး ယင်းတရားများကို နှစ်ကြိမ် ပယ်ရပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါကို ပဋိသေဓ၏ ပဋိသေဓဟူ၍လည်း ခေါ်ကြပါသည်။

ဗုဒ္ဓခေတ်မတိုင်မီက လောကတွင် ရုပ်နာမ်များအပြင် ရုပ်နာမ်များကို အစားသော ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ) ရှိသည်ဟု ယုံကြည်ကြပါသည်။ ဗုဒ္ဓမြတ်စွာ ပေါ်ထွန်းလာသောအခါ ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ) ရှိသည်ဟူသော အယူကို ပယ်မြစ်ရန် အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ အနုလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ) ကို ပယ်မြစ်၍ ပုဂ္ဂလသုညတာ၊ ပုဂ္ဂလအနတ္တသဘောကို ဖော်ပြခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ ပထမအကြိမ် ပယ်မြစ်ခြင်း 'ပထမ ပဋိသေဓ' ဖြစ်ပါသည်။

အနုလောမပဋိစ္စသမုပ္ပါဒ်သည် 'ဘာဝမုခ' ခေါ် ကြောင်းကျိုးဖြစ်စဉ်ကို ဖော်ပြပါသည်။ အကြောင်းဖြစ်လျှင် အကျိုးဖြစ်သည်။ အကြောင်းကောင်းလျှင် အကျိုးကောင်းသည်။ အကြောင်းမကောင်းလျှင် အကျိုးမကောင်း။ အကြောင်းကို ကောင်းအောင်လည်း လုပ်၍ရသည်။ မကောင်းအောင်လည်း လုပ်၍ရသည်။ ဤသို့ ညွှန်ကြားခြင်း ဖြစ်ပါသည်။

အနုလောမပဋိစ္စသမုပ္ပါဒ်အရ ကြောင်းကျိုးဖြစ်စဉ်ဟူသည်မှာ ကိလေသဝဋ်၊ ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့၏ အမြဲမပြတ် တရစပ် လည်ပတ်နေခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဝဋ်သုံးပါးမှ လွတ်မြောက်ရန် ဝဋ်သုံးပါးကို ပယ်ဖို့ လိုအပ်ပါသည်။ ဝဋ် သုံးပါးကို ပယ်သောအခါ အကြောင်းမဖြစ်လျှင် အကျိုး မဖြစ်၊ အကြောင်းချုပ်လျှင် အကျိုး ချုပ်၏ ဟူသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အကြောင်းတရားများကို ပယ်ရမည် ဖြစ်ပါသည်။ အကြောင်းတရားများကို ပယ်ရန် ဝိပဿနာ ရှုမှတ် ပွားများရပါသည်။ ဝိပဿနာ ပွားများသောအခါ ဓမ္မများသည်လည်း ကာရက၊ ဝေဒက (အတ္တ) မဟုတ်ကြောင်း သိမြင်လာပါသည်။ ထိုသို့ သိမြင်နိုင်စေရန် ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောတော်မူခြင်း ဖြစ်ပါသည်။ ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဖြင့် ဓမ္မသုညတာ၊ ဓမ္မအနတ္တသဘောကို ဖော်ပြခဲ့ပါသည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ ဒုတိယအကြိမ် ပယ်မြစ်ခြင်း 'ဒုတိယ ပဋိသေဓ' ဖြစ်ပါသည်။

ကြောင်းကျိုးဆက်တရား ဝဋ် သုံးပါးကို ပယ်ခြင်းဆိုသည်မှာ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤအဓိပ္ပာယ်ဖွင့်နည်းသည် ပဋိစ္စသမုပ္ပါဒ်ကို သစ္စာကရဏရှုထောင့်မှ ချဉ်းကပ်နည်း မည်ပါသည်။

မဇ္ဈိမပဋိပဒါကို အဝိဇ္ဇာနှင့် တဏှာရှုထောင့်မှ ဖော်ပြရာ၌ ပဋိစ္စသမုပ္ပါဒ်ကိုပါ ထည့်သွင်းဖော်ပြခဲ့ပါသည်။ ထို့အပြင် ပဋိသေဓ၏ ပဋိသေဓသဘောဖြင့် မဇ္ဈိမပဋိပဒါဟူသည် မူလအစွန်းကို တစ်ကြိမ်၊ ပဋိပက္ခအစွန်းကို တစ်ကြိမ် နှစ်ကြိမ် ပယ်ရသည့်သဘော ရှိကြောင်းလည်း ဖော်ပြခဲ့ပါသည်။ ဤနေရာ၌ ဆိုလိုသည်မှာ 'ပဋိသေဓ၊ နှစ်ချက်ပြ၊ ပကတျတ္တထွက်မြဲ' ဟူသော နိယာမအရ ပဋိသေဓ နှစ်ဆင့်သဘော ပါဝင်သော မဇ္ဈိမပဋိပဒါဖြင့် ရအပ်သော နိဗ္ဗာန်သည် အဘာဝ မဟုတ်ဘဲ ပကတျတ္တ (သန္တိသုခ) ဖြစ်ကြောင်း ဖော်ပြလိုရင်း ဖြစ်ပါသည်။

**(၁၀) ကုသိုလ်နှင့် အကုသိုလ်ရှုထောင့်**

ကမ္ဘာဦးကာလမှစ၍ လူတို့သည် (ဥပလက္ခဏနည်း) အမြဲတစေ ကာယကံမှု၊





ဝစီကံမှု၊ မနောကံမှုကို ပြုနေကြပါသည်။ ထို ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို သရုပ်ခွဲလိုက်လျှင် ကုသိုလ်သော်လည်း ဖြစ်ပါမည်။ အကုသိုလ်သော်လည်း ဖြစ်ပါမည်။ ကုသိုလ်နှင့် အကုသိုလ်ကို ရှောင်လွှဲ၍ မရပါချေ။ ကုသိုလ် အဖြစ်များလျှင် ကောင်းရာဘုံဘဝသို့ရောက်၍ ကောင်းကျိုးသုခကို ခံစားရပါသည်။ အကုသိုလ် အဖြစ်များလျှင် မကောင်းရာဘုံဘဝသို့ရောက်၍ မကောင်းကျိုးဒုက္ခကို ခံစားရပါသည်။ သို့ရာတွင် ထိုခေတ် ကုသိုလ် အကုသိုလ် ပြုနည်းကား မဇ္ဈိမပဋိပဒါသဘော မသက်ဝင်သောကြောင့် ကုသိုလ်ပြုလျှင်လည်း ရသင့်သလောက် အကျိုးသုခ မရရှိ၊ အကုသိုလ်လုပ်လျှင်လည်း ရသင့်သည်ထက် ပို၍ အပြစ်ဒုက္ခကို ခံယူရလေသည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓခေတ် မတိုင်မီကာလ က လူတို့သည် ကုသိုလ်နှင့် အကုသိုလ်ကို ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ) အပေါ် အခြေခံ၍ ပြုကြသောကြောင့် ဖြစ်ပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ) အပေါ် အခြေခံ၍ ပြုပါက ကုသိုလ်သည် မိမိသဘောအရ 'အတက်' ဖြစ်သဖြင့် အရှိန်အဟုန် ရှိပါသည်။ တစ်ဖန် 'အတ္တ' ဝန်ထုပ်ဝန်ပိုးက ဆင့်သောကြောင့် 'တက်' သင့်သလောက် မတက်နိုင်ခဲ့။ အကုသိုလ်သည် မိမိသဘောအရ 'အဆင်း' ဖြစ်သဖြင့် အရှိန်အဟုန် မြန်ပါသည်။ တစ်ဖန် 'အတ္တ' ဝန်ထုပ်ဝန်ပိုးက ဆင့်သောကြောင့် ၍ အရှိန်အဟုန်ပြင်းစွာ 'ဆင်း' ခဲ့ရလေသည်။

ဗုဒ္ဓခေတ် ရောက်သောအခါ မဇ္ဈိမပဋိပဒါ (ဝိပဿနာ) ကို ညွှန်ပြခဲ့ပါသည်။ ကိုယ်တိုင်လည်း မဇ္ဈိမပဋိပဒါဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်လာ အဝိဇ္ဇာပစ္စယာ သင်္ခါရာအရ အဝိဇ္ဇာ ရှိနေသေးသရွေ့ အကုသိုလ်ကား အထူးပြောဖွယ်မလို၊ သဘာဝအားဖြင့် ဖြစ်နေမည်သာ ဖြစ်ပါသည်။ ကုသိုလ်နှင့် ပတ်သက်လျှင်မူ မည်သည့်ကောင်းမှုကိုပင် လုပ်လုပ် ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်တို့အနက် ဘင်မျိုးဖြစ်ပြီး ဘဝစက်အတွင်း၌ လည်ပတ်နေမည် ဖြစ်ပါသည်။ ထို့ကြောင့် ဘဝစက်တန့်စေလိုလျှင် အဝိဇ္ဇာကို ပယ်ရမည် ဖြစ်ပါသည်။ အဝိဇ္ဇာကို ပယ်လိုက်လျှင် အကုသိုလ်များသာမက ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်တည်းဟူသော သင်္ခါရတို့ပါ 'အရင်းလဲလျှင် အဖျား ထင်းဖြစ်' ဟူသည့်အတိုင်း အလိုလို ပယ်ပြီးသား ဖြစ်ပါသည်။

အဝိဇ္ဇာကို ပယ်သတ်ရန် လောကကို ကြည့်သောအခါ မဇ္ဈိမပဋိပဒါ (ဝိပဿနာ သမ္မာဒိဋ္ဌိ) အမြင်မှန်ဖြင့် ကြည့်ဖို့လိုပါသည်။ ဆောင်ပုဒ်ခေါ် သော ပုဂ္ဂိုလ် သတ္တဝါ ရွှေ ငွေ စသော အရာဝတ္ထုအနေဖြင့် ကြည့်နေသရွေ့၊ မြင်နေသရွေ့၊ သိနေသရွေ့ မိမိတို့၏ သန္တာန်ရှိ အဝိဇ္ဇာကို မည်သည့်နည်းနှင့်မျှ ပယ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



**မည်** မဟုတ်ပါ။ အဝိဇ္ဇာကို မပယ်နိုင်လျှင် အဝိဇ္ဇာကို အကြောင်းခံ၍ ဖြစ်ပေါ်လာ ကြသည့် တပ်မက်ခြင်း၊ စော်ကားခြင်း၊ မောက်မာခြင်း စသော အကုသိုလ်တရား တို့သည် ဖြစ်ပေါ်လာကြမည် ဖြစ်ပါသည်။

အမှန်အားဖြင့် မိမိအပါအဝင် လောကဟူသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အ... ဝတ္ထု မဟုတ်ပါ။ ရုပ်နာမ် အစုအဝေးမျှသာ ဖြစ်ပါသည်။ ယင်းတို့သည်လည်း အမြဲတစေ ဖြစ်၊ တည်၊ ပျက်နေသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောများသာ ဖြစ်ပါသည်။ မြင်စရာ အာရုံများကလည်း တစ်မျိုးတစ်စားတည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ မြင်သူ အာရုမ္မဏိကများကလည်း တစ်မျိုးတစ်စားတည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အားလုံး အပြောင်းအလဲ မရှိ၊ တစ်မျိုးတစ်စားတည်း။ အပြောင်းအလဲ မရှိသော တစ်မျိုးတစ်စားတည်းကို ထပ်ပြန်တလဲလဲ မြင်ရသောအခါ၊ တွေ့ရသော အခါ၊ ကြုံရသောအခါ လောကဋ္ဌ ငြီးငွေ့လာမည် ဖြစ်ပါသည်။ တပ်မက်ခြင်း ကင်းလာမည် ဖြစ်ပါသည်။ လွတ်မြောက်လာမည် ဖြစ်ပါသည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါ (ဝိပဿနာ) ၏ လောကအမြင် ဖြစ်ပါသည်။ မဇ္ဈိမပဋိပဒါအမြင် ဖြင့် လောကကို မြင်နိုင်လျှင် အကုသိုလ်တရားတို့ ဆုတ်ယုတ်ပြီး ကုသိုလ်တရား တို့ တိုးပွားလာမည် ဖြစ်ပါသည်။

ဗုဒ္ဓခေတ်မတိုင်မီက လောကကို ဤသို့မြင်ရန် ညွှန်ကြားခဲ့ခြင်း မရှိပါ။ လောကကို ဤသို့ မမြင်ခဲ့သဖြင့် လောကဋ္ဌ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ လွတ်မြောက်ခြင်း မဖြစ်ပေါ်ခဲ့ဘဲ အပုညာဘိသင်္ခါရ (အကုသိုလ်)၊ ပုညာဘိသင်္ခါရ (ကာမကုသိုလ်နှင့် ရူပကုသိုလ်)၊ အာနေဥ္စာဘိသင်္ခါရ (အရူပကုသိုလ်) တို့ ဝဋ္ဋနိဿိတသဘောဖြင့် ဆောင်ရွက်ရင်း လောကဋ္ဌ ထပ်ပြန်တလဲလဲ ဖြစ်နေခြင်း ဖြစ်ပါသည်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာအရ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပ ကုသိုလ်တို့သည်လည်း အဝိဇ္ဇာကြောင့်ပင် ဖြစ်ကြရပါသည်။ အကုသိုလ်က အထူးဆိုဖွယ် မရှိပါ။ ထို့ကြောင့် လောကမှ မလွတ်မြောက်နိုင်ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓခေတ်၏ အမြင်သစ် မဇ္ဈိမပဋိပဒါ (ဝိပဿနာ) ဖြင့် လောကကို အမှန်အတိုင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဖြစ် အပြောင်းအလဲ မရှိ၊ ထပ်ပြန်တလဲလဲ မြင်သောအခါ လောကဋ္ဌ ငြီးငွေ့မှု (နိဗ္ဗိန္ဒ)၊ တပ်မက်ခြင်းကင်းမှု (ဝိရာဂ)၊ လောကမှ လွတ်မြောက်မှု (ဝိမုတ္တိ) တို့ ဖြစ်ပေါ်လာကြပါသည်။ ဝိဝဋ္ဋနိဿိတ သဘောဖြင့် အကုသိုလ်တို့ ဆုတ်ယုတ်ပြီး ကုသိုလ်တို့ တိုးပွားလာမည် ဖြစ် သည်။ ဤသည်ကိုပင် မဇ္ဈိမပဋိပဒါဟု ခေါ်ပါသည်။

အကုသိုလ်ကို ဝိပဿနာကုသိုလ်က တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန် ဖြင့် ပယ်ခြင်းသည် မဇ္ဈိမပဋိပဒါ၏ ပထမပယ်ခြင်း 'ပထမ ပဋိသေဓ' ဖြစ် ... သည်။ မဂ်ကုသိုလ်က သမုစ္ဆေဒပဟာန်ဖြင့် ပယ်ခြင်းသည် မဇ္ဈိမပဋိပဒါ၏ ဒုတိယပယ်ခြင်း 'ဒုတိယ ပဋိသေဓ' ဖြစ်ပါသည်။ အရဟတ္တမဂ်က အကုသိုလ် ... သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်လိုက်သည်နှင့် တစ်ပြိုင်နက် ကုသိုလ် ... ခါရများ အားလုံးကိုလည်း ပယ်ပြီးသား ဖြစ်သွားပါသည်။ ထို့ကြောင့် မဇ္ဈိမ ပဋိပဒါ (မဂ်) သည် ကိလေသ ဝဋ်မှလည်း လွတ်သည်၊ ကမ္မဝဋ်မှလည်း လွတ် သည်ဟု ဆိုအပ်ပါသည်။ ကိလေသဝဋ်နှင့် ကမ္မဝဋ်မှ လွတ်လျှင် ဝိပါကဝဋ်မှ လည်း လွတ်ပြီးသားပင် ဖြစ်ပါသည်။ ထိုအခါ ဝဋ်သုံးပါးမှ လွတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ကံဇောစိတ်တို့သည် ပဋိသေဓသဘောအရ 'အဘာဝ' မဟုတ်ဘဲ ပကတျုတ္တသဘောအရ အဆင့်မြင့် 'ကြိယာဇောစိတ်' များအဖြစ်သို့ ပြောင်းသွား ပါတော့သည်။

မဇ္ဈိမပဋိပဒါကို စိတ္တဗေဒရှုထောင့်မှ သုံးသပ်လျှင် ကြိယာစိတ်နှင့် အလား ... ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ကြိယာစိတ်သည် ကုသိုလ်သဘောမှလည်း ... မြောက်ပြီး ဖြစ်ပါသည်။ အကုသိုလ်သဘောမှလည်း ထမြောက်ပြီး ဖြစ်ပါသည်။ ကုသိုလ်သဘောမှ ထမြောက်ခြင်း ဆိုသည်မှာ ရဟန္တာပုဂ္ဂိုလ်များအနေဖြင့် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများကို ပြုလုပ်စေကာမူ ယင်းသို့ပြုလုပ်ခြင်းသည် ကုသိုလ် သဘော မရှိတော့ဘဲ ကြိယာသဘော ရှိသွားခြင်းပင် ဖြစ်ပါသည်။ အသွင်အနေ ... ကုသိုလ်အသွင်ကို ဆောင်သော်လည်း အနှစ်သာရအနေဖြင့် ကုသိုလ် မဟုတ် ... ကြိယာသာ ဖြစ်ပါသည်။ ဤသည်ကိုပင် ကုသိုလ်သဘောမှ ထမြောက်ခြင်း ... ဆိုအပ်ပါသည်။ အကုသိုလ်သဘောမှ ထမြောက်ခြင်းဆိုသည်မှာ ရဟန္တာ ... ဂ္ဂိုလ်များအနေဖြင့် တုစ္ဆ (အသုံးမကျသူ)၊ဝသလ (သူယုတ်) စသည်ဖြင့် ပရိသတ် ... များအပေါ် ကြမ်းတမ်းသော ဝေါဟာရများကို အသုံးပြုသော်လည်း ယင်းသို့သော ... သုံးပြုမှုများသည် အကုသိုလ်သဘော မရှိတော့ဘဲ ကြိယာသဘော ရှိသွားခြင်း ... ဖြစ်ပါသည်။ အသွင်အနေဖြင့် အကုသိုလ်အသွင်ကို ဆောင်သော်လည်း ... နှစ်သာရအနေဖြင့် အကုသိုလ်မဟုတ်ဘဲ ကြိယာသာ ဖြစ်ပါသည်။ ဤသည် ... ပင် အကုသိုလ်သဘောမှ ထမြောက်ခြင်းဟူ၍ ဆိုအပ်ပါသည်။ အကျဉ်း ... ချုပ်အားဖြင့်ဆိုရလျှင် စိတ္တဗေဒရှုထောင့်မှ ကြိယာစိတ်သည် ကုသိုလ်အသွင်နှင့် အကုသိုလ်အသွင်ကို ဆောင်သော်လည်း ကုသိုလ်သဘောနှင့် အကုသိုလ်သဘော ... မရှိတော့သဖြင့် စိတ္တဗေဒနယ်ပယ်၌ ကြိယာစိတ်သည် မဇ္ဈိမပဋိပဒါနှင့် အလား ... တူ၏ ဟူ၍ ဆိုနိုင်ပါသည်။

စိတ္တဗေဒရှုထောင့်မှ ကြိယာစိတ်၏သဘောကို နားလည်သောအခါ ... ပဋိပတ်ရှုထောင့်မှ မဇ္ဈိမပဋိပဒါ၏သဘောကို နားလည်နိုင်ပါသည်။ ကြိယာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်၌ ကုသိုလ်အသွင်နှင့် အကုသိုလ်အသွင် နှစ်မျိုးတို့အနက် တစ်မျိုးမျိုး ပါဝင်သော်လည်း အနှစ်သာရအားဖြင့်မူ ကြိယာစိတ်သည် ကုသိုလ်သဘောနှင့် အကုသိုလ်သဘော နှစ်မျိုးလုံးမှ လွတ်မြောက်ပြီး ဖြစ်သကဲ့သို့ ထို့အတူ မဇ္ဈိမပဋိပဒါ ကျင့်စဉ်၌လည်း ကာမသုခလ္လိကအသွင်နှင့် အတ္တကိလမထအသွင်တို့ ပါဝင်နိုင်ပါသည်။ သို့ရာတွင် အနှစ်သာရအနေဖြင့်မူ မဇ္ဈိမပဋိပဒါကျင့်စဉ်သည် ထိုအစွန်းရောက်ကျင့်စဉ် နှစ်မျိုးမှ လွတ်မြောက်ပြီး ဖြစ်ပါသည်။

ကာမသုခလ္လိကကျင့်စဉ်ဖြင့် အမတ (မသေရာ)၊ မောက္ခ (သံသရာမှ လွတ်မြောက်ရာ)၊ သရဏ (ကိုးကွယ်အားထားရာ) တရားကို ရှာဖွေကြပါသည်။ ယင်း အမတ၊ မောက္ခ၊ သရဏ တရားသည် ပြဿာအဖြစ်ဖြင့် အရာရာတိုင်း၏ နောက်ကွယ်၌ အမှန် (သစ္စာ) တရားအနေဖြင့် လည်းကောင်း၊ လောက၏ နောက်ကွယ်၌ လောကုတ္တရာအနေဖြင့် လည်းကောင်း၊ ဖြစ်၊ ပျက်၊ ပြုပြင် ပြောင်းလဲတတ်သော သင်္ခတတရားတို့၏ နောက်ကွယ်၌ မဖြစ်၊ မပျက်၊ မပြုပြင် မပြောင်းလဲတတ်သော အသင်္ခတတရားအနေဖြင့် လည်းကောင်း ရှိသည်ဟု ယုံကြည်၍ 'နောက်ကွယ်တရား'ကို တွေ့မြင်ရန် ကြိုးစားခဲ့ကြပါသည်။ 'အမြင်' ကို ကျော်၍ 'မမြင်' ကို ရှာဖွေခဲ့ကြပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့်မူ ယင်း အမတ၊ မောက္ခ၊ သရဏတရားကို တွေ့မြင်ရန် 'နောက်ကွယ်တရား' ကို ရော်ရမ်း၍ မရှာ၊ မျက်မြင်တရားကိုသာ ပစ္စုပ္ပန်ကျကျ အမှန်အတိုင်း မြင်ရန် ရှာသည်။ လောကုတ္တရာတရားကို ရော်ရမ်း၍ မရှာ၊ လောကီတရားကိုသာ ပစ္စုပ္ပန်ကျကျ အမှန်အတိုင်းမြင်ရန် ရှာသည်။ အသင်္ခတတရားကို ရော်ရမ်း၍ မရှာ၊ သင်္ခတတရားတို့၏ ဖြစ်၊ ပျက်၊ ပြုပြင် ပြောင်းလဲမှုကို ပစ္စုပ္ပန်ကျကျ အမှန်အတိုင်း မြင်ရန်ရှာသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ကာမသုခလ္လိကကျင့်စဉ်သည် 'မမြင်တရား' ကို ရော်ရမ်း၍ ရှာဖွေသည့်ကျင့်စဉ် ဖြစ်ပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်သည် 'အမြင်တရား' ကို တိုက်ရိုက်ရှုမြင်သည့် ကျင့်စဉ်ဖြစ်ပါသည်။ အနှစ်သာရအားဖြင့် ဤသို့ အချင်းချင်း ခြားနားပါသည်။ အနှစ်သာရအားဖြင့် ခြားနားသော်လည်း အသွင်သဏ္ဌာန်အားဖြင့်မူ တရားအားထုတ်မှု၊ အဝိဇ္ဇာ ပယ်သတ်ရန် ကြိုးပမ်းမှုတို့၌ တူကြပါသည်။ ဤတူနည်းကား ကြိယာစိတ်၌ ဖော်ပြခဲ့သည့်အတိုင်း ကုသိုလ်၊ အကုသိုလ်နှင့် ကြိယာစိတ်တို့ အသွင်တူ သဘောမျိုးသာတည်း။

အတ္တကိလမထ ကျင့်စဉ်ဖြင့်လည်း အမတတရား၊ မောက္ခတရား၊ သရဏတရားကို ရှာဖွေခဲ့ကြပါသည်။ ထိုသို့ ရှာဖွေရာ၌ 'တပ' ခေါ် ခြိုးခြံသော အကျင့်ကို ကျင့်၍ ရှာဖွေကြပါသည်။ တပ ကျင့်ခြင်း၏ ရည်ရွယ်ချက်ကား 'တဏှာ'





သက်သမားအား 'ခန္ဓာ' အိမ်ကို ဆောက်ခွင့်မပေးရန် ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်ဖြင့် 'တဏှာ'ကို အသေသတ်ရန် ကြိုးစားခဲ့ကြပါသည်။ နဖူးတိုက်၊ ဒူးတိုက် တိုက်ကြပါသည်။ 'တဏှာ' ၏ တပ်မက်မှု မှန်သမျှကို ဖွတ်အတင်း ဆန့်ကျင်ကြပါသည်။ 'တဏှာ' ၏ အာဟာရ မှန်သမျှကို ရက်စက်စွာ ဖြတ်တောက်ပစ်ကြပါသည်။ ထိုသို့ 'တဏှာ' ကို အသေသတ်ရန် တိုက်ခိုက်ခဲ့ကြသော်လည်း 'တဏှာ' ကား မသေခဲ့။ ဒဏ်ရာ ရရုံသာ ရခဲ့ပါသည်။ 'တဏှာ' ဒဏ်ရာ ရသောအခါ 'တဏှာ' နှင့် ပတ်သက်ရာ အခြားသော စိတ်၊ စေတသိက်များလည်း ထိုးစက်၍ ဒဏ်ရာရကြပါသည်။ အဟုန်ပြင်းစွာ စီးဆင်းလာသော ရေအလျဉ်ကို ဆီး၍ ပိတ်သောအခါ ထိုရေအလျဉ်သည် ထွက်မိထွက်ရာ လျှံ၍ ထွက်သည့်နှယ် 'တဏှာ' ကို အသေသတ်သောအခါ 'တဏှာ' သည် မသေဘဲ ကျားနာကဲ့သို့ ခိုမိခဲရာ၊ တပ်မိတပ်ရာ တပ်မက်ခဲ့ပါသည်။ ဤနည်းအားဖြင့် 'တဏှာ' နှင့် ပတ်သက်ရာ အခြားသော စိတ်၊ စေတသိက်များသည် ကမောက်ကမဖြစ်ပြီး ထိုခေတ် တရားအားထုတ်သူများသည် အထူးအဆန်းပုဂ္ဂိုလ်များ ဖြစ်သွားတတ်ကြပါသည်။ စိတ္တဗေဒပညာရှင်များ၏ ဝေါဟာရကို ယူ၍သုံးရလျှင် ထိုခေတ် တရားအားထုတ်သူများသည် များသောအားဖြင့် စိတ်ဝေဒနာရှင်များ ဖြစ်သွားတတ်ကြပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် အမတ တရား၊ မောက္ခတရား၊ သရဏတရားကို ရှာဖွေရာ၌လည်း 'တဏှာ'ကို အသေသတ်ရန် ကြိုးပမ်း သည်ပင် ဖြစ်ပါသည်။ သို့ရာတွင် ကြိုးပမ်းပုံချင်း မတူပါ။ 'တဏှာ' က တပ်မက်သည့် အာရုံများကို 'မတပ်မက်ရ' ဟု အတ္တကိလမထကျင့်စဉ်ဖြင့် ဖွတ်အတင်း အားမြစ်၍ 'တဏှာ' ကို အသေသတ်ပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် 'တဏှာ' ကို အသေသတ်ရာ၌မူ 'တဏှာ' က တပ်မက်သည့် အာရုံများကို တကယ် တပ်မက်စရာကောင်းသည့်သဘော မရှိကြောင်း၊ စက်ဆုပ်ဖွယ်ရာများသာ ဖြစ်ကြောင်း မြင်စေပြီး 'တဏှာ' ကို အားနည်းသည်ထက် အားနည်းအောင် ပြုလုပ်၍ နောက်ဆုံး၌ မြစ်ပြတ် သေစေခြင်း ဖြစ်ပါသည်။ အနှစ်သာရအားဖြင့် ကျင့်စဉ် နှစ်မျိုးသည် မိမိတို့အချင်းချင်း ဤသို့ ခြားနားပါသည်။ အနှစ်သာရအားဖြင့် အချင်းချင်း ခြားနားသော်လည်း အသွင်သဏ္ဌာန်အားဖြင့်မူ တရားအားထုတ်မှု၊ တဏှာကို အသေသတ်ရန် ကြိုးပမ်းမှုတို့၌ တူကြပါသည်။ ဤတူနည်းကား ကြိယာစိတ်၌ ဖော်ပြခဲ့သည့်အတိုင်း ကုသိုလ်၊ အကုသိုလ်နှင့် ကြိယာစိတ်တို့ အသွင်တူ သဘောမျိုးသာ ဖြစ်ပါသည်။

မဇ္ဈိမပဋိပဒါကျင့်စဉ်တွင် ယင်း၏ လွန်မြောက်ရာ အချင်းချင်းအနေဖြင့်တွင်သည့် အစွန်းတရား နှစ်ပါးတို့သည် မိမိတို့၏ သင့်လျော်ရာ အသွင်သဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ပါဝင်ခွင့် ရှိသော်လည်း အနှစ်သာရအနေဖြင့် လုံးဝ ပါဝင်ခွင့် မရှိခြင်း ပင် ဖြစ်ပါသည်။ ဤသို့ဖြစ်ခြင်းကိုပင် အစွန်းတရား နှစ်ပါးမှ ထမြောက်ခြင်း (ဥဘတော ဝုဋ္ဌာန) ဟူ၍ သတ်မှတ်ခြင်း ဖြစ်ပါသည်။ ဓမ္မစက္ကပဝတ္တနသုတ် မဇ္ဈိမပဋိပဒါ၏ အရကောက်ကို မဂ္ဂင် ရှစ်ပါးဟူ၍ ဟောကြားတော်မူခဲ့သဖြင့် မဇ္ဈိမပဋိပဒါ၏သဘောကို ကျင့်စဉ်အရ နားလည်လိုလျှင် မဂ္ဂင်ရှစ်ပါးကို နားလည်ရန် လိုအပ်ပါသည်။ တစ်ဖန် မဂ္ဂင်ရှစ်ပါးကို နားလည်လိုလျှင် ဝိပဿနာ သဘောကို နားလည်ရန် လိုအပ်ပါသည်။ တစ်ဖန် ဝိပဿနာသဘော နားလည်လိုလျှင် ဉာဏ်စဉ် ဆယ်ပါးကို နားလည်ရန် လိုအပ်ပါသည်။ မဇ္ဈိမ ပဋိပဒါ၏သဘောသည် ဉာဏ်စဉ် ဆယ်ပါး၌ အခြေတည်ပါသည်။ ဉာဏ်စဉ် ဆယ်ပါးတို့သည် ဝိမုတ္တိရသခေါ် ဧကရသနည်းဖြင့် ပေါင်းမိလေသောအခါ မဇ္ဈိမပဋိပဒါ သို့မဟုတ် မဂ္ဂင်ရှစ်ပါး သို့မဟုတ် သစ္စာလေးပါး မြတ်တရား တို့သည် မျက်မှောက် (သစ္ဆိကရဏ) အနေဖြင့် ထင်ရှားဖြစ်ပေါ် လာကြပါ သည်။

## ကိစ္စ လေးချက်

မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင်ရှစ်ပါး သို့မဟုတ် သစ္စာလေးပါး မြတ်တရားတို့သည် လောကုတ္တရာအဆင့်တွင် ထင်ရှားဖြစ်ပေါ်လာသောအခါ ကိစ္စ လေးချက်ကို တစ်ပြိုင်နက် ဆောင်ရွက်ကြပါသည်။ ဤနေရာ၌ ကိစ္စ လေးချက် ဆိုသည်မှာ—

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊

(၂) သမုဒယသစ္စာကို ပယ်သတ်ခြင်း၊

(၃) မဂ္ဂသစ္စာကို ပွားများခြင်း၊

(၄) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း

တို့ ဖြစ်ပါသည်။ ဤသို့ ကိစ္စ လေးချက် တစ်ပြိုင်နက် ဆောင်ရွက်ခြင်းကိုပင် 'ဧကရသ' (တစ်မျိုးတည်းသောရသ) ဟူ၍လည်းကောင်း၊ 'ဝိမုတ္တိရသ'(သံသရာမှ လွတ်မြောက်မှုရသ) ဟူ၍လည်းကောင်း ဆိုကြပါသည်။ ယင်း 'ဧကရသ' သို့မဟုတ် 'ဝိမုတ္တိရသ' သည် လောကုတ္တရာအဆင့်၌သာ ရအပ်ပါသည်။ လောကီ အဆင့်၌ကား တစ်မျိုးတည်းသောရသ (ဧကရသ) သို့မဟုတ် သံသရာမှ လွတ် မြောက်မှုရသ (ဝိမုတ္တိရသ) ကို မရကောင်းဘဲ အမျိုးမျိုးသော ရသ (နာနာရသ) ကိုသာ ရကောင်းပါသည်။ ဤသဘောကို ပေါ်လွင်စေရန် 'ဟင်းချက်နည်း' ဥပမာကို ထုတ်ဆောင်၍ ဆိုကြပါသည်။



## ဟင်းချက်နည်း ဥပမာ

ဟင်းချက်ရာတွင် ငရုတ်၊ ကြက်သွန်ကိုလည်း ထည့်ပါသည်။ ဆီ၊ ဆားကိုလည်း ထည့်ပါသည်။ အမဲ၊ သား၊ ငါးများကိုလည်း ထည့်ပါသည်။ ဟင်းခတ် အမွှေးအကြိုင်များကိုလည်း ထည့်ပါသည်။ ထို့နောက် ဟင်းကိုချက်ပါသည်။ ထိုသို့ချက်ရာတွင် 'ဟင်းကောင်း' အဖြစ်သို့ မရောက်သေးမီကာလ၌ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား၊ အမဲ၊ သား၊ ငါးများသည် မိမိတို့၏ သီးခြားအရသာများ ကိုသာ ဆောင်ကြပါသည်။ တစ်ခုတည်းသော အရသာကို မဆောင်နိုင်ကြပါ။ 'ဟင်းကောင်း' အဖြစ်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား၊ အမဲ၊ သား၊ ငါးများသည် မိမိတို့၏ သီးခြားအရသာများကို ပယ်စွန့်ပြီး တစ်ခုတည်းသော 'ဟင်း၏အရသာ' ကိုသာ ဆောင်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် 'ဟင်း' မဖြစ်မီကာလ၌ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား၊ အမဲ၊ သား၊ ငါးများသည် မိမိတို့၏ သီးခြားအရသာ (နာနာရသ) ကို ဆောင်ပါသည်။ 'ဟင်း' ဖြစ်ပြီး နောက်ပိုင်း၌မူ အဆိုပါ ဟင်းလျာပစ္စည်းများသည် မိမိတို့၏ သီးခြား အရသာ (နာနာရသ) ကို စွန့်၍ တစ်ခုတည်းသော 'ဟင်း၏အရသာ' (ဧကရသ) ကို ဆောင်ပါသည်။ ဤဟင်းချက်နည်း ဥပမာအတိုင်း ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း တည်းဟူသော ကိစ္စ လေးချက်တို့သည် လောကီအဆင့်၌ မိမိတို့၏ သီးခြားရသ (နာနာရသ) ကို ဆောင်ပါသည်။ လောကုတ္တရာအဆင့်၌မူ မိမိတို့၏ သီးခြားရသ (နာနာရသ) ကို စွန့်၍ တစ်ခု တည်းသောရသ (ဧကရသ) ကို ဆောင်ပါသည်။ ထို တစ်ခုတည်းသောရသ (ဧကရသ) သည် ဝိမုတ္တိရသ မည်ပါသည်။

ဟင်းချက်ရာ၌ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား စသည်များသည် မိမိတို့၏ သီးခြားအရသာများကို မဖော်ဆောင်ဘဲ တစ်ခုတည်းသော 'ဟင်း၏အရသာ' ကို ဖော်ဆောင်မှ 'ဟင်း' မည်သကဲ့သို့ ထို့အတူ ဝိပဿနာရှုရာ၌လည်း ဒုက္ခ သစ္စာကို ပိုင်းခြား၍သိခြင်း စသော ကိစ္စ လေးရပ်တို့သည် မိမိတို့၏ သီးခြားရသကို မဖော်ဆောင်ဘဲ တစ်ခုတည်းသော 'ဝိမုတ္တိရသ'ကို ဖော်ဆောင်မှ 'လောကုတ္တရာ' မည်ပါသည်။ မြတ်စွာဘုရားသာသနာတော်၏ နောက်ဆုံး တစ်ခုတည်းသော ဦးတည်ချက်မှာလည်း ဝိမုတ္တိရသခေါ် သံသရာမှ လွတ်မြောက်မှုပင် ဖြစ်ပါသည်။ အမျိုးမျိုးသောရသ (နာနာရသ) မှ တစ်ခုတည်းသောရသ (ဧကရသ) အဖြစ်သို့ ကူးပြောင်းသွားမှုနှင့် ပတ်သက်၍ လက်တွေ့သဘောအရ 'ဟင်း' ချက်သည့် ဒယ်အိုးတွင် ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား၊ အမဲ၊ သား၊ ငါးများကို 'အိုး' ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



စုပေါင်းပြီး ထည့်သည့်သဘောကို ဒဿနဝေါဟာရဖြင့် 'သံယောဂသမ္ဘူ' ဟု ခေါ်ပါသည်။ ယင်းအဆင့်တွင် အမျိုးမျိုးသော ရသ သာ ထွက်ပါသည်။ တစ်ခုတည်းသောရသ မထွက်ပါ။ မီးဖြင့် အချိန်လုံလောက်စွာ ချက်လိုက်သော အခါမှသာ 'ဟင်း' အဖြစ်သို့ရောက်၍ တစ်ခုတည်းသောရသ ထွက်ပေါ်လာပါသည်။ အမျိုးမျိုးသောရသမှ တစ်ခုတည်းသော ရသအဖြစ်သို့ ရောက်ပြီးနောက် ဆိုင်ရာပစ္စည်းများ စုပေါင်းခြင်းကို ဒဿနဝေါဟာရဖြင့် 'သမဝါယသမ္ဘူ' ဟု ခေါ်ပါသည်။ ဟင်းချက်ရာ၌နည်းတူ ဝိပဿနာရှုရာ၌လည်း ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း စသော ကိစ္စ လေးရပ်တို့ ကေရသဖြစ်အောင် ဤသမဝါယ သမ္ဘူ သဘောဖြင့် ပေါင်းစပ်မှုကို ဖော်ပြနိုင်ကြောင်း တွေ့ရပါသည်။

## ဝိပဿနာ ဉာဏ်စဉ်များ

ဝိပဿနာဉာဏ်စဉ်များ ဆိုသည်မှာ ဒွါရ ခြောက်ပါး၌ ထင်လာသော ရုပ်၊ နာမ် သင်္ခါရ တရားများ၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ပစ္စုပ္ပန်ကျကျ မြင်လာအောင် ရှုမှတ်သော ဉာဏ်စဉ်များ ဖြစ်ပါသည်။ သံသရာမှ ထွက်မြောက်ရေးအတွက် ရုပ်၊ နာမ်၊ သင်္ခါရ တရားများကို ယင်းကဲ့သို့ ဝိပဿနာ ရှုမှတ်ပွားများရာ၌ ဝိပဿနာ ဉာဏ်စဉ်များကို ဆယ်မျိုးအဖြစ် ဖော်ပြကြပါသည်။ ဝိပဿနာ ဉာဏ်စဉ် ဆယ်မျိုး မတိုင်မီ ဝိပဿနာအခြေခံအနေဖြင့် ဝိသုဒ္ဓိ လေး မျိုးကို ပြည့်စုံစေရန် အားထုတ်ရပါသည်။ ဝိသုဒ္ဓိ လေးမျိုးကို ပြည့်စုံစေရန် အားထုတ်သောအခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ မရှုသေးဘဲ–

(၁) သီလဝိသုဒ္ဓိအတွက် သီလစင်ကြယ်အောင်၊

(၂) စိတ္တဝိသုဒ္ဓိအတွက် သမာဓိရအောင်၊

(၃) ဒိဋ္ဌိဝိသုဒ္ဓိအတွက် ရုပ်၊ နာမ်ကို သိအောင်၊

(၄) ကင်္ခါဝိတရဏ ဝိသုဒ္ဓိအတွက် ရုပ်၊ နာမ်တို့၏ အကြောင်းအကျိုး ဆက်ကို သိအောင်

အားထုတ်ရသည့်သဘော ရှိသဖြင့် အဆိုပါ ဝိသုဒ္ဓိ လေးပါးဆိုင်ရာ အားထုတ်မှု များကို ဝိပဿနာအဖြစ် မသတ်မှတ်ကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဒိဋ္ဌိဝိသုဒ္ဓိ အဆင့်၌ 'ဒိဋ္ဌိ' ကို၊ ကင်္ခါဝိတရဏဝိသုဒ္ဓိအဆင့်၌ 'ဝိစိကိစ္ဆာ' ကို အထိုက် အလျောက် ပယ်နိုင်သောသဘော ရှိသဖြင့် 'စူဠသောတာပန်' ဟူ၍ ကျမ်းများ၌ ဖော်ပြထားသောကြောင့် ယင်းတို့ဆိုင်ရာ နာမ်၊ ရုပ်သိဉာဏ် (နာမရူပ ပရိစ္ဆေဒဉာဏ) နှင့် နာမ်ရုပ်တို့၏ အကြောင်း အကျိုးဆက်သိဉာဏ် (ပစ္စယ ပရိဂ္ဂဟ ဉာဏ) တို့ကိုလည်း ပဋိပတ္တိဉာဏ်အနေဖြင့် ယူ၍ ဝိပဿနာဉာဏ်များ





များ၌ ထည့်သွင်းကြခြင်းများလည်း ရှိပါသည်။ သို့ရာတွင် ဤနေရာ၌ကား သင်္ဂြိုဟ် ကျမ်းလာအတိုင်း ဉာဏ်စဉ် ဆယ်ပါးကိုသာ ဖော်ပြမည် ဖြစ်ပါသည်။ ဉာဏ်စဉ် ဆယ်ပါးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပထမအုပ်စု ပရိဇာနနကိစ္စ**

(၁) သမ္မသနဉာဏ် = ရုပ်၊နာမ်တို့အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သုံးသပ်သောဉာဏ်

(၂) ဥဒယဗ္ဗယဉာဏ် = ရုပ်၊ နာမ်တို့အပေါ်၌ ဖြစ်ပျက်ကို သိသောဉာဏ်

(၃) ဘင်္ဂဉာဏ် = ရုပ်၊ နာမ်တို့အပေါ်၌ အပျက်ကို သိသောဉာဏ်။

**ဒုတိယအုပ်စု ပဟာနကိစ္စ**

(၁) ဘယဉာဏ် = ရုပ်၊ နာမ်တို့အပေါ်၌ ကြောက်စရာ 'ဘေး'ဟု မြင်သောဉာဏ်

(၂) အာဒီနဝဉာဏ် = ရုပ်၊ နာမ်တို့အပေါ်၌ အပြစ်မြင်သောဉာဏ်

(၃) နိဗ္ဗိဒါဉာဏ် = ရုပ်၊ နာမ်တို့အပေါ်၌ ငြီးငွေ့ဖွယ်ဟု မြင်သောဉာဏ်။

**တတိယအုပ်စု ဘာဝနာကိစ္စ**

(၁) မုစ္စိတုကမျတာဉာဏ်=ရုပ်၊ နာမ်တို့၏ လွတ်မြောက်လိုသောဉာဏ်

(၂) ပဋိသင်္ခါဉာဏ် = ရုပ်၊ နာမ်တို့ အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ထပ်မံရှုသောဉာဏ်

(၃) သင်္ခါရုပေက္ခာဉာဏ်= ရုပ်၊ နာမ်တို့အပေါ်၌ လျစ်လျူရှုသောဉာဏ်။

**စတုတ္ထအုပ်စု သစ္ဆိကရဏကိစ္စ**

အနုလောမဉာဏ် = ရှေး ဝိပဿနာဉာဏ်များနှင့် အထက် ဗောဓိပက္ခိယ တရားများအား လျော်သောဉာဏ်။



www.burmeseclassic.com

www.burmeseclassic.com

## အရှိနှင့်အသိ

လောကတွင် အရှိတရားများနှင့် ပတ်သက်၍ အမှန်တကယ် ရှိ၊ မရှိ 'အသိ' တရားဖြင့် သက်သေပြရပါသည်။ လက်တွေ့နည်းအားဖြင့် 'အိုး' ရှိ၊ မရှိကို 'အိုး' ကို သိသော 'သိစိတ်' ဖြင့် သက်သေပြရပါသည်။ အိုးရှိလျှင် ရှိကြောင်း သိ၍ရပါသည်။ အိုး မရှိလျှင်လည်း မရှိကြောင်း သိ၍ရပါသည်။ ဤ 'သိစိတ်' ကို 'အာရုံသိစိတ်' အဆင့်ဟု ခေါ်ပါသည်။ ဤအဆင့်တွင် 'အိုး ရှိ၊ မရှိ' ကိုသာ သက်သေပြနိုင်ပါသည်။ တစ်ဖန် 'အိုး' ရှိ၊ မရှိ ပို၍ သေချာစေရန် 'အိုး' ရှိ မရှိကို သိသော (သိစိတ်) အမှန်တကယ် ဖြစ်ခဲ့ပါရဲ့လားဟု ပထမသိစိတ်ကို ဒုတိယသိစိတ်ဖြင့် ထပ်၍ အာရုံပြုပြီး 'သိကြည့်' ရပြန်ပါသည်။ ဤသိစိတ်ကို 'အာရမ္မဏိကသိစိတ်' အဆင့်ဟု ခေါ်ပါသည်။ အာရမ္မဏိက သိစိတ်အဆင့် ရောက်မှသာ 'အိုး' ရှိ၊ မရှိ သေချာပါသည်။ ထို့ကြောင့် ရှိ၊ မရှိနှင့် ပတ်သက်၍ 'သိစိတ်' ဖြင့် သက်သေပြရာတွင် 'သိစိတ်' နှစ်ကြိမ် ဖြစ်ပါသည်။ ပထမသိစိတ်မှာ အာရုံသိစိတ်၊ ဒုတိယသိစိတ်မှာ အာရမ္မဏိကသိစိတ် ဖြစ်ပါသည်။ အာရမ္မဏိက သိစိတ် ဆိုသည်မှာ မူလအာရုံကိုသိသော သိစိတ်ကို အာရုံပြု၍ ဒုတိယအကြိမ် သိသောသိစိတ် ဖြစ်ပါသည်။ ဤလက်တွေ့နည်းအရ ဝိပဿနာရှုရာ၌ မူလ ရုပ်၊ နာမ် အာရုံကိုလည်းကောင်း၊ ယင်း ရုပ်၊ နာမ်ကို ရှုသော အာရမ္မဏိကကိုလည်းကောင်း နှစ်ဆင့်၊ နှစ်ဆင့် ရှုပါသည်။ သို့မှသာ 'ကမ္မ' အစွန်းနှင့် ကတ္တား အစွန်းမှ လွတ်သော မဇ္ဈိမပဋိပဒါ (ဥဘတောဝုဋ္ဌာန) ဖြစ်ပါမည်။ ဤသဘောကို ပထမအုပ်စုအဆုံး 'ဘင်္ဂဉာဏ်' ၌ စတင်တွေ့ရပြီး ဒုတိယအုပ်စု၌မူ ပီပီပြင်ပြင် တွေ့ရမည် ဖြစ်ပါသည်။

## ဝိပဿနာဉာဏ်စဉ်များ၏ ပဓာနကိစ္စများ

ဝိပဿနာဉာဏ်စဉ် ၁၀ ပါးတို့ကို ပဓာနကိစ္စအလိုက် အုပ်စုခွဲလျှင် အုပ်စု လေး ခု ရပါသည်။ ထိုအုပ်စု လေးခုတို့သည် မိမိတို့၏ ဆိုင်ရာ ပဓာန ကိစ္စများကို ဆောင်ရွက်ကြပါသည်။ ပဓာန ကိစ္စများသည် လေးမျိုး ရှိပါသည်။ ယင်း လေး မျိုးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊
(ခ) သမုဒယသစ္စာကို ပယ်စွန့်ခြင်း၊
(ဂ) မဂ္ဂသစ္စာကို ပွားများခြင်း၊
(ဃ) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း။





### (က) ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း

ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း ကိစ္စသည် ဉာဏ်စဉ် ပထမအုပ်စု၏ ပဓာန လုပ်ငန်း ဖြစ်ပါသည်။ ဉာဏ်စဉ် ပထမအုပ်စုတွင် ဉာဏ်သုံးမျိုး ပါဝင်ပါသည်။ ယင်း ဉာဏ်သုံးမျိုးတို့သည် ရုပ်၊ နာမ် (သင်္ခါရ) တရားများ အပေါ်၌ အနိစ္စ သဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို မိမိတို့၏ ဉာဏ်အနုအရင့်အလိုက် ပေါ်လွင်လာအောင် ရှုမှတ်ကြပါသည်။ ဤသို့ ရှုမှတ်ခြင်းသည် သင်္ခါရတရား တို့၏ 'ဒုက္ခသစ္စာ' ကို ဖော်ထုတ်ခြင်းပင် ဖြစ်ပါသည်။ ဒုက္ခသစ္စာကို ဖော်ထုတ်ခြင်း သည်လည်း အစွန်း နှစ်ဖက်မှ ထမြောက်ခြင်း (ဥဘတောဝုဋ္ဌာန) သဘောရှိသည့် မဂ်ဉာဏ် (မဇ္ဈိမပဋိပဒါ) အရ အာရုံသင်္ခါရနိမိတ်မှ ထမြောက်ရန် ကြိုးပမ်းမှု ဖြစ်ပါသည်။ အာရုံသင်္ခါရနိမိတ်သည် နိမိတ္တနှင့် ပဝတ္တဟုသော အစွန်းနှစ်ဖက် အနက် နိမိတ္တ အစွန်းတစ်ဖက် ဖြစ်ပါသည်။ ထို့ကြောင့် ပထမအုပ်စု ဉာဏ်စဉ် သုံးမျိုးတို့သည် မဇ္ဈိမပဋိပဒါသဘောအရ နိမိတ္တဟုသော အစွန်းတစ်ဖက်မှ ထမြောက်ရေးအတွက် သင်္ခါရတရားများ အပေါ်၌ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိလာအောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ရှုမှတ်ခြင်း ဖြစ်ပါသည်။

ဟင်းချက်နည်းဥပမာဖြင့် ရှင်းလင်းဖော်ပြရလျှင် ပထမဉာဏ်စဉ်အုပ်စု သည် 'ဟင်းလျာ' တစ်မျိုးကို စုသည့်သဘော ဖြစ်ပါသည်။ ဤနေရာ၌ စုသည့် ဟင်းလျာမှာ 'ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း ကိစ္စ' ဖြစ်ပါသည်။ ဤကိစ္စကို မဇ္ဈိမပဋိပဒါရှုထောင့်မှ ချဉ်းကပ်လျှင် 'နိမိတ္တ' ဟုသော အစွန်းတစ်ဖက်မှ ထမြောက်ရန် အားထုတ်မှုဟူ၍ ဆိုအပ်ပါသည်။ ဟင်းချက်နည်းဥပမာအရ ဧက ရသ (ဝိမုတ္တိရသ) ရှုထောင့်မှ ချဉ်းကပ်လျှင် 'ဟင်းလျာ' တစ်မျိုးသဖွယ်ဖြစ်သည့် 'ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း' ဟူသော 'ရသ' တစ်မျိုးကို စုဆောင်းခြင်း ဟူ၍ ဆိုအပ်ပါသည်။ လောကီအဆင့်၌သာ ရှိသေး၍ အမျိုးမျိုးသောရသ (နာနာရသ) ကို ဆောင်နိုင်ခြင်း ဖြစ်ပါသည်။

### (ခ) သမုဒယသစ္စာကို စွန့်ပယ်ခြင်း

သမုဒယသစ္စာကို ပယ်စွန့်ခြင်းကိစ္စသည် ဉာဏ်စဉ်ဒုတိယအုပ်စု၏ ပဓာန လုပ်ငန်း ဖြစ်ပါသည်။ ဉာဏ်စဉ် ဒုတိယအုပ်စုတွင် ဉာဏ်သုံးမျိုး ပါဝင်ပါသည်။ ယင်း ဉာဏ်သုံးမျိုးတို့သည် ရုပ်၊ နာမ်၊ သင်္ခါရ တရားများအပေါ်၌ တပ်မက်ခြင်း ကင်းအောင် ကြိုးပမ်းကြပါသည်။ ဤသို့ ကြိုးပမ်းခြင်းမှာ သမုဒယသစ္စာကို ပယ်စွန့်ခြင်း ဖြစ်ပါသည်။ သမုဒယသစ္စာကို ပယ်စွန့်ခြင်းသည် အစွန်းတစ်ဖက် [illegible] သည်။ ယင်းကို ဝိပဿနာဝေါဟာရဖြင့် 'ပဝတ္တ' ဟူ၍ ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်စဉ် ဒုတိယအုပ်စုအဆင့်တွင် မဇ္ဈိမပဋိပဒါအရ ကျန်အစွန်းတစ်ဖက်ဖြစ်သည့် 'ပဝတ္တ' မှ ထမြောက်ရန် ကြိုးပမ်းပါသည်။

ဉာဏ်စဉ် ပထမအုပ်စုအဆင့်တွင် မဇ္ဈိမပဋိပဒါအရ အစွန်းတစ်ဖက်ဖြစ်သော 'နိမိတ္တ' မှ ထမြောက်ရန် ပဓာနအားဖြင့် အားထုတ်ရပါသည်။ 'နိမိတ္တ' ဟူသည် အဘိဓမ္မာဝေါဟာရအရ အာရုံဖြစ်ပါသည်။ ထို့ကြောင့် အာရုံသင်္ခါရတရားများ၏ ဖြစ်၊ ပျက်ကို ရှုမှတ်ရန် ဉာဏ်စဉ် ပထမအုပ်စု၏တာဝန် ဖြစ်ပါသည်။ ပဓာနလုပ်ငန်းမှာလည်း ဒုက္ခသစ္စာကို ပိုင်းခြား၍သိရန် ဖြစ်ပါသည်။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းသည် ဗဟိဒ္ဓသဘော သက်ရောက်သည့် အာရုံသင်္ခါရတရားများနှင့် ဆိုင်ပါသည်။ ဤဉာဏ်စဉ် ဒုတိယအုပ်စုအဆင့်၌ ကျန်အစွန်းတစ်ဖက်ဖြစ်သော 'ပဝတ္တ' မှ ထမြောက်ရန် ပဓာနအားဖြင့် အားထုတ်ရပါသည်။ 'ပဝတ္တ' ဟူသည် အဘိဓမ္မာဝေါဟာရအရ အာရမ္မဏိကဖြစ်ပါသည်။ ထို့ကြောင့် ဉာဏ်စဉ် ဒုတိယအုပ်စုအဆင့်တွင် 'နိမိတ္တ' မှလည်း ထ ရန် လိုပါသည်။ 'ပဝတ္တ' မှလည်း ထ ရန် လိုပါသည်။ 'နိမိတ္တ' မှ ထ ရန် လုပ်ငန်းမှာ လုပ်ငန်းဟောင်း ဖြစ်ပါသည်။ ယင်းလုပ်ငန်းကို ဉာဏ်စဉ်ပထမအုပ်စုက လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။ ယခု ဉာဏ်စဉ် ဒုတိယအုပ်စုက ဉာဏ်စဉ် ပထမအုပ်စု၏ လုပ်ငန်းဟောင်းကို ဟင်းချက်နည်း ဥပမာအတိုင်း 'ဟင်းလျာ' တစ်မျိုးသဖွယ် ဆက်လက်၍ စုပေါင်းလုပ်ဆောင်ခြင်း ဖြစ်ပါသည်။ သို့ရာတွင် 'ပဝတ္တ' မှ ထ ရန် လုပ်ငန်းမှာ လုပ်ငန်းသစ် ဖြစ်ပါသည်။ ယင်းလုပ်ငန်းကို ဤဉာဏ်စဉ် ဒုတိယအုပ်စုက စတင် လုပ်ဆောင်ပါသည်။ ထို့ကြောင့် အစွန်းနှစ်ဖက်မှ ထမြောက်ခြင်း (ဥဘတောဝုဋ္ဌာန) သဘောသည် ဉာဏ်စဉ် ဒုတိယအုပ်စု အဆင့်တွင် စတင်ပေါ်ပေါက်ပါသည်။ သို့ဖြစ်၍ ဉာဏ်စဉ် ဒုတိယအုပ်စုအဆင့်သည် အစွန်းတစ်ဖက်ဖြစ်သော 'နိမိတ္တ' မှ ထမြောက်ရေးအတွက် အာရုံသင်္ခါရ တရားများ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောများကို ရှုမှတ်ရပါသည်။ ကျန်အစွန်းတစ်ဖက်ဖြစ်သော 'ပဝတ္တ' မှ ထမြောက်ရေးအတွက် အာရမ္မဏိက သင်္ခါရ တရားများ၏ လက္ခဏာယာဉ် သုံးပါးဖြစ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောများကို ရှုမှတ်ပွားများ ရပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဉာဏ်စဉ် ဒုတိယအုပ်စုသည် ရှုမှတ်စရာ အာရုံတရားများ၏ ဖြစ်၊ ပျက်နှင့် ယင်းတို့၏ ဖြစ်၊ ပျက်ကို ရှုမှတ်နေသော အာရမ္မဏိကတရားများ၏ ဖြစ်၊ ပျက်ကိုပါ ရှုမှတ်ရပါသည်။

ရှုမှတ်စရာ အာရုံတရားများ၏ ဖြစ်၊ ပျက်ကို ရှုမှတ်ခြင်းသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိရန်နှင့် နိမိတ္တမှ ထမြောက်ရန် ဖြစ်ပါသည်။ထို့အပြင် အာရုံသင်္ခါရတရားများ၏ ဖြစ်၊ ပျက်ကို မှတ်သိနေသော အာရမ္မဏိက သင်္ခါရတရားများ၏ ဖြစ်၊ ပျက်ကိုပါ ဆင့်၍ ဆင့်၍ ရှုမှတ်ခြင်းသည် သမုဒယသစ္စာကို ပယ်ရန်နှင့် ပဝတ္တမှ ထမြောက်ရန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဟင်းချက်နည်း ဥပမာအတိုင်း ဉာဏ်စဉ် ဒုတိယအုပ်စုသည် ဟင်းမဖြစ်မီ ဟင်းလျာပစ္စည်းများကို စုပေါင်းထည့်သည့်သဘောဖြင့် မဇ္ဈိမပဋိပဒါအရ နိမိတ္တမှ ထ ရန်လည်း လုပ်ဆောင်ရသည်။ ပဝတ္တမှ ထ ရန်လည်း လုပ်ဆောင်ရသည်။ ဧကရသ (ဝိမုတ္တိရသ) အရ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိရန်လည်း လုပ်ဆောင်ရသည်။ သမုဒယသစ္စာကို ပယ်စွန့်ရန်လည်း လုပ်ဆောင်ရသည်။ ဤသို့လုပ်ဆောင်ခြင်းသည် ဟင်းမဖြစ်မီ ဟင်းလျာပစ္စည်းများကို စုပေါင်းရသည့်သဘောဖြစ်သည် ဟူ၍လည်း ဆိုကြပါသည်။ လောကုတ္တရာအဆင့်၌ တစ်မျိုးတည်းသောရသ (ဝိမုတ္တိရသ) မတိုင်မီ လောကီအဆင့်၌ အမျိုးမျိုးသောရသ (နာနာရသ) ကို စုပေါင်းသည့်သဘော ဖြစ်သည်ဟူ၍လည်း ဆိုကြပါသည်။

**(ခ) မဂ္ဂသစ္စာကို ပွားများခြင်း**

မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စသည် ဉာဏ်စဉ် တတိယအုပ်စု၏ ပဓာန လုပ်ငန်း ဖြစ်ပါသည်။ ဉာဏ်စဉ် တတိယအုပ်စုတွင် ဉာဏ်သုံးမျိုး ပါဝင်ပါသည်။ ယင်းဉာဏ်သုံးမျိုးသည် အာရုံသင်္ခါရတရားများနှင့် အာရမ္မဏိကသင်္ခါရတရားများ၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောများကို ရှုမှတ်ရင်း နိမိတ္တမှ ထ ရန်လည်း ကြိုးပမ်းပါသည်။ ပဝတ္တမှ ထ ရန်လည်း ကြိုးပမ်းပါသည်။ နိမိတ္တမှ ထ ရန် ကြိုးပမ်းရင်း ဒုက္ခသစ္စာကို ပိုင်းခြား၍သိရန် အားထုတ်ပါသည်။ ပဝတ္တမှ ထ ရန် ကြိုးပမ်းရင်း သမုဒယသစ္စာကို ပယ်စွန့်ရန် အားထုတ်ပါသည်။

ဟင်းချက်နည်း ဥပမာအတိုင်း ဟင်းချက်ရန် အားထုတ်သောအခါ ဟင်းအိုးတွင် ဟင်းလျာပစ္စည်းများကို စုပေါင်းထည့်ရပါသည်။ ထိုနည်းအတူ 'ဝိမုတ္တိရသ' ရရန် အားထုတ်သောအခါ ဝိပဿနာလုပ်ငန်းတွင် သစ္စာဆိုင်ရာ ကိစ္စ လေးချက်တို့ကို စုပေါင်းထည့်ရပါသည်။ ဟင်းချက်သောအခါ မီးဖြင့်ချက်သကဲ့သို့ ဝိပဿနာ အားထုတ်သောအခါ သီလ၊ သမာဓိ၊ ပညာများဖြင့် အားထုတ်ရပါသည်။ ဟင်းချက်ရာ၌ ဟင်း၏ရသ ပေါ်လာအောင် မီးကို လိုအပ်သော အတိုင်းအတာအထိ ပေးရသကဲ့သို့ ဝိပဿနာအားထုတ်ရာ၌ ဝိမုတ္တိရသ ပေါ်လာအောင် သီလ၊ သမာဓိ၊ ပညာတို့ကို လိုအပ်သော အတိုင်းအတာအထိ ပွားများရပါသည်။ ဤသို့ သီလ၊ သမာဓိ၊ ပညာတို့ကို ပွားများနိုင်သည်နှင့်အမျှ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စနှင့် သမုဒယသစ္စာကို ပယ်စွန့်ခြင်းကိစ္စတို့သည် ပို၍ ထင်ရှားလာမည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဒုက္ခ







www.burmeseclassic.com

www.burmeseclassic.com



သစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စနှင့် သမုဒယသစ္စာကို ပယ်စွန့်ခြင်းကိစ္စတို့သ
ဧကရသ သဘောဖြင့် မဟုတ်စေကာမူ နာနာရသ သဘောဖြင့် မဂ္ဂသစ္စာ
ပွားများခြင်းကိစ္စနှင့် ရောနှောသွားမည် ဖြစ်ပါသည်။

ဟင်းချက်နည်း ဥပမာအရဆိုလျှင် ဉာဏ်စဉ်တတိယအုပ်စု၌ ကိစ္စ
ချက်တို့ စုပေါင်းမိပြီ ဖြစ်ပါသည်။ ကိစ္စ လေးချက်တို့ စုံညီ ပေါင်းမိသွား
အခါ 'သမဝါယသမ္ဗန္ဓ' သဘောဖြင့် နောက်ဆုံး၌ 'ဧကရသ' ထွက်ပေါ်လာ
ဖြစ်ပါသည်။ ယခု အဆင့်၌မူ 'သံယောဂသမ္ဗန္ဓ' သဘောဖြင့် ပေါင်းစပ်ခြင်းဖြ
'ဧကရသ' မထွက်ပေါ်သေးဘဲ 'နာနာရသ' သာ ထွက်ပေါ်မည် ဖြစ်ပါသ
'ဧကရသ' မထွက်ပေါ်သေးဘဲ 'နာနာရသ' သာ ထွက်ပေါ်နိုင်သောကြော
မဇ္ဈိမပဋိပဒါအရ နိမိတ္တနှင့် ပဝတ္တမှ ထ ရာ၌လည်း တစ်ပြိုင်နက်တ
(ဧကက္ခဏ) မထနိုင်သေးဘဲ ရှေ့ဆင့်နောက်ဆင့် (နာနာက္ခဏ) အနေဖြင့်
ထနိုင်မည် ဖြစ်ပါသည်။ ဉာဏ်စဉ် တတိယအုပ်စုသည် ဤမျှသာ စွမ်းဆော
နိုင်မည် ဖြစ်ပါသည်။ ဤဉာဏ်စဉ် တတိယအုပ်စုအဆင့်ကို ပဓာနလုပ်
အားဖြင့် မဂ္ဂသစ္စာကို ပွားများမှု ဖြစ်ပေါ်လာရေးအတွက် လက္ခဏာများ ပေါ်
အောင် ရှုမှတ်ပွားများသောအဆင့် ဟူ၍လည်း ဆိုကြပါသည်။

**(ဃ) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း**

နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စသည် ဉာဏ်စဉ် စတုတ္ထအုပ်စု
ပဓာနလုပ်ငန်း ဖြစ်ပါသည်။ ဉာဏ်စဉ် စတုတ္ထအုပ်စုတွင် ပါဝင်သော ဉာဏ်
ကို အနုလောမဉာဏ်များဟု ခေါ်ပါသည်။ 'အနုလောမ' ဟူသော ပါဠိဝေါဟာ
၏ အနက်မှာ 'လျော်ခြင်း' ဟူ၍ ဖြစ်ပါသည်။ ယင်းဉာဏ်များသည် ရှေ့ပိုင်
လောကီ သဘောရှိသည့် ဝိပဿနာဉာဏ်များနှင့်လည်း လျော်ပါသည်။ နောက်ပိုင်
လောကုတ္တရာသဘောရှိသည့် မဂ်ဉာဏ်အပါအဝင် ဗောဓိပက္ခိယတရားများ
လည်း လျော်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အနုလောမဉာဏ်များသ
သင်္ခါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာများကို တစ်ဖက်ကရှု
အခြားတစ်ဖက်က သင်္ခါရတရားတို့၏ ငြိမ်းရာ နိဗ္ဗာန်ကို ရှာဖွေနေသဖြင့် လော
လောကုတ္တရာ နှစ်မျိုးလုံးနှင့် လိုက်လျောညီထွေ ရှိပါသည်။ ယင်း အနုလော
ဉာဏ်များသည် ဉာဏ်ထက်သူများအတွက် ဥပစာ၊ အနုလုံဟူ၍ နှစ်ကြိမ် ဖြ
သည်။ ဉာဏ်နုံ့သူများအတွက် ပရိကမ်၊ ဥပစာ၊ အနုလုံဟူ၍ သုံးကြိမ် ဖြစ်ပါသည်

ဟင်းချက်နည်း ဥပမာအရဆိုရလျှင် ဤအဆင့်တွင် 'ဟင်းလျာ' သဖွ
ဖြစ်သည့် ကိစ္စ လေးချက် စုံသင့်သလောက်စုံပြီး ဖြစ်ပါသည်။ ကိစ္စ လေးချက်
စုံသင့်သလောက် စုံသော်လည်း 'ဧကရသ' အဖြစ်သို့ မရောက်သေးဘဲ 'နာ





' သဘောသာ ရှိပါသေးသည်။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စအားဖြင့်
ိတ္တ' မှ ထ မြောက်တော့မည် ဖြစ်ပါသည်။ သမုဒယသစ္စာကို ပယ်စွန့်ခြင်း
ကိစ္စအားဖြင့် 'ပဝတ္တ' မှ ထ မြောက်တော့မည် ဖြစ်ပါသည်။ နိမိတ္တနှင့် ပဝတ္တမှ
ပြိုင်နက် ထမြောက်ရေးအတွက် ဖော်ပြပါ ကိစ္စ နှစ်ခုတို့ တစ်သားတည်း
င်းစပ်သွားတော့မည် ဖြစ်ပါသည်။ ထိုကဲ့သို့ ပေါင်းစပ်နိုင်ရေးအတွက် အပူ
ရိုသဖွယ်ဖြစ်သည့် မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စသည်လည်း တဖြည်းဖြည်း
လောက်ပြည့်စုံလာပြီ ဖြစ်ပါသည်။ သို့ရာတွင် ဤအဆင့်၌ နိရောဓသစ္စာကို
က်မှောက်ပြုခြင်းကိစ္စသည် လုံလောက်ခြင်း မရှိသေးဘဲ အခြေပျိုးရုံမျှသာ ရှိပါ
းသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဤအဆင့်၌ ပရိဇာနနကိစ္စ၊ ပဟာနကိစ္စ
ဘာဝနာကိစ္စ သုံးမျိုးသာ ပေါ်ပေါ်ထင်ထင်ရှိပြီး သစ္ဆိကရဏကိစ္စမှာ ပေါ်ပေါ်
င်ထင် မရှိသေးကြောင်း တွေ့ရပါသည်။

ဟင်းချက်နည်း ဥပမာအရ ပရိဇာနနကိစ္စနှင့် ပဟာနကိစ္စတို့မှာ မုရင်း
င်းလျာပစ္စည်းများနှင့်တူပြီး ဘာဝနာကိစ္စမှာ မီးအပူချိန်နှင့် တူပါသည်။ သစ္ဆိ
ဏကိစ္စမှာ အခြေအနေသစ်တစ်ရပ်ကို ဖြစ်ပေါ်စေမည့် ပြောင်းလဲမှုနှင့် တူပါ
သည်။ ဟင်းအိုးထဲ၌ ဟင်းလျာပစ္စည်းများကို ထည့်၍ ချက်လိုက်သောအခါ
င်း' ဖြစ်လာသည်နှယ် ဥါရ ခြောက်ပါးတို့၌ ပစ္စုပ္ပန်ကျကျ ထင်လာသော
ာမ် သင်္ခါရတရားများအပေါ် ပရိဇာနနကိစ္စ (နိမိတ္တဝုဋ္ဌာန) နှင့် ပဟာနကိစ္စ
ဝတ္တဝုဋ္ဌာန) တို့ တစ်ပြိုင်နက် ဖြစ်ရေးအတွက် ဘာဝနာကိစ္စ (မဇ္ဈိမပဋိပဒါ)
ည် အပူချိန်ဒီဂရီသဖွယ် တဖြည်းဖြည်း ပွားရင်း ပွားရင်း သစ္ဆိကရဏကိစ္စ
ည်းဟူသော နောက်ဆုံးပြောင်းလဲမှုသဘောကို ကြုံလိုက်သည်နှင့် တစ်ပြိုင်နက်
စ်ခုတည်းသောရသ (ဝိမုတ္တိရသ) သည် ပေါ်ထွက်လာပြီး လောကုတ္တရာ
လာမည် ဖြစ်ပါသည်။

ဤဉာဏ်စဉ် စတုတ္ထအုပ်စု၌ ပရိဇာနနကိစ္စ၊ ပဟာနကိစ္စနှင့် ဘာဝနာကိစ္စ
ုံးမျိုးတို့သည် ပေါ်ပေါ်ထင်ထင် ထွက်ပေါ်ပြီး လောကုတ္တရာတည်းဟူသော
ခြေအနေသစ်တစ်ရပ်ကို ဖန်တီးရန် အသင့်အနေအထားတွင် ရှိနေကြပြီ ဖြစ်ပါ
သည်။ ပေါ်ပေါ်ထင်ထင် ဖြစ်လာမည့် သစ္ဆိကရဏကိစ္စကို စောင့်ဆိုင်းနေသည့်
သဘော ဖြစ်ပါသည်။ သစ္ဆိကရဏကိစ္စသည် မထင်ရှားသေးအဆင့်မှ ထင်ရှား
သောအဆင့်သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ဥဘတောဝုဋ္ဌာနခေါ် ခွဲခြ
ပါသည် နိမိတ္တအစွန်းနှင့် ပဝတ္တအစွန်းမှ တစ်ပြိုင်နက် ထမြောက်၍ အခြေ
နေသစ်တစ်ရပ်တည်းဟူသော လောကုတ္တရာသဘောကို ဆောင်သည် ဖြစ်ပါ
သည်။ လောကုတ္တရာသဘောဟူသည်မှာ နာနာရသဘည်းဟူသော 'ရသ' ဆေး



www.burmeseclassic.com

www.burmeseclassic.com



မျိုးမှ ဝိမုတ္တိရသတည်းဟုသော တစ်ခုတည်းသော ဧကရသတို့ တစ်ပြိုင်နက် ပြောင်းသွားခြင်း ဖြစ်ပါသည်။ ဧကရသသို့ မပြောင်းသွားမီ ဤစတုတ္ထဉာဏ် အုပ်စု၌ နာနာရသ သဘောကို ဆောင်ဆဲ ဖြစ်ပါသည်။

## ဂေါတြဘုဉာဏ်

ဂေါ်ြဘုဉာဏ်ကား စပ်ကူးမတ်ကူး သဘောရှိသော ဉာဏ်ပင် ဖြစ်၏။ အာရုံ ကသဘောအရ လောကီဖြစ်၏။ အာရုံသဘောအရ လောကုတ္တရာ ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရလျှင် လောကီဉာဏ် ဂေါတြဘုသည် လောကုတ္တရာ အာရုံ နိဗ္ဗာန်ကို အာရုံပြုလေသည်။ နိဗ္ဗာန်ကို အာရုံပြုသည့်အတွက် ဂေါတြဘု ဉာဏ်ကို ဝိပဿနာဉာဏ်စဉ်၌ ထည့်သွင်းရေတွက်ခြင်း မပြုကြပါချေ။ ဝိပဿနာ ဉာဏ်ဟူသည်မှာ သင်္ခါရအာရုံတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာအားဖြင့် သိသောဉာဏ်မျိုးသာ ဖြစ်ပါသည်။ နိဗ္ဗာန်ကို သိသောဉာဏ်မျိုး မဟုတ်။ ဂေါတြဘုဉာဏ်ကား သင်္ခါရကို မသိ၊ နိဗ္ဗာန်ကိုသာ သိသည်။ ထို့ကြောင့် ဂေါတြဘုဉာဏ်ကို ဝိပဿနာဉာဏ်စဉ်၌ မထည့်သွင်းခြင်း ဖြစ်ပါသည်။

သင်္ခါရတရားတို့အပေါ် ဝိပဿနာရှုရာ၌ ဂေါတြဘုဉာဏ် ဖြစ်ပေါ်လာ သောအခါ သန္တိကရဏကိစ္စသည် ပီပီပြင်ပြင် ဖြစ်လာပါသည်။ ထင်ရှားသော အဆင့်သို့ ရောက်လာပါသည်။ ကိစ္စ လေးချက်သည် ပြည့်စုံလာပြီ ဖြစ်ပါသည်။ ကိစ္စ လေးချက် ပြည့်စုံသည်နှင့် တစ်ပြိုင်နက် နာနာရသမှ ဧကရသသို့ ကူးပြောင်း သွားပြီ ဖြစ်ပါသည်။ လောကအခြေအနေမှ လောကုတ္တရာအခြေအနေသို့ ကူး ပြောင်းသွားပြီ ဖြစ်ပါသည်။ ပိဋကတ်စာပေများတွင် နာနာရသမှ ဧကရသသို့ ကူးပြောင်းသွားခြင်းကို ရသ (ကိစ္စ) ရှုထောင့်မှ 'ဝိမုတ္တိရသ' ဟု ခေါ်ပါသည်။ လောကအခြေအနေမှ လောကုတ္တရာအခြေအနေသို့ ကူးပြောင်းသွားခြင်းကို ပုဂ္ဂ ရှုထောင့်မှ 'အရိယာ' ဟု ခေါ်ပါသည်။ ဤသဘောကိုပင် ဓမ္မရှုထောင့်မှ 'မဂ် ဟု ခေါ်ကြပါသည်။ အမှန်အားဖြင့် မဂ်စိတ်ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အစွန်း နှစ်ဖက်မှ တစ်ပြိုင်နက်တည်း လွတ်မြောက်ပါသည်။ ထို့ကြောင့် မဂ်စိတ် ကို အစွန်း နှစ်ဖက်မှ လွတ်မြောက်ခြင်း (ဥဘတောဝုဋ္ဌာန) ဟူ၍လည်း ခေါ်ပါ သည်။ အလယ်ကျင့်စဉ် (မဇ္ဈိမ ပဋိပဒါ) ဟူ၍လည်း ခေါ်ပါသည်။

## မျက်မှောက်ပြုခြင်း (သစ္ဆိကရဏ)

မျက်မှောက်ပြုခြင်းကို ပါဠိဝေါဟာရဖြင့် 'ပစ္စက္ခ' ဟူ၍လည်း ခေါ်ပါသည်။ 'သစ္ဆိကရဏ' ဟူ၍လည်း ခေါ်ပါသည်။ ပစ္စက္ခနှင့် သစ္ဆိကရဏတို့သည် မြန်မာ





ဝေါဟာရဖြင့် 'မျက်မှောက်ပြုခြင်း' ချည်း ဖြစ်စေကာမူ ဆိုလိုရင်း အဓိပ္ပာယ် အားဖြင့် ခြားနားပါသည်။

'ပစ္စက္ခ' မျက်မှောက်ပြုခြင်းမှာ ကာယကံရှင်များအဖြစ် မျက်မှောက်ပြု ခြင်း ဖြစ်ပါသည်။ ဤနေရာ၌ ကာယကံရှင်များ ဆိုသည်မှာ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော၊ အစိုင်အခဲသဘောတို့ ပါဝင်နေခြင်းကို ဆိုလိုပါသည်။ ပုဂ္ဂိုလ် သဘော၊ သတ္တဝါသဘော၊ အစိုင်အခဲသဘောတို့ ပါဝင်နေပါကလည်း လုပ်သူ (ကတ္တား) နှင့် ခံရသူ (ကမ္မ) တည်းဟူသော ကာရကသဘောတို့ ပါဝင်မည် ဖြစ်ပါသည်။ ယင်း ကာရကသဘောကိုပင် အစွန်းတရားများဟူ၍ ဆိုလိုပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကတ္တား (လုပ်သူ) အုပ်စု၌ ပါဝင်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစိုင်အခဲများကို ပဝတ္တ (အဇ္ဈတ္တ) အစွန်း၌ ထည့်ပါသည်။ ကမ္မ (ခံရသူ) အုပ်စု၌ ပါဝင်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစိုင်အခဲများကို နိမိတ္တ (ဗဟိဒ္ဓ) အစွန်း၌ ထည့်ပါသည်။ ဤသည်ပင်လျှင် အစွန်းနှစ်ပါး ဖြစ်ပါသည်။ ထို့ကြောင့် 'ပစ္စက္ခ' မျက်မှောက်ပြုခြင်းဆိုသည်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထုများက ကာယကံရှင် (ကာရက) များအနေဖြင့် မျက်မှောက်ပြုခြင်းမျိုးကို ဆိုပါသည်။ ယင်းကို လောကမျက်မှောက်ပြုခြင်းဟူ၍ ခေါ်နိုင်ပါသည်။

'သစ္ဆိကရဏ' မျက်မှောက်ပြုခြင်းမှာ ကာယကံရှင်များသဘော မပါ ဝင်ပါ။ ကာရကသဘောများ မပါဝင်ပါ။ ပုဂ္ဂိုလ် သတ္တဝါသဘော၊ အစိုင်အခဲ သဘောများ မပါဝင်ပါ။ ထို့ကြောင့် အစွန်း နှစ်ဖက်မှ လွတ်ပါသည်။ အစွန်း နှစ်ဖက်မှ လွတ်သဖြင့် နိမိတ္တ (ဗဟိဒ္ဓ) အုပ်စု၌လည်း မပါဝင်။ ပဝတ္တ (အဇ္ဈတ္တ) အုပ်စု၌လည်း မပါဝင်။ တစ်နည်းအားဖြင့်ဆိုရလျှင် 'သစ္ဆိကရဏ' မျက်မှောက် ပြုခြင်းဟူသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစိုင်အခဲများအနေဖြင့် မဟုတ်ဘဲ ဓမ္မသဘော သက်သက်အနေဖြင့်သာ မျက်မှောက်ပြုခြင်းမျိုး ဖြစ်ပါသည်။ ယင်းကို လော ကုတ္တရာ မျက်မှောက်ပြုခြင်းဟူ၍ ခေါ်နိုင်ပါသည်။

ဤသည်မှာ 'ပစ္စက္ခ' မျက်မှောက်ပြုခြင်းနှင့် 'သစ္ဆိကရဏ' မျက်မှောက် ပြုခြင်းတို့၏ ခြားနားမှု ဖြစ်ပါသည်။ ဤခြားနားမှုအရ လောကမျက်မှောက်ပြုခြင်း နှင့် လောကုတ္တရာမျက်မှောက်ပြုခြင်းတို့ကို ခွဲခြား၍ နားလည်အပ်ပါသည်။ ဤသို့ နားလည်လျှင် ဟင်းချက်နည်းဥပမာအတိုင်း အမျိုးမျိုးသောရသ (လောက) မှ တစ်ခုတည်းသောရသ (လောကုတ္တရာ) သို့ ကူးပြောင်းပုံသဘောကို နားလည် နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် အစွန်း နှစ်ဖက်မှ လွတ်မြောက်ပုံ (မဇ္ဈိမပဋိပဒါ) သဘောကိုလည်း နားလည်မည် ဖြစ်ပါသည်။ ထိုသို့နားလည်လျှင် သဘာဝ ... 'သဒ္ဓါ' တရားကို ထူထောင်နိုင်ပြီဖြစ်၍ 'ဝိပဿနာ' လမ်းကြောင်း ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်၊ အန္ဒယဉာဏ်၊ သစ္စိကရဏဉာဏ်တို့ကို အစဉ်အတိုင်း ရနိုင်တော့မည် ဖြစ်ပါသည်။

ရုပ်၊ နာမ်တရားများကို ဝိပဿနာရှုရာ၌ ပစ္စုပ္ပန်ကျကျ သိသောဉာဏ်ကို 'ပစ္စက္ခ' ဉာဏ်ဟု ခေါ်ပါသည်။ ယင်း ပစ္စက္ခဉာဏ်သည် အသီးသီးကို ပစ္စုပ္ပန် ကျကျ သိပါသည်။ ဝိပဿနာရှုရာ၌ အသီးသီးကို ပစ္စုပ္ပန်ကျကျ သိရုံနှင့် မလုံ လောက်သေးသဖြင့် အလုံးစုံကို ပေါင်းရုံး၍ သိရန်လည်း လိုအပ်ပါသည်။ ယင်း ကဲ့သို့ ပေါင်းရုံး၍ သိခြင်းသည် ပစ္စက္ခဉာဏ်ကို အခြေခံ၍သိခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ယင်းကို 'အန္ဒယဉာဏ်' ဟု ခေါ်ပါသည်။ ဝိပဿနာရှုရာ၌ ဤကဲ့သို့ ပစ္စက္ခဉာဏ်ဖြင့် အစိတ်စိတ်သိလိုက်၊ အန္ဒယဉာဏ်ဖြင့် ပေါင်းရုံး၍ သိလိုက်ဖြင့် နောက်ဆုံး၌ 'သစ္စိကရဏဉာဏ်' ကို ရပါသည်။ ထိုဉာဏ်သုံးမျိုးတို့တွင် ပစ္စက္ခ ဉာဏ်နှင့် အန္ဒယဉာဏ်သည် လောကီဉာဏ်များဖြစ်၍ သစ္စိကရဏဉာဏ်သည် လောကုတ္တရာဉာဏ် ဖြစ်ပါသည်။

## လောကသိ

ဤလောက၌ သိစရာအရုံများနှင့် ပတ်သက်၍ ပုထုဇဉ်ပုဂ္ဂိုလ်တို့ သိသော အသိ ဟူသမျှသည် အမှန် (ပရမတ္ထ) သိ မဟုတ်ဘဲ အတုအယောင် (ပညတ္တိ) သိများသာ ဖြစ်ပါသည်။ အတုအယောင် (ပညတ္တိ) သိ ဆိုသည်မှာ ဤလောကရှိ သိစရာ သက်ရှိ သက်မဲ့ အားလုံးတို့ကို တစ်ခုတည်းအနေဖြင့် သိခြင်း ဖြစ်ပါသည်။ ယင်းကို ဗုဒ္ဓစာပေများ၌ လေးမျိုး ခွဲခြား၍ ဖော်ပြထားပါသည်။ ယင်း လေးမျိုး မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| (၁) သန္တတိ ဃန | = | ကာလအားဖြင့် တစ်ခုတည်း၊ |
| (၂) သမူဟဃန | = | ဒေသ (သဘာဝ) အားဖြင့် တစ်ခုတည်း။ |
| (၃) ကိစ္စဃန | = | ကြိယာ (ဗျာပါရ) အားဖြင့် တစ်ခုတည်း။ |
| (၄) အာရမ္မဏဃန | = | အရာဝတ္ထု (အာရုံ) အားဖြင့် တစ်ခုတည်း။ |

### (၁) သန္တတိ ဃန = ကာလအားဖြင့် တစ်ခုတည်း

သန္တတိ ဟူသည် မပြတ်စပ်လျက်ဖြစ်သော ရှေ့နောက်အစဉ် ဖြစ်သည်။ ဃန ဟူသည် တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း ဖြစ်သည်။ ဖြစ်ရပ်များသည် ကာလအလိုက် ရှေ့နောက်အစဉ်အားဖြင့် တစ်ခုစီ တစ်ခုစီ၊ အပိုင်း အပိုင်း၊ အပြတ်အပြတ် ဖြစ်ပါလျက် တစ်ခုတည်းသဖွယ် ဖြစ်ပေါ်နေကြ၏။ ဤ သန္တတိဃနသည် ကာလ၏ သရုပ်ဆောင်မှု ဖြစ်ပါသည်။ ဖြစ်ရပ် (ကြိယာ) များ၏ အစဉ်အတန်းသည်ပင် 'ကာလ' ဖြစ်သည်ဟု ဆိုကြပါသည်။ ထိုကာလ၏





ရှမ်းအင်ကြောင့် ပုထုဇဉ်တို့သည် အစိတ်အစိတ်ဖြစ်သော ဖြစ်ရပ်များကို အစိတ် အစိတ်ခွဲ၍ မမြင်ဘဲ တစ်ခုတည်း၊ တစ်ပေါင်းတည်းကဲ့သို့ မြင်ကြပါသည်။ သိကြပါသည်။ လျှပ်စစ်မီးဆိုင်းဘုတ်ကဲ့သို့ တစ်လုံးစီ၊ တစ်လုံးစီ ရှေ့နောက်စဉ် က လင်းခြင်းဖြစ်ပါလျက် တစ်ခုတည်းက တစ်ပြိုင်နက်လင်းခြင်းဟု ထင်မှတ် ခြင်းမျိုး ဖြစ်ပါသည်။ ထို့ကြောင့် သန္တတိဃနကို အဓိပ္ပာယ်နက်အရ 'ကာလ အားဖြင့် တစ်ခုတည်း' ဟု ဖော်ပြခြင်း ဖြစ်ပါသည်။

### (၂) သမူဟဃန = ဒေသ (သဘာဝ) အားဖြင့် တစ်ခုတည်း

သမူဟ ဟူသည် အရာဝတ္ထုတို့၏ အပေါင်းဖြစ်သည်။ ဃန ဟူသည် တစ်လုံး တစ်စည်းတည်း၊ တစ်ခုတည်း ဖြစ်သည်။ ဤလောက၌ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ တစ်ခုတည်းအနေဖြင့် မတည်နိုင်ဘဲ အပေါင်းအစု အနေဖြင့်သာ တည်နိုင်သည်။ ရုပ်ဖြစ်လျှင်လည်း အဝိနိဗ္ဘောဂရုပ် ရှစ်ခု ပါဝင်သည်။ နာမ်ဖြစ်လျှင်လည်း အနည်းဆုံး သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်လုံးနှင့်တကွ စိတ်တစ်လုံး၊ ပေါင်း စိတ်၊ စေတသိက် ရှစ်လုံး ပါဝင်သည်။ သို့ပါလျက် တစ်ခုတည်းကဲ့သို့ မြင်ရသည်။ သိရသည်။ ဤ သမူဟဃနသည် ဒေသ၏သရုပ်ဆောင်မှု ဖြစ်သည်။ ဖြစ်တတ်သော အရာဝတ္ထု (ကာရက) များ၏ အစဉ်အတန်းသည်ပင် 'ဒေသ' ဖြစ်သည်ဟု ဆိုကြသည်။ ဖြစ်တတ်သောအရာဝတ္ထု (ကာရက) များ မရှိလျှင် ဖြစ်ခြင်း (ကြိယာ) မရှိ၊ ဖြစ်ခြင်း (ကြိယာ) မရှိလျှင်လည်း ဖြစ်တတ်သော အရာဝတ္ထု (ကာရက) များ မရှိ။ ထို့ကြောင့် ဖြစ်တတ်သောအရာဝတ္ထု (ကာရက) များနှင့် ဖြစ်ခြင်း (ကြိယာ) တို့သည် အချင်းချင်း မှီနေကြသည်။ ခွဲ၍မရ။ ဤတွင် ဖြစ်တတ်သော အရာဝတ္ထု (ကာရက) များသည် 'သမူဟဃန' ၏ အထိမ်းအမှတ် ဖြစ်သည်။ ဖြစ်ခြင်း (ကြိယာ) သည် 'သန္တတိဃန' ၏ အထိမ်းအမှတ် ဖြစ်သည်။ ထို့ကြောင့် သမူဟဃနကို အဓိပ္ပာယ်နက်အရ 'ဒေသ (သဘာဝ) အားဖြင့် တစ်ခုတည်း' ဟု ဖော်ပြခြင်း ဖြစ်ပါသည်။

### (၃) ကိစ္စဃန = ကြိယာ (ဗျာပါရ) အားဖြင့် တစ်ခုတည်း

ကိစ္စဃန ဟူသည် သန္တတိဃန၏ ဆင့်ပွားဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် 'ကာလ' ၏သရုပ် ဖြစ်ပါသည်။ သန္တတိဃနတွင် 'ကာလ' ၏ အဓိပ္ပာယ်ကို အဓိကထား၍ ရည်ညွှန်းသော်လည်း ဤကိစ္စဃနတွင် 'ကြိယာ' ၏ အဓိပ္ပာယ်ကို အဓိကထား၍ ရည်ညွှန်းပါသည်။ ဤနေရာ၌ ကိစ္စဟူသည် ကြိယာ၏ ဆင့်ပွားပင် ဖြစ်ပါသည်။ အရာဝတ္ထုတစ်ခုကို မြင်ရာ၌ ကိစ္စ သို့မဟုတ် ကြိယာများစွာ ပါဝင်ပါသည်။ မြင်သည် ဟူသည်မှာ ဗုဒ္ဓအဘိဓမ္မာလာ စက္ခုဝိညာဏ်စိတ် တစ်ခု၏ ကိစ္စ ဖြစ်ပါသည်။ ထိုဝီထိစိတ်၌ စိတ်ပေါင်းများစွာ ပါဝင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါဝင်သော စိတ်များသည်လည်း မိမိတို့၏ သီးခြားကိစ္စများကို ဆောင်ရွက်ပါသည်။ သို့ဖြစ်၍ မြင်သည် ဟူရာ၌ မိမိတို့၏ သီးခြားကိစ္စများကို ဆောင်ရွက်ကြသော စိတ်၊ စေတသိက်များ များစွာ ပါဝင်ပါလျက် 'မြင်ခြင်း' ကိစ္စ တစ်ခုတည်းကဲ့သို့ မြင်ပါသည်၊ သိပါသည်။ ခွဲ၍မမြင်၊ ခွဲ၍မသိ။ အလားတူပင် သွားသည် ဟူရာ၌ လောကသဘာဝအရ ခြေကို မ ခြင်း၊ လှမ်းခြင်း၊ ချခြင်း စသည်ဖြင့် ကိစ္စများစွာ ပါဝင်သော်လည်း 'သွားခြင်း' ကိစ္စ တစ်ခုတည်းကဲ့သို့ မြင်ပါသည်၊ သိပါသည်။ ခွဲ၍မမြင်၊ ခွဲ၍မသိ။ ဤသဘောကို 'ကိစ္စဃန' ဟု ခေါ်ပါသည်။ ထို့ကြောင့် ကိစ္စဃနကို အဓိပ္ပာယ်နက်အရ 'ကြိယာ (ဗျာပါရ) အားဖြင့် တစ်ခုတည်း' ဟု ဖော်ပြခြင်း ဖြစ်ပါသည်။

**(၄) အာရမ္မဏဃန = အရာဝတ္ထု (အာရုံ) အားဖြင့် တစ်ခုတည်း။**

အာရမ္မဏဃန ဟူသည် သမူဟဃန၏ ဆင့်ပွားဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် 'ဒေသ' ၏သရုပ် ဖြစ်ပါသည်။ သမူဟဃနတွင် 'ဒေသ' ၏ အဓိပ္ပာယ်ကို အဓိကထား၍ ရည်ညွှန်းသော်လည်း ဤအာရမ္မဏဃနတွင် 'အရာဝတ္ထု' ၏ အဓိပ္ပာယ်ကို အဓိကထား၍ ရည်ညွှန်းပါသည်။ ဤနေရာ၌ အာရမ္မဏ ဟူသည် အရာဝတ္ထု၏ ဆင့်ပွားပင် ဖြစ်ပါသည်။

ဤလောက၌ ရှိရှိသမျှနှင့် ဖြစ်ဖြစ်သမျှ အရာဝတ္ထုများကို အုပ်စုအားဖြင့် နှစ်အုပ်စု ခွဲနိုင်ပါသည်။ ယင်း နှစ်အုပ်စုကို ဒဿနဝေါဟာရအားဖြင့် ကာလအုပ်စုနှင့် ဒေသအုပ်စု ဟူ၍လည်းကောင်း၊ သဒ္ဒါဝေါဟာရအားဖြင့် ကြိယာအုပ်စုနှင့် နာမ်အုပ်စု ဟူ၍လည်းကောင်း၊ လောကဝေါဟာရအားဖြင့် လှုပ်ရှားအုပ်စုနှင့် တည်ငြိမ်အုပ်စု ဟူ၍လည်းကောင်း ခေါ်ကြပါသည်။

ထိုအုပ်စု နှစ်အုပ်စုတို့တွင် သန္တတိဃနနှင့် ကိစ္စဃနတို့သည် ကာလအုပ်စု သို့မဟုတ် ကြိယာအုပ်စု သို့မဟုတ် လှုပ်ရှားအုပ်စု၌ ပါဝင်ကြပြီး သမူဟဃနနှင့် အာရမ္မဏဃနတို့သည် ဒေသအုပ်စု သို့မဟုတ် နာမ်အုပ်စု သို့မဟုတ် တည်ငြိမ်အုပ်စု၌ ပါဝင်ပါသည်။ ထို့ကြောင့် သန္တတိဃနနှင့် ကိစ္စဃန တို့သည် ကာလသဘော၊ ကြိယာသဘော၊ လှုပ်ရှားမှုသဘောအားဖြင့် တစ်ခုတည်း မဟုတ်ပါဘဲလျက် တစ်ခုတည်းအသွင်ကို ဆောင်နေကြခြင်း ဖြစ်ပါသည်။ သမူဟဃနနှင့် အာရမ္မဏဃနတို့သည် ဒေသသဘော၊ နာမ် (အရာဝတ္ထု) သဘော၊ တည်ငြိမ်သဘောအားဖြင့် တစ်ခုတည်း မဟုတ်ပါဘဲလျက် တစ်ခုတည်းအသွင်ကို ဆောင်နေကြခြင်း ဖြစ်ပါသည်။

အာရမ္မဏဃနသဘောအရ မြင်သည် ဟူရာ၌ မြင်စိတ် (စက္ခုဝိညာဉ်) ဖြင့် အဆင်းရူပါရုံကိုသာ မြင်နိုင်ပါသည်။ အကောင်အထည်၊ ဒြပ်သဏ္ဌာန်များကို





မမြင်နိုင်ပါ။ ပုဂ္ဂိုလ်၊ သတ္တဝါများကို မမြင်နိုင်ပါ။ လုခြင်း၊ အကျည်းတန်ခြင်းများကို မမြင်နိုင်ပါ။ သို့ပါလျက် လောကအတွေ့အကြုံအရ အဆင်းရူပါရုံကို သာမက အကောင်အထည်ကိုလည်း မြင်ပါသည်။ ဒြပ်သဏ္ဌာန်များကိုလည်း မြင်ပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါများကိုလည်း မြင်ပါသည်။ လှခြင်း၊ အကျည်းတန်ခြင်းများကိုလည်း မြင်ပါသည်။ သို့ရာတွင် လောကအတွေ့အကြုံအရ အကောင်အထည်၊ ဒြပ်သဏ္ဌာန်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လှခြင်းနှင့် အကျည်းတန်ခြင်းတို့ကို မြင်ခြင်းမှာ အဆင်းရူပါရုံအနေဖြင့် အမှန်တကယ်မြင်ခြင်း မဟုတ်၊ အတုအယောင်မြင်ခြင်းမျိုးသာ ဖြစ်၏။ အမှန်အားဖြင့် အကောင်အထည်၊ ဒြပ်သဏ္ဌာန်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လှခြင်းနှင့် အကျည်းတန်ခြင်းတို့သည် ရူပါရုံများ မဟုတ်ကြ။ ဓမ္မာရုံများသာ ဖြစ်ပါသည်။ ထို့ကြောင့် မြင်သည် ဟူရာ၌ ရူပါရုံနှင့် ဓမ္မာရုံတို့ သီးခြားစီ ပါဝင်ကြပါသည်။ သို့ ပါဝင်သော်လည်း ပုထုဇဉ်တို့၏ လောကသိသဘောအရ ခွဲခြား၍ မမြင်ဘဲ၊ ခွဲခြား၍ မသိဘဲ အာရုံတစ်ခုတည်းကဲ့သို့ ပေါင်း၍ မြင်ပါသည်၊ ပေါင်း၍ သိပါသည်။ ဤသည်မှာ ဓမ္မသဘာဝအရ အာရုံတစ်မျိုးတည်း မဟုတ်ပါဘဲလျက် အာရုံတစ်မျိုးတည်းကဲ့သို့ မြင်ခြင်း၊ သိခြင်း ဖြစ်ပါသည်။

လောကသဘာဝအရဆိုရလျှင် မြင်သည် ဟူရာ၌ မြင်စရာ အရာဝတ္ထုတစ်ခုလုံး တစ်ပြိုင်နက်မြင်သည် မဟုတ်ပါ။ တစ်စိတ်တစ်ဒေသစီအားဖြင့်သာ သီးခြားစီ ခွဲခြား၍မြင်ခြင်း ဖြစ်ပါသည်။ သို့ပါလျက် တစ်ခုလုံးကို တစ်ပြိုင်နက်မြင်သကဲ့သို့ ခံစားရပါသည်။ ကြုံတွေ့ရပါသည်။ မြင်စရာ အာရုံများသည် သီးခြားစီ ဖြစ်သော်လည်း တစ်ခုတည်း၊ တစ်ပြိုင်နက်တည်းကဲ့သို့ ဖြစ်ပါသည်။ အလားတူပင် အခြား ကြားစရာအာရုံများ၊ နံ့စရာအာရုံများ စသည်တို့၌လည်း ယင်းတို့သည် သီးခြားစီ သီးခြားစီ၊ အပိုင်းအပိုင်း၊ အပြတ်အပြတ် ဖြစ်ပါလျက် ထိုကဲ့သို့ ထင်လာဘဲ တစ်ခုတည်းကဲ့သို့ ထင်လာပါသည်။ ဤသဘောကို 'အာရမ္မဏဃန' ဟု ခေါ်ပါသည်။ ထို့ကြောင့် အာရမ္မဏဃနကို အဓိပ္ပာယ်နက် အရ 'အရာဝတ္ထု (အာရုံ) အားဖြင့် တစ်ခုတည်း' ဟု ဖော်ပြခြင်း ဖြစ်ပါသည်။

## လောကသဘာဝ

ဤလောက၌ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ချမ်းသာခြင်း၊ ချမ်းသာခြင်းကို ပုဂ္ဂိုလ်အနေ၊ သတ္တဝါအနေဖြင့် ခံစားလိုကြပါသည်။ ထိုသို့ ခံစားလို၍ ချမ်းသာခြင်း ချမ်းသာမှုကို ရှာဖွေကြသည်။ ထိုသို့ ရှာဖွေ၍ ရရှိသော ချမ်းသာခြင်း ချမ်းသာမှုသည် အမှန် မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ထိုချမ်းသာသည် ပုဂ္ဂိုလ်အနေ၊ သတ္တဝါအနေဖြင့် ရှာဖွေရရှိ၍ ပုဂ္ဂိုလ်အနေ၊ သတ္တဝါအနေဖြင့် ခံစားနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်ပါသည်။ အမှန်အားဖြင့် စစ်မှန်သော ချမ်းသာဟူသည် ဓမ္မအနေဖြ...
သာ ရှာဖွေရရှိပြီး ဓမ္မအနေဖြင့်သာ ခံစားနိုင်ပါသည်။ စစ်မှန်သော ချမ်းသာ...
ရှာဖွေခံစားမှု၌ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောတို့ လုံးဝ ပါဝင်နိုင်ခွင့် မရှိပါချေ...
ထို့ကြောင့် စစ်မှန်သော ချမ်းသာသုခ ရှာဖွေရေးလုပ်ငန်းဖြစ်သော 'ဝိပဿနာ...
လုပ်ငန်းမျိုး၌ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောများကို မပါဝင်နိုင်စေရန် ကြိုး...
အားထုတ် ရပါသည်။ ဓမ္မသဘောသက်သက်ကိုသာ သိမြင်နိုင်ရန် ရှုမှတ်ရ...
သည်။ ဤသည်မှာ ဗုဒ္ဓမြတ်စွာ၏ အတုမဲ့ ထူးခြားသော သွန်သင်ချက် 'ဒေသနာ...
ဖြစ်ပါသည်။ ဗြာဟ္မဏလမ်းစဉ်နှင့် တိတ္ထိယလမ်းစဉ်တွင် ပုဂ္ဂိုလ်သဘော၊ သတ္တဝါ...
သဘောသည် အခိုင်အမာ ရှိပါသည်။ ဗုဒ္ဓလမ်းစဉ်တွင် အခိုင်အမာ မရှိပါ...
ထို့ကြောင့် ဗုဒ္ဓလမ်းစဉ်သည် ဗြာဟ္မဏနှင့် တိတ္ထိယတို့၏ လမ်းစဉ်ဟောင်း...
ခွဲထွက်လာသည့် လမ်းစဉ်သစ် ဖြစ်ပါသည်။

သတ္တဝါမှန်သမျှသည် ချမ်းသာသုခကို ရှာဖွေကြသည်ချည်း ဖြစ်ပါ၏...
ရှာဖွေသည့် ချမ်းသာသုခကိုလည်း စစ်မှန်သော ချမ်းသာသုခအဆင့်သို့ မရော...
မချင်း ရှာဖွေကြသည်ချည်းပင် ဖြစ်ပါ၏။ ထိုသဘောကို ဝေဒခေတ်၌လည်း...
တွေ့ခဲ့၏။ ဗြာဟ္မဏခေတ်၌လည်း တွေ့ခဲ့၏။ အာရညကခေတ်၌လည်း တွေ့...
၏။ ဥပနိသျှဒ်ခေတ်၌လည်း တွေ့ခဲ့၏။ တိတ္ထိယခေတ်၌လည်း တွေ့ခဲ့...
ဗုဒ္ဓခေတ်၌လည်း တွေ့ခဲ့၏။ အမှန်အားဖြင့် လောကမဆုံးသရွေ့ တွေ့နေရမည်...
သာ ဖြစ်ပါ၏။ ထိုသို့ တွေ့နေရခြင်းသည် ဓမ္မတာအရ တွေ့နေခြင်း ဖြစ်...
ရှောင်လွှဲ၍ မရကောင်းသော တွေ့နေရခြင်းမျိုး ဖြစ်ပါ၏။ စစ်မှန်သော ချမ်းသာ...
သုခကိုဖြစ်စေ၊ မစစ်မှန်သော ချမ်းသာသုခကို ဖြစ်စေ မရှာဖွေဘဲ ရခြင်းဟူ၍လည်း...
ဤလောက၌ မရှိကောင်းပါချေ။ ထို့ကြောင့် သတ္တဝါမှန်သမျှ ရှာဖွေနေကြ...
ဖြစ်ပါသည်။ ဤသည်မှာ လောကသဘာဝ ဖြစ်ပါသည်။

ထိုသို့ရှာဖွေရာတွင် ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ပြည့်စုံလေလေ...
ချမ်းသာသုခ စစ်မှန်လေလေဟူသော ခံယူချက်ဖြင့် ရှာဖွေကြခြင်းမျိုးလည်း...
ရှိပါသည်။ နာမ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ပြည့်စုံလေလေ၊ ချမ်းသာ...
စစ်မှန်လေလေဟူသော ခံယူချက်ဖြင့် ရှာဖွေကြခြင်းမျိုးလည်း ရှိပါသည်။ ရုပ်ပိုင်း...
ဆိုင်ရာများရော၊ နာမ်ပိုင်းဆိုင်ရာများပါ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ပြည့်စုံလေ...
ချမ်းသာသုခ ပို၍ စစ်မှန်လေလေဟူသော ခံယူချက်ဖြင့် ရှာဖွေကြခြင်းမျိုးလည်း...
ရှိပါသည်။ သို့ရာတွင် မည်သို့သော ခံယူချက်ဖြင့် ရှာဖွေကြစေကာမူ ပုဂ္ဂိုလ်...
သဘောနှင့် သတ္တဝါသဘောတို့ သိပ်သည်းထူထပ်နေသမျှ ကာလပတ်လုံး အသုံး...
ပြုသော ချမ်းသာသုခ ရှာဖွေနည်းသည်လည်း စစ်မှန်သော ချမ်းသာသုခရှာဖွေနည်း...

...ဘ်ပါ။ ရရှိသော ချမ်းသာသုခသည်လည်း စစ်မှန်သောချမ်းသာသုခ မဟုတ်
...။ အမှန်အားဖြင့် ပုဂ္ဂိုလ်သဘောနှင့် သတ္တဝါသဘောတို့ တဖြည်းဖြည်းချင်း
...လျော့သွားလေလေ အသုံးပြုသော ချမ်းသာသုခ ရှာဖွေနည်းသည်လည်း ပို၍
...မှန်ကန်လေလေ ဖြစ်ပါသည်။ ထို့အပြင် အသုံးပြုသော ချမ်းသာသုခ ရှာဖွေနည်း
...သည် ပို၍ မှန်ကန်လေလေ ရရှိသော ချမ်းသာသုခသည်လည်း ပို၍ စစ်မှန်လေလေ
...မည် ဖြစ်ပါသည်။ ချမ်းသာသုခကို ရှာဖွေရာ၌ လောဘကို ပို၍ ထိန်းကျောင်း
...မှ (ရာဂဝိနယ)၊ ဒေါသကို ပို၍ ထိန်းကျောင်းနိုင်မှ (ဒေါသဝိနယ)၊ မောဟကို
...၍ ထိန်းကျောင်းနိုင်မှ (မောဟဝိနယ) အသုံးပြုသော ရှာဖွေနည်းသည်လည်း
...၍ မှန်ကန်ပြီး ရရှိသော ချမ်းသာသုခသည်လည်း ပို၍ စစ်မှန်မည်ဖြစ်ကြောင်း
...ကတ်တော်များ၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ စစ်မှန်သော ချမ်းသာသုခသည် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများနှင့်
...မ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများအပေါ်၌ မတည်ဘဲ ပုဂ္ဂိုလ်သဘောနှင့် သတ္တဝါ
...သဘောတို့၏ သိပ်သည်းမှုနှင့် ပါးလျော့မှုအပေါ်၌သာ တည်ကြောင်း တွေ့ရှိရပါ
...သည်။ ပုဂ္ဂိုလ်သဘောနှင့် သတ္တဝါသဘောတို့ သိပ်သည်း ထူထပ်လာပါက
...ပိုင်းဆိုင်ရာများ ပို၍ပြည့်စုံမှု (လာဘဂ္ဂမဟတ္တ) နှင့် နာမ်ပိုင်းဆိုင်ရာများ
...ပြည့်စုံမှု (ဗာဟုသစ္စမဟတ္တ) တို့သည် သာသနာတော်၌ အန္တရာယ် (အာသ
...ဋ္ဌာနိယ) ဖြစ်လာနိုင်သဖြင့် ရဟန်းတော်များအတွက် သိက္ခာပုဒ်တော်များကို
...တ်ရန်လိုအပ်ကြောင်း ရှင်တော်မြတ်ဘုရားက ရှင်သာရိပုတ္တရာအား ဟော
...တော်မူကြောင်း ဝိနယပိဋက ပါရာဇိကကဏ္ဍပါဠိတော် (၁၁) ၌ လာရှိပါသည်။
...ကြောင့် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများနှင့် ပြည့်စုံသော သန်းကြွယ်သူဌေးကြီးပင်
...ဖြစ်စေ၊ နာမ်ပိုင်းဆိုင်ရာပြည့်စုံမှုများနှင့် ပြည့်စုံသော အသိပညာရှင်၊ အတတ်
...ပညာရှင် ပါမောက္ခကြီးပင် ဖြစ်စေ ပုဂ္ဂိုလ်သဘောနှင့် သတ္တဝါသဘောတို့ကို
...၍ သိပ်သည်းစေသော၊ ပို၍ ထူထပ်စေသော တွေးခေါ်မြော်မြင်မှုမျိုးဖြင့်သာ
...မှန်သော ချမ်းသာသုခကို ရှာဖွေနေပါက သူရှာဖွေနေသည့် စစ်မှန်သော
...ချမ်းသာသုခကို မည်သည့်အခါမျှ ရနိုင်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် စစ်မှန်သော ချမ်းသာသုခကို ရရှိနိုင်စေရန် ပုဂ္ဂိုလ်သဘောနှင့်
သတ္တဝါသဘောတို့ ပါးလျော့လာဖို့ လိုအပ်၏။ ပုဂ္ဂိုလ်သဘောနှင့် သတ္တဝါသဘော
...ပါးလျော့လာစေရန် သင်္ခါရတရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကို
...မြင်အောင်လုပ်ရအပ်၏။ သင်္ခါရတရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကို မြင်...
... ရုပ်၊ နာမ် တရားတို့၏ ဖြစ်၊ ပျက်ကို မြင်ဖို့ လိုအပ်၏။ ရုပ်၊ နာမ် ...
... ပျက်ကို မြင်နိုင်ရန် ပဋိပတ္တိကျင့်စဉ်ဖြင့် ဝိပဿနာရှုမှ...




www.burmeseclassic.com

www.burmeseclassic.com



ကျင့်စဉ်ဖြင့် ဝိပဿနာရှုမှသာ သင်္ခါရတရားတို့၌ တစ်လုံးတည်း၊ တစ်စည်းတည်း တစ်ခုတည်းသော 'ဃန' သဘော ကွဲပျက်မည် ဖြစ်ပါသည်။ 'ဃန' သဘော ကွဲပျက်မှသာ ပရမတ္ထသဘော ပေါ်လာမည် ဖြစ်ပါသည်။ ပရမတ္ထသဘော ပေါ်လာမှသာ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ကွဲပျက်မည် ဖြစ်ပါသည်။ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ကွဲပျက်မှသာ အဝိဇ္ဇာနှင့် တဏှာချုပ်ငြိမ်း၍ 'ဘ ၏စိုးမိုးရာ သံသရာမှ လွတ်မြောက်နိုင်မည် ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် (ကြောင်းကျိုးဆက်သွယ်မှု) ရပ်တန့်မည် ဖြစ်ပါသည်။ ထိုအခါမှသာ တကယ် စစ်မှန်သော ချမ်းသာ (သန္တိသုခ) ပေါ်လာမည် ဖြစ်ပါသည်။ တကယ် စစ်မှန်သော ချမ်းသာ (သန္တိသုခ) သည် ဥပါဒိသေသ သဘောဖြင့် ပေါ်လာသော အခါ၌ ယင်းကို ခံစားတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါ မရှိတော့သဖြင့် ပုဂ္ဂိုလ်အနေ သတ္တဝါအနေဖြင့် ခံစားခြင်း မရှိတော့ဘဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တည်းဟူသော ဓမ္မအနေဖြင့်သာ ခံစားမည် ဖြစ်ပါသည်။ ယင်း သန္တိသုခသည် အနုပါဒိသေသ သဘောဖြင့် ပေါ်လာသော အခါ၌မူ ယင်းကို ခံစားတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါ မရှိတော့သဖြင့် ပုဂ္ဂိုလ်အနေ၊ သတ္တဝါအနေဖြင့် ခံစားခြင်းလည်း မရှိတော့ချေ။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် (ကြောင်းကျိုးဆက်သွယ်မှု) ရပ်တန့်သွားပြီ ဖြစ်သဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တည်းဟူသော ဓမ္မအနေဖြင့် ခံစားခြင်းလည်း မရှိတော့ချေ။ အားလုံးသည်သာ သန္တိသုခ၊ သန္တိသုခသည်သာ အားလုံး ဖြစ်တော့သည်။ သန္တိသုခမှတစ်ပါး အခြား ဘာမျှ မရှိတော့ချေ။ ဤသည်ပင် စစ်မှန်သော ချမ်းသာ သုခ ဖြစ်ပါသည်။ အကယ်၍ လောက၏အဆုံး၌ သန္တိသုခမှတစ်ပါး အခြားတစ် တစ်ရာ ရှိသေးသည်ဆိုလျှင် ယင်းသန္တိသုခသည် တကယ်စစ်မှန်သော သန္တိသုခ မဖြစ်နိုင်ပါချေ။ ဆိုလိုသည်မှာ လောက၏အဆုံး၊ သံသရာ၏အဆုံး၌ အနုပါဒိသေ သ သဘောဖြင့် သန္တိသုခ တစ်မျိုးတည်းသာ ရှိနိုင်မည် ဖြစ်ပါသည်။ ဤဟာ ထိုဟာထက် ပို၍ စစ်မှန်သည်ဟု ဆိုဖွယ်ဖြစ်အောင် အခြားတရားတစ်မျိုး မ ကောင်းပါချေ။

စစ်မှန်သောချမ်းသာ (သန္တိသုခ) ကို ရရှိရေးအတွက် ပုဂ္ဂိုလ်သဘော သတ္တဝါသဘောကို ပယ်ရမည် ဆိုသော်လည်း အစပထမ၌ လုံးလုံးလျားလျား ပယ်ရမည် မဟုတ်ချေ။ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောဖြင့်ပင် စရမည် ဖြစ်၏။ 'အပ်' စူးဝင်နေသည်ကို 'အပ်' ဖြင့်ပင် ထွင်ရသကဲ့သို့ ပုဂ္ဂိုလ်သဘော၊ သတ္တဝါ သဘော စူးဝင်နေသည်ကို ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောဖြင့်ပင် ထွင်ရမည် ဖြစ်၏။ 'အပ်' ချင်း တူသော်လည်း စူးဝင်သော 'အပ်' နှင့် ထွင်သော 'အပ်' ခြားနားသကဲ့သို့ စူးဝင်သော 'ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော' နှင့် ထွင်သော





'ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော' တို့ အချင်းချင်း ခြားနားနေကြမည် ဖြစ်ပါသည်။ ပါဠိဝေါဟာရဖြင့် စူးဝင်သောသဘောကို 'အနုသောတဂါမီ' ဟု ခေါ်၍ ထွင်သော သဘောကို 'ပဋိသောတဂါမီ' ဟု ခေါ်ပါသည်။ ဤသို့လျှင် စူးဝင်သော သဘောမှ ထွင်သောသဘော သို့မဟုတ် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော (ပုဂ္ဂလ ဗျာပါရ) မှ ဓမ္မသဘော (ဓမ္မဗျာပါရ) သို့ ကူးပြောင်းသွားအောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ဗုဒ္ဓခေတ်၏ အမြင်သစ်

ဒခေတ်မှစ၍ တိတ္ထိယခေတ်တိုင်အောင် ခေတ်အဆက်ဆက် ကိုးကွယ်ယုံကြည် ကို၌ အတ္တကို အခြေခံ၍ ကိုးကွယ်ယုံကြည်ခဲ့ကြကြောင်း တွေ့ရ၏။ အတ္တကို အခြေခံ၍ တွေးခေါ်မြော်မြင်ခဲ့ကြကြောင်း တွေ့ရ၏။ ဗုဒ္ဓခေတ်၌မူ ထိုသို့မဟုတ်၊ ပြုပြင်ပြောင်းလဲမှုကို ပြုခဲ့၏။ ထိုပြုပြင်ပြောင်းလဲမှုကား အတ္တကို အခြေမခံခြင်း၊ အတ္တကို ပယ်ဖျက်ရန် အားထုတ်ခြင်းပင် ဖြစ်ပါသည်။ အမှန်အားဖြင့် အတ္တကို အခြေခံခြင်းသည် သတ္တဝါတို့၏ ပကတိသဘော ဖြစ်၏။ သံသရာ၌ အစုန် သဘော (အနုသောတဂါမီ) ဖြစ်၏။ သံသရာမှ လွတ်မြောက်၍ စစ်မှန်သော ချမ်းသာ (သန္တိသုခ) ကို ရရှိနိုင်ရန် မိမိတို့၏ ပကတိသဘောဖြင့် အားထုတ်၍ မရ။ အစုန်သဘောဖြင့် အားထုတ်၍ မရ။ အဆန်သဘော (ပဋိသောတဂါမီ) ဖြင့်သာ အားထုတ်အပ်လေသည်။ အဆန်သဘောဖြင့် အားထုတ်ခြင်းဟူသည်မှာ အတ္တကို ပယ်ဖျက်ရန် အားထုတ်ခြင်းပင် ဖြစ်၏။

အတ္တကို ပယ်ဖျက်ရန် အားထုတ်သောအခါ ဤလောက၌ ပုဂ္ဂိုလ် သတ္တဝါ မရှိကြောင်း၊ သင်္ခါရ တရားများသာ ရှိကြောင်း၊ သင်္ခါရ တရားများဟူသည် သတ္တဝါ မဟုတ်ကြောင်း၊ အသက်ဇီဝ မဟုတ်ကြောင်း သိမြင်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့ သိမြင်ရန် မြတ်စွာဘုရားသည် ဝိပဿနာကို ဟောကြားတော်မူခဲ့ပါသည်။ ဝိပဿနာသည် ဗုဒ္ဓခေတ်၌သာ ပေါ်လာသည့် အမြင်သစ်တစ်ရပ် ဖြစ်ပါသည်။ ဗုဒ္ဓခေတ်မတိုင်မီ ခေတ်အဆက်ဆက်၌ အမြင့်ဆုံးသော အမြင်အဖြစ် သမထသာ ပေါ်ပေါက်ခဲ့ပါသည်။ သမထ၌သာ လမ်းဆုံးခဲ့ပါသည်။ သမထကျင့်စဉ်ဖြင့် သန္တိသုခကို မရနိုင်ဘဲ ဝိပဿနာကျင့်စဉ်ဖြင့်သာ သန္တိသုခကို ရနိုင်ကြောင်း ကိုယ်တော်တိုင် သိမြင် တွေ့ကြုံပြီး မြတ်စွာဘုရားက ဝိပဿနာတရားကို ဖော်ထုတ် ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

ဝိပဿနာကျင့်စဉ်အရ အသိသည် နှစ်မျိုး ရှိပါသည်။ ထို နှစ်မျိုးအနက် ပထမအသိမှာ ပုဂ္ဂိုလ်သတ္တဝါသိ ဖြစ်ပါသည်။ ဒုတိယအသိမှာ ဓမ္မသိ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။' ပထမအသိ အမျိုးအစားအရ ကျွန်ုပ်တို့သည် အရာဝတ္ထုတစ်ခုကို သိတိုင်း သို့မဟုတ် ဖြစ်ရပ်တစ်ခုကို သိတိုင်း ထိုအသိ၌ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော

---

* အမှာ ။ ။ အာရမ္မဏာနုသယဆိုသည်မှာ အာရုံ၌ အစဉ်တစိုက် ကိန်းသော ကိလေသာ အကိန်းဓာတ် ဖြစ်သည်ကို လည်းကောင်း၊ သန္တာနာ နုသယဆိုသည်မှာ သတ္တဝါ တို့၏သန္တာန်၌ အစဉ်တစိုက် ကိန်းသော ကိလေသာ အကိန်းဓာတ်ဖြစ်သည်ကို လည်းကောင်း စာမျက်နှာ (၂၁၆) ၌ အကျဉ်းပြဆိုခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ယနေ့ခေတ်လူများသည် ယင်းကိလေသာ အကိန်းဓာတ် ဆိုသည်ကို သဘောပေါက်ရန် ခဲယဉ်းနေကြပါသည်။ သို့ဖြစ်၍ ဤကျမ်းစာ၌ ယနေ့ခေတ် လူတို့ သဘောပေါက်လွယ်စေရန် 'အာရမ္မဏာနုသယ' ကို နိမိတ် ပုံသဏ္ဌာန် အစိုင်အခဲ 'ဃန' သဘောဟု လည်းကောင်း၊ 'သန္တာနာနုသယ'ကို ပုဂ္ဂိုလ်သတ္တဝါ သဘော 'ငါ၊ သင်၊ သူ၊ ပိုင်ရှင်' ဟု လည်းကောင်း သုံးနှုန်းထားပါသည်။ ဤသို့ သုံးနှုန်းခြင်း သည် ပိဋကတ်တော်လာ 'အနုသယ' ဝေါဟာရကို တိုက်ရိုက်ဘာသာပြန်ခြင်း မဟုတ်ဘဲ ယနေ့ခေတ်သုံး မြန်မာဝေါဟာရဖြင့် အနီးကပ်ဆုံး ဘာသာပြန်ခြင်း ဖြစ်ပါသည်။ ရှင်းပြပါဦး မည်။ လောကသိ ဟူသမျှ၌ သိခြင်းကြိယာ သက်သက်မျှသာမကဘဲ ယင်းအသိတရားတိုင်းတွင် ကဝ္ထားပိုင်းဆိုင်ရာ (ကာရက) သဘောအနေဖြင့် ပုဂ္ဂိုလ်သိသဘောနှင့် ကမ္မပိုင်းဆိုင်ရာ (ကာရက) အနေဖြင့် နိမိတ်ပုံသဏ္ဌာန်သိ သဘောတို့ အမြဲတမ်း အပိုဆောင်း၍ ပါဝင်ကြပါသည်။ ဆိုလိုသည်မှာ လောကသိ ဟူသမျှတွင် ကြိယာများသည် သူ့ချည်းသန့်သန့် မဖြစ်ဘဲ ကာရက သဘောများကို အပိုထည့်၍ သိကြပါသည်။ လောကုတ္တရာ (နိဗ္ဗာန်) ကို သိရာ၌ကား ယင်း ကတ္တားနှင့်ကံ ကာရကသဘောများ လုံးဝ မပါဝင်တော့၊ သိမှုသဘော သက်သက်မျှ ဖြစ်ပါသည်။ ကမ္မပိုင်းဆိုင်ရာ နိမိတ်ပုံသဏ္ဌာန် သဘောလည်း မပါဝင်ပါ။ ကတ္တားပိုင်းဆိုင်ရာ ပုဂ္ဂိုလ် သတ္တဝါ သဘောလည်း မပါဝင်ပါ။ ဤသည်ကိုပင် အနုသယပယ်ခြင်းဟု ဆိုပါသည်။ အမှန်အားဖြင့် နိမိတ်ပုံသဏ္ဌာန်သဘောနှင့် ပုဂ္ဂိုလ်သတ္တဝါ သဘောတို့သည် နောင်အခါ အကြောင်းတိုက်ဆိုင်လာပါက ကိလေသာတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် လောကသိ ဟူသမျှတွင် အမြဲတမ်း အပိုဆောင်း၍ ပါဝင်ကြသော ကတ္တားပိုင်းဆိုင်ရာ ပုဂ္ဂိုလ်သတ္တဝါ သဘောနှင့် ကမ္မပိုင်းဆိုင်ရာ နိမိတ်ပုံသဏ္ဌာန် သဘောများကို ယနေ့ခေတ်လူတို့ နားလည်သဘော ပေါက်လွယ်စေရန် 'အနုသယ' ဟူ၍ သုံးနှုန်းခြင်း ဖြစ်ပါသည်။ ထို့အပြင် လောကသိ စိတ်တိုင်း၌ အမြဲတမ်းပါဝင်သော ကမ္မပိုင်းဆိုင်ရာ နိမိတ်ပုံသဏ္ဌာန် သဘောကို အာရမ္မဏာနုသယ ဟူ၍လည်းကောင်း၊ ကတ္တာပိုင်းဆိုင်ရာ ပုဂ္ဂိုလ်သတ္တဝါ၊ ဇီဝသဘောကို သန္တာနာနုသယ ဟူ၍လည်းကောင်း သုံးနှုန်းခြင်းသည် ပိဋကတ်တော်လာ 'အနုသယ' ဝေါဟာရကို ယနေ့ ခေတ်သုံး မြန်မာဝေါဟာရဖြင့် အနီးကပ်ဆုံး ဖြစ်နိုင်သမျှ ဖြစ်အောင် ဘာသာပြန်ခြင်း ဖြစ်ပါသည်။





အမြဲ ပါဝင်ပါသည်။ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောဆိုသည်မှာ 'ငါ သိသည်၊ ငါ လုပ်သည်၊ သူ သိသည်၊ သူ လုပ်သည်' ဟူသော 'ငါ၊ သူ' သဘော ဖြစ်ပါ သည်။ အမှန်အားဖြင့် ဤလောက၌ သင်္ခါရ တရားများမှ လွဲ၍ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍ မရှိပါဘဲလျက် မရှိကို အရှိလုပ်ပြီး ထိုထို ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု တို့၌ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို ကျွန်ုပ်တို့သည် မလွဲမသွေ ထည့်သွင်း ကြပါသည်။ ထိုသို့ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို ထိုထိုကံတို့၌ ထည့်သွင်း ကြသဖြင့် ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်များအနေဖြင့်၊ သတ္တဝါများအနေဖြင့် သံသရာ၌ ကျင်လည်ကျက်စား ပြေးသွားနေရခြင်း ဖြစ်ပါသည်။ သံသရာ၌ ကျင်လည် ကျက်စား ပြေးသွားနေရအောင် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ပါဝင်သော ထိုထိုကံများက အကျိုးပေးနေကြခြင်း ဖြစ်ပါသည်။ ပုဂ္ဂိုလ်သဘော၊ သတ္တဝါ သဘောတို့သည် ကာမကုသိုလ်ကံ၊ အကုသိုလ်ကံတို့၌ လည်းကောင်း၊ ရူပ ကုသိုလ်ကံတို့၌ လည်းကောင်း၊ အရူပကုသိုလ်ကံတို့၌ လည်းကောင်း အမြဲမပြတ် တရစပ် ပါဝင်နေကြပါသည်။ ထို့ကြောင့် ထိုထိုကံတို့၌ အမြဲမပြတ် တရစပ် ပါဝင်သော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို 'အနုသယကိလေသာ' ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။ အနုသယကိလေသာ၏ အနက်အဓိပ္ပာယ်မှာ သတ္တဝါတို့၏ သန္တာန်၌ အစဉ်တစိုက် ကိန်းနေသည့် ကိလေသာ ဖြစ်ပါသည်။ အစဉ်တစိုက် ကိန်းနေသည့် ကိလေသာဆိုသည်မှာ ပုဂ္ဂိုလ်သဘော၊ သတ္တဝါ သဘောပင် ဖြစ်ပါသည်။ယင်းကို ပါဠိစာပေသုံး ဝေါဟာရဖြင့် 'အနုသယ' ဟု ခေါ်ပြီး အရပ်သုံးဝေါဟာရဖြင့် 'ငါ၊ သင်၊ သူ' ဟုခေါ်ပါသည်။ ယင်း ကိလေသာကို ထိုထိုမဂ်ဖြင့် အကြွင်းမဲ့ မပယ်သတ်နိုင်သေးသရွေ့ ကာလပတ်လုံး ထိုထို သတ္တဝါတို့သည် ထိုထိုကံတို့၌ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို အမြဲ တစေ ထည့်သွင်းနေကြမည်သာ ဖြစ်ပါသည်။ ဗုဒ္ဓဒေသနာတော်အရ အနာဂါမ် ပုဂ္ဂိုလ်များသည်ပင် မိမိတို့၏ ရူပကုသိုလ်၊ အရူပကုသိုလ်တို့၌ ပုဂ္ဂိုလ် သဘော၊ သတ္တဝါသဘောကို မထည့်သွင်းဘဲ မနေနိုင်သည့်အတွက် မိမိတို့၏ ဘုံဆိုင်ရာ ရူပဘဝ၊ အရူပဘဝတို့၌ ကျင်လည်ကျက်စား ပြေးသွားကြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုအနုသယကိလေသာကို အလွန် အရွံ့အကောင်းဆုံး ကိလေသာ (ထာမဂတကိလေသာ) အဖြစ် ဗုဒ္ဓ ပိဋကတ်တော်၌ ဖော်ပြထားခြင်း ဖြစ်ပါသည်။

အနုသယကိလေသာကို မပယ်သတ်နိုင်သေးသရွေ့ သံသရာမှ အပြီး ထွက်မြောက်ရန် မဖြစ်နိုင်သဖြင့် အနုသယကိလေသာကို ပယ်သတ်နိုင်ရန် မြတ်စွာ ဘုရားသည် ဝိပဿနာကျင့်စဉ်ကို ဟောတော်မူခြင်း ဖြစ်ပါသည်။ ဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



ကျင့်စဉ်အရ အနုသယကိလေသာကို ပယ်သတ်နိုင်ရန် ထိုထိုကံတို့၌ ပုဂ္ဂိုလ် သဘော၊ သတ္တဝါသဘောကို အပို မထည့်သွင်းမိစေရန် အရေးကြီးပါသည်။ စင်စစ်အားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါဟူသည် တကယ်တမ်းရှိသည် မဟုတ်။ တကယ် တမ်း မရှိပါဘဲလျက် တကယ်တမ်းအရှိလုပ်၍ ရုပ်က ပြသည်ကို 'ငါက ပြသည် သူက ပြသည်' ဟူ၍လည်းကောင်း၊ ဝေဒနာက ခံစားသည်ကို 'ငါက ခံစားသည် သူက ခံစားသည်' ဟူ၍လည်းကောင်း၊ သညာက မှတ်သည်ကို 'ငါက မှတ်သည် သူက မှတ်သည်' ဟူ၍လည်းကောင်း၊ စေတနာက လုပ်သည်ကို 'ငါက လုပ်သည် သူက လုပ်သည်' ဟူ၍လည်းကောင်း၊ ဝိညာဏ်က သိသည်ကို 'ငါက သိသည် သူက သိသည်' ဟူ၍လည်းကောင်း စသည်ဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ လုပ်ဆောင်မှုအပေါ်၌ 'ငါ၊ သူ' ဟူသော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ကျွန်ုပ်တို့သည် မှားယွင်းစွာ အပို ထည့်သွင်းမိကြပါသည်။ ထိုအမှားကို ပယ် ဖျောက်ရန် ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော မပါ ဝင်စေဘဲ ရှုမှတ်ရပါမည်။ ထိုအခါ ရုပ်တရား၏ လုပ်ဆောင်မှုကို 'ငါ၊ သူ' ၏ လုပ်ဆောင်မှု မဟုတ်ဘဲ ရုပ်တရား၏ လုပ်ဆောင်မှုအဖြစ် မြင်လာပါမည်။ နာမ်တရားတို့၏ လုပ်ဆောင်မှုကို 'ငါ၊ သူ' ၏ လုပ်ဆောင်မှု မဟုတ်ဘဲ နာမ်တရား၏ လုပ်ဆောင်မှုအဖြစ် မြင်လာပါမည်။ ထိုအခါ ဒုတိယအဆင့် အမျိုးအစားဖြစ်သည့် 'ဓမ္မသိ'သည် ဖြစ်ပေါ်လာပါမည်။ ဓမ္မသိ ဖြစ်ပေါ်လာသော အခါ ပုဂ္ဂိုလ်သိ၊ သတ္တဝါသိသည် အလင်းရောက်လျှင် အမိုက်ပျောက်သကဲ့သို့ ပျောက်ကွယ်သွားပါမည်။ ပုဂ္ဂိုလ်သိ၊ သတ္တဝါသိ ပျောက်လျှင် ယင်းနှင့်အတူ 'ပုဂ္ဂိုလ်ရှိ၊ သတ္တဝါရှိ' သဘောလည်း အလိုအလျောက် ရှင်းလင်းသွားပါလိမ့် မည်။ ဤနည်းအားဖြင့် လောက၌ ပုဂ္ဂိုလ် သတ္တဝါဟူသည် အမှန်မရှိဘဲ ရုပ်နာမ် ဓမ္မ သင်္ခါရများသာ ရှိကြောင်း၊ ယင်း ရုပ်နာမ်ဓမ္မ သင်္ခါရများသည်လည်း ဒုက္ခ သာဖြစ်ကြောင်း၊ ဒုက္ခ၏အဆုံး၌ 'သန္တိသုခ' ရှိကြောင်း ကိုယ်တိုင် မျက်မှောက် ပြုနိုင်ပါလိမ့်မည်။ သန္တိသုခကို ကိုယ်တိုင် မျက်မှောက်ပြုနိုင်စေရန် လောက ဘောင်ကို ကျော်လွန်၍ လင်းနိုင်သည့် လောကုတ္တရာအလင်းသည် ဖြစ်ပေါ် လာပေလိမ့်မည်။ ထိုအလင်း ဖြစ်ပေါ်လာ၍သာ ဒုက္ခကို ကြည့်ရင်း ကြည့်ရင်း ဒုက္ခကို ကျော်လွန်ပြီး ဒုက္ခ၏ တစ်ဖက်ကမ်းရှိ သန္တိသုခကို မြင်ခြင်း ဖြစ်ပါသည်။ သန္တိသုခကို မျက်မှောက်ပြုခြင်း ဖြစ်ပါသည်။ သန္တိသုခကို မျက်မှောက်ပြုနိုင်ရေး ဝိပဿနာကျင့်စဉ်မှတစ်ပါး အခြားနည်း မရှိချေ။



# အခန်း (၇)

## သမထ

### ဝိပဿနာ၏ ရှေးဦးလုပ်ငန်းများ

ဝိပဿနာ အားထုတ်ရန် ရုပ်၊ နာမ်ကို သိရန် လို၏။ ယင်းတို့၏ အကြောင်းကို လည်း သိရန် လို၏။ ဤလောကတွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဟူ၍ မရှိ၊ သင်္ခါရတရားသက်သက်မျှသာ ရှိကြ၏။ ယင်း သင်္ခါရတရားများသည်လည်း 'ဣမသ္မိံ သတိ ဣဒံ ဟောတိ=ဤဟာဖြစ်လျှင် ဤဟာဖြစ်၏' ဟူသော ကြောင်းကျိုးဆက် နိယာမများအရသာ ဖြစ်ကြရ၏။ အကြောင်းမဲ့ (အ ဟေတုက) သဘောဖြင့် ဖြစ်ကြရသည် မဟုတ်။ မမှန်ကန်သော အကြောင်း (ဝိသမ ဟေတုက) သဘောဖြင့် ဖြစ်ကြရသည်လည်း မဟုတ်။

အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏။ အကြောင်း မဖြစ်လျှင် အကျိုးမဖြစ်။ အကြောင်းဟူသည်မှာလည်း ပရမတ္ထသစ္စာအားဖြင့် ရုပ်၊ နာမ်သာတည်း။ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်။ အကျိုးဟူသည်မှာလည်း ပရမတ္ထသစ္စာအားဖြင့် ရုပ်၊ နာမ် သာတည်း။ ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်။ ပရမတ္ထသစ္စာအားဖြင့် လောကဟူသည်မှာ ကံ (ကမ္မ) နှင့် ကံ၏အကျိုး (ဝိပါက)၊ ကံစက်ဝန်း (ကမ္မဝဋ်) နှင့် ကံ၏အကျိုး စက်ဝန်း (ဝိပါကဝဋ္ဋ)၊ ကံဖြစ်ရပ် (ကမ္မပဝတ္တ) နှင့် ကံ၏ အကျိုးဖြစ်ရပ် (ဝိပါက ပဝတ္တ)၊ ကံအစဉ် (ကမ္မသန္တတိ) နှင့် ကံ၏အကျိုးစဉ် (ဝိပါကသန္တတိ) ပြုလုပ် ခြင်း (ကိရိယာ) နှင့် ပြုလုပ်ခြင်း၏အကျိုး (ကိရိယာဖလ) တို့၏ ပေါင်းစုဖြစ် ခြင်းပင် ဖြစ်ပါသည်။ ယင်းကိုပင် 'စက်ရဟတ်ပမာ သံသရာ' ဟူ၍ ခေါ်ပါ

www.burmeseclassic.com



သည်။ ယင်း စက်ရဟတ်ပမာ သံသရာသည် သစ်စေ့နှင့် သစ်ပင်တို့တွင် မည်သ
က အလျင်အဦးဟု မဆိုနိုင်သကဲ့သို့ မိမိ၏ အစအဦး (ပုဗ္ဗကောဋိ) ကို မဆို
သော သဘော ရှိပါသည်။ ထို့အပြင် အကြောင်းအကျိုးဖြစ်စဉ်နှင့် ပတ်သက်၍
ဗုဒ္ဓပိဋကတ်တော်၌ ဤသို့ လာရှိပါသည်။

**ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။**

**သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။**

(**ကမ္မဿ**၊ ကံကို။ **ကာရကော**၊ ပြုတတ်သူသည်။ **နတ္ထိ**၊ မရှိ။ **ဝိပါကဿ**၊ အကျိုးကို။ **ဝေဒကော စ**၊ ခံစားတတ်သူသည်လည်း။ **နတ္ထိ**၊ မရှိ။ **သုဒ္ဓဓမ္မာ**၊ ပုဂ္ဂိုလ် သတ္တဝါမဖက် သက်သက်သော ကံနှင့် ကံ၏ အကျိုးတရားတို့ချည်းသာလျှင်။ **ပဝတ္တန္တိ**၊ တစ်ပြန်စီလည်ပတ်လျက် မပြတ် ဖြစ်ကြကုန်၏။ **ဧဝံ**၊ ဤသို့။ **ဧတံ ဒဿနံ**၊ ဤအမြင်သည်။ **သမ္မဒဿနံ**၊ မဖောက်မပြန် မှန်ကန်သော အမြင်ပေတည်း။)

(ဝိသုဒ္ဓိမဂ်–၂၊ ၂၅

ဤဒေသနာတော်အရ ပရမတ္ထသစ္စာအားဖြင့် ဤလောက၌ ကံမှတစ်ပါး ပြုလုပ်တတ်သော အခြား ပုဂ္ဂိုလ်၊ သတ္တဝါ မရှိ။ ကံ၏ အကျိုးမှတစ်ပါး ခံစား တတ်သော အခြား ပုဂ္ဂိုလ်၊ သတ္တဝါ မရှိ။ သမ္မုတိသစ္စာအနေဖြင့်သာ ကံဖြစ်ခိုက် ပြုလိုသော စိတ် စေတနာနှင့် ကိုယ်၊ နှုတ် အမူအရာတည်းဟူသော ရုပ်၊ နာမ် နှစ်ပါးကိုပင် စွဲမှီ၍ ပုဂ္ဂိုလ်က လုပ်သည်ဟု ပြောဆိုကြရ၏။ သို့ပြောဆိုကြ သော်လည်း ကံမည်သော ထိုရုပ်နာမ်ကို ပြုတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါကား သီးခြားမရှိ။ သမ္မုတိသစ္စာအနေဖြင့် ပြောဆိုရရုံ သက်သက်မျှသာ ရှိချေသည်။ ထို့အပြင် မြင်ခိုက် ကြားခိုက် စသည်၌ အာရုံအကောင်းအဆိုးကို သိမှု ခံစား တည်းဟူသော ကံ၏အကျိုးတရား ရုပ်နာမ် နှစ်ပါးကိုပင် စွဲမှီ၍ ပုဂ္ဂိုလ်က ခံစားသည်ဟု ပြောဆိုကြရ၏။ သို့ပြောဆိုကြရသော်လည်း ကံ၏အကျိုး သော ထို ရုပ်၊ နာမ် နှစ်ပါးကို ခံစားတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါကား သီးခြား မရှိ။ သမ္မုတိသစ္စာအနေဖြင့် ပြောဆိုရရုံသက်သက်မျှသာ ရှိချေသည်။

ထို့ကြောင့် ဝိပဿနာအားထုတ်ရာ၌ အမှန်မရှိသော ပုဂ္ဂိုလ်၊ သတ္တဝါ သဘောကို ဖယ်ရှားရန်၊ ဤလောက၌ ရုပ်၊ နာမ် နှစ်ပါးသာရှိကြောင်း သိမြင် လိုအပ်ပါသည်။ ယင်း ရုပ်၊ နာမ် နှစ်ပါးသည်လည်း အကြောင်းအကျိုး ဖြစ် အရ အကြောင်းတရား အနေဖြင့်လည်း ဖြစ်ပါသည်။ အကျိုးတရား အနေဖြ လည်း ဖြစ်ပါသည်။ သို့ရာတွင် 'ဖြစ်သည်' ဟု ဆိုသည်နှင့် တစ်ပြိုင်နက် 'ဣမ
သတိ ဣဒံ ဟောတိ=ဤဟာဖြစ်လျှင် ဤဟာဖြစ်သည်' ဟူသော





ကြောင်းကျိုးဆက် နိယာမသည် မလွဲမသွေ ဝင်ရောက်လာမည် ဖြစ်ပါသည်။ ကြောင်းကျိုးဆက် နိယာမ ဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက် သံသရာ စက် ဟတ်သည် 'ခြားရဟတ်' ပမာ မပြတ်လည်တော့မည် ဖြစ်ပါသည်။ ထို့ကြောင့် သရာ စက်ရဟတ်ကို 'ခြားရဟတ်' ပမာ လည်စေတတ်သော အယူအမြင်ကို ယ်ရှားရန် လိုအပ်ပါသည်။ သံသရာ စက်ရဟတ်ကို ရပ်တန့်စေသော အယူအမြင် ကို ထူထောင်ရန် လိုအပ်ပါသည်။

သံသရာ စက်ရဟတ်ကို ရပ်တန့်စေသော အယူအမြင်ကို ထူထောင်ရာ၌ အကြောင်းနှင့်အကျိုးကို အမှန်အတိုင်းသိရန် လိုအပ်ပါသည်။ အမှန်အတိုင်း သိသောအခါ လောကဖြစ်စဉ်နှင့် ပတ်သက်၍ ယုံမှားမှု 'ဝိစိကိစ္ဆာ' သည် အလိုက်အလျောက် ကင်းကွာလေပြီ။ 'ဤလောက၌ ကြောင်းကျိုးဆက်နိယာမ ရ နာမ်ရုပ် အဆက်ဆက်မျှသာ ရှိသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိ' ဟူ၍ အမြင်မှန် ကို ထူထောင်နိုင်ပြီ ဖြစ်ပါသည်။ ဤသို့ အမြင်မှန် ထူထောင်နိုင်ခြင်းကိုပင် ဋ္ဌကထာစာပေများ၌ ပစ္စယပရိဂ္ဂဟဉာဏ် (အကြောင်းကို သိမ်းဆည်းသိ) ဟူ၍ လည်းကောင်း၊ ဓမ္မဋ္ဌိတိဉာဏ် (ရုပ်၊ နာမ် ဖြစ်စဉ်သိ) ဟူ၍လည်းကောင်း၊ ယထာ ဘူတဉာဏ် (အဖြစ်အတိုင်းသိ) ဟူ၍လည်းကောင်း၊ သမ္မာဒဿန (အမှန်အတိုင်း မြင်) ဟူ၍လည်းကောင်း ဖော်ပြကြပါသည်။ စင်ကြယ်မှု (ဝိသုဒ္ဓိ) နှင့် ပတ်သက်၍ ယင်းဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိ (ယုံမှားကို လွန်မြောက်လျက် စင်ကြယ်သော ဉာဏ်) ဟု ဆိုပါသည်။

ဝိပဿနာ အားထုတ်ရာ၌ ရှုမှတ်ရသော တရားများကိုလည်း သိရန် လိုအပ်ပါသည်။ ယင်းတရားများကား ရုပ်၊ နာမ်များသာ ဖြစ်ပါသည်။ ထို့ကြောင့် ဝိပဿနာ အားမထုတ်မီ ဝိပဿနာ၏ ရှေ့ဦးလုပ်ငန်းများအနေဖြင့် ရုပ်၊ နာမ် တရားတို့ကို ပိုင်းခြား၍ သိထားရန် လိုအပ်ပါသည်။ ဝိပဿနာအမြင်ဖြင့် မဟုတ် ဘဲ လောကအမြင်ဖြင့် ပြောရလျှင် မိမိတို့၏ ဒွါရ ခြောက်ပါး၌ ထင်လာသော ဗဟိဒ္ဓအာရုံ သင်္ခါရတရား (နိမိတ္တ) များကို အသီးအသီး၊ အပိုင်းအပိုင်း အပြတ် အပြတ် မမြင်ဘဲ တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း 'ဃန' အနေဖြင့် မြင်ကြပါသည်။ ဤသို့မြင်ရာ၌ အာရုံပိုင်းတွင် တစ်လုံးတစ်စည်းတည်း တစ်ခု တည်း 'ဃန' သဘောကို ဗုဒ္ဓစာပေဝေါဟာရဖြင့် 'အာရမ္မဏဃနသညာ' ဟု ခေါ်ပါသည်။ ယင်း အာရမ္မဏဃနသညာကြောင့် အမြဲတစေ ဖြစ်ပျက်နေသော ဗဟိဒ္ဓအာရုံသင်္ခါရတရား (နိမိတ္တ)များ အပေါ်၌ ...နှ ... အနေအထားဟု မြင်... ...၊ သုခ၊ အတ္တ ဟု မြင်ခြင်း ဖြစ်ပါသည်။ ထို့အတူ မိမိတို့၏ ဒွါရ ခြောက်ပါး၌ ...င်လာသော ဗဟိဒ္ဓ အာရုံသင်္ခါရတရား (နိမိတ္တ) များ အပေါ်၌ ...



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ အရွတ္တ အာရမ္မဏိကသင်္ခါရတရား (ပဝတ္တ) များကိုလည်း အသီးအသီး၊ အပိုင်းအပိုင်း၊ အပြတ်အပြတ် မမြင်ဘဲ တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း 'ဃန' အနေဖြင့်ပင် မြင်ကြပါသည်။ ဤသို့ မြင်ရာ၌ အာရမ္မဏိကပိုင်းတွင် တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း 'ဃန' သဘောကို ဗုဒ္ဓစာပေဝေါဟာရဖြင့် 'သန္တာနာနုသယ' ဟု ခေါ်ပါသည်။ ယင်း သန္တာနာနုသယကြောင့် အမြဲတမ်း ဖြစ်ပျက်နေသော အရွတ္တအာရမ္မဏိက သင်္ခါရတရား (ပဝတ္တ)များ အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မမြင်ဘဲ နိစ္စ၊ သုခ၊ အတ္တဟု မြင်ခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုရလျှင် အသိခံ (အာရုံ) သင်္ခါရဖြစ်စေ၊ သိစိတ် (အာရမ္မဏိက) သင်္ခါရဖြစ်စေ သင်္ခါရတရားများ အားလုံးတို့သည် အသီးအသီး၊ အပိုင်းအပိုင်း၊ အပြတ်အပြတ် သဘောဖြင့် အမြဲတစေ ဖြစ်ပျက်နေကြပါ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို ဆောင်ကြပါ၏။ သို့ပါလျက် ယင်းသင်္ခါရတရား (နိမိတ္တ၊ ပဝတ္တ) များ အပေါ်၌ အသီးအသီး၊ အပိုင်းအပိုင်း၊ အပြတ်အပြတ် မမြင်ဘဲ တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း 'ဃန' အနေဖြင့်သာ မြင်ကြပါ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနေဖြင့် မမြင်ဘဲ နိစ္စ၊ သုခ၊ အတ္တ အနေဖြင့်သာ မြင်ကြပါ၏။ ဤသို့မြင်ရာတွင် အမြင်ခံ အာရုံ (နိမိတ္တ) ပိုင်း၌ တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း သဘောကို ဗုဒ္ဓစာပေသုံး ဝေါဟာရဖြင့် 'အာရမ္မဏာနုသယ' ဟု ခေါ်ကြောင်း ဆိုခဲ့ပြီး ဖြစ်ပါသည်။ မြင်တတ်သည့် အာရမ္မဏိက (ပဝတ္တ)ပိုင်း၌ တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း သဘောကို ဗုဒ္ဓစာပေသုံး ဝေါဟာရဖြင့် 'သန္တာနာ နုသယ' ဟု ခေါ်ကြောင်း ဆိုခဲ့ပြီး ဖြစ်ပါသည်။ ဤနေရာ၌ တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း 'ဃန' သဘောဆိုသည်မှာ အရပ်သုံးဝေါဟာရဖြင့် သက်ရှိများအတွက် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ သဘောကို ဆိုခြင်း ဖြစ်ပါသည်။ သက်မဲ့များအတွက် အရာဝတ္ထု၊ ဒြပ်၊ သဏ္ဌာန် သဘောများကို ဆိုခြင်း ဖြစ်ပါသည်။

**အာရမ္မဏာသန္တာနာနုသယနေသူတိ အာရမ္မဏာနုသယနံ**
**သန္တာနာနုသယနန္တိ ဒွိသု အနုသယနေသု။**

**(အာရမ္မဏာသန္တာနာနုသယနေသူတိ၊** ဟူသည်ကား။ **အာရမ္မဏာနုသယနံ၊** အာရုံ၌ ကိန်းခြင်း။ **သန္တာနာနုသယနံ၊** သန္တာန်၌ ကိန်းခြင်း။ **ဣတိ၊** ဤသို့။ **ဒွိသု အနုသယနေသု၊** နှစ်မျိုးသော ကိန်းခြင်းတို့တွင်။)

(ဝိဘင်းအဖွင့် အနုဋီကာ-၂၁၂)

လောကအမြင်ဖြင့် ချမ်းသာသုခကို ရှာခဲ့ကြပါသည်။ ထိုသို့ရှာခဲ့ကြသည်မှာ ဝေဒခေတ်မှ တိဂ္ဂိယခေတ်တိုင်အောင် ဖြစ်ပါသည်။ သို့ရာတွင် ချမ်းသာသုခ အစစ်အမှန်ကို မတွေ့ခဲ့ကြပါ။ ထိုသို့ မတွေ့ခြင်းမှာလည်း အသိခံပိုင်းအတွက် အာရမ္မဏာနုသယသဘောဖြင့် လည်းကောင်း၊ သိစိတ်ပိုင်းအတွက် သန္တာနာနုသယသဘောဖြင့် လည်းကောင်း ရှာဖွေကြသောကြောင့် ဖြစ်ပါသည်။ ဤနေရာ၌ အာရမ္မဏာနုသယနှင့် သန္တာနာနုသယ ဆိုသည်မှာ သက်ရှိများအတွက် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ အနေဖြင့် လည်းကောင်း၊ သက်မဲ့များအတွက် အရာဝတ္ထု၊ ဒြပ်၊ သဏ္ဌာန် အနေဖြင့် လည်းကောင်း တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်းသဘော ဖြစ်ပါသည်။

ဗုဒ္ဓခေတ်တွင်မူ လောကအမြင်ဖြင့် ချမ်းသာစစ် ချမ်းသာမှန်ကို ရှာဖွေ၍ မရနိုင်ကြောင်း၊ ဝိပဿနာအမြင်ဖြင့်သာ ချမ်းသာစစ်၊ ချမ်းသာမှန်ကို ရှာဖွေ၍ ရနိုင်ကြောင်း ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရားသည် မဇ္ဈိမပဋိပဒါ ကျင့်စဉ်ကို ဖော်ထုတ်၍ ဟောတော်မူခဲ့ပါသည်။ ထိုအပြင် မဇ္ဈိမပဋိပဒါကို ဝိပဿနာ လုပ်ငန်းစဉ်ဖြင့် စတင်ခဲ့ပါသည်။ ဝိပဿနာလုပ်ငန်းစဉ်ကို မစတင်မီ ဒိဋ္ဌိဝိသုဒ္ဓိ စခန်းကို ဖွင့်ခဲ့ပါသည်။ ဒိဋ္ဌိဝိသုဒ္ဓိ ဆိုသည်မှာ လောကတစ်ခုလုံးကို ခြုံ၍သုံးသပ်လျှင် ပရမတ္ထသစ္စာအားဖြင့် အသိခံပိုင်းနှင့် သိစိတ်ပိုင်း နှစ်ပိုင်းလုံးအတွက် ရုပ်နှင့်နာမ်သာ ရှိသည်။ ရုပ်နှင့် နာမ်မှတစ်ပါး အခြား ဘာမျှမရှိဟူသော အမြင်ပင် ဖြစ်ပါသည်။ ယင်းအမြင်သည် စင်ကြယ်သော အမြင်ဖြစ်၍ ဝိပဿနာအတွက် အမှန်လိုအပ်သောအမြင် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝိပဿနာရှုရာ၌ ရုပ်နှင့်နာမ်မှလွဲ၍ အခြားဝိပဿနာရှုစရာ ဘာမျှ မရှိသောကြောင့် ဖြစ်ပါသည်။ ဤအဆင့်တွင် လောကဖြစ်စဉ်နှင့် ပတ်သက်၍ အမြင်မှားမှု (ဒိဋ္ဌိ) သည် အထိုက်အလျောက် ကင်းကွာလေပြီ။

စင်ကြယ်မှု (ဝိသုဒ္ဓိ) သဘောအရ စိတ်စင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ)နှင့် သီလစင်ကြယ်မှု (သီလဝိသုဒ္ဓိ) တို့သည်လည်း ဝိပဿနာ ရှေ့ဦး လုပ်ငန်းများအနေဖြင့် လိုအပ်ပါသည်။ ဤနေရာ၌ စိတ်စင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ) ဆိုသည်မှာ သမာဓိခိုင်မာမှုပင် ဖြစ်ပါသည်။ သီလစင်ကြယ်မှု (သီလဝိသုဒ္ဓိ) ဆိုသည်မှာ ရှောင်ခြင်း (ဝါရိတ္တ) နှင့် ဆောင်ခြင်း (စာရိတ္တ) တို့ကို ကျင့်သုံးခြင်း ဖြစ်ပါသည်။ သီလစင်ကြယ်မှုသည် ဝိပဿနာလုပ်ငန်း၌ ပထမဦးဆုံး လိုအပ်သောလုပ်ငန်း ဖြစ်သည်။ စင်ကြယ်မှုအဆင့်အရ ဆိုရလျှင် သီလစင်ကြယ်မှု စိတ်စင်ကြယ်မည်၊ စိတ်စင်ကြယ်မှု အမြင် စင်ကြယ်မည်၊ အမြင်စင်ကြယ်မှု လောကဖြစ်စဉ်အပေါ်၌ ယုံမှားကင်းမည်၊ ယုံမှားကင်းမှ ဝိပဿနာအလုပ်၌ ရှေ့ဆက်နိုင်မည်မှာ မြတ်စွာဘုရား ညွှန်ပြတော်မူခဲ့သောကျင့်စဉ် ဖြစ်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



သီလစင်ကြယ်မှု၊ စိတ်စင်ကြယ်မှု၊ အမြင်စင်ကြယ်မှုတို့သည် ဗုဒ္ဓခေတ် မတိုင်မီက ရှိခဲ့ပါသည်။ သို့ရာတွင် ထိုစင်ကြယ်မှုများကား ရိုးရိုးစင်ကြယ်မှုများ သာ ဖြစ်ကြပါသည်။ ရိုးရိုးစင်ကြယ်မှုများသာ ဖြစ်ကြသဖြင့် ဝိပဿနာအဆင့်သို့ ကူးပြီး မဂ်၊ ဖိုလ်ကိုရရန် မစွမ်းနိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ဗုဒ္ဓခေတ်တွင်မူ စင်ကြယ်မှုများသည် အထွတ်တင်သော စင်ကြယ်မှုများ ဖြစ်ကြပါသည်။ ဤ နေရာ၌ 'အထွတ်တင်ခြင်း' ဆိုသည်မှာ စင်ကြယ်မှုများအပေါ်၌ ရတနာသုံးပါး 'ယုံကြည်မှု' ကို ဦးသျှောင်ပြုထားခြင်းပင် ဖြစ်ပါသည်။ အနှန့်အားဖြင့် ဝိပဿနာ မဂ်၊ ဖိုလ် ဆိုသည်မှာ မြတ်စွာဘုရား သာသနာတော်၌သာ ရှိကောင်းသော တရားများ ဖြစ်သဖြင့် မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ တရားတော်၊ မြတ်စွာ ဘုရား၏ တပည့်သား သံဃာတော်များ တည်းဟူသော ရတနာသုံးပါး၌ သက်ဝင် ယုံကြည်မှု မရှိပါက မည်သို့လျှင် မြတ်စွာဘုရား၏ သာသနာတော်၌သာ ရကောင်းသော ဝိပဿနာ၊ မဂ်၊ ဖိုလ်တို့ကို ရနိုင်ပါအံ့နည်း။ အလွန်ဆုံး ရနိုင်ပါ လောကီစျာန်၊ အဘိညာဉ်အဆင့်မျှသာတည်း။ ထို့ကြောင့် စင်ကြယ်မှုနှင့် ပ သက်၍ ဝိပဿနာ၊ မဂ်၊ ဖိုလ်တို့ကို ရနိုင်သော သီလ၊ သမာဓိ၊ ပညာတို့ကို အထွတ်တင်သော သီလ (အဓိသီလ)၊ အထွတ်တင်သော သမာဓိ (အဓိစိတ္တ) အထွတ်တင်သော ပညာ (အဓိပညာ) ဟူ၍ သတ်မှတ်ခြင်း ဖြစ်ပါသည်။

## သတိပဋ္ဌာန် ဒေသနာ

ဝိပဿနာကျင့်စဉ်အရ သတိပဋ္ဌာန်ဒေသနာတော်သည် ဝိပဿနာလုပ်ငန်းနှ ဝိပဿနာ၏ ရှေးဦးလုပ်ငန်းများကို ညွှန်ပြသည့်ဒေသနာ ဖြစ်ပါသည်။ ယင်း ဒေသနာတော်ကို အကျဉ်းချုံး၍ ဖော်ပြအပ်ပါသည်။

ရုပ်၊ နာမ် သဘာဝကို အကြောင်းနှင့်တကွ ပိုင်းခြား၍ သိနိုင်လျှင် ယင်း ပုဂ္ဂိုလ်ကို စူဠသောတာပန်ဟု ခေါ်ပါသည်။ ကလျာဏပုထုဇဉ်ဟူ၍လည်း ခေါ် ကြပါသေးသည်။ စူဠသောတာပန်အဆင့်သို့ ရောက်လျှင် သာသနာတော် ထောက်တည်ရာရပြီ ဖြစ်ပါသည်။ လိုချင်တပ်မက်မှုစသော ကိလေသာတို့ နှိပ်စက်ညှဉ်းပန်းမှုတို့မှ သက်သာရာရပြီ ဖြစ်ပါသည်။ သေချိန်အထိ ယင်းအမြ မျိုး၊ ယင်းအသိမျိုးဖြင့် လောကကို မြင်နိုင်၊ သိနိုင်လျှင် အပါယ်လေးပါးသို့လည် မကျရောက်နိုင်တော့သဖြင့် 'နိယတဂတိ' ခေါ် သုဂတိသို့ရောက်ရန် သေချာ ဖြစ်ပါသည်။ ထို့ကြောင့် အနည်းဆုံး စူဠသောတာပန်အဆင့်သို့ ရောက်အော တရားအားထုတ်သင့်ပါသည်။ စူဠသောတာပန်အဆင့်ကို ဒွိဟိတ်ပုဂ္ဂိုလ်များပ ရောက်နိုင်ကြောင်း ဆိုကြပါသည်။ စူဠသောတာပန်အဆင့်ဟူသည် ဝိသုဒ္ဓိအဆ





အားဖြင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ ခေါ် ယုံမှားမှုကို လွန်မြောက်သည့် အဆင့်၌ယာ ပြီး ဝိပဿနာ၏ အခြေပျိုးအဆင့်သာ ဖြစ်ပါသေးသည်။ မည်သို့မဆို အားထုတ် ထိုင် ဖြစ်နိုင်သောအဆင့် ဖြစ်ပါသည်။ စူဠသောတာပန်ကို ပိဋကတ်တော်၌ 'လဒ္ဓဿာသ' သက်သာရာကို ရပြီးသူ ဟူ၍လည်းကောင်း၊ 'လဒ္ဓပတိဋ္ဌ' ထောက် တည်ရာကို ရပြီးသူ ဟူ၍လည်းကောင်း၊ 'နိယတဂတိက' သုဂတိမြဲသူ ဟူ၍ လည်းကောင်း ဖော်ပြထားပါသည်။ သို့ရာတွင် တရားအားမထုတ်ဘဲ စာပေ ကျမ်းဂန်သိ သက်သက်ဖြင့် စူဠသောတာပန်အဆင့်သို့ ရောက်ရန် မဖြစ်နိုင်ကြောင်း မှတ်ယူသင့်ပါသည်။

## ထွက်သက်ဝင်သက် ရှုနည်း

ထွက်သက်ဝင်သက် ရှုရာတွင် ပိဋကတ်စာပေများ၌ ဆိတ်ငြိမ်ရာအရပ်၌ လုပ်ရ မည် ဟူ၍လည်းကောင်း၊ ကိုယ်ကို ဖြောင့်မတ်စွာ ထားရမည် ဟူ၍လည်းကောင်း ဖော်ပြထားခြင်းများ ရှိပါသည်။ ထိုသို့ ဖော်ပြထားခြင်းမှာ အာနာပါန ခေါ် ထွက်သက်ဝင်သက်ရှုရာ၌ အသင့်လျော်ဆုံးကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထွက်သက်ဝင်သက် သို့မဟုတ် ထွက်လေဝင်လေကို ရှုရာ၌ အခြေ အနေအရ ကြုံသလို ရှုနိုင်ပါသည်။ ထွက်သက်ဝင်သက်ရှုရာတွင် သတိမှတ်နည်း ရှစ်နည်း ရှိပါသည်။ ထို ရှစ်နည်းတွင် အစဦး ယောဂီများအတွက် အသင့်လျော် ဆုံး နည်းသုံးနည်း ရှိပါသည်။ ထို နည်းသုံးနည်းအနက် မိမိတို့နှင့် သင့်လျော်ရာ နည်းကို အသုံးပြုနိုင်ပါသည်။ ထိုနည်းသုံးနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ရေတွက်၍ မှတ်နည်း (ဂဏနာ)၊

(ခ) မရေတွက်ဘဲ မှတ်နည်း (အနုဗန္ဓနာ)၊

(ဂ) ထိသိနည်း (ဖုသနာ)။

### (က) ရေတွက်၍ မှတ်နည်း (ဂဏနာ)

ရေတွက်၍ မှတ်နည်းသည် ပုတီးစိပ်သည်နှင့် တူပါသည်။ စိတ်ပျံ့လွင့်နေသော အခါ ဤနည်းသည် အသုံးကျပါသည်။ မိမိတို့ အသက်ရှူသောအခါ ဝင်သက် ကိုလည်း ရှူပါသည်။ ထွက်သက်ကိုလည်း ရှူပါသည်။ ထို ဝင်သက်ထွက်သက် နှစ်မျိုးတွင် ထင်ရှားရာက စ၍ မှတ်ရပါသည်။ အကယ်၍ ထွက်သက် ထင်ရှား သဖြင့် ထွက်သက်က စ၍မှတ်လျှင် ပထမဆုံးထွက်သက်ကို (၁) ဟု ရေတွက်မှတ် ရပါသည်။နောက်တစ်ခါ မထွက်မချင်း (၁) ဟုပဲ မှတ်ထားရပါသည်။ နောက် တစ်ခါ ဒုတိယထွက်သက်ကို (၂) ဟု မှတ်ရပါသည်။ ဤနည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထွက်သက်ကို (၃) ဟု လည်းကောင်း၊ စတုတ္ထထွက်သက်ကို (၄) ဟု လည်းကောင်း၊ ပဉ္စမထွက်သက်ကို (၅) ဟု လည်းကောင်း မှတ်ရပါသည်။ ဤတွင် (၁) မှစ၍ (၅) အထိကို တစ်ဝါရဟု ခေါ်ပါသည်။

ထိုနည်းအတူ (၁) မှစ၍ (၆) ထိအောင် တစ်ဝါရ၊ (၁) မှစ၍ (၇) ထိအောင် တစ်ဝါရ၊ (၁) မှစ၍ (၈) ထိအောင် တစ်ဝါရ၊ (၁) မှစ၍ (၉) ထိအောင် တစ်ဝါရ၊ (၁) မှစ၍ (၁၀) ထိအောင် တစ်ဝါရ၊ စုစုပေါင်း (၆) ဝါရကို ရေတွက်၍ မှတ်ရပါသည်။ ထိုသို့မှတ်ရာတွင် (၅) အောက်လည်း မလျော့စေရ။ (၁၀)ထက်လည်း မကျော်စေရ။ (၆) ဝါရတို့ကို ပြန်၍ရေတွက်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည်။ ယင်း (၆) ဝါရတို့အနက် မိမိနှင့် သင့်လျော်ရာ ဝါရကို ယူ၍ မှတ်ရန် ဖြစ်ပါသည်။ အရေးကြီးသည်မှာ 'သတိ' ကို ထူထောင်ရန် ဖြစ်ပါသည်။

၁ မှ ၅-တစ်ဝါရ
၁ မှ ၆-တစ်ဝါရ
၁ မှ ၇-တစ်ဝါရ
၁ မှ ၈-တစ်ဝါရ
၁ မှ ၉-တစ်ဝါရ
၁ မှ ၁၀-တစ်ဝါရ

စုစုပေါင်း (၆) ဝါရ ဖြစ်ပါသည်။ ထွက်သက်ဝင်သက်ကို မှတ်ရာ၌ ထင်ရှားရာက စ၍ မှတ်ရပါသည်။ ဝင်သက်ထင်ရှားလျှင် ဝင်သက်က စ၍မှတ်ပြီး ထွက်သက်ထင်ရှားလျှင်လည်း ထွက်သက်က စ၍ မှတ်ရပါသည်။ သို့မဟုတ်ပါက ရေအရေ ရှုပ်ထွေး သွားလိမ့်မည်။ ဤသည်မှာ ရေတွက်၍ မှတ်သည့်နည်း ဖြစ်ပါသည်။ ဤနည်းဖြင့် မှတ်လျှင် ၅-မှတ်လိုက်၊ ၆-မှတ်လိုက် စသည် မလုပ်ရဘဲ ၅-ဆို ၅၊ ၆-ဆို ၆ မှတ်ရပါသည်။ သို့မှသာ သမာဓိ ရနိုင်ပါသည်။

## (၈) မရေမတွက်ဘဲ မှတ်နည်း (အနုဗန္ဓနာ)

ဤနည်းသည် စိတ်ပျံ့လွင့်မှု မရှိတော့သော ယောဂီများအတွက် ဖြစ်ပါသည်။ အကယ်၍ စိတ်ပျံ့လွင့်မှုရှိသော ယောဂီများအတွက် အထက်ပါ ရေတွက်၍ မှတ်နည်း (ဂဏနာ) ကို သုံး၍ မှတ်ရာမှ စိတ်ပျံ့လွင့်မှု မရှိတော့လျှင် ဤနည်းကို အသုံးပြု၍ မှတ်နိုင်ပါသည်။ ဤနည်းအရ မှတ်ရာတွင် ထွက်သက်ဝင်သက် သို့မဟုတ် ထွက်လေဝင်လေကို နှာသီးဖျားမှ စောင့်၍ ထွက်တိုင်းသိ၊ ဝင်တိုင်းသိ ဖြစ်အောင် မှတ်ရပါသည်။ သတိမလစ်အောင် ဂရုစိုက်ရပါသည်။ ထိုသို့မှတ်ရာတွင် မိမိတို့ စွမ်းနိုင်သမျှ မှတ်ရပါသည်။





## (၁) ထိသိနည်း (ဖုသနာ)

ဤနည်းသည် ထွက်လေ၊ ဝင်လေနှင့် နှာသီးဝတို့ ထိသည်ကို အာရုံပြု၍ မှတ်သည့်နည်း ဖြစ်ပါသည်။ ဤနည်းသည် အထက်ပါနည်း နှစ်မျိုးတို့၌ ပါဝင်ပြီး ဖြစ်သည်။ ထိသိကို အလေးထား၍ မလွှတ်တမ်း မှတ်သောနည်းကို ဝိပဿနာနည်းဟု ခေါ်ပါသည်။ ထိသိကို အလေးမထားဘဲ ထွက်လေ၊ ဝင်လေကိုသာ အလေးထားပြီး မှတ်သောနည်းကို သမထနည်းဟု ခေါ်ပါသည်။ မိမိတို့နှင့် သင့်လျော်သလို မှတ်ရန် ဖြစ်ပါသည်။ ထိသိဖြစ်လျှင် ပို၍ကောင်းကြောင်း ဆိုကြပါသည်။ ထိသိ မဖြစ်သော်လည်း သမာဓိ ရနိုင်ပါသည်။

ထွက်သက်၊ ဝင်သက်ကို မှတ်ရာတွင် သိစရာ အာရုံသုံးမျိုး ရှိပါသည်။ ထိုအာရုံ သုံးမျိုးမှာ-

(၁) နှာသီးဖျား၌ တိုးထိမှုသဘော၊
(၂) ထွက်သက်၊
(၃) ဝင်သက်တို့ ဖြစ်ပါသည်။

ထိုတရား သုံးမျိုးကို တစ်ပြိုင်နက် သိသလို ထင်ကြပါသည်။ ယေင်လွှဥပမာ၊ တံခါးစောင့်ဥပမာ၊ လွှတိုက်ဥပမာတို့အရ သိစရာအာရုံ သုံးမျိုးကို တစ်ပြိုင်နက်တည်း သိသလို သဘောမျိုး ဖြစ်ပါသည်။ ယေင်လွှ ဥပမာအရ ယေင်လွှသူသည် တစ်နေရာတည်း၌ ထိုင်ရင်း ယေင်၏ ဟိုဘက်နှုတ်ခမ်း၊ ဒီဘက်နှုတ်ခမ်း၊ အလယ်ချက်တို့ကို တစ်ပြိုင်နက်တည်း သိပါသည်။ တံခါးစောင့်ဥပမာအရ တံခါးစောင့်သည် တံခါးဝ၌နေရင်း ဝင်သူ၊ ထွက်သူနှင့် ယင်းတို့၏ ဖြတ်သန်းသွားလာခြင်းကို တစ်ပြိုင်နက် သိပါသည်။ လွှတိုက်ဥပမာအရ လွှတိုက်သူသည် သစ်တုံး၌ လွှသွား ထိခိုက်နေခြင်းကို သတိထားနေရင်းကပင် လွှအသွား၊ လွှအပြန်နှင့် လွှနှင့်သစ်တုံးတို့၏ ထိခိုက်ခြင်းကို တစ်ပြိုင်နက် သိပါသည်။ ယင်းသို့ တစ်ပြိုင်နက် သိသော်လည်း သိစရာ အာရုံက သုံးမျိုး ပြားသဖြင့် သိစိတ် သုံးခု ဖြစ်၍ သိခြင်းသာ ဖြစ်သည်ဟု ပိုင်းခြားပြီး ခွဲနိုင်မှ [illegible] ပြည့်စုံပါမည်။ ဆိုလိုရင်းမှာ မိမိ၌ ထင်လာသော အာရုံများကို တစ်ခုစီ တစ်ခုစီ ခွဲခြားပြီး သိနိုင်သောအဆင့်ရောက်မှ ယင်းသတိကို ဘာဝနာနှင့်ပြည့်စုံသော သတိဟု ဆိုရပါသည်။ သတိသည် ဘာဝနာနှင့် ပြည့်စုံသော [illegible] ဆိုင်ရာဆိုင်ရာ ဘာဝနာနိမိတ်များ ပေါ်လာမည် ဖြစ်ပါသည်။ ဤနေရာ၌ [illegible] ထွက်သက်ဝင်သက် ဘာဝနာဖြစ်၍ ယင်း၏ဆိုင်ရာ [illegible] ဘာဂနိမိတ်များ ပေါ်လာမည် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အာနာပါန (၄) စတုက္က

အာနာပါနခေါ် ထွက်သက်ဝင်သက်ရှုနည်းနှင့် ပတ်သက်၍ နည်းပေါင်း (၁၆) နည်း ရှိပါသည်။ ယင်းနည်းပေါင်း (၁၆) နည်းကို ထိုထိုအာနာပါနဆိုင်ရာ သုတ္တန်များ၌ ဟောကြားတော်မူပြီး သတိပဋ္ဌာန်သုတ္တန်၌မူ ပထမ စတုက္ကကိုသာ ပဓာနထား၍ ဟောကြားတော်မူပါသည်။ လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်လျှင် ပထမ စတုက္က၌သာ လုပ်ထုံးလုပ်နည်းကို ဖော်ပြထားပါသည်။ ကျန်စတုက္ကများ အတွက် လုပ်ထုံးလုပ်နည်း သီးခြားမရှိဘဲ ပထမ စတုက္ကအတိုင်းပင် ဖြစ်ပါသည်။ စုစုပေါင်း (၁၆) နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ပထမ | စတုက္က | ၄–နည်း |
| ဒုတိယ | စတုက္က | ၄–နည်း |
| တတိယ | စတုက္က | ၄–နည်း |
| စတုတ္ထ | စတုက္က | ၄–နည်း |
| စုစုပေါင်း | | ၁၆–နည်း |

### ပထမ စတုက္က

အာနာပါနခေါ် ထွက်သက်ဝင်သက်နှင့် ပတ်သက်၍ စတုက္ကပေါင်း လေးခု ရှိပါသည်။ ထိုစတုက္ကပေါင်း လေးခုလုံးသည် သမထယာနိက ယောဂီများအတွက် လိုအပ်ပါသည်။ ဝိပဿနာယာနိက ယောဂီများအတွက် စတုက္ကပေါင်း လေးခု လုံး မလိုအပ်ဘဲ ပထမစတုက္က တစ်ခုတည်းသာ လိုအပ်ပါသည်။ ထို့ကြောင့် သတိပဋ္ဌာန် ဒေသနာတော်၌ ပထမစတုက္က တစ်ခုတည်းကို ပဓာနထား၍ ဟော ကြားခြင်း ဖြစ်ပါသည်။ ပထမစတုက္က၌ နည်းပေါင်း လေးနည်း ပါဝင်ပါသည်။ ယင်းနည်းပေါင်း လေးနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နည်း (၁)

(၁) ဝင်လျှင် ဝင်မှန်းသိအောင် သတိထား၊

(၂) ထွက်လျှင် ထွက်မှန်းသိအောင် သတိထား။

နည်း (၂)

(၁) ရှည်လျှင် ရှည်မှန်းသိ၊

(၂) တိုလျှင် တိုမှန်းသိ။

နည်း (၃)

(၁) ဝင်လျှင် စ၊ လယ်၊ ဆုံးကို သိအောင်လေ့ကျင့်၊

(၂) ထွက်လျှင် စ၊ လယ်၊ ဆုံးကို သိအောင်လေ့ကျင့်။





နည်း (၄)

(၁) ဝင်လျှင် ဝင်သက်ကို ငြိမ်းအောင်လေ့ကျင့်၊

(၂) ထွက်လျှင် ထွက်သက်ကို ငြိမ်းအောင်လေ့ကျင့်။

ပထမ စတုက္ကလာ နည်းပေါင်း လေးနည်းနှင့် ပတ်သက်၍ လယ်တီဆရာ ...ဘုရားကြီးက 'သတိမြဲရာ၊ ပထမာ၊ ဒုမှာ ရှည် တိုသိ။ လုံးစုံလင်းရာ၊ ...–၌သာ၊ စ–မှာ ငြိမ်းလေဘိ' ဟူ၍ မြန်မာသံပေါက်ကဗျာဖြင့် မှတ်တမ်းတင်ခဲ့ ...သည်။

**...ည်း (၁)**

...ထမ စတုက္ကသည် **သတိထူထောင်မှု** (သတောကာရီ) စတုက္က ဖြစ်ပါသည်။ ...ဤနေရာ၌ စတုက္ကဟူသည်မှာ လေးခုတို့၏အပေါင်း ဖြစ်ပါသည်။ ပထမ စတုက္က ...နည်းပေါင်း လေးနည်း ပါဝင်သည်ဟု ဆိုလိုပါသည်။ ထိုနည်းပေါင်း လေးနည်း ...တွင် ပထမနည်းမှာ–

(၁) ဝင်လျှင် ဝင်မှန်းသိအောင် သတိထား၊

(၂) ထွက်လျှင် ထွက်မှန်းသိအောင် သတိထား

...သောနည်းပင် ဖြစ်ပါသည်။ ဤနည်းအရ အသက်ကို ရှုသွင်းသောအခါ ...သွင်းမှန်းသိအောင် သတိထားရပါသည်။ အသက်ကို ရှုထုတ်သောအခါ၌လည်း ...ထုတ်မှန်းသိအောင် သတိထားရပါသည်။ ဤသို့ သတိထားရာ၌ မိမိတို့၏ ...လိုဆန္ဒအရ 'ဂဏနာ' နည်းခေါ် ရေတွက်၍ မှတ်နည်းကိုဖြစ်စေ၊ 'အနုဗန္ဓနာ' ...နည်းခေါ် မရေတွက်ဘဲ မှတ်နည်းကိုဖြစ်စေ သုံးနိုင်ပါသည်။ ဂဏနာနည်းကို ...သုံးလျှင်လည်း 'ထိ–သိ–သတိ' ဟူသော ဖုသနာနည်း ပါဝင်အောင် အား ...ထုတ်နိုင်ပါသည်။ အနုဗန္ဓနာနည်းကို သုံးလျှင်လည်း ဖုသနာနည်း ပါဝင်အောင် အားထုတ်နိုင်ပါသည်။ သို့ရာတွင် မည်သည့်နည်းကို သုံးသည်ဖြစ်စေ အရေးကြီး သည်မှာ 'သတိ' ထူထောင်မိဖို့ပင် ဖြစ်ပါသည်။ သတိကို ခိုင်ခိုင်မာမာ ထူထောင် ...မိလျှင် ယင်းနည်းသည် အကောင်းဆုံး ဖြစ်ပါသည်။ ထို့အပြင် ဝင်သက်၊ ထွက် သက်ကို မှတ်ရာ၌ နှာသီးဖျားမှနေ၍ မှတ်ရပါသည်။ ဝင်သက်၊ ထွက်သက် သို့မဟုတ် ဝင်လေ၊ ထွက်လေ နောက်ကို စိတ်ကလိုက်ပြီး မှတ်နေရပါ။ နှာသီး ဖျားမှနေ၍ မှတ်ရင်း ဝင်သက်ကိုလည်း သိပါသည်။ ထွက်သက်ကိုလည်း သိပါ သည်။ ဝင်သက်နှင့် နှာသီးဖျား သို့မဟုတ် ထွက်သက်နှင့် နှာသီးဖျား ထိသည် ...ကိုလည်း သိပါသည်။ သတိကောင်းလေ၊ ပို၍ ထင်ရှားလေ ဖြစ်လာပါသည်။

ထွက်သက်၊ ဝင်သက်တို့ကို နှာသီးဖျားမှနေ၍ မှတ်ရာ၌ ...



www.burmeseclassic.com

www.burmeseclassic.com



အရဖြစ်စေ၊ အနုဗန္ဓနာနည်းအရဖြစ်စေ အားထုတ်သောအခါ 'ထိသိ' (ဖုသနာ) ပါဝင်အောင် အားထုတ်လျှင် သတိထူထောင်မှု အားကောင်းပြီး ဝိပဿနာလုပ်ငန်း အတွက် အကျိုးများပါသည်။ အကယ်၍ 'ထိသိ' ပါဝင်အောင် အားမထုတ်နိုင် သေးလျှင်လည်း ထွက်လေသိ၊ ဝင်လေသိကိုပင် ကြိုးစားအားထုတ်သင့်ပါသည်။ ထိုသို့ အားထုတ်ရင်း အားထုတ်ရင်း ထိသိမှုသဘော ထင်ရှားလာပါလိမ့်မည်။ ထိသိသဘော ထင်ရှားလာသည်နှင့်အမျှ သတိအားကောင်းပြီး ဝိပဿနာအတွက် အကျိုးများလာမည် ဖြစ်ပါသည်။

ပထမနည်းအရ ထွက်သက်ဝင်သက်ကို မှတ်သောအခါ နှာသီးဖျားခေါင်း နှာခေါင်းဝ၏ အောက်တည့်တည့် နှာရည်ယိုစီးကျသည့် အထက်နှုတ်ခမ်းသား၌ စိတ်စိုက်ထားပြီး ထွက်လေ၊ ဝင်လေကို 'ထွက်လျှင် ထွက်မှန်းသိ၊ ဝင်လျှင် ဝင်မှန်းသိ' ဖြစ်အောင် မှတ်သားနေစဉ် စိတ်သည် လွင့်ထွက်သွားတတ်ပါသည်။ ထိုသို့ လွင့်ထွက်သွားလျှင်လည်း လွင့်ပါစေ၊ လွင့်ထွက်သွားသည်ကိုတော့ သိ အောင် မှတ်ရပါသည်။ အာရုံတစ်ပါးသို့ ရောက်သွားလျှင်လည်း ရောက်ပါစေ၊ ရောက်သွားသည်ကိုတော့ သိအောင် မှတ်ရပါသည်။ အာရုံဟူသမျှကို သတိလွတ် မခံဘဲ သိနေလျှင် တရားမှတ်ခြင်းအလုပ်ပင် ဖြစ်ပါသည်။ ထွက်လေ ဝင်လေကို ရှုမှတ်နေစဉ် စိတ်စိုက်ထားရာ နှာသီးဖျားမှ စိတ်လွင့်သွားခြင်း၊ အာရုံတစ်ပါးသို့ ရောက်သွားခြင်းတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရန် မလိုပါ။ မူလရှုမှတ် နေကျအတိုင်း ဆက်လက်ရှုမှတ်ရန်သာ လိုပါသည်။ လွင့်ချင်ရာလွင့်၊ ရောက် ချင်ရာရောက်၊ လွင့်မှန်း ရောက်မှန်းသိလျှင် တရားမှတ်ခြင်းပင် ဖြစ်ပါသည်။ လွင့်မှန်း ရောက်မှန်း မသိမှသာ တရားမှတ်ခြင်း မဟုတ်ဟု မှတ်ယူရပါသည်။ ထို့ကြောင့် နှာသီးဖျား၌ စိတ်စိုက်ထားပြီး ထွက်သက် ဝင်သက်ကို 'ထွက်မှန်းသိ၊ ဝင်မှန်းသိ' ဖြစ်အောင် မှတ်နေစဉ် ဘာမျှ မသိလိုက်သည့်သဘော ဖြစ်ပေါ်လာ လျှင်လည်း ယင်း ဘာမျှမသိသည့် သဘောကိုပင် 'ဘာမျှမသိသည့် သဘောမှန်း' သိလာအောင် မှတ်ရပါမည်။ သို့မှသာ သတိထူထောင်မှုလုပ်ငန်း အောင်မြင်မည် ဖြစ်ပါသည်။

တရားအားမထုတ်ခင်ကာလက စိတ်သည် လွင့်ချင်ရာလွင့်၊ ဖြစ်ချင်ရာဖြစ် သဘော ရှိပါသည်။ သို့ရာတွင် သတိမထားသည့်အတွက် 'လွင့်မှန်း၊ ဖြစ်မှန်း' မသိခြင်း ဖြစ်ပါသည်။ ယခု တရားအားထုတ်သောအခါမှ သတိထားနေသည့် အတွက် 'လွင့်မှန်း၊ ဖြစ်မှန်း' သိလာခြင်း ဖြစ်ပါသည်။ ဤသည်ပင်လျှင် တရား အားထုတ်ရခြင်း၏ အကျိုးတရား ဖြစ်ပါသည်။ သတိသည် အာရုံအများနှင့် ဆက်ဆံပါသည်။ မည်သည့်အာရုံ ရောက်ရောက်၊ ရောက်လာသမျှ အာရုံများကို





သတိမလွတ်ဘဲ မှတ်နိုင်မှသာ သတိထူထောင်မှု ကောင်းလာမည် ဖြစ်ပါသည်။ သတိထူထောင်ရာ၌ အာရုံများများ သိနိုင်လေလေ၊ သတိ အားကောင်းလေလေ ဖြစ်ပါသည်။ ထို့ကြောင့် ထွက်လေ၊ ဝင်လေကို မှတ်ရာ၌ စိတ်အပြင် ထွက်ချင် ထွက် မထွက်ချင်နေ၊ လွင့်ချင်လွင့် မလွင့်ချင်နေ၊ ထွက်လျှင်လည်း ထွက်သည့် စိတ်၊ လွင့်လျှင်လည်း လွင့်သည့်စိတ်ကို ပြန်သိမ်းရန် ဇွတ်အတင်း မကြိုးစားဘဲ လိုက်သင့် မှတ်နေကျ မူလ ထွက်သက်ဝင်သက်ကိုသာ 'ထွက်မှန်းသိ၊ ဝင်မှန်း သိ' ဖြစ်အောင် ကြိုးစားနေရပါမည်။ ထိုအခါ ထွက်လေ ဝင်လေကို 'ထွက်မှန်း သိ၊ ဝင်မှန်းသိ' သိနေစဉ် စိတ် အပြင်ထွက်နေသည်ကိုလည်း သိပါသည်၊ စိတ်လွင့်နေသည်ကိုလည်း သိပါသည်။ ဖြစ်ပေါ်လာသည့် အာရုံများကို ကျဲကျဲမှ စိပ်၊ စိပ်စိပ်မှ ပိုင်းပိုင်းခြားခြား သိလာမည် ဖြစ်ပါသည်။

**ဣမသ္မိံ သတိ ဣဒံ ဟောတိ** =(ဤဟာဖြစ်လျှင် ဤဟာဖြစ်မည် ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ လောကဖြစ်စဉ် တရားများသည် ကြောင်းကျိုး ဆက်အနေဖြင့် တစ်ခုအပေါ်တစ်ခု အမှီသဟဲပြုပြီး ဖြစ်နေခြင်း၊ ပျက်နေခြင်း ဖြစ်ပါသည်။ မည်သူက ဖန်ဆင်း၍မျှ ဖြစ်နေခြင်း၊ ပျက်နေခြင်း မဟုတ်ပါ။ ဤသည်ကိုပင် ဓမ္မဗျာပါရဟု ခေါ်ပါသည်။ သူ့သဘောကို သူဆောင်သည်ဟု ခေါ်ပါသည်။ ဤသို့လျှင် ဓမ္မဗျာပါရအရ သူ့သဘောကို သူဆောင်ကာ ဖြစ်ပျက် နေသော လောကဖြစ်စဉ်ပေါ်၌ တကယ်မရှိသော ပုဂ္ဂလဗျာပါရကို အပိုထည့်သွင်း လိုက်သည်နှင့် တစ်ပြိုင်နက် 'ပုဂ္ဂိုလ်၊ သတ္တဝါ' သဘောသည် ပေါ်လာမည် ဖြစ်ပါသည်။ ယင်းကို အခြေခံ၍ 'ကြိုက်၊ မကြိုက်' သဘောသည် ပေါ်လာမည် ဖြစ်ပါသည်။ ယင်းကို အခြေခံ၍ 'ဤဟာ ဖြစ်စေ၊ ထိုဟာ ပျက်စေ' ဟူသော ဖန်ဆင်းမှု လုပ်ငန်းကို လုပ်တတ်သည့် 'အတ္တ' သည် ဖြစ်ပေါ်လာမည် ဖြစ်ပါ သည်။ ဤနည်းအားဖြင့် လောကသည် ဖြစ်ပေါ်လာခဲ့ပါသည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ စိတ်လွင့်ခြင်း၊ စိတ်အပြင်ထွက်ခြင်းတို့ သည် ဓမ္မဗျာပါရသဘောအတိုင်း အကြောင်းရှိ၍ လွင့်ခြင်း၊ ထွက်ခြင်းတို့ ဖြစ်ပါ သည်။ အကြောင်းချုပ်ခဲ့သော် စိတ်လွင့်ခြင်း၊ စိတ်အပြင်ထွက်ခြင်းတို့ ဖြစ်ပေါ် မည် မဟုတ်။ ထို့ကြောင့် အကျိုးတရားပေါ်၌ ပုဂ္ဂလဗျာပါရကို ထည့်၍ ကြိုက်၊ မကြိုက်သဘောဖြင့် ထိန်းချုပ်ရန် မကြိုးစားဘဲ ဓမ္မဗျာပါရအတိုင်း ဖြစ်ပေါ် လာသည့် စိတ်လွင့်ခြင်းနှင့် စိတ်အပြင်ထွက်ခြင်းတို့ကို 'လွင့်မှန်း၊ အပြင်ထွက်မှန်း' သိအောင် ကြိုးစားရန်သာ ဖြစ်ပါသည်။ အကယ်၍ ပုဂ္ဂလဗျာပါရသဘောဖြင့် စိတ်မလွင့်အောင်၊ စိတ်အပြင်မထွက်အောင် ထိန်းချုပ်ရန် ကြိုးစားခဲ့ပါလျှင် 'ဖန်ဆင်း သည့် သဘောမျိုး' ဖြစ်သွားနိုင်ပါသည်၊ 'အတ္တ' သဘော ထင်ဆင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်ပါသည်။ ဖန်ဆင်းမှုသဘော ပေါ်ပေါက်လာနိုင်ပါသည်။ စိတ်ပညာ[illegible] တို့၏ အဆိုအရ ဤကဲ့သို့သော ထိန်းချုပ်မှုမျိုးသည် အန္တရာယ်ကြီးပါသည်[illegible] တစ်နည်းနည်းဖြင့် ထွက်ပေါက်ရှာတတ်ပါသည်။ ထိုသို့ ထွက်ပေါက်ရှာခြ[illegible] ကြောင့် စိတ်ရောဂါ ဖြစ်လာတတ်ပါသည်။

ထို့ကြောင့် လွင့်စရာအကြောင်းရှိ၍ လွင့်ခြင်းဖြစ်သဖြင့် လွင့်ပါစေ၊ အပြ[illegible] ထွက်စရာအကြောင်းရှိ၍ အပြင်ထွက်ခြင်းဖြစ်သဖြင့် ထွက်ပါစေ၊ အကြော[illegible] တရားများကို မြှုသွားအောင် မလုပ်ဘဲ စိတ်အလွင့်ခံ၊ စိတ်အပြင်ရောက်ခံ[illegible] ထွက်သက်၊ ဝင်သက်ကို 'ထွက်မှန်းသိ၊ ဝင်မှန်းသိ' ဖြစ်အောင် နှာသီးဖျား[illegible] စိတ်စိုက်ပြီး မှတ်ရန် ကြိုးစားရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ကြိုးစားခြင်း[illegible] မိမိတို့၏ သန္တာန်၌–

(၁) သဒ္ဓါ၊

(၂) ဝီရိယ၊

(၃) ခန္တီ၊

(၄) သတိ၊

(၅) ပညာ

တို့ တိုးတက်လာမည် ဖြစ်ပါသည်။ ယင်းသို့ တိုးတက်လာသောအခါ စိ[illegible] ကြည်လင်လာပါမည်။ စိတ်အား ထက်သန်လာပါမည်။ အပင်ပန်း ခံနိုင်လာ[illegible] မည်။ အာရုံများ ထင်ရှားလာပါမည်။ ပုဂ္ဂိုလ်အနေဖြင့် သိခြင်းမျိုး မဟုတ်[illegible] ဓမ္မအနေဖြင့် သိခြင်းမျိုး ဖြစ်လာပါမည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပည[illegible] မပါဘဲ သဘာဝ သက်သက်ကို သိခြင်းမျိုး ဖြစ်လာပါမည်။ 'ခါးက နာသ[illegible] ဆိုရာ၌ 'ခါး'က သတ်သတ်၊ 'နာခြင်း' က သတ်သတ် ခွဲခြားပြီး ခါး[illegible] နာခြင်းကို သိလာပါမည်။ 'နာခြင်း' ၌ 'ခါး' ကို မထည့်သွင်းဘဲ သိလာပါမ[illegible] ဤသို့ သိခြင်းကိုပင် ပညတ်မပါဘဲ ပရမတ်ကို သိခြင်း၊ သဘာဝသက်သက်[illegible] သိခြင်းဟူ၍ ဆိုကြပါသည်။

ထွက်သက် ဝင်သက်ကို ရှုမှတ်ရာ၌ သတိကို အမြဲတမ်း အခြေခံရ[illegible] ဖြစ်ပါသည်။ သတိကို သမာဓိက မဖုံးသွားအောင်၊ သတိကို ဝီရိယက မဖုံးသွ[illegible] အောင် အမြဲတမ်း သတိရှိရမည် ဖြစ်ပါသည်။ သတိကို သမာဓိက ဖုံးသွားလျှ[illegible] သတိအား သေးသွားပြီး ငိုင်တိုင်တိုင် ငေးတေးတေး ဖြစ်သွားတတ်ပါသည်[illegible] တစ်ယောက်တည်း နေချင်သလိုလို၊ သံဝေဂ ဖြစ်သယောင်ယောင် ဖြစ်လာတ[illegible] ပါသည်။ သတိကို ဝီရိယက ဖုံးသွားပြန်လျှင်လည်း သတိအား သေးသွား[illegible] စိတ်ကြွ လူကြွ ဖြစ်လာတတ်ပါသည်။ ဣန္ဒြေမရ ဖြစ်လာတတ်ပါသည်။ [illegible]





[illegible]ကြောင့် သမာဓိနှင့် ဝီရိယကို သတိပေါ်၌ အမြဲတမ်း အခြေခံရပါမည်။ အကယ်၍ သတိပေါ်၌ အခြေမခံလျှင် သမာဓိနှင့် ဝီရိယသည် ကုသိုလ်နှင့် အကုသိုလ် [illegible]မျိုးလုံးနှင့် ဆက်ဆံသောကြောင့် မှားယွင်းသော သမာဓိနှင့် မှားယွင်းသော ဝီရိယ ဖြစ်သွားနိုင်ပါသည်။ သတိသည် အကုသိုလ်နှင့် မဆက်ဆံသဖြင့် သတိ [illegible]ပေါ်၌ အမြဲတမ်း အခြေခံသော သမာဓိနှင့် ဝီရိယသည် မှားယွင်းသော သမာဓိနှင့် [illegible]ယွင်းသော ဝီရိယ ဖြစ်မလာနိုင်ပါချေ။ ဤနေရာ၌ သတိကို အခြေခံရမည်ဟု [illegible]ရာတွင် ပုဂ္ဂိုလ်အနေဖြင့် အာရုံများကို ကြောင့်ကြစိုက်ပြီး လိုက်မှတ်မနေရ [illegible]ဘဲ ဓမ္မအနေဖြင့် အာရုံများသည် သူ့အလိုလို ထင်လာခြင်းမျိုး ဖြစ်ပါသည်။ ဤသို့ ဖြစ်လာမှသာ သတိ၏ ဥပဋ္ဌာနကိစ္စ ပြည့်စုံလာပါမည်။ 'ဥပဋ္ဌာန' [illegible]သည်မှာ စိတ်က အာရုံသို့ မသွားဘဲ အာရုံက စိတ်သို့လာ၍ စိတ်ထဲ၌ အလိုလို [illegible]လာခြင်း ဖြစ်ပါသည်။ အာရုံက စိတ်ထဲ၌ အလိုလို ထင်လာအောင် သတိက [illegible]ဆောင်ရွက်ပေးပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပုဂ္ဂိုလ်က ပုဂ္ဂလဗျာပါရ အနေဖြင့် ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ သတိက ဓမ္မဗျာပါရအနေဖြင့် ဆောင် ရွက်ခြင်းမျိုး ဖြစ်ပါသည်။ ဤသည်ကိုပင် ဥပဋ္ဌာန (အာရုံရှေးရှုထင်ခြင်း) ဟု ဆိုပါသည်။ သဒ္ဒါရအာရုံများနောက် စိတ်က လိုက်နေသမျှ၊ စိတ်က ယင်းအာရုံ [illegible] မှိုတွယ်နေသမျှ ညွတ်တိမ်းမှု (နတိ) ဖြစ်၍ စိတ်သည် လှုပ်ရှားနေပေမည်။ အမှန်အားဖြင့် စိတ်က မသွားဘဲ အာရုံကသာ လာ၍ စိတ်၌ မှိုတွယ်သည့်အဆင့်သို့ [illegible]ရောက်မှသာ စိတ်သည် မလှုပ်ရှားသော သဘောကို ဆောင်နိုင်လာမည်၊ ငြိမ်းအေး သော သဘောကို ဆောင်နိုင်လာမည်၊ မညွတ်တိမ်းသော သဘောကို ဆောင်နိုင် လာမည်၊ သဒ္ဒါရအာရုံများကို ခွာချနိုင်သည့် သဘောကို ဆောင်နိုင်လာမည်။

ဓမ္မဗျာပါရသဘောကို လောကအတွေ့အကြုံများ၌လည်း ရှောင်းပါ သည်။ စကားပြောရင်း လမ်းလျှောက်သွားခြင်းမျိုး၌ ပုဂ္ဂိုလ်က ဂရုမစိုက်သော ခြေများက သူ့အလိုလို ဂရုစိုက်ပြီး လျှောက်သွားခြင်းမျိုး ဖြစ်ပါသည်။ သို့ရာတွင် ဤကဲ့သို့သော လျှောက်သွားခြင်းမျိုးသည် 'သတိ' လုပ်ငန်း [illegible] တရားအားထုတ်မှု လုပ်ငန်းမျိုး မဟုတ်ပါ။ ပုဂ္ဂလဗျာပါရသဘောနှင့် ဓမ္မဗျာပါရ သဘောတို့ ခြားနားမှုကို ရိပ်စားမိစေရန် ပုံထုတ်၍ ပြခြင်းသာ ဖြစ်ပါသည်။ တရားအားထုတ်မှုလုပ်ငန်း၌မူ အာရုံများသည် သတိ၏ [illegible] အလိုလို ထင်ကြပါသည်။ ဤသို့ ထင်မှုလည်း တရားအားထုတ်မှုလုပ်ငန်း ရင့်ကျက်၍ ပြည့်စုံမည် ဖြစ်ပါသည်။ ထိုအပြင် သတိနှင့် အမြဲတမ်း [illegible] သတိ၏ ကုသိုလ်သဘောကို အကြောင်းပြု၍ မှန်ကန်သော လုပ်ငန်း[illegible] [illegible]ကျ သတ်မှတ်နိုင်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား၏ အရဟံဂုဏ်တော်အဖွင့်၌ 'ဝီရိယခြေ၊ သီလမြေထက်၊ သဒ္ဓါလက်ဖြင့်၊ သမ္မာကျွယ်ပိန်း၊ ဉာဏ်ပုဆိန်ကို၊ ချိန်ရွယ်မိုးလျက်၊ ချိုးဖျက်တော်မူလေပြီ' ဟူ၍ ဖွင့်ဆိုကြပါသည်။ ဤဖွင့်ဆိုချက်အရ ကံ ကိလေသာတို့ကို ဖျက်ဆီးရာ၌ သီလသည် မြေပြင်နှင့် တူပါသည်။ ဝီရိယသည် ခြေနှင့် တူပါသည်။ သဒ္ဓါသည် လက်နှင့် တူပါသည်။ ဉာဏ်သည် ပုဆိန်နှင့် တူပါသည်။ ပုဆိန်ဖြင့် ခုတ်ဖြတ်ရာ၌ ရပ်တည်ရာ မြေကလည်း မာရန် လိုပါသည်။ ခြေကလည်း ခိုင်ရန် လိုပါသည်။ လက်ကလည်း သန်မာရန် လိုပါသည်။ ပုဆိန်ကလည်း အသွားထက်ရန် လိုပါသည်။ သို့မှသာ ကံ ကိလေသာကို အမြစ်ပြတ်အောင် ခုတ်ဖြတ်နိုင်မည် ဖြစ်ပါသည်။ ထိုတွင် မြေသည် ပဓာနအကျဆုံး ဖြစ်ပါသည်။ ထို့ကြောင့် တရားအားထုတ်ရာ၌ မြေနှင့်တူသော သီလကို ခိုင်မာအောင်လုပ်ရန် လိုပါသည်။ သီလကို ခိုင်မာအောင် လုပ်ခြင်းဆိုသည်မှာ သီလကို လုံခြုံအောင်၊ စင်ကြယ်အောင် လုပ်ခြင်းပင် ဖြစ်ပါသည်။

သီလဆိုသည်မှာ ကိုယ်ကျင့်တရားကောင်းမွန်မှု ဖြစ်ပါသည်။ ကိုယ်ကျင့်တရားကောင်းမွန်အောင် ပါတိမောက္ခသံဝရသီလခေါ် ဆိုင်ရာဆိုင်ရာ သိက္ခာပုဒ်များကို စောင့်ထိန်းရပါသည်။ သိက္ခာပုဒ်များကို စောင့်ထိန်းရာ၌ မကောင်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများ မဖြစ်ပေါ်အောင် ထိန်းသိမ်းခြင်းနှင့် ကောင်းသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းခြင်းတို့ ပါဝင်ပါသည်။ ဤသည်ကိုပင် သီလကို လုံခြုံအောင်၊ စင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဟူ၍ ဆိုကြပါသည်။ သီလကို လုံခြုံအောင်၊ စင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကို လိုလားတောင့်တ၍ ဆောက်တည်သော သီလကို နိဿိတ (ကဲ့ရဲ့အပ်သော) သီလ၊ ယင်းကဲ့သို့ တောင့်တခြင်းမရှိဘဲ သီလစင်ကြယ်ရေးအတွက် သက်သက်ဆောက်တည်သော သီလကို အနိဿိတ (မကဲ့ရဲ့အပ်သော) သီလဟူ၍ ကျမ်းဂန်များ၌ ဖော်ပြထားပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကဲ့ရဲ့အပ်သော သီလကို ဝဋ္ဋနိဿိတ (သံသရာလည်) သီလဟူ၍ လည်းကောင်း၊ မကဲ့ရဲ့အပ်သော သီလကို ဝိဝဋ္ဋနိဿိတ (သံသရာလွတ်) သီလဟူ၍ လည်းကောင်း ဆိုကြပါသေးသည်။ တရားအားထုတ်ရာ၌ သံသရာဝဋ်မှ လွတ်မြောက်ရေးကို ရည်မှန်း၍ သီလကို ဆောက်တည်ခြင်းဖြစ်သဖြင့် မကဲ့ရဲ့အပ်သော (အနိဿိတ) သီလ၊ သံသရာလွတ် (ဝိဝဋ္ဋနိဿိတ) သီလမျိုးကိုသာ ဆောက်တည်အပ်ပါသည်။သို့မှသာ စင်ကြယ်သောသီလဖြစ်ပြီး မာကျောသောမြေနှင့် တူမည် ဖြစ်ပါသည်။

လောကစည်းစိမ်များကို တောင့်တ၍ သီလဆောက်တည်ရာ၌ ဆောက်





တည်သူ၏ အသိတွင် တကယ်တမ်းမရှိဘဲ အပိုဆောင်းထားသည့် 'သူ သူ၊ ငါ ငါ' ဟူသော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ပါဝင်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ဤသို့ပါဝင်သော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကိုပင် အနုသယ ကိလေသာဟူ၍ ဆိုကြပါသည်။ အသိတွင် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ပါဝင်သည်နှင့် တစ်ပြိုင်နက် ယင်းတို့အပေါ်တွင် ထပ်ဆင့်၍ ဝါသနာသဘော၊ စရိုက်သဘော၊ ဓလေ့ထုံးစံသဘော စသည်တို့သည် မလွဲသာ၊ မရှောင်သာ ပါဝင်လာကြမည် ဖြစ်ပါသည်။ သို့ဖြစ်၍သာ သိစရာအာရုံ တစ်ခုတည်းဖြစ်ပါလျက် ယင်းကို သိရာ၌ ဝါသနာ၊ စရိုက်၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ လူတန်းစားအလိုက် အရှေ့တိုင်းသားအသိနှင့် အနောက်တိုင်းသားအသိ၊ အင်္ဂလိပ်အသိနှင့် မြန်မာအသိ စသည်တို့သည် အချင်းချင်း ခြားနားကြခြင်း ဖြစ်ပါသည်။ ဤသို့ ခြားနားခြင်းမှာ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောအရ မရှိကို အရှိလုပ်၍ မိမိတို့သဘောကျနှစ်သက်သည့်ဆိုသဘောများကို အပိုဆောင်းထည့်ခြင်းကြောင့် ဖြစ်ပါသည်။ ဤသို့ အပိုဆောင်းထည့်ခြင်းမှာလည်း သတ္တဝါတို့၏ သဘာဝအရ မလွဲမသွေ ဆောင်ရွက်သည့် ဓမ္မတာပင် ဖြစ်ပါသည်။

တရားအားထုတ်ခြင်း လုပ်ငန်းမျိုးမှတစ်ပါး အခြားသော လုပ်ငန်းများ၌ ကျွန်ုပ်တို့သည် 'သူ သူ၊ ငါ ငါ၊ ယောကျ်ား မိန်းမ' ဟူသော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သဘာဝအရ အမြဲတမ်း ထည့်သွင်းကြရာ သီလဆောက်တည်ခြင်း လုပ်ငန်း၌လည်း ယင်းတို့ကို မလွဲမသွေ ထည့်သွင်းကြမည်ပင် ဖြစ်ပါသည်။ သီလဆောက်တည်ခြင်း လုပ်ငန်း၌ ဤကဲ့သို့ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောတို့ ပါဝင်နေသရွေ့ ကာလပတ်လုံး သီလ စင်ကြယ်မှု (သီလဝိသုဒ္ဓိ) သည် အားနည်းနေမည် ဖြစ်ပါသည်။ ထို့ကြောင့် သီလစင်ကြယ်မှု အားကောင်းလာစေရန် 'သတိ' ကို ထူထောင်ခြင်း ဖြစ်ပါသည်။ သတိထူထောင်မှု အောင်မြင်သောအခါ ဆိုင်ရာသိက္ခာပုဒ်များဖြင့် စောင့်ထိန်းအပ်သော သီလသည်–

သတိဖြင့် စောင့်စည်းမှု = သတိသံဝရ
ဝီရိယဖြင့် စောင့်စည်းမှု = ဝီရိယသံဝရ
ခန္တီဖြင့် စောင့်စည်းမှု = ခန္တီသံဝရ
ဉာဏ်ဖြင့် စောင့်စည်းမှု = ဉာဏသံဝရ

သဘော သက်ဝင်လာမည် ဖြစ်ပါသည်။ ထိုအခါ အသိ၌ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောတို့ တဖြည်းဖြည်း ကင်းဆေးလာပြီး ပရမတ္ထသဘော၊ သဘာဝသဘောတို့ တဖြည်းဖြည်း ပေါ်လွင်လာမည် ဖြစ်ပါသည်။ သီလဆောက်တည်ခြင်း၌ ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



သဘော၊ သတ္တဝါသဘောတို့ ကင်းဝေးပြီး ပရမတ္ထသဘော ပေါ်လွင်လာသည်နှင့် အမျှ ဘဝစည်းစိမ်ကို တောင့်တမှုသည် အလိုအလျောက် ပျောက်ကွယ်သွားပြီး သံသရာဝဋ်မှ ထွက်မြောက်လိုမှုသည် အလိုအလျောက် ဖြစ်ပေါ်လာပါမည်။ ထိုအခါ သီလစင်ကြယ်မှု (သီလဝိသုဒ္ဓိ) သည် အားကောင်းလာပါမည်။ သီလ စင်ကြယ်မှု (သီလဝိသုဒ္ဓိ) အားကောင်းလာသည်နှင့်အမျှ သီလတည်းဟူသော မြေသည် မာလာပါမည်။ ဝီရိယတည်းဟူသော ခြေသည် ခိုင်လာပါမည်။ သဒ္ဓါ တည်းဟူသော လက်သည် သန်မာလာပါမည်။ ဉာဏ်တည်းဟူသော ပုဆိန်သည် အသွားထက်လာပါမည်။ ထိုအခါ ကံ ကိလေသာတို့ကို အမြစ်ပြတ်အောင် ခုတ် ဖြတ်ရန် ခဲယဉ်းတော့မည် မဟုတ်ကြောင်း တွေ့ရှိလာမည် ဖြစ်ပါသည်။ ထို့ကြောင့် တရားအားထုတ်ရာ၌ မြေနှင့်တူသောသီလ မာလာရေးအတွက် သတိကို ထူထောင် ရန် ထွက်သက်၊ ဝင်သက်ကို 'ထွက်မှန်းသိ၊ ဝင်မှန်းသိ' ဖြစ်အောင် ရှုမှတ်ရခြင်း ဖြစ်ပါသည်။

'သတိမြဲရာ ပထမာ' ဟူသော ပထမနည်းအရ ထွက်သက်ဝင်သက်ကို ရှုမှတ်ရာ၌ ထွက်လျှင် ထွက်မှန်းသိအောင်၊ ဝင်လျှင် ဝင်မှန်းသိအောင် သတိ ထား၍ ရှုမှတ်သောအခါ တစ်နေ့တွင် ယောဂီ၏သန္တာန်၌ သတိသည် ခိုင်မြဲလာ မည် ဖြစ်ပါသည်။ မိမိ၏ ရှုမှတ်နေကျ အာရုံများ၌ သတိခိုင်မြဲလာသည်နှင့်အမျှ ပြင်ပ ဗဟိဒ္ဓအာရုံများကိုလည်း အလိုလို သိလာမည် ဖြစ်ပါသည်။ ကိုင်လျှင် ကိုင်မှန်း သိလာပါမည်။ထိလျှင် ထိမှန်း သိလာပါမည်။ဤသို့လျှင် ပြောမှု၊ ဆိုမှု၊ လုပ်မှု၊ ကိုင်မှု၊ သွားမှု၊ လာမှု၊ စားမှု၊ သောက်မှု၊ အိပ်မှု၊ လျောင်းမှု စသည်တို့၌ သတိသည် အလိုလို လိုက်ပါလာမည်။ အလိုလို သိလာပါမည်။ ထိုအခါ ပထမ နည်းအရ သတိထူထောင်မှု အထမြောက်ပြီဟု ဆိုအပ်ပါသည်။ ထိုသို့မျှ မဖြစ် သေးလျှင် သတိထူထောင်မှု အထမမြောက်သေးဟု မှတ်ရပါမည်။ အကျဉ်းအား ဖြင့်ဆိုရလျှင် အတွင်းသတိမြဲပါက အပြင်သတိလည်း မြဲပါသည်။ အပြင်သတိ မပါသေးလျှင် အတွင်းသတိ မမြဲသေးသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အပြင်သတိ ပါလာအောင်၊ အတွင်းသတိ၊ အပြင်သတိ နှစ်မျိုးလုံး မြဲလာအောင် ယောဂီပုဂ္ဂိုလ်သည် ထွက်သက်၊ ဝင်သက်ကို ရှုမှတ်ရာ၌-

(၁) ဝင်လျှင် ဝင်မှန်းသိအောင် သတိထားရပါမည်။

(၂) ထွက်လျှင် ထွက်မှန်းသိအောင် သတိထားရပါမည်။

သတိသည် သီလကိုလည်း စောင့်ထိန်းပါသည်။ သမာဓိကိုလည်း စောင့် ထိန်းပါသည်။ ပညာကိုလည်း စောင့်ထိန်းပါသည်။ သတိသည် သိက္ခာ သုံးပါး လုံးကိုပင် စောင့်ထိန်းပါသည်။ သတိသည် အတွင်းအပြင် အာရုံတို့၌ အလိုက်





အဆိုက် ပါလာသောအခါ သီလမဂ္ဂင် ဖြစ်လာပါသည်။ ပြောမှု (သမ္မာဝါစာ)၊ ...ပ်ကိုင်မှု (သမ္မာကမ္မန္တ)၊ အသက်မွေးမှု (သမ္မာအာဇီဝ) တို့သည် ရှောင်ကြဉ်မှု (...သီလ) ၌ ကေရသအနေဖြင့် စုရုံးမိလာပါသည်။ ထိုအခါ သီလဝိသုဒ္ဓိ ဖြစ်သည် ...ယ်ပါသည်။

**...နည်း (၂)**

...ယောဂီပုဂ္ဂိုလ်သည် ပထမနည်းအရ အားထုတ်သောအခါ အပြင်သတိပါ အလိုလို ...လိုက်လာပြီး သတိမြဲလာပြီဆိုပါက 'ဒု-မှာ ရှည် တို သိ' ဟူသော ဒုတိယ ...နည်းအရ ထွက်လေ၊ ဝင်လေကို ရှည်လျှင် ရှည်မှန်း သိလာပါမည်။ တိုလျှင် ...တိုမှန်း သိလာပါမည်။ ဒုတိယနည်း၏ အကျဉ်းချုပ်မှာ ထွက်လေ၊ ဝင်လေကို ...မှတ်ရာ၌ အောက်ပါအတိုင်း မှတ်ရန် ဖြစ်ပါသည်။

(၁) ရှည်လျှင် ရှည်မှန်းသိ။

(၂) တိုလျှင် တိုမှန်းသိ။

ပထမနည်းအရ ထွက်သက်၊ ဝင်သက်ကို ရှုမှတ်ရာ၌ 'သတိ' ကို ...ထူထောင်မိအောင် လုပ်ရပါသည်။ အစပထမ၌ ပုဂ္ဂလဗျာပါရဖြင့် ပုဂ္ဂိုလ်က ...လုပ်ရပါသည်။ သတိလွတ်မသွားစေဘဲ ထွက်လေကို ထွက်မှန်းသိအောင် သတိနှင့် ...ကပ်ထားရပါသည်။ ဝင်လေကို ဝင်မှန်းသိအောင် သတိနှင့် ကပ်ထားရပါသည်။ ...ကြားထဲ တခြားအာရုံများသို့ စိတ်ရောက်သွားပြန်လျှင်လည်း စိတ်ရောက်သွား ...မှန်းသိအောင် သတိနှင့် ကပ်ထားရပါသည်။ ဤနည်းအားဖြင့် သတိကို ထူထောင် ...ပါသည်။ အကျဉ်းအားဖြင့်ဆိုရလျှင် ပထမနည်းမှာ သတိကို ဦးစားပေးထူထောင် ...သည့်နည်း ဖြစ်ပါသည်။ ထိုသတိသည် တဖြည်းဖြည်း ရင့်ကျက်လာပါသည်။ ...၏ မူလအာရုံ၌သာမက ပြင်ပအာရုံများ၌ပါ သတိကပ်လာပါသည်။ ထိုအခါ သတိသည် ပုဂ္ဂလဗျာပါရဖြင့် လုပ်ယူရသည့်အဆင့်ကို ကျော်လွန်လာပါသည်။ သတိသည် ပုဂ္ဂလဗျာပါရဖြင့် လုပ်ယူရသည့်အဆင့်ကို ကျော်လွန်သောအခါ ...ဗျာပါရဖြင့် 'သမ္မဇဉ' ခေါ် အသိနှင့် ယှဉ်တွဲလာပါသည်။

သတိသည် သမ္မဇဉနှင့် ယှဉ်တွဲလာသောအခါ ထွက်လေ၊ ဝင်လေကို ...တိယနည်းအရ အားထုတ်ရန် လိုအပ်လာပါသည်။ ဒုတိယနည်းအရ ဆိုသည် ...မှာ ထွက်လေ၊ ဝင်လေကို 'ရှည်လျှင် ရှည်မှန်းသိ၊ တိုလျှင် တိုမှန်းသိ' သော နည်း ဖြစ်ပါသည်။ ပထမနည်းအရ သတိထူထောင်မှု လုပ်ငန်းတွင် ပါဠိတော်၌-

သတောဝ အဿသတိ၊

သတောဝ ပဿသတိ။

သတောဝ၊ သတိထား၍သာလျှင်၊ အဿသတိ၊ ဝင်လေကို



www.burmeseclassic.com

www.burmeseclassic.com



ရှုသွင်း၏။ **သတော၀**၊ သတိထား၍သာလျှင်။ **ပဿသတိ**၊ ထွက်လေ
ရှုထုတ်၏။

ဟူ၍ သတိကိုသာ ပဓာနထား၍ ဖော်ပြထားပါသည်။ ထို့ကြောင့် ဤပထမနည်း အရ ဖြစ်ပေါ်လာသည့် သတိကို ပုဂ္ဂလဗျာပါရဖြင့် လုပ်ယူရသော သတိဟူ ခေါ်ခြင်း ဖြစ်ပါသည်။ ဒုတိယနည်းအရ "သတိ" ကို ထင်လာအောင် အားထု ရာတွင် ပါဠိတော်၌–

– **ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊**
– **ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။**
– **ရဿ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊**
– **ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။**

**ဒီဃံ**၊ ရှည်ရှည်။ **အဿသန္တော**၊ ရှုသွင်းသည်ရှိသော်။ **ဒီ** ရှည်ရှည်။ **အဿသာမီတိ ဝါ**၊ ရှုသွင်း၏ဟူ၍လည်း။ **ပဇာနာတိ**၊ သိ **ဒီဃံ**၊ ရှည်ရှည်။ **ပဿသန္တော**၊ ရှုထုတ်သည်ရှိသော်။ **ဒီဃံ**၊ ရှည်ရှ **ပဿသာမီတိ ဝါ**၊ ရှုထုတ်၏ဟူ၍လည်း။ **ပဇာနာတိ**၊ သိ၏။ **ရ** တိုတို။ **အဿသန္တော**၊ ရှုသွင်းသည်ရှိသော်။ **ရဿံ**၊ တိုတို။ **အဿ** **မီတိ ဝါ**၊ ရှုသွင်း၏ ဟူ၍လည်း။ **ပဇာနာတိ**၊ သိ၏။ **ရဿံ**၊ တို **ပဿသန္တော**၊ ရှုထုတ်သည်ရှိသော်။ **ရဿံ**၊ တိုတို။ **အဿသာ** **ဝါ**၊ ရှုထုတ်၏ ဟူ၍လည်း။ **ပဇာနာတိ**၊ သိ၏။

ဟူ၍ သတိနှင့်တကွ သမ္မဇဉ် ပါလာပုံကို 'ပဇာနာတိ' ကြိယာဖြင့် ဖော်ပြ ပါသည်။ ထို့ကြောင့် ဒုတိယနည်းအရ ဖြစ်ပေါ်လာသည့် သတိကို 'ဥပဋ္ဌာနသ =ပုဂ္ဂလဗျာပါရဖြင့် လုပ်မယူရဘဲ ဓမ္မဗျာပါရဖြင့် သူ့အလိုလို ထင်လာသောသ ဟူ၍ခေါ်ခြင်း ဖြစ်ပါသည်။

သတိသည် 'ဥပဋ္ဌာနသတိ' အဆင့်သို့ရောက်၍ 'သမ္မဇဉ်' နှင့် ယှဉ် နိုင်သည်နှင့် တစ်ပြိုင်နက် သိက္ခာ သုံးပါးတွင် သမာဓိသိက္ခာနယ်သို့ ဝင်လာ ဖြစ်ပါသည်။ ထိုအခါ ဝီရိယကလည်း ပဂ္ဂဟဘာဝနာဖြင့် ဆိုင်ရာတရားမျာ ထောက်ပံ့လာပါသည်။ သတိကလည်း ဥပဋ္ဌာနဘာဝနာဖြင့် ဆိုင်ရာအာရုံတ များကို စိတ်၌ အလိုလိုထင်လာအောင် ဆောင်ရွက်လာပါသည်။ သမာဓိကလ အဝိက္ခေပဘာဝနာဖြင့် စိတ်ကို မပျံ့လွင့်အောင်၊ ငြိမ်သက်နေအောင် ထိန်းသိ လာပါသည်။ ဤနည်းအားဖြင့် ဝီရိယ၊ သတိ၊ သမာဓိတို့သည် မိမိတို့၏ သီး ကိစ္စများကို ဆောင်ရွက်ရင်း တည်ကြည်မှု (သမာဓိ) ၌ ဧကရသအနေ စုရုံးမိလာပါသည်။ ထိုအခါ **စိတ္တဝိသုဒ္ဓိ** ဖြစ်သည် မည်ပါသည်။

စိတ္တဝိသုဒ္ဓိ၌ ဝီရိယ (သမ္မာဝါယာမ)၊ သတိ (သမ္မာသတိ)၊ ဧကဂ္ဂ





သမ္မာသမာဓိ) တို့ ပါဝင်ကြပါသည်။ ယင်းတို့သည် မိမိတို့၏ သီးခြားကိစ္စများ စိတ်တည်ငြိမ် ခိုင်မြဲမှုတည်းဟူသော တစ်ခုတည်းသော 'ဘုံ'ကိစ္စကို ဖော် ဆောင်ပေးရမည် ဖြစ်ပါသည်။ ထိုအခါမှသာ သမာဓိသိက္ခာ ပြည့်စုံပါမည်။ သမာဓိသိက္ခာ ပြည့်စုံမှ ပညာသိက္ခာ ပြည့်စုံပါမည်။ သမာဓိသိက္ခာ မပြည့်စုံမီ ဦးစွာ သီလသိက္ခာ ပြည့်စုံရေးအတွက် ထွက်သက်၊ ဝင်သက်ကို ပထမနည်း အရ အားထုတ်ရခြင်း ဖြစ်ပါသည်။ ပထမနည်းအရ အားထုတ်ခြင်းဖြင့် သတိ သည် တဖြည်းဖြည်း ထင်ရှားလာပြီး ကိုယ်ကျင့်သီလကို စင်ကြယ်လာစေမည် ဖြစ်ပါသည်။ သတိတရား အားကောင်းမှု၊ အားမကောင်းမှုကိုလိုက်၍ သီလ စောင့်ထိန်းမှုသည်လည်း ပုဂ္ဂိုလ်အနေဖြင့် စောင့်ထိန်းမှု၊ သူ့အလိုအလျောက် စောင့်ထိန်းမှုသဘောဖြင့် တစ်ဆင့်ပြီးတစ်ဆင့် စင်ကြယ်လာမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် သီလသိက္ခာကို မြင့်မားခိုင်မာလာစေမည် ဖြစ်ပါသည်။

ဒုတိယနည်းအရ ထွက်သက်၊ ဝင်သက်ကို အားထုတ်ရာ၌ သတိနှင့်တွဲ၍ သမ္မဇဉ်ခေါ် ပညာပါဝင်လာသော်လည်း ယင်းပညာသည် ဝိပဿနာပညာ မဟုတ်သေးဘဲ သမာဓိပညာမျှသာ ဖြစ်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ များကို မသိသေးသရွေ့ ကာလပတ်လုံး ဝိပဿနာပညာအဆင့်သို့ မရောက် သေးဟု မှတ်ယူရပါမည်။ ဤနေရာ၌ သတိသည် သမ္မဇဉ်နှင့် တွဲနေသော်လည်း သမာဓိသိက္ခာကို ဖြည့်ခြင်းအဆင့်၌သာ ရှိပါသေးသည်။ ပညာသိက္ခာကို ဖြည့်ခြင်း အဆင့်၌ မရှိသေးဟု မှတ်ယူရပါမည်။ ဒိဋ္ဌိဝိသုဒ္ဓိ (နာမရူပ ပရိစ္ဆေဒဉာဏ်) စ၍ နောက်ပိုင်းများ၌သာ ပညာသိက္ခာကို ဖြည့်ခြင်းအဆင့်၌ ရှိလာပါမည်။

## သမ္မဇဉ် လေးပါး

သတိသည် ပုဂ္ဂလဗျာပါရသဘောမှ ဓမ္မဗျာပါရသဘောသို့ သက်ဝင်လာလျှင် သမ္မာသတိမဂ္ဂင် ထိုက်လာမည် ဖြစ်ပါသည်။ ထိုအခါ ယင်း၏ တွဲဖက် ဝီရိယ သည်လည်း သမ္မာဝါယာမ မဂ္ဂင် ထိုက်လာပါမည်။ သမ္မာဝါယာမ မဂ္ဂင် ထိုက်လာ သည်နှင့် တစ်ပြိုင်နက် ပုဂ္ဂိုလ်အနေဖြင့် အားမစိုက်ရတော့ဘဲ ဓမ္မအနေဖြင့် ဝီရိယစေ တသိက်ကို ထောက်ပံ့လာပါမည်။ ကုသိုလ် အကုသိုလ်တရားများနှင့် ပတ်သက်၍ သမ္မပ္ပဓာန်ကိစ္စ ကပ်လာပါမည်၊ တရားရှုမှတ်မှုသည် သူ့အလိုလို ဖြစ်လာပါသည်။ ထိုအခါ သူ့အလိုလို သတိရှိသူ (**သတိမာ**)၊ စိတ်အားထက်သန် သူ (**အာတာပီ**) ဖြစ်လာပါမည်။ အာတာပီဖြစ်လာလျှင် သိတတ်သူ (**သမ္ပဇာန**) လည်း ဖြစ်လာ သည်။ သိတတ်သူ သမ္ပဇာနနှင့် ပတ်သက်၍ သိခြင်း (**သမ္မဇဉ်**) သည် လေးမျိုး ခြားပါသည်။ ယင်း လေးမျိုးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(က) သာတ္ထက သမ္ပဇဉ်၊
(ခ) သပ္ပါယ သမ္ပဇဉ်၊
(ဂ) ဂေါစရ သမ္ပဇဉ်၊
(ဃ) အသမ္မောဟ သမ္ပဇဉ်။

**(က) သာတ္ထက သမ္ပဇဉ်**

သာတ္ထကသမ္ပဇဉ် ဆိုသည်မှာ လုပ်ငန်းနှင့်ပတ်သက်၍ အကျိုးရှိအောင် အသုံး... နိုင်မှု ဖြစ်ပါသည်။ လောကတွင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဟူ၍ လုပ်ငန်း... များ ရှိကြပါသည်။ ယင်းလုပ်ငန်းများကား—ရှောင်ကြဉ်၍ မရကောင်းသည့် လုပ်ငန်းများ ဖြစ်ကြပါသည်။ ရှောင်ကြဉ်၍ မရကောင်းသည့် လုပ်ငန်းများ... တွေ့ကြုံရသောအခါ အကျိုးရှိအောင် အသုံးချတတ်ရန် လိုအပ်ပါသည်။ ရှေ့... တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း စသည်တို့၌ပင် ဓမ္မရှုထောင့်မှ အသုံးကျအောင် အသုံးချနိုင်မှု ရှိရပါမည်။ အသုံးကျအောင် အသုံးချနိုင်ရန် 'သတိ' ရှိရပါမည်။ သတိဆိုသည်မှာ ပုဂ္ဂလဗျာပါရကို ကျော်လွန်၍ ဓမ္မဗျာပါရအနေဖြင့် သူ့အလို... ထင်လာသော သတိ ဖြစ်ပါသည်။ ယင်းသတိမျိုးရှိလျှင် တက်ကြွမှု (ဝီရိယ...) လည်း ရှိလာပါမည်။ တက်ကြွမှုရှိလာလျှင် သည်းခံနိုင်မှု (ခန္တီ) သည် အလိုလို ဖြစ်လာပါမည်။ ဤသို့လျှင် သတိ၊ ဝီရိယ၊ ခန္တီတို့ သူ့အလိုလို ဖြစ်လာသောအ... ဉာဏ်တို့ အလိုလို ထက်လာပြီး ထွက်သက်၊ ဝင်သက် ရှုမှတ်မှုလုပ်ငန်း၌ သမာ... သိက္ခာသည် ပြည့်စုံလာမည် ဖြစ်ပါသည်။

ဓမ္မရေးရာ လုပ်ငန်းတိုင်း၊ လုပ်ငန်းတိုင်း၌ ပုဂ္ဂလဗျာပါရဖြင့် စ၍ ဆော... ရွက်ရသော်လည်း ယင်းပုဂ္ဂိုလ်သဘောသည် တဖြည်းဖြည်း ကွယ်ပျောက်... ဓမ္မဗျာပါရသာ တဖြည်းဖြည်း တိုးတက်လာရမည် ဖြစ်ပါသည်။ သို့မှသာ ဤ... လောက၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိ၊ ... သက်သက်သာ ရှိသည်ဟူသော ဒေသနာတော်ကို ကိုယ်တိုင်ကိုယ်ကျ မျက်မှော... ပြုနိုင်မည် ဖြစ်ပါသည်။ ဤသို့ မျက်မှောက်ပြုနိုင်အောင် သာတ္ထကသမ္ပဇဉ်... သဘောကို နားလည်အပ်ပါသည်။

**(ခ) သပ္ပါယ သမ္ပဇဉ်**

သပ္ပါယသမ္ပဇဉ်ဆိုသည်မှာ လုပ်ငန်းနှင့်ပတ်သက်၍ သင့်လျော်အောင်၊ အံဝင်... ခွင်ကျဖြစ်အောင် ခွင်ချနိုင်မှု ဖြစ်ပါသည်။ မည်သည့်လုပ်ငန်းမျိုး၌မဆို အံဝင်... အောင် ခွင်ချတတ်ရန် လိုပါသည်။ ရသဝေါဟာရဖြင့်ဆိုရလျှင် ခွင်ချတတ်... သာ အချိုးအဆစ် ပြေပြစ်လာပါမည်။ လှပလာပါမည်။ တရားဓမ္မ ပီသလာ... မည်။ ဤနည်းအားဖြင့် ဓမ္မရှုထောင့်မှ သပ္ပါယသမ္ပဇဉ်ကို နားလည်အပ်ပါသည်။





**(ဂ) ဂေါစရ သမ္ပဇဉ်**

ဂေါစရသမ္ပဇဉ် ဆိုသည်မှာ လုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သော ဝတ္ထုကို ...သိမှုဖြစ်ပါသည်။ ဓမ္မအရာ၌ ကမ္မဋ္ဌာန်းအာရုံကို သိခြင်းဖြစ်ပါသည်။ ဤကမ္မဋ္ဌာန်း အာရုံဖြင့် တရားအားထုတ်မှုကို ပြုမည် ဖြစ်ပါသည်။ တရားအားထုတ်နိုင်ရေး အတွက် ကမ္မဋ္ဌာန်းအာရုံကို ရအောင်ယူခြင်းသည် ဂေါစရသမ္ပဇဉ် ဖြစ်ပါသည်။

**(ဃ) အသမ္မောဟသမ္ပဇဉ်**

အသမ္မောဟသမ္ပဇဉ် ဆိုသည်မှာ မတွေဝေသောအားဖြင့် သိမှုဖြစ်ပါသည်။ ဤ ...လောက၌ ဓမ္မသက်သက်သာ ရှိသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိဟူသော သိခြင်းမျိုးကို မတွေဝေသော သိခြင်းဟု ဆိုပါ သည်။ ဤသို့ သိခြင်းမျိုးသည်လည်း ပုဂ္ဂိုလ်က ဓမ္မကို သိခြင်းမျိုး မဟုတ်ဘဲ ဓမ္မသက်သက်က ဓမ္မသက်သက်ကို သိခြင်းမျိုးသာ ဖြစ်ပါသည်။ ပုဂ္ဂိုလ်က ဓမ္မကို သိခြင်းမျိုးသည် 'အသမ္မောဟသမ္ပဇဉ်' မဟုတ်ဘဲ သမ္မောဟသမ္ပဇဉ် (တွေဝေသောအားဖြင့် သိမှု)သာ ဖြစ်ပါသည်။ အရပ်သုံးစကားဖြင့်ဆိုရလျှင် လောကသိ၊ ပုဂ္ဂိုလ်သိသာ ဖြစ်ပါသည်။ တရားသိ၊ ဓမ္မသိ မဟုတ်ပါ။ တရားသိ၊ ဓမ္မသိ မဟုတ်သေးလျှင် သတိပဋ္ဌာန်အရာ၌ အသုံးမဝင်ဘဲ လောကရေးရာ၌သာ အသုံးဝင်ပါသည်။ ဓမ္မရှုထောင့်မှ သုံးသပ်လျှင် သူသိ၊ ငါသိဟူသော ပုဂ္ဂိုလ်သိ ...သမျှကို သမ္မောဟသမ္ပဇဉ် (တွေဝေသိ) ဟူ၍သာ သတ်မှတ်ပါသည်။

သမ္ပဇဉ် လေးပါးကို လောကအတွေ့အကြုံများနှင့် နှိုင်းယှဉ်၍ ဆိုရလျှင် စားပွဲဥပမာဖြင့် ဆိုနိုင်ပါသည်။ စားပွဲတွင် လက်သမား အတတ်ပညာသည် အသမ္မောဟသမ္ပဇဉ်နှင့် တူပါသည်။ သစ်သားသည် ဂေါစရသမ္ပဇဉ်နှင့် တူပါ သည်။ စားပွဲပုံစံ လေးထောင့်၊ အဝိုင်း စသည်သည် သပ္ပါယသမ္ပဇဉ်နှင့် တူပါ သည်။ စာရေးရန်၊ ထမင်းစားရန် စသည်အတွက် အသုံးပြုခြင်းသည် သာတ္ထက သမ္ပဇဉ်နှင့် တူပါသည်။ ဒဿနဝေါဟာရဖြင့် အသမ္မောဟသမ္ပဇဉ်ကို နိမိတ္တ၊ ဂေါစရ သမ္ပဇဉ်ကို ဥပါဒါန၊ သပ္ပါယသမ္ပဇဉ်ကို အသမဝါယီ၊ သာတ္ထက သမ္ပဇဉ်ကို လက္ခဏဟူ၍ ဆိုကြပါသည်။ စားပွဲဥပမာတွင် စကားအနေဖြင့် ကိစ္စ ...များကို တစ်ခုစီ၊တစ်ခုစီ ခွဲခြား၍ ပြောနိုင်သော်လည်း လက်တွေ့အားဖြင့်မူ ...တစ်ပေါင်းတည်း ဖြစ်ပါသည်။ ဤနည်းအတိုင်းပင် သမ္ပဇဉ် လေးပါးကို ပရိယတ် အနေဖြင့် ခွဲခြား၍ ပြောနိုင်သော်လည်း ပဋိပတ်အရာ၌ တစ်ပေါင်းတည်းပင် ဖြစ်ပါသည်။ ဤသည်ကိုပင် ဧကရသဟု ဆိုကြပါသည်။

ထွက်လေ၊ ဝင်လေကို မှတ်ရာ၌ ပထမနည်းအရ 'ထွက်မှန်းသိ၊ ဝင်မှန်း... ...ဖြစ်အောင် သတိကို ထူထောင်ရန် အားထုတ်ရပါသည်။ ထိုသို့ အားထုတ်...



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ပုဂ္ဂလဇ္ဈာပါရဖြင့် သတိကို ထူထောင်ရပါသည်။ ထိုသို့ ထူထောင်ရင်း သတိအားကောင်းပြီး အတွင်းသတိ၊ အပြင်သတိနှင့် ပြည့်စုံလာပါသည်။ ထိုအခါ ဒုတိယနည်းအရ 'ရှည်၊ တို သိ' သဘောသည် အလိုလို ဝင်ရောက်လာပါသည်။ ပုဂ္ဂလဇ္ဈာပါရအနေဖြင့် တမင် ကြိုးစားပမ်းစား အားထုတ်ရသည် မဟုတ်ဘဲ ဓမ္မဇ္ဈာပါရ အနေဖြင့်သာ ယောဂီပုဂ္ဂိုလ်က အလိုလို သိလာခြင်း ဖြစ်ပါသည်။ ထွက်လေ၊ ဝင်လေကို မှတ်ရာ၌ ထွက်လေ၊ ဝင်လေသည် ဓမ္မတာအတိုင်း တိုသည့် အခါလည်း တိုသည်။ တိုလျှင်လည်း တိုမှန်းသိသည်။ ရှည်သည့်အခါလည်း ရှည်သည်။ ရှည်လျှင်လည်း ရှည်မှန်းသိသည်။ ဤနည်းအားဖြင့် ဒုတိယနည်းသည် ပြီးပြည့်စုံလာပါသည်။

## နည်း (၃)

ယောဂီပုဂ္ဂိုလ်သည် ဒုတိယနည်းအရ အားထုတ်သောအခါ ထွက်လေ၊ ဝင်လေ 'ရှည်မှန်း၊ တိုမှန်း' သိလာပါသည်။ 'ရှည်မှန်း၊ တိုမှန်း' သိပြီးနောက် 'တ လုံးစုံသိ' ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ လင်္ကာအတိုင်း တတိယနည်း အရ ထွက်လေ၊ ဝင်လေ၏ အစ၊ အလယ်၊ အဆုံး သုံးမျိုးလုံးကို သိလာပါသည်။ တတိယနည်း၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဝင်လျှင် စ၊ လယ်၊ ဆုံးကို သိအောင် လေ့ကျင့်။

(၂) ထွက်လျှင် စ၊ လယ်၊ ဆုံးကို သိအောင် လေ့ကျင့်။

ပါဠိတော်၌မူ–

**သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊**

**သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

**သဗ္ဗကာယပဋိသံဝေဒီ၊** အလုံးစုံ ထွက်သက် ဝင်သက်၏ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ထင်ရှားစေလျက်။ **အဿသိဿာမီတိ၊** ထွက်သက်ကို ဖြစ်စေအံ့ ဟူ၍။ **သိက္ခတိ၊** လေ့ကျင့်၏။ **ပဿသိဿာမီတိ၊** ဝင်သက်ကို ဖြစ်စေအံ့ ဟူ၍။ **သိက္ခတိ၊** လေ့ကျင့်၏။

ထွက်လေ၊ဝင်လေကို အားထုတ်ရာ၌ ပထမနည်းဖြင့် 'သတိ' ကို ထူ ထောင်သည်။ ဒုတိယနည်းဖြင့် သတိ ထင်လာသောအခါ ဉာဏ် (သမ္ပဇဉ်) ပါလာသည်။ ဤတတိယနည်းဖြင့် လေ့ကျင့်မှု (သိက္ခတိ) ကို ညွှန်ကြားခြင်း ဖြစ်ပါသည်။ ဝင်လေ၊ထွက်လေကို ရှုမှတ်ရာ၌ ပထမဦးစွာ 'ဝင်မှန်းသိ၊ ထွက် မှန်းသိ' ဖြစ်လာအောင် 'သတိ' ကို ထူထောင်သည်။ သတိကို ကပ်ထားသည့် ဒုတိယအဆင့်၌လည်း ယင်း ဝင်လေ၊ ထွက်လေကိုပင် 'ရှည်မှန်း၊ တိုမှန်း' သိလာသည်။ ယခု တတိယအဆင့်၌ ယင်း ဝင်လေ၊ ထွက်လေကိုပင် 'ရှည်မှန်း၊





တိုမှန်း' သိလာရုံမက အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကိုပါ သိလာအောင် လေ့ကျင့်ရမည် ဖြစ်ပါသည်။

ဒုတိယအဆင့်၌ 'ရှည်မှန်း၊ တိုမှန်း' ကိုတော့ သိ၏။ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကိုမူ မသိသေးပေ။ အစကိုသာ သိသူလည်း ရှိ၏။ အလယ်ကိုသာ သိသူလည်း ရှိ၏။ အဆုံးကိုသာ သိသူလည်း ရှိ၏။ အစနှင့် အလယ်၊ အစနှင့် အဆုံး၊ အလယ်နှင့်အဆုံး နှစ်မျိုးကိုသာ သိသူလည်း ရှိ၏။ ထိုပုဂ္ဂိုလ်များအတွက် ဤတတိယနည်းဖြင့် အားထုတ်ရန် ညွှန်ကြားခြင်း ဖြစ်၏။ ပထမအဆင့်အရ 'သတိ' ကောင်းလာသည်။ ဒုတိယအဆင့်အရ 'ဉာဏ်' ပါဝင်လာသည်။ တတိယအဆင့်အရ 'သတိနှင့်ဉာဏ်' ကို လေ့ကျင့်သည်။ ဤနည်းအားဖြင့် အာနာပါန၏ တတိယနည်းကို အားထုတ်အပ်ပါသည်။ ထိုသို့ အားထုတ်သော အခါ ထွက်သက် ဝင်သက်၏ အစ၊ အလယ်၊ အဆုံးကို နှာသီးဖျား တစ်နေရာ တည်းမှနေ၍ ဓမ္မဇ္ဈာပါရဖြင့် အလိုအလျောက် သိလာမည် ဖြစ်ပါသည်။ အလို အလျောက် သိလာအောင်လည်း လေ့ကျင့်ရမည် ဖြစ်ပါသည်။

## နည်း (၄)

တတိယနည်းအရ အားထုတ်ပြီးသောအခါ သတိနှင့် သမာဓိတို့သည် အလွန် အားကောင်းလာပါသည်။ သို့ရာတွင် ထွက်သက်ဝင်သက်ကို နိုင်နင်းခြင်း မရှိသေး ပါ။ ယောဂီ၏ဆန္ဒအတိုင်း ဖြစ်စေနိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် ထွက်သက် ဝင်သက်ကို နိုင်နင်းအောင်၊ ယောဂီ၏ဆန္ဒအတိုင်း ဖြစ်လာစေနိုင်အောင် လေ့ကျင့် ရန် စတုတ္ထနည်းကို ညွှန်ကြားခြင်း ဖြစ်ပါသည်။ 'စ မှာ ငြိမ်းလေဘိ' ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ လင်္ကာအတိုင်း စတုတ္ထနည်း၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဝင်လျှင် ဝင်သက်ကို ငြိမ်းအောင် လေ့ကျင့်။

(၂) ထွက်လျှင် ထွက်သက်ကို ငြိမ်းအောင် လေ့ကျင့်။

ပါဠိတော်၌မူ–

**ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊**

**ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။**

**ကာယသင်္ခါရံ၊** ရုန့်ရင်းသော ကာယသင်္ခါရ (ထွက်လေ၊ ဝင်လေ) ကို။ **ပဿမ္ဘယံ၊** ငြိမ်းစေလျက်။ **အဿသိဿာမီတိ၊** ထွက်သက်ကို ဖြစ် စေအံ့ ဟူ၍။ **သိက္ခတိ၊** လေ့ကျင့်၏။ **ပဿသိဿာမီတိ၊** ဝင်သက်ကို ဖြစ်စေအံ့ ဟူ၍။ **သိက္ခတိ၊** လေ့ကျင့်၏။

ဤစတုတ္ထနည်း၌လည်း တတိယနည်းအတိုင်း လေ့ကျင့်ရမည် ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုသို့ လေ့ကျင့်ရာတွင် ပုဂ္ဂလဗျာပါရကို ကျော်လွန်၍ ဓမ္မဗျာပါရသဘော သက်ရောက်အောင် လေ့ကျင့်ရမည် ဖြစ်ပါသည်။ ပုဂ္ဂလဗျာပါရဟူသည် အနုသယ သဘော ဖြစ်ပါသည်။ အနုသယသဘောဖြစ်ပါက သဒ္ဒါကျမ်းဝေါဟာရဖြင့် ကတ္တား၊ ကံ စသော ကာရက (အတ္တ) သဘောများ ပါဝင်လာပြီး အလိုအလျောက် ကာယကံရှင်များ ဖြစ်လာပါမည်။ ကာယကံရှင်များ ဖြစ်လာပါက မစ္ဆိမပဋိပဒါ၏ အစွန်းတရား နှစ်ပါးဖြစ်သည့် 'နိမိတ္တနှင့် ပဝတ္တ' သဘော သက်ရောက်လာပါ မည်။ ထို့ကြောင့် အစွန်းတရားနှစ်ပါးမှ လွတ်မြောက်စေရန် ကာယကံရှင် သဘော ရှိသော ပုဂ္ဂလဗျာပါရကို ကျော်လွန်၍ ဓမ္မဗျာပါရသဘော သက်ရောက်အောင် လေ့ကျင့်ရခြင်း ဖြစ်ပါသည်။ ဓမ္မဗျာပါရသဘော သက်ရောက်ခြင်း ဆိုသည်မှာ အစွန်းတရား နှစ်ပါးမှ လွတ်မြောက်ခြင်း 'ဥဘတောဝုဋ္ဌာန' ဖြစ်ပါသည်။ ကျမ်းသုံး ဝေါဟာရဖြင့်ဆိုရလျှင် အစွန်းတရားနှစ်ပါးမှ လွတ်မြောက်ခြင်းကိုပင် မျက်မှောက်ပြုခြင်း 'သစ္ဆိကရဏ' ဟု ဆိုကြပါသည်။ အရပ်သုံး ဝေါဟာရဖြင့်ဆိုရလျှင် ကာယကံရှင် (အတ္တ) များ အဖြစ်မှ လွတ်မြောက်ခြင်းပင် ဖြစ်ပါသည်။

ဤ ထွက်သက်၊ ဝင်သက်အရာ၌ မျက်မှောက်ပြုခြင်း 'သစ္ဆိကရဏ' သဘောကို မရကောင်းသေးပါ။ မျက်မှောက်ပြုခြင်း 'သစ္ဆိကရဏ' သဘောသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၏သဘော ဖြစ်ပါသည်။ ထွက်သက်၊ဝင်သက်သည် သမာဓိ၏ သဘော ဖြစ်ပါသည်။ သို့ရာတွင် မြတ်စွာဘုရား၏ လမ်းစဉ်၌ လုပ်ငန်းဟူသမျှ သည် အရဟတ္တဖိုလ်ကို အထွတ်တင်ရန် ဦးတည်ချက်ရှိသည်ချည်း ဖြစ်ပါသည်။ အရဟတ္တဖိုလ်ကို အထွတ်တင်မည်ဆိုပါက 'အတ္တ' မှ ကင်းဆိတ်ရေးသည် ပဓာနလုပ်ငန်း ဖြစ်ပါသည်။ ထို့ကြောင့် 'အတ္တ' သဘော သက်ရောက်သော ပုဂ္ဂလဗျာပါရကို ကျော်လွန်ရန် 'သတိ' ဖြင့် သမာဓိကို ထူထောင်ခြင်း ဖြစ်ပါ သည်။ ဤသည်ပင် ဗုဒ္ဓခေတ်မတိုင်မီ အာနာပါနနှင့် ဗုဒ္ဓခေတ် အာနာပါနတို့၏ ထူးခြားမှု ဖြစ်ပါသည်။ ဗုဒ္ဓခေတ်မတိုင်မီ အာနာပါနသည် ကာယကံရှင် (**အတ္တ**) သိ '**ပစ္စက္ခဉာဏ**' သို့ ဦးတည်၍ ဗုဒ္ဓခေတ် အာနာပါနသည် ကာယကံရှင်လွတ် (**အနတ္တ**) သိ '**သစ္ဆိကရဏဉာဏ**' သို့ ဦးတည်ပါသည်။

ထွက်သက်၊ ဝင်သက်သည် ခန္ဓာကိုယ်ကို မှီ၏။ ခန္ဓာကိုယ်နှင့် စပ်နေ၏။ ထို့ကြောင့် ပါဠိတော်၌ 'ကာယသင်္ခါရ' ဟု ဆိုခြင်း ဖြစ်ပါသည်။ ကြမ်းအောင်လည်း လုပ်တတ်၏။ နူးညံ့သိမ်မွေ့အောင်လည်း လုပ်တတ်၏။ ထွက်သက်၊ ဝင်သက်ကြမ်းလျှင် ခန္ဓာကိုယ်ကြမ်း၏။ ခန္ဓာကိုယ်ကြမ်းလျှင် ထွက်သက်၊ ဝင်သက်ကြမ်း၏။ ထွက်သက်၊ဝင်သက် သိမ်မွေ့လျှင် ခန္ဓာကိုယ် သိမ်မွေ့၏။ ခန္ဓာကိုယ် သိမ်မွေ့လျှင် ထွက်သက်၊ဝင်သက် သိမ်မွေ့၏။ ထို့ကြောင့် ကိုယ်၏





ပူပန်ခြင်း၊ စိတ်၏ ပူပန်ခြင်း၊ ကိုယ်၏ ပင်ပန်းခြင်း၊ စိတ်၏ ပင်ပန်းခြင်း ကင်းသွားစေရန် ထွက်သက်၊ ဝင်သက်ကို နိုင်နင်းဖို့ လိုအပ်ပါသည်။ ထွက်သက်၊ ဝင်သက်ကို နိုင်နင်းသောအခါ ကိုယ်၏ ငြိမ်းအေးခြင်း၊ စိတ်၏ ငြိမ်းအေးခြင်းကို ရရှိမည် ဖြစ်ပါသည်။

ထွက်သက်၊ဝင်သက် ရှုမှတ်ခြင်း၏ မူရင်းရည်ရွယ်ချက်မှာ သမာဓိ ရရှိရန် ဖြစ်ပါသည်။ သမာဓိ ရရှိရန်အတွက်–

(၁) အပြစ်ကင်းစင်မှု (**သီလ**)၊

(၂) စိတ်နှလုံး ကြည်လင်မှု (**အဝိပ္ပဋိသာရ**)၊

(၃) ဝမ်းမြောက်မှု (**ပါမောဇ္ဇ**)၊

(၄) နှစ်သက်မှု (**ပီတိ**)၊

(၅) ငြိမ်းအေးမှု (**ပဿဒ္ဓိ**)၊

(၆) ချမ်းသာမှု (**သုခ**)

တို့ လိုအပ်ကြောင်း ပိဋကတ်တော်များ၌ ဖော်ပြထားပါသည်။ သို့ဖြစ်၍ ထိုလိုအပ်ချက်များကို ထွက်သက်၊ ဝင်သက်နည်းဖြင့် ဖြည့်ရန် ဤစတုတ္ထနည်းကို ဟောကြားခြင်း ဖြစ်ပါသည်။

## နိမိတ်များ

ထွက်သက်၊ဝင်သက် မှတ်ခြင်းဖြင့် သမာဓိရရှိသောအခါ ရရှိသော သမာဓိကို လိုက်၍ နိမိတ်များ ထင်လာတတ်ပါသည်။ သမာဓိရရှိရန်၊ သမာဓိကို ထူထောင်ရန်၊ သမာဓိသိက္ခာကို ဖြည့်ရန် သတိပဋ္ဌာန် ပါဠိတော်၌ ထွက်သက်၊ ဝင်သက် ရှုမှတ်နည်းကို ပြည့်ပြည့်စုံစုံ ဟောကြားတော်မူခဲ့ပါသည်။ ထိုနည်းများအနက် အရေးအကြီးဆုံး နည်းလေးမျိုးကို ဖော်ပြပြီး ဖြစ်ပါသည်။ ထို နည်းလေးမျိုးသည် သတိကို အခြေခံ၍ သမာဓိကို ထူထောင်သည့်နည်း ဖြစ်ပါသည်။ ထိုနည်းများဖြင့် သမာဓိကို ထူထောင်သည့်အခါ ရရှိသော သမာဓိအလိုက် ထင်လာသည့် နိမိတ်များမှာ အောက်ပါအတိုင်း သုံးမျိုး ရှိပါသည်။

(က) ပရိကမ္မ နိမိတ်၊

(ခ) ဥဂ္ဂဟ နိမိတ်၊

(ဂ) ပဋိဘာဂ နိမိတ်။

### (က) ပရိကမ္မ နိမိတ်

ထွက်သက်၊ ဝင်သက်အရာ၌ ပရိကမ္မနိမိတ်ဆိုသည်မှာ ထွက်လေ၊ ဝင်လေဝင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ယင်း ထွက်လေ၊ဝင်လေကို 'ထွက်မှန်းသိ၊ ဝင်မှန်းသိ' ဖြစ်အောင် သတိကပ်ပြီး မှတ်ပါသည်။ ထိုကဲ့သို့ မှတ်ခြင်းဖြင့် သမာဓိကို ရပါသည်။ ယင်း သမာဓိကို **ပရိကမ္မသမာဓိ**ဟု ခေါ်ပါသည်။ ဤနေရာ၌ ပရိကမ္မဆိုသည်မှာ မြန်မာဝေါဟာရဖြင့် 'မူလအခြေခံ' ဖြစ်ပါသည်။ ထို့ကြောင့် ပရိကမ္မနိမိတ် ဆိုသည်မှာ အစဦးဆုံး မူလအခြေခံအာရုံ ဖြစ်သည်။ ပရိကမ္မသမာဓိ ဆိုသည်မှာ အစဦးဆုံး မူလအခြေခံ သမာဓိဖြစ်သည်။

## (ခ) ဥဂ္ဂဟနိမိတ်

ဥဂ္ဂဟနိမိတ်ဆိုသည်မှာ မနောဒွါရဖြင့်သာ ယူအပ်သောအာရုံ ဖြစ်ပါသည်။ ယင်း အာရုံသည် မူလအခြေခံအာရုံကို ကျော်လွန်လာသည့်အာရုံ ဖြစ်ပါသည်။ ပရိကမ္မ နိမိတ်အဆင့်၌ ပဉ္စဒွါရတို့တွင် သင့်လျော်သော ဒွါရဖြင့် ယူနိုင်ပြီး ဥဂ္ဂဟနိမိတ် အဆင့်တွင် ထိုကဲ့သို့ မယူနိုင်ဘဲ မနောဒွါရဖြင့်သာ ယူနိုင်ပါသည်။

ဥဂ္ဂဟနိမိတ်များသည် အမျိုးမျိုးအဖုံဖုံ ဖြစ်ပါသည်။ ဘုမ်ကျဉ်း ဓိပဿနာ ကျမ်း၌ ဥဂ္ဂဟနိမိတ်များနှင့် ပတ်သက်၍ မှိန်မှိန်အလင်းရောင်၊ ပိုးစုန်းကြူး အုပ်ကြီး ပျံဝဲနေသကဲ့သို့ သေးသေးမွှားမွှား အလင်းရောင်၊ တောက်ပသော ဝိုင်း ဝိုင်းအဖြူရောင်၊ လုံးလုံးအဖြူရောင်၊ သေးသေး–ကြီးကြီး–ရှည်ရှည်–သုံးထောင့် ချွန်း–ကွက်တိကွက်ကျား–အဖြူရောင်၊ ရုပ်ပွား၊ စေတီတော်၊ ဘုန်းကြီး၊ ရသေ့ လူသူတော်၊ သီလရှင်၊ နတ်ရုပ်၊ အုတ်တံတိုင်း၊ အုတ်တိုင်၊ အုတ်ပုံ၊ အုတ်တိုက်ပျက် လှေကားထစ်၊ လှေကားလက်ရန်း၊ အိမ်နံရံ၊ ကျောင်းနံရံ၊ သပိတ်၊ သက်န်း၊ သစ် ငုတ်တို၊ သစ်တိုင်၊ သစ်ပင်အမျိုးမျိုး၊ စမ်းချောင်း၊ ရေကန်၊ ပင်လယ်ရေပြင် ကျောက်ဂူ၊ အုတ်ဂူ၊ မြေပြင်၊ မြက်ခင်းပြင်၊ ကောင်းကင်ပြင်၊ မိုးကုပ်စက်ဝိုင်း မော်တော်ကား၊ မီးရထား၊ လူသေ၊ လူရှင်၊ အဘိုးအို၊ အဘွားအို၊ မိန်းမပျို ကလေးငယ်၊ မိမိနှားရွက်၊ မိမိနှောက်စေ့၊ မိမိနဖူး၊ မိမိမျက်လုံး၊ မိမိနှာခေါင်း မိမိပါး၊ မိမိလက်၊ မိမိခြေ၊ မိမိဝမ်းဗိုက်၊ အရိုးစု စသည်ဖြင့် မရေမတွက်နိုင်အောင် မျိုးပေါင်းစုံကြောင်း ဖော်ပြထားပါသည်။

*အဘိဓမ္မတ္ထသင်္ဂဟကျမ်းနှင့် အဘိဓမ္မာဝတာရကျမ်းတို့၌လည်း* ဥဂ္ဂဟ နိမိတ်နှင့် ပတ်သက်၍–

**စက္ခုနာ ပဿန္တ ဿေဝ မနောဒွါရဿ အာပါထမာဂတံ၊**
**တဒါ တမေဝါရမ္မဏံ ဥဂ္ဂဟနိမိတ္တံ နာမ။**

**စက္ခုနာ၊** ဖွင့်ထားသော ပကတိမျက်စိဖြင့်။ **ပဿန္တဿ၊** ကြည့် သူ၏။ **စက္ခုဒွါရဿ၊** စက္ခုဒွါရအား။ **အာပါထံ၊** ထင်ခြင်းသို့။ **အာဂတံ၊** ရောက်လာသကဲ့သို့။ **မနောဒွါရဿ၊** မနောဒွါရအား။ **အာပါထံ၊** ထင်ခြင်းသို့။ **အာဂတံ၊** ရောက်လာ၏။ **တဒါ၊** ထိုအခါ၌။ **တမေဝါရမ္မဏံ၊** ပေါ်လာသော ထိုအာရုံ၊ မြင်ရသော ထိုအာရုံသည်။ **ဥဂ္ဂဟနိမိတ္တံ နာမ၊** ဥဂ္ဂဟနိမိတ် မည်၏။ **(အဘိဓမ္မတ္ထသင်္ဂဟ)**

**ယထာ ဥမ္မီလိတေ ကာလေ၊ တထာပါထန္တု ယာတိ စေ။**
**တဒါ ဥဂ္ဂဟနိမိတ္တံ၊ ဥပ္ပန္နန္တိ ပဝုစ္စတိ။**

**ဥမ္မီလိတေ ကာလေ၊** မျက်စိဖွင့်ထားချိန်၌။ **အာပါထံ၊** ထင်ခြင်း သို့။ **ယာတိ ယထာ၊** ရောက်လာသကဲ့သို့။ **တထာ၊** ထို့အတူ။ **နိမ္မီလိတေ ကာလေ၊** မျက်စိမှိတ်ထားချိန်၌။ **အာပါထံ၊** ထင်ခြင်းသို့။ **စေ ယာတိ၊** အကယ်၍ ရောက်လာငြားအံ့။ **တဒါ၊** ထိုအခါ၌။ **ဥဂ္ဂဟနိမိတ္တံ၊** ဥဂ္ဂဟ နိမိတ်သည်။ **ဥပ္ပန္နန္တိ၊** ဖြစ်ပြီဟူ၍။ **ပဝုစ္စတိ၊** ဆိုအပ်၏။

**(အဘိဓမ္မာဝတာရ)**

ဥဂ္ဂဟနိမိတ်များသည် တည်မြဲခြင်း မရှိကြသေးဘဲ ပေါ်လိုက် ပျောက် လိုက်၊ နီးလိုက် ဝေးလိုက်၊ ကြီးလိုက် ငယ်လိုက်၊ ထက်အောက်ဝဲယာ နေရာ ပြောင်းရွှေ့ကြသည်။ မတည်မငြိမ် ဖြစ်နေကြပါသည်။ ထိုအဆင့်တွင် ရသော သမာဓိသည် ပရိကမ္မသမာဓိပင် ဖြစ်ပါသည်။ သို့ရာတွင် ရှေ့သမာဓိထက် များစွာ ပို၍ တည်ကြည်လာပါသည်။

## (ဂ) ပဋိဘာဂနိမိတ်

ပဋိဘာဂနိမိတ်ဆိုသည်မှာ ဥဂ္ဂဟနိမိတ်အဆင့်ကို ကျော်လွန်လာသည့် နိမိတ် ဖြစ်ပါသည်။ ဥဂ္ဂဟအဆင့်တွင် မှိန်နေသည်။ ပဋိဘာဂအဆင့်တွင် ထင်ရှားနေ သည်။ ဥဂ္ဂဟအဆင့်တွင် မတည်မငြိမ်ဘဲ လှုပ်ရှားနေသည်။ ပဋိဘာဂ အဆင့်တွင် လှုပ်ရှားဘဲ တည်ငြိမ်နေသည်။ ဥဂ္ဂဟအဆင့်တွင် ပေါ်လိုက်၊ ပျောက်လိုက် ဖြစ်နေသည်။ ပဋိဘာဂအဆင့်တွင် မပျောက်ဘဲ ပေါ်နေသည်။ ထိုအဆင့်တွင် ရသော သမာဓိကို **ဥပစာရသမာဓိ** ဟု ခေါ်ပါသည်။ ဥပစာရဈာန်ဟုလည်း ခေါ်ပါသည်။ ပဋိဘာဂနိမိတ်နှင့် ပတ်သက်၍–

**ဘာဝနာမယာရမ္မဏံ စိတ္တေ သန္နိသိန္နံ သမပ္ပိတံ ယောတိ၊**
**တဒါ တံ ပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ဝုစ္စတိ။**

**ဘာဝနာမယံ၊** ပရိကမ္မ ဘာဝနာကြောင့် ဖြစ်လာသော။ **အာရမ္မဏံ၊** နိမိတ်သည်။ **စိတ္တေ၊** ယောဂီ၏စိတ်၌။ **သန္နိသိန္နံ၊** မလှုပ်ရှားဘဲ တည်ငြိမ်သည်။ **သမပ္ပိတံ၊** မပျောက်ကွယ်ဘဲ ပေါ်နေသည်။ **ယောတိ၊**




www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏ ။ တဒါ၊ ထိုအခါ၌။ တံ ပဋိဘာဂနိမိတ္တံ၊ ထို ပဋိဘာဂနိမိတ်သည်

**သမုဋ္ဌာနံ့ဆို**၊ ကောင်းစွာ ဖြစ်လာပြီဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(အဘိဓမ္မတ္ထ သင်္ဂဟ)

ပဋိဘာဂနိမိတ်နှင့် ပတ်သက်၍ အာရုံတစ်မျိုးတည်း ဖြစ်သော်လည်း သမာဓိမှာ နှစ်မျိုး ကွဲပါသည်။ အနုအရင့်သဘော ဖြစ်ပါသည်။ အနုသမာဓိကို ဥပစာရသမာဓိဟု ခေါ်ပြီး အရင့်သမာဓိကို အပ္ပနာသမာဓိဟု ခေါ်ပါသည်။ ဥပစာရ သမာဓိဖြင့် ပဋိဘာဂနိမိတ်ကို မြင်ရာ၌–

(က) မမှိန် ထင်ရှား၊

(ခ) မလှုပ် တည်ငြိမ်

ဟူသော အင်္ဂါနှစ်ရပ်နှင့် ညီအောင် မြင်နေပါက ယင်းသမာဓိကို ဥပစာရသမာဓိဟု ခေါ်ကြောင်း၊ အပ္ပနာသမာဓိဖြင့် ပဋိဘာဂနိမိတ်ကို မြင်ရာ၌–

(က) မမှိန် ထင်ရှား၊

(ခ) မလှုပ် တည်ငြိမ်၊

(ဂ) မပျောက် ခိုင်မြဲ

ဟူသော အင်္ဂါသုံးရပ်နှင့် ညီအောင် မြင်နေပါက ယင်းသမာဓိကို အပ္ပနာသမာဓိဟု ခေါ်ကြောင်း ဘုမ်ကျည်းဝိပဿနာကျမ်း ၌ ဖော်ပြထားပါသည်။ ထို့အပြင် ဥပစာရသမာဓိအဆင့်၌ ပဋိဘာဂနိမိတ်ကို အလွန်ဆုံး မိနစ်သုံးဆယ်ကျော်သာ မြင်ရပြီး ပျောက်ကွယ်သွားကြောင်း၊ ထိုနိမိတ် ပြန်ပေါ်လာအောင် အာရုံပြု နှလုံးသွင်းသော်လည်း ချက်ချင်း ပြန်ပေါ်မလာကြောင်း၊ ထွက်လေ ဝင်လေ ရှုမှတ်မှု စသော မူလကမ္မဋ္ဌာန်းကို ပွားများသော်လည်း ချက်ချင်း ပြန်ပေါ်မလာကြောင်း၊ အပ္ပနာသမာဓိအဆင့်၌မူ ပဋိဘာဂနိမိတ်ကို တစ်နေ့လုံး ကြည့်နေလျှင်လည်း ညောင်းကိုက်၊ နာကျင်၊ ပင်ပန်းမှု၊ အိပ်ငိုက်မှု မရှိဘဲ ထင်ထင်ရှားရှား၊ ခိုင်ခိုင်မြဲမြဲ မြင်နေရကြောင်း၊ အာရုံဖြတ်ကာ အနားယူပြီး နောက်ထပ် ပြန်ကြည့်လျှင်လည်း ချက်ချင်း ထင်ထင်ရှားရှား ပြန်မြင်ရကြောင်း ဖော်ပြထားပါသည်။

အပ္ပနာသမာဓိ (ဈာန်) ရမှုနှင့် ပတ်သက်၍ *ဝေဠုဝတီဝိပဿနာကျမ်း*၌ ထွက်သက်၊ ဝင်သက်ကို သိပ်ဂရုမစိုက်ဘဲ အလိုက်သင့် သူ့ဟာသူ ရှူနေစေပြီး ပဋိဘာဂနိမိတ်ပေါ်၌ စိတ်ကိုထားရမည် ဖြစ်ကြောင်း၊ ဈာန်ကို ရလိုသူသည် ပဋိဘာဂနိမိတ်ပေါ်၌ စိတ်ကို ထားရကြောင်း၊ ပဋိဘာဂနိမိတ်ပေါ်၌ စိတ်ကိုထား၍ အားထုတ်ရခြင်းသည် ဌာပနာနည်းဖြစ်ကြောင်း ဖော်ပြထားပါသည်။



## နိမိတ်များ ထင်ပုံ

နိမိတ်များထင်ပုံနှင့် ပတ်သက်၍ *ဝေဠုဝတီဝိပဿနာကျမ်း* ၏ အလိုအရ သတော ဝ အဿသတိ၊ သတော ဝ ပဿသတိ' ဝင်မှန်းသိ၊ ထွက်မှန်းသိ၊ ရေတွက်ထား ဟူသော ပထမနည်းဖြင့် အားထုတ်သောအခါ အချို့ပုဂ္ဂိုလ်များသည် နိမိတ် သုံးမျိုးလုံးကို ရနိုင်သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်မျိုးသည် အလွန်နည်းပါးပါသည်။ များသောအားဖြင့် 'ရှည့်တို သိ' ဟူသော ဒုတိယနည်းဖြင့် အားထုတ်သော အခါမှသာ နိမိတ် သုံးမျိုးကို ရပါသည်။

ဒုတိယနည်းဖြင့် နိမိတ်သုံးပါး ရပြီးသည့်နောက် 'စ၊ လယ်၊ ဆုံး သိ' ဟူသော တတိယနည်းဖြင့် အားထုတ်သောအခါ ရပြီးသော နိမိတ်နှင့် အတူတကွ ထွက်လေဝင်လေကို စ၊ လယ်၊ ဆုံး သိ ဖြစ်အောင် လေ့ကျင့်ရပါသည်။ ယင်း ထွက်လေ၊ဝင်လေကိုပင် စတုတ္ထနည်းဖြင့် အားထုတ်သောအခါ ကိုယ်ကာယ ငြိမ်ကြယ်ပြီး ကိုယ်၏ပူပန်ခြင်း၊ စိတ်၏ပူပန်ခြင်းများ ကင်းလာသည်။ ထွက်လေ၊ ဝင်လေသည် နူးညံ့လာသည်။ သိမ်မွေ့လာသည်။ နောက်ဆုံး ငြိမ်းသွားသည်အထိ သိမ်မွေ့လာသည်။ ထွက်သက်၊ဝင်သက်၏မှီရာ ကိုယ်ကာယငြိမ်ကြယ်လျှင် ထွက်သက်၊ဝင်သက် နူးညံ့သိမ်မွေ့လာသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

ဥပမာအားဖြင့် အညစ်အကြေး မကင်းသောရွှေသည် အထု မခံ၊ ထုလျှင် ကွဲသည်။ ဆွဲချင်တိုင်း ဆွဲ၍ မရ၊ ဆွဲလျှင် ပြတ်သည်။ အညစ်အကြေးကင်းသော ရွှေသည် အထုခံသည်။ ထုလျှင် မကွဲ၊ ဆွဲချင်တိုင်း ဆွဲ၍ ရသည်၊ ဆွဲလျှင် မပြတ်။ ထိုနည်းတူစွာ ခန္ဓာကိုယ်သည် ကိုယ်၏ပူပန်မှု၊ စိတ်၏ပူပန်မှု တည်းဟူသော အညစ်အကြေးများ ကင်းစင်ပြီး ငြိမ်ကြယ်သွားသောအခါ ထွက်လေ၊ဝင်လေသည် နူးညံ့လာသည်။ သိမ်မွေ့လာသည်။ ယောဂီပုဂ္ဂိုလ်၏ ဆန္ဒအတိုင်း ဖြစ်လာသည်။ ရှုသလို ရလာသည်။ ထိုအခါ ယောဂီပုဂ္ဂိုလ်သည် ထွက်လေ၊ဝင်လေကို သိပ်ဂရုမစိုက်တော့ဘဲ သူ့ဟာသူ အလိုက်သင့်ထားပြီး စိတ်ကို ပဋိဘာဂနိမိတ်ပေါ်၌ ထားရသည်။ ဤသို့ ပဋိဘာဂနိမိတ်ပေါ်၌ စိတ်ကိုထား၍ အားထုတ်ခြင်းကို ဌာပနာနည်းဟု ခေါ်သည်။ ဌာပနာနည်းဖြင့် ရှေ့ဆက်အားထုတ်လျှင် ဈာန်ကို ရပါသည်။

## ဝိပဿနာဘက် ကူးနည်းများ

ပိဋကတ်တော်များ၌ ဝိပဿနာအားထုတ်နည်းနှင့် ပတ်သက်၍ အဆင့်များ ရှိပါသည်။ ကိုယ်နှုတ်စင်ကြယ်မှု (သီလဝိသုဒ္ဓိ)၊ စိတ်နှလုံးစင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ) တို့ကို ထူထောင်ပြီးနောက် နာမ်ရုပ်ကို သိမှု (ဒိဋ္ဌိဝိသုဒ္ဓိ)နှင့် နာမ်ရုပ်၏ အကြောင်းကိုသိမှု (ကင်္ခါဝိတရဏဝိသုဒ္ဓိ) တို့ကို ထူထောင်ရပါသည်။ ထို့နောက် ဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



ကို အားထုတ်ရပါသည်။ အကြမ်းအားဖြင့်ဆိုရလျှင် ဝိပဿနာ အားမထုတ်[...] ပြည့်စုံရသည့် အဆင့်များမှာ လေးမျိုး ရှိပါသည်။ ယင်း လေးမျိုးတို့မှာ အောက်[...] အတိုင်း ဖြစ်ပါသည်။

(က) သီလ ရှိခြင်း၊

(ခ) သမာဓိ ရှိခြင်း၊

(ဂ) ဒိဋ္ဌိ ကင်းခြင်း၊

(ဃ) ဝိစိကိစ္ဆာ ကင်းခြင်း။

ထွက်လေ၊ဝင်လေကို သတိဖြင့် ထိန်းနိုင်လျှင် တဖြည်းဖြည်း ကိုယ်နှုတ်[...] စင်ကြယ်လာသည်။ ဒုစရိုက်များ ကင်းလာသည်။ ဒုရာဇီဝခေါ် အသက်မွေးမှု[...] သန့်ရှင်းလာသည်။ မှန်ကန်လာသည်။ ဤသည်ကိုပင် သီလစင်ကြယ်မှုဟု ဆို[...] ကြပါသည်။ ကိုယ်နှုတ်တို့ စင်ကြယ်ပြီးနောက် စိတ်နှလုံးပါ စင်ကြယ်လာသည်။ သတိ အားကောင်းလေလေ စိတ်နှလုံး စင်ကြယ်လေလေဖြစ်ပြီး ထွက်လေ[...] ဝင်လေ အပြင် အာရုံနိမိတ်များ ပေါ်လာကာ နောက်ဆုံး၌ ပဋိဘာဂနိမိတ်များ ထင်လာသည်။ ဤသည်ကိုပင် စိတ်စင်ကြယ်မှု 'သမာဓိရှိမှု' ဟု ဆိုကြသည်။

စိတ်နှလုံးစင်ကြယ်မှု 'သမာဓိ' ရှိပြီးနောက် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကင်း[...] အတွက် ဝိပဿနာဘက်သို့ ကူးလိုက ကူးနိုင်သည်။ ချမ်းသာရေးအတွက် ဆ[...] လက် အားထုတ်လိုကလည်း 'ထွက်လေ ဝင်လေ' ကိုပင် ဆက်လက်အားထုတ်[...] နိုင်သည်။ ဝိပဿနာဘက်သို့ ကူးလိုသူများအတွက် ဝေဠုဝတီ ဝိပဿနာကျမ်း[...] ၌ ဤသို့ ဖော်ပြထားပါသည်။

ပရိကမ္မနိမိတ်ဖြစ်တဲ့ အာနာပါနမှာ သတိကပ်ပြီးနေခဲ့သော် ပရိကမ္မသမာဓိ၊ အဲဒီ ပရိကမ္မသမာဓိကနေပြီး ကူးလည်း ရတာပဲ။ ထွက်[...] တိုင်း၊ဝင်တိုင်း ထွက်လေ၊ဝင်လေမှာ သတိကပ်နေရင် ဒီပုဂ္ဂိုလ်ရဲ့စိတ်မှာ ကိလေသာ ကပ်ဦးမလား။ မငြိမ်သက်ဘူးလား။ အဲဒီလို ကိလေသာ မကပ်လို့ ငြိမ်သက်နေရင် ဝိပဿနာဘက် ကူးပေတော့။ သမထနဲ့သာ နေလို့တော့ မြေလျှိုးမိုးပျံ တန်ခိုးအဘိညာဉ်နဲ့ နေပေမယ့် စိတ်မချ[...] ဘူး။ ဒိဋ္ဌိကွာသည့် နာမ်ရုပ်သိဉာဏ်၊ ဝိစိကိစ္ဆာကွာသည့် နာမ်ရုပ်တို့၏ အကြောင်းသိဉာဏ် ရရေးအတွက် အာနာပါနမှ ဝိပဿနာဘက်သို့ ကူးရာ၌ ခဏိကသမာဓိအဆင့်မှလည်း ကူးနိုင်သည်။ ဥပစာရချမ်း[...] သမာဓိအဆင့်မှလည်း ကူးနိုင်သည်။ အပ္ပနာချမ်းသမာဓိအဆင့်မှလည်း ကူးနိုင်သည်။ ခဏိကသမာဓိအဆင့်မှ ကူးခြင်းကို သီလစင်ကြယ်မှု (သီလဝိသုဒ္ဓိ) အဆင့်မှ ကူးခြင်းဟု ဆိုပါသည်။ ဥပစာရချမ်း သမာဓိနှ[...]





အပ္ပနာချမ်းသမာဓိအဆင့်မှ ကူးခြင်းကို စိတ်နှလုံးစင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ)အဆင့်မှ ကူးခြင်းဟု ဆိုပါသည်။ သီလစင်ကြယ်မှု 'ခဏိကသမာဓိ' အဆင့်မှ ကူးလျှင် 'သုဒ္ဓဝိပဿနာယာနိက' လမ်းဟု ခေါ်ပါသည်။ စိတ်နှလုံးစင်ကြယ်မှု 'ဥပစာရချမ်းနှင့် အပ္ပနာချမ်းသမာဓိ' အဆင့်မှ ကူးလျှင် 'သမထယာနိက' လမ်းဟု ခေါ်ပါသည်။ ဤနေရာ၌ ခဏိကသမာဓိအဆင့် ဟူသည်မှာ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်အဆင့် ဖြစ်ပါသည်။ ဥပစာရချမ်းနှင့် အပ္ပနာချမ်းသမာဓိအဆင့် ဟူသည်မှာ ပဋိဘာဂနိမိတ်အဆင့် ဖြစ်ပါသည်။

ခဏိကသမာဓိနှင့် ပတ်သက်၍ ဝိသုဒ္ဓိမဂ် မဟာဋီကာ ပထမတွဲ (၃၄၂) [...]၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်။

**ခဏိကစိတ္တေကဂ္ဂတာတိ ခဏမတ္တဋ္ဌိတိကော သမာဓိ။**
**သောပိ ဟိ အာရမ္မဏေ နိရန္တရံ ဧကာကာရေန ပဝတ္တမာနော**
**ပဋိပက္ခေန အနဘိဘူတော အပ္ပိတော ဝိယ စိတ္တံ နိစ္စလံ ဌပေတိ။**

**ခဏိကစိတ္တေကဂ္ဂတာတိ**၊ ခဏိကစိတ္တေကဂ္ဂတာ ဟူသည်ကား။ **ခဏမတ္တဋ္ဌိတိကော**၊ ခဏမျှသာ တည်သော။ **သမာဓိ**၊ သမာဓိတည်း။ **ဟိ**၊ အကျယ်အားဖြင့်။ **သောပိ**၊ ထိုခဏိကသမာဓိသည်လည်း။ **အာရမ္မဏေ**၊ အာရုံ၌။ **နိရန္တရံ**၊ အကြားမရှိ။ **ဧကာကာရေန**၊ တစ်ခုတည်းသော အခြင်းအရာအားဖြင့်။ **ပဝတ္တမာနော**၊ ဖြစ်သော။ **ပဋိပက္ခေန**၊ ပဋိပက္ခ တရားသည်။ **အနဘိဘူတော**၊ မလွှမ်းမိုးနိုင်သည် ဖြစ်၍။ **အပ္ပိတော ဝိယ**၊ အပ္ပနာသမာဓိကဲ့သို့။ **စိတ္တံ**၊ စိတ်ကို။ **နိစ္စလံ**၊ ငြိမ်သက်စွာ။ **ဌပေတိ**၊ တည်စေ၏။

အာနာပါနမှ ဝိပဿနာသို့ ကူးရာ၌ သင့်လျော်သော သမာဓိအဆင့်သည် သမ္မဇညခေါ် ဉာဏ်ပါလာသောအဆင့် ဖြစ်ပါသည်။ သမ္မဇညခေါ် ဉာဏ်ပါဝင်[လ]ာသောအဆင့်သည် ပိဋကတ်တော်၌ 'ရှည်–တို–သိ' ဟူသော ဒုတိယနည်းဖြင့် အားထုတ်သည့်အဆင့် ဖြစ်ပါသည်။ ယင်းအဆင့်တွင် ကိုယ်၊ နှုတ် စင်ကြယ်မှု (သီလဝိသုဒ္ဓိ) ရှိ၍ စိတ်နှလုံးစင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ)လည်း အထိုက်အလျောက် [ရှ]ိလာပါသည်။ ထိုအခါ ဝိပဿနာ ရှုကွက်များဖြစ်သည့် နာမ်၊ ရုပ်များကို အာရုံ[ပြ]ုနိုင် လာပါသည်။ ထိုအဆင့် အာရုံပြုမှုနှင့် ပတ်သက်၍ ဝေဠုဝတီဝိပဿနာ[က]ျမ်း ၌ ဤသို့ ဖော်ပြထားပါသည်။

ဒီတော့ ကမ္မဋ္ဌာန်းအားထုတ်ရာမှာ ကိုယ်သိမ်းဆည်းမှု၊ စိတ်သိမ်း[...]



www.burmeseclassic.com

www.burmeseclassic.com



ခသည်းမှု နှစ်မျိုးလုံးနဲ့ ကိုယ်ရောစိတ်ရော သိမ်းဆည်းလိုက်တဲ့အခါကျ တော့ ခန္ဓာကိုယ်က မသန့်ရှင်းတဲ့အတွက် ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်လာတယ်။ နာကျင်မှုတွေ ဖြစ်လာတယ်။ ကိုက်ခဲမှုတွေ ဖြစ်လာ တယ်။ ထုံကျင်မှုတွေ ဖြစ်လာတယ်။ အဲဒီ ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်လာတဲ့အခါ သတိထားစမ်းပါ၊ ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်မှုထဲ မှာ ကိုယ်ခန္ဓာ မပါစေနဲ့။ ခုတော့ ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်မှုထဲမှာ ကိုယ်ခန္ဓာ ပါနေတယ်။ ခြေက နာတယ်၊ လက်က ကျင်တယ် စသည်ဖြင့် ကိုယ်ခန္ဓာ ပါနေတယ်။ ပါနေရင် ဒါ သမ္မာဒိဋ္ဌိ မဖြစ်သေးဘူး။ သမ္မာဒိဋ္ဌိ မဖြစ်သေးရင် သတိ အားသေးလို့။ သတိ အားသေးလို့ သမ္မာဒိဋ္ဌိ မဖြစ်မှန်းသိရင် အာနာပါန ကြိုးစားလုပ်၊ အလုပ်ကို လျှော့မပေးနဲ့။ အာနာပါန တိုးလုပ်။ အာနာပါန သတိအားကောင်းမှသာလျှင် ဒီသဘာဝ တွေကို သမ္မာဒိဋ္ဌိဖြစ်အောင်၊ ကိုယ်ခန္ဓာနဲ့ မတွဲမစပ်အောင် သိမှာ။ အာနာ ပါန အထမြောက်တာထက် ဖြစ်ဖြစ်သမျှ သဘာဝတွေထဲမှာ ကိုယ်ခန္ဓာ မပါဘူးလို့ သိတဲ့အသိက အထက်တန်းကျတယ်။

ထို့အပြင် ယင်းကျမ်း အခြားတစ်နေရာ၌လည်း ဤသို့ ဖော်ပြထားသည် ကို တွေ့ရပါသည်။

ခန္ဓာကိုယ် ဖြစ်ဖြစ်သမျှ သဘာဝတွေထဲမှာ ကိုယ်ကောင် မ... နေ့ဘဲ ခေါင်းကဖြစ်လည်း ခေါင်းမပါဘဲ၊ ကိုယ်ကဖြစ်လည်း ကိုယ်မပါ ဘဲ၊ လက်ကဖြစ်လည်း လက်မပါဘဲ၊ ခြေကဖြစ်လည်း ခြေမပါဘဲ ဖြစ်ခြင်းသဘာဝ သက်သက်ကိုသာသိရင် အသမ္မောဟသမ္ပဇဉ်အ... ဖြစ်တဲ့အတွက် အကောင်းဆုံး ဖြစ်တယ်။ အဲဒီ သတိသမ္ပဇဉ်က နေ့... ရုပ်နာမ် ခွဲလိုက်ရင် ဝိပဿနာဉာဏ် တက်သွားမှာ။

ထို့အပြင် ယင်းကျမ်း အခြားတစ်နေရာ၌လည်း အသမ္မောဟသမ္ပဇဉ် နှင့် ပတ်သက်၍ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်။

အသမ္မောဟသမ္ပဇဉ်ကျတော့ ပညတ်မပါဘဲ သဘာဝသက် သက်ကို သိတယ်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မပါတော့ဘူး သဘာဝတို့၏ ဖြစ်ခြင်းသက်သက်ကိုသိတဲ့ သမ္ပဇဉ်ကို အသမ္မော သမ္ပဇဉ်လို့ ခေါ်တယ်။ ပုဂ္ဂိုလ်၊ သတ္တဝါအနေနဲ့ သိနေသေးရင် အသမ္မော ဟ မဆိုနိုင်သေးဘူး။ သမ္မောဟပဲ ရှိသေးတယ်။ ခေါင်း၊ ကိုယ်၊ ခြေ လက် စသော ပညတ်စင်ပြီး သဘာဝသက်သက်ကို သိတဲ့ အဖြစ်ရောက် အသမ္မောဟသမ္ပဇဉ် ဖြစ်တယ်။



## လက္ခဏာများ

အာနာပါန 'ထွက်လေ၊ဝင်လေ' မှ ဝိပဿနာဘက်သို့ကူးရန် အားထုတ်သော ...ခါ အယုတ်ဆုံး သတိသမ္ပဇဉ်ဖြင့် ထိန်းချုပ်သော ခဏိကသမာဓိအဆင့်ကို ...ပြီး ဖြစ်ရပါမည်။ ဥပစာရသမာဓိအဆင့်ကို ရနိုင်လျှင်ကား ပို၍ ကောင်းပါ သည်။ ထိုထက် ပို၍ကောင်းသည်ကား အပ္ပနာသမာဓိအဆင့် ဖြစ်ပါသည်။ ...ရာတွင် အပ္ပနာသမာဓိအဆင့်ကို သမထယာနိကလမ်းအနေဖြင့် မကြိုက်သူများ ...သည်း ရှိကြပါသည်။

ဤလောက၌ တမလွန်ဘဝအတွက် စိတ်ချနိုင်စေရန် နာမ်ရုပ်ကို ပိုင်းခြား သိနိုင်သောဉာဏ် (နာမရူပ ပရိစ္ဆေဒဉာဏ်) နှင့် နာမ်ရုပ်တို့၏ အကြောင်းကို ...မ်းဆည်းနိုင်သောဉာဏ် (ပစ္စယ ပရိဂ္ဂဟဉာဏ်) ကို ရဖို့ လိုအပ်ပါသည်။ ...ဉာဏ်များကို ရမှသာ စူဠသောတာပန်ခေါ် ကလျာဏပုထုဇဉ် ဖြစ်ပါမည်။ ဤ အဆင့်တွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သမုစ္ဆေဒပဟာန်ဖြင့် မပယ်နိုင်သေးစေကာမူ ...ဒင်္ဂပဟာန်ဖြင့် ဖြစ်စေ၊ ဝိက္ခမ္ဘနပဟာန်ဖြင့် ဖြစ်စေ ပယ်နိုင်ပြီ ဖြစ်သောကြောင့် ...တိယဘဝအတွက် စိတ်အေးရပြီ ဖြစ်ပါသည်။ ထို့ကြောင့် စူဠသောတာပန် ကလျာဏပုထုဇဉ် ဖြစ်ရေးအတွက် နာမ်ရုပ်တို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်နှင့်တကွ သိရန် လိုအပ်ပါသည်။

ဤနေရာ၌ လက္ခဏာဟူသည် ရုပ်နာမ်တို့၏ အမှတ်အသား ဖြစ်ပါသည်။ ...င်းအမှတ်အသားသည် သာမညလက္ခဏာနှင့် သဘာဝလက္ခဏာဟူ၍ နှစ်မျိုး ...ပါသည်။ သာမညလက္ခဏာသည် ဝိပဿနာဉာဏ်အတွက်ဖြစ်၍ သဘာဝ လက္ခဏာသည် နာမရူပ ပရိစ္ဆေဒဉာဏ်အတွက် ဖြစ်ပါသည်။ သဘာဝလက္ခဏာ ... ဝိသေသလက္ခဏာဟူ၍လည်း ဆိုကြပါသည်။ သာမညလက္ခဏာဟူသည် ...၊ နာမ် အားလုံးတို့နှင့် သက်ဆိုင်သော လက္ခဏာ ဖြစ်ပါသည်။ ယင်း သာမည လက္ခဏာကား အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ ဖြစ်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို ...ဿနာဉာဏ်များဖြင့်သာ မြင်နိုင်ပါသည်။ ဝိပဿနာဉာဏ်အဆင့်သို့ မရောက် ...သေးမီ ဝိပဿနာရှေ့ပြေးဖြစ်သော နာမ်ရုပ်သိ (နာမရူပ ပရိစ္ဆေဒဉာဏ်) ကို ...ဦးစွာ ထူထောင်ရပါမည်။ ထို့ကြောင့် ဤအဆင့်၌ သဘာဝလက္ခဏာကို သိအပ် ပါသည်။ သဘာဝလက္ခဏာကို သိပြီးမှ သာမညလက္ခဏာကို သိနိုင်ပါသည်။

နာမ်၊ ရုပ်တို့တွင် တစ်ခုနှင့်တစ်ခု အချင်းချင်းတူညီသော လက္ခဏာများ (သာမညလက္ခဏာ) ရှိသကဲ့သို့ တစ်ခုနှင့်တစ်ခု အချင်းချင်း မတူညီသော လက္ခဏာများ (သဘာဝလက္ခဏာ) လည်း ရှိကြပါသည်။ ရုပ်၌လည်း ရုပ်ဆိုင်ရာ သီးခြားလက္ခဏာ ရှိပါသည်။ နာမ်၌လည်း နာမ်ဆိုင်ရာ သီးခြားလက္ခဏာ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရုပ်တွင်ပင် ပထဝီ၌ ပထဝီ သီးခြားလက္ခဏာ၊ အာပေါ၌ အာပေါ သီးခြား လက္ခဏာ စသည်များ ရှိကြပြီး နာမ်တွင်လည်း ဖဿ၌ ဖဿ သီးခြားလက္ခဏာ ဝေဒနာ၌ ဝေဒနာ သီးခြားလက္ခဏာ စသည်များ ရှိကြပါသည်။ ဤနည်းအား ရုပ်၊ နာမ်များ ကွဲပြားသလောက် သီးခြားလက္ခဏာများလည်း ကွဲပြားကြပါသည် အမှန်အားဖြင့်ဆိုရလျှင် သီးခြားလက္ခဏာများ ကွဲပြားသလောက် ရုပ်နာမ်များ ကွဲပြားကြခြင်း ဖြစ်ပါသည်။

လူ ဟူသော သာမညလက္ခဏာပေါ်၌ အင်္ဂလိပ်၊ မြန်မာ စသော သီးခြား လက္ခဏာများ ထပ်ဆင့် ရှိနေသကဲ့သို့ ရုပ်နာမ်တိုင်း၊ ရုပ်နာမ်တိုင်း၌ အနိစ္စ ဒုက္ခ၊ အနတ္တ ဟူသော သာမညလက္ခဏာများအပေါ်တွင် ခက်မာခြင်း၊ ခံစားခြင်း စသော သီးခြားလက္ခဏာများသည် ထပ်ဆင့်၍ ရှိနေကြပါသည်။ အထပ်အလွှာ အနေဖြင့် သာမညလက္ခဏာသည် အောက်ပိုင်း၌ရှိပြီး သီးခြားလက္ခဏာသည် အပေါ်ပိုင်း၌ ရှိပါသည်။ ဝိပဿနာဘက်သို့ ကူးရာ၌ ရှေးဦးစွာ ဝိပဿနာမတိုင်မီ အပေါ်ပိုင်း သီးခြားလက္ခဏာများကို မြင်အောင် အားထုတ်ရပါသည်။ ပူလျှင် ပူသိ၊ အေးလျှင် အေးသိ၊ နာလျှင် နာသိ စသော အသိများသည် ဝိပဿနာမတိုင်မီ သီးခြားလက္ခဏာသိများ ဖြစ်ပါသည်။ ယင်း သီးခြားလက္ခဏာသိများသည် နာမ်ရုပ်သိ (နာမရူပ ပရိစ္ဆေဒဉာဏ်) အဆင့်၌ ရှိပါသည်။ ထို့နောက် ယင်း နာမ်ရုပ်တို့ကိုပင် အကြောင်းအကျိုးဆက်သဘောဖြင့် သိသောအခါ အကြောင်း သိမ်းဆည်းသိ (ပစ္စယပရိဂ္ဂဟဉာဏ်) အဆင့်သို့ ရောက်ပါသည်။ ထို့နောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော သာမညလက္ခဏာများသည် သဘာဝလက္ခဏာ သီးခြားလက္ခဏာများ အပေါ်သို့ တက်လာပါသည်။ ထိုအခါ ယင်းသာမည လက္ခဏာကို သိသောအသိ ဖြစ်လာပါသည်။ ယင်းအသိသည် ဝိပဿနာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အပေါ်ပိုင်း သီးခြားလက္ခဏာ ဝိပဿနာမတိုင်မီ နာမ်ရုပ်သိဉာဏ်နှင့် နာမ်ရုပ်တို့၏ အကြောင်းသိဉာဏ်များ ရှေးဦးစွာသိပြီး အောက်ပိုင်း သာမညလက္ခဏာကိုမူ ဝိပဿနာဉာဏ်များက သိပါသည်။ ဤသို့ သိခြင်းကိုပင် လက္ခဏာရေး သုံးပါးတင်၍ သိခြင်း ဆိုကြပါသည်။

## ရုပ်၊ နာမ်သိ

ဤလောက၌ ပရမတ္ထအနေဖြင့် ပုဂ္ဂိုလ် သတ္တဝါ ဟူ၍မရှိ၊ ရုပ်နာမ်တရားများသာ ရှိသည်။ ယင်းရုပ်နာမ်တရားများသည်လည်း ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါ မဟုတ် အသက်ဇီဝလည်း မဟုတ်။ ရုပ်နာမ်တရားများကို သိရန်အတွက် ယင်းတို့၏





လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို သိရန် လိုအပ်ပါသည်။ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်ကို သိလျှင် နာမ်ရုပ်ကို ပိုင်းခြားသိ (နာမရူပ ပရိစ္ဆေဒဉာဏ်) ကို ရသည် မည်ပါသည်။ ပဒဋ္ဌာန်ကိုသိလျှင် အကြောင်းကို သိမ်းဆည်းသိ (ပစ္စယ ပရိဂ္ဂဟဉာဏ်) ကို ရသည် မည်ပါသည်။ ယင်းဉာဏ် နှစ်မျိုးကို ရသော အခါ ဒုတိယဘဝအတွက် စိတ်ချရသော စူဠသောတာပန် ဖြစ်သည် မည်ပါသည်။ စူဠသောတာပန်ကို ကလျာဏပုထုဇဉ်ဟူ၍လည်း ခေါ်ကြပါသည်။ ဤနေရာ၌ ဆိုလိုသော နာမ်ရုပ်သိဟူသည်မှာ သတိပဋ္ဌာန်ဒေသနာတော်အရ အယုတ်ဆုံး သတိသမ္ပဇညနှင့် ပြည့်စုံသော ပရိကမ္မ (ခဏိက) သမာဓိအဆင့်မှ ဝိပဿနာ ဘက်သို့ ကူးပြောင်းရှုမှတ်သော ယောဂီပုဂ္ဂိုလ်၏ နာမ်ရုပ်ကို အကြောင်းနှင့်တကွ သိမှုပင် ဖြစ်ပါသည်။ စာပေသုံးဝေါဟာရဖြင့်ဆိုရလျှင် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို သိမှု ဖြစ်ပါသည်။ ထိုအသိမျိုးကို တကယ်တမ်း အားထုတ်ပါက ရှုမှတ်ပုဂ္ဂိုလ်များပင် ရနိုင်ကြောင်း မိုးကုတ်ဝိပဿနာကျမ်းစသော ထိုထို ဝိပဿနာကျမ်းများ၌ တွေ့ရပါသည်။

## လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်

ရုပ်၊ နာမ် တရားတို့နှင့် ပတ်သက်၍ လက္ခဏာဟူသည် မှတ်သားကြောင်း အမှတ်အသား ဖြစ်၏။ ရသသည် ရုပ်နာမ်တို့၏ ပြုဖွယ်ကိစ္စ ဖြစ်၏။ ပစ္စုပဋ္ဌာန်သည် တရားအားထုတ်သူ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်တွင် ထင်လာသော အခြင်းအရာ ဖြစ်၏။ ပဒဋ္ဌာန်သည် ရုပ်နာမ်တို့၏ နီးကပ်သောအကြောင်း ဖြစ်၏။

သဒ္ဒါကျမ်းများအရ လောကတွင် ပဓာနအားဖြင့် ဖြစ်တတ်သောသဘော နှင့် ဖြစ်ခြင်းကြိယာဟူ၍ နှစ်မျိုးရှိ၏။ ဖြစ်တတ်သော သဘောမရှိဘဲ ဖြစ်ခြင်း ကြိယာဟူ၍လည်း မရှိနိုင်။ ဖြစ်ခြင်းကြိယာ မရှိဘဲ ဖြစ်တတ်သောသဘောဟူ၍ လည်း မရှိနိုင်။ ထို နှစ်မျိုးတို့သည် အချင်းချင်း မကွေမကွာ ရှိကြ၏။ ထို နှစ်မျိုးတို့တွင် 'ဖြစ်တတ်သော သဘော' သည် လက္ခဏာ၏ အထိမ်းအမှတ် ဖြစ်၏။ 'ဖြစ်ခြင်းကြိယာ' သည် ရသ၏ အထိမ်းအမှတ် ဖြစ်၏။ လောကတွင် ဖြစ်တတ်သောသဘောရှိ၍ ဖြစ်ရာ၌ ဖြစ်တတ်သောသဘောဟူသည် တစ်ခုတည်း မဟုတ်၊ အပေါင်းအစုသဘော ဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာတွင် အနည်းဆုံး အဋ္ဌ ကလာပ်ရုပ် ရှစ်ခု ပါဝင်၏။ နာမ်ပိုင်းဆိုင်ရာတွင် အနည်းဆုံး စိတ်တစ်ခုနှင့် စေတသိက် (သဗ္ဗစိတ္တသာဓာရဏ) ခုနစ်ခု၊ စုစုပေါင်း ရှစ်ခုတို့ ပါဝင်၏။ သို့ အတူ ဖြစ်ခြင်းကြိယာသည်လည်း တစ်ခုတည်း၏ ဖြစ်ခြင်းကြိယာ မဟုတ်ဘဲ အပေါင်းအစု၏ ဖြစ်ခြင်းကြိယာသာ ဖြစ်၏။ သို့ရာတွင် အပေါင်းအစုအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေကာမူ ယင်းအပေါင်းအစုတွင် တစ်ခုသောသဘောသည် ပြဋ္ဌာန်း၍ အခြား သဘောများသည် အထောက်အကူမျှသာ ဖြစ်ကြ၏။

တရားအားထုတ်သောအခါ ဖြစ်တတ်သော အပေါင်းအစု ရုပ်နာမ်တရား များအနက်မှ ပြဋ္ဌာန်းသော တရားသဘောတစ်စုသည် အာရုံအလိုက် ထင်ရှား ပေါ်လာ၏။ ယင်းကို ပစ္စုပဋ္ဌာန်ဟု ခေါ်ပါသည်။ ကိစ္စယနတွင် ဖော်ပြခဲ့သော အတိုင်း အာရုံတစ်ခုကို အာရုံပြုရာ၌ ကိစ္စပေါင်းများစွာ ပါဝင်ပါသည်။ ရုပ်နှင့် ဆိုင်ရာတွင် ဘူတရုပ်ကိစ္စ၊ ဥပါဒါရုပ်ကိစ္စ စသည်အားဖြင့် လည်းကောင်း၊ ဘူတရုပ်တွင်လည်း ပထဝီကိစ္စ၊ အာပေါကိစ္စ စသည်အားဖြင့် လည်းကောင်း၊ ဥပါဒါရုပ်တွင်လည်း ဝဏ္ဏကိစ္စ၊ ဂန္ဓကိစ္စ စသည်အားဖြင့် လည်းကောင်း၊ နာမ်နှင့် ဆိုင်ရာတွင် စိတ်ကိစ္စ၊ စေတသိက်ကိစ္စ စသည်အားဖြင့် လည်းကောင်း၊ စိတ်တွင် လည်း ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ စသည်အားဖြင့် လည်းကောင်း၊ စေတသိက်တွင် လည်း ဖဿကိစ္စ၊ ဝေဒနာကိစ္စ စသည်အားဖြင့် လည်းကောင်း ရုပ်နာမ်တရား တို့သည် မိမိတို့၏ ဆိုင်ရာဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ကြပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဟင်းချက်နည်းဥပမာအရ ကိစ္စများစွာတို့သည် အာရုံအလိုက် ကေရသ ခေါ် တစ်ခုတည်းသော ကိစ္စအဖြစ်သို့ ရောက်အောင် ပေါင်းစည်းကြ ပါသည်။ ယင်းသို့ ပေါင်းစည်း၍ ကေရသအနေဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်တွင် ထင်လာခြင်းသည် ပစ္စုပဋ္ဌာန် မည်ပါသည်။

ရသနှင့် ပစ္စုပဋ္ဌာန်တွင် နာမ်ရုပ်တို့၏ သီးခြားဆိုင်ရာ ကိစ္စများသည် 'ရသ' ဖြစ်ပါသည်။ ဟင်းချက်ရာတွင် ဟင်းမဖြစ်မီ ဟင်းလျာပစ္စည်း အသီးသီး တို့သည် မိမိတို့၏ ဆိုင်ရာဆိုင်ရာ 'ရသ' များကို သီးခြားစီ၊ သီးခြားစီ ဆောင်နေ ကြသည့်သဘောမျိုး ဖြစ်ပါသည်။ နာမ်ရုပ်တို့သည် မိမိတို့၏ သီးခြားဆိုင်ရာ ကိစ္စများကို ကေရသခေါ် တစ်ခုတည်းသောကိစ္စ အဖြစ်သို့ ရောက်အောင် ပေါင်း စည်းလိုက်ပြီး ကေရသခေါ် တစ်ခုသောတရား အနေဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်တွင် ထင်လာပါသည်။ ယင်းသို့ ထင်လာခြင်းသည် ပစ္စုပဋ္ဌာန် ဖြစ်ပါသည်။ ဟင်းချက်ရာတွင် ဟင်းဖြစ်ပြီးနောက် ဟင်းလျာပစ္စည်း အသီးသီးတို့သည် မိမိ တို့ဆိုင်ရာ သီးခြားရသများကို ပယ်စွန့်၍ ကေရသခေါ် ဟင်း၏ တစ်ခုတည်းသော ရသကို ပေါင်းစည်း၍ ဖော်ဆောင်သည့် သဘောမျိုး ဖြစ်ပါသည်။ လက္ခဏာသည် လည်း ရသနည်းတူပင် တစ်ခုတည်းအဖြစ်သို့ ရောက်အောင် ပေါင်းစည်းသည့် သဘောကို မဆောင်မီ သီးခြားသဘောကို ဆောင်သည့်အဆင့် ဖြစ်ပါသည်။

ပဒဋ္ဌာန်ဟူသည်မှာ နာမ်ရုပ်တို့၏ နီးစွာသောအကြောင်း ဖြစ်ပါသည်။ နာမ်ရုပ်တို့ဖြစ်ရာ၌ ယင်းတို့သည် အကြောင်းမဲ့ ဖြစ်သည်လည်း မဟုတ်၊ ဖန်ဆင်း





၍ ဖြစ်သည်လည်း မဟုတ်။ ဆီလျော်သော အကြောင်းများကြောင့်သာ ဖြစ်ပေါ် လာရခြင်း ဖြစ်ပါသည်။ ထို ဆီလျော်သော အကြောင်းများသည်လည်း နီးသော အကြောင်းနှင့် ဝေးသောအကြောင်း ဟူ၍ နှစ်မျိုး ရှိပါသည်။ ထို နှစ်မျိုးတွင် နီးသောအကြောင်းကို ပဒဋ္ဌာန်ဟူ၍ ခေါ်ကြပါသည်။

ပစ္စယပရိဂ္ဂဟဉာဏ်အတွက် အကြောင်းကို သိမ်းဆည်းရာ၌ နီးသော အကြောင်းကိုလည်း သိမ်းဆည်းရပါသည်။ ဝေးသော အကြောင်းကိုလည်း သိမ်း ဆည်းရပါသည်။ ထိုသို့ သိမ်းဆည်းရာတွင် နီးသောအကြောင်းကို သိမ်းဆည်း ခြင်းထက် ဝေးသောအကြောင်းကို သိမ်းဆည်းရခြင်းက ပို၍ လွယ်ကူပါသည်။ ထို့ကြောင့် နီးသောအကြောင်း ပဒဋ္ဌာန်ကို သိမ်းဆည်းနိုင်ပါက ဝေးသော အကြောင်းကို သိမ်းဆည်းနိုင်ပြီးသား ဖြစ်ပါသည်။ သို့ဖြစ်၍ ပစ္စယပရိဂ္ဂဟဉာဏ် အတွက် ပို၍ ထင်ရှားစေရန် အဘိဓမ္မာနည်းအရ ပဒဋ္ဌာန်ကို ဖော်ပြခြင်း ဖြစ်ပါ သည်။ သို့ရာတွင် ပဒဋ္ဌာန်ကိုသိမှ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရသည်ဟူ၍ မဆိုလိုပါ။ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ မှန်ကန်သော ကြောင်းကျိုးဆက်ကို သိလျှင်ပင် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရသည် မည်ပါသည်။ ဤနေရာတွင် မှန်ကန်သော ကြောင်းကျိုးဆက်နှင့် ပတ်သက်၍ ဘုမ်ကျဉ်းဝိပဿနာကျမ်း၌ ဤသို့ ဖော်ပြ ထားသည်ကို တွေ့ရပါသည်။

လောကမှာ ကြောင်းကျိုးဆက်ဟာ လေးမျိုး ရှိပါတယ်။

(၁) အကြောင်းတစ်ခုကြောင့် အကျိုးတစ်ခု ဖြစ်တယ်၊

(၂) အကြောင်းတစ်ခုကြောင့် အကျိုးအများ ဖြစ်တယ်၊

(၃) အကြောင်းအများကြောင့် အကျိုးတစ်ခု ဖြစ်တယ်၊

(၄) အကြောင်းအများကြောင့် အကျိုးအများ ဖြစ်တယ်။

ဖော်ပြပါ ကြောင်းကျိုးဆက် လေးမျိုးအနက် ပထမ၊ ဒုတိယ၊ တတိယ ကြောင်းကျိုးဆက်များသည် လောကရဲ့ သဘာဝမှန်နှင့် မညီ တာကြောင့် ဗုဒ္ဓဝါဒ မဟုတ်။ စတုတ္ထ ကြောင်းကျိုးဆက်သာ လောကရဲ့ သဘာဝမှန်နှင့် ညီညွတ်တာကြောင့် ဗုဒ္ဓဝါဒ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပါတယ်။ ပစ္စယပရိဂ္ဂဟဉာဏ်အတွက် ကြောင်းကျိုးဆင်ခြင်မှုနှင့် ပတ်သက်၍ သင်္ဂြိုဟ်ဘာသာဋီကာ၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဆီလျော်သော အကြောင်းကို ရှုရာ၌ အဝိဇ္ဇာကြောင့် ကုသိုလ်ထား အကုသိုလ်ကံ ဖြစ်၏ စသော ပဋိစ္စသမုပ္ပါဒ်နည်း၊ ဟေတုပစ္စည်း စသော ပဋ္ဌာန်းနည်းတို့အရ ဆင်ခြင်နိုင်လျှင် ကောင်းစွာ ထင်မြင်လွယ်၏။ သို့သော် အဘိဓမ္မာသဘောကို မနိုင်လျှင် ဆင်ခြင်ဖို့ ခဲယဉ်းသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ခန္ဓာအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသောအကြောင်း၊ နာမ်ခန္ဓာ အတွက် ယောနိသော မနသိကာရစသော အကြောင်းများကို ဆင်ခြ ရာ၏။

နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်အတွက် စ၍ အားထု သောအခါ အယုတ်ဆုံး သတိသမ္ပဇညနှင့် ပြည့်စုံသော ခဏိကသမာဓိအဆင့် စ၍ အားထုတ်ရပါသည်။ အာနာပါနကို မူလကမ္မဋ္ဌာန်းအဖြစ် သတ်မှတ် အားထုတ်လျှင် ယင်းအာနာပါနကို စ၍ မှတ်ရပါမည်။ ထို့နောက် ဒွါရ ခြော ပါး၌ ထင်လာသော ရုပ်နာမ်တို့ကို အစဉ်အတိုင်း မှတ်ရပါမည်။ အကယ် ခန္ဓာကိုယ် တစ်နေရာမှ ညောင်းမှု ထင်ရှားလာလျှင် ညောင်းမှုကို မှတ်ရပါမည် ထိုသို့ မှတ်နေစဉ် ညောင်းမှုသည် ကွယ်ပျောက်သွားမည် ဖြစ်ပါသည်။ အကယ် ညောင်းမှုသည် မကွယ်ပျောက်ဘဲ လွန်ကဲ၍ လာပါက ဣရိယာပုတ် မပြောင်း အတတ်နိုင်ဆုံး သည်းခံ၍ မှတ်ရပါမည်။ သည်းမခံနိုင်အောင် ညောင်းလာပါ ဣရိယာပုတ်ကို တဖြည်းဖြည်း ပြင်ရပါမည်။ ထိုသို့ပြင်ရာ၌ ပြင်ချင်သောစိ ပြင်သော ကိုယ်အမူအရာတို့ကိုပါ အဆင့်လိုက်၊ အဆင့်လိုက် မလွတ်အော မှတ်ရပါမည်။ ညောင်းမှု ပျောက်သွားပါက အခြားထင်ရှားသော အာရုံထူး မရှိလျှ မူလကမ္မဋ္ဌာန်း အာနာပါနကို ပြန်၍ မှတ်ရပါမည်။

ခန္ဓာကိုယ်ထဲ၌ နာကျင်မှုစသော မခံသာသော ဝေဒနာတစ်မျိုးမျိုး ပေ လာလျှင် ထိုမခံသာသော ဝေဒနာကို ရှုးစိုက်၍ မှတ်ရပါမည်။ ထိုအခါ မခံသ သည့် ဝေဒနာသည် ကွယ်ပျောက်မည် ဖြစ်ပါသည်။ အကယ်၍ မပျောက်ကွယ် ယင်းဝေဒနာသည် မခံသာနိုင်လောက်အောင် လွန်ကဲလာပါက ထိုဝေဒနာ နှလုံးမသွင်းတော့ဘဲ မူလကမ္မဋ္ဌာန်း အာနာပါနကို အထူးဂရုစိုက်၍ မှတ်ရပါမည်

အချို့သော ယောဂီပုဂ္ဂိုလ်တို့အတွက် သမာဓိအရှိန်တက်လျက် အမှ ကောင်းချိန်တွင် အလွန်မခံသာသော ဝေဒနာတစ်မျိုးမျိုး ပေါ်လာတတ်၏။ ရင် လေလုံးကြီး ဆောင့်တက်လာသကဲ့သို့ လည်းကောင်း၊ အသားထဲသို့ ဓားချွန်ဖြ ထိုးသွင်းသကဲ့သို့ လည်းကောင်း၊ တစ်ကိုယ်လုံး ပူလောင်နေသကဲ့သို့ လည် ကောင်း၊ အပ်ဖျားများဖြင့် ထိုးဆွနေသကဲ့သို့ လည်းကောင်း၊ ပိုးကောင်ငယ်မျာ တရွရွ တက်နေသကဲ့သို့ လည်းကောင်း ပေါ်လာတတ်၏။ ထိုအခါ မမှတ် ရပ်နားလိုက်လျှင် ထိုဝေဒနာသည် ချက်ချင်းပင် ပျောက်ကွယ်သွားတတ်၏ တစ်ဖန် မှတ်၍ အရှိန်ကောင်းလာလျှင် ယင်းဝေဒနာသည် ပေါ်မြဲ ပြန်ပေါ်လာ တတ်၏။

ထိုဝေဒနာမျိုးသည် ကြောက်စရာကောင်းသော ဝေဒနာမျိုးလည်း မဟုတ်





ရောဂါအမျိုးအစား ဝေဒနာမျိုးလည်း မဟုတ်။ ကြီးကျယ်သော ဝေဒနာမျိုးလည်း မဟုတ်။ ခန္ဓာကိုယ်ထဲ၌ ရှေးကပင် ဖြစ်လျက်ရှိနေသော သာမည ဖြစ်ရိုးဖြစ်စဉ် ဝေဒနာမျိုးသာ ဖြစ်၏။ သို့ရာတွင် တရားမမှတ်သည့်အတွက် သမာဓိအရှိန် ကောင်းမှုကြောင့် မသိနိုင်ဘဲ မြုပ်ကွယ်နေခြင်းသာ ဖြစ်၏။ ယခု တရားမှတ်သော အခါ သမာဓိအရှိန်တက်၍ ယခင် မြုပ်ကွယ်နေသော ဝေဒနာသည် တရားသဘော အတိုင်း ထင်ရှားပေါ်လာခြင်း ဖြစ်ပါသည်။ သမာဓိသည် အလွန်အားကောင်း လာပါက အလွန်ဝေးသောအာရုံ၊ အလွန်မှုန်မွှားသော အာရုံများကို ယူနိုင်စွမ်း ရှိပါသည်။ ထို့ကြောင့် ထိုဝေဒနာမျိုးနှင့် ကြုံတွေ့ရပါက စူးစိုက်၍ လွန်မြောက် အောင် မှတ်ရမည် ဖြစ်ပါသည်။

မမှတ်ဘဲ ရပ်နားနေလျှင်ကား နောင်အခါ၌လည်း မှတ်တိုင်းမှတ်တိုင်း ထိုမျှလောက်ကောင်းသော သမာဓိအဆင့်သို့ ရောက်လျှင် ထိုဝေဒနာမျိုးနှင့် ပြန် လည်တွေ့ရမည်သာ ဖြစ်၏။ မလျှော့သော ဇွဲလုံ့လဖြင့် အတင်းမှတ်နေလျှင်ကား ထိုဝေဒနာသည် မကြာမီကာလအတွင်း၌ ယူပစ်လိုက်သကဲ့သို့ ပျောက်ကွယ် သွားမည် ဖြစ်၏။ ထိုအခါမှစ၍ ထိုဝေဒနာမျိုးသည် တစ်ဖန် မဖြစ်ပေါ်တော့ဘဲ ငြိမ်းသွားမည် ဖြစ်၏။

မှတ်နည်းများကို အကျဉ်းချုပ်၍ ဖော်ပြရလျှင် ကောင်းသည့်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ စိတ်ကူးတိုင်း၊ ကြံစည်းတိုင်း၊ စဉ်းစားတိုင်း၊ ဆင်ခြင်တိုင်း စိတ်အမူအရာကို မှတ်ရမည်။ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ပြုပြင်လှုပ်ရှား တိုင်း ကိုယ်အမူအရာကို မှတ်ရမည်။ ကိုယ်ထဲ၊ စိတ်ထဲ၌ ကောင်းသည် ခံသာသည် ဖြစ်စေ၊ မကောင်းသည် မခံသာသည်ဖြစ်စေ ဝေဒနာဟူသမျှကို ဖြစ်ပေါ်လာတိုင်း မှတ်ရမည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဒွါရ ခြောက်ပါး၌ ထင်ပေါ်လာ သော အာရုံဟူသမျှကို မှတ်ရမည်။ ဤသို့ မှတ်ဖွယ်အထူး မရှိသောအခါ မူလ ကမ္မဋ္ဌာန်းအာရုံဖြစ်သည့် အာနာပါန ထွက်လေဝင်လေကို မှတ်ရမည်။ ဤနည်း အားဖြင့် အိပ်ပျော်ခိုက်မှတစ်ပါး နေ့ရောညဉ့်ပါ မပြတ်မစဲ တစ်မှတ်တည် မှတ်နေလျှင် တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပါက နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ် အဆင့်ကို ကျော်လွန်၍ ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာကို သိမြင်သော ဝိပဿနာဉာဏ်များသို့ အစဉ်အတိုင်း ရောက်လာမည် ဖြစ်ပါသည်။ ထိုသို့ ရောက်လာကြောင်းကို ကိုယ်တိုင်ကိုယ်ကျ သိမြင်လာမည် ဖြစ်ပါသည်။ ဤသို့ ဝိပဿနာရှုနည်းကျမ်း၌ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဒွါရ ခြောက်ပါး၌ ထင်လာသော အာရုံများကို သတိပဋ္ဌာန်သဘောအ ခရ ဖော်ပြရလျှင် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟူ၍ လေးမျိုး ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်း လေးမျိုးတို့တွင် ကာယသည် ထွက်လေဝင်လေကာယ၊ ၃၂ ကောဋ္ဌာသ ကာယ၊ ဘူတရုပ်၊ ဥပါဒါရုပ် ကာယဟူ၍ သုံးမျိုးရှိကြောင်း၊ ဝေဒနာသည်လည်း ဒုက္ခ၊ သုခ၊ ဥပေက္ခာဟူ၍ သုံးမျိုးရှိကြောင်း၊ စိတ္တသည်လည်း ရာဂစိတ် ဒေါသစိတ်၊ မောဟစိတ် စသော စိတ်တို့ဖြစ်ကြောင်း၊ ဓမ္မသည်လည်း နီဝရဏ ခန္ဓ၊ အာယတန၊ ဗောဇ္ဈင်္ဂ၊ သစ္စဟူ၍ ငါးမျိုးလာကြောင်း၊ ထိုတွင်လည်း ထင်ရှာ ရာကိုသာ မှတ်ရမည်ဖြစ်ကြောင်း စသည်ဖြင့် *ဝေဠုဝတီဝိပဿနာကျမ်း*၌ ဖော် ထားပါသည်။

ထိုသို့ ရှုမှတ်ရာတွင် ဖြစ် (သမုဒယ)နှင့် ပျက် (ဝယ) တို့ကိုပါ အကြောင်း နှင့်တကွ ရှုမှတ်ရပါမည်။ ထိုသို့ ရှုမှတ်ရာတွင်လည်း အဇ္ဈတ္တ၊ ဗဟိဒ္ဓနှင့် အဇ္ဈတ္တ ဗဟိဒ္ဓတို့ကို အစဉ်အတိုင်း ရှုမှတ်ရပါမည်။ ဤသို့ ရှုမှတ်ခြင်းအားဖြင့် ပစ္စုပ္ပန် ကျကျ သိမြင်ခြင်း (ပစ္စက္ခဉာဏ်) ကို ရပါမည်။ ထို့နောက် ခြုံငုံသိ (အန္ဝယဉာဏ်) ကို ရပါမည်။ ထို့နောက် ကိုယ်တိုင်သိ (သန္တိကရဏဉာဏ်)ကို ရပါမည်။ ဤနေရာ ၌ ပစ္စုပ္ပန်ကျကျ သိခြင်းဆိုသည်မှာ အဒ္ဓါပစ္စုပ္ပန်သိ (ပဋိစ္စသမုပ္ပာဒ်ဉာဏ်) သန္တတိပစ္စုပ္ပန်သိ (သမ္မသနဉာဏ်)၊ ခဏပစ္စုပ္ပန်သိ (ဥဒယဗ္ဗယဉာဏ်)တို့ ဖြစ်သည်ဟု *ဝေဠုဝတီဝိပဿနာကျမ်း*က ဆိုပါသည်။

နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရသောအခါ လောက ဖြစ်စဉ်ပေါ်၌ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာသည် တဒင်္ဂပဟာန်အားဖြင့် ဖြစ်စေ၊ ဝိက္ခမ္ဘန ပဟာန် အားဖြင့် ဖြစ်စေ ကွာပါသည်။ ထိုအခါ လောက၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး ယောကျ်ား၊ မိန်းမဟူ၍ ပရမတ္ထအနေအားဖြင့် မရှိစေကာမူ ခန္ဓာအစဉ်အားဖြင့် တစ်စပ်တည်း၊ တစ်ဆက်တည်း ဖြစ်နေသည့် 'ဧကတ္တ' သဘောကို နားလည်လာ ပါသည်။ ထိုသဘောကို နားလည်ခြင်းအားဖြင့် သံသရာ၏ အဒ္ဓါပစ္စုပ္ပန်၊ သန္တတိ ပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်တို့ဖြင့် တစ်စပ်တည်း ဆက်စပ်နေသည့်သဘောကို သိမြင် လာပါသည်။ 'ဤဘဝ၊ ဤသတ္တဝါ၊ ဤခန္ဓာအစဉ်သည် ဤဘဝဆုံးလျှင် ပြတ် ၏။ နောက်ဘဝ၊ နောက်သတ္တဝါ၊ နောက်ခန္ဓာအစဉ်သည် အသစ်ဖြစ်ပြန်၏ ဘဝဟူသည် ပုခက်နှင့် လုပ်တိုင်း အကြားသာ ဖြစ်၏'ဟူသော **ဥစ္ဆေဒဒိဋ္ဌိ** အယူမှားသည် အလိုအလျောက် ကင်းပျောက်ပါသည်။

ခန္ဓာအစဉ်အားဖြင့် တစ်စပ်တည်း၊ တစ်ဆက်တည်း ဖြစ်စေကာမူ တစ်ခု တည်းအနေဖြင့် မပြောင်းလဲဘဲ ထပ်ကာထပ်ကာ ဖြစ်နေသည် မဟုတ်၊ ကြောင်း ကျိုးသဘောအရ သဘောလက္ခဏာချင်း ကွဲပြားကြ၏။ ရှေးခဏ၌ဖြစ်သော ရုပ်နာမ်ခန္ဓာနှင့် နောက်ခဏ၌ဖြစ်သော ရုပ်နာမ်ခန္ဓာတို့သည် တစ်ခုတည်း မဟုတ် ကြပါ။ ဤသို့ တစ်ခုတည်းမဟုတ်သော 'နာနတ္တ' သဘောကို နားလည်လာ





သည်။ ထိုသဘောကို နားလည်ခြင်းအားဖြင့် 'ဤဘဝ၊ ဤသတ္တဝါ၊ ဤခန္ဓာ သည် ဘဝအနေဖြင့် မြွေအရေလဲသကဲ့သို့ တစ်ဘဝပြီးတစ်ဘဝ ပြောင်းလဲနေသော် လည်း အနှစ်သာရအနေဖြင့် မပြောင်းမလဲ အမြဲတည်နေသည်' ဟူသော **သဿတဒိဋ္ဌိ** အယူမှားသည် အလိုအလျောက် ကင်းပျောက်ပါသည်။

ရုပ် နာမ် ခန္ဓာ အစဉ်တို့သည် အကြောင်းအကျိုးဆက်သွယ်မှု သဘောအရ ဖြစ်ပေါ်ရာတွင် အကြောင်းတရား၌လည်း 'အလိုအတိုင်း ဖြစ်စေမည်' ဟူသော ကြောင့်ကြဗျာပါရ မရှိ။ အကျိုးတရား၌လည်း 'အလိုအတိုင်း တည်မြဲမည်' ဟူသော ကြောင့်ကြဗျာပါရ မရှိ။ အမှန်အားဖြင့် အကြောင်းနှင့်အကျိုးတို့သည် မိမိသဘောကို မိမိတို့ဆောင်ကာ မိမိတို့ဘာသာ မိမိတို့ ဖြစ်နေကြခြင်းသာ ဖြစ်၏။ ဤကဲ့သို့ ကြောင့်ကြမဲ့၊ စိုးပိုင်မှုမဲ့ သဘောဖြင့် မိမိသဘော မိမိဆောင်ကာ မိမိ ဘာသာမိမိ ဖြစ်ခြင်းကို 'အဗျာပါရ' ဟု ခေါ်ပါသည်။ ရုပ်နာမ်ခန္ဓာတို့သည် အဗျာပါရသဘောဖြင့် ဖြစ်ပျက်ခြင်းကို နားလည်ပါက ဖန်ဆင်းရှင်အယူမှား '**ဣဿရနိမ္မာနဒိဋ္ဌိ**' သည် အလိုအလျောက် ကင်းပျောက်ပါသည်။

ဤသို့လျှင် ရုပ်၊ နာမ် ခန္ဓာတို့သည် မိမိသဘော မိမိဆောင်ကာ ဖြစ်နေကြ သော်လည်း စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ဖြစ်ချင်တိုင်း ဖြစ်နေကြသည် မဟုတ်။ သူ့စည်းသူ့ကမ်း သူ့နိယာမနှင့်သူ ဖြစ်နေကြခြင်းသာ ဖြစ်၏။ နို့ရည်မှသာ နို့ခမ်း ဖြစ်ရ၏။ နှမ်းမှသာ ဆီဖြစ်ရ၏။ ဤသို့ စသည်ဖြင့် သူ့နိယာမနှင့်သူ ဖြစ်ရခြင်းကို 'ဧဝံဓမ္မတာ' ဟု ခေါ်ပါသည်။ လောကသည် ကြောင်းကျိုးဆက်နွယ်မှု အရ ဖြစ်ရာ၌ သူ့နိယာမနှင့်သူ ဖြစ်ရသည့် 'ဧဝံဓမ္မတာ' သဘောကို နားလည်ပါက '**အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ**' ဟူသော အယူမှားများသည် အလို အလျောက် ကင်းပျောက်ကြပါသည်။ ဤသည်များမှာ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့၏ အကျိုးဆက်များ ဖြစ်ပါသည်။

ဗုဒ္ဓခေတ်မတိုင်မီကာလက စိတ္တဝိသုဒ္ဓိ (စိတ်နှလုံးစင်ကြယ်မှု) သဘောကို သိကြပါသည်။ ရလည်း ရခဲ့ကြပါသည်။ ဤနေရာ၌ စိတ်နှလုံး စင်ကြယ်မှု ဆိုသည်မှာ သမာဓိနှင့် ပြည့်စုံခြင်းပင် ဖြစ်ပါသည်။ သမာဓိနှင့် ပြည့်စုံပါက ဈာန်အဘိညာဉ်များကို ရနိုင်ပါသည်။ သို့ရာတွင် ထိုသို့ရသော ဈာန်အဘိညာဉ်များ သည် လောကီဈာန် အဘိညာဉ်များသာ ဖြစ်ပါသည်။ လောကီဈာန် အဘိညာဉ် များသည် သံသရာမှ မထွက်မြောက်စေနိုင်ဘဲ အလွန်ဆုံး ဗြဟ္မာပြည်သို့ ရောက် ခြင်းဖြင့် သံသရာ၌ ကျင်လည်စေသည်သာ ဖြစ်ပါသည်။ သံကြိုးဖြင့် ချည်နှောင် ရာမှ ရွှေကြိုးဖြင့် ပြောင်းလဲချည်နှောင်သည့် သဘောမျိုး ဖြစ်ပါသည်။ ချည်နှောင် သည့် သဘောချင်းကား အတူတူပင်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဗုဒ္ဓခေတ်သို့ ရောက်သောအခါ ဒိဋ္ဌိဝိသုဒ္ဓိ (အမြင်စင်ကြယ်မှု) ကို ထူထောင်ခဲ့ပါသည်။ ဒိဋ္ဌိဝိသုဒ္ဓိ (အမြင်စင်ကြယ်မှု) ကို ထူထောင်နိုင်မှ ဤလောကတွင် ပရမတ္ထအားဖြင့် ပုဂ္ဂိုလ် သတ္တဝါ မရှိဘဲ ရုပ်နှင့်နာမ်သာ ရှိသည်ဟူသော သဘောကို နားလည်လာပါမည်။ ဤသည်မှာ ဗုဒ္ဓခေတ်နှင့် ဗုဒ္ဓမတိုင်မီခေတ်တို့၏ ခြားနားမှု ဖြစ်ပါသည်။ ဤခြားနားမှုမှ တစ်ဆင့်တက်၍ စင်ကြယ်မှု အဆင့်ဆင့်ကို ထူထောင်ခဲ့ပါသည်။ နောက်ဆုံး၌ ဉာဏဒဿနဝိသုဒ္ဓိ (ဉာဏ်အမြင် စင်ကြယ်မှု) အဆင့်ကို ရောက်ခဲ့ပါသည်။ ဤနေရာ၌ ဉာဏဒဿနဝိသုဒ္ဓိ (ဉာဏ်အမြင် စင်ကြယ်မှု)ဟူသည်မှာ မဂ်ဉာဏ်ပင် ဖြစ်ပါသည်။ မဂ်ဉာဏ် ဖြစ်လေသောအခါ နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုပါသည်။နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုနိုင်ရေးအတွက် ရုပ်နာမ်တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို ပစ္စက္ခကျကျ မြင်သိအောင် ရှုရပါသည်။ဤသို့ ရှုခြင်းကို ဝိပဿနာ အားထုတ်သည်ဟု ဆိုကြပါသည်။ဝိပဿနာ အားမထုတ်မီ ရှေးဦးလုပ်ငန်းအနေဖြင့် နာမ်ရုပ်သိ 'နာမရူပ ပရိစ္ဆေဒဉာဏ်' နှင့် ယင်းတို့၏ ကြောင်းကျိုးဆက်သိ 'ပစ္စယ ပရိဂ္ဂဟဉာဏ်' တို့ ဖြစ်ပေါ်လာအောင် အားထုတ်ရပါသည်။ ဤသည်မှာ ဗုဒ္ဓခေတ်၏ ထူးခြားသောလမ်းစဉ်၊ ဗုဒ္ဓခေတ်၌သာ ရကောင်းသောလမ်းစဉ် ဖြစ်ပါသည်။ ဤလမ်းစဉ်ဖြင့် ချီတက်သောအခါ သံသရာမှ ထွက်မြောက်ရာ 'နိဗ္ဗာန်'ကို မှန်မှန်ဆတ်ဆတ် တိုက်ရိုက် မျက်မှောက်ပြုရမည် ဖြစ်ပါသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် စစ်မှန်သော အတုမဲ့ ချမ်းသာသုခကို ရခြင်းပင် ဖြစ်ပါသည်။

## နိဗ္ဗာန်

နိဗ္ဗာန်နှင့်ပတ်သက်၍ ဝိပဿနာရှုနည်းကျမ်း နိဗ္ဗာနကထာ၌ မဟာစည် ဆရာတော်ကြီး ဖွင့်ဆိုထားသော အနက်အဓိပ္ပာယ်တို့ကို အကျဉ်းချုံး၍ ဤနေရာ၌ ပြဆိုမည် ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဖွင့်ဆိုချက်အရ နိဗ္ဗာန်ဟူသည် ရုပ်နာမ် သင်္ခါရ ဝဋ်ဆင်းရဲဟူသမျှ၏ ငြိမ်းရာ ငြိမ်းကြောင်း ငြိမ်းခြင်း သဘောမျှသာ ဖြစ်ပါသည်။ ယင်းသဘောသည် အတက္ကာဝစရ 'ကြံစည်စဉ်းစား၍ သိနိုင်သော သဘော မဟုတ်။' ဂမ္ဘီရ 'နက်နဲ၏။' ဒုဒ္ဒသ 'ပကတိဉာဏ်ဖြင့် သိနိုင်သော သဘော မဟုတ်။' အမှန်အားဖြင့် ဝိပဿနာအကျင့်မှန်ကို ကျင့်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ပြည့်စုံသော ပညာရှိတို့သည်သာ မျက်မှောက်သိမြင်အပ်သော အသင်္ခတ ပရမတ်တရား ဖြစ်ပါသည်။

နိဗ္ဗာန်နှင့်ပတ်သက်၍ မိလိန္ဒပဉှာ (၃၀၃) ၌

မင်းကြီး၊ နိဗ္ဗာန်သည် တူသောဥပမာ မရှိ။ နိဗ္ဗာန်၏ အဆင်းကို





လည်းကောင်း၊ ပုံပန်းသဏ္ဌာန်ကို လည်းကောင်း၊ အရွယ်အစားကို လည်းကောင်း၊ အတိုင်းအရှည် ပမာဏကို လည်းကောင်း၊ ဥပမာဖြင့် လည်းကောင်း၊ ဥပတ္တိ မ္ဘက (အထောက်အပံ့) အကြောင်းဖြင့်လည်းကောင်း၊ ဇနက (ဖြစ်စေ သော) အကြောင်းဖြင့် လည်းကောင်း၊ သိကြောင်းနည်းဖြင့် လည်းကောင်း ဖော်ပြခြင်းငှာ မတတ်ကောင်း။

ထို့အပြင် *ဥဒါန်းပါဠိတော် (၁၇၇-၂၂၀)* ၌

ရဟန်းတို့၊ နိဗ္ဗာန်သည် အသစ်အသစ် ဖြစ်လာသောတရား မဟုတ်။ ထင်ရှားဖြစ်ပေါ်လာသောတရား မဟုတ်။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်ပေါ်လာသောတရား မဟုတ်။ များစွာသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသောတရား မဟုတ်။ သို့ရာတွင် ထိုနိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ရှိသည်သာတည်း။ အကယ်၍ နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် မရှိဘဲ အဘာဝပညတ်သက်သက်သာ ဖြစ်ပါလျှင် လောက၌ အသစ်အသစ် ဖြစ်လာသော၊ ထင်ရှား ဖြစ်ပေါ်လာသော၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော၊ များစွာသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အပြီးသတ် ချုပ်ငြိမ်းခြင်းသည် မဖြစ်ကောင်းတော့ပေ။ လောကမှ လွတ်မြောက်ခြင်း မည်သည် မရှိကောင်းတော့ပေ။

နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရုံအကြောင်းအနေဖြင့် ထင်ရှားရှိ၏။ ထိုနိဗ္ဗာန်၌ ကာမဘဝဆိုင်ရာ ရုပ်နာမ်တရားများ မရှိ၊ ရူပဘဝဆိုင်ရာ ရုပ်နာမ်တရားများ မရှိ၊ အရူပဘဝဆိုင်ရာ နာမ်တရားများ မရှိ။ လောက သံသရာဆိုင်ရာ သိသူ၊ သိစရာအာရုံ၊ သိခြင်းဟူ၍ အင်္ဂါသုံးရပ်တို့ ပေါင်းဆုံခြင်းသဘော မရှိ။

ရဟန်းတို့၊ နိဗ္ဗာန်သို့ လာရောက်ခြင်း၊ နိဗ္ဗာန်မှ ပြောင်းရွှေ့သွားခြင်း၊ နိဗ္ဗာန်၌ တည်နေခြင်း၊ နိဗ္ဗာန်၌ စုတေခြင်း၊ နိဗ္ဗာန်၌ ပဋိသန္ဓေနေခြင်း ဟူ၍ မရှိ။ အမှန်အားဖြင့် နိဗ္ဗာန်သည် **အသလွှန်** (အပတိဋ္ဌ)၊ **တာလလွှန်** (အပဝတ္တ) တရားသာ ဖြစ်၏။ သိမှုနှင့် ပတ်သက်၍ သိသူ၊ **သိစရာအာရုံ**၊ သိခြင်းဟူ၍ အင်္ဂါသုံးရပ်တို့ ပေါင်းဆုံမှု မရှိခြင်းကြောင့် **သိမှုလွှန်** (**အနာ**ရမ္မဏ) တရားသာ ဖြစ်၏။

*ပဋိသမ္ဘိဒါမဂ် ပါဠိတော် (၅၈)* ၌

သင်္ခါရတရားသည် အသစ်အသစ် ဖြစ်ပေါ်တတ်၏။ **နိဗ္ဗာန်သည်** ထိုကဲ့သို့ မဖြစ်ပေါ်တတ်။ သင်္ခါရတရားသည် **အလျှော်**...ဖြစ်တတ်



www.burmeseclassic.com

www.burmeseclassic.com



။ နိဗ္ဗာန်သည် ထိုကဲ့သို့ မဖြစ်တတ်။ သင်္ခါရတရားသည် ပုံသဏ္ဌာန် အထည်ကိုယ်ရှိသလို ထင်ရ၏။ နိဗ္ဗာန်သည် ထိုကဲ့သို့ မထင်ရ။ သင်္ခါရ တရားသည် ချမ်းသာရန်ရည်သန်၍ အားထုတ်တတ်၏။ နိဗ္ဗာန်သည် ထိုကဲ့သို့ အားမထုတ်တတ်။ သင်္ခါရတရားသည် ရှေ့နောက်ဆက်စပ်၍ ဖြတ်တတ်၏။ နိဗ္ဗာန်သည် ထိုကဲ့သို့ မဖြတ်တတ်။

*ဥဒါန်းပါဠိတော် (၈၆) ၌*

ဗာဟိယ၊ သင်သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဒွါရတို့၌ မရှိ၊ ယင်းတို့ဆိုင်ရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘောဟူသော အာရုံတို့၌ မရှိ၊ စိတ်စေတသိက်ဟူသော အာရမ္မဏိကတို့၌ မရှိ။ ထိုသို့ ဒွါရ၊ အာရုံ၊ အာရမ္မဏိကတို့၌ သင် မရှိခြင်းသည် ပင် ဒုက္ခ၏အဆုံး 'နိဗ္ဗာန်' ပေတည်း။

*သဠာယတန သံယုတ်ပါဠိတော် (၃၁၇) ၌*

ရဟန်းတို့၊ နိဗ္ဗာန်၌ မျက်စိနှင့် မြင်မှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။ နားနှင့် ကြားမှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။ နှာခေါင်းနှင့် နံမှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။ လျှာနှင့် စားမှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။ ကိုယ်နှင့် ထိတွေ့မှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။ စိတ်နှင့် သိမှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။

*ဥဒါန အဋ္ဌကထာ (၃၅၃) ၌*

သင်္ခါရနှင့် နိဗ္ဗာန်တို့သည် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်ကြ၏။ ထို့ကြောင့် သင်္ခါရတရားတို့၌ နိဗ္ဗာန်သည် မရှိသကဲ့သို့ ထို့အတူ နိဗ္ဗာန် ၌လည်း သင်္ခါရတရားတို့သည် မရှိကြကုန်။ အမှန်အားဖြင့် သင်္ခါရတရား နှင့် နိဗ္ဗာန်တို့၏ ပေါင်းဆုံမိခြင်းသည် မဖြစ်ကောင်းပေ။

နိဗ္ဗာန်သည် အမှန်ရှိပါသည်။ သို့ရာတွင် နိဗ္ဗာန်၏သဘောကို မိလ္လ ပဉ္စာ၌ ရှင်နာဂသိန် မိန့်ခဲ့သည့်အတိုင်း ပေါ်လွင်အောင် ပြောရန်ခက်ပါသည်။ လန်ဒန်မြို့ကို မရောက်ဖူးဘဲ လန်ဒန်မြို့၏သဘောကို ပေါ်လွင်အောင် ပြောရန် ခက်သကဲ့သို့ပင် ဖြစ်ပါသည်။ နိဗ္ဗာန် ရှိ၍သာ နိဗ္ဗာန်ကို အာရုံပြု၍ မဂ်စိတ်၊ ဖိုလ်စိတ်တို့ ဖြစ်ပေါ်လာပြီး လောကသံသရာမှ လွတ်မြောက်သွားကြခြင်း ဖြစ်ပါ သည်။ နိဗ္ဗာန် မရှိလျှင် မဂ်စိတ်၊ ဖိုလ်စိတ်တို့လည်း ဖြစ်ပေါ်လာကြမည် မဟုတ်။ မဂ်စိတ်၊ ဖိုလ်စိတ်တို့ မဖြစ်ပေါ်လျှင်လည်း ကိလေသာကို ပယ်သတ်နိုင်မည် မဟုတ်။ ကိလေသာကို မပယ်သတ်နိုင်လျှင်လည်း လောကသံသရာမှ လွတ် မြောက်နိုင်မည် မဟုတ်ပါချေ။





လောကသိနှင့် ပတ်သက်၍ဆိုရလျှင် သိသူလည်း ရှိရပါမည်။ သိစရာ အာရုံလည်း ရှိရပါမည်။ သိစိတ်လည်း ရှိရပါမည်။ ဤအင်္ဂါ သုံးမျိုး ပေါင်းဆုံခြင်း ကိုပင် 'သိသည်' ဟု ဆိုကြပါသည်။ ဤသုံးမျိုးသည် ဒေသနှင့်ကာလ ဘောင် အတွင်း၌သာ ဖြစ်၍ရပါသည်။ ဒေသနှင့်ကာလ ဘောင်အတွင်း၌ ဖြစ်ပေါ်သမျှ သက်ရှိသက်မဲ့ တရားဓမ္မများသည် 'ဃန' လေးခု စက်ဝန်းမှ လွတ်ကင်းရန် မဖြစ်ကောင်းပါချေ။ 'ဃန' လေးခု စက်ဝန်းအတွင်း၌ ကျရောက်သော တရား ဓမ္မများကိုသာ နှုတ်ဖြင့်ပေါ်လွင်အောင် ပြောဆို၍ ရပါသည်။ ယင်းသို့ ပြောဆို သဖြင့် သိရသော အသိကို စာပေဝေါဟာရဖြင့် 'ပရိယတ္တိအသိ' ဟု ဆိုကြပါ သည်။ 'ဃန' လေးခု စက်ဝန်းကို ကျော်လွန်၍ 'ဃန' လေးခု စက်ဝန်းအပြင်၌ ကျရောက်သော တရားဓမ္မများကိုမူ နှုတ်ဖြင့် ပေါ်လွင်အောင် ပြောဆို၍ မရဘဲ မှန်ကန်သော ကျင့်စဉ်ဖြင့် သိစေရပါသည်။ နားလည်စေရပါသည်။ သဘော ပေါက်စေရပါသည်။ ယင်းသို့ ကျင့်စဉ်ဖြင့် သိရသော အသိကို စာပေဝေါဟာရဖြင့် 'ပဋိပတ္တိအသိ' ဟု ဆိုကြပါသည်။

သမ္မုတိသစ္စာအရ ဤလောက၌ သိတတ်သူပုဂ္ဂိုလ်၊ သိစရာအာရုံနှင့် သိစိတ်တို့သည် အမှန်ပင် ရှိကြပါသည်။ ယင်းသို့ သုံးမျိုးပေါင်းဆုံလိုက်ပါက သိမှုသဘောသည်လည်း အမှန်ပင် ဖြစ်ပေါ်လာပါသည်။ သို့ရာတွင် ယင်းတို့ သုံးမျိုးသည် ကာမဘဝဆိုင်ရာ၊ ရူပဘဝဆိုင်ရာနှင့် အရူပဘဝဆိုင်ရာ သုံးမျိုးတို့ တွင် တစ်မျိုးမျိုး၌ ပါဝင်ကြသည်သာ ဖြစ်ပါသည်။ နိဗ္ဗာန်ကား ထိုဘဝသုံးမျိုး ဆိုင်ရာတို့မှ အလွတ်ဖြစ်သဖြင့် မိမိတို့ ဘဝသုံးမျိုးဆိုင်ရာ နယ်နိမိတ်မှနေ၍ မိမိတို့နယ်နိမိတ် အလွန်၌ရှိသော နိဗ္ဗာန်ကို မည်သို့လျှင် သိနိုင်ပါမည်နည်း။ အကယ်၍ သိနိုင်သည်ဆိုလျှင်လည်း ထိုအသိသည် မည်သို့သောအသိမျိုး ဖြစ်ပါ သည်နည်း။

ဒဿနဆရာတို့၏ သတ်မှတ်ချက်အရ မှန်ကန်သော လောကသိ မှန်သမျှ သည် ပဓာနအားဖြင့် ကာယကံရှင်တို့၏ ကိုယ်တွေ့ဖြင့် သက်သေပြနိုင်သည့် သဘော (ပစ္စက္ခသိဒ္ဓ)၊ ကြောင်းကျိုးဆက်နွှယ်မှုဖြင့် သက်သေပြနိုင်သည့်သဘော (အနုမာနသိဒ္ဓ)၊ ပညာရှင်တို့၏ အဆိုအမိန့်ဖြင့် သက်သေပြနိုင်သည့်သဘော (သဒ္ဒေယျသိဒ္ဓ) ဟူ၍ သဘောသုံးမျိုးတို့တွင် တစ်မျိုးမျိုး၌ ပါဝင်ရသည် ဖြစ်ပါ သည်။ ထိုသဘောသုံးမျိုးတို့တွင် ပစ္စက္ခသိဒ္ဓသည် အခြေခံအကျဆုံး ဖြစ်ပါသည်။ သိမှုဆိုင်ရာ သဘောတရားအရ လောကသိ ဟုသမျှသည် သိတတ်သူ၊ သိစရာ အာရုံ၊ သိစိတ်ဟူသော အင်္ဂါသုံးရပ်တို့တွင် 'သိတတ်သူ' ဟူသော အင်္ဂါ၌ ပဓာနအားဖြင့် မှီပါသည်။ သိတတ်သူဟူသော အင်္ဂါရပ် ထင်ရှားသော



www.burmeseclassic.com

www.burmeseclassic.com



သိမှုသည်လည်း ထင်ရှားပါသည်။ ဤနေရာ၌ 'သိတတ်သူ' ဆိုသည်မှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူသော ပုဂ္ဂိုလ်သတ္တဝါတို့၏ ကာယကံရှင်သဘော ဖြစ်ပါသည်။ နှစ်ခြိုက်စွာ အိပ်မောကျချိန်ကာလ၌ 'သိမှု' သဘော မထင်ရှား သည်မှာ 'သိစရာအာရုံနှင့် သိစိတ်' တို့ ထင်ရှားသော်လည်း သိတတ်သူ ဟူသော ကာယကံရှင်သဘော မထင်ရှားသောကြောင့် ဖြစ်ပါသည်။ အိပ်မောကျချိန်၌ သိစရာအာရုံဆိုသည်မှာ ဗုဒ္ဓအဘိဓမ္မာဝေါဟာရဖြင့် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ ဖြစ်ပါသည်။ သိစိတ်ဟူသည်မှာ ဘဝင်စိတ် ဖြစ်ပါသည်။

လောကဝေါဟာရဖြင့် သိတတ်သူ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဟူသော ကာယကံရှင်သဘောကို အဘိဓမ္မာဝေါဟာရဖြင့် အနုသယဟု ခေါ်ပါ သည်။ သိမှုနှင့်ပတ်သက်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိသည် အနုသယတွင် အပြဋ္ဌာန်း ဆုံး ဖြစ်ပါသည်။ ယင်းသုံးမျိုးကို သံသရာချဲ့ (ပပဉ္စ) တရားများဟူ၍လည်း ခေါ်ပါသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုသည်မှာ ငါ့ဥစ္စာ၊ ငါ၊ အတ္တဟူသော ကာယကံ ရှင် သဘော ဖြစ်ပါသည်။ ယင်းသဘောများ ရှိနေသဖြင့်သာ လောကနှင့် လောက သိများ ရှိနေခြင်း ဖြစ်ပါသည်။ ယင်းတို့ မရှိလျှင် လောကသိများ ဆိတ်သုဉ်းပြီး လောကုတ္တရာသိများသာ ရှိကြမည် ဖြစ်ပါသည်။ ထိုအခါ နိဗ္ဗာန်နှင့် နိဗ္ဗာန်သိ သည် ထင်ရှားလာမည် ဖြစ်ပါသည်။

လောကသိ မှန်သမျှတွင် 'သိသူ' ဟူသော ကာယကံရှင်သဘော အမြဲ ပါဝင်နေသဖြင့် ယင်းသိမှုကို 'ပြောသူ' က ပြောပြနိုင်ပြီး နားကြားသူက နားလည် နိုင်ခြင်း ဖြစ်ပါသည်။ နိဗ္ဗာန်သည် လောကုတ္တရာသဘောသက်သက်ဖြစ်သဖြင့် ယင်းနိဗ္ဗာန်ကို သိရာတွင် 'သိသူ' ဟူသော ကာယကံရှင် 'အနုသယ' သဘော များ မပါဝင်တော့ဘဲ သိစိတ် (မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်) နှင့် သိစရာအာရုံ (နိဗ္ဗာန်) တို့သာ ပါဝင်တော့သဖြင့် နိဗ္ဗာန်နှင့်ပတ်သက်၍ ပြောသူက ပြောနိုင်သလောက် နားကြားသူက နားမလည်နိုင်ခြင်း ဖြစ်ပါသည်။ ထိုသို့ နားမလည်နိုင်ခြင်းသည် သိမှု သဘောတရားအရ လိုအပ်သော ပစ္စက္ခသိဒ္ဓကို အခြေမခံနိုင်သောကြောင့် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မသိဖူးသေးသောကြောင့် ဖြစ်ပါသည်။

## ကာယကံရှင်

လောကသိမှုနှင့် ပတ်သက်၍ ကာယကံရှင်ဆိုသည်မှာ အနုသယ ဖြစ်ပါသည်။ ယင်းအနုသယသည် အုပ်စုအားဖြင့် အာရမ္မဏာနုသယနှင့် သန္တာနာနုသယဟူ၍ နှစ်မျိုး ရှိပါသည်။ အာရမ္မဏာနုသယသည် အာရုံပိုင်းဆိုင်ရာသဘော ဖြစ်ပါသည်။





အာရုံပိုင်းဆိုင်ရာသဘောအရ အာရုံတစ်ခုကိုသိရာတွင် တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း (ဃန) အနေဖြင့် သိပါသည်။ အပိုင်းပိုင်း၊ အပြတ်ပြတ် အနေဖြင့် မသိပါ။ အမှန်အားဖြင့် အာရုံတစ်ခုသည် ကာလအားဖြင့်လည်း တစ်ခုတည်း မဟုတ်ပါ။ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်ပါသည်။ ကာလအားဖြင့် တစ်ခုတည်းဟု မြင်လျှင် သန္တတိဃနသဘော သက်ရောက်၍ အာရမ္မဏာနုသယအရ အာရုံပိုင်း ဆိုင်ရာ ကာယကံရှင် ဖြစ်ပါသည်။ ဒေသအားဖြင့်လည်း တစ်ခုတည်း မဟုတ်ပါ။ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်ပါသည်။ ဒေသအားဖြင့် တစ်ခုတည်းဟု မြင်လျှင် သမူဟဃနသဘော သက်ရောက်၍ အာရမ္မဏာနုသယအရ အာရုံပိုင်းဆိုင်ရာ ကာယကံရှင် ဖြစ်ပါသည်။ ကြိယာအားဖြင့်လည်း တစ်ခုတည်း မဟုတ်ပါ။ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်ပါသည်။ ကြိယာအားဖြင့် တစ်ခုတည်းဟု မြင်လျှင် ကိစ္စဃနသဘော သက်ရောက်၍ အာရမ္မဏာနုသယ အာရုံပိုင်းဆိုင်ရာ ကာယကံ ရှင် ဖြစ်ပါသည်။ အရာဝတ္ထုအားဖြင့်လည်း တစ်ခုတည်း မဟုတ်ပါ။ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်ပါသည်။ အရာဝတ္ထုအားဖြင့် တစ်ခုတည်းဟု မြင်လျှင် အာရမ္မဏ ဃနသဘော သက်ရောက်၍ အာရမ္မဏာနုသယအရ အာရုံပိုင်းဆိုင်ရာ ကာယကံ ရှင် ဖြစ်ပါသည်။

အာရုံတစ်ခုသည် ဥဒယဗ္ဗယဉာဏ်စဉ်အဆင့်သို့ ရောက်သောအခါ တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်းသဘောမှ အပိုင်းပိုင်း အပြတ်ပြတ် သဘော ကို ဆောင်လာပါသည်။ ဖြစ်၊ ပျက် သဘောဖြင့် ပစ္စုပ္ပန်ကျကျ မြင်နိုင်သည့် အနေအထားသို့ ရောက်လာပါသည်။ ဃန (ပညတ်) နှင့် ကွဲ၍ ပရမတ် ထင် လာပါသည်။ ထိုအခါ အာရမ္မဏာနုသယချုပ်ငြိမ်း၍ ဒုက္ခသစ္စာသဘော ထင်ရှား လာပါသည်။ အာရုံပိုင်းဆိုင်ရာ ကာယကံရှင်သဘော ကွယ်ပျောက်ပါသည်။ ယင်းကဲ့သို့ အာရုံပိုင်းဆိုင်ရာ ကာယကံရှင်သဘော ကွယ်ပျောက်ခြင်းကို မဏ္ဍိမ ပဋိပဒါအရ သင်္ခါရ နိမိတ်အာရုံမှ ထမြောက်ခြင်း (နိမိတ္တဝုဋ္ဌာန) ဟု ခေါ်ပါသည်။ ထို့ကြောင့် ဝိပဿနာရှုနည်းကျမ်း၌ မဟာစည်ဆရာတော်ကြီးက—

> အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်နိုင်သော ကိလေသာသည် ဖြစ်ပြီး မဟုတ်သောကြောင့် အတိတ်လည်း မဟုတ်။ ကေန်ဖြစ်လတ္တံ့ မဟုတ် သောကြောင့် အနာဂတ်လည်း မဟုတ်။ ဖြစ်ဆဲ မဟုတ်သောကြောင့် ပစ္စုပ္ပန်လည်း မဟုတ်။ ကာလသုံးပါးမှ လွတ်သော အနုသယ ကိလေသာ ပေတည်း။ ဤအနုသယသည်လည်း သန္တာန်၌ ကိန်းခြင်း အာရုံ၌ ကိန်း ခြင်းအားဖြင့် နှစ်မျိုး ပြား၏။ ထို နှစ်မျိုးတို့တွင် မဂ်ဖြင့် မပယ်ရသေးသော ကြောင့် ပုထုဇဉ်သေက္ခတို့၏ သန္တာန်၌ ဘယ်အချိန်မဆို အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်က ဖြစ်ပေါ်နိုင်သော ကိလေသာသည် သန္တာန်၌ကိန်းသော **သန္တာနာ နုသယ** မည်၏။ ထိုပုထုဇဉ်သေက္ခတို့သည်ပင် ဝိပဿနာ မရှုမိ၍ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' ဟု မှန်စွာ မသိအပ်သော အာရုံတိုင်း ဘယ် အချိန်မဆို အကြောင်းညီညွတ်က 'နိစ္စ၊ သုခ၊ အတ္တ' ဟု ပြန်လည် စဉ်းစားလျက် ဖြစ်ပေါ်နိုင်သော ကိလေသာသည် မရှုမိသည့် အာရုံ၌ ကိန်းသော **အာရမ္မဏာနုသယ** မည်၏။ ၎င်းကိုပင် အာရမ္မဏာဓိဂ္ဂဟိ တုပ္ပန္န ဟူ၍လည်း ခေါ်၏။ ဝိပဿနာက ဤအာရမ္မဏာနုသယ ကိလေ သာကိုသာ ပယ်သည်ဟု သိအပ်၏။

ဟူ၍ ဖော်ပြထားပါသည်။

သန္တာနာနုသယသည် သိသူပုထုဇဉ်သေက္ခတို့၏ သန္တာန်၌ ကိန်းသော ကိလေသာသဘော ဖြစ်ပါသည်။ ယင်းကိလေသာသည် ကာလသုံးပါးမှ အလွတ် ဖြစ်ပါသည်။ ကာလသုံးပါးအလွတ်ဆိုသည်မှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ကာလအားဖြင့် ခွဲခြား၍ မဆိုကောင်းသည့်သဘော ဖြစ်ပါသည်။ တစ်နည်းအား ဖြင့်ဆိုရလျှင် ကာလသုံးပါးမှ အလွတ်ဆိုသည်မှာ ထာဝရပစ္စုပ္ပန် သို့မဟုတ် အမြဲထာဝစဉ် ရှိနေသည့် ပစ္စုပ္ပန် ဖြစ်ပါသည်။ ပုထုဇဉ်သေက္ခတို့၏ သန္တာန်၌ အမြဲထာဝစဉ် ရှိနေသည့် ကိလေသာဆိုသည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော ပပဉ္စတရား သုံးပါးတို့၌ အခြေခံသည့် 'ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ' ဟူသော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ဖြစ်ပါသည်။ ယင်းသဘောသည် မဂ်ဖြင့် မပယ်နိုင်သေးသရွေ့ ကာလပတ်လုံး ပုထုဇဉ်သေက္ခတို့၏ သန္တာန်ဝယ် ကာယကံမှု၌ ဖြစ်စေ၊ ဝစီကံမှု၌ ဖြစ်စေ၊ မနောကံမှု၌ဖြစ်စေ အမြဲထာဝစဉ် ပါရှိနေပါသည်။ သံသရာတစ်လျှောက်လုံး သို့မဟုတ် ဘဝတစ်လျှောက်လုံး ပုဂ္ဂိုလ်တစ်ဦးတည်း၊ သတ္တဝါတစ်ဦးတည်းအနေဖြင့် လုပ်ကိုင်၊ ပြောဆို၊ ကြံစည် တွေးခေါ်သည့်သဘော ဖြစ်ပါသည်။ ယင်းသဘောကို ကာယကံရှင်ဟု ခေါ်ပါ သည်။

ဝိပဿနာရှုရာ၌ ဒုတိယဉာဏ်စဉ်အုပ်စု ဘယဉာဏ်၊ အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ်တို့မှ စ၍ သိသူပုဂ္ဂိုလ်အနေဖြင့် တစ်ဦးတည်း၊တစ်ယောက်တည်း မဟုတ်ဘဲ သိစိတ်အနေဖြင့် တစ်ခုစီ တစ်ခုစီ၊ အပိုင်းပိုင်း အပြတ်ပြတ် မြင်လာ သည်။ သိသူ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိဘဲ သိစိတ်သာရှိပြီး ယင်းသိစိတ်သည် လည်း ဖြစ်၊ ပျက် အစဉ်ဖြင့် တစ်လုံးတစ်စည်းတည်း၊ တစ်ခုတည်း မဟုတ် တစ်ခုစီ တစ်ခုစီ၊ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်သည်ဟု မြင်လာပါသည်။ ယင်း မြင်ခြင်းသည် ဟင်းချက်နည်းဥပမာအရ သမုဒယသစ္စာကိုပယ်ချိန် ဒုတိ





ဉာဏ်စဉ်အုပ်စု၌ ထင်ရှားသော်လည်း ဒုက္ခသစ္စာကို ပိုင်းခြား၍သိချိန် ပထမ ဉာဏ်စဉ်အုပ်စု၏အဆုံး ဘင်္ဂဉာဏ်မှ စတင်ဖြစ်ပေါ်ပါသည်။ ဝိပဿနာရှုနည်း ကျမ်းအရ ဖော်ပြရလျှင် သိသူ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိဘဲ သိစိတ်သာရှိပြီး ယင်းသိစိတ်သည်လည်း ဖြစ်၊ ပျက် သဘောအရ တစ်လုံးတစ်စည်းတည်း၊ တစ်ခု တည်း အနေဖြင့် မဟုတ်ဘဲ တစ်ခုစီ တစ်ခုစီ၊ အပိုင်းပိုင်း အပြတ်ပြတ် အနေဖြင့် သာ ဖြစ်သည်ဟူ၍ မြင်ခြင်းသည် ပထမဉာဏ်စဉ်အုပ်စုအဆုံး ဘင်္ဂဉာဏ်၌ စတင် ဖြစ်ပေါ်ပြီး ဒုတိယဉာဏ်စဉ်အုပ်စု ဘယဉာဏ်မှ စတင်၍ ထင်ရှားပါသည်။

ထိုထို ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် တစ်ခုတည်း၊ တစ်ယောက်တည်းဟု မြင်လျှင် 'ဃန' သဘော သက်ရောက်၍ သန္တာနာနုသယအရ သန္တာန်ပိုင်းဆိုင်ရာ ကာယကံရှင် ဖြစ်ပါသည်။ ဘင်္ဂဉာဏ် သို့မဟုတ် ဘယဉာဏ်အဆင့်သို့ ရောက်သောအခါ သိသူ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိဘဲ သိစိတ်သာ ရှိသည်ဟူ၍ မြင်လာပါသည်။ ဃနသဘော ကွယ်ပျောက်၍ အရမတ်သဘော ရောက်လာပါသည်။ ထိုအခါ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းနှင့် သမုဒယသစ္စာကို ပယ်စွန့်ခြင်းသဘော နှစ်ရပ်တို့ ထင်ရှားလာပါသည်။ သန္တာန် သို့မဟုတ် အာရမ္မဏိကပိုင်းဆိုင်ရာ ကာယကံရှင်သဘော ကွယ်ပျောက်ပါသည်။ ယင်းကဲ့သို့ သန္တာန် သို့မဟုတ် အာရမ္မဏိကပိုင်းဆိုင်ရာ ကာယကံရှင်သဘော ကွယ်ပျောက်ခြင်းကို မဇ္ဈိမပဋိပဒါအရ ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တို့မှ ထမြောက်ခြင်း (ပဝတ္တဝုဋ္ဌာန) ဟု ခေါ်ပါသည်။

ဝိပဿနာရှုရာ၌ ဒဿနသဘောအရ ဗဟိဒ္ဓအာရုံဖြစ်သော သင်္ခါရနိမိတ် ကို ပထမဆင့်အရ အာရုံပြုရပါသည်။ ယင်းအာရုံကို သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၊ ဘင်္ဂဉာဏ်ဟူသော ပထမဉာဏ်စဉ်များဖြင့် အာရုံပြုပါသည်။ ယင်းဉာဏ် စဉ်များ၌ ဒုက္ခသစ္စာသဘော ပေါ်လာပါသည်။ ဒုတိယဆင့်အရ အဇ္ဈတ္တအာရမ္မ ဏိကဖြစ်သော ပထမဉာဏ်စဉ်အုပ်စုကို အာရုံအဖြစ် ထပ်ဆင့်၍ အာရုံပြုရ ပြန်ပါ သည်။ ယင်းသို့ အာရုံပြုလိုက်သောအခါ သမုဒယသစ္စာသဘော ပေါ်လာပါသည်။ ဒုက္ခသစ္စာသည် မူလပထမဆင့် ရိုးရိုးအာရုံနှင့် ဆိုင်ပါသည်။ သမုဒယသစ္စာသည် မူလအာရမ္မဏိကမှ အာရုံအဖြစ်သို့ ပြောင်းလဲသွားသော ဒုတိယအဆင့် အာရုံနှင့် ဆိုင်ပါသည်။ ဒုတိယဆင့် အာရုံတွင် အာရမ္မဏိကသဘောလည်း ပါဝင်ပါသည်။ အာရုံသဘောလည်း ပါဝင်ပါသည်။ အာရမ္မဏိကသဘော ပါဝင်နေခြင်းကြောင့် အဇ္ဈတ္တသဘောရှိသော သမုဒယသစ္စာကို ပယ်နိုင်ခြင်း ဖြစ်ပါသည်။ အာရုံသဘော ပါဝင်နေခြင်းကြောင့် ဗဟိဒ္ဓသဘောရှိသော ဒုက္ခသစ္စာကို ပိုင်းခြား၍ သိနိုင်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အာရုံကို သိသောအဆင့်၌ ဒုက္ခသစ္စာ



www.burmeseclassic.com

www.burmeseclassic.com



သဘော ထင်ရှားပါသည်။ ယင်းအသိကိုပင် ထပ်၍သိသောအဆင့်၌ သမုဒယ သစ္စာသဘော ထင်ရှားပါသည်။ ဟင်းချက်နည်းဥပမာအရ အာရုံ၏ အသိအဆင့်၌ ဒုက္ခသစ္စာသာ ထင်ရှားပြီး အသိ၏ အသိအဆင့်၌မူ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ နှစ်မျိုးလုံး ထင်ရှားပါသည်။ ဤနည်းအားဖြင့် သစ္စာ လေးပါးလုံး ထင်ရှားအောင် ဝိပဿနာ ရှုနိုင်ပါသည်။ ဤသည်မှာ ဒဿနရှုထောင့်မှ ဝိပဿနာဉာဏ်စဉ်များကို တင်ပြခြင်း ဖြစ်ပါသည်။

## လောကသိနှင့် လောကုတ္တရာသိ

လောကသိဆိုသည်မှာ အကျဉ်းအားဖြင့် သင်္ခါရတရားများကို သိသောအသိ ဖြစ်ပါသည်။ လောကုတ္တရာသိဆိုသည်မှာ သင်္ခါရတရားများ၏ ငြိမ်းရာ နိဗ္ဗာန်ကို သိသောအသိ ဖြစ်ပါသည်။ သင်္ခါရတရားများတွင် ချစ်စရာနှင့် မုန်းစရာ၊ တပ်မက်စရာနှင့် စက်ဆုပ်စရာ၊ ပျော်ရွှင်စရာနှင့် ငြီးငွေ့စရာ စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ဆန့်ကျင်ဘက်အာရုံများ ပါဝင်ပါသည်။ ထို့ကြောင့် လောကသိသဘောအရ လောက၌ ချစ်ကြခြင်း၊ မုန်းကြခြင်း ဖြစ်ပါသည်။ တပ်မက်ကြခြင်း၊ စက်ဆုပ်ကြခြင်း ဖြစ်ပါသည်။ ပျော်ရွှင်ကြခြင်း၊ ငြီးငွေ့ကြခြင်း ဖြစ်ပါသည်။ သင်္ခါရတရားများ ငြိမ်းရာ နိဗ္ဗာန်၌ကား ချစ်စရာနှင့် မုန်းစရာ စသော သင်္ခါရသဘောများ လုံးဝ မရှိပေ။ သင်္ခါရတို့၏ ငြိမ်းခြင်းသက်သက်မျှသာ ရှိပါသည်။ ထို့ကြောင့် လောကသိ အမြင်ဖြင့်ဆိုရလျှင် နိဗ္ဗာန်ဟူသည် ချစ်စရာ၊ မုန်းစရာလည်း မဟုတ်။ တပ်မက်စရာ၊ စက်ဆုပ်စရာလည်း မဟုတ်။ ပျော်ရွှင်စရာ၊ ငြီးငွေ့စရာလည်း မဟုတ်။ လောကခံစားချက်ဖြင့် ခံစားရသည့် အခြားသောအရာ ဘာမျှ မဟုတ်။ သို့ရာတွင် ယင်းတို့၏ ချုပ်ငြိမ်းခြင်းသဘော သက်သက်မျှသာ ဟုတ်၏။ ထို့ကြောင့် နိဗ္ဗာန်ကို လောကသိ အတွေ့အကြုံဖြင့် သိ၍ မရကောင်းခြင်း ဖြစ်ပါသည်။

ထို့အပြင် လောကသိ မှန်သမျှသည် ကာယကံရှင်တို့၏ ကိုယ်တိုင်ကိုယ်ကျ အတွေ့အကြုံဖြင့် သက်သေပြနိုင်သည့်သဘော (ပစ္စက္ခသိဒ္ဓ) သော်လည်း ဖြစ်ရပါမည်။ ကိုယ်တိုင်ကိုယ်ကျ မတွေ့ကြုံရစေကာမူ ကိုယ်တွေ့ကို အခြေခံ၍ အကြောင်းအကျိုး ဆက်နွယ်မှုဖြင့် သက်သေပြနိုင်သည့်သဘော (အနုမာနသိဒ္ဓ) သော်လည်း ဖြစ်ရပါမည်။ ကိုယ်တွေ့နှင့် အကြောင်းအကျိုး ဆက်နွယ်မှုဖြင့် သက်သေမပြနိုင်စေကာမူ ကိုယ်တွေ့နှင့် အကြောင်းအကျိုးဆက်နွယ်မှု နှစ်မျိုးကို အခြေခံ၍ အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ အဆိုအမိန့်ဖြင့် သက်သေပြနိုင်သည့်သဘော (သဒ္ဒေယျသိဒ္ဓ) သော်လည်း ဖြစ်ရပါမည်။ သို့ရာတွင် လောကုတ္တရာ (နိဗ္ဗာန်) သိကား သင်္ခါရတရားတို့၏ ဖြစ်ခြင်းနှင့် မပတ်သက်ဘဲ သင်္ခါရတရား





တို့၏ ချုပ်ငြိမ်းခြင်းနှင့် ပတ်သက်သဖြင့် သင်္ခါရဆိုင်ရာ သက်သေပြချက်များ ဖြစ်သော ကိုယ်တွေ့ဖြင့်လည်း သက်သေပြ၍ မရ။ ကြောင်းကျိုးဆက်နွယ်မှု ဖြင့်လည်း သက်သေပြ၍ မရ။ အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ အဆိုအမိန့် ဖြင့်လည်း သက်သေပြ၍ မရ။ သက်သေပြ၍ ရသည်ကား အစွန်းနှစ်ဖက် ဖြစ်သည့် နိမိတ္တနှင့် ပဝတ္တတို့မှ လွတ်သော မဇ္ဈိမပဋိပဒါအရ မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့၏ အသိဖြင့်သာ သက်သေပြ၍ ရပါသည်။ ယင်းကို မျက်မှောက်ပြုခြင်းဖြင့် သက်သေပြခြင်း (သစ္ဆိကရဏသိဒ္ဓ) ဟူ၍ ခေါ်ပါသည်။ နိဗ္ဗာန်သိကို ဤ သက်သေ ပြခြင်း တစ်မျိုးဖြင့်သာ မှန်ကန်စွာ သက်သေပြနိုင်ပါသည်။

အကြမ်းအားဖြင့် ပစ္စက္ခကိုလည်း မျက်မှောက်ပြုခြင်းဟူ၍ ခေါ်ပါသည်။ သစ္ဆိကရဏကိုလည်း မျက်မှောက်ပြုခြင်းဟူ၍ ခေါ်ပါသည်။ သို့ရာတွင် ပစ္စက္ခ၌ ကာယကံရှင်သဘော ပါဝင်ပါသည်။ သစ္ဆိကရဏ၌ ကာယကံရှင်သဘော လုံးဝ ပါဝင်ခြင်း မရှိပါ။ ဤနေရာ၌ ကာယကံရှင်ဆိုသည်မှာ အနုသယကိလေသာကို ဆိုပါသည်။ လောကဝေါဟာရဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ သဘောကို ဆိုပါသည်။ ထို့ကြောင့် ပစ္စက္ခသိဟူသည် လောကဝေါဟာရဖြင့် ပုဂ္ဂိုလ်သိ ဖြစ်ပါသည်။ သစ္ဆိကရဏသိဟူသည် ဓမ္မသိ ဖြစ်ပါသည်။ ပုဂ္ဂိုလ်သိ 'ပစ္စက္ခဉာဏ်' ၌ သိသူ၊ သိစရာ အာရုံ၊ သိစိတ်တို့၏ ပေါင်းဆုံခြင်းကို နာနာရသ အနေဖြင့် ရအပ်ပါသည်။ ဓမ္မသိ 'သစ္ဆိကရဏဉာဏ်' ၌ သိသူ၊ သိစရာအာရုံ၊ သိစိတ်တို့၏ ပေါင်းဆုံခြင်း သဘောကို ဧကရသ အနေဖြင့် ရအပ်ပါသည်။ ဤသို့လျှင် ဧကရသခေါ် ဝိမုတ္တိ သဘောဖြင့် နိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိမှုကို သိအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၈ ]
# လောက တရားများ

## လူသား

လူသည် ဗြဟ္မာမှ ဆင်းသက်သည် ဟူ၍လည်း ဆိုကြ၏။ မျောက်မှ ဆင်းသက်သည် ဟူ၍လည်း ဆိုကြ၏။ ထိုအဆိုများအရ ဗြဟ္မာမှ ဆင်းသက်လျှင် မြင့်မြတ်သော စိတ်ရှိသူ ဖြစ်၏။ မျောက်မှ ဆင်းသက်လျှင် ယုတ်ညံ့သော စိတ်ရှိသူ ဖြစ်၏။ သို့ရာတွင် လူ၌ မြင့်မြတ်သော နတ်ဗြဟ္မာသဘောကိုလည်း တွေ့ရ၏။ ယုတ်ညံ့သော တိရစ္ဆာန်သဘောကိုလည်း တွေ့ရ၏။

ထို့ကြောင့် လူသည် ဗြဟ္မာတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်းဟူ၍ ဆိုသော် ဆိုနိုင်ပါသည်။ ဤသည်မှာ အရပ်သုံးဝေါဟာရဖြင့် ဆိုခြင်းဖြစ်ပါသည်။ အဘိဓမ္မာဝေါဟာရဖြင့် ဆိုရလျှင် လူသည် ကုသိုလ်နှင့် အကုသိုလ်တို့၏ စုဝေးရာ ဌာန ဖြစ်ပါသည်။ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်တို့သည် လူတို့၏သန္တာန်၌ သင့်သလို ဖြစ်ပေါ်နေကြပါသည်။ နှလုံးသွင်း ကောင်းလျှင် ကုသိုလ်စိတ်ဖြစ်၍ နှလုံးသွင်း မကောင်းလျှင် အကုသိုလ်စိတ်များ ဖြစ်ကြပါသည်။ ကုသိုလ်စိတ်ကို **အဆန်တရား** ဟူ၍ခေါ်ပြီး အကုသိုလ်စိတ်ကို **အစုန်တရား** ဟူ၍ ခေါ်ကြပါသည်။ အဆန်တရားသည် ခက်ခဲသောသဘော ရှိပါသည်။ နိမ့်ရာမှ မြင့်ရာသို့တက်သော သဘော ရှိပါသည်။ အစုန်တရားသည် လွယ်ကူသောသဘော ရှိပါသည်။ မြင့်ရာမှ နိမ့်ရာသို့ သက်သောသဘော ရှိပါသည်။ ထို့ကြောင့် လူသည် နိမ့်ရာ အောက်ဆုံးသို့လည်း ဆင်းနိုင်ပါသည်။ မြင့်ရာ အထက်ဘဝဂ်သို့လည်း တက်နိုင်ပါသည်။





အနိမ့်နှင့် အမြင့်တို့မှ လွတ်ရာ နိဗ္ဗာန်သို့လည်း သွားနိုင်[illegible]ကြိုက်ရာ ဘုံးအတိုင်း ကြိုက်သလို သွားနိုင်ပါသည်။ ဤသည်တို့မှာ လူ့ဘဝ ဖွဲ့စည်းပုံအရ ဖြစ်ပေါ်လာသည့် စွမ်းဆောင်ချက်များ ဖြစ်ပါသည်။

သိမှုနှင့် ပတ်သက်၍လည်း လူသားသည် အလွန်အသိရခက်သော ပဟေဠိတစ်ပုဒ်ဖြစ်ကြောင်း ဆိုကြပါသည်။ လူသား၏ အသိနှင့်ပတ်သက်၍ ကေနဥပနိသျှဒ် (၂၊ ၃) ၌

**ယဿျာမတံ တဿျ မတံ၊ မတံ ယဿျ န ဝေဒ သော။**

**အဝိညာတံ ဝိဇာနာတာံ၊ ဝိညာတံ အဝိဇာနတာံ။**

ယဿျ၊ အကြင်သူသည်။ **အမတံ**၊ မသိအပ်။ **တဿျ**၊ ထိုသူသည်။ **မတံ**၊ သိအပ်၏။ **ယဿျ**၊ အကြင်သူသည်။ **မတံ**၊ သိအပ်၏။ **သော**၊ ထိုသူသည်။ **န ဝေဒ**၊ မသိ။ **ဝိဇာနတာံ**၊ သိသူတို့သည်။ **အဝိညာတံ**၊ မသိအပ်။ **အဝိဇာနတာံ**၊ မသိသူတို့သည်။ **ဝိညာတံ**၊ သိအပ်၏

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။

*သုတ်မဟာဝါအဋ္ဌကထာ* (၃၄၇) ၌

**ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။**

**အပဿံ ဗဇ္ဈတေ မူဠော၊ ဗဇ္ဈမာနော န မုစ္စတိ။**

**ယံ**၊ အကြင်ဝတ္ထုကို။ **ပဿတိ**၊ မြင်၏။ **တံ**၊ ထိုဝတ္ထုသည်။ **န ဒိဋ္ဌံ**၊ မြင်နိုင်သောဝတ္ထု မဟုတ်။ **ယံ**၊ အကြင်ဝတ္ထုသည်။ **ဒိဋ္ဌံ**၊ မြင်နိုင်သောဝတ္ထု ဖြစ်၏။ **တံ**၊ ထိုဝတ္ထုကို။ **န ပဿတိ**၊ မမြင်။ **အပဿံ**၊ မမြင်သော။ **မူဠော**၊ သူမိုက်ကို။ **ဗဇ္ဈတေ**၊ နှောင်ဖွဲ့အပ်၏။ **ဗဇ္ဈမာနော**၊ နှောင်ဖွဲ့ခြင်းခံရသော်။ **န မုစ္စတိ**၊ မလွတ်မြောက်။

ဟူ၍ ဟောကြားထားသည်ကို တွေ့ရပါသည်။

ဤအဆိုအမိန့်များအရ လူသည် သိလျက် မသိသူ ဖြစ်၏။ မြင်လျက် မမြင်သူ ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရလျှင် လူသည် အသိဆုံးနှင့် မသိဆုံး ဖြစ်၏။ ထို့ကြောင့် လူသည် အသိရအခက်ဆုံးနှင့် အသိရလွယ်ကူဆုံးသော ပဟေဠိတစ်ပုဒ် ဖြစ်ပါသည်။ ဤသို့ ပဟေဠိတစ်ပုဒ် ဖြစ်ရခြင်းသည် လောကသိနှင့် လောကုတ္တရာသိတို့ ရောနှောနေသောကြောင့် ဖြစ်ပါသည်။ လောကသိကို လောကသိမှုန်း သိလျှင်လည်း လွယ်ပါသည်။ လောကုတ္တရာသိကို လောကုတ္တရာသိမှုန်း သိလျှင်လည်း လွယ်ပါသည်။ သို့ရာတွင် လောကသိကို လောကုတ္တရာသိ ဟူ၍လည်းကောင်း၊ လောကုတ္တရာသိကို လောကသိ ဟူ၍လည်းကောင်း မှားယွင်း၍ သိလျှင် ခက်ပါသည်။ လောကသိနှင့် လောကုတ္တရာသိတို့သည် အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အရိုတရား နှစ်မျိုး

ဤလောကတွင် အရိုတရား နှစ်မျိုး ရှိပါသည်။ အရိုတရားဟူသည်မှာ အဖြစ် တရားကဲ့သို့ ကာလသုံးပါး မရှိဘဲ ကာလသုံးပါးမှအလွတ် ဖြစ်ပါသည်။ ကာလ သုံးပါးမှ လွတ်သဖြင့် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ဖြစ်၊ တည်၊ ပျက်သဘော မရှိဘဲ အမြဲထာဝစဉ် ရှိနေသည့် ထာဝရပစ္စုပ္ပန် ဖြစ်ပါသည်။ ယင်းအရိုတရားသည် လောကအရိုတရားနှင့် လောကုတ္တရာ အရိုတရားဟူ၍ နှစ်မျိုး ဖြစ်ပါသည်။ လောကအရိုတရားဟူသည်မှာ အဘိဓမ္မာဝေါဟာရအရ 'အနုသယ' ဖြစ်ပါသည်။ အရပ်သုံးဝေါဟာရအရ 'ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော' ဖြစ်ပါသည်။ လော ကုတ္တရာအရိုတရား ဟူသည်မှာ နိဗ္ဗာန် ဖြစ်ပါသည်။ ထိုအရိုတရား နှစ်မျိုးလုံး ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ဖြစ်၊တည်၊ပျက် သဘော မရှိဘဲ ကာလသုံးပါးမှ အလွတ် ဖြစ်ကြပါသည်။ ကာလသုံးပါးမှ အလွတ်ဖြစ်၍သာ အမြဲထာဝစဉ် ရှိနေနိုင်ခြင်း ဖြစ်ပါသည်။ ထိုအရိုတရား နှစ်မျိုးသည် ကာလသုံးပါးမှ အလွတ်ချင်း တူ သော်လည်း သဘောအားဖြင့် အချင်းချင်း ဆန့်ကျင်ကြပါသည်။ လောကအရို တရား 'အနုသယ' သည် ဘာဝမုခခေါ် အဖြစ်တရားများ၏ နှုတ်ခမ်းဝ ဖြစ်ပါ သည်။ လောကုတ္တရာအရိုတရား 'နိဗ္ဗာန်' သည် အဘာဝမုခခေါ် မဖြစ်တရား များ၏ နှုတ်ခမ်းဝ ဖြစ်ပါသည်။ ဤနေရာ၌ အဖြစ်တရားများ၏ နှုတ်ခမ်းဝ ဆိုသည်မှာ လောကသံသရာ၏ ထွက်ပေါ်ရာကို ဆိုခြင်းဖြစ်ပါသည်။ မဖြစ်တရား များ၏ နှုတ်ခမ်းဝဆိုသည်မှာ လောကသံသရာ၏ ချုပ်ငြိမ်းရာကို ဆိုခြင်းဖြစ်ပါ သည်။ အမှန်အားဖြင့် လောကသံသရာသည် အနုသယမှ ဖြစ်ပေါ်ပြီး နိဗ္ဗာန်၌ အပြီးတိုင် ချုပ်ငြိမ်းပါသည်။ ထေရဝါဒအရ ဖြစ်ရာသည် ဖြစ်ရာသတ်သတ် ချုပ်ရာသည် ချုပ်ရာသတ်သတ် ဖြစ်ပါသည်။ ဖြစ်ရာနှင့် ချုပ်ရာသည် တစ်ခုတည်း မဟုတ်ပါ။

သို့ရာတွင် မဟာယာန အဘိဓမ္မာဆရာ နာဂါရ်ဂျုန ကမူ သူ၏ မာဓျမိက ကာရိကာ (အခန်း–၂၅၊ ဂါထာ–၁၉၊၂၀) ၌ နိဗ္ဗာန်နှင့် သံသရာသည် တစ်ခုတည်း ဖြစ်ကြောင်း ဤသို့ဆိုပါသည်။

န နိဗ္ဗာနဿ သံသာရာတ်၊ ကိဉ္စိဒတ္ထိ ဝိသေသဏံ။ (၁၉)

န နိဗ္ဗာနဿ ယာ ကောဋိ၊ ကောဋိ သံသာရဿ စ။

န တယောရန္တရံ ကိဉ္စိတ်၊ သုသူခုမ မပိ ဝိဇ္ဇတေ။ (၂၀)

နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ သံသာရာတ်၊ သံသရာမှ။ ကိဉ္စိတ်၊ တစ်စုံတစ်ခု သော။ ဝိသေသဏံ၊ ထူးခြားမှုသည်။ နအတ္ထိ၊ မရှိ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏





ယာကောဋိ၊ အကြင် နယ်နိမိတ် အစွန်းသည်။ သံသာရဿ၊ သံသရာ၏။ ကောဋိ စ၊ နယ်နိမိတ် အစွန်းပင်တည်း။ တယော၊ နိဗ္ဗာန်နှင့် သံသရာ နှစ်ခုတို့တွင်။ သုသူခုမံ၊ အလွန်သိမ်မွေ့သော။ ကိဉ္စိတ်၊ တစ်စုံတစ်ခု သော။ အန္တရံ အပိ၊ ခြားနားခြင်းသော်မှုပင်။ န ဝိဇ္ဇတေ၊ မရှိ။

ဤဝါဒအရ နိဗ္ဗာန်နှင့် သံသရာသည် အမှန်စင်စစ်အားဖြင့် တစ်စုံတစ်ရာ ဘာမှခြားနားခြင်း မရှိ။ ကြည့်သူ၏ အမြင်အရသာ ခြားနားခြင်း ရှိပါသည်။ ကြည့်သူ၏သန္တာန်၌ အဝိဇ္ဇာရှိနေလျှင် သံသရာအဖြစ် မြင်ရပါမည်။ သင်္ခါရ တရားတို့၏ ဖြစ်ခြင်းသဘောအဖြစ် မြင်ရပါမည်။ အကယ်၍ ကြည့်သူ၏ သန္တာန် ၌ အဝိဇ္ဇာ မရှိတော့လျှင် နိဗ္ဗာန်အဖြစ် မြင်ရပါမည်။ သင်္ခါရတရားတို့၏ မဖြစ်ခြင်း သဘောအဖြစ် မြင်ရပါမည်။ အမှန်အားဖြင့် နိဗ္ဗာန်နှင့် သံသရာသည် 'သုည' သာ ဖြစ်၏။

ဗြဟ္မဏဝါဒီတို့ကမူ *ဤသာဥပနိသျှဒ်ပဏ္ဍာမဂါထာ* ၌ သံသရာသည် ဗြဟ္မာမှ ဖြစ်ပေါ်လာခြင်း ဖြစ်သဖြင့် သံသရာနှင့် ဗြဟ္မာသည် အကျိုးနှင့်အကြောင်း သဘောအရ ခြားနားသော်လည်း တရားကိုယ်အရ မခြားနားဘဲ တစ်ခုတည်းသော ဗြဟ္မာသာဖြစ်ကြောင်း ဤသို့ ဆိုကြပါသည်။

ပူဏ္ဏမဒး ပူဏ္ဏမိဒံ၊ ပူဏ္ဏာတ် ပူဏ္ဏမုဒစ္စတေ။

ပူဏ္ဏဿ ပူဏ္ဏမာဒါယ၊ ပူဏ္ဏမေဝါဝသိဿတေ။

အဒး၊ ထိုဗြဟ္မာသည်။ ပူဏ္ဏံ၊ အနန္တ တရားတည်း။ ဣဒံ၊ ဤ လောက သံသရာသည်။ ပူဏ္ဏံ၊ အနန္တ တရားတည်း။ ပူဏ္ဏံ၊ အနန္တ လောကသည်။ ပူဏ္ဏာတ်၊ အနန္တဗြဟ္မာမှ။ ဥဒစ္စတေ၊ ဖြစ်ပေါ်လာ၏။ ပူဏ္ဏဿ၊ အနန္တထဲမှ။ ပူဏ္ဏံ၊ အနန္တကို။ အာဒါယ၊ ထုတ်ယူလိုက် စေကာမူ။ ပူဏ္ဏမေဝ၊ အနန္တသည်သာလျှင်။ အဝသိဿတေ၊ ကြွင်း ကျန်၏။

ဤဝါဒအရ အနန္တ သည် မရေမတွက်နိုင်၊ မတိုင်းတာနိုင်သော သဘော ဖြစ်၏။ အန္တ သည် ရေတွက်နိုင်၊ တိုင်းတာနိုင်သော သဘောဖြစ်၏။ အနန္တ နှင့် အန္တ သည် အချင်းချင်း ဖြောင့်ဖြောင့်ဆန့်ကျင်၏။ အနန္တ သည် အနန္တ သတ်သတ် ဖြစ်၏။ အန္တ သည် အန္တ သတ်သတ် ဖြစ်၏။ အန္တ များကို စုပေါင်းလိုက်ရုံမှုနှင့် အန္တ သည် အနန္တ ဖြစ်ပေါ် မလာနိုင်ပေ။ ထိုအတူ အနန္တ ထဲမှ အနန္တ ကို နုတ်ယူ လိုက်ရုံမျှနှင့်လည်း အနန္တ သည် အန္တ ဖြစ်မသွားနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အနန္တ သည် အရေအတွက် သို့မဟုတ် အတိုင်းအတာ ပြဋ္ဌာန်းသောသဘော



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ အရည်အချင်း ပြဋ္ဌာန်းသောသဘော ဖြစ်၏။ အန္တသည် အရည်အချင်း ပြဋ္ဌာန်းသောသဘော မဟုတ်ဘဲ အရေအတွက်နှင့် အတိုင်းအတာ ပြဋ္ဌာန်းသော သဘော ဖြစ်၏။ ထို့ကြောင့် ဖန်ဆင်းသောအခါ ဗြဟ္မာထံမှ လောကကို နုတ်ယူ၍ ဖန်ဆင်း လိုက်လျှင်လည်း ဗြဟ္မာသည် အန္တဖြစ်မသွားဘဲ အနန္တအဖြစ်သာ ကျန်ရစ်ပါ၏။ လွတ်မြောက်သောအခါ လောကထံမှ ဗြဟ္မာကို နုတ်ယူ၍ လွတ်မြောက်သွားလျှင်လည်း လောကသည် အန္တဖြစ်မသွားဘဲ အနန္တ အဖြစ်သာ ကျန်ရစ်ပါ၏။ တစ်နည်းအားဖြင့်ဆိုရလျှင် အနန္တ ဟူသည် တိုးလည်းမလာ၊ လျော့လည်းမသွား ကောင်းသောသဘောသာ ဖြစ်၏။ တိုးခြင်းနှင့် လျော့ခြင်းတို့သည် အရေအတွက် သို့မဟုတ် အတိုင်းအတာ ပြဋ္ဌာန်းသော အန္တနှင့်သာ သက်ဆိုင်ပြီး အရေအတွက် သို့မဟုတ် အတိုင်းအတာ မပြဋ္ဌာန်းဘဲ အရည်အချင်း ပြဋ္ဌာန်းသော အနန္တ နှင့် မသက်ဆိုင်ပေ။

ဗြာဟ္မဏဝါဒ၌လည်း လွတ်မြောက်ခြင်းကို ဆိုကြပါသည်။ ဗုဒ္ဓဝါဒ၌လည်း လွတ်မြောက်ခြင်းကို ဆိုကြပါသည်။ အဆိုချင်း၊ အကျင့်ချင်း တစ်ခုနှင့် တစ်ခု မတူစေကာမူ 'လွတ်မြောက်ခြင်း' ကို ယုံကြည်ရာ၌မူ အတူတူပင် ဖြစ်ပါသည်။ သတ္တဝါတို့သည် မှန်ကန်သော ကျင့်စဉ်ကြောင့် လောကသံသရာမှ လွတ်မြောက်သွားကြပါသည်။ လွတ်မြောက်သွားပြီးနောက် လောကသံသရာသို့ တစ်ဖန် ပြန်လာခြင်း မရှိတော့ပါ။ ထိုသို့ လွတ်မြောက်သွားပြီးနောက် လောကသံသရာသို့ ပြန်လာခြင်း မရှိတော့သည့်အတွက် လောကသံသရာသည်လည်း တဖြည်းဖြည်း ငယ်၍ ငယ်၍ သွားခြင်း မရှိပါ။ လွတ်မြောက်ရာနိဗ္ဗာန် သို့မဟုတ် ဗြာဟ္မဏ ဝါဒအရ ဗြဟ္မာသည်လည်း တဖြည်းဖြည်း ကြီး၍ ကြီး၍ လာခြင်း မရှိပါ။ အဘယ့်ကြောင့်ဆိုသော် ဓာတ်နှင့် ဒြပ်ကဲ့သို့ ဒြပ်များ ကုန်၍ ကုန်၍ သွားသော်လည်း ဓာတ်မှာမူ တိုးချဲ့လျော့ခြင်း မရှိသကဲ့သို့ ဝေနေယျသတ္တဝါများ လျော့၍ လျော့၍ သွားသော်လည်း လောကသံသရာနှင့် နိဗ္ဗာန်သည် ငယ်ခြင်း ကြီးခြင်း မရှိကောင်းသောကြောင့် ဖြစ်ပါသည်။ ဤသည်မှာ 'အနန္တ'၏ အံ့ဖွယ် စွမ်းအင် ဖြစ်ပါသည်။

## သက်ရောက်အား နှစ်မျိုး

ရုပ်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ နျူတန်က 'သက်ရောက်မှုတိုင်းတွင် ယင်းနှင့် ပမာဏ တူညီပြီး ဦးတည်ဘက် ဆန့်ကျင်သော တန်ပြန်သက်ရောက်မှု တစ်ခုစီ ရှိသည်' ဟူ၍ ဆိုခဲ့ပါသည်။ ဤအဆိုကိုမှီ၍ ကုသိုလ်နှင့် အကုသိုလ်တို့၏ သဘောကိုဆိုရလျှင် လူ့ဘဝအပေါ်၌ သက်ရောက်အားနှင့် တန်ပြန်သက်ရောက်





အားတို့ အစုံလိုက် ရှိကြပါသည်။ ကုသိုလ်နှင့် အကုသိုလ်တို့သည် ဦးတည်ဘက်အားဖြင့် အချင်းချင်း ဆန့်ကျင်ကြပါသည်။ ကုသိုလ်သည် အဆန်သဘော ရှိ၍ အကုသိုလ်သည် အစုန်သဘော ရှိပါသည်။ ကုသိုလ်၏ အဆန်သဘောဖြင့် လူသည် သံသရာ၌ ကျင်လည်လိုပါက နတ်ဘဝကိုလည်း ရနိုင်ပါသည်။ ဗြဟ္မာဘဝကိုလည်း ရနိုင်ပါသည်။ သံသရာမှ ထွက်မြောက်လိုပါကလည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။

လူ့ဘဝသည် မိမိအပေါ် သက်ရောက်သော ကုသိုလ်အားဖြင့် အထက်သို့ ဆန်တိုင်း လွတ်လွတ်ဆန်နိုင်သည် မဟုတ်ပါ။ မိမိအပေါ် တန်ပြန်သက်ရောက်သော အကုသိုလ်အားကို ဆန့်ကျင်၍ အထက်သို့ ဆန်ရခြင်း ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ သဘောအရ အရာဝတ္ထုတစ်ခုသည် မြေပြင်မှ အထက်သို့ဆန်တိုင်း ကမ္ဘာမြေကြီး၏ ဆွဲငင်အားကို ဆန့်ကျင်၍ ဆန်တက်ရခြင်း ဖြစ်ပါသည်။ ကမ္ဘာမြေကြီး၏ ဆွဲငင်အားကြောင့်ပင် နောက်ဆုံး၌ ထိုအရာဝတ္ထုသည် ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ကျရောက်ရခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ တစ်စုံတစ်ခုသော စက်ယန္တရား၏ လွှင့်တင်အားကြောင့် မြေပြင်မှ အပေါ်သို့ တက်သွားသော အရာဝတ္ထု တစ်ခုပေါ်တွင် စက်ယန္တရား၏ 'လွှင့်တင်'(အဆန်) အားဖြင့် ကမ္ဘာမြေကြီး၏ 'ဆွဲငင်' (အစုန်) အားတို့သည် ဦးတည်ဘက်အားဖြင့် အချင်းချင်း ဆန့်ကျင်လျက် အပြိုင် သက်ရောက်နေကြခြင်းပင် ဖြစ်ပါသည်။ အပြိုင် သက်ရောက်နေသော အား နှစ်မျိုးတွင် စက်ယန္တရား၏ 'လွှင့်တင်' (အဆန်) အားကို သက်ရောက်အား ဟူ၍ခေါ်ပြီး ကမ္ဘာမြေကြီး၏ 'ဆွဲငင်' (အစုန်) အားကို တန်ပြန်သက်ရောက်အား ဟူ၍ ခေါ်ကြပါသည်။ ဤသို့လျှင် နျူတန်၏ ရုပ်ပိုင်းဆိုင်ရာ နိယာမအရ အရာဝတ္ထုတစ်ခုပေါ်တွင် သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အားတို့သည် ဦးတည်ဘက်အားဖြင့် အချင်းချင်း ဆန့်ကျင်လျက် အပြိုင် သက်ရောက်နေကြပါသည်။ ထိုသို့ သက်ရောက်ရာတွင် အရာဝတ္ထုသည် 'အား' သာသည့် ဘက်သို့ ရွေ့လျားပါသည်။ အားချင်း ညီသည့်အခါ ရပ်တန့်၍ ငြိမ်သက်ပါသည်။

ရုပ်ပိုင်းဆိုင်ရာ နိယာမနည်းတူ လူသည် ကုသိုလ်ကံကို ပြုသဖြင့် မိမိဘဝအပေါ်၌ 'ကုသိုလ်' **အဆန်အား** သက်ရောက်တိုင်း 'အကုသိုလ်' **အစုန်အား**သည်လည်း ဆန့်ကျင်ဘက်အနေဖြင့် အပြိုင် သက်ရောက်ပါသည်။ ဤနေရာ၌ 'အကုသိုလ်' အစုန်အား အပြိုင်သက်ရောက်ခြင်းဆိုသည်မှာ ကုသိုလ်ကံပြုရာ၌ 'ငါ လုပ်သည်၊ ငါ ပြောသည်၊ ငါ ကြံစည်သည်' ဟူ၍ 'ငါ' သဘော ပါဝင်နေခြင်းကို ဆိုခြင်း ဖြစ်ပါသည်။ 'ငါ' သဘော ဆိုသည်မှာလည်း 'ပုဂ္ဂိုလ်'



www.burmeseclassic.com

www.burmeseclassic.com



သဘော၊ 'သတ္တဝါ' သဘောပင် ဖြစ်ပါသည်။ ယင်းသဘော ပါဝင်နေသရွေ့ ကာလပတ်လုံး လူသည် အမြင့်ဆုံး ဗြဟ္မာ့ဘုံ အထိသာ ဆန်တက်နိုင်ပြီး၊ နောက်ဆုံး တစ်နေ့တွင် အပါယ်လေးဘုံသို့ ပြန်လည်စုန်ဆင်း လာရမည်သာ ဖြစ်ပါသည်။ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော မပါဝင်တော့မှသာ လောကသံသရာမှ လွတ်မြောက်ပြီး ကုသိုလ်သည်လည်း ကုသိုလ်မဟုတ်တော့ဘဲ ကြိယာအဖြစ်သို့ ရောက်သွားမည် ဖြစ်ပါသည်။ ထို့ကြောင့် 'ငါ' ဟူသော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ပါဝင်နေသဖြင့်သာ 'ကုသိုလ်' အမည်ရနေခြင်း ဖြစ်ပါသည်။ သို့မဟုတ်ပါက ကုသိုလ်အမည် ရစရာအကြောင်း မရှိတော့ပါချေ။ အကျဉ်းအားဖြင့် ဆိုရလျှင် လောကီ ကုသိုလ်တိုင်း၌ အကုသိုလ်သည် 'ငါ၊ ငါ' ဟူသော အနုသယသဘောဖြင့် မလွဲသာ၊ မရှောင်သာ ပါဝင်နေမည် ဖြစ်ပါသည်။ ကုသိုလ်သည် အကုသိုလ်၏ အနုသယသဘောကို ဆန့်ကျင်နေစဉ်သာ ကုသိုလ်အမည် ရပြီး အကုသိုလ်၏ အနုသယသဘောမှ လုံးဝ လွတ်မြောက်သွားသည်နှင့် တစ်ပြိုင်နက် ကုသိုလ်အမည် မရနိုင်တော့ခြင်း ဖြစ်ပါသည်။

ကုသိုလ်နှင့် အကုသိုလ်တို့၏သဘောကို ခြုံ၍ ဆိုရလျှင် လူ့ဘဝအပေါ်၌ ကုသိုလ်နှင့် အကုသိုလ်တို့သည် အဆန်နှင့် အစုန်အနေဖြင့် အချင်းချင်း ဆန့်ကျင်ကာ အပြိုင် သက်ရောက်နေကြသည်။ အဆန်အားက သာလွန်ပါက အဆန်ဘက်သို့ ရွေ့လျားပြီး လူချမ်းသာ၊ နတ်ချမ်းသာများကို ရရှိပါသည်။ အစုန်အားက သာလွန်ပါက အစုန်ဘက်သို့ ရွေ့လျားပြီး အပါယ်ဆင်းရဲကို ရရှိသည်။ အားချင်း တူညီပါက ရပ်တန့်တည်ငြိမ်ပြီး 'အဟောသိကံ' ဖြစ်ကာ ကမ္မပထ မမြောက်တော့ချေ။ အဆန်အားက အစုန်အားမှ အပြီးတိုင် လွတ်မြောက်သွားလျှင် ကုသိုလ်သဘောမှ ကြိယာသဘောသို့ ပြောင်းသွားသည်။

လူ့ဘဝဟူသည်မှာ ကုသိုလ်နှင့် အကုသိုလ်တည်းဟူသော ဆန့်ကျင်ဘက် အားတစ်စုံတို့၏ အပြိုင်သက်ရောက်ရာဌာန ဖြစ်ပါသည်။ ထို့ကြောင့် လူ့ဘဝကို လေ့လာလျှင် ယင်းဆန့်ကျင်ဘက် အားတစ်စုံကိုလည်း လေ့လာရန် လိုအပ်ပါသည်။ ထိုအားတစ်စုံတွင် ပထမဦးစွာ အကုသိုလ်သဘောကို လေ့လာသင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သံသရာစက်ဝန်းသည် အကုသိုလ် 'အဝိဇ္ဇာ' က စပြီး လူ့ဘဝတွင်လည်း ကုသိုလ်နှင့် အကုသိုလ် နှစ်မျိုးအနက် ဘဝကို တပ်မက်သည့်လောဘ (ဘဝနိကန္တိကလောဘ) အကုသိုလ်က စတင်ဖြစ်သော ကြောင့် ဖြစ်ပါသည်။

အကုသိုလ်နှင့် ပတ်သက်၍ ဖွင့်ဆိုသောအခါ ကျမ်းဂန်များတွင် အဆင့် သုံးဆင့်ထား၍ ဖွင့်ဆိုလေ့ ရှိပါသည်။ ယင်း အဆင့် သုံးဆင့်တို့မှာ–





(၁) အနုသယ အဆင့်၊

(၂) ပရိယုဋ္ဌာန အဆင့်၊

(၃) ဝီတိက္ကမ အဆင့်

တို့ ဖြစ်ပါသည်။ ထိုအဆင့် သုံးဆင့်တို့တွင် အနုသယအဆင့်မှာ ကာလသုံးပါးမှ အလွတ်အဆင့် ဖြစ်ပါသည်။ ကာလသုံးပါးမှ အလွတ်ကို ဒဿနကျမ်းများ၌ ထာဝရပစ္စုပ္ပန်ဟူ၍ ခေါ်ကြပါသည်။ ပရိယုဋ္ဌာနအဆင့်မှာ ဥပါဒ်၊ ဌီ၊ ဘင် အဆင့် ဖြစ်ပါသည်။ အကြောင်းညီညွတ်သောအခါ အနုသယအဆင့်မှ ပရိယုဋ္ဌာနအဆင့်သို့ ကူးပြောင်းပါသည်။ ဝီတိက္ကမအဆင့်မှာ ပရိယုဋ္ဌာနအဆင့်မှ ကာယကံ၊ ဝစီကံ အဖြစ်သို့ လွန်ကျူးလာသည့်အဆင့် ဖြစ်ပါသည်။ ထိုအဆင့် သုံးမျိုးတို့အနက် အနုသယအဆင့် အကုသိုလ်ကို လောကသစ္စာအားဖြင့် လောကအရှိတရား ဟူ၍ ခေါ်ပါသည်။ လောကုတ္တရာသစ္စာအားဖြင့်မူ နိဗ္ဗာန်သာ အရှိတရား ဖြစ်ပါသည်။ လောကအရှိတရားဖြစ်သည့် 'အနုသယ' ကို ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ဟူ၍လည်း အရပ်သုံးဝေါဟာရဖြင့် ခေါ်ကြပါသေးသည်။ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောသည် လောကသစ္စာအရ ဓာတ်အနေဖြင့် မပြောင်းလဲဘဲ လောကတွင် အမြဲထာဝစဉ် ရှိနေပါသည်။ ထို့ကြောင့် အနုသယကို လောကသစ္စာအားဖြင့် 'အနန္တ' ဟူ၍လည်းကောင်း၊ နိဗ္ဗာန်ကို လောကုတ္တရာသစ္စာအားဖြင့် 'အနန္တ' ဟူ၍လည်းကောင်း ဆိုကြခြင်း ဖြစ်ပါသည်။ ဤသို့လျှင် လောကသစ္စာ 'အနန္တ' နှင့် လောကုတ္တရာသစ္စာ 'အနန္တ' ဟူ၍ မည်သည့်အခါမျှ မပျက်သုဉ်း၊ ကုန်ဆုံးနိုင်သော 'အနန္တ' နှစ်မျိုး ရှိပါသည်။

## အာသဝ

အာသဝဟူသည် ယစ်မူးအောင် ပြုလုပ်တတ်သောသဘော ဖြစ်ပါသည်။ ပုထုဇဉ်တို့သည် အရူးနှင့် တူကုန်၏ ဟူ၍ ဆိုကြပါသည်။ အရူးတို့သည် ထင်မိထင်ရာ ဆင်တတ်ကြကုန်၏။ အကောင်းကိုလည်း မကောင်း ဟူ၍လည်းကောင်း၊ မကောင်းကိုလည်း အကောင်း ဟူ၍လည်းကောင်း ထင်တတ်ကြကုန်၏။ အာသဝတရားများသည် အရူးဆေးသဖွယ်ဖြစ်၍ ပုထုဇဉ်တို့သည် အရူးဆေးကို သောက်သုံးပြီး ရူးနေကြသူများသဖွယ် ဖြစ်ကြပါသည်။ ထို့ကြောင့် ဒုက္ခကို သုခအနေဖြင့် လိုချင်ကြပါသည်။ မဖန်တီးနိုင်သည်ကို ဖန်တီးနိုင်သည့်အနေဖြင့် သုံးသပ်ကြပါသည်။ အမှားကို အမှန်အနေဖြင့် မြင်ကြပါသည်။ ဤသို့လျှင် ပုထုဇဉ်တို့သည် အာသဝတရားများကြောင့် မလိုချင်သင့်ပါဘဲလျက် လိုချင်ကြ၏။ အစိုးမရနိုင်ပါဘဲလျက် အစိုးရအောင် ကြိုးပမ်းကြ၏။ မှားနေကြောင်း ထောက်ပြခြင်း ခံရပါ



www.burmeseclassic.com

www.burmeseclassic.com



လျက် အမှန်အနေဖြင့် ဖွတ်ငြင်းကြ၏။ ဤသဘောများမှာ အာသဝတရားများ၏ စွမ်းဆောင်ချက်များ ဖြစ်ကြပါသည်။

အာသဝတရားများ၏ တရားကိုယ်မှာ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ ဖြစ်ကြပါသည်။ ယင်းအာသဝတရားများသည် ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် အာရုံနှင့် သန္တာန် နှစ်ရပ်အပေါ်၌ ယစ်မူးအောင်၊ ရူးအောင် ပြုလုပ်ကြပါသည်။ အာရုံပိုင်းအနေအားဖြင့် လောဘကလည်း ထိုထို မလိုချင်သင့်သော အာရုံတို့၌ လိုချင်ဖွယ်အဖြစ် ယစ်မူးအောင်၊ ရူးအောင် လုပ်ပါသည်။ ဒိဋ္ဌိကလည်း ထိုထို အနှစ်မဲ့အာရုံတို့၌ အမြဲတေရတနာအဖြစ် ယစ်မူးအောင်၊ ရူးအောင် ပြုလုပ်ပါသည်။ မောဟကလည်း ထိုထို အမှားအာရုံတို့၌ အမှန်တရားအဖြစ် ယစ်မူးအောင်၊ ရူးအောင် ပြုလုပ်ပါသည်။ အာရုံပိုင်းဆိုင်ရာ၌သာမက သန္တာန်ပိုင်းအနေအားဖြင့်လည်း ထိုထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဗီဇသတ္တိသဘော အရ မလိုချင်သင့်သော အာရုံ၌ပင် လိုချင်သူအဖြစ်၊ မိမိကိုယ်ကို စိုးပိုင်သူအဖြစ် မိမိကိုယ်ကို သစ္စာရှင်အဖြစ် ယစ်မူးအောင်၊ ရူးအောင် ပြုလုပ်ကြပါသည်။ ထိုသို့ ယစ်မူးအောင်၊ ရူးအောင် ပြုလုပ်ရာ၌ လောဘကလည်း လောဘအလျောက် ဒိဋ္ဌိကလည်း ဒိဋ္ဌိအလျောက်၊ မောဟကလည်း မောဟအလျောက် အာရုံပိုင်းနှင့် သန္တာန်ပိုင်း နှစ်ရပ်အပေါ်၌ လောဘရည်များ၊ ဒိဋ္ဌိရည်များ၊ မောဟရည်များကို ပက်ဖျန်းကြပါသည်။ သို့ဖြစ်၍သာ မလိုချင်သင့်သော အာရုံ၌ လိုချင်စရာမှု လိုချင်သူအဖြစ်၊ အနှစ်သာရမဲ့သော အာရုံ၌ အမြဲတေရတနာနှင့် စိုးပိုင်သူအဖြစ် မှားယွင်းသော အာရုံ၌ အမှန်တရားနှင့် သစ္စာရှင်အဖြစ် လိုက်လျော်ညီထွေ ထင်မှတ်နေကြခြင်း ဖြစ်ပါသည်။ ဤအာသဝတရားတို့သည် ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ ထိုထိုအာရုံပိုင်း၌ ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် ထိုထိုသန္တာန်ပိုင်း၌ အနုသယအဆင့်အနေဖြင့် ဖြစ်စေ၊ ပရိယုဋ္ဌာနအဆင့်အနေဖြင့် ဖြစ်စေ ဝီတိက္ကမအဆင့်အနေဖြင့် ဖြစ်စေ လောဘရည်၊ ဒိဋ္ဌိရည်၊ မောဟရည်များကို ပက်ဖျန်းလျက် ယစ်မူးအောင်၊ ရူးအောင် ပြုလုပ်နေကြပါသည်။

## ဩဃ

ဩဃဟူသည် ရေအလျဉ်သဖွယ် ဖြစ်သောသဘော ဖြစ်ပါသည်။ သံသရာသည် မဟာသမုဒ္ဒရာ ရေပြင်ကျယ်သဖွယ်ဖြစ်လျှင် ဩဃအမည်ရသော လောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည် ရေအလျဉ်သဖွယ် ဖြစ်လာကြပါသည်။ ရေအလျဉ်တို့ သဘော သည် အောက်သို့သာ စုန်တတ်ပါသည်။ ထို့အပြင် နစ်လည်းနစ်မြုပ် တတ်ပါ သည်။ သို့ဖြစ်၍ ရေအလျဉ်နှင့်တူသော ဩဃတရားတို့သည် ထိုထိုပုဂ္ဂိုလ်တို့ကို





သံသရာ၏ အဆန်ဘက်ဖြစ်သော လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့သို့ မရောက် နိုင်အောင် အောက်ဘက်သို့သာ ဆွဲဆောင်သွားကြပါသည်။ အောက်ဘက်ဆိုသည်မှာ အပါယ်လေးဘုံ ဖြစ်ပါသည်။ ဤသည်မှာ သံသရာရေပြင်ကျယ်၌ ကျင်လည်နေရစဉ် ကာလအတွင်း ဖြစ်ပါသည်။ ထိုထိုပုဂ္ဂိုလ်တို့သည် သံသရာရေပြင်ကျယ်၌ ကျင်လည်နေရစဉ် ကာလအတွင်း ဤဩဃတရားများကြောင့် အဆန်ဘက်ဖြစ်သည့် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတို့၌ ဖြစ်ရန်ခဲယဉ်းပြီး အစုန်ဘက်ဖြစ်သည့် အပါယ်လေးပါးတို့၌ ဖြစ်ရန်လွယ်ကူခြင်း ဖြစ်ပါသည်။ ဤသည်မှာ အောက်ဘက်သို့သာ စုန်တတ်သော ဩဃတရားတို့၏ စွမ်းဆောင်မှုကြောင့် ဖြစ်ပါသည်။

ထိုထိုပုဂ္ဂိုလ်တို့သည် သံသရာမှ လွတ်မြောက်ရန် ကြိုးစားကြပါသည်။ သံသရာ ရေအလျဉ်ကြောမှ ကြည်းကုန်းတည်းဟူသော နိဗ္ဗာန်သောင်ကမ်းပေါ်သို့ တက်လှမ်းရန် ကြိုးပမ်းကြပါသည်။ ထိုအခါ ဝဲဩဃ ရေအလျဉ်သည် ထိုပုဂ္ဂိုလ်များကို သံသရာ ရေပြင်ကျယ်၌ စုပ်စုပ်မြုပ်အောင် နစ်မြုပ်တတ်ပါသည်။ စုပ်စုပ်မြုပ်အောင် နစ်မြုပ်တတ်သော ဝဲဩဃရေအလျဉ်မှ နိဗ္ဗာန်သောင်ကမ်းပေါ်သို့ ရောက်အောင် တက်လှမ်းရန် ကြိုးပမ်းရသည်ကား လွယ်ကူသောအလုပ် မဟုတ်ပါချေ။

သုံးဆယ့်တစ်ဘုံတည်းဟူသော မဟာသမုဒ္ဒရာရေပြင်ကျယ်၌ ကျွန်ုပ်တို့သည် မဂ္ဂင်ဖောင်ဖြင့် နိဗ္ဗာန်သောင်ကမ်းပေါ်သို့ တက်လှမ်းနိုင်ရန် လှော်ခတ်နေကြစဉ် ဝဲဩဃများ၏ စုပ်ယူခြင်းကို မလွဲသာ မရှောင်သာ ခံကြရပါသည်။ ဝဲဩဃ၏ စုပ်ယူအားသန်ရာဌာန၌ မဂ္ဂင်ဖောင်သည် ပျက်စီး၍ နစ်မြုပ်သွားတတ်ပါသည်။ ဝဲဩဃ၏ စုပ်ယူအားမသန်ရာ ဌာန၌သာ မဂ္ဂင်ဖောင်သည် မပျက်စီး မနစ်မြုပ်ဘဲ လှော်ခတ်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် နေရာဌာနသည် ဝဲဩဃ၏ စုပ်ယူအား နည်းပါးရာ ဖြစ်ဖို့လည်း လိုပါသည်။ မဂ္ဂင်ဖောင် ခိုင်ခံ့ဖို့လည်း လိုပါသည်။ ဝဲဩဃ၏ စုပ်ယူအား နည်းပါးရာ ဌာနသည် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ ဖြစ်ပါသည်။ မဂ္ဂင်ဖောင် ခိုင်ခံ့မှုသည် ဝိပဿနာပွားများမှု ဖြစ်ပါသည်။ ဒါန၊ သီလစသော သာမန် လောကီကုသိုလ်များဖြင့် တည်ဆောက်သော မဂ္ဂင်ဖောင်သည် မခိုင်ခံ့သဖြင့် ဝဲဩဃရေအလျဉ်၌ ပျက်စီး၍ နစ်မြုပ်တတ်ပါသည်။ ဝိပဿနာကုသိုလ်များဖြင့် တည်ဆောက်သော မဂ္ဂင်ဖောင်သည်သာ ခိုင်ခံ့၍ ဝဲဩဃ ရေအလျဉ်၌ မပျက်စီးဘဲ နိဗ္ဗာန်သောင်ကမ်းအရောက် လှော်ခတ်နိုင်မည် ဖြစ်ပါသည်။

သုံးဆယ့်တစ်ဘုံသည် အပြောကျယ်သည့် မဟာသမုဒ္ဒရာ ဖြစ်ပါသည်။ မဟာသမုဒ္ဒရာ၌ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည် ပြင်းထန်သော လှိုင်းတံပိုးများ၊



www.burmeseclassic.com

www.burmeseclassic.com



ရေစီးကြောင်းများ၊ ရေစုပ်ဝဲများ၊ ရေအလျဉ်များ ဖြစ်ကြပါသည်။ ထိုလှိုင်းတံပိုးများ၊ ရေစီးကြောင်းများ၊ ရေစုပ်ဝဲများ၊ ရေအလျဉ်များကို ကြံ့ကြံ့ခံနိုင်ရန် ခိုင်ခံ့သော မဂ္ဂင်ဖောင်ကို တည်ဆောက်ဖို့ လိုအပ်ပါသည်။ ခိုင်ခံ့သော မဂ္ဂင်ဖောင်သာ မရှိပါက လူ့ဘဝသည် ပြင်းထန်သော လှိုင်းတံပိုးတို့၏အကြား ရေစီးကြောင်းအတိုင်း ရေအလျဉ်အလိုက် မျောပါ၍ ရေစုပ်ဝဲများ၏ အောက်၌ နစ်မြုပ်သွားပြီး ပျက်စီးသွားမည် ဖြစ်ပါသည်။ ထိုအခါ လူ့ဘဝကို ပြန်လည်တည်ဆောက်ရန် ဒုလ္လဘတရားအနေဖြင့် များစွာခက်ခဲမည် ဖြစ်ပါသည်။

လောကုတ္တရာရှုထောင့်မှ သံသရာကို သုံးသပ်ပါလျှင် ဤလောကသည် သိစရာအာရုံ၊ သိတတ်သူ၊ သိစိတ်ဟူ၍ သုံးမျိုးရှိပါသည်။ ထိုသုံးမျိုးတို့တွင် သိစရာအာရုံများသည် ဘုံသုံးပါး၌ဖြစ်သော အာရုံပိုင်းဆိုင်ရာ တရားများ ဖြစ်ပါသည်။ သိစိတ်များသည် ဂေါတြဘူတိုင်အောင်သော သင်္ခါရပိုင်းဆိုင်ရာ အာရုဏိကတရားများ ဖြစ်ကြပါသည်။ သိတတ်သူများသည် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောအရ အနုသယအဆင့်၌ ဩဃတရားများ ဖြစ်ကြပါသည်။ ထိုဩဃတရားများသည် အာရုံပိုင်းဆိုင်ရာနှင့် သင်္ခါရပိုင်းဆိုင်ရာ နှစ်မျိုးလုံး၌ အစုန်သဘော၊ နစ်မြုပ်တတ်သော သဘောများ ကိန်းအောင်းနေအောင် ဇီဝသတ္တိသဘောအရ ဖန်ဆင်းတတ်ပါသည်။ သို့ဖြစ်၍သာ ဘုံသုံးပါးတွင် အမြင့်ဆုံးဘုံဖြစ်သော ဗြဟ္မာဘုံရှိ အာရုံတရားများသည်လည်း နစ်မြုပ်တတ်ကြပါသည်။ သိစိတ် (ဇော) တရားများတွင် အမြင့်ဆုံးဖြစ်သော ဂေါတြဘူသိစိတ်သည်ပင် ပုထုဇဉ်တို့၏ သင်္ခါရ၌ ဖြစ်ဆဲဖြစ်၍ အနုသယအဆင့်ဩဃကို သမုစ္ဆေဒပဟာန်ဖြင့် မိစ်ပြတ်ပယ်နိုင်ခြင်း မရှိသောကြောင့် နစ်မြုပ်တတ်သည့်သဘော ရှိသေးသည်ဟူ၍ပင် ဆိုအပ်ပါသည်။ ဤသို့လျှင် ဩဃတရားများသည် ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် နစ်မြုပ်တတ်ပါသည်။

## ယောဂ

ယောဂဟူသည် ယှဉ်ကပ်ပေးတတ်သော တရားများ ဖြစ်ပါသည်။ ယင်း ယောဂတရားများသည် သတ္တဝါများကို သံသရာဝဋ်ဆင်းရဲ၌ ယှဉ်ကပ်ပေးတတ်ပါသည်။ သတ္တဝါများကို သံသရာဝဋ်ဆင်းရဲ၌ ယှဉ်ကပ်ပေးရာတွင် ကံနှင့် ကံ၏ အကျိုးတို့ ပြတ်ထွက်မသွားအောင် ယှဉ်ကပ်ပေးမှု၊ ဘဝတစ်ခုနှင့် ဘဝတစ်ခု ပြတ်ထွက်မသွားအောင် ယှဉ်ကပ်ပေးမှု၊ အာရုံနှင့် သင်္ခါရတို့ ပြတ်ထွက်မသွားအောင် ယှဉ်ကပ်ပေးမှု၊ သတ္တဝါနှင့် သံသရာစက်ရဟတ်တို့ ပြတ်ထွက်မသွားအောင် ယှဉ်ကပ်ပေးမှုတို့ ပါဝင်ပါသည်။ ယောဂတရားများက ထိုသို့ ယှဉ်ကပ်ပေးထားသဖြင့်သာ သတ္တဝါများသည် သံသရာဝဋ်ဆင်းရဲမှ လွတ်ထွက်သွားခြင်း မရှိဘဲ အမြဲတစေ ကျင်လည်နေကြရခြင်း ဖြစ်ပါသည်။





ယောဂတရား၏ တရားကိုယ်မှာ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ပင် ဖြစ်ပါသည်။ ယောဂတရားများသည် လောဘသဘောဖြင့် အာရုံကိုလည်း လိုချင်ဖွယ်ဖြစ်အောင်၊ သင်္ခါရကိုလည်း လိုချင်သူဖြစ်အောင် ပြုလုပ်၍ ယှဉ်ကပ်ပေးပါသည်။ ဒိဋ္ဌိသဘောဖြင့် အာရုံကိုလည်း အမြဲတေရတနာဖြစ်အောင်၊ သင်္ခါရကိုလည်း ပိုင်သူဖြစ်အောင် ပြုလုပ်၍ ယှဉ်ကပ်ပေးပါသည်။ မောဟသဘောဖြင့် အာရုံကိုလည်း အမှန်တရားသဖွယ်ဖြစ်အောင်၊ သင်္ခါရကိုလည်း သစ္စာရှင်ဖြစ်အောင် ယှဉ်ကပ်ပေးပါသည်။

ယှဉ်ကပ်ပေးခြင်းသည် နှစ်မျိုး ရှိပါသည်။ ယှဉ်ကပ်စရာ အရာဝတ္ထုများကို ယှဉ်ကပ်ပြီးနောက် ပြန်၍ ခွဲမရသော ယှဉ်ကပ်မှုနှင့် ပြန်၍ ခွဲရသော ယှဉ်ကပ်မှုတို့ ဖြစ်ပါသည်။ ပြန်၍ ခွဲမရသော ယှဉ်ကပ်မှုကို 'သမဝါယ' ဟု ခေါ်ပါသည်။ ပြန်၍ ခွဲရသော ယှဉ်ကပ်မှုကို 'သံယောဂ' ဟု ခေါ်ပါသည်။ သမဝါယ ယှဉ်ကပ်မှုသည် ဓမ္မသစ်တစ်ခုကို ဖြစ်စေပြီး သံယောဂ ယှဉ်ကပ်မှုသည် ဓမ္မသစ်တစ်ခုကို ဖြစ်စေနိုင်ခြင်း မရှိပါ။ ခန္ဓာငါးပါးကို ဤယောဂတရားများက ယှဉ်ကပ်ပေးရာတွင် 'ငါ'ဟူသော ဓမ္မသစ်တစ်ခု ထွက်ပေါ်ခဲ့ပါသည်။ ဤ 'ငါ'ဟူသော ဓမ္မသစ်တစ်ခုသည် မူလခန္ဓာငါးပါး၌ မပါဝင်ဘဲ ယှဉ်ကပ်မှုကို အကြောင်းပြု၍ နောက်မှ ထွက်ပေါ်လာသည့် ဓမ္မသစ် ဖြစ်ပါသည်။ ယင်းဓမ္မသစ်ကို ပါဠိဝေါဟာရဖြင့် 'အတ္တ' ဟူ၍ ခေါ်ကြပါသည်။ ဤသည်မှာ ဗုဒ္ဓဝါဒအရ ဖြစ်ပါသည်။

ဗုဒ္ဓဝါဒအရ အတ္တသည် နောက်တိုးတရား ဖြစ်ပါသည်။ လောက၏ အခြေခံအုတ်မြစ်လည်း ဖြစ်ပါသည်။ အခြေခံအုတ်မြစ်ပေါ်၌ တည်၍ လောကကို သင်္ခါရတရားများဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ လောကကို ဖျက်သိမ်းရန် ကြိုးပမ်းသောအခါ အခြေခံအုတ်မြစ်ဖြစ်သော အတ္တကိုပါ အပြီးတိုင် ဖျက်သိမ်းရပါသည်။ ထိုအခါ လောကသည် ချုပ်ငြိမ်း၍ နိဗ္ဗာန်သည် ထင်ရှားလာပါသည်။ အတ္တ ဖျက်သိမ်းရေးနှင့် ပတ်သက်၍ ဗုဒ္ဓပိဋကတ်တော်၌ ဤသို့ ဖော်ပြထားပါသည်။

| | | |
|---|---|---|
| **နေတံ မမ** | = | ငါ၏ဥစ္စာ မဟုတ် |
| **နေသောဟံ** | = | ငါ မဟုတ် |
| **န မေသော အတ္တာ** | = | ငါ၏အတ္တ မဟုတ် |

ဗုဒ္ဓခေတ် မတိုင်မီကာလ ကမူ အရာရာတိုင်းကို အတ္တဖြင့်သာ တိုင်းတာခဲ့ပါသည်။ ထိုခေတ် အယူဝါဒအရ အတ္တသည် နောက်တိုး တရားသာ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မူလတရား ဖြစ်ပါသည်။ အရာရာတိုင်းကို အတ္တအပေါ် အခြေခံ၍ တည်ဆောက်ပါသည်။ လောကရှိ အရာရာတိုင်း ပျက်စီးသွားသောအခါ အတ္တသည် အမြဲတေအဖြစ် ကျန်ရစ်ပါသည်။ ထိုအခါ အတ္တသည်လည်း တစ်ခုတည်းသော အတ္တ (ဗြဟ္မာ) ဖြစ်လာခဲ့ပါသည်။ ဗြဟ္မာကိုပင် 'ပရမ အတ္တ' ဟူ၍လည်း ခေါ်ပါသည်။ ထို့ကြောင့် အတ္တသည်သာ စစ်မှန်သော အမြဲတေရတနာ၊ စစ်မှန်သော သစ္စာတရား၊ စစ်မှန်သော အသိတရား၊ စစ်မှန်သော အလှနှင့် စစ်မှန်သော အရှိတရား ဖြစ်ပါသည်။ လောကအနေဖြင့်လည်း အမြဲတေရတနာ ဖြစ်ပါသည်။ သို့ရာတွင် လောက၏ အမြဲတေရတနာကား လောကပိုင် မဟုတ်၊ အတ္တထံမှ ခေတ္တ ချေးငှားထားသော အမြဲတေရတနာ ဖြစ်ပါသည်။ လောကအနေဖြင့်လည်း သစ္စာတရား ဖြစ်ပါသည်။ သို့ရာတွင် လောက၏သစ္စာကား လောကပိုင် မဟုတ်၊ အတ္တထံမှ ခေတ္တ ချေးငှားထားသော သစ္စာ ဖြစ်ပါသည်။ လောကအနေဖြင့်လည်း သိပါသည်။ သို့ရာတွင် လောက၏အသိကား လောကပိုင် မဟုတ်၊ အတ္တထံမှ ခေတ္တ ချေးငှား၍သိသော အသိတရား ဖြစ်ပါသည်။ လောကအနေဖြင့်လည်း လှပါသည်။ သို့ရာတွင် လောက၏ အလှကား လောကပိုင် မဟုတ်၊ အတ္တထံမှ ခေတ္တ ချေးငှား၍ လှသောအလှ ဖြစ်ပါသည်။ လောကအနေဖြင့်လည်း ရှိပါသည်။ သို့ရာတွင် လောက၏အရှိကား လောကပိုင် မဟုတ်၊ အတ္တထံမှ ခေတ္တချေးငှား၍ ရှိသော အရှိတရား ဖြစ်ပါသည်။ ဤသို့လျှင် လောကနှင့်တကွ လောကရှိ အရာရာတိုင်းကို အတ္တဖြင့် တွက်ချက်၍ တန်ဖိုးဖြတ်ကြပါသည်။ ဥပနိသျှဒ်ကျမ်းများ၌ အတ္တနှင့်ပတ်သက်၍ ဤသို့ ဖော်ပြထားပါသည်။

| | | |
|---|---|---|
| **ဧတံ မမ** | = | ငါ၏ ဥစ္စာ |
| **ဧသောဟံ** | = | ငါ |
| **ဧသော မေ အတ္တာ** | = | ငါ၏ အတ္တ |

ဗုဒ္ဓခေတ် မတိုင်မီကာလ က လောက၏ အမြတ်ဆုံး 'စံ' အဖြစ် သတ်မှတ်ပြီး အမြတ်တနိုး တန်ဖိုးထားခြင်း ခံရသော အထက်ပါတရား သုံးမျိုးကို ဗုဒ္ဓခေတ်တွင်မူ အယုတ်ဆုံး 'ယောဂ' အဖြစ် သတ်မှတ်ပြီး ဖျက်သိမ်းရန် အားထုတ်ကြပါသည်။ ဤသည်မှာ ခေတ်နှစ်ခေတ်၏ အမြင်ရေးရာ ခြားနားမှု ဖြစ်ပါသည်။

## ဂန္ထ

ဂန္ထဟူသည် ထုံးဖွဲ့ပေးတတ်သော တရားများ ဖြစ်၏။ အတိတ်နှင့် ပစ္စုပ္ပန် ပစ္စုပ္ပန်နှင့် အနာဂတ် နာမ်ရုပ်တရားများကို တစ်ခုနှင့်တစ်ခု သံကွင်းဆက်သကဲ့သို့ မပြတ်အောင် ထုံးဖွဲ့ပေးတတ်၏။ ဤဂန္ထတရားများကြောင့် စုတိနောက် ပဋိသန္ဓေ





ပဋိသန္ဓေနောက် စုတိဟူ၍ ဘဝချင်း ဆက်ကာဆက်ကာ ထုံးဖွဲ့ကြရခြင်း ဖြစ်၏။ ထို့ကြောင့်လည်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် အကန့်လိုက် အကန့်လိုက် ပြတ်ထွက်ခြင်း မရှိဘဲ အမြဲတစေ လည်ပတ်နေခြင်း ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တွင် ကွင်းဆက်တစ်ခု ပြုတ်ထွက်သွားသည်နှင့် တစ်ပြိုင်နက် ယင်း စက်ရဟတ် ရပ်တန့်၍ လောကသည် ချုပ်ငြိမ်းသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် လောကမှ ထွက်မြောက်လိုပါလျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ကွင်းဆက်များကို ဖြုတ်ပစ်ရန် လိုအပ်ပါသည်။

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တွင် ဖြုတ်ပစ်ရန် လွယ်ကူသော အထုံးအဆက် သုံးနေရာ ရှိပါသည်။ ထို သုံးနေရာကို ကျမ်းဂန်များ၌ တိသန္ဓိ (အဆက်သုံးခု) ဟု ဆိုပါသည်။ ထို အဆက် သုံးနေရာသည်–

(၁) အတိတ်အကြောင်း တရားစုနှင့် ပစ္စုပ္ပန်အကျိုး တရားစုတို့ ဆက်ရာ ဌာနတစ်ခု၊

(၂) ပစ္စုပ္ပန်အကျိုး တရားစုနှင့် ပစ္စုပ္ပန်အကြောင်း တရားစုတို့ ဆက်ရာ ဌာနတစ်ခု၊

(၃) ပစ္စုပ္ပန်အကြောင်း တရားစုနှင့် အနာဂတ်အကျိုး တရားစုတို့ ဆက်ရာ ဌာနတစ်ခု

စုစုပေါင်း ဆက်ရာ သုံးဌာန ရှိပါသည်။ ယင်း ဆက်ရာ ဌာနများကို ကျမ်းဂန်များ၌–

(၁) သင်္ခါရ (အတိတ်အကြောင်း) နှင့် ဝိညာဏ် (ပစ္စုပ္ပန်အကျိုး) တို့၏ ဆက်ရာဌာန၊

(၂) ဝေဒနာ (ပစ္စုပ္ပန်အကျိုး) နှင့် တဏှာ (ပစ္စုပ္ပန်အကြောင်း) တို့၏ ဆက်ရာဌာန၊

(၃) ဘဝ (ပစ္စုပ္ပန်အကြောင်း) နှင့် ဇာတိ (အနာဂတ်အကျိုး) တို့၏ ဆက်ရာဌာန

ဟူ၍ ဆိုပါသည်။ ဤဆက်ရာဌာနများသည် ဂန္ထတရားများကြောင့် ထုံးဆက်နေခြင်း ဖြစ်ပါသည်။ ယင်း အထုံးအဆက်များကို တစ်နေရာရာမှ ဖြေဖြုတ်လိုက်ပါလျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် ရပ်တန့်သွားမည် ဖြစ်ပါသည်။ လောကသည် ချုပ်ငြိမ်းသွားမည် ဖြစ်ပါသည်။

ဂန္ထတရားများ၏ တရားကိုယ်မှာ အဘိဇ္ဈာ (လောဘ)၊ ဗျာပါဒ (ဒေါသ)၊ သီလဗ္ဗတပရာမာသနှင့် ဣဒံသစ္စာဘိနိဝေသ (ဒိဋ္ဌိ) တို့ ဖြစ်ပါသည်။ သတ္တဝါတိုင်းတွင် ဗီဇသတ္တိအနေဖြင့် ရယူလိုမှုသဘော ရှိပါသည်။ ယင်းသဘောကို အဘိဇ္ဈာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါသည်။ ရယူလိုမှုသဘောအတိုင်း ရယူရန် အားထုတ်ပါလျက် မရရှိသော အခါ မကျေနပ်မှုသဘော ရှိပါသည်။ ယင်းသဘောကို ဗျာပါဒ ခေါ်ပါသည်။ သတ္တဝါတိုင်းတွင် ဇီဇသတ္တိသဘောအရ မိမိနှင့်သူတစ်ပါး ခွဲခြားပြီး သုံးသပ်တတ်သော အလေ့နှင့်အကျင့် ရှိပါသည်။ မိမိနှင့် တစ်သားတည်း ထပ်တူ မပြုနိုင်သောသဘော ဖြစ်ပါသည်။ ယင်းသဘောကို 'နွားအလေ့ နွားအကျင့်၊ ခွေးအလေ့ ခွေးအကျင့်' ဟူ၍ ကျမ်းဂန်များ၌ သုံးနှုန်းပါသည်။ နွားများ၊ ခွေးများသည် သူတစ်ဖက်သားကို မိမိနှင့်ထပ်တူ တစ်သားတည်း မပြုနိုင်သဖြင့် သူတစ်ပါး ဟူ၍ မြင်တတ်သောသဘောကို 'နွားအလေ့ နွားအကျင့်၊ ခွေးအလေ့ ခွေးအကျင့်' ဟူ၍ ခေါ်ခြင်း ဖြစ်ပါသည်။ ပါဠိဝေါဟာရဖြင့် ယင်းသဘောကို သီလဗ္ဗတပရာမာသဟူ၍ ခေါ်ပါသည်။ သူတစ်ပါးအနေဖြင့် မြင်သောအခါ မိမိဘက်ကို အကောင်း၊ အမှန်၊ သူတစ်ပါးဘက်ကို အဆိုး၊ အမှားဟူ၍ နှလုံးသွင်းပါသည်။ အကယ်၍ မိမိဘက်ကမှားပြီး သူတစ်ပါးဘက်က မှန်နေစေကာမူ မိမိဘက်ကို လျှော့ပေါ့သက်ညှာပြီး ဖြည့်စွက်ကာ သုံးသပ်၍ သူတစ်ပါးဘက်ကိုမူ မပြည့်စုံသေးသူအဖြစ် နှုတ်ပယ်သုံးသပ်ပါသည်။ ငါ့ဘက်က အမှန်၊ သူ့ဘက်က အမှား ဟူသောသဘော ဖြစ်ပါသည်။ ယင်းသဘောကို ပါဠိဝေါဟာရဖြင့် ဣဒမေဝသစ္စ (ငါ့ဘက်က အမှန်)၊ မောဃမညံ (သူ့ဘက်က အမှား) ဟူသော သက်ဝင်ယုံကြည်မှု ဟူ၍ ခေါ်ပါသည်။ ဤသည်မှာ ပုထုဇဉ်တို့၏ သဘာဝကိုမှီ၍ ဆိုသောအဆို ဖြစ်ပါသည်။ ကျင့်စဉ်အနေဖြင့်မူ မဂ္ဂင်ရှစ်ပါး မပါဝင်သော အကျင့်ဟူသမျှကို သီလဗ္ဗတပရာမာသကျင့်စဉ်များဟူ၍ မဟာစည် ဆရာတော်ကြီးက ပဋိစ္စသမုပ္ပါဒ် တရားတော် ၌ ဖော်ပြထားပါသည်။

ဤဂန္ထတရား လေးမျိုး၊ တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌိတို့သည် လိုချင်မှုသဘော (လောဘ)၊ မရလျှင် မကျေနပ်သည့်သဘော (ဒေါသ)၊ မိမိနှင့် ထပ်တူ မပြုနိုင်ဘဲ သူတစ်ဖက်သားအနေဖြင့် ခွဲခြားသည့်သဘော (ဒိဋ္ဌိ)၊ မိမိဘက်ကိုညှာ၍ သူ့ဘက်ကို နာစေသည့်သဘော (ဒိဋ္ဌိ) တို့ဖြင့် သတ္တဝါတို့၏ သန္တာန်၌ အစဉ်အမြဲ ကိန်းနေကြပါသည်။ ဤသို့ ကိန်းနေကြသဖြင့်လည်း ပဋိသန္ဓေနှင့် စုတိ၊ စုတိနှင့် ပဋိသန္ဓေဟူ၍ သံကွင်းဆက်ပမာ ထုံးဖွဲ့ကာ ဤဘဝမှ ထိုဘဝသို့ ကျင်လည်ကျက်စား ပြေးသွားနေရခြင်း ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် ကွင်းဆက်မပြတ်ဘဲ တရစပ်လည်ပတ်နေရခြင်း ဖြစ်ပါသည်။

## ဥပါဒါန်

ဖားကို မြွေက ဖမ်းသောအခါ မလွှတ်ဘဲ စွဲ စွဲမြဲမြဲ ဖမ်းယူထားသကဲ့သို့ မိမိနှင့် ဆိုင်ရာ အာရုံကို စွဲ စွဲမြဲမြဲ ယူတတ်သော သဘောတရားသည် ဥပါဒါန် မည်ပါ





သည်။ ယင်းဥပါဒါန်ကို စွဲ လမ်းခြင်းဟူ၍လည်း ဆိုပြောပါသည်။ ဤ ဥပါဒါန်နှင့် တရားများကြောင့်ပင် ကျွန်ုပ်တို့သည် ကာလအားဖြင့်လည်း အပိုင်းပိုင်း၊ ဒေသအားဖြင့်လည်း အပိုင်းပိုင်း၊ ကိစ္စအားဖြင့်လည်း အပိုင်းပိုင်း၊ အာရုံအားဖြင့်လည်း အပိုင်းပိုင်း ဖြစ်ကြသော ပရမတ္ထတရားများကို တစ်ခုတည်းအနေဖြင့် မြင်နေကြရခြင်း ဖြစ်ပါသည်။ အစိုင်အခဲ မဟုတ်ပါဘဲလျက် အစိုင်အခဲအနေဖြင့် မြင်နေကြခြင်း ဖြစ်ပါသည်။ သတ္တဝါ မဟုတ်ပါဘဲလျက် သတ္တဝါအနေဖြင့် မြင်နေကြခြင်း ဖြစ်ပါသည်။ အရာဝတ္ထု မဟုတ်ပါဘဲလျက် အရာဝတ္ထုအနေဖြင့် မြင်နေကြခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ မြင်လေသောအခါ လိုချင်စရာ အာရုံတို့၌လည်း စွဲလမ်းတတ်ပါသည်။ ဤသို့ စွဲလမ်းခြင်းသည် ကာမုပါဒါန် ဖြစ်ပါသည်။ အယူဝါဒတို့၌လည်း စွဲလမ်းတတ်ပါသည်။ ဤသို့ စွဲလမ်းခြင်းသည် ဒိဋ္ဌုပါဒါန် ဖြစ်ပါသည်။ အလေ့အကျင့်တို့၌လည်း စွဲလမ်းတတ်ပါသည်။ ဤသို့ စွဲလမ်းခြင်းသည် သီလဗ္ဗတုပါဒါန် ဖြစ်ပါသည်။ မိမိတို့ကိုယ်ကို ပြုလုပ်တတ်သူ (ကာရက)၊ ခံစားတတ်သူ (ဝေဒက)၊ စိုးပိုင်သူ (သာမိ)၊ အမြဲနေသူ (နိဝါသီ)၊ အလိုအတိုင်း ရွှမ်းဆောင်နိုင်သူ (သယံဝသီ) အနေဖြင့်လည်း စွဲလမ်းတတ်ပါသည်။ ဤသို့ စွဲလမ်းခြင်းသည် အတ္တဝါဒုပါဒါန် ဖြစ်ပါသည်။ စွဲလမ်းမှုနှင့် ပတ်သက်၍ နာဂါရ်ဂျုန က သူ၏ *ဝိဂြဟဗျာဝတ္တနီကျမ်း* ဂါထာ (၂၉) ၌ ဤသို့ ဆိုခဲ့ပါသည်။

**ယဒိ ကာစန** ပြတိညာ၊ သျာန္မေ **တတး ဧဝ မေ ဘဝေဒ္ဒေါသး**။

**နာသ္တိ စ မမ** ပြတိညာ၊ **တသ္မာ နေဝါသ္တိ မေ ဒေါသး**။

**မေ**၊ ငါ့အား။ **ကာစန**၊ တစ်စုံတစ်ခုသော။ **ပြတိညာ**၊ ပဋိညာဉ်သည်။ **ယဒိ သျာတ်**၊ အကယ်၍ ရှိငြားအံ့။ **တတး ဧဝ**၊ ထိုသို့ ရှိခြင်းကြောင့်သာလျှင်။ **မေ**၊ ငါ့အား။ **ဒေါသး**၊ အပြစ်သည်။ **ဘဝေတ်**၊ ဖြစ်ရာ၏။ **မမ**၊ ငါ့အား။ **ပြတိညာ**၊ ပဋိညာဉ်သည်။ **န အသ္တိ စ**၊ ရှိလည်း မရှိ။ **တသ္မာတ်**၊ ထို့ကြောင့်။ **မေ**၊ ငါ့အား။ **ဒေါသး**၊ အပြစ်သည်။ **န ဧဝ အသ္တိ**၊ မရှိသည်သာတည်း။

ထို့အပြင် အာရ်ယဒေဝ ကလည်း သူ၏ *စတုသတက* သော်ဠသမကဏ္ဍ ဂါထာ (၂၅) ၌ ဤသို့ ဆိုခဲ့ပါသည်။

**သတ် အသတ် သဒသဒ္စေတိ၊ ယသျ ပက္ခော န ဝိဒျတေ**။

**ဥပါလမ္ဘး စိရေဏာပိ၊ တသျ ဝက္တုံ န သကျတေ**။

**သတ် စ**၊ အရှိတရားဟုတ်၏ ဟူ၍လည်းကောင်း။ **အသတ် စ**၊ မရှိတရားဟုတ်၏ ဟူ၍လည်းကောင်း။ **သတ် အသတ်စ**၊ ရှိသည်လည်း ဟုတ်၏ မရှိသည်လည်း ဟုတ်၏ ဟူ၍လည်းကောင်း။ **ဣတိ**၊ ဤသို့။



www.burmeseclassic.com

www.burmeseclassic.com



ယသျ၊ အကြင်သူအား။ **ပဏ္ဍော**၊ ဘက်လိုက်ခြင်းသည်။ **န ဝိဒျတေ**၊ မရှိ။ **တသျ**၊ ထိုသူ၏။ **ဥပါလမ္ဘား**၊ အပြစ်ကို။ **ဝတ္တုံ**၊ ဆိုခြင်းငှာ။ **စိရေဏာပိ**၊ ကြာမြင့်စွာ ကြိုးပမ်းစေကာမူ။ **န သကျတေ**၊ မစွမ်းနိုင်ပါချေ။

ထို့အပြင် ဗွဲလမ်းမှုနှင့်ပတ်သက်၍ ဂေါဍပါဒ ကလည်း သူ၏ *ကာရိကာ စတုတ္ထကဏ္ဍ* ဂါထာ (၈၃) ၌ ဤသို့ ဆိုခဲ့ပါသည်။

**အသ္တိ နာသ္တိ အသ္တိနာသ္တီတိ၊ နာသ္တိနာသ္တီတိ ဝါ ပုနး။**
**စလသ္ထိရောဘယာဘာဝဲရာဝ္ဝဏောတျေဝ ဗာလိသး။**

**အသ္တိ**၊ အရှိတရား ဟုတ်၏။ **ဣတိ ဝါ**၊ ဤသို့လည်းကောင်း။ **နာသ္တိ**၊ မရှိတရား ဟုတ်၏။ **ဣတိ ဝါ**၊ ဤသို့လည်းကောင်း။ **အသ္တိနာသ္တိ**၊ အရှိတရားလည်းဟုတ်၏ မရှိတရားလည်းဟုတ်၏။ **ဣတိ ဝါ**၊ ဤသို့လည်းကောင်း။ **ပုနး**၊ တစ်ဖန်။ **န အသ္တိနာသ္တိ**၊ အရှိတရားလည်းမဟုတ် မရှိတရားလည်းမဟုတ်။ **ဣတိ ဝါ**၊ ဤသို့လည်းကောင်း။ **စလသ္ထိရ ဥဘယ အဘာဝဲး**၊ လှုပ်ရှားသောသဘော (စလ)၊ တည်ငြိမ်သောသဘော (ထိရ)၊ နှစ်ပါးစုံသဘော (ဥဘယ)၊ နှစ်ပါးစုံ မဟုတ်သော သဘော (အဘာဝ)တို့ဖြင့်။ **ဗာလိသး**၊ လူမိုက်သည်။ **ပရမတ္ထံ**၊ ပရမတ္ထသစ္စာကို။ **အာဝ္ဝ ဏောတိဧဝ**၊ ဖုံးကွယ်ထားသည် သာတည်း။

ဗွဲလမ်းမှုနှင့်ပတ်သက်၍ မဟာယာနဝါဒီများနှင့် ဗြာဟ္မဏဝါဒီများက တစ်စုံတစ်ခုသောဝါဒ၌ သက်ဝင်ယုံကြည်မှုကိုပင် ဗွဲလမ်းမှုဥပါဒါန်ဟု သတ်မှတ်ကြပါသည်။ ထေရဝါဒ၌မူ ထိုကဲ့သို့ သတ်မှတ်ခြင်းကို မပြုပါချေ။ တရားကိုဖြစ်စေ၊ ဝါဒကိုဖြစ်စေ၊ အရာဝတ္ထုကိုဖြစ်စေ တစ်ခုခုကို ပန်းတိုင်အဖြစ် သိမ်းပိုက်ခြင်း (ဂဟဏတ္ထ)ကိုသာ ဗွဲလမ်းမှု ဥပါဒါန်ဟု သတ်မှတ်ပါသည်။ လမ်းစဉ်သို့မဟုတ် အသုံးအဆောင် ကိရိယာအဖြစ် အသုံးပြုခြင်း (နိတ္ထရဏတ္ထ) ကို ဗွဲလမ်းမှုဥပါဒါန်ဟု သတ်မှတ်ခြင်း မပြုပေ။ ထေရဝါဒ၌ ပန်းတိုင်သည် တစ်ခုတည်းသာ ရှိသည်။ ယင်းတစ်ခုတည်းသော ပန်းတိုင်သည် လောကသံသရာမှ လွတ်မြောက်မှု နိဗ္ဗာန် ဖြစ်ပါသည်။ နိဗ္ဗာန်မှတစ်ပါးသော တရားဓမ္မများ အားလုံးသည် နိဗ္ဗာန်သို့ ရောက်ရာလမ်းကြောင်းများ၊ ခရီးစဉ်များ၊ အသုံးအဆောင် ပစ္စည်းများသာ ဖြစ်ပါသည်။ ထို့ကြောင့် နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ ရောက်ရေးအတွက် မှန်ကန်သောဝါဒ၊ မှန်ကန်သောအမြင်၊ မှန်ကန်သောတရား၊ မှန်ကန်သောဝတ္ထု၌ သက်ဝင်ယုံကြည်မှုကို ဗွဲလမ်းမှု ဥပါဒါန်ဟု မသတ်မှတ်ခြင်း ဖြစ်ပါသည်။





ဗုဒ္ဓဝါဒအရလည်း ပစ္စည်းဥစ္စာများကို ကြိုးစားပမ်းစား ရှာဖွေကြပါ၏။ အတတ်ပညာများကိုလည်း ကြိုးစားပမ်းစား သင်ယူကြပါ၏။ အခြားဝါဒများ အရလည်း ပစ္စည်းဥစ္စာများကို ကြိုးစားပမ်းစား ရှာဖွေကြပါ၏။ အတတ်ပညာများကို ကြိုးစားပမ်းစား သင်ယူကြပါ၏။ သို့ရာတွင် ဗုဒ္ဓဝါဒအရ ပစ္စည်းဥစ္စာများကို မနားမနေ ကြိုးစားပမ်းစား ရှာဖွေခြင်းသည် မိမိအတွက် သိမ်းပိုက်ခံစားရန် မဟုတ်၊ လောကအတွက် အသုံးပြုရန်၊ သံသရာမှ လွတ်မြောက်ရေးအတွက် စွန့်လွှတ်လှူဒါန်းရန် ဖြစ်ပါသည်။ ဤကဲ့သို့ ရှာဖွေခြင်းနှင့် အသုံးပြုခြင်းကို 'မှန်ကန်သော ရှာဖွေခြင်းနှင့် မှန်ကန်သော အသုံးပြုခြင်း' ဟု သတ်မှတ်ပါသည်။ အတတ်ပညာ သင်ယူရာ၌လည်း ထို့အတူပင် မိမိကိုယ်ကို ပညာရှိတစ်ဆူအဖြစ် အသိအမှတ်ပြုခြင်းကို ခံယူရန် မဟုတ်၊ လောကအတွက် ဖြန့်ဖြူးရန်နှင့် သံသရာမှ လွတ်မြောက်ရေးအတွက် လိုက်နာကျင့်သုံးရန် ဖြစ်ပါသည်။ ဤကဲ့သို့ သင်ယူခြင်းနှင့် အသုံးပြုခြင်းကို 'မှန်ကန်သော သင်ယူခြင်းနှင့် အသုံးပြုခြင်း' ဟု သတ်မှတ်ပါသည်။

ဗွဲလမ်းမှုနှင့် ပတ်သတ်၍ *မူလပဏ္ဏာသပါဠိတော်၊ အလဂဒ္ဒူပမသုတ်* (၁၈၈) ၌ ဤသို့ ဟောတော်မူခဲ့ပါသည်။

**ကုလ္လူပမော ဓေါ ဘိက္ခဝေ မယာ ဓမ္မော ဒေသိတော နိတ္ထရဏတ္ထာယ၊ နော ဂဟဏတ္ထာယ။ ကုလ္လူပမံ ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသိတံ အာဇာနန္တေဟိ ဓမ္မာပိ ပဟာတဗ္ဗာ၊ ပဂေဝ အဓမ္မာ။**

**ဘိက္ခဝေ**၊ ရဟန်းတို့။ **ဓေါ**၊ စင်စစ်အားဖြင့်။ **မယာ**၊ ငါသည်။ **ကုလ္လူပမော**၊ 'ဖောင်' ဥပမာရှိသော။ **ဓမ္မော**၊ တရားကို။ **နိတ္ထရဏတ္ထာယ**၊ သံသရာမှ လွတ်မြောက်ရေးအတွက် 'ဖောင်' သဖွယ် အသုံးပြုခြင်းငှာ။ **ဒေသိတော**၊ ဟောတော်မူအပ်၏။ **ဂဟဏတ္ထာယ**၊ မြတ်နိုးတွယ်တာစရာ ပစ္စည်းအနေဖြင့် သိမ်းပိုက်ခြင်းငှာ။ **နော ဒေသိတော**၊ ဟောတော်မူအပ်သည် မဟုတ်။ **ဘိက္ခဝေ**၊ ရဟန်းတို့။ **ဝေါ**၊ သင်တို့အား။ **ဒေသိတံ**၊ ဟောတော်မူအပ်သော။ **ကုလ္လူပမံ**၊ ဖောင်သဖွယ် အသုံးပြုအပ်သော။ **ဓမ္မံ**၊ တရားကို။ **အာဇာနန္တေဟိ**၊ သိကုန်သော ပညာရှိတို့သည်။ **ဓမ္မာပိ**၊ ကုသိုလ်တရားတို့ကိုပင်။ **ပဟာတဗ္ဗာ**၊ သိမ်းပိုက်မထားဘဲ ပယ်စွန့်အပ်ကုန်၏။ **အဓမ္မာ**၊ အကုသိုလ်တရားတို့ကိုမူကား။ **ပဂေဝ**၊ အဘယ်ဆိုဖွယ်ရာ ရှိကုန်အံ့နည်း။ **ပဟာတဗ္ဗာ ဧဝ**၊ မုချမသွေ ပယ်စွန့်အပ်ကုန်သည် သာတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ပုဂ္ဂိုလ် သုံးမျိုး

စွဲလမ်းမှု ဥပါဒါန်နှင့် ပတ်သက်၍ ကျမ်းဂန်များတွင် ပုဂ္ဂိုလ် (သုံး) မျိုး ရှိကြောင်း ဖော်ပြထားပါသည်။ ထိုပုဂ္ဂိုလ် (သုံး) မျိုးတို့မှာ–

(၁) သကဝါဒီ၊

(၂) ပရဝါဒီ၊

(၃) ဝိတဏ္ဍာဝါဒီ

တို့ ဖြစ်ကြပါသည်။

ထို (သုံး) မျိုးတို့တွင် သကဝါဒီဆိုသည်မှာ မိမိ၏ အယူဝါဒ၌ ခိုင်မာစွာ ရပ်တည်သောပုဂ္ဂိုလ် ဖြစ်ပါသည်။ သူ၏ဝါဒသည် မှန်ကန်သော 'ဓမ္မဝါဒ' ဖြစ်ပါသည်။ ပရဝါဒီဆိုသည်မှာ သူ၏အယူဝါဒ၌ ခိုင်မာစွာ ရပ်တည်သောပုဂ္ဂိုလ် ဖြစ်ပါသည်။ သူ၏ဝါဒသည် မှားယွင်းသော 'အဓမ္မဝါဒ' ဖြစ်ပါသည်။ ဝိတဏ္ဍာဝါဒီဆိုသည်မှာ မည်သည့်ဝါဒ၌မျှ ခိုင်မာစွာ ရပ်တည်သောပုဂ္ဂိုလ် မဟုတ်၊ သင့်သလို ကြုံသလို ရပ်တည်သူ ဖြစ်ပါသည်။ သူ၏ ဝါဒသည်လည်း ရေရေရာရာ ပြောဆို၍ရသောဝါဒ မဟုတ်။ ထို့ကြောင့် ကျမ်းဂန်များ၌ ဝါဒရေးရာနှင့် ပတ်သက်၍ ဖွင့်ဆိုကြရာတွင် သကဝါဒီနှင့် ပရဝါဒီ ပုဂ္ဂိုလ် (နှစ်)မျိုးကိုသာ အရေးလုပ်၍ ဖွင့်ဆိုကြပြီး ဝိတဏ္ဍာဝါဒီ ပုဂ္ဂိုလ်မျိုးကိုမူ အရေးလုပ်၍ ဖွင့်ဆိုရန် မလိုအပ်သော ပုဂ္ဂိုလ်အဖြစ် ဖော်ပြကြပါသည်။ စွဲလမ်းမှု ဥပါဒါန်နှင့် ပတ်သက်၍ နာဂါရဇ္ဇုန အာရ်ယဒေဝ၊ ဂေါဋပါဒတို့ကို ထေရဝါဒအရ ဝိတဏ္ဍာဝါဒီများအဖြစ် သတ်မှတ်ကြပါသည်။

ဥပါဒါနပစ္စယာ ဘဝေါ ဟူသော ပဋိစ္စသမုပ္ပာဒ်အရ လောကကို ဖန်ဆင်းသူမှာ ထာဝရဘုရား မဟုတ်ဘဲ ဥပါဒါန်သာ ဖြစ်ပါသည်။ ဥပါဒါန်သည် လောကကို ဖန်ဆင်းရာ၌ မိမိသည်ပင် ဖန်ဆင်းသူ (အတ္တဝါဒုပါဒါန်)၊ မိမိသည်ပင် ဖန်ဆင်းစရာပစ္စည်း (ကာမုပါဒါန်)၊ မိမိသည်ပင် ကိရိယာတန်ဆာပလာ (သီလဗ္ဗတုပါဒါန်)၊ မိမိသည်ပင် အတတ်ပညာ (ဒိဋ္ဌုပါဒါန်) အဖြစ် ဆောင်ရွက်ပါသည်။ လောကကို ဖန်ဆင်းရန် ဥပါဒါန်အတွက် အားလုံး ပြီးပြည့်စုံပြီး ဖြစ်ပါသည်။ လက်သမားဆရာသည် အိမ်ကို ဆောက်လုပ်ရာ၌ သစ်ဝါးစသော ပြင်ပ ပစ္စည်းများနှင့် ပြင်ပဖြစ်သော လက်သမားကိရိယာများ ရှိမှသာ ဆောက်လုပ်နိုင် သော်လည်း ဥပါဒါန်က လောကကို ဖန်ဆင်းရာ၌မူ ပြင်ပဖြစ်သည့် ပစ္စည်းများကို ထည့်သွင်း အသုံးမပြု။ ဥပါဒါန်က ဥပါဒါန်ကိုပင် အသုံးပြုပါသည်။ သို့ဖြစ်၍ လည်း ဥပါဒါန်ကို ဖန်ဆင်းရှင်အဖြစ် ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်၌ ဖော်ပြထား ခြင်း ဖြစ်ပါသည်။





လောကဟူသည်မှာ သင်္ခါရတရားများသာ ဖြစ်ပါသည်။ သင်္ခါရတရားများ ဟူသည်မှာလည်း 'ဖြစ်၊ တည်၊ ပျက်' သဘောရှိသည့် ရုပ်ဓာတ်၊ နာမ်ဓာတ် များသာ ဖြစ်ပါသည်။ ပုဂ္ဂိုလ် သတ္တဝါများ မဟုတ်ပါ။ အသက်ဇီဝများ မဟုတ်ပါ။ အစိုင်အခဲများ မဟုတ်ပါ။ ထို့ကြောင့်ပင် သင်္ခါရတရားများကို 'နိဿတ္တ၊ နိဇ္ဇီဝ သဘာဝ' သတ္တဝါလည်း မဟုတ်၊ အသက်ဇီဝလည်း မဟုတ်သော သဘော တရားများဟူ၍ ကျမ်းဂန်များ၌ ဖော်ပြထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် ထိုထို သင်္ခါရတရားများသည် ထိုထိုဒွါရတို့၌ ထင်လာသောအခါ သတ္တဝါလည်း မဟုတ်၊ အသက်ဇီဝလည်း မဟုတ်သော သဘောတရားများ အနေဖြင့်သာ ထင်လာကြပါ သည်။ ဥပမာအားဖြင့် ရူပါရုံသည် စက္ခုဒွါရ၌ ထင်လာသောအခါ အဆင်းဓာတ် အနေဖြင့်သာ ထင်လာခြင်း ဖြစ်ပါသည်။ ထို့အတူပင် သဒ္ဒါရုံ၊ ဂန္ဓာရုံ စသည်တို့ သည်လည်း သောတဒွါရ၊ ဃာနဒွါရ စသည်တို့၌ ထင်လာသောအခါ အသံဓာတ်၊ အနံ့ဓာတ် စသည်အနေဖြင့်သာ ထင်လာကြခြင်း ဖြစ်ပါသည်။ သို့ပါလျက် ဥပါဒါန်တို့သည် ဓာတ်သဘာဝမျှသာ ဖြစ်သော ထိုထိုသင်္ခါရတရားများကို လုံးရပ် သဏ္ဌာန်နှင့်တကွ သတ္တဝါများဖြစ်အောင်၊ အသက်ဇီဝများဖြစ်အောင်၊ အစိုင်အခဲ များဖြစ်အောင် ဖန်ဆင်းပေးလိုက်ကြပါသည်။ ကာလအားဖြင့်လည်း အပိုင်းပိုင်း အပြတ်ပြတ်၊ ဒေသအားဖြင့်လည်း အပိုင်းပိုင်း အပြတ်ပြတ်၊ ကိစ္စအားဖြင့်လည်း အပိုင်းပိုင်း အပြတ်ပြတ်၊ အာရုံအားဖြင့်လည်း အပိုင်းပိုင်း အပြတ်ပြတ် အနေဖြင့် ထင်လာကြသော ထိုထိုသင်္ခါရ အာရုံများကို ကာလအားဖြင့်လည်း တစ်ခုတည်း ဖြစ်အောင်၊ ဒေသအားဖြင့်လည်း တစ်ခုတည်းဖြစ်အောင်၊ ကိစ္စအားဖြင့်လည်း တစ်ခုတည်းဖြစ်အောင်၊ အာရုံအားဖြင့်လည်း တစ်ခုတည်းဖြစ်အောင် ဥပါဒါန် တို့က ဖန်ဆင်းလိုက်ပါသည်။ ဥပါဒါန်တို့၏ ဖန်ဆင်းချက်အတိုင်းပင် ကျွန်ုပ် တို့ကလည်း သင်္ခါရတရားများ စစ်စစ်ကိုပင် ပုဂ္ဂိုလ်များ၊ သတ္တဝါများ၊ အသက် ဇီဝများ၊ အစိုင်အခဲများအဖြစ် သိမြင်ကြပါသည်။ ဤသို့ အာရုံအမှားကို အသိ မှားဖြင့် သိခြင်းသည်ပင် လောက မည်ပါသည်။ ထိုလောကကို အနုသယ အဆင့်တွင် ရှိသော ဥပါဒါန်တို့က ဖန်ဆင်းခြင်း ဖြစ်ပါသည်။

အပ်စူးလျှင် အပ်ဖြင့်ပင် ထွင်ရပါသည်။ အပ်ချင်းတူသော်လည်း ကိစ္စချင်း ကွဲပါသည်။ စူးသောအပ်က မကောင်းသောအပ်၊ ထွင်သောအပ်က ကောင်းသော အပ်။ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ** ဟူသော ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ လောကီ ကုသိုလ် မှန်သမျှသည် အဝိဇ္ဇာနုသယကို အခြေခံသည်ချည်း ဖြစ်ပါသည်။ သို့ ရာတွင် အဝိဇ္ဇာနုသယကို အခြေခံသော အသိမှားကို အဝိဇ္ဇာနုသယကို အခြေခံ သော အသိမှန်ဖြင့်ပင် ပယ်သတ်ရပါသည်။ ထိုသဘောကို ရည်ရွယ်၍ ပညာရှိ များက ဤသို့ မိန့်ခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇလေန ပကတံ ပင်္ကံ၊ ဇလေနေဝ ဝိသုဇ္ဈတိ။

စိတ္တေန ပကတံ ပါပံ၊ စိတ္တေနေဝ ဝိသုဇ္ဈတိ။

ဇလေန၊ ရေသည်။ ပကတံ၊ ပြုအပ်သော။ ပင်္ကံ၊ ရွံ့နွံသည်။ ဇလေနေဝ၊ ရေဖြင့်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ စိတ္တေန၊ စိတ်သည်။ ပကတံ၊ ပြုအပ်သော။ ပါပံ၊ မကောင်းမှုသည်။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ ဝိသုဇ္ဈတိ စင်ကြယ်၏။

## အနုသယ ကိလေသာ

အနုသယကိလေသာနှင့် ပတ်သက်၍ အရှင်ဇနကာဘိဝံသ က သူ၏ သင်္ဂြိုဟ်ဘာသာဋီကာ၌ ဤသို့ ဆိုထားသည်ကို တွေ့ရပါသည်။

အနုသယကိလေသာသည် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အထင်အရှား မရှိချေ။ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အထင်အရှားဖြစ်သောအခါ အနုသယ မဟုတ်။ ပရိယုဋ္ဌာနကိလေသာ ဖြစ်ပါသည်။ အသီး သီးမည့် သရက်ပင်၌ အသီး သီးစေတတ်သော ဓာတ်သတ္တိသည် သရက်စေ့ဝယ် အညောင့်ထွက်သည်ကစ၍ ပင်လုံး၊ အခက်၊ အရွက်၊ အညွန့်တို့၌လည်း ပါ၏ ။ ဤသို့ အသီး သီးစေတတ်သော ဓာတ်သတ္တိသည် သရက်ပင် တစ်ပင်လုံး၌ အစအဆုံး ကိန်းဝပ်နေသကဲ့သို့ ထိုအတူ အနုသယခေါ်သော ကိလေသာဓာတ်သည်လည်း ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ရုပ်တို့၌လည်း ပါရှိ၏။ ထို့နောက် တစ်ဘဝလုံး အဆက်ဆက် ရုပ်အစဉ် နာမ်အစဉ်၌လည်း ပါရှိ၏။ ရဟန္တာ မဖြစ်သေးသမျှ ကုသိုလ်ကောင်းမှုပြုနေစဉ်၊ ကမ္မဋ္ဌာန်းအားထုတ်နေစဉ်တွင်လည်း ပါရှိ၏။ တစ်ဘဝကုန်၍ စုတိစိတ် ဖြစ်ခိုက်၌လည်း ပါရှိ၏။ နောက်ဘဝ ပဋိသန္ဓေ ဖြစ်ခိုက်၌လည်း ပါရှိ၏။ အရူပဘုံ၌ နာမ်တရားချည်း ပဋိသန္ဓေနေသော်လည်း ထိုအရူပဘုံ နာမ်အစဉ်၌လည်း ပါရှိ၏။ အသညသတ်ဘုံ၌ ရုပ်ချည်း ပဋိသန္ဓေ နေသော်လည်း ထို အသညသတ်ဘုံ ရုပ်အစဉ်၌လည်း ပါရှိ၏။ ထို့ကြောင့် '**အနု** အနု၊ အစဉ်တစိုက်။ **သန္တာနေ**၊ ရုပ်နာမ် ခန္ဓာအစဉ်၌။ **သေတိ**၊ ကိန်းဝပ် တည်နေတတ်ကုန်၏။ **ဣတိ**၊ ထို့ကြောင့်။ **အနုသယာ** အနုသယ မည်ကုန်၏' ဟူ၍ ဆိုအပ်ပါသည်။

အမှန်အားဖြင့် မည်သည့်အခါမျှ ဆိတ်သုဉ်းပျောက်ကွယ်သွားခြင်း မရှိဘဲ အမြဲရှိနေသော **အရှိတရား** (နှစ်) မျိုး ရှိပါသည်။ တစ်မျိုးမှာ နိဗ္ဗာန်ဖြစ်၍ အခြား တစ်မျိုးမှာ လောကသံသရာ ဖြစ်ပါသည်။ ဆိတ်သုဉ်းပျောက်ကွယ်ခြင်း မရှိဘဲ





အမြဲရှိနေသည်မှာလည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ကာလ သုံးပါးဖြင့် ပိုင်းခြားသတ်မှတ်၍ မရဘဲ ကာလ (သုံး)ပါးမှ အလွတ် 'ကာလဝိမုတ်' ဖြစ်သောကြောင့် ဖြစ်ပါသည်။

နိဗ္ဗာန် အရှိတရားနှင့် ပတ်သက်၍ ယုံမှားဖွယ်မရှိသော်လည်း လောကသံသရာ အရှိတရားနှင့် ပတ်သက်၍ ယုံမှားဖွယ် ရှိပါသည်။ ငြင်းလည်း ငြင်းခုံကြပါသည်။ သတ္တဝါတို့သည် အရဟတ္တမဂ်ဖြင့် အနုသယကိလေသာကို အကြွင်းမဲ့ ပယ်သတ်ပြီးနောက် နိဗ္ဗာန်သို့ ရောက်ရှိကြပါသည်။လောကသံသရာနယ်သို့ ပြန်လာခြင်း မရှိကြတော့ပါ။ ဤသို့ဖြစ်လျှင် ဤလောကသံသရာ၌ သတ္တဝါတို့သည် တစ်ခုသောအချိန်တွင် ကုန်ဆုံးကြဖွယ် ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် အနုသယကိလေသာသည်လည်း ချုပ်ပါသည်။ သတ္တဝါသည်လည်း ချုပ်ပါသည်။ ထိုသို့ဖြစ်လျှင် လောကသံသရာကို ဆိတ်သုဉ်းပျောက်ကွယ်ခြင်း မရှိဘဲ အမြဲရှိနေသော အရှိတရားအနေဖြင့် လက်ခံရန် ခဲယဉ်းပါသည်။ ဤသို့ ငြင်းကြပါသည်။ ဤသို့ငြင်းခြင်းသည် လောကသံသရာကို 'အနန္တ' တရားအနေဖြင့် မမြင်ဘဲ 'အန္တ' တရားအနေဖြင့် မြင်သောကြောင့် ငြင်းခြင်း ဖြစ်ပါသည်။ 'အနန္တ' တရားဟူသည်မှာ အတိုးအဆုတ် မရှိသောသဘော ဖြစ်၍ 'အန္တ' တရားဟူသည်မှာ အတိုးအဆုတ် ရှိသောသဘော ဖြစ်ပါသည်။ 'အနန္တ' တရား ကို သင်္ချာဆရာတို့က 'ဓာတ်'ဟူ၍ ခေါ်ပြီး 'အန္တ' တရားကို 'ဒြပ်' ဟူ၍ ခေါ်ကြပါသည်။ 'ဓာတ်' သည် ပျက်စီးခြင်းမရှိသော နိစ္စတရားဖြစ်၍ 'ဒြပ်' သည် ပျက်စီးခြင်းရှိသော အနိစ္စတရား ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဓာတ်ကို သာမညဟုခေါ်ပြီး ဒြပ်ကို ဝိသေသဟု ခေါ်ပါသည်။ သာမညသည် တစ်ခုတည်း 'ဧကတ္တ' ဖြစ်၍ ပျက်စီးခြင်း မရှိပါ။ ဝိသေသသည် အမျိုးမျိုး 'နာနတ္တ' ဖြစ်၍ ပျက်စီးခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သတ္တဝါများသည် တစ်ဦးချင်း တစ်ဦးချင်း ဒြပ်အနေဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ လောကသံသရာမှ ချုပ်ငြိမ်းသွားကြသော်လည်း သတ္တဝါသဘော၊ သတ္တဝါဓာတ်အနေဖြင့်မူ မည်သည့်အခါမျှ ချုပ်ငြိမ်းသွားမည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် လောကသံသရာသည် အရေအတွက်အားဖြင့် လည်းကောင်း၊ အတိုင်းအတာ ပမာဏအားဖြင့် လည်းကောင်း တိုးခြင်း၊ ဆုတ်ခြင်း မရှိကောင်းသော အနန္တ (Infinity) တရား ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အနုသယကိလေသာတို့သည် ကိလေသာဓာတ် သတ္တဝါသဘောအနေဖြင့် မည်သည့်အခါမျှ မပျက်စီးဘဲ အမြဲထာဝရ ရှိနေသည့် ဤမှာဘက်ကမ်းက ထာဝရ ပစ္စုပ္ပန်၊ ထာဝရ အရှိတရားဖြစ်၍ နိဗ္ဗာန်သည် ထိုမှာဘက်ကမ်းက ထာဝရ ပစ္စုပ္ပန်၊ ထာဝရ အရှိတရား ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အနုသယကိလေသာ



www.burmeseclassic.com

www.burmeseclassic.com



သည် **လောကအရိုတရားဖြစ်၍** နိဗ္ဗာန်သည် **လောကုတ္တရာ အရိုတရား** ဖြစ်ပါသည်။ ထာဝရ အရိုတရားတို့နှင့် ပတ်သက်၍ သဘောအားဖြင့် အရေအတွက်နှင့် အတိုင်းအတာ လျော့နည်းသွားမှုကြောင့် 'အနန္တ' တရားမှ 'အန္တ' တရား ဖြစ်မသွားနိုင်ပုံ၊ အရေအတွက်နှင့် အတိုင်းအတာ တိုးပွားလာမှုကြောင့် 'အန္တ' တရားမှ 'အနန္တ' တရား ဖြစ်မသွားနိုင်ပုံ၊ အနန္တ-အနန္တ သတ်သတ်၊ အန္တ-အန္တ သတ်သတ်ဖြစ်ပုံ၊ အချင်းချင်း ကူးပြောင်း မသွားနိုင်ပုံတို့ကို ဂေါဋပါဒက သူ၏ *ကာရိကာစတုတ္ထ ကဏ္ဍ*၊ ဂါထာ (၃၀) ၌ ဤသို့ ဆိုခဲ့ပါသည်။

**အနာဒေရန္တ ဝတ္တွံစ၊ သံသာရဿ န သေတ္သျတိ။**

**အနန္တတာ စာဒိမတော၊ မောက္ခဿ န ဘဝိဿတိ။**

**အနာဒေး**၊ အစမရှိသော။ **သံသာရဿ**၊ သံသရာ၏။ **အန္တဝတ္တွံ စ**၊ အဆုံးရှိသည်၏ အဖြစ်သည်လည်း။ **န သေတ္သျတိ**၊ သက်သေပြ၍ ရလိမ့်မည် မဟုတ်။ **အာဒိမတော**၊ အစရှိသော။ **မောက္ခဿ**၊ နိဗ္ဗာန်၏။ **အနန္တတာ စ**၊ အဆုံးမရှိသည်၏ အဖြစ်သည်လည်း။ **န ဘဝိဿတိ**၊ ဖြစ်လိမ့်မည် မဟုတ်။

## သံယောဇဉ်

သံယောဇဉ်ဟူသည်မှာ မိမိကိန်းရာ သတ္တဝါကို (၃၁) ဘုံမှ မလွတ်နိုင်အောင် ချည်နှောင်တတ်သော တရားများဖြစ်၏။ ထို့ကြောင့် သံယောဇဉ်ကို 'ကြိုး' နှင့် ဥပမာပြု၍ ဆိုကြပါသည်။ ထိုသံယောဇဉ်ကြိုးများသည် စုစုပေါင်း (၁၀) ချောင်း ရှိပါသည်။ ကာမဘုံက ချည်နှောင်သော ကြိုး (ငါး) ချောင်း၊ ဗြဟ္မာ့ဘုံက ချည်နှောင်သော ကြိုး (ငါး) ချောင်း၊ အားလုံးပေါင်း (၁၀)ချောင်း ဖြစ်ပါသည်။ ကာမဘုံက ချည်နှောင်သောကြိုးများတွင် ချစ်ခြင်းနှင့် မုန်းခြင်းတို့လည်း ကြိုးများ အဖြစ် ပါဝင်၏။ ထိုထိုအရပ်ဒေသ၌ ဖြစ်လိုခြင်း၊ ထိုထိုပုဂ္ဂိုလ်များနှင့် အတူတကွ နေလိုခြင်းသည် ကြိုးများပင် ဖြစ်၏။ မုန်းတီးခြင်းသည်လည်း ကြိုးပင် ဖြစ်သည်။ 'ပေဖြစ်လျှင်ခံ၊ တူဖြစ်လျှင်ထု' ဟူသော ခံယူချက်သည် သံသရာ၌ အတုံ့အလှည့် အနေဖြင့် တွေ့ဆုံရန် ကာမဘုံက ချည်နှောင်ထားသည့်ကြိုး ဖြစ်ပါသည်။ ထိုကြိုးကို ဖြတ်တောက်ရန် 'အတုံ့အလှည့်ရှိလျှင် ကျေပါစေ' ဟူ၍ ဆုတောင်းတတ်ကြပါသည်။ ဗြဟ္မာ့ဘုံက ချည်နှောင်သော ကြိုးများတွင်မူ မုန်းတီးခြင်း ဒေါသကြိုး မရှိချေ။ အဘယ့်ကြောင့်ဆိုသော် ဗြဟ္မာတို့သည် မိမိတို့၏ ဈာန်စိတ်ဖြင့် ဒေါသကြိုးကို ဝိက္ခမ္ဘနပဟာန်ဖြင့် ဖြတ်တောက်ထားခဲ့ရာ ဗြဟ္မာ့ဘုံ၌ ဒေါသမရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဗြဟ္မာတို့သည် ကာမဘုံ၌ ဖြစ်ရစဉ်





ကာလက တစ်ဦးနှင့်တစ်ဦး ဒေါသကြိုးဖြင့် ချည်နှောင်ခဲ့ဖူးပါက မိမိတို့အချင်းချင်း လက်စားချေရန် ဗြဟ္မာ့ဘုံ၌ တွေ့ဆုံခွင့်မရဘဲ ကာမဘုံ၌သာ ပြန်လည်တွေ့ဆုံခွင့်ရမည် ဖြစ်ပါသည်။ ဒေါသကြိုးသည် ဗြဟ္မာ့ဘုံက ချည်နှောင်သောကြိုး မဟုတ်ဘဲ ကာမဘုံက ချည်နှောင်ထားသော ကြိုးဖြစ်သဖြင့် ကာမဘုံ၌ ပြန်လည်တွေ့ဆုံကြခြင်း ဖြစ်ပါသည်။

သံယောဇဉ်ကြိုးများသည် အားလုံးအဆိုးချည်း မဟုတ်ချေ။ အကျိုးမဲ့ကို ပြုတတ်သောကြိုးသည် အဆိုးဖြစ်၍ အကျိုးစီးပွားကို ပြုတတ်သောကြိုးသည် အကောင်းဖြစ်ပါသည်။ ပန်းတိုင်သဘောရှိလျှင် အဆိုး၊ လမ်းစဉ်နှင့် လမ်းကြောင်းသဘောရှိလျှင် အကောင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သမုဒ္ဒရာရေပြင်ကျယ်၌ လက်ပစ်ကူးရင်း လက်ပန်းကျနေသူများသဖွယ် ဖြစ်ကြပါ၏။ ကျွန်ုပ်တို့ထံ မျောလာသော ခွေးသေကောင်ပုပ်ကို မြတ်နိုးစရာအဖြစ် မတွယ်တာသင့်သော်လည်း ကမ်းသို့ရောက်နိုင်ရန် အမှီသဟဲအဖြစ် တွယ်တာရမည် ဖြစ်ပါသည်။ ခွေးသေကောင်ပုပ်ကို မှီတွယ်ရင်း ကမ်းသို့ကူးရမည် ဖြစ်ပါသည်။ ကမ်းသို့ကူးစရာ အကူအညီပစ္စည်းအဖြစ် အသုံးပြုရမည် ဖြစ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် ကမ်းသို့ ချောမောစွာ ရောက်နိုင်မည် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် လောကသားများ ဖြစ်ကြပါသည်။ လောကသားများ ဖြစ်ကြသည့်အလျောက် တစ်ဦးတည်း၊ တစ်ယောက်တည်းအနေဖြင့် အထီးကျန်နေ၍ မရ။ အသင်း၊ အပင်း၊ အအုပ် အစုဖြင့်သာ နေကြရမည် ဖြစ်ပါသည်။ ယဉ်ကျေးမှုသဘောအရ မြို့ရွာတည်ထောင်၍ နေရမည် ဖြစ်ပါသည်။ ထိုသို့ နေသောအခါ ကျွန်ုပ်တို့သည် မိမိတို့၏ အပေါင်းအသင်းများ အပေါ်၌လည်း သံယောဇဉ် ထားရပါမည်။ မိမိတို့ မြို့ရွာပေါ်၌လည်း သံယောဇဉ် ထားရပါမည်။ သို့ရာတွင် ထိုသံယောဇဉ်ကို မိမိအတွက် သိမ်းပိုက်ခံစားရန် (ဂဟဏတ္ထ) အလို့ငှာ အသုံး မပြုဘဲ လောကအတွက် အကျိုးပြုရန်၊ လောက၌ တရားဓမ္မ လွှမ်းမိုးစေရန်၊ သံသရာမှ လွတ်မြောက်ရန် (နိတ္ထရဏတ္ထ) အလို့ငှာ အသုံးပြုရပါမည်။ ထိုသို့ အသုံးပြုမှသာ ထေရဝါဒနှင့်ညီသော အသုံးပြုမှု ဖြစ်ပါသည်။ ထိုသို့ အသုံးပြုရန် အတွက် ထားသော သံယောဇဉ်သည် ကောင်းသောသံယောဇဉ် ဖြစ်ပါသည်။ ထို သံယောဇဉ်မျိုးကို ထားထိုက်သောသံယောဇဉ် **(သေဝိတဗ္ဗ သံယောဇဉ်)** ဟု ကျမ်းဂန်များ၌ ဆိုပါသည်။

## နီဝရဏ

နီဝရဏဟူသည်မှာ ဖုံးကွယ်တတ်သော တရားများ ဖြစ်ပါသည်။ ဖုံးကွယ်တတ်သော တရားများသည် သဘောအားဖြင့် (နှစ်) မျိုး ရှိပါသည်။ ထို (နှစ်) မျိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



သိစရာကို ဖုံးကွယ်ခြင်း (**ညေယျာဝရဏ**) နှင့် သိမှုကို ဖုံးကွယ်ခြင်း (**ကိလေသာဝရဏ**) တို့ ဖြစ်ပါသည်။ သိစရာကို ဖုံးကွယ်ထားသောအခါ အရာဝတ္ထုကို အမှန်အတိုင်း မမြင်ရတော့ဘဲ တစ်မျိုးတစ်ဖုံ မြင်ရတတ်ပါသည်။ လောကဥပမာအားဖြင့် မက်မောစရာ မကောင်းသော အရာဝတ္ထုကို မက်မောစရာကောင်းအောင် အပြောက်အမွမ်းတို့ဖြင့် ခြယ်မှုန်းလိုက်သောအခါ ပင်ကိုမူလက မက်မောစရာ မဟုတ်ပါဘဲလျက် မက်မောစရာသဖွယ် ဖြစ်လာပါသည်။ ဤသဘောကို သိစရာကို ဖုံးကွယ်ခြင်းဟု ဆိုပါသည်။ ဤသို့သော ဖုံးကွယ်ခြင်းမျိုးကို လောကဌ် အမြဲတစေ တွေ့ရတတ်ပါသည်။ ဓမ္မရေးရာ၌လည်း ဤသဘောအတိုင်းပင် ဖြစ်ပါသည်။ ပရမတ္ထတရားများကို နီဝရဏတရားများကြောင့် ဖြစ်ပေါ်လာသော ဃနတရားများဖြင့် ဖုံးကွယ်လိုက်သောအခါ ပင်ကိုမူလက အစိုင်အခဲ မဟုတ်ပါဘဲလျက် အစိုင်အခဲသဖွယ် ဖြစ်လာရပါသည်။ နိစ္စ မဟုတ်ပါဘဲလျက် နိစ္စသဖွယ် ဖြစ်လာပါသည်။ သုခ မဟုတ်ပါဘဲလျက် သုခသဖွယ် ဖြစ်လာပါသည်။ အတ္တ မဟုတ်ပါဘဲလျက် အတ္တသဖွယ် ဖြစ်လာပါသည်။ ဤသည်မှာ သိစရာ (အာရုံ) ပိုင်းဆိုင်ရာ ဖုံးကွယ်မှု ဖြစ်ပါသည်။

သိမှုကို ဖုံးကွယ်ထားသော အခါ၌လည်း အရာဝတ္ထုကို အမှန်အတိုင်း မမြင်ရတော့ဘဲ တစ်မျိုးတစ်ဖုံ မြင်ရတတ်ပါသည်။ လောကဥပမာအားဖြင့် မျက်စိကို မျက်မှန်စိမ်း တပ်ဆင်ထားလိုက်က မြင်မြင်သမျှ အရာဝတ္ထုသည် စိမ်းလန်းစိုပြည်သော အသွင်ကို ဆောင်လျက်ရှိသည်ချည်း ဖြစ်ပါသည်။ အမှန်အားဖြင့် မြင်မြင်သမျှ အရာဝတ္ထုသည် စိမ်းလန်းစိုပြည်သော အသွင်ကို မဆောင်ကြပါ။ သို့ပါလျက် မျက်စိ၌ တပ်ဆင်ထားသော မျက်မှန်စိမ်းကြောင့် စိမ်းလန်းစိုပြည်သော အသွင်ကို ဆောင်နေခြင်း ဖြစ်ပါသည်။ ဤသဘောကို သိမှုကို ဖုံးကွယ်ခြင်းဟု ဆိုပါသည်။ ဤသို့သော ဖုံးကွယ်ခြင်းမျိုးကို လောက၌ အမြဲတစေ တွေ့ရတတ်ပါသည်။ ပညာမျက်စိကို ကာမဆန္ဒဖြင့် ဖုံးကွယ်လိုက်သောအခါ မက်မောစရာ မဟုတ်ပါဘဲလျက် မက်မောစရာသဖွယ် မြင်လာတတ်ပါသည်။ ဒေါသဖြင့် ဖုံးကွယ်လိုက်ပါက ဒေါသဖြစ်စရာ မဟုတ်ပါဘဲလျက် ဒေါသဖြစ်စရာသဖွယ် မြင်လာတတ်ပါသည်။ ဤသည်မှာ သိမှု (အာရမ္မဏိက) ပိုင်းဆိုင်ရာ ဖုံးကွယ်မှု ဖြစ်ပါသည်။ ယင်းဖုံးကွယ်မှုများသည် တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာတို့ ဖြစ်ပါသည်။ နီဝရဏ တရားများနှင့် ပတ်သက်၍ ကျမ်းဂန်များ၌ ဖော်ပြရာတွင် သိစရာ (အာရုံ) ပိုင်းကို အလေးထား၍ ဖော်ပြသည်လည်း ရှိပါသည်။ သိမှု (အာရမ္မဏိက) ပိုင်းကို အလေးထား၍ ဖော်ပြသည်လည်း ရှိပါသည်။ သို့ရာတွင် သဘောအားဖြင့် (နှစ်) မျိုး ရနိုင်သည်





သာ ဖြစ်ပါသည်။ အနုသယသဘောကို နည်းမှီ၍ ဆိုရလျှင် သိစရာပိုင်း ဖုံးကွယ်မှုကို **အာရမ္မဏနီဝရဏ** ဟူ၍လည်းကောင်း၊ သိမှုပိုင်း ဖုံးကွယ်မှုကို **သန္တာနနီဝရဏ** ဟူ၍လည်းကောင်း ဆိုရမည် ဖြစ်ပါသည်။ ဒေသနာ ဝေါဟာရအားဖြင့်မူ သိစရာပိုင်း ဖုံးကွယ်မှုကို **ညေယျာဝရဏ** ဟူ၍လည်းကောင်း၊ သိမှုပိုင်း ဖုံးကွယ်မှုကို **ကိလေသာဝရဏ** ဟူ၍လည်းကောင်း ဆိုကြပါသည်။

## ဆန့်ကျင်ဘက်တို့၏ ပေါင်းစည်းရာ

လူ၏သန္တာန်၌ အစုန်တရားများနှင့် အဆန်တရားများ ကိန်းအောင်းလျက် ရှိပါသည်။ အစုန်တရားဟူသည်မှာ အကုသိုလ်တရားများ ဖြစ်ပါသည်။ အဆန်တရားဟူသည်မှာ ကုသိုလ်တရားများ ဖြစ်ပါသည်။ ယင်း အစုန်နှင့် အဆန်တို့သည် အချင်းချင်း ဆန့်ကျင်လျက် ရှိကြပါသည်။ အချင်းချင်း ဆန့်ကျင်ရာတွင် သူ့တုရှုအလျောက် အစုန်လည်း အစုန်အလိုက် စွမ်းအင်ရှိပါသည်။ အဆန်လည်း အဆန်အလိုက် စွမ်းအင်ရှိပါသည်။ သို့ရာတွင် နောက်ဆုံး၌ အဆန်က အစုန်ကို အောင်ပွဲခံပါသည်။ ထို့ကြောင့် ကျမ်းဂန်များ၌ အစုန်ကို ပယ်အပ်သောတရားဟူ၍ ဆိုပါသည်။ အဆန်ကို ပယ်တတ်သောတရားဟူ၍ ဆိုပါသည်။ အစုန်နှင့် အဆန်တို့သည် အချင်းချင်း ဆန့်ကျင်ရင်း ထာဝစဉ်ပေါင်းစည်းလျက် ရှိပါသည်။ ထိုသို့ ပေါင်းစည်းရာတွင် အဆန်တရားအနေဖြင့် အသာစီးရအောင် အားထုတ်အပ်ပါသည်။ ဤသို့ အသာစီးရအောင် အားထုတ်ရင်း၊ အားထုတ်ရင်း နောက်ဆုံး၌ ပဋိပက္ခသဘော ဆိတ်သုဉ်းပြီး ငြိမ်းချမ်းမှုကို ရရှိမည် ဖြစ်ပါသည်။ ပဋိပက္ခသဘော ဆိတ်သုဉ်းပြီး ငြိမ်းချမ်းမှုကို ရရှိခြင်းဆိုသည်မှာ ပယ်တတ်နှင့် ပယ်အပ်သဘောဖြင့် အချင်းချင်း ပဋိပက္ခ ပြုနေကြသည့် ကုသိုလ်နှင့် အကုသိုလ်တို့ မဖြစ်တော့ခြင်းပင် ဖြစ်ပါသည်။

## ဈာန်

ကောင်းသောအာရုံ၌ ဖြစ်စေ၊ မကောင်းသောအာရုံ၌ ဖြစ်စေ စိတ်က စူးစိုက်မှုသည် ဈာန် မည်ပါသည်။ ကောင်းသောအာရုံ၌ စူးစိုက်ပါက ကုသိုလ်ဈာန် မည်ပါသည်။ မကောင်းသောအာရုံ၌ စူးစိုက်ပါက အကုသိုလ်ဈာန် မည်ပါသည်။ အမှန်အားဖြင့် မည်သည့်ကိစ္စ၊ မည်သည့်အာရုံ၌ ဖြစ်စေ စူးစိုက်မှုရှိရန် လိုအပ်ပါသည်။ စူးစိုက်မှု မရှိပါက ကိစ္စပြီးစီးမှု ဖြစ်ပေါ်မလာနိုင်ပါချေ။ ထို့ကြောင့် ကိစ္စပြီးစီးမှုတိုင်းတွင် စူးစိုက်မှုသည် သူ့အတိုင်းအတာနှင့်သူ အထိုက်အလျောက် ပါဝင်သည်ချည်း ဖြစ်ပါသည်။ များများ စူးစိုက်ပါက များများအောင်မြင်၍ နည်းနည်း စူးစိုက်ပါက



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း အောင်မြင်ပါသည်။ စူးစိုက်မှု မှန်သမျှသည် ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ချာန်ပင် ဖြစ်ပါသည်။ ဤသို့လျှင် လယ်တီ ဆရာတော်က ပရမတ္ထသံခိပ်ကျမ်း၌ ဆိုခဲ့ပါသည်။ ထိုသို့ ဆိုခဲ့သည့်အလျောက် ကောင်းသော ချာန် ဖြစ်စေရန် ကောင်းသောအာရုံ၊ ကောင်းသောကိစ္စတို့၌သာ စူးစိုက်အစ် ပါသည်။

## ဗိုလ်

ဗိုလ်ဟူသည် ကြံ့ခိုင်သောသဘော၊ မြဲမြံသောသဘော၊ ဆန့်ကျင်ဘက်တို့ကို ဖိနှိပ် နိုင်သောသဘော၊ ခုခံနိုင်သောသဘော၊ နှိမ်နင်းနိုင်သောသဘောပင် ဖြစ်၏။ ယင်းသဘောသည် ကောင်းသောဘက်၌လည်း ရှိ၏။ မကောင်းသောဘက်၌ လည်း ရှိ၏။ ကောင်းသောဘက်၌ရှိလျှင် ကုသိုလ်ဗိုလ်ဟူ၍ ဆိုရ၏။ မကောင်း သောဘက်၌ရှိလျှင် အကုသိုလ်ဗိုလ်ဟူ၍ ဆိုရ၏။ သို့ရာတွင် အဘိဓမ္မာ ဒေသနာ တော်အရ ကုသိုလ်ဗိုလ်သည် ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကြောင့် မတုန် လှုပ်ဘဲ ခိုင်မြဲရုံသာမက ယင်းအကုသိုလ်တရားများကိုပင် ပယ်ရှားဖြိုဖျက်နိုင်ပါ သည်။ အကုသိုလ်ဗိုလ်မူကား မိမိ၏အုပ်စု (သဟဇာတဓမ္မ) အတွင်း၌သာ ဗိုလ်ကျနိုင်ပြီး ကုသိုလ်အုပ်စု၌မူ ဗိုလ်မကျနိုင်ပါချေ။ ထို့ကြောင့် ကောင်းသော တရားနှင့် မကောင်းသောတရားတို့တွင် အဆုံးသတ် အောင်ပွဲခံနိုင်သောတရားမှာ ကောင်းသောတရားသာ ဖြစ်ပါသည်။ ဓမ္မနှင့် အဓမ္မတို့တွင် အဆုံးသတ် အောင်ပွဲ ခံနိုင်သောတရားမှာ ဓမ္မသာ ဖြစ်ပါသည်။ ဤသို့လျှင် ဗုဒ္ဓဒေသနာတော်များ၌ ဖော်ပြထားပါသည်။ ထိုသို့ ဖော်ပြထားသည့်အလျောက် အပြီးသတ်အောင်ပွဲ ခံနိုင်သော ကောင်းသော တရားဓမ္မတို့ကိုသာ မိမိသန္တာန်၌ ကိန်းစေအပ်ပါသည်။

## အဓိပတိ

အဓိပတိဟူသည် အကြီးအမှူးသဘောပင် ဖြစ်၏။ ယင်း အကြီးအမှူး သဘောသည် ကောင်းသော ကုသိုလ်ဘက်၌လည်း ရှိ၏။မကောင်းသော အကုသိုလ်ဘက်၌ လည်း ရှိ၏။ ကောင်းသောဘက်၌ရှိလျှင် ကောင်းသောအဓိပတိ ဖြစ်ပါသည်။ မကောင်းသောဘက်၌ရှိလျှင် မကောင်းသောအဓိပတိ ဖြစ်ပါသည်။ ယင်း အဓိပတိ၏ တရားကိုယ်မှာ **ဆန္ဒ၊ ဝီရိယ၊ ပညာ၊ စိတ်**တို့ ဖြစ်ပါသည်။ ကောင်း သောလုပ်ငန်း၌ဖြစ်စေ၊ မကောင်းသောလုပ်ငန်း၌ဖြစ်စေ အဓိပတိတရားကိုယ် လေးပါးတို့တွင် တစ်ပါးပါးကို အဓိပတိထိုက်အောင် ပြုပြင်ပြီး ဆောင်ရွက်ပါက ယင်းလုပ်ငန်းသည် မလွဲမသွေ ပြီးစီးမည်သာ ဖြစ်ပါသည်။ ပင်ကိုစိတ်ဓာတ် ခိုင်မာသူဖြစ်ပါက ယင်းစိတ်ဓာတ်ဖြင့် မဖြစ်မနေ ဆောင်ရွက်ပါလျှင် မည်သည့်





လုပ်ငန်းမဆို အချိန်တန်လျှင် အောင်မြင်မည်၊ ပြည့်စုံမည် ဖြစ်ပါသည်။ ဉာဏ် ပညာကို အားကိုးသူ ဖြစ်ပါကလည်း ယင်းဉာဏ်ပညာဖြင့်ပင် မဖြစ်မနေ၊ မဖြစ် ချင်း ဆောင်ရွက်ပါလျှင် တစ်နေ့တွင် အောင်မြင်ရမည်သာ ဖြစ်ပါသည်။ ဤနည်းအားဖြင့် ဝီရိယကို အားကိုးသူ၊ ဆန္ဒကို အားကိုးသူတို့သည်လည်း မိမိတို့၏ ဝီရိယ၊ မိမိတို့၏ဆန္ဒဖြင့် မည်သည့်လုပ်ငန်းကိုမဆို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း ဗုဒ္ဓအဘိဓမ္မာဒေသနာတော်၌ လာရှိပါသည်။

## ဇောဓိပက္ခိယတရားများ

လောကတရားများတွင် ကုသိုလ်လည်း ပါဝင်၏။ အကုသိုလ်လည်း ပါဝင်၏။ ယင်း ကုသိုလ်နှင့် အကုသိုလ်တို့ကြောင့် သံသရာ၌ ကျင်လည်ကျက်စား ပြေးသွား နေသရွေ့ ကာလပတ်လုံး သတ္တဝါတို့၏ သန္တာန်၌ ကုသိုလ်နှင့် အကုသိုလ်တို့သည် ဖြစ်ပေါ်နေကြ၏။ ထိုသို့ ဖြစ်ပေါ်နေသောကြောင့်လည်း သတ္တဝါတို့သည် ဘုံသုံး ပါးမှ လွတ်မြောက်ခြင်းမရှိဘဲ ဘုံသုံးပါး၌ ကျင်လည်နေခြင်း ဖြစ်ပါသည်။ ဤဘဝမှ ထိုဘဝသို့၊ လိုဘဝမှ ဤဘဝသို့ ပြေးသွားနေရခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌ကား သံသရာမှ လွတ်မြောက်ရာ တရား ထူးများကို နာကြားကြရ၏။ ကျင့်သုံးကြရ၏။ ယင်းတရားထူးများကြောင့် ဘုံသုံးပါးမှ လွတ်မြောက်ကြရ၏။ထို့ကြောင့် ယင်းတရားထူးများသည် မြတ်စွာ ဘုရား ပွင့်တော်မူသော အခါ၌သာ ဖြစ်ပေါ်လာကြ၏။ မြတ်စွာဘုရား ပွင့်တော် မူသော အခါတွင်လည်း မြတ်စွာဘုရား သာသနာတော်၌သာ ရှိကြ၏။အခြား သော သာသနာတော်၌ မရှိကြပါချေ။ သို့ဖြစ်၍ ယင်းတရားထူးများကို အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူ၍ လည်းကောင်း၊ ဇောဓိပက္ခိယ ဟူ၍လည်းကောင်း ဆိုကြပါသည်။

ရိုးရိုး သီလ၊ သမာဓိ၊ ပညာတို့သည် လောကကို မလွန်နိုင်ဘဲ လောက တွင်း ကောင်းစားရေး၌သာ အဆုံးသတ်သော သီလ၊ သမာဓိ၊ ပညာတို့သာဖြစ်၏။ သို့ဖြစ်၍ ယင်းတို့ကို သာမန်အားဖြင့် သီလ၊ သမာဓိ၊ ပညာဟူ၍သာ ဆိုအပ်ပါ သည်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတို့ကား လောကကိုလွန်လျက် လော ကုတ္တရာ ကောင်းစားရေး၌ အဆုံးသတ်သော သီလ၊ သမာဓိ၊ ပညာတို့ ဖြစ်၏။ သို့ဖြစ်၍ ယင်းတို့ကို 'အဓိ'သဒ္ဒါဖြင့် အထူးပြုပြီး **အဓိသီလ၊ အဓိစိတ္တ၊ အဓိ ပညာ**ဟူ၍ ဆိုခြင်း ဖြစ်ပါသည်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတို့ကား မြတ်စွာ ဘုရား၏ သာသနာတော်၌သာရှိပြီး အခြားသော သာသနာတော်၌ မရှိသည့် တရားထူး၊ တရားမြတ်များ ဖြစ်ကြပါသည်။ ယင်းတို့ကို အခြားအမည်တစ်မျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဗောဓိပက္ခိယဟူ၍လည်း ဆိုကြပါသည်။ ဗောဓိပက္ခိယဟူသည်မှာ မဂ်ဉာဏ်၏ အသင်းအပင်းတွင် ပါဝင်သောတရား ဖြစ်ပါသည်။ မဂ်ဉာဏ်၏ အသင်းအပင်း ဟူသည်မှာလည်း မဂ်ဉာဏ်ကို ဖြစ်ပေါ်စေနိုင်သော တရားများပင် ဖြစ်ပါသည်။ ဗောဓိပက္ခိယတရားများသည် အောက်ပါအတိုင်း (၃၇) ပါး ဖြစ်ကြပါသည်။

| | |
|---|---|
| (၁) သတိပဋ္ဌာန် | ၄-ပါး |
| (၂) သမ္မပ္ပဓာန် | ၄-ပါး |
| (၃) ဣဒ္ဓိပါဒ် | ၄-ပါး |
| (၄) ဣန္ဒြေ | ၅-ပါး |
| (၅) ဗိုလ် | ၅-ပါး |
| (၆) ဗောဇ္ဈင် | ၇-ပါး |
| (၇) မဂ္ဂင် | ၈-ပါး |
| ပေါင်း= | ၃၇-ပါး |

## သတိပဋ္ဌာန်

ထိုထိုအာရုံတို့၌ တမင်တကာ လုပ်ယူရသည့် ပုဂ္ဂလဗျာပါရကို လွန်ကာ အလိုအလျောက် ဖြစ်ပေါ်လာသည့် ဓမ္မဗျာပါရဖြင့် စွဲစွဲမြဲမြဲ သက်ဝင်တည် သော သတိစေတသိက်သည် သတိပဋ္ဌာန် မည်ပါသည်။ သတိပဋ္ဌာန်အကြောင်း ရေး၌ဆိုခဲ့ပြီး ဖြစ်ပါသည်။ ဤနေရာ၌ အကျဉ်းသဘောမျှကိုသာ ပြန်လည် ဆိုမည် ဖြစ်ပါသည်။ မိမိတို့သည် ပုထုဇဉ်သဘောအလျောက် မိမိတို့၏ မျက် နား စသော ဒွါရတို့၌ ထင်လာသော အာရုံများကို စုံစုံစေ့စေ့နှင့် ပိုင်းပိုင်းခြား မသိလိုက်သည်က များပါသည်။ ဤသည်ကို မေ့လျော့ခြင်း (ပမာဒ) ဟု ဆို သည်။ သတိပဋ္ဌာန်ဘာဝနာ ပြည့်ဝလာသောအခါ မေ့လျော့ခြင်း (ပမာဒ) ပျော ၍ မမေ့လျော့ခြင်း (**အပ္ပမာဒ**) ရောက်လာပါသည်။ ထင်လာသမျှ အာရုံများ ရောနှောခြင်းမရှိဘဲ ထင်လာသည့်အတိုင်း တစ်မျိုးစီ၊တစ်မျိုးစီ အကန့်လိုက် အကန့်လိုက် ပိုင်းခြား၍ သိလာပါသည်။ မည်သည့်အာရုံကိုမျှ မသိလိုက် လွတ်သွားသည်ဟူ၍ မရှိတော့သော အဆင့်သို့ ရောက်လာပါသည်။ထိုအ အာရုံတရားများကို ပုဂ္ဂိုလ်သတ္တဝါအဖြစ် မမြင်တော့ဘဲ ဓမ္မအဖြစ်သာ မြင် ပါသည်။ ပစ္စုပ္ပန်တည့်တည့် မြင်လာပါသည်။ ဤလောက၌ ပုဂ္ဂိုလ်သတ္တ ဟူ၍ မရှိဘဲ ပရမတ္ထတရား အစုများသာ ရှိကြောင်း သိလာပါသည်။ ဤ သိမြင်လာအောင် ထင်လာသမျှသော အာရုံတို့၌ စွဲမြဲစွာ သက်ဝင်၍ တည်နိုင် သတိစေတသိက်ကို သတိပဋ္ဌာန်ဟူ၍ ဆိုပါသည်။





သတိပဋ္ဌာန်တရားသည် (လေး)ပါး ရှိပါသည်။ ထိုတွင် ကာယာ နုပဿ နာ သတိပဋ္ဌာန်ဖြင့် ရုပ်နာမ်တို့၌ **သုဘသညာ** (လှပတင့်တယ်သည်ဟူသော အမှတ်သညာ)ကို ပယ်ပါသည်။ ကာယာနုပဿနာ သတိပဋ္ဌာန် ရင့်သန်လာ သောအခါ ဤကိုယ်ကာယသည် စင်စစ်အားဖြင့် လှပတင့်တယ်ခြင်း မရှိဘဲ အသုဘသဘောသာ ရှိပါတကားဟူ၍ သိမြင်ပြီး ဤကိုယ်ကာယ၌ တပ်မက်မှု တဏှာကို ပယ်စွန့် နိုင်ပါသည်။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြင့် ရုပ်နာမ်တို့၌ **သုခသညာ** (ချမ်းသာသည်ဟူသော အမှတ်သညာ)ကို ပယ်ပါသည်။ အမှန်အား ဖြင့် ဤလောက၌ ခံစားမှု မှန်သမျှသည် သုခမဟုတ်ဘဲ ဒုက္ခပါတကားဟူ၍ သိမြင်လာပါသည်။ ဤသို့ သိမြင်ခြင်းသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ရင့်သန်ချိန်၌ ဖြစ်ပေါ်လာပါသည်။ ထိုသို့ ဖြစ်ပေါ်လာပါက ရုပ်နာမ်တို့၌ ကြောက် ကဲဖွယ် ဘေးဒုက္ခအနေဖြင့် သဘောပေါက်ပြီး တပ်မက်မှုတဏှာကို ပယ်နိုင်ပါ သည်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြင့် ရုပ်နာမ်တို့၌ **နိစ္စသညာ** (မြဲသည်ဟူသော အမှတ်သညာ) ကို ပယ်ပါသည်။ အမှန်အားဖြင့် ဤလောကသည် အမြဲ တစေ ဖြစ်၊ ပျက်၊ ပြုပြင်၊ ပြောင်းလဲလျက်' ရှိနေပါသည်။ ဤသဘောကို စိတ္တာ နုပဿနာ သတိပဋ္ဌာန် ရင့်သန်ချိန်၌ သိမြင်လာပါသည်။ သိမှုဟူသည်ကား ဝိထိစိတ်တို့တွင် ပါဝင်သော ဇောစိတ်တို့၏ တစ်ခုပြီးတစ်ခု စဉ်ဆက်မပြတ် ဆက်စပ်ဖြစ်မှုသာ ဖြစ်၏။ ယင်းဇောစိတ်တို့သည်လည်း တစ်ခုတည်းအနေဖြင့် အမြဲရှိနေသည်မဟုတ်၊ တစ်ခုပြီး တစ်ခု ဖြစ်လိုက်ပျက်လိုက် သဘောဖြင့် မမြဲသော သဘောကို ဆောင်နေကြ၏။ ထို့ကြောင့် ရုပ်နာမ်တို့၌ မမြဲသော အနိစ္စသဘောကို သိမြင်ပြီး တပ်မက်မှုတဏှာကို ပယ်စွန့်နိုင်ပါသည်။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြင့် ရုပ်နာမ်တို့၌ **အတ္တသညာ** (ပုဂ္ဂိုလ်သတ္တဝါ ရှိသည်ဟူသော အမှတ်သညာ)ကို ပယ်ပါသည်။ အမှန်အားဖြင့် ဤလောက၌ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိဘဲ ပရမတ္ထဓမ္မ များသာ ရှိ၏။ ထိုထိုအမှုကိစ္စ များကို ဆောင်ရွက်နေကြသည်မှာလည်း ပုဂ္ဂိုလ်၊ သတ္တဝါများ မဟုတ်။ ပရမတ္ထ ဓမ္မများကသာ ကြောင်းကျိုးဖြစ်စဉ်အရ ဆောင်ရွက် နေကြခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပုဂ္ဂလဗျာပါရဟူ၍ စိုးစဉ်းမျှ မရှိ၊ ဓမ္မဗျာပါရသာ ရှိပါသည်။ ထို့ကြောင့် ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ပုဂ္ဂိုလ်အနေ အားဖြင့်လည်း အတ္တ သဘောမရှိ၊ အနတ္တသဘောသာ ရှိပါသည်။ ဓမ္မအနေ အားဖြင့်လည်း အတ္တသဘော မရှိ၊ အနတ္တသဘောသာ ရှိပါသည်။ ဤသဘောကို ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရင့်သန်လာသောအခါ၌ သိမြင်လာပါသည်။ ဤသည် မှာ ဗောဓိပက္ခိယထိုက်သော သတိပဋ္ဌာန်တရားတော်၏ အကျဉ်းသဘောမျှ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## သမ္မပ္ပဓာန်

သမ္မပ္ပဓာန်ဟူသည်မှာ မိမိ၏ ရည်မှန်းချက်ကို မရမနေ ကြိုးစားအားထုတ်မှု ဖြစ်ပါသည်။ ဗောဓိပက္ခိယအရာ၌ကား မဂ်ဉာဏ်ကို ဖြစ်ပေါ်စေရန် တွန့်တို ဆုတ်နစ်ခြင်းကို ပယ်ဖျောက်လျက် မလျှော့သော လုံ့လဖြင့် ရဲရဲဝံ့ဝံ့ စွန့်စွန့်စား စား ဆောင်ရွက်ကြိုးစားခြင်းပင် ဖြစ်ပါသည်။ ယင်း သမ္မပ္ပဓာန်၏ လုပ်ငန်းများ မှာ အောက်ပါအတိုင်း (လေး) မျိုး ရှိပါသည်။

(၁) ဖြစ်ပြီးသော အကုသိုလ် ဒုစရိုက်တို့ကို ပယ်ရန်အားထုတ်မှု၊

(၂) မဖြစ်ဖူးသေးသော အကုသိုလ် ဒုစရိုက်တို့ကို မဖြစ်ပေါ်စေရန် အားထုတ်မှု၊

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တို့ကို ဖြစ်ပေါ်စေရန် အားထုတ်မှု၊

(၄) ဖြစ်ပြီးသော ကုသိုလ်တို့ကို အဆင့်ဆင့်ပွားများစေရန် အားထုတ်မှု

### ဖြစ်ပြီးသော အကုသိုလ်ဒုစရိုက်တို့ကို ပယ်ရန် အားထုတ်မှု

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မကောင်းမှုအကုသိုလ် ဒုစရိုက်မှုတစ်ခုကို ပြုမိသည် ဖြစ်အံ့။ ထိုအခါ ထိုပြုမိသော အကုသိုလ် ဒုစရိုက်မှုအတွက် နောင်ထ တစ်ဖန် ပူပန်နေလျှင် ပြုမိသော မူလအကုသိုလ် မပျောက်သည့်အပြင် နောက်ထပ် ကုက္ကုစ္စအကုသိုလ်တစ်ခု ထပ်၍တိုးမည်သာ ဖြစ်၏။ ထို့ကြောင့် မိမိပြုခဲ့မိသော အကုသိုလ် ဒုစရိုက်တစ်ခုကိုပယ်ရန် အားထုတ်ခြင်းဟူသည် မိမိပြုခဲ့မိသော အကုသိုလ်ဒုစရိုက်ကို လုံးလုံးဂရုမပြုဘဲ ပယ်စွန့်ကာ နောင်ကာလ၌ အလားတူ အကုသိုလ် ဒုစရိုက်မှုမျိုး မဖြစ်ပေါ်စေရန် ရှောင်ကြဉ်ခြင်းပင် ဖြစ်ပါသည်။ ဤကဲ့သို့ ရှောင်ကြဉ်ကာ ပယ်စွန့်ခြင်းဖြင့် ယင်းအကုသိုလ်သည် လုံးလုံးပျောက် ကွယ် မသွားစေကာမူ အကျိုးပေးခွင့် ဝေးကာဝေးကာ နောက်ဆုံး၌ **အဟောသိကံ** (အကျိုးပေးခွင့် မကြုံသောကံ) ဖြစ်သွားနိုင်ပါသည်။ ဤနေရာ၌ ရှောင်ကြဉ်ခြင်း သည် **ကုသိုလ်သုစရိုက်** တစ်မျိုးပင် ဖြစ်ပါသည်။ ယင်း ကုသိုလ်သုစရိုက်ဖြင့် မျိုးတူ အကုသိုလ်ဒုစရိုက်ကို တဒင်္ဂပဟာန်ဖြင့် ပယ်နိုင်ပါသည်။

**ယော ခေါ ပန မယာ ပါဏော အတိပါတိတော ယာဝတကော ဓါ တာဝတကော ဝါ၊ တံ န သုဋ္ဌု၊ တံ န သာဓု။ အဟံ ခေါ ပန တပ္ပစ္စယာ ဝိပ္ပဋိသာရီ အဿံ၊ န မေ တံ ပါပကမ္မံ အကတံ ဘဝိဿ တီတိ၊ သော ဣတိ ပဋိသင်္ခါယ တဿေဝ ပါဏာတိပါတံ ပဇဟတိ၊ အာယတိံ စ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။ ဧဝမေတဿ ပါပဿ ကမ္မဿ ပဟာနံ ဟောတိ။** (သဠာယတနဝဂ္ဂသံယုတ်–၃၀၅)





**ယာဝတကော ဝါ တာဝတကော ဝါ၊** အချို့သော။ **ပါဏော၊** သတ္တဝါ ကို။ **မယာ၊** ငါသည်။ **ယော ခေါ ပန အတိပါတိတော၊** အကြင်သို့သော အားဖြင့် သတ်မိ၏။ **တံ၊** ထိုသို့ သတ်မိခြင်းသည်။ **န သုဋ္ဌု၊** မကောင်း။ **တံ၊** ထိုသို့ သတ်မိခြင်းသည်။ **န သာဓု၊** မကောင်း။ **အဟံ ခေါ ပန၊** ငါသည်ကား။ **တပ္ပစ္စယာ၊** ထိုအကြောင်းကြောင့်။ **ဝိပ္ပဋိသာရီ၊** နှလုံး မသာယာသည်။ **အဿံ၊** ဖြစ်ငြားအံ့။ **မေ၊** ငါသည်။ **တံ ပါပကမ္မံ၊** ထို အကုသိုလ် ဒုစရိုက်ကို။ **အကတံ၊** မပြုရာရောက်သည်။ **န ဘဝိဿတိ၊** ဖြစ်လိမ့်မည် မဟုတ်။ **ဣတိ၊** ထို့ကြောင့်။ **သော၊** ထိုပုဂ္ဂိုလ်သည်။ **ဣတိ ပဋိသင်္ခါယ၊** ဤသို့ ဆင်ခြင်၍။ **တဿေဝ ပါဏာတိပါတံ၊** ထိုပါဏာတိ ပါတကံကိုလည်း။ **ပဇဟတိ၊** စွန့်၏။ **အာယတိံ စ၊** နောင်အခါ၌လည်း။ **ပါဏာတိပါတာ၊** သူ့အသက်ကို သတ်ခြင်းမှ။ **ပဋိဝိရတော၊** ရှောင်ကြဉ် သည်။ **ဟောတိ၊** ဖြစ်၏။ **ဧဝံ၊** ဤသို့ ကျင့်သုံးခြင်းသည်။ **ပါပဿ၊** အကုသိုလ် ဒုစရိုက်ဖြစ်သော။ **ဧတဿ ကမ္မဿ၊** ထိုပါဏာတိပါတကံ ကို။ **ပဟာနံ၊** ပယ်ခြင်း မည်သည်။ **ဟောတိ၊** ဖြစ်၏။

အချို့က ဆိုကြပါသည်။ ကြက်ကို သတ်ခြင်းကြောင့် အကုသိုလ်ဖြစ်သည် မဟုတ်၊ ကြက်ကိုသတ်လျှင် အကုသိုလ်ဖြစ်သည်ဟု စွဲလမ်းယုံကြည်ခြင်းကြောင့် သာ အကုသိုလ်ဖြစ်ခြင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့၏ အဆိုမှာ စွဲလမ်းမှုဥပါဒါန် ကြောင့်သာ ကုသိုလ်၊ အကုသိုလ် ဖြစ်သည်။ စွဲလမ်းမှု ဥပါဒါန်မရှိလျှင် ကုသိုလ်၊ အကုသိုလ် မဖြစ်ဟူ၍ ဖြစ်ပါသည်။ ဥပါဒါနပစ္စယာ ဘဝေါ ဟူသော ပဋိစ္စ သမုပ္ပါဒ် ကြောင်းကျိုးဆက်ဖြစ်စဉ်အရ စွဲလမ်းမှုဥပါဒါန်ကြောင့် ကုသိုလ်၊ အကုသိုလ်ဟူသော ကမ္မဘဝဖြစ်ခြင်း ဖြစ်သည်။ ဤသို့ ဆိုကြပါသည်။ ထိုအဆို သည် **မိစ္ဆာဒိဋ္ဌိတို့၏ အဆိုသာ** ဖြစ်ပါသည်။ ပရမတ္ထတရားများသည် မည်သို့သော အကြောင်းကြောင့်မျှ ဖောက်ပြန်ခြင်း မရှိကြပါ။ ထာဝစဉ် မိမိသဘောကို မိမိ ဆောင်လျက် ရှိကြပါသည်။ ကြက်ကိုသတ်၍ ဘုရားကိုပူဇော်လျှင် ကုသိုလ်ရ၏ ဟူ၍ ယုံကြည်ရုံမျှနှင့် ကုသိုလ်မရပါ။ ကြက်ကိုသတ်ခြင်းသည် အကုသိုလ် ဖြစ်ပါသည်။ ဘုရားကို ပူဇော်ခြင်းသည် ကုသိုလ် ဖြစ်ပါသည်။ ဤအဆိုသည်သာ **ဝိဘဇ္ဇဝါဒီတို့၏အဆို** ဖြစ်ပါသည်။ အမှန်အားဖြင့် စွဲလမ်းမှု ဥပါဒါန်သည် အကုသိုလ် ဖြစ်ပါသည်။ အကုသိုလ်ကို ကုသိုလ်ဖြင့်သာ ပယ်သတ်နိုင်ပါသည်။ မေ့ဖျောက်ထားခြင်းဖြင့် မပယ်သတ်နိုင်ပါ။ မေ့ဖျောက်ထားခြင်းသည် အကုသိုလ် ဖြစ်ပါသည်။ အကုသိုလ်ကို အကုသိုလ်ဖြင့် ပယ်သတ်နိုင်သည်ဟူ၍ ဗုဒ္ဓဘာသာ၌ မရှိပါချေ။



www.burmeseclassic.com

www.burmeseclassic.com



**မဖြစ်ဖူးသေးသော အကုသိုလ်ဒုစရိုက်တို့ကို မဖြစ်ပေါ်စေရန် အားထုတ်မှု**

အကုသိုလ်တရားဟူသည် အစုန်တရားများသာ ဖြစ်၏။ ပြုရ လွယ်ကူ၏။ မသင့်လျော်သော အချိန်အခါ၊ အခြေအနေနှင့် အကြောင်း အထောက်အပံ့တို့ကို ရလျှင် အကုသိုလ်ဒုစရိုက်များသည် မိမိသန္တာန်၌ မဖြစ်ဖူးသေးစေကာမူ၊ အစိမ်းသက်သက်ဖြစ်စေကာမူ၊ အတွေ့အကြုံ မရှိဖူးသေးစေကာမူ အလွယ်တကူ ဖြစ်ပွားနိုင်ပါသည်။ ထိုကဲ့သို့ မဖြစ်ပွားစေရန် မဂ်လသုတ်ဒေသနာတော်၌ **'အာရတိ** စ၊ ဝေးစွာ ရှောင်ကြဉ်ရခြင်းသည် လည်းကောင်း၊၊ **ဝိရတိ** စ၊အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည် လည်းကောင်း' ဟူ၍ ရှောင်ကြဉ်ပုံ နည်း (နှစ်) မျိုးကို ဖော်ပြထားပါသည်။ ပင်ကိုက အရက်မသောက်တတ်သူသည် အရက်ဆိုင်သို့လည်း မသွား၊ အရက်သမားနှင့်လည်း မပေါင်းသင်း၊ အရက်ကောင်းကြောင်းကိုလည်း ကြားနာမထားရပါလျှင် အရက်သောက်မှု အကုသိုလ်ကံကို ကျူးလွန်မည် မဟုတ်။ ဤသဘောမှာ အဝေးက ရှောင်ကြဉ်သည့်သဘော ဖြစ်ပါသည်။ အကုသိုလ်ဒုစရိုက်ကို အဝေးက ရှောင်ကြဉ်လျှင် ရှောင်ကြဉ်ရ လွယ်ကူပါသည်။ အဝေးက ရှောင်ကြဉ်ခြင်းဆိုသည်မှာလည်း ယင်းအကုသိုလ်ဒုစရိုက်များ ဖြစ်ပွားစေနိုင်သော အချိန်အခါ၊အခြေအနေနှင့် အကြောင်းအထောက်အပံ့တို့ကို ရှောင်ကြဉ်ခြင်းပင် ဖြစ်သည်။ အကယ်၍ မရှောင်ကြဉ်နိုင်ဘဲ တိုက်ရိုက်တိုးနေမိလျှင်လည်း အဓိပတိတပ်သော မိမိ၏ ဆန္ဒ၊ ဝီရိယ၊ ပညာ၊ စိတ်အင်အားတို့တွင် တစ်ခုခုဖြင့် အားတင်း၍ ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။ ဤရှောင်ကြဉ်နည်းမှာ အထူးသဖြင့် ရှောင်ကြဉ်နည်းဖြစ်၍ ခက်ခဲ သောသဘော ရှိပါသည်။ ဤသို့ ခက်ခဲသောသဘော ရှိသော ရှောင်ကြဉ်နည်းဖြင့် ရှောင်ကြဉ်နိုင်မှသာ သမ္မပ္ပဓာန်စစ်စစ် ဖြစ်ပါသည်။ အမှန်အားဖြင့် မဂ်ဉာဏ်ကို ဖြစ်ပေါ်စေနိုင်သည်အထိ ခိုင်ခံ့သော လုံ့လကိုသာ သမ္မပ္ပဓာန်ဆိုပါသည်။

**မဖြစ်ဖူးသေးသော ကုသိုလ်တရားများကို ဖြစ်ပေါ်စေရန် အားထုတ်မှု**

အစ မထင်သော သံသရာ၌ လူတို့သည် ကျင်လည်ကျက်စား ပြေးသွားနေကြ၏။ အရိယာချည်းသာ ဖြစ်နိုင်သော ဘုံများမှတစ်ပါး ဘုံဘဝ အားလုံးတို့၌ ဖြစ်ဖူး၏။ ပဋိသန္ဓေ နေဖူး၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှုများကို ပြုခဲ့ဖူးသည်သာ ဖြစ်ပေ၏။ သို့ရာတွင် ထိုကုသိုလ်ကောင်းမှုတို့ကား သံသရာ၌ ကျင်လည်စေတတ်သော ကောင်းမှုကုသိုလ်မျိုးသာ ဖြစ်ကြပါ၏။ သံသရာမှ ထွက်မြောက်စေတတ်သော ကုသိုလ်ကောင်းမှုမျိုးကား မဟုတ်ကြပါချေ။ သို့ဖြစ်၍သာ သံသရာမှ မထွက်မြောက်နိုင်ကြခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လူတို့သည် သံသရာ၌ ကျင်လည်စေတတ်သော ကုသိုလ်ကောင်းမှုမျိုးစုံကိုကား ပြုခဲ့ဖူးပါ၏။ ရှာန်





သမာပတ်များကိုလည်း ရခဲ့ဖူးပါ၏။ ယခုအချိန်အထိ သံသရာမှ မထွက်မြောက်နိုင်သေးသည်ကို ထောက်ဆပါလျှင် သံသရာမှ ထွက်မြောက်နိုင်သော ကုသိုလ်ကောင်းမှုမျိုးကား ပြုခဲ့ဖူးသည်ဟု မဆိုနိုင်ပါချေ။ အကယ်၍ ပြုခဲ့ဖူးသည်ဟု ဆိုပါလျှင်လည်း အလွန်ဆုံး သင်္ခါရုပေက္ခာဉာဏ် အဆင့်လောက်သာ ပြုခဲ့ဖူးပေမည်။ ထိုထက်ပို၍ ပြုနိုင်ဖွယ် မရှိချေ။ ထိုထက်ပို၍ ပြုနိုင်ခဲ့ပါလျှင် အရိယာပုဂ္ဂိုလ်အဖြစ်သို့သာ မုချရောက်ပေတော့မည်။ သံသရာမှ လွတ်မြောက်ပေတော့မည်။

ဤနေရာ၌ မဖြစ်ဖူးသေးသော ကုသိုလ်ဆိုသည်မှာ သံသရာမှ ထွက်မြောက်စေတတ်သော ဗောဓိပက္ခိယကုသိုလ်မျိုးကို ဆိုပါသည်။ ဗောဓိပက္ခိယကုသိုလ်မျိုးဖြစ်စေရန် ဝိပဿနာတရားများကို ပွားဖို့ လိုအပ်ပါသည်။ ဝိပဿနာတရားကိုပွားလျှင် ဝိပဿနာကုသိုလ် ဖြစ်ပါမည်။ ဝိပဿနာကုသိုလ်နှင့် ပတ်သက်၍ ဓမ္မပဒပါဠိတော် (သဟဿဝဂ်၊ ဂါထာ-၁၁၃) ၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်-

> ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
>
> ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။
>
> ယော စ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ဥဒယဗ္ဗယဉာဏ်ကို။ အပဿံ၊ မမြင်ရပါဘဲလျက်။ ဝဿသတံ၊ နှစ်ပေါင်းတစ်ရာတိုင်တိုင်။ ဇီဝေ၊ အသက်ရှင်၏။ ဥဒယဗ္ဗယံ၊ ဥဒယဗ္ဗယဉာဏ်ကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှင်ရခြင်းသည်။ တတော၊ ထိုနှစ်ပေါင်းတစ်ရာ အသက်ရှင်ရခြင်းထက်။ သေယျော၊ မြတ်၏။

ဆိုလိုရင်းမှာ သံသရာ၌ ကျင်လည်စေတတ်သော ကုသိုလ်မှန်သမျှသည် ဈာန်သမာပတ်ကုသိုလ်ပင် ဖြစ်စေကာမူ ဝိပဿနာကုသိုလ်လောက် မမြတ်ကြောင်းကို သိစေလိုရင်း ဖြစ်ပါသည်။ မှန်ပါသည်။ ဝိပဿနာကုသိုလ်သည်သာ သံသရာမှ ထွက်မြောက်စေနိုင်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုစေနိုင်ပါသည်။ ထို့ကြောင့် လူ့ဘဝကို ရခိုက်၊ ရောက်ခိုက် သမ္မပ္ပဓာန်ကုသိုလ်မျိုးကို မိမိတို့၏ သန္တာန်၌ ဖြစ်ပွားအောင် အားထုတ်ရန် ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကုသိုလ်ကောင်းမှုကို ပြုကြပါ၏။ ဝိပဿနာဉာဏ်မရမီပြုသောကုသိုလ်နှင့် ဝိပဿနာဉာဏ်ရပြီးမှ ပြုသောကုသိုလ်တို့သည် ကုသိုလ်ချင်းတူစေကာမူ အနှစ်သာရချင်း မတူညီကြောင်းကို ကိုယ်တွေ့ ကြုံပေလိမ့်မည်။

**ဖြစ်ပြီးသော ကုသိုလ်တို့ကို အဆင့်ဆင့် ပွားများစေရန် အားထုတ်မှု**

သင်္ခါရုပေက္ခာဉာဏ်တိုင်အောင်သော ဝိပဿနာကုသိုလ်တို့သည်ပင် ပျက်စီး



www.burmeseclassic.com

www.burmeseclassic.com



တတ်သောသဘော ရှိကြပါသည်။ ပျက်စီးသွားပါကလည်း အပါယ်လေးပါး၌ ကျရောက်တတ်ပါသည်။ ဤသဘောနှင့် ပတ်သက်၍ မဟာစည်ဆရာတော်ကြီးက မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ဃဋိကာရသုတ်အဖွင့်နှင့် ဗုဒ္ဓဝင်ပါဠိတော်ကို ကိုးကား၍ သူ၏ ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ (၉၇) ၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်။

> သဗ္ဗညုတဉာဏ်သို့ ရောက်ပြီးသော ဘုရားအလောင်းတော်မြတ်သော်မှ သုဂတိ၌ ထာဝရ မမြဲကြောင်း၊ အပါယဂတိမှ မလွတ်သေးကြောင်းကို ထင်ရှားသိရ၏။

သို့ဖြစ်၍ နိယာမမည်သော မဂ်သို့ မရောက်သေးသမျှ ကာလပတ်လုံး ပျက်စီးတတ်သော သဘောရှိသော ကုသိုလ်တရားတို့ကို ပျက်စီးဆုတ်ယုတ်ခြင်းသို့ မရောက်စေဘဲ အတိုင်းထက်အလွန် ပွားများတိုးတက်အောင် အားထုတ်အပ်ပါသည်။ ထိုကဲ့သို့ အားထုတ်ပါမှ စစ်မှန်သော သမ္မပ္ပဓာန် ဖြစ်လာပေလိမ့်မည်။

## ဣဒ္ဓိပါဒ်

ဣဒ္ဓိဟူသည် ပြီးစီးမှု၊ ပြည့်စုံမှု ဖြစ်ပါသည်။ အရကောက် တရားကိုယ်အားဖြင့် ဈာန်သမာပတ်တရားများနှင့် လောကုတ္တရာမဂ်ဖိုလ်တရားများ ဖြစ်ပါသည်။ ထိုဈာန်သမာပတ်တရားများနှင့် လောကုတ္တရာမဂ်ဖိုလ်တရားများကို ရရာ ရကြောင်းဖြစ်သော အခြေခံတရားများကို ဣဒ္ဓိပါဒ်ဟု ခေါ်ပါသည်။ ဣဒ္ဓိသည် ပြီးစီးမှု၊ ပြည့်စုံမှုဖြစ်၍ ပါဒသည် ထိုပြီးစီးမှု၊ ပြည့်စုံမှု၏ အခြေခံ ဖြစ်ပါသည်။ ဣဒ္ဓိပါဒ်၏ တရားကိုယ်မှာ **ဆန္ဒ၊ စိတ္တ၊ ဝီရိယနှင့် ပညာ**တို့ ဖြစ်ပါသည်။ ဤနေရာ၌ သာမညဖြစ်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတို့ မဟုတ်ကြပါ။ အဓိပတိထိုက်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတို့ ဖြစ်ပါသည်။ အဓိပတိထိုက်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတို့သည်သာ ဆိုင်ရာဆိုင်ရာ အနှောင့်အယှက် အဟန့်အတားတို့ကို ကျော်လွှားပြီး ပြီးစီးမှု၊ ပြည့်စုံမှုကို ရယူစေနိုင်ပါသည်။ ဤနေရာ၌ ပြီးစီးမှု၊ ပြည့်စုံမှုကို ရယူစေနိုင်ခြင်း ဆိုသည်မှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုစေနိုင်ခြင်း ဖြစ်ပါသည်။

## ဣန္ဒြေနှင့်ဗိုလ်

ဣန္ဒြေဟူသည် မိမိတို့ဆိုင်ရာကိစ္စ၌ အစိုးတရ ပိုင်နိုင်သော တရားများဖြစ်၏။ ဗိုလ်ဟူသည် မိမိတို့၏ ဆိုင်ရာကိစ္စ၌ မည်သို့သော အကြောင်းကြောင့်မျှ မယိမ်းမယိုင် ခိုင်မြဲသော တရားများဖြစ်၏။ ဗိုလ်အကြောင်းကို ရှေး၌ဆိုခဲ့ပြီး ဖြစ်ပါသည်။





ဤဗောဓိပက္ခိယအရာ၌ ဗိုလ်ဟူသည်မှာ ကုသိုလ်ဗိုလ်များသာ ဖြစ်ပါသည်။ ဗောဓိပက္ခိယအရာ၌ ဣန္ဒြေနှင့် ဗိုလ်တို့သည် တရားကိုယ်အားဖြင့် အတူတူပင် ဖြစ်ကြပါသည်။ တရားကိုယ်များမှာ **သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ**တို့ ဖြစ်ကြပါသည်။ ထိုငါးပါးတို့တွင် သဒ္ဓါသည် သောတာပတ္တိမဂ်ကို ရရေးကိစ္စ၌ လွန်စွာ အားကောင်း၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ ဆန့်ကျင်ဘက်တရားတို့ကြောင့် လှုပ်ရှားယိမ်းယိုင်ခြင်း မရှိ။ ထို့ကြောင့် သဒ္ဓါကို ဣန္ဒြေဟူ၍လည်း ဆိုရ၏။ ဗိုလ်ဟူ၍လည်း ဆိုရ၏။

ထိုနည်းအတူပင် ဝီရိယသည် သမ္မပ္ပဓာန်အရာ၌ လွန်စွာအားကောင်း၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ ဆန့်ကျင်ဘက်တရားတို့ကြောင့် ယိမ်းယိုင်လှုပ်ရှားခြင်း မရှိ။ သတိသည် သတိပဋ္ဌာန်အရာ၌ လွန်စွာအားကောင်း၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ယိမ်းယိုင်လှုပ်ရှားခြင်း မရှိ။ သမာဓိသည် ဈာန်သမာပတ်အရာ၌ လွန်စွာအားကောင်း၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ယိမ်းယိုင်လှုပ်ရှားခြင်း မရှိ။ ပညာသည် သစ္စာလေးပါးအရာ၌ လွန်စွာအားရှိ၏။ ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ယိမ်းယိုင်လှုပ်ရှားခြင်း မရှိ။ ဤသို့လျှင် ဣန္ဒြေသဘော၊ ဗိုလ်သဘောတို့ကို သိအပ်ပါသည်။

ဗောဓိပက္ခိယအရာ၌ ဣန္ဒြေနှင့် ဗိုလ်တို့ကို ညီမျှအောင် အားထုတ်အပ်ပါသည်။ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိ၊ ဤတရား (နှစ်) စုံမှာ ညီမျှအောင် အားထုတ်အပ်သော တရားအစုံများဖြစ်ကြောင်း ဝိသုဒ္ဓိမဂ် ပထမတွဲ (၁၂၆) ၌ လာရှိပါသည်။ သဒ္ဓါက အားကောင်းပြီး ပညာက နုံ့နေလျှင် မယုံကြည်ထိုက်သော အရာ၌ ယုံကြည်တတ်သည်၊ လမ်းမှားသို့ ရောက်တတ်ပါသည်။ ပညာက အားကောင်းပြီး သဒ္ဓါက နုံ့နေပြန်လျှင် ကောက်ကျစ်စဉ်းလဲတတ်ပါသည်။ သဒ္ဓါတရား ခေါင်းပါးသော ပညာရှိများသည် ဆေးကြောင့်ဖြစ်သော ရောဂါကဲ့သို့ ကုစားမရနိုင်ကြောင်း ဝိသုဒ္ဓိမဂ်ကျမ်း၌ ဆိုပါသည်။ အခြားအကြောင်းများကြောင့် ရောဂါဖြစ်လျှင် ဆေးဖြင့် ကုစား၍ ရပါသည်။ ဆေးကြောင့် ရောဂါဖြစ်လျှင်ကား ကုစား၍ မရနိုင်တော့ပါ။ ဆေးထပ်တိုက်လျှင် ရောဂါပို၍ သည်းလာမည် ဖြစ်ပါသည်။ ဆေးကြောင့် ဖြစ်လာသောရောဂါကို ဆေးထပ်တိုက်ခြင်းဖြင့် ပျောက်ကင်းအောင် ကုစားရာ မရောက်ဘဲ ရောဂါပိုပြင်းထန်လာအောင် လုပ်ရာသာ ရောက်ပါသည်။ ထို့ကြောင့် သဒ္ဓါတရားခေါင်းပါးသော ပညာရှိများသည် လောကတွင် ကြောက်စရာအကောင်းဆုံး ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ဝီရိယနှင့် သမာဓိကိုလည်း ညီမျှအောင် လုပ်ရပါမည်။ ဝီရိယက အားကောင်းပြီး သမာဓိက အားနည်းနေလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဖျံ့လွှင့်တိတ်ပါသည်။သမာဓိအားကောင်းပြီး ဝီရိယက အားနည်းနေလျှင်လည်း ပျင်းရိတတ်ပါသည်။ ပထမသင်္ဂါယနာတင်ရန် ပြင်ဆင်စဉ်ကာလ က ရှင်အာနန္ဒာ မထေရ် ရဟန္တာ မဖြစ်သည်မှာ ဝီရိယလွန်ကဲပြီး သမာဓိအားနည်းသောကြောင့် ဖြစ်ကြောင်း၊ ဝီရိယနှင့် သမာဓိကို မျှအောင်ကျင့်လိုက်မှ ရဟန္တာဖြစ်သွားကြောင်း ကျမ်းဂန်များ၌ လာရှိပါသည်။ သတိမူကား ပိုသည်ဟူ၍ မရှိ၊ လိုသည်သာ ရှိပါသည်။ သတိနှင့် ပတ်သက်၍ ကျမ်းဂန်များ၌ ဤသို့ ဆိုထားသည်ကို တွေ့ရပါသည်။

**သတိ လောဏဓူပနံ ဝိယ သဗ္ဗတ္ထူပ္ပနေသ၊ သဗ္ဗကမ္မိက အမစ္စော ဝိယ စ သဗ္ဗရာဇကိစ္စေသု သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗာ။**

**သဗ္ဗတ္ထူပ္ပနေသု၊** ဟင်းလျာအားလုံးတို့၌။ **လောဏဓူပနံ၊** ဆားခတ်ခြင်းကို။ **ဣစ္ဆိတဗ္ဗံ ဝိယ စ၊** အလိုရှိအပ်သကဲ့သို့ လည်းကောင်း။ **သဗ္ဗရာဇကိစ္စေသု၊** မင်းမှုကိစ္စ အားလုံးတို့၌။ **သဗ္ဗကမ္မိကအမစ္စော၊** မှုခင်းကိစ္စ အားလုံးကို ဆောင်ရွက်တတ်သော အမတ်ကို။ **ဣစ္ဆိတဗ္ဗော ဝိယ စ၊** အလိုရှိအပ်သကဲ့သို့ လည်းကောင်း။ **သဗ္ဗတ္ထ၊** အရာအားလုံး၌။ **သတိ၊** သတိကို။ **ဣစ္ဆိတဗ္ဗာ၊** အလိုရှိအပ်၏။ (ဝိသုဒ္ဓိမဂ်၊ ပ၊ ၁၂၆)

## ဗောဇ္ဈင်

ဗောဇ္ဈင်သည် 'ဗောဓိ+အင်္ဂ' ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသော ဝေါဟာရ ဖြစ်ပါသည်။ ဤနေရာ၌ **ဗောဓိဟူသည်မှာ** မဂ်ဉာဏ်လေးပါး ဖြစ်ပါသည်။ **အင်္ဂဟူသည်မှာ** မဂ်ဉာဏ်လေးပါး ဖြစ်ပေါ်ရာ ဖြစ်ပေါ်ကြောင်း အင်္ဂါ အစိတ်အပိုင်းများ ဖြစ်ပါသည်။ ယင်း အင်္ဂါအစိတ်အပိုင်းများသည် **သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ**တို့ ဖြစ်ပါသည်။ ယင်းတို့ကို ဗောဇ္ဈင် တရား (၇)ပါး ဟူ၍ ဆိုပါသည်။ ဗောဇ္ဈင်တရားများ၏ သဘောကို လေ့လာလျှင် အခြေခံပိုင်း၊ ကိုယ်ထည်ပိုင်းနှင့် ဦးခေါင်းပိုင်းဟူ၍ သုံးပိုင်းရှိကြောင်း တွေ့ရပါသည်။ **အခြေခံပိုင်းတွင်** သတိ၊ ပညာနှင့် ဝီရိယတို့ ပါဝင်ပြီး **ကိုယ်ထည်ပိုင်းတွင်** ပီတိ၊ ပဿဒ္ဓိနှင့် သမာဓိတို့ ပါဝင်ပါသည်။ **ဦးခေါင်းပိုင်းတွင်** ဥပေက္ခာ ပါဝင်ပါသည်။

သတိပဋ္ဌာန်လုပ်ငန်းတွင် သတိ၊ ပညာနှင့် ဝီရိယတို့သည် ရှေးဦးစွာ ပါဝင်သော **အခြေခံပိုင်း** ဖြစ်ပါသည်။ သတိပဋ္ဌာန် တရားများကို မှတ်ရာတွင် သတိဖြင့်လည်း မှတ်ရ၏။ ပညာဖြင့်လည်း ရှုစမ်းရ၏။ ဝီရိယဖြင့်လည်း အားထုတ်ရ၏။ အစ ပထမ၌ ယင်းတရားသုံးပါးတို့ကို ပုဂ္ဂလဗျာပါရဖြင့် စေစား





ရ၏။ နောက်ပိုင်း ဓမ္မဗျာပါရအဆင့်သို့ ရောက်သောအခါ ပီတိသဘော ဝင်လာပါသည်။ ပဿဒ္ဓိ သဘော ဝင်လာပါသည်။ သမာဓိသဘော ဝင်လာပါသည်။ ဤသို့ ပီတိ၊ ပဿဒ္ဓိ နှင့် သမာဓိသဘောတို့ ဝင်လာသောအခါ ဓမ္မရသကို ခံစားလာရပါသည်။ တရား၌ မွေ့လျော်လာပါသည်။ စိတ်သည် ငြိမ်သက်တည်ကြည် လာပါသည်။ ဤသည်မှာ ကိုယ်ထည်ပိုင်း၏သဘော ဖြစ်ပါသည်။ အခြေခံပိုင်းအဆင့်တွင် အစပထမ၌ သတိ၊ ပညာနှင့် ဝီရိယတို့သည် သာမန်သတိ၊ ပညာနှင့်ဝီရိယတို့သာ ဖြစ်ပါသည်။ သာမန် သတိ၊ ပညာနှင့် ဝီရိယတို့ကို ပုဂ္ဂိုလ်အနေဖြင့် အားထုတ်ရပါသည်။ ဤသို့ အားထုတ်ခြင်းကို ပုဂ္ဂလဗျာပါရဖြင့် စေစားခြင်းဟု ဆိုပါသည်။ နောက်ပိုင်းတွင် လုပ်ငန်းသဘောအရ ရင့်ကျက်လာသောအခါ ယင်း သတိ၊ ပညာနှင့် ဝီရိယတို့သည် သူ့အလိုလို ထင်လာပါသည်။ ပုဂ္ဂိုလ်အနေဖြင့် ကြောင့်ကြစိုက်ပြီး အားထုတ်ရခြင်း မရှိဘဲ ဓမ္မအနေဖြင့် သူ့အရှိန်နှင့်သူ ထင်လာပါသည်။ ဤသို့ ထင်လာခြင်းကို ဓမ္မဗျာပါရဖြင့် ထင်လာခြင်းဟု ဆိုပါသည်။ ဓမ္မဗျာပါရဖြင့် ထင်လာသောအခါ အားထုတ်သူ ယောဂီပုဂ္ဂိုလ်ကို 'သတိမာ (သတိရှိသူ)' ဟူ၍ လည်းကောင်း၊ 'သမ္ပဇာန (သိသူ)' ဟူ၍လည်းကောင်း၊ 'အာတာပီ (လုံ့လ ရှိသူ)' ဟူ၍လည်းကောင်း ဆိုပါသည်။ ဤသို့ ဖြစ်လာသောအခါ အခြေခံပိုင်း၏ ပြည့်စုံခြင်းသဘောကို ဆောင်လာပါသည်။ ဤသို့ ဆောင်လာမှပင် 'ဗောဇ္ဈင်' အမည်ကို ရပါသည်။

ဓမ္မဗျာပါရဖြင့် သတိမာ (သတိရှိသူ)၊ သမ္ပဇာန (သိသူ)၊ အာတာပီ (လုံ့လရှိသူ) ဖြစ်လာပါက တရားဓမ္မသည် မွေ့လျော်ဖွယ် ဖြစ်လာပါသည်။ ငြိမ်းအေးဖွယ် ဖြစ်လာပါသည်။ ငြိမ်သက်တည်ကြည်ဖွယ် ဖြစ်လာပါသည်။ မွေ့လျော်ဖွယ် ဖြစ်လာပါက ပီတိသဘော ဝင်လာ၍ ဖြစ်ပါသည်။ ငြိမ်းအေးဖွယ် ဖြစ်လာပါက ပဿဒ္ဓိသဘော ဝင်လာ၍ ဖြစ်ပါသည်။ ငြိမ်သက်တည်ကြည်ဖွယ် ဖြစ်လာပါက သမာဓိသဘော ဝင်လာ၍ ဖြစ်ပါသည်။ ထိုအခါ တရားဘာဝနာသည် နှစ်သက်စရာ (**ရတိ**)၊ မြတ်နိုးစရာ (**နန္ဒီ**)၊ မွေ့လျော်ရာ (**အာရာမ**) ဖြစ်လာသဖြင့် ပီတိသည် ဗောဇ္ဈင် ဖြစ်လာပါသည်။ ငြိမ်းအေးစရာ (**ဝူပသန္တ**)၊အေးမြစရာ (**သီတလ**) ဖြစ်လာသဖြင့် ပဿဒ္ဓိသည် ဗောဇ္ဈင် ဖြစ်လာပါသည်။ တည်ကြည်ခိုင်မြဲစရာ (**ဧကဂ္ဂတာ**) ဖြစ်လာသဖြင့် သမာဓိသည် ဗောဇ္ဈင် ဖြစ်လာပါသည်။ ဤအဆင့်သို့ ရောက်လာပါက ကိုယ်ထည်ပိုင်း၏ ပြည့်စုံခြင်းသဘောကို ဆောင်လာပါသည်။

ဗောဇ္ဈင်တရားများသည် အခြေခံပိုင်း၌ ဖြစ်စေ၊ ကိုယ်ထည်ပိုင်း၌ ဖြစ်စေ နှိပ်ကွပ်မှု (နိဂ္ဂဟ)နှင့် ချီးမြှောက်မှု (ပဂ္ဂဟ)တို့ကို ဆောင်ရွက်ကြပါသည်။ သတိ



www.burmeseclassic.com

www.burmeseclassic.com



သည် မေ့လျော့ခြင်း(ပမာဒ)ကိုနှိပ်ကွပ်၍ မမေ့လျော့ခြင်း (အပ္ပမာဒ)ကို ချီးမြှောက်ပါသည်။ ပညာသည် တွေဝေခြင်း (သမ္မောဟ) ကို နှိပ်ကွပ်၍ သိမြင်ခြင်း (အသမ္မောဟ)ကို ချီးမြှောက်ပါသည်။ ဝီရိယသည် ပျင်းရိခြင်း ကောသဇ္ဇကို နှိပ်ကွပ်၍ ရဲဝံ့စွန့်စားခြင်း (ဓုရသမ္ပဂ္ဂါဟ)ကို ချီးမြှောက်ပါသည်။ ပီတိသည် ပျင်းရိခြင်း (အရတိ)ကို နှိပ်ကွပ်၍ မွေ့လျော်ခြင်း (ရတိ)ကို ချီးမြှောက်ပါသည်။ ပဿဒ္ဓိသည် ပူပန်ခြင်း (ဒရထ)ကို နှိပ်ကွပ်၍ ငြိမ်းအေးခြင်း (ဝူပသမ)ကို ချီးမြှောက်ပါသည်။ သမာဓိသည် အမြဲမတည် ထိုဤ မွေ့ရှားခြင်း (ဝိသာရ) ကို နှိပ်ကွပ်၍ အစဉ်တစိုက် တည်တံ့ခြင်း (သန္တာနဋ္ဌိတိ)ကို ချီးမြှောက်ပါသည်။ ဤသည်မှာ အခြေခံပိုင်းနှင့် ကိုယ်ထည်ပိုင်းရှိ ဗောဓ္ဈင်တရားတို့၏ သီးခြား စွမ်းရည်များ ဖြစ်ကြပါသည်။ ဤအဆင့်တွင် ဗောဓ္ဈင်တရားတို့သည် မိမိတို့၏ သီးခြားစွမ်းရည်များကို ဖော်ထုတ်ကြသဖြင့် 'နာနာရသ' ခေါ် တစ်ခုချင်းစီ၏ ကိစ္စကို ဦးစားပေးပါသည်။ 'ဧကရသ' ခေါ် အပေါင်းအစု၏ ကိစ္စကို ဦးစားမပေးကြပါချေ။ ဤလောကတွင် နိဗ္ဗာန်မှတစ်ပါး မည်သည့်တရားမျှ တစ်ခု တည်းအနေဖြင့် မတည်ရှိနိုင်ဘဲ အစုအပေါင်းအနေဖြင့်သာ တည်ရှိနိုင်သော ကြောင့် 'ဧကရသ' ခေါ် အစုအပေါင်း၏ ကိစ္စကို ဦးစားမပေးနိုင်သေးလျှင် နောက်ဆုံးပန်းတိုင်၏ သဘောသည် ပေါ်လွင်လာမည် မဟုတ်ပါချေ။

ဝိပဿနာဉာဏ်စဉ် တရားများတွင်လည်း ဥဒယဗ္ဗယဉာဏ်စဉ်ကို ရချိန်၌–

(၁) အရောင်အလင်း (ဩဘာသ)၊
(၂) နှစ်သက်ခြင်း (ပီတိ)၊
(၃) ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်း (ပဿဒ္ဓိ)၊
(၄) ယုံကြည်မှု (သဒ္ဓါ)၊
(၅) နောက်မဆုတ်ဘဲ ရဲဝံ့စွာ ဆောင်ရွက်မှု (ဝီရိယ)၊
(၆) ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု (သုခ)၊
(၇) သိမြင်မှု (ပညာ)၊
(၈) မှတ်သားမှု (သတိ)၊
(၉) ဖြောင့်မတ်စွာ ဆင်ခြင်မှုနှင့် မှတ်သိမှု (ဥပေက္ခာ)၊
(၁၀) နှစ်သက်မှု (နိကန္တိ)

ဟူသော ထူးခြားသော တရား (၁၀) မျိုးတို့ ဖြစ်တတ်ကြောင်း ကျမ်းဂန်များ၌ လာရှိပါသည်။ထိုအခါ သာမန် လူနတ်တို့၏ ပျော်မွေ့မှုထက် လွန်ကဲသော ပျော်မွေ့မှု (အမာနုသီရတိ) ကို ခံစားရသည်ဟု ဆိုပါသည်။





**သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။**
**အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။**

**သုညာဂါရံ**၊ ဆိတ်ငြိမ်ရာ အရပ်သို့။ **ပဝိဋ္ဌဿ**၊ ဝင်လျက်။ **သန္တ– စိတ္တဿ**၊ ပီတိ ပဿဒ္ဓိ အစွမ်းတို့ကြောင့် ငြိမ်သက်သောစိတ် ရှိသော။ **ဓမ္မံ**၊ ရုပ် နာမ် တရားကို။ **သမ္မာ**၊ အမှန်အတိုင်း။ **ဝိပဿတော**၊ တွေ့မြင်သော။ **ဘိက္ခုနော**၊ ရဟန်းအား။ **အမာနုသီ**၊ သာမန် လူနတ်တို့ မခံစား ရသော။ **ရတိ**၊ ပျော်မွေ့မှုသည်။ **ဟောတိ**၊ ဖြစ်၏။ (ဓမ္မပဒ–၆၇)

သာမန် လူနတ်တို့ မခံစားဖူးသော ပျော်မွေ့မှုနှင့် ပတ်သက်၍ ဝိပဿနာ ရှုနည်းကျမ်း ဒုတိယတွဲ (၁၉၂) ၌ မဟာစည်ဆရာတော်ကြီးက ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်။

အလင်းရောင် (ဩဘာသ) စသော တရားထူး ကိုးမျိုးကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းလျှင် ညစ်ညူးကြောင်း (ဥပက္ကိလေသ) မည်၏။ မစွဲလမ်းလျှင် ညစ်ညူးကြောင်း မမည်။ ထို့ကြောင့် ဘင်္ဂဉာဏ်၊ သင်္ခါ ရုပေက္ခာဉာဏ် အရာတို့၌ ထင်ရှားစွာဖြစ်သော သတိ စသော ဗောဓ္ဈင် တရားတို့ကို လည်းကောင်း၊ ထိုဗောဓ္ဈင်တို့နှင့် လျော်စွာဖြစ်သော သုခ၊ သဒ္ဓါတို့ကို လည်းကောင်း၊ ညစ်ညူးကြောင်း (ဥပက္ကိလေသ) ဟု မဆို အပ်ကုန်။

ဗောဓ္ဈင်တရားတို့သည် အခြေခံပိုင်း၌ လည်းကောင်း၊ ကိုယ်ထည်ပိုင်း၌ လည်းကောင်း မိမိတို့၏ သီးခြားကိစ္စ၊ တစ်ခုချင်းကိစ္စ၊ အစိတ်အစိတ် ကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်။ နောက်ဆုံး ဦးခေါင်းပိုင်း၌ကား မူရင်းဦးတည်ချက်ကိစ္စ၊ အများဆိုင် 'ဘုံ' ကိစ္စ၊ အစုအပေါင်းကိစ္စကို ဆောင်ရွက်ရန် ရှိပါသည်။ ယင်းကိစ္စ သည်သာ 'ပန်းတိုင်' ဖြစ်ပါသည်။ ပန်းတိုင်အတွက် အများဆိုင် 'ဘုံ' ကိစ္စကို ဥပေက္ခာသမ္ဗောဇ္ဈင်(တတြမဇ္ဈတ္တတာ)က ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုအခါ ဗောဇ္ဈင်တရား အားလုံးတို့သည် ဧကရသခေါ် 'ဝိမုတ္တိရသ'ကို ဖော်ဆောင်ရန် အင်အားစုစည်းမိကြမည် ဖြစ်ပါသည်။ထိုသို့ အင်အားစုစည်းမိကြခြင်းမှာ ဥပေက္ခာ သမ္ဗောဇ္ဈင်၏ စွမ်းအင်ကြောင့် ဖြစ်ပါသည်။ ဤနေရာ၌ တတြမဇ္ဈတ္တတာ ဆိုသည်မှာ ဗောဓိပက္ခိယ လုပ်ငန်းများတွင် ဖြစ်ဖော်ဖြစ်ဖက် တရားများကို ဝိမုတ္တိရသခေါ် ဧကရသတည်းဟူသော အလယ်ဗဟို၌ တစ်စုတည်း တစ်ပေါင်းတည်း အနေဖြင့် စုစည်းမိအောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ဤသို့ ဝိမုတ္တိရသ၌ နာနာရသ အနေဖြင့် မဟုတ်ဘဲ ဧကရသအနေဖြင့် စုပေါင်းဆောင်ရွက်ခြင်း (သမဝါယ်တာ) သည် ပန်းတိုင် ဖြစ်ပါသည်။ ပန်းတိုင်ရောက်သောအခါ မဂ်ဉာဏ်သည် သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



လေးပါးကိုသိလျှင် သစ္စာအနက် တစ်ဆယ့်ခြောက်ချက်တို့နှင့်တကွ တစ်ပြိုင်နက် တည်း ထက်ဝန်းကျင်မှ ခြုံငုံ၍သိမည် ဖြစ်ပါသည်။ ဤသို့သိခြင်းကို ကျမ်း များ၌ **'သမန္တ တော စက္ခုတီတိ သမ္ဘောတိ**=ထက်ဝန်းကျင်မှ သိတတ်သောကြောင့် သမ္ဘောဓိ မည်၏' ဟူ၍ ဗောဇ္ဈင်တရားတို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုကြခြင်း ဖြစ်ပါသည်။ ထက်ဝန်းကျင်မှ သိနိုင်အောင်လည်း ဗောဇ္ဈင်တရားတို့သည် အခြေ ပိုင်း၊ ကိုယ်ထည်ပိုင်းနှင့် ဦးခေါင်းပိုင်းဟူ၍ အပိုင်း သုံးပိုင်း သို့မဟုတ် ပထမဆင့် ဒုတိယဆင့်နှင့် တတိယဆင့်ဟူ၍ အဆင့် သုံးဆင့်ဖြင့် ပြည့်စုံအောင် ဆောင်ရွက် ရမည် ဖြစ်ပါသည်။

## မဂ္ဂင်

မဂ္ဂင်တရားများသည် ထင်ရှားပါသည်။ သံသရာဝဋ်မှ ထွက်မြောက်ရာ ထွက် မြောက်ကြောင်း သို့မဟုတ် နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း တရားကို မဂ်ခေါ်၍ ယင်းမဂ်၏ အစိတ်အစိတ်များကို မဂ္ဂင်ခေါ်ပါသည်။ မဂ္ဂင်များသည် ရှစ်ပါး ရှိပါသည်။ မဂ္ဂင် ရှစ်ပါးသည် မြတ်စွာဘုရား၏ အဆုံးအမ သာသနာ ဖြစ်ပါသည်။ ယင်းသာသနာကို သီလ၊ သမာဓိ၊ ပညာဟူ၍ သုံးပိုင်းခွဲပြီး ဖော်ပြ ကြပါသည်။ အမှန်အားဖြင့် အပိုင်းအစိတ်အနေဖြင့် ခွဲခြားဖော်ပြခြင်းသည် လောကအမြင်ဖြင့် ခွဲခြားဖော်ပြခြင်း ဖြစ်ပါသည်။ လောကအမြင်တွင်သာ အပိုင်း အစိတ်သဘော၊ အသီးသီးသဘော(နာနာရသ)၊ ရှေ့နောက်သဘော (နာနာက္ခဏ) ရှိပါသည်။ လောကုတ္တရာ အမြင်တွင်မူ တစ်ပေါင်းတည်းသဘော၊ တစ်ခုတည်း သဘော (ဧကရသ)၊ တစ်ပြိုင်နက်သဘော (ဧကက္ခဏ) သာ ရှိပါသည်။ အပိုင်း အစိတ်သဘော ဟူ၍လည်း မရှိပါ။ ရှေ့နောက်သဘော ဟူ၍လည်း မရှိပါ။ ထိုသို့ အပိုင်းအစိတ်သဘောနှင့် ရှေ့နောက်သဘောတို့ မရှိဘဲ တစ်ပေါင်းတည်း သဘော၊ တစ်ခုတည်းသဘောနှင့် တစ်ပြိုင်နက်သဘော ရှိခြင်းသည် လောကလွန် တရား၏ ထူးခြားမှု သဘောလက္ခဏာ ဖြစ်ပါသည်။

ဤနေရာ၌ ထူးခြားမှုဆိုသည်မှာ လောကတရားနှင့် လောကလွန်တရား တို့၏ အချင်းချင်း မတူညီသောသဘော ရှိနေခြင်းကို ဆိုပါသည်။ အပိုင်းအစိတ် သဘော (နာနာရသ)တို့ကို ပေါင်းလိုက်ရုံမျှနှင့် တစ်ခုတည်းသဘော (ဧကရသ) ဖြစ်မလာပါ။ ရှေ့နောက်သဘော (နာနာက္ခဏ)တို့ကို ပေါင်းလိုက်ရုံမျှနှင့် တစ် ပြိုင်နက်သဘော (ဧကက္ခဏ) ဖြစ်မလာပါ။ အပိုင်းအစိတ်သဘောကား သီးခြား၊ တစ်ခုတည်းသဘောကား သီးခြား၊ ရှေ့နောက်သဘောကား သီးခြား၊ တစ်ပြိုင် နက်သဘောကား သီးခြား၊ အပိုင်းအစိတ်သဘောနှင့် တစ်ခုတည်းသဘောတို့





ရောနှောခြင်း မရှိပါ။ အကယ်၍ ရောနှောနေသေးလျှင်လည်း အပိုင်းအစိတ် သဘော ဖြစ်ပါသည်။ တစ်ခုတည်းသဘော မဟုတ်သေးပါ။ ရှေ့နောက်သဘော နှင့် တစ်ပြိုင်နက်သဘောတို့ ရောနှောခြင်း မရှိပါ။ အကယ်၍ ရောနှောနေသေးလျှင် လည်း ရှေ့နောက်သဘောသာ ဖြစ်ပါမည်။ တစ်ပြိုင်နက်သဘော မဟုတ်သေးပါ။ အပိုင်းအစိတ်သဘောနှင့် တစ်ခုတည်းသဘောတို့တွင် အချင်းချင်း နယ်ခြားမျဉ်း ရှိပါသည်။ ရှေ့နောက်သဘောနှင့် တစ်ပြိုင်နက်သဘောတို့တွင် အချင်းချင်း နယ်ခြားမျဉ်း ရှိပါသည်။ ထိုနယ်ခြားမျဉ်းကို ဖြတ်ကျော်၍ မရပါ။ အိန္ဒိယ နယ်ခြားမျဉ်းကို ဖြတ်ကျော်လိုက်ရုံမျှနှင့် အိန္ဒိယလူမျိုး ဖြစ်မသွားနိုင်သကဲ့သို့ ဖြစ်ပါသည်။ ဤသည်မှာ လောကတရားနှင့် လောကလွန်တရားတို့၏ အချင်း ချင်း မတူညီသော သဘောများကို ဆိုခြင်း ဖြစ်ပါသည်။ ကျမ်းစာများတွင်လည်း လောကတရားနှင့် လောကလွန်တရားတို့၏ အချင်းချင်း မတူညီသည့်သဘောကို ဤသို့ ဖော်ပြကြပါသည်။

**ယသ္မာ နိဗ္ဗာနံ သဗ္ဗသင်္ခါရဝိဓုရသဘာဝံ၊ တသ္မာ ယထာ**
**သင်္ခတ ဓမ္မေသု ကတ္ထစိ နတ္ထိ၊ တထာ တတ္ထပိ သဗ္ဗေ သင်္ခတဓမ္မာ။**
**န ဟိ သင်္ခတာသင်္ခတ ဓမ္မာနံ သမောဓာနံ သမ္ဘဝတိ။**

**နိဗ္ဗာနံ**၊ သင်္ခါရတရား (နိဗ္ဗာန်) သည်။ **ယသ္မာ**၊ အကြင်ကြောင့်။ **သဗ္ဗသင်္ခါရဝိဓုရသဘာဝံ**၊ အလုံးစုံသော သင်္ခါရတရားတို့မှ ပြောင်းပြန် ဆန့်ကျင်သောသဘော ရှိ၏။ **တသ္မာ**၊ ထို့ကြောင့်။ **သင်္ခတဓမ္မေသု**၊ သင်္ခါရတရားတို့တွင်။ **ကတ္ထစိ**၊ တစ်စုံတစ်ခုသော သင်္ခါရတရားသော်မျှ။ **နိဗ္ဗာနံ**၊ အသင်္ခါရတရား (နိဗ္ဗာန်)သည်။ **နတ္ထိယထာ**၊ မရှိသကဲ့သို့။ **တတ္ထပိ**၊ ထိုအသင်္ခါရတရား (နိဗ္ဗာန်) ၌လည်း။ **သဗ္ဗေ**၊ အလုံးစုံကုန်သော။ **သင်္ခတ ဓမ္မာ**၊ သင်္ခါရတရားတို့သည်။ **တထာ**၊ ထို့အတူပင် မရှိကုန်။ **ဟိ**၊ မှန်ပေ၏။ **သင်္ခတာသင်္ခတဓမ္မာနံ**၊ သင်္ခါရတရားနှင့် အသင်္ခါရတရား (နိဗ္ဗာန်) တို့၏။ **သမောဓာနံ**၊ ပေါင်းဆုံမိခြင်းသည်။ **န သမ္ဘဝတိ**၊ မဖြစ်ကောင်းပေ။ (ဥဒါန၊ ဋ္ဌ၊ ၃၅၃)

ဤနေရာ၌ ဂေါက်သီးရိုက်သူတစ်ဦး၏ ဆိုစကားကို ကြားရဖူးပါသည်။ ဂေါက်သီးရိုက်ရာတွင် အစိတ်အပိုင်းလိုက် လေ့ကျင့်ပြီး နောက်ဆုံး၌ တစ်ခုတည်း ဖြစ်အောင် လေ့ကျင့်ရကြောင်း ဆိုပါသည်။ သူ၏အဆိုသည် လောကုတ္တရာ သဘောကို အခြေခံ၍ဆိုခြင်း ဖြစ်ပါသည်။ လောကီသဘောတွင် အသီးအသီး (နာနာရသ) နှင့် ရှေ့နောက် (နာနာက္ခဏ) ရှိပါသည်။ လောကုတ္တရာသဘော တွင်မူ အသီးအသီး (နာနာရသ) နှင့် ရှေ့နောက် (နာနာက္ခဏ) မရှိပါ။ တစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တည်း တစ်ခုတည်း (ဧကရသ) နှင့် တစ်ပြိုင်နက်တည်း (ဧကက္ခဏ) သာ ရှိပါသည်။ ဤနေရာ၌ တစ်ပေါင်းတည်း တစ်ခုတည်း (ဧကရသ) ဆိုသည်မှာ ဝိမုတ္တိရသကို ဆိုခြင်း ဖြစ်ပါသည်။ ဝိမုတ္တိရသ ဟူသည်မှာလည်း သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်း ဖြစ်ပါသည်။ တစ်ပြိုင်နက်တည်း (ဧကက္ခဏ) ဆိုသည်မှာ လောကုတ္တရာ စိတ်စေတသိက်များ ဖြစ်ပေါ်လာသောအခါ ယင်းတို့သည် တစ်ခုတည်းသော နိဗ္ဗာန်အာရုံကိုချည်း အာရုံပြုသဖြင့် အာရုံမကွဲပြားသောကြောင့် တစ်ပြိုင်နက်တည်း ဖြစ်ခြင်းကို ဆိုပါသည်။ လောကီ စိတ်စေတသိက်များ ဖြစ်ပေါ်လာသော အခါတွင်မူ အာရုံအမျိုးမျိုး ရှိသဖြင့် အာရုံကွဲပြားသောကြောင့် အာရုံချင်းတူရာ အခိုက်အတန့်၌သာ စုပေါင်းဖြစ်နိုင်ပြီး အာရုံချင်းမတူရာ အခိုက်အတန့်၌ကား စုပေါင်း မဖြစ်နိုင်ကြပါ။

လောကီသဘောအရ အာရုံချင်းတူရာ အခိုက်အတန့်၌ စိတ်စေတသိက်များ စုပေါင်းဖြစ်ကြစေကာမူ မိမိတို့ကိစ္စကိုသာ ဦးစားပေး ဆောင်ရွက်ကြသဖြင့် အသီးအသီး သဘောသာ ရှိပါသည်။ တစ်ခုတည်းသောသဘော မရှိကြပါ။ ယင်းသဘောကို လောကဝေါဟာရဖြင့် 'ရောနှောခြင်း' ဟူ၍ ဆိုကြပါသည်။ လောကုတ္တရာသဘောအရမူ စိတ်စေတသိက်တို့သည် တစ်ခုတည်းသော နိဗ္ဗာန်အာရုံ ချည်းရှိ၍ မိမိတို့ကိစ္စကို ဦးစားမပေးဘဲ အများဆိုင် 'ဘုံ' ကိစ္စ တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ကြသဖြင့် တစ်ခုတည်းသဘော ရှိကြပါသည်။ အသီးအသီး သဘော မရှိကြပါ။ ယင်းသဘောကို လောကဝေါဟာရဖြင့် 'တစ်သားတည်း ဖြစ်ခြင်း' ဟူ၍ ဆိုကြပါသည်။ ဤနေရာ၌ အများဆိုင် 'ဘုံ' ကိစ္စဆိုသည်မှာ ဝိမုတ္တိရသကို ဆိုခြင်း ဖြစ်ပါသည်။

တစ်သားတည်းဖြစ်ခြင်းကို နားလည်စေရန် ဟင်းချက်နည်းဥပမာကို ဆိုပါမည်။ ဟင်းချက်ရာတွင် ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်စသော ဟင်းလျာပစ္စည်းများကို အသုံးပြုပါသည်။ ဟင်းလျာပစ္စည်းများသည် ဟင်းအဖြစ်သို့ မရောက်မီ မိမိတို့၏ ကိုယ်ပိုင်အရသာများကိုသာ ဆောင်ကြပါသည်။ ကိုယ်ပိုင်အရသာများသည် ဟင်းလျာပစ္စည်း အမျိုးအစားအလိုက် အသီးအသီး ဖြစ်ကြပါသည်။ ယင်း ဟင်းလျာပစ္စည်းများကို ရောနှောလိုက်ရုံမျှနှင့် ဟင်းအဖြစ်သို့ မရောက်သွားပါချေ။ တစ်သားတည်း ဖြစ်မသွားကြပါချေ။ ဟင်းအဖြစ်သို့ ရောက်သွားစေရန်၊ တစ်သားတည်း ဖြစ်သွားစေရန် ကျိုရပါသည်၊ ချက်ရပါသည်။ ထိုအခါ ဟင်းလျာပစ္စည်းများသည် ဟင်းအဖြစ်သို့ ရောက်သွားပါသည်။ ဟင်းအဖြစ်သို့ ရောက်သွားသောအခါ ဆီသည်လည်း ဆီအရသာကိုစွန့်ပြီး ဟင်းအရသာ တစ်ခုတည်းကိုသာ ဆောင်ပါသည်။ အလားတူပင် ဆား၊ ငရုတ်၊





ကြက်သွန် စသော ဟင်းလျာပစ္စည်းများသည်လည်း မိမိတို့၏ ကိုယ်ပိုင်အရသာများကို စွန့်ပြီး ဟင်းအရသာ တစ်ခုတည်းကိုပင် ဆောင်ကြပါသည်။ ထို့ကြောင့် ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသော ဟင်းလျာပစ္စည်းများသည် မိမိတို့၏ အသီးအသီးသဘောကို စွန့်ပြီး ဟင်းအဖြစ် တစ်သားတည်းသဘောကို ဆောင်ကြပါသည်။ တစ်သားတည်းသဘောကို ဆောင်ပါမှလည်း အရသာရှိသော ဟင်းကောင်း ဖြစ်ပါမည်။ သို့မဟုတ်ဘဲ ဟင်းလျာပစ္စည်းများသည် မိမိတို့၏ အသီးအသီးသဘောကို ဆောင်နေသေးပါလျှင် အရသာရှိသော ဟင်းကောင်း ဖြစ်မလာနိုင်ပါချေ။ ဤသည်မှာ ရောနှောခြင်းနှင့် တစ်သားတည်း ဖြစ်ခြင်းတို့၏ ထူးခြားမှု ဖြစ်ပါသည်။ ဤထူးခြားမှုမှ လောကီသဘောနှင့် လောကုတ္တရာသဘောတို့၏ ခြားနားမှုကို မှန်းဆနိုင်ပါသည်။

မဂ္ဂင် ရှစ်ပါးတွင် သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင်ဟူ၍ အစိတ်အစိတ်တို့ကိုဆိုခြင်းသည် လောကအမြင်နှင့် လောကီသဘောအရ ဆိုခြင်းဖြစ်ပါသည်။ လောကီသဘောအရဆိုရလျှင် မဂ္ဂင်တို့သည် အစိတ်အစိတ်သဘောသာမက ကာလအားဖြင့် ရှေ့နောက်သဘောလည်း ရှိကြပါသည်။ ရှေးဦးစွာ သီလမဂ္ဂင်ကို ပွားများရပါသည်။ သီလမဂ္ဂင်အပေါ်၌ သမာဓိမဂ္ဂင်ကို တည်ဆောက်ရပါသည်။ သမာဓိမဂ္ဂင်အပေါ်၌ ပညာမဂ္ဂင်ကို တည်ဆောက်ရပါသည်။ ထို့ကြောင့် လောကီအဆင့်၌ မဂ္ဂင်တို့သည် အစိတ်အစိတ်သဘောသာမက ကာလအားဖြင့် ရှေ့နောက်သဘောလည်း ရှိကြပါသည်။ အစိတ်အစိတ်သဘောနှင့် ရှေ့နောက်သဘောတို့ ရှိကြသေးသဖြင့် မဂ္ဂင်တို့သည် လောကီအဆင့်၌ ကိလေသာတို့ကို ဖြစ်ပြတ်မပယ်နိုင်ကြခြင်း ဖြစ်ပါသည်။

လုပ်ငန်းစဉ်သဘောအရ ရှေးဦးစွာ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတည်းဟူသော ပညာမဂ္ဂင်ဖြင့် ဆင်ခြင်ပြီးနောက် သီလမဂ္ဂင်ကို ဆောက်တည်ရပါသည်။ သီလမဂ္ဂင်ကို ဆောက်တည်ပြီးနောက် သတိပဋ္ဌာန်တရားကို ပွားများရပါသည်။ သတိပဋ္ဌာန်တရားကို ပွားများသောအခါ သတိ၊ ပညာနှင့် ဝီရိယတို့ကို ဇောချွင်ဖြစ်လာအောင် ပွားများရပါသည်။ သတိ၊ ပညာနှင့် ဝီရိယတို့သည် ဇောချွင်ဖြစ်လာသောအခါ သီလမဂ္ဂင်လည်း ပြည့်စုံလာမည် ဖြစ်ပါသည်။ ပီတိ၊ ပဿဒ္ဓိနှင့် သမာဓိတို့သည်လည်း ဇောချွင်ဖြစ်လာပြီး သမာဓိမဂ္ဂင်အဖြစ်သို့ ရောက်လာမည် ဖြစ်ပါသည်။ ထိုအခါ သီလမဂ္ဂင်အပေါ်၌ သမာဓိမဂ္ဂင်ကို တည်ဆောက်ပြီးသား ဖြစ်သွားပါမည်။ အစိတ်အစိတ်သဘောမှ တစ်သားတည်းသဘောကို ဆောင်လာကြပါသည်။ ကာလအားဖြင့် ရှေ့နောက်သဘောမှ တစ်ပြိုင်နက်တည်း သဘောကို ဆောင်လာကြပါသည်။ ဤသို့ ဆောင်လာစေရန် ဥပေက္ခာ (တတြမဇ္ဈတ္တတာ)



www.burmeseclassic.com

www.burmeseclassic.com



စေတသိက်က သီလမဂ္ဂင်နှင့် သမာဓိမဂ္ဂင်တို့ကို တစ်ခုတည်းသော ဝိမုတ္တိရသဖြင့် ဗဟိုချက်ပြု၍ ပညာမဂ္ဂင်နှင့် တစ်သားတည်း၊ တစ်ပြိုင်နက်တည်းဖြစ်အောင် စုပေါင်းလိုက်ပါသည်။ ဤသို့ စုပေါင်းခြင်းကို ပါဠိဝေါဟာရဖြင့် 'သမဝါဟိတ' ဟူ၍ ဆိုပါသည်။ ပါဠိပညာရှင်များက 'သမဝါဟိတ' ကို အညီအညွတ် ရွက်ဆောင်မှုဟူ၍ မြန်မာပြန်ဆိုပါသည်။ တတြမဇ္ဈတ္တတာ စေတသိက်သည် ဤသို့ အညီအညွတ် ရွက်ဆောင်ခြင်းဖြင့် ဉပေက္ခာသမ္ဗောဇ္ဈင်အဖြစ်သို့ ရောက်သောအခါ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင်တို့သည် တစ်သားတည်း ဖြစ်သွားပြီး ဇောဇ္ဈက်ဒေသနာအရ 'သမ္ဗောဓိ' အမည်ဖြင့် ပေါ်ပေါက်လာပါသည်။ ထိုအခါ မဂ္ဂင်တို့သည် လောကုတ္တရာအဆင့်သို့ ရောက်၍ ကိလေသာတို့ကို မြစ်ပြတ် ပယ်လိုက်နိုင်ပါသည်။ နိရောဓသစ္စာကို မျက်မှောက်ပြုလိုက်နိုင်ပါသည်။ ဤသည်မှာ တစ်သားတည်း ဖြစ်သွားခြင်း၏ စွမ်းဆောင်ချက် ဖြစ်ပါသည်။

မဂ္ဂင်တို့သည် အစိတ်အစိတ်သဘောမှ တစ်သားတည်းသဘောသို့ လည်းကောင်း၊ ရှေ့နောက်သဘောမှ တစ်ပြိုင်နက်သဘောသို့ လည်းကောင်း ပြောင်းသွားပြီး နိရောဓသစ္စာကို မျက်မှောက်ပြုပုံနှင့် ပတ်သက်၍ မဟာစည်ဆရာတော်ကြီးက *ဝိပဿနာရှုနည်းကျမ်း၊ ဒုတိယတွဲ* (၄၁) ၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်။

> အာရုံနှင့် အမှတ်တွေ အကုန်လုံး တိခနဲပြတ်ပြီး ရပ်စဲသွားပြီ ဟူ၍လည်းကောင်း၊ လေးလံတဲ့ ဝန်ထုပ်ကြီးကို တွန်းချလိုက်ရသလိုပင် အာရုံနှင့် အမှတ်တွေ အကုန်လုံး ပြုတ်ကျသွားသည် ဟူ၍လည်းကောင်း၊ ဆွဲကိုင်ထားရာမှ လွှတ်ကျသွားသလိုပင် အာရုံနှင့် အမှတ်တွေမှ လွတ်သွားသည် ဟူ၍လည်းကောင်း၊ အကျဉ်းအကျပ် အနှောင်အဖွဲ့ထဲမှ ရုတ်တရက် လွတ်သွားသလိုပင် အာရုံတွေ အမှတ်တွေမှ ကျွတ်လွတ်သွားသည် ဟူ၍လည်းကောင်း၊ အာရုံနှင့် အမှတ်တွေ ချုပ်ပြတ်သွားပုံက မီးတောက်ကလေး ငြိမ်းသွားသလိုပင် ဟူ၍လည်းကောင်း သင်္ခါရချုပ်ငြိမ်းသော သဘောကို မျက်မှောက်တွေ့ရပေသည်။

## အကျိုးတရားများ

သမ္မုတိသစ္စာအရ လောကတွင် ပုဂ္ဂိုလ်သတ္တဝါများ ရှိကြသော်လည်း ပရမတ္ထသစ္စာအရ ပုဂ္ဂိုလ်သတ္တဝါများ မရှိဘဲ ရုပ်နာမ်များသာ ရှိကြပါသည်။ ယင်း ရုပ်နာမ်များသည် ပုဂ္ဂိုလ်သတ္တဝါများအနေဖြင့် မဟုတ်ဘဲ အကြောင်းအကျိုး အနေဖြင့်





ရှိကြပါသည်။ ပရမတ္ထဒေသနာတော်အရ အကျိုးတရားစစ်စစ် (ဝိပါကဖလ) သည် အဗျာကတသာ ဖြစ်ပါသည်။ တရားကိုယ်အားဖြင့်မူ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူ၍ ငါးမျိုး ရှိပါသည်။

အကျိုးတရား ငါးမျိုးတို့သည် ကုသိုလ်ကံကြောင့် ဖြစ်လျှင် ကောင်းသော အကျိုးတရားများဖြစ်ပြီး အကုသိုလ်ကံကြောင့်ဖြစ်လျှင် မကောင်းသော အကျိုးတရားများ ဖြစ်ပါသည်။ ကုသိုလ်ကံနှင့် အကုသိုလ်ကံကို ကြောင်းကျိုးဆက် (ပဋိစ္စသမုပ္ပါဒ်) ဝေါဟာရဖြင့် 'သင်္ခါရ' ဟူ၍ ဆိုပါသည်။ သင်္ခါရသည် ကောင်းသော ကုသိုလ်ကံဖြစ်ပါက 'ပုည' ဟူသော အမည်ကိုရပြီး မကောင်းသော အကုသိုလ်ကံဖြစ်ပါက 'အပုည' ဟူသော အမည်ကို ရပါသည်။ ဤဒေသနာတော်အရ ကောင်း (ပုည) နှင့် မကောင်း (အပုည) တို့သည်လည်း အဗျာကတပင် ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ကောင်းနှင့် မကောင်း (ပုညနှင့် အပုည)၊ အမှားနှင့် အမှန် (အဝိဇ္ဇာနှင့် ဝိဇ္ဇာ) တို့သည် အဘိဓမ္မာသဘောအရ ပြင်ပ ဗဟိဒ္ဓနယ်ပယ်၌ မရှိကြဘဲ အတွင်း အဇ္ဈတ္တနယ်ပယ်၌သာ ရှိကြပါသည်။ အကြောင်းကောင်းလျှင် အကျိုးကောင်းပါသည်။ အကြောင်းမှန်လျှင် အကျိုးမှန်ပါသည်။ အကြောင်းမကောင်းလျှင် အကျိုးမကောင်းပါ။ အကြောင်းမမှန်လျှင် အကျိုးမမှန်ပါ။

လောက မျက်မြင်အားဖြင့် အကုသိုလ်ဒုစရိုက်မှုများကို အကြောင်းခံ၍ ကြွယ်ဝချမ်းသာသူများကို တွေ့ရပါသည်။ ထိုအခါ မကောင်းသော မမှန်သော အကုသိုလ်ကံကြောင့် ကောင်းသော မှန်သော အကျိုးတရားများကို ရရှိနိုင်သည်ဟု ဆင်မှားဖွယ် ရှိပါသည်။ ကြွယ်ဝချမ်းသာမှုသည် ပြင်ပဗဟိဒ္ဓ ရုပ်ဝတ္ထုသဘော ဖြစ်၍ ကောင်း၊ မကောင်းနှင့်လည်း မဆိုင်၊ အမှား၊ အမှန်နှင့်လည်း မဆိုင်ပါချေ။ လောကမျက်မြင်အရ ဆိုင်ချင်ပါသည် ဆိုလျှင်လည်း အကြောင်း အကုသိုလ် ဒုစရိုက်မှုက တခြား၊ အကျိုး ကြွယ်ဝချမ်းသာမှုက တခြားဟူ၍ ဆိုရမည် ဖြစ်ပါသည်။ သို့မှသာ အကြောင်းအကျိုးဆက်သွယ်မှု နိယာမနှင့် ကိုက်ဆိုင်၍ ရပေမည်။ အကယ်၍ အကုသိုလ် ဒုစရိုက်မှုများကြောင့် ကြွယ်ဝချမ်းသာရိုးမှန်လျှင် ယင်း ကြွယ်ဝချမ်းသာမှုသည်လည်း အကုသိုလ်ဒုစရိုက်သဘော ရှိရပေမည်။ အဘယ့်ကြောင့်ဆိုသော် အကြောင်းအကျိုးနိယာမ (သဒိသံပါကံ ဇနေတိ) အရ အကြောင်းနှင့်အကျိုးတို့သည် သဘောချင်းတူသောကြောင့် ဖြစ်ပါသည်။ ဝိနည်း ဒေသနာတော်များ၌မူ အသက်မွေးမှုနှင့်ပတ်သက်၍ မကောင်းသဖြင့် ရအပ်သော ပစ္စည်းဝတ္ထုများကို ရဟန်းတို့ မသုံးဆောင်ကောင်းကြောင်း လာရှိပါသည်။ ထို့ကြောင့်

www.burmeseclassic.com



ဗုဒ္ဓဒေသနာတော်အရ ပစ္စည်းဝတ္ထုများ ရရှိမှုနှင့် ပတ်သက်၍ အကြောင်း ကောင်းခြင်းနှင့် မကောင်းခြင်းတို့သည် များစွာ ပြဋ္ဌာန်းပါသည်။ တရားသဖြင့် ရသော ပစ္စည်း (ဓမ္မိယလဒ္ဓ) ဟူသောအမည်နှင့် မတရားသဖြင့် ရသောပစ္စည်း (အဓမ္မိယလဒ္ဓ) ဟူသော အမည်တို့သည် အကြောင်းတရားများ၏ ကောင်းခြင်းနှင့် မကောင်းခြင်းတို့ကို အလေးအနက်ပြုသော အမည်များ ဖြစ်ပါသည်။ ဤသဘောများအရ အကြောင်းတရားများသည် ရရှိသော ပစ္စည်းဝတ္ထုများနောက်သို့ အရိပ်သဖွယ် အစဉ်တစိုက် လိုက်လျက်ရှိပါသည်။

အရက်အကြောက် ကင်းသူများ၊ ကျီးကဲ့သို့ လုယက်ရဲသူများ၊ လုပ်ဖော်ကိုင်ဖက်များအပေါ်၌ အပုပ်ချရဲသူများသည် အသက်မွေးမြူမှု လွယ်ကူကြောင်း ဓမ္မပဒပါဠိတော်၌ လာရှိပါသည်။ ဤသည်မှာ အစုန်သဘောရှိသော အကုသိုလ်ဒုစရိုက်များနှင့် ပတ်သက်၍ သံသရာသစ်ငုတ်အနေဖြင့် ခိုင်မြဲကြောင်း၊ သို့ဖြစ်၍ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ခဲယဉ်းကြောင်းကို ဖော်ပြခြင်း ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်၌လည်း ပြည့်စုံမှု (ဉာဒ္ဓိ) နှင့် ပတ်သက်၍ အကြောင်းနှင့်အကျိုး လိုက်လျောညီထွေရှိမှုကို မှန်ကန်သောအားထုတ်မှု (သမ္မာပယောဂ) ဟု ဆိုပါသည်။ စပါးအထွက်ကောင်းလိုလျှင် စနစ်တကျ စပါးကို စိုက်ပျိုးရမည်။ စစ်ပွဲကိုနိုင်လိုလျှင် စနစ်တကျ စစ်ကို တိုက်ရမည်။ ရာထူးတိုးတက်လိုလျှင် စနစ်တကျ လုပ်ငန်း၌ ကြိုးစားရမည်။ ဤသို့ စသည်ဖြင့် အကြောင်းနှင့်အကျိုး ဆက်သွယ်မှု မှန်ကန်ခြင်းမျိုးကို ဆိုခြင်း ဖြစ်ပါသည်။ ပစ္စည်းဥစ္စာ ကြွယ်ဝလို၍ ဖြစ်စေ ရာထူး တိုးတက်လို၍ ဖြစ်စေ ဘိုးတော်များကို ကိုးကွယ်ခြင်း၊ အထက်လူကြီးများကို မျက်နှာလိုအားရလုပ်ခြင်း၊ ပုတီးစိပ်ခြင်း၊ ပွဲထိုးခြင်း စသည်တို့သည် မှန်ကန်သောအားထုတ်မှု (သမ္မာပယောဂ) မဟုတ်ဘဲ ဖောက်ပြန်သောအားထုတ်မှု (**မိစ္ဆာပယောဂ**)သာ ဖြစ်ပါသည်။ ဗုဒ္ဓဒေသနာတော်အရ မှန်ကန်သောအားထုတ်မှုသည် သူတော်ကောင်းတို့ ချီးမွမ်းအပ်သော လုပ်ငန်းဖြစ်၍ ဖောက်ပြန်သောအားထုတ်မှုသည် သူယုတ်မာတို့ ချီးမွမ်းအပ်သော လုပ်ငန်းဖြစ်ပါသည်။ ဤလောက၌ သူတော်ကောင်းမှာ လူနည်းစုဖြစ်၍ သူယုတ်မာမှာ လူများစု ဖြစ်ပါသည်။ ထို့ကြောင့် ဖောက်ပြန်သော အားထုတ်မှုကို လူကြိုက်များကြခြင်း ဖြစ်ပါသည်။

'စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏' ဟူသော ဒေသနာတော်အတိုင်း ပုထုဇဉ်တို့သည် ဓမ္မတာအားဖြင့် အလွယ်လမ်းကို လိုက်တတ်ကြပါသည်။ ရေသာခိုတတ်ကြပါသည်။ ထိုသို့ အလွယ်လမ်းကို လိုက်နေပါလျက် ရေသာခိုနေပါလျက် မိမိကိုယ်ကို သူတော်စင်အဖြစ် လည်းကောင်း၊ လူတော်





လူကောင်းအဖြစ် လည်းကောင်း ယုံကြည်လျက်-ရှိကြပါသည်။ ဤသို့ ယုံကြည်ခြင်းကို မှားယွင်းမှု (ဝိပလ္လာသ) ဟု ဆိုပါသည်။ ဝိပလ္လာသ လွှမ်းမိုးမှုကြောင့် အမှန်ကို အမှားထင်သောအခါ လုပ်ငန်းများတွင် နာမည်ရနိုင်သော လုပ်ငန်း၊ ကိုယ်ကျိုးရှိသော လုပ်ငန်း၊ သက်သာသော လုပ်ငန်းများ၌သာ စိတ်ဝင်စားတတ်ပါသည်။ ထိုလုပ်ငန်းမျိုးကိုသာ ရွေးချယ်၍ လုပ်ကိုင်တတ်ပါသည်။ မိမိတာဝန်ကျသော လုပ်ငန်းသည် အဆိုပါလုပ်ငန်းမျိုး မဟုတ်ခဲ့ပါလျှင် ထိုလုပ်ငန်းမှ ရှောင်ကွင်းနိုင်ရန် တစ်နည်းနည်းဖြင့် ကြိုးစားတတ်ပါသည်။ ထိုကဲ့သို့ ကြိုးစားသောအခါ မိမိ၏ ယုတ်ညံ့မှုကို ဖုံးကွယ်နိုင်ရန် တစ်ဖက်သားများအပေါ်၌ အပြစ်ပုံတတ်ပါသည်။ ဤသည်မှာ အစုန်လမ်းသမား၊ ရေသာခိုသမားများ၏ ပင်ကိုဇာတိ ဖြစ်ပါသည်။

ထိုလူစားမျိုးနှင့် ပတ်သက်၍ *ဘဂဝါဂီတာ*၌ ဤသို့ ဆုံးမထားသည်ကို တွေ့ရပါသည်။

> သွေ သွေ ကမ်ဏျဘိရတး သံသိဒ္ဓိံ လဘတေ နရး၊
> သွကမ်နိရတး သိဒ္ဓိံ ယထာ ဝိန္ဒတိ တံ ဂဏု။
>
> (ဂီတာ–၁၈၊ ၄၅)
>
> ဂြေယာန် သွဓမ်ော ဝိဂုဏး ပရဓမ်ာတ် သွနုဋ္ဌိတာတ်၊
> သွဘာဝနိယတံ ကမ် ကုဝန္နာပ္နောတိ ကိလ္ဗိသမ်။
>
> (ဂီတာ–၁၈၊ ၄၇)

**သွေသွေ**၊ မိမိတာဝန်ကျရာဖြစ်သော။ **ကမ်ဏိ**၊ လုပ်ငန်းတာဝန်၌။ **အဘိရတး**၊ မွေ့လျော်သော။ **နရ**၊ လူသည်။ **သံသိဒ္ဓိံ**၊ ပြီးပြည့်စုံခြင်းကို။ **လဘတေ**၊ ရ၏။ **ယထာ**၊ အကြင်မျှလောက်။ **သွကမ်နိရတး**၊ မိမိ၏ တာဝန်ကျရာလုပ်ငန်း၌ စိတ်ဝင်စား၏။ **တံ–တထာ**၊ ထိုမျှလောက်။ **သိဒ္ဓိံ**၊ ပြီးပြည့်စုံခြင်းကို။ **ဝိန္ဒတိ**၊ ရ၏။ **ဏုတိ**၊ ဤသို့။ **ဂုဏု**၊ နာယူပါလော့။

**သွဓမ်ော**၊ မိမိတာဝန်ကျ လုပ်ငန်းသည်။ **ဝိဂုဏး**၊ ဂုဏ်သိန်ကင်းစေကာမူ။ **သွနုဋ္ဌိတာတ်**၊ ဂုဏ်သိန်နှင့် ပြည့်စုံသော။ **ပရဓမ်ာတ်**၊ သူတစ်ပါးလုပ်ငန်းထက်။ **ဂြေယာန်**၊ မြင့်မြတ်ပါ၏။ **သွဘာဝနိယတံ**၊ မိမိအတွက် အပ်နှင်းထားသော။ **ကမ်**၊ လုပ်ငန်းတာဝန်ကို။ **ကုဝ်န်**၊ ပြုရာ၏။ **တဒါ**၊ ထိုအခါ၌။ **ကိလ္ဗိသံ**၊ လူယုတ်မာသသောသို့။ **န အာပ္နောတိ**၊ မရောက်။



www.burmeseclassic.com

www.burmeseclassic.com

## တန်ဖိုး၏ အကြောင်းတရားများ

အရာဝတ္ထုတစ်ခု၏ တန်ဖိုးသည် သမ္မုတိသစ္စာအနေဖြင့် အစဉ်တစိုက် ပြောင်းလဲ လျက် ရှိပါသည်။ အရာဝတ္ထုတစ်ခု၏ တန်ဖိုးကို ပြောင်းလဲစေသော အကြောင်း တရားများကို ပါဠိစာပေများတွင် "သမ္ပတ္တိ" ဟု ခေါ်ပါသည်။ သမ္ပတ္တိ ၏အနက် မှာ မြန်မာဝေါဟာရဖြင့် ပြည့်စုံခြင်း ဖြစ်ပါသည်။ အရေအတွက်အားဖြင့် သမ္ပတ္တိသည် လေးမျိုး ရှိပါသည်။ သမ္ပတ္တိ လေးမျိုးတို့မှာ–

(၁) ကာလ သမ္ပတ္တိ၊
(၂) ဂတိ သမ္ပတ္တိ၊
(၃) ဥပဓိ သမ္ပတ္တိ၊
(၄) ပယောဂ သမ္ပတ္တိ

တို့ ဖြစ်ကြပါသည်။

### (၁) ကာလ သမ္ပတ္တိ

ကာလသမ္ပတ္တိဆိုသည်မှာ အချိန်အခါနှင့် ပြည့်စုံမှု ဖြစ်ပါသည်။ အရာဝတ္ထုတစ်ခု သို့မဟုတ် ဖြစ်ရပ်တစ်ခု၏ တန်ဖိုးသည် အချိန်အခါကိုလိုက်၍ အတက်အကျ ရှိပါသည်။ အတိုးအဆုတ် ရှိပါသည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ အရာဝတ္ထု တစ်ခု သို့မဟုတ် ဖြစ်ရပ်တစ်ခု၏ အတွင်းသားအနေဖြင့် အချိန်အခါ သဘော သည် ပါဝင်လှုပ်ရှားသောကြောင့် ဖြစ်ပါသည်။ အမှန်အားဖြင့် အတွင်းသား သည်သာ အားဖြစ်ပါသည်။ အပြင်သားသည် အားမဟုတ်ပါချေ။ သို့ရာတွင် အပြင်သားသည် အတွင်းသားအား တိုးတက်မှု၊ ဆုတ်ယုတ်မှုနှင့် ပတ်သက်၍ ကြီးစွာသော အထောက်အပံ့ကို ပြုပါသည်။ ပဋ္ဌာန်းသဘောအရ ဆိုရလျှင် သဘော ချင်းတူသော အထောက်အပံ့ကို ရရှိသောအခါ တရားကိုယ်တစ်ခုသည် ကြီးစွာ သောအားရှိပြီး သဘောချင်းမတူသော အထောက်အပံ့ကို ရရှိသောအခါ တရား ကိုယ်တစ်ခုသည် ကြီးစွာသောအား မရှိပါချေ။ အကယ်၍ သဘောချင်း မတူ သာမက ပဋိပက္ခ သဘောကို ဆောင်လိုက်ပါလျှင် ယင်းတရားကိုယ်တစ်ခုသည် ပျက်စီး၍ပင် သွားနိုင်ပါသည်။

ငွေတစ်ကျပ်သည် သတ်မှတ်တန်ဖိုးအားဖြင့် တစ်ကျပ်သာ ဖြစ်ပါသည်။ သို့ရာတွင် အလွန့်အလွန် လိုအပ်ချိန်၌ ယင်း ငွေတစ်ကျပ်သည် တစ်ရာ၊ တ ထောင်မက တန်ဖိုးများစွာ ရှိတတ်ပါသည်။ ဤသဘောမှာ ကာလ၏ အထော အပံ့ကို သက်သေပြသည့်သဘော ဖြစ်ပါသည်။ အလားတူပင် ထမင်းတစ် အဝတ်တစ်ထည်တို့သည် သတ်မှတ်တန်ဖိုးထက် များစွာကြီးမားသော အ





အခါကို ဖော်ပြနိုင်သည့် အနေအထားများ၌ ရှိနိုင်ပါသည်။ ထို့ကြောင့် ကာလ၏ သဘောကို နားလည်အောင် အားထုတ်အပ်ပါသည်။ နားလည်လျှင်လည်း အသုံးချ တတ်အောင် အားထုတ်အပ်ပါသည်။

### (၂) ဂတိ သမ္ပတ္တိ

ဂတိသမ္ပတ္တိဆိုသည်မှာ ဒေသ၏ ပြည့်စုံမှု ဖြစ်ပါသည်။ ဖြစ်ရာဌာန၏ ပြည့်စုံမှု ဟူ၍လည်း ဆိုကြပါသည်။ ကာလနည်းတူ ဂတိသည်လည်း အရာဝတ္ထုတစ်ခု သို့မဟုတ် ဖြစ်ရပ်တစ်ခု၏ အတွင်းသား ဖြစ်ပါသည်။ ထို့ကြောင့် အရာဝတ္ထု တစ်ခု သို့မဟုတ် ဖြစ်ရပ်တစ်ခုသည် ဒေသ သို့မဟုတ် ဖြစ်ရာဌာနကို လိုက်၍ တန်ဖိုးအားဖြင့် အတက်အကျ ရှိပါသည်။ ဥပမာအားဖြင့် အုတ်တစ်ချပ်သည် သတ်မှတ်တန်ဖိုးအားဖြင့် အုတ်တစ်ချပ်သာ ဖြစ်ပါသည်။ သို့ရာတွင် ယင်းအုတ် တစ်ချပ်သည် စေတီတော် တည်ဆောက်ရာ၌ အသုံးပြုခြင်း ခံရပါက စေတီအုတ် အနေဖြင့် တန်ဖိုးတစ်မျိုးဖြစ်၍၊ လမ်းခင်းရာ၌ အသုံးပြုခြင်း ခံရပါက လမ်းခင်း အုတ်အနေဖြင့် တန်ဖိုးတစ်မျိုး ဖြစ်ပါသည်။ အုတ်ချင်းတူပါလျက် တန်ဖိုးချင်း ခြားနားသွားသည်မှာ ဒေသ သို့မဟုတ် ဖြစ်ရာဌာန၏ ခြားနားခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဂတိ၏သဘောကို နားလည်အောင် အားထုတ်အပ် ပါသည်။ နားလည်လျှင်လည်း အသုံးချတတ်အောင် အားထုတ်အပ်ပါသည်။

### (၃) ဥပဓိ သမ္ပတ္တိ

ဥပဓိသမ္ပတ္တိဆိုသည်မှာ ပင်ကိုအရည်အသွေး၏ ပြည့်စုံမှု ဖြစ်ပါသည်။ ရုပ်ပိုင်း ဆိုင်ရာ အရည်အသွေးနှင့် စိတ်ပိုင်းဆိုင်ရာ အရည်အသွေး နှစ်မျိုးလုံးကိုပင် ဤ နေရာ၌ ဥပဓိအဖြစ် ဆိုလိုပါသည်။ တန်ဖိုးတွက်ရာ၌ အရည်အသွေးသည် အလွန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ လူချင်းတူလျက် တစ်ယောက် နှင့်တစ်ယောက် ခြားနားသည်မှာ အရည်အသွေး ခြားနားမှုကြောင့် ဖြစ်ပါသည်။ အရာဝတ္ထုချင်းတူလျက် တစ်ခုနှင့်တစ်ခု ခြားနားသည်မှာ အရည်အသွေး ခြားနားမှု ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဥပဓိ၏သဘောကို နားလည်အောင် အား ထုတ်အပ်ပါသည်။ နားလည်လျှင်လည်း အသုံးချတတ်အောင် အားထုတ် အပ်ပါသည်။

### (၄) ပယောဂ သမ္ပတ္တိ

ပယောဂသမ္ပတ္တိဆိုသည်မှာ ဆောင်ရွက်ပုံ ထိရောက်မှု ဖြစ်ပါသည်။ ပယောဂ



www.burmeseclassic.com

www.burmeseclassic.com



သမ္မတ္တိသည်လည်း အရာဝတ္ထုတစ်ခု သို့မဟုတ် ဖြစ်ရပ်တစ်ခု၏ အတွင်းသားပင် ဖြစ်ပါသည်။ ဤနေရာ၌ ဆောင်ရွက်ပုံ ထိရောက်မှုအရ မဟာဗျူဟာနှင့် နည်းဗျူဟာတို့၏ အချင်းချင်း လိုက်လျောညီထွေရှိမှုကို ဆိုပါသည်။ မဟာဗျူဟာသည် ပန်းတိုင်သဘောဖြစ်၍ ပြုပြင်ပြောင်းလဲရန် မတတ်ကောင်းသော အနေအထားတွင် ရှိပါသည်။ နည်းဗျူဟာသည် ပန်းတိုင်သို့သွားရာ ခရီးလမ်းကြောင်းသဘောဖြစ်၍ ပန်းတိုင်သို့ ဦးတည်နေသမျှ ကာလပတ်လုံး ပြုပြင်ပြောင်းလဲရန် တတ်ကောင်းသော အနေအထားတွင် ရှိပါသည်။

ဥပမာအားဖြင့် ကျွန်ုပ်တို့သည် ငွေတစ်ကျပ်ကို ရဖူးပါသည်။ ထိုသို့ရဖူးရာတွင် ချစ်သူထံမှရသော ငွေတစ်ကျပ်နှင့် လမ်းပေါ်မှကောက်ရသော ငွေတစ်ကျပ်တို့သည် သတ်မှတ်တန်ဖိုးအားဖြင့် တစ်ကျပ်ချင်းတူသော်လည်း ခံစားမှုတန်ဖိုးအားဖြင့် တစ်ခုနှင့်တစ်ခု မတူညီပါချေ။ ချစ်သူထံမှရသော ငွေတစ်ကျပ်သည် မြတ်နိုးမှုစေတနာ အပြည့်အဝဖြင့်ပေးသော ငွေတစ်ကျပ်ဖြစ်၍ လမ်းပေါ်မှကောက်ရသော ငွေတစ်ကျပ်သည် ထိုကဲ့သို့ စေတနာပါသော ငွေတစ်ကျပ် မဟုတ်ပါချေ။ ထို့ကြောင့် ရရှိသူအတွက် ခံစားမှုတန်ဖိုးချင်း မတူညီခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ပယောဂ၏ သဘောကို နားလည်အောင် အားထုတ်အပ်ပါသည်။ နားလည်လျှင်လည်း အသုံးချတတ်အောင် အားထုတ်အပ်ပါသည်။

သမ္မတ္တိတရား လေးပါးတို့သည် သင်္ခါရတရားများဖြစ်၍ ကြောင်းကျိုးဆက်သွယ်မှု နယ်ပယ်အတွင်း၌ ရှိကြပါသည်။ ထို့ကြောင့် ပြုပြင်၍ ရကောင်းသော အနေအထားတွင် ရှိကြပါသည်။ ကောင်းအောင်ပြုပြင်လျှင် ကောင်းလာနိုင်ပြီး မကောင်းအောင် ပြုပြင်လျှင်လည်း မကောင်းဘဲ ဖြစ်သွားနိုင်ပါသည်။ အမှန်အားဖြင့် ဗုဒ္ဓဒေသနာတော်အရ ကံကြမ္မာကို ဖန်တီးကြသူများမှာ ထာဝရဘုရားမဟုတ်ဘဲ မိမိတို့ပင် ဖြစ်ပါသဖြင့် မိမိတို့၏ သီလ၊ သမာဓိ၊ ပညာအရ မိမိတို့၏ အဆုံးအဖြတ်အတိုင်း မိမိတို့၏ ကံကြမ္မာကို မိမိတို့ ဖန်တီးနိုင်ပါသည်။ အစုန်လမ်းကို လိုက်လျှင်လည်း ရပါသည်။ အဆန်လမ်းကို လိုက်လျှင်လည်း ရပါသည်။

## ချမ်းသာသုခရကြောင်း

လူတို့သည် ကမ္ဘာ့သမိုင်းအဦးမှစ၍ ချမ်းသာသုခကို အစဉ်တစိုက် ရှာဖွေခဲ့ပါသည်။ အစုန်လမ်းကို လိုက်၍လည်း ရှာဖွေခဲ့ပါသည်။ အဆန်လမ်းကို လိုက်၍လည်း ရှာဖွေခဲ့ပါသည်။ အစုန်လမ်းကိုလိုက်၍ ရှာဖွေကြသူများသည် ရာထူး ဂုဏ်သိန်၊ စည်းစိမ် ဥစ္စာတို့၌ ရှာဖွေကြပါသည်။ ရာထူးကြီးလျှင် ချမ်းသာလိမ့်





မည်ဟု ထင်မှတ်၍ ရှာဖွေခြင်း ဖြစ်ပါသည်။ ဂုဏ်သိန်နှင့် ပြည့်စုံလျှင် ချမ်းသာလိမ့်မည်ဟု ထင်မှတ်၍ ရှာဖွေခြင်း ဖြစ်ပါသည်။ စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းတို့နှင့် ပြည့်စုံလျှင် ချမ်းသာလိမ့်မည်ဟု ထင်မှတ်၍ ရှာဖွေခြင်း ဖြစ်ပါသည်။ ထိုသို့ရှာဖွေရာတွင် စစ်တိုက်၍လည်း ရှာဖွေကြပါသည်။ ပညာရှိ ပါမောက္ခလုပ်၍လည်း ရှာဖွေကြပါသည်။ ကုန်သွယ်လယ်လုပ်၍လည်း ရှာဖွေကြပါသည်။ သူ့ကျွန်ခံ၍လည်း ရှာဖွေကြပါသည်။ ဤရှာဖွေနည်းများမှာ လောကီလူသားတို့၏ သမားရိုးကျ လုပ်ရိုးလုပ်စဉ် ရှာဖွေနည်းများသာ ဖြစ်ပါသည်။ လုပ်ရိုးလုပ်စဉ် ရှာဖွေနည်းများကို ပိဋကတ်တော်၌ **'ကာမသုခလ္လိကာနုယောဂ'**ဟု ဆိုပါသည်။ ဗြာဟ္မဏဘာပေတို့၌မူ စစ်တိုက်၍ ရှာဖွေသူများကို **'ရာဇ'**၊ ပညာရှိ ပါမောက္ခလုပ်၍ ရှာဖွေသူများကို **'ဗြာဟ္မဏ'**၊ ကုန်သွယ်လယ်လုပ်၍ ရှာဖွေသူများကို **'ဝေဿ'**၊ သူ့ကျွန်ခံ၍ ရှာဖွေသူများကို **'ဒလိဒ္ဒ'** ဟု ဆိုပါသည်။

လောကီလူသားတို့၏ သမားရိုးကျ ရှာဖွေနည်းဖြင့် ချမ်းသာသုခကို ရှာဖွေ၍ မရနိုင်ကြောင်း တွေ့မြင်ရသောအခါ လူသားတို့သည် တရားကျင့်စဉ်ဖြင့် ချမ်းသာသုခကို ရှာဖွေကြပြန်ပါသည်။ တရားကျင့်စဉ်တွင် ဗြာဟ္မဏတို့၏ တရားကျင့်စဉ်နှင့် တိတ္ထိယတို့၏ တရားကျင့်စဉ်များလည်း ပါဝင်သည်။ ဗုဒ္ဓ၏ တရားကျင့်စဉ်လည်း ပါဝင်သည်။ ဗြာဟ္မဏတို့၏ တရားကျင့်စဉ်ကို သမားရိုးကျကျင့်စဉ် **'ကာမသုခလ္လိကာနုယောဂ'** ၌ ထည့်သွင်း၍ တိတ္ထိယတို့၏ ကျင့်စဉ်ကို ကိုယ်စိတ်ဆင်းရဲကြောင်း ကျင့်စဉ် **'အတ္တကိလမထာနုယောဂ'** ၌ ထည့်သွင်းပါသည်။ ဗုဒ္ဓ၏ တရားကျင့်စဉ်ကို မှန်ကန်သောကျင့်စဉ် **'မဇ္ဈိမပဋိပဒါ'** ၌ ထည့်သွင်းပါသည်။ မဇ္ဈိမပဋိပဒါသည် မြတ်စွာဘုရား ပွင့်တော်မူသောအခါမှသာ ပေါ်ထွန်းလာသည့် မှန်ကန်သောကျင့်စဉ် ဖြစ်ပါသည်။

အမှန်အားဖြင့် ချမ်းသာသုခသည် ရုပ်တရား၏အမည် မဟုတ်ဘဲ နာမ်တရား၏အမည် ဖြစ်ပါသည်။ နာမ်တရားဟူသည်မှာလည်း ဗဟိဒ္ဓနယ်ပယ်၌ မရှိဘဲ အဇ္ဈတ္တနယ်ပယ်၌သာ ရှိပါသည်။ သတ္တဝါတို့၏ နှလုံးအိမ်အတွင်း၌သာ ရှိပါသည်။ ထို့ကြောင့် ချမ်းသာသုခကို ရှာလိုလျှင် မိမိတို့၏ နှလုံးအိမ်အတွင်း၌သာ ရှာဖွေရမည် ဖြစ်ပါသည်။ နှလုံးအိမ်အတွင်း၌ ရှာဖွေသောအခါ သုခဝေဒနာကို တွေ့တတ်ပါသည်။ သုခဝေဒနာသည် အကုသိုလ်စိတ်နှင့်လည်း ယှဉ်တတ်ပါသည်။ ကုသိုလ်စိတ်နှင့်လည်း ယှဉ်တတ်ပါသည်။ သို့ဖြစ်၍ ချမ်းသာသုခဟူသည် အကုသိုလ် ဒုစရိုက်မှု၌လည်း ရှိပါသည်။ ကုသိုလ် သုစရိုက်မှု၌လည်း ရှိပါသည်။ ထို့ကြောင့် ချမ်းသာသုခတိုင်းကို စစ်မှန်သော ချမ်းသာသုခအဖြစ် မသတ်မှတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ချမ်းသာသုခအမည်ကို ရယူထားသော ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



သုခသည် အကြောင်းတရားဖြစ်သော ကုသိုလ်ဇောနှင့် အကုသိုလ်ဇောတို့၌ ယှဉ်သောကြောင့် ဖြစ်ပါသည်။

ဝီထိစိတ်များတွင် ကံ၊ ကြိယာနှင့် ဝိပါက်ဟူ၍ အုပ်စုသုံးမျိုး ပါဝင်ပါသည်။ ထိုသုံးမျိုးတို့တွင် 'ကံ' သည် ကုသိုလ်ဇောနှင့် အကုသိုလ်ဇော ဖြစ်ပါသည်။ ဇောသည် အာရုံ၏ အရသာကို ခံစားတတ်ပါသည်။ အာရုံ၏ အရသာကို ခံစားခြင်းဖြင့် အကြောင်းအရာကိုပါ သိပါသည်။ ထို့ကြောင့် ဇောစိတ်ကို 'သိစိတ်' ဟူ၍ သတ်မှတ်ပါသည်။ လောက၌ သုခချမ်းသာဟူ၍ သတ်မှတ်ခြင်းသည် ကုသိုလ် အကုသိုလ်တို့၌ယှဉ်သော သုခဝေဒနာ၏အမည် ဖြစ်ပါသည်။ ကုသိုလ် အကုသိုလ်တို့သည် နှလုံးသွင်းကိုလိုက်၍ ဖြစ်ချင်သလို ဖြစ်တတ်သော သဘော ရှိပါသည်။ကောင်းသောအာရုံ ဖြစ်ပါလျက် မကောင်းဟုထင်ပြီး အကုသိုလ်ဇော ဇောတတ်ပါသည်။ မကောင်းသောအာရုံ ဖြစ်ပါလျက် အကောင်းဟု ထင်ပြီး ကုသိုလ်ဇော ဇောတတ်ပါသည်။ ထို့ကြောင့် အဘိဓမ္မာဒေသနာတော်၌ 'ဇောအပြန်' ဟု ဆိုကြခြင်း ဖြစ်ပါသည်။ ဤနေရာ၌ 'အပြန်' ဆိုသည်မှာ 'ပြောင်းပြန်' ကို ဆိုပါသည်။ အကောင်းအာရုံ၌လည်း မကောင်းဇော ဇောတတ်ပြီး မကောင်းသောအာရုံ၌လည်း အကောင်းဇော ဇောတတ်ခြင်းကို ဆိုလိုပါသည်။ ကာမအာရုံတို့၌ ယေဘုယျအားဖြင့် ဇောစိတ်တို့သည် ခုနစ်ကြိမ် ဇော ရှိကြပါသည်။

ဗုဒ္ဓအဘိဓမ္မာအရ စိတ်တို့သည် တစ်ခုတည်း ဖြစ်နေကြသည် မဟုတ်။ ဖြစ်လိုက်၊ ချုပ်လိုက်သဘောဖြင့် တစ်ခုပြီးတစ်ခု ဆက်တိုက် ဖြစ်နေကြပါသည်။ ထိုသို့ဖြစ်ကြရာတွင် ဘဝင်စိတ်မှတစ်ပါး အခြားသော ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်နှင့် ကြိယာစိတ်များ ဖြစ်ခြင်းကို 'ဝီထိစိတ်' ဟု ခေါ်ပါသည်။ ဝီထိစိတ်တို့တွင် ဇောစိတ်သည် ခုနစ်ကြိမ်ဖြစ်ပြီး အာရုံကို အမျိုးအမည်နှင့်တကွ သိပါသည်။ထို့ကြောင့် ဇောစိတ်ကို အနောက်တိုင်းစိတ်ပညာအရ 'သိစိတ်'ဟု ဆိုနိုင်ပါသည်။ ဇောစိတ်သည် ပုထုဇဉ်တို့အတွက် ကုသိုလ်နှင့် အကုသိုလ် နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသာ ဖြစ်နိုင်ပါသည်။ ထိုသို့ဖြစ်ရာတွင်လည်း အာရုံအလိုက် ကုသိုလ်နှင့် အကုသိုလ်ဖြစ်ခြင်းမျိုး မဟုတ်ဘဲ နှလုံးသွင်းအလိုက်သာ ကုသိုလ်နှင့် အကုသိုလ် သင့်သလို ဖြစ်ပါသည်။ အလွန်ကောင်းသော 'ဘုရား' အာရုံ၌ပင် တိတ္ထိယတို့ ကုသိုလ်ဇော မဇောဘဲ အကုသိုလ်ဇော ဇောကြပါသည်။ ဤနေရာ၌ 'ဇောဇောသည်' ဆိုသည်မှာ ဇောစိတ်ဖြစ်ခြင်းပင် ဖြစ်ပါသည်။ ဝီထိစိတ်တို့တွင် အဟိတ်ကြိယာစိတ်နှင့် ဝိပါက်စိတ်များလည်း ပါဝင်၏။ ယင်းတို့သည် အာရုံကို အမျိုးအမည်နှင့်တကွ မသိ။ ထို့ကြောင့် ယင်းတို့ကို အနောက်တိုင်း စိတ်ပညာအရ





'မသိစိတ်' ဟု ခေါ်နိုင်ပါသည်။ အဟိတ်ကြိယာစိတ်နှင့် ဝိပါက်စိတ် နှစ်မျိုးတို့တွင် အဟိတ်ကြိယာစိတ်သည် အာရုံအလိုက် ဖြစ်စေ၊ နှလုံးသွင်းအလိုက် ဖြစ်စေ ကောင်း (ကုသိုလ်)နှင့် မကောင်း (အကုသိုလ်) သဘော မရှိသော်လည်း ဝိပါက်စိတ်ကား ကောင်း(ကုသိုလ်) နှင့် မကောင်း(အကုသိုလ်) သဘော ရှိကြပါသည်။ ထို့အပြင် ချမ်းသာသုခနှင့် ဆင်းရဲဒုက္ခဟူသော ခံစားမှုဝေဒနာ ကွဲပြားခြင်းလည်း ရှိပါသည်။ ကောင်း၊မကောင်း ကွဲပြားရာ၌ ဖြစ်စေ၊ ချမ်းသာ၊ ဆင်းရဲ ကွဲပြားရာ၌ ဖြစ်စေ ဝိပါက်စိတ်တို့သည် အာရုံအလိုက်သာလျှင် ကွဲပြားကြပါသည်။ ဇောစိတ်ကဲ့သို့ နှလုံးသွင်းအလိုက် ကွဲပြားကြခြင်းမျိုး မဟုတ်ပါ။ ထို့ကြောင့် အဘိဓမ္မာဒေသနာတော်၌ အာရုံ ကောင်း၊ မကောင်း ဆုံးဖြတ်ရာတွင် ဝိပါက်နှင့် ဇောတို့၏ ဆောင်ရွက်ချက်နှင့် ပတ်သက်၍ **'ဝိပါက်အမှန်၊ ဇောအပြန်'** ဟု ဆိုကြခြင်း ဖြစ်ပါသည်။ ဤအဆိုအရ အာရုံကောင်းလျှင် ကုသိုလ်ဝိပါက် ဖြစ်ပါသည်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ချမ်းသာသုခသဘောသာ ရှိပါသည်။ အာရုံမကောင်းလျှင် အကုသိုလ်ဝိပါက် ဖြစ်ပါသည်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လျစ်လျူရှုမှုသဘောနှင့် ဆင်းရဲဒုက္ခသဘောတို့တွင် သင့်သလို တစ်ခုခု ဖြစ်ပါသည်။

ဤမသိစိတ်များသည် အာရုံကို အမျိုးအမည်နှင့်တကွ မသိသော်လည်း ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ အတိတ်အကျိုးတရားများ ဖြစ်ပါသည်။ အနာဂတ်၏ အကြောင်းတရားများကို ပေါက်ဖွားပေးရာ ဌာနများလည်း ဖြစ်ပါသည်။ ထို့ကြောင့် ယင်း မသိစိတ်များသည် အနား၌ ကပ်ပြီး ရှိနေပါလျက် ကိုယ်ထင်မပြသော နတ်ဒေဝါများသဖွယ် မသိနိုင်သောနေရာမှ အနာဂတ်ကို လွှမ်းမိုးလျက် ရှိပါသည်။ အဘိဓမ္မာဒေသနာတော်အရလည်း ဝိပါက်စိတ်များသည်သာ အတိတ် ကုသိုလ်နှင့် အကုသိုလ်တို့၏ မချအကျိုးများ ဖြစ်ပါသည်။ ကုသိုလ်ကံကြောင့် ကုသိုလ် ဝိပါက်သာ ဖြစ်နိုင်ပြီး အကုသိုလ်ကံကြောင့် အကုသိုလ် ဝိပါက်သာ ဖြစ်နိုင်ပါသည်။ ကြောင်းကျိုးဆက်နိယာမကို ဤဝိပါက်စိတ်များ၌သာ အမှန်အတိုင်း ရနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝိပလ္လာသတရားများသည် ဇောစိတ်များ ဖြစ်ပေါ်ရေး၌သာ တိုက်ရိုက်လွှမ်းမိုးနိုင်ပြီး ဝိပါက်စိတ်များ ဖြစ်ပေါ်ရေး၌ တိုက်ရိုက် မလွှမ်းမိုးနိုင်သောကြောင့် ဖြစ်ပါသည်။

## သန္တောသ တရားများ

ဗုဒ္ဓဒေသနာတော်အရ တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် ဆင်းရဲခြင်း၏အကြောင်း ဖြစ်ပါသည်။ ယင်းတို့များလျှင် ဆင်းရဲများသည်။ ယင်းတို့ပါးလျှင် ဆင်းရဲပါး



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ဆုံး ယင်းတို့ လုံးလုံးမရှိလျှင် ချမ်းသာအတိ ဖြစ်ပါသည်။ ယင်းကို မင်္ဂဖိုလ်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟု ဆိုပါသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ လုံးလုံးမရှိသော အဆင့်သို့ မရောက်နိုင်သေးလျှင် ယင်းတို့ ပါးသော အဆင့်သို့မူ ရောက်နိုင်ပါသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ ပါးသောအဆင့်သို့ ရောက်နိုင်ရန် သန္တောသ (ရောင့်ရဲခြင်း) တရားကို လိုက်နာကျင့်သုံးရပါသည်။ သန္တောသ တရားသည် **ချမ်းသာသုခရကြောင်း** အမှန်ဖြစ်ပါသည်။ ယင်း သန္တောသ တရားသည် သုံးပါး ရှိပါသည်။ ယင်း သုံးပါးတို့မှာ–

(၁) ယထာလာဘ သန္တောသ၊

(၂) ယထာဗလ သန္တောသ၊

(၃) ယထာသာရုပ္ပ သန္တောသ

တို့ ဖြစ်ကြပါသည်။ သန္တောသတရား သုံးပါးသည် အဆင့်လိုက် တဏှာ၊ မာန၊ ဒိဋ္ဌိကို ချိုးနှိမ်နိုင်ပါသည်။ ယင်းတို့ကို ချိုးနှိမ်ရာတွင် နည်းမှန်လမ်းမှန် ဖြစ်ရန် လိုအပ်ပါသည်။ နည်းမှန်လမ်းမှန် ဆိုသည်မှာ ဗုဒ္ဓဒေသနာတော်အရ သီလ၊ သမာဓိ၊ ပညာပင် ဖြစ်ပါသည်။ ယင်းကို မဂ္ဂင်ရှစ်ပါး လမ်းစဉ်များ ဟူ၍လည်း ဆိုကြပါသည်။ ဤလမ်းစဉ်ဖြင့်သာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ချိုးနှိမ်နိုင်ပါသည်။ မဂ္ဂင်ရှစ်ပါး လမ်းစဉ်များဖြင့် ယင်းတို့ကို ချိုးနှိမ်ရာတွင် သတိပဋ္ဌာန်ကျင့်စဉ်အရ ချိုးနှိမ်ရမည် ဖြစ်ပါသည်။ သတိပဋ္ဌာန်ကျင့်စဉ်အရ ချိုးနှိမ်သောအခါ သီလ၊ သမာဓိ၊ ပညာတို့သည် သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်အားဖြင့် လောကီအဆင့်တွင် သီးခြားစီ သီးခြားစီ မိမိတို့ကိစ္စကို မိမိတို့ ဆောင်ရွက်ပြီး လောကုတ္တရာအဆင့်တွင် အားလုံးတစ်ပေါင်းတည်း တစ်ပြိုင်နက်တည်း ဖြစ်သွားကြပါသည်။ ထိုအခါ သမုဒယသစ္စာကို ပယ်ခြင်း၊ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းတည်းဟူသော ကိစ္စလေးချက်သည် တစ်ပြိုင်နက်တည်း တစ်ပေါင်းတည်း ပြီးစီးသွားပါသည်။ ဤသို့ အားထုတ်မှသာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို နည်းမှန်လမ်းမှန်ပယ်ခြင်း မည်ပါသည်။

အခြားနည်းဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ပယ်လျှင် ယင်းတို့သည် အနာ မြိုသကဲ့သို့ မြိုသွားပြီး ဒုက္ခပေးတတ်ပါသည်။ စိတ္တဇဝေဒနာရှင်အဖြစ်သို့ ရောက်သွားစေတတ်ပါသည်။ ထို့ကြောင့် ယင်းတို့ကို ပယ်ရာ၌ နည်းမှန်လမ်းမှန်ဖြင့် ပယ်ရန်လိုအပ်ကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။ နည်းမှန်လမ်းမှန်သည်လည်း မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူသော အချိန်၌သာ ဗောဓိပက္ခိယအမည်ဖြင့် ပေါ်ပေါက်လာသည့် နည်းမှန်လမ်းမှန်များ ဖြစ်ပါသည်။ ယင်းနည်းမှန်လမ်းမှန်များ





ဖြင့် ပယ်သတ်မှသာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် မမြိုဘဲ ပါး၍ပါး၍လာကာ နောက်ဆုံး၌ အမြစ်ပြတ် ချုပ်ငြိမ်းသွားမည် ဖြစ်ပါသည်။

ရန်ကုန်မြို့ တံတားလေးစိတ္တဇဆေးရုံ၌ စိတ္တဇဝေဒနာရှင်တစ်ဦး၏ အကြောင်းကို ကြားဖူးပါသည်။ ထိုစိတ္တဇဝေဒနာရှင်က အခြားစိတ္တဇ ဝေဒနာရှင် တစ်ဦးအား 'ဒီလူက ရူးနေတာ၊ သူ့ကိုယ်သူ နပိုလီယံလို့ ပြောနေတယ်၊ ဒါ ရူးတာပဲ၊ နပိုလီယံအစစ်က ကျုပ်ပဲ' ဟု ပြောလေသည်။ ဤနေရာ၌ ဆိုလိုရင်းမှာ ပထမ စိတ္တဇဝေဒနာရှင်က ဒုတိယစိတ္တဇ ဝေဒနာရှင်ကို နပိုလီယံ မဟုတ်ကြောင်း မြင်သော်လည်း သူ့ကိုယ်သူမူ နပိုလီယံ မဟုတ်ကြောင်း မမြင်နိုင်ခြင်းပင် ဖြစ်ပါသည်။ အိန္ဒိယဒဿနပညာရှင်များ၏ ဥပမာကိုယူ၍ သုံးရလျှင် မျက်စိသည် အခြားအရာဝတ္ထုများကို မြင်နိုင်သော်လည်း မိမိကိုယ်ကို ပြန်၍ မမြင်နိုင်သကဲ့သို့ ပုထုဇဉ်တို့သည် အခြားသူများ၏ အပြစ်အနာအဆာကိုမူ ပကတိမျက်လုံးဖြင့် မြင်နိုင်သော်လည်း မိမိတို့၏ အပြစ် အနာအဆာကိုမူ ပကတိမျက်လုံးဖြင့် မြင်နိုင်သောသဘော မရှိကြပါချေ။ ဤနေရာ၌ မိမိတို့၏ အပြစ်အနာအဆာ ဆိုသည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ပင် ဖြစ်ပါသည်။ ပကတိမျက်လုံးဆိုသည်မှာ တဏှာမျက်လုံး၊ မာနမျက်လုံး၊ ဒိဋ္ဌိမျက်လုံးတို့ ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့၏ အပြစ်အနာအဆာကို မြင်နိုင်ရန် 'တတိယမျက်လုံး'ကို လိုအပ်ပါသည်။ ဤနေရာ၌ 'တတိယမျက်လုံး' ဆိုသည်မှာ ဝိပဿနာဉာဏ်တည်းဟူသော ပညာမျက်လုံးကို ဆိုခြင်းဖြစ်ပါသည်။ တတိယမျက်လုံးကို ရသောအခါမှသာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို အမှန်အတိုင်းမြင်ပြီး ယင်းတို့ကို ပါး၍ပါး၍သွားအောင်၊ နောက်ဆုံး၌ အမြစ်ပြတ်သွားအောင် စွမ်းဆောင်နိုင်မည် ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် တတိယမျက်လုံးသည် ဗုဒ္ဓဒေသနာတော်အရ ပြင်ပကိုလည်း မြင်နိုင်သည်။ မိမိကိုယ်ကိုလည်း ပြန်၍ မြင်နိုင်သည်။

## (၁) ယထာလာဘ သန္တောသ

ယထာလာဘသန္တောသဆိုသည်မှာ ရသမျှနှင့် ရောင့်ရဲခြင်း၊ ကျေနပ်ခြင်း ဖြစ်ပါသည်။ ရတိုင်းရတိုင်းသော ပစ္စည်းဥစ္စာများအပေါ်၌ 'ငါ၊ ငါ့ဥစ္စာ' ဟု မစွဲလမ်းခြင်း၊ မသိမ်းပိုက်ခြင်း ဖြစ်ပါသည်။ ရသမျှနှင့် ရောင့်ရဲခြင်းသည် သမ္မပ္ပဓာန်ဇော လုံ့လနှင့် အမြဲယှဉ်ပါသည်။ ပျင်းရိခြင်း မဟုတ်ပါချေ။ မြတ်စွာဘုရားသည် ၄၅ နှစ်ပတ်လုံး အရာရာတိုင်း၌ အမြဲတစေ သူမတူအောင် ကြိုးစားခဲ့ပါသည်။ နောက်ဆုံး ပရိနိဗ္ဗာန် ပြုခါနီး၌ သုဘဒ်ပရိဗိုဇ်အား ဝမ်းတော်လား၍ ပင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ကြားထဲကပင် တရားကို ဟောဖြစ်အောင် ဟောတော်မူခဲ့ပါသေးသည်။ အလွန်အံ့သြဖွယ်ကောင်းသော လုံ့လပါပေ။

ကျွန်ုပ်တို့သည် ပစ္စည်းဥစ္စာများကို ရှာဖွေရာ၌ ဖြစ်စေ၊ လုပ်ငန်းကို လုပ်ကိုင်ရာ၌ဖြစ်စေ ငါ့အတွက် ခံစားဖို့၊ ရယူဖို့ မဟုတ်ဘဲ လောကအတွက် အကျိုးပြုဖို့၊ ပေးစွန့်ဖို့ ဟူသော ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း၊ လုပ်ကိုင်ခြင်းသည် ယထာလာဘ သန္တောသ မည်ပါသည်။ ယထာလာဘသန္တောသရှိလျှင် ဝန်ထမ်းများအဖို့ ရာထူး မတိုးတက်စေကာမူ အားငယ်ခြင်း၊ စိတ်ပျက်ခြင်း မရှိ၊ မကျေနပ်ခြင်း မရှိ၊ တိုင်းပြည်အတွက် လုပ်ပိုင်ခွင့်ရခြင်းသည်ပင် ကျေနပ်ဖွယ်ရာ ဖြစ်သည်ဟု ခံယူတတ်ပါသည်။ လုပ်ပိုင်ခွင့်ရ၍ လုပ်ကိုင်ရာ၌လည်း မိမိစေတနာကို မိမိယုံကြည်နိုင်အောင်၊ မိမိကိုယ်ကို မိမိကြည်ညိုနိုင်အောင် ကြိုးစားတတ်ပါသည်။ လုံ့လပြုတတ်ပါသည်။ စေတနာထားတတ်ပါသည်။ ယထာလာဘ သန္တောသ ရှိလျှင် ဝန်ထမ်းမဟုတ်သူများအဖို့ ရုပ်ပိုင်းတန်ဖိုးအရ မကြီးပွားစေကာမူ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း မရှိ။ မကျေနပ်ခြင်း မရှိ။ မိမိ၏သိက္ခာ၊ မိမိ၏စေတနာ၊ မိမိ၏လုံ့လ၌ အမြဲ ကျေနပ်ခြင်း ရှိတတ်ပါသည်။ ယထာလာဘ သန္တောသ ရှိသူနှင့် မရှိသူတို့၏ ခြားနားမှုသည် အလင်းနှင့် အမှောင် သို့မဟုတ် နေ့နှင့်ညဥ့်ကဲ့သို့ ဖြောင့်ဖြောင့်ဆန့်ကျင်ပါသည်။ သန္တောသသည် မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်ပါသည်။ ယင်း အဆုံးအမကို ဗြာဟ္မဏတို့လည်း လိုက်နာကြောင်း တွေ့ရပါသည်။ *ဘဂဝါဂီတ* ၌ ဤသို့ ဖော်ပြထားပါသည်။

**ယာ နိသာ သဗ္ဗဘူတာနံ၊ တသျာံ ဇာဂတိ သံယမီ။**

**ယသျာံ ဇာဂြတိ ဘူတာနိ၊ သာ နိသာ ပသျတော မုနေး။**

**သဗ္ဗဘူတာနံ**၊ အလုံးစုံသော သတ္တဝါတို့၏။ **ယာ နိသာ**၊ အကြင်ညဥ့်သည်။ **အတ္ထိ**၊ ရှိ၏။ **တသျာံ**၊ ထိုညဥ့်၌။ **သံယမီ**၊ သန္တောသတရားနှင့် ပြည့်စုံသူသည်။ **ဇာဂတိ**၊ နိုးကြားနေ၏။ **ဘူတာနိ**၊ သတ္တဝါတို့သည်။ **ယသျာံ**၊ အကြင်နေ့အလင်းရောင်၌။ **ဇာဂြတိ**၊ နိုးကြားနေကြကုန်၏။ **သာ**၊ ထိုနေ့အလင်းရောင်သည်။ **ပသျတော**၊ ပညာမျက်လုံးဖြင့် ကြည့်မြင်တတ်သော။ **မုနေး**၊ သန္တောသတရားနှင့် ပြည့်စုံသူအတွက်။ **နိသာ** ညဥ့်အမှောင်ပေတည်း။

(ဂီတာ ၂၊ ၆၉)

## (၂) ယထာဗလ သန္တောသ

ယထာဗလသန္တောသဆိုသည်မှာ လိုသလောက်နှင့် ရောင့်ရဲခြင်း၊ ကျေနပ်ခြင်း ဖြစ်ပါသည်။ ရတိုင်းရတိုင်းသော ပစ္စည်းဥစ္စာများအနက်မှ မိမိအတွက် လို





သလောက်နှင့်သာ ကျေနပ်ခြင်းကို ယထာဗလသန္တောသ ဟု ခေါ်ပါသည်။ အဆင့်အားဖြင့် ယထာဗလသန္တောသအဆင့်မှာ ပထမအဆင့် ဖြစ်ပါသည်။ လူတို့သည် အလုပ်ကို လုပ်ကြပါသည်။ ထိုသို့ လုပ်ရာတွင် လုပ်သလောက် ရသည်လည်း ရှိပါသည်။ မရသည်လည်း ရှိပါသည်။ လုပ်သလောက်ရသည့် သဘောမှာ အခါအခွင့်သင့်ခြင်း (ကာလသမ္ပတ္တိ)၊ အမှီသဟဲကောင်းခြင်း (ဂတိသမ္ပတ္တိ)၊ လုပ်ရည်ကိုင်ရည်ကောင်းခြင်း (ဥပဓိသမ္ပတ္တိ)၊ လုပ်နည်းကိုင်နည်း မှန်ကန်ခြင်း (ပယောဂ သမ္ပတ္တိ) တို့နှင့် ပြည့်စုံသောကြောင့် ဖြစ်ပါသည်။ လုပ်သလောက် မရသည့် သဘောမှာ အဆိုပါ သမ္ပတ္တိလေးပါးတို့နှင့် မပြည့်စုံသောကြောင့် ဖြစ်ပါသည်။

လုပ်သလောက် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရသမျှနှင့် ကျေနပ်ခြင်းသည် မြင့်မြတ်သူတို့၏ ခံယူချက် ဖြစ်ပါသည်။ သူတော်ကောင်းတို့ မြတ်နိုးအပ်သော ကျင့်သုံးမှု ဖြစ်ပါသည်။ အမှန်ချမ်းသာခြင်း၏ အကြောင်း ဖြစ်ပါသည်။ ယထာဗလသန္တောသအဆင့်မှာ ဒုတိယအဆင့် ဖြစ်ပါသည်။ ဒုတိယအဆင့်တွင် ရသမျှနှင့် ရောင့်ရဲရုံမက ရသမျှထဲမှ လိုသလောက်ကိုသာ ယူငင်သုံးစွဲပြီး လိုသလောက်နှင့်သာ ကျေနပ်ခြင်း ဖြစ်ပါသည်။

## (၃) ယထာသာရုပ္ပ သန္တောသ

ယထာသာရုပ္ပသန္တောသ ဆိုသည်မှာ မိမိအဆင့်အတန်းနှင့် အခြေအနေတို့အရ လိုက်လျောညီထွေရှိသော ပစ္စည်းဝတ္ထုနှင့်သာ ရောင့်ရဲခြင်း ဖြစ်ပါသည်။ ကျေနပ်ခြင်း ဖြစ်ပါသည်။ ယင်းအဆင့်မှာ တတိယအဆင့် ဖြစ်ပါသည်။ ဝင်ငွေ တစ်ရာရှိလျှင် ဝင်ငွေတစ်ရာနှင့် လုံလောက်အောင် ပေါပေါရသော ပစ္စည်းဝတ္ထုများကို ယူယူသုံးစွဲခြင်း ဖြစ်ပါသည်။ လူတစ်ယောက်အတွက် လုံချည်နှင့်အင်္ကျီ လိုအပ်သည်မှာ မှန်ပါသည်။ ဝင်ငွေနည်းသူအတွက် ဈေးပေါသော လုံချည်နှင့် အင်္ကျီတို့ဖြင့်သာ ရောင့်ရဲနိုင်အောင် လိုက်နာကျင့်သုံးရမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ လူတစ်ယောက်အတွက် လိုအပ်သော လုံချည်၊ အင်္ကျီတို့နှင့် ရောင့်ရဲခြင်းသည် ယထာဗလသန္တောသ မည်ပါသည်။ ရာသီဥတုနှင့် ညီညွတ်ပြီး ပေါပေါသာသာ ရသော လုံချည် အင်္ကျီတို့နှင့် ရောင့်ရဲခြင်းသည် ယထာသာရုပ္ပသန္တောသ မည်ပါသည်။ အစားအသောက်၊ အနေအထိုင်နှင့် ဆေးဝါးတို့၌လည်း ထိုနည်းအတူပင် ဖြစ်ပါသည်။ အချုပ်အားဖြင့် တကယ်တမ်း ချမ်းသာလိုလျှင် 'သန္တောသ' တရားတို့ကို လိုက်နာကျင့်သုံး အပ်ပါသည်။ ထိုကဲ့သို့ ကျင့်သုံးခြင်းသည် နည်းမှန် လမ်းမှန်ဖြင့် ချမ်းသာသုခကိုရှာခြင်း မည်ပါသည်။ ထိုကဲ့သို့ ရှာရန်လည်း မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားက သွန်သင်ခဲ့ပါသည်။ သန္တေ့ာသတရားကို ကျင့်သုံးရာ၌လည်း တတိယမျက်လုံးဖြင့် ရှုမြင်သုံးသပ်ရန် လိုပါသည်။ သို့မှသာ အမှန်အတိုင်း မြင်ပါသည်။ ထိုသို့ မဟုတ်ဘဲ ပကတိမျက်လုံးဖြင့် ရှုမြင်သုံးသပ်နေပါက မိမိကိုယ်ကိုမိမိ ပြန်မမြင်နိုင်၍ မဆင်ခြင်နိုင်သဖြင့် မိမိသည် ကြောက်စရာကောင်းသော အယောင်ဆောင် သူတော်ကောင်း၊ အယောင်ဆောင် ချမ်းသာသူသာ ဖြစ်ပေမည်။ 'အယောင်ဆောင်' ဆိုသော်လည်း မိမိကိုယ်ကို ပြန်၍ မမြင်နိုင်သည့်အတွက် 'အယောင်ဆောင်' မှန်း မသိဘဲ 'အစစ်' အဖြစ်သာ သိပေလိမ့်မည်။ မိမိကိုယ်ကို နပိုလီယံအဖြစ် သိသော စိတ္တဇဝေဒနာရှင် အမျိုးအစားနှင့် တစ်သားတည်း ဖြစ်ပေလိမ့်မည်။



အပိုင်း [ ၄ ]

အတွေးတွေ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၉ )

# အမြင်၊ အယူဝါဒနှင့် ပမာဏများ

## လူသားတို့၏ ကျင့်စဉ်များ

လူသားတို့၏ ကျင့်စဉ်များအနေဖြင့် ဗြဟ္မစိုရ်တရားလေးပါးကို ပိဋကတ် စာပေများ၌ ဖော်ပြထားပါသည်။ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး ယောကျ်ား၊ မိန်းမ ဟူ၍ မရှိသော်လည်း လက်တွေ့အားဖြင့်မူ ကျွန်ုပ်တို့သည် ဤလောက၌ မှီတင်းနေထိုင်ကြသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး ယောကျ်ား၊ မိန်းမ များသာ ဖြစ်ပါချေသည်။ ဤအချက်မှာ ကျွန်ုပ်တို့အနေဖြင့် လက်တွေ့ကြုံနေရသော၊ မျက်ကွယ်ပြု၍ မရကောင်းသော လက်တွေ့သစ္စာ (သမ္မုတိသစ္စာ) ဖြစ်ပါသည်။ ထို့ကြောင့် လက်တွေ့ကြုံနေရသည့် အတူတူ မျက်ကွယ်ပြု၍ မရကောင်းသည့် အတူတူ လူ့အသိုင်းအဝန်းနှင့် ကင်းကွာ၍ မရကောင်းတော့သည့် အဆုံး၌ လူသားတို့၏ ကျင့်စဉ်များကို လိုက်နာကျင့်ကြံရုံမှတစ်ပါး အခြားဘာမှ မရှိတော့ပါချေ။လူသားတို့၏ ကျင့်စဉ်များ ဆိုသည်မှာ-

(၁) မေတ္တာ

(၂) ကရုဏာ

(၃) မုဒိတာ

(၄) ဉပေက္ခာ

တို့ ဖြစ်ပါသည်။ ယင်းကျင့်စဉ်လေးပါးသည် လူမှုဆက်ဆံရေးနယ်ပယ်၌ လူသား ပီပီ မြင့်မြတ်စွာ နေထိုင်လိုပါက မုချမသွေ လိုက်နာကျင့်သုံးရမည့် ကျင့်စဉ်များ





ဖြစ်ပါသည်။ ယင်းကျင့်စဉ်များကို ဗြဟ္မာတို့၏ နေခြင်းနှင့် တူသောနေခြင်း (ဗြဟ္မဝိဟာရ) ဟူ၍လည်းကောင်း၊ ဗြဟ္မာတို့၏ အကျင့်နှင့် တူသောအကျင့် (ဗြဟ္မစရိယ) ဟူ၍လည်းကောင်း ပိဋကတ်စာပေများ၌ သုံးနှုန်းပါသည်။

### (၁) မေတ္တာ

မေတ္တာ ဟူသည်မှာ ချစ်ခြင်း ဖြစ်ပါသည်။ မိသားစုကို ချစ်ခြင်း၊ ဒေသကို ချစ်ခြင်း၊ လူမျိုးကို ချစ်ခြင်း၊ တိုင်းပြည်ကို ချစ်ခြင်း စသည်ဖြင့် တစ်ဆင့်ထက် တစ်ဆင့် ကျယ်ပြန့်သွားပါသည်။ ကျွန်ုပ်တို့သည် လူမျိုးကို ချစ်သောစိတ်၊ တိုင်းပြည်ကို ချစ်သောစိတ်ဖြင့် တွေးခေါ်လုပ်ကိုင်ကြပါက ကျွန်ုပ်တို့၏ တွေးခေါ်မှု၊ ကျွန်ုပ်တို့၏ လုပ်ကိုင်မှုတို့သည် အမှားအယွင်း များစွာနည်းပါးသွားမည် ဖြစ်ပါသည်။ ရဲဘော်ရဲဘက်စိတ်ဆိုသည်မှာလည်း မေတ္တာ၏ ဝေါဟာရတစ်မျိုးပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူမှုဆက်ဆံရေးနယ်ပယ်၌ မေတ္တာကို အခြေပြု၍ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ မေတ္တာကို အခြေပြုရာ၌ အကျဉ်းနှင့်အကျယ် အကျိုးစီးပွားချင်း ထိပ်တိုက်တွေ့ဆုံပါက အကျယ်ကို ဦးစားပေးရမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဒေသ၏ အကျိုးစီးပွားတို့ ထိပ်တိုက်တွေ့ရာတွင် ဖြစ်စေ၊ ဒေသ၏ အကျိုးစီးပွားနှင့် မိသားစု၏ အကျိုးစီးပွားတို့ ထိပ်တိုက်တွေ့ရာတွင် ဖြစ်စေ၊ မိသားစု၏ အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွားတို့ ထိပ်တိုက်တွေ့ရာတွင်ဖြစ်စေ အကျဉ်းက အကျယ်ကို ဦးစားပေးရမည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အကျယ်ထဲ၌ အကျဉ်းသည် အလိုအလျောက် ပါဝင်ပြီး ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ သို့ရာတွင် ချစ်ခြင်းမေတ္တာသဘောကို မြင်အောင်ကြည့်ရာ၌ **တဏှာမျက်လုံး၊ မာနမျက်လုံး၊ ဒိဋ္ဌိမျက်လုံး**တို့ဖြင့် မြင်အောင်ကြည့်၍ မတတ်ကောင်းချေ။ ယင်းတို့ဖြင့်ကြည့်လျှင် စိတ္တဇဝေဒနာရှင်သည် သူများနှင့် နပိုလီယံကို ခွဲခြား၍ မြင်ပြီး မိမိနှင့် နပိုလီယံကိုမူ တစ်သားတည်း မြင်သကဲ့သို့ ချစ်ခြင်းမေတ္တာ သဘောနှင့် သူများကို ခွဲခြား၍မြင်ပြီး ချစ်ခြင်းမေတ္တာသဘောနှင့် မိမိကိုမူ တစ်သားတည်း မြင်တတ်ပါသည်။

အရပ်သုံးဝေါဟာရဖြင့် ပြောရလျှင် အခြားသူများကို မေတ္တာတရား ခေါင်းပါးသူများအဖြစ် ခွဲခြား၍မြင်တတ်ပြီး မိမိကိုယ်ကိုမူ မေတ္တာရှင်အဖြစ် တစ်သားတည်း မြင်တတ်ပါသည်။ ဤသို့မြင်ခြင်းသည် စိတ္တဇဝေဒနာရှင်နှင့် အကြည့်မျိုးဖြင့် ကြည့်သောကြောင့် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော ပပဉ္စမျက်လုံးဖြင့် ကြည့်သောကြောင့် ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပပဉ္စမျက်လုံးတို့သည် မိမိကိုယ်ကို တဏှာအဖြစ်လည်းကောင်း၊ မာနအဖြစ်လည်းကောင်း၊ ဒိဋ္ဌိအဖြစ်လည်းကောင်း မမြင်ဘဲ မေတ္တာအဖြစ်သာ မြင်နေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် မေတ္တာကို ကြည့်ရာ၌လည်း တတိယမျက်လုံးကို လိုအပ်သည်ပင် ဖြစ်ပါသည်။ ဤနေရာ၌ **တတိယမျက်လုံး** ဆိုသည်မှာ ပိဋကတ်တော်အရ သမာဓိကို အခြေခံသော ပညာမျက်လုံး ဖြစ်ပါသည်။ ပပဉ္စမျက်လုံး ဆိုသည်မှာ အရာရာတိုင်းကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် တစ်သားတည်း ထပ်တူမြင်တတ်သည့် ပုထုဇဉ်တို့၏ ပကတိ (အနုသယ) မျက်လုံး ဖြစ်ပါသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် မိမိကိုယ်ကို ပြန်မမြင်တတ်ဘဲ အခြားကိုသာ မြင်တတ်ပါသည်။ သမာဓိကို အခြေခံသော ပညာသာလျှင် မိမိကိုယ်ရော အခြားကိုပါ မြင်တတ်ပါသည်။

## (၂) ကရုဏာ

ကရုဏာ ဆိုသည်မှာ ကြင်နာခြင်း ဖြစ်ပါသည်။ မိသားစုအပေါ် ကြင်နာခြင်း၊ ဒေသအပေါ် ကြင်နာခြင်း၊ လူမျိုးနှင့် တိုင်းပြည်အပေါ် ကြင်နာခြင်း စသည်ဖြင့် မေတ္တာနည်းတူ တစ်ဆင့်ထက်တစ်ဆင့် ကျယ်ပြန့်သွားပါသည်။ လူမျိုးကို တိုးတက်စေလိုသောစိတ်၊ တိုင်းပြည်ကို တိုးတက်စေလိုသောစိတ်ဖြင့် တွေးခေါ်ကြ၊ မြော်မြင်ကြ၊ လုပ်ကိုင်ကြမည်ဆိုလျှင် ကျွန်ုပ်တို့၏ တွေးခေါ်မှု၊ မြော်မြင်မှု၊ လုပ်ကိုင်မှုတို့သည်လည်း အမှားအယွင်း နည်းပါးသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူမှုဆက်ဆံရေးနယ်ပယ်၌ ကရုဏာကို အခြေပြု၍ အချင်းချင်း ဆက်ဆံသွားကြရမည် ဖြစ်ပါသည်။ ကရုဏာကို အခြေပြု၍ အကျိုးနှင့်အကျယ် ထိပ်တိုက်တွေ့ရာတွင် မေတ္တာနည်းတူ အကျိုးထက် အကျယ်ကို ဦးစားပေးရပါမည်။ ကရုဏာသဘောကို ကြည့်ရာ၌လည်း မေတ္တာနည်းတူ တတိယမျက်လုံးဖြင့် ကြည့်ရန် လိုအပ်သည်ပင် ဖြစ်ပါသည်။

## (၃) မုဒိတာ

မုဒိတာ ဆိုသည်မှာ ဝမ်းမြောက်ခြင်း ဖြစ်ပါသည်။ မိမိ မိသားစု၊ မိမိဒေသ၊ မိမိနိုင်ငံနှင့် ပတ်သက်၍ အမြဲတမ်း ဂုဏ်ယူနေသည့်သဘော ဖြစ်ပါသည်။ ထို့ကြောင့် မုဒိတာရှိနေလျှင် မည်သည့်အခါမျှ အမျိုးသားသစ္စာဖောက် မဖြစ်နိုင်။ အမေကျော်၍ ဒွေးတော်လွမ်းသူ မဖြစ်နိုင်။ အမှန်အားဖြင့် အရာရာတိုင်းတွင် ရှုမြင်စရာ မျက်နှာပြင်နှစ်ဖက် ရှိပါသည်။ တစ်ဖက်က ဂုဏ်ယူစရာ (သောဘိတဗ္ဗ) မျက်နှာပြင်ဖြစ်၍ အခြားတစ်ဖက်သည် စက်ဆုပ်စရာ (အသောဘိတဗ္ဗ) မျက်နှာပြင် ဖြစ်ပါသည်။ ဂုဏ်ယူစရာ မျက်နှာပြင်ဘက်မှကြည့်လျှင် ထိုအရာဝတ္ထုသည် မုဒိတာပွားစရာ ဖြစ်ပါသည်။ စက်ဆုပ်စရာ မျက်နှာပြင်ဘက်မှကြည့်လျှင် ထိုအရာဝတ္ထုသည် ကရုဏာ၊ မစ္ဆရိယပွားစရာ ဖြစ်ပါသည်။ မုဒိတာပွားလျှင် 'အလှ' ကို မြင်ပါသည်။ ကရုဏာ၊ မစ္ဆရိယပွားလျှင် 'အကျည်းတန်' ကို မြင်ပါသည်။ မိမိ၏အကျိုးစီးပွားကိုကြည့်၍ သာသူများသို့ ချဉ်းကပ်တတ်ပြီး၊ နာသူများကို အဝေးမှ ရှောင်ကြဉ်တတ်ကြသောသူများသည် နယ်ပယ်တိုင်း၌ ရှိပါသည်။ ပညာရှိအမည်ခံသူတို့၏ နယ်ပယ်၌လည်း ရှိပါသည်။ လူမိုက်တို့၏ နယ်ပယ်၌လည်း ရှိပါသည်။ သို့ရာတွင် ထိုသူများသည် မိမိတို့ကိုယ်ကို 'ပညာရှိအမည်ခံ' အဖြစ် မမြင်တတ်ကြဘဲ 'ပညာရှိအစစ်' အဖြစ်သာ မြင်တတ်ကြပါသည်။ လူမိုက်အဖြစ် မမြင်တတ်ကြဘဲ လူလိမ္မာအဖြစ်သာ မြင်တတ်ကြပါသည်။ ထိုသို့ မြင်တတ်ကြခြင်းမှာလည်း တဏှာမျက်လုံး၊ မာနမျက်လုံး၊ ဒိဋ္ဌိမျက်လုံးတို့ဖြင့် ကြည့်သောကြောင့် ဖြစ်ပါသည်။ အဆိုပါ မျက်လုံးတို့ဖြင့် ကြည့်ပါလျှင် မျက်စိသည် မိမိကိုယ်ကို ပြန်၍ မမြင်နိုင်သကဲ့သို့ လည်းကောင်း၊ လက်ညှိုးသည် မိမိကိုယ်ကို ပြန်၍ မထိုးနိုင်သကဲ့သို့ လည်းကောင်း အာရုံနှင့် အသိကို မခွဲခြားနိုင်ဘဲ တစ်ခုတည်းအဖြစ်၊ တစ်သားတည်းအဖြစ် မြင်တတ်ပါသည်။ ထို့ကြောင့် ဤနေရာ၌လည်း တတိယမျက်လုံးကို လိုအပ်သည်။ တတိယမျက်လုံးဟူသည် 'သမာဓိကို အခြေခံသောပညာ' ဖြစ်ပါသည်။ သမာဓိ ဆိုသော်လည်း ရိုးရိုးသမာဓိ မဟုတ်။ ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိ ဖြစ်ပါသည်။ ဒဿနဝေါဟာရဖြင့် ဆိုရလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော ပပဉ္စတရားတို့သည် မိမိကိုယ်ကို မိမိပြန်၍ မမြင်နိုင်ဘဲ အခြားကိုသာ မြင်နိုင်သော တရားများ (ပရတောသိဒ္ဓ) ဖြစ်ကြပါသည်။ သမာဓိကို အခြေခံသော ပညာသာလျှင် မိမိကိုယ်ကို မိမိပြန်၍မြင်နိုင်သော တရားများ (သယံသိဒ္ဓ) ဖြစ်ကြပါသည်။ ထို့ကြောင့် ရခဲသော လူ့အဖြစ်ကို ရပြီးကြသည့် လူသားများအနေဖြင့် မုဒိတာတရားကို ပွားနိုင်အောင် ကြိုးစားအပ်ပါသည်။

## (၄) ဥပေက္ခာ

ဥပေက္ခာ ဆိုသည်မှာ အမှန်တရားအပေါ်၌ ရပ်တည်ခြင်း၊ ဘက်မလိုက်ခြင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လူမျိုးနှင့်နိုင်ငံကို ချစ်သော စိတ်ဖြင့် လုပ်ကိုင်ကြပါ၏။ ပြောဆိုကြပါ၏။ မြော်မြင်ကြပါ၏။ ထိုသို့ လုပ်ကိုင်၊ ပြောဆို၊ မြော်မြင်ရာတွင် မတရားသော၊ ဘက်လိုက်သော ပပဉ္စဖြင့် လုပ်ကိုင်ခြင်းကြသည် မဟုတ်ပါ။ မတရားသော၊ ဘက်လိုက်သော ပပဉ္စဖြင့် ပြောဆိုခြင်းကြသည်




ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ မတရားသော၊ ဘက်လိုက်သော ပပဉ္စဖြင့် မြော်မြင်သင့်ကြသည် မဟုတ်ပါ။ တရားသော မေတ္တာဖြင့် လုပ်ကိုင်သင့်ကြပါသည်။ တရားသော မေတ္တာဖြင့် ပြောဆိုသင့်ကြပါသည်။ တရားသော မေတ္တာဖြင့် မြော်မြင်သင့်ကြပါသည်။ ကျွန်ုပ်တို့သည် အားလုံးကို ချစ်တတ်ရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် လူမျိုးနှင့်နိုင်ငံကို ကြင်နာသောစိတ်ဖြင့် လုပ်ကိုင်ကြပါစို့။ ပြောဆိုကြပါစို့။ မြော်မြင်ကြပါစို့။ ထိုသို့ လုပ်ကိုင်၊ ပြောဆို၊ မြော်မြင်ရာတွင် မတရားသော၊ ဘက်လိုက်သော ပပဉ္စဖြင့် လုပ်ကိုင်သင့်ကြသည် မဟုတ်ပါ။ မတရားသော၊ ဘက်လိုက်သော ပပဉ္စဖြင့် ပြောဆိုသင့်ကြသည် မဟုတ်ပါ။ မတရားသော၊ ဘက်လိုက်သော ပပဉ္စဖြင့် မြော်မြင်သင့်ကြသည် မဟုတ်ပါ။ တရားသော ကရုဏာဖြင့် လုပ်ကိုင်သင့်ကြပါသည်။ တရားသော ကရုဏာဖြင့် ပြောဆိုသင့်ကြပါသည်။ တရားသော ကရုဏာဖြင့် မြော်မြင်သင့်ကြပါသည်။ ကျွန်ုပ်တို့သည် အားလုံးကို ကြင်နာတတ်ရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် နိုင်ငံနှင့်လူမျိုးကို ဂုဏ်ယူသောစိတ်ဖြင့် ကာယကံမှုအရ လုပ်ကိုင်ကြပါစို့။ ဝစီကံမှုအရ ပြောဆိုကြပါစို့။ မနောကံမှုအရ မြော်မြင်ကြပါစို့။ ထိုသို့ လုပ်ကိုင်၊ ပြောဆို၊ မြော်မြင်ရာတွင် မတရားသော၊ ဘက်လိုက်သော ဂုဏ်ယူစိတ်ဖြင့် လုပ်ကိုင်သင့်ကြသည် မဟုတ်ပါ။ မတရားသော၊ ဘက်လိုက်သော ဂုဏ်ယူစိတ်ဖြင့် ပြောဆိုသင့်ကြသည် မဟုတ်ပါ။ မတရားသော၊ ဘက်လိုက်သော ဂုဏ်ယူစိတ်ဖြင့် မြော်မြင်သင့်ကြသည် မဟုတ်ပါ။ တရားသော၊ မှန်ကန်သော မုဒိတာဖြင့် လုပ်ကိုင်သင့်ကြပါသည်။ တရားသော၊ မှန်ကန်သော မုဒိတာဖြင့် ပြောဆိုသင့်ကြပါသည်။ တရားသော၊ မှန်ကန်သော မုဒိတာဖြင့် မြော်မြင်သင့်ကြပါသည်။ ကျွန်ုပ်တို့သည် အားလုံးကို ဂုဏ်ယူတတ်ရမည် ဖြစ်ပါသည်။ အားလုံးကို ကြင်နာတတ်ရမည် ဖြစ်ပါသည်။ အားလုံးကို မြတ်နိုးတတ်ရမည် ဖြစ်ပါသည်။ မည်သူ့အပေါ်မှာမျှ မျက်နှာလိုက်ခြင်း မပြုဘဲ တရားနှင့်အညီ ဆက်ဆံတတ်ရမည် ဖြစ်ပါသည်။ သို့မှသာ လူ့ကျင့်ဝတ်နှင့်အညီ ကျင့်ကြံတတ်သော **လူကောင်းလူတော်များ** ဖြစ်လာကြမည် ဖြစ်ပါသည်။ ဤသဘောကို ဥပေက္ခာဖြင့် နေခြင်းဟု ဆိုပါသည်။

## လောကအမြင်များ

လူသားတို့သည် အရာဝတ္ထုတစ်ခုကိုမြင်တိုင်း ထိုအရာဝတ္ထု၏ မူလဘူတ ဖွဲ့စည်းမှု အပေါ်၌ အပိုဆောင်း၍ မြင်တတ်ကြပါသည်။ ဥပမာအားဖြင့် နှင်းဆီပန်းတစ်ပွင့်ကို မြင်သောအခါ နှင်းဆီပန်း၏ လက်ရှိအနေအထားဖြစ်သည့် အရောင်အသွေး





အရွယ်အစား၊ အဆင်းအနံ့ စသည်တို့ ပါဝင်သော ပကတိမူလပိုင်းကိုသာမက ယင်းအပေါ်တွင် အပိုဆောင်းထားသည့် သဘောများကိုလည်း ချဲ့ကား၍ မြင်တတ်ပါသည်။ အမှန်အားဖြင့် အပိုဆောင်းထားသည့် သဘောများသည် နှင်းဆီပန်း၌ မရှိဘဲ မြင်သူ၏ စိတ်၌သာ ရှိပါသည်။ ယင်းသို့ မြင်တတ်သော သဘောကို ဤနေရာ၌ 'လောကအမြင်များ' ဟူ၍ ဆိုပါသည်။ လောကအမြင်များသည်-

(၁) တတ္တ ဒဿန၊

(၂) ပမာဏ ဒဿန၊

(၃) တက္က ဒဿန၊

(၄) အာစာရ ဒဿန၊

(၅) ရသ ဒဿန၊

(၆) စရိတ ဒဿန

ဟူ၍ ခြောက်မျိုး ရှိပါသည်။ ယင်း ခြောက်မျိုးကို ရှုထောင့်များဟူ၍လည်း ဆိုပါသည်။ အရာဝတ္ထုတစ်ခုကို မြင်တိုင်း သို့မဟုတ် ဖြစ်ရပ်တစ်ခုကို ကြုံတိုင်း အဆိုပါ ရှုထောင့် ခြောက်မျိုးတို့ဖြင့် ရှုမြင်သုံးသပ်၍ ဆုံးဖြတ်သောကြောင့် ဖြစ်ပါသည်။

### (၁) တတ္တဒဿန

တတ္တဒဿန ဆိုသည်မှာ 'ရှိ၊ မရှိ ရှုထောင့်မှ မြင်ခြင်း' ဖြစ်ပါသည်။ ရှိ မရှိ ရှုထောင့်တွင် အမျိုးအစားကို စိစစ်ခြင်းလည်း ပါဝင်ပါသည်။ နှင်းဆီပန်းကို မြင်သောအခါ လူ့သဘာဝအရ 'နီသော နှင်းဆီပန်း၊ ကြီးသော နှင်းဆီပန်း' စသည်ဖြင့် အရာဝတ္ထု၏ ကိုယ်ပိုင်အရည်အသွေးများကိုလည်း မြင်ပါသည်။ ယင်းတို့အပေါ် ထပ်ဆောင်း၍ 'မျိုးကောင်းသော နှင်းဆီပန်း၊ မျိုးညံ့သော နှင်းဆီပန်း' စသည်ဖြင့် မြင်သူ၏ အပိုဆောင်းချက်များကိုလည်း မြင်ပါသည်။ ဤအပိုဆောင်းချက်များသည် အရာဝတ္ထုတစ်ခုကို မြင်တိုင်းမြင်တိုင်း ယင်းအရာဝတ္ထု၏ ပင်ကိုအရည်အသွေးပေါ်၌ မလွဲမသွေ အပိုဆောင်းထားသည့် အပိုဆောင်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် အရာဝတ္ထုတိုင်းတွင် အရည်အသွေး နှစ်မျိုး ပါဝင်သည်။ တစ်ပိုင်းမှာ အရာဝတ္ထု၏ ပင်ကိုအရည်အသွေးပိုင်း ဖြစ်ပါသည်။ ယင်းကို 'ဝတ္ထုတန္တြ' ဟူ၍ အိန္ဒိယဒဿနပညာရှင်တို့က ဆိုပါသည်။ ဝတ္ထုတန္တြ၏ အဓိပ္ပာယ်မှာ 'အရာဝတ္ထု၏ အပေါ်၌ရှိသော' ဟူ၍ ဖြစ်ပါသည်။ အခြားတစ်ပိုင်းမှာ မြင်သူ၏ အရည်အသွေးပိုင်း ဖြစ်ပါသည်။ ယင်းကို 'ပုရိသတန္တြ' ဟူ၍ အိန္ဒိယဒဿန ပညာရှင်များက ဆိုပါသည်။ ပုရိသတန္တြ၏ အဓိပ္ပာယ်မှာ 'မြင်သူအပေါ်၌ ရှိသော' ဟူ၍ ဖြစ်ပါသည်။ ပုရိသ တန္တြပိုင်းသည်



www.burmeseclassic.com

www.burmeseclassic.com



အပိုဆောင်းထားသည့်အပိုင်း ဖြစ်ပါသည်။ ယင်းအပိုင်းကြောင့်ပင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် လည်ပတ်ရခြင်း ဖြစ်ပါသည်။

အရာဝတ္ထု တစ်ခုတည်း ဖြစ်ပါလျက် ယင်းအပေါ် ဆုံးဖြတ်ချက်များသည် မြင်သူ တစ်ဦးနှင့်တစ်ဦး မတူပါချေ။ ထိုသို့ မတူသည်မှာလည်း ဘဝရှုထောင့် (**အာသယ**)၊ ဘဝအခြေခံ (**အနုသယ**)၊ ဝါသနာစရိုက် (**စရိတ**)၊ နှလုံးသွင်း (**အဓိမုတ္တိ**) တို့ တစ်ဦးနှင့်တစ်ဦး မတူသောကြောင့် ဖြစ်ပါသည်။ ယင်းသို့ မတူသမျှ ကာလပတ်လုံး တစ်ဦးနှင့်တစ်ဦး ဆုံးဖြတ်ချက်ချင်းလည်း တူကြမည် မဟုတ်ပါ။ အရာဝတ္ထုတစ်ခုကို မြင်ရာ၌ ဘဝရှုထောင့် (**အာသယ**)၊ ဘဝအခြေခံ (**အနုသယ**)၊ ဝါသနာစရိုက် (**စရိတ**)၊ နှလုံးသွင်း(**အဓိမုတ္တိ**)တို့အပေါ် အခြေခံ၍ မြင်ခြင်း ဖြစ်ပါသည်။ ယင်းတို့အပေါ် အခြေခံ၍ အပိုဆောင်းခြင်း ဖြစ်ပါသည်။ အပိုဆောင်းချက်များသည် သတ္တဝါတို့၏ ဇီဝအနေဖြင့် မလွဲမသွေ ဖြစ်ပေါ်လာကြမည် ဖြစ်ပါသည်။ မဖြစ်ပေါ်လာစေရန်လည်း မည်သူမျှ မတတ်ကောင်း။ ထိုသို့ ဖြစ်ပေါ်လာသဖြင့်သာ သုံးဆယ့်တစ်ဘုံတည်းဟူသော ဘဝသံသရာသည် ရှိနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အရာဝတ္ထုတစ်ခုကို မြင်တိုင်း၊ ဖြစ်ရပ်တစ်ခုကို ကြုံတိုင်း 'တဏှာဒဿန' ရှုထောင့်မှ လူသားသည် ရှိ မရှိ၊ စစ် မစစ်တို့ကို သုံးသပ်၍ ဆုံးဖြတ်မည် ဖြစ်ပါသည်။

## (၂) ပမာဏ ဒဿန

ပမာဏဒဿန ဆိုသည်မှာ'အမှားနှင့်အမှန် ရှုထောင့်မှ မြင်ခြင်း' ဖြစ်ပါသည်။ အမှားနှင့် အမှန်သည် ပြင်ပ ဗဟိဒ္ဓသန္တာန်၌ မရှိဘဲ မြင်သူ၏ အဇ္ဈတ္တသန္တာန်၌သာ ရှိပါသည်။ အမှန်အားဖြင့် နှင်းဆီပန်းသည် နှင်းဆီပန်းသာ ဖြစ်ပါသည်။ နှင်းဆီပန်း၌ အမှားနှင့်အမှန် ဟူ၍ မရှိပါ။ အမှားနှင့် အမှန်သည် အဝိဇ္ဇာနှင့် ဝိဇ္ဇာတို့၏ အမည်တစ်မျိုးဖြစ်၍ စိတ်ပိုင်းဆိုင်ရာတရား (**စေတသိက**)များ ဖြစ်ပါသည်။ ထို့ကြောင့် အမှားနှင့် အမှန်သည် ပြင်ပဗဟိဒ္ဓသန္တာန်၌ မရှိဟု ဆိုခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အရာဝတ္ထု တစ်ခုကိုပဲ တွေ့တွေ့၊ ဖြစ်ရပ်တစ်ခုကိုပဲ ကြုံကြုံ ယင်းအရာဝတ္ထု သို့မဟုတ် ယင်းဖြစ်ရပ်ကို မှားသည်ဟူ၍ လည်းကောင်း၊ မှန်သည်ဟူ၍ လည်းကောင်း မလွဲမသွေ ဆုံးဖြတ်မည် ဖြစ်ပါသည်။ ထိုသို့ ဆုံးဖြတ်လိုက်ခြင်းသည်ပင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ထဲသို့ တိုး၍တိုး၍ ဝင်လာခြင်း ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ထဲသို့ တိုး၍တိုး၍ မဝင်လာနိုင်ရေးအတွက် ထိုကဲ့သို့ မဆုံးဖြတ်နိုင်စေရန် ပိဋကတ်တော်များ၌ သင်ကြားချက်များ ရှိပါသည်။





ပိဋကတ်တော်များ၌ မြင်လျှင် 'မြင်ကာမျှ မြင်သည်' ဟူ၍လည်းကောင်း၊ ကြားလျှင် 'ကြားကာမျှ ကြားသည်' ဟူ၍လည်းကောင်း ထိုမျှလောက်သာ ဆုံးဖြတ်ရန်နှင့် အရာဝတ္ထု၊ ပုဂ္ဂိုလ်၊ သတ္တဝါ အဆင့်အထိ မရောက်စေရန် သင်ကြားထားပါသည်။ မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ အဆင့်သည်သာ ပရမတ္ထအသိ ဖြစ်ပါသည်။ မြင်ခြင်း၊ ကြားခြင်းတို့အပေါ် ဒြပ်ဝတ္ထုအနေဖြင့် အပိုဆောင်းပြီး အမှားအမှန် ဆုံးဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ပညတ်အသိ ဖြစ်သွားပြီး ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်နယ်ပယ်ထဲသို့ တိုး၍တိုး၍ အလိုအလျောက် ရောက်သွားမည် ဖြစ်ပါသည်။ ရောက်ပြီးသား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်နယ်ပယ်မှ လွတ်မြောက်စေရန် 'ပညတ်သိ' ခေါ် အပိုဆောင်းချက်များကို စွန့်ပစ်ရန် ဟောကြားထားပါသည်။ သို့ရာတွင် လူသားသည် ပုထုဇဉ်ဇီဝသတ္တိဖြင့် အပိုဆောင်းခြင်းများကို မစွန့်ပစ်နိုင်ဘဲ မလွဲမသွေ လုပ်ဆောင်ခဲ့ပါသည်။ ထို့ကြောင့် လူသားသည် အရာဝတ္ထုတစ်ခုကို မြင်တိုင်း၊ ဖြစ်ရပ်တစ်ခုကို ကြုံတိုင်း ပမာဏဒဿနရှုထောင့်မှ အမှားနှင့် အမှန်ကို သုံးသပ်၍ ဆုံးဖြတ်ပါလေသည်။

## (၃) တက္ကဒဿန

တက္ကဒဿန ဆိုသည်မှာ 'သင့်၊ မသင့် ရှုထောင့်မှ မြင်ခြင်း' ဖြစ်ပါသည်။ ယင်းအမြင်သည်လည်း 'ပရမတ်အသိ' နယ်ပယ်ကျော်၍ 'ပညတ်အသိ' နယ်ပယ်သို့ ဝင်ရောက်ခြင်း ဖြစ်ပါသည်။ မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ အသိကို ကျော်လွန်လျှင် အရာဝတ္ထုအသိ၊ ပုဂ္ဂိုလ်အသိ၊ သတ္တဝါအသိသို့ ရောက်ပါသည်။ အရာဝတ္ထုအသိ၊ ပုဂ္ဂိုလ်အသိ၊ သတ္တဝါအသိသို့ ရောက်သည်နှင့် တစ်ပြိုင်နက် 'သင့်၊ မသင့် ရှုထောင့်' သည် ပေါ်လာပါသည်။ ထိုရှုထောင့်မှ အလိုအလျောက် ကြည့်မိလျက်သား ဖြစ်သွားပါသည်။ ကြည့်မိသည်နှင့် တစ်ပြိုင်နက် 'သင့်၏' ဟူ၍လည်းကောင်း၊ 'မသင့်' ဟူ၍လည်းကောင်း သုံးသပ်၍ ဆုံးဖြတ်ခြင်းသည် မလွဲသာ မရှောင်သာ ဖြစ်ပေါ်လာပါသည်။

လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ဖြစ်စေ အမြင်သည် အလွန်အရေးကြီးပါသည်။ အမြင်ကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော အတွေးအခေါ်သည်လည်း အလွန်အရေးကြီးပါသည်။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတည်းဟူသော ပညာမဂ္ဂင် နှစ်ပါးကို ရှေ့ဦးစွာဟောကြားခြင်း ဖြစ်ပါသည်။ ယင်း ပညာမဂ္ဂင် နှစ်ပါးသည် ထောရှင်အဆင့်သို့ရောက်လျှင် လောကုတ္တရာသို့ ကူးပါသည်။ လောကုတ္တရာသို့ ကူးသည်ဆိုသည်မှာ သီလမဂ္ဂင် သမာဓိမဂ္ဂင်တို့နှင့် တစ်ပြိုင်နက်တည်း၊ တစ်သားတည်း ပေါင်းစည်းနိုင်သော သစ္စဉာဏ်ခေါ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာမဂ္ဂင်တို့သည် လောကုတ္တရာသို့ မကူးနိုင်သေးလျှင် အပိုဆောင်းခြင်း မပြုဘဲ မြင်လျှင် မြင်သည့်အတိုင်း၊ ကြားလျှင် ကြားသည့်အတိုင်း ပရမတ်သိအဆင့်၌ တည်နိုင်ပါက ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုးစီးပွားကို ဆောင်နိုင်ပါသည်။ ဤနေရာ၌ ပရမတ်သိ ဆိုသည်မှာ ဝိပဿနာသိ ဖြစ်ပါသည်။ ဝိပဿနာသိ မပျက်စီးလျှင် သောတာပန် (စူဠသောတာပန်) စာရင်းဝင်ဖြစ်၍ ဒုတိယဘဝအတွက် အပါယ်လေးပါးမှ လွတ်ကင်းနိုင်ပါသည်။ ထိုသို့မဟုတ်ဘဲ ပရမတ်သိကို ကျော်လွန်ကာ ပညတ်သိနယ်ပယ်တွင်းသို့ ချဉ်းနင်းသွားလျှင် 'သင့်၊ မသင့်' ရှုထောင့်သည် အလိုအလျောက် ပေါ်လာမည် ဖြစ်ပါသည်။ ထိုရှုထောင့်မှကြည့်ပြီး 'သင့်၊ မသင့်' ကို အပိုဆောင်းကာ သုံးသပ်၍ ဆုံးဖြတ်မည် ဖြစ်ပါသည်။ ထို့ကြောင့် 'တက္ကဒဿန' အမြင်သည် ပုထုဇဉ်တို့၏ ဗီဇသဘော အနေဖြင့် လူသားတို့၏ သန္တာန်၌ အစဉ်တစိုက် ကိန်းဝပ်နေသည့်အမြင် ဖြစ်ပါသည်။ ထိုအမြင်ဖြင့် ကြည့်တတ်သည့် သတ္တိသည်လည်း လူသားတို့၏ သန္တာန်၌ အစဉ်ထာဝရ ကိန်းဝပ်လျက် ရှိပါသည်။

## (၄) အာစာရဒဿန

အာစာရဒဿန ဆိုသည်မှာ 'ကောင်း၊ မကောင်း ရှုထောင့်မှ မြင်ခြင်း' ဖြစ်သည်။ အရာဝတ္ထုတစ်ခုကို မြင်တိုင်း၊ ဖြစ်ရပ်တစ်ခုကို ကြုံတိုင်း ကောင်း၊ မကောင်း ရှုထောင့်မှလည်း သုံးသပ်၍ ဆုံးဖြတ်တတ်ပါသည်။ ယင်းသို့ ဆုံးဖြတ်ရာ၌လည်း ပရမတ်သိနယ်ပယ်ကို ကျော်၍ ပညတ်သိနယ်ပယ်၌သာ ရကောင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် ပညတ်သိနယ်ပယ်၌သာ အကောင်အထည်၊ ဒြပ်၊ သဏ္ဍာန်ကို ရကောင်းသောကြောင့် ဖြစ်ပါသည်။ ပညတ်သိနယ်ပယ်၌ အဆိုပါ အမြင်ဖြင့် မဆုံးဖြတ်နိုင်စေရေးအတွက် ပိဋကတ်တော်များ၌ အကောင်အထည် ဒြပ်၊ သဏ္ဍာန်ကို မစွဲလမ်းရန် (န နိမိတ္တဂ္ဂါဟီ) ကိုလည်း ဟောကြားထားပါသည်။ အသေးစိတ် အစိတ်အပိုင်းကိုလည်း မစွဲလမ်းရန် (န **အနုဗျဉ္ဇနဂ္ဂါဟီ**) ကိုလည်း ဟောကြားထားပါသည်။ ထိုသို့ ဟောကြားထားခြင်းမှာ ပညတ်သိနယ်ပယ်၌ ပညာ ဦးမဆောင်နိုင်ဘဲ သီလနှင့် သမာဓိသာ ဦးဆောင်နိုင်သောကြောင့် ဖြစ်ပါသည်။ မြတ်စွာဘုရား၏ ဟောကြားချက်အရ ပညာ ဦးဆောင်မှသာ မှန်ကန်သော ချမ်းသာသုခကို ရရှိနိုင်မည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပညာ ဦးဆောင်မှသာ ဝိပဿနာနယ်ပယ်သို့ ရောက်နိုင်ပြီး ပညာ ဦးမဆောင်လျှင် ဝိပဿနာနယ်ပယ်သို့ ရောက်နိုင်ခြင်း မရှိပါချေ။

ကျွန်ုပ်တို့သည် ပုထုဇဉ်လူသားများသာ ဖြစ်ကြပါသည်။ ပုထုဇဉ်လူသား





များ ဖြစ်ကြသည့်အလျောက် အရာဝတ္ထုကိုလည်း အရာဝတ္ထုအနေဖြင့် မြင်ကြမည် ဖြစ်ပါသည်။ ထို့ထက် အပိုဆောင်းပြီး 'ကောင်း၊ မကောင်း ရှုထောင့်' မှလည်း ကြည့်ကြဦးမည် ဖြစ်ပါသည်။ အလားတူပင် ဖြစ်ရပ်တစ်ခုကိုလည်း ထိုအတိုင်း ကြည့်ကြမည် ဖြစ်ပါသည်။ 'မီး' ကို မပူနဲ့ဟူ၍ တားဆီးမရသလို ပုထုဇဉ်များကိုလည်း ထိုရှုထောင့်မှ မကြည့်နဲ့ဟူ၍ တားဆီးရန် မရကောင်းပါ။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ ကြည့်တတ်ခြင်းသည် ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်၏ သတ္တိထူး ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ အမှန်အားဖြင့် လူဆိုသည်မှာ ထိုအမြင်ဖြင့် ကြည့်တတ်ကြသူများပါတကား ဟူ၍လည်းကောင်း၊ ထိုရှုထောင့်မှ မကြည့်ရန် တားမြစ်၍ မရကောင်းပါတကား ဟူ၍လည်းကောင်း၊ 'ကောင်း၊ မကောင်း' ဆုံးဖြတ်ရာတွင် အမှန်အတိုင်းသာ ဆုံးဖြတ်နိုင်ရေးအတွက် လမ်းညွှန်မှုပေးရန် လိုအပ်ပါတကား ဟူ၍လည်းကောင်း ကြိုတင် သဘောပေါက်ထားရန်သာ လိုအပ်ပါသည်။ သို့မဟုတ်ပါက လမ်းလွဲသို့ မုချမသွေ ရောက်သွားနိုင်ပေသည်။ လူသားများကား 'ကောင်း၊ မကောင်း ရှုထောင့်' မှ မလွဲမသွေ ကြည့်မြဲ ကြည့်နေကြမည် ဖြစ်ပါသည်။ အာရုံ၏ ပင်ကို မူလအပေါ် အပိုဆောင်းမြဲ ဆောင်းနေကြမည်သာ ဖြစ်ပါသည်။ အပိုဆောင်းခြင်းမှ ပင်ကို မူလအပေါ်သို့ ပြန်လည်ရောက်ရှိအောင် ကြိုးစားကြရုံသာ ရှိပါသည်။

## (၅) ရသဒဿန

ရသဒဿန ဆိုသည်မှာ 'အလှနှင့် အကျည်းတန် ရှုထောင့်မှ မြင်ခြင်း' ပင် ဖြစ်ပါသည်။ အလှနှင့် အကျည်းတန်သည်လည်း အရာဝတ္ထု၏ ပင်ကိုအရည်အသွေး မဟုတ်။ လူသားတို့၏ သတ်မှတ်ချက်သာ ဖြစ်ပါသည်။ အပိုဆောင်းခြင်းမျှသာ ဖြစ်ပါသည်။ မျက်နှာဝိုင်းဝိုင်းကလေးကို အချို့က လှသည်ဟူ၍ ဆိုကြပါသည်။ အချို့က အကျည်းတန်သည်ဟူ၍ ဆိုကြပါသည်။ ထိုသို့ဆိုခြင်းမှာ အလှနှင့် အကျည်းတန်သည် အရာဝတ္ထုပေါ်၌ရှိသော 'ဝတ္ထုတန္တြ' အရည်အချင်းမျိုး မဟုတ်ဘဲ မြင်သူအပေါ်၌ ရှိသော 'ပုရိသတန္တြ' အရည်အချင်းမျိုး ဖြစ်သောကြောင့် ဖြစ်ပါသည်။ အလှနှင့် အကျည်းတန်ကို တိုင်းတာရာ၌ မိမိကိုယ်ကို 'စံ' ပြု၍ တိုင်းတာကြသည့် အစဉ်အလာ ရှိပါသည်။ ထိုကဲ့သို့ တိုင်းတာခြင်းသည် အမှန်နှင့် အနီးကပ်ဆုံးအဖြစ် အားလုံးက လက်ခံသောကြောင့် ဖြစ်ပါသည်။

အလှကို တိုင်းတာရာ၌ အရာရာတိုင်းတွင်ရှိသော 'အလှ' ကို မြင်အောင် ကြည့်သောနည်းလည်း ရှိပါသည်။ ထိုနည်းဖြင့် ကြည့်၍မြင်သော လှသည်

www.burmeseclassic.com



'သဘာဝအလှ' ဖြစ်ပါသည်။ အနိမ့်ဆုံးအလှ ဖြစ်ပါသည်။ သဘာဝ၏ ဖွံ့ဖြိုးမှုကို ပေါ်လာအောင် ရှုမြင်ခြင်းဖြင့် သဘာဝအလှကို မြင်နိုင်ပါသည်။ ကိုယ်ချင်းစာနာစိတ်ဖြင့် 'အလှ' ကို မြင်အောင် ကြည့်သောနည်းလည်း ရှိပါသည်။ ထိုနည်းဖြင့် ကြည့်၍မြင်သော အလှသည် '**ဥပစာအလှ**' ဖြစ်ပါသည်။ သဘာဝအလှထက် ပို၍ အဆင့်မြင့်သဖြင့် အလယ်ဆင့်အလှ မည်ပါသည်။ ဤအဆင့်အလှတွင် အရာရာတိုင်းကို မိမိကိုယ်ကဲ့သို့ ခံစားပါသည်။ မိမိကိုယ်ကို ချစ်သလို အရာရာတိုင်းကို ချစ်ပါသည်။ မိမိကိုယ်ကို ကြင်နာသလို အရာရာတိုင်းကို ကြင်နာပါသည်။ မိမိကိုယ်ကို ဂုဏ်ယူမြတ်နိုးသလို အရာရာတိုင်းကို ဂုဏ်ယူမြတ်နိုးပါသည်။ မိမိကိုယ်ကို အမှန်တရား၌ ရပ်တည်သူအဖြစ် မြင်သလို အရာရာတိုင်းကို အမှန်တရား၌ ရပ်တည်သူအဖြစ် မြင်ပါသည်။ ဗြဟ္မစိုရ်တရား လေးပါးဖြင့် ဤ 'ဥပစာအလှ' ကို မြင်နိုင်ပါသည်။ မိမိနှင့် တစ်သားတည်းဖြစ်အောင် ဝင်စားခြင်းဖြင့် 'အလှ' ကို မြင်အောင် ကြည့်သောနည်းလည်း ရှိပါသည်။ ထိုနည်းဖြင့် ကြည့်၍ မြင်သောအလှသည် '**ရသအလှ**' ဖြစ်ပါသည်။ ဘာဝနာဝေါဟာရကို ယူ၍သုံးရလျှင် '**အပ္ပနာအလှ**' ဖြစ်ပါသည်။ ဤအလှသည် အမြင့်ဆုံးအလှ ဖြစ်ပါသည်။ ဤနေရာ၌ ဆိုလိုသော အလှသုံးမျိုးတို့၏ သဘောကို နားလည်စေရန် ဘာဝနာသဘောကို အထိုက်အလျောက် နားလည်ရန် လိုအပ်ပါသည်။

ဘာဝနာ ဝေါဟာရများဖြင့် နှိုင်းယှဉ်၍ဆိုရလျှင် သဘာဝအလှသည် ပရိကမ္မဘာဝနာသဘောမျိုး ဖြစ်ပါသည်။ တင်စားအလှသည် ဥပစာရဘာဝနာသဘောမျိုး ဖြစ်ပါသည်။ ရသအလှသည် အပ္ပနာဘာဝနာသဘောမျိုး ဖြစ်ပါသည်။ နိမိတ်များဖြင့် နှိုင်းယှဉ်၍ဆိုရလျှင် သဘာဝအလှသည် ပရိကမ္မ နိမိတ်သဘောမျိုး ဖြစ်ပါသည်။ ဥပစာအလှသည် ဥဂ္ဂဟနိမိတ်သဘောမျိုး ဖြစ်ပါသည်။ ရသအလှသည် ပဋိဘာဂနိမိတ်သဘောမျိုး ဖြစ်ပါသည်။ အပ္ပနာဘာဝနာသို့မဟုတ် ပဋိဘာဂနိမိတ်နှင့် အလားတူသော ရသအလှကို စျာန်ဝင်စားခြင်းမျိုးဟု၍ မနှိုင်းယှဉ်ကောင်း၊ နှိုင်းယှဉ်ကောင်း နှိုင်းယှဉ်၍ ဖော်ပြအပ်ပါသည်။ သိလွယ်စေရန် ရည်ရွယ်ချက်ဖြင့် ဖြစ်ပါသည်။

လူတို့သည် ပုထုဇဉ်တို့၏ ဗီဇသတ္တိအနေဖြင့် အရာဝတ္ထုတစ်ခုကို မြင်တိုင်း၊ ဖြစ်ရပ်တစ်ခုကို ကြုံတိုင်း အလှနှင့် အကျည်းတန်ရှုထောင့်မှ သုံးသပ်၍ ဆုံးဖြတ်မြဲ ဖြစ်ပါသည်။ ထို့ကြောင့် အလှနှင့် အကျည်းတန်ကို ဆုံးဖြတ်ရာ၌ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရေးအတွက် မှန်ကန်တိကျသော တိုင်းတာစရာ 'စံ' ကို ရရှိထားရန် လိုအပ်ပါသည်။





**(၆) စရိတဒဿန**

စရိတဒဿန ဆိုသည်မှာ 'ဝါသနာနှင့် **စရိုက်** ရှုထောင့်မှ မြင်ခြင်း' ဖြစ်ပါသည်။ ဝါသနာနှင့် စရိုက်တွင် ဘဝရှုထောင့် (အာသယ)၊ ဘဝအခြေခံ (အနုသယ)၊ နှလုံးသွင်း (အဓိမုတ္တိ) တို့ ပါဝင်ပါသည်။ လူသားတိုင်း၌ အစမထင် သံသရာမှစ၍ ဝါသနာသည် ပါလာပါသည်။ ယင်းဝါသနာသည် ဘုရားရှင်မှတစ်ပါး ရဟန္တာပုဂ္ဂိုလ်များပင် မပယ်နိုင်လောက်အောင် မြဲမြံခိုင်မာသော အထုံဓာတ် ဖြစ်ပါသည်။ **စရိုက်** ဟူသည်မှာ ယခုဘဝ၌ အဖြစ်များသော အလေ့အကျင့်များ ဖြစ်ပါသည်။ စရိုက်သည်–

(၁) ရာဂ၊
(၂) ဒါသ၊
(၃) မောဟ၊
(၄) သဒ္ဓါ၊
(၅) ဗုဒ္ဓိ၊
(၆) ဝိတက်

အားဖြင့် ခြောက်မျိုး ရှိပါသည်။ အရာဝတ္ထုတစ်ခုကို မြင်တိုင်း၊ ဖြစ်ရပ်တစ်ခုကို ကြုံတွေ့တိုင်း လူသားသည် ထို ခြောက်မျိုးအလိုက် မြင်တတ်ပါသည်။ ရာဂမျက်လုံးဖြင့်ကြည့်လျှင် ရာဂဖြစ်စရာ၊ ဒေါသမျက်လုံးဖြင့်ကြည့်လျှင် ဒေါသဖြစ်စရာ၊ မောဟမျက်လုံးဖြင့် ကြည့်လျှင် မောဟဖြစ်စရာ၊ သဒ္ဓါမျက်လုံးဖြင့် ကြည့်လျှင် သဒ္ဓါဖြစ်စရာ၊ ပညာမျက်လုံးဖြင့်ကြည့်လျှင် ပညာဖြစ်စရာ၊ ဝိတက်မျက်လုံးဖြင့်ကြည့်လျှင် ဝိတက် ဖြစ်စရာတို့ကို မြင်မည် ဖြစ်ပါသည်။ အမှန်အားဖြင့် မြင်ခြင်းသည် ပထမအဆင့်၌ ပရမတ်သဘောရှိ၍ ဒုတိယအဆင့်၌ ပညတ်သဘော ရှိပါသည်။ ပရမတ်အဆင့်တွင် အမျိုးအမည်နှင့်တကွ မသိသည့်အတွက် ဝတ္ထုတန္တြသဘော ရှိပါသည်။ ပညတ်အဆင့်တွင် အမျိုးအမည်နှင့်တကွ သိသည့်အတွက် ပုရိသတန္တြသဘော ရှိပါသည်။ ဝတ္ထုတန္တြသည် အာရုံတို့၏ ပင်ကိုအရည်အသွေးဖြစ်၍ ပုရိသတန္တြသည် အာရုံတို့၏ ပင်ကို အရည်အသွေးပေါ်၌ အပိုဆောင်းထားသည့် အပိုအရည်အသွေး သို့မဟုတ် မရိုးအရည်အသွေး ဖြစ်ပါသည်။ ထို မရိုးအရည်အသွေးကြောင့် လောကသည် ကမောက်ကမ ဖြစ်နေရခြင်း ဖြစ်ပါသည်။

လူသည် ရာဂမျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ၊ ဒေါသမျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ၊ မောဟမျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ၊ သဒ္ဓါမျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ၊ ပညာမျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ၊ ဝိတက်မျက်လုံးဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်စေ မိမိနှင့် ပတ်သက်လာလျှင် မိမိနှင့် နပိုလီယံကို ခွဲခြား၍ မမြင်နိုင်သော စိတ္တဇဝေဒနာရှင်ကဲ့သို့ အာရုံနှင့် အာရမ္မဏိကကို ပေါင်း၍ တစ်ခုတည်းအဖြစ် မြင်တတ်ပါသည်။ ကျွန်ုပ်တို့သည် လောဘကြီးသော ပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ ဒေါသကြီးသော ပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ မောဟကြီးသော ပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ သဒ္ဓါကြီးသော ပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ ပညာကြီးသော ပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ ဝိတက်ကြီးသော ပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ ထိုပညာရှင်တို့သည် မိမိနှင့် ပတ်သက်လာလျှင် မိမိနှင့် နပိုလီယံကို ခွဲခြား၍ မမြင်နိုင်သော စိတ္တဇဝေဒနာရှင်ကဲ့သို့ လောဘနှင့် ပညာကိုလည်းကောင်း၊ ဒေါသနှင့် ပညာကိုလည်းကောင်း၊ မောဟနှင့် ပညာကိုလည်းကောင်း၊ သဒ္ဓါနှင့် ပညာကိုလည်းကောင်း၊ ဗုဒ္ဓိနှင့် ပညာကိုလည်းကောင်း ဝိတက်နှင့် ပညာကိုလည်းကောင်း မခွဲခြားနိုင်ဘဲ တစ်သားတည်းပြု၍ မြင်တတ်ပါသည်။ သူတော်ကောင်းများလည်း ထိုနည်းအတူပင် မိမိနှင့် ပတ်သက်လာလျှင် ဆိုင်ရာဆိုင်ရာစရိုက်နှင့် သူတော်ကောင်းတရားကို မခွဲခြားနိုင်ဘဲ တစ်သားတည်း မြင်တတ်ပါသည်။ ထိုကဲ့သို့မြင်ခြင်းသည် ထိုပညာရှိသူတော်ကောင်းတို့၌ တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော ပကတိမျက်လုံးသာရှိပြီး သီလ၌ အခြေခံသော သမာဓိ ပညာတည်းဟူသော တတိယမျက်လုံး မရှိသောကြောင့် ဖြစ်ပါသည်။ တတိယမျက်လုံး မရှိလျှင် သူများကို ကြည့်သောအခါသာ ခွဲခြား၍ မြင်နိုင်ပြီး မိမိကို ပြန်၍ ကြည့်သောအခါ ထိုကဲ့သို့ ခွဲခြား၍ မမြင်နိုင်ဘဲ ကတ္တားနှင့် ကံကို တစ်သားတည်းပြု၍ မြင်လေသည်။ ထို့ကြောင့် ဤလောက၌ ကြောက်စရာအကောင်းဆုံးသော အယောင်ဆောင် သူတော်ကောင်းများ၊ အယောင်ဆောင် ပညာရှိများက နေရာကောင်းများစွာကို ရယူထားနိုင်ခြင်း ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အစစ်အမှန်ဖြစ်သော ပညာရှိများနှင့် အစစ်အမှန်ဖြစ်သော သူတော်ကောင်းများ အတွက် မလုပ်ကောင်းသော၊ မလုပ်ထိုက်သော ဒုစရိုက်မှုများ ရှိသော်လည်း အယောင်ဆောင် သူတော်ကောင်းများနှင့် အယောင်ဆောင် ပညာရှိများအတွက် ဒုစရိုက်မှုများနှင့် ပတ်သက်၍ မလုပ်ကောင်းသော၊ မလုပ်ထိုက်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဟူ၍ ဘာမျှမရှိတော့သောကြောင့် ဖြစ်ပါသည်။

မိမိ၏ကိုယ်ကျိုး ကိုယ့်စီးပွားနှင့် စပ်လာလျှင် မလုပ်ကောင်းသော၊ မလုပ်ထိုက်သော အလုပ်ဟူ၍ ဘာမျှမရှိတော့သဖြင့် မလုပ်ကောင်းသော၊ မလုပ်ထိုက်သော ဒုစရိုက်မှုများကို ကျူးလွန်ရာ၌ အယောင်ဆောင် သူတော်ကောင်းကလည်း မိမိကိုယ်ကို သူတော်ကောင်း အစစ်အဖြစ် မြင်ပါသည်။ အယောင်ဆောင် ပညာရှိကလည်း မိမိကိုယ်ကို ပညာရှိအစစ်အဖြစ် မြင်ပါသည်။ မိမိနှင့် နပိုလီယံကို





ခွဲခြား၍ မမြင်နိုင်ဘဲ တစ်သားတည်းအဖြစ်မြင်သော စိတ္တဇဝေဒနာရှင်ကဲ့သို့ ဖြစ်ပါသည်။ အယောင်ဆောင် သူတော်ကောင်းနှင့် အယောင်ဆောင် ပညာရှိများ အတွက် မိမိနှင့် သူတစ်ပါး နှစ်မျိုးလုံးကို မြင်စွမ်းနိုင်သော တတိယမျက်လုံးကို ရရှိထားရန် အထူးလိုအပ်ပါသည်။ သို့ရာတွင် ထိုလူစားမျိုးသည် တတိယမျက်လုံးကို ရရှိနိုင်သော လုပ်ငန်းများ၌ လုံးလုံးစိတ်မဝင်စားဘဲ မိမိကိုယ်ကို တတိယမျက်လုံးပိုင်ရှင်အဖြစ် သက်ဝင်ယုံကြည်နေသောကြောင့် ပို၍ ခက်ပါသည်။ ဆေးကြောင့် ဖြစ်ပေါ်လာသော ရောဂါကဲ့သို့ ကုစား၍ မရကောင်းလောက်အောင်ပင် ခက်တတ်ပါသည်။

လူတို့သည် အရာဝတ္ထုတစ်ခုကို မြင်သောအခါ ဖြစ်စေ၊ ဖြစ်ရပ်တစ်ခုကို ကြုံသောအခါ ဖြစ်စေ 'ဤအရာကား ဤမှာဖြစ်၏၊ ဤအရာသည် ဤသို့ ဖြစ်၏' ဟူ၍လောက်သာ သုံးသပ်ဆုံးဖြတ်ခြင်း မပြုဘဲ ထိုထက် ပိုလွန်၍–

(၁) အစစ်၊ အတု၊
(၂) အမှန်၊ အမှား၊
(၃) သင့်၊ မသင့်၊
(၄) ကောင်း၊ မကောင်း၊
(၅) အလှ၊ အကျည်းတန်၊
(၆) ဝါသနာ၊ စရိုက်

တို့ဖြင့် သုံးသပ်၍ မလွဲမသွေ ဆုံးဖြတ်ကြမည် ဖြစ်ပါသည်။ ထိုသို့ ဆုံးဖြတ်သောအခါ မည်သို့သော တိုင်းတာစရာ ကိရိယာဖြင့် အစစ်၊ အတု၊ အမှန်၊ အမှား စသည်တို့ကို တိုင်းတာမည်နည်း။ တိုင်းတာစရာ ကိရိယာကား မုချမသွေ လိုအပ်သည်သာ ဖြစ်ပါသည်။ ဤနေရာ၌ တိုင်းတာစရာ ကိရိယာကား 'ဘာသာရေး' ပင် ဖြစ်ပါသည်။ ဘာသာရေးဖြင့် တိုင်းတာ၍ အစစ်၊ အတု၊ အမှန်၊ အမှား၊ ကောင်း၊ မကောင်း စသည်တို့ကို ဆုံးဖြတ်ကြပါသည်။ ဤနေရာ၌ ဘာသာမဲ့တို့သည်လည်း အစစ်၊ အတု၊ အမှန်၊ အမှား၊ ကောင်း၊ မကောင်း စသည်တို့ကို ဆုံးဖြတ်သည် မဟုတ်ပါလော။ ထိုပုဂ္ဂိုလ်များအတွက် 'ဘာသာရေး' ဖြင့် မည်သို့ တိုင်းတာနိုင်ပါမည်နည်း ဟူ၍ မေးရန် ရှိပါသည်။ ဤနေရာ၌ ဘာသာရေးကို နှစ်မျိုး ခွဲခြားပါသည်။ ဘာသာရေးအမည်ခံ ဘာသာရေးနှင့် ဘာသာရေး အမည်မခံ ဘာသာရေးတို့ ဖြစ်ပါသည်။ ဘာသာမဲ့ဆိုသည်မှာ ဘာသာရေး အမည်မခံ ဘာသာရေးကို ကိုးကွယ်ယုံကြည်သူများ ဖြစ်ပါသည်။ ထို့ကြောင့် အစစ် အတု၊ အမှန် အမှား၊ သင့် မသင့်၊ ကောင်း မကောင်း စသည်တို့ကို ဆုံးဖြတ်ရာ၌ ဘာသာရေးသည် အခြေခံအကျဆုံးသော တိုင်းတာစရာကိရိယာ ဖြစ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဖြေရန် ရှိပါသည်။ ထို့ကြောင့် ဘာသာရေးသည် လူ့လောက လူမှုဆက်ဆံရေး နယ်ပယ်၌ အခြေခံအုတ်မြစ် ဖြစ်သည်ဟု ယုံကြည်အပ်ပါသည်။ ယုံကြည်သည့် အလျောက်လည်း ဘာသာရေးကို ပြုစုပျိုးထောင်အပ်ပါသည်။

လူတို့သည် မိမိတို့၏ ဘဝအမြင် (အာသယ)၊ ဘဝအခြေခံ (အနုသယ) ဓလေ့စရိုက် (စရိတ) နှင့် နှလုံးသွင်း (အဓိမုတ္တိ) တို့ချင်း မတူကြသဖြင့် အစစ အတု စသည်ကို ဆုံးဖြတ်ရာ၌ အချင်းချင်း မတူညီကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် တူညီသောအရာကား ရှိပါသည်။ အမြင် (ဒိဋ္ဌိ) အပေါ်၌ ယုံကြည်မှု (သဒ္ဓါ) ကို အသက်သွင်းမှု (စေတနာ) ပင် ဖြစ်ပါသည်။ ဤနေရာ၌ တူညီသည်ဆိုသော်လည်း ချွတ်စွပ်တူညီခြင်းကား မဟုတ်။ သာမညအားဖြင့် 'အမြင်' ချင်း တူ၏။ ဝိသေသအားဖြင့်ကား 'မှားသော အမြင်' နှင့် 'မှန်သော အမြင်' ဟူ၍ ကွဲပြားသည်။ ထိုနည်းအတူ ယုံကြည်မှုနှင့် အသက်သွင်းမှုတို့သည်လည်း သာမညအားဖြင့် တူ၏။ ဝိသေသအားဖြင့်ကား အမှားနှင့်အမှန် တူ၍ ကွဲပြားနိုင်ပါသည်။ ဤနေရာ၌ အမြင် (ဒိဋ္ဌိ) ပေါ်၌ ယုံကြည်မှု (သဒ္ဓါ) ကို အသက်သွင်းမှု (စေတနာ) သည် ဘာသာရေး၏ တရားကိုယ် ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် ဘာသာရှိ အမည်ခံခံ၊ ဘာသာမဲ့ အမည်ခံခံ အမြင်၊ ယုံကြည်မှု၊ စေတနာတို့ဖြင့် တိုင်းတာ၍ အကောင်းအဆိုး စသည်တို့ကို ဆုံးဖြတ်သောကြောင့် ကောင်းသော ဘာသာရေး၊ မှန်သော ဘာသာရေး၊ တရားသဖြင့် ဆုံးမတတ်သော ဘာသာရေး ဖြစ်စေရန် များစွာ သတိရှိအပ်ပါသည်။ သို့မဟုတ်ပါက သံသရာတစ်လျှောက်လုံး မှောက်သွားနိုင်ပေသည်။

## အယူဝါဒများ

အရာဝတ္ထုတစ်ခုကို ကြည့်ရာတွင် လောကအမြင်ဖြင့် ကြည့်သည်လည်း ရှိပါသည်။ လောကုတ္တရာအမြင်ဖြင့် ကြည့်သည်လည်း ရှိပါသည်။ သို့ရာတွင် မည်သည့်အမြင်ဖြင့် ကြည့်စေကာမူ ထိုအရာဝတ္ထုသည် ထိုအရာဝတ္ထုသာ ဖြစ်ပါသည်။ ထိုအရာဝတ္ထုသည် ပြောင်းလဲခြင်း မရှိပါ။ သို့ရာတွင် ပြောင်းလဲခြင်း မရှိသော်လည်း မြင်ထောင့်ကိုလိုက်၍ အမည်အမျိုးမျိုးကို ရပါသည်။ တန်ဖိုးအမျိုးမျိုးကို ရပါသည်။ ဤနေရာ၌ မြင်ထောင့်အမျိုးမျိုးကို လိုက်၍ ကြည့်မိရာမှ ကွဲပြားလာသော အဆိုအမိန့်များကို ဖော်ပြမည် ဖြစ်ပါသည်။ အဆိုအမိန့်များကို ဝါဒဟု ခေါ်ပါသည်။ ထိုဝါဒများသည် သုံးဝါဒ တစ်တွဲအားဖြင့် ခြောက်တွဲ ရှိပါသည်။ ယင်းတို့မှာ–

(၁) အဝေဇ္ဇဒဝါဒ၊ ပဋိဗိမ္ဗဝါဒ၊ အာဘာသဝါဒ၊





(၂) ဝိဝတ္တဝါဒ၊ ပရိဏာမဝါဒ၊ အနိဗ္ဗစနီယဝါဒ၊

(၃) အဇာတဝါဒ၊ စိတ္တဝိလာသဝါဒ၊ မာယာဝါဒ၊

(၄) သဿတဝါဒ၊ ဥစ္ဆေဒဝါဒ၊ ဝိဘဇ္ဇဝါဒ၊

(၅) အတ္တဝါဒ၊ အနတ္တဝါဒ၊ သုညဝါဒ၊

(၆) ကာမသုခလ္လိကာနုယောဂဝါဒ၊ အတ္တကိလမထာနုယောဂဝါဒ၊ မဇ္ဈိမပဋိပဒါဝါဒ

တို့ ဖြစ်ကြပါသည်။ သုံးဝါဒ တစ်တွဲတွင် နှစ်ဝါဒမှာ အစွန်းရောက်ဝါဒများဖြစ်၍ ကျန်တစ်ဝါဒက အစွန်းရောက်ဝါဒ နှစ်ခုကို ပေါင်းကူးပေးသောဝါဒ ဖြစ်ပါသည်။

### (၁) အဝေဇ္ဇဒဝါဒ

ဤဝါဒသည် ဗြာဟ္မဏဝါဒ ဖြစ်ပါသည်။ ဗုဒ္ဓဝါဒ မဟုတ်ပါ။ ဗြာဟ္မဏတို့ အလိုအရ လောကနှင့် နိဗ္ဗာန်သည် တစ်ခုတည်း ဖြစ်ပါသည်။ အစိတ်နှင့် အပေါင်း အဖြစ်သာ ခြားနားပါသည်။ အဝေဇ္ဇဒ၏ အနက်မှာ ပိုင်းခြားခြင်း ဖြစ်ပါသည်။ တစ်ခုဝသည်းကို အစိတ်စိတ် ပိုင်းခြားလိုက်သောအခါ တစ်ခုတည်းမှ အများ ဖြစ်လာပါသည်။ တစ်ခုတည်းသည် နိဗ္ဗာန်ဖြစ်၍ အများ သို့မဟုတ် အစိတ်စိတ်သည် လောကဖြစ်ပါသည်။ လောကနှင့် နိဗ္ဗာန်သည် မူလဘူတအနေဖြင့် တစ်ခုတည်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လောကသည်ပင် နိဗ္ဗာန် ဖြစ်သည်။ နိဗ္ဗာန်ဖြစ်သည့်အလျောက် အားလုံး မြတ်နိုးဖွယ် လေးစားဖွယ် ဖြစ်သည်။ လောကကို မထီမဲ့မြင် မပြုအပ်။ လောကကို မထီမဲ့မြင်ပြုလျှင် နိဗ္ဗာန်ကို မထီမဲ့မြင် ပြုရာရောက်၍ အပြစ်ကြီးသည်။

နိဗ္ဗာန်သည် အကြောင်းဖြစ်သည်။ လောကသည် အကျိုးဖြစ်သည်။ အကြောင်းအကျိုး ဆက်သွယ်မှုအရ နိဗ္ဗာန်နှင့် လောကတို့ ဆက်သွယ်သော်လည်း ရွှေနှင့် လက်ကောက်ကဲ့သို့ အမျိုးအစားအားဖြင့် တစ်ခုတည်း ဖြစ်ပါသည်။ တစ်ခုတည်းအဖြစ် ရှိစဉ်က နိဗ္ဗာန်ဖြစ်သည်။ အမျိုးမျိုး ဖြစ်သောအခါ လောက ဖြစ်လာသည်။ နိဗ္ဗာန်တွင် အမည်နှင့်အသွင် မရှိသော်လည်း လောကတွင် အမည်နှင့် အသွင် ရှိလာပါသည်။ တစ်ခုတည်းရှိစဉ်က ခေါ်မည့်သူနှင့် အခေါ်ခံမည့်သူဟူ၍ မရှိဘဲ အားလုံး တစ်ခုတည်းဖြစ်သောကြောင့် အမည်နှင့်အသွင် မရှိခြင်း ဖြစ်ပါသည်။ အမျိုးမျိုး ဖြစ်လာသောအခါ ခေါ်မည့်သူနှင့် အခေါ်ခံမည့်သူဟူ၍ အများ ဖြစ်လာသောကြောင့် အမည်နှင့်အသွင် ရှိလာခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်သည် သစ္စာတရားဖြစ်၍ လောကသည် မိစ္ဆာတရား ဖြစ်ပါသည်။ လက်ကောက်နှင့် ရွှေသည် ဓာတ်သားအရ တစ်မျိုးတည်း



www.burmeseclassic.com

www.burmeseclassic.com



ဖယ်လိုက်လျှင် လက်ကောက်ဟူ၍ မရှိ။ ထိုသို့ မရှိဘဲလျက် အရှိအနေဖြင့် လူတို့က သတ်မှတ်ထားသည်။ သတ်မှတ်ထားသည်နှင့် တစ်ပြိုင်နက် လက်ကောက်က ရိုးရိုးရွှေထက် ပို၍ တန်ဖိုးရှိလာသည်။ ဤသို့ ဖြစ်လာခြင်းသည် အဝိဇ္ဇာက ဖန်တီးလိုက်၍ ဖြစ်ပါသည်။ ထို့ကြောင့် နိဗ္ဗာန်ကို သစ္စာတရား၊ လောကကို မိစ္ဆာတရားဟု ခေါ်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် နိဗ္ဗာန်ကို လောကအမြင်ဖြင့် တန်ဖိုးသတ်မှတ်ထားခြင်း မရှိသောကြောင့် တန်ဖိုးမဲ့ 'နိဂ္ဂုဏ' ဟူ၍ ခေါ်ပြီး လောကကိုမူ တန်ဖိုးသတ်မှတ်ထားသောကြောင့် တန်ဖိုးရှိ 'သဂုဏ' ဟူ၍ ခေါ်ပါသည်။ သို့ရာတွင် တန်ဖိုးရှိသည်ဖြစ်စေ၊ တန်ဖိုးမဲ့သည်ဖြစ်စေ နှစ်မျိုးလုံး နိဗ္ဗာန်သာတည်း။ သို့ဖြစ်၍ မည်သူက မည်သူ့ကိုမျှ မထီမဲ့မြင်ပြုရန် အကြောင်း မရှိပါချေ။ မထီမဲ့မြင် ပြုနေသူများသည် စင်စစ်အားဖြင့် လူမိုက်များသာတည်း။ ဤသည်မှာ အဝဇ္ဇေဒဝါဒအရ ဆိုခြင်း ဖြစ်ပါသည်။

**ပဋိဗိမ္ဗဝါဒ**

ဤဝါဒသည်လည်း ဗြဟ္မဏဝါဒ ဖြစ်ပါသည်။ ပဋိဗိမ္ဗဆိုသည်မှာ အရိပ် ဖြစ်သည်။ ဤဝါဒအရ လောကနှင့် နိဗ္ဗာန်သည် အရိပ်နှင့် အရာဝတ္ထုကဲ့သို့ ဖြစ်ပါသည်။ အဝဇ္ဇေဒဝါဒအရ လောကနှင့် နိဗ္ဗာန်သည် အတူတူ ဖြစ်ပါသည်။ ထိုအဆိုအတိုင်း အတူတူ ဖြစ်ရိုးမှန်လျှင် လောကလူသားများအနေဖြင့် သောက ပရိဒေဝတို့ကို ခံစားနေရသည်မှာ နားမလည်နိုင်ဖွယ်ရာ ဖြစ်သည်။ ထို့ကြောင့် ပဋိဗိမ္ဗဝါဒအရ လောကနှင့် နိဗ္ဗာန်သည် မည်သည့်နည်းနှင့်မျှ အတူတူ မဖြစ်နိုင်ပါချေ။ နိဗ္ဗာန်သည် ကောင်းကင်မှ နေမင်းဖြစ်လျှင် လောကသည် ရေကန်သာ၌ ထင်ဟပ်သည့် နေမင်း၏ အရိပ်သဖွယ် ဖြစ်ရပေမည်။ သို့မှသာ ရေပြင်၌ ထင်ဟပ်သည့် နေမင်းရိပ်သည် ရေလှိုင်းဒဏ်ကြောင့် လှုပ်ရှားသော်လည်း ကောင်းကင်ရှိ နေမင်းအစစ်ကား မလှုပ်မယှက် ငြိမ်သက်လျက် ရှိပေမည်။

ပဋိဗိမ္ဗဝါဒအရ ကောင်းကင်၌ နေမင်းသည် တစ်စင်းတည်း ဖြစ်ပါသည်။ သို့ရာတွင် ထိုတစ်စင်းတည်းသော နေမင်းသည် ရေကန်တိုင်း၌ အရိပ်ကျရောက်ပြီး နေမင်းပေါင်းများစွာ ဖြစ်လာပါသည်။ ရေကန်ကြီးလျှင် နေရိပ်ကြီးပါသည်။ ရေကန်ငယ်လျှင် နေရိပ်ငယ်ပါသည်။ ရေလှုပ်လျှင် ကောင်းကင်ကနေ မလှုပ်သော်လည်း ရေကန်ကနေရိပ် လှုပ်ပါသည်။ ရေ အကြည်၊ အနောက်ကို လိုက်၍ နေ အမှိန်၊ အတောက် ဖြစ်လာပါသည်။ သို့ရာတွင် ရေကန်က နေမင်းနှင့် ကောင်းကင်က နေမင်းသည် ခံစားမှုချင်း မတူညီကြပါ။

ဤဝါဒအရ အရေးအကြီးဆုံးမှာ အရိပ်ထင်စရာ နာမ်ရုပ်များရှိဖို့ပင်





ဖြစ်ပါသည်။ နာမ်ရုပ်သည် ရေပြင်သဖွယ် ဖြစ်ပါသည်။ ကောင်းကင်က နေမင်းသည် နိဗ္ဗာန်နှင့် အလားတူပါသည်။ ရေကန်ပေါင်းများစွာက နေမင်းပေါင်းများစွာသည် လောကလူသားပေါင်းများစွာနှင့် အလားတူပါသည်။ ဤဝါဒအရ နိဗ္ဗာန်နှင့် လောကသည် မည်သို့မျှ တူ၍ မရကောင်းပါချေ။ ဤသို့လည်း အချို့က ယူဆကြပါသည်။

**အာဘာသဝါဒ**

ဤဝါဒသည်လည်း ဗြဟ္မဏဝါဒ ဖြစ်ပါသည်။ ဤနေရာ၌ အာဘာသ ဆိုသည်မှာ အသွင်သဏ္ဌာန် ဖြစ်ပါသည်။ ဒဿနစာပေတွင် 'အရှိ' နှင့် 'အသွင်သဏ္ဌာန်' ဟူ၍ ဝေါဟာရ နှစ်လုံး ရှိပါသည်။နိဗ္ဗာန်သည် 'အရှိ' ဖြစ်၍ လောက သည် 'အသွင်သဏ္ဌာန်' ဖြစ်ပါသည်။ 'အရှိ' နှင့် 'အသွင်သဏ္ဌာန်'သည် အချင်းချင်း ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီသော ဖြစ်ပါသည်။ 'အသွင်သဏ္ဌာန်' မရှိဘဲ 'အရှိ' ကို သိ၍ မရသလို 'အရှိ' မရှိဘဲ 'အသွင်သဏ္ဌာန်' ဟူ၍ မရှိကောင်းပါချေ။ လောကဥပမာအားဖြင့် အသံလှိုင်းများသည် ပျံ့နှံ့လျက် ရှိပါသည်။ ထိုသို့ ပျံ့နှံ့လျက်ရှိသော်လည်း အသံလှိုင်းကို အသံအဖြစ် မကြားရပါချေ။ ရေဒီယို ခလုတ်ဖြင့် ဖွင့်လိုက်သောအခါမှသာ အသံလှိုင်းကို အသံအဖြစ် ကြားရပါသည်။ ဤဥပမာ၌ အသံလှိုင်းသည် 'အရှိ' ဖြစ်ပါသည်။ ရေဒီယိုမှ ကြားရသောအသံသည် 'အသွင်သဏ္ဌာန်' ဖြစ်ပါသည်။ ထို့ကြောင့် 'အရှိ' အဆင့်နှင့် 'အသွင်သဏ္ဌာန်' အဆင့်သည် အချင်းချင်း အမှီသဟဲ ပြုသော်လည်း တစ်ခုနှင့်တစ်ခု ခြားနားပါသည်။

အဝဇ္ဇေဒဝါဒအရ နိဗ္ဗာန်နှင့် လောကသည် အားလုံးအတူတူ ဖြစ်ပါသည်။ လက်တွေ့သဘောအရ နိဗ္ဗာန်သည် အရှိ၊ အသိ၊ အလှတရားဖြစ်၍ လောကသည် ထိုကဲ့သို့ မဟုတ်ပါချေ။ သို့ပါလျက် နိဗ္ဗာန်နှင့် လောကကို ထပ်တူပြုထားခြင်းသည် အစွန်းတစ်ဖက်သို့ ရောက်လွန်းပါသည်။ ထို့ကြောင့် ထိုအဝဇ္ဇေဒဝါဒကို ငြင်းပယ်သည့်အနေဖြင့် ပဋိဗိမ္ဗဝါဒကို ဖော်ပြခြင်း ဖြစ်ပါသည်။ ပဋိဗိမ္ဗဝါဒအရ ဆိုပြန်လျှင်လည်း နိဗ္ဗာန်နှင့် လောကသည် အလှမ်းကွာဝေးလွန်းပါသည်။ နေမင်း နှင့် နေမင်း၏ အရိပ်ကို ရှင်းပြဖို့ရန် ရေကန်ကို လိုလာပြန်ပါသည်။ အမှန်အားဖြင့် ဤလောက၌ တစ်ခုတည်းသော အရှိတရားမှာ နိဗ္ဗာန်ဖြစ်ပါသည်။ နိဗ္ဗာန်ကို ရှင်းရန် ခက်ခဲနေစဉ် ဘယ်ကမှန်းမသိ ဝင်လာသော ရေကန်ကို တွေ့ရပြန် သည်။ ဤဝါဒအရ နိဗ္ဗာန်နှင့် လောကသည် ရှင်းလေရှုပ်လေ ဖြစ်နေရသည်။ အသဲ နာမ်ရုပ်တည်းဟူသော ရေကန်က နောက်ထပ် ဝင်လာသောကြောင့် ဖြစ်၍ ခက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



လာပါသည်။ ထို့ကြောင့် ထိုဝါဒသည်လည်း အစွန်းရောက်ဝါဒတစ်ခုပင် ဖြစ်ပါသည်။

ဖော်ပြပါ အစွန်းရောက်ဝါဒ နှစ်ဝါဒအကြား ပေါင်းကူးရန် 'အာဘာသဝါဒ' ကို ဖော်ပြခြင်း ဖြစ်ပါသည်။ ဤအာဘာသဝါဒအရ နိဗ္ဗာန်မရှိလျှင်လည်း လောကသည် ဖြစ်ပေါ်မလာနိုင်၊ လောကမရှိလျှင်လည်း နိဗ္ဗာန်ကို သိ၍မရ။ ထို့ကြောင့် နိဗ္ဗာန်နှင့် လောကသည် အရှိနှင့် အသွင်သဏ္ဌာန် သို့မဟုတ် သာမညနှင့် ဝိသေသအဖြစ် ဆက်သွယ်နေပါသည်။ အသံလှိုင်းနှင့် ရေဒီယိုသံကဲ့သို့ ဖြစ်ပါသည်။ ရေဒီယိုသံကို လျှပ်စစ်က ဖြစ်ပေါ်စေခြင်း (ဥပ္ပါဒက) မဟုတ်။ အသံလှိုင်းမှာ ထင်ရှားလာစေခြင်း (အတိဗျဉ္ဇက) သာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အသံလှိုင်းသည် ထာဝစဉ်ရှိနေသည့် အရှိတရားဖြစ်၍ ရေဒီယိုသံသည် အကြောင်းအားလျော်စွာ ထင်ရှားလာသည့် အသွင်သဏ္ဌာန် တရားဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ဤနည်းဖြင့် အာဘာသဝါဒ က နိဗ္ဗာန်နှင့် လောကတို့၏ ဆက်သွယ်မှုကို ရှင်းပြပါသည်။ ထို့ကြောင့် ဗြာဟ္မဏတို့၏ ဝါဒ သုံးရပ်အနက် ဤအာဘာသဝါဒသည် သင့်လျော်လျောက်ပတ်သော အစွန်းလွတ်ဝါဒ ဖြစ်သည်ဟု အိန္ဒိယဒဿနပညာရှင်တို့က သဘောတူကြပါသည်။ သို့ဖြစ်၍ အာဘာသဝါဒသည် အိန္ဒိယဒဿနပညာရှင်တို့၏ အမြင်အရ အလယ်အလတ်သဘော ဆောင်သည့် ဝါဒတစ်မျိုး ဖြစ်သည်။

## (၂) ဝိဝတ္တဝါဒ

ဤဝါဒသည်လည်း ဗြာဟ္မဏဝါဒ ဖြစ်ပါသည်။ ဤနေရာ၌ ဝိဝတ္တဆိုသည်မှာ အပေါ်မှ လွှမ်းခြုံထားခြင်း ဖြစ်ပါသည်။ နိဗ္ဗာန်သည် တကယ်အရှိတရား ဖြစ်၍ လောကသည် တကယ်မရှိတရား ဖြစ်ပါသည်။ ကြိုးပေါ်၌ မြွေကို လွှမ်းခြုံထားသောအခါ ကြိုးကို မြွေဟု ထင်မိပါသည်။ တကယ်တမ်း ဆန်းစစ်ကြည့်သောအခါ ကြိုးသာရှိပြီး မြွေမှာမူ လုံးဝ မရှိပါချေ။ မရှိဘဲလျက် ရှိသည်ဟု ထင်မှတ်နေခြင်း ဖြစ်ပါသည်။ ထိုသို့ ထင်မှတ်နေခြင်းသည် မှားယွင်းမှု ဖြစ်ပါသည်။ ဤဥပမာအတိုင်းပင် တကယ်ရှိသော နိဗ္ဗာန်ပေါ်၌ တကယ်မရှိသော လောကကို လွှမ်းခြုံပြီး နိဗ္ဗာန်ကိုပင် လောကဟု ထင်မှတ်နေခြင်း ဖြစ်ပါသည်။ ကြိုးနှင့်မြွေ ဥပမာ၌ အသိမှားယွင်းမှု ပျောက်ကွယ်သွားသောအခါ မြွေသဘော ချုပ်ငြိမ်းပြီး ကြိုးသဘောသာ ကျန်ရစ်ပါသည်။ ထို့အတူ နိဗ္ဗာန်နှင့် လောက၌လည်း အဝိဇ္ဇာ ပျောက်ကွယ်သွားသောအခါ လောကချုပ်ငြိမ်းပြီး နိဗ္ဗာန်သာ ကျန်ရစ်ပါသည်။ အမှန်အားဖြင့် ဤတရား နှစ်မျိုးတွင် တစ်မျိုးမှာ တကယ်အရှိတရား ဖြစ်၍





အခြားတစ်မျိုးမှာ တကယ်မရှိတရား ဖြစ်ပါသည်။နောက်ဆုံး၌ မရှိတရား ချုပ်ငြိမ်းပြီး အရှိတရားသာ ကျန်ရစ်ခဲ့ရမည်မှာ ဓမ္မတာ ဖြစ်ပါသည်။ ဝိဝတ္တဝါဒအရ လောကနှင့် နိဗ္ဗာန်ကို ဤသို့ ဆိုကြပါသည်။

### ပရိဏာမဝါဒ

ဤဝါဒသည်လည်း ဗြာဟ္မဏဝါဒ ဖြစ်ပါသည်။ ဤနေရာ၌ ပရိဏာမ ဆိုသည်မှာ အကျိုးတရား ဖြစ်ပါသည်။ နိဗ္ဗာန်သည် အကြောင်းတရားဖြစ်၍ လောကသည် အကျိုးတရား ဖြစ်ပါသည်။ အကျိုးတရား၌ အကြောင်းတရား၏ သဘောသည် အမြဲ ပါဝင်ပါသည်။ ထို့ကြောင့် လောကသည် မြတ်နိုးစရာကောင်းနေခြင်း ဖြစ်ပါသည်။ မည်မျှလောက် နုံချာသောဘဝ ဖြစ်စေကာမူ မြတ်နိုးစရာ ကောင်းနေခြင်းမှာ နိဗ္ဗာန်သဘော ပါဝင်နေသောကြောင့် ဖြစ်ပါသည်။

ဝိဝတ္တဝါဒအရ အကြောင်းတရားသည် အမြဲဖြစ်ပါသည်။ အမြဲဆိုသည်မှာ အကျိုးတရားကို မဖြစ်စေတတ်ခြင်းပင် ဖြစ်ပါသည်။ ကြိုးနှင့်မြွေ ဥပမာ၌ ကြိုးသည် ကြိုးသတ်သတ်ဖြစ်၍ မြွေသည် မြွေသတ်သတ် ဖြစ်ပါသည်။ ကြိုးက မြွေအဖြစ်သို့ ရောက်သွားခြင်း မရှိပါချေ။ ထို့ကြောင့် ကြိုးကို အမြဲဟု ဆိုခြင်း ဖြစ်ပါသည်။ ဝိဝတ္တဝါဒသည် နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုကို ဤသဘောအတိုင်း မြင်ပါသည်။ ပရိဏာမဝါဒအရ အကြောင်းတရားသည် အမြဲ မဟုတ်ပါ။ အမြဲ မဟုတ်သဖြင့် အကျိုးတရားကို ဖြစ်စေခြင်း ဖြစ်ပါသည်။ နွမ်းမှသာ ဆီဖြစ်နိုင်၏။ နို့မှသာ နို့ဓမ်း ဖြစ်နိုင်၏။ ထိုသို့ ဖြစ်နိုင်ခြင်းမှာ အကြောင်းတရား၌ အကျိုးတရား ကိန်းဝပ်ပြီး အကျိုးတရား၌ အကြောင်းတရား ပါဝင်နေသောကြောင့် ဖြစ်ပါသည်။ ဤနည်းအားဖြင့် ပရိဏာမဝါဒ က နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုကို ဤသဘောအတိုင်း မြင်ပါသည်။

### အနိဗ္ဗစနီယဝါဒ

ဤဝါဒသည်လည်း ဗြာဟ္မဏဝါဒ ဖြစ်ပါသည်။ ဤဝါဒသည် ရှေး နှစ်ဝါဒ၏ ပေါင်းကူးတံတား ဖြစ်ပါသည်။ ဝိဝတ္တဝါဒအရ နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုသည် အကြောင်းအကျိုးသဘော ဖြစ်သော်လည်း တကယ်တမ်း အကြောင်းအကျိုးသဘော မရှိပါ။ အကြောင်းက အကြောင်းသတ်သတ်ဖြစ်၍ အကျိုးက အကျိုးသတ်သတ် ဖြစ်ပါသည်။ ထို နှစ်ပါးတွင် အကြောင်းသာ အရှိတရားဖြစ်၍ အကျိုးသည် မရှိတရား ဖြစ်ပါသည်။ ထို့ကြောင့် ဝိဝတ္တဝါဒသည် မရှိသလောက် ကြည့်လျှင် အကျိုးတရားကိုပယ်သည့် နတ္ထိကဒိဋ္ဌိဖြစ်၍ အစွန်းရောက်ဝါဒ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမြင့်သဘောမှကြည့်လျှင် အကြောင်းကိုပယ်သည့် အကြိယဒိဋ္ဌိဖြစ်၍ အစွန်း ရောက်ပါသည်။

ပရိဏာမဝါဒအရ နိဗ္ဗာန်နှင့် လောကသည် အကြောင်းအကျိုးသဘော ဖြစ်သော် တကယ်တမ်း အကြောင်းအကျိုး မဟုတ်ပါ။ အကြောင်းနှင့်အကျိုးသည် တစ်ခုတည်း ဖြစ်နေသဖြင့် အကြောင်းအကျိုးဟူ၍ မဆိုနိုင်ဘဲ တစ်ခုတည်းဟူ၍ သာ ဆိုနိုင်ပါသည်။ ထို့ကြောင့် ပရိဏာမဝါဒသည် အကြောင်းနှင့်အကျိုးကို ပယ်သော အဟေတုက ဒိဋ္ဌိဖြစ်၍ အစွန်းရောက်ပါသည်။

နိဗ္ဗာန်နှင့် လောကတွင် သူ့အတိုင်းအတာနှင့်သူ နိဗ္ဗာန်သည်လည်း အရှိတရား ဖြစ်ပါသည်။ လောကသည်လည်း အရှိတရား ဖြစ်ပါသည်။ သို့ရာတွင် နိဗ္ဗာန်၌လည်း လောကသဘော မရှိပါ။ လောက၌လည်း နိဗ္ဗာန်သဘော မရှိပါ။ ထို့ကြောင့် အကြောင်းအကျိုးသဘော ရှိ၏ဟူ၍လည်း မုချအားဖြင့် မဆိုသာပါ။ အချင်းချင်း တစ်ခုနှင့်တစ်ခု ဆက်သွယ်မှု ရှိနေသဖြင့် အကြောင်းအကျိုးသဘော မရှိဟူ၍လည်း မုချအားဖြင့် မဆိုသာပါ။ ထို့ကြောင့် နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုသည် အကြောင်းအကျိုးသဘော ရှိ၏ ဟူ၍လည်းကောင်း အကြောင်းအကျိုးသဘော မရှိ ဟူ၍လည်းကောင်း မဆိုသာသော ဆက်သွယ်မှုမျိုး ဖြစ်ပါသည်။ အနိဗ္ဗစနီယဝါဒက ဤအတိုင်း မြင်ပါသည်။ ဤနေရာ၌ အနိဗ္ဗ စနီယ၏ အနက်အဓိပ္ပာယ်မှာ 'ဘာရယ်လို့ အတိအကျ မဆိုနိုင်သော' ဟူ၍ ဖြစ်ပါသည်။ ဗြာဟ္မဏတို့၏ဝါဒ သုံးဝါဒအနက် အနိဗ္ဗစနီယဝါဒသည် သင့်လျော် လျောက်ပတ်သော အစွန်းလွတ်ဝါဒ ဖြစ်သည်ဟု အိန္ဒိယဒဿနပညာရှင်တို့က သဘောတူကြပါသည်။ သို့ဖြစ်၍ အနိဗ္ဗစနီယဝါဒသည် အိန္ဒိယဒဿနပညာရှင် တို့၏ အမြင်အရ အလယ်အလတ် သဘောကို ဆောင်သည့် ဝါဒတစ်မျိုး ဖြစ်ပါသည်။

## (၃) အဇာတဝါဒ

ဤဝါဒသည်လည်း ဗြာဟ္မဏဝါဒ ဖြစ်ပါသည်။ အဇာတဝါဒ၏ အနက်အဓိပ္ပာယ် မှာ အမှန်အားဖြင့် မည်သည့်အရာဝတ္ထုမျှ အသစ်အသစ် ဖြစ်ပေါ်လာခြင်း မရှိ ဟူသောဝါဒ ဖြစ်ပါသည်။ ဤဝါဒသည် ဝိဝတ္တဝါဒနှင့် တူပါသည်။ ဝိဝတ္တ ဝါဒ၌ ဖော်ပြခဲ့သည့်အတိုင်း ကြိုးနှင့်မြွေဥပမာ တူပါသည်။ အလင်းရောင် မပြည့် သားမှုကြောင့် ကြိုးကို မြွေထင်ရာ၌ ကြိုးသည် မြွေဖြစ်သွားခြင်း မရှိပါ။ အထင် အားဖြင့်သာ ကြိုးက မြွေဖြစ်သွားခြင်း ဖြစ်ပါသည်။ ဤသို့ ထင်ခြင်းသည်လည်း အဝိဇ္ဇာကြောင့် ဖြစ်ပါသည်။ နိဗ္ဗာန်နှင့် လောကတွင်လည်း နိဗ္ဗာန်သည် ကြိုးနှင့် တူပါသည်။ လောကသည် မြွေနှင့် တူပါသည်။ အမှန်အားဖြင့် ကြိုးနှင့် မြွေကဲ့သို့ပင် နိဗ္ဗာန်သည်သာ ရှိပါသည်။ လောကသည် မရှိပါ။ ထိုသို့ မရှိသော်လည်း အဝိဇ္ဇာ ဖုံးလွှမ်းမှုကြောင့် နိဗ္ဗာန်ကိုပင် လောက ထင်နေခြင်း ဖြစ်ပါသည်။ ကြိုးက မြွေဖြစ်သွားသကဲ့သို့ နိဗ္ဗာန်က လောက ဖြစ်သွားသည်ဟု ထင်မှတ်နေခြင်း ဖြစ်ပါသည်။

အဇာတဝါဒအရ မည်သည့်အရာဝတ္ထုမျှ အသစ်အသစ် ဖြစ်ပေါ်ခြင်း မရှိဘဲ အဝိဇ္ဇာကြောင့်သာလျှင် အသစ်အသစ် ဖြစ်ပေါ်နေသည်ဟု ထင်ခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် အကြောင်းသဘောလည်း မရှိပါ။ အကျိုးသဘော လည်း မရှိပါ။ အကြောင်းနှင့်အကျိုးဟူ၍ နှစ်မျိုးမရှိဘဲ တစ်မျိုးတည်းသာ ရှိပါ သည်။ တစ်မျိုးတည်းရှိသည့်အတွက် ယင်းတစ်မျိုးတည်းကို အကြောင်းဟူ၍လည်း မဆိုနိုင်ပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ။ ယင်းတစ်မျိုးတည်းသည်ပင် အကြောင်းရှုထောင့်မှ ကြည့်လျှင် အကြောင်း ဖြစ်ပါသည်။ အကျိုးရှုထောင့်မှ ကြည့်လျှင် အကျိုး ဖြစ်ပါသည်။ အမှန်အားဖြင့်မူ အကြောင်းလည်း မဟုတ်၊ အကျိုးလည်း မဟုတ်။ အကြောင်းအကျိုးဟူသည်မှာ တစ်ခုမှ တစ်ခုကို စောက်ချ၍ သိအပ်သည့် နှိုင်းချက်ရှိ သမ္မုတိသစ္စာဆိုင်ရာ ဝေါဟာရမျှသာ ဖြစ်ပါသည်။ နှိုင်းချက်မဲ့ ပရမတ္ထသစ္စာဆိုင်ရာ ဝေါဟာရဖြင့်ဆိုရလျှင် အကြောင်းလည်း မဟုတ်၊ အကျိုးလည်း မဟုတ်။ အားလုံး တစ်ခုတည်း။ ယင်း တစ်ခုတည်းသည်ပင် နိဗ္ဗာန်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ရုပ်ရှင် ကြည့်ဖူးပါသည်။ ရုပ်ရှင်ထဲမှ အရုပ်များသည် အပြတ်များ ဖြစ်ပါသည်။ အပိုင်းများ ဖြစ်ပါသည်။ တစ်ခုစီ တစ်ခုစီ ဖြစ်ပါသည်။ သီးခြားစီ ဖြစ်ပါသည်။ သို့ရာတွင် ယင်းအပိုင်းများကို မြန်မြန်လှည့်လိုက်သော အခါ တစ်ခုမှ တစ်ခုသို့ ပြောင်းလဲသွားပြီး တစ်ခုတည်းကဲ့သို့ မြင်ရပါသည်။ ယင်းကဲ့သို့ မြင်ရခြင်းမှာ အချိန် (ကာလ)၊ တည်ရာ (ဒေသ)၊ အရာဝတ္ထုသဘော (ဥပဓိ)၊ အနေအထား (ပယောဂ) တို့နှင့် ယှဉ်သောကြောင့် ဖြစ်ပါသည်။ လျှပ်စစ် ဆိုင်းဘုတ်များလည်း အလားတူပင် ဖြစ်ပါသည်။ မီးလုံးတစ်လုံးစီ တစ်လုံးခြင်း လင်းခြင်းဖြစ်ပါလျက် လျှပ်စစ်စီးကြောင်း၏ မြန်ဆန်မှုကြောင့် လျှပ်စစ်မီးလုံး တစ်လုံးတည်းက ပြေးသွားနေသကဲ့သို့ ထင်မှတ်နေရခြင်း ဖြစ်ပါသည်။ အမှန် အားဖြင့် မလှုပ်မယှက် ငြိမ်သက်နေလျှင် အားလုံး တစ်ခုတည်းသာ ဖြစ်ပါသည်။ လှုပ်ရှားပြေးလွှားနေလျှင် ယင်းတစ်ခုတည်းပင် အများ ဖြစ်သွားပါသည်။ အများ ကို တစ်ခုတည်းအဖြစ် မြင်ခြင်းနှင့် တစ်ခုတည်းကို အများအဖြစ် မြင်ခြင်းသည် အထင်မှားခြင်းသက်သက်သာ ဖြစ်၏။ အမှန် မဟုတ်။ ဘာမျှ အသစ်အသစ်

www.burmeseclassic.com



ဖြစ်ပေါ်လာခြင်းမရှိ ဟူ၍ မြင်ခြင်းသည်သာ အမြင်မှန် ဖြစ်ပါသည်။ ဂေါဍပါဒဆရာ၏ ဝေါဟာရကို ယူ၍ဆိုရလျှင် ယင်းကဲ့သို့ ဖြစ်နေခြင်းကို 'အလာတစက္က' ဟု ခေါ်ပါသည်။ အလာတဟူသည် မီးတိုင် ဖြစ်ပါသည်။ စက္ကဟူသည် အဝိုင်း ဖြစ်ပါသည်။ တစ်ခုတည်းသော မီးတိုင်ကို မြန်မြန်လှည့်လိုက်သောအခါ မီးဝိုင်း မီးစကြာကဲ့သို့ ထင်ရပါသည်။ အဇာတဝါဒက နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုကို ဤသဘောအတိုင်း မြင်ပါသည်။

## စိတ္တဝိလာသဝါဒ

ဤဝါဒသည်လည်း ဗြာဟ္မဏဝါဒပင် ဖြစ်ပါသည်။ ဤနေရာ၌ စိတ္တဝိလာသဝါဒဆိုသည်မှာ စိတ်၏ဖန်ဆင်းမှု၊ စိတ်၏ကွန့်မြူးမှု ဖြစ်ပါသည်။ လက်တွေ့အားဖြင့်လည်း လောကတွင် အမျိုးမျိုးကို တွေ့ရသည်။ အများကိုလည်း တွေ့ရသည်။ 'အမျိုးမျိုး' အရ အမျိုးအစား များပြားခြင်းကို ဆိုလိုပါသည်။ 'အများ' အရ အရေအတွက် များပြားခြင်းကို ဆိုလိုပါသည်။ အမျိုးအစား များပြားခြင်းနှင့် အရေအတွက် များပြားခြင်းသည် အမှန်တကယ် များပြားခြင်း ဖြစ်ပါသည်။ အထင် များပြားခြင်း မဟုတ်။ ဗဟိဒ္ဓလောက၌ များပြားခြင်း ဖြစ်ပါသည်။ အဇ္ဈတ္တလောက၌သာ များပြားခြင်း မဟုတ်။ ထိုသို့ များပြားခြင်းသည်လည်း ပရမ်းပတာများပြားခြင်း မဟုတ်။ သူ့နေရာနှင့်သူ စနစ်တကျ ဖွဲ့စည်းပြီး များပြားခြင်း ဖြစ်သည်။ စနစ်ကျခြင်းသည် စိတ်၏ရသ ဖြစ်သည်။ ရုပ်၏ရသ မဟုတ်။

စနစ်ကျအောင် ဖွဲ့စည်းရာ၌ စိတ်သည် ရုပ်ကို အသုံးပြုသည်။ သို့ဖြစ်၍ ရုပ်သည်လည်း စိတ်၏အကာ၊ အခွံဖြစ်သည်။ လေယာဉ်ပျံ ပုံစံထုတ်ရာ၌ ရှေးဦးစွာ စိတ်ထဲ၌ ပုံစံကို တည်ဆောက်သည်။ စိတ်ထဲ၌ တည်ဆောက်ပြီးနောက် အပြင်သို့ ထုတ်လိုက်သည်။ ထိုအခါ စိတ်ကူးလေယာဉ်ပျံသည် တကယ်လေယာဉ်ပျံ ဖြစ်လာသည်။ စိတ်ကူးလေယာဉ်ပျံဖြစ်စေ၊ တကယ်လေယာဉ်ပျံဖြစ်စေ စိတ်ကို အကြောင်းခံ၍ ဖြစ်သည်ချည်း ဖြစ်သည်။ စိတ်ကူးလေယာဉ်ပျံတွင် စိတ်က ဓမ္မာရုံကို အသုံးပြု၍ တကယ်လေယာဉ်ပျံတွင် စိတ်က ရုပ်ကို အသုံးပြုသည်။ စိတ်ကူးလေယာဉ်ပျံတွင် ဓမ္မာရုံသည် စိတ်၏ အကာအခွံဖြစ်သည်။ တကယ်လေယာဉ်ပျံတွင် ရုပ်သည် စိတ်၏ အကာအခွံဖြစ်သည်။ ထိုမျှသာ ခြားနားသည်။ အကြောင်းတရားချင်းကား အတူတူပင် ဖြစ်သည်။ အကြောင်းတရားသည် စိတ်ဖြစ်သည်။

ပြင်ပရုပ်လောကသည် သဘာဝလောကနှင့် ယဉ်ကျေးမှုလောကဟူ၍ နှစ်မျိုးဖြစ်သည်။ ထို နှစ်မျိုးတွင် သဘာဝလောကသည် လူတို့၏ အသိပညာ





နှင့် အတတ်ပညာတို့ဖြင့် ပြုပြင်ဖန်တီးထားခြင်း မရှိသော ပြင်ပလောက ဖြစ်သည်။ ယဉ်ကျေးမှုလောကသည် လူတို့၏ အသိပညာနှင့် အတတ်ပညာတို့ဖြင့် ပြုပြင်ဖန်တီးထားသည့် ပြင်ပလောက ဖြစ်သည်။ ယဉ်ကျေးမှုလောကသည် ရုပ်ပိုင်းလောက၊ ဝေဒနာပိုင်းလောက၊ သညာပိုင်းလောက၊ သင်္ခါရပိုင်းလောက၊ ဝိညာဏ်ပိုင်းလောကဟူ၍ ခန္ဓာငါးပါးအရ ငါးမျိုးရှိသည်။ သဘာဝလောကဖြစ်စေ၊ ယဉ်ကျေးမှုလောကဖြစ်စေ လောက နှစ်မျိုးလုံးသည် စနစ်တကျ ဖွဲ့စည်းထားသည့်သဘော ရှိသဖြင့် စိတ်ကို အကြောင်းခံ၍ဖြစ်သော စိတ်၏ဖန်ဆင်းမှု၊ စိတ်၏ ကွန့်မြူးမှုများ ဖြစ်သည်။ ယဉ်ကျေးမှုလောကသည် လူသား၏ စိတ်ဖန်ဆင်းမှု၊ လူသား၏ စိတ်ကွန့်မြူးမှု ဖြစ်သည်ဆိုလျှင် သဘာဝလောကသည် ထာဝရဘုရားသခင်၏ စိတ်ဖန်ဆင်းမှု၊ စိတ်ကွန့်မြူးမှု ဖြစ်သည်ဟု ဆိုအပ်ပါသည်။ ဤနေရာ၌ စိတ်ဆိုသည်မှာ အပြည့်အစုံဆုံးသော စိတ်ကို ဆိုလိုပါသည်။ ထို့ကြောင့် ဥက္ကဋ္ဌ (အထွတ်အထိပ်) နည်းအရ နိဗ္ဗာန်ကို စိတ်ဟု ဆိုပါသည်။ နိဗ္ဗာန်သည် အကြောင်းတရားဖြစ်၍ လောကသည် အကျိုးတရား ဖြစ်ပါသည်။ လောကသည် နိဗ္ဗာန်မှ ထွက်ပေါ်လာပြီး နိဗ္ဗာန်၌ ပြန်လည်ငုပ်လျှိုးပါသည်။ ဤသို့ ထွက်ပေါ်ခြင်း၊ ငုပ်လျှိုးခြင်းသည် အထင်မဟုတ်၊ တကယ်ပင် ဖြစ်ပါသည်။ စိတ္တဝိလာသဝါဒက နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုကို ဤသဘောအတိုင်း မြင်ပါသည်။

## မာယာဝါဒ

မာယာဝါဒ ဆိုသည်မှာလည်း ဗြာဟ္မဏဝါဒပင် ဖြစ်သည်။ ဤနေရာ၌ မာယာဆိုသည်မှာ စိတ်၏စွမ်းအင်သတ္တိ ဖြစ်သည်။ မာယာဝါဒသည် အဇာတဝါဒနှင့် စိတ္တဝိလာသဝါဒတို့၏ ပေါင်းကူးတံတား ဖြစ်သည်။ မာယာဝါဒသည် အလယ်အလတ်သဘောကို ဆောင်သည်ဟူ၍ အိန္ဒိယဒဿနပညာရှင်တို့က ဆိုကြသည်။ အဇာတဝါဒအရ နိဗ္ဗာန်မှတစ်ပါး တခြား ဘာမျှမရှိ။ ဘာမျှမဖြစ်။ ထို့ကြောင့် လောကဟူသည် တကယ်မရှိ၊ တကယ်မဖြစ်၊ အထင်ရှိ၊ အထင်ဖြစ်သာတည်း။ အမှန်အားဖြင့် လောကနှင့် နိဗ္ဗာန်သည် အရမပြား တစ်သားတည်းဟူ၍ ဆိုအပ်ပါသည်။ သို့ဖြစ်၍ ဤအဇာတဝါဒသည် အစွန်းရောက်ဝါဒ ဖြစ်ပါသည်။ စိတ္တဝိလာသဝါဒအရ လောကနှင့် နိဗ္ဗာန်သည် အကျိုးအကြောင်းသဘောအားဖြင့် သီးခြားစီ ဖြစ်၏။ တစ်ခုတည်း မဟုတ်။ နို့နှင့် နို့ခမ်းကဲ့သို့ တစ်ခုနှင့်တစ်ခု ခြားနားပါသည်။ နို့လည်း တကယ်ရှိသည်။ နို့ခမ်းလည်း တကယ်ရှိသည်။ အထင်ရှိ မဟုတ်။ ထို့အပြင် နို့နှင့် နို့ခမ်းသည် ကြိုးနှင့်မြွေ၊ ရွှေနှင့်လက်ကောက်တို့ကဲ့သို့ တစ်သားတည်း မဟုတ်။ သီးခြားစီ သီးခြားစီ ဖြစ်၏။ အများမှုဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အများဖြစ်၏။ စိတ္တဝိလာသဝါဒက လောကနှင့် နိဗ္ဗာန်ကို တန်းတူရည်တူ အင်္ဂါတရား နှစ်ပါးအဖြစ် မြင်ပါသည်။ ထို့ကြောင့် ဤဝါဒသည်လည်း အစွန်းရောက်ဝါဒ ဖြစ်ပါသည်။

မာယာဝါဒကမူ ထိုသို့မမြင်၊ လောကဥပမာအားဖြင့်ဆိုရလျှင် လူနှင့် သစ်ပင်ကို ဆိုရမည် ဖြစ်ပါသည်။ လူတွင် မျက်စိလည်းရှိ၏။ ဆံပင်လည်းရှိ၏။ ၃၂ ကောဋ္ဌာသ အားလုံးရှိ၏။ သစ်ပင်တွင်လည်း အသီးရှိ၏။ အပွင့်ရှိ၏။ အကိုင်း၊ အခက်၊ ပင်စည် အားလုံးရှိ၏။ သို့ရာတွင် မျက်စိ၊ ဆံပင် စသော ကောဋ္ဌာသသည် လူကို အကြောင်းပြု၍ ရှိခြင်းဖြစ်၏။ မျက်စိကို မျက်စိသတ်သတ် ဆံပင်ကို ဆံပင်သတ်သတ် စသည်ဖြင့် လူမှ ဖယ်ထုတ်လိုက်လျှင် ယင်း မျက်စိ ဆံပင် စသော ကောဋ္ဌာသတို့သည် ဘာမျှ တန်ဖိုးမရှိဘဲ ရွံရှာစက်ဆုပ်ဖွယ်ရာ အတိသာ ဖြစ်ပါသည်။ထို့ကြောင့် မျက်စိ၊ ဆံပင် စသော ကောဋ္ဌာသတို့အနေဖြင့် သီးခြားစီ သီးခြားစီ တန်ဖိုးရှိစေရန် သူ့နေရာနှင့်သူ စနစ်တကျ ဖွဲ့စည်းထားဖို့လည်း လိုအပ်၏။ လူနှင့် မကွဲမကွာ ရှိနေဖို့လည်း လိုအပ်၏။ ထိုနည်းအတူ အသီး၊ အပွင့်၊ အကိုင်း၊ အခက်၊ ပင်စည် အားလုံးတို့ အနေဖြင့်လည်း သီးခြားစီ သီးခြားစီ တန်ဖိုးရှိစေရန် သူ့နေရာနှင့်သူ စနစ်တကျ ဖွဲ့စည်းထားဖို့လည်း လိုအပ်၏။ သစ်ပင်နှင့် မကွဲမကွာရှိဖို့လည်း လိုအပ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် လူမရှိဘဲ မျက်စိ၊ ဆံပင် စသော ကောဋ္ဌာသများ မရှိနိုင်၊ မျက်စိ၊ ဆံပင် စသော ကောဋ္ဌာသများ မရှိဘဲ လူ ရှိနိုင်၏။ ထိုနည်းအတူ သစ်ပင်မရှိဘဲ အသီး၊ အပွင့်၊ အကိုင်း၊ အခက်၊ ပင်စည်တို့ မရှိနိုင်။ အသီး၊ အပွင့်၊ အကိုင်း၊ အခက်၊ ပင်စည်တို့ မရှိဘဲ သစ်ပင် ရှိနိုင်၏။ လူဟူ၍ ရှိလာပါက ယင်းလူတွင် မျက်စိ၊ ဆံပင် စသော ကောဋ္ဌာသများသည် မထင်ရှားသော သတ္တိအသွင်ဖြင့် ဖြစ်စေ၊ ထင်ရှားသော ဗျတ္တိအသွင်ဖြင့် ဖြစ်စေ ရှိမြဲသာတည်း။ ထိုနည်းအတူ သစ်ပင်ဟူ၍ ရှိလာပါက ယင်းသစ်ပင်တွင် အသီး၊ အပွင့်၊ အကိုင်း၊ အခက်၊ ပင်စည်တို့သည် မထင်ရှားသော သတ္တိအသွင်ဖြင့် ဖြစ်စေ၊ ထင်ရှားသော ဗျတ္တိအသွင်ဖြင့် ဖြစ်စေ ရှိမြဲသာတည်း။

ဤနည်းအားဖြင့် မာယာဝါဒသည် အဒွဲတဝါဒကိုလည်း အဒွဲတဝါဒအလျောက် 'တစ်ခု' တည်းအနေဖြင့် တန်ဖိုးရှိသည့်သဘောကို မြင်ပါသည်။ စိတ္တဝိလာသဝါဒကိုလည်း စိတ္တဝိလာသဝါဒအလျောက် 'အများနှင့် အမျိုးမျိုး' အနေဖြင့် တန်ဖိုးရှိသည့်သဘောကို မြင်ပါသည်။ 'တစ်ခု' တည်းသည်လည်း 'တစ်ခု' တည်းအလျောက် တကယ်ရှိပါသည်။ တန်ဖိုးရှိပါသည်။ 'အများ' သည်လည်း အများအလျောက် တကယ်ရှိပါသည်။ တန်ဖိုးရှိပါသည်။ 'အမျိုးမျိုး'





သည်လည်း 'အမျိုးမျိုး' အလျောက် တကယ်ရှိပါသည်။ တန်ဖိုးရှိပါသည်။ သို့ရာတွင် ယင်းတို့၏ တကယ်ရှိခြင်း၊ တန်ဖိုးရှိခြင်းသည် တန်းတူရည်တူ တကယ်ရှိခြင်း၊ တန်းတူရည်တူ တန်ဖိုးရှိခြင်းကား မဟုတ်။ သူ့အတိုင်းအတာနှင့်သူ တကယ်ရှိခြင်း၊ သူ့အတိုင်းအတာနှင့်သူ တန်ဖိုးရှိခြင်း ဖြစ်ပါ၏။ ဤသို့လျှင် မာယာဝါဒသည် နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုကို ဤသဘောအတိုင်း မြင်ပါသည်။ ဤနေရာ၌ နိဗ္ဗာန်သည် လူနှင့်လည်းကောင်း၊ သစ်ပင်နှင့်လည်း ကောင်း တူပါသည်။ လောကသည် မျက်စိ၊ ဆံပင် စသည်တို့နှင့်လည်းကောင်း၊ အသီး၊ အပွင့်၊ အကိုင်း၊ အခက် စသည်တို့နှင့်လည်းကောင်း တူပါသည်။ သို့ဖြစ်၍ အိန္ဒိယဒဿန စာပေသမိုင်း၌ အဒွဲတဝါဒ၊ စိတ္တဝိလာသဝါဒနှင့် မာယာဝါဒ တည်းဟူသော ဝါဒ သုံးရပ်တို့တွင် မာယာဝါဒသည်သာ သင့်လျော်လျောက်ပတ်သော အစွန်းလွတ်ဝါဒ ဖြစ်သည်ဟု ဆိုကြခြင်း ဖြစ်ပါသည်။

## (၄) သဿတဝါဒ

သဿတဝါဒသည် မိစ္ဆာဒိဋ္ဌိဝါဒ ဖြစ်ပါသည်။ ဤဝါဒအရ သတ္တဝါသည် မြဲပါသည်။ တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းသွားသော်လည်း ရုပ်နာမ်ခန္ဓာ အနေဖြင့်သာ ပျက်စီးပြီး သတ္တဝါအနေဖြင့် ပျက်စီးခြင်း မရှိပါ။ မြဲပါသည်။ ထို့အတူ လောကသည်လည်း မြဲပါသည်။ လောကသည် မည်သည့်အခါမျှ ပျက်စီးခြင်း မရှိပါ။ မြဲပါသည်။ ဤသို့ ယူပါသည်။ လောကသည် အစမထင်၊ အဆုံးလည်း မထင်ပါ။ ထာဝစဉ် ဤသဘောအတိုင်းသာ ဖြစ်နေမည် ဖြစ်ပါသည်။ သို့ရာတွင် မြဲခြင်းနှင့် ပတ်သက်၍ နှစ်မျိုးရှိပါသည်။ မည်သို့မျှ ပြောင်းလဲခြင်းမရှိသော မြဲခြင်း (ကူဋဋ္ဌာယီ) နှင့် အခွံအကာ (ရုပ်၊ နာမ်) တို့သာ ပြောင်းလဲခြင်း ရှိသော်လည်း အနှစ်သာရ (အတ္တ) အနေဖြင့် ပြောင်းလဲခြင်းမရှိသော မြဲခြင်း (ပရိဏာမီ) တို့ ဖြစ်ပါသည်။ နောက်ပိုင်း၌ သတ္တဝါနှင့် လောကကိုသာမက အရာဝတ္ထုနှင့် ခမ္ဘတို့၏ မြဲခြင်းကိုလည်း ခံယူလာကြပါသည်။ အရာဝတ္ထုနှင့် ခမ္ဘတို့တွင် ဖြစ်၊ တည်၊ ပျက် အသွင်ရှိသောအပိုင်း (ပရိဏာမီ) နှင့် ဖြစ်၊ တည်၊ ပျက် အသွင် မရှိသောအပိုင်း (ကူဋဋ္ဌာယီ) ဟူ၍ နှစ်ပိုင်းခွဲခြားပြီး ဖြစ်၊ တည်၊ ပျက် အသွင် ရှိသောအပိုင်း (ပရိဏာမီ) ကို မိစ္ဆာဟူ၍လည်းကောင်း၊ ဖြစ်၊ တည်၊ ပျက် အသွင်မရှိသော အပိုင်း (ကူဋဋ္ဌာယီ) ကို သစ္စာဟူ၍လည်းကောင်း သတ်မှတ် လာကြပါသည်။

ဗုဒ္ဓဘာသာအယူဝါဒ၌ ပရမတ္ထတရားမှန်ပါက နိဗ္ဗာန်မှတစ်ပါး အခြား သော ဖြစ်၊ တည်၊ ပျက်သဘော မရှိသော အပိုင်းဟူ၍ လုံးဝ မရှိကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သဿတဝါဒကို မိစ္ဆာဒိဋ္ဌိဝါဒအဖြစ် သတ်မှတ်ကြပါသည်။ သဿတဝါဒသည် သတ္တဝါကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အရာဝတ္ထုကိုလည်းကောင်း၊ ဓမ္မကိုလည်းကောင်း မြဲသည့်အနေဖြင့် မြင်ပါသည်။ ထို့ကြောင့် သဿတဝါဒကို အစွန်းရောက်ဝါဒအဖြစ် အိန္ဒိယဒဿနပညာရှင်များက သတ်မှတ်ကြခြင်း ဖြစ်ပါသည်။

## ဥစ္ဆေဒဝါဒ

ဥစ္ဆေဒဝါဒသည် သဿတဝါဒ၏ ပြောင်းပြန် ဖြစ်ပါသည်။ ဥစ္ဆေဒဝါဒအရ သတ္တဝါသည်လည်းကောင်း၊ လောကသည်လည်းကောင်း၊ အရာဝတ္ထုသည်လည်းကောင်း၊ ဓမ္မသည်လည်းကောင်း လုံးဝမြဲခြင်းမရှိဘဲ ပြတ်စဲပျက်စီးသည့်သဘော ရှိပါသည်။ ထို့ကြောင့် ဥစ္ဆေဒဝါဒီတို့သည် တမလွန်ကို လုံးဝယုံကြည်ခြင်းမရှိဘဲ မျက်မှောက်ကောင်းစားရေး တစ်ခုတည်းကိုသာ ယုံကြည်ကြပါသည်။ သို့ဖြစ်၍ ဥစ္ဆေဒဝါဒီတို့က ဤသို့ ကြွေးကြော်ကြခြင်း ဖြစ်ပါသည်။

ယာဝဇ္ဇီဝေတ် သုခံ ဇီဝေဒ်၊ ဏဏံ ကတွာ ဃဋံ ပိဝေတ်။
ဘသ္မီဘူတဿ ဒေဟဿ၊ ပုနရာဂမနံ ကုတး။ (ပဗန္ဓ-၁၅၊ ၁၅၇)

အယံ သံသာရော ဝေ အာတွန့ ကြီဠာသ္ထလံ၊ နာသ္တိ ပရလောကး၊ ဏဒံ သရီရမေဝ အာတ္မာ၊ မရဏမေဝ မုက္တိး။ ယာဝဒသ္မိန် ဒေဟေ သန္တိ ပြာဏား၊ တာဝတ် သုခလာဘာယ ပြယတ္နး ကာယီး။ န ဓမီး ပုရုသာထီး၊ မာနဝဇီဝနေ ကာမး ဧဝ ပုရုသာထီး။ (ပဗန္ဓ-၁၅၊ ၁၅၀)

ယာဝဇ္ဇီဝေတ်၊ အသက်ရှင်သမျှ ကာလပတ်လုံး။ သုခံ၊ ချမ်းသာစွာ။ ဇီဝေဒ်၊ အသက်ကို မွေးမြူရာ၏။ ဏဏံ၊ ကြွေးကို။ ကတွာ၊ ပြု၍။ ဃဋံ၊ ထောပတ်ကို။ ပိဝေတ်၊ သောက်ရာ၏။ ဘသ္မီဘူတဿ၊ ပြာဖြစ်သွားလေသော။ ဒေဟဿ၊ ခန္ဓာကိုယ်၏။ ပုနရာဂမနံ၊ တစ်ဖန် ပြန်လာခြင်းသည်။ ကုတး၊ အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။

အယံ သံသာရော၊ ဤပစ္စုပ္ပန်လောကသည်။ အာတွန့၊ အတ္တ၏။ ကြီဠာသ္ထလံ၊ ကစားကွင်းတည်း။ ပရလောကး၊ တမလွန်သည်။ နာသ္တိ၊ မရှိ။ ဏဒံ သရီရမေဝ၊ ဤလက်ရှိ ခန္ဓာကိုယ်သည်သာလျှင်။ အာတ္မာ၊ အတ္တတည်း။ မရဏမေဝ၊ သေခြင်းသည်သာလျှင်။ မုက္တိး၊ လွတ်မြောက်မှုတည်း။ အသ္မိန် ဒေဟော၊ ဤခန္ဓာကိုယ်၌။ ပြာဏား၊ ထွက်သက်ဝင်သက်တို့သည်။ ယာဝတ်၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သန္တိ၊





ရှိကြကုန်၏။ တာဝတ်၊ ထိုမျှလောက်သော ကာလပတ်လုံး။ သုခလာဘာယ၊ ချမ်းသာသုခကို ရခြင်းငှာ။ ပြယတ္နး၊ အားထုတ်ခြင်းကို။ ကာယီး၊ ပြုအပ်၏။ ဓမီး၊ တရားဓမ္မသည်။ န ပုရုသာထီး၊ လူသားတို့၏ ပန်းတိုင် မဟုတ်။ မာနဝဇီဝနေ၊ လူ့ဘဝ အသက်ရှင်စဉ် ကာလ၌။ ကာမး ဧဝ၊ ကာမသည်သာလျှင်။ ပုရုသာထီး၊ လူသားတို့၏ ပန်းတိုင်တည်း။

ဥစ္ဆေဒဝါဒသည် တစ်ဘဝ၊ တစ်ယောက် ပျော်ရွှင်ချမ်းမြေ့ရေးအတွက်သာ ရည်ရွယ်သည့်ဝါဒ ဖြစ်သဖြင့် ယင်းဝါဒကိုလည်း အစွန်းရောက်ဝါဒအဖြစ် သတ်မှတ်ကြပါသည်။

## ဝိဘဇ္ဇဝါဒ

ဝိဘဇ္ဇဝါဒသည် ဗုဒ္ဓဝါဒဖြစ်၏။ ဤနေရာ၌ ဝိဘဇ္ဇဝါဒ ဆိုသည်မှာ ကြောင်းကျိုးဆက်သွယ်မှုကို ခွဲခြား၍ယူသော ဝါဒဖြစ်၏။ အမှန်အားဖြင့် ဝိဘဇ္ဇဝါဒဟူသည် ပဋိစ္စသမုပ္ပာဒ်ပင် ဖြစ်ပါသည်။ လောကနှင့်တကွ လောကရှိ အရာဝတ္ထုမှန်သမျှသည် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ အကြောင်းနှင့်အကျိုး ဆက်သွယ်မှုကြောင့် ဖြစ်ပေါ်ကြ၏။ ထိုသို့ ဖြစ်ပေါ်ရာတွင် အကြောင်းနှင့် အကျိုးသည် သဘောအားဖြင့် သီးခြားစီ ဖြစ်၏။ သန္တာန်အားဖြင့်မူ တစ်ခုတည်း ဖြစ်၏။ ဤမည်သော အကျိုးတရားကို မိမိအလိုအတိုင်း ဖြစ်စေအံ့ဟူသော အစိုးရမှု ပုဂ္ဂလဗျာပါရသည် အကြောင်းတရား၌ မရှိ။ အကြောင်းတရားတို့၏ ပြည့်စုံညီညွတ်မှုကြောင့်သာ ဖြစ်ပေါ်ရသည်ဟူသော အစိုးမရမှု ဓမ္မဗျာပါရသာလျှင် အကြောင်းတရား၌ ရှိ၏။ တစ်နည်းအားဖြင့်ဆိုရလျှင် အကြောင်းအကျိုး ဆက်သွယ်မှု၌ ပုဂ္ဂိုလ်သဘော မပါ။ ပုဂ္ဂိုလ်သဘောဟူ၍ မရှိ၊ ဓမ္မသဘောသာ ပါ၏။ ဓမ္မသဘောဟူ၍သာ ရှိ၏။ ဓမ္မသဘောဆိုရာ၌လည်း အကြောင်းနှင့်အကျိုး လိုက်လျောညီထွေမရှိသည့် သဘောဓမ္မတာမျိုး မဟုတ်။ လိုက်လျောညီထွေရှိသည့် သဘောဓမ္မတာမျိုး ဖြစ်၏။

အကြောင်းအကျိုး ဆက်သွယ်မှု၌ အချင်းချင်း သန္တာန်တူမှုကို 'ဧကတ္တ' ဟု ခေါ်၏။ အချင်းချင်း သဘောလက္ခဏာ ခြားနားမှုကို 'နာနတ္တ' ဟု ခေါ်၏။ ပုဂ္ဂိုလ်၊ သတ္တဝါတို့၏ ဖန်ဆင်းမှုဟူ၍ မရှိဘဲ ဓမ္မတို့၏ သဘောအလျောက် ဖြစ်ပေါ်မှုသာ ရှိ၏။ ယင်းကို 'အဗျာပါရ' ဟု ခေါ်၏။ သဲမှ ဆီထွက်ခြင်းမျိုး မဟုတ်ဘဲ နှမ်းမှ ဆီထွက်ခြင်းမျိုးဖြင့် အကြောင်းနှင့်အကျိုးတို့ လိုက်လျောညီထွေရှိမှုကို 'ဧဝံဓမ္မတာ' ဟု ခေါ်၏။ ဝိဘဇ္ဇဝါဒသည် 'ဧကတ္တ၊ နာနတ္တ၊ အဗျာပါရ၊ ဧဝံ ဓမ္မတာ' ဟူသော ဤသတ်မှတ်ချက် အင်္ဂါလေးရပ်နှင့် ပြည့်စုံ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိဘဇ္ဇဝါဒကို သဘောမပေါက်ပါက လောကနှင့်တကွ လောကရှိ အရာဝတ္ထုတို့သည် 'သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ ရုပ်ရှင်ကော်ပြားရုပ်များကဲ့သို့ တစ်ခုနှင့်တစ်ခု အကြောင်းအကျိုး ဆက်သွယ်မှုမျိုး မရှိဘဲ သီးခြားစီ သီးခြားစီ ဖြစ်၏' ဟူ၍ ယူသော **အကြောင်းအကျိုးပယ်ဝါဒ** (အဟေတုကဒိဋ္ဌိ) ၌ သက်ဝင်ယုံကြည်တတ်ပါသည်။ အမှန်အားဖြင့် ရုပ်ရှင်ကော်ပြားရုပ်များသည် ဇာတ်ကြောင်းနာနတ္တ၊ အဗျာပါရနှင့် ဧဝံဓမ္မတာဟူသော အင်္ဂါလေးရပ်နှင့် ပြည့်စုံသဖြင့် အကြောင်း အကျိုး ဆက်သွယ်မှု ရှိပါသည်။ ဤလောက၌ စေတနာကောင်းထားပါလျက် ဖြစ်တင်မကောက်မခြင်းကို ခံရတတ်၏။ ကောက်ကျစ်လိမ်ညာ နေပါလျက် သူကောင်းပြုခြင်းကို ခံရတတ်၏။ ထို့ကြောင့် လောကရှိ ဖြစ်ဖြစ်သမျှ အရာဝတ္ထုတို့သည် သတ်မှတ်အကြောင်းတရားများ မရှိဘဲ ဖြစ်ချင်သလို ပရမ်းပတာ ဖြစ်နေကြခြင်းသာ ဖြစ်၏။ မင်းဖြစ်လို၍ ပုန်ကန်သောအခါ အမှန်တကယ်မင်းဖြစ်ပါက ပုန်ကန်ခြင်းသည် ကောင်း၏၊ မှန်၏။ အကယ်၍ မင်းမဖြစ်ပါက ပုန်ကန်ခြင်းသည် မကောင်း၊ မှား၏ ဟူ၍ လက်တွေ့အကျိုးတရားကို 'စံ' ထားပြီး ဆောင်ရွက်တတ်သည့် **အကြောင်းပယ်ဝါဒ** (အကိရိယဒိဋ္ဌိ) ၌ သက်ဝင်ယုံကြည်တတ်ပါသည်။ ထို့အပြင် လုပ်ငန်းတစ်ခုကို ဆောင်ရွက်နေစဉ် အကျိုးတရားကို လောလောဆယ် မတွေ့နိုင်သဖြင့် အစဉ်အလာ လုပ်ထုံးလုပ်နည်း (တရားသေ) များကိုသာ အလေးထားပြီး ဆောင်ရွက်တတ်သည့် **အကျိုးပယ်ဝါဒ** (နတ္ထိကဒိဋ္ဌိ) ၌ သက်ဝင် ယုံကြည်တတ်ပါသည်။

အကျဉ်းချုပ်၍ဆိုရလျှင် လမ်းစဉ်နှင့် ပန်းတိုင်ဟူ၍ နှစ်မျိုးရှိသည့်အနက် လမ်းစဉ်ကိုသာ အဓိကထားပြီး ပန်းတိုင်ကို အဓိကမထားသော ဝါဒကို အကျိုးပယ်ဝါဒ (နတ္ထိကဒိဋ္ဌိ) ဟု ခေါ်ပါသည်။ ပန်းတိုင်ကိုသာ အဓိကထားပြီး လမ်းစဉ်ကို အဓိကမထားသောဝါဒကို အကြောင်းပယ်ဝါဒ (အကိရိယဒိဋ္ဌိ) ဟု ခေါ်ပါသည်။ လမ်းစဉ်ကိုရော ပန်းတိုင်ကိုရော နှစ်မျိုးလုံးကိုပင် အဓိကမထားဘဲ သက်ဦးဆံပိုင်သဘောဖြင့် ပရမ်းပတာ ဆောင်ရွက်တတ်သော ဝါဒကို အကြောင်းအကျိုးပယ်ဝါဒ (အဟေတုကဒိဋ္ဌိ) ဟု ခေါ်ပါသည်။ ဝိဘဇ္ဇဝါဒကား အကြောင်းနှင့် အကျိုး နှစ်မျိုးလုံးကိုပင် ရှုထောင့်အလိုက် အဓိကထားသည့်ဝါဒ (သမ္မာဒိဋ္ဌိ) ဖြစ်ပါသည်။

အဆိုပါ မိစ္ဆာဒိဋ္ဌိဝါဒ သုံးရပ်နှင့် ပတ်သက်၍ အကြောင်းအကျိုး ရှုထောင့်မှ သုံးသပ်လျှင် ကြိုးနှင့်မြွေ၊ ရွှေနှင့်လက်ကောက်ကဲ့သို့ အမည်အားဖြင့်သာ နှစ်မျိုးဖြစ်ပြီး အမှန်အားဖြင့် တစ်မျိုးတည်းသာ ဖြစ်သည်ဟု ယူသောဝါဒသည် သဿတဝါဒ မည်ပါသည်။ သဿတဝါဒသည် အစွန်းတစ်ဖက်ရောက်ဝါဒ





ဖြစ်ပါသည်။ ရုပ်ရှင်ကော်ပြားရုပ်များကဲ့သို့ တစ်ခုနှင့်တစ်ခု ဘာမျှမဆိုင်၊ သီးခြားစီ သီးခြားစီ ဖြစ်၏ဟု ယူသောဝါဒသည် ဥစ္ဆေဒဝါဒ မည်ပါသည်။ ဥစ္ဆေဒဝါဒသည် အစွန်းတစ်ဖက်ရောက်ဝါဒ ဖြစ်ပါသည်။ ဝိဘဇ္ဇဝါဒကား 'တစ်မျိုးတည်း' နှင့် 'သီးခြားစီ' ကို သူ့ရှုထောင့်အလိုက် ရှုမြင်သုံးသပ်သော အစွန်းလွတ်ဝါဒ မည်ပါသည်။ ထို့ကြောင့် ဝိဘဇ္ဇဝါဒအတိုင်းသာ လိုက်နာကျင့်သုံးအပ်ပါသည်။

**(၅) အတ္တဝါဒ**

အတ္တဝါဒသည် ဗြာဟ္မဏဝါဒ ဖြစ်ပါသည်။ ဗြာဟ္မဏဝါဒအရ အတ္တသည် အရှိတရား (သတ်) လည်း ဖြစ်ပါသည်။ အသိတရား (စိတ်) လည်း ဖြစ်ပါသည်။ အလှတရား (အာနန္ဒ) လည်း ဖြစ်ပါသည်။ လက်တွေ့သဘောအရ လောကလည်း ရှိပါသည်။ သက်ရှိသက်မဲ့ အရာဝတ္ထုများလည်း ရှိပါသည်။ သို့ရာတွင် ယင်းတို့ 'ရှိ' နေကြခြင်းမှာ မိမိတို့၏ ပင်ကိုအရည်အသွေး မဟုတ်။ အတ္တ၏ အရည်အသွေးကို ခေတ္တငှားရမ်း၍ 'ရှိ' နေကြခြင်း ဖြစ်ပါသည်။ ယင်းတို့ 'သိ' နေကြခြင်းမှာ မိမိတို့၏ ပင်ကိုအရည်အသွေး မဟုတ်။ အတ္တ၏ အရည်အသွေးကို ခေတ္တငှားရမ်း၍ 'သိ' နေကြခြင်း ဖြစ်ပါသည်။ ယင်းတို့ 'လှ' နေကြခြင်းမှာ မိမိတို့၏ ပင်ကိုအရည်အသွေး မဟုတ်။ အတ္တ၏ 'အလှ' ကို ခေတ္တငှားရမ်း၍ 'လှ' နေကြခြင်း ဖြစ်ပါသည်။ ထိုသို့ လောကနှင့်တကွ လောကရှိ သက်ရှိသက်မဲ့ အရာဝတ္ထုများ 'ရှိ' နေခြင်း၊ 'သိ' နေခြင်းနှင့် 'လှ' နေခြင်းသည် အတ္တက ယင်းတို့အတွင်းသို့ ဝင်ရောက်လှုပ်ရှား၍ ယင်းတို့ကို ပျံ့နှံ့လျက် တည်ရှိနေသောကြောင့် ဖြစ်ပါသည်။

လောကနှင့်တကွ လောကရှိ သက်ရှိသက်မဲ့ အရာဝတ္ထုများသည် ဖြစ်ပျက်သဘောလည်း ရှိပါသည်။ သို့ရာတွင် ယင်းတို့၏ ဖြစ်ပျက်သဘောသည် မိမိတို့၏ ပင်ကိုအရည်အသွေး မဟုတ်။ အတ္တ၏ဆန္ဒအရ အတ္တ၏ 'အရှိ' ကို ပေါ်လွင်စေလိုသောကြောင့် နှိုင်းယှဉ်ပြခြင်းသာ ဖြစ်ပါသည်။ ထိုနည်းအတူ ယင်းတို့တွင် 'မသိ' တရားလည်း ရှိပါသည်။ သို့ရာတွင် ယင်းတို့၏ 'မသိ' တရားသည် မိမိတို့၏ ပင်ကိုအရည်အသွေး မဟုတ်။ အတ္တ၏ ဆန္ဒအရ အတ္တ၏ 'အသိ' ကို ပေါ်လွင်စေလိုသောကြောင့် နှိုင်းယှဉ်ပြခြင်းသာ ဖြစ်ပါသည်။ ယင်းတို့တွင် 'အကျည်းတန်' တရားလည်း ရှိပါသည်။ သို့ရာတွင် ယင်းတို့၏ 'အကျည်းတန်' တရားသည် မိမိတို့၏ ပင်ကိုအရည်အသွေး မဟုတ်။ အတ္တ၏ ဆန္ဒအရ အတ္တ၏အလှကို ပေါ်လွင်စေလိုသောကြောင့် နှိုင်းယှဉ်ပြခြင်းသာ ဖြစ်ပါသည်။

အတ္တနှင့် လောကသည် ခြားနားရိပ်ရှိသော်လည်း အနန္တတယ်တန်



www.burmeseclassic.com

www.burmeseclassic.com



ခြားနားပါ။ ထို့ကြောင့် ဤသဘောကိုရည်၍ ဒေါက်တာရာဓာခရစ်ရှနန်က သူ၏ ဘဂဝါဂီတ (၁၉) ၌ ဤသို့ ဖော်ပြခဲ့ပါသည်။

**မဒီယံ တဒီယံ ဣတိဘေဒံ အပဟာယ သဗ္ဗံ ဤသွရာစိန့် ဣတိ ဒွိတီး။**

မဒီယံ၊ ငါနှင့် ငါ၏ဥစ္စာ။ တဒီယံ၊ သင်နှင့် သင်၏ဥစ္စာ။ ဣတိဘေဒံ၊ ဤသို့ အထင်အားဖြင့် ခြားနားမှုကို။ အပဟာယ၊ မပယ်မှု၍။ သဗ္ဗံ၊ သက်ရှိသက်မဲ့ အားလုံးသည်။ ဤသွရာစိန့်၊ အမှန်အားဖြင့် ထာဝရဘုရားသခင်နှင့် စပ်သည်ချည်း ဖြစ်၏။ ဣတိ၊ ဤကား။ ဒွိတီး၊ ရပ်တည်ချက်တည်း။

ထို့အပြင် ကုလာဏဝတန္တြ၌လည်း ဤသို့ ဖော်ပြထားကြောင်းဖြင့် ဒေါက်တာရာဓာခရစ်ရှနန်က ဆိုပါသည်။ သူ၏အဆိုမှာ ဤသို့ ဖြစ်ပါသည်။

**အဒွိတ္တံ ကေစိ ဣစ္ဆန္တိ၊ ဒွိတ္တံ ဣစ္ဆန္တိ စာပရေ။**
**မမ တတ္တံ ဝိဇာနန္တော၊ ဒွိတ္တာဒွိတ္တဝိ ဝဇ္ဇိတံ။**

အဒွိတ္တံ၊ အတ္တနှင့် လောက နှစ်မျိုးမပြား တစ်သားတည်းဖြစ်ခြင်းကို။ ကေစိ၊ အချို့တို့က။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ အပရေစ၊ အခြားသူတို့ကမူ။ ဒွိတ္တံ၊ နှစ်မျိုးပြားခြင်းကို။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ မမ၊ ငါ၏။ တတ္တံ၊ အရှိတရားကို။ ဝိဇာနန္တော၊ အမှန်တကယ် သိကုန်သော ပညာရှိတို့သည်ကား။ ဒွိတ္တာဒွိတ္တဝိဝဇ္ဇိတံ၊ အတ္တနှင့် လောကသည် နှစ်မျိုးပြား၏ ဟူ၍လည်းကောင်း၊ နှစ်မျိုးမပြား တစ်သားတည်း ဟူ၍လည်းကောင်း ယူကြသော အယူ နှစ်မျိုးတို့မှ အလွတ်ဖြစ်သော အမှန်တရားကို။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။

အမြင့်ဆုံးအမှန်တရားသည် တစ်မျိုးတည်းရှိ၏။ သို့ရာတွင် ထိုအမှန်တရားကို လူတို့ဝေါဟာရဖြင့် ဖော်ပြရန် မတတ်ကောင်း။ လူတို့ဝေါဟာရဆိုသည်မှာလည်း ဆိုင်ရာဆိုင်ရာ အတွေ့အကြုံကို မှီငြမ်းမပြုဘဲ သူ့ချည်းသက်သက် ကျွန်ုပ်တို့အား ယုံကြည်မှုကို မပေးနိုင်။ ပရမတ္ထသစ္စာနယ်ပယ်၌ အမြင့်ဆုံးအမှန်တရားကို ကိုယ်တိုင်မျက်မှောက်ပြုခြင်း (သစ္ဆိကရဏ) သည်သာ မပျက်ပြယ်နိုင်သော ယုံကြည်မှုကို ပေးနိုင်ပါသည်။ ထို့ကြောင့် အမြင့်ဆုံးအမှန်တရားကို ကိုယ်တိုင်မျက်မှောက်ပြုပြီးသော ပညာရှိတို့သည် ထိုအမှန်တရားကို ဝစီကံဖြင့် ထုတ်ဖော်သက်သေပြခြင်း မပြုဘဲ ကိုယ်တိုင်ကျင့်သုံးပြခြင်း တည်းဟူသော





ကာယကံဖြင့်သာ ဆိတ်ဆိတ်နေ၍ သက်သေပြကြပါသည်။ ထိုအခါ ကိုယ်တိုင်ကျင့်သုံးပြခြင်းသည် ကာယကံလည်း မည်ပါသည်။ ဝစီကံလည်း မည်ပါသည်။ မနောကံလည်း မည်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အမြင့်ဆုံးအမှန်တရားကို ကိုယ်တိုင်ကျင့်သုံးပြခြင်းသည် ကံသုံးပါးတို့ တစ်သားတည်း ပေါင်းစပ်ခြင်း ဖြစ်ပါသည်။

အမြင့်ဆုံးအမှန်တရား ဆိုသည်မှာ အတ္တပင်ဖြစ်၏။ အတ္တသည် အရာရာတိုင်း၏ 'စံ' ဖြစ်၏။ အရာရာတိုင်း၏ အတွင်းအား (အန္တောဝယာမိ) ဖြစ်၏။ အရာရာတိုင်းကို မိမိအလိုသို့ လိုက်စေနိုင်သူ (သယံဝသီ) ဖြစ်၏။ အရာရာတိုင်း၌ အမြဲ ရှိနေသူ (နိဝါသီ) ဖြစ်၏။ အရာရာတိုင်း၏ ကေရာဇ် (သာမိ) ဖြစ်၏။ အတ္တ ရှိသဖြင့်သာ အားလုံးရှိကြခြင်း ဖြစ်၏။ အတ္တ သိသဖြင့်သာ အားလုံးသိကြခြင်း ဖြစ်၏။ အတ္တ လှသဖြင့်သာ အားလုံးလှကြခြင်းဖြစ်၏။ ထို့ကြောင့် အတ္တ၏ အရှိ၊ အသိ၊ အလှသည် ထာဝရဖြစ်၏။ လောက၏ အရှိ၊ အသိ၊ အလှသည် ခဏဖြစ်၏။ ဒဿနပညာရှင်တို့၏ ဝေါဟာရဖြင့်ဆိုရလျှင် အတ္တသည် အရှိတရား၊ လောကသည် အဖြစ်တရား၊ လောကဝေါဟာရဖြင့်ဆိုရလျှင် မရှိသောတရားသည် မဖြစ်တတ်၊ မဖြစ်တတ်သော တရားကိုလည်း ရှိသည်ဟူ၍ ပြောဆိုရန် မတတ်ကောင်း။ ထို့ကြောင့် အမြင့်ဆုံး အမှန်တရားဖြစ်သည့် 'အတ္တ' မှာ 'အရှိ' သဘောနှင့် 'အဖြစ်' သဘောဟူ၍ သဘော နှစ်မျိုး ရှိကြောင်းကို ဆိုကြခြင်း ဖြစ်ပါသည်။ 'အရှိ' သဘောကို မထင်ရှားအဆင့် (အဗျတ္တ) ဟူ၍ လည်းကောင်း၊ 'အဖြစ်' သဘောကို ထင်ရှားအဆင့် (ဗျတ္တ) ဟူ၍လည်းကောင်း ဆိုကြပါသည်။ ထို့အပြင် 'အရှိ' သဘောကို 'တစ်ခုတည်း' ဟူ၍လည်းကောင်း၊ 'အဖြစ်' သဘောကို 'အမျိုးမျိုး' ဟူ၍လည်းကောင်း ဆိုကြပါသည်။

အတ္တဝါဒီတို့၏ အဆိုအရ အတ္တသည် အရိုးဆုံးလည်း ဖြစ်၏။ အဆန်းဆုံးလည်း ဖြစ်၏။ အရိုးဆုံးဖြစ်ပါက အတ္တသည် တစ်ခုတည်းသောသဘော ရှိ၏။ အဆန်းဆုံးဖြစ်ပါက အတ္တသည် အမျိုးမျိုးသဘော ရှိ၏။ အများသဘော ရှိ၏။ တစ်ခုတည်းသဘော ရှိသောအခါ ဗြဟ္မာဟူ၍ ခေါ်၏။ အမျိုးမျိုးသဘော ရှိသောအခါ၊ အများသဘော ရှိသောအခါ လောကဟူ၍ ခေါ်၏။ တစ်ခုတည်းသဘော ရှိသည်ဖြစ်စေ၊ အများသဘော ရှိသည်ဖြစ်စေ အတ္တသည် မပြောင်းတတ်၊ မပျက်တတ်၊ အမြဲထာဝစဉ် တစ်သမတ်တည်း တည်တတ်သည့် သဘောသာ ရှိ၏။ ထို့ကြောင့် အတ္တ၏ အသွင် နှစ်မျိုးနှင့် ပတ်သက်၍ အတ္တဝါဒီတို့က ဤသို့ ဆိုကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိဂ္ဂုဏော သဂုဏော စေတိ၊
သိဝေါ ဧ ဧယျာ သနာတနော။
နိဂ္ဂုဏော ပြကူတေး အညော၊
သဂုဏော စ သကလော သွတော။

သိဝေါ၊ အတ္တသည်။ နိဂ္ဂုဏော စ၊ အရိုးဆုံးဖြစ်သဖြင့် ဂုဏ်ဟူ၍ စိုးစဉ်းမျှ မရှိသော အတ္တလည်းကောင်း။ သဂုဏော စ၊ အဆန်းဆုံးဖြစ်သဖြင့် ဂုဏ်တော်အနန္တ ရှိသော အတ္တလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဘေဒေါ၊ အသွင်အားဖြင့် နှစ်မျိုး ပြားသော်လည်း။ သနာတနော၊ အမှန်အားဖြင့် မဖြစ် မပျက် အမြဲထာဝစဉ် တစ်သမတ်တည်း တည်ရှိ၏ဟူ၍။ ဧ ဧယျာ၊ သိအပ်၏။ နိဂ္ဂုဏော၊ ဂုဏ်ဟူ၍ စိုးစဉ်းမျှမရှိသော အတ္တသည်။ ပြကူတေး၊ အမျိုးမျိုးဖြစ်သော ပကတိတရားမှ။ အညော၊ တစ်ပါးသော 'တစ်ခုတည်း' တရားတည်း။ သဂုဏော စ၊ ဂုဏ်တော်အနန္တနှင့် ပြည့်စုံသော အတ္တသည်ကား။ သကလော၊ 'အလုံးစုံတည်း' (ဝါ) 'အများတည်း'။ ဣတိ၊ ဤသို့။ သွတော၊ မှတ်အပ်၏။

အတ္တသည် သက်ရှိ၊ သက်မဲ့ အားလုံးတို့၏ 'တစ်ခုတည်း' သော အမြဲတေဖြစ်၏။ သက်ရှိများ အားလုံးသည်လည်း အတ္တ၏ အဖြစ်တရားများ ဖြစ်ကြ၏။ သက်မဲ့များ အားလုံးသည်လည်း အတ္တ၏ အဖြစ်တရားများ ဖြစ်ကြ၏။ အဖြစ်တရားများ အားလုံးသည် ပျက်စီးခြင်းသဘော ရှိသော်လည်း အရှိတရား(အတ္တ) မှာ ပျက်စီးခြင်းသဘော မရှိ။ ထာဝစဉ် တစ်သမတ်တည်း ဖြစ်၏။ အတ္တ၏ အဖြစ်တရားများဖြစ်သော သက်ရှိများအားလုံးတွင် ငါ၊ သင်နှင့် သူတို့ ပါဝင်ကြ၏။ ယင်း သက်ရှိအားလုံးတို့သည် သမ္မုတိသစ္စာအရ အဆုံးရှိတရား (အန္တ) များ ဖြစ်ကြ၏။ ထို့ကြောင့် ငါသည်လည်း အဆုံးရှိသဘောအရ သေရ၏။ ပဋိသန္ဓေ နေရ၏။ သင်သည်လည်း သေရ၏။ ပဋိသန္ဓေ နေရ၏။ သူသည်လည်း သေရ၏။ ပဋိသန္ဓေ နေရ၏။ သေခြင်းနှင့် ပဋိသန္ဓေ နေရခြင်းသည် အရှိဆုံးတရား (အန္တ) ၏ ဓမ္မတာပင် ဖြစ်ပါသည်။ အတ္တ၏ အဖြစ်တရားများဖြစ်သော သက်မဲ့များ အားလုံးတို့တွင် ရုပ်ဝတ္ထုများ ပါဝင်၏။ ရုပ်ဝတ္ထုများသည် အဆုံးရှိတရား (အန္တ) များ ဖြစ်ကြ၏။ ထို့ကြောင့် ရုပ်ဝတ္ထုများ အားလုံးသည် အဆုံးရှိသဘော အရ ဖြစ်ကြ၏။ ပျက်ကြ၏။ ဖြစ်ခြင်းနှင့် ပျက်ခြင်းသည် အဆုံးရှိတရား (အန္တ) ၏ ဓမ္မတာပင် ဖြစ်ပါသည်။ သို့ရာတွင် သက်ရှိသက်မဲ့ အဖြစ်တရား အားလုံးတို့၏ တူညီသည့် 'တစ်ခုတည်း' သော အရှိတရားဖြစ်သည့် အတ္တမှာမူ ပရမတ္ထသစ္စာ အရ အဆုံးမရှိတရား (အနန္တ) ဖြစ်ပါသည်။ ထို့ကြောင့် အတ္တသည် အဆုံးမရှိ





သဘောအရ သေလည်း မသေ၊ ပဋိသန္ဓေလည်း မနေ၊ ဖြစ်လည်း မဖြစ်၊ ပျက်လည်း မပျက်။ မသေခြင်း၊ ပဋိသန္ဓေ မနေခြင်း၊ မဖြစ်ခြင်း၊ မပျက်ခြင်းသည် အဆုံးမရှိ တရား (အနန္တ) ၏ ဓမ္မတာပင် ဖြစ်ပါသည်။ သေခြင်းနှင့် မသေခြင်း၊ ပဋိသန္ဓေ နေခြင်းနှင့် မနေခြင်း၊ ဖြစ်ခြင်းနှင့် မဖြစ်ခြင်း၊ ပျက်ခြင်းနှင့် မပျက်ခြင်း တို့သည် တစ်ခုနှင့်တစ်ခု အလှမ်းကွာဝေးကြသည် မဟုတ်၊ ထာဝစဉ် တစ်သမတ်တည်းရှိသော အမြင့်ဆုံး အမှန်တရားကို ပေါ်လွင်စေရန် ဒင်္ဂါးတစ်ပြား၏ ခေါင်းဘက်နှင့် ပန်းဘက်သဖွယ် ဘက် နှစ်မျိုးဖြင့် နှိုင်းယှဉ်ပြခြင်းမျိုးသာ ဖြစ်ပါသည်။

အမျိုးမျိုးနှင့် အများသည် အနှောင်အဖွဲ့ ဖြစ်၏။တစ်ခုတည်းသည် လွတ်မြောက်ခြင်း ဖြစ်၏။ အနှောင်အဖွဲ့မှ လွတ်မြောက်စေရန် အမျိုးမျိုးနှင့် အများမှ တစ်ခုတည်းသို့ ကူးပြောင်းရ၏။ ရွှေတစ်မျိုးတည်းဖြစ်လျက် လက်ကောက်၊ လက်စွပ် စသည်ဖြင့် အဆင်တန်ဆာ ရတနာအမျိုးမျိုး အနေဖြင့် ရှိရ၏။ ယင်းသို့ ရှိခြင်းသည် လှည့်စားခြင်း၊ နှောင်ဖွဲ့ခြင်းသာ ဖြစ်၏။ မြေတစ်မျိုးတည်းဖြစ်လျက် ပန်းကန်ခွက်ယောက် စသည်ဖြင့် အသုံးအဆောင် အမျိုးမျိုးအနေဖြင့် ရှိရ၏။ ယင်းသို့ရှိခြင်းသည် လှည့်စားခြင်း၊ နှောင်ဖွဲ့ခြင်းသာ ဖြစ်၏။ လှည့်စားခြင်း၊ နှောင်ဖွဲ့ခြင်းသည် လောကအတွက် အသုံးကျခြင်းပင် ဖြစ်၏။ လောကအတွက် အသုံးမကျသောအခါ လောကုတ္တရာသို့ ကူးပြောင်း၏။ လှည့်စားခြင်း၊ နှောင်ဖွဲ့ခြင်း မရှိသောအခါ လွတ်မြောက်ခြင်းသို့ ကူးပြောင်း၏။ အမျိုးမျိုးနှင့် အများ ပျောက်ကွယ်သောအခါ တစ်ခုတည်းအဖြစ်သို့ ကူးပြောင်း၏။ လောကမှ လောကုတ္တရာသို့ ကူးပြောင်းခြင်း၊ လှည့်စားခြင်းနှင့် နှောင်ဖွဲ့ခြင်းမှ လွတ်မြောက်ခြင်း၊ အမျိုးမျိုးနှင့် အများမှ တစ်ခုတည်းသို့ ကူးပြောင်းခြင်းသည် လူသားတို့၏ မျှော်မှန်းချက်လေးရပ် ဖြစ်သည့် ဓမ္မ၊ ကာမ၊ အတ္တ၊ မောက္ခ တို့တွင် အမြတ်ဆုံး မောက္ခပေတည်း။ ယင်းမောက္ခကို ရရှိစေရန် ဉာဏ်လမ်းစဉ် (ဉာဏမဂ္ဂ)၊ သဒ္ဓါလမ်းစဉ် (ဘတ္တိမဂ္ဂ)၊ စေတနာလမ်းစဉ် (ကမ္မမဂ္ဂ) တို့ဖြင့် အားထုတ်အပ် ပါသည်။ ထိုအခါမှသာ အတ္တသည် ဥပမိခေါ် ကံ ကိလေသာနှင့် ရုပ်နာမ်ခန္ဓာ တည်းဟူသော အညစ်အကြေးတို့မှ ကင်းလွတ်၍ တိမ်စင်လနှယ် ထာဝစဉ် တင့်တယ်ပေလိမ့်မည်။ ဤသည်မှာ အတ္တနှင့် ပတ်သက်၍ ဗြာဟ္မဏတို့၏ အဆို ဖြစ်သည်။ အတ္တနှင့် လောက၏ဆက်သွယ်မှု ဖြစ်သည်။

## အနတ္တဝါဒ

အနတ္တဝါဒဆိုသည်မှာ ဗုဒ္ဓဝါဒစစ်စစ် ဖြစ်၏။ မြတ်စွာဘုရားသခင် ပွင့်တော်မူသော အခါမှသာ အနတ္တဝါဒသည် ပေါ်ထွန်းလာရ၏။ မြတ်စွာဘုရားသခင်



www.burmeseclassic.com

www.burmeseclassic.com



မပွင့်ထွန်းမီ ကာလ၌ လည်းကောင်း၊ သာသနာ ကွယ်ပသော ကာလ၌ လည်းကောင်း အနတ္တဝါဒ ပျောက်ကွယ်၍ အတ္တဝါဒသာ ရှိလေသည်။ သို့ရာတွင် ထိုအတ္တဝါဒသည် 'သဿတ' သဘော ရှိချင်ရှိမည်။ 'ဥစ္ဆေဒ' သဘော ရှိချင် ရှိမည်။ ရှိချင်ရာရှိ၊ သဘောအားဖြင့် အတ္တဝါဒသာတည်း။ အဘယ့်ကြောင့်ဆိုသော် အရိယာ မဖြစ်သေးသရွေ့ အနတ္တကို ပိုင်ပိုင် မျက်မှောက်မပြုနိုင်သေးသောကြောင့် ဖြစ်၏။ အနတ္တကို ပိုင်ပိုင် မျက်မှောက်မပြုနိုင်သေးလျှင် တစ်နည်းနည်းအားဖြင့် အတ္တဝါဒကို လက်ခံထားရာ ရောက်ပါသည်။

အနတ္တဝါဒသည် အတ္တဝါဒ၏ ဆန့်ကျင်ဘက် ဖြစ်၏။ အနတ္တဝါဒအရ နိဗ္ဗာန်မှတစ်ပါး ရှိရှိသမျှ အရာဝတ္ထုများသည် အားလုံး ဖြစ်ပျက်သဘော ရှိသည်ချည်းသာ ဖြစ်၏။ ခေတ္တခဏမျှသာ တည်နိုင်၏။ ယင်းတို့၏ နောက်ကွယ်၌ ထာဝစဉ် တစ်သမတ်တည်း အမြဲတည်ရှိသော အတ္တဟူ၍ လုံးဝ မရှိချေ။ ပရမတ္ထတရား လေးပါး၌ အတ္တဟူ၍ မပါဝင်သဖြင့် မည်သို့လျှင် အတ္တသည် ထာဝစဉ် မပျက်မစီးဘဲ အမြဲ တည်ရှိနိုင်ပါသနည်း၊ တရားကိုယ်မရှိသော တရားဓမ္မသည် အစ၌လည်း မရှိ၊ အလယ်၌လည်း မရှိ၊ အဆုံး၌လည်း မရှိပါချေ။ အကယ်၍ ရှိသည်ဟု ဆိုလျှင်လည်း အထင်မှားမှုသာ ဖြစ်ပါ၏။ ထို အထင်မှားမှုကြောင့် အတ္တသည် ပေါ်ပေါက်လာခြင်းဖြစ်ရကား အတ္တကို အထင်မှားမှုက ဖန်ဆင်းထားသည်ဟုသာ ဆိုနိုင်ပါ၏။ ပိဋကတ်စာပေများ၌ အတ္တသည် ပရမတ္ထအားဖြင့် တကယ်မရှိဘဲ အစိတ်အပိုင်းများကို စနစ်တကျ စုစည်းရာမှ ဖြစ်ပေါ်လာသည့် 'ရထား' ကဲ့သို့ တရားသစ် တစ်မျိုးသာ ဖြစ်၏ဟူ၍ ဖော်ပြထားပါသည်။ ထို့ကြောင့် ကြိုးကို မြွေထင်မှတ်ရာ၌ မြွေကို အားစိုက်၍ ပယ်ဖျက်ရန်မလိုဘဲ ကြိုးကို အမှန်အတိုင်း ကြိုးအဖြစ် မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မြွေသည် အလိုအလျောက် ပျောက်ကွယ်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်၍သာ ဒုက္ခသစ္စာကို အမှန်အတိုင်း ဒုက္ခသစ္စာအဖြစ် ပိုင်းခြား၍ သိလိုက်သည်နှင့် တစ်ပြိုင်နက် အတ္တကို အလိုလို ပယ်ပြီးသား ဖြစ်သွားရခြင်း ဖြစ်ပါသည်။

အတ္တဝါဒအရ အတ္တသည် အရှိ၊ အသိ၊ အလှ ဖြစ်သော်လည်း အနတ္တဝါဒ အရ အတ္တသည် မရှိ၊ မသိ၊ အကျည်းတန် ဖြစ်၏။ အထွတ်အထိပ်ဖြစ်သော အရဟတ္တဖိုလ်ကိုပင် သင်္ခါရဒုက္ခအဖြစ် ရေတွက်ခဲ့သေးရာ အစကတည်းက တရားကိုယ် မရှိသော အတ္တကို အဘယ်သို့လျှင် အရှိ၊ အသိ၊ အလှ ဟူ၍လည်းကောင်း ကေဝလသုခ ဟူ၍လည်းကောင်း သတ်မှတ်နိုင်ပါအံ့နည်း။ အမှန်အားဖြင့် သက်ရှိ ဖြစ်စေ၊ သက်မဲ့ဖြစ်စေ အားလုံးသော အရာဝတ္ထုတို့သည် ထာဝစဉ် ဖြစ်၊ တည်၊ ပျက်သဘော ရှိကြသဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတို့သာတည်း။ ယင်းတို့





ချုပ်ငြိမ်းမှသာလျှင် စစ်မှန်သောချမ်းသာ (သန္တိသုခ) ဟူ၍ ထင်ရှားရှိလာမည် ဖြစ်ပါသည်။ ဤသို့ အနတ္တဝါဒက လောကနှင့် နိဗ္ဗာန်ကို မြင်ပါသည်။

## သုညဝါဒ

သုညဝါဒသည် မဟာယာနဝါဒ ဖြစ်ပါသည်။ သုညဝါဒအမြင်ဖြင့် ဆိုရလျှင် အတ္တဝါဒသည် အစွန်းတစ်ဖက်ရောက်ဝါဒ ဖြစ်ပါသည်။ ဤလောက၌ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်း၊ ရင့်ကျက်ခြင်းနှင့် နုခြင်း၊ မြင့်မြတ်ခြင်းနှင့် ယုတ်နိမ့်ခြင်း စသော ဆန့်ကျင်ဘက် အစုံတရားတို့သည် အမှန်တကယ် ရှိကြပါ၏။ ယင်းတို့၏ တည်ရှိရာ အတ္တသည် မပြောင်းမလဲ တစ်ခုတည်းအဖြစ် အမြဲတည်ရှိနေလျှင် ထိုဂုဏ်များ ခြားနားခြင်းကို လက်တွေ့ကျကျ မည်သို့ ဖြေရှင်းနိုင်မည်နည်း။ ထို့အပြင် 'ကံ' သည် လည်းကောင်း၊ 'ပါရမီ' သည်လည်းကောင်း လက်မခံဘဲ မနေနိုင်သော သဘောတရား ဖြစ်၏။ ကုသိုလ်ကံကို ပြုလုပ်ခြင်းအား ဖြင့် လည်းကောင်း၊ ပါရမီကို ဖြည့်သောအားဖြင့် လည်းကောင်း အတ္တကို မြင့်သည် ထက်မြင့်အောင် ပြုပြင်ပြောင်းလဲရန် ကြိုးစားနေကြပါ၏။ ကြိုးစားသည် အလျောက်လည်း ကာလ၊ ဌာန၊ ဥပမိနှင့် ပယောဂတို့၏ ပြည့်စုံမှုအလိုက် အတ္တသည် ခြားနားလာပါ၏။ ထို့ကြောင့် အတ္တဝါဒီတို့ ပြောသည့်အတိုင်း 'အတ္တသည် မပြောင်းမလဲ ထာဝစဉ် တစ်သမတ်တည်း အမြဲတည်၏' ဟူသော အဆိုသည် လုံးဝ မှားယွင်းသောအဆို ဖြစ်သည်။ သို့ဖြစ်၍ အတ္တဝါဒကို အစွန်းတစ်ဘက်ရောက်ဝါဒ ဖြစ်သည်ဟု သုညဝါဒီတို့က ဆိုခြင်းဖြစ်ပါသည်။ လောကတွင် တစ်ချိန်နှင့်တစ်ချိန်၊ တစ်ဘဝနှင့် တစ်ဘဝ ခြားနားခြင်းရှိသည်မှာ မှန်၏။ သို့ရာတွင် ထိုခြားနားခြင်းသည် ဇီဝ၏ ခြားနားခြင်းသာ ဖြစ်၏။ အတ္တ၏ ခြားနားခြင်း မဟုတ်။ ဇီဝသည် ကံ၊ ကိလေသာ၊ ပါရမီတို့ဖြင့် နှောင်ဖွဲ့ထားသော အတ္တ (သဉပါဓိအတ္တ) ဖြစ်၏။ ခြားနားနေသည်မှာလည်း ကံပိုင်း၊ ကိလေသာပိုင်း ပါရမီပိုင်းတို့ အနေဖြင့်သာ ခြားနားခြင်း ဖြစ်ပါသည်။ အတ္တပိုင်းအနေဖြင့် ခြားနားခြင်း မဟုတ်။ အမှန်အားဖြင့် အတ္တဟူသည်မှာ ကံ၊ ကိလေသာ၊ ပါရမီတို့ဖြင့် မနှောင်ဖွဲ့နိုင်သော အတ္တ (အနုပါဓိအတ္တ) သာ ဖြစ်ပါသည်။ ဤသည်မှာ သုညဝါဒီတို့အပေါ် အတ္တဝါဒီတို့၏ ပြန်လည်ချေပချက် ဖြစ်ပါသည်။ သို့ရာတွင် မည်သို့ပင် ချေပ စေကာမူ သုညဝါဒီတို့က အတ္တဝါဒကို အစွန်းတစ်ဖက် ရောက်ဝါဒ အဖြစ် သတ်မှတ်ထားပါသည်။

အနတ္တဝါဒကိုလည်း အစွန်းတစ်ဖက်ဝါဒအဖြစ် သုညဝါဒီတို့က သတ်မှတ်ထားပါသည်။ အကယ်၍သာ ဤလောက၌ အတ္တမရှိဟုမှန်လျှင် 'မှေးခြင်း'



www.burmeseclassic.com

www.burmeseclassic.com



သဘောကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။ ထို့အပြင် 'လွတ်မြောက်ခြင်း' သဘောကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။ သံသရာ၌ ကျင်လည်ခြင်းသဘောကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။ ဤသည်မှာ သုညဝါဒီတို့၏ စောဒနာချက် ဖြစ်ပါသည်။ အနတ္တဝါဒအရ အရိယာမဖြစ်မီ အတ္တသည် ရှိ၏။ ယင်းအတ္တကို ပယ်လိုက်ခြင်းဖြင့် သစ္စာဉာဏ်ကိုရကာ အရိယာဖြစ်သွားခြင်း ဖြစ်၏။ ဤနေရာ၌ အတ္တဆိုသည်မှာ တဏှာလက်သမား၏ ဆောက်လုပ်မှုကြောင့် နေအိမ်သဖွယ် ဖြစ်ပေါ်လာသော ခန္ဓာငါးပါးမှ ပေါ်ထွက်လာသည့် တရားသစ်ဖြစ်၏။ ယင်းတရားသစ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ။ ထင်ရှားမရှိလျှင် မခိုင်မြဲ။ သို့ဖြစ်ပါလျက် ထင်ရှားရှိ၏။ ခိုင်မြဲ၏ ဟူ၍ မှားယွင်းသောအယူသည် ဖြစ်ပေါ်လာ၏။ ယင်းမှားယွင်းသောအယူသည် ဒိဋ္ဌိစေတသိက်ပင်တည်း။ ယင်းကို သောတာပတ္တိမဂ်က ပယ်လေသည်။ လွတ်မြောက်ခြင်း ဆိုသည်မှာလည်း ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်တရားတို့၏ ချုပ်ငြိမ်းမှု ဖြစ်ပါသည်။ သို့ဖြစ်၍ မှတ်မိခြင်း၊ လွတ်မြောက်ခြင်း၊ ကျင်လည်ခြင်းတို့ကို ဖြေရှင်းနိုင်ပါသည်။ ဤသည်မှာ သုညဝါဒီတို့အပေါ် အနတ္တဝါဒီတို့၏ ပြန်လည်ချေပချက် ဖြစ်ပါသည်။ သို့ရာတွင် မည်သို့ပင် ချေပစေကာမူ သုညဝါဒီတို့က အနတ္တဝါဒကို အစွန်းတစ်ဖက်ရောက်ဝါဒအဖြစ် သတ်မှတ်ထားပါသည်။

ဤနေရာ၌ သုညဝါဒဆိုသည်မှာ ပရမတ္ထတရားများအနေဖြင့် မိမိတို့၏ ပင်ကိုသဘောမှ ဆိတ်သုဉ်းခြင်း ဖြစ်သည်ဟူ၍ ယူသောဝါဒ ဖြစ်၏။ ဖြစ်ပေါ်လာသောတရား မှန်သမျှသည် မိမိတို့ဘာသာ မိမိတို့အလိုအလျောက် ဖြစ်ပေါ်လာကြသည် မဟုတ်။ အကြောင်းတရားတို့၏ ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာကြခြင်း ဖြစ်ပါသည်။ အကယ်၍ အကြောင်းတရားမရှိလျှင် အကျိုးတရားအနေဖြင့် မိမိတို့၏ ပင်ကိုသဘောသတ္တိအရ တစ်စုံတစ်ခုမျှ ဖြစ်ပေါ်နိုင်ခြင်း မရှိ။ ထို့ကြောင့် ပရမတ္ထတရားမှန်သမျှသည် မိမိတို့ ဖြစ်ပေါ်ရေးအတွက် အခြားတစ်ပါးကို ထာဝစဉ် မှီနေရသဖြင့် မိမိတို့၏ ပင်ကိုသဘောသတ္တိမှ ဆိတ်သုဉ်းကြ၏ ဟူ၍ သုညဝါဒက ဆိုပါသည်။

သုညဝါဒအရ လောကသည်လည်း မိမိ၏ ကိုယ်ပိုင်သဘောသတ္တိဖြင့် တစ်စုံတစ်ခုမျှ ဖြစ်ပေါ်နိုင်ခြင်း မရှိဘဲ အခြားတစ်ပါးကို မှီနေရသည့်အတွက် 'သုည' ဖြစ်ပါသည်။ နိဗ္ဗာန်သည်လည်း မည်သို့မည်ပုံဟူ၍ လောကဝေါဟာရများဖြင့် ပြောဆို၍ မရကောင်းသောသဘော ဖြစ်သောကြောင့် 'သုည' ဖြစ်ပါသည်။ ထို့ကြောင့် လောကနှင့် နိဗ္ဗာန်သည် သုညသဘောအရ အတူတူပင် ဖြစ်ပါသည်။ ဖြစ်၊ တည်၊ ပျက်သဘော ရှိသော ရုပ်နာမ်ကို 'လောက' ဟု





ခေါ်၍ ဖြစ်၊ တည်၊ ပျက်သဘော မရှိသော ရုပ်နာမ်ကို 'နိဗ္ဗာန်' ဟု ခေါ်ပါသည်။ ဤမျှသာ ထူးပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လောကနှင့် နိဗ္ဗာန်သည် သဘောအားဖြင့် ခြားနားခြင်း မရှိ။ ရှုမြင်ပုံအရသာ ခြားနားခြင်း ရှိပါသည်။ တရားကိုယ်အားဖြင့်မူ ရုပ်နာမ် နှစ်ပါးသာ ဖြစ်၏။ ဝါဒရေးရာနှင့် ပတ်သက်၍ သုညဝါဒီတို့က သူတို့၏ဝါဒသည် 'အဆို'မဟုတ်။ 'အမြင်' ဖြစ်၏ဟူ၍ ဆိုပါသည်။ အဆို ဟူသမျှသည် စတုကောဋိသဘောတရားအရ အစွန်းလေးဖက်အတွင်း၌ ဝင်ရသည်။ အစွန်းလေးဖက်အတွင်း၌ ဝင်ရလျှင် တစ်ခုကိုတစ်ခု ချေဖျက်သောသဘော ရှိသည်သာတည်း။ သုညဝါဒကား အစွန်းလေးဖက်၌ မဝင်၊ အစွန်းလေးဖက်မှ အလွတ်ဖြစ်၏။ ထို့ကြောင့် သုညဝါဒကို ချေဖျက်ရန် မတတ်ကောင်း။ သို့ဖြစ်၍ သုညဝါဒသည် 'အဆို' မဟုတ်၊ 'အမြင်' ဖြစ်၏ဟူ၍ ဆိုခြင်း ဖြစ်ပါသည်။ ဤနေရာ၌ အမြင်ဟူသည်မှာ အလင်းရောင်သဖွယ် မိမိဖြစ်ကြောင်း မိမိဘာသာမိမိ သက်သေပြသည့်သဘော (သယံသိဒ္ဓ) ဖြစ်ပါသည်။ သုညဝါဒနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ချွတ်ယွင်းချက် မရှိနိုင်ပုံကို ဤသို့ ဖော်ပြကြပါသည်။

ယဒိ ကာစန ပြတိဉာ သျာတ် မေ၊ တတော ဧဝ မေ ဘဝေတ်
ဒေါသး၊ နာသ္တိ စ မမ ပြတိဉာ၊ တသ္မာတ် နဲဝ အ သ္တိ မေ ဒေါသး။

(ဝိဂြဟဗျာဝတိနီ-၂၉)

သတ် အသတ် သဒသတ် စေတိ ယသျ ပက္ခော န ဝိဒျတေ၊ ဉပါလမ္ဘ
စိရေဏာပိ တသျ ဝတ္တုံ န သကျတေ။ (စတုသတက-၁၆၊ ၂၅)

ကာစန၊ တစ်စုံတစ်ခုသော။ ပြတိဉာ၊ အဆိုသည်။ မေ၊ ငါ့အား။ ယဒိ သျာတ်၊ အကယ်၍ ရှိငြားအံ့။ တတော ဧဝ၊ ထို့ကြောင့်သာလျှင်။ မေ၊ ငါ့အား။ ဒေါသး၊ အပြစ်သည်။ ဘဝေတ်၊ ဖြစ်ရာ၏။ မေ၊ ငါ့အား။ ပြတိဉာ၊ အဆိုသည်။ န အ သ္တိ စ၊ ရှိလည်းမရှိ။ တသ္မာတ်၊ ထို့ကြောင့်။ မေ၊ ငါ့အား။ ဒေါသး၊ အပြစ်သည်။ နဲဝ အသ္တိ၊ မရှိသည်သာတည်း။

သတ် စ၊ အရှိဟူ၍လည်းကောင်း။ အသတ် စ၊ မရှိဟူ၍လည်းကောင်း။ သတ်-အသတ် စ၊ အချို့ရှိ၏ အချို့မရှိ ဟူ၍လည်းကောင်း။ [န သတ် စ၊ န အသတ်စ၊ အချို့ရှိသည်လည်းမဟုတ် အချို့ မရှိသည်လည်းမဟုတ် ဟူ၍လည်းကောင်း] ယသျ၊ အကြင်သူအား။ ပက္ခော၊ ဘက်လိုက်ခြင်းသည်။ န ဝိဒျတေ၊ မရှိ။ တသျ၊ ထိုသူအား။ စိရေဏာပိ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ဉပါလမ္ဘ၊ အပြစ်တို့၊ ဝတ္တုံ၊ ဆိုခြင်းငှာ။ န သကျတေ၊ မစွမ်းနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သုညဝါဒသည် အတ္တဝါဒနှင့် အနတ္တဝါဒတို့၏ ချွတ်ယွင်းချက်ကို ဖော်ထုတ်ရန် ကြိုးပမ်းသည့်ဝါဒ ဖြစ်ပါသည်။ သို့ရာတွင် သုညဝါဒ၌ ကိုယ်ပိုင်အဆို မရှိသောကြောင့် ယင်းသုညဝါဒကို အချို့က ဝိတဏ္ဍာဝါဒဟူ၍ သတ်မှတ်ကြပါသည်။ ဝိတဏ္ဍာဝါဒဆိုသည်မှာ ကိုယ်ပိုင်ရပ်တည်ချက် မရှိသောကြောင့် အရေးတယူ စဉ်းစားထိုက်သည့်ဝါဒ မဟုတ်ဟူ၍ အဓိပ္ပာယ် ရှိပါသည်။ ဒဿနစာပေလောက၌ ကိုယ်ပိုင်ရပ်တည်ချက်ရှိသော ဝါဒများကို သကဝါဒ (သကသမယ) ဟူ၍လည်းကောင်း၊ ပရဝါဒ (သမယန္တရ) ဟူ၍လည်းကောင်း သုံးနှုန်းပြီး ကိုယ်ပိုင်ရပ်တည်ချက်မရှိသော ဝါဒကို ဝိတဏ္ဍာဝါဒဟူ၍ သုံးနှုန်းကြပါသည်။ သို့ရာတွင် မည်သို့ဆိုစေ သုညဝါဒီတို့၏ အလိုအရ သုညဝါဒသည် အစွန်းလွတ်ဝါဒ ဖြစ်သည်ဟု ခံယူကြပါသည်။

### (၆) ကာမသုခလ္လိကာနုယောဂဝါဒ

ကာမသုခလ္လိကာနုယောဂဝါဒ ဆိုသည်မှာ ဗုဒ္ဓမြတ်စွာ၏ ဝိဝဋ္ဋနည်းမှ တစ်ပါးသော ဝဋ္ဋနည်းများဖြင့် ချမ်းသာသုခကို ရှာဖွေသည့်ဝါဒ ဖြစ်ပါသည်။ ဝိဝဋ္ဋနည်းဆိုသည်မှာ မုချအားဖြင့် ဝိပဿနာ ဖြစ်ပါသည်။ သို့ရာတွင် ဝိပဿနာ ရှေးရှုသော ဒါန၊ သီလနှင့် သမထတို့ကိုလည်း ဥပစာရအားဖြင့် ဝိဝဋ္ဋနည်း၌ ထည့်သွင်းရေတွက်ပါသည်။ ကာမသုခလ္လိကာနုယောဂ ဝါဒသည် လောကလူသားတို့၏ သမားရိုးကျ ရှာဖွေနည်းများဖြင့် ချမ်းသာစစ်၊ ချမ်းသာမှန်ကို ရရှိရန် အားထုတ်သည့်ဝါဒ ဖြစ်ပါသည်။ ထိုဝါဒအရ အားထုတ်သောအခါ ချမ်းသာစစ်၊ ချမ်းသာမှန်များ မရရှိဘဲ ချမ်းသာယောင်၊ ချမ်းသာတုများကိုသာ ရရှိပြီး အဘိဇ္ဈာနှင့် ဒေါမနဿများသာ ပွားများခဲ့ပါသည်။ အလိုပြည့်လျှင် ပျော်ရွှင်ပြီး အလိုမပြည့်လျှင် နှလုံးမသာမယာ ဖြစ်ကြရပါသည်။

ဤဝါဒဖြင့် ချမ်းသာသုခကို ရှာဖွေသောအခါ အသိအမြင်မှားမှုကြောင့် မသိ (အဝိဇ္ဇာ)၊မသိလျှင် လိုချင် (တဏှာ)၊လိုချင်လျှင် စွဲလမ်း (ဥပါဒါန်)၊ စွဲလမ်းလျှင် အားထုတ် (သင်္ခါရ)၊ အားထုတ်လျှင် ရရှိ (ဘဝ)၊ ဤနည်းအားဖြင့် ပဋိစ္စသမုပ္ပာဒ် အကြောင်းတရားများသာ ဖြစ်ပေါ်ပြီး သံသရာစက်ရဟတ်မှ မထွက်မြောက်နိုင်ဘဲ လည်နေမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဤဝါဒကို အစွန်းတစ်ဖက်ရောက် ဝါဒအဖြစ် မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ကာမသုခလ္လိကာနုယောဂဝါဒသည် လောကလူသားတို့၏ သမားရိုးကျဝါဒနှင့် အရပ်သုံးကျင့်စဉ် ဖြစ်ပါသည်။ ပစ္ဆိမပဋိပဒါကို မတွေ့မီ လူ့သမိုင်းတစ်လျှောက်၌ လူသားတို့သည် ဤအစုန်လမ်းကို လိုက်ခဲ့ကြပါ





သည်။ ဤအစုန်လမ်းကား သက်သာသည့်လမ်း ပေတည်း။ 'ရရှိရေး' လမ်း ပေတည်း။

### အတ္တကိလမထာနုယောဂဝါဒ

အတ္တကိလမထာနုယောဂဝါဒသည် ကာမသုခလ္လိကာနုယောဂဝါဒ၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။ ဤဝါဒအရ ချမ်းသာသုခကို ရှာဖွေသောအခါ လူသားတို့၏ သမားရိုးကျ သဘာဝရှာဖွေနည်းဖြစ်သည့် 'ရရှိရေး' လမ်းစဉ်ဖြင့် ရှာဖွေ၍ မရဘဲ သူတော်စင်ယောဂီတို့၏ သဘာဝလွန်ရှာဖွေနည်းဖြစ်သည့် 'စွန့်လွှတ်ရေး' လမ်းစဉ်ဖြင့်သာ ရှာဖွေရမည်ဟု ယုံကြည်သည့်ဝါဒ ဖြစ်ပါသည်။ ဤဝါဒ၌ ယုံကြည်သူများကို တိတ္ထိယများအဖြစ် ပိဋကတ်စာပေများ၌ ဖော်ပြထားပါသည်။ သချာဝေါဟာရဖြင့် ဆိုရလျှင် ကာမသုခလ္လိကာနုယောဂ ဝါဒကို 'အပေါင်း' ဝါဒဟု ခေါ်နိုင်ပြီး အတ္တကိလမထာနုယောဂဝါဒကို 'အနုတ်' ဝါဒဟု ခေါ်နိုင်ပါသည်။

အတ္တကိလမထာနုယောဂ ဝါဒအရ ကျင့်သောအခါ ကံ၊ ကိလေသာများ အသစ်တိုးပွားမှု မဖြစ်စေဘဲ အဟောင်းများ တဖြည်းဖြည်း ကုန်ခန်းသွားရေးအတွက် မိမိ၏ ခန္ဓာကိုယ်ကို ပင်ပန်းနွမ်းနယ်သွားအောင် ညှဉ်းပန်းရပါသည်။ ထိုသို့ ညှဉ်းပန်းခြင်းအားဖြင့် အကုသိုလ်အကျိုးများ ဖြစ်ပေါ်ပြီး ဆိုင်ရာဆိုင်ရာ အကုသိုလ်ကံများသည် အကျိုးပေးပြီးသဘောသို့ သက်ရောက်သွားသဖြင့် ကုန်ခန်းသွားမည် ဖြစ်ပါသည်။ အကုသိုလ်ကံများသည် မုချမသွေ အကျိုးပေးမည် ဖြစ်ရာ ထိုအကုသိုလ်ကံများကို အကျိုးပေးခွင့်ရအောင် ဖန်တီးပေးလိုက်သဖြင့် အကျိုးပေးမှုကိစ္စ ပြီးစီး၍ ကုန်ခန်းသွားသည့်သဘော ဖြစ်ပါသည်။ ဗေဒင်လောက၌ ယတြာချေသည့်သဘောမျိုး ဖြစ်ပါသည်။ မကောင်းကျိုး မဖြစ်ပေါ်မီ အသင့်အတင့် မကောင်းကျိုးကို ကြိုတင်ဖြစ်ပေါ်စေသည့် သဘောမျိုး ဖြစ်ပါသည်။ ယင်းကို ကျိန်းကျေသည် ဟူ၍လည်းကောင်း၊ ကျိန်းချေသည် ဟူ၍လည်းကောင်း ဆိုပါသည်။ အတ္တကိလမထာနုယောဂဝါဒအရ ကျင့်လျှင် ခန္ဓာကိုယ်ကို ပင်ပန်းနွမ်းနယ်အောင် ညှဉ်းပန်းရပါသည်။ ထိုသို့ညှဉ်းပန်းလျှင် ဒုက္ခဝေဒနာများ ဖြစ်ပေါ်လာပါသည်။ ဒုက္ခဝေဒနာများသည် အကုသိုလ်၏ အကျိုးဝိပါက်များ ဖြစ်ပါသည်။ အကုသိုလ်၏ အကျိုးဝိပါက်များဖြစ်သည့် ဒုက္ခဝေဒနာများ ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် ဆိုင်ရာကံဟောင်းများ ကုန်ခန်းသွားမည် ဖြစ်ပါသည်။ အကုသိုလ်ကံများ ကုန်ခန်းသွားလျှင် အလိုအလျောက် စင်ကြယ်သွားပြီး တစ်ဆုံးထုံးများကို သိမြင်ကာ စစ်မှန်သော ချမ်းသာသုခကို ရရှိနိုင်မည် ဖြစ်ပါသည်။ ဤသည်မှာ အတ္တကိလမထာနုယောဂဝါဒ၏ အနှစ်သာရ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အတ္တကိလမထာနုယောဂဝါဒီတို့ ဆိုသည့်အတိုင်း ခန္ဓာကိုယ်ကို ညှဉ်းပန်းရုံမျှဖြင့် ကံဟောင်းများလည်း ကုန်မသွားပါ။ ပို၍လည်း စင်ကြယ်မလာပါ။ တရားထူးများကိုလည်း သိမလာပါ။ စစ်မှန်သော ချမ်းသာသုခကိုလည်း ရရှိမလာပါ။ အမှန်အားဖြင့် အတ္တကိလမထာနုယောဂသည် ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်၏ အကြောင်းတရားငါးပါးတွင် အသွင်တစ်မျိုးဖြင့် ပါဝင်နေခြင်းမျှသာ ဖြစ်ပါသည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ဘဝတည်းဟူသော အကြောင်းတရား အုပ်စုများသည် သဘာဝလွန်သဘောဖြင့် ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အတ္တကိလမထာနုယောဂအကျင့်ဖြင့် သံသရာဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်သည့်အပြင် ပစ္စုပ္ပန်သံသရာ၌ ဆင်းရဲဒုက္ခကို ခံစားကာ နှစ်ဖက်ရှုံး ရှုံးပြီး ဒုက္ခတုံး ဖြစ်နေရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အတ္တကိလမထာနုယောဂဝါဒကို အစွန်းတစ်ဖက်ရောက်ဝါဒအဖြစ် မြတ်စွာဘုရားသခင်က ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

## မဇ္ဈိမပဋိပဒါဝါဒ

မဇ္ဈိမပဋိပဒါဝါဒသည် ဗုဒ္ဓဝါဒ ဖြစ်သည်။ ထိုဝါဒဖြင့် အစွန်း နှစ်ဖက်မှ လွတ်ကာ သစ္စာလေးပါးကို သိမြင်ပြီး သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်တွင် အသွင်သဏ္ဍာန်အားဖြင့် ကာမသုခလ္လိကာနုယောဂသဘောအရ 'ရယူရေး' လည်း ပါဝင်ပါသည်။ အတ္တကိလမထာနုယောဂသဘောအရ 'စွန့်လွှတ်ရေး' လည်း ပါဝင်ပါသည်။ သို့ရာတွင် ထိုသို့ ပါဝင်ခြင်းမှာ အနှစ်သာရအားဖြင့် ပါဝင်ခြင်း မဟုတ်ဘဲ အသွင်သဏ္ဍာန်အားဖြင့် ပါဝင်ခြင်း ဖြစ်ပါသည်။ ဝိပဿနာတရား အားထုတ်ရာတွင် ချမ်းသာသယောင် ရှိချင်ရှိမည်။ ချမ်းသာသယောင် ရှိရုံမျှနှင့် ကာမသုခလ္လိကာနုယောဂ မဟုတ်။ ဆင်းရဲသယောင် ရှိချင်ရှိမည်။ ဆင်းရဲသယောင် ရှိရုံမျှနှင့် အတ္တကိလမထာနုယောဂ မဟုတ်။ အမှန်အားဖြင့် အသွင်သဏ္ဍာန်များသည် မပြဋ္ဌာန်း၊ အနှစ်သာရသည်သာ ပြဋ္ဌာန်းပါသည်။ အနှစ်သာရဟူသည်မှာ နာမ်ရုပ်ကို အမှန်အတိုင်း သိရေးပင် ဖြစ်ပါသည်။ နာမ်ရုပ်ကို အမှန်အတိုင်းသိလျှင် ကြောင်းကျိုးဆက်ကို သိမည်။ ကြောင်းကျိုးဆက်ကိုသိလျှင် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို သိမည်။ ထို့နောက် အရိယသစ္စာဉာဏ်ကို ရမည်။ ထိုအခါ သံသရာဝဋ်မှ လွတ်မည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါဝါဒ၏ အနှစ်သာရ ဖြစ်ပါသည်။

မဇ္ဈိမပဋိပဒါ ဝါဒသည် ပဋိစ္စသမုပ္ပာဒ်ဝါဒ၊ ဝိဝဋ္ဋဝါဒ၊ ဝိပဿနာဝါဒ ဖြစ်ပါသည်။ ထိုဝါဒဖြင့် ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ကို ပယ်ဖျက်ခဲ့ပါသည်။





သံသရာဝဋ်မှ လွတ်မြောက်စေခဲ့ပါသည်။ အကြောင်းတရား အုပ်စုများကိုလည်း ချုပ်ငြိမ်းစေခဲ့ပါသည်။ အကြောင်းတရား အုပ်စုများကို ချုပ်ငြိမ်းစေခဲ့သောကြောင့် ယင်းတို့ဆိုင်ရာ အကျိုးတရား အုပ်စုများလည်း အလိုအလျောက် ချုပ်ငြိမ်းပြီး ဖြစ်ပါသည်။ အကြောင်းအကျိုး ပြတ်သည်နှင့် တစ်ပြိုင်နက် ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်သည် ရပ်နားပြီး ဖြစ်ပါသည်။ ထိုအခါ ကြောင်းကျိုးဆက်လွန်သဘောဖြင့် နိရောဓသစ္စာ ဖြစ်ပေါ်လာပြီး အတုမဲ့သော သန္တိသုခသဘောသည် ထင်ရှားလာမည် ဖြစ်ပါသည်။ မဇ္ဈိမပဋိပဒါဝါဒ က လောကနှင့် နိဗ္ဗာန်တို့၏ ဆက်သွယ်မှုကို ဤအတိုင်း မြင်ပါသည်။

## ဝါဒအုပ်စု ခြောက်မျိုး

လောကနှင့် နိဗ္ဗာန်တို့၏ ဆက်သွယ်မှုနှင့် ပတ်သက်၍ ဝါဒပေါင်းများစွာ ပေါ်ထွက်ခဲ့ပါသည်။ ထိုဝါဒပေါင်း များစွာအနက် အစွန်းရောက်သဘောနှင့် မဇ္ဈိမပဋိပဒါသဘော သက်ဝင်သော ဝါဒအုပ်စု ခြောက်မျိုးကိုသာ ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ ထိုဝါဒအုပ်စု ခြောက်မျိုးအနက် ဝိဘဇ္ဇဝါဒ၊ အနတ္တဝါဒနှင့် မဇ္ဈိမပဋိပဒါဝါဒသည်သာ စင်ကြယ်သန့်ရှင်းသော ဝါဒကောင်း ဝါဒမှန် ဖြစ်ပါသည်။ အခြားသော အုပ်စုများတွင်လည်း မဇ္ဈိမပဋိပဒါ သက်ဝင်သော ဝါဒများ ရှိပါသည်။ သို့ရာတွင် ထိုဝါဒများသည် စင်ကြယ်သန့်ရှင်းသော ဝါဒများ မဟုတ်ကြပါ။ 'နတ်သုဓာထဲ မစင်တစ်ပဲ ရောသည့်နှယ်' မစင်ကြယ် မသန့်ရှင်းသောဝါဒများ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့သည် တစ်နည်းနည်းအားဖြင့် အတ္တကို အခြေပြုထားသည့် ဝါဒများသာ ဖြစ်သောကြောင့် အခြေခံ မစင်ကြယ်သည့် မဇ္ဈိမပဋိပဒါနှင့် ဝိဘဇ္ဇ အတုအယောင်ဝါဒများသာ ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းဝါဒများကို ရှောင်ကြဉ်နိုင်ရေးအတွက် သတိပေးသည့်အနေဖြင့် ဖော်ပြထားခြင်း ဖြစ်ပါသည်။ အတုနှင့် အစစ်ကို ခွဲခြားသိနိုင်ရန် ဖြစ်ပါသည်။

## ပမာဏများ

ပမာဏ ဆိုသည်မှာ မှန်ကန်သော အသိဉာဏ်ကို ရရာရကြောင်း အဆောက်အထားများ ဖြစ်ပါသည်။ ယင်း အထောက်အထားများကို အိန္ဒိယ ဒဿနကျမ်းများ၌ ဖော်ပြကြပါသည်။ ထိုသို့ ဖော်ပြရာတွင် တစ်ကျမ်းနှင့်တစ်ကျမ်း အယူအဆချင်း မတူညီကြပါ။ သို့ရာတွင် ဖော်ပြထားသည့် ပမာဏများ အားလုံးကို ပေါင်းလိုက်လျှင် ပမာဏများ စုစုပေါင်း ကိုးမျိုး ရှိပါသည်။ ယင်းတို့မှာ-



www.burmeseclassic.com

www.burmeseclassic.com



(၁) ပစ္စက္ခ ပမာဏ (ကိုယ်တွေ့သိနည်း)
(၂) အနုမာန ပမာဏ (အဆင်ခြင်သိနည်း)
(၃) ဥပမာန ပမာဏ (နှိုင်းယှဉ်သိနည်း)
(၄) သဒ္ဒ ပမာဏ (စာပေသိနည်း)
(၅) အတ္တာပတ္တိ ပမာဏ (ချင့်ချိန်သိနည်း)
(၆) အနုပလဒ္ဓိ ပမာဏ (အာရုံပြု မရသောအားဖြင့် သိနည်း)
(၇) သမ္ဘဝ ပမာဏ (အလားတူဖြင့် သိနည်း)
(၈) ဧတိဟျ ပမာဏ (ထုံး၊ ဓလေ့ အစဉ်အလာများဖြင့် သိနည်း)
(၉) သစ္ဆိကရဏ ပမာဏ (မျက်မှောက်ပြု သိနည်း)

တို့ ဖြစ်ကြပါသည်။ အဆိုပါ ပမာဏ ကိုးမျိုးအနက် တစ်မျိုးမျိုးသော ပမာဏဖြင့် သိသော အသိကိုသာ မှန်ကန်သော အသိအဖြစ် လက်ခံကြပါသည်။ သို့မဟုတ်ပါက မှန်ကန်သော အသိအဖြစ် လက်မခံကြပေ။ ထို့ကြောင့် အသိရေးရာနှင့် ပတ်သက်၍ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သော ပမာဏများကို အထိုက်အလျောက် သဘောပေါက်နားလည်ရန် လိုအပ်ပါသည်။

**(၁) ပစ္စက္ခ ပမာဏ**

ပစ္စက္ခပမာဏ ဆိုသည်မှာ မျက်စိ၊ နား စသော ဒွါရငါးပါးတို့ ဖြစ်ပါသည်။ ယင်းတို့ကို ဣန္ဒြေငါးပါး ဟူ၍လည်း ခေါ်ပါသည်။ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုကို သိတိုင်း 'မည်သို့ သိသနည်း' ဟူ၍ စူးစမ်းလေ့ ရှိကြပါသည်။ ထိုအခါ မျက်စိဖြင့် ကိုယ်တိုင်မြင်၍ သိသည်။ နားဖြင့် ကိုယ်တိုင်ကြား၍ သိသည် စသည်ဖြင့် ဆိုကြပါသည်။ ထို့ကြောင့် ထိုအသိမျိုးကို တိုက်ရိုက်သိ ဟူ၍လည်းကောင်း၊ ကိုယ်တွေ့သိ ဟူ၍လည်းကောင်း ဆိုကြပါသည်။

ကိုယ်တိုင် မျက်စိဖြင့်မြင်ခြင်း၊ ကိုယ်တိုင် နားဖြင့်ကြားခြင်း စသည်ဖြင့် တစ်စုံတစ်ခုကို သိရသောအခါ ထိုအသိကို မှန်ကန်သော အသိအဖြစ် ယုံကြည်ပါသည်။ အခြားသူများအား ပြောကြားရလျှင်လည်း မှန်ကန်သော အသိအဖြစ် အခိုင်အမာ ရပ်တည်၍ ပြောကြားပါသည်။ ထို့ကြောင့် မျက်စိ၊ နား စသော ဒွါရငါးပါးတို့သည် ခိုင်မာသော၊ မှန်ကန်သော အသိကို ရရာရကြောင်း အထောက်အထားများ အဖြစ် အားလုံးက သံသယကင်းစွာနှင့် ယုံကြည်စွာ လက်ခံကြခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ဤလောကတွင် မိမိ၏မျက်စိ၊ မိမိ၏နား စသည်ကို သံသယရှိသော၊ မယုံကြည်သော ပုဂ္ဂိုလ်များဟူ၍ အလွန်နည်းပါးစွာ ရှိပေလိမ့်မည်။ ထို့ကြောင့် ကိုယ်တွေ့သိသည့် အသိ လောကတွင် ဂိုဏ်းအားလုံးက လက်ခံသောအသိ အမျိုးအစား ဖြစ်ပါသည်။





**(၂) အနုမာန ပမာဏ**

အနုမာနပမာဏ ဆိုသည်မှာ ကြောင်းကျိုးဆက်စပ်နိုင်မှု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အသိအားလုံးကို လက်တွေ့ကြုံခြင်းမှ ရရှိနိုင်သည် မဟုတ်။ လူသားတို့၏ ဘဝသက်တမ်းသည် တိုတောင်းလှပါသည်။ လူသားတို့၏ ပတ်ဝန်းကျင်သည်လည်း ကျဉ်းမြောင်းလှပါသည်။ ထိုမျှ တိုတောင်းသော သက်တမ်းအတွင်း၊ ထိုမျှ ကျဉ်းမြောင်းသော ပတ်ဝန်းကျင်အတွင်း လောကီ လောကုတ္တရာနှင့် ဆိုင်သော၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့်ဆိုင်သော အသိများအားလုံးကို ကိုယ်တွေ့သိ အနေဖြင့် ရနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် မိမိ၏ မျက်စိ၊ နား စသော ဒွါရငါးပါးအပြင် ကြောင်းကျိုး ဆက်စပ်နိုင်မှုကိုလည်း ခိုင်မာသော အထောက်အထားအဖြစ် မလွဲမသွေ လက်ခံရမည်သာ ဖြစ်ပါသည်။

ကြောင်းကျိုးဆက်စပ်နိုင်မှုဆိုသည်မှာ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခဲ့ဖူးသော အတွေ့အကြုံကို မှီရသည်ချည်း ဖြစ်ပါသည်။ ထို့ကြောင့် အတွေ့အကြုံ ကြွယ်ဝလျှင် ကြောင်းကျိုးဆက်စပ်မှု နယ်ပယ်သည် ကျယ်ဝန်းပါသည်။ ကြောင်းကျိုးဆက်စပ်နိုင်မှုနယ်ပယ် ကျယ်ဝန်းသည်နှင့်အမျှ ကြောင်းကျိုးဆက်စပ်သိသည်လည်း များပြားလာမည် ဖြစ်ပါသည်။ ခိုင်မာလာမည် ဖြစ်ပါသည်။ သို့ဖြစ်၍ လူတစ်ဦးနှင့်တစ်ဦး အသိဉာဏ် ကြွယ်ဝပုံချင်း၊ အသိဉာဏ် ခိုင်မာပုံချင်း၊ အသိဉာဏ် ထက်မြက်ပုံချင်း မတူကြသည်မှာ ကြောင်းကျိုးဆက်စပ်နိုင်မှု အင်အားကိုလိုက်၍ မတူကြခြင်း ဖြစ်ပါသည်။ ကြောင်းကျိုး ဆက်စပ်မှုနယ်ပယ် အကျယ်အကျဉ်းကိုလိုက်၍ မတူကြခြင်း ဖြစ်ပါသည်။ အတွေ့အကြုံ ကြွယ်ဝမှုနှင့် ခေါင်းပါးမှုကိုလိုက်၍ မတူကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကြောင်းကျိုးဆင်ခြင်သိသည် အသိလောကတွင် ဂိုဏ်းအများဆုံးက လက်ခံသော ဒုတိယအသိ အမျိုးအစား ဖြစ်ပါသည်။

**(၃) ဥပမာန ပမာဏ**

ဥပမာနပမာဏ ဆိုသည်မှာ နှိုင်းယှဉ်ခြင်း ဖြစ်ပါသည်။ နှိုင်းယှဉ်ခြင်းတွင် ပုံနှိုင်းပြခြင်း၊ အရုပ်ရေးပြခြင်း၊ ပုံစံထုတ်ပြခြင်း စသည်တို့ ပါဝင်ပါသည်။ လူသားတို့ ဘဝအတွက် အသိဉာဏ်မျိုးစုံ လိုအပ်ပါသည်။ [illegible] မျိုးစုံ ရရှိရေးအတွက် ပစ္စက္ခပမာဏနှင့် အနုမာနပမာဏ နှစ်မျိုးဖြင့် [illegible] သည် မဟုတ်ကြောင်း တွေ့ရမည် ဖြစ်ပါသည်။ တစ်စုံတစ်ခုကို သိရာတွင် အမြင်ကြည်လင်စေရန်နှင့် အသိဉာဏ်ရှင်းလင်းရေးအတွက် ဥပမာန ပမာဏကိုလည်း အသုံးပြုရန် လိုအပ်ကြောင်း ပညာရှင်တို့က ဆိုကြပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နှိုင်းယှဉ်ခြင်းသည် အသိပညာအရာ၌ များစွာ အထောက်အကူ ဖြစ်ပါသည်။ သင်ပြရာ၌ ဖြစ်စေ၊ သင်ယူရာ၌ ဖြစ်စေ နှိုင်းယှဉ်ပြခြင်း၊ ပုံဆွဲပြခြင်း၊ အရုပ်ရေးပြခြင်း၊ ပုံစံထုတ်ပြခြင်း စသည်တို့သည် အားလုံးက လက်ခံသော အသိဉာဏ် ရရာရကြောင်း မှန်ကန်သော စနစ်ကောင်း ဖြစ်ပါသည်။ထိုစနစ်ဖြင့် ရရှိသော အသိဉာဏ်ကိုလည်း မှန်ကန်သော အသိဉာဏ်အဖြစ် လက်ခံကြပါသည်။ ထို့ကြောင့်ပင် ဒဿနပညာရှင်များ လောက၌ ဥပမာန ပမာဏကို ပမာဏ တစ်ခုအဖြစ် လက်ခံကြခြင်း ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဥပမာန ပမာဏဖြင့် တိုက်ရိုက်သိ (ပစ္စက္ခဉာဏ်) နှင့် ကြောင်းကျိုးဆင်ခြင်သိ (အနုမာန ဉာဏ်) တို့ကို ထက်မြက်စေသောကြောင့် ဖြစ်ပါသည်။

BURMESE CLASSIC .com

### (၄) သဒ္ဒပမာဏ

သဒ္ဒပမာဏ ဆိုသည်မှာ စာပေကျမ်းဂန်များနှင့် ပညာရှိတို့၏ အဆိုအမိန့်များ ဖြစ်ပါသည်။ လူတို့သည် အားလုံး မှန်ကန်စွာ သိနိုင်သော ပညာရှိချည်းများ မဟုတ်ကြပါချေ။ ထို့ကြောင့် အလွယ်တကူ ရနိုင်သော၊ စိတ်ချလက်ချ ယုံကြည်နိုင်သော စာပေကျမ်းဂန်များနှင့် ပညာရှိတို့၏ အဆိုအမိန့်များကို အားကိုးကြခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ယနေ့ခေတ် လူသားတို့၏ အသိဉာဏ်များတွင် စာပေကျမ်းဂန်သိနှင့် ပညာရှိတို့၏ အဆိုအမိန့်သိတို့က အရေအတွက်အားဖြင့် များစွာ ပါဝင်ပါသည်။ ထို့ကြောင့် သဒ္ဒပမာဏသိကို ရရှိနိုင်ရန် တက္ကသိုလ်များ၊ ကျောင်းများ၊ သင်တန်းများကို ဖွင့်လှစ်တည်ထောင်ခြင်း ဖြစ်ပါသည်။ စာပေများကို ရေးသားဖြန့်ချိခြင်း ဖြစ်ပါသည်။ စာကြည့်တိုက်များကို ဖွင့်လှစ်ပေးခြင်း ဖြစ်ပါသည်။

စာပေသိ (သဒ္ဒဉာဏ်) သည် တိုက်ရိုက်သိ (ပစ္စက္ခဉာဏ်) နှင့် ဆင်ခြင်သိ (အနုမာနဉာဏ်)တို့အား များစွာ အထောက်အကူ ပြုပါသည်။ ထိုအဆိုမှာ အငြင်းပွားဖွယ် မရှိသောအဆို ဖြစ်ပါသည်။ အမှန်အားဖြင့် အသိလောက၌ ကိုယ်တွေ့ကြုံနိုင်သော အသိမျိုးလည်း ရှိ၏။ ဆင်ခြင်ခြင်းဖြင့် ယူနိုင်သော အသိမျိုးလည်း ရှိ၏။ ထို့အပြင် ထိုအသိ နှစ်မျိုးမှတစ်ပါး အခြားအရေးကြီးသော အသိတစ်မျိုးလည်း ရှိသေး၏။ ယင်းအသိမျိုးကား ဤသဒ္ဒပမာဏဖြင့် ရရှိသော အသိမျိုးသာ ဖြစ်ပါသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည် 'လ' ပေါ်သို့လည်း ကိုယ်တိုင် ကိုယ်ကျ မတက်ရောက်နိုင်သဖြင့် 'လ' နှင့် ပတ်သက်၍ ကိုယ်တွေ့သိကိုလည်း ရယူနိုင်ခွင့် မရှိ။ သိပ္ပံပညာရှင် မဟုတ်သဖြင့် 'လ' သို့ တက်ရောက်မှုနှင့် ပတ်သက်၍ ကြောင်းကျိုးဆင်ခြင်နိုင်မှုလည်း မရှိ။ ထိုကဲ့သို့သော အခါသမယ





မျိုးတွင် သိပ္ပံပညာရှင်တို့၏ အဆိုအမိန့်များကို အားကိုးရပါသည်။ 'လ' နှင့် ပတ်သက်၍ သိလိုလျှင် သိပ္ပံပညာရှင်တို့၏ အဆိုအမိန့်များကို လက်ခံယုံကြည်ရုံမှတစ်ပါး အခြားနည်း မရှိတော့ပါချေ။ ထို့ကြောင့် သဒ္ဒပမာဏသိသည် လူ့ဘဝ အတွက် များစွာ အရေးကြီးသဖြင့် စာပေကျမ်းဂန်များနှင့် ပညာရှင်တို့၏ အဆိုအမိန့်များကို သဒ္ဒပမာဏဖြင့် ယုံကြည်လက်ခံထားကြခြင်း ဖြစ်ပါသည်။

### (၅) အတ္ထာပတ္တိ ပမာဏ

အတ္ထာပတ္တိပမာဏ ဆိုသည်မှာ အခြေအနေ အရပ်ရပ်ကို ချင့်ချိန်တွက်ဆခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ ပမာဏချင်း ဆန့်ကျင်သယောင် ရှိပါသည်။ ထိုအခါ အတ္ထာပတ္တိပမာဏ၏ အကူအညီကို ယူ၍ ချင့်ချိန်တွက်ဆ ရပါသည်. ပမာဏ ချင်း ညှိရပါသည်။ ထိုအခါမှသာ မှန်ကန်သော အသိဉာဏ်ကို ရရှိနိုင်ပါသည်။ ဥပမာအားဖြင့် 'ဒေဝဒတ်သည် နေ့၌ အစာ လုံးဝမစား'။ ဤအဆိုသည် သဒ္ဒပမာဏ ဖြစ်ပါသည်။ သို့ရာတွင် ဒေဝဒတ်သည် ဝဖြိုးလျက် ရှိသည်။ ဒေဝဒတ် ဝဖြိုးခြင်းသည် ပစ္စက္ခပမာဏဖြစ်သည်။ အစာစားလျှင် ဝဖြိုး၏။ အစာ မစားလျှင် ပိန်ကြုံ၏။ ဤသည်မှာ အနုမာနပမာဏ ဖြစ်သည်။ အနုမာနပမာဏကို အခြေတည်၍ စဉ်းစားလျှင် နေ့၌ အစာမစားခြင်းနှင့် ဒေဝဒတ် ဝဖြိုးခြင်းသည် အချင်းချင်း ဆန့်ကျင်သယောင်ရှိသော အဆိုများ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် သဒ္ဒပမာဏနှင့် ပစ္စက္ခပမာဏတို့သည် အချင်းချင်း ဆန့်ကျင်သယောင် ရှိပါသည်။ ထို့ကြောင့် ဆန့်ကျင်သယောင်ရှိသော အဆို နှစ်မျိုးနှင့် ပမာဏ နှစ်မျိုးကို ညှိလိုက် သောအခါ "ဒေဝဒတ်သည် ညဉ့်၌ အစာစားသည်။ သို့ဖြစ်၍ ဒေဝဒတ် ဝဖြိုးလျက်ရှိသည်" ဤသို့ အဖြောင့်အဓိပ္ပာယ်ကို ရပါသည်။ အဖြောင့် အဓိပ္ပာယ်ကို ရအောင် ညှိနှိုင်းခြင်းသည် အတ္ထာပတ္တိပမာဏ မည်၏။

ဤလောက၌ အဖြောင့်အဓိပ္ပာယ်ကို ရအောင် ညှိနှိုင်းရသော အဆိုများ (ဝါ) ပမာဏများ များစွာ ရှိပါသည်။ ယင်းတို့ကို အနုမာနပမာဏဖြင့် စိစစ်လျှင် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်ပါသည်။ အတ္ထာပတ္တိပမာဏဖြင့် စိစစ်လျှင် အချင်းချင်း အလျော်ဖြစ်ပါသည်။ ထို့ကြောင့် အနုမာနပမာဏနှင့် အတ္ထာပတ္တိ ပမာဏတို့သည် အမှန်တရားတစ်ခု၏ မျက်နှာပြင် နှစ်ခုသဖွယ် ဖြစ်ပါသည်။ ဒေဝဒတ်သည် နေ့၌ မစားဘဲလျက် ဝဖြိုးသည် ဆိုခြင်းမှာလည်း မှန်ပါသည်။ ဒေဝဒတ်သည် ညဉ့်၌ စားလျက် ဝဖြိုးသည် ဆိုခြင်းမှာလည်း မှန်ပါသည်။ သို့ဖြစ်၍ အမှန်တရားတစ်ခုကို ရှာဖွေသောအခါ အတ္ထာပတ္တိပမာဏကိုလည်း အသုံးပြုအပ်ပါသည်။ ဆိုင်ရာ ပမာဏများအပေါ် အခြေတည်၍ အဆိုများ



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ပမာဏများကို အနုမာနပမာဏဖြင့် စိစစ်သောအခါ အချင်းချင်း ဆန့်ကျင်တိုင်း အတ္တာပတ္တိပမာဏ၏ အကူအညီဖြင့် ဖြေဖြောင့်ယူရပါသည်။ ညှိယူရပါသည်။ မှန်ကန်သော အဆိုဖြစ်လျှင် အတ္တာပတ္တိပမာဏဖြင့် ဖြေဖြောင့်၍ရရှိးဖြစ်ပါသည်။

## (၆) အနုပလဒ္ဓိ ပမာဏ

အနုပလဒ္ဓိပမာဏ ဆိုသည်မှာ အခြားသော ပမာဏများဖြင့် အာရုံပြု၍ မရခြင်း၊ မသိခြင်း ဖြစ်ပါသည်။ ထိုအခါ 'မရှိ' ဟူ၍လည်းကောင်း၊ 'မသိ' ဟူ၍လည်းကောင်း ဆိုကြပါသည်။ ပမာဏ ကိုးမျိုးအနက် ရှစ်မျိုးသည် 'ရှိ၊ ဖြစ်' ဟူသော ဘာဝသဘောကို ဖော်ပြ၍ ကျန်အနုပလဒ္ဓိပမာဏ တစ်မျိုးသည် 'မရှိ၊ မဖြစ်' ဟူသော အဘာဝသဘောကို ဖော်ပြပါသည်။ အဘာဝသဘောကို ဖော်ပြသည့်အတိုင်း 'မရှိခြင်း'၊ 'မဖြစ်ခြင်း' ကို သိရာသိကြောင်း ဖြစ်သောနည်းသည် အနုပလဒ္ဓိပမာဏ မည်ပါသည်။ ထို့ကြောင့် အနုပလဒ္ဓိ ပမာဏသည်လည်း ခိုင်မာသော ပမာဏတစ်မျိုး ဖြစ်ပါသည်။ ထိုပမာဏဖြင့် သိသော အသိသည်လည်း မှန်ကန်သည့်အသိ ဖြစ်ပါသည်။

ဤလောကတွင် သိခြင်းနှင့် မသိခြင်းဟူ၍ နှစ်မျိုးရှိပါသည်။ သိခြင်းသည် အသိနယ်ပယ်၌ တိုက်ရိုက်ဝင်နေသဖြင့် တစ်စုံတစ်ရာ ငြင်းခုံရန် မရှိပါ။ မသိခြင်းကား အမည်ဝေါဟာရအရပင် အသိဉာဏ်နယ်ပယ်၌ တိုက်ရိုက်မဝင်သဖြင့် ငြင်းခုံရန် များစွာရှိပါသည်။ သို့ရာတွင် မသိခြင်းသည်လည်း အသိနယ်ပယ်၌ ဆန့်ကျင်ဘက်အသွင်ဖြင့် တိုက်ရိုက်ဝင်ပါသည်။ ထို့ကြောင့် မသိခြင်း ဆိုသည်မှာ--

(၁) အမှန်အတိုင်း မသိခြင်း၊

(၂) အမှားကို သိခြင်း၊

(၃) အသိဉာဏ် လုံးဝ မဖြစ်ခြင်း

ဟူ၍ သုံးမျိုးရှိကြောင်း ဆိုကြပါသည်။ ဤနေရာ၌ ဒဿနပညာရှင်တို့၏ ဝေါဟာရကို ယူ၍ သုံးရပါလျှင် အမှန်အတိုင်း မသိခြင်းကို **ဝိပဋိပတ္တိ** ဟူ၍လည်းကောင်း၊ အမှားကို သိခြင်းကို **မိစ္ဆာပဋိပတ္တိ** ဟူ၍လည်းကောင်း၊ အသိဉာဏ် လုံးဝ မဖြစ်ခြင်းကို **အပဋိပတ္တိ** ဟူ၍လည်းကောင်း ဆိုကြပါသည်။ သို့ရာတွင် မည်သို့ဆိုစေ မသိခြင်းဆိုသည်မှာ အနုပလဒ္ဓိပမာဏဖြင့် အဘာဝသဘောကို သိခြင်းပင် ဖြစ်၍ အသိနယ်ပယ်၌ တိုက်ရိုက်ပါဝင်ပါသည်။ သို့ ပါဝင်နေသဖြင့်သာ အနုပလဒ္ဓိ ပမာဏကိုလည်း မှန်ကန်သော အသိဉာဏ်ရရေးအတွက်





ခိုင်မာသော ပမာဏ တစ်မျိုးအဖြစ် လက်ခံ သတ်မှတ်ကြခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ 'မသိခြင်း' ဟူသည် အဘာဝရှုထောင့်မှ 'သိခြင်း' တစ်မျိုးပင် ဖြစ်ပါသည်။

## (၇) သမ္ဘဝ ပမာဏ

သမ္ဘဝပမာဏ ဆိုသည်မှာ အလားတူဖြစ်ရပ်များ ဖြစ်ပါသည်။ ဤလောကတွင် ဖော်ပြပါ ပမာဏများဖြင့် မသိနိုင်သော ဖြစ်ရပ်များ များစွာရှိပါသည်။ ထိုဖြစ်ရပ်များနှင့် ကြုံတွေ့သောအခါ မည်သို့ ဆုံးဖြတ်ရမှန်း မသိဘဲ ရှိကြပါသည်။ ထိုအခါ ထိုဖြစ်ရပ်များနှင့် အလားတူသော ဖြစ်ရပ်များကို ရှာဖွေကြပါသည်။ ထိုသို့ ရှာဖွေသည့်အတိုင်း အလားတူ ဖြစ်ရပ်များကို တွေ့ရှိသောအခါ ထိုအလားတူ ဖြစ်ရပ်အတိုင်း လက်ရှိ ကြုံတွေ့နေရသော ဖြစ်ရပ်၏ အကျိုးအကြောင်း၊ အဆိုးအကောင်းနှင့် သဘောလက္ခဏာကို ဆုံးဖြတ်ကြပါသည်။ ထို့ကြောင့် အလားတူ ဖြစ်ရပ်များကို မှန်ကန်သော အသိဉာဏ် ရရာရကြောင်းအဖြစ် လက်ခံယုံကြည်ကြခြင်း ဖြစ်ပါသည်။

အလားတူ ဖြစ်ရပ်များကို ကိုးကား၍ လက်ရှိတွေ့ကြုံနေရသော ဖြစ်ရပ်များ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုဖော်ပြသောအခါ ပရိသတ်က လက်ခံကြပါသည်။ ထိုသို့ လက်ခံကြခြင်းသည် အလားတူ ဖြစ်ရပ်များ၏ ခိုင်မာမှုကို လက်ခံသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အလားတူ ဖြစ်ရပ်များဖြင့် သိရသော အသိကိုလည်း အသိနယ်ပယ်၌ မှန်ကန်သော အသိအဖြစ် လက်ခံ၍ အလားတူ ဖြစ်ရပ်များကိုလည်း ပမာဏနယ်ပယ်၌ ခိုင်မာသော အထောက်အထားများအဖြစ် လက်ခံကြခြင်း ဖြစ်ပါသည်။

## (၈) ဧတိဟျ ပမာဏ

ဧတိဟျပမာဏ ဆိုသည်မှာ လူမျိုးအလိုက် လက်ခံယုံကြည်ထားသော ထုံးစံများ၊ ဓလေ့များ၊ အစဉ်အလာများ ဖြစ်ပါသည်။ ဤလောကတွင် အခြားသော ပမာဏများဖြင့် စံထိုး၍မရသော ဖြစ်ရပ်များ များစွာ ရှိကြပါသည်။ ထိုဖြစ်ရပ်မျိုးနှင့် ကြုံတွေ့သောအခါ မိမိတို့ လက်ခံ ယုံကြည်ထားသော ထုံးစံများ၊ ဓလေ့များ၊ အစဉ်အလာများ ရှိပြီးဖြစ်နေပါက လက်ရှိကြုံတွေ့နေရသော ဖြစ်ရပ်များကို မိမိတို့ လက်ခံ ယုံကြည်ထားသည့် ထုံးစံများ၊ ဓလေ့များ၊ အစဉ်အလာများအတိုင်း လက်ခံကြပါသည်။ ယုံကြည်ကြပါသည်။ သိကြပါသည်။ ထို့ကြောင့် လူမျိုးအလိုက် လက်ခံယုံကြည်ထားသော ထုံးစံများ၊ ဓလေ့များ၊ အစဉ်အလာများကို

www.burmeseclassic.com



မှန်ကန်သောအသိဉာဏ် ရရာရကြောင်း နည်းလမ်းကောင်းများအဖြစ် စာပေတွင် မှတ်တမ်းတင်ကြခြင်း ဖြစ်ပါသည်။

လက်ရှိတွေ့ကြုံနေရသော ဖြစ်ရပ်များ၏ အနက်အဓိပ္ပာယ်ကို မိမိတို့ လက်ခံယုံကြည်ထားသော ထုံးစံများ၊ ဓလေ့များ၊ အစဉ်အလာများဖြင့် ကိုးကား၍ တင်ပြသောအခါ ပရိသတ်က လက်ခံကြပါသည်။ ယုံကြည်ကြပါသည်။ ထိုသို့ လက်ခံ ယုံကြည်ခြင်းသည် လူမျိုးအလိုက် လက်ခံယုံကြည်ထားသော ထုံးစံများ ဓလေ့များ၊ ရိုးရာယဉ်ကျေးမှုများ၊ ရိုးရာအစဉ်အလာများ၏ ခိုင်မာမှုကို လက်ခံ ယုံကြည်ပြီးဖြစ်သောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ လူမျိုးအလိုက် လက်ခံ ယုံကြည်ထားသော ထုံးစံများ၊ အစဉ်အလာများ၊ ရိုးရာယဉ်ကျေးမှုများကို အထောက်အထားပြု၍ သိရသော အသိကိုလည်း အသိနယ်ပယ်၌ မှန်ကန်သော အသိအဖြစ် လက်ခံ၍ ယင်းထုံးစံ စသည်များကိုလည်း ပမာဏနယ်ပယ်၌ ခိုင်မာသောပမာဏ တစ်မျိုးအဖြစ် လက်ခံယုံကြည်ကြခြင်း ဖြစ်ပါသည်။

BURMESE CLASSIC .com

### (၉) သန္တိကရဏ ပမာဏ

သန္တိကရဏပမာဏ ဆိုသည်မှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်ပါသည်။ ယင်းဖြင့်သာ နိဗ္ဗာန်ကို တိုက်ရိုက် သိနိုင်ပါသည်။ အခြားပမာဏများဖြင့် နိဗ္ဗာန်ကို တိုက်ရိုက် မသိနိုင်ပါ။ ထို့ပြင် ဈာန်အဘိဉာဏ် သမာဓိများကိုလည်း သန္တိကရဏ ပမာဏ၌ ထည့်သွင်း ရေတွက်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထူးဆန်းသော တန်ခိုး ဣဒ္ဓိကို ယင်းသမာဓိများဖြင့် တိုက်ရိုက် တွေ့ကြုံနိုင်သောကြောင့် ဖြစ်ပါသည်။



## နိဂုံး

လူသားသည် အားငယ်တတ်သော၊ ကြောက်လန့်တတ်သော သတ္တဝါတစ်မျိုး ဖြစ်ပါသည်။ အားငယ်ခြင်း၊ ကြောက်လန့်ခြင်းဆိုသည်မှာ ရာဂ မကင်းမှု၊ ဒေါသ မကင်းမှု၊ မောဟ မကင်းမှုတို့ကြောင့် ဖြစ်ပေါ်ရကား အကုသိုလ်သဘော ရှိပါသည်။ အကုသိုလ်သဘောသည် အရိယာ မဖြစ်သေးသရွေ့ ကာလပတ်လုံး လူသားတို့၏ နှလုံးအိမ်၌ ကိန်းနေကြမည် ဖြစ်ပါသည်။ ထိုအခါ မိမိတို့ အားထား ကိုးကွယ်ရာကို မိမိတို့ဉာဏ် သက်ဝင်သလို ရှာဖွေခဲ့ကြပါသည်။ လူ့သမိုင်း အစအဦး၌ သဘာဝ ရေ၊ မြေ၊ တော၊ တောင်တို့ကို ကိုးကွယ်ခဲ့ကြပါသည်။ ထိုသဘောကို ပိဋကတ်တော်၌ ဤသို့ ဖော်ပြထားပါသည်။

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

(ဓမ္မပဒ-၁၄၊ ၁၈၈)

ဘယတဇ္ဇိတာ၊ ဘေးဘျမ်းတို့၏ ခြောက်လှန့်ခြင်းကို ခံရကုန်သော၊ မနုဿာ၊ လူတို့သည်။ ဝေ၊ စင်စစ်အားဖြင့်။ ဗဟုံ၊ များစွာသော၊ သရဏံ၊ ကိုးကွယ်ယုံကြည်မှုသို့။ ယန္တိ၊ ရောက်ကြကုန်၏။ ပဗ္ဗတာနိ စ၊ တောင်တို့ ကိုလည်းကောင်း။ ဝနာနိ စ၊ တောတို့ကိုလည်းကောင်း။ အာရာမရုက္ခ စေတျာနိ စ၊ အာရာမ်များ –သစ်ပင်များ– စေတီများကို လည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ယန္တိ၊ ဆည်းကပ်ကြကုန်၏။

ဤသည်မှာ သမိုင်းဦးခေတ်၏ ကိုးကွယ်ယုံကြည်မှု ဖြစ်ပါသည်။ ထို့နောက် လူသားတို့သည် မိမိတို့၏ အမြင် (ဒိဋ္ဌိ)၊ မိမိတို့၏ ယုံကြည်မှု (သဒ္ဓါ)



www.burmeseclassic.com

www.burmeseclassic.com



နှင့် မိမိတို့၏ အသက်သွင်းမှု (စေတနာ) အရ ကိုးကွယ်ယုံကြည်မှု အမျိုးမျိုးကို ဆည်းကပ်ခဲ့ကြရာ ဝေဒခေတ်သို့ ရောက်ခဲ့ပါသည်။ ဝေဒခေတ်တွင် နတ်အမျိုးမျိုးကို ကိုးကွယ်ဆည်းကပ်ပါသည်။ ဝေဒခေတ်တွင် နတ်အမျိုးမျိုးကို ကိုးကွယ်ဆည်းကပ်ကြရာတွင် ရိုးရိုးပူဇော်မှုကိုသာ အသုံးပြုခဲ့ ကြပါသည်။

နတ်အမျိုးမျိုးကို ကိုးကွယ်ဆည်းကပ်ကြရာ၌ ရိုးရိုးပူဇော်မှုဖြင့် မိမိတို့ တောင့်တအပ်သော ချမ်းသာသုခကို မရနိုင်ကြောင်း တွေ့ကြပါသည်။ ထိုအခါ ခမ်းနားကြီးကျယ်သော ပူဇော်မှုသို့ ပြောင်း၍ ကိုးကွယ်ဆည်းကပ်ကြပြန်ပါသည်။ ခမ်းနားကြီးကျယ်သော ပူဇော်မှုခေတ်ကို ဗြာဟ္မဏခေတ်ဟု ခေါ်ပါသည်။

ခမ်းနားကြီးကျယ်စွာ ငွေကုန်လူပန်းခံ၍ နတ်များကို ကိုးကွယ်ဆည်းကပ်သော်လည်း မိမိတို့မျှော်လင့်သော ချမ်းသာသုခကို မရနိုင်ကြပါပေ။ ထိုအခါ တောသို့ဝင်၍ တရားများကို ရှာခဲ့ကြပါသည်။ တရားကိုရှာရင်း မိမိတို့၏ မိရိုးဖလာ ကိုးကွယ်မှုကိုလည်း မစွန့်နိုင်ကြသဖြင့် ယဇ်ပူဇော်မှုနှင့် သမထဘာဝနာ ပွားများမှုကို ထပ်တူပြု၍ တရားရှာကြပါသည်။ ဥပမာ အဿမေဓခေါ် မြင်းယဇ်ကို ပူဇော်သည့်အနေဖြင့် အာကာသကို မြင်းခေါင်းအဖြစ် လည်းကောင်း၊ နေမင်းကို မြင်း၏မျက်လုံးအဖြစ် လည်းကောင်း၊ လေကို မြင်း၏အသက်အဖြစ် လည်းကောင်း၊ ပထဝီကို မြင်း၏ကိုယ်ထည်အဖြစ် လည်းကောင်း ဤသို့ စသည်ဖြင့် သမထအာရုံနှင့် ယဇ်ပူဇော်မှုကို တစ်သားတည်း ပြုခဲ့ကြပါသည်။ ဤသို့ တစ်သားတည်းပြုခြင်းမှာ သမာဓိကို ထူထောင်သည့်သဘော ဖြစ်ပါသည်။ သမာဓိအားပြည့်အောင် ထူထောင်၍ 'အပ္ပနာ' ခေါ် ဈာန်အဆင့်သို့ ရောက်သောအခါ ယဇ်ပူဇော်မှုနှင့် အာရုံသည် တစ်သားတည်း ဖြစ်သွားပါသည်။ ပထဝီ ပထဝီဟူ၍ စီးဖြန်းပါ များသောအခါ မိမိအာရုံပြုရာ အရာအားလုံးသည် ပထဝီချည်း ဖြစ်သွားပါသည်။ ရေကို ပထဝီအဖြစ် အာရုံပြုလျှင်လည်း ရေသည် ပထဝီဖြစ်သွားပါသည်။ ရေသည် ပထဝီကဲ့သို့ မာကြော၍ လမ်းလျှောက်သွားနိုင်ပါသည်။ ပထဝီကို ရေအဖြစ် အာရုံပြုလျှင်လည်း ပထဝီသည် ရေဖြစ်သွားပါသည်။ ရေကဲ့သို့ ငုပ်၍ ကူး၍ ရပါသည်။ ဤသည်ကို ဈာန်အဘိညာဉ်ဟု ခေါ်ပါသည်။ ဈာန်အဘိညာဉ်သည် အာရဏျကခေတ်၌ ပေါ်ထွန်းခဲ့ပါသည်။ တော၌ ယဇ်ပူဇော်မှုဖြင့် သမထဘာဝနာ စီးဖြန်းခြင်းကို တစ်သားတည်းပြုသော ခေတ်သည် အာရဏျကခေတ် ဖြစ်ပါသည်။ ဤ အာရဏျကခေတ်၌ ဗြဟ္မာကို သိခဲ့ကြပါသည်။

အာရဏျကခေတ်၌ သမာဓိစွမ်းဟုန်ကြောင့် အရာရာတိုင်းကို မိမိအလိုရှိရာ အာရုံနှင့် တစ်သားတည်း ပြုနိုင်သောအခါ ဗြဟ္မာကို တွေ့သည်ဟု ဆိုပါသည်။ ဆိုလိုသည်မှာ အရာရာတိုင်းသည် ဗြဟ္မာဖြစ်ပါသည်။ ဝေဒခေတ်၊ ဗြာဟ္မဏခေတ်





တို့၌ တွေ့ခဲ့ရသော နတ်အမျိုးမျိုးသည် မိမိတို့ဘာသာမိမိတို့ ရုပ်တည်နိုင်သော နတ်များ မဟုတ်တော့ဘဲ ဗြဟ္မာ၏ အစိတ်အပိုင်းများ ဖြစ်လာပါသည်။ နောက်ဆုံး အရှိတရားမှာ ဗြဟ္မာဖြစ်ပါသည်။ ဤအာရဏျကခေတ်၏ တရားအားထုတ်နည်းအရ ဗြဟ္မာကို သိရှိခဲ့ရသော်လည်း မိမိတို့ တောင့်တသော ချမ်းသာသုခကို မရနိုင်ခဲ့ပါ။ မိမိတို့ တောင့်တသော ချမ်းသာသုခဆိုသည်မှာ မအိုခြင်း၊ မနာခြင်း၊ မသေခြင်း ဖြစ်ပါသည်။ မအိုခြင်း၊ မနာခြင်း၊ မသေခြင်းကို ရရှိရန်မှာ မိမိကိုယ်တိုင် ထာဝစဉ် ဗြဟ္မာဖြစ်နေရန် လိုအပ်ပါသည်။ ထို့ကြောင့် အရာရာတိုင်းကို အာရုံမပြုတော့ဘဲ၊ အရာရာတိုင်းကို အရှိတရားအဖြစ် မသတ်မှတ်တော့ဘဲ မိမိအဇ္ဈတ္တကို အာရုံပြုလာပါသည်။ ထိုအခါ မိမိ၏အတ္တကို တွေ့လာပါသည်။ မိမိ၏အတ္တသည် ဗြဟ္မာ၊ ဗြဟ္မာသည် မိမိ၏အတ္တ၊ အတ္တနှင့် ဗြဟ္မာသည် တစ်ခုတည်း။ ယင်းသည်သာ အရှိတရား၊ အခြားသော သက်ရှိသက်မဲ့အားလုံးသည် အထင်တရားများ ဖြစ်သည်။ ဤသို့ သဘောပေါက်ခဲ့ပါသည်။ အတ္တနှင့်ဗြဟ္မာကို တစ်ခုတည်းအဖြစ် သိသောခေတ်ကို ဥပနိသျှဒ်ခေတ်ဟု ခေါ်ပါသည်။ ဥပနိသျှဒ်ခေတ်တွင် အတ္တကို တွေ့ခဲ့ပါသည်။

ဥပနိသျှဒ်ခေတ်တွင် အတ္တကို တွေ့သော်လည်း လူတို့သည် မိမိတို့ တောင့်တသော ချမ်းသာသုခကို မရနိုင်ခဲ့။ ထိုအခါ သမထဘာဝနာ ပွားများမှုကို အလေးမထားတော့ဘဲ 'တပ' ခေါ် ပြင်းထန်သောအကျင့်ကို ကျင့်ခဲ့ပါသည်။ ပြင်းထန်သော အကျင့်ကို ကျင့်သောခေတ်သည် တိတ္ထိယခေတ် ဖြစ်ပါသည်။ တိတ္ထိယခေတ်ကို ကျော်လွန်သောအခါ ဗုဒ္ဓခေတ်သို့ ရောက်လာမည် ဖြစ်ပါသည်။

ပြင်းထန်သော အကျင့်ကို ကျင့်သော်လည်း လူတို့သည် မိမိတို့ မျှော်လင့်ထားသော မသေခြင်းတရားကို မတွေ့နိုင်သောအခါ ပြင်းထန်သော 'တပ' အကျင့်ကို စွန့်လွှတ်လိုက်ပါသည်။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဝေဒခေတ်မှ ဥပနိသျှဒ်ခေတ်အထိ ကာလအတွင်း ပေါ်ပေါက်ခဲ့သော ကျင့်စဉ်များကို အစွန်းတစ်ဖက်ရောက် ကာမသုခလ္လိကာနုယောဂ ကျင့်စဉ်အဖြစ်လည်းကောင်း၊ တိတ္ထိယခေတ်အတွင်း ပေါ်ပေါက်ခဲ့သော 'တပ' ကျင့်စဉ်များကို အစွန်းတစ်ဖက်ရောက် အတ္တကိလမထာနုယောဂ ကျင့်စဉ်အဖြစ်လည်းကောင်း သတ်မှတ်ပြီး ပယ်စွန့်လိုက်ပါသည်။ ကျင့်စဉ် နှစ်မျိုးလုံးသည် အသွင်တစ်မျိုးမျိုးဖြင့် အတ္တဝါဒ၌ အခြေတည်ပါသည်။ သို့ဖြစ်၍သာ ယင်းကျင့်စဉ် နှစ်မျိုးဖြင့် မအိုရာ၊ မနာရာ၊ မသေရာ ဖြစ်သော အမြိုက်နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ခြင်း ဖြစ်ပါသည်။

အစွန်းတစ်ဖက်ရောက် ကျင့်စဉ် နှစ်မျိုးကို ပယ်စွန့်ပြီးနောက် အနတ္တဝါဒ၌ အခြေတည်၍ မဇ္ဈိမပဋိပဒါခေါ် ဝိပဿနာကျင့်စဉ်ကို ကျင့်သုံးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာကျင့်စဉ်ကို ကျင့်သုံးခြင်းအားဖြင့် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူပြီးနောက် သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ အမှန်အားဖြင့် ဝိပဿနာကျင့်စဉ်သည်သာ မအိုရာ မနာရာ၊ မသေရာ ဖြစ်သော အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုစေ နိုင်ခဲ့ပါသည်။ ဝိပဿနာကျင့်စဉ်ဟူသည် ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာသော အခါ၌သာ ထင်ရှားလာသည့်ကျင့်စဉ် ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓခေတ်၌သာ ဝိပဿနာ ကျင့်စဉ်ကို ရကောင်းသောကြောင့် ဝိပဿနာ ဘာဝနာခေတ်ကို ဗုဒ္ဓခေတ်ဟု ခေါ်ပါသည်။ ဤနေရာ၌ ပစ္စေကဗုဒ္ဓါများသည်လည်း ဝိပဿနာ ဘာဝနာကိုသာ ကျင့်သုံးရသောကြောင့် ယင်းတို့၏ ခေတ်ကိုလည်း ဗုဒ္ဓခေတ်၌ပင် ထည့်သွင်း ရေတွက်နိုင်ပါသည်။

ဗုဒ္ဓခေတ် မတိုင်မီကာလ၌ ကာမာဝစရကုသိုလ် ကျင့်စဉ်များနှင့် သမထ ဘာဝနာကျင့်စဉ်များ ရှိသည်မှာ မှန်ပါ၏။ သို့ရာတွင် ထိုကျင့်စဉ်များသည် သံသရာလည်ရေးသို့ ရှေးရှုသည့် **အတ္တဝါဒကျင့်စဉ်** (ဝဋ္ဋာဘိမုခ) များသာ ဖြစ်ပါ သည်။ ထို့ကြောင့် ထိုကျင့်စဉ်များကို ဗုဒ္ဓခေတ်ရှိ ထည့်သွင်းရေတွက်ခြင်း မပြုဘဲ သံသရာမှ ထွက်မြောက်ရေးသို့ ရှေးရှုသည့် အနတ္တဝါဒကျင့်စဉ်ဖြစ်သော ကာမာ ဝစရ ကုသိုလ်ကျင့်စဉ်နှင့် သမထဘာဝနာကျင့်စဉ် (ဝိဝဋ္ဋာဘိမုခ) တို့ကို ဗုဒ္ဓ ခေတ်၌ ထည့်သွင်းရေတွက်ပါသည်။ ကာမာဝစရ ကုသိုလ်ကျင့်စဉ်များနှင့် သမထ ဘာဝနာကျင့်စဉ်များကို ဗုဒ္ဓ၏ အလိုတော်ကျအတိုင်း ကျင့်သုံးမည်ဆိုလျှင် သံသရာမှ ထွက်မြောက်ရေးသို့ ရှေးရှုရန် လိုအပ်ပါသည်။ သို့မှသာ ဗုဒ္ဓခေတ် ကျင့်စဉ်များ ဟူသော အမည်ကို ခံယူနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် အထွေထွေ ဗဟုသုတအနေဖြင့် သိထားရန် လောကအမြင်များ၊ အယူဝါဒများနှင့် ပမာဏများ ရှိကြပါသည်။ ယင်းတို့သည် ဗုဒ္ဓခေတ် မတိုင်မီ ကာလအတွက်လည်း အသုံးဝင်ပါသည်။ ဗုဒ္ဓခေတ်အတွက်လည်း အသုံးဝင်ပါ သည်။ သို့ရာတွင် ဗုဒ္ဓခေတ်အတွက်သာ ဗုဒ္ဓ၏ သွန်သင်ချက်အတိုင်း အနတ္တဝါဒ ရှုထောင့်မှ အသုံးပြုရန် ဖြစ်ပါသည်။

ဤမျှသော စကားစဉ်များဖြင့် **“အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်”** စာအုပ်သည် ပြီးဆုံးခြင်းသို့ ရောက်ပါသည်။ ဤစာအုပ်၏ အခြေခံအကျဆုံးသော အနက်မှာ *‘စစ်မှန်သော ချမ်းသာသုခကို ရရှိရေးအတွက် အမြင်များ၊ အယူဝါဒများ၊ ပမာဏများနှင့် ကျင့်စဉ်များကို အနတ္တဝါဒရှုထောင့်မှ သုံးသပ်၍ မဇ္ဈိမ ပဋိပဒါကျင့်စဉ်အရ အသုံးချသင့်ပါကြောင်းနှင့် ထိုကဲ့သို့ အသုံးချမှသာ စစ်မှန် သော ချမ်းသာသုခကို မလွဲမသွေ ရနိုင်မည် ဖြစ်ကြောင်း’* ဟူ၍ ဖြစ်ပါသတည်း။

■



## ကျမ်းကိုးစာရင်း


(က) ပါဠိစာပေများ

(၁) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ
(၂) မြန်မာပြန် ပိဋကတ်တော်များ

(ခ) မြန်မာစာပေများ

(၁) ဝိပဿနာရှုနည်းကျမ်း–မဟာစည်ဆရာတော်ကြီး (အဂ္ဂမဟာပဏ္ဍိတ)
(၂) ဝေဠုဝတီ ဝိပဿနာ–မြောင်းမြမြို့၊ ဝေဠုဝတီဆရာတော်
(၃) ဘုမ်ကျဉ်း ဝိပဿနာနည်း–မော်လမြိုင်မြို့၊ ရွှေပရိယတ္တိဆရာတော်
(၄) အမြတ်ဆုံးလုပ်ငန်းကျမ်း–ဦးဗိုလ်မောင် (ကျမ်းပြုမှူး)
(၅) သင်္ဂြိုဟ်ဘာသာဋီကာ–အရှင်ဇနကာဘိဝံသ
(၆) မဟာဗုဒ္ဓဝင်–အရှင်ဝိစိတ္တသာရာဘိဝံသ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက
(၇) ရသစာပေ၏ ရသ– ဦးရွှေအောင်၊ မဟာဝိဇ္ဇာ (သက္ကတ) ဝင့်သကာနှင့် သိရောမဏိ
(၈) ပရမတ္ထသံခိပ်ဋီကာ–လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး
(၉) ပရမတ္ထ သံခိပ်ကျမ်း–လယ်တီဆရာတော်

(ဂ) သက္ကတစာပေများ

(၁) ဒွါဒသ ဥပနိသျှဒ်၊ ဆွာမိဝိဒျာနန္ဒဂိရိ မဟာမဏ္ဍလေသွရ
(၂) ဆန္ဒောဂျဥပနိသျှဒ်၊ ဆာမိဆွဟာနန္ဒ
(၃) ဗြဟ္မသုတြ သာင်္ကရဘာသျ
(၄) ပေဒပါဒီယ ကာရိကာ
(၅) ရိဂ်သုက္တဝေဇယန္တီ၊ H.D. Velankar
(၆) ပဗန္ဓရတနာကရ၊ Dr. Ramesachandra Sukla M.A.,Ph.D.

(ဃ) အင်္ဂလိပ်စာပေများ

(1) The Philosophy of the Upanishads by Dr. Radhakrisnan
(2) The Religion of the Buddha and its Relation to Upanisadic thought by Bahadur Mal M.A.
(3) Reflections on Hinduism by Swami Yatiswarananda
(4) The Central Philosophy of Buddhism by T.R.V. Murti M.A.,D.Litt.
(5) An Introduction to Sankara's theory of Knowledge by N.K. Devaraja M.A.,D.Phil., D.Litt.


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မျက်မှောက်ခေတ် ကမ္ဘာကြီးကိုသာမက အနာဂတ် ကမ္ဘာကြီးကိုပါ ပုံသွန်း လုဆစ်
ပဲ့ကိုင် ဖန်တီးရှင်များ ဖြစ်ကြသည့် ကမ္ဘာတစ်လွှားမှ နိုင်ငံ့ခေါင်းဆောင်များ
[သို့မှတ်]

- ထိုင်းဘုရင် ဘူမိဘော
- ဘရူးနိုင်းစော်ဘွား ဘိုခီးယား
- တရုတ်သမ္မတ ကျန်ဇီမင်း
- စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်
- ကမ္ဘောဒီးယားဘုရင် သီဟာနု
- ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ
- အစ္စရေးဝန်ကြီးချုပ် နေတာညာဟူ
- ဂျာမနီ အဓိပတိ ဟဲလ်မွတ်ကိုးလ်
- လစ်ဗျားခေါင်းဆောင် ကဒါဖီ
- ဆော်ဒီအာရေဗျဘုရင် ဖာဒ်
- ဂျော်ဒန်ဘုရင် ဟူစိန်
- ဆီရီးယားသမ္မတ အာဆတ်
- ဆားဘီးယားသမ္မတ မီလိုစီဗစ်
- ဘော့စနီးယားခေါင်းဆောင် ကာရာဇစ်
- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီ အာနန်....တို့၏ တမေ့တမောင်း ရုပ်ပုံလွှာများ

▲ သူတို့၏ သာမန် လူသားဘဝ၊ နိုင်ငံရေးသမားဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝများအပြင်....
▲ သူတို့၏ နိုင်ငံရေး စစ်ရေး လူမှုရေး ပေါ်လစီများ နည်းဗျူဟာများ၊ အတွေး အခေါ်များ၊ အယူအဆများ၊ အစွဲအမိန့်များ၊ ဒဿနများ....ဖြင့်

**ထွန်းသစ်**

၏

# ခေါင်းဆောင်ကမ္ဘာ ရုပ်ပုံလွှာ

“ထင်ပေါ် ကျော်ကြား ကမ္ဘာ့ခေါင်းဆောင်များ” ကို ပြုစုရေးသားခဲ့သော 'ထွန်းသစ်' ၏
ဒုတိယမြောက် ကြိုးပမ်းမှု

[ အရွယ်ကြီး၊ဆိုက်ကြီး၊ အတွင်းပုံပေါင်း များစွာဖြင့် ရာပြည့်မှုအတိုင်း
သေသပ်သားနားစွာ ပုံနှိပ်ခြင်း]

(၁၊ မတ်လ၊ ၁၉၉၈ ထွက်ပါမည်။)

**ပီရူ** ၏

# အမ္ဗပါလီ

■ အိန္ဒိယစာပေ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်တို့၌ အထပ်ထပ် အခါခါ ဖော်ပြခြင်းခံရသော ဗိမ္ဗိသာရနှင့် အမ္ဗပါလီတို့၏ ရင်နင့် ဆွတ်ပျံ့ဖွယ်ဇာတ်လမ်း။

■ ပေါင်းသင်းခြင်း၊ ကွဲကွာခြင်း၊ ရှင်လန်းခြင်း၊ သောကရောက်ခြင်း
အတက်အကျ လောကဓံ လှိုင်းလုံးများနှင့် မျောပါသွားပြီး.....ခရီးအဆုံး၌

-တစ်ယောက်သော သားက မိခင်အား ခမ္မကုန်းမြေပေါ် ဆွဲခေါ်သွားလျက်....

-အခြား တစ်ယောက်သောသားက ဖခင်အား မရဏ ချောက်ကမ်းပါးထဲ တွန်းချသော....

-အစနှင့်အလယ်၌ သိင်္ဂါရ ရသ၊ ကရုဏာရသ ခံစားရပြီး သန္တ ရသဖြင့် နိဂုံးချုပ်ထားသော....

အကျော်ကြားဆုံး၊ အပြောင်မြောက်ဆုံး ဝတ္ထုကို
အစအဆုံး ပြန်လည်တည်းဖြတ် ထုတ်ဝေခြင်း
[ ၁၊ မတ်၊ ၁၉၉၈ တွင် ထွက်ပါမည်။ ]

---

**[illegible]**

မြန်မာ့မီးရထားတိုက်တန်း၊ မြစ်ကြီးနားမြို့မှ ထုတ်ဝေပြီး
ရာပြည့်စာအုပ်တိုက်မှ တစ်ပြည်လုံး ဖြန့်ချိမည့် စာအုပ်များ

ဂျူး

## ကျွန်မ ချစ်သော ယောက်ျားများနှင့် အခြားဝတ္ထုတိုများ

(ဂျူးစာပေ၊ ၈၅ အထက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်မြို့မှ ဖြန့်ချိမည်။)

## ခံစားသူအကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ [ ၁၉၉၇ ]

နေဝင်းမြင့်

## လက်ရွေးစင် ဝတ္ထုတိုများ

တင်မိုး

## မြန်မာကဗျာ မြင်ကွင်း ([illegible])

www.burmeseclassic.com

www.burmeseclassic.com

- ဘုရားဆင်းတုတော်များ ကောင်းကင်၌ ချာန်ကြွစေသော အဓိဋ္ဌာန်
- ယနေ့စိုက် မနက်ကျည်းစေ့၊ နက်ဖြန် အပင်ကြီးဖြစ် အဓိဋ္ဌာန်
- ကညင်ပင်ကြီး ဦးစောက်စိုက်ရှင်သော အဓိဋ္ဌာန်
- ရေမရှိအရပ်မှ ရေချက်ချင်းထွက် အဓိဋ္ဌာန်
- စေတီကို ဆွဲလှည့်၍ရသော အဓိဋ္ဌာန်
- ပါရမီတော်ခန်းဖျို့ဖြင့် မင်းဖြစ်ရေး အဓိဋ္ဌာန် ....စသည့်

အဓိဋ္ဌာန်အမျိုးမျိုး

အဓိဋ္ဌာန်ရာတွင် သုံးသည့်ပစ္စည်းများ

အဓိဋ္ဌာန် တည်ရာ၊ ဖြစ်ရာ၊ အောင်ရာ စေတီဘုရားများ၊ အရာဌာနများကို

တိကျ ပြည့်စုံစွာ ဖော်ပြထားသော

**ဦးသိန်းသန်းထွန်း**

၏

# ရှေးမြန်မာမင်းတို့၏ အဓိဋ္ဌာန်များ

---

'မာန်မြင့်ကား သတိပြုအပ်သော ဝတ္ထုရေးဆရာ ဖြစ်သည်။ သရော်စာစာရင်းတွင် ပါသည်။'

[ အောင်သင်း ]

'"ပလေးတိုး၏ ဂန္ထဝင်သာလိကာ" သည် အမှီးဝတ္ထု မဟုတ်လျှင် စာရေးဆရာ၏ ဖန်တီးနိုင်သော ဉာဏ်ကို ချီးကျူးရမည့် ဝတ္ထုဟု ဆိုချင်သည်။'

[ မောင်မြင့်နှင့် မောင်တင်အောင်၊ မြန်မာစာဂျာနယ် ]

'ဝတ္ထုတိုတွေကို ဖတ်ပြီးတဲ့အခါ ဆရာ့ကို "သရော်စာ" အရေးအသား ကောင်းတဲ့လူလို့ သတ်မှတ်ကြတယ်။'

[ ရဲကျော်မြင့်၊ ရတနာသစ် ]

....စသဖြင့် ....စသဖြင့် ....

လူပြောသူပြော များခဲ့တဲ့စာအုပ်

'မာန်မြင့်' ကို 'ဒါ....မာန်မြင့်ပဲ' လို့ လုပ်ခဲ့တဲ့စာအုပ်

'အနိုင်နဲ့ ပိုင်းခဲ့သလား' လို့ မေးယူရတဲ့စာအုပ်

ခု....ဒုတိယအကြိမ် ပြင်ဆင် ဖြည့်စွက် ကောက်နှုတ် ထုတ်ဝေလိုက်တဲ့

**မြန်မာပြည်မှာ လုပ်သည်နှင့်**

**အခြားဝတ္ထုတိုများ**

**(မာန်မြင့်)**

## ဆက်လက် ထုတ်ဝေမည့် စာအုပ်များ

| | |
|---|---|
| ၁။ ဦးမြင့်ဆွေ | ဇာတ်တော် ငါးရာ့ငါးဆယ် |
| ၂။ ဒဂုန်ဦးထွန်းမြင့် | ဂေါတမဗုဒ္ဓ |
| ၃။ ပါရဂူ | နှောင်ကြိုးမဲ့ အတွေးအခေါ် |
| ၄။ ပါရဂူ | နိုင်ငံရေး ဒဿန |
| ၅။ ပါရဂူ | ထေရကထာ |
| ၆။ ပါရဂူ | သားတော် ရာဟုလာ |
| ၇။ ပါရဂူ | ဓရက [ AMITABHA: A Story of Buddhist Theology by Paul Carus ] |
| ၈။ သိန်းဖေမြင့် | ဝတ္ထုတိုပေါင်းချုပ်သစ် |
| ၉။ ဇော်ဂျီ(မြန်မာပြန်) | နိုဗဲစာပေဆုရ စာရေးဆရာများနှင့် သူတို့၏ ဝတ္ထုတိုများ(နှစ်တွဲ) |
| ၁၀။ မောင်ထင် | ဝတ္ထုတိုပေါင်းချုပ် |
| ၁၁။ မောင်ထင် | ကမ္ဘာ့ ဝတ္ထုတိုများ |
| ၁၂။ ဒေါက်တာခင်မောင်ဝင်း | လူ့ကိုယ်ကျင့်တရားနှင့် ဒဿနရှုထောင့် |
| ၁၃။ ဦးသိန်းသန်းထွန်း | ရှေးမြန်မာမင်းတို့၏ အဓိဋ္ဌာန်များ |
| ၁၄။ နတ်နွယ် | မိမိနှင့် စာရေးဆရာများ |
| ၁၅။ အောင်ခန့် | လူ့သဘော လူ့သဘာဝ |
| ၁၆။ ချစ်ဝင်းညွန့် | အောင်မြင်ရေး အတွေးအမြင်ကြွယ်ဝချမ်းသာမှု ကျင့်စဉ် (Here's Help! by M. R. Kopmeyer) |
| ၁၇။ စာရေးဆရာများ | ဂျိမ်းဂွိုက်(စ်)၏ ဝတ္ထုတိုများ |
| ၁၈။ ခင်မောင်ညို(ဘောဂဗေဒ) | ဗုဒ္ဓအလိုကျ စီးပွားရေးအမြင် |
| ၁၉။ အောင်နိုင်(တက္ကသိုလ်) | လူတောသား၏ စကားအလင်္ကာပေါင်းချုပ် |
| ၂၀။ ကြည်အေး | အိပ်မက်နှင်းမြူ ဝတ္ထုတိုစု |
| ၂၁။ ကြည်အေး | ကြွေလုနှင်းဆီ ဝတ္ထုတိုစု |
| ၂၂။ မြသန်းတင့် | လွမ်းမောဖွယ် ကမ္ဘောဇ |
| ၂၃။ မြသန်းတင့် | မရဏ အိပ်မက်တစ်ခု၏ မှတ်တမ်း [ Chronicle of Death Foretold by Gapriel Garcia Marquez ] |
| ၂၄။ ဒေါက်တာမောင်မောင်ညို | လူချွန် လူမွန် |
| ၂၅။ တိုက်စိုး | မင်းတုန်းမင်း |
| ၂၆။ တိုက်စိုးမင်းယုဝေ(တည်းဖြတ်) | ပုဂံ |

www.burmeseclassic.com